# ဧဝံဂေလိဓမ္မအမှုတော်ဆောင်များ

# ဧဝံဂေလိဓမ္မအမှုတော်ဆောင်များ

အဲလ်ဂျီဝှိုက် ရေးသားပြုစုသည့် "Gospel Workers" စာအုပ်ကို
မန်းအိုဘားက "ဧဝံဂေလိဓမ္မအမှုတော်ဆောင်များ"
အမည်ဖြင့်မြန်မာပြန်ဆိုသည်



**ဧဝံဂေလိဓမ္မအမှုတော်ဆောင်များ**

ပုံနှိပ်သူ
ဦးဖုန်းနိုင် (၀၀၃၅၄)
မန်နေဂျာ
ကင်းစောင့်ပုံနှိပ်တိုက်
(၂၀၆) ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်

ထုတ်ဝေသူ
ဦးစောထီမသေ (၀၀၅၉၄)
ဥက္ကဋ္ဌ
မြန်မာပြည်သတ္တမနေ့ဥပုသ်အသင်းတော်
(၆၈) ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

အုပ်ရေ – ၁၇၀၀

တန်ဖိုး – ကျပ်

ပထမအကြိမ်

# "ကျမ်းဦးစကား"

"ဧဝံဂေလိဓမ္မအမှုတော်ဆောင်များ" စာအုပ်ကို စိစစ်တည်းဖြတ်ပြီး၊ အသေးစိတ်ပြန်လည်ဖြည့်စွက်ထားသည့် ဤပြန်လည်ထုတ်ဝေမှုအတွက် အနည်းငယ်မျှသောနိဒါန်းပျိုးမိတ်ဆက်မှုမျိုးလိုအပ်ပေမည်။ (၁၈၉၂) ခုနှစ်တွင်ဖြန့်ချိခဲ့သည့် ပထမဦးဆုံးသောထုတ်ဝေမှုသည် သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ဝင်တို့၏အိမ်ထောင်မိသားစုတိုင်းတို့နီးပါးကို အခြေခံပြီးထုတ်ဝေပေးခဲ့ပါသည်။ ၎င်းသည် အမှုတော်ကိုထမ်းရွက်ကြသူများနှင့် ဤဧဝံဂေလိတရားတော်ဆိုင်ရာလှုပ်ရှားမှုနှင့်ဆက်နွယ်မှုရှိခဲ့ကြသည့် သာသနာပြုလုပ်ငန်းကိုလုပ်ကိုင်ဆောင်ရွက်ကြသည့် အမှုတော်ဆောင်များတို့အားလုံးအတွက် အကြံပေးချက်နှင့်ညွှန်ကြားချက်များပါရှိသည့် အလွန်တန်ဖိုးထားရသည့်လက်စွဲစာအုပ်အဖြစ်သို့ ရောက်ရှိလာခဲ့ပါသည်။

ပထမဦးဆုံးသောထုတ်ဝေမှုကို ပုံနှိပ်ထုတ်ဝေခဲ့သည့်အချိန်ကတည်းက၊ စာရေးဆရာ၏အမြဲတစေတက်ကြွမှုရှိသည့်ကလောင်တံသည် ဤလူ့ဘုံခန်းဝါထံသို့ များပြားလှစွာသော၊ အချက်အချာကျသည့်စိတ်ဝင်စားစရာတို့ကို ဖန်တီးထုတ်လုပ်ပေးပါသည်။ စာရေးသူအနေဖြင့် စာရေးဆရာမအဖြစ်နှင့်ဟောပြောသူအဖြစ်ရှိခဲ့သည့် သူမ၏တက်ကြွသည့်အသက်တာကိုအဆုံးသတ်ခဲ့ပြီးမှသာလျှင်၊ ဤစာအုပ်နှင့်ပတ်သက်သည့် လုပ်ငန်းဆောင်တာသည်လည်း ပြီးမြောက်ပြည့်စုံသွားခဲ့ပါသည်။ ထိုကြောင့် ဤစာအုပ်သည် သူမ၏ပြီးမြောက်ပြည့်စုံမှုရှိသည့်အရေးအသားများတို့မှ အနှစ်ချုပ်ကျမ်းတစ်စောင်အဖြစ် ကိုယ်စားပြုထားပါသည်။ ဘုရားသခင်သည် သူ၏နာမတော်၏ဘုန်းအာနုဘော်နှင့် ဧဝံဂေလိတရားတော်ဟောပြောခြင်းလှုပ်ရှားမှုအစပျိုးချိန်ကတည်းက ၎င်းအမှုကိုမြှင့်တင်တည်ထောင်ခဲ့သည့် သူ၏စေတမန်တော်အဖြစ်၊ ကြီးမားလှစွာသောကောင်းချီးမင်္ဂလာပေးတော်မူခြင်းခံခဲ့ရသော ထိုသူ၏အသက်တာအတွက် ဤစာအုပ်သည် ရင့်မှည့်သောအသီးဖြစ်ပါသည်။ ထိုကြောင့် ဤစာအုပ်၏တန်ဖိုးရှိမှုနှင့်အရေးကြီးမှုတို့သည် ဂုဏ်ယူအသိအမှတ်ပြုခြင်းခံရပေလိမ့်မည်။

ဤအကြံပေးချက်သတင်းစကားတော်တို့ကို စီကုံးရေးသားသည့် သန့်ရှင်းသောဝိညာဉ်တော်သည် ဤစာအုပ်ကိုဖတ်ရှုကြသူအားလုံးတို့၏စိတ်နှလုံးသားများအပေါ်တွင် ညွှန်ကြားတော်မူချက်တို့ကို ထင်ရှားတွယ်ငြိပေးရန် သက်ဆင်းလာစေရေးဆိုသည့်အချက်သည် ကျွန်ုပ်တို့က စိတ်အားထက်သန်စွာဖြင့်ဆုတောင်းကြရမည့်အချက်ဖြစ်ပါသည်။

ပုံနှိပ်ထုတ်ဝေသူများ




အပိုင်း (၁)။

သန့်ရှင်းသောအမှုတော်အတွက်ခေါ်တော်မူခြင်း ---------------------- ၁၂

* သခင်ခရစ်တော်၏ကိုယ်စားတော်အဖြစ် ------------------------ ၁၂
* အမှုတော်မြတ်၏အထွတ်အမြတ်ဖြစ်မှု ------------------------- ၂၁
* လယ်ကားဤလောကဖြစ်၏ --------------------------------- ၂၆
* အမှုတော်ဆောင်၏တာဝန်ယူရမှု ---------------------------- ၃၅
* လာမည့်ကာလ၏အလားအလာ ----------------------------- ၄၃

အပိုင်း (၂)

ဖြောင့်မတ်ခြင်းတရား၏အမှုတော်ဆောင်များ ------------------------ ၅၀

* သခင်ခရစ်တော်သည်ကျွန်ုပ်တို့၏စံနမူနာဖြစ်တော်မူပါသည် ---------- ၅၀
* ဆရာတစ်ဆူအလားဖြစ်တော်မူသောသခင်ခရစ်တော် -------------- ၆၀
* ကျွန်ုပ်တို့၏ခေတ်ကာလအတွက်သင်ခန်းစာတစ်ခု ----------------- ၆၄
* တစ်ပါးအမျိုးသားတို့အတွက်တမန်တော်ရှင်ပေါလု ---------------- ၇၄

အပိုင်း (၃)

လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ -------------------------------- ၈၁

* အမှုတော်ဆောင်လုပ်ငန်းအတွင်းရှိပျိုရွယ်သူများ ------------------ ၈၁
* လူငယ်လူရွယ်တို့သည်ဝန်ကိုထမ်းရွက်သူများဖြစ်ရကြပါမည် ---------- ၈၆
* သာသနာပြုအမှုတော်လုပ်ငန်းအတွက်ပညာရေး ------------------ ၉၅
* သာသနာပြုသူများအဖြစ်ဖြင့်ရှိနေကြသောပျိုရွယ်သူများ ------------- ၁၀၆
* အမှုတော်ဆောင်များအတွက်ဖွင့်ဟပြောဆိုခြင်းဆိုင်ရာသင်တန်း -------- ၁၁၃
* "ကိုယ်ကိုကိုယ်ဆက်သခြင်းငှာကြိုးစားအားထုတ်လော့" ------------ ၁၂၃
* အမှုတော်ဆောင်ခြင်းလုပ်ငန်းအတွက်ပညာရပ်တစ်ခုအဖြစ်
  သဘောဆောင်သောစည်းရုံးခြင်း -------------------------- ၁၂၉
* စွမ်းရည်ထက်မြက်လာရန်အတွက်ကျမ်းစာကိုလေ့လာရန်လိုအပ်ခြင်း ---- ၁၃၂
* ငယ်ရွယ်သောအမှုတော်ဆောင်များတို့သည်အသက်အရွယ်ရလာကြသော
  အမှုတော်ဆောင်တို့နှင့်လက်တွဲလုပ်ဆောင်ကြရန် ------------------ ၁၃၆
* ပျိုရွယ်သည့်အမှုတော်ဆောင် -------------------------------- ၁၄၀

အပိုင်း (၄)
ရှိသင့်ရှိထိုက်သည့်အရည်အချင်းများ ---------- ၁၄၉
* အရာဌခန့်ထားခြင်း ---------- ၁၄၉
* လိမ္မာပါးနပ်မှု ---------- ၁၅၇
* ယဉ်ကျေးသောအပြုအမူ၏တင့်တယ်ခြင်း ---------- ၁၆၃
* ပြုမူကျင့်ကြံမှုဆိုင်ရာအသေးစိတ်လိုက်နာရမည့်ကျင့်ဝတ်စည်းကမ်း ---------- ၁၆၇
* လူမှုဆက်ဆံရေးများ ---------- ၁၇၄
* ဆုံးဖြတ်ချက်နှင့်ချက်ချင်းတုံ့ပြန်မှု ---------- ၁၇၉
* အသီးကိုလိုက်လံကောက်ယူသိမ်းဆည်းကြရသည့်အိပ်မက်တစ်ခု ---------- ၁၈၃
* အစေကိုခံရန်အတွက်မရှိမဖြစ်သောလိုအပ်ချက်များ ---------- ၁၈၈
အပိုင်း (၅)
ဟောပြောပွဲခန်းမထဲမှအမှုတော်ဆောင် ---------- ၁၉၈
* နှုတ်ကပတ်တရားတော်ကိုဟောပြောလော့ ---------- ၁၉၈
* အသက်မုန့်ကိုဖဲ့ပြီးအသက်ဝိညာဉ်တို့အားပေးကမ်းရန် ---------- ၂၀၆
* သခင်ခရစ်တော်အကြောင်းကိုဟောပြောခြင်း ---------- ၂၁၁
* ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်ခြင်း ---------- ၂၁၈
* ဧဝံဂေလိတရားတော်ကိုဟောပြောသူတစ်ယောက်ထံသို့
အကြံဉာဏ်ပေးခြင်း ---------- ၂၂၁
* လက်တွေ့အသုံးကျသောအကြံပြုချက်များ ---------- ၂၂၄
* အပြုအမူများနှင့်ဝတ်စားဆင်ယင်မှုများတို့တွင်ဂရုတစိုက်ရှိခြင်း ---------- ၂၃၃
* ပရိတ်သတ်အစုအဝေးဖြင့်ဆုတောင်းခြင်း ---------- ၂၃၇
အပိုင်း (၆)
လက်ထောက်သိုးထိန်း ---------- ၂၄၄
* ကောင်းသောသိုးထိန်း ---------- ၂၄၄
* တစ်ဦးတည်းသာသနာအမှုတော်ဆောင်ခြင်း ---------- ၂၄၉
* သိုးထိန်း၏လုပ်ငန်းဆောင်တာ ---------- ၂၅၆
* မိသားစုများတို့နှင့်အတူသမ္မာကျမ်းစာကိုဖတ်ရှုခြင်း ---------- ၂၅၉
* တစ်ဦးချင်းအလိုက်ကြိုးပမ်းဆောင်ရွက်မှု၏တန်ဖိုး ---------- ၂၆၁



* ကြိုးပမ်းလုပ်ဆောင်ကြသောအစုအဖွဲ့တစ်ခု ---------- ၂၆၄
* အမှုတော်ဆောင်၏ဇနီးသည် ---------- ၂၇၁
* သူ၏အိမ်ထောင်မိသားစုအတွင်းတွင်ရှိနေသည့်အမှုတော်ဆောင် ---------- ၂၇၅
* "ငါ၏သိုးသငယ်တို့ကိုကျွေးမွေးလော့"---------- ၂၈၀
* နာမကျန်းဖြစ်သူတို့အတွက်ဆုတောင်းချက် ---------- ၂၈၈
* လူအများတို့အားသဘောထားကြီးကြစေရန်အတွက်
သင်ကြားပို့ချပေးခြင်း ---------- ၃၀၁
* ဧဝံဂေလိသတင်းစကားအတွက်ပံ့ပိုးမှု ---------- ၃၀၃
* ကျန်းမာရေးအပေါ်ပုံမှန်စားနေကျအစားအစာ၏
ဩဇာသက်ရောက်မှု ---------- ၃၁၀
* ကျန်းမာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုအတွက်
အမှုတော်ဆောင်တို့ကသင်ကြားပို့ချပေးကြရန် ---------- ၃၁၂
* ကျန်းမာရေးဆိုင်ရာပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်သော
အခြေခံစည်းမျဉ်းတို့ကိုမည့်ကဲ့သို့တင်ပြပေးမည်နည်း ---------- ၃၁၅
* အမှုတော်ဆောင်နှင့်မဖြစ်မနေလုပ်ဆောင်ရမည့်လက်စွဲအလုပ် ---------- ၃၁၇
* ကျန်းမာရေးကိုထိန်းသိမ်းစောင့်ရှောက်ရန်အတွက်
ကျွန်ုပ်တို့၏တာဝန် ---------- ၃၂၃
* အလုပ်ပိခြင်းမှဖြစ်ပေါ်လာနိုင်သည့်အန္တရာယ် ---------- ၃၂၉
အပိုင်း (၇)
ဧဝံဂေလိတရားတော်လုပ်ငန်းအတွင်းအကူအညီများ ---------- ၃၃၅
* သမ္မာကျမ်းစာတော်ကိုလေ့လာသင်ယူခြင်း ---------- ၃၃၅
* လျှို့လျှို့ဝှက်ဝှက်ဆုတောင်းခြင်း ---------- ၃၄၁
* ယုံကြည်ခြင်းရှိရန် ---------- ၃၄၉
* ရဲရင့်ခြင်းရှိရန် ---------- ၃၅၆
* သူ၏အမှုတော်ဆောင်များတို့အားဘုရားသခင်၏
သင်တန်းပို့ချတော်မူချက်များ ---------- ၃၆၃
* ဘုရားသခင်နှင့်စကားပြောဆိုရန်အချိန်ကိုရယူပါ ---------- ၃၆၆
* ကျွန်ုပ်တို့၏အကြီးမားဆုံးသောလိုအပ်ချက် ---------- ၃၆၈

* မိမိကိုယ်ကိုမိမိပြန်လည်ဆန်းစစ်ခြင်း ---- ၃၇၁
* မိမိကိုယ်ကိုမိမိတိုးတက်မှုရှိအောင်လုပ်ဆောင်ခြင်း ---- ၃၇၄
* သန့်ရှင်းသောဝိညာဉ်တော် ---- ၃၈၃
* တိုးတက်မှုနှင့်အစေခံမှု ---- ၃၉၂

အပိုင်း (၈)

အန္တရာယ်များ ---- ၃၉၉
* အလင်းကိုငြင်းပယ်ခြင်းဆိုင်ရာအန္တရာယ် ---- ၃၉၉
* မှားယွင်းသောသင်ကြားပို့ချမှုအပေါ်သတိပေးချက်တစ်ရပ် ---- ၄၀၉
* စင်ကြယ်သောသြဝါဒ ---- ၄၁၈
* တစ်ယူသန်ဝါဒ ---- ၄၂၅
* မိမိကိုယ်ကိုမိမိယုံကြည်စိတ်ချခြင်း ---- ၄၂၇
* ရှောင်ကြဉ်ရန်သတိထားရမည့်စကားလုံးများ ---- ၄၃၅
* ဘုရားသခင်သည်အဘယ်သူ၏မျက်နှာကိုမျှမှတ်တော်မမူ။ ---- ၄၄၃
* မျက်ကွယ်ပြုမှု ---- ၄၅၃
* အမှုတော်ဆောင်များနှင့်စီးပွားဖြစ်လုပ်ငန်းကိုင်ငန်း ---- ၄၅၆

အပိုင်း (၉)

* နည်းလမ်းများ ---- ၄၆၂
* မြို့ကြီးများတွင်ရှိသောလုပ်ဆောင်စရာ ---- ၄၆၂
* မြို့ကြီးများတွင်ရှိသောလုပ်ငန်းဆောင်တာနှင့်
ပတ်သက်သည့်အကြံပေးလမ်းညွှန်ချက် ---- ၄၇၄
* မြို့ကြီးများရှိဆေးဝါးကုသမှုဆိုင်ရာသာသနာပြုလုပ်ငန်း ---- ၄၈၂
* မြို့တော်သာသနာ့သင်တန်းကျောင်း ---- ၄၈၇
* စေ့စပ်သေချာမှု ---- ၄၉၂
* အတိုက်အခံပြုမှုကိုရင်ဆိုင်ခြင်း ---- ၄၉၉
* ဆွေးနွေးပွဲများကိုကြံဖန်ပြီးမပြုလုပ်ပါနှင့် ---- ၅၀၆
* အပြစ်အနာအဆာရှိသောနည်းလမ်းများ ---- ၅၁၂
* ပြုမူကျင့်ကြံပြောဆိုမှုဆိုင်ရာထိန်းချုပ်ရေးလုပ်ဆောင်မှု ---- ၅၁၅







* ဘာသာရေးကိုးကွယ်ယုံကြည်မှုဆိုင်ရာကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် ---- ၅၂၃
* နိုင်ငံရေးနှင့်ပတ်သက်သည့်ကျွန်ုပ်တို့၏သဘောထား ---- ၅၂၅
* ယုဒလူမျိုးတို့အတွက်လုပ်ဆောင်မှု ---- ၅၃၄
* စခန်းသွင်းတွေ့ဆုံဆွေးနွေးခြင်း၏အရေးပါမှု ---- ၅၃၈
* ဟောပြောပို့ချခြင်းကိုလျော့ပြီးပိုမို၍သင်ကြားပို့ချပေးပါ ---- ၅၄၈
* စိုက်ပျိုးခြင်းနှင့်ရိတ်သိမ်းခြင်း ---- ၅၅၁

အပိုင်း (၁၀)

* ဌာနချုပ်၏တာဝန်ယူရမှုများ ---- ၅၅၄
* ဌာနချုပ်၏ဥက္ကဌများ ---- ၅၅၄
* အမှုတော်ဆောင်များနှင့်စီးပွားရေးလုပ်ငန်းဆိုင်ရာအကြောင်းခြင်းရာများ ---- ၅၆၇
* အမှုတော်ဆောင်များတို့အားပြုစုစောင့်ရှောက်ရန် ---- ၅၇၂
* ဝတ်ပြုခြင်းအတွက်နေရာထိုင်ခင်းများ ---- ၅၇၉
* အမှုတော်ဆောင်လုပ်ငန်းကိုဆန်းစစ်လေ့လာခြင်း ---- ၅၈၈
* လက်တင်မင်္ဂလာအခမ်းအနား ---- ၅၉၃
* လုပ်ငန်းပိုင်းဆိုင်ရာအစည်းအဝေးများ ---- ၆၀၀
* အမှုတော်ဆောင်များအတွက်သင့်လျော်သောလုပ်ခရှင်းပေးခြင်း ---- ၆၀၄
* ဥစ္စာပစ္စည်းတို့ကိုအမြော်အမြင်ရှိရှိဖြင့်ဖြန့်ဖြူးပေးခြင်း ---- ၆၁၁
* သာသနာ့လုပ်ငန်းတွင်ရှိသောစီးပွားရေး ---- ၆၁၇
* အခြားတစ်ဖက်ရှိဒေသများဆီသို့ ---- ၆၂၅

အပိုင်း (၁၁)

တစ်ဦးကိုတစ်ဦးပေါင်းသင်းဆက်ဆံရေး ---- ၆၃၆
* အခြားသောသူတို့နှင့်ထိတွေ့ဆက်ဆံမှု ---- ၆၃၆
* မတူကွဲပြားသောဆုကျေးဇူးများ ---- ၆၄၇
* ကွဲပြားခြားနားခြင်း၌စည်းလုံးညီညွတ်ခြင်း ---- ၆၅၀
* လွတ်လပ်ခြင်းစိတ်ဓာတ် ---- ၆၅၅
* အခက်အခဲများနှင့်ရုန်းကန်နေရကြသောသူတို့အတွက်
စာနာထောက်ထားမှု ---- ၆၆၂

* "အချင်းချင်းတစ်ယောက်ကိုတစ်ယောက်ထောက်စာကြည့်ရှုကြခြင်း" ---- ၆၆၉
* အသင်းတော်၏စည်းကမ်း -------------------------------- ၆၇၂

အပိုင်း (၁၂)

အပြီးသတ်ပြောကြားချက်များ -------------------------------- ၆၈၁
* အစေကိုခံခြင်းအတွက်စွမ်းအား ---------------------------- ၆၈၁
* အစေကိုခံခြင်း၏ဆုလာဘ် -------------------------------- ၆၉၀


-၀-



tydkif; (1)

# သန့်ရှင်းသောအမှုတော်အတွက်ခေါ်တော်မူခြင်း

## သခင်ခရစ်တော်၏ကိုယ်စားတော်အဖြစ်

ဤကမ္ဘာမြေကြီးသမိုင်းစဉ်၏ကာလအပိုင်းအခြားတိုင်းတို့တွင် ဘုရားသခင်က၊ "သင်တို့သည် ငါ၏သက်သေများဖြစ်ကြသည်" ဟူ၍ ခေါ်ဝေါ်တော်မူခြင်းခံရကြသည့်အခွင့်အရေးကိုရရှိခဲ့ကြသည့်လူများ၊ သူ၏ထံတော်တွင်ရှိနေကြပါသည်။ အသင်းတော်၏ရောင်စဉ်တန်းများတို့ကိုစုစည်းပြီး၊ မိမိတို့သွားရာခရီးလမ်းကြောင်းအပေါ်သို့လင်းလက်စေသည့်သူများနှင့် ဘုရားသခင်၏နှုတ်တော်ထွက်တို့ကို အများသောသူတို့အားပြောကြားခဲ့ကြသည့်သူများဖြစ်ကြသည့် ဘာသာတရားကိုအလွန်ရိုသေကိုင်းရှိုင်းကြသောလူတို့သည် ခေတ်တိုင်း၊ ခေတ်တိုင်းတို့တွင်ရှိနေကြပါသည်။ ဧနောက်၊ နောဧ၊ မောရှေ၊ ဒံယေလတို့အပြင် ရှေးဘိုးဘေးတို့နှင့်ပုရောဖက်များတို့၏ရှည်လျားလှသောအမည်စာရင်းတွင်ပါရှိခဲ့ကြသည့်သူတို့သည် ဖြောင့်မတ်ခြင်းတရား၏အမှုတော်ဆောင်များဖြစ်ခဲ့ကြပါသည်။ သူတို့သည် အမှားကင်းကြသောသူများမဟုတ်ခဲ့ကြသည့်အလျောက် အားနည်းမှုရှိခဲ့ကြပြီး၊ မှားမိခဲ့ကြသည့်သူများဖြစ်ကြပါသော်လည်း ထာဝရဘုရား၏အမှုတော်တွင် မိမိတို့ကိုယ်ကိုအပ်နှံခဲ့ကြသည်အလျောက် ထာဝရဘုရားသည် သူတို့အားဖြင့် လူသားတို့အားပြုပြင်တော်မူခဲ့ပါသည်။

အသင်းတော်၏မဟာဦးခေါင်းအဖြစ်ရှိတော်မူသော သခင်ခရစ်တော်သည် ကောင်းကင်ဘုံသို့တက်ကြွသွားတော်မူချိန်ကတည်းက၊ ကမ္ဘာမြေကြီးပေါ်တွင်ရှိသော သူ၏အမှုတော်ကို သူကစကားပြောဆိုတော်မူသော လူသားတို့၏သားသမီးများနှင့် ထိုကလေးငယ်တို့၏လိုအပ်မှုများအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးကြသည့်အမှုတော်ဆောင်များတို့အားဖြင့် သူရွေးချယ်တော်မူသောသံတမန်များတို့ထံသို့ လွှဲပြောင်းပေးတော်မူခဲ့ပါသည်။ သူ၏အသင်းတော်ကြီးပွားတိုးတက်လာရေးအတွက် သူ၏နှုတ်တော်ထွက်နှင့်ဩဝါဒတော်တို့ကိုပြောကြားရန် ဘုရားသခင်၏ခေါ်တော်မူခြင်းခံရကြသောသူတို့၏အနေအထားသည် လေးနက်လှသည့်တာဝန်ယူရမှုအနေအထားတွင်ရှိနေကြပါသည်။ သခင်ခရစ်တော်၏ကိုယ်စားတော်အဖြစ် အမျိုးသားများနှင့်အမျိုးသမီးများတို့က ဘုရားသခင်နှင့်ပြန်လည်ရင်ကြားစေ့ကြရေးအတွက် ထိုအမျိုးသား၊ အမျိုးသမီးများတို့ကို

သူတို့ကအရေးတကြီးဖျောင်းဖျစည်းရုံးရကြပါမည်။ ထို့အပြင်၊ သူတို့သည် အထက်အရပ်မှဉာဏ်ပညာနှင့်တန်ခိုးတို့ကို ခံယူရရှိကြသည်အလျောက်၊ သူတို့ကိုပေးထားသောအထူးတာဝန်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။

ဘုရားသခင်၏အမှုတော်ဆောင်များတို့သည် အစလည်းဖြစ်၊ အဆုံးလည်းဖြစ်တော်မူသော သူ၏ကြည့်ရှုစောင့်ရှောက်တော်မူခြင်းနှင့်ကာကွယ်တော်မူခြင်း၏အောက်တွင် ခိုလှုံခွင့်ရရှိကြသည့်ကြယ်စင်ခုနစ်လုံးတို့နှင့် အမှတ်သညာထားခြင်းခံခဲ့ကြရပါသည်။ အသင်းတော်အတွင်းတွင် ပေါ်များကြွယ်ဝစွာရှိလာကြမည့် နှစ်သက်ဖွယ်သောဩဇာသက်ရောက်မှုတို့သည် သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ကို ကိုယ်စားပြုကြမည့် ဘုရားသခင်၏အမှုတော်ဆောင်များတို့နှင့် ဆက်နွှယ်ပတ်သက်မှုရှိကြပါသည်။ ကောင်းကင်ကြယ်များတို့သည် ဘုရားသခင်၏ထိန်းချုပ်တော်မူခြင်းအောက်တွင်ရှိနေကြပါသည်။ ၎င်းကြယ်များတို့ကို သူသည် အလင်းရောင်ဖြင့်ဖြည့်ဆည်းပေးတော်မူပါသည်။ ၎င်းတို့၏ရွေ့လျားမှုများကို သူကထိန်းကျောင်းညွှန်ကြားပေးတော်မူပါသည်။ ဤကဲ့သို့သာသူဆောင်ရွက်တော်မမူပါက ၎င်းတို့သည် ကြွေလွင့်သွားကြသောကြယ်စင်များအဖြစ်သို့ ရောက်ရှိသွားကြပေလိမ့်မည်။ ထိုနည်းအတိုင်းပင် ဘုရားသခင်၏အမှုတော်ဆောင်များတို့သည် သူ၏ထိန်းကွပ်မှုအောက်တွင်မရှိကြတော့ပါက ထိုကြယ်များကဲ့သို့ပင် ကြွေလွင့်သွားကြပေလိမ့်မည်။ သို့သော်လည်း သူတို့သည် သူ၏လက်တော်တွင်းရှိ ကိရိယာတန်ဆာပလာများအဖြစ်ရှိနေကြသည့်အလျောက်၊ သူတို့ဆောင်ရွက်ခဲ့ကြသော ကောင်းမြတ်သောအရာတို့သည် သူ၏တန်ခိုးတော်အားဖြင့်သာ ပြီးမြောက်သွားခဲ့ကြပါသည်။

၎င်းသည် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်တော်မူခြင်းအားဖြင့် လောကီကြယ်စင်များတို့ထက် သူ၏အမှုတော်ဆောင်များတို့အား အသင်းတော်အတွက် ပိုမိုကြီးမားသောကောင်းချီးမင်္ဂလာတော်အဖြစ် ပေးသနားတော်မူသောသခင်ခရစ်တော်၏ဂုဏ်ယူဖွယ်ရာဂုဏ်အသရေတော်ပင်ဖြစ်ပါသည်။ ကယ်တင်ရှင်သခင်သည် သူတို့၏စွမ်းဆောင်နိုင်စွမ်းသောသူဖြစ်တော်မူရပါမည်။ ခရစ်တော်သည် သူ၏ဖခမည်းတော်ထံသို့ကြည့်မျှော်တော်မူသကဲ့သို့ သူတို့သည် ခရစ်တော်ထံတော်ကိုကြည့်မျှော်ကြမည်ဆိုပါက၊ သူတို့သည် သူ၏အမှုတော်တို့ကိုလုပ်ဆောင်ကြပေလိမ့်မည်။ သူတို့ကဘုရားသခင်ကို သူတို့၏မှီခိုရာအဖြစ်ထားရှိကြသည်အလျောက်၊ ဘုရားသခင်သည်



သူ၏လင်းလက်တောက်ပမှုကို ကမ္ဘာကြီးသို့ရောင်ပြန်ဟပ်စေရန်အတွက် သူတို့အားပေးသနားတော်မူပေလိမ့်မည်။

## **ဝိညာဉ်ရေးဆိုင်ရာကင်းစောင့်များ**

သခင်ခရစ်တော်၏အမှုတော်ဆောင်များတို့သည် သူတို့အားပြုစုစောင့်ရှောက်ရန် တာဝန်ပေးအပ်ခံရသောသူတို့၏ဝိညာဉ်ရေးဆိုင်ရာကာကွယ်စောင့်ရှောက်သူ (အုပ်ထိန်းသူ) များဖြစ်ကြပါသည်။ သူတို့လုပ်ဆောင်ရကြမည့်အလုပ်ကို ကင်းစောင့်များအဖြစ်ဖြင့် ပုံခိုင်းခြင်းခံရလေ့ရှိပါသည်။ ရှေးခေတ်အခါက ကင်းစောင့်များတို့သည် ကာကွယ်ထားရမည့်အချက်အချာနေရာများတို့ကို လှမ်းမြင်နိုင်ပြီး၊ တစ်စုံတစ်ရာသောရန်သူချဉ်းကပ်လာကြပါက သတိပေးနိုင်သည့်အပေါ်စီးအနေအထားရှိသည့် မြို့ရိုးများတို့အပေါ်တွင် နေရာယူထားရကြပါသည်။ သူတို့၏သစ္စာစောင့်သိမှုအပေါ်တွင်မူတည်ပြီး မြို့တွင်းနေပြည်သူတို့အနေဖြင့် လုံခြုံမှုရရှိနိုင်ခဲ့ကြပါသည်။ ကြားလပ်အချိန်များတို့တွင် ထိုကင်းစောင့်တို့သည် နိုးနိုးကြားကြားရှိကြကြောင်းနှင့် မည်သည့်တစ်စုံတစ်ရာသောအန္တရာယ်ကျရောက်ခြင်းမျှမရှိကြောင်းတို့ကို အသိပေးကြသည့်အနေဖြင့် တစ်ဦးကိုတစ်ဦးလှမ်းခေါ်ခဲ့ကြပါသည်။ ကောင်းသောကြွေးကြော်သံ၊ သို့မဟုတ် သတိပေးအော်ဟစ်သံတို့သည် တစ်ဦးနှင့်တစ်ဦးထံမှထွက်ပေါ်လာပြီး၊ ဤကဲ့သို့သောအော်ဟစ်ပြောဆိုမှုကို မြို့ပတ်လေးလည်တွင်ပဲ့တင်ထပ်သည်အထိ ထပ်တလဲလဲလုပ်ဆောင်ခဲ့ကြပါသည်။

အမှုတော်ဆောင်တိုင်းတို့အား ထာဝရဘုရားက (ယေဇကျေလ ၃၃း၇–၉) တွင်ဖော်ပြထားသည့်၊ "အချင်းလူသား၊ သင့်ကိုဣသရေလအမျိုး၌ကင်းစောင့်စေခြင်းငှာ ငါခန့်ထားသောကြောင့်၊ သင်သည် ငါ၏နှုတ်ထွက်စကားကိုနာခံ၍ သူတို့ကိုသတိပေးရမည်။ ငါသည် လူဆိုးအား အိုလူဆိုး၊ အကယ်စင်စစ် သင်သည် အသေခံရမည်ဟုဆိုသောအခါ ဆိုးသောသူကိုသူ၏လမ်းမှလွဲစေခြင်းငှာ သင်သည် သတိမပေးလျှင်၊ ထိုလူဆိုးသည် မိမိအပြစ်ကြောင့်အသက်ဆုံးလိမ့်မည်။ သို့ရာတွင် သူ၏အသက်ကိုသင်၌ငါတောင်းမည်။ သို့မဟုတ် လူဆိုးကိုသူ၏လမ်းမှလွဲစေခြင်းငှာသင်သည်သတိပေး၍။ . . သင်သည် မိမိအသက်ကိုကယ်တင်ပြီ" ဆိုသည့်အတိုင်းကြေညာတော်မူနေပါသည်။

ဤပုရောဖက်ဆိုင်ရာနှုတ်တော်ထွက်တို့သည် အသင်းတော်၏ကင်းစောင့်များအဖြစ်နှင့် ဘုရားသခင်၏အမှုတော်များအတွက် ဘဏ္ဍာစိုးများအဖြစ်ခန့်အပ်ခြင်းခံခဲ့ရကြသည့်သူတို့အပေါ်တွင်ကျရောက်သည့် တည်ကြည်ခန့်ညားသောတာဝန်ယူမှုများတို့ကို ကြေညာပေးရာရောက်ပါသည်။ သူတို့သည် ဇိအုန်မြို့၏မြို့ရိုးများပေါ်တွင် မတ်တတ်ရပ်ကြပြီး၊ ရန်သူ၏ချဉ်းကပ်မှုကို သတိပေးသင်္ကေတဖြင့် အချက်ပေးသံပြုရကြမည်ဖြစ်သည်။ အကယ်၍ အကြောင်းတစ်စုံတစ်ရာကြောင့် သူတို့၏ဝိညာဉ်ရေးဆိုင်ရာအသိတရားများတို့သည် ထုံထိုင်းသွားသည့်အနေအထားသို့ရောက်ရှိသွားကာ၊ အန္တရာယ်ကိုပိုင်းခြားသိမြင်နိုင်ခြင်းမရှိကြတော့သည်အလျောက် လူများတို့၏ပျက်စီးရာသို့ဦးတည်သည့်အနေအထားကို သတိပေးကြရန်ပျက်ကွက်ကြမှုအတွက် သူတို့၏လက်များထဲတွင်ရှိနေကြသည့် ထိုဆုံးရှုံးသွားကြသည့်သူတို့၏အသွေးများအတွက် ဘုရားသခင်သည် သူတို့ထံမှပြန်လည်တောင်းခံတော်မူမည်ဖြစ်သည်။

ဇိအုန်မြို့တော်၏မြို့ရိုးပေါ်တွင်ရှိနေကြသောကင်းစောင့်တို့အတွက် ဘုရားသခင်နှင့်နီးနီးကပ်ကပ်နေကြရသည့်အပြင်၊ သူ၏ဝိညာဉ်တော်အသွင်များတို့၏အလွယ်တကူကူးစက်ခံရနိုင်ကြကာ ဘုရားသခင်သည် အပြစ်သားများတို့အား သူတို့အပေါ်သို့ကျရောက်လာမည့် ကြီးမားသောအန္တရာယ်အကြောင်းကို ပြောပြတော်မူရေးနှင့် လုံခြုံစိတ်ချရသောနေရာကို ညွှန်ပြတော်မူသည့်အမှုတော်ကို ထိုကင်းစောင့်တို့အားဖြင့်ဆောင်ရွက်တော်မူနိုင်ခြင်းသည် ထိုကင်းစောင့်တို့၏အခွင့်ထူးပင်ဖြစ်ပါသည်။ ဘုရားသခင်၏ရွေးကောက်တော်မူခြင်းအရာ၌ခန့်ထားရာတွင် အသုံးပြုသောအသွေးနှင့်တံဆိပ်ခတ်နှိပ်ခံခြင်းတို့အားဖြင့် အမျိုးသားများနှင့်အမျိုးသမီးများတို့အား ဖြစ်အံ့သောပျက်သုန်းခြင်းမှ သူတို့က ကယ်တင်ပေးကြရန်ဖြစ်ပါသည်။ သူတို့အနေဖြင့် ပညတ်တရားတော်ကိုကျူးလွန်ဖောက်ဖျက်ကြသည့် သူတို့၏အပေါင်းအသင်းတို့အား ထိုကျူးလွန်ဖောက်ဖျက်မှုအတွက် ခံစားရကြမည့်သေချာသည့်အကျိုးဆက်တို့ကို သစ္စာရှိစွာဖြင့်သတိပေးရကြမည်ဖြစ်ပြီး၊ အသင်းတော်၏အခွင့်အရေးကိုလည်း သစ္စာရှိစွာဖြင့်ကာကွယ်ရကြပါမည်။ သူတို့အနေဖြင့် နိုးနိုးကြားကြားရှိနေကြမှုကို မည်သည့်အခါမျှအရှိန်လျှော့ချကြရမည်မဟုတ်ပါ။ လူသားတို့၏လုပ်နိုင်စွမ်းရည်တိုင်းတို့နှင့်ပတ်သက်သည့် လေ့ကျင့်မှုလိုအပ်ချက်နှင့်ပတ်သက်သော လုပ်ဆောင်စရာတစ်ခုရှိနေပါသည်။ တံပိုးခရာသံစဉ်များတို့ဖြင့် သူတို့၏အသံများတို့ကို မြှင့်တင်ပေးရကြမည်ဖြစ်ကာ၊ ယိမ်းယိုင်မှုမျိုးအပြင်၊ မသေချာသောသံစဉ်သင်္ကေတမျိုးဖြင့် မည်သည့်အခါမျှအသံ



မပေးသင့်ကြပါ။ သူတို့အနေဖြင့် အခကြေးငွေအတွက်လုပ်ဆောင်ကြရန်မျိုးမဟုတ်သော်လည်း သူတို့သည် အကယ်၍သူတို့အနေဖြင့် ဧဝံဂေလိတရားတော်ကိုဟောပြောရန် ပျက်ကွက်ခြင်းရှိကြပါက၊ သူတို့အပေါ်တွင် ဒုက္ခသုက္ခတစ်ရပ်ကျရောက်နိုင်သည့်အချက်ကို သူတို့သတိမူမိကြသောကြောင့်သာလျှင် ထိုအလုပ်ကိုလုပ်ဆောင်ကြခြင်းဖြစ်ပါသည်။

## အမှုတော်တွင်သစ္စာစောင့်သိမှု

သခင်ခရစ်တော်နှင့်ပူးပေါင်းလုပ်ဆောင်သော အမှုတော်ဆောင်တစ်ဦးအနေဖြင့်၊ သူ၏အထွတ်အမြတ်ဖြစ်သော အလုပ်အပေါ်လေးနက်သည့်သဘောထားခံယူချက်မျိုးရှိရမည်ဖြစ်ပြီး၊ ထိုအလုပ်ကိုအောင်မြင်စွာဖော်ဆောင်ရန်မှာ အပတ်တကုတ်ကြိုးပမ်းမှုနှင့် စွန့်လွှတ်ဆက်ကပ်မှုမျိုးတို့ကိုပါလိုအပ်သည့် လေးနက်သည့်သဘောထားခံယူချက်မျိုးများတို့ကိုပါ လက်ကိုင်ထားရပါမည်။ သူ့အနေဖြင့် သူ့အတွက်အေးဆေးသက်သာသောအခြေအနေနှင့် အဆင်ပြေချောမွေ့မှုတို့ကို မဆည်းပူးရပါ။ သူ့အနေဖြင့် မိမိကိုယ်ကျိုးအတ္တကိုပါ မေ့မေ့ပျောက်ပျောက်ရှိရပါမည်။ ပျောက်ဆုံးသောသိုးကို သူ့အနေဖြင့်ရှာဖွေပြီဆိုလျှင် သူသည် မောပန်းနွမ်းနယ်မှု၊ ချမ်းချမ်းစီးစီးခံစားရမှုနှင့်ဆာလောင်မွတ်သိပ်မှုတို့ကို အမှုမထားရပါ။ သူ၏အာရုံတွင်ရှိရမည့် တစ်ခုတည်းသောဦးတည်ချက်မှာ ပျောက်ဆုံးသောသူကိုကယ်ဆယ်ရေးပင်ဖြစ်ပါသည်။

ဧမာနွေလ၏သွေးစွန်းသော အောင်လံတံခွန်အောက်တွင် အစေခံသောသူသည် သူရဲကောင်းပီသစွာကြိုးပမ်းလုပ်ဆောင်ရမှုနှင့် ရေရှည်သည်းခံနိုင်စွမ်းရှိရမည့်အလုပ်မျိုးကို မကြာမကြာလုပ်ဆောင်ရရန်ရှိတတ်ပါသည်။ သို့ရာတွင် ကပ်တိုင်တော်၏စစ်သည်တော်မည်သည် တိုက်ပွဲ၏တပ်ဦးနေရာတွင် တွန့်ဆုတ်ခြင်းကင်းစွာဖြင့်ရပ်တည်ရပါမည်။ ရန်သူက သူ့အားဖိအားပေးတိုက်ခိုက်လာသည့်အလျောက်၊ သူသည် ခိုလှုံရာရဲတိုက်ဆီသို့ အထောက်အပံ့ရရှိရေးအတွက် အားကိုးတကြီးဖြင့်ပြန်လာကာ၊ ထာဝရဘုရား၏နှုတ်တော်ထွက်ကတိစကားတော်တို့ကို ပြန်လည်အမှတ်ရလာသည့်အချိန်တွင် သူသည် အချိန်နှင့်အမျှထမ်းရွက်ရမည့်တာဝန်များအတွက် အားတက်သရောရှိလာပေမည်။ ဤတွင် သူ့အတွက်လိုအပ်သည့်တိုက်တွန်းအားပေးမှုသည် အထက်အရပ်မှလာကြောင်းကို သူသတိမူမိလာပါသည်။ သူရယူနိုင်သည့်အောင်မြင်မှုများတို့သည်

မိမိကိုယ်ကိုမိမိချီးမြှောက်ခြင်းဆီသို့ ဦးတည်စေခြင်းမရှိရဘဲ၊ ကောင်းကင်ဘုံဆိုင်ရာစွမ်းအားအရှင်သခင်တော်ထံတွင် ပို၍ပို၍သင်ကြားရယူရေးအနေအထားကို ဖြစ်ပေါ်စေရပါမည်။ ထိုတန်ခိုးတော်ပေါ်တွင် အားကိုးမှီတွယ်ထားခြင်းသည် အခြားသောသူတို့၏နှလုံးသားများအတွင်းသို့ ဖြေကြားပေးသည့်သံစဉ်လက်ကွက်ကို နိုးထစေသည့် ကယ်တင်ခြင်းသတင်းစကားတော်ကို အတင်းအကျပ်ပေးကမ်းရေးကို အထောက်အကူပြုစေပါသည်။

ထာဝရဘုရားက သူ၏အမှုတော်ဆောင်တို့ကို အသက်၏နှုတ်တော်ထွက်ကို ကိုင်စွဲထားပြီး၊ "သဘောတရားအယူအဆခံယူချက်နှင့် အချည်းနှီးသောလှည့်ဖြားမှု၊" ထို့ပြင်မက "တစ်နည်းအားဖြင့် မှားယွင်းသောသိပ္ပံအချက်အလက်" တို့ကိုဟောပြောရန်မဟုတ်ဘဲ၊ "ကယ်တင်ခြင်းတရားဖြစ်သည့် ဘုရားသခင်၏တန်ခိုးတော်" ဖြစ်သည့်ဧဝံဂေလိတရားတော်ကိုသာ ဟောပြောရန်စေလွှတ်တော်မူခြင်းဖြစ်ပါသည်။ (ကောလောသဲ ၂း၈။ ၁တိ ၆း၂၀။ ရောမ ၁း၁၆။) ရှင်ပေါလုက တိမောသေထံသို့ (၂တိ ၄း၁–၅) တွင် "ကိုယ်တော်တိုင်ပေါ်ထွန်း၍ နိုင်ငံတော်ထင်ရှားသောကာလ၊ အသက်ရှင်သောသူ၊ သေသောသူတို့ကို စစ်ကြောစီရင်တော်မူသောသခင်ယေရှုခရစ်ရှေ့မှာလည်းကောင်း၊ ဘုရားသခင်ရှေ့မှာလည်းကောင်း ငါသည် သင့်ကိုသစ္စာပေးသည်ကား၊ နှုတ်ကပတ်တရားတော်ကိုဟောပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကြိုးစားအားထုတ်လော့။ အပြစ်ကိုဖော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့်ဩဝါဒကိုပေး၍ တိုက်တွန်းသွေးဆောင်လော့။ အကြောင်းမူကား၊ နောင်ကာလ၌ လူတို့သည် စင်ကြယ်သောဩဝါဒကိုနားမခံနိုင်ဘဲ ယားတတ်သောနားရှိလျှင်၊ မိမိတပ်မက်ခြင်းအတိုင်း များပြားသောဆရာတို့နောက်သို့လိုက်ကြလိမ့်မည်။ သမ္မာတရားကိုနားမထောင်ဘဲ ဒဏ္ဍာရီစကားကိုနားထောင်၍ လွဲသွားကြလိမ့်မည်။ သင်မူကား၊ အရာရာ၌သမ္မာသတိရှိစေလော့။ ဆင်းရဲဒုက္ခကိုသည်းခံလော့။ သာသနာပြုဆရာဆောင်ရွက်ရသောအမှုကိုဆောင်ရွက်လော့။ ဓမ္မဆရာအရာ၌ခန့်ထား၍ ပြုရသောဝတ်များကိုအကုန်အစင်ပြုလော့" ဟူ၍ ဩဝါဒစာရေးသားပေးပို့ခဲ့ပါသည်။ ဤသစ္စာပေးချက်တွင် အမှုတော်ဆောင်တိုင်းတို့အနေဖြင့် လုပ်ဆောင်ရမည့်အကြမ်းဖျင်းအလုပ်မှာ၊ သခင်ယေရှုက သူ၏တပည့်တော်တို့အားပေးထားသော (မဿဲ ၂၈း၂၀) တွင်ဖော်ပြထားသည့်၊ ". . . ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ





အစဉ်မပြတ်ရှိသည်" ဆိုသည့်ကတိတော်ကို ဖြည့်ဆည်းပေးတော်မူခြင်းအားဖြင့်သာလျှင် လုပ်ဆောင်နိုင်သည့်အလုပ်မျိုးသာဖြစ်ပါသည်။

သူတို့၏အပေါင်းအသင်းတို့ထံသို့သွားရကြမည့် ဘုရားသခင်၏စေတမန်တော်များအဖြစ်ရှိနေကြသော ဧဝံဂေလိတရားတော်ဆိုင်ရာ အမှုတော်ဆောင်တို့အနေဖြင့် သူတို့၏အထူးတာဝန်နှင့် သူတို့ကတာဝန်ယူရမည့်အရာများတို့ကို မည်သည့်အခါမျှမျက်ခြည်ပြတ်ခြင်းမရှိရပါ။ အကယ်၍သာသူတို့သည် ကောင်းကင်ဘုံနှင့်သာချိတ်ဆက်မှုမရှိကြတော့ပါက သူတို့သည် အခြားသောသူတို့ထက် ကြီးမားသောအန္တရာယ်တွင်းသို့ကျရောက်နေကြပြီဖြစ်ကာ၊ မှားယွင်းမှုအတွက် ပိုမို၍တောင့်တင်းခိုင်မာသည့်ဩဇာသက်ရောက်မှုတစ်ရပ်ကို အသုံးပြုလာနိုင်ပါသည်။ စာတန်မာရ်နတ်သည်လည်း သူတို့ကိုစဉ်ဆက်မပြတ်ဖြင့်စောင့်ကြည့်နေပြီး၊ သူတို့၏အချို့သောအားနည်းချက်တို့ကိုအချိန်ယူစောင့်ဆိုင်းကာ ၎င်းအားနည်းချက်တို့အားဖြင့် သူတို့အပေါ်အောင်မြင်မှုရသည့် တိုက်ခိုက်မှုကို လုပ်ဆောင်နိုင်ရန်ဖြစ်ပါသည်။ စာတန်မာရ်နတ်အနေဖြင့် အောင်မြင်မှုကိုရရှိလာသောအခါ၊ မည်ကဲ့သို့အောင်ပွဲခံမည်ဆိုရာတွင် ခရစ်တော်၏သံအမတ်တစ်ဦးအနေဖြင့် အကာအကွယ်မဲ့လာသောအခါ၊ သူရယူသိမ်းဆည်းရမည့်အသက်ဝိညာဉ်တို့ကို သူ၏ကြီးမားသောရန်သူ၏လက်သို့ရောက်ရှိသွားစေရေးကို ခွင့်ပြုရာရောက်ပါသည်။

စစ်မှန်သောအမှုတော်ဆောင်အနေဖြင့် သူ၏မွန်မြတ်သောအနေအထားကို သိမ်ငယ်စေသည့် မည်သည့်အရာကိုမျှမလုပ်ဆောင်ရပါ။ သူသည် ပြုမူကျင့်ကြံမှုတွင် သတိထားရမည်ဖြစ်ပြီး၊ သူ၏အပြုအမူနှင့်လုပ်ရှားဆောင်ရွက်မှုဆိုင်ရာနည်းလမ်းသည်လည်း လိမ္မာပါးနပ်မှုရှိရပါမည်။ သူသည် သခင်ခရစ်တော်ဆောင်ရွက်တော်မူခဲ့သကဲ့သို့ လုပ်ဆောင်မည်ဖြစ်သည့်အပြင် သခင်ခရစ်တော်လုပ်ခဲ့တော်မူသကဲ့သို့လုပ်မည်ဖြစ်ပါသည်။ ကယ်တင်ခြင်းအကြောင်းကိုမသိရှိကြသေးသောသူတို့ထံသို့ ထိုကယ်တင်ခြင်းသတင်းစကားကိုသယ်ဆောင်ရာတွင် သူ၏စွမ်းအားများအားလုံးတို့ကိုပုံအောပြီးအသုံးပြုပေလိမ့်မည်။ သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားတော်ကို လေးနက်သည့်ဆာလောင်မွတ်သိပ်မှုသည် သူ၏စိတ်နှလုံးအတွင်းပြည့်ဝသွားပေမည်။ သူ၏လိုအပ်ချက်တို့ကိုခံစားရင်း၊ သခင်ယေရှုထံတော်၌ရှိသော သမ္မာတရားတော်ကို အကြွင်းမဲ့ချစ်သောစိတ်၊ ရိုးသားမှုနှင့်နှိမ့်ချမှုတို့ဖြင့် ပေးကမ်းခြင်းမပြုမီ၊ သူ့ထံသို့ရောက်ရှိလာရမည့်တန်ခိုးတော်ကို စိတ်အားထက်သန်စွာဖြင့် ကြိုးစားတောင်းခံပေလိမ့်မည်။

## လူသား၏တည်ကြည်ခိုင်မြဲမှုစံနမူနာများ

ဘုရားသခင်၏အစေခံတို့မည်သည် ကမ္ဘာလောကကြီးထံမှ မည်သည့်ဂုဏ်ပြုမှု၊ သို့မဟုတ် အသိအမှတ်ပြုမှုကိုမျှ လက်ခံရရှိခြင်းမရှိတတ်ပါ။ သတေဖန်သည် သခင်ခရစ်တော်အကြောင်းနှင့် သူ၏အသက်စွန့်ဆက်ကပ်တော်မူခြင်းအကြောင်းကို ဟောပြောခဲ့ခြင်းကြောင့် ကျောက်ခဲဖြင့်ပစ်သတ်ခြင်းခံခဲ့ရပါသည်။ ရှင်ပါလုသည်လည်း တစ်ပါးအမျိုးသားတို့ထံသို့ သွားရောက်ဟောပြောခဲ့သည့် ဘုရားသခင်၏သစ္စာရှိလုသောစေတမန်တော်တစ်ဦးဖြစ်ခဲ့သောကြောင့် သူသည် ထောင်သွင်းအကျဉ်းချခံရခြင်း၊ အရိုက်နှက်ခံရခြင်း၊ ကျောက်ခဲဖြင့်အပစ်ပေါက်ခံရခြင်းနှင့် နောက်ဆုံးတွင် အဆုံးစီရင်ခြင်းကိုခံခဲ့ရပါသည်။ တမန်တော်ရှင်ယောဟန်သည်လည်း (ဗျာဒိတ် ၁း၉) တွင် ဖော်ပြထားသည့်၊ "ဘုရားသခင်၏နှုတ်ကပတ်နှင့် ယေရှုခရစ်၏သက်သေခံတော်မူချက်" ဆိုသည့်အကြောင်းတို့ကြောင့် ပတ်မုကျွန်းသို့ တစ်ကျွန်းပို့ခံခဲ့ရပါသည်။ ဘုန်းတော်ရှင်၏ကြီးမားသောခွန်အားအတွင်းရှိ လူသား၏တည်ကြည်ခိုင်မြဲမှုနှင့်ပတ်သက်သည့် ဤစံနမူနာများတို့သည် ဘုရားသခင်၏တည်ရှိတော်မူခြင်းနှင့်ကျေးဇူးတော်ကို တည်တံ့ခိုင်မြဲတော်မူစေခြင်းဆိုင်ရာ သူ၏ကတိတော်များအပေါ်သစ္စာရှိတော်မူခြင်းကို ကမ္ဘာမြေကြီးပေါ်သို့ပြသတော်မူသည့် သူ၏သက်သေတစ်ရပ်ပင်ဖြစ်ပါသည်။

ထူးမြတ်သောထာဝရရှင်သန်စေခြင်းဆိုင်ရာ မည်သည့်မျှော်လင့်ခြင်းကမျှ၊ ဘုရားသခင်၏ရန်သူများတို့၏အနာဂတ်ကို မည်သို့မျှလင်းထိန်သွားစေခြင်းမရှိနိုင်ပါ။ ကြီးမြတ်သောစစ်ရေးဆိုင်ရာတပ်မှူးကြီးသည် တိုင်းနိုင်ငံအများအပြားတို့ကိုအောင်နိုင်ပြီး၊ ကမ္ဘာကြီး၏ထက်ဝက်မျှသောတပ်မတော်တို့ကို တုန်လှုပ်သွားစေခဲ့သော်လည်း၊ သူသည် နိုင်ငံရပ်ခြားတွင် စိတ်ထိခိုက်ခြင်းကြောင့်သေဆုံးသွားရပါသည်။ စကြဝဠာတစ်ကြောနှင့်ပတ်သက်ပြီး အစီအလျဉ်တွေးတောနေသည့် အတွေးအခေါ်ပညာရှင်သည် နေရာတကာတွင်ထင်ရှားနေသည့် ဘုရားသခင်၏တန်ခိုးကိုခြေရာကောက်ပြီး၊ ထိုစကြဝဠာတွင်းရှိ အစီအလျဉ်ဖြင့်ရှိနေကြသည့်အရာတို့၏တစ်ခုအပေါ်တစ်ခု ဟန်ချက်ညီညီရှိနေမှုကို နှစ်သက်ကြည်နူးမှုရှိနေပါသော်လည်း၊ ထိုအရာတို့အားလုံးကိုပုံဖော်ပေးခဲ့သည့် ထူးကဲလှသောရင်သပ်ရှုမောအံ့ဩဖွယ်ရာလက်တော်ကို လှမ်းမျှော်ကြည့်ရှုရန်ကိုမူ မကြာခဏပျက်ကွက်တတ်ပါသည်။ ထိုအကြောင်းနှင့်ပတ်သက်ပြီး (ဆာလံ ၄၉း၂၀) တွင်၊ "ဂုဏ်အသရေနှင့်ပြည့်လျက် ပညာသတိမရှိသောသူသည်ကား၊ ပျက်စီးခြင်းသို့ရောက်တတ်သောတိရစ္ဆာန်နှင့်တူ၏" ဟူ၍ဖော်ပြထားပါသည်။ သို့သော်လည်း



ဘုရားသခင်၏ယုံကြည်ခြင်းသူရဲကောင်းများတို့သည် အသက်ဝိညာဉ်၏တောင့်တမှုများတို့ကို နှစ်သိမ့်မှုပေးမည့်အမွေတော်တစ်ရပ်ဖြစ်သည့် လောကီဆိုင်ရာကြွယ်ဝမှုများတို့ထက် အဖိုးထိုက်လှသည့်အမွေတော်ကို အမွေခံရကြမည်ဖြစ်ပါသည်။ ကမ္ဘာလောကအားဖြင့် သူတို့သည် လူသိများခြင်းနှင့်အသိအမှတ်ပြုခံရခြင်းမျိုးကို ခံစားရရှိကြမည် မဟုတ်သော်လည်း အထက်အရပ်တွင်ရှိသော မှတ်တမ်းစာအုပ်များတို့တွင်မူ သူတို့သည် ကောင်းကင်နိုင်ငံတော်၏နိုင်ငံသားများအဖြစ် စာရင်းရေးသွင်းခြင်းခံရကြပြီး၊ ကြီးကျယ်လှသောချီးမြှောက်ခြင်းတစ်ရပ်နှင့် ထာဝရအရေးပါလှသည့်ဘုန်းအာနုဘော်တော်တစ်ခုသည် သူတို့အတွက်သာဖြစ်လာပေမည်။

လူသားတို့ထိတွေ့ရနိုင်ကြသည့် အကြီးမားဆုံးသောအလုပ်ဖြစ်သည့် အမြင့်မြတ်ဆုံးသောကြိုးပမ်းမှုမှာ အပြစ်သားတို့ကို ဘုရားသခင်၏သိုးသငယ်တော်ထံသို့ ပြည့်ဖွန်ရန်ဖြစ်ပါသည်။ စစ်မှန်သောအမှုတော်ဆောင်များတို့သည် ထာဝရဘုရား၏ရည်မှန်းတော်မူချက်များတို့ကို ပြီးမြောက်သွားစေရေးအတွက် ထာဝရဘုရားနှင့်လက်တွဲလုပ်ဆောင်ကြသူများဖြစ်ကြပါသည်။ သူတို့အားဘုရားသခင်က သွားကြလော့၊ သခင်ခရစ်တော်၏အကြောင်းကိုသင်ကြားပြီးဟောပြောကြလော့ ဟူ၍မိန့်တော်မူနေပါသည်။ သူ၏ကျေးဇူးတော်၊ သူ၏ကောင်းမြတ်တော်မူခြင်းနှင့်သူ၏ကရုဏာတော်တို့အကြောင်းကို မသိရှိကြသေးသည့် အားလုံးသောသူတို့အား ညွှန်ကြားပြီးပညာပေးရကြပါမည်။ လူများတို့အား သင်ကြားပို့ချပေးပါ။ ၎င်းနှင့်ပတ်သက်ပြီး (ရောမ ၁၀း၁၄) တွင် ရှင်ပေါလုက၊ "သို့ရာတွင် မယုံကြည်လျှင်အဘယ်သို့ပတ္ထနာပြုနိုင်မည်နည်း။ သတင်းမကြားလျှင် အဘယ်သို့ယုံကြည်နိုင်မည်နည်း။ ဟောပြောသောသူမရှိလျှင် အဘယ်သို့ကြားနိုင်မည်နည်း" ဟူ၍ ဩဝါဒပေးထားပါသည်။

ထို့အပြင် (ဟေရှာယ ၅၂း၇၊၉၊၁၀) တို့တွင် "ငြိမ်သက်ခြင်း၏ဝမ်းမြောက်စရာသတင်းကိုကြားပြောသောသူ၊ ကယ်တင်ခြင်းကောင်းကျိုးချမ်းသာ၏ဝမ်းမြောက်စရာသတင်းကိုကြားပြောသောသူ၊ သင်၏ဘုရားသခင်စိုးစံတော်မူ၏ဟု ဇိအုန်မြို့အားပြောသောသူ။" "ယေရုရှလင်မြို့၌ ပြိုပျက်ရာအရပ်တို့၊ တညီတညွတ်တည်းသီချင်းဆိုသံနှင့်ကြွေးကြော်ကြလော့။ ထာဝရဘုရားသည် မိမိလူတို့ကိုနှစ်သိမ့်စေတော်မူပြီ။ ယေရုရှလင်မြို့ကိုရွေးနုတ်တော်မူပြီ။ ထာဝရဘုရားသည် ခပ်သိမ်းသောလူအမျိုးမျိုးတို့ရှေ့မှာ သန့်ရှင်းသောလက်ရုံးတော်ကိုဖွင့်ပြတော်မူသဖြင့် မြေကြီးစွန်းရှိသမျှတို့သည်

ငါတို့ဘုရားသခင်၏ကယ်တင်တော်မူခြင်းကျေးဇူးကို သိမြင်ကြလတ္တံ့" ဟူ၍ဖော်ပြထားပါသည်။

သခင်ခရစ်တော်၏အမှုတော်ဆောင်များတို့အနေဖြင့် သူတို့အလုပ်အကိုင်၏ကျရှုံးနိုင်ခြင်းနှင့်ပတ်သက်ပြီး မည်သည့်အခါမျှတွေးတောခြင်းမရှိရမည့်အပြင်၊ မပြောဆိုမိရန်လည်း လိုအပ်လှပါသည်။ အရှင်ဘုရားသခင်ယေရှုသည် အရာအားလုံးတို့တွင်ကျွန်ုပ်တို့၏စွမ်းဆောင်နိုင်မှုဖြစ်တော်မူပြီး၊ သူ၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့အားလှုံ့ဆော်အားပေးမှုအဖြစ်ရှိရမည်ဖြစ်ကာ၊ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့ကိုယ်ကို အလင်း၏ဆက်ကြောင်းများအဖြစ် သူ၏လက်တော်အတွင်းတွင်ထားရှိကြပါက ကျွန်ုပ်တို့၏ကောင်းမြတ်သောအရာကို လုပ်ဆောင်သောနည်းလမ်းများတို့သည် မည်သည့်အခါမျှယုတ်လျော့ကျဆင်းသွားမည်မဟုတ်ပါ။ ကျွန်ုပ်တို့အနေဖြင့် သူ၏ပြည့်စုံတော်မူခြင်းအပေါ် အခြေတည်ရကြမည်ဖြစ်ပြီး၊ အကန့်အသတ်မဲ့သည့်ကျေးဇူးတော်ကို လက်ခံရယူကြရပေမည်။

## အမှုတော်မြတ်၏အထွတ်အမြတ်ဖြစ်မှု

အမှုတော်ဆောင်မည်သည် လူအများတို့ထံသို့ပြောကြားပေးသော ဘုရားသခင်၏နှုတ်တော်ထွက်ကိုယ်စားပြုသူအဖြစ် ရပ်တည်ပေးရမည်ဖြစ်ပြီး၊ သူသည် အတွေးအခေါ်၊ အပြောအဆိုနှင့်အပြုအမူများတို့တွင် သူ၏ထာဝရဘုရားကို ကိုယ်စားပြုရပါမည်။ ပဋိညာဉ်တော်၏စေတမန်အဖြစ် မောရှေသည် ရွေးချယ်တော်မူခြင်းခံခဲ့ရသောအခါ၊ သူ့အားပေးအပ်ခဲ့သောနှုတ်တော်ထွက်မှာ၊ ". . . သင်သည် ဘုရားသခင်နှင့်ဆိုင်သောအမှု၌ လူများတို့၏အမှုကိုစောင့်လျက် . . . "(ထွက်မြောက်ရာ ၁၈း၁၉) ဟူ၍ဖြစ်ပါသည်။ ဘုရားသခင်သည် မောရှေကိုသူ၏စေတမန်တော်အဖြစ်ရွေးချယ်တော်မူခဲ့သကဲ့သို့ ယနေ့ကာလတွင် လူများတို့အားရွေးချယ်တော်မူနေပြီး၊ သူ၏မွန်မြတ်သန့်ရှင်းသောခေါ်တော်မူခြင်းကို ဂုဏ်သရေညှိုးနွမ်းစေသောသူ၊ သို့မဟုတ် ဘုရားသခင်၏သားတော်၏အသက်တာတော်နှင့်အမှုတော်များတို့တွင် သူ့အားနေရာချထားပေးသည့်အဆင့်အတန်းကို နိမ့်ကျသွားစေသောသူ၏အပေါ်သို့ ကြီးမားလေးလံသောဒုက္ခဆင်းရဲကို ကျရောက်စေမည်ဖြစ်သည်။



အာရုန်၏သားများဖြစ်ကြသော နာဒပ်နှင့်အဘိဟုတို့အပေါ်သို့ ကျရောက်ခဲ့သောအပြစ်ပေးဆုံးမမှုသည် သူတို့၏မွန်မြတ်သောအနေအထားတို့နှင့်ပတ်သက်ပြီး ဂုဏ်သရေညှိုးနွမ်းအောင်လုပ်ဆောင်ကြသည့်အမှုတော်ဆောင်များတို့အပေါ် ဘုရားသခင်ကမည်ကဲ့သို့သဘောထားတော်မူသည်ကို ပြသနေပါသည်။ ဤလူတို့သည် ယဇ်ပုရောဟိတ်အမှုကိုဆောင်ရွက်ရကြမည့်သူများအဖြစ် အရာမြောက်ခြင်းခံခဲ့ရကြပါသော်လည်း၊ သူတို့သည် သူတို့ကိုယ်ကိုထိန်းသိမ်းကြရန်အတွက် သင်ကြားရယူခဲ့ကြခြင်းမရှိပါ။ စိတ်အလိုလိုက်လွန်းခြင်း၊ ကြာရှည်စွာချစ်ခင်စွဲလမ်းမှုထားရှိခြင်း စသည့်အမူအကျင့်တို့သည် သူတို့အပေါ်ချုပ်ကိုင်မှုတစ်ရပ်ကိုလုပ်ဆောင်နိုင်ပြီး၊ သူတို့၏အနေအထားအရ တာဝန်ယူရမှုသည် ထိုအမူအကျင့်ကိုရပ်တန့်သွားအောင် လုပ်ဆောင်နိုင်သည့်စွမ်းအားမရှိပါ။

ဝတ်ပြုခြင်းအချိန်အခါအတွင်းဖြစ်သည့်အပြင်၊ အများပြည်သူတို့၏ဆုတောင်းခြင်းနှင့်ချီးမွမ်းထောမနာပြုခြင်းတို့သည် ဘုရားသခင်ထံတော်သို့တက်ရောက်သွားသည့်အလျောက် နာဒပ်နှင့်အဘိဟုတို့သည် အပျော်လွန်ကြပြီး၊ တစ်ဝက်တစ်ပျက်သတိလက်လွတ်ဖြစ်ကြကာ၊ သူတို့၏ကိုယ်ပိုင်လင်ပန်းတစ်ခုစီကိုရယူကြကာ၊ ၎င်းလင်ပန်းထဲတွင် လောဗန်ကိုတင်ပြီးမီးပူဇော်ခဲ့ကြပါသည်။ သို့သော်လည်း သူတို့သည် ဘုရားသခင်က ဤအကြောင်းကိစ္စအတွက်အသုံးပြုရန် အမိန့်ပေးတော်မူခဲ့သည့် သူ၏ထံတော်မှကျရောက်လာမည့် အထွတ်အမြတ်ဖြစ်သောမီးအစား၊ "ထူးခြားသောမီး" ကိုသာအသုံးပြုခြင်းဖြင့် ဘုရားသခင်၏အမိန့်တော်ကို ကျူးလွန်ဖောက်ဖျက်ခဲ့ကြပါသည်။ ဤအပြစ်ကြောင့် ထာဝရဘုရားထံတော်မှမီးကျလာပြီး လူအများတို့၏ရှေ့တွင်ပင်သူတို့အားလောင်ကျွမ်းခဲ့ပါသည်။ ထိုနောက်တွင် မောရှေက အာရုန်အား၊ "ထာဝရဘုရားက၊ ငါသည် သန့်ရှင်းခြင်းရှိသည်ဟု ငါ့ထံသို့ချဉ်းကပ်သောသူတို့သည်မှတ်ရမည်။ လူအပေါင်းတို့သည် ငါ့ဘုန်းကိုချီးမြှင့်ရကြမည်ဟုမိန့်တော်မူရာ၌ ထိုသို့သောအမှုကိုရည်ဆောင်၍မိန့်တော်မူသည်" ဟူ၍ပြောပြခဲ့ပါသည်။

### ဟေရှာယအတွက်လုပ်ငန်းတာဝန်

ဘုရားသခင်သည် သူ၏လူမျိုးတော်တို့ထံသို့ ဟေရှာယအားသတင်းစကားတော်တစ်ခုနှင့်စေလွှတ်တော်မူရန်ရှိသောအခါ၊ သန့်ရှင်းရာဌာနတော်အတွင်းရှိ အသန့်ရှင်းတကာ့အသန့်ရှင်းဆုံးသောအခန်းတွင်းသို့ ဗျာဒိတ်ရူပါရုံကိုမြင်တွေ့ခွင့်ရရန် ဟေရှာယအားခွင့်ပြုတော်မူခဲ့ပါသည်။ ချက်ချင်း၌တွင်ပင် ဗိမာန်တော်၏တံခါးမကြီးနှင့်

အတွင်းကန့်လန့်ကာတို့သည် ဆွဲတင်ခြင်း၊ သို့မဟုတ် နောက်ဘက်သို့ဖယ်ရှားခြင်းခံခဲ့ရသောအခါ၊ ဟေရှာယသည် အတွင်းဘက်ရှိအသန့်ရှင်းတကာ့အသန့်ရှင်းဆုံးသောနေရာကို ဟေရှာယက သူ၏ခြေထောက်ဖြင့်ဝင်ရောက်နင်းမိခြင်းမရှိသည့်အနေအထားဖြင့် စူးစိုက်ကြည့်ရှုခွင့်ကိုရရှိခဲ့ပါသည်။ သူ၏ရှေ့မှောက်တွင် ယေဟောဝါဖြစ်သောထာဝရဘုရားသည် အလွန်မြင့်မြတ်သောပလ္လင်တော်ပေါ်တွင်ထိုင်နေတော်မူပြီး၊ သူ၏အဝတ်တော်တန်ဆာသည် ဗိမာန်တော်နှင့်အပြည့်လွှမ်းခြုံထားခဲ့သည့်ရူပါရုံကို မြင်တွေ့ခဲ့ရပါသည်။ ပလ္လင်တော်ဝန်းကျင်၌လည်း မီးလျှံထလျက်ရှိသောကောင်းကင်တမန်များတို့က၊ ကြီးမြတ်လှသောရှင်ဘုရင်ကြီး၏အစောင့်အကြပ်သဘောမျိုးဖြင့်ရှိကြကာ သူတို့ကိုဝိုင်းပတ်နေသောဘုန်းအာနုဘော်တော်၏ရောင်ပြန်ဟပ်မှုကို ခံခဲ့ကြရပါသည်။ သူတို့၏ဂုဏ်တော်ချီးမွမ်းခြင်းသီချင်းသံများတို့သည် ကြည်ညိုလေးမြတ်ခြင်း၏နက်နဲသောသံစဉ်သင်္ကေတများတို့ဖြင့် မြည်ဟည်းခဲ့ကြပြီး၊ တံခါးမကြီး၏တိုင်တို့သည် ငလျင်လှုပ်၍တုန်ခါသကဲ့သို့ လှုပ်ရှားလာခဲ့ကြပါသည်။ ဟေရှာယ၏နှုတ်ခမ်းသားတို့သည် အပြစ်အားဖြင့်ညစ်ညမ်းခြင်းမရှိနိုင်တော့သောအခါ၊ ဤကောင်းကင်တမန်တော်တို့သည် ဘုရားသခင်အားချီးမွမ်းခြင်းများတို့ကို သွန်းဖြိုးပေးခဲ့ကြပါသည်။ သူတို့က၊ “ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသည် သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။ မြေကြီးလုံးသည် ဘုန်းတော်နှင့်ပြည့်လေ၏” ဟူ၍ကြွေးကြော်ခဲ့ကြပါသည်။ (ဟေရှာယ ၆း၁–၈ ကိုဖတ်ရှုပါ။)

ပလ္လင်တော်ပတ်လေးလည်တွင်ရှိနေကြသော ကောင်းကင်တမန်များတို့သည် ဘုရားသခင်၏ဘုန်းအာနုဘော်တော်ကို ကြည့်မျှော်နေခဲ့ကြသည်အလျောက် သူတို့သည် ကြည်ညိုမှုအတိပြီးသော လေးစားခန့်ညားခြင်းတို့ဖြင့်ပြည့်ဝကြရာတွင် တိုတောင်းသောခဏတာကာလအတွက် မိမိတို့ကိုယ်ကိုအထင်ကြီးလေးစားသည့်သဘောဖြင့် ရှုမြင်နေကြခြင်းမဟုတ်ပါ။ သူတို့၏ချီးမွမ်းထောမနာပြုမှုသည် ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားအတွက်သာဖြစ်ပါသည်။ သူတို့သည် အနာဂတ်ကိုမျှော်တွေးစုံစမ်းနေကြသည်အလျောက် ကမ္ဘာမြေကြီးတစ်ခုလုံးသည် ထာဝရဘုရား၏ဘုန်းအာနုဘော်တော်နှင့်ပြည့်ဝလာတော့မည့်အခါတွင် သာယာကြည်နူးဖွယ်သောသံပြိုင်ရွတ်ဆိုမှုဖြင့် အောင်ပွဲခံသောသီချင်းသည် တစ်ဦးထံမှနောက်တစ်ဦးထံသို့ “ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသည် သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏” ဟူ၍ပဲ့တင်ထပ်သွားခဲ့ပါသည်။ သူတို့သည် ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းခဲ့ရကြ



ခြင်းအတွက် အပြည့်အဝကျေနပ်အားရမှုရှိခဲ့ကြသည့်အပြင်၊ သူ၏မျက်နှာတော်ရှေ့တွင်တည်နေကြရပြီး၊ သူ၏သဘောကျတော်မူသည့်အပြုံးအောက်တွင် ရှိနေရကြသည်ကိုပါကျေနပ်အားရမှုရှိခဲ့ကြသည်ကလွဲပြီး၊ အခြားမည်သည့်အရာကိုမျှ မတောင့်တကြပါ။ သူ၏ပုံရိပ်တော်ကိုခံယူပြီး သူ၏အမိန့်တော်အတိုင်းဆောင်ရွက်ကာ ကိုးကွယ်ဝတ်ပြုခြင်းအားဖြင့် သူတို့၏အမြင့်မားဆုံးသောရည်မှန်းချက်သည်လည်း ပြီးပြည့်စုံသွားခဲ့ပါသည်။

ပုရောဖက်ဟေရှာယသည် နားထောင်နေခဲ့သည့်အလျောက်၊ ထာဝရဘုရား၏ဘုန်းအာနုဘော်တော်၊ တန်ခိုးတော်နှင့်တန်ခိုးအာနုဘော်တို့သည် သူ၏ရူပါရုံတွင်ပေါ်ပေါက်လာခဲ့ပြီးနောက် ဤဗျာဒိတ်ရူပါရုံ၏အလင်းထဲတွင် သူ၏ကိုယ်ပိုင်အတွင်းစိတ်၏ညစ်ညမ်းမှုသည် လက်ဖျားခါလောက်သည့် စင်ကြယ်သန့်ရှင်းမှုဖြင့်ပေါ်ထွက်လာခဲ့ပါသည်။ ထာဝရဘုရား၏နှုတ်တော်ထွက်များတို့သည် ဟေရှာယအတွက်မသတိစရာဖြစ်ပုံရပါသည်။ နက်နဲသောရှက်ရွံ့ခြင်းဖြင့် သူက၊ “ငါ၌အမင်္ဂလာရှိ၏။ ငါအကျိုးနည်းရှိပြီ။ အကြောင်းမူကား ငါသည် ညစ်ညူးသောနှုတ်ခမ်းရှိလျက်၊ . . ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားတည်းဟူသောရှင်ဘုရင်ကို ကိုယ်မျက်စိနှင့်မြင်လေပြီတကား” ဟူ၍အော်ဟစ်မိခဲ့ပါသည်။

ဟေရှာယ၏ရှက်ရွံ့ခြင်းသည် အမှန်တကယ်စစ်မှန်မှုရှိခဲ့ပါသည်။ လူသားနှင့်ဘုန်းတော်ရှင်တို့၏စပ်ကြား၊ အကျင့်စရိုက်ချင်းကွာခြားမှုသည် ဟေရှာယအတွက်ထင်ရှားပြတ်သားမှုရှိလာခဲ့သောအခါ သူ့ကိုယ်ကိုအမင်္ဂလာရှိသူနှင့်အကျိုးနည်းသူအဖြစ်ဖြင့် ခံစားခဲ့ရပါသည်။ ယေဟောဝါထာဝရဘုရား၏သန့်ရှင်းသောတောင်းဆိုတော်မူချက်တို့ကို လူတို့အား သူမည်ကဲ့သို့ပြောကြားနိုင်ပါမည်နည်း။

ထိုအကြောင်းနှင့်ပတ်သက်ပြီးသူက၊ “ထိုအခါကောင်းကင်တမန်သရပ်တစ်ပါးသည် ယဇ်ပလ္လင်ပေါ်ကမီးညှပ်ဖြင့်ယူသောမီးခဲတစ်ခဲကို လက်နှင့်ကိုင်လျက်၊ ငါရှိရာသို့ပျံလာ၍ ငါ့နှုတ်ကိုတို့ပြီးလျှင်၊ ဤမီးခဲသည် သင်၏နှုတ်ခမ်းကိုတွေ့ပြီ။ သင်၏ဒုစရိုက်ကိုသုတ်သင်ပြီ။ သင်၏အပြစ်လည်းဖြေရှင်းပြီဟုဆို၏” ဟူ၍ (ဟေရှာယ ၆း၆၊၇) တွင်ရေးသားထားပါသည်။

ထိုနောက်တွင် ဟေရှာယက ထာဝရဘုရား၏မိန့်တော်မူသောအသံကို “ငါသည်အဘယ်သူကိုစေလွှတ်ရမည်နည်း။ ငါတို့အဖို့အဘယ်သူသွားမည်နည်း” ဟူ၍ကြားခဲ့ရပြီးနောက်တွင် ဘုန်းတော်ရှင်၏တို့ထိမှုအကြောင်းကို တွေးဆလာမိခဲ့ခြင်းဖြင့် အားအင်

ခွန်အားပြည့်လာခဲ့ကာ သူက၊ "အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကိုစေလွှတ်တော်မူပါ" ဟူ၍ ပြန်လည်ဖြေကြားခဲ့ပါသည်။

ဘုရားသခင်၏အမှုတော်ဆောင်တို့က၊ အသန့်ရှင်းတကာ့အသန့်ရှင်းဆုံးသော အခန်းထဲသို့ ယုံကြည်ခြင်းအားဖြင့်လှမ်းကြည့်လိုက်ပြီး၊ ကျွန်ုပ်တို့၏ကြီးမြတ်တော်မူသော ယဇ်ပုရောဟိတ်မင်းကြီး၏ကောင်းကင်ဘုံဆိုင်ရာသန့်ရှင်းရာဌာနတော်အတွင်း ဆောင်ရွက်တော်မူသည့်အမှုတော်ကို တွေ့မြင်ရကြသောအခါ၊ သူတို့သည် ညစ်ညူးသောနှုတ်ခမ်းရှိသူများ၊ အနတ္တမှုသားစကားကို မကြာမကြာပြောဆိုတတ်သောလျှာများ ရှိကြသည့်သူများအဖြစ် မိမိတို့ကိုယ်ကိုပြန်လည်ဆန်းစစ်မိလာကြပါသည်။ သခင်ခရစ်တော်၏ကုံလုံပြည့်စုံတော်မူခြင်းနှင့်နှိုင်းယှဉ်ကြည့်ပါက သူတို့သည် သူတို့၏ ကိုယ်ပိုင်မထိုက်မတန်ဖြစ်မှုကိုသိရှိလာကြခြင်းကြောင့် စိတ်အားလျော့နည်းလာနိုင်ပါသည်။ သူတို့သည် ကြေကွဲသောနှလုံးသားတို့ဖြင့် သူတို့အားပေးအပ်ထားသည့် ကြီးကျယ်လှသောအလုပ်နှင့် လုံးလုံးလျားလျားထိုက်တန်မှုမရှိ၊ သင့်လျော်မှုမရှိဟု ထင်မြင်ယူဆသောအတွေးမျိုးတို့ဖြင့် သူတို့က "ငါအကျိုးနည်းရှိပြီ" ဟူ၍ ကြွေးကြော်အော်ဟစ်ကြပါသည်။ သို့သော်လည်း အကယ်၍သူတို့က ဟေရှာယကဲ့သို့ ဘုရားသခင်၏ရှေ့မှောက်တော်၌ သူတို့၏စိတ်နှလုံးတို့ကိုနှိမ့်ချကြပါက ပုရောဖက်အတွက် လုပ်ဆောင်ပေးခဲ့သောအလုပ်မျိုးသည် သူတို့အပေါ်သက်ရောက်မှုရှိလာပေလိမ့်မည်။ သူတို့၏နှုတ်ခမ်းများတို့သည် ယဇ်ပလ္လင်မှထုတ်ယူလာသော မီးတောက်ရဲရဲဖြင့်ရှိသော ကျောက်မီးသွေးဖြင့်တို့ထိခြင်းခံရမည်ဖြစ်ကာ သူတို့သည် ဘုရားသခင်၏ကြီးမြတ်တော်မူခြင်းနှင့်တန်ခိုးတော်အပြင် သူ၏သူတို့အားကူညီရန်အဆင်သင့်ဖြစ်နေတော်မူခြင်းနှင့် ပတ်သက်သည့် အာရုံခံစားကြရမှုအားဖြင့် သူတို့၏ကိုယ်ကျိုးအတ္တစိတ်တို့ကို မျက်ကွယ်ပြုသွားကြပေလိမ့်မည်။ သူတို့အားယုံကြည်စိတ်ချစွာပေးအပ်ထားခဲ့သည့် အမှုတော်၏မြင့်မြတ်သန့်ရှင်းမှုကို သတိမူလာမိကြလိမ့်မည့်အပြင်၊ သူတို့အားသတင်းစကားတော်ဖြင့်စေလွှတ်တော်မူသောထာဝရဘုရားအပေါ် ဂုဏ်သရေညှိုးစေသောအခြေအနေကို ဖြစ်ပေါ်စေသည့်အရာရာတိုင်းတို့ကို ရွံမုန်းစက်ဆုပ်စေခြင်းဆီသို့ ဦးတည်ပေးပါလိမ့်မည်။

မီးတောက်ရဲရဲဖြင့်ရှိသော ကျောက်မီးသွေးတုံးသည် စင်ကြယ်သန့်ရှင်းလာစေခြင်းအတွက် ပုံဆောင်မှုဖြစ်သည့်အပြင်၊ ၎င်းသည် ဘုရားသခင်၏စစ်မှန်သောအစေခံတော်၏ကြိုးပမ်းမှုများဆိုင်ရာ အကျိုးဖြစ်ထွန်းမှုကိုလည်း ကိုယ်စားပြုပေးပါသည်။





သူတို့၏နှုတ်ခမ်းများပေါ်သို့ ထာဝရဘုရားက သူ၏တို့ထိတော်မူခြင်းကိုတင်ထားနိုင်တော်မူသော အထူးပြည့်ဝစွာဖြင့် အရာ၌ခန့်ထားခံရကြသောသူတို့အတွက် မိန့်တော်မူသည့်နှုတ်တော်ထွက်မှာ၊ စပါးရိတ်သိမ်းရာလယ်များဆီသို့သွားကြလော့။ ငါသည် သင်တို့နှင့်အတူလုပ်ဆောင်တော်မူမည်ဟူ၍ဖြစ်ပါသည်။

ဤကြိုတင်ပြင်ဆင်မှုမျိုးကို လက်ခံရရှိထားသောအမှုတော်ဆောင်သည် ကမ္ဘာမြေကြီးပေါ်တွင် ကောင်းသောအရာအတွက် စွမ်းအားတစ်ခုပင်ဖြစ်ပါသည်။ သူ၏နှုတ်ထွက်စကားတို့သည် မှန်ကန်မှုရှိသောစကားများအဖြစ်ရှိမည်ဖြစ်ပြီး၊ စင်ကြယ်ပြီး မှန်ကန်မှုရှိမည်ဖြစ်ကာ ကရုဏာသက်ခြင်းနှင့်ချစ်ခြင်းမေတ္တာတို့ဖြင့်အတိပြီးမည်ဖြစ်လျက်၊ သူ၏အပြုအမူတို့သည် အားနည်းမှုရှိသောသူတို့အတွက် မှန်ကန်မှုရှိသည့် အကူအညီနှင့်ကောင်းချီးမင်္ဂလာအဖြစ်ရှိနေမည့် အပြုအမူများဖြစ်ပေလိမ့်မည်။ ခရစ်တော်သည်လည်း သူ့ထံတွင်ကိန်းဝပ်တော်မူရင်း သူ၏အတွေး၊ နှုတ်ထွက်စကားနှင့် လုပ်ဆောင်ချက်တို့ကို ထိန်းချုပ်ပေးတော်မူမည်ဖြစ်သည်။ သူသည် မာန်မာန၊ အငမ်းမရတပ်မက်စိတ်နှင့်ကိုယ်ကျိုးအတ္တစိတ်တို့ကိုကျော်လွှားနိုင်ရန် မိမိကိုယ်ကိုကတိသစ္စာပြုထားပါသည်။ ဤသစ္စာကတိပြုမှုကိုဖြည့်ဆည်းနိုင်ရန် အားထုတ်ကြိုးပမ်းသည်နှင့်အညီ သူသည် ဝိညာဉ်ရေးခွန်အားကိုရယူနိုင်ခဲ့ပါသည်။ နေ့စဉ်ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းဖြင့် သူသည် ကျမ်းစာတော်မြတ်နှင့်ပတ်သက်သည့် ပညာအတတ်ကြီးထွားလာသည့်အနေအထားသို့ ရောက်ရှိလာပါမည်။ ခမည်းတော်နှင့်သားတော်တို့အား သူ၏ဖော်ရွေစွာဆက်ဆံမှုအပြင်၊ ဘုန်းတော်ရှင်၏အလိုတော်ကို စဉ်ဆက်မပြတ်နာခံလိုက်လျှောက်မှုတို့ကြောင့် လေလွင့်နေကြသောအသက်ဝိညာဉ်တို့ကို သခင်ခရစ်တော်၏ထွေးပိုက်တော်မူခြင်းအတွင်းသို့ ရောက်ရှိသွားကြရန်၊ ထိန်းကျောင်းပေးသောနှုတ်ထွက်စကားတို့နှင့် ပိုမိုကောင်းမွန်သည့်အံဝင်ခွင်ကျသောအနေအထားသို့ နေ့စဉ်ရောက်ရှိလာပေမည်။

## လယ်ကားဤသောကဖြစ်၏

(မဿဲ ၄း၁၈–၂၂) တွင်၊ "ဂါလိလဲအိုင်နားမှာကြွတော်မူစဉ်၊ ပေတရုဟူ၍ ခေါ်ဝေါ်သော ရှိမုန်နှင့်အန္ဒြေညီအစ်ကိုနှစ်ယောက်တို့သည် တံငါဖြစ်၍၊ အိုင်တွင် ပိုက်ကွန်ဖြန့်ချသည်ကိုမြင်တော်မူလျှင်၊ ထိုသူတို့အား ငါ့နောက်သို့လိုက်ကြလော့။

သင်တို့သည် လူကိုမျှားသောတံငါဖြစ်စေခြင်းငှာငါပြုမည်ဟု အမိန့်တော်ရှိလေသော်၊ ထိုသူတို့သည် ချက်ချင်းပိုက်ကွန်ကိုစွန့်ပစ်၍ နောက်တော်သို့လိုက်ကြ၏။ ထိုမှလွန်ပြန်လျှင် အခြားသောညီအစ်ကိုနှစ်ယောက်၊ ဇေဗေဒဲ၏သား ယာကုပ်နှင့်ယောဟန်တို့သည် သူတို့အဘနှင့်အတူ လှေပေါ်မှာပိုက်ကွန်တင်နေသည်ကိုမြင်၍ ခေါ်တော်မူ၏။ ထိုသူတို့သည်လည်း ချက်ချင်းအဘနှင့်လှေကိုစွန့်ပစ်၍ နောက်တော်သို့လိုက်ကြ၏" ဟူ၍ဖော်ပြထားပါသည်။ အဖိုးအခများပေးမည်ဆိုသည့် ကတိစကားမပါရှိသော ထိုကမ်းလှမ်းတော်မူခြင်းကို ယုံမှားသံသယမရှိသောနာခံမှုဖြင့် ထိုသူတို့၏ချက်ချင်းပြန်လည်တုံ့ပြန်မှုတို့သည် ထူးခြားသောလုပ်ရပ်များအဖြစ် ထင်မှတ်စရာဖြစ်ပါသော်လည်း၊ သခင်ခရစ်တော်၏နှုတ်တော်ထွက်များတို့သည် စွဲဆောင်မှုစွမ်းအားပါရှိသည့် ဖိတ်ခေါ်မှုတစ်ရပ်ဖြစ်သည်ဆိုခြင်းကို နှလုံးသွင်းထားရကြပါမည်။ ဤနှိမ့်ချခြင်းရှိသောတံငါသည်များတို့အား သခင်ခရစ်တော်သည် သူနှင့်ချိတ်ဆက်မှုရှိသည့်အနေအထားတွင်ရှိစေပြီး စာတန်မာရ်နတ်၏လုပ်ငန်းဆောင်တာများတွင် အစေခံနေကြသည့်သူများတို့ကို ပြန်လည်ဆွဲထုတ်ပြီး၊ ဘုရားသခင်၏အမှုတော်တွင် ပြန်လည်နေရာချထားပေးကြမည့်သူများအဖြစ် ပြုလုပ်တော်မူခဲ့ပါသည်။

ဤအလုပ်တွင်သူတို့သည် သူ၏သက်သေများအဖြစ်သို့ရောက်ရှိကြရမည်ဖြစ်ပြီး၊ ရိုးရာထုံးတမ်းဓလေ့များတို့နှင့် ရောယှက်ခြင်းမရှိသည့်အပြင် လူသားတို့၏တစ်ပတ်ရိုက်ခြင်းများတို့နှင့် လွတ်လွတ်ကင်းကင်းရှိသည့် သူ၏သမ္မာတရားတော်ကို ကမ္ဘာမြေကြီးပေါ်တွင်သယ်ပိုးပေးကြရပါမည်။ သူ၏သီလပါရမီတော်ကိုလေ့ကျင့်ရင်း သူနှင့်အတူတကွလျှောက်လှမ်းပြီးလုပ်ကိုင်ဆောင်ရွက်ရင်းဖြင့် သူတို့သည် လူကိုမျှားသောတံငါသည်များတို့၏အရည်အချင်းမျိုး ပြည့်မီသူများအဖြစ်သို့ရောက်ရှိကြရပါမည်။

ဤသို့ဖြင့် သူတို့သည် ဧဝံဂေလိတရားတော်ဆိုင်ရာ အမှုတော်ဆောင်ခြင်းလုပ်ငန်းတွင် ပထမဦးဆုံးခန့်အပ်ခြင်းခံရကြသည့် တပည့်တော်များဖြစ်လာကြပါသည်။ သူတို့သည် ကယ်တင်တော်မူခြင်းအရှင်နှင့် သုံးနှစ်တာမျှချိတ်ဆက်ပြီးအမှုတော်ဆောင်ရွက်ခဲ့ကြပြီး သူ၏သွန်သင်ပို့ချတော်မူခြင်း၊ ရောဂါဝေဒနာများတို့ကိုကုသပျောက်ကင်းသွားစေသည့်အလုပ်၊ သူ၏ပုံသက်သေတော်တို့အားဖြင့် သူတို့သည် ကယ်တင်ရှင်ကအစပျိုးပေးခဲ့သည့်အမှုတော်ကို ဆက်လက်ဆောင်ရွက်ကြရန်အတွက် ပြင်ဆင်ပြီးသားဖြစ်ခဲ့ကြပါသည်။ ယုံကြည်ခြင်းအားဖြင့် အကြွင်းမဲ့ချစ်သောစိတ်၊ စင်ကြယ်ခြင်း၊ နှိမ့်ချသောစိတ်နှင့်အတူအစေကိုခံခြင်းတို့ဖြင့် ဘုရားသခင်၏အမှုရေးရာ



တော်တို့တွင် တပည့်တော်တို့သည် တာဝန်ယူရမှုများတို့ကိုသယ်ပိုးကြရန် ပို့ချပေးခြင်းကိုခံခဲ့ရကြပါသည်။

ကျွန်ုပ်တို့အနေဖြင့် တမန်တော်များတို့၏အတွေ့အကြုံများမှ သင်ကြားရယူနိုင်သည့်သင်ခန်းစာများ အများအပြားရှိနေပါသည်။ ထိုသူတို့သည် အခြေခံစည်းမျဉ်းနှင့်ပတ်သက်လျှင် သံမဏိသားကဲ့သို့ သစ္စာစောင့်သိခဲ့ကြပါသည်။ သူတို့သည် ကျရှုံးကြမည့်သူများမဟုတ်ကြသည့်အပြင် စိတ်ဓာတ်ကျဆင်းကြမည့်သူများလည်းမဟုတ်ကြပါ။ သူတို့သည် ဘုရားသခင်ပေါ်ကြည်ညိုမြတ်နိုးခြင်းနှင့် စိတ်အားထက်သန်မှုအပြည့်အဝရှိခဲ့ပြီး၊ မြင့်မြတ်သည့်ရည်မှန်းချက်များနှင့် ပြင်းပြသောဆန္ဒရှိခဲ့ကြပါသည်။ ယခုကာလအမှုတော်တွင်ပါဝင်လုပ်ဆောင်နေကြသည့် အချို့သောလူများကဲ့သို့ပင် သူတို့သည် လူ့သဘောသဘာဝအရ၊ အားနည်းချက်ရှိကြပြီး အကူအညီမဲ့ရှိခဲ့တတ်ကြပါသော်လည်း သူတို့သည် ထာဝရဘုရားအပေါ်သစ္စာစောင့်သိမှုကို အပြည့်အဝထားရှိခဲ့ကြပါသည်။ သူတို့သည် ကြွယ်ဝချမ်းသာမှုရှိခဲ့ကြသော်လည်း ၎င်းကြွယ်ဝချမ်းသာမှုတွင် ယဉ်ကျေးသိမ်မွေ့သောစိတ်သဘောနှင့် စိတ်ရင်းတို့လည်းပါဝင်မှုရှိခဲ့သည့်အလျောက်၊ ဤကိစ္စနှင့်ပတ်သက်ပြီး သူတို့တစ်ယောက်စီတိုင်းတို့သည် ဘုရားသခင်အပေါ် အစတွင်ရောအဆုံးတွင်ပါ အဓိကနေရာတွင်ထားရှိရကြမည့်အပြင်၊ အရာရာတိုင်းတို့တွင် အကောင်းဆုံးသောအနေအထားတွင်ရှိရကြပါမည်။ သခင်ခရစ်တော်၏စာသင်ကျောင်းတော်တွင် သူတို့အားပေးထားခဲ့သောသင်ခန်းစာများကို သင်ကြားရယူရန်အတွက် သူတို့သည် အချိန်ကြာမြင့်စွာဖြင့် ပင်ပန်းတကြီးလုပ်ဆောင်ခဲ့ရပြီး၊ သူတို့သည် အချည်းနှီးပင်ပန်းတကြီးလုပ်ဆောင်ခဲ့ကြခြင်းမဟုတ်ပါ။ သူတို့သည် သူတို့ကိုယ်ကို အားလုံးသောတန်ခိုးများတို့တွင် အင်အားအကြီးမားဆုံးသောတန်ခိုးတော်နှင့်နှောင်ဖွဲ့ထားခဲ့ကြကာ၊ ဆင်းရဲငတ်မွတ်သောကမ္ဘာကြီးတစ်ခုသို့ သမ္မာတရားတော်၏ရတနာတို့ကို အောင်မြင်စွာဖြင့်ပေးကမ်းနိုင်ကြမည့် ထာဝရတည်တံ့မည့်လက်တွေ့ကျမှုများတို့၏ပိုမိုလေးနက်ပြီး ပိုမိုမြင့်မားကာ၊ ပိုမိုကျယ်ပြောသော သဘောပေါက်နားလည်နိုင်စွမ်းကို အစဉ်အမြဲတောင့်တခဲ့ကြပါသည်။

ယခုကာလတွင် ဤကဲ့သို့သောအကျင့်စရိုက်မျိုးရှိနေကြသည့် အမှုတော်ဆောင်များကိုလိုအပ်နေပြီး၊ ထိုအမှုတော်ဆောင်တို့သည် ဆိုးညစ်ခြင်းတွင်တည်ရှိနေရသောကမ္ဘာကြီးတစ်ခုသို့ ဘုရားသခင်၏နိုင်ငံတော်ကို ကိုယ်စားပြုပြီးသွားရောက်ရကြရာတွင် မိမိတို့ကိုယ်ကိုအရန်လူများအဖြစ်သဘောထားပြီး မိမိတို့ကိုယ်ကိုသိက္ခာတင်ခြင်းမျိုး

မဟုတ်ဘဲ၊ အမှန်တကယ်လုပ်ဆောင်ကြသော အဓိကအမှုတော်ဆောင်များအဖြစ် သဘောထားကြကာ မိမိတို့ကိုယ်ကိုသိက္ခာတင်ရကြပါမည်။ ကမ္ဘာလောကကြီးသည် တွေးခေါ်မြော်မြင်မှုရှိကြသူများ၊ ကိုယ်ကျင့်တရားကောင်းကြသူများ သူတို့၏သိနားလည်ခြင်းဉာဏ်နှင့်ပိုင်းခြား၍နားလည်နိုင်ခြင်းတို့သည် စဉ်ဆက်မပြတ်တိုးတက်ကြီးပွားလာကြသည့်သူများတို့ကိုလိုအပ်ပါသည်။ အသီးသီးသောဘာသာစကားကိုပြောသောလူအမျိုးအနွယ်ခပ်သိမ်းတို့ထံသို့ သမ္မာတရားတော်သည် အရှိန်အဟုန်ဖြင့်ရောက်ရှိသွားရေးအတွက် ထိုသမ္မာတရားတော်ကို တောင်ပံများပေးအပ်စေသည့် အကောင်းဆုံးသောအခွင့်ထူးကိုရရှိရေးအတွက် ဖိအားကိုအသုံးပြုနိုင်သောသူတို့ကို ကြီးမားသောအနေအထားဖြင့်လိုအပ်နေပါသည်။

## အားလုံးသောတိုင်းနိုင်ငံများသို့ဧဝံဂေလိတရားတော်ကိုဖြန့်ဝေရန်

နေရာတကာတိုင်းတို့တွင် သမ္မာတရား၏အလင်းတော်ကို ထွန်းလင်းစေနိုင်မှသာလျှင် နှလုံးသားများတို့ကိုနိုးကြားစေပြီး၊ ပြောင်းလဲသွားကြစေမည်ဖြစ်ပါသည်။ တိုင်းနိုင်ငံများအားလုံးတို့တွင် ဧဝံဂေလိတရားတော်ကို ကြေညာပြောကြားပေးရပါမည်။ ဘုရားသခင်၏အစေခံများတို့သည် အနီးအပါးနှင့်ဝေးကွာသောနေရာများတို့သို့ အမှုတော်ကိုဆောင်ရွက်ကြခြင်းဖြင့် စပျစ်ဥယျာဉ်၏ထွန်ယက်စိုက်ပျိုးနိုင်သောအနေအထားကို ပိုမိုကျယ်ဝန်းလာစေကာ၊ ထိုနောက်တွင် ထိုနေရာမှအခြားသောနေရာများသို့သွားရောက်လုပ်ဆောင်ရကြပေမည်။ သူတို့သည် နေ့ဘက်တွင်အချိန်ရသလောက်လုပ်ဆောင်ရကြမည်ဖြစ်ပြီး၊ ညအချိန်သို့ရောက်ရှိလာချိန်တွင် မည်သူမျှအလုပ်လုပ်တတ်ကြတော့မည်မဟုတ်ပါ။ ကယ်တင်ရှင်မြှောက်ထားတော်မူခြင်းခံရသောကပ်တိုင်တော်သို့ အပြစ်သားများတို့သည် ညွှန်ပြခြင်းခံစေရကြမည်ဖြစ်ပြီး၊ (ယောဟန် ၁း၂၉) တွင်ဖော်ပြထားသည့်၊ "ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့" ဆိုသည့်ကမ်းလှမ်းချက်ကို အသံများစွာတို့အားဖြင့် ကြားသိခြင်းရှိစေရပါမည်။ အသင်းတော်တို့သည် စနစ်တကျစုစည်းမှုရှိရမည်ဖြစ်ပြီး၊ အသစ်ပြန်လည်ဖွဲ့စည်းထားသည့် အသင်းတော်များတို့၏အဖွဲ့ဝင်များတို့အားဖြင့် လုပ်ငန်းစဉ်အတွက်အစီအစဉ်များကိုချပြလုပ်ဆောင်သွားနိုင်မည်ဖြစ်သည်။ အမှုတော်ဆောင်များတို့သည် အားမာန်အပြည့်နှင့် ဘုရားသခင်အပေါ်ချစ်ခြင်းမေတ္တာထားရှိကြခြင်းတို့အားဖြင့် ပင်မအသင်းတော်များတို့သည် နိုးကြားခြင်းရှိလာမည်ဖြစ်ပြီး၊ အမှုတော်ဆောင်များတို့၏



အောင်မြင်မှုများတို့သည် အသင်းတော်အားလုံးတို့က လေးနက်သည့်ပုဂ္ဂိုလ်ရေးဆိုင်ရာအကြောင်းခြင်းရာအဖြစ် လေးစားသမှုရှိကြပေမည်။

စိတ်အားထက်သန်မှုရှိပြီး မိမိကိုယ်ကိုမိမိဆက်ကပ်အပ်နှံလိုစိတ်ရှိကြသောအမျိုးသား၊ အမျိုးသမီးများတို့ကိုလိုအပ်ရာတွင် သူတို့အနေဖြင့် ချောက်နှုတ်ခမ်းတွင်ရောက်ရှိနေကြသည့်အသက်ဝိညာဉ်တို့အတွက် ဘုရားသခင်ထံတော်သို့သွားရောက်ပြီးမျက်ရည်မျက်ခွက်တို့ဖြင့်ငိုကြွေးကာ၊ အပြင်းအထန်လျှောက်လဲပန်ကြားကြမည့်သူများဖြစ်ရကြပါမည်။ မျိုးစေ့ကိုမစိုက်ပျိုးဘဲ အသီးအနှံတို့ကိုရိတ်သိမ်း၍မရနိုင်သည့်အပြင်၊ ကြိုးစားပန်းစားမလုပ်ဆောင်ဘဲ အကျိုးရလဒ်ထွက်ပေါ်မလာနိုင်ပါ။ သူ၏မူလနေထိုင်ရာဒေသမှ ဟိတ္တိလူတို့ထံသို့ အလင်းတရားတော်ကိုသယ်ဆောင်ပေးသူအဖြစ်သွားရောက်ရန်အတွက် အာဗြဟံသည် ခေါ်တော်မူခြင်းကိုခံခဲ့ရပါသည်။ မည်သည့်ပြန်လည်မေးခွန်းထုတ်ခြင်းမျှမပြုလုပ်ဘဲ အာဗြဟံသည် ဘုရားသခင်၏အမိန့်တော်ကိုနာခံခဲ့ပါသည်။ ထိုအကြောင်းနှင့်ပတ်သက်ပြီး (ဟေဗြဲ ၁၁း၈) တွင်၊ "အဘယ်အရပ်သို့သွားသည်ကို ကိုယ်တိုင်မသိဘဲလျက်. . . ထွက်သွားလေ၏" ဟူ၍ဖော်ပြထားပါသည်။ ဘုရားသခင်၏အစေကိုခံကြသောသူတို့သည် သူခေါ်တော်မူသောအရပ်သို့သွားရောက်ရကြမည်ဖြစ်ကာ၊ သူတို့ဆောင်ရွက်သည့်အမှုတော်အတွက် ဘုရားသခင်သည် သူတို့အားထိန်းကျောင်းပဲ့ပြင်ပြီး၊ သူတို့အားအောင်မြင်မှုပေးတော်မူမည်ဆိုခြင်းကို ယုံကြည်စိတ်ချမှုရှိရကြပါမည်။

ကမ္ဘာကြီး၏လက်ရှိကြောက်မက်ဖွယ်ရာအနေအထားအရ၊ သခင်ခရစ်တော်အသေခံတော်မူခြင်းသည် အချည်းနှီးသောအကျိုးရလဒ်အနေအထားသို့ရောက်လုနီးပါးဖြစ်ပြီး၊ စာတန်မာရ်နတ်အောင်ပွဲခံမည့်အနေအထားကို ရည်ညွှန်းသကဲ့သို့ရှိနေပါသည်။ ဤမြေကြီးပေါ်တွင်မှီတင်းနေထိုင်နေကြသည့် လူအများစုတို့သည် သူတို့၏သစ္စာစောင့်သိခြင်းကို ရန်သူထံသို့ပေးအပ်ထားပြီးသားဖြစ်နေကြပါသည်။ သို့သော်လည်း ကျွန်ုပ်တို့အနေဖြင့်မှာမူ လှည့်ဖြားခံရကြခြင်းမရှိသေးပါ။ သို့သော်လည်း အပြင်ပန်းအားဖြင့် စာတန်မာရ်နတ်သည် အောင်ပွဲခံသည့်အနေအထားတွင်ရှိနေသည့်တိုင် သခင်ခရစ်တော်သည် ကောင်းကင်ဘုံရှိသန့်ရှင်းရာဌာနတော်နှင့် ကမ္ဘာပေါ်ရှိသူ၏အမှုတော်တို့ကို ရှေ့တိုးပြီးဆက်လက်ဆောင်ရွက်နေတော်မူပါသည်။ နောက်ဆုံးသောနေ့ရက်တို့တွင် ပေါ်ထွက်လာမည့်ကောက်ကျစ်ဆိုးညစ်မှုနှင့်အကျင့်ပျက်ခြစားမှုတို့အကြောင်းကို ဘုရားသခင်၏နှုတ်တော်ထွက်က ထူးခြားထင်ရှားစွာဖြင့်ဖော်ပြထားပါသည်။

ပုရောဖက်ဟောပြောချက်တို့၏ပြည့်စုံလာမှုတို့ကို ကျွန်ုပ်တို့မြင်တွေ့ရကြသည်နှင့်အမျှ၊ သခင်ခရစ်တော်၏နိုင်ငံတော်၏နောက်ဆုံးသောအောင်ပွဲသည် အားကောင်းခိုင်ခံ့လာမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့အားခန့်အပ်ထားသောအလုပ်ကို လုပ်ဆောင်နိုင်ကြရန်အတွက် ပြန်လည်ဆန်းသစ်သောရဲစွမ်းသတ္တိဖြင့် ကျွန်ုပ်တို့သည် ဆက်လက်တိုးမြှင့်လုပ်ဆောင်ရကြပါမည်။

သတိပေးချက်ဆိုင်ရာအထွတ်အမြတ်ဖြစ်ပြီး တည်ကြည်လေးနက်သည့်သတင်းစကားတော်သည် ခက်ခဲမှုအရှိဆုံးသောနယ်ပယ်များနှင့် ဒုစရိုက်အပြစ်အထူပြောဆုံးသောမြို့ကြီးများတို့သို့အပြင်၊ သုံးဆမျှသောကြီးမားသည့်ဧဝံဂေလိသတင်းစကားတော်၏အလင်းတရားကို တဖြည်းဖြည်းချင်းဖြင့်ပင် သဘောပေါက်မှုမရှိသေးသည့်နေရာတိုင်းတို့သို့ ကြေညာပေးခြင်းရှိရပါမည်။ လူတိုင်းလူတိုင်းတို့သည် သိုးသငယ်၏မင်္ဂလာဆောင်ညစာစားပွဲဆီသို့ နောက်ဆုံးသောခေါ်တော်မူခြင်းကို ကြားကြရမည်ဖြစ်ပါသည်။ မြို့ကလေးတစ်မြို့မှအခြားတစ်မြို့ဆီသို့၊ မြို့ကြီးတစ်မြို့မှအခြားမြို့ကြီးဆီသို့၊ နိုင်ငံတစ်နိုင်ငံမှအခြားတစ်နိုင်ငံသို့ လက်ရှိသမ္မာတရားတော်၏သတင်းစကားကို အပြင်ပန်းလုပ်ဆောင်မှုမျိုးဖြင့်သာမဟုတ်ဘဲ ဝိညာဉ်တော်၏တန်ခိုးတော်ဖြင့် ကြေညာပေးကြရပါမည်။ ကျွန်ုပ်တို့၏ကယ်တင်ရှင်က ကမ္ဘာမြေကြီးပေါ်သို့လာရောက်ပြီး၊ နှုတ်တော်ထွက်နှင့်အသက်တာတော်အားဖြင့်အခြေချထားတော်မူခဲ့သည့် ဘုန်းတော်ရှင်၏အခြေခံစည်းမျဉ်းများတို့သည် ဧဝံဂေလိတရားတော်၏ရိုးစင်းမှုတွင်ပါရှိသည်အလျောက်၊ သတင်းစကား၏စွမ်းအားသည် အလိုအလျောက်အသက်ဝင်လာပေလိမ့်မည်။ ယခုခေတ်အခါတွင် အားလုံးသောအသက်တာတို့၏မူလဇာစ်မြစ်မှဆင်းသက်လာသည့် အသစ်သောအသက်တာတစ်ခုသည် လုပ်ဆောင်သောသူတိုင်းတို့၏ပိုင်ဆိုင်မှုတို့ကိုရယူရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အထူးတာဝန်၏အတိုင်းအတာပမာဏကို အနည်းငယ်မျှသာပိုင်းခြား၍သိနိုင်ကြပါသည်တကား။ ကျွန်ုပ်တို့အနေဖြင့် ထက်သန်မှုရှိပြီး သန္နိဋ္ဌာန်ခိုင်မာလှသည့်ယုံကြည်ခြင်းနှင့် တုန်လှုပ်ခြင်းမရှိသည့်သတ္တိမျိုးလိုအပ်ကြပါသည်။ ကျွန်ုပ်တို့အလုပ်လုပ်ဆောင်ကြရန်မှာ တိုတောင်းလှသောအချိန်သာကျန်ရှိနေသည့်အလျောက် ကျွန်ုပ်တို့အနေဖြင့် ခြေကုန်လက်ပန်းမကျနိုင်သည့်အားမာန်မျိုးဖြင့် ကြိုးစားပန်းစားလုပ်ဆောင်ရကြပါမည်။

(မဿဲ ၁၃း၃၈) တွင်၊ "လယ်ကား၌လောကဖြစ်၏" ဟူ၍ဖော်ပြထားပါသည်။ ဤခရစ်တော်၏မိန့်တော်မူချက်သည် ဧဝံဂေလိတရားတော်ကိုဟောပြောကြရန်အတွက် တမန်တော်များတို့က လက်ခံရယူထားကြသည့်အလုပ်တာဝန်ထက် ပိုမို



သည့်အလုပ်တာဝန်များပါဝင်သည်ဆိုခြင်းကို ကျွန်ုပ်တို့က ပိုမိုနားလည်သဘောပေါက်ရကြပါမည်။ ကမ္ဘာကြီးတစ်ခုလုံးသည် အတိုင်းအတာပမာဏကြီးမားလှသည့် သာသနာပြုရမည့်လယ်ကွင်းကြီးဖြစ်နေပြီး ဧဝံဂေလိသတင်းစကားတော်ကို ကြာမြင့်စွာသောအချိန်ကတည်းက သိရှိထားခဲ့ကြသည့် ကျွန်ုပ်တို့အနေဖြင့်၊ တစ်ချိန်က ဝင်ရောက်သွားရန်အလွန်ခက်ခဲလှသည့်လယ်ကွင်းများတို့သည် ယခုအခါတွင် အလွယ်တကူဖြင့်ဝင်ရောက်သွားနိုင်သည့်ဝင်ပေါက်များအဖြစ်သို့ရောက်ရှိသွားပြီဆိုသည့် တွေးတောသိရှိလာမှုအားဖြင့် မိမိတို့ကိုယ်ကိုမိမိတို့တိုက်တွန်းအားပေးရကြပါမည်။ ယခုတိုင်အောင် ဧဝံဂေလိတရားတော်နှင့်ပတ်သက်လျှင် အဝင်မခံခဲ့ကြသောတိုင်းနိုင်ငံများတို့သည် သူတို့တံခါးများတို့ကိုဖွင့်ပေးလာကြကာ၊ ဘုရားသခင်၏နှုတ်တော်ထွက်တို့ကို သူတို့အားရှင်းလင်းပြောကြားပေးရန်အတွက် ပန်ကြားလာကြပါသည်။ ရှင်ဘုရင်များနှင့်မင်းသားများတို့သည် အချိန်ကြာမြင့်စွာဖြင့်ပိတ်ထားခဲ့ကြသည့် သူတို့၏နိုင်ငံတွင်းအဝင်အထွက်တံခါးမကြီးတို့ကို ပြန်လည်ဖွင့်ပေးကြကာ၊ ကပ်တိုင်တော်၏ထုတ်ပြန်ကြေညာချက်များတို့ကို သူတို့ထံသို့ဝင်ရောက်သွားကြစေရန်အတွက် ကမ်းလှမ်းဖိတ်ခေါ်လာကြပါသည်။ စပါးရိတ်သိမ်းစရာသည် အမှန်တကယ်ကြီးမားလှပါသည်။ ယခုအချိန်မှစတင်ဖြစ်တည်နေသည့် ကောင်းမွန်သောညွှန်ကြားခြင်းခံထားရသည့် ကြိုးပမ်းအားထုတ်မှုများဆိုင်ရာအကျိုးရလဒ်များတို့ကို ထာဝရကာလတစ်ခုတည်းကသာလျှင် ထင်ရှားစေမည်ဖြစ်ပါသည်။

ဘုရားသခင်၏ကြည့်ရှုစောင့်ရှောက်မှုသည် သာဓကအဖြစ်ရှိနေပြီး၊ အကန့်အသတ်မဲ့သည့်တန်ခိုးတော်သည်လည်း လူသား၏ကြိုးပမ်းအားထုတ်မှုနှင့်အတူလုပ်ဆောင်နေပါသည်။ အမှန်တကယ်ကန်းသောမျက်စိသည် ထာဝရဘုရား၏လုပ်ဆောင်နေတော်မူခြင်းကို မြင်တွေ့ရကြသည့်မျက်စိများမဟုတ်သည်နည်းတူ၊ ထိုင်းသောနားတို့သည်လည်း သူ၏သိုးတော်စုတို့ကိုခေါ်တော်မူသည့် စစ်မှန်သည့်သိုးထိန်းတော်၏ခေါ်သံကိုမကြားရကြပါ။

လူသားတိုင်းတို့၏စိတ်အတွေးပေါ်သို့ သခင်ခရစ်တော်သည် သူ၏စိုးမိုးခြယ်လှယ်မှုကိုချဲ့ထွင်ရန်အတွက် လိုလားတောင့်တတော်မူပါသည်။ အသက်ဝိညာဉ်တိုင်းတို့၏အပေါ်တွင် သူ၏ပုံရိပ်တော်နှင့်အကျင့်စရိုက်တော်တို့ကို တံဆိပ်ခတ်ပုံဖော်ရန်ကိုပါ တောင့်တတော်မူနေပါသေးသည်။ ဤမြေကြီးပေါ်တွင် သူရှိနေတော်မူခဲ့ချိန်က ကမ္ဘာမြေပြင်တစ်ဝန်းလုံးပေါ်သို့ သူ၏နိုင်ငံတော်ကြီးကျယ်ပြန့်သွားပြီး၊ ထိုနိုင်ငံတော်

ကြီးကို လက်ခံယုံကြည်မှုရှိလာစေရေးအတွက် သူသည် ကရုဏာသက်ခြင်းနှင့်ပူးပေါင်းဆောင်ရွက်မှုကို ဆာလောင်မွတ်သိပ်တော်မူခဲ့ပါသည်။ ဤမြေကမ္ဘာကြီးသည် သူဝယ်ယူထားတော်မူခဲ့သည့် သူ၏ပိုင်ဆိုင်မှုဖြစ်ပြီး၊ လူသားတို့ကိုစာတန်မာရ်နတ်မှ လွတ်လွတ်ကင်းကင်းရှိစေတော်မူပြီး၊ စင်ကြယ်မှုရှိစေကာ မွန်မြတ်သန့်ရှင်းစေတော်မူခဲ့ပါသည်။ (ဟေဗြဲ ၁၂း၂) တွင်၊ "ထိုသခင်သည် မိမိရှေ့၌ထားသောဝမ်းမြောက်ခြင်းအကြောင်းကြောင့်" သူသည် "ရှက်ကြောက်သောအရာကိုမမှတ်ဘဲ၊ လက်ဝါးကပ်တိုင်၌ခံပြီးမှ . . . " ဟူ၍၊ ထိုအကြောင်းနှင့်ပတ်သက်ပြီး ရှင်းလင်းထားပါသည်။ သူ၏လောကီရေးရာနှင့်သက်ဆိုင်သည့် အာဂန္တုအဖြစ်ရှိနေတော်မူခဲ့ခြင်းသည် အချည်းနှီးသက်သက်အတွက် ဤကဲ့သို့သောဒုက္ခဆင်းရဲမျိုးကို မခံယူသင့်ဆိုသည့်အတွေးအခေါ်မျိုးဖြင့် ချီးကျူးဩဘာပေးခြင်းခံခဲ့ရသည့်တိုင်၊ သူ့အနေဖြင့် လူသားကို ဘုရားသခင်အပေါ်သစ္စာရှိလာရန်အတွက် ပြန်လည်ရယူသိမ်းပိုက်တော်မူနိုင်ခဲ့မည်ဖြစ်ပါသည်။ ဘုရားသခင်နှင့်သိုးသငယ်တို့အား အစဉ်ထာဝရချီးမွမ်းထောမနာပြုနိုင်စေမည့် ကမ္ဘာမြေကြီးအတွက်သွေးမြေကျခဲ့တော်မူခြင်းအားဖြင့် အောင်ပွဲခံသည့်ပွဲများသည်လည်း ဖြစ်ထွန်းလာစေရမည်ဖြစ်ပါသည်။ ဘုရားမဲ့တရားမဲ့သောသူတို့သည်လည်း သူ၏အမွေတော်ခံများအဖြစ်သို့ရောက်ရှိလာကြမည်ဖြစ်ပြီး၊ မြေကမ္ဘာကြီး၏အဆုံးစွန်သောအစိတ်အပိုင်းတို့သည် သူ၏ပိုင်ဆိုင်မှုအဖြစ်သို့ လုံးလုံးလျားလျားဖြစ်သွားပေလိမ့်မည်။ သခင်ခရစ်တော်သည် မိမိစိတ်ဝိညာဉ်ခံရသောဝေဒနာ၏အကျိုးကို မိမိမြင်၍အားရလိမ့်မည်။ (ဟေရှာယ ၅၃း၁၁ ကိုဖတ်ရှုကြည့်ပါ။)

(ဟေရှာယ ၆၀း၁–၅) တွင်၊ "သင်ထလော့၊ လင်းလော့။ သင်၏အလင်းရောက်လာပြီ။ ထာဝရဘုရား၏ဘုန်းတော်သည် သင်၏အပေါ်မှာပေါ်ထွန်းလျက်ရှိ၏။ ကြည့်ရှုလော့။ မှောင်မိုက်သည် မြေကြီးကိုဖုံးလွှမ်းလိမ့်မည်။ ထူထပ်သောမှောင်မိုက်သည် လူများကိုဖုံးလွှမ်းလိမ့်မည်။ သို့သော်လည်း သင်၏အပေါ်မှာထာဝရဘုရားသည် ပေါ်ထွန်းတော်မူ၍၊ ဘုန်းတော်သည် သင်၏အပေါ်မှာထင်ရှားလျက်ရှိလိမ့်မည်။ တစ်ပါးအမျိုးသားတို့သည် သင်၏အလင်းကိုလည်းကောင်း၊ ရှင်ဘုရင်တို့သည် သင်၌ပေါ်ထွန်းခြင်းအရောင်သို့လည်းကောင်း လာကြလိမ့်မည်။ အရပ်ရပ်သို့မျှော်ကြည့်လော့။ ခပ်သိမ်းသောသူတို့သည် စုဝေး၍သင့်ထံသို့လာကြ၏။ သင်၏သားသမီးတို့သည် အဝေးကလာ၍၊ သင်၏အနားမှာမွေးစားခြင်းကိုခံကြလိမ့်မည်။ ထိုအခါ သင်သည် ကြောက်ရွံ့ခြင်းနှင့်ရွှင်လန်းခြင်းရှိလိမ့်မည်။ နှလုံးတုန်လှုပ်၍ ဝမ်းမြောက်လိမ့်မည်။





အကြောင်းမူကား၊ သမုဒ္ဒရာ၏ကြွယ်ဝခြင်းသည် သင့်ဘက်သို့ပြောင်းလဲ၍၊ တစ်ပါးအမျိုးသားတို့၏စည်းစိမ်သည် သင့်လက်သို့ရောက်လိမ့်မည်" ဟူ၍ဖော်ပြထားပြီ။ (ဟေရှာယ ၆၁း၁၁) တွင်လည်း၊ "မြေကြီးသည် အပင်ကိုပေါက်စေသကဲ့သို့လည်းကောင်း၊ လယ်ယာသည် မိမိ၌စိုက်သောမျိုးစေ့ကို အညှောက်ထွက်စေသကဲ့သို့လည်းကောင်း ထို့အတူ ထာဝရဘုရားသည် ခပ်သိမ်းသောလူတို့ရှေ့မှာ ဖြောင့်မတ်ခြင်းနှင့်ချီးမွမ်းခြင်းကိုပေါ်ထွန်းစေတော်မူလိမ့်မည်" ဟူ၍ဖော်ပြထားပါသည်။

တပည့်တော်တို့အားပေးထားခဲ့သည့်အလုပ်တာဝန်သည် ကျွန်ုပ်တို့ကိုလည်းပေးထားရာရောက်ပါသည်။ ထိုအချိန်ကကဲ့သို့ပင် ယခုကာလတွင်လည်း အသက်တော်ကိုစွန့်လွှတ်ဆက်ကပ်ပူဇော်ခံတော်မူပြီး ပြန်လည်ရှင်ပြန်ထမြောက်တော်မူသည့် ကယ်တင်ရှင်သည် ဘုရားသခင်နှင့်ကင်းကွာပြီး၊ ကမ္ဘာပေါ်တွင်မျှော်လင့်ချက်ကင်းမဲ့နေကြသောသူတို့၏ရှေ့မှောက်တွင် မြှောက်ထားခြင်းခံရပါမည်။ ထာဝရဘုရားသည် အသင်းအုပ်ဆရာများ၊ သင်ကြားပို့ချသူဆရာများနှင့် ဧဝံဂေလိတရားတော်ကိုဟောပြောပေးမည့်သူများတို့ကို လိုအပ်တော်မူနေပါသည်။ တံခါးဝတစ်ပေါက်မှတစ်ပေါက်ဆီသို့ သူ၏အစေခံများတို့သည် ကယ်တင်ခြင်းသတင်းစကားတော်ကို ကြေညာပေးကြရပါမည်။ အသီးအသီးဘာသာစကားကိုပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့အား သခင်ခရစ်တော်အားဖြင့်ရရှိမည့် ခွင့်လွှတ်တော်မူခြင်းချမ်းသာ၊ သတင်းစကားကို ဆက်လက်၍ကြေညာပေးရကြပါမည်။ သတင်းစကားတော်ကို ငြီးငွေ့ဖွယ်ရာဖြစ်ပြီး အသက်မပါသောပြောပုံဆိုပုံမျိုးတို့ဖြင့် ဝေငှပေးရမည်မဟုတ်ဘဲ ရှင်းလင်းပြတ်သားပြီး၊ တိကျပြတ်သားကာ နိုးကြားတက်ကြွမှုရှိသည့်အပြောအဆိုမျိုးတို့ဖြင့် ပြောကြားပေးရကြပါမည်။ သူတို့၏အသက်ဘေးအန္တရာယ်မှလွတ်မြောက်သွားစေမည့်သတိပေးချက်ကို ရာပေါင်းများစွာသောသူတို့သည် စောင့်မျှော်လျက်နေကြပါသည်။ ခရစ်ယာန်ဘာသာ၏စွမ်းအားဆိုင်ရာအထောက်အထားတစ်ခုကို ကမ္ဘာကြီးက ခရစ်ယာန်များတို့ထံတွင် တွေ့မြင်ရကြရန်လိုအပ်ပါသည်။ အနည်းငယ်မျှသောနေရာများလောက်တွင်သာမဟုတ်မူဘဲ၊ ကမ္ဘာမြေကြီးအနှံ့တို့တွင် ကရုဏာတော်ဆိုင်ရာသတင်းစကားများတို့ကို လိုအပ်နေပါသည်။

ကယ်တင်တော်မူသောအရှင်၏ပြိုင်ဘက်ကင်းသည့် ချစ်ခြင်းမေတ္တာတော်ကိုလှမ်းမျှော်ကြည့်ရှုသည့်သူအနေဖြင့် တွေးခေါ်မြော်မြင်မှုတွင် တိုးတက်မြင့်မားလာပြီး၊ စိတ်နှလုံးသည်လည်း စင်ကြယ်သန့်ရှင်းလာကာ၊ အကျင့်စရိုက်သည်လည်း ပြုပြင်ပြောင်းလဲမှုရှိလာမည်ဖြစ်ပါသည်။ သူသည် အလင်းတစ်ခုအနေဖြင့် ကမ္ဘာမြေပေါ်

သို့ထွက်သွားပြီး၊ ဤလျှို့ဝှက်နက်နဲသည့် ချစ်ခြင်းမေတ္တာတော်၏အချို့သောအတိုင်းအတာဖြင့် ရောင်ပြန်ဟပ်ပေးရန်ဖြစ်ပါသည်။ သခင်ခရစ်တော်၏ကပ်တိုင်တော်ကို ကျွန်ုပ်တို့ကပိုမို၍အာရုံပြုဆင်ခြင်လေ၊ တမန်တော်ရှင်ပေါလု၏ (ဂလာတိ ၆း၁၄) တွင်ဖော်ပြထားသည့် "ငါဖြစ်လျှင်၊ ငါတို့သခင်ယေရှုခရစ်၏လက်ဝါးကပ်တိုင်တော်မှတစ်ပါး အဘယ်အရာ၌မျှဝါကြွားခြင်းမရှိပါစေနှင့်" ဆိုသည့်ဩဝါဒစကားကို ကျွန်ုပ်တို့ကပိုမို၍ အပြည့်အဝခံယူနိုင်ကြမည်ဖြစ်ပါသည်။

## အမှုတော်ဆောင်၏တာဝန်ယူရမှု

(၂တိ ၄း၁၊၂) တွင်ဖော်ပြထားသည့် တိမောသေထံသို့ရှင်ပေါလုရေးသားပို့ပေးခဲ့သောဩဝါဒစာမှာ၊ "ကိုယ်တော်တိုင်ပေါ်ထွန်း၍ နိုင်ငံတော်ထင်ရှားသောကာလ၊ အသက်ရှင်သောသူ၊ သေသောသူတို့ကိုစစ်ကြောစီရင်တော်မူသော သခင်ယေရှုခရစ်ရှေ့မှာလည်းကောင်း၊ ဘုရားသခင်ရှေ့မှာလည်းကောင်း ငါသည် သင့်ကိုသစ္စာပေးသည်ကား၊ နှုတ်ကပတ်တရားတော်ကိုဟောပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကြိုးစားအားထုတ်လော့။ အပြစ်ကိုဖော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့်ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့" ဟူ၍ဖြစ်ပါသည်။

ဤခန့်ညားတည်ကြည်လေးနက်သော သစ္စာကတိကို စိတ်အားထက်သန်မှုရှိလုပြီး၊ သစ္စာရှိလှသည့်တိမောသေကဲ့သို့သောသူကို ပေးအပ်ခဲ့ခြင်းသည် ဧဝံဂေလိတရားတော်ဆိုင်ရာ အမှုတော်ဆောင်၏အလုပ်နှင့်ပတ်သက်သော အရေးပါမှုနှင့်တာဝန်ယူရမှုတို့အတွက် ခိုင်မာသောသက်သေသာဓကတစ်ရပ်ပင်ဖြစ်ပါသည်။ ဘုရားသခင်၏အကွယ်အကာတော်အားဖြင့် တိမောသေကိုဆင့်ခေါ်ရင်းဖြင့် သူ့အား လူတို့၏ဆိုရိုးစကားနှင့်ထုံးတမ်းဓလေ့များတို့အားဖြင့်မဟုတ်ဘဲ အခွင့်အရေးပေါ်ပေါက်လျှင်ပေါ်ပေါက်သလို၊ အချိန်တိုင်းတွင် အများပြည်သူပရိသတ်များတွင်ရော သီးသန့်အဝန်းအဝိုင်းကလေးများတို့ရှေ့တွင် သွားရင်းလာရင်းနှင့် အိမ်တွင်းရှိမီးလင်းဖိုရှေ့တို့တွင် မိတ်ဆွေများရောရန်သူတို့ထံသို့ပါမကျန် လုံခြုံမှုရှိသည်ဖြစ်စေ၊ သို့မဟုတ် အခက်အခဲနှင့်ကြီးမားသောအန္တရာယ်ပေါ်ပေါက်သည့်နေရာတို့တွင်အပြင် သိက္ခာကျမှုနှင့်ဆုံးရှုံးမှုများတို့နှင့်ကြုံတွေ့ရင်ဆိုင်ရသည်တိုင်အောင် ဘုရားသခင်အတွက်သက်သေခံရန် အဆင်သင့်ဖြစ်နေရပါမည်။



တိမောသေ၏ပျော့ပျောင်းမှုရှိသည့်ပင်ကိုစရိုက်သည် သူ၏အလုပ်နှင့်ပတ်သက်သည့် မလုပ်မဖြစ်လုပ်ဆောင်ရသည့် တစ်စုံတစ်ခုသောကဏ္ဍကို ရှောင်ဖယ်သွားမည်ကို စိုးရိမ်သည့်သဘောဖြင့် အပြစ်ကိုဖော်ပြရာတွင် သစ္စာရှိရန်နှင့်၊ အလွန်အကျွံဆိုးညစ်မှုများကျူးလွန်ခဲ့ကြသည့်သူများတို့အား ပါးနပ်ထက်မြက်စွာဖြင့် ဆုံးမပြစ်တင်ပေးစေရန်အတွက်ပါ ရှင်ပေါလုက သူ့အားနှိုးဆော်ခဲ့ပါသည်။ တိမောသေအနေဖြင့် ထို့ထက်မက၊ ဤအမှုမျိုးကို "အလွန်ရှည်သောစိတ်နှင့်ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်" ရမည်ဖြစ်ပါသည်။ တိမောသေအနေဖြင့် သခင်ခရစ်တော်၏စိတ်ရှည်သည်းခံတော်မူခြင်းနှင့် ချစ်ခြင်းမေတ္တာတော်တို့ကိုထုတ်ဖော်ပြသခဲ့ရမည်ဖြစ်ပြီး၊ သူ၏အပြစ်ကိုပြတတ်တော်မူခြင်းတို့ကို နှုတ်တော်ထွက်၏သမ္မာတရားတော်များတို့အားဖြင့် ရှင်းလင်းပြောပြသည့်အပြင် အတင်းအကျပ်တိုက်တွန်းခဲ့ရမည်ဖြစ်ပါသည်။

အပြစ်ကိုရှုံ့မုန်းရန်နှင့်အပြစ်ကိုပြတတ်ရန်အပြင် တစ်ချိန်တည်း၌ အပြစ်သားတို့အပေါ် သနားကြင်နာပြီး၊ နူးညံ့သိမ်မွေ့မှုကိုပြသရန်မှာ ခက်ခဲလှသည့်ဖြစ်ထွန်းအောင်မြင်မှုတစ်ရပ်ဖြစ်ပေမည်။ စိတ်နှလုံးနှင့်အသက်တာဆိုင်ရာ မွန်မြတ်သန့်ရှင်းမှုကိုရယူနိုင်ကြရန်အတွက် ကျွန်ုပ်တို့၏ကိုယ်ပိုင်ကြိုးပမ်းမှုများတို့ကို စိတ်အားထက်သန်စွာဖြင့်လုပ်ဆောင်ကြပါက အပြစ်နှင့်ပတ်သက်သည့် သိမြင်နားလည်နိုင်မှုကို ပိုမို၍စူးရှထက်မြက်မှုရှိလာစေပြီး ၎င်းအပြစ်နှင့်ပတ်သက်သည့်မသတီစရာကို ပိုမို၍ဆင်ခြင်ဆုံးဖြတ်နိုင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် မှားယွင်းသောလုပ်ရပ်ကိုလုပ်ဆောင်သောသူအပေါ် လွန်ကဲပြင်းထန်သည့်တုံ့ပြန်မှုကို သတိဖြင့်ထိန်းသိမ်းရကြမည်ဖြစ်သော်လည်း အပြစ်၏လွန်ကဲသည့်အကုသိုလ်များမှုကို မျက်ခြည်မပြတ်မိရန် ကျွန်ုပ်တို့အနေဖြင့် သတိလည်းထားရကြမည်ဖြစ်ပါသည်။ သခင်ခရစ်တော်၏စိတ်ရှည်သည်းခံတော်မူခြင်းနှင့် ချစ်ခြင်းမေတ္တာတော်တို့နှင့်အလားသဏ္ဍာန်တူသည့်လုပ်ရပ်မျိုးတို့ကို အမှားပြုလုပ်မိသောသူအား ပြသရန်လိုအပ်ပါသော်လည်း၊ သူ၏အမှားကို ကြီးကြီးမားမားသည်းခံနားလည်ပေးမှုကိုပြသပြန်ပါကလည်း သူသည် သူ့ကိုယ်ကိုအပြစ်တင်ခံရမှုနှင့်မထိုက်တန်သူအဖြစ် မိမိကိုယ်ကိုထင်မြင်ယူဆပြီး၊ ၎င်းအပြစ်တင်ခံရမှုသည် လျော်ကန်မှုမရှိသည့်မတရားဆုံးဖြတ်ခံရမှုအဖြစ်ဖြင့် သူပယ်ချပစ်မည့်အန္တရာယ်ကလည်းရှိနေပြန်ပါသည်။

### အသက်ဝိညာဉ်များအတွက်ဝန်ထုပ်ဝန်ပိုးတစ်ခု

ဘုရားသခင်၏အမှုတော်ဆောင်များတို့အနေဖြင့် သခင်ခရစ်တော်နှင့်နီးကပ်သည့်အဆွေခင်ပွန်းဖြစ်ရန် အရေးထား၊ ထည့်တွက်ရကြမည်ဖြစ်ပြီး အရာအားလုံး

တို့တွင် သူ၏စံနမူနာတော်အတိုင်း လိုက်လျှောက်ရကြမည်ဆိုရာတွင် အသက်တာ၏ စင်ကြယ်ဖြူစင်မှု၊ မိမိအလိုဆန္ဒကိုငြင်းပယ်နိုင်မှု၊ သဒ္ဓါတရားထက်သန်မှု၊ လုံ့လဝီရိယ ရှိမှုနှင့်ဖွဲလုံ့လရှိမှုတို့အားဖြင့် လိုက်လျှောက်ရကြပါမည်။ အသက်ဝိညာဉ်များတို့ကို ဘုရားသခင်၏နိုင်ငံတော်ဆီသို့ရယူပေးခြင်းသည် သူတို့၏ပထမဦးဆုံးသောထည့်တွက် စဉ်းစားရမည့်အချက်ဖြစ်ပါသည်။ အပြစ်အတွက်ပူဆွေးသောကမှုရှိပြီး၊ စိတ်ရှည်သည်းခံ တတ်သောချစ်ခြင်းမေတ္တာတို့ဖြင့် သူတို့သည် သခင်ခရစ်တော်လုပ်ဆောင်တော်မူခဲ့ သကဲ့သို့ သန္နိဋ္ဌာန်အခိုင်အမာချပြီး၊ ရပ်တန့်ခြင်းမရှိသည့်ကြိုးစားလုပ်ဆောင်မှုတို့ဖြင့် လုပ်ဆောင်ရကြပါမည်။

ဧဝံဂေလိတရားတော်ကိုဝေငှခဲ့သည့် အမှုတော်ဆောင်တစ်ဦးဖြစ်သည့် ဂျောင်ဝဲ(လ်ချ်) ဆိုသူသည် အသက်ဝိညာဉ်တို့အတွက် ကယ်တင်ခြင်းရရှိစေမည့် သူ၏အသနားခံမှုကို ညဘက်တွင်အိပ်ရာမှထပြီးဆုတောင်းခြင်းဖြင့် ဘုရားသခင်ထံ တော်သို့ပို့ဆောင်ပေးခဲ့ရမှုသည် ကြီးမားသောဝန်ထုပ်ဝန်ပိုးတစ်ခုအဖြစ် ခံစားခဲ့ရပါ သည်။ တစ်ခုသောကြုံကြိုက်မှုတွင် သူ၏ဇနီးသည်သည် သူ့အနေဖြင့် သူ၏ကျန်းမာ ရေးကိုဂရုစိုက်ရန်နှင့် ထိုကဲ့သို့သောအခြေအနေမျိုးတွင် သူ့အနေဖြင့် အရဲစွန့်လုပ်ကိုင် ခြင်းမရှိရန် တောင်းပန်ခဲ့ပါသည်။ သူက သူ့ဇနီးသည်အား ပြန်လည်ခွန်းတုံ့သော စကားမှာ၊ "မိန်းမရေ၊ ငါ့အနေနဲ့ လူအယောက်သုံးထောင်တို့ရဲ့အသက်ဝိညာဉ်အတွက် ခေါင်းခံနေရတဲ့အပြင်၊ သူတို့အပေါ်ဘယ်လိုသက်ရောက်မှုရှိမလဲဆိုတာငါမသိဘူး" ဟူ၍ ဖြစ်ပါသည်။

နယူးအင်္ဂလန်ပြည်နယ်မှမြို့ကလေးတစ်မြို့တွင် ရေတွင်းတစ်တွင်းကိုတူးနေခဲ့ ကြပါသည်။ အလုပ်ပြီးလုပြီးခင်အချိန်၊ လူတစ်ယောက်သည် ရေတွင်း၏အောက်ခြေ တွင်ရှိနေခဲ့စဉ်တွင် ထိုတွင်းတွင်မြေပြိုကျမှုဖြစ်ခဲ့ပြီး ထိုလူအပေါ်မြေသားများပိမိခဲ့ပါ သည်။ ချက်ချင်းတွင်ပင်သတိပေးအချက်ပေးသံထွက်ပေါ်လာပြီး၊ စက်ပြင်ဆရာများ၊ လယ်သမားများနှင့်ဥပဒေပညာရှင်များတို့သည် ထိုသူကိုကယ်ဆယ်ရန်အတွက် အမော တကောဖြင့်အလျင်အမြန်ရောက်ရှိလာခဲ့ကြပါသည်။ ရိုင်းပင်းကူညီလိုစိတ်ရှိကြသော သူတို့၏လက်များထဲတွင် ကြိုးများ၊ လှေကားများ၊ ဂေါ်ပြားနှင့်ငန်းပြားများပါလာကြ ပါသည်။ သူတို့ထံမှ "သူ့ကိုကယ်ဆယ်ကြမယ်။ ကယ်ဆယ်ရကြမယ်" ဆိုသည့် အော်ဟစ်ပြောဆိုသံများ ထွက်ပေါ်လာခဲ့ပါသည်။ ရောက်ရှိလာခဲ့ကြသောလူတို့သည် သူတို့၏နဖူးပြင်မှ ချွေးသီးချွေးပေါက်များတို့ထွက်ကျလာပြီး၊ သူတို့၏လက်မောင်းများ



တို့သည် အားစိုက်ပြီးမြေကြီးကိုတူးဆွကြရသဖြင့် တုန်တုန်ယင်ယင်ဖြစ်လာသည်အထိ ကြံမိကြံရာစွမ်းအင်များတို့ဖြင့် လုပ်ကိုင်ခဲ့ကြပါသည်။ နောက်ဆုံးတွင်မူ၊ ပိုက်လုံး တစ်လုံးကို မြေသားပိထားခံခဲ့ရသော ထိုလူရှိရာသို့ထိုးသွင်းနိုင်ခဲ့ပါသည်။ သူတို့သည် ထိုလူထံမှအသက်ရှင်နေဆဲရှိ၊ မရှိဆိုသည့် အဖြေပြန်လည်ပြောကြားပေးရန် ထိုပိုက်လုံး ဖြင့်အပေါ်မှနေပြီးအော်ပြောခဲ့ကြပါသည်။ တုံ့ပြန်အဖြေပေးသံထွက်ပေါ်လာခဲ့ရာတွင်၊ "အသက်ရှင်နေဆဲပါ။ ဒီမှာကကြောက်စရာလန့်စရာဖြစ်နေပါတယ်။ ခပ်မြန်မြန်လေး လုပ်ကြပါ" ဟူ၍ဖြစ်ပါသည်။ ဝမ်းမြောက်ပျော်ရွှင်သည့် အားပေးအော်ဟစ်သံတို့ဖြင့် သူတို့သည် သူတို့၏ကြိုးပမ်းအားထုတ်မှုတို့ကို ပြန်လည်ဆန်းသစ်လုပ်ဆောင်ကြခြင်း ဖြင့် နောက်ဆုံး၌သူ့ထံသို့ရောက်ရှိကာ သူ့အားကယ်ဆယ်နိုင်ခဲ့ကြပြီး၊ ရွှင်မြူးဝမ်းမြောက် ကြသည့်ကြဘာပေးသံသည် အထက်ကောင်းကင်ဘဝဂ်ဆီသို့အထိ ထိုးဖောက်ရောက်ရှိ သည့်အလား ထင်မှတ်ခဲ့ရပါသည်။ "သူ့ကိုကယ်ထုတ်လို့ရပြီဟေ့" ဆိုသည့်ပွဲတင်သံ သည် မြို့ကလေး၏လမ်းမတိုင်းဆီသို့ ပွဲတင်ထပ်သွားခဲ့ပါသည်။

လူတစ်ယောက်ကိုကယ်ဆယ်ရန်အတွက် ဤလုပ်ရပ်တို့သည် အလွန်ကြီးမား သည့်အားမာန်နှင့်အကျိုးစီးပွားအပြင် အလွန်ကြီးမားသည့်စိတ်အားထက်သန်မှုအဖြစ် ရှိနေပါသလား။ အမှန်အားဖြင့် ဤကဲ့သို့မျိုးမဟုတ်ရပါသော်လည်း ဝိညာဉ်တစ်ခု ဆုံးရှုံးရခြင်းနှင့်နှိုင်းယှဉ်လိုက်ပါက လက်ရှိအချိန်ကာလနှင့်ဆိုင်သော အသက်တာ ဆုံးရှုံးမှုသည် မည်သည့်အရာဖြစ်ပါသနည်း။ လူသား၏နှလုံးသားများထဲတွင် ပြင်းပြ သည့်စိတ်ခံစားမှုတစ်ရပ်ကို နိုးထစေသောအသက်တာကိုဆုံးရှုံးစေသည့် ခြိမ်းခြောက် မှုဖြစ်ပေါ်လာခြင်းသည် သခင်ခရစ်တော်ထံမှဝေးကွာသွားသည့်သူတို့တွင်ရှိနေသည့် အန္တရာယ်အကြောင်းကို ပြန်လည်သတိဝင်လာစေရန် ပြောကြားပေးကြသောသူတို့၏ လေးနက်သည့်စိုးရိမ်ကြောင့်ကြမှုကိုနိုးထစေသည့် ဝိညာဉ်တစ်ခု၏ဆုံးရှုံးမှုအဖြစ်၊ မဖြစ် သင့်သောအရာအဖြစ်ရှိနေသည်မဟုတ်ပါလား။ ရေတွင်းတစ်ခုအတွင်း မြေမြှုပ်ခံခဲ့ရ သောလူတစ်ယောက်၏အသက်ကိုကယ်တင်ခဲ့ကြသည့် ကြီးမားသည့်အားမာန်မျိုးဖြင့် လုပ်ဆောင်ခဲ့ကြသည့်အတိုင်း ဝိညာဉ်များတို့ကိုကယ်တင်ရေးတွင် ဘုရားသခင်၏ အစေခံကျွန်တို့အနေဖြင့် မပြသနိုင်ကြပေဘူးလား။

## အသက်မုန့်ကိုငတ်မွတ်ခြင်း

ဘုရားဝတ်၌မွေ့လျော်သောအမျိုးသမီးတစ်ဦးက တစ်ချိန်တွင်၊ "စစ်မှန်မွန်မြတ် တဲ့ဧဝံဂေလိတရားတော်ကို တရားဟောစင်မြင့်ကနေဟောပြောနေတာကို ကြားနေကျ

အတိုင်းကြားကြားနေရတာပါပဲ။ ကျွန်မတို့ရဲ့အမှုတော်ဆောင်က လူတော်တစ်ယောက်ပါ။ ဒါပေမယ့် လူတွေရဲ့ဝိညာဉ်ရေးလိုအပ်ချက်တွေကို သူသတိမထားမိဘူး။ အရုက်ရစရာအားလုံးတို့ကိုကွယ်ဝှက်ထားပြီး၊ သိက္ခာကျစရာအမည်းစက်အားလုံးတို့ကိုပါ ဖုံးကွယ်ပေးထားတဲ့ လှပတဲ့ပန်းကလေးတွေနဲ့ ကရာနိကုန်းပေါ်က လက်ဝါးကပ်တိုင်တော်ကို ဝတ်ဆင်လွှမ်းခြုံထားပေးတယ်။ ကျွန်မရဲ့အသက်ဝိညာဉ်ဟာ အသက်မုန့်ကို ငတ်မွတ်နေပါတယ်။ ကျွန်မတို့ရဲ့နှလုံးသားတွေကို အာဟာရဖြစ်စေမယ့် ရိုးစင်းပြီး ပြတ်သားမှုရှိတဲ့အပြင်၊ ကျမ်းစာတော်မြတ်ဆိုင်ရာ တစ်စုံတစ်ရာအကြောင်းအရာတွေကို ကြားရကြရင်တော့ ကျွန်မလိုချို့တဲ့ပြီးသနားစရာကောင်းတဲ့ ရာပေါင်းများစွာသောအသက်ဝိညာဉ်တွေဟာ ဘယ်လောက်များဝိညာဉ်ရေးလန်းဆန်းမှုရှိပါသလဲရှင်” ဟူ၍ မှတ်ချက်ချခဲ့ဖူးပါသည်။

တရားဟောပြောရုံတွင်မကသေးဘဲ လူအများတို့အား အမှုတော်ဆောင်ပေးကြမည့် ယုံကြည်ခြင်းရှိကြသည့်လူများလိုအပ်လှပါသည်။ နေ့စဉ်နေ့တိုင်း ဘုရားသခင်နှင့်အတူလျှောက်လှမ်းပြီး ကောင်းကင်နိုင်ငံတော်နှင့်ရှင်သန်သောချိတ်ဆက်မှုရှိကာ နှုတ်ထွက်စကားလုံးများသည် စိတ်နှလုံးတို့အား ခိုင်မာသောယုံကြည်မှုကိုဆောင်ယူပေးနိုင်သည့် စွမ်းအားရှိသောလူစားမျိုးကို လိုအပ်ပါသည်။ အမှုတော်ကိုထမ်းရွက်ရကြမည့် အမှုတော်ဆောင်များအနေဖြင့် သူတို့၏ပင်ကိုစွမ်းရည်များနှင့်ဉာဏ်ထက်မြက်မှုတို့ကို ပြသကြရန်အတွက်မဟုတ်ဘဲ၊ အနန္တတန်ခိုးရှင်တော်ထံမှမြားတစ်စင်းအလား၊ သမ္မာတရားတော်သည် အသက်ဝိညာဉ်ထံသို့အချိန်တိုအတွင်းရောက်ရှိရပါမည်။

သူ၏ဟောပြောမှုကို နားထောင်ကြသောသူများအနက် တစ်ယောက်သောကြားနာသူတစ်ယောက်ကို လေးနက်သည့်ခိုင်မာစွာယုံကြည်လက်ခံလာစေသည့် ကျမ်းစာတော်မြတ်အကြောင်းကို အကျယ်တဝင့်ဟောပြောပြီးသည်နောက် အမှုတော်ဆောင်တစ်ယောက်သည် “ဆရာကြီးအနေနဲ့၊ ဆရာကြီးဟောပြောခဲ့တဲ့အတိုင်း အမှန်တကယ်ယုံကြည်ပါရဲ့လား” ဆိုသည့်မေးခွန်းဖြင့် ထိကပါးရိကပါးမေးမြန်းခြင်းခံခဲ့ရပါသည်။

သူက “သိပ်ယုံကြည်တာပေါ့” ဟူ၍ပြန်လည်ဖြေကြားခဲ့ပါသည်။ ထိုနောက် စိတ်လှုပ်ရှားနေသောမေးမြန်းသူက “အမှန်တကယ်ဒီအတိုင်းပဲလားဆရာကြီး” ဟူ၍ ထပ်မံမေးကြည့်ခဲ့ပါသည်။ အမှုတော်ဆောင်က သူ၏ကျမ်းစာအုပ်ကိုလှမ်းယူရင်း “အမှန်အကန်ပါပဲ” ဟူ၍ပြန်လည်ဖြေကြားပေးခဲ့ပါသည်။ ထိုနောက်တွင် မေးမြန်သူက



“တကယ်လို့သာ ဆရာ့ဟောပြောချက်တွေဟာ သမ္မာတရားဖြစ်မယ်ဆိုလျှင် ကျွန်တော်တို့ဘာလုပ်ရကြမလဲ” ဟူ၍ တိတ်ဆိတ်မှုကိုဖောက်ထွင်းလိုက်ပြန်ပါသည်။

ဤတွင် အမှုတော်ဆောင်က “တို့ဘာလုပ်ရကြမလဲ” ဟူ၍တွေးတောရင်း၊ “တို့တစ်တွေဘာလုပ်ရကြမလဲ၊ ဘာလုပ်ရကြမလဲ” ဆိုသည့်အတွေးမျိုးဖြင့် ရှိနေခဲ့ပါတော့သည်။ ထိုလူသည် မည်ကဲ့သို့သောအဓိပ္ပါယ်မျိုးဖြင့် မေးမြန်းနိုင်ခြေရှိခဲ့ပါသနည်း။ သို့သော်လည်း ဤမေးခွန်းသည် သူ၏အသက်ဝိညာဉ်ဆီသို့ ၎င်း၏လမ်းကြောင်းကို အတင်းအကျပ်ဦးတည်စေခဲ့ပါသည်။ ဤတွင် အမှုတော်ဆောင်ဆရာကြီးသည် သူ့အနေဖြင့်မည်သည့်အရာကိုလုပ်ဆောင်ရမည်ကို သိရှိနိုင်ရန်အတွက် ဘုရားသခင်ထံတော်သို့တောင်းလျှောက်ရန် အခြားတစ်နေရာသို့ထွက်သွားခဲ့ပါသည်။ သူဆုတောင်းခဲ့သည့်အလျောက် ထာဝရကာလတည်တံ့မည့် တည်ကြည်ခန့်ညားသောလက်တွေ့ကျမှုများတို့ကို သေလုနီးပါးဖြစ်နေသော ကမ္ဘာကြီးတစ်ခုအားပေးကမ်းရမည့်အတွေးမျိုးပေါ်ပေါက်လာစေသည့် ထူးကဲလှသောတွန်းအားပေးမှုမျိုးကို ရရှိလာစေခဲ့ပါသည်။ သူ၏အလုပ်စားပွဲသည် ရက်သတ္တပတ်ကြာမျှ လစ်လပ်နေခဲ့ပါသည်။ “ကျွန်တော်တို့ဘာလုပ်ရကြမလဲ” ဆိုသည့်မေးခွန်း၏အဖြေတစ်ရပ်ကို သူကြိုးပမ်းရှာဖွေခဲ့ပါသည်။

သန့်ရှင်းမြင့်မြတ်တော်မူသောသူထံမှ ဘိသိက်မြောက်ခြင်းတစ်ခုနှင့်အတူ အမှုတော်ဆောင်ဆရာကြီးသည် သူ၏တာဝန်ကျရာနေရာသို့ ပြန်လာခဲ့ပါသည်။ သူ၏ပြီးခဲ့သောဟောပြောချက်သည် သူ၏ဟောပြောမှုကိုကြားနာခဲ့ရကြသောသူတို့အပေါ်တွင် အနည်းငယ်မျှသောယုံကြည်မှုခံစားချက်ကို ဖြစ်ပေါ်စေခဲ့ကြောင်းကို သူသတိမူမိလာခဲ့ပါသည်။ ယခုတွင်သူသည် အသက်ဝိညာဉ်များတို့အပေါ် ကျရောက်မည့်ကြောက်မက်ဖွယ်သောပူပန်သောကဖြစ်စရာများသည် သူတာဝန်ယူရမည့်အကြောင်းအရာများအဖြစ် သူခံစားမိလာခဲ့ပါသည်။ သူ၏အလုပ်စားပွဲဆီသို့ပြန်လည်ရောက်ရှိလာသောအခါ၊ သူသည် အထီးကျန်ခြင်းမရှိခဲ့တော့ပါ။ ကြီးမားသောလုပ်ငန်းကြီးတစ်ခုသည် လုပ်ဆောင်ရန်ရှိသော်လည်း ဘုရားသခင်သည် သူ့အားအရေးနိမ့်သွားစေတော်မူမည်မဟုတ်တော့ပါ။ သူ၏တရားနာသူများတို့၏ရှေ့မှောက်တွင် သူသည် ကယ်တင်ရှင်နှင့်သူ၏ပြိုင်ဘက်ကင်းသည့်ချစ်ခြင်းမေတ္တာတော်ကို ချီးမြှောက်ခဲ့ပါသည်။ ဘုရားသခင်၏သားတော်၏ဗျာဒိတ်ရူပါရုံတစ်ခုနှင့် နိုးကြားတက်ကြွမှုတစ်ရပ်သည် အနီးဝန်းကျင်ရှိခရိုင်မြို့များအတွင်းတွင် တည်ရှိသောအသင်းတော်များသို့ ပျံ့နှံ့သွားခဲ့ပါသည်။

## "အရေးတကြီးလုပ်ကိုင်ဆောင်ရွက်ပေးရမည့်သခင်ခရစ်တော်၏အမှုတော်"

(ကမ္ဘာပေါ်တွင်ရှင်သန်နေထိုင်နေကြသောလူများတို့သည် ဘုရားသခင်၏တရားစီရင်ရာရုံးတော်ရှေ့တွင် ရုံးတင်တရားစွဲဆိုခြင်းခံရမည့်အချိန်သည် မည်မျှမြန်မြန်ဆန်ဆန်ဖြင့်ရောက်ရှိလာမည်ကိုသိရှိထားခဲ့ကြပါက ကျွန်ုပ်တို့၏အမှုတော်ဆောင်များတို့အနေဖြင့် အမျိုးသားများနှင့်အမျိုးသမီးများတို့အား သခင်ခရစ်တော်ထံသို့ဦးတည်လာကြစေရန် ပိုမိုစိတ်အားထက်သန်စွာဖြင့် လုပ်ဆောင်ရကြမည်ဖြစ်ပါသည်။ မကြာတော့မည့်အချိန်အတွင်း အားလုံးသောသူတို့အပေါ်သို့ နောက်ဆုံးသောစမ်းသပ်မှုရောက်ရှိလာပေတော့မည်ဖြစ်ပါသည်။ အနည်းငယ်မျှသောကာလအတွင်းတွင်သာ ကရုဏာတော်၏အသံကိုကြားရကြတော့မည်ဖြစ်သည့်အပြင်၊ အနည်းငယ်မျှသောကာလအတွင်းတွင်သာ သိမ်မွေ့ပျူငှာသောကမ်းလှမ်းဖိတ်ခေါ်မှုမျိုးကိုရရှိကြတော့မည်ဆိုရာတွင် ၎င်းနှင့်ပတ်သက်ပြီး (ယောဟန် ၇း၃၇) တွင်၊ ". . . ရေငတ်သောသူရှိလျှင်ငါ့ထံသို့လာ၍သောက်လော့" ဟူ၍ နောက်ဆုံးသောကာလအတွက် ခရစ်တော်၏ကြွေးကြော်သံကို ဖော်ပြထားပါသည်။) ဘုရားသခင်သည် နေရာတကာတိုင်းတို့တွင် လူတို့အားကမ်းလှမ်းဖိတ်ခေါ်တော်မူသည့် ဧဝံဂေလိတရားတော်ကို စေလွှတ်ပေးတော်မူပါသည်။ သူစေလွှတ်တော်မူသောစေတမန်တို့အနေဖြင့် သဟဇာတဖြစ်ကြပြီး၊ သူတို့သည် သခင်ယေရှုနှင့်အတူတကွရှိနေကြကာ သခင်ယေရှုထံတော်မှရယူသင်ကြားကြသည့်အကြောင်းကို အားလုံးသောအခြားသောသူတို့က သူတို့အပေါ်သိနားလည်ကြစေရန်အတွက် မမောနိုင်မပန်းနိုင်လုပ်ဆောင်ကြရန်လိုအပ်လှပါသည်။

ဣသရေလလူမျိုးတို့၏ယဇ်ပုရောဟိတ်မင်းဖြစ်သူအာရုန်၏အကြောင်းနှင့်ပတ်သက်ပြီး (ထွက်မြောက်ရာကျမ်း ၂၈း၂၉) တွင်၊ "အာရုန်သည်လည်း သန့်ရှင်းရာအရပ်ဌာနတော်ထဲသို့ဝင်သောအခါ ဣသရေလအမျိုးသားတို့ကို ထာဝရဘုရားအစဉ်အောက်မေ့တော်မူစေခြင်းငှာ ဗျာဒိတ်ရင်ဖုံး၌ပါသောသူတို့နာမည်များကို မိမိနှလုံးပေါ်မှာဆောင်ရမည်" ဟူ၍ဖော်ပြထားပါသည်။ ဤဖော်ပြထားချက်သည် သူ၏အသင်းတော်အတွက် ပြောင်းလဲခြင်းမရှိနိုင်သည့် သခင်ခရစ်တော်၏ချစ်မေတ္တာတော်၏နှစ်သက်ဖွယ်ကောင်းပြီး၊ အသက်ပါလှသောသွင်ပြင်လက္ခဏာဖြစ်ပါပေသည်တကား။ အာရုန်က ပုံစံတစ်ခုအဖြစ်ဖော်ဆောင်ထားခဲ့သည့် ကျွန်ုပ်တို့၏ကြီးကျယ်လှသောယဇ်ပုရောဟိတ်မင်းကြီးခရစ်တော်သည် သူ၏လူစုတော်တို့အတွက် သူ၏နှလုံးသားပေါ်တွင် သိမ်းဆည်းထားတော်မူပါသည်။ ထိုသို့ဆိုလျှင် လောကတွင်ရှိနေသော သူ၏အမှုတော်ဆောင်တို့





အနေဖြင့် သူ၏ချစ်ခြင်းမေတ္တာတော်နှင့်ကရုဏာသက်ခြင်းအပြင်၊ စိုးရိမ်ကြောင့်ကြခြင်းတို့ကို မဝေငှပေးသင့်ကြပေဘူးလား။

ဘုန်းတော်ရှင်၏တန်ခိုးတော်တစ်ခုတည်းသာလျှင် အပြစ်သား၏နှလုံးသားကို အရည်ပျော်ကျသွားစေမည်ဖြစ်ပြီး၊ နောင်တရသွားသောသူတစ်ယောက်အဖြစ်ဖြင့် သခင်ခရစ်တော်ထံတော်သို့ဆောင်ယူသွားခြင်းခံရမည်ဖြစ်ပါသည်။ (မာတင်) လူသာ၊ မယ်လန့်(ချ်)သန်၊ ဝက်(စ်)လေ၊ သို့မဟုတ် ဝှိုက်(ထ်)ဖီး(လ်ဒ်) တို့မဟုတ်ကြသည့် ကြီးကျယ်လှသောပြုပြင်ပြောင်းလဲသူ၊ သို့မဟုတ် ဆရာအနေဖြင့် မိမိကိုယ်၌က စိတ်နှလုံးများဆီသို့သွားရာလမ်းကိုမရယူနိုင်ကြ၊ သို့မဟုတ် အထက်ပါလူတို့က ကြိုးပမ်းရယူခဲ့ကြသည့်ရလဒ်များတို့ကိုထမြောက်အောင်မြင်အောင် မရယူနိုင်ကြပါ။ သို့သော်လည်း ဘုရားသခင်သည် သူတို့အားဖြင့်မိန့်မြွက်တော်မူခဲ့ပါသည်။ လူတို့အနေဖြင့် သာလွန်မြင့်မားသည့် တန်ခိုးအာဏာတစ်ခု၏ဩဇာသက်ရောက်မှုကိုခံစားခဲ့ရကြပြီးနောက်၊ ထိုတန်ခိုးအာဏာ၏လက်အောက်သို့အလိုအလျောက်အညွှတ်ခံခဲ့ကြပါသည်။ (ယခုအခါ ဝိညာဉ်ကယ်တင်ခြင်းအလုပ်တွင် အောင်မြင်မှုရရှိကြရန်အတွက် မိမိတို့၏ကိုယ်ကျိုးအတ္တကိုမေ့ပျောက်ထားကြပြီး ဘုရားသခင်အပေါ်မှီခိုအားထားကြသည့်သူတို့သည် ဘုန်းတော်ရှင်၏ပူးပေါင်းဆောင်ရွက်တော်မူခြင်းကိုရရှိကြမည့်အပြင် သူတို့၏ကြိုးစားလုပ်ဆောင်မှုများတို့သည် ဝိညာဉ်တို့ကိုကယ်တင်ခြင်းအမှုတွင် အသရေတင့်တယ်စွာဖြင့် ပြောကြားပေးကြမည်ဖြစ်ပါသည်။)

ကျွန်ုပ်တို့၏များစွာသောအမှုတော်ဆောင်များတို့၏လုပ်ဆောင်ချက်များတို့သည် တန်ခိုးစွမ်းအားကင်းမဲ့မှုရှိကြသည်ကို ကျွန်ုပ်အနေဖြင့်မပြောချင်ပြောချင်ဆိုသောခံစားချက်ဖြင့်ပြောရပေဦးမည်။ ဘုရားသခင်အနေဖြင့်ထိုသူတို့အပေါ်တွင် သူ၏ကျေးဇူးတော်ကိုအပ်နှင်းရန် စောင့်ဆိုင်းတော်မူနေပါသော်လည်း သူတို့မှာမူတစ်နေ့ပြီးတစ်နေ့အချိန်ကိုကုန်လွန်စေကြကာ၊ အေးစက်စက်နိုင်ပြီး အမည်ခံမျှလောက်သောယုံကြည်ခြင်းဖြင့် သမ္မာတရားတော်ဆိုင်ရာသဘောတရားကိုပေးကမ်းနေကြရာတွင် ကောင်းကင်ဘုံနှင့်ချိတ်ဆက်မှုရှိသည်နေရာမှရောက်ရှိလာသည့်အပြင်၊ လူသားတို့၏နှလုံးသားများရှိရာအိမ်ထောင်မိသားစုတို့ထံသို့ ပြောဆိုထားပြီးသားနှုတ်ထွက်စကားလုံးတို့ကိုပို့ပေးနေသည့် မရှိမဖြစ်အရေးပါလှသည့်တွန်းအားမျိုးမပါရှိဘဲ ပေးကမ်းနေကြခြင်းသာဖြစ်ပါသည်။ သူတို့၏ဘေးပတ်လည်၌ အမှောင်ထုအတွင်းနှင့်မှားယွင်းမှုထဲမှဝိညာဉ်များပျက်စီးဆုံးရှုံးနေချိန်တွင် ၎င်းအမှုတော်ဆောင်များတို့သည်လည်း အိပ်တစ်ဝက်နိုးတစ်ဝက်ဖြစ်နေပါသည်။

သခင်ခရစ်တော်နှင့်သင်၏မိတ်ဆွေအပေါင်းအသင်းတို့အပေါ် ချစ်ခြင်းမေတ္တာထားရှိခြင်းဖြင့် တောက်ပလျက်ရှိသောနှလုံးသားများပိုင်ရှင်၊ ဘုရားသခင်၏အမှုတော်ဆောင်များတို့အနေဖြင့် ကျူးကျော်ဝင်ရောက်မှုများနှင့်အပြစ်တရားများတို့အတွင်း သေဆုံးသွားကြသည့်သူများတို့အား နိုးထတက်ကြွမှုရှိလာကြစေရန် ကြိုးပမ်းဆောင်ရွက်ရကြပါမည်။ သင်၏စိတ်အားထက်သန်မှုရှိလှသော အနူးအညွတ်တောင်းပန်မှုများနှင့်သတိပေးမှုများတို့ကို သူတို့၏မသိစိတ် (မိမိကိုယ်ကိုမိမိသိသောစိတ်) များအတွင်းသို့ ထိုးဖောက်ဝင်ရောက်သွားပါလေစေ။ သူတို့၏နှလုံးသားများတို့ကို သင်၏ပြင်းပြသောဆုတောင်းခြင်းများတို့က အရည်ပျော်ကျသွားစေပြီး၊ သူတို့အားကယ်တင်ရှင်ထံတော်သို့ နောင်တရခြင်းအသွင်ဖြင့်ရောက်ရှိသွားကြရန် ဦးဆောင်ပဲ့ပြင်ပေးကြရပါမည်။ သူ၏ကယ်တင်တော်မူခြင်းသတင်းစကားတော်ကို ကြေညာပေးရန်အတွက် သင်တို့သည် သခင်ခရစ်တော်၏သံအမတ်များဖြစ်ကြပါသည်။ သင်တို့အနေဖြင့် သင်တို့ထံတွင်ရှိနေကြသော အရာမြော်ကြခြင်းခံရမှု (သိက္ခာတော်ရ) အနေအထားနှင့် ဉာဏ်ပညာတို့ခေါင်းပါးသွားကြပါက အသက်ဝိညာဉ်တစ်ခုအတွက် ချိန်ခွင်လျှာသည် အလှည့်အပြောင်းဖြစ်သွားပြီး၊ ထိုအသက်ဝိညာဉ်ကို ထာဝရသေခြင်းဆီသို့ပို့ဆောင်ရာရောက်သွားပေမည်။ နမော်နမဲ့နိုင်မှုနှင့် စိတ်ဝင်စားမှုအားနည်းလာသည့်အနေအထားသို့ရောက်ရှိသွားရန်အတွက် သင့်အနေဖြင့်ခံနိုင်စွမ်းရှိမည်မဟုတ်ပါ။ ဘုရားသခင်သည် တွန့်တိုခြင်းမရှိဘဲ ပေးလိုသည့်ဆန္ဒရှိတော်မူသောတန်ခိုးစွမ်းအားမျိုး၊ သင်တို့၌လိုအပ်ကြပါသည်။ ဘုရားသခင်သည် သူ၏ကတိတော်များတို့ကိုယုံကြည်ပြီး လက်ခံရယူရန်ဆန္ဒရှိစေသည့် နှိမ့်ချမှုရှိပြီး၊ ကြေကွဲသည့်နှလုံးသားမျိုးကိုသာတောင်းခံတော်မူပါသည်။ သင်တို့လက်လှမ်းမမီနိုင်သောနေရာတွင် ဘုရားသခင်ချထားပေးတော်မူသောနည်းလမ်းများကိုသာ သင်တို့အနေဖြင့် အသုံးပြုရမည်ဖြစ်ပြီး၊ ဤသို့အားဖြင့် သင်တို့သည် ကောင်းချီးမင်္ဂလာကိုရယူနိုင်မည်ဖြစ်ပါသည်။

## လာမည့်ကာလ၏အလားအလာ

ကျွန်ုပ်တို့အနေဖြင့် ကမ္ဘာမြေကြီး၏သမိုင်းကြောင်းအဆုံးသတ်ချိန်နှင့် နီးကပ်လာနေကြပါသည်။ ကျွန်ုပ်တို့တွင် ကြီးမားလှသောလုပ်ဆောင်စရာရှိနေကြရာတွင် အပြစ်တရားနှင့်ပြည့်လျှံနေသောကမ္ဘာကြီးသို့ နောက်ဆုံးသောသတိပေးသတင်းစကား



တော်ကိုပေးအပ်ရသည့် အပြီးသတ်အလုပ်ကို လုပ်ဆောင်ကြရန်ဖြစ်ပါသည်။ ထွန်ယက်စိုက်ပျိုးနေဆဲစိုက်ခင်း၊ စပျစ်ဥယျာဉ်နှင့်အခြားသောလုပ်ငန်းခွဲများမှခေါ်ယူခြင်းခံရကြမည့်လူတို့အနေဖြင့် ထာဝရဘုရားက သူ၏ဤသတင်းစကားတော်ကို ကမ္ဘာပေါ်သို့ပေးအပ်ရန်၊ စေလွှတ်တော်မူခြင်းခံရကြပါမည်။

ကမ္ဘာမြေကြီးသည် ကမောက်ကမအနေအထားတွင်ရှိနေပါသည်။ ကမ္ဘာ့သတင်းဖန်သားပြင်ပေါ်တွင် ကျွန်ုပ်တို့တွေ့မြင်ရကြသည့်အတိုင်း လာမည့်ကာလအလားအလာသည် စိတ်ဓာတ်ကျစရာနှင့်အတိပြီးနေပါသည်။ သို့ရာတွင် သခင်ခရစ်တော်သည် ကျွန်ုပ်တို့အား စိတ်ဓာတ်ကျဆင်းအောင်ဖန်တီးနေကြသည့် အမျိုးသား၊ အမျိုးသမီးများတို့ကို မျှော်လင့်ချက်အတိပြီးသောအာမခံချက်တို့ဖြင့် ကြိုလင့်တော်မူနေပါသည်။ ထိုသူတို့အထဲ၌ သူ၏စပျစ်ဥယျာဉ်တော်ထဲတွင် တစ်နေရာစာကိုရရှိနိုင်အောင် သူတို့အားအထောက်အကူပြုပေးနိုင်သည့် ကျွမ်းကျင်မှုအရည်အချင်းမျိုးတို့ကို သူတို့ထံတွင် သခင်ခရစ်တော်တွေ့မြင်တော်မူပါသည်။ သူတို့အနေဖြင့် အကယ်၍သာ သူ၏ကြည့်ရှုစောင့်ရှောက်တော်မူခြင်းအားဖြင့် စဉ်ဆက်မပြတ် သင်ကြားရယူသူများအဖြစ်ရှိနေကြပါက သူတို့လုပ်ဆောင်နိုင်စွမ်းရှိသောအနေအထားထက် ကျော်လွန်ခြင်းမရှိသည့် လုပ်ဆောင်စရာတစ်ခုနှင့်အံဝင်ခွင်ကျဖြစ်မည့် အမျိုးသား၊ အမျိုးသမီးများအဖြစ် ဖန်တီးပေးတော်မူမည်ဖြစ်ကာ၊ သန့်ရှင်းသောဝိညာဉ်တော်ကိုပေးကမ်းတော်မူခြင်းမှတစ်ဆင့် သခင်ခရစ်တော်သည် စကားအပြောအဆိုနှင့်ပတ်သက်သောတန်ခိုးကို သူတို့အားပေးတော်မူမည်ဖြစ်သည်။

ဖြစ်ထွန်းအောင်မြင်မှုမရှိသောမြေယာနှင့် မခုတ်ထွင်ရသေးသောလယ်ကွင်းအများအပြားတို့ဆီသို့ အလုပ်သင်၊ လယ်သင်များတို့ကဝင်ရောက်ထွန်ယက်လုပ်ကိုင်ရကြပါမည်။ ကမ္ဘာမြေကြီးအပေါ် ကယ်တင်ရှင်၏စူးရှထက်မြက်သောရှုမြင်တော်မူခြင်းသည် များစွာသောလုပ်သားများတို့အား မိမိတို့ကိုယ်ကိုမိမိတို့ယုံကြည်မှုရှိကြစေရန်စေ့ဆော်ပေးမည်ဖြစ်ပြီး၊ အကယ်၍မိမိတို့လုပ်ဆောင်ရမည့်အလုပ်ကို စိတ်နှိမ့်ချစွာဖြင့်စတင်လုပ်ဆောင်ကြကာ အလုပ်ထဲတွင်မိမိတို့စိတ်နှလုံးတို့ကိုမြှုပ်နှံထားကြပါက မှန်ကန်သောအချိန်နှင့်မှန်ကန်သောနေရာအတွက် အံဝင်သည့်သူများအဖြစ် ရှုမြင်ခြင်းကိုခံကြရပေမည်။ သခင်ခရစ်တော်သည် ကမ္ဘာလောကကြီး၏အားလုံးသောနာကျင်မှုဝေဒနာနှင့် မျှော်လင့်ချက်ပျက်သုဉ်းခြင်းတို့ကိုတွေ့မြင်တော်မူပြီး၊ ထိုမြင်ကွင်းသည် ကြီးမားသောလုပ်ဆောင်နိုင်စွမ်းများရှိနေကြသော ကျွန်ုပ်တို့၏အမှုတော်ဆောင်များတို့အနေဖြင့်

အမျိုးသားများ၊ အမျိုးသမီးများတို့အား လေ့ကား၏ပထမဆုံးသောလေ့ကားထစ်အပေါ် ခြေချနိုင်ကြရန်အတွက် ဦးဆောင်မှုပေးရသည့်အလုပ်ကို စတင်လုပ်ဆောင်ကြရန်ပင် မသိရှိနိုင်တော့လောက်အောင် ဦးညွတ်ရကြသည့်မြင်ကွင်းမျိုးဖြစ်ပါသည်။ သူတို့၏ ရှင်းလင်းတိကျသည့်နည်းစနစ်တို့သည် အနည်းအကျဉ်းမျှသာတန်ဖိုးရှိလှပါသည်။ သူတို့အနေဖြင့် လေ့ကား၏နိမ့်သောလေ့ကားထစ်၏အပေါ်တွင် ရပ်နေကြပြီးနောက်၊ “ကျွန်တော်တို့ရှိနေတဲ့နေရာဆီကိုတက်လာကြပါလား” ဟူ၍ ဖိတ်ခေါ်ပြောဆိုရကြမည် ဖြစ်ပါသည်။ သို့သော်လည်း အားနည်းချို့တဲ့မှုရှိကြသော အသက်ဝိညာဉ်တို့အနေဖြင့် သူတို့သည် မည်သည့်နေရာတွင်ခြေချရကြမည်ကိုမသိရှိကြပါ။

ကာလအပိုင်းအခြားအရ၊ ဆင်ခြင်တုံအသိတရားအားနည်းနေကြသောလူတို့၏ပြုမူဆောင်ရွက်မှုမြင်ကွင်း၊ နူးညံ့သိမ်မွေ့မှုရှိကြသော်လည်း ထိုနူးညံ့သိမ်မွေ့မှုကို အလွဲသုံးစားပြုကြသောသူတို့အပေါ် သူ၏ထင်မြင်ယူဆတော်မူချက်၊ အမြင်အားဖြင့် ဖြောင့်မတ်ခြင်းပါရမီကိုဆာငတ်ခင်မွတ်ခြင်းတွင် ရောင့်ရဲတင်းတိမ်မှုမရှိနိုင်သောသူတို့၏အနေအထား၊ ထို့အပြင် အမှုတော်လုပ်ငန်းကို အစပျိုးဆောင်ရွက်ရန်အတွက် စွမ်းဆောင်နိုင်ခြင်းမရှိကြသည့် များစွာသောသူတို့အနေအထားသည် သခင်ခရစ်တော်၏နှလုံးသားတော်ကို ပီတိဖြစ်စေပါသည်။ များစွာသောအမှုတော်ဆောင်တို့အား စိတ်ဓာတ်ကျဆင်းသွားစေနိုင်သည့်အနေအထားအတိုင်း ခံစားကြုံတွေ့နေရကြသည့်သူတို့ကို လက်ကမ်းကြိုဆိုတော်မူပါသည်။ ကမ္ဘာမြေကြီးပေါ်ရှိ ကြမ်းတမ်းခက်ထန်လှသည့်နေရာများရှိ ဆင်းရဲငတ်မွတ်နေကြသောသူတို့အတွက် လုပ်ကိုင်ဆောင်ရွက်ပေးကြသည့်ကျွန်ုပ်တို့နှင့် ပညာအသိတရားကင်းမဲ့ကြသူများနှင့်လမ်းလွှဲသို့ရောက်ရှိသွားကြသူများတို့အတွက် ခံစားပေးတတ်သောအမျိုးသား၊ အမျိုးသမီးများတို့အား ကြီးလေးသောတာဝန်ကိုပေးတော်မူခြင်းဖြင့် ကျွန်ုပ်တို့၏မှားယွင်းသောဘာသာတရားကိုင်းရှိုင်းမှုကို သခင်ခရစ်တော်က ပြင်ဆင်ပြုပြင်ပေးတော်မူပါသည်။

ထာဝရဘုရားသည် သူကူညီစေတော်မူလိုသောသူတို့နှင့် မည်ကဲ့သို့သွားရောက်တွေ့ဆုံရကြမည်ကို ဤအမှုတော်ဆောင်တို့အား သင်ကြားပို့ချပေးတော်မူပါသည်။ ထိုအမှုတော်ဆောင်တို့အနေဖြင့် ဆေးဘက်ဆိုင်ရာသာသနာပြုလုပ်ငန်းကို လုပ်ဆောင်နိုင်ကြသည့်နေရာများဆီသို့ ဝင်ရောက်သွားကြနိုင်မည့်တံခါးပေါက်များပွင့်နေကြသည်ကို တွေ့မြင်ကြရခြင်းအားဖြင့် သူတို့သည် စိတ်ဓာတ်ခွန်အားမြှင့်တက်လာကြမည်ဖြစ်ပါသည်။ အနည်းငယ်မျှသော မိမိကိုယ်ကိုယုံကြည်စိတ်ချမှုရှိကြသည့်တိုင် သူတို့သည် ဘုရားသခင်အား အားလုံးသောဂုဏ်အသရေတော်ကိုချီးမြှောက်ကြပါသည်။ သူတို့၏လက်တို့သည် ကြမ်းတမ်းပြီး၊ ကျွမ်းကျင်မှုမရှိပါသော်လည်း သူတို့၏နှလုံးသားများတို့မှာမူ အကြင်နာသနားစိတ်ကပ်ငြိလွှယ်ကူမှုရှိကြရာတွင် အထူးများပြားလှသည့် ပူဆွေးသောကမှုများတို့ကို သက်သာရာရစေရေးအတွက် တစ်စုံတစ်ရာလုပ်ဆောင်ပေးရန်အတွက် ထက်သန်သောဆန္ဒစိတ်ဓာတ်ဖြင့်ပြည့်လျှံကြကာ၊ သခင်ခရစ်တော်ကလည်း သူတို့ကိုကူညီရန်အတွက်ရှိနေတော်မူပါသည်။ နာကျင်မှုဝေဒနာအတွင်း ကရုဏာတရားကိုပိုင်းခြား၍နားလည်နိုင်ပြီး၊ အရာအားလုံးတို့ကို လက်လွှတ်ဆုံးရှုံးရမှုတိုးလာသည့်သူတို့အားဖြင့် သခင်ခရစ်တော်က လုပ်ဆောင်တော်မူပါသည်။ ကမ္ဘာမြေကြီး၏အလင်းတော်သည် ကျော်လွန်သွားသောအခါ၊ အားလုံးသောအခက်အခဲများနှင့်မရေရာမှုများတို့တွင် အခွင့်ထူးများထွက်ပေါ်လာပြီး၊ ကျရှုံးတော့မည့်အနေအထား၌တွင်ပင်လျှင် ဘုရားသခင်၏အောင်မြင်ခြင်းနှင့်ဉာဏ်ပညာတော်သည် ပေါ်ထွန်းလာနေပါသည်။



ကျွန်ုပ်၏ညီနောင်သားချင်းနှင့်ညီမ၊ အစ်မကြီးတို့ခင်ဗျာ၊ အမှုတော်ဆောင်ရွက်မှုတွင် လူများတို့နှင့်အနီးဆုံးအထိ လာရောက်ဆောင်ရွက်ကြစေလိုပါတယ်။ နိမ့်ကျမှောက်လှန်သည့်အခြေအနေတွင်ရှိနေကြသည့်လူတို့အား မြှင့်တင်ပေးကြပါ။ ကံဆိုးမိုးမှောင်ကျမှုများအပေါ် ဖုံးကွယ်ထားသည့်ကောင်းချီးမင်္ဂလာများဖြင့် ပူဆွေးသောကဖြစ်မှုများတို့ကို ကရုဏာများတို့ဖြင့်ပြုစုပေးကြပါ။ မျှော်လင့်ချက်ပျက်သုဉ်းနေသောနေရာတို့အပေါ်သွန်းဖြိုးပေးမည့်၊ မျှော်လင့်ခြင်းကိုဖန်တီးပေးစေမည့် လမ်းကြောင်းတစ်ခုအတွင်းလုပ်ဆောင်ကြပါ။

သာမန်လူများတို့အနေဖြင့် အမှုတော်ဆောင်များအဖြစ်ဖြင့် နေရာယူလုပ်ဆောင်ရကြပါမည်။ ကယ်တင်ရှင်က လူသားတို့၏ပူဆွေးသောကများတို့ကို မျှယူခံစားတော်မူခဲ့သကဲ့သို့ သူတို့သည်လည်း သူတို့၏မိတ်ဆွေအပေါင်းအသင်းများတို့၏ပူဆွေးသောကများတို့ကို မျှယူခံစားကြရာတွင် ထိုကယ်တင်ရှင်က သူတို့နှင့်အတူလုပ်ဆောင်တော်မူနေသည်ဆိုသည့်ယုံကြည်ခြင်းမျိုးကို ထားရှိခံစားရကြပါမည်။

(ဧဖေနိ ၁း၁၄) တွင်၊ “ထာဝရဘုရား၏နေ့ကြီးနီးပြီ။ နီးပြီ။ အလျင်အမြန်လာ၏” ဟူ၍ဖော်ပြထားပါသည်။ အားလုံးသောအမှုတော်ဆောင်တစ်ယောက်စီတိုင်းတို့အား ကျွန်ုပ်ပြောလိုသည်မှာ၊ စိတ်နှလုံးနှိမ့်ချသောယုံကြည်ခြင်းနှင့် သွားကြခြင်းဖြင့် ထာဝရဘုရားသည် သင်တို့နှင့်အတူသွားတော်မူပါလိမ့်မည်။ သို့သော်လည်း၊ ဆုတောင်း

ခြင်းအားဖြင့် စောင့်ဆိုင်းရကြပါမည်။ ဤအပြုအမူသည် သင်တို့၏အလုပ်ဆိုင်ရာ သိပ္ပံအတတ်ပင်ဖြစ်ပါသည်။ အာဏာတန်ခိုးဆိုသည်မှာ ဘုရားသခင်၏ပိုင်ဆိုင်တော်မူခြင်းဖြစ်ပါသည်။ သူ၏ထံတော်တွင် မှီခိုအားထားမှုပြုရင်း၊ လုပ်ကိုင်ဆောင်ရွက်ကြပြီး သူနှင့်အတူလုပ်ကိုင်ဆောင်ရွက်နေရသည့် လုပ်သားများဖြစ်ကြသည်ဆိုခြင်းကို မိမိတို့ကိုယ်ကိုသတိတရရှိကြပါ။ သူသည် သင်တို့၏ကူညီသူအဖြစ်ရှိနေတော်မူပါသည်။ သင်တို့၏ခွန်အားတို့သည် သူ၏ထံတော်မှဆင်းသက်လာပါသည်။ သူသည် သင်တို့၏ဉာဏ်ပညာ၊ သင်တို့၏ဖြောင့်မတ်ခြင်းတရား၊ သင်တို့၏အထွတ်အမြတ်ဖြစ်ခြင်းနှင့် သင်တို့၏အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနုတ်တော်မူခြင်းများဖြစ်တော်မူပါသည်။ သခင်ခရစ်တော်၏ထမ်းပိုးတော်ကိုဝတ်ဆင်ပြီး၊ သူ၏ထံတော်မှ သူ၏နူးညံ့သိမ်မွေ့တော်မူခြင်းနှင့်ရိုးသားနှိမ့်ချမှုတို့ကို သင်ကြားရယူကြပါ။ သူသည် သင်တို့၏နားခိုရာ (ငြိမ်ဝပ်တော်မူရာချမ်းသာ – ဟေဗြဲ ၄း၃) နှင့် ဖြေသိမ့်ရာအဖြစ်ရှိနေရပါမည်။ (အသင်းတော်အတွက်သက်သေခံချက်များမူရင်းအင်္ဂလိပ်စာအုပ်၊ အတွဲ ၇၊ စာမျက်နှာ ၂၇၀–၂၇၂)။

ကယ်တင်ရှင်အနေဖြင့် ကမ္ဘာမြေကြီး၏နာကျင်မှုဝေဒနာနှင့် မျှော်လင့်ချက်ပျက်သုဉ်းမှုများတို့၏နက်ရှိုင်းမှုကို သိရှိတော်မူသကဲ့သို့၊ ၎င်းတို့မှကယ်လွှတ်သွားကြစေသည့် နည်းလမ်းများတို့ကိုလည်း သိရှိတော်မူပါသည်။ သူသည် အမှောင်ထုအတွင်းမှ ရုန်းထွက်နိုင်ခြင်းမရှိသေးသောအသက်ဝိညာဉ်တိုင်းတို့သည် အပြစ်၊ ပူဆွေးသောကဖြစ်မှုနှင့်နာကျင်ခြင်းဝေဒနာများတို့ကို ဦးညွှတ်ကိုင်းရှိုင်းနေခဲ့ကြသည်ကိုလည်း တွေ့မြင်နိုင်တော်မူပါသည်။ သူတို့အတွက် ဖြစ်နိုင်ကောင်းမည့်အရာများတို့ကိုပါ တွေ့မြင်တော်မူပါသေးသည်။ သူတို့ရယူနိုင်ကြမည့် အထက်အရပ်ကိုလည်းတွေ့မြင်တော်မူပါသည်။ လူသားတို့အနေဖြင့် သူတို့၏ကရုဏာများတို့ကို အလွဲသုံးစားပြုကြပြီး၊ သူတို့၏ပင်ကိုစွမ်းရည်ဖြုန်းတီးကြကာ၊ နတ်သားတမျှတင့်တယ်လှသည့် ယောကျ်ားဘဝဂုဏ်သိက္ခာကို လက်လွှတ်ဆုံးရှုံးခဲ့ရသည့်တိုင် သူတို့၏အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနုတ်တော်မူခြင်းတို့တွင် ဖန်ဆင်းရှင်၏ဂုဏ်တော်ကို ချီးမြှောက်ရကြပါမည်။

သခင်ခရစ်တော်သည် သူ၏နောက်တော်သို့လိုက်လျှောက်နေကြသောသူတို့က တောင်းခံနိုင်သော၊ သို့မဟုတ် တွေးတောနိုင်ကြသည်ထက် ပိုမို၍လုပ်ဆောင်နိုင်တော်မူခြင်းအတွက် ရွှင်လန်းခြင်းရှိတော်မူခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုး



တော်အနန္တဖြင့် တပ်ဆင်ထားခြင်းခံရသည့်သမ္မာတရားတော်သည် မကောင်းမှုနှင့်ပြိုင်ဆိုင်ရသောပွဲတွင် အောင်နိုင်မည်ဆိုခြင်းကို သခင်ခရစ်တော်ကသိရှိတော်မူခဲ့ပြီး၊ သူ၏နောက်တော်သို့လိုက်လျှောက်ကြသောသူတို့၏အပေါ်တွင် သွေးစွန်းနေသောအောင်လံတံခွန်သည် အောင်ပွဲဆင်သည့်အနေအထားဖြင့် တလူလူလွှင့်ထူဖော့ယမ်းနေလိမ့်မည်ကိုပါ သိရှိတော်မူခဲ့ပါသည်။ ယခုအချိန်ကာလတွင်ပင်မဟုတ်မူဘဲ၊ ကြီးမားလှသည့်အနာဂတ်ကာလကဲ့သို့သောအခြေအနေများတို့၌တွင်ပင် တောက်လျှောက်စဉ်ဆက်မပြတ်သောအောင်မြင်မှုအတွဲကို သူရရှိတော်မူခဲ့သည့်အတိုင်း သူ၏သစ္စာရှိကြသည့်တပည့်တော်တို့၏အသက်တာသည်လည်း အလားတူမည်ဆိုခြင်းကို သူသိရှိတော်မူခဲ့ပါသည်။

(ယောဟန် ၁၆း၃၃) တွင်၊ သခင်ခရစ်တော်က “သင်တို့သည် ငါ့ကိုအမှီပြု၍ ငြိမ်သက်ခြင်းရှိစေခြင်းငှာ၊ ဤစကားကိုငါဟောပြောပြီ။ သင်တို့သည် လောက၌ဆင်းရဲဒုက္ခကိုခံရကြလိမ့်မည်။ သို့သော်လည်း မစိုးရိမ်ကြနှင့်။ ငါသည် လောကကိုအောင်မြင်ပြီဟုမိန့်တော်မူ၏” ဆိုသည့် သူ၏တပည့်တော်တို့အား မိန့်တော်မူခဲ့သည်ကိုဖော်ပြထားပါသည်။ သခင်ခရစ်တော်သည် ကျရှုံးခြင်းမရှိခဲ့သကဲ့သို့ စိတ်ဓာတ်ကျဆင်းတော်မူခဲ့ခြင်းမရှိသည့်နည်းတူ သူ၏နောက်တော်သို့လိုက်လျှောက်ကြသောသူတို့အနေဖြင့် အလားတူသောတောင့်ခံနိုင်သည့်အရည်အသွေးမျိုးရှိသည့်ယုံကြည်ခြင်းကို ထင်ရှားစေကြရမည်ဖြစ်ပါသည်။ သူတို့အနေဖြင့် သူနေထိုင်တော်မူခဲ့သည့်ပုံစံအတိုင်း နေထိုင်ရကြမည့်အပြင် သူဆောင်ရွက်တော်မူခဲ့သကဲ့သို့လုပ်ဆောင်ရကြမည်ဖြစ်ပြီး၊ ထိုသို့လုပ်ဆောင်ရကြခြင်းမှာ သူတို့သည် ခရစ်တော်အား မဟာအမှုတော်ဆောင်ကြီးတစ်ဦးအဖြစ် မှီခိုအားထားရကြခြင်းကြောင့်ဖြစ်ပါသည်။

သူတို့အနေဖြင့် သူရသတ္တိ၊ စွမ်းအင်နှင့်လုံ့လဝီရိယတို့ကိုပိုင်ဆိုင်ထားရကြပါမည်။ သူတို့သွားကြရာခရီးလမ်းကို သိသာသောဖြစ်နိုင်ခြေမရှိသည့် တားဆီးပိတ်ဆို့မှုမျိုးရှိနေသည့်တိုင် သခင်ခရစ်တော်၏ကျေးဇူးတော်အားဖြင့်သူတို့သည် ရှေ့သို့ဆက်လက်တက်လှမ်းနိုင်ကြမည်ဖြစ်သည်။ အခက်အခဲများတို့ကိုတုန်လှုပ်နေမည့်အစား ထိုအခက်အခဲတို့ကိုကျော်လွှားနိုင်ရန်အတွက် ပတ္ထနာပြုရပါမည်။ သူတို့အနေဖြင့် မည်သည့်အရာကိုမျှ မျှော်လင့်ချက်ပျက်သုဉ်းသွားပြီဟူ၍ ထင်မှတ်စရာမလိုဘဲ၊ အရာအားလုံးအတွက် မျှော်လင့်ချက်ထားရှိရကြပါမည်။ သခင်ခရစ်တော်သည် သူ၏ပြိုင်ဘက်ကင်းသည့် ချစ်ခြင်းမေတ္တာရွှေကွင်းကြိုးတို့ဖြင့် ဘုရားသခင်၏ပလ္လင်တော်သို့ သူတို့

အားနှောင်ဖွဲ့တော်မူခဲ့ပါသည်။ တန်ခိုးအာဏာအားလုံးတို့၏ မူလဇာစ်မြစ်မှစတင်လာခဲ့သည့် စကြဝဠာအတွင်းရှိ အမြင့်ဆုံးသောသြဇာသက်ရောက်မှုတို့သည် ထိုသူတို့အတွက်သာဖြစ်ရမည်ဆိုခြင်းသည် သခင်ခရစ်တော်၏ ရည်ရွယ်တော်မူရင်းဖြစ်ပါသည်။ လောကနှင့်ဆိုင်သောအရာ၊ သို့မဟုတ် သေခြင်းတရား၊ သို့မဟုတ် သေမင်းတို့ကမထိန်းချုပ်နိုင်သောတန်ခိုးအမျိုးအစားမျိုးကို သူတို့က မကောင်းမှုကိုတွန်းလှန်ခုခံနိုင်ရေးအတွက် ရရှိထားရကြမည်ဖြစ်သည်။ သခင်ခရစ်တော်က မကောင်းမှုကိုကျော်လွှားနိုင်တော်မူခဲ့သကဲ့သို့ သူတို့ကျော်လွှားနိုင်ရန်အတွက်ကိုပါ ထိုတန်ခိုးမျိုးကို သူတို့လက်ကိုင်ထားရကြပါမည်။

–o–





## tydkif; (2)
## ဖြောင့်မတ်ခြင်းတရား၏အမှုတော်ဆောင်များ

### သခင်ခရစ်တော်သည်ကျွန်ုပ်တို့၏စံနမူနာဖြစ်တော်မူပါသည်

ကျွန်ုပ်တို့၏အရှင်ဘုရား၊ သခင်ယေရှုခရစ်တော်သည် ဤကမ္ဘာမြေပေါ်သို့ လူတို့၏လိုအပ်ချက်တို့ကို ဆောင်ရွက်တော်မူရေးအတွက်၊ မမောနိုင်မပန်းနိုင်သောအစေခံအဖြစ် ကြွလာတော်မူခဲ့ပါသည်။ "အကျွန်ုပ်တို့အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေသည်" (မဿဲ ၈း၁၇) ဆိုသည့်အတိုင်း လူသားတို့၏လိုအပ်မှုတိုင်းတို့ကို ကူညီတော်မူရန်ဖြစ်ပါသည်။ ရောဂါဘယနှင့်စိတ်ပျက်စရာများတို့အပြင်၊ အပြစ်တရားပါ ပါဝင်သည့်ဝန်ထုပ်ဝန်ပိုးတို့ကို ဖယ်ရှားပစ်ရန်ကြွလာတော်မူခဲ့ပါသည်။ လူတို့အနေဖြင့် မိမိတို့ကိုယ်ကိုအပြည့်အဝပြန်လည်တည်ဆောက်ရကြမည့်အသိကို ပြန်လည်သတိလည်မိလာစေရန်မှာ သူ၏အထူးတာဝန်ဖြစ်တော်မူခဲ့ပြီး ထိုသူတို့အား ကျန်းမာခြင်း၊ ငြိမ်သက်ခြင်းချမ်းသာနှင့် အကျင့်စရိုက်ပြည့်စုံမှုများတို့ကိုပေးကမ်းရန်အတွက် ကြွလာတော်မူခဲ့ပါသည်။

သူ၏ထောက်ပံ့တော်မူခြင်းကို အရေးတကြီးတောင်းခံလာခဲ့ကြသောသူတို့သည် ၎င်းတို့တွင်ကွဲပြားခြားနားမှုရှိသော ပတ်ဝန်းကျင်အခြေအနေများနှင့်လိုအပ်ချက်များရှိနေကြပြီး၊ သူ၏ထံတော်သို့လာရောက်ခဲ့ကြသောသူတို့တွင် မည်သူမျှအကူအညီမဲ့ဖြင့် သူ့ထံမှထွက်သွားခဲ့ရကြခြင်းမရှိပါ။ သူ၏ထံတော်မှစီးဆင်းလာခဲ့သော ကုသပျောက်ကင်းစေသည့်တန်ခိုးတော်စမ်းချောင်းအားဖြင့် ခန္ဓာကိုယ်၊ စိတ်နှင့်ဝိညာဉ်များတို့ဖြင့် လူတို့သည် အပြည့်အစုံဖြင့်ဖန်ဆင်းခြင်းခံခဲ့ကြရပါသည်။

ကယ်တင်ရှင်၏အမှုတော်သည် မည်သည့်အချိန်၊ သို့မဟုတ် မည်သည့်နေရာတို့တွင်မှ ကန့်သတ်လုပ်ဆောင်ခဲ့ခြင်းမရှိခဲ့ပါ။ သူ၏သနားခြင်းကရုဏာတော်သည်လည်း အကန့်အသတ်မရှိသောအနေအထားဖြင့် သိရှိတော်မူစေခဲ့ပါသည်။ သခင်ခရစ်တော်သည် ကြီးမားလွန်းလှသောပမာဏဖြင့် စီမံဆောင်ရွက်တော်မူသော ကုသခြင်းနှင့်သင်ကြားပို့ချခြင်းဆိုင်ရာသူ၏အမှုတော်အတွက် သူ၏ထံတော်သို့စုပြုံတိုးဝှေ့လာခဲ့ကြသည့် လူထုပရိသတ်တို့ကို လက်ခံနိုင်လောက်သည့် ကြီးမားသောအဆောက်အဦမျိုး၊ ထိုခေတ်ထိုအခါက ပါလတိနပြည်တွင်မရှိခဲ့ပါ။ ဂါလိလဲပြည်၏စိမ်းလန်းသောတောင်ကုန်း

ဆင်ခြေလျှောများ၊ လူအသွားအလာရှိသောအများပြည်သူသွားလာရာလမ်းများ၊ ပင်လယ်ကမ်းခြေတစ်လျှောက်၊ တရားဇရပ်ကျောင်းများနှင့် သူ၏ထံတော်သို့လူမမာများတို့ကို ယူဆောင်လာနိုင်သောနေရာတိုင်းတို့သည် သူ၏ဆေးရုံများအဖြစ်တွေ့ရှိခဲ့ရပါသည်။ သူဖြတ်သွားဖြတ်လာတော်မူခဲ့သည့် မြို့ကြီးတိုင်း၊ မြို့ငယ်တိုင်းနှင့်ရွာငယ်တိုင်းတို့တွင် သူတွေ့မြင်တော်မူခဲ့ရသည့် ဆင်းရဲဒုက္ခရောက်ရှိကြသူများတို့၏အပေါ်သို့ သူ၏လက်တော်ကိုတင်ပြီး ကုသပေးတော်မူခဲ့ပါသည်။ သူ၏သတင်းစကားတော်ကို လက်ခံရန်အဆင်သင့်ရှိနေခဲ့ကြသည့် နှလုံးသားများတို့အား ကောင်းကင်ဘုံရှင်သူတို့၏အဖခမည်းတော်၏ချစ်ခြင်းမေတ္တာတော်ဆိုင်ရာအာမခံချက်ဖြင့် သူတို့အားနှစ်သိမ့်မှုပေးတော်မူခဲ့ပါသည်။ သူ၏ထံတော်သို့ရောက်ရှိလာခဲ့ကြသောသူတို့အား တစ်နေကုန်သွန်သင်ဆုံးမဟောကြားပေးတော်မူပြီး၊ ညနေပိုင်းတွင်မူ သူတို့၏မိသားစုများတို့ကိုထောက်ပံ့နိုင်ကြရန်အတွက် နည်းပါးလှသောအခကြေးငွေကိုရရှိရေး ပင်ပင်ပန်းပန်းတစ်နေကုန်လုပ်ခဲ့ရကြသည့်သူတို့အတွက် အာရုံစိုက်တော်မူခဲ့ရပါသည်။

လူတို့ကိုကယ်တင်တော်မူခြင်းအမှုတော်အတွက် သခင်ယေရှုသည် တာဝန်ယူရမှု၏အလွန်ဆိုးရွားလှသောပူပန်သောကမှုကို ထမ်းပိုးတော်မူခဲ့ရပါသည်။ လူ့လောကကြီးတွင်ပြဋ္ဌာန်းထားသည့် အခြေခံစည်းမျဉ်းများနှင့်ဦးတည်ရည်မှန်းချက်တို့ကို တိကျပြတ်သားသည့်အပြောင်းအလဲမျိုးမရှိပါက အားလုံးသောလူသားတို့သည် ဆုံးရှုံးမှုနှင့်ကြုံတွေ့ရကြမည်ဖြစ်ကြောင်းကို သခင်ယေရှုက သိရှိတော်မူခဲ့ပါသည်။ ဤအချက်သည် သူ၏စိတ်ဝိညာဉ်တော်အတွက် ဝန်ထုပ်ဝန်ပိုးအဖြစ်ရှိနေပြီး၊ သူခံစားတော်မူရသောပူပန်သောကမှုကို မည်သူကမျှသတိမထားနိုင်မိခဲ့ကြပါ။ လူမမယ်အရွယ်၊ လူငယ်လူရွယ်နှင့်အရွယ်ရောက်လာသည့်အထိ သူသည် တစ်ယောက်တည်းသာအဖော်မဲ့ဖြင့်လျှောက်လှမ်းတော်မူခဲ့ရပါသည်။ သို့သော်ငြားလည်း သူ၏ရှေ့တော်မှောက်တွင် ကောင်းကင်နိုင်ငံတော်က သူ့အတွက်ရှိနှင့်ပြီးဖြစ်ပါသည်။ တစ်နေ့ပြီးတစ်နေ့ စမ်းသပ်စစ်ဆေးမှုနှင့်စုံစမ်းနှောင့်ယှက်မှုတို့ကို ကြုံတွေ့ခဲ့ရရာတွင်၊ တစ်နေ့ပြီးတစ်နေ့ သူသည် မကောင်းမှုနှင့်ထိစပ်မှုရှိသည့်နေရာဆီသို့ ပို့ဆောင်တော်မူခြင်းခံခဲ့ရသည့်နည်းတူ သူကကောင်းချီးပေးရန်နှင့်ကယ်ဆယ်တော်မူရန် ကြိုးပမ်းရှာဖွေတော်မူသောသူတို့အပေါ် ထိုမကောင်းမှု၏ဩဇာအာဏာသက်ရောက်မှုကို မျက်မြင်တွေ့ရှိတော်မူခဲ့ပါသည်။ ထိုသို့ဖြစ်သည့်တိုင် သူသည် ကျရှုံးသွားခြင်း၊ သို့မဟုတ် စိတ်ဓာတ်ကျသည့်အနေအထားဆီသို့ ရောက်ရှိသွားတော်မူခြင်းမရှိခဲ့ပါ။



သူ၏အထူးတာဝန်ဖြစ်သည့် အမှုတော်ဆောင်ရွက်တော်မူခြင်းသို့ သခင်ယေရှုသည် အရာအားလုံးတို့တွင် သူ၏ဆန္ဒတော်ကိုထည့်သွင်းထားရေးကို အထူးတင်းကျပ်စွာဖြင့် ဥပေက္ခာပြုထားခဲ့တော်မူပါသည်။ သူ၏ဖခမည်းတော်၏အလိုတော်အတိုင်း အရာအားလုံးတို့ကို သူ၏အထူးတာဝန်ဖြစ်သည့် အမှုတော်၏လက်အောက်ခံများအဖြစ်ဖြင့်သာ ထားရှိတော်မူခဲ့ခြင်းအားဖြင့် သူ၏အသက်တာတော်ကို ဂုဏ်အသရေတင့်တယ်တော်မူစေခဲ့ပါသည်။ သူငယ်ရွယ်တော်မူစဉ်အခါက ယုဒဘာသာရေးခေါင်းဆောင်တို့၏စာသင်ကျောင်းတွင် သူ့အားရှာတွေ့ခဲ့သော သူ၏မယ်တော်က "ငါ့သား၊ အဘယ်ကြောင့်ငါတို့အားဤသို့ပြုသနည်း" ဟူ၍မေးမြန်းခဲ့သောအခါ၊ သူက သူ၏ဘဝတစ်လျှောက်လုံး လုပ်ဆောင်ရမည့်အမှုတော်၏အဓိကအချက်အချာကျသည့်အဖြေဖြစ်သည့် ". . . အဘယ်ကြောင့်အကျွန်ုပ်ကိုရှာရပါသနည်း။ အကျွန်ုပ်သည် အဘ၏အိမ်၌နေရသည်ကိုမသိပါသလော" (လုကာ ၂း၄၈၊၄၉) အတိုင်း ပြန်လည်၍ဖြေကြားတော်မူခဲ့ပါသည်။

သူ၏အသက်တာသည် မိမိကိုယ်ကိုမိမိ စဉ်ဆက်မပြတ်ဆက်ကပ်အပ်နှံခြင်းတွင် တစ်ခုအပါအဝင်ဖြစ်တော်မူပါသည်။ ခြေကျင်ခရီးသွားခဲ့တော်မူရင်း၊ အကြင်နာတရားရှိကြသည့်မိတ်ဆွေတို့က သူတို့၏အိမ်တွင် သူ့အားကျွေးမွေးဧည့်ခံသည်ကလွဲပြီး ဤကမ္ဘာမြေကြီးပေါ်တွင် သူ့အတွက်အိမ်ဟူ၍မရှိခဲ့ပါ။ ကျွန်ုပ်တို့၏ကိုယ်စားသူသည် အဆင်းရဲအနုံချာဆုံးသောအသက်တာဖြင့်နေထိုင်ရာ ဤကမ္ဘာမြေပေါ်သို့ ကြွလာတော်မူခဲ့ပြီး၊ ဆင်းရဲသားများနှင့်ဒုက္ခဝေဒနာကိုခံစားရကြသောသူတို့၏အလယ်တွင် လှည့်လည်သွားလာပြီး၊ လုပ်ကိုင်ဆောင်ရွက်ရန်အတွက်ပါ ကြွလာတော်မူခဲ့ခြင်းဖြစ်ပါသည်။ သူက အထူးတလည်အကျိုးပြုဆောင်ရွက်ပေးတော်မူခဲ့သည့် လူအများတို့အတွင်း အသိအမှတ်ပြုခြင်းနှင့်ဂုဏ်ပြုမှုခံရခြင်းမရှိဘဲ အိမ်ဦးနှင့်ကြမ်းပြင်သွားလာတော်မူခဲ့ရပါသည်။

သူသည် သည်းခံစိတ်ရှည်ခြင်းနှင့်ရွှင်ပျသောအမူအရာတို့ကို အမြဲတစေပြသတော်မူခဲ့ပြီး၊ ဒုက္ခဖိစီးမှုခံရကြသောသူတို့က သူ့အား အသက်နှင့်ငြိမ်သက်ခြင်းချမ်းသာ၏စေတမန်တစ်ဦးအဖြစ် ကြိုဆိုဂုဏ်ပြုခဲ့ကြပါသည်။ သူသည် အမျိုးသားများနှင့်အမျိုးသမီးများ၊ ကလေးသူငယ်များနှင့်လူငယ်လူရွယ်များတို့၏လိုအပ်ချက်တို့ကို မြင်တွေ့တော်မူခဲ့ပြီး သူတို့အားလုံးတို့အား "ငါ့ထံသို့လာကြလော့" ဆိုသည့်မိန့်တော်မူချက်ဖြင့် ဖိတ်ခေါ်ကမ်းလှမ်းတော်မူခဲ့ပါသည်။

သူ၏အမှုတော်ဆောင်ခဲ့သည့်ကာလအတွင်း သခင်ယေရှုသည် ဟောပြောခြင်းအမှုကိုပြုတော်မူခဲ့သည်ထက် နာမကျန်းဖြစ်ကြသူများတို့အား ကုသပေးခြင်းအတွက် ပိုမို၍အချိန်ကိုပေးအပ်မြှုပ်နှံတော်မူခဲ့ပါသည်။ သူ၏အံ့သြဖွယ်ရာတန်ခိုးတော်တို့သည် သူ၏နှုတ်တော်ထွက်များဖြစ်သည့် သူ့အနေဖြင့် လူတို့ကိုပျက်စီးခြင်းသို့ရောက်ရှိသွားစေရန် ကြွလာတော်မူခဲ့ခြင်းမဟုတ်ဘဲ ကယ်တင်တော်မူရန်ကြွလာတော်မူခြင်းဖြစ်ကြောင်း ရည်ညွှန်းတော်မူခဲ့သည့်သမ္မာတရားတော်ကို သက်သေခံပေးတော်မူခဲ့ပါသည်။ သူကြွသွားတော်မူခဲ့လေရာရာတို့၌ သူ၏ကရုဏာတော်သတင်းစကားတို့သည် သူ့ထက်ကျော်လွန်ရှေ့ရောက်ပြီး၊ သူ့အားကျော်ကြားမှုရှိစေခဲ့ပါသည်။ သူသည် ကြင်နာသောစိတ်ကိုထားရှိခဲ့တော်မူခြင်း၏ရည်မှန်းချက်များမှာ သူဖြတ်သွားဖြတ်လာတော်မူခဲ့သည့်နေရာတွင် ရှိနေခဲ့ကြသည့်လူတို့အနေဖြင့် ကျန်းကျန်းမာမာနေထိုင်ရကြသည့်အတွက် ဝမ်းမြောက်ခြင်းရှိစေကြရန်နှင့် သူတို့အသစ်တွေ့ရှိခဲ့ကြရသည့်တန်ခိုးများတို့ကို စစ်ကြောစမ်းသပ်မှုပြုကြရေးတို့ပင်ဖြစ်ပါသည်။ ထာဝရဘုရားပြုပြင်ပေးတော်မူသောအမှုတော်များအကြောင်းကို သူ၏နှုတ်ခမ်းသားတော်မှမိန့်တော်မူချက်တို့ကိုကြားသိရကြရေးအတွက်၊ လူစုလူဝေးများတို့သည် သူ၏ပတ်ပတ်လည်တွင် စုဝေးခဲ့ကြပါသည်။ အများသောသူတို့ကြားခဲ့ကြပြီးသောမြည်သံများတို့တွင် သူ၏အသံတော်သည် ပထမဦးဆုံးသောမြည်သံဖြစ်ခဲ့ပြီး သူတို့ပြောဆိုခဲ့ကြသောစကားလုံးတို့တွင် သူ၏နာမတော်သည် အဦးဆုံးသောသူတို့၏စကားလုံးဖြစ်ခဲ့ကာ၊ သူ၏မျက်နှာတော်သည်လည်း သူတို့၏အဦးဆုံးသောရှုမြင်ရမှုပင်ဖြစ်ခဲ့ပါသည်။ အဘယ်ကြောင့်သူတို့သည် သခင်ယေရှုအပေါ်ချစ်ခြင်းမေတ္တာမထားသင့်ကြသည့်အပြင်၊ သူ့အားချီးမွမ်းကြသည့်အသံကို အချက်ပေးခြင်းမပြုသင့်ကြပါသနည်း။ သူသည် မြို့ကြီးမြို့ငယ်အသွယ်သွယ်တို့ကို ဖြတ်သွားဖြတ်လာလုပ်တော်မူခဲ့ရာတွင် သူသည် ရှင်သန်မှုနှင့်ဝမ်းမြောက်မှုတို့ကို စိမ့်ဝင်ပျံ့နှံ့သွားစေသည့် မရှိမဖြစ်သောလျှပ်စစ်စီးကြောင်းနှင့်အလားတူပါသည်။

စိတ်အတွေးနှင့်အသက်ဝိညာဉ်တို့၏အတွင်းသို့ ဘုန်းတော်ရှင်၏အခြေခံစည်းမျဉ်းများတို့ကိုထည့်သွင်းပေးသည့်အခါသမယတွင် ကယ်တင်ရှင်သည် ကုသသည့်အလုပ်ကို တစ်ခုချင်းအလိုက်ဆောင်ရွက်တော်မူခဲ့ပါသည်။ ဤအချက်သည် သူ၏အမှုတော်၏ရည်မှန်းချက်ဖြစ်ပါသည်။ သူ၏ကျေးဇူးတော်နှင့်ပတ်သက်သည့် ဧဝံဂေလိတရားတော်ကိုလက်ခံကြရန်အတွက် လူတို့၏နှလုံးသားတို့ကို တိမ်းညွတ်ပေးစေတော်မူသည့် လောကီဆိုင်ရာကောင်းချီးမင်္ဂလာများတို့ကို ဖြန့်ဝေပေးတော်မူခဲ့ပါသည်။



ယုဒလူမျိုးတို့၏ကျောင်းဆရာများတို့အတွင်း အမြင့်ဆုံးသောနေရာကိုသိမ်းပိုက်တော်မူခဲ့ရမည်ဖြစ်သော်လည်း၊ ၎င်းထက် မရှိဆင်းရဲသားများတို့ထံသို့ ဧဝံဂေလိတရားတော်ကိုပို့ဆောင်ပေးရန် ပိုမိုလိုလားတော်မူခဲ့ပါသည်။ သမ္မာတရားဆိုင်ရာနှုတ်တော်ထွက်တို့ကို အဝေးပြေးလမ်းမကြီးများနှင့် လူသိနည်းသောနေရာတို့တွင်ရှိနေကြသည့်လူတို့က ကြားသိနိုင်ကြရန်အတွက် သူသည် တစ်နေရာမှတစ်နေရာသို့ လှည့်လည်သွားလာတော်မူခဲ့ပါသည်။ ပင်လယ်ကမ်းခြေ၊ တောင်ကုန်းပေါ်၊ မြို့ကြီးလမ်းမပေါ်၊ တရားဇရပ်ကျောင်းအတွင်းတို့တွင် ကျမ်းစာတော်မြတ်အကြောင်းကို ရှင်းလင်းပြောကြားပေးသည့်နှုတ်တော်ထွက်အသံတို့ကို ကြားခဲ့ရကြပါသည်။ တစ်ပါးအမျိုးသားတို့က သူ၏နှုတ်တော်ထွက်များတို့ကို ကြားနိုင်ကြရေးအတွက် သူသည် ဗိမာန်တော်၏အပြင်ဘက်ကွက်ပြင်တွင် ပို့ချဟောကြားပေးတော်မူခဲ့ပါသည်။

ထိုကြောင့် ကျမ်းစာတော်မြတ်နှင့်ပတ်သက်ပြီး ကျမ်းပြုဆရာများနှင့်ဖာရိရှဲတို့၏အဓိပ္ပါယ်ဖော်ထုတ်ရှင်းလင်းချက်တို့နှင့်မတူသည့် သခင်ခရစ်တော်၏သင်ပေးပို့ချတော်မူချက်သည် လူများတို့၏အာရုံတို့ကိုဖမ်းစားနိုင်ခဲ့ပါသည်။ ရဟူဒီဘာသာရေးခေါင်းဆောင်တို့သည် ရိုးရာဓလေ့ထုံးတမ်းစဉ်လာ လူသားတို့ထုတ်ပြန်ထားခဲ့သည့်သဘောတရားနှင့်ထင်မြင်ချက်များတို့အပေါ်တွင် အခြေပြုအဓိပ္ပါယ်ကောက်ယူထားခဲ့ကြပါသည်။ မူလကျမ်းစာတော်မြတ်အတွင်းတွင် ထိုကျမ်းစာတော်မြတ်နှင့်ပတ်သက်သည့် လူတို့၏သင်ကြားပို့ချခဲ့မှုနှင့်ရေးသားခဲ့မှုတို့ကို အစားထိုးထည့်သွင်းဖော်ပြထားခဲ့မှုများရှိကြပါသည်။ သခင်ခရစ်တော်၏သင်ကြားပို့ချမှုအကြောင်းအရာမှာ ဘုရားသခင်၏နှုတ်တော်ထွက်သာဖြစ်ပါသည်။ သူသည် စုံစမ်းသူများတို့အား ပြတ်ပြတ်သားသားဖြင့် "ကျမ်းစာလာသည်ကား" ဆိုသည့်စကားဖြင့် ဓမ္မဟောင်းကျမ်းပါကျမ်းချက်ကို ကိုးကားမိန့်တော်မူခဲ့ပါသည်။ အခွင့်အရေးပေါ်ပေါက်လာတိုင်း အဆွေခင်ပွန်း၊ သို့မဟုတ် အတိုက်အခံလုပ်ခဲ့ကြသော ရန်သူတို့၏စိတ်ဝင်စားမှုတစ်ခုဖြစ်ပေါ်လာရေးအတွက် လှုံ့ဆော်မှုရှိလာပါက၊ သခင်ခရစ်တော်က နှုတ်ကပတ်တော်အားဖြင့်သာ ပြန်လည်တုံ့ပြန်တော်မူခဲ့ပါသည်။ စင်ကြယ်မြင့်မြတ်တော်မူခြင်းနှင့်တန်ခိုးတော်အားဖြင့် ဧဝံဂေလိတရားတော်ဆိုင်ရာသတင်းစကားကို ကြေညာပေးတော်မူခဲ့ပါသည်။ သူ၏နှုတ်တော်ထွက်များတို့သည် ရှေးဘိုးဘေးတို့နှင့်ပုရောဖက်များတို့၏အကြောင်းတို့ကို သင်ကြားပို့ချပေးခဲ့ရာတွင် မီးမောင်းတစ်ခုအလား နားလည်အောင်ရှင်းပြပေးတော်မူနိုင်ခဲ့ပြီး ကျမ်းစာတော်မြတ်သည်လည်း လူတို့ထံသို့အသစ်သောဗျာဒိတ်ရူပါရုံတစ်ခုအလား

ရောက်ရှိလာခဲ့ပါသည်။ သူ၏သွန်သင်ဟောပြောတော်မူချက်တို့ကို နားထောင်ခဲ့ကြရသောသူတို့အနေဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်၏အဓိပ္ပါယ်လေးနက်မှုကို ယခင်က မည်သည့်အခါမျှသတိမမူမိခဲ့ကြပါ။

## သခင်ခရစ်တော်၏ရိုးစင်းသောသင်ကြားပို့ချမှု

သခင်ခရစ်တော်ကဲ့သို့သောသာသနာပြုဆရာမျိုး၊ ထိုဒေသတွင်မည်သည့်အခါကမျှမရှိခဲ့ပါ။ သူသည် ကောင်းကင်နိုင်ငံတော်တွင် တန်ခိုးအာနုဘော်တော်ဖြစ်တော်မူခဲ့သော်လည်း လူသားများရှိကြသည့်နေရာတို့တွင် ထိုသူတို့ကိုတွေ့ဆုံနိုင်တော်မူရန်အတွက် နှိမ့်ချသောစိတ်ထားဖြင့် ကျွန်ုပ်တို့၏အသွင်သဏ္ဍာန်ကို ရယူတော်မူခဲ့ပါသည်။ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ လွတ်လပ်သူဖြစ်စေ၊ အနှောင်အဖွဲ့ခံရသူဖြစ်စေ၊ ပဋိညာဉ်တရား၏စေတမန်တော်ကြီးခရစ်တော်သည် ကယ်တင်ခြင်းသတင်းစကားကို ဆောင်ယူတော်မူခဲ့ပါသည်။ မဟာကုသပေးသူအဖြစ် သူ၏ကျော်ကြားမှုသည် ပါလတိနဒေသတစ်လျှောက်လုံးတွင် ပျံ့နှံ့ခဲ့ပါသည်။ အကူအညီရရှိရေးအတွက် မကျန်းမမာဖြစ်သောသူတို့သည် အကူအညီတောင်းခံနိုင်ကြရေးအတွက် သူဖြတ်သွားဖြတ်လာတော်မူမည့်နေရာများတစ်လျှောက် လာရောက်စောင့်ဆိုင်းခဲ့ကြပါသည်။ များစွာသောသူတို့သည်လည်း သူ၏နှုတ်တော်ထွက်တို့ကိုကြားရကြရေးနှင့် သူ၏လက်တော်တို့ကိုထိခွင့်ရကြရေးအတွက် လိုလားတောင့်တစွာဖြင့် ထိုနေရာသို့ရောက်ရှိလာခဲ့ကြပါသည်။ ဤသို့ဖြင့် သူသည် မြို့ကြီးတစ်မြို့မှအခြားတစ်မြို့သို့၊ မြို့ငယ်တစ်မြို့မှနောက်တစ်မြို့သို့ လှည့်လည်သွားလာရင်း ဧဝံဂေလိတရားတော်ကိုဟောပြောလျက် နာမကျန်းဖြစ်သူတို့ကို သက်သာပျောက်ကင်းသွားတော်မူစေခြင်းတို့ဖြင့် ဘုန်းအသရေတော်၏ရှင်ဘုရင်ကြီးသည် လူသားမျိုးနွယ်တို့၏နိမ့်ကျမှုသတ်မှတ်ဝတ်စုံကို ဆင်မြန်းတော်မူခဲ့ပါသည်။

သူသည် ယုဒလူမျိုးတို့၏နှစ်စဉ်ကျင်းပမြဲ ကြီးကျယ်ခမ်းနားလှသည့်ပွဲတော်များသို့ တက်ရောက်တော်မူခဲ့ပြီး၊ အခြားသောစွဲမက်ဖွယ်ပြင်ပအခမ်းအနားအများအပြားတို့တွင် ကောင်းကင်ဘုံဆိုင်ရာအရာများနှင့် လူတို့၏ထင်မြင်တွေးတောချက်အတွင်းသို့ ထာဝရကာလဆိုင်ရာအကြောင်းခြင်းရာတို့ကို ထည့်သွင်းပေးတော်မူခဲ့ပါသည်။ အားလုံးသောသူတို့ထံသို့ ဉာဏ်ပညာဘဏ္ဍာသိုက်မှ ရတနာတို့ကိုယူဆောင်လာတော်မူခဲ့ပါသည်။ ထိုသူတို့က နားမလည်မရှိရလေအောင် ရိုးရှင်းလွယ်ကူသောစကားအသုံး



အနှုန်းမျိုးကိုသာ သုံးနှုန်းပြောဆိုတော်မူခဲ့ပါသည်။ သူ၏ကိုယ်ပိုင်တစ်မူထူးခြားသောနည်းစနစ်များတို့ဖြင့် ဝမ်းနည်းပူဆွေးမှုနှင့်ဆင်းရဲခြင်းဒုက္ခတို့တွင် ကျရောက်နေခဲ့ကြသည့်သူတို့အား ကူညီတော်မူခဲ့ပါသည်။ ကြင်နာသနားတတ်မှုနှင့်ရည်မွန်သောကျေးဇူးတော်တို့ဖြင့် အပြစ်တရားနှင့်ပတ်သက်သည့် နာမကျန်းဖြစ်ကြသောဝိညာဉ်တို့အတွက် ကုသမှုနှင့်ခွန်အားပေးမှုတို့ဖြင့် စောင့်ရှောက်တော်မူခဲ့ပါသည်။

သင်ကြားပို့ချပေးကြသည့် ဆရာတို့၏အရှင်သခင်အဖြစ် ခရစ်တော်သည် လူတို့ထံသို့ သူတို့နှင့်အကျွမ်းတဝင်အရှိဆုံးသောအသင်းအဖွဲ့များတို့၏လမ်းစဉ်အားဖြင့် ချဉ်းကပ်လမ်းကိုရှာဖွေရယူတော်မူခဲ့ပါသည်။ သူသည် နည်းလမ်းတစ်ခုဖြင့် သမ္မာတရားကိုပေးကမ်းတော်မူခဲ့ပြီးနောက် သူ၏တရားတော်ကိုနာကြားခဲ့ကြသောသူတို့သည် သူတို့၏အမြင့်မြတ်ဆုံးသောအမှတ်ရမှုများနှင့်စာနာမှုများတို့ဖြင့်သာ ရောယှက်ခဲ့ကြပါသည်။ သူသည် လူများတို့အား သူတို့၏စိတ်ဝင်စားမှုနှင့်ပျော်ရွှင်ခြင်းတို့နှင့် အတူသူ၏ပြည့်စုံမှုရှိသော ပါဝင်ကိုယ်စားပြုမှုရှိသည်ဆိုသည့် ခံစားမှုရှိစေသည့်နည်းလမ်းတစ်ခုဖြင့် သင်ကြားပို့ချတော်မူခဲ့ပါသည်။ သူ၏ညွှန်ကြားတော်မူချက်တို့သည် တဲ့တိုးအနေအထားဖြင့်ရှိခဲ့ပြီး သူ၏သာဓကများတို့မှာ လျော်ကန်မှုရှိခဲ့ကြကာ၊ သူ၏နှုတ်တော်ထွက်တို့သည် ကြင်နာမှုရှိပြီး၊ ပျော်ရွှင်လန်းဆန်းမှုတို့ကို အထူးဖြစ်ပေါ်စေခဲ့သည်အလျောက် သူ၏မိန့်တော်မူချက်ကို နာကြားခဲ့ရကြသောသူတို့အား ဆွဲဆောင်နိုင်တော်မူခဲ့ပါသည်။ မြင့်မြတ်သောနှုတ်တော်ထွက်တိုင်းတို့ဖြင့် သူဟောကြားတော်မူခဲ့သော မရှိဆင်းရဲသားတို့အပေါ် သူသည် အကြွင်းမဲ့ချစ်သောစိတ်နှင့်ထက်သန်သောစိတ်အားကြီးခြင်းတို့ကို ထားရှိတော်မူခဲ့ပါသည်။

## ချမ်းသာသူနှင့်ဆင်းရဲနွမ်းပါးသူတို့တန်းတူညီမျှရှိစေရေး

သူ၏ဦးဆောင်လမ်းပြပေးရသည့်အသက်တာသည် အလွန်အလုပ်များလှသောအသက်တာဖြစ်ခဲ့ပါသည်။ တစ်နေ့ပြီးတစ်နေ့ သူသည် စိတ်နှိမ့်ချမှုရှိခဲ့ကြကာ၊ ဖူလုံမှုမရှိသည့်အလျောက် ပူဆွေးသောကရောက်ခဲ့ကြသည့် သူတို့၏အိမ်သို့ဝင်သွားခဲ့ပြီး၊ ဝမ်းနည်းအားငယ်နေခဲ့ကြသူတို့အား မျှော်လင့်ခြင်းအကြောင်းကို မိန့်မြွက်တော်မူခဲ့လျက်၊ စိတ်သောကရောက်နေကြသောသူတို့အား ငြိမ်သက်ခြင်းချမ်းသာကို ပေးတော်မူခဲ့ပါသည်။ သူသည် ယဉ်ကျေးသိမ်မွေ့ခြင်း၊ ကြင်နာသနားတတ်သောနှလုံးသားထားရှိခြင်းနှင့် သနားစဖွယ်မပြည့်စုံမှုတို့ဖြင့် နိမ့်ကျဦးကျိုးသွားခဲ့ကြသောသူတို့အား ပြန်လည်

ထူမပေးတော်မူခဲ့ပြီး ပူပန်သောကရောက်ကြသူတို့အား နှစ်သိမ့်မှုပေးရန်အတွက် လှည့်လည်သွားလာတော်မူခဲ့ပါသည်။ သူသွားခဲ့လေရာရာတို့တွင် ကောင်းချီးမင်္ဂလာကိုသယ်ဆောင်သွားတော်မူခဲ့ပါသည်။

မရှိဆင်းရဲသားတို့အား စောင့်ရှောက်ကူညီခဲ့စဉ်တွင်၌ပင် ချမ်းသာသောသူတို့ထံသို့ ရောက်ရှိသွားနိုင်မည့်နည်းလမ်းများတို့ကို တွေ့ရှိတော်မူရန်ရှာကြံလေ့လာတော်မူခဲ့ပါသေးသည်။ သူသည် ချမ်းသာကြွယ်ဝသောသူတို့နှင့်ရိုးရာဓလေ့ထုံးတမ်းတို့ကို ကိုင်စွဲထားကြသည့် ဖာရိရှဲတို့အပြင်၊ မြင့်မြတ်သောယုဒလူမျိုးအကြီးအကဲများနှင့်အုပ်ချုပ်မင်းလုပ်သူရောမသားတို့နှင့်ပါ အကျွမ်းတဝင်မှုရှိရန်အတွက် ရှာကြံတော်မူခဲ့ပါသည်။ သူတို့၏ဖိတ်ကြားမှုတို့ကို လက်ခံတော်မူခဲ့ပြီး၊ သူတို့၏ပွဲတော်များသို့တက်ရောက်တော်မူခဲ့ကာ သူတို့၏အကျိုးစီးပွားများ၊ လုပ်ငန်းကိုင်ငန်းများတို့နှင့် အကျွမ်းဝင်မှုရှိအောင် မိမိကိုယ်ကိုလုပ်ဆောင်တော်မူခဲ့ခြင်းသည် သူတို့၏စိတ်နှလုံးသို့သွားရာချဉ်းကပ်လမ်းကိုတွေ့နိုင်ရေးနှင့် မပျက်စီးမပုပ်သိုးနိုင်သောကြွယ်ဝမှုတို့ကို သူတို့အားပြသနိုင်ရေးအခွင့်အလမ်းတို့ကို ဖော်ဆောင်နိုင်တော်မူရန်အတွက်ဖြစ်ပါသည်။

လူသားအနေဖြင့် အထက်အရပ်မှတန်ခိုးကိုလက်ခံရယူခြင်းဖြင့် မည်သို့နှိမ်းနိုင်သောအသက်တာမျိုးဖြင့် နေထိုင်နိုင်သည်ဆိုသည့်အချက်ကိုပြသရန်အတွက် သူသည် ဤကမ္ဘာမြေကြီးပေါ်သို့ ကြွလာတော်မူခဲ့ပါသည်။ မမောနိုင်မပန်းနိုင်သော စိတ်ရှည်သည်းခံမှုနှင့်စာနာထောက်ထားသောအထောက်အကူပြုမှုတို့အားဖြင့် သူသည် လူတို့အား သူတို့၏လိုအပ်ချက်များတို့အတွက် လိုက်လံတွေ့ဆုံတော်မူခဲ့ပါသည်။ ကျေးဇူးတော်၏သာယာညင်းပျောင်းသောတို့ထိတော်မူခြင်းအားဖြင့် သူသည် အသက်ဝိညာဉ်တွင်ရှိနေခဲ့ကြသော အုံကြွမှုနှင့်မယုံသင်္ကာဖြစ်မှုတို့ကို မောင်းထုတ်တော်မူခဲ့ပြီး၊ မလိုမုန်းထားစိတ်နေသဘောထားကို ချစ်ခြင်းမေတ္တာစိတ်ထားဆီသို့၊ မယုံကြည်မှုကို စိတ်ချယုံကြည်ခြင်းဆီသို့ ပြောင်းလဲပေးတော်မူခဲ့ပါသည်။

သခင်ခရစ်တော်သည် နိုင်ငံသားဖြစ်ခြင်းမဖြစ်ခြင်း၊ သို့မဟုတ် ရာထူးရာခံအရ၊ သို့မဟုတ် (နိုင်ငံရေး) အယူဝါဒတို့နှင့်ပတ်သက်သည့် ခွဲခြားဆက်ဆံမှုမျိုးကို လက်ခံအသိအမှတ်ပြုတော်မူခြင်းမရှိခဲ့ပါ။ ကျမ်းပြုဆရာများနှင့်ဖာရိရှဲတို့သည် ကောင်းကင်နိုင်ငံတော်ဆိုင်ရာဆုကျေးဇူးများတို့ကို ဒေသတွင်းနှင့်အမျိုးသားအကျိုးအမြတ်အတွက် အသုံးပြုရန်ဆန္ဒရှိခဲ့ကြပြီး၊ ကျန်ရှိသောဘုရားသခင်၏မိသားစုတော်တို့ကို ဤကမ္ဘာမြေကြီးပေါ်မှဖယ်ထုတ်ပစ်ရန်လည်း ဆန္ဒရှိခဲ့ကြပါသည်။ သို့သော်လည်း





သခင်ခရစ်တော်သည် ခန်းဆီးနံရံတိုင်းတို့ကို ဖြိုလှဲပစ်ရန်အတွက် ကြွလာတော်မူခဲ့ပါသည်။ ကရုဏာတော်နှင့်ချစ်ခြင်းမေတ္တာတော်ဆိုင်ရာ သူ၏ဆုကျေးဇူးတော်တို့သည် လေ၊ အလင်း၊ သို့မဟုတ် မြေကမ္ဘာကြီးကိုပြန်လည်လန်းဆန်းလာစေသည့် သွန်းဖြိုးသည့်မိုးတို့ကဲ့သို့ပင် ဘောင်ခတ်၍မရနိုင်ပါ။

သခင်ခရစ်တော်၏အသက်တာသည် လူတန်းစားခွဲခြားသောစနစ်မရှိသောဘာသာတရား၊ ယုဒလူမျိုးနှင့်တစ်ပါးအမျိုးသား၊ လူလွတ်နှင့်အနှောင်အဖွဲ့ခံရကြသူများတို့အနေဖြင့် ညီနောင်သားချင်းပုံစံဖြင့် လက်ပွန်းတတီးဆက်နွယ်မှုရှိကြပြီး၊ ဘုရားသခင်၏မျက်မှောက်တော်၌ အားလုံးတို့သည် တန်းတူညီမျှရှိကြသည့်ဘာသာတရားမျိုးတို့ကို တည်ထောင်ခဲ့သည့်အသက်တာတော်မျိုးဖြစ်ခဲ့ပါသည်။ မည်သည့်မူဝါဒဆိုင်ရာမေးခွန်းကမျှ သူ၏လှုပ်ရှားဆောင်ရွက်တော်မူမှုများအပေါ် ဩဇာညောင်း၍မရခဲ့ပါ။ အိမ်နီးနားချင်းများနှင့်သူစိမ်းများတို့အကြား အဆွေခင်ပွန်းများနှင့်ရန်သူများတို့၏စပ်ကြားတို့တွင် မည်သည့်ကွဲပြားခြားနားမှုတို့ကိုမျှ သူလုပ်ဆောင်တော်မမူခဲ့ပါ။ သူ၏စိတ်နှလုံးတော်ကို ဆွဲဆောင်မှုရှိခဲ့သောအရာမှာ အသက်စမ်းရေတို့ကို ဆာငတ်နေသော အသက်ဝိညာဉ်တစ်ခုပင်ဖြစ်ပါသည်။

သူသည် မည်သည့်လူသားကိုမျှ မတူမတန်သည့်သဘောမျိုးဖြင့် ရှောင်ထွက်သွားခြင်းမရှိခဲ့သော်လည်း၊ အသက်ဝိညာဉ်တိုင်းတို့ကို ကုစားပေးရန်အတွက်၊ ကုသမှုနည်းလမ်းကိုအသုံးချရန်အတွက် နည်းလမ်းရှာဖွေတော်မူခဲ့ပါသည်။ လူအများတို့အတွင်းသို့သူရောက်ရှိတော်မူခဲ့သည့်အခါတိုင်း ရောက်ရှိသည့်အချိန်နှင့်ပတ်ဝန်းကျင်အခြေအနေတို့နှင့်ကိုက်ညီသည့် သင်ခန်းစာတစ်ရပ်ကိုပေးထားတော်မူခဲ့ပါသည်။ သူတို့၏မိတ်ဆွေအပေါင်းအသင်းတို့အပေါ် လျစ်လျူရှုမှု၊ သို့မဟုတ် စော်ကားမော်ကားပြုမှုတိုင်းတို့ကို လူများတို့ကပြသခဲ့ကြခြင်းသည် ထိုသူတို့အနေဖြင့် သူ၏တန်ခိုးတော်ရှင်ဆန်သည့် လူသား၏ကရုဏာသက်သည့် စိတ်နေသဘောထားလိုအပ်နေခဲ့ကြမှုကို သူ့အနေဖြင့် ပိုမိုသတိပြုမိလာစေရန် လုပ်ဆောင်ခဲ့ကြခြင်းသာဖြစ်ပါသည်။ အကြမ်းတမ်းဆုံးသောအနေအထားနှင့် မျှော်လင့်ချက်အကင်းမဲ့ဆုံးသောအခြေအနေတွင် ရှိနေခဲ့ကြသောသူတို့အား မျှော်လင့်ချက်ဖြင့်လှုံ့ဆော်အားပေးနိုင်ရန်အတွက် နည်းလမ်းရှာကြံတော်မူခဲ့ပြီး သူတို့အနေဖြင့် အပြစ်ကင်းစင်ပြီး၊ အန္တရာယ်ကင်းစွာနေထိုင်ရသည့်အနေအထားသို့ ရောက်ရှိသွားရေးနှင့် ထိုကဲ့သို့သောအပြစ်ကင်းပြီး၊ အန္တရာယ်ကင်းသည့်အကျင့်စရိုက်မျိုးတို့ကို ရယူနိုင်ကြခြင်းဖြင့်၊ သူတို့အား ဘုရားသခင်၏သားတော်၊ သမီးတော်များ

အဖြစ် ထင်ရှားစေရေးအတွက် သူသည် သူတို့အတွက်အာမခံချက်ကို သူတို့၏ရှေ့မှောက်တွင် ထားရှိပေးတော်မူခဲ့ပါသည်။

စာတန်မာရ်နတ်၏ထိန်းချုပ်မှုအောက်တွင် မျောပါသွားခဲ့ကြသည့်သူတို့နှင့် ထိုစာတန်မာရ်နတ်၏ညွှတ်ကွင်းအတွင်းမှ ဖောက်ထွက်လာနိုင်ခဲ့ကြခြင်းမရှိကြသော သူတို့အား သခင်ခရစ်တော်က မကြာခဏတွေ့ဆုံတော်မူခဲ့ပါသည်။ ထိုကဲ့သို့သော စိတ်ဓာတ်ကျဆင်းခဲ့ပြီး နာမကျန်းဖြစ်ခဲ့ကာ သွေးဆောင်ခြင်းခံခဲ့ရလျက် ကျရှုံးသွားခဲ့သောသူတစ်ယောက်ထံသို့ သခင်ယေရှုအနေဖြင့် လိုအပ်မှုရှိပြီး၊ နားလည်နိုင်သည့် နူးညံ့သိမ်မွေ့မှုအရှိဆုံးသော သနားကြင်နာမှုနှုတ်တော်ထွက်တို့ကို မိန့်တော်မူခဲ့ပေလိမ့်မည်။ အသက်ဝိညာဉ်များတို့၏ရန်ဘက်တို့နှင့် လက်တစ်ကမ်းတိုက်ပွဲဆင်နွှဲခဲ့ရကြသော အခြားသောသူတို့နှင့်ပါ တွေ့ဆုံတော်မူခဲ့ပါသည်။ ဤသူတို့အား အပတ်တကုတ်ကြိုးစားကြရန်အတွက် တိုက်တွန်းနှိုးဆော်တော်မူခဲ့ပြီး၊ သူတို့အနေဖြင့် အမှန်တကယ်အောင်မြင်ကြမည်ဆိုခြင်းကို အခိုင်အမာမိန့်တော်မူခဲ့သည့်အပြင်၊ ဘုရားသခင်၏ကောင်းကင်တမန်တော်တို့သည် သူတို့ဘက်၌ရှိနေခဲ့ကြမည်ဖြစ်ကာ သူတို့အား အောင်ပွဲကိုပေးခဲ့ကြလိမ့်မည်ဖြစ်ပါသည်။

အခွန်ခံတို့၏စားပွဲတွင် ဂုဏ်ပြုခံရသောဧည့်သည်တော်တစ်ဦးအဖြစ်ဖြင့် နေရာပေးခြင်းခံတော်မူခဲ့ရပြီး၊ သူ၏ကရုဏာသက်ခြင်းနှင့်လူမှုရေးဆိုင်ရာအကြင်နာတရားတို့အားဖြင့် လူသားမျိုးနွယ်၏ဂုဏ်သိက္ခာနှင့် လူတို့က သူ၏ယုံစားမှုနှင့်ထိုက်တန်မှုရှိသည့်အနေအထားသို့ရောက်ရှိလာလိုကြသည့် သူတို့၏တောင့်တမှုတို့ကို အသိအမှတ်ပြုကြောင်း ပြသတော်မူခဲ့ပါသည်။ သူတို့၏အသက်စမ်းရေကို ဆာငတ်နေခဲ့ကြသော နှလုံးသားများအပေါ်သို့ ကောင်းချီးပေးခံခဲ့ရပြီး၊ အသက်စမ်းရေကိုပေးအပ်သည့် တန်ခိုးတော်တို့ဖြင့်အတိပြီးသော သူ၏နှုတ်တော်ထွက်တို့ကို ကျရောက်စေတော်မူခဲ့ပါသည်။ အသစ်သောစေ့ဆော်မှုတွန်းအားတို့သည် နိုးကြားမှုရှိလာခဲ့ကြပြီး၊ အသင်းအဖွဲ့၏ဤအပယ်ခံများတို့ထံသို့ ဖြစ်နိုင်ခြေရှိသောအသစ်သောအသက်တာတစ်ခုကို လှစ်ဟပြပေးခဲ့ပြီးဖြစ်ပါသည်။

ယုဒလူမျိုးတစ်ဦးဖြစ်တော်မူခဲ့သည့်တိုင် သခင်ယေရှုသည် ရှမာရိလူမျိုးများတို့နှင့် လွတ်လွတ်လပ်လပ်ရောနှောနေထိုင်တော်မူခဲ့ခြင်းဖြင့် သူ၏လူမျိုးထုံးတမ်းစဉ်လာများဖြစ်သည့် ဖာရိရှဲတို့၏ထုံးတမ်းဓလေ့တို့ကို အချည်းနှီးသောအနေအထားတွင်သာ သတ်မှတ်ထားတော်မူခဲ့ပါသည်။ ထိုဖာရိရှဲတို့၏မလိုမုန်းထားမှုရှေ့မှောက်တွင်ပင်၊



အထင်အမြင်သေးခံခဲ့ရကြသည့် ထိုရှမာရိလူ၏ဧည့်ဝတ်ကျေပွန်မှုကို လက်ခံတော်မူခဲ့ပါသည်။ သူတို့၏အိမ်အမိုးများအောက်တွင် သူတို့နှင့်အတူအိပ်ခဲ့တော်မူပြီး၊ သူတို့၏စားပွဲများတွင် သူတို့နှင့်အတူစားသောက်တော်မူခဲ့သော သူတို့ကိုယ်တိုင် သူတို့လက်များတို့ဖြင့် အစားအသောက်ပြင်ဆင်ပေးပြီး တည်ခင်းပေးခဲ့ကြရာတွင်လည်း သူကိုယ်တော်တိုင်ပူးပေါင်းလုပ်ဆောင်တော်မူခဲ့သည့်အပြင်၊ သူတို့၏လမ်းများတို့တွင် သွန်သင်ဆုံးမပေးတော်မူလျက် သူတို့အားအဆုံးစွန်သောကြင်နာတော်မူခြင်းနှင့် ယဉ်ကျေးသောအပြုအမူတို့ဖြင့် ပြုမူဆက်ဆံတော်မူခဲ့ပါသည်။ ထို့အပြင် လူသားတို့၏ကရုဏာစိတ်ထားအနှောင်အဖွဲ့အားဖြင့် သူတို့၏နှလုံးသားတို့ကို သူ့အထံတော်သို့ဆွဲခေါ်တော်မူပြီး၊ သူ၏ဘုန်းတော်ရှင်ဆိုင်ရာကရုဏာတော်သည် ယုဒလူမျိုးတို့က ငြင်းပယ်ထားခဲ့ကြသည့်ကယ်တင်ခြင်းကို သူတို့ထံသို့ယူဆောင်လာပေးခဲ့ပါသည်။ (“ကုသခြင်းဆိုင်ရာအမှုတော်ဆောင်ခြင်း” မူရင်းအင်္ဂလိပ်စာအုပ်၊ စာမျက်နှာ ၁၇–၂၆)။

## ဆရာတစ်ဆူအလားဖြစ်တော်မူသောသခင်ခရစ်တော်

ကမ္ဘာမြေကြီး၏ကယ်ချွတ်ရှင်သည် ဒေသစာရီလှည့်လည်တော်မူရင်း၊ ကောင်းမြတ်သောအရာကို လုပ်ဆောင်တော်မူခဲ့ပါသည်။ လူတို့ရှေ့မှောက်သို့ရောက်ရှိတော်မူသောအခါ၊ ထာဝရတည်တံ့မည့်သမ္မာတရားနှင့်ပတ်သက်သောနှုတ်တော်ထွက်တို့ကို သူတို့အားမြွက်ကြားတော်မူခဲ့ပြီး၊ စိတ်အားထက်သန်မှုအပြည့်ဖြင့် သူ၏ဟောပြောချက်တို့ကို နာကြားခဲ့ကြသည့်သူတို့၏မျက်နှာအနေအထားပြောင်းလဲမှုတို့ကို ကြည့်ရှုသုံးသပ်တော်မူခဲ့ပါသည်။ သူ၏နှုတ်တော်ထွက်တို့ကို နားထောင်ခဲ့ကြရခြင်းကြောင့် လေးနက်သည့်စိတ်ဝင်စားမှုနှင့်ပျော်ရွှင်မှုတို့ ပေါ်လွင်ထင်ရှားသည့်မျက်နှာများတို့ကို တွေ့ရှိခဲ့ရခြင်းဖြင့် သူ့အားကြီးမားသောကျေနပ်အားရမှုမျိုးကို ရရှိစေတော်မူခဲ့ပါသည်။ သမ္မာတရားတော်သည် သိသိသာသာကြီးပေါ်ပေါက်လာခဲ့ကာ အချို့သောအပြစ်တရား၊ သို့မဟုတ် ရုပ်တုတို့ကို ရင်ဝယ်ပိုက်ထားခဲ့ကြသည့်လူတို့ကိုတို့ထိသောအခါ၊ သူသည် ထိုသူတို့၏မျက်နှာအနေအထားပြောင်းလဲမှုကို အမှတ်အသားပြုတော်မူခဲ့ရာတွင် အေးတိအေးစက်ဖြင့် ခက်ထန်မှုရှိကာ၊ ကြောက်မက်ဖွယ်ရာကောင်းသောအကြည့်မျိုးဖြစ်သည့် မျက်နှာအနေအထားမျိုးရှိခဲ့ပါက၊ ထိုအနေအထားသည် သမ္မာတရား

တော်ကို ကြိုဆိုခြင်းမရှိသည့်မျက်နှာအနေအထားမျိုးဖြစ်ကြောင်းကို ပြောပြပေးခဲ့ရာ ရောက်ပါသည်။ သူ၏ဒေသနာတော်ကို နားကြားခဲ့ကြသည့်သူများတို့လိုအပ်ကြသည်မှာ အပြစ်ကိုပြတ်ပြတ်သားသားဖော်ထုတ်ပြသရန်ဖြစ်ပြီး၊ သူတို့၏စိတ်အတွေးများ၏ မှောင်မိုက်ဖြင့်အတိပြီးသော ကလိုင်များအတွင်းသို့ သူ၏နားလည်အောင်ရှင်းလင်းပြသမှုသည် သူတို့လက်ခံရရှိခဲ့ကြသည့် သူတို့အတွက်အကြီးမားဆုံးသောကောင်းချီးမင်္ဂလာတော်ဖြစ်ခဲ့ပေလိမ့်မည်။

သခင်ခရစ်တော်၏အမှုတော်သည် ရိုးစင်းသောနယ်နိမိတ်မျဉ်းများအတွင်း ချမှတ်ထားခဲ့ရန်ဖြစ်ပြီး၊ ရှင်းလင်းစွာနားလည်နိုင်ရန်အတွက်ပါဖြစ်ခဲ့ကာ အကယ်၍ နာခံလိုက်လျှောက်ခံရမှုရှိခဲ့ပါက သမ္မာတရားတို့သည် အသက်ဝိညာဉ်ထံသို့ ငြိမ်သက်ခြင်းနှင့်ရွှင်လန်းဝမ်းမြောက်မှုတို့ကို ဆောင်ယူလာခဲ့မည်ဖြစ်ပါသည်။ သူသည် ကမ္ဘာ့မျက်နှာပြင်၏အောက်အရပ်အထိ ရှုမြင်နိုင်တော်မူပြီး၊ အသက်တာနှင့်အကျင့်စရိုက်တို့ကို ဖျက်ဆီးပစ်နိုင်ကြသည့်အပြင် ဘုရားသခင်ထံတော်မှဝေးကွာသွားစေရန်အတွက် အသက်ဝိညာဉ်များတို့အား ပိတ်ပင်တားမြစ်မှုပြုကြသည့် တွယ်ဖက်ထားခြင်းခံရကြသည့် အပြစ်တရားများတို့ကိုလည်း တွေ့မြင်နိုင်တော်မူခဲ့ပါသည်။ ဤအပြစ်တရားများတို့ကို စစ်မှန်သောအလင်းတွင်မြင်တွေ့နိုင်ကြရန်အတွက်နှင့် ထိုအပြစ်တရားတို့ကို ပယ်ရှားပစ်ကြရန်အတွက် သခင်ခရစ်တော်က ထောက်ပြတော်မူခဲ့ပါသည်။ အချို့သောအပြင်ပန်းအားဖြင့် အခက်ထန်ဆုံးသောအမှုအရာကို ပြသခဲ့ကြသောသူတို့တွင် မျှော်လင့်ချက်ဖြင့်ပြည့်ဝသောအကြောင်းအရာတို့ကို သူသတိပြုမိတော်မူခဲ့ပါသည်။ သူတို့အနေဖြင့် သူ၏စစ်မှန်သောနောက်လိုက်တော်များအဖြစ်သို့ ရောက်ရှိလာကြစေမည့် အလင်းတော်ကိုတုံ့ပြန်ကြမည်ဆိုခြင်းကို သူသိရှိတော်မူခဲ့ပါသည်။

သခင်ခရစ်တော်၏ဒေသနာတော်ကို နားကြားခဲ့ကြသည့်သူတို့၏စိတ်နှလုံးတို့ကို သမ္မာတရား၏မြားတို့က ထိုးဖောက်ဝင်ရောက်ခဲ့ကြသည်အလျောက်၊ တစ်ကိုယ်ကောင်းဆန်မှု၏အတားအဆီးတို့ကိုထိုးဖောက်ပြီး အရှက်တကွဲဖြစ်မှုနှင့်နှလုံးကြေကွဲမှုတို့ကို ဖြစ်ပေါ်လာစေခဲ့ပါသော်လည်း နောက်ဆုံးတွင်ကျေးဇူးပြုတတ်သောစိတ်မျိုး ပေါ်ပေါက်လာခြင်းဖြင့် ကယ်တင်ရှင်၏စိတ်နှလုံးတော်ကို ဝမ်းမြောက်စေတော်မူခဲ့ပါသည်။ သခင်ခရစ်တော်သည် သူ၏ပတ်ပတ်လည်ရှိ သူ၏ဒေသနာတော်ကိုနားထောင်ကြသောလူအုပ်ကြီးအပေါ်သို့ သူ၏မျက်စိတော်ဖြင့်လွှမ်းခြုံလိုက်သောအခါ၊ သူ့အနေဖြင့် ယခင်အခမ်းအနားများတွင် သူမြင်တွေ့တော်မူခဲ့ရသည့်အတိုင်း အလားတူသည့်



မျက်နှာအနေအထားမျိုးကို သတိပြုတော်မူမိခြင်းဖြင့် ဤနေရာတွင် သူ၏နိုင်ငံတော်ကြီးအတွက် မျှော်လင့်ချက်အကြောင်းခြင်းရာတို့ပါရှိနေသည်ကို သတိမူမိတော်မူခဲ့ပါသည်။

သခင်ခရစ်တော်က သူ၏ကိုယ်စားအဖြစ် သူစေလွှတ်တော်မူသော သူ၏စေတမန်တော်များတို့အနေဖြင့် တူညီသောခံစားချက်များနှင့်တူညီသောစိတ်အားထက်သန်မှုရှိသည့် စိတ်ဝင်စားမှုမျိုးတို့ကို ထားရှိရကြပါမည်။ သူတို့၏လုပ်ဆောင်မှုသည် အသိအမှတ်ပြု၊ ဂုဏ်ပြုခြင်းမခံကြရသည့်စိတ်အထင်မျိုး သူတို့တွေးထင်ကြစေရန် စုံစမ်းသွေးဆောင်ခြင်းခံရကြသူများနှင့် စိတ်ဓာတ်ကျဆင်းစေရန် အဆင်းကိုတွန်းချခြင်းခံရကြသူများတို့အနေဖြင့် သခင်ယေရှုသည် သူတို့ကြုံတွေ့ခဲ့ရသော၊ သို့မဟုတ် သူတို့ရင်ဆိုင်ရကြဦးမည့် များပြားလှသည့်သည်းခံနိုင်ရန်ခဲယဉ်းလှသောအတွေ့အကြုံမျိုးတို့ကို ကိုင်တွယ်ဖြေရှင်းတော်မူရန်အတွက် မာကျောခိုင်မာသောစိတ်နှလုံးမျိုးရှိတော်မူသည်ဆိုခြင်းကို သတိရသင့်ကြပါသည်။ သူသည် လူအများတို့ကိုသည်းခံစိတ်ရှည်မှုရှိသော ချစ်ခြင်းမေတ္တာတော်ဖြင့် သင်ကြားပို့ချပေးတော်မူခဲ့ပါသည်။ သူ၏လေးနက်မှုရှိပြီး၊ စူးစူးစိုက်စိုက်ရှိလှသည့်ဉာဏ်ပညာတော်သည် သူ၏နှုတ်တော်ထွက်တို့ကို လာရောက်နားထောင်ခဲ့ကြသည့်သူတို့အတွင်းရှိ အသက်ဝိညာဉ်တိုင်းတို့၏လိုအပ်မှုများတို့ကို သိရှိတော်မူခဲ့ပြီး၊ သူ့အနေဖြင့် သူတို့အားလာရောက်ပေးတော်မူရန်ရှိခဲ့သည့် ငြိမ်သက်ခြင်းနှင့်ချစ်ခြင်းမေတ္တာတော်ဆိုင်ရာသတင်းစကားကို သူတို့ကငြင်းပယ်သည်ကို တွေ့မြင်တော်မူခဲ့ရသောအခါ၊ သူ၏စိတ်နှလုံးတော်သည် အလွန်နက်ရှိုင်းလှစွာဖြင့် မချိတင်ကဲခံစားတော်မူခဲ့ရပါသည်။

ကမ္ဘာမြေကြီး၏ကယ်ချွတ်ရှင်သည် အပြင်ပန်းအခင်းအကျင်း၊ သို့မဟုတ် လောကီရေးဉာဏ်ပညာတို့ဖြင့် လုပ်ဆောင်တော်မူခဲ့ခြင်းမဟုတ်ပါ။ လူတို့အနေဖြင့် လူသားမျိုးနွယ်တို့၏အယောင်အဆောင်ထားမှုအောက်တွင် ဘုရားသခင့်သားတော်၏ဘုန်းအာနုဘော်တော်ကို မြင်တွေ့နိုင်ခဲ့ခြင်းမရှိပါ။ သူ၏အကြောင်းနှင့်ပတ်သက်ပြီး၊ (ဟေရှာယ ၅၃း၃၊၂) တွင် သူသည်၊ “မထီမဲ့မြင်ပြုခြင်းကိုခံ၍၊ လူတို့တွင် အယုတ်ဆုံးသောသူဖြစ်၏။ ငြိုငြင်သောသူ၊ နာကြည်းခြင်းဝေဒနာနှင့်ကျွမ်းဝင်သောသူဖြစ်၏။” သူတို့တွင်၊ “သွေ့ခြောက်သောမြေ၌ပေါက်သောအတက်ကဲ့သို့လည်းကောင်း၊ . . ပမာဏပြုစရာအဆင်းတင့်တယ်ခြင်းမရှိ” ဟူ၍ဖော်ပြထားသည့်အပြင်၊ ချစ်လိုဖွယ်သောမျက်နှာလက္ခဏာနှင့်မပြည့်စုံသောသူဖြစ်ခဲ့ပါသည်။ သို့သော်လည်း သူက

(ဟေရှာယ ၆၁း၁) တွင်၊ "ထာဝရဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်မှာတည်တော်မူ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့အားဝမ်းမြောက်စရာသတင်းကို ကြားပြောစေခြင်းငှာ၊ ငါ့ကိုဘိသိက်ပေးတော်မူပြီ။ နှလုံးကြေကွဲသောသူတို့၏အနာကို စည်းစေခြင်းငှာလည်းကောင်း၊ ဖမ်းသွားချုပ်ထားလျက်ရှိသောသူတို့အား လွှတ်ခြင်းအကြောင်းနှင့် အကျဉ်းခံလျက်ရှိသောသူတို့အား ထောင်တံခါးဖွင့်ခြင်းအကြောင်းကိုပြစေခြင်းငှာလည်းကောင်း" ဟူ၍ ကြေညာတော်မူခဲ့ပါသည်။

လူတို့ရှိခဲ့လေသမျှသောနေရာတို့တွင် သခင်ခရစ်တော်ရောက်ရှိတော်မူခဲ့ပါသည်။ သူသည် တိကျပြတ်သားသောသမ္မာတရားတော်ကို သူတို့၏စိတ်အတွေးများအတွင်းသို့ ရိုးစင်းသောဘာသာစကားဖြင့် အထူးထူးသောတိုက်တွန်းဖိအားပေးမှုဖြင့် သွတ်သွင်းပေးတော်မူခဲ့ပါသည်။ နှိမ့်ချမှုရှိသောမရှိဆင်းရဲသားနှင့် ပညာအကင်းမဲ့ဆုံးသောသူတို့အနေဖြင့် သူ၏အပေါ်တွင်ထားရှိသောယုံကြည်ခြင်းအားဖြင့် ချီးမြှောက်ခြင်းအခံရဆုံးသောသမ္မာတရားများတို့ကို ပိုင်းခြား၍သိရှိနိုင်ကြမည်ဖြစ်ပါသည်။ သူ၏ဆိုလိုတော်မူချက်အတိုင်း၊ တတ်ကျွမ်းသောသမားတော်တို့ကို မည်သူကမျှအကြံပြုစရာမလိုပါ။ ပဟေဠိဆန်သောဆိုလိုချက်များ၊ သို့မဟုတ် ကျင့်သားမရသောစကားလုံးများနှင့် အသိဉာဏ်ကြွယ်ဝသောစကားလုံးများတို့ကိုအသုံးပြုခြင်းအပေါ် တတ်သိနားလည်နိုင်ခြင်းမရှိခဲ့ကြသည့် သူတို့၏အသိဉာဏ်နည်းပါးခြင်းအပေါ်၊ သခင်ခရစ်တော်အနေဖြင့် စိတ်ရှုပ်ထွေးမှုမျိုးကိုခံစားတော်မူခဲ့ရခြင်းမရှိပါ။ ကမ္ဘာမြေကြီးက၊ အကြီးကျယ်ဆုံးသောဆရာကဝိကြီးအဖြစ်သိရှိထားခြင်းခံရသည့် သခင်ခရစ်တော်ထံတွင် တိကျသေချာပြီး၊ ရိုးရှင်းကာ၊ လက်တွေ့ကျသည့်ညွှန်ကြားချက်မျိုးရှိတော်မူပါသည်။

(ယောဟန် ၁း၉) တွင်၊ "ဟုတ်မှန်သောအလင်းမူကား၊ ဤလောကသို့ကြွလာလျက် ခပ်သိမ်းသောလူအပေါင်းတို့အား အလင်းကိုပေးသောသူဖြစ်သတည်း" ဟူ၍ ဖော်ပြထားပါသည်။ ဧရာမဉာဏ်နှင့်အံ့သြဖွယ်သောသုတေသနပြုကြသောသူများ၊ အတွေးအခေါ်ကိုတက်ကြွမှုရှိစေပြီး ဗဟုသုတဆိုင်ရာကြီးမားလှသောနယ်ပယ်မြင်ကွင်းကို ဖွင့်ဟပေးခဲ့ကြသည့်သူများ၊ ထို့အပြင် ထိုကဲ့သို့သောသူများတို့ကို သူတို့၏တိုင်းရင်းသားလူမျိုးစုတို့အတွက် ဦးဆောင်ပဲ့ပြင်ပေးသူများနှင့်အကျိုးတော်ဆောင်များအဖြစ်ဖြင့် ဂုဏ်ပြုခံရကြသောသူတို့ကဲ့သို့သော ကြီးကျယ်လှသည့်သင်ကြားပို့ချပေးသည့်ဆရာများ၊ ဤကမ္ဘာကြီးတွင်ရှိနေပါသည်။ ထိုကဲ့သို့သောဆရာများတို့ထက် အဆင့်မြင့်မြင့်မားမားဖြင့် ရပ်တည်တော်မူသောဆရာတစ်ဆူရှိနေတော်မူပါသည်။



ငင်းနှင့်ပတ်သက်ပြီး (ယောဟန် ၁း၁၂၊၁၈) တွင်၊ "ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော. . . ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကိုရကြလိမ့်မည်။" "ဘုရားသခင်ကိုအဘယ်သူမျှမမြင်စဖူးသော်လည်း၊ ခမည်းတော်၏ရင်ခွင်၌ရှိသော တစ်ပါးတည်းသောသားတော်သည် ဘုရားသခင်ကိုထင်ရှားစေတော်မူပြီ" ဟူ၍ဖော်ပြထားပါသည်။

လူ့သမိုင်းကိုနောက်ပြန်လှည့်ကြည့်ပြီး မှတ်တမ်းတို့ကိုအကျယ်ချဲ့နိုင်လျှင်ချဲ့နိုင်ကြသလောက်၊ ကမ္ဘာမြေကြီး၏ကြီးကျယ်သောသင်ကြားပို့ချသူဆရာများတို့၏အကြောင်းတို့ကို ကျွန်ုပ်တို့ကောက်ကြောင်းဆွဲခြေရာခံနိုင်ကြပါသော်လည်း၊ "အသင်းတော်" မှာမူ သူတို့ထက်အလျင်အဦးတွင်ရှိတော်မူခဲ့ပါသည်။ စကြဝဠာ၏လနှင့်ကြယ်များတို့သည် နေမင်းကြီး၏အလင်းနှင့်တန်ပြန်မှုအားဖြင့် လင်းလဲ့တောက်ပနေကြသည့်နည်းတူ၊ ကမ္ဘာကြီး၏ကြီးကျယ်လှသည့်တွေးခေါ်ပညာရှင်တို့၏သင်ကြားပို့ချမှုတို့သည် မှန်ကန်မှုရှိသမျှကာလပတ်လုံး သူတို့သည် ဖြောင့်မတ်ခြင်းတရားတော်နေမင်းကြီး၏အလင်းတန်းများတို့ကို ရောင်ပြန်ဟပ်ပေးကြပါမည်။ တွေးခေါ်မှုဆိုင်ရာရတနာတိုင်း၊ ဉာဏ်ရည်ဉာဏ်စွမ်း၏လျှပ်တစ်ပြက်မီးရောင်တိုင်းတို့သည် ကမ္ဘာကြီး၏အလင်းတော်မှမြစ်ဖျားခံလာပါသည်။

## ကျွန်ုပ်တို့၏ခေတ်ကာလအတွက်သင်ခန်းစာတစ်ခု

ဧနောက်နှင့်ဗတ္တိဇံဆရာယောဟန်တို့၏အတွေ့အကြုံတို့သည် ကျွန်ုပ်တို့အနေဖြင့် မည်ကဲ့သို့အတွေ့အကြုံမျိုးရှိသင့်ကြသည်ဆိုခြင်းကို ကိုယ်စားပြုပြထားပါသည်။ ကျွန်ုပ်တို့က လက်ရှိလုပ်ဆောင်နိုင်ကြသည်ထက် ပို၍လုပ်ဆောင်နိုင်ရန်အတွက်၊ တစ်ယောက်က သေခြင်းတရားနှင့်မကြုံခဲ့ရဘဲ ကောင်းကင်နိုင်ငံသို့ဘဝပြောင်းသွားခဲ့သောသူနှင့် နောက်တစ်ယောက်မှာမူ၊ သခင်ခရစ်တော်၏ဤလောကသို့ပထမအကြိမ်ပေါ်ထွန်းတော်မူရာတွင် သူ၏လမ်းခရီးတော်ဖြောင့်ဖြူးရေးအတွက် ထာဝရဘုရား၏လမ်းကြောင်းတော်ကိုပြင်ဆင်ထားပေးရန် ခေါ်တော်မူခြင်းခံခဲ့ရသောသူတို့နှစ်ယောက်၏အသက်တာတို့ကို ကျွန်ုပ်တို့ကလေ့လာသင်ယူကြရမည်ဖြစ်ပါသည်။

### ဧနောက်၏အတွေ့အကြုံ

ဧနောက်အကြောင်းကိုရေးသားဖော်ပြထားရာတွင် သူသည် အသက်ခြောက်ဆယ်ငါးနှစ်တွင် သားတစ်ယောက်ကိုရရှိခဲ့ပြီးသည့်နောက်၊ ဘုရားသခင်နှင့်အတူတကွ

နှစ်ပေါင်းသုံးရာတိုင်တိုင် လျှောက်လှမ်းခဲ့ပါသည်။ ထိုနှစ်များတို့၏အစောပိုင်းကာလများတွင် ဧနောက်သည် ဘုရားသခင်ကိုချစ်ကြောက်ရိုသေမှုရှိခဲ့ပြီး၊ သူ၏ပညတ်တော်တို့ကို စောင့်ရှောက်ထိန်းသိမ်းခဲ့ပါသည်။ သူ၏ပထမဆုံးသောသားဖွားမြင်ခဲ့ပြီးနောက် သူသည် ပိုမိုမြင့်မားသည့်အတွေ့အကြုံတစ်ရပ်သို့ရောက်ရှိလာခဲ့ပြီးနောက်၊ ဘုရားသခင်နှင့်ပိုမိုနီးကပ်လာသည့်ဆက်ဆံရေးဆီသို့ တွန်းပို့ခံခဲ့ရပြီးသားဖြစ်သွားခဲ့ပါသည်။ ကလေးငယ်လေးက သူ့ဖခင်အပေါ်ထားရှိသောချစ်ခြင်းမေတ္တာကို တွေ့မြင်ခဲ့ရသည်တွင် ဖခင်တစ်ဦးဖြစ်သောသူ၏ကာကွယ်မှုအပေါ် အခြေခံကျသည့်ယုံကြည်အားကိုးမှုအဖြစ်ရှုမြင်လာကာ၊ သူ၏သားဦးအပေါ် သူ၏နှလုံးသားအတွင်း လေးနက်သည့်တမ်းတမ်းတတကြင်နာသနားခြင်းခံစားချက်ရှိခဲ့ခြင်းဖြင့် သူ၏သားတော်ကိုပေးအပ်တော်မူသည်အထိ လူတို့အပေါ်ထားရှိတော်မူသည့် ဘုရားသခင်၏အံ့သြဖွယ်သောချစ်ခြင်းမေတ္တာတော်နှင့် ဘုရားသခင်၏သားသမီးတော်တို့သည် သူတို့၏ကောင်းကင်ဘုံအရှင်အဖခမည်းတော်ထံတွင် နားခိုကြမည်ဆိုခြင်းအတွက် ဘုရားသခင်၏ကျေနပ်နှစ်သိမ့်တော်မူခြင်းအကြောင်းတို့နှင့်ပတ်သက်သည့် အဖိုးထိုက်လှသည့်သင်ခန်းစာကိုသင်ကြားရယူနိုင်ခဲ့ပါသည်။ သခင်ခရစ်တော်အားဖြင့်ပြသတော်မူသော အကန့်အသတ်မဲ့ပြီး သဘောပေါက်နားလည်၍မရနိုင်သည့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်သည် သူ၏နေ့ရောညပါ တရားအားထုတ်ခြင်းနှင့်ပတ်သက်သည့်ဘာသာရပ်အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ သူ့အသက်ဝိညာဉ်၏အားလုံးသောစိတ်အားထက်သန်မှုတို့ဖြင့် သူကျင်လည်ခဲ့ရသည့်လူတို့အတွင်း၊ ထိုဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကိုထင်ရှားစေရန် ကြိုးပမ်းရှာကြံခဲ့ပါသည်။

ဧနောက်၏ဘုရားသခင်နှင့်အတူလျှောက်လှမ်းခြင်းသည် အိပ်မွေ့ချခံထားရသူကဲ့သို့ မိန်းမောခြင်း၊ သို့မဟုတ် အိပ်မက်ရူပါရုံတို့အားဖြင့်မဟုတ်မူဘဲ သူ၏နေ့စဉ်အသက်တာတွင်ထမ်းဆောင်ခဲ့ရသည့်တာဝန်အတွင်း၌ လျှောက်လှမ်းခဲ့ခြင်းဖြစ်ပါသည်။ သူသည် မိမိကိုယ်ကိုကမ္ဘာမြေကြီးမှ လုံးလုံးလျားလျားတံခါးပိတ်ထားသည့် ရသေ့ကြီးတစ်ယောက်အဖြစ်သို့ ရောက်ရှိခဲ့ခြင်းမရှိဘဲ၊ ကမ္ဘာပေါ်တွင် ဘုရားသခင်အတွက်လုပ်ဆောင်ရမည့်အလုပ်ကိုသာ လုပ်ဆောင်ခဲ့ပါသည်။

သူ၏မိသားစုအတွင်းနှင့် လူအများတို့နှင့်သူ၏ကူးလူးဆက်ဆံမှုများတို့တွင် သူသည် ခင်ပွန်းသည်နှင့်ဖခင်တစ်ဦး၊ မိတ်ဆွေတစ်ဦး၊ နိုင်ငံသားတစ်ဦးအဖြစ်ဖြင့်





ရှိနေခဲ့ပြီး ဘုရားသခင်၏တည်ကြည်ခိုင်မြဲပြီး တွေဝေယိမ်းယိုင်ခြင်းမရှိသည့်အစေခံတစ်ဦးအဖြစ် ရှိနေခဲ့ပါသည်။

တက်ကြွမှုရှိသည့် ကြိုးပမ်းဆောင်ရွက်မှုအသက်တာအတွင်း၊ ဧနောက်သည် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့မှုကို ခိုင်ခိုင်မာမာဖြင့်ထိန်းသိမ်းထားခဲ့ပါသည်။ သူ၏လုပ်ဆောင်မှုများအပေါ် ကြီးမားပြီးပိုမိုများပြားလှသည့်ဖိအားပေးမှုရှိလာသောအခါ၊ စဉ်ဆက်မပြတ်စိတ်အားထက်သန်စွာဖြင့်လုပ်ဆောင်ခဲ့သောအရာမှာ သူ၏ဆုတောင်းခြင်းများပင်ဖြစ်ပါသည်။ ဆက်လက်၍သူသည် အားလုံးသောအသင်းအဖွဲ့များတို့နှင့်အတန်ငယ်သောအချိန်ကာလတစ်ခုအထိ မိမိကိုယ်ကိုကင်းကွာအောင်လုပ်ဆောင်ခဲ့ပါသည်။ တစ်ခုသောအချိန်အတိုင်းအတာတစ်ခုအထိ၊ လူအများတို့အားညွှန်ကြားမှုနှင့်စံနမူနာပေးကမ်းပြသခြင်းဖြင့် အကျိုးခံစားမှုရရှိစေအောင် ဆောင်ရွက်ခဲ့ပြီးသည်နောက်ဘုရားသခင်တစ်ပါးတည်းကသာလျှင် ဝေငှပေးနိုင်တော်မူသော ဘုန်းတော်ရှင်ဆိုင်ရာနားလည်နိုင်စွမ်းကို ဆာငတ်ခင်မွတ်ရန်အတွက် တစ်ရာသီကြာမျှ တစ်ကိုယ်တည်းအဖြစ် လူသူနှင့်ဝေးရာသို့ထွက်ခွာသွားခဲ့ရပေလိမ့်မည်။

ဤကဲ့သို့ဘုရားသခင်နှင့်လက်ပွန်းတတီးရှိနေခဲ့ခြင်းဖြင့် ဧနောက်သည် ဘုန်းတော်ရှင်၏ပုံရိပ်ကို ပို၍ပို၍ရောင်ပြန်ဟပ်စေခဲ့ပါသည်။ သခင်ယေရှု၏မျက်နှာတော်တွင် ထွန်းလင်းတောက်ပခဲ့သကဲ့သို့ သူ၏မျက်နှာသည် သန့်ရှင်းမြင့်မြတ်သောအလင်းဖြင့် ဖြာထွက်ခဲ့ပါသည်။ ဤကဲ့သို့သောဘုန်းတော်ရှင်နှင့် တစ်စိတ်တစ်ဝမ်းတည်းရှိနေသည့်အနေအထားမှ ပေါ်ထွက်လာခဲ့မှုကြောင့် ဘုရားတရားမကြည်ညိုကြသောသူတို့ကပင်လျှင် သူ၏မျက်နှာပေါ်တွင်ပေါ်လွင်နေခဲ့သည့် ကောင်းကင်နိုင်ငံတော်၏သွင်ပြင်ကို အံ့သြတကြီးဖြင့်ရှုမြင်ခဲ့ကြပါသည်။ သူ၏ယုံကြည်ခြင်းသည် ခိုင်ခိုင်မာမာဖြင့်ပုံသွင်းမှုရှိခဲ့ပြီး၊ သူ၏ချစ်ခြင်းမေတ္တာသည် ပိုမို၍ထက်သန်တက်ကြွလာခဲ့မှုသည် ရာစုနှစ်ပေါင်းများစွာကြာညောင်းခဲ့ပါသည်။ ဆုတောင်းခြင်းသည် သူ့အတွက်အသက်ဝိညာဉ်၏ထွက်သက်ဝင်သက်အဖြစ်ရှိခဲ့ပါသည်။ သူသည် ကောင်းကင်နိုင်ငံတော်၏ဝန်းကျင်လေထုထဲတွင် နေထိုင်ခဲ့သူဖြစ်ပါသည်။

သူ၏မြင်ကွင်းထဲတွင် အနာဂတ်၏မျက်မှောက်မြင်ကွင်းများတို့သည် ပေါ်လွင်ခဲ့ပြီးနောက်၊ ဧနောက်သည် ဖြောင့်မတ်ခြင်းတရားအကြောင်းကိုဟောကြားသူအဖြစ်သို့ရောက်ရှိသွားခဲ့ကာ၊ သတိပေးစကားများတို့ကိုကြားလိုခဲ့ကြသည့်လူအားလုံးတို့ထံသို့ဘုရားသခင်၏သတင်းစကားတော်ကို သယ်ဆောင်ပေးခဲ့ပါသည်။ ဘုန်းတော်ရှင်၏

မျက်မှောက်တော်မှ ကာဣနကထွက်ပြေးသွားရန်ကြိုးပမ်းခဲ့သည့်ပြည်တွင် ဘုရားသခင်၏ပုရောဖက်တော်သည် သူ၏ရူပါရုံတွင်ထင်ရှားခဲ့သည့် အံ့ဩဖွယ်ရာမျက်မှောက်မြင်ကွင်းများတို့ကို အသိပေးခဲ့ပါသည်။ သူက (ယုဒသြဝါဒစာ ၁း၁၄၊၁၅) တွင်၊ ". . . မတရားသောသူတို့သည် မတရားသဖြင့်ပြုသောအဓမ္မအမှုရှိသမျှတို့၏အပြစ်ကိုလည်းကောင်း၊ မတရားသောလူဆိုးတို့သည် ဘုရားသခင်ကိုပြစ်မှား၍ပြောသောကြမ်းတမ်းသောစကားရှိသမျှတို့၏အပြစ်ကိုလည်းကောင်း ဖော်ပြခြင်းငှာ၊ အတိုင်းမသိများစွာသော မိမိသန့်ရှင်းသူတို့နှင့်တကွ ကြွလာတော်မူလိမ့်မည်" ဟူ၍ကြေညာခဲ့ပါသည်။

ဘုရားသခင်သည် သူ၏အစေခံတော်ဖြင့် ပြုပြင်တော်မူခဲ့သောသူ၏တန်ခိုးတော်အကြောင်းကို ကြားသိခဲ့ရကြသောသူတို့သည် ထိုတန်ခိုးတော်ကိုခံစားသိရှိခဲ့ရကြပါသည်။ အချို့သောသူတို့သည် သတိပေးချက်ကိုအလေးထားဂရုပြုခဲ့ကြပြီး၊ သူတို့၏အပြစ်များတို့ကိုပစ်ပယ်ခဲ့ကြသော်လည်း အများစုတို့မှာမူ လေးနက်ခန့်ညားသည့်သတင်းစကားကို ရယ်သွမ်းသွေးခဲ့ကြပါသည်။ ဘုရားသခင်၏အစေခံတော်များတို့သည် အလားတူသောသတင်းစကားတစ်ခုကို နောက်ဆုံးသောကာလနေ့ရက်များတို့တွင် ကမ္ဘာမြေပေါ်သို့သယ်ပိုးရကြမည်ဖြစ်ပြီး၊ မယုံကြည်သူများနှင့်ရယ်သွမ်းသွေးကြသူများအပါအဝင် လူအများစုကလည်း လက်ခံရရှိလာကြပေလိမ့်မည်။

တစ်နှစ်ပြီးတစ်နှစ်ကုန်လွန်သွားခဲ့ပြီးနောက် လူသားတို့၏အပြစ်ပြုမှုတို့သည် ဒီရေအလားလွန်ကဲသည်ထက်လွန်ကဲလာခဲ့ကာ ဘုန်းတော်ရှင်၏တရားဆုံးဖြတ်တော်မူခြင်းကို ဖျက်လိုဖျက်ဆီးလုပ်မှုများတို့သည် မှောင်မိုက်သည်ထက် မှောင်မိုက်လာအောင်စုဖွဲ့မှုရှိလာခဲ့ကြပါသည်။ သို့သည့်တိုင် ယုံကြည်ခြင်း၏သက်သေခံဖြစ်သူဧနောက်သည် သူ၏လမ်းစဉ်ကိုသာဆုပ်ကိုင်ထားခဲ့ပြီး သတိပေးခြင်း၊ အကျိုးသင့်အကြောင်းသင့်ရှင်းပြခြင်း၊ သင်ကြားပို့ချခြင်းတို့ဖြင့် အပြစ်ပြုခြင်းဆီသို့ဦးတည်သည့်ရေစီးကြောင်းကို ပြန်လည်ဦးလှည့်စေလျက် လျင်မြန်စွာနှင့်လက်တုံ့ပြန်မှုတို့ကိုတုံ့ဆိုင်းသွားအောင်ကြိုးပမ်းခဲ့ပါသည်။

ဧနောက်ခေတ်ကာလရှိ လူ့မျိုးဆက်တို့သည် ရွှေငွေစုဆောင်းသိုမှီးခြင်းမရှိသော၊ သို့မဟုတ် ထိုအချိန်ကာလက သူ၏ပိုင်ဆိုင်မှုများတို့ကို တိုးပွားများပြားလာအောင် ကြိုးပမ်းလုပ်ဆောင်ခဲ့ခြင်းမရှိသည့်သူ့အား မိုက်မဲသူအဖြစ်သဘောထားကြကာ၊ ပြက်ရယ်ပြုခဲ့ကြပါသည်။ သို့သော်လည်း ဧနောက်၏စိတ်နှလုံးထဲတွင်မှာမူ ထာဝရ



တည်တံ့မည့်ရတနာများတို့ကိုသာ စွဲလမ်းမှုရှိခဲ့ပါသည်။ သူသည် အာကာသကောင်းကင်ရှိ မြို့တော်ကြီးကိုသာ မျှော်မှန်းတမ်းတခဲ့ပါသည်။ သူသည် ဇိအုန်မြို့တော်၏အလယ်ခေါင်တွင် သူ၏ဘုန်းအာနုဘော်တော်နှင့်တည်နေတော်မူသော ရှင်ဘုရင်ကြီးကိုမြင်တွေ့ခဲ့ရပြီးဖြစ်ပါသည်။ သူ့အနေဖြင့် ပိုမိုကြီးမားသည့်မတရားမှုကိုတွေ့လာခဲ့ရလေ၊ ဘုရားသခင်၏အိမ်တော်ကိုတမ်းတသည့်စိတ်က ပိုမိုထက်သန်လာလေဖြစ်ခဲ့ပါသည်။ ကမ္ဘာမြေပေါ်တွင်ရှိနေခဲ့သည့်ကာလအတွင်း သူသည် အလင်းတော်၏အသိပညာနယ်ပယ်များအတွင်းတွင် ယုံကြည်ခြင်းအားဖြင့် တည်တည်ငြိမ်ငြိမ်နေထိုင်ခဲ့ပါသည်။

(မဿဲ ၅း၈) တွင်၊ "စိတ်နှလုံးဖြူစင်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဘုရားသခင်ကိုမြင်ရကြလတ္တံ့" ဟူ၍ ဖော်ပြထားပါသည်။ ကောင်းကင်နိုင်ငံတော်၏အနေအထားနှင့် ဟန်ချက်ညီညီလိုက်လျောညီထွေမှုရှိစေရန်အတွက် ဧနောက်သည် နှစ်ပေါင်းသုံးရာမျှစိတ်နှလုံး၏ဖြူစင်သန့်ရှင်းမှုကိုကြိုးပမ်းရယူခဲ့ပါသည်။ ရာစုနှစ်ပေါင်းသုံးစုတာကာလအတွင်း သူသည် ဘုရားသခင်နှင့်အတူလျှောက်လှမ်းခဲ့ပါသည်။ ဧနောက်အား ဘုရားသခင်သည် သူ၏ထံတော်သို့ခေါ်တော်မူသည့်နေ့အထိ ဧနောက်သည် ဘုရားသခင်နှင့်တစ်နေ့တခြားပိုမိုနီးကပ်စွာပေါင်းစည်းမှုကိုတောင့်တလာခဲ့ပြီး၊ အချိန်နီးလာသည်ထက်နီးလာလေလေ၊ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့နိုင်ရန် ပိုမို၍ရင့်ကျက်မှုရှိလာခဲ့ပါသည်။ သူသည် ထာဝရတည်တံ့မည့်ကမ္ဘာမြေကြီး၏ဖိနပ်ချွတ်တွင် မတ်တတ်ရပ်နေခဲ့ပြီး သူနှင့်ကောင်းချီးမင်္ဂလာပြည်တော်စပ်ကြား အလှမ်းကွာမှုသည် ခြေတစ်လှမ်းစာသာရှိခဲ့ကာ၊ ယခုအခါတွင်မူအပေါက်ဝများတို့သည် ပွင့်ဟလာခဲ့လျက်၊ ဤမျှလောက်ကမ္ဘာပေါ်တွင် ဘုရားသခင်နှင့်အတူတကွလျှောက်လှမ်းခြင်းကို ဆက်လက်လုပ်ဆောင်ခဲ့ခြင်းဖြင့် သူသည် လူသားများအနက်၊ အဦးဆုံးသောသူအဖြစ် သန့်ရှင်းသောမြို့တော်ကြီး၏မြို့ဝင်တံခါးမကြီးများအတွင်းသို့ ကျော်ဖြတ်ဝင်ရောက်သွားခဲ့သောသူဖြစ်လာခဲ့ပါသည်။ (ဟေဗြဲ ၁၁း၅) တွင်၊ "ဧနောက်သည် ယုံကြည်ခြင်းအားဖြင့် သေခြင်းနှင့်လွတ်၍ဘဝပြောင်းရ၏။. . သူသည် ဘဝမပြောင်းမီ ဘုရားသခင်၏စိတ်တော်နှင့်တွေ့သောသူဖြစ်သည်ဟု သက်သေခံခြင်းကိုရလေ၏" ဟူ၍ဖော်ပြထားပါသည်။

ဤကဲ့သို့သောဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းမျိုးကို လုပ်ဆောင်ကြရန်အတွက်၊ ဘုရားသခင်က ကျွန်ုပ်တို့အားခေါ်တော်မူနေပါသည်။ သခင်ဘုရားဒုတိယအကြိမ်ကြွလာတော်မူသောအခါ၊ လူသားတို့အတွင်းမှကယ်ချွတ်တော်မူခြင်းကိုခံရကြမည့်

လူတို့အနေဖြင့် ဧနောက်ကျင့်သုံးခဲ့သကဲ့သို့ သူတို့၏အကျင့်စရိုက်တို့သည် မြင့်မြတ်သန့်ရှင်းခြင်းရှိရကြပါလိမ့်မည်။

## ဗတ္တိဇံဆရာယောဟန်၏အတွေ့အကြုံ

ဗတ္တိဇံဆရာယောဟန်၏တောတွင်းနေထိုင်သည့်အသက်တာသည် ဘုရားသခင်၏သင်ကြားပို့ချတော်မူခဲ့မှုဖြစ်ပါသည်။ သဘာဝအတွင်းရှိ ဘုရားသခင်၏ဗျာဒိတ်ရူပါရုံတော်များအကြောင်းတို့ကို သူလေ့လာသင်ယူခဲ့ပါသည်။ ဘုန်းတော်ရှင်၏ဝိညာဉ်တော်ဦးဆောင်ပဲ့ပြင်တော်မူခြင်းအောက်တွင် သူသည် ပုရောဖက်များတို့၏အနာဂတ္တိဟောပြောချက်စာလိပ်တို့ကို လေ့လာသင်ယူခဲ့ပါသည်။ သူ၏စိတ်အတွေးနှင့်နှလုံးသား၊ ထို့အပြင် သူ၏အသက်ဝိညာဉ်တို့သည် ဘုန်းအသရေတော်နှင့်ပြည့်စုံသောရူပါရုံတို့နှင့်ပြည့်ဝလာခဲ့သည်အထိ၊ သူသည် နေ့ရောညပါကျင့်ကြံခဲ့ရာတွင် သခင်ခရစ်တော်သည် သူ၏လေ့လာသင်ယူစရာ၊ တရားကျင့်ကြံအားထုတ်စရာအဖြစ် ရှိနေခဲ့ပါသည်။

သူသည် ရှင်ဘုရင်ကြီး၏တင့်တယ်တော်မူခြင်းကိုသာ အာရုံပြုခဲ့သည်အလျောက် ကိုယ်ကျိုးဆန်မှုကိုလည်း မျက်ကွယ်ပြုနိုင်ခဲ့ပါသည်။ သူသည် သန့်ရှင်းမြင့်မြတ်တော်မူခြင်း၏တန်ခိုးအာနုဘော်တော်ကိုလည်း လှမ်းမျှော်ကြည့်ရှုခဲ့ပြီးနောက်၊ မိမိကိုယ်ကို မိမိအမင်္ဂလာရှိပြီး ထိုက်တန်မှုမရှိသောသူအဖြစ်ဖြင့် သိရှိလာခဲ့ပါသည်။ သူ့အနေဖြင့် ဘုရားသခင်၏သတင်းစကားတော်ကို ကြေညာပေးရန်ရှိခဲ့ပါသည်။ ထိုကြောင့် သူ့အနေဖြင့် ခိုင်ခိုင်မာမာရပ်တည်နိုင်ရန်မှာ ဘုရားသခင်၏တန်ခိုးတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်အပေါ်တွင် တည်မှီခဲ့ပါသည်။ လူတို့က သူ့အားမလေးမစားရှုမြင်ခဲ့ကြသည့်တိုင် ကောင်းကင်နိုင်ငံတော်ဆိုင်ရာစေတမန်ကြီးအဖြစ် သွားရောက်ရန်အဆင်သင့်ရှိခဲ့ရခြင်းမှာ သူသည် ဘုန်းတော်ရှင်အပေါ်အာရုံပြုခဲ့ခြင်းကြောင့်ဖြစ်ခဲ့ပါသည်။ လောက၏ဧကရာဇ်မင်းများတို့၏ရှေ့မှောက်တွင် အကြောက်အရွံ့ကင်းစွာဖြင့်ရပ်တည်နိုင်ခဲ့ရခြင်းမှာ၊ သူသည် ဘုရင်တကာတို့၏ဘုရင်ကြီးအား ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ဦးညွှတ်ရှိခိုးခဲ့ခြင်းကြောင့်ဖြစ်ပါသည်။

ယောဟန်သည် သူ၏သတင်းစကားကိုကြေညာခဲ့ရာတွင် မည်သည့်အသေးစိတ်စီစဉ်ပြင်ဆင်ထားသည့်ငြင်းခုံမှုများ၊ သို့မဟုတ် ကြီးကျယ်လှသောမဟုတ်တမ်းတရမ်းသဘောတရားအဆိုအမိန့်များတို့ဖြင့် ကြေညာခဲ့ခြင်းမရှိခဲ့ပါ။ အလန့်တကြားဖြစ်စေခဲ့ပြီး တင်းမာခက်ထန်လှသည့်တိုင် မျှော်လင့်ချက်အပြည့်အဝရှိသည့် သူ၏



အသံကို တောကြီးကန္တာရအတွင်းမှကြားသိခဲ့ရရာတွင် (မဿဲ ၃း၁၊၂) ၌၊ “ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ။ ထိုကြောင့် နောင်တရကြလော့” ဟူ၍ဖော်ပြထားပါသည်။ သစ်လွင်ပြီးဆန်းကြယ်သောတန်ခိုးတော်အားဖြင့် လူတို့ကိုတိုက်တွန်းစေ့ဆော်ခဲ့ပါသည်။ ယုဒတစ်နိုင်ငံလုံးကို နိုးထလာစေခဲ့ပါသည်။ မြောက်မြားလှစွာသောလူတို့သည် ဗတ္တိဇံဆရာယောဟန်ရှိရာတောတွင်းသို့ စုဝေးရောက်ရှိခဲ့ကြပါသည်။

အနီးဝန်းကျင်တိုင်းနိုင်ငံများမှ ပညာမဲ့လယ်သမားများနှင့်တံငါသည်များ၊ ဟေရုဒ်မင်းကြီး၏စစ်တန်းလျားများတို့မှ ရောမစစ်သည်တော်များနှင့် သူတို့၏ဘေးဘက်တွင် သူတို့၏ဓားလက်နက်တို့ကိုချိတ်ဆွဲထားကြသောလူအကြီးအကဲများတို့သည် တော်လှန်ပုန်ကန်မှုသဘောသက်ရောက်သည့် ဖြစ်နိုင်ခြေရှိမှုတို့ကိုနှိမ်နင်းရန်အတွက် အဆင်သင့်ရှိခဲ့ကြပြီး၊ သူတို့၏အကောက်ရုံးများတွင်ရှိနေခဲ့ကြသည့် မတော်လောဘတက်ကြသည့်အခွန်ကောက်ခံသူများတို့အပြင် လက်ဖွဲ့၊ အဆောင်တို့ကိုဆင်မြန်းထားကြသည့် ယုဒလူမျိုးတို့၏အုပ်ချုပ်ရေး၊ ဥပဒေပြုရေးကောင်စီတွင်ပါဝင်ခဲ့ကြသည့် ယဇ်ပုရောဟိတ်များတို့သည် အညှို့ခံခဲ့ရကြသည့်အလား ဗတ္တိဇံဆရာယောဟန်၏စကားတို့ကို နားထောင်ခဲ့ကြကာ၊ အေးစက်စက်သဘောထားရှိကြပြီး မနှစ်မြို့ဖွယ်သောလှောင်ပြောင်မှုတို့ဖြင့် အားလုံးသောဖာရိရှဲတို့နှင့်ဇဒ္ဒုကဲတို့မှာမူ သရော်သောတိတ်ဆိတ်မှုဖြင့် ထွက်သွားခဲ့ကြရင်း၊ သူတို့၏အပြစ်များတို့သည် သူတို့၏နှလုံးသားထဲသို့ ကူးပြောင်းဝင်ရောက်သွားသည့်ခံစားမှုမျိုးကိုပါ ခံစားခဲ့ရကြပါသည်။ မောက်မာမှုရှိခဲ့ပြီး၊ အပြစ်နွံတွင်းနစ်မြုပ်နေခြင်းဖြင့် အရေထူနေခဲ့သောအုပ်စိုးသူဟေရုဒ်မင်းကြီးသည်လည်း သူ၏နန်းတော်တွင်းတွင်နန်းထိုင်ရင်း၊ နောင်တတရားပြန်လည်ရရန်ခေါ်တော်မူခြင်းသတင်းစကားကိုကြားသိခဲ့ရရင်း တုန်လှုပ်ခဲ့ပါသည်။

ယခုခေတ်ကာလတွင်လည်း ကောင်းကင်နိုင်ငံတော်၏မိုးတိမ်များကိုစီးကာ၊ ဒုတိယအကြိမ်သခင်ခရစ်တော်ကြွလာတော်မူမည့်အကြောင်းကို ဗတ္တိဇံဆရာယောဟန်လုပ်ဆောင်ခဲ့သကဲ့သို့ ကျွန်ုပ်တို့သည် ပြီးမြောက်အောင်ဦးစားပေးပြောကြားဟောပြောရကြပါမည်။ ထာဝရဘုရား၏နေ့ရက်တော်ကြီးတွင် လူတစ်ယောက်ကရပ်တည်နိုင်ရေးအတွက် ပြင်ဆင်ပေးကြမည့်လူတို့အား ဘုရားသခင်လိုအပ်တော်မူပါသည်။ သခင်ခရစ်တော်၏လူအများတို့အတွင်းဆောင်ရွက်တော်မူခဲ့သည့် အမှုတော်ဆောင်ခြင်းမတိုင်မီက ကြားသိခဲ့ရကြသည့်သတင်းစကားမှာ အခွန်ခံများနှင့်အပြစ်သားများအပေါင်းတို့အနေဖြင့် နောင်တရကြရန်နှင့် ဖာရိရှဲနှင့်ဇဒ္ဒုကဲတို့နောင်တရကြရေးအတွက် ဗတ္တိဇံဆရာ

ယောဟန်က (မဿဲ ၃း၁၂) တွင် "ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ။ ထိုကြောင့် နောင်တရကြလော့" ဟူ၍ဟောကြားခဲ့ပါသည်။ မကြာမီကာလအတွင်း သခင်ခရစ်တော်ဒုတိယအကြိမ်ကြွလာတော်မူခြင်းကို ယုံကြည်နေကြသည့်အလျောက်၊ ကျွန်ုပ်တို့အနေဖြင့် (အာမုတ် ၄း၁၂) တွင်ဖော်ပြထားသည့်၊ "သင်၏ဘုရားသခင်နှင့်တွေ့ခြင်းငှာ ကိုယ်ကိုပြင်ဆင်လော့" ဆိုသည့် သတိပေးသတင်းစကားတော်ကို ခံယူရကြပါမည်။

ကျွန်ုပ်တို့ဝေငှသောသတင်းစကားတော်သည်လည်း ဗတ္တိဇံဆရာယောဟန်၏သတင်းစကားကဲ့သို့ တိကျပြီး၊ တည့်တည့်မတ်မတ်ထိရောက်မှုရှိရမည်ဖြစ်သည်။ သူသည် အုပ်ချုပ်မင်းလုပ်သူတို့အား သူတို့၏မတရားမှုတို့ကို အပြစ်တင်ဆုံးမခဲ့ပါသည်။ သူ၏အသက်တာသည် အန္တရာယ်တွင်းသို့ကျရောက်နိုင်သည့်အနေအထားတွင်ရှိခဲ့သည့်တိုင် သူသည် ဘုရားသခင်၏နှုတ်တော်ထွက်ကို တုံ့နှေးခြင်းမရှိဘဲကြေညာခဲ့ပါသည်။ ယခုခေတ်ကာလတွင်လည်း ကျွန်ုပ်တို့အနေဖြင့် သစ္စာရှိစွာဖြင့်လုပ်ဆောင်ရကြပါမည်။

ဤကဲ့သို့သောသတင်းစကားကို ဗတ္တိဇံဆရာယောဟန်ပေးခဲ့သကဲ့သို့ ကျွန်ုပ်တို့ကပေးကမ်းနိုင်ရန်မှာ ကျွန်ုပ်တို့အနေဖြင့် သူ့ကဲ့သို့သောဝိညာဉ်ရေးဆိုင်ရာအတွေ့အကြုံမျိုးရှိရကြပါမည်။ တူညီသောအလုပ်မျိုး ကျွန်ုပ်တို့တွင်ဖော်ဆောင်မှုရှိရပါမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုရှုမျှော်ရကြမည်ဖြစ်ပြီး၊ သူ့အားရှုမျှော်ရာတွင်လည်း မိမိ၏အတ္တကိုယ်ကျိုးကိုမျက်ကွယ်ပြုရကြပါမည်။

လူ့သဘောသဘာဝအရ၊ တွေ့ရတတ်ကြသည့်အမှားများနှင့်အားနည်းချက်မျိုး ဗတ္တိဇံဆရာယောဟန်တွင်ရှိခဲ့ပါသော်လည်း ဘုန်းတော်ရှင်၏ချစ်ခြင်းမေတ္တာတော်၏တို့ထိမှုသည် သူ့အားပြုပြင်ပြောင်းလဲစေခဲ့ပါသည်။ သခင်ခရစ်တော်၏အမှုတော်စတင်ဆောင်ရွက်တော်မူသည့်နောက် ဗတ္တိဇံဆရာယောဟန်၏တပည့်တို့သည် သူ၏ထံတော်သို့ရောက်ရှိလာကြကာ၊ အားလုံးသောသူတို့သည် အသစ်သောဆရာသမားတော်နောက်သို့သာ လိုက်လျှောက်လာခဲ့ကြသည့်အကြောင်းကို မကျေမနပ်ပြောဆိုခဲ့ကြပြီး၊ ဗတ္တိဇံဆရာယောဟန်အနေဖြင့်ကလည်း မေရှိယအပေါ်သူ၏ဆက်ဆံရေးနှင့်ပတ်သက်ပြီး မည်မျှရှင်းလင်းစွာသဘောပေါက်ခဲ့သည်၊ ထို့အပြင် သူက လမ်းကြောင်းကိုပြင်ဆင်ပေးခဲ့ရသောသူအား မည်မျှဝမ်းပန်းတသာကြိုဆိုခဲ့ပါသည်ဆိုသည့်အကြောင်းတို့ကိုပြသခဲ့ပါသည်။



သူက (ယောဟန် ၃း၂၇–၃၀) တွင်ဖော်ပြထားသည့် သခင်ခရစ်တော်အကြောင်းနှင့်ပတ်သက်ပြီး၊ "ကောင်းကင်ဘုံမှပေးတော်မမူလျှင် လူသည် အဘယ်အရာကိုမျှမခံနိုင်ရာ။ ငါသည် ခရစ်တော်မဟုတ်။ ခရစ်တော်ရှေ့၌စေလွှတ်သောသူဖြစ်သည်ဟုငါဆိုသည်ကို သင်တို့သည် ငါ၏သက်သေဖြစ်ကြ၏။ မင်္ဂလာဆောင်သတို့သမီးကိုရသောသူသည် မင်္ဂလာဆောင်လုလင်ဖြစ်၏။ မင်္ဂလာဆောင်လုလင်၏အနားမှာနေ၍သူ၏စကားကိုကြားရသောအဆွေခင်ပွန်းသည် ထိုစကားသံကိုကြားသောအားဖြင့်ဝမ်းမြောက်ခြင်းရှိ၏။ ထိုနည်းတူ ငါ၏ဝမ်းမြောက်ခြင်းပြည့်စုံ၏။ ထိုသခင်သည်တိုးပွားခြင်းရှိရမည်။ ငါမူကား၊ ဆုတ်ယုတ်ခြင်းရှိရမည်" ဟူ၍ပြောကြားခဲ့ပါသည်။

ကယ်ချွတ်တော်မူသောအရှင်ကို ယုံကြည်ခြင်းဖြင့်ကြည့်ရှုခဲ့ရင်း၊ ဗတ္တိဇံဆရာယောဟန်သည် မိမိကိုယ်ကိုစွန့်လွှတ်စွန့်စားခြင်းအမှု၌ မြင့်မြင့်မားမားမြှင့်တင်ထားခဲ့ပါသည်။ သူသည် လူများတို့အား မိမိအတွက်သွေးဆောင်စည်းရုံးရန်မကြိုးပမ်းခဲ့ဘဲဘုရားသခင်၏သိုးသငယ်အပေါ် ထိုသူတို့က အမှီတံကဲပြုနိုင်ကြသည်အထိ၊ သူတို့၏တွေးတောဆင်ခြင်မှုတို့ကို မြင့်မားသည်ထက်မြင့်မားစေရေးအတွက်ကိုသာ သူတို့အားမြှင့်တင်ပေးခဲ့ခြင်းဖြစ်ပါသည်။ မိမိကိုယ်၌မှာမူ၊ တောတွင်းရှိဟစ်ကြွေးသောအသံအဖြစ်ဖြင့်သာရှိခဲ့ပါသည်။ ယခုတွင်မူ၊ အားလုံးသောသူတို့၏မျက်လုံးများတို့သည် အသက်၏အလင်းတော်ထံဆီသို့ ပြန်လည်ရောက်ရှိသွားခဲ့မည့်အကြောင်းကို သူ့အနေဖြင့်တိတ်ဆိတ်စွာနှင့် ထင်ထင်ပေါ်ပေါ်မဟုတ်သောဝမ်းမြောက်မှုဖြင့် လက်ခံခဲ့ပါသည်။

ဘုရားသခင်၏စေတမန်တော်များအဖြစ် ခန့်အပ်ခြင်းခံရသောသူတို့၏အလုပ်အပေါ် သစ္စာရှိကြသောလူများတို့အနေဖြင့် မိမိတို့ကိုယ်ကိုဂုဏ်တက်စေမည့်အမှုမျိုးကိုကြိုးပမ်းလုပ်ဆောင်ခြင်းမရှိတတ်ကြပါ။ မိမိကိုယ်ကိုသာပြန်လည်ချစ်တတ်သောချစ်ခြင်းမေတ္တာမျိုးသည် သခင်ခရစ်တော်အပေါ်ထားရှိသောချစ်ခြင်းမေတ္တာမျိုးကို ဝါးမျိုသွားပေလိမ့်မည်။ မိမိတို့၏အလုပ်အပေါ်သစ္စာရှိကြသောသူတို့အနေဖြင့် ဗတ္တိဇံဆရာယောဟန်ကြွေးကြော်ခဲ့သည့် (ယောဟန် ၁း၂၉) တွင်ဖော်ပြထားသည့်၊ "ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်ကိုကြည့်လော့" ဆိုသည့်ကြွေးကြော်ရကြမည့်အမှုတော်ကို အသိအမှတ်ပြုလာကြပေမည်။

ကိုယ်ကျိုးအတ္တကင်းစင်ခဲ့သည့် ပုရောဖက်၏အသက်ဝိညာဉ်သည် ဘုန်းတော်ရှင်၏အလင်းတော်ဖြင့် ပြည့်ဝခဲ့ပါသည်။ သခင်ခရစ်တော်၏ကိုယ်တော်တိုင်နှုတ်တော်ထွက်များနှင့် အရည်အသွေးတူလုနီးပါးဖြစ်သောစကားလုံးများတို့ဖြင့် ကယ်တင်ရှင်၏

ဘုန်းအာနုဘော်တော်ကို သက်သေခံခဲ့ပါသည်။ သူက (ယောဟန် ၃း၃၁) တွင်၊ "အထက်မှလာသောသူသည် အလုံးစုံတို့၏အထွတ်ဖြစ်၏။ မြေကြီးမှဖြစ်သောသူသည် မြေကြီးနှင့်စပ်ဆိုင်၍ မြေကြီးအရာကိုပြောတတ်၏။ ကောင်းကင်ဘုံမှကြွလာသောသူသည် အလုံးစုံတို့၏အထွတ်ဖြစ်တော်မူ၏" ဟူ၍ပြောကြားခဲ့ပါသည်။ ထို့အပြင်သူက (ယောဟန် ၃း၃၄) တွင်ဖော်ပြထားသည့် "ဘုရားသခင်စေလွှတ်တော်မူသောသူသည် ဘုရားသခင်၏စကားတော်ကိုပြောဆိုတတ်၏. . . " ဟူ၍ဆက်လက်ပြောပြထားခဲ့ပါသေးသည်။

ဤသခင်ခရစ်တော်၏ဘုန်းအာနုဘော်တော်အတွင်း၊ သူ၏နောက်တော်သို့ လိုက်လျှောက်ကြသောသူတို့သည် မျှဝေခံစားရကြမည်ဖြစ်ပါသည်။ ကယ်တင်ရှင်အနေဖြင့် မိန့်တော်မူနိုင်ခဲ့သည့်အရာမှာ (ယောဟန် ၅း၃၀) တွင်၊ ". . . ငါသည် ကိုယ်အလိုသို့မလိုက်၊ ငါ့ကိုစေလွှတ်တော်မူသောခမည်းတော်၏အလိုသို့လိုက်၏" ဟူ၍ ဖော်ပြထားပါသည်။ ဗတ္တိဇံဆရာယောဟန်ကလည်း (ယောဟန် ၃း၃၄) တွင်၊ "ထိုသူအားဘုရားသခင်သည် ဝိညာဉ်တော်ကိုအတိုင်းအရှည်မရှိဘဲပေးတော်မူ၏" ဟူ၍ ဖော်ပြထားသည်အတိုင်း ပြောကြားခဲ့ပါသည်။ ထိုအတိုင်းပင်၊ သခင်ခရစ်တော်၏ နောက်တော်သို့လိုက်လျှောက်ကြသည့်သူတို့ကိုလည်း ဤနည်းအတိုင်းပင်ပေးတော်မူပေလိမ့်မည်။ ကိုယ်ကျိုးအတ္တနှင့်ကင်းရှင်းစေရန် သဘောတူခြင်းအားဖြင့်သာလျှင်၊ ကျွန်ုပ်တို့အနေဖြင့် ကောင်းကင်ဘုံ၏အလင်းတော်ကို လက်ခံရရှိနိုင်ကြမည်ဖြစ်ပါသည်။ တွေးခေါ်မှုတိုင်းတို့ကို သခင်ခရစ်တော်အား နာခံလိုက်လျှောက်မှု၏ထိန်းချုပ်မှုအောက်တွင်ထားရှိရန် လိုက်လျောခြင်းဖြင့်သာလျှင်၊ ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်၏အကျင့်စရိုက်တော်ကို ပိုင်းခြားနားလည်သိရှိနိုင်ကြမည်ဖြစ်ပြီး၊ သခင်ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့်သာ လက်ခံနိုင်ကြမည်ဖြစ်ပါသည်။ ဤကဲ့သို့သောလုပ်ရပ်မျိုးကိုလုပ်ဆောင်ကြသည့် အားလုံးသောသူတို့သည် အတိုင်းအတာမဲ့ဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကိုပေးအပ်ခြင်းခံရကြမည်ဖြစ်ပါသည်။ (ကောလောသဲ ၂း၉၊၁၀) တွင်၊ ". . . ဘုရားသခင်၏ဇာတိအဖြစ်တော်၏ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ကိုယ်ထင်ရှား၍ ကိန်းဝပ်တော်မူ၏။. . . ထိုသခင်၌ သင်တို့သည်စုံလင်ခြင်းရှိကြ၏" ဟူ၍ ရှင်ပေါလုက သြဝါဒပေးထားခဲ့ပါသည်။

ဗတ္တိဇံဆရာယောဟန်သည် အလုပ်မရှိအကိုင်မရှိသဘောမျိုး၊ ငြီးငြိုရမှုကြောင့် စိတ်အားငယ်ရခြင်း၊ သို့မဟုတ် တစ်ကိုယ်ကောင်းဆန်သည့်အထီးကျန်ဖြစ်မှုမျိုးဖြင့်





သူ၏အသက်တာကို ကုန်လွန်သွားစေခဲ့သည်မဟုတ်ပါ။ မကြာခဏပင် သူသည် လူအများတို့နှင့်ရောနှောနေထိုင်ရန်အတွက်သွားရောက်ခဲ့ပြီး၊ ကမ္ဘာမြေကြီး၏ဖြစ်ရပ်များကျော်လွန်သွားမှုကို စိတ်ဝင်တစားလေ့လာသူအဖြစ်ဖြင့်လည်းရှိခဲ့ပါသည်။ သူ၏ အေးဆေးသိမ်မွေ့သော ဆိတ်ငြိမ်ရာစံရိပ်ငြိမ်မှနေပြီး၊ ဖြစ်စဉ်များဖြစ်ပျက်နေမှုတို့ကို စောင့်စားကြည့်ရှုခဲ့ပါသည်။ ဘုန်းတော်ရှင်၏ဝိညာဉ်တော်အားဖြင့် ထင်ရှားစေသည့် ဗျာဒိတ်ရူပါရုံအားဖြင့် သူသည် ကောင်းကင်ဘုံ၏သတင်းစကားတော်နှင့်အတူ လူတို့၏နှလုံးသားများဆီသို့ မည်ကဲ့သို့ရောက်ရှိနိုင်ရေးကို နားလည်သဘောပေါက်နိုင်ရန် အတွက် လူတို့၏အကျင့်စရိုက်တို့ကို လေ့လာသင်ကြားရယူခဲ့ပါသည်။ သူ့အပေါ် ကျရောက်နေခဲ့သည့် သူ၏အထူးတာဝန်ဆိုင်ရာဝန်ထုပ်ဝန်ပိုးသည် သူ့အပေါ်၌သာ မူတည်ခဲ့ပါသည်။ ဘာသာတရားကိုအာရုံပြုခြင်းနှင့်ဆုတောင်းခြင်းတို့ကြောင့် သူ၏အထီးကျန်ဆန်မှုအခြေအနေတွင် သူ့အနေဖြင့်ရှေ့ရှောက်ကြုံတွေ့ရမည့် တစ်ဘဝလုံးမြှုပ်နှံထားသောလုပ်ငန်းနှင့် မိမိ၏အသက်ဝိညာဉ်ကို စည်းနှောင်ထားရန်ကြိုးပမ်းခဲ့ပါသည်။

## တစ်ပါးအမျိုးသားတို့အတွက်တမန်တော်ရှင်ပေါလု

သခင်ခရစ်တော်၏ဧဝံဂေလိတရားတော်ကိုဟောကြားရန် ခေါ်တော်မူခြင်းခံရသောသူတို့အထဲတွင် အထင်ရှားဆုံးသောသူဖြစ်သည့်ရှင်ပေါလုသည် သစ္စာစောင့်သိမှု၊ ဘာသာတရားကိုင်းရှိုင်းမှုနှင့် မမောနိုင်မပန်းနိုင်ကြိုးစားဆောင်ရွက်မှုတို့တွင် အမှုတော်ဆောင်တိုင်းအတွက် စံပြနမူနာတစ်ဦးဖြစ်ခဲ့ပါသည်။ အမှုတော်ဆောင်၏လုပ်ငန်းဆိုင်ရာအလေးထားမှုနှင့်ပတ်သက်သည့် သူ၏အတွေ့အကြုံများနှင့်သူ၏ညွှန်ကြားချက်တို့သည် ဧဝံဂေလိသတင်းစကားဆိုင်ရာအမှုတော်နှင့် ထိတွေ့နေရကြသည့်သူတို့အတွက် အကူအညီနှင့်လှုံ့ဆော်တိုက်တွန်းခြင်း၏ဇာစ်မြစ်အဖြစ်ရှိနေပါသည်။

သူ၏ပြောင်းလဲခြင်းမတိုင်မီက ရှင်ပေါလုသည် သခင်ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်ကြသူများအပေါ် ခါးသီးလှသောမတရားနှိပ်ကွပ်ခြင်းဖြင့် နှိပ်စက်ညှဉ်းပန်းသူတစ်ဦးဖြစ်ခဲ့ပါသည်။ သို့သော်လည်း ဒမာသက်မြို့အဝင်တံခါးမကြီးအနီးတွင် အသံတစ်ခုသည် သူ့အားစကားပြောဆိုပြီး ကောင်းကင်မှအလင်းသည် သူ၏အသက်ဝိညာဉ်အတွင်း၌ ထွန်းလင်းတောက်ပခဲ့ကာ၊ ကပ်တိုင်တော်၌ မိမိကိုယ်ကို

အသက်စွန့်ဆက်ကပ်အပ်နှံတော်မူခဲ့သောသခင်ခရစ်တော်က ပေးအပ်တော်မူသည့် သူ၏အသက်တာအခြေအနေတစ်ရပ်လုံးကို ပြောင်းလဲသွားစေခဲ့သောဗျာဒိတ်ရူပါရုံကို အထူးဂရုပြုလှမ်းမျှော်ကြည့်ခဲ့ပါသည်။ ဤအချိန်မှစပြီး၊ ရှင်ပေါလုက အညှာအတာကင်းမဲ့စွာဖြင့်နှိပ်စက်ညှဉ်းပန်းခဲ့သော သန့်ရှင်းသူတို့၏အရှင်၊ ဘုန်းအာနုဘော်တော်သခင်၊ ယေရှုခရစ်တော်အပေါ်ထားရှိသော သူ၏ချစ်ခြင်းမေတ္တာသည် နောင်တွင်ပို၍အရေးတကြီးဖြစ်လာခဲ့ပါသည်။ "ရှေးကပ်ကာလပတ်လုံးဝှက်ထား" (ရောမ ၁၆း၂၅) ခဲ့သောအမှုတော်အကြောင်းကို လူအပေါင်းတို့ယုံကြည်နားထောင်ကြရေးအတွက် ဆောင်ရွက်ပေးရန် သူသည် တာဝန်ပေးအပ်ခြင်းခံခဲ့ရပါသည်။ ဒမာသက်မြို့ပေါ်ရှိ အာနနိထံသို့ရောက်ရှိခဲ့သောကောင်းကင်တမန်က ရှင်ပေါလုနှင့်ပတ်သက်ပြီး သခင်ခရစ်တော်၏နှုတ်တော်ထွက်ဖြစ်သော၊ "ထိုသူကား၊ တစ်ပါးအမျိုးသားတို့နှင့်ရှင်ဘုရင်တို့ထံသို့လည်းကောင်း၊ ဣသရေလအမျိုးသားတို့ရှိရာသို့လည်းကောင်း ငါ၏နာမကိုပို့ဆောင်စေခြင်းငှာ ငါရွေးကောက်သောတန်ဆာဖြစ်၏" (တမန်တော် ၉း၁၅) ဆိုသည့်စကားကို ပြောကြားခဲ့ပါသည်။

သူ၏ရှည်ကြာလှသောအမှုတော်ဆောင်သက်တမ်းတစ်လျှောက် ရှင်ပေါလုသည် သူ၏ကယ်တင်ရှင်အပေါ်သစ္စာစောင့်သိရာတွင် မည်သည့်အခါမျှတုံ့ဆိုင်းမှုမရှိခဲ့ပါ။ ဖိလိပ္ပိအသင်းတော်သို့ရေးသားပေးပို့သောသူ၏စာကို (ဖိလိပ္ပိ ၃း၁၃၊၁၄) တွင်၊ "... ငါကိုင်မိပြီဟု ကိုယ်ကိုကိုယ်မထင်သော်လည်း ငါပြုသောအမှုတစ်ခုဟူမူကား၊ နောက်ကျသောအရာတို့ကိုမမှတ်ဘဲ ရှေ့၌ရှိသောအရာတို့ကိုလှမ်းကမ်း၍၊ ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှခေါ်တော်မူခြင်းနှင့်ဆိုင်သောဆုကိုရခြင်းငှာ ပန်းတိုင်သို့ငါလိုက်ပြေး၏" ဟူ၍ဖော်ပြထားပါသည်။

ရှင်ပေါလု၏အသက်တာသည် ပြင်းပြသည့်စိတ်ဓာတ်မျိုးနှင့် ကွဲပြားခြားနားသောလှုပ်ရှားမှုများတို့ဖြင့် အတိပြီးခဲ့ပါသည်။ မြို့ကြီးတစ်မြို့ပြီးတစ်မြို့၊ တစ်နိုင်ငံမှတစ်နိုင်ငံသို့ခရီးထွက်ခဲ့ကာ ကပ်တိုင်တော်၏ဖြစ်ရပ်ကိုပြောပြရင်း၊ ဧဝံဂေလိတရားတော်သို့ ပြောင်းလဲလာခဲ့သူများတို့ကိုရယူသိမ်းသွင်းခြင်းဖြင့် အသင်းတော်တို့ကိုတည်ထောင်ခဲ့ပါသည်။ ဤအသင်းတော်တို့အတွက် စဉ်ဆက်မပြတ်သောစောင့်ရှောက်ပြုစုမျိုးကိုလုပ်ဆောင်ခဲ့ပြီး၊ ထိုအသင်းတော်တို့ထံသို့ညွှန်ကြားစာများတို့ကို ရေးသားပေးပို့ခဲ့ပါသည်။ တစ်ခါတစ်ရံတွင် နေ့စဉ်စားရေးသောက်ရေးအတွက် သက်မွေးဝမ်းကျောင်းအလုပ်ကိုလည်း လုပ်ခဲ့ပါသေးသည်။ သို့သော်လည်း သူ၏အသက်တာတွင်



လှုပ်ရှားဆောင်ရွက်မှုတို့ဖြင့် အလုပ်များပြားလှသည့်တိုင် တစ်ဦးတစ်ယောက်၏ကြီးမားလှသောအရေးကိစ္စနှင့် သူ၏မြင့်မားလှသည့်အမှုတော်၏ပစ်မှတ်ဆီသို့ရောက်ရှိစေရန် ဖိအားပေးလုပ်ဆောင်ရေးတို့ကို မည်သည့်အခါမျှမျက်ခြည်အပြတ်မခံခဲ့ပေ။

ရှင်ပေါလုအနေဖြင့် သွားလေရာရာ၌၊ ကောင်းကင်နိုင်ငံတော်၏လေထုဝန်းကျင်ကို သူနှင့်အတူတကွယူဆောင်သွားခဲ့ပါသည်။ သူနှင့်အတူပေါင်းစည်းခဲ့ကြသည့်သူတို့သည် သခင်ခရစ်တော်နှင့်သူ၏ပေါင်းစည်းမှုဆိုင်ရာဩဇာသက်ရောက်မှုကို ခံစားရရှိခဲ့ကြပါသည်။ သူ၏ကိုယ်ပိုင်အသက်တာတွင် စံပြအဖြစ်ရှိခဲ့သည့် သူဟောပြောသောသမ္မာတရားတော်အကြောင်းအရာသည် သူ၏ဟောပြောမှုတို့အားယုံကြည်လောက်သောတန်ခိုးကို ပေးအပ်ခဲ့ပါသည်။ ဤသို့ဖြင့် သမ္မာတရား၏တန်ခိုးသည်လည်း တည်နေမည်ဖြစ်ပါသည်။ စင်ကြယ်မွန်မြတ်သည့်အသက်တာတစ်ခု၏ပုံမှန်သဘာဝအတိုင်းဖြစ်ပြီး၊ သတိမူမိခြင်းမခံရသည့်ဩဇာသက်ရောက်မှုသည် ခရစ်ယာန်ဘာသာ၏ထောက်ခံမှုကိုပေးစွမ်းနိုင်သည့် ယုံကြည်ဖွယ်ရာအဖြစ်ဆုံးသောတရားဟောချက်ဖြစ်ပါသည်။ အငြင်းအခုံပြုခြင်းအကြောင်းအရာကို ပြန်လည်ဖြေကြားနိုင်ခြင်းမရှိသောအနေအထားသည် အတိုက်အခံပြုမှုဆီသို့ရောက်ရှိစေရေးကိုသာ လှုံ့ဆော်ပေးရာရောက်စေသော်လည်း ဘုရားတရားကြည်ညိုသည့်ပုံစံနမူနာမှာမူ လုံးလုံးလျားလျားခုခံတွန်းလှန်ရန် မဖြစ်နိုင်သောတန်ခိုးမျိုးရှိနေပါသည်။

တမန်တော်ရှင်ပေါလု၏နှလုံးသားသည် အပြစ်သားတို့အပေါ်ထားရှိသောချစ်ခြင်းမေတ္တာတို့ဖြင့်တောက်လောင်ခဲ့ပြီး၊ ဝိညာဉ်တို့ကိုရရှိရေးအလုပ်တွင် သူ၏စွမ်းအင်အားလုံးတို့ကို ထည့်သွင်းထားခဲ့ပါသည်။ မိမိအတ္တကိုငြင်းပယ်ပြီး အပတ်တကုတ်ကြိုးပမ်းလုပ်ဆောင်ရင်း ဘဝကိုကုန်လွန်စေသည့်အမှုတော်ဆောင်မျိုး တစ်ယောက်မျှမရှိနိုင်ပါ။ ရှင်ပေါလုအနေဖြင့် သူလက်ခံရရှိခဲ့သောကောင်းချီးမင်္ဂလာများတို့ကို အခွင့်သာလျှင်သာသလို အခြားသူတို့အား အခွင့်ထူးများအဖြစ်ဖြင့်ကောင်းချီးပေးကာဆုချရာတွင် အသုံးပြုခဲ့ပါသည်။ သူသည် ကယ်တင်ရှင်အကြောင်းကိုပြောဆိုရန်၊ သို့မဟုတ် ဒုက္ခရောက်နေသူတို့အား ကူညီရသည့်အခွင့်အရေးမျိုးကို လက်လွှတ်မခံခဲ့ပါ။ မည်သည့်နေရာ၌တွင်မဆို သူသည် သူတစ်ပါးရှင်းပြသည်ကိုနားထောင်ပေးပြီး မှားယွင်းမှုကိုတိုက်ဖျက်ပေးကာ၊ အမျိုးသမီးများနှင့်အမျိုးသားများတို့၏ခြေထောက်တို့ကို ဖြောင့်မတ်ခြင်းတရားလမ်းဆီသို့ ပြန်လှည့်လာစေခဲ့ပါသည်။

ရှင်ပေါလုသည် သခင်ခရစ်တော်၏အမှုတော်ဆောင်တစ်ဦးအနေဖြင့် သူ၏အပေါ်တွင်ကျရောက်နေခဲ့သောတာဝန်ယူရမှု၊ သို့မဟုတ် သူ့အတွက်ကြောင့် အသက်ဝိညာဉ်များတို့သည် သစ္စာစောင့်သိမှုကင်းမဲ့ကြခြင်းဖြင့် ဆုံးရှုံးခြင်းသို့ရောက်ရှိသွားပါက ဘုရားသခင်အနေဖြင့် ထိုဆုံးရှုံးမှုတို့အတွက် သူ့အားတာဝန်ခံမှုရှိရမည့်သူအဖြစ် သတ်မှတ်တော်မူမည်ဆိုခြင်းကို မည်သည့်အခါမျှမေ့လျော့ခဲ့ခြင်းမရှိပါ။ သူက (တမန်တော် ၂၀း၂၆) တွင်၊ "လူအပေါင်းတို့၏အသွေးနှင့်ငါကင်းလွတ်သည်ဟု ယနေ့၌သင်တို့အားငါသက်သေခံ၏" ဟူ၍ ဩဝါဒပေးထားခဲ့ပါသည်။ ထို့ပြင် ဧဝံဂေလိတရားတော်နှင့်ပတ်သက်ပြီး (ကောလောသဲ ၁း၂၅-၂၉) တွင်၊ "ရှေးကပ်ကာလပတ်လုံးဝှက်ထားလျက်ရှိသော်လည်း၊ ယခုတွင်သန့်ရှင်းသူတို့အားဖော်ပြသော နက်နဲရာတည်းဟူသော ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို အကုန်အစင်ဟောပြောစေခြင်းငှာ၊ သင်တို့အကျိုးကိုထောက်၍ ငါ့အားအပ်ပေးတော်မူသောဘုရားသခင်၏သာသနာတော်နှင့်အညီ ငါသည် အသင်းတော်၌ဓမ္မဆရာ၏အဖြစ်သို့ရောက်ရပြီ။ တစ်ပါးအမျိုးသားတို့တွင် ဤနက်သောအရာနှင့်ဆိုင်သောမဟာစည်းစိမ်ကား၊ အဘယ်မျှလောက်ကြီးသည်ကို သန့်ရှင်းသူတို့သည်သိစေခြင်းငှာ ဘုရားသခင်အလိုရှိတော်မူ၏။ ထိုစည်းစိမ်ကား၊ ဘုန်းအသရေကိုမျှော်လင့်ခြင်းအကြောင်းတည်းဟူသော သင်တို့အထဲ၌တည်တော်မူသော ခရစ်တော်ပေတည်း။ ခရစ်တော်အားဖြင့် လူတိုင်းစုံလင်ခြင်းသို့ရောက်၍ လူခပ်သိမ်းတို့ကိုဆက်သအံ့သောငှာ၊ ငါတို့သည် လူခပ်သိမ်းတို့ကိုသတိပေး၍ ပညာအမျိုးမျိုးနှင့်ဆုံးမသွန်သင်လျက် ခရစ်တော်၏တရားကိုဟောပြောကြ၏။ ထိုသို့အလိုငှာ ငါသည် အမှုဆောင်ရွက်၍၊ ငါ၌တန်ခိုးတော်ပြုပြင်အားထုတ်တော်မူသည်အတိုင်း ကြိုးစားအားထုတ်လေ့ရှိ၏" ဟူ၍ ဩဝါဒပေးခဲ့ပါသေးသည်။

ဤရှင်ပေါလု၏ဩဝါဒစကားတို့သည် သခင်ခရစ်တော်၏အမှုတော်ဆောင်တို့အနေဖြင့် မြင့်မားသောအဆင့်အတန်းရှိသည့်ကျွမ်းကျင်မှုကိုရယူနိုင်ကြရန် သူတို့အားပြသပေးသည့်အပြင်၊ ဤအဆင့်အတန်းမျိုးရှိသည့် ကျွမ်းကျင်မှုအားလုံးတို့သည် ကြီးမြတ်တော်မူသော ဆရာသမားကြီး၏ထိန်းသိမ်းမှုအောက်တွင် မိမိတို့ကိုယ်ကိုထားရှိကြပြီး၊ သခင်ခရစ်တော်၏ကျောင်းတော်ကြီးတွင် နေ့စဉ်သင်ကြားလေ့ကျက်ကြသည့်သူတို့ထံသို့လည်း ရောက်ရှိသွားနိုင်ပါသည်။ ဘုရားသခင်၏အမိန့်ပေးစေခိုင်းတော်မူခြင်းတွင်ပါရှိသောတန်ခိုးသည် အကန့်အသတ်မဲ့ဖြစ်ပြီး၊ မိမိ၏ကြီးမားလှသောလိုအပ်ချက်တို့ကို ထာဝရဘုရားထံတော်၌ သိမ်းဆည်းပိတ်လှောင်ထားသောအမှုတော်ဆောင်အနေဖြင့် ထိုတန်ခိုးကိုခံယူရရှိရန် အာမခံချက်သေချာမှုရှိမည့်အပြင်၊ သူ၏ဟောပြောမှုကိုကြားရသူတို့၏အသက်တာတစ်ခုမှ နောက်အသက်တာတစ်ခုသို့ ရောက်ရှိသွားနိုင်သည့်အနေအထားမျိုးရှိနိုင်ပါသည်။



ရှင်ပေါလု၏ရေးသားသောဩဝါဒစာများတို့သည် ဧဝံဂေလိတရားတော်ကိုဟောပြောသောအမှုတော်ဆောင်အနေဖြင့် (၂ကော ၆း၃) တွင်ဖော်ပြထားသည့် သူသင်ကြားပို့ချခဲ့သည့် "တရားဟောခြင်းအခွင့်အရာကို အပြစ်တင်ခြင်းနှင့်ကင်းလွတ်စိမ့်သောငှာ၊ ထိမိ၍လဲစရာအကြောင်းတစ်စုံတစ်ခုကိုမျှမပြု" ဆိုသည့် သမ္မာတရားတော်များတို့၏စံပြနမူနာတစ်ဦးအဖြစ် ရှိနေသင့်ပါသည်။ တိတုထံသို့လည်း သူက (တိတု ၂း၆-၈) တွင်ဖော်ပြထားသည့်၊ "အသက်ပျိုသောယောကျ်ားတို့သည်လည်း ကျိန္နေစောင့်ရကြမည်အကြောင်း တိုက်တွန်းသွေးဆောင်လော့။ အရာရာ၌ကောင်းသောအကျင့်တို့၏ပုံသက်သေကို ကိုယ်တိုင်ပြလော့။ ဆုံးမဩဝါဒပေးသောအခါ၊ မိစ္ဆာဒိဋ္ဌိနှင့်ကင်းခြင်း၊ တည်ကြည်ခြင်း၊ အပြစ်တင်ဖွယ်မရှိ၊ စင်ကြယ်သောတရားစကားကိုဟောပြောခြင်းတို့ကိုပြုလော့။ သို့ဖြစ်၍ တစ်ဘက်၌နေသောသူသည် ငါတို့ကိုကဲ့ရဲ့စရာအခွင့်မရနိုင်သောကြောင့် ရှက်ကြောက်ခြင်းရောက်လိမ့်မည်" ဆိုသည့်ဩဝါဒစကားကိုလည်း ရေးသားပေးပို့ခဲ့ပါသေးသည်။

ကောရိန်သုမြို့ရှိယုံကြည်သူတို့ထံသို့ ရေးသားပေးပို့ခဲ့သောစာထဲတွင် သူ၏ကိုယ်၌ကဆောင်ရွက်ခဲ့သည့်အမှုတော်နှင့်ပတ်သက်ပြီး ရုပ်ပုံတစ်ခုကို ကျွန်ုပ်တို့အတွက်ထားခဲ့ပေးသည့်ဩဝါဒစကားကို (၂ကော ၆း၄-၁၀) တွင်၊ "ညှဉ်းဆဲခံခြင်း၊ ဆင်းရဲခြင်း၊ မလွတ်နိုင်သောဘေးဥပဒ်နှင့်တွေ့ခြင်း၊ အရိုက်အပုတ်ခံခြင်း၊ ထောင်ထဲ၌နေခြင်း၊ သူတစ်ပါးရန်းရင်းခတ်ပြုခြင်းအမှုကိုလုပ်ဆောင်ခြင်း၊ မအိပ်ဘဲစောင့်နေခြင်း၊ မွတ်သိပ်ခြင်းကိုအလွန်သည်းခံလျက်၊ စိတ်နှလုံးစင်ကြယ်ခြင်း၊ ပညာရှိခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်ကိုခံခြင်း၊ ချစ်ယောင်မဆောင်အမှန်ချစ်ခြင်း၊ သမ္မာတရားကိုဟောခြင်း၊ ဘုရားသခင်၏တန်ခိုးတော်ကိုပြခြင်း၊ ဖြောင့်မတ်သောအကျင့်တည်းဟူသောလက်နက်များကို လက်ယာဘက်၊ လက်ဝဲဘက်၌ဝတ်ဆောင်ခြင်းအားဖြင့်လည်းကောင်း၊ အသရေထင်ရှားခြင်းနှင့်ရှုတ်ချခြင်း၊ ချီးမွမ်းခြင်းနှင့်ကဲ့ရဲ့ခြင်းကိုခံသဖြင့်လည်းကောင်း လှည့်စားသောသူကဲ့သို့ဖြစ်သော်လည်း ဟုတ်မှန်သောသူ၊ အဘယ်သူမျှမသိသောသူကဲ့သို့ဖြစ်သော်လည်း ကျော်စောသောသူ၊ အသေခံသောသူကဲ့သို့ဖြစ်သော်လည်း အသက်ရှင်သောသူ၊ ဆုံးမခြင်းကိုခံသောသူကဲ့သို့ဖြစ်သော်လည်း အသေ

သတ်ခြင်းနှင့်ကင်းလွတ်သောသူ၊ ဝမ်းနည်းသောသူကဲ့သို့ဖြစ်သော်လည်း အစဉ်ဝမ်းမြောက်သောသူ၊ ဆင်းရဲသောသူကဲ့သို့ဖြစ်သော်လည်း လူများကိုရတတ်စေသောသူ၊ ဥစ္စာတစ်စုံတစ်ခုကိုမျှမပိုင်သောသူကဲ့သို့ဖြစ်သော်လည်း အလုံးစုံတို့ကိုပိုင်သောသူဖြစ်သဖြင့်လည်းကောင်း ဘုရားသခင်ခန့်ထားတော်မူသောဓမ္မဆရာမှန်ကြောင်းကို အရာရာ၌ထင်ရှားစွာပြကြ၏” ဟူ၍ရေးသားထားပါသည်။

ရှင်ပေါလု၏စိတ်နှလုံးသည် သူ၏တာဝန်ယူရမှုအပေါ်ခံယူမှုနှင့်ပတ်သက်ပြီး လေးနက်မှုရှိပြီး စွဲမြဲခိုင်မာမှုရှိလှကာ တရားမျှတမှု၊ ကရုဏာတရားနှင့်သမ္မာတရားများတို့၏စမ်းချောင်းဖြစ်တော်မူသည့် သခင်ခရစ်တော်နှင့်နီးနီးကပ်ကပ်မိတ်သဟာယဖွဲ့ခြင်းဖြင့် အမှုတော်ကိုဆောင်ရွက်ခဲ့ပါသည်။ သူသည် အောင်မြင်ရေးအတွက် သခင်ခရစ်တော်၏ကပ်တိုင်တော်ကို သူ၏တစ်ခုတည်းသောအာမခံမှုအဖြစ် ဖက်တွယ်ထားခဲ့ပါသည်။ ကယ်တင်တော်မူသောအရှင်၏ချစ်ခြင်းမေတ္တာတော်သည် ရှင်ပေါလု၏မိမိအတ္တနှင့်ရင်ဆိုင်နေရသောပဋိပက္ခများနှင့် မကောင်းမှုနှင့်ရင်ဆိုင်တိုက်ခိုက်ရန်းကန်နေခဲ့ရမှုများတို့သည် သူ့အားထောက်ခံအားပေးခဲ့သည့် မသေဆုံးနိုင်သောစေ့ဆော်မှုတစ်ခုအဖြစ်ရှိခဲ့ကာ ခရစ်တော်၏အမှုတော်ကိုဆောင်ရွက်နေသည့်အလျောက်၊ သူသည် ကမ္ဘာလောကကြီး၏ဖော်ရွေမှုကင်းမဲ့ခြင်းနှင့် သူ၏ရန်သူများတို့၏ဆန့်ကျင်မှုများတို့ကို ရင်ဆိုင်တွန်းလှန်ရန်အတွက် အင်တိုက်အားတိုက် တွန်းအားပေးဆောင်ရွက်ခဲ့ပါသည်။

ယခုကဲ့သို့သော ကြီးမားသည့်အန္တရာယ်ကျရောက်နေသည့်ကာလအတွင်း၊ ရှင်ပေါလုကဲ့သို့အသုံးဝင်ကြသည့်သူများဖြစ်လာကြရန်အတွက် ပညာတတ်များဖြစ်လာကြရန် မိမိတို့ကိုယ်ကိုမိမိတို့ပညာပေးကြပြီး ဘုရားသခင်၏အရေးအရာတော်များတို့တွင် နက်နဲသည့်အတွေ့အကြုံတစ်ရပ်ရှိကြကာ၊ စိတ်အားထက်သန်မှုနှင့်အားမာန်တို့ဖြင့်ပြည့်ဝကြသည့် အမှုတော်ဆောင်များတပ်ဖွဲ့မျိုးကို အသင်းတော်ကလိုအပ်နေပါသည်။ မြင့်မြတ်သန့်ရှင်းပြီး၊ မိမိကိုယ်ကိုမိမိဆက်ကပ်အပ်နှံကြသည့်လူများတို့ကို ပါလိုအပ်ခဲ့ရာတွင် ရဲရင့်ပြီးဖြောင့်မတ်ခြင်းရှိကြသောသူ၊ ထို့အပြင် သူတို့၏စိတ်နှလုံးထဲတွင် ခရစ်တော်တည်းဟူသော “ဘုန်းအသရေကိုမျှော်လင့်ခြင်းအကြောင်း” (ကောလောသဲ ၁း၂၇) ကိန်းအောင်းကြသောသူ၊ (၂တိ ၄း၂) တွင်ဖော်ပြထားသည့် မိမိတို့၏နှုတ်ခမ်းတို့ကို သန့်ရှင်းသောမီးဖြင့်တို့ထိခြင်းခံရပြီးနောက်၊ “နှုတ်ကပတ်တရားတော်ကိုဟောပြောကြမည့်” လူများလိုအပ်လှပါသည်။ ဤကဲ့သို့သောအမှုတော်ဆောင်များတို့၏လိုလားမှုသည် ဘုရားသခင်၏အမှုရေးရာတော်ကို အင်အားချည့်နဲ့မှု



များဖြစ်ပေါ်စေပြီး၊ သေစေလောက်သည့်အဆိပ်တစ်မျိုးကဲ့သို့သော ဆိုးရွားလှသည့်အမှားများတို့သည် အကျင့်စာရိတ္တတို့ကိုအစွန်းအထင်းဖြစ်စေကာ၊ လူသားမျိုးနွယ်၏ကြီးမားလှသည့်အစိတ်အပိုင်းတွင်ပါဝင်ကြသည့် လူတို့၏မျှော်လင့်ချက်များတို့ကို ပျက်စီးသွားစေနိုင်ပါသည်။

သစ္စာရှိလှပြီး အားသွန်ခွန်စိုက်ဆောင်ရွက်ကြခြင်းကြောင့် ခြေကုန်လက်ပန်းကျခဲ့ကြသည့် ရှေ့ဆောင်လမ်းပြများတို့သည် သမ္မာတရားတော်၏အရေးကိစ္စအတွက် သူတို့၏အသက်တာများတို့ကို ဆက်ကပ်လှူဒါန်းကြသည့်အလျောက် သူတို့၏နေရာကိုအစားထိုးရယူကြရန်အတွက် မည်သူတို့ကရှေ့သို့တက်လာကြမည်နည်း။ ကျွန်ုပ်တို့၏ပျိုရွယ်သူများတို့က သူတို့၏ဖခင်တို့၏လက်ထဲမှ မွန်မြတ်သန့်ရှင်းသောယုံကြည်ကိုးစားမှုကို လွှဲပြောင်းရယူလက်ခံကြပါမည်လား။ သစ္စာစောင့်သိမှု၏သေခြင်းတရားလုပ်ဆောင်မှုကြောင့် ဖြစ်ပေါ်လာသောကွက်လပ်များတို့ကို ဖြည့်ဆည်းကြရန်အတွက် သူတို့ကြိုတင်ပြင်ဆင်ထားကြပါသလား။ လူငယ်လူရွယ်တို့အားဆွဲဆောင်ညှို့ယူသည့် တစ်ကိုယ်ကောင်းဆန်မှုနှင့် ပြင်းပြသည့်စိတ်ဆန္ဒတို့ကိုဖြစ်ပေါ်စေသည့် လှုံ့ဆော်မှုများအကြားတွင် တမန်တော်၏တာဝန်လွှဲပြောင်းပေးအပ်မှုသည် အလေးထားဂရုပြုခြင်းခံရပါမည်လား၊ တာဝန်ထမ်းဆောင်ကြရန်အတွက် ခေါ်တော်မူသောအသံသည် ကြားသိခြင်းခံရပါမည်လား။

–၀–

# tydkif; (3)
# လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများ

## အမှုတော်ဆောင်လုပ်ငန်းအတွင်းရှိပျို့ရွယ်သူများ

ဇဝံဂေလိသတင်းစကားတော်ဆိုင်ရာ အမှုတော်ဆောင်ခြင်းကို သိမ်ငယ်စေသောအလုပ်အဖြစ် မည်သည့်အခါမျှအရောက်မခံရပါ။ နှုတ်ကပတ်တော်ဆိုင်ရာ အမှုတော်ဆောင်ခြင်းကို နိမ့်ကျသောအကြောင်းခြင်းရာအဖြစ် ထင်မြင်ယူဆခြင်းခံရလေအောင် မည်သည့်လုပ်ငန်းကမျှ လုပ်ဆောင်နိုင်စွမ်းမရှိပါ။ ဤကဲ့သို့နိမ့်ကျသောအကြောင်းခြင်းရာအဖြစ် ထင်မြင်ယူဆခြင်းခံရအောင်လည်း မလုပ်ဆောင်ရပါ။ အမှုတော်ဆောင်ခြင်းလုပ်ငန်းကို သေးသိမ်အောင်လုပ်ဆောင်ကြသောသူတို့သည် သခင်ခရစ်တော်ကိုလည်း သေးသိမ်သွားအောင်လုပ်ဆောင်ရာရောက်ပါသည်။ အလုပ်တကာတို့တွင် အမြင့်မားဆုံးသောအလုပ်မှာ နယ်ပယ်ပေါင်းစုံဖြင့်ပြီးသောအမှုတော်ဆောင်လုပ်ငန်းပင်ဖြစ်ပြီး၊ လူငယ်လူရွယ်များတို့ကိုလည်း ဇဝံဂေလိသတင်းစကားတော်ဆိုင်ရာအမှုတော်ဆောင်များလောက် မည်သည့်အလုပ်ကမျှ ဘုရားသခင်၏ကောင်းချီးပေးခြင်းကို ပိုမိုခံစားရရှိခြင်းမရှိနိုင်သည်ကိုပါ ချပြသင့်ပါသည်။

အမှုတော်ဆောင်ခြင်းလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ကြရန် ကျွန်ုပ်တို့၏ပျိုရွယ်သူများတို့အား ဟန့်တားခံရခြင်းမရှိပါစေနှင့်။ ဖျော့တော့မှိန်ပြသည့် အချို့သောကိုယ်စားပြုမှုများတို့အားဖြင့် ဘုရားသခင်က သူတို့အားလျှောက်လှမ်းရန်အတွက် တိုက်တွန်းနှိုးဆော်တော်မူသည့်လမ်းသွယ်ကလေးမှ ရုန်းထွက်သွားမည့်အန္တရာယ်လည်း ရှိနေပါသည်။ အချို့တို့ကလည်း မိမိတို့ကိုယ်ကို အမှုတော်ဆောင်ခြင်းလုပ်ငန်းတွင် ဝင်ရောက်ဆောင်ရွက်ရန်အတွက် မိမိတို့ကိုယ်ကိုပြင်ဆင်ထားကြသည့်အနေဖြင့် ဆေးပညာနှင့်ပတ်သက်သည့် ဘာသာရပ်အကြောင်းခြင်းရာသင်ကြားရယူမှုလမ်းကြောင်းကိုရွေးချယ်ကြရန် တိုက်တွန်းအားပေးခြင်းခံရကြပါသည်။ သူ၏စပျစ်ဥယျာဉ်တော်ထဲတွင် လုပ်ဆောင်ကြရန်အတွက် ထာဝရဘုရားသည် ပိုမိုများပြားလှသောအမှုတော်ဆောင်များတို့ကို လိုအပ်တော်မူနေပါသည်။ မိန့်တော်မူခဲ့သောနှုတ်တော်ထွက်တို့မှာ၊ "ပျိုရွယ်သူတို့၊ ဘုရားသခင်သည် သင်တို့အားလိုအပ်နေတော်မူပါသည်။ အမြော်အမြင်ရှိပြီး သဘောထားကြီးကာ၊ အမြင်ကျယ်မှုရှိကြသောသူတို့နှင့် သခင်ခရစ်တော်နှင့်





သမ္မာတရားတော်မြတ်တို့အပေါ် နက်နဲသောချစ်ခြင်းမေတ္တာထားရှိကြသည့် ပျိုရွယ်သူတပ်မတော်ကြီးတစ်ခုကို ဘုရားသခင်ကလိုအပ်နေတော်မူပါသည်။

လုပ်ဆောင်နိုင်စွမ်း၊ သို့မဟုတ် သင်ကြားရယူမှု၏အောင်မြင်မှုအတိုင်းအတာသည် လုပ်ငန်းခွင်တွင်လက်တွေ့ပါဝင်လုပ်ဆောင်မှုကြောင့် ထွက်ပေါ်လာသည့်အကျိုးဆက်ရလဒ်ထက် အထူးလျော့နည်း၊ နည်းပါးလှပါသည်။ ကြီးကျယ်လှပြီး၊ ပညာတတ်ကြီးမျိုးကဲ့သို့သောသူတို့ကို အမှုတော်ကလိုအပ်ခြင်းမရှိသကဲ့သို့ ကျလောက်အောင်အပြောကောင်းသော တရားဟောပြောသူမျိုးကိုလည်းမလိုအပ်ပါ။ ဘုရားသခင်သည် သူ၏ဝိညာဉ်တော်နှင့်ပြည့်ဝစေရန်အတွက် မိမိတို့ကိုယ်ကို သူ၏ထံတော်သို့အပ်နှံကြသောသူတို့ကို လိုအပ်တော်မူပါသည်။ သခင်ခရစ်တော်နှင့်လူသားမျိုးနွယ်တို့၏အရေးအရာသည် မွန်မြတ်သန့်ရှင်းပြီး၊ မိမိကိုယ်ကို ဆက်ကပ်အပ်နှံနေကြသည့်အပြင်၊ တည်းခိုရာယာယီစခန်းမျိုးမရှိသောနေရာသို့ သွားရောက်နိုင်ကြကာ၊ ပြစ်တင်ပြောဆိုခြင်းကိုခံနိုင်ရည်ရှိကြသည့်လူမျိုးတို့ကို တောင်းခံနေပါသည်။ သူတို့ကိုကြံ့ခိုင်သန်စွမ်းစေပြီး၊ ရဲစွမ်းသတ္တိရှိစေကာ လုပ်ငန်းကိုင်ငန်းတို့နှင့်ထိုက်တန်မှုရှိသောကုံလုံပြည့်စုံမှုမျိုးရှိစေကြလျက်၊ စွန့်လွှတ်ဆက်ကပ်ခြင်းအားဖြင့် သူတို့အား ဘုရားသခင်နှင့်ပဋိညာဉ်တစ်ခုကို လုပ်ဆောင်ကြပါစေ။

အမှုတော်ဆောင်ခြင်းလုပ်ငန်းတွင် ပျင်းရိပြီးချောင်ခိုလိုစိတ်ရှိကြသောသူတို့အတွက်နေရာမရှိပါ။ ဘုရားသခင်၏အစေခံကျွန်တို့သည် သူတို့၏အမှုတော်ဆောင်လုပ်ငန်းကို အပြည့်အဝကာကွယ်ပေးနိုင်စွမ်းရှိရကြပါမည်။ သူတို့အနေဖြင့် ပျင်းရိလေးကန်ကြသောသူများမဖြစ်သင့်ကြသော်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်အကြောင်းကို ရှင်းပြပေးသူများဖြစ်သည့်အလျောက်၊ သစ္စာစောင့်သိကြသောသူများအဖြစ်ရှိနေကြရန် သူတို့၏စွမ်းအင်များတို့ကို အစွမ်းကုန်အားထည့်ကြလိမ့်မည်ဖြစ်ပါသည်။ သူတို့အနေဖြင့် သင်ကြားရယူသူများအဖြစ်ရှိနေခြင်းကို မည်သည့်အခါမျှရပ်စဲထားခြင်းမပြုသင့်ကြပါ။ အမှုတော်၏အထွတ်အမြတ်ဖြစ်ရေးအတွက်နှင့် သူတို့၏လုပ်ငန်းဆောင်တာဆိုင်ရာ ကြီးမားသောတာဝန်ယူရမှုများတို့အတွက် သူတို့၏စိတ်ဝိညာဉ်များတို့ကို ရှင်သန်မှုရှိစေခြင်းဖြင့် သင်ကြားလေ့လာမှုပါမက၊ ဆုတောင်းခြင်းကိုပါ ဆုံးရှုံးနစ်နာသွားစေမည့် ပူဇော်သကာတစ်ခုဖြစ်သည့် ချို့ယွင်းချက်ရှိသောယဇ်ကို ဘုရားသခင်ထံတော်သို့ဆောင်ယူလာကြရန် သူတို့အတွက်အချိန်၊ သို့မဟုတ်နေရာရှိကြမည်မဟုတ်ပါ။

ကြီးမားသောဝိညာဉ်ရေးရာအသက်တာမျိုးရှိကြသောသူတို့ကို ထာဝရဘုရားက လိုအပ်နေတော်မူပါသည်။ အမှုတော်ဆောင်တိုင်းတို့သည် အထက်အရပ်မှလာသော ခွန်အားပံ့ပိုးမှုမျိုးကို လက်ခံရယူရကြမည်ဖြစ်ပြီး၊ ဘုရားသခင်က သူတို့အားလျှောက်လှမ်းစေလိုတော်မူသည့်လမ်းသွယ်ကလေးဖြင့် ယုံကြည်ခြင်းနှင့်မျှော်လင့်ခြင်းတို့ဖြင့် ရှေ့သို့ဆက်လက်လျှောက်လှမ်းရကြပါမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် ပျို့ရွယ်ပြီး၊ အထွတ်အမြတ်ထားခြင်းခံရပြီးသည့် လုပ်ဆောင်သူအတွင်းတွင်ကိန်းဝပ်နေပါသည်။ သူသည် လျင်မြန်ဖျတ်လတ်ကာ ထက်သန်မှုရှိပြီး၊ စွမ်းအားအပြည့်အဝရှိလျက်ထောက်မမှု၏မကျရှုံးနိုင်သောမူလဇာစ်မြစ်ဖြစ်သည့် ဘုရားသခင်၏အကြံဉာဏ်တော်ကိုရရှိနေပါသည်။

သခင်ခရစ်တော်၏မကြာမီကာလအတွင်း ပြန်လည်ကြွလာတော်မူမည့်သတင်းစကားတော်ကို ကမ္ဘာမြေကြီးပေါ်သို့ပြောပြပေးရန်အတွက် ဤကဲ့သို့သောလူမျိုးကို ဘုရားသခင်ခေါ်တော်မူနေပါသည်။ ဧဝံဂေလိတရားတော်ပွဲတော်ကြီးသို့လာရောက်ကြရန်အတွက် နောက်ဆုံးသောခေါ်တော်မူခြင်းအကြောင်းနှင့် သိုးသငယ်၏မင်္ဂလာဆောင်ညစာစားပွဲသို့တက်ရောက်ကြရန်အတွက် နောက်ဆုံးသောဖိတ်ခေါ်ခြင်းအကြောင်းတို့ကို ကျွန်ုပ်တို့အနေဖြင့် လူတို့အားကြားပြောရကြပါမည်။ ခေါ်တော်မူခြင်းအသံကိုမကြားသိရကြသေးသည့် ထောင်ပေါင်းများစွာသောနေရာများဆီသို့ပါ ဤခေါ်တော်မူခြင်းအသံတို့ကို ကြားသိစေရကြပါမည်။ သတင်းစကားတော်ကိုမကြားပြောရကြသေးသောသူတို့အနေဖြင့် ၎င်းသတင်းစကားတော်ကို ကြွေးကြော်ရကြပါမည်။ ကျွန်ုပ်တို့၏ပျို့ရွယ်သူများတို့အား ကျွန်ုပ်အနေဖြင့် ထပ်၍ပန်ကြားလိုသည်မှာ ဤသတင်းစကားတော်ကို အသံလွှင့်ပေးရန်အတွက် ဘုရားသခင်က သင့်အားဆင့်ဆိုတော်မူခြင်းမရှိသေးဘူးလားဟူ၍ ဖြစ်ပါသည်။

အပြုစုခံရန်အတွက်မဟုတ်မူဘဲ အစေခံရန်အတွက် ကျွန်ုပ်တို့၏ပျို့ရွယ်သူတို့အနေဖြင့် မည်မျှသောအရေအတွက်တို့ဖြင့် ဘုရားသခင်၏အမှုတော်တွင် ဝင်ရောက်လာကြပါမည်နည်း။ ယခင်အချိန်ကာလများတွင် မိမိတို့အနေဖြင့် အသက်ဝိညာဉ်တစ်ခုပြီးတစ်ခုတို့ကို ကယ်တင်ရန်ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြသောသူတို့သည် "အိုထာဝရဘုရား၊ ဤဝိညာဉ်ကိုကယ်တင်နိုင်ရန်အတွက် အကျွန်ုပ်အားကူညီမစသနားတော်မူပါ" ဟူ၍ တောင်းခံခဲ့ကြပါသည်။ သို့သော်လည်း ယခုကဲ့သို့သောအချိန်ကာလတွင် ဤကဲ့သို့သောဖြစ်ရပ်မျိုးများကို ရှားရှားပါးပါးတွေ့မြင်နေရကြပါသည်။ အပြစ်သားများတို့၏ကြီးမားလှသောအန္တရာယ်ကို သူတို့အနေဖြင့်သတိမမူမိကြသည့်အပြုအမူမျိုးအကြိမ်မည်မျှပြသနေကြပါသနည်း။ ကြီးမားလှသည့်အန္တရာယ်တွင်းသို့ကျရောက်သွားနိုင်ခြေရှိသူများအဖြစ် သူတို့သိရှိနေကြသည့်သူတို့ကို ဘုရားသခင်ထံတော်သို့ဆုတောင်းခြင်းအားဖြင့်ပို့ဆောင်ပေးပြီး သူတို့ကိုကယ်ဆယ်တော်မူရန် ဘုရားသခင်အားအသနားခံပေးကြသောသူများ မည်မျှရှိနေကြပါသနည်း။



ရှေးဦးအသင်းတော်အား ရှင်ပေါလုက (ဂလာတိ ၁း၂၄) တွင်၊ "ငါ့အကြောင်းကြောင့် ဘုရားသခင်ကိုချီးမွမ်းကြ၏" ဆိုသည့် အကျိုးသင့်၊ အကြောင်းသင့်စကားတို့ကိုပြောကြားခဲ့ပါသည်။ ထိုကဲ့သို့သောအလားတူစကားလုံးမျိုးများတို့ပြောကြားခြင်းခံကြရရန် ရှင်သန်ရေးအတွက်၊ ကျွန်ုပ်တို့က ကြိုးပမ်းအားထုတ်ကြမည့်အနေအထားတွင် မရှိကြတော့ပေဘူးလား။ စိတ်နှလုံးအကြွင်းမဲ့ဖြင့် သူ့အားကြိုးပမ်းရှာဖွေကြမည့်လူတို့ကို ထာဝရဘုရားက လမ်းကြောင်းများနှင့်နည်းလမ်းများတို့ကို ဝေငှပေးတော်မူပေလိမ့်မည်။ လုပ်ဆောင်ရကြမည့်လယ်မြေများတို့ကို ပြင်ဆင်မှုများအတွင်းနှင့် ဤလယ်မြေများတို့ကို အောင်မြင်စွာသိမ်းဆည်းနိုင်ရန်အတွက် နည်းလမ်းပြင်ဆင်မှုများတို့တွင်ပြသထားခဲ့သည့် တန်ခိုးတော်ရှင်၏စီမံခန့်ခွဲမှုကို အသိအမှတ်ပြုကြရန်အတွက် ထာဝရဘုရားက လိုလားတော်မူပါသည်။

သမ္မာတရားတော်အားဖြင့် ယုံကြည်မှုခိုင်မာနေကြသည့်သူတို့နှင့်အတူ၊ ထက်သန်မှုရှိလှသည့်ဆုတောင်းခြင်းအချိန်များတို့ကို အမှုတော်ဆောင်များနှင့်သာသနာပြုသူများတို့က ပိုမိုရယူကြပါစေ။ သခင်ခရစ်တော်သည် ကျွန်ုပ်တိုနှင့်အစဉ်အမြဲရှိနေတော်မူသည်ကို သတိတရရှိကြပါ။

ရိုးဖြောင့်စစ်မှန်ပြီး နှိမ့်ချမှုရှိသောအမှုတော်ဆောင်အား အင်အားတိုးခိုင်ခဲ့စေပြီး၊ ခွန်အားပေးတိုက်တွန်းတော်မူရန် ထာဝရဘုရားသည် သူ၏ကျေးဇူးတော်ကိုထင်ရှားစေသည့် တန်ဖိုးအရှိဆုံးသောပြပွဲများတို့ကို ပြသတော်မူရန်အတွက် စိတ်ပါလက်ပါပြင်ဆင်တော်မူပါသည်။ ထိုနောက် သင့်အပေါ်တွင် ဘုရားသခင်က ထွန်းလင်းစေတော်မူသည့်အလင်းတော်ကို အခြားသောသူတို့အပေါ်ရောင်ပြန်ဟပ်စေရန်ဆောင်ရွက်ပါ။ ဤလုပ်ရပ်မျိုးလုပ်ဆောင်သူတို့သည် ထာဝရဘုရားအား အဖိုးအထိုက်ဆုံးသောလှူဖွယ်ဝတ္ထုကို ဆက်ကပ်ရာရောက်ကြပါသည်။ ကောင်းမြတ်သောကယ်တင်ခြင်းသတင်းစကားတော်ကို သယ်ပိုးထမ်းရွက်ကြသောသူတို့၏နှလုံးသားများတို့သည် ချီးမွမ်းခြင်းစိတ်ဓာတ်ဖြင့် ထွန်းလင်းတောက်ပနေကြပါသည်။

အမှုတော်ဆောင်လုပ်ငန်းအတွင်းတွင် အမှုတော်ဆောင်များတို့၏အရေအတွက်သည် လျော့ပါးသွားစေခြင်းမရှိရသည့်အပြင်၊ ကြီးမားသောပမာဏဖြင့်တိုးပွားလာရမည်ဖြစ်သည်။ ယခုအခါတွင် လယ်မြေတွင် အမှုတော်ဆောင်တစ်ဦးတည်းသာရှိနေပါက၊ နောက်ထပ်အယောက်နှစ်ဆယ်ကို ထပ်ဆောင်းဖြည့်ဆည်းပေးရမည်ဖြစ်ပြီး၊ အကယ်၍သာ ဘုရားသခင်၏ဝိညာဉ်တော်ကသာ သူတို့အားထိန်းသိမ်းပေးတော်မူပါက၊ နောက်ထပ်အမှုတော်ဆောင်အယောက်နှစ်ဆယ် ထပ်မံဖြည့်ဆည်းရစေသည်အထိ လက်ရှိအယောက်နှစ်ဆယ်တို့က သမ္မာတရားတော်ကိုဖော်ပြတင်ဆက်နိုင်ကြမည်ဖြစ်ပါသည်။

သခင်ခရစ်တော်၏ဂုဏ်သိက္ခာတော်နှင့် ကူညီစောင်မတော်မူခြင်းအမှုတော်တို့သည် သူ့အားနှစ်သိမ့်ကြည်နူးမှုရှိစေသည့် ဤကဲ့သို့သောအခြေအနေမျိုးများတို့တွင် ပါရှိနေပါသည်။ သူ၏နောက်တော်သို့လိုက်လျှောက်နေကြသောသူတို့အနေဖြင့်၊ သူတို့၏ညီနောင်သားချင်းတို့အတွက် ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာများတို့ဖြင့် ကုံလုံပြည့်စုံမှုရှိစေရေးဆီသို့ နီးကပ်သွားစေသည့်သမ္မာတရားတော်ကိုကြေညာခြင်းအမှုတွင် ပိုမိုကြီးမားလာသည့်တန်ခိုးစွမ်းအားရှင်များအဖြစ်သို့ ရောက်ရှိလာရကြမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏လူသားအရင်းအမြစ်များတို့၏မျှတမှုမရှိသော အရေးပေါ်အခြေအနေများအားလုံးတို့အတွက် ဘုန်းတော်ရှင်ဆိုင်ရာအထောက်အမမျိုးကို ဘုရားသခင်က ဖြန့်ဝေပေးတော်မူပါသည်။ အကျပ်အတည်းတိုင်းတို့ကို ကူညီဖြေရှင်းပေးရန်၊ ကျွန်ုပ်တို့၏မျှော်လင့်ချက်နှင့်အာမခံချက်တို့ကိုအားကောင်းလာစေရန်နှင့် ကျွန်ုပ်တို့၏စိတ်အတွေးတို့ကို အသိဉာဏ်ပွင့်စေပြီး၊ ကျွန်ုပ်တို့၏နှလုံးသားတို့ကို စင်ကြယ်သန့်ရှင်းလာစေရန်အတွက် ဘုရားသခင်သည် သန့်ရှင်းသောဝိညာဉ်တော်ကိုပေးသနားတော်မူပါသည်။ ဤအချက်သည် သူ၏အစီအမံတော်များတွင် ပါဝင်ခြင်းမရှိသောလုပ်ငန်းများအတွက် လိုအပ်သည့်အထောက်အပံ့ပစ္စည်းတို့ကို လုံလုံလောက်လောက်ပံ့ပိုးပေးရမည်ကို ဘုရားသခင်က ဆိုလိုတော်မူခြင်းဖြစ်ပါသည်။ ဘုရားသခင်ထံတော်မှအကြံဉာဏ်တော်ကို ကြိုးပမ်းတောင်းခံကြရန်အတွက် သင်တို့အားအကျွန်ုပ်တိုက်တွန်းပြောကြားလိုပါသည်။ ဘုရားသခင်အား စိတ်နှလုံးအကြွင်းမဲ့ဖြင့်ကြိုးပမ်းရှာဖွေပြီး၊ (ယောဟန် ၂း၅) တွင်ဖော်ပြထားသည့် "သူစေခိုင်းသမျှတို့ကိုပြုကြလော့" အတိုင်း လုပ်ဆောင်ရကြပါမည်။ "အသင်းတော်အတွက်သက်သေခံချက်များ" မူရင်းအင်္ဂလိပ်စာအုပ်၊ အတွဲ (၆)၊ စာမျက်နှာ ၄၁၄၊ ၄၁၅။



မှန်ကန်စွာသင်တန်းပေးခြင်းခံထားရပြီး၊ ထောက်ပံ့ခြင်းကိုရရှိကြရန်လိုအပ်ကြသည့် ကျွန်ုပ်တို့၏လူငယ်လူရွယ်များတို့ကဲ့သို့သော အမှုတော်ဆောင်များပါရှိကြသည့်တပ်မတော်ကြီးတစ်ခုဖြင့် အသေခံဆက်ကပ်အပူဇော်ခံပြီး၊ ပြန်လည်ထမြောက်ကာ မကြာမမြင့်သောကာလတွင် ပြန်လည်ကြွလာတော်မူမည့်ကယ်တင်ရှင်အကြောင်းသတင်းစကားကို ကမ္ဘာမြေအနှံ့သို့ အဆောတလျင်သယ်ပိုးပို့ဆောင်ကြရပါမည်။ ဒုက္ခဆင်းရဲခြင်းနှင့်ပူဆွေးဝမ်းနည်းခြင်းတို့အပြင် အပြစ်တရားတို့၏ဆုံးခန်းတိုင်မှုသည် မည်မျှမြန်မြန်ဆန်ဆန်ရောက်ရှိလာမည်နည်း။ အပြစ်တရားနှင့်နာကျင်မှုတို့၏အကျည်းတန်မှုများပါဝင်သည့် ဤကမ္ဘာမြေရှိပိုင်ဆိုင်မှုနေရာတစ်နေရာအစား၊ ကျွန်ုပ်တို့၏သားသမီးများတို့အနေဖြင့် "ဖြောင့်မတ်သောသူတို့သည် ပြည်တော်ကိုအမွေခံ၍ အစဉ်အမြဲနေရကြလိမ့်မည်" (ဆာလံ ၃၇း၂၉)။ "မြို့သားကလည်း ငါနာသည်ဟုမဆိုရ" (ဟေရှာယ ၃၃း၂၄)၊ "ငိုကြွေးသံနှင့်အော်ဟစ်သံကို နောက်တစ်ဖန်မကြားရ" (ဟေရှာ ၆၅း၁၉) ဆိုသည့်နေရာမျိုးတို့တွင် အမွေခံစားရမည့်အချိန်သည် မည်မျှမြန်ဆန်စွာရောက်ရှိလာမည်နည်း။ ("ပညာရေး" မူရင်းအင်္ဂလိပ်စာအုပ်၊ စာမျက်နှာ ၂၇၁။)

## လူငယ်လူရွယ်တို့သည်ဝန်ကိုထမ်းရွက်သူများဖြစ်ရကြပါမည်

ရှင်ယောဟန်က လူငယ်လူရွယ်များတို့အား သူ၏ဩဝါဒစာပထမစောင် (၂း၁၄) တွင်၊ "လူပျိုတို့၊ သင်တို့သည် ခွန်အားနှင့်ပြည့်စုံ၍ ဘုရားသခင်၏နှုတ်ကပတ်တော်၌မှီဝဲဆည်းကပ်သဖြင့် မာရ်နတ်ကိုအောင်သောကြောင့် သင်တို့ကိုငါရေး၍ပေးလိုက်ခဲ့ပြီ" ဟူ၍ ဆုံးမဩဝါဒပေးထားခဲ့ပါသည်။

အဆင်ပြေပြေစနစ်တကျရှိရှိဖြင့် အမှုတော်သည် ၎င်း၏လုပ်ငန်းခွဲများအားလုံးတို့တွင် ဆက်လက်တိုးတက်မှုရှိစေရန်အတွက် ဘုရားသခင်သည် ငယ်ရွယ်ပျိုမျစ်ပြီး၊ အားမာန်အပြည့်ရှိကာ စိတ်အားထက်သန်မှုရှိလျက်၊ သတ္တိရှိကြသောလူငယ်တို့ကို စုဆောင်းတော်မူပါသည်။ သူ၏အမှုရေးရာတော်ကြီးတိုးတက်ရေးအတွက်၊ အထောက်အမပေးကြရန်အတွက် ဘုရားသခင်က လူငယ်လူရွယ်တို့ကိုရွေးချယ်တော်မူပါသည်။ ရှင်းလင်းပြတ်သားသည့်စိတ်အတွေးဖြင့်စီစဉ်နိုင်ရန်နှင့် ရဲရင့်ပြတ်သားသောလက်ဖြင့် ဖြစ်မြောက်အောင်ဆောင်ရွက်နိုင်ရန်အတွက် လတ်ဆတ်ပြီး၊ သန်စွမ်းသောစွမ်းအင်များတို့ကို လိုအပ်လှပေသည်။ ပျိုရွယ်သူအမျိုးသားများ၊ အမျိုးသမီးများတို့အနေဖြင့်

သူတို့၏ပျိုမျစ်ခြင်းအားမာန်တို့ကို ဘုရားသခင်အားဆက်ကပ်အပ်နှံကြရန်အတွက် ကမ်းလှမ်းခြင်းခံနေရကြကာ သူတို့၏စွမ်းအားများတို့ကိုလေ့ကျင့်ခန်းလုပ်ပြီးပျိုးထောင်ပေးခြင်းနှင့် ပြင်းပြသည့်တွေးခေါ်မြော်မြင်မှုနှင့်အားမာန်ပါသောပြုမူလုပ်ဆောင်မှုတို့အားဖြင့် သူတို့သည် ဘုရားသခင်အားချီးမွမ်းကြလျက်၊ သူတို့၏အပေါင်းအသင်းများတို့ထံသို့ ကယ်တင်ခြင်းတရားတော်ကို ဆောင်ယူလာနိုင်ကြမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့အတွင်းရှိ လူငယ်လူရွယ်တို့အနေဖြင့် သူတို့၏မြင့်မားလှသည့် ဘဝပေးတာဝန်တို့ကိုအကြောင်းပြုပြီး အပျော်အပါးတို့ကိုကြိုးပမ်းရှာဖွေခြင်း၊ သို့မဟုတ် ကိုယ်ကျိုးဆန်လှသည့်ကျေနပ်ရောင့်ရဲမှုဖြင့် ရှင်သန်ခြင်းများတို့ကိုကြိုးပမ်းရှာဖွေခြင်းမလုပ်သင့်ကြပါ။ အသက်ဝိညာဉ်တို့ကိုကယ်တင်ခြင်းဆိုသည်မှာ ထိုလူငယ်လူရွယ်တို့ကို လှုပ်ရှားဆောင်ရွက်မှုရှိလာစေရန်အတွက် ထိုကယ်တင်ခြင်းအစီအစဉ်သည် အကြောင်းရင်းခံအချက်အဖြစ်ရှိနေရပါမည်။ ဘုရားသခင်က သူတို့အားပေးသနားတော်မူသောခွန်အားတို့အားဖြင့် သူတို့သည် ကျွန်ုပ်ပြုမှုတိုင်းတို့ကိုကျော်လွှားနိုင်ရကြမည့်အပြင်၊ အရည်အသွေးအဆင့်အတန်းလျော့ပါးစေသည့် အကျင့်ဓလေ့တို့ကိုပါ ကျော်လွှားပစ်ရကြပါမည်။ သူတို့သည် သူတို့၏ခြေထောက်လျှောက်လှမ်းကြရာလမ်းသွယ်တို့ကိုကောင်းမွန်စွာစူးစမ်းရကြမည့်အပြင်၊ သူတို့ဦးတည်ရာလမ်းကြောင်းအတိုင်း အခြားသောသူတို့ကပါ လျှောက်လှမ်းကြမည်ဆိုခြင်းကိုပါ သတိတရရှိရကြပါမည်။

မည်သူကမျှ မိမိဘာသာမိမိရှင်သန်ရပ်တည်၍မရနိုင်ကြသည့်အလျောက် အားလုံးသောသူတို့အနေဖြင့် ကောင်းမြတ်မှု၊ သို့မဟုတ် မကောင်းမှုအတွက် ဩဇာလွှမ်းမိုးမှုတစ်ရပ်ရပ်ကို အသုံးချရကြပါသည်။ ဤအကြောင်းကြောင့် တမန်တော်က ပျိုရွယ်သူတို့အား စိတ်အတွေးနှင့်ပတ်သက်သည့် သမ္မာသတိရှိကြရန်နှိုးဆော်ခဲ့ပါသည်။ သူတို့အနေဖြင့် သခင်ခရစ်တော်နှင့်အတူတကွလုပ်ဆောင်ကြသူများအဖြစ်ရှိရကြမည်။ သူ၏မိမိကိုယ်ကျိုးအတွက်ကိုငြင်းပယ်တော်မူခြင်းနှင့် အသက်စွန့်ဆက်ကပ်အပ်နှံတော်မူခြင်းလုပ်ရပ်များအပြင်၊ သူ၏အောင့်အည်းသည်းခံတော်မူခြင်းနှင့် ယဉ်ကျေးသိမ်မွေ့လှသည့်သဒ္ဒါတရားတော်တို့တွင် ပူးပေါင်းဆက်ဆံသူများအဖြစ်ရှိရကြမည်ဆိုခြင်းကို သတိရလာကြသောအခါ၊ သူတို့သည် ခြားနားသိသာသည့်သွင်ပြင်အနေအထားသို့ မည်ကဲ့သို့ရောက်ရှိလာနိုင်ကြမည်နည်း။

တိမောသေကဲ့သို့ တည်ကြည်မြဲမြံမှုရှိကြသော ယနေ့ကာလလူငယ်များတို့အား၊ တမန်တော်ရှင်ပေါလုက (၂တိ ၂း၁၅) တွင်၊ "သင်မူကား၊ ဝန်ခံတော်မူ



သောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ သမ္မာတရားကိုမှန်ကန်စွာပိုင်းခြားတတ်သောဆရာသမားဖြစ်လျက် ဘုရားသခင်ရှေ့၌ ကိုယ်ကိုကိုယ်ဆက်သခြင်းငှာ ကြိုးစားအားထုတ်လော့" ဟူ၍ဩဝါဒပေးခဲ့သည့်အပြင်၊ (၂တိ ၂း၂၂) တွင်လည်း၊ "လူပျိုတို့၏တပ်မက်ခြင်းကိလေသာစိတ်ကိုကြဉ်ရှောင်လော့။ ဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်း၊ ချစ်ခြင်း၊ စင်ကြယ်သောစိတ်ရှိ၍. . . " ဟူ၍လည်း ဩဝါဒပေးခဲ့သေးကာ၊ (၁တိ ၄း၁၂) တွင်၊ တစ်ဖန် ". . . စကားပြောခြင်း၊ ကျင့်ကြံပြုမူခြင်း၊ သူတစ်ပါးကိုချစ်ခြင်း၊ ဝိညာဉ်သဘောရှိခြင်း၊ သစ္စာစောင့်ခြင်း၊ စင်ကြယ်ခြင်းအရာမှာ ယုံကြည်သောသူတို့အား ပုံသက်သေကိုပြလော့" ဟူ၍ ဆက်လက်သတိပေးခဲ့ပါသည်။

ကျွန်ုပ်တို့အတွင်းရှိ ဝန်ကိုထမ်းရွက်သူများတို့သည် ဆုံးပါးသွားကြပြီဖြစ်ပါသည်။ ကျွန်ုပ်တို့ကစတင်တည်ထောင်ဖွဲ့စည်းခဲ့ကြသည့် ပြုပြင်ပြောင်းလဲမှုများတို့ကိုဆက်လက်လုပ်ဆောင်ခဲ့ကြသည့် ထင်ပေါ်ကျော်ကြားကြသောသူတို့သည်လည်း ယခုအခါတွင် လူ့သက်တမ်း၏မွန်းတည့်ချိန်ကိုကျော်လွန်လာခဲ့ကြကာ၊ ကာယပိုင်းရောဉာဏပိုင်းတွင်ပါ သူတို့၏စွမ်းအားများတို့သည် အကျဖက်သို့သက်ဆင်းနေကြပြီဖြစ်ပါသည်။ အလေးနက်ဆုံးသောစိုးရိမ်ကြောင့်ကြမှုမေးခွန်းကိုမေးရမည်ဆိုပါက သူတို့၏နေရာလပ်တို့ကို မည်သူကဖြည့်ဆည်းပေးပါမည်နည်းဆိုသည့်မေးခွန်းမျိုးကိုသာမေးရပါမည်။ ထို့ပြင် လက်ရှိရှေ့ဆောင်လမ်းပြများတို့က၊ ကျဆုံးသွားကြပါက အသင်းတော်၏အရေးတကြီးရှိလှသည့်အရေးအရာတို့ကို မည်သူကတာဝန်ယူဆောင်ရွက်ကြမည်ကိုပါ မေးမြန်းကြရပေမည်။ ဤဝန်ထုပ်ဝန်ပိုးများတို့ကို တာဝန်ယူထမ်းရွက်ကြမည့်သူများအဖြစ် ယခုကာလလူငယ်လူရွယ်များတို့အပေါ် စိုးရိမ်တကြီးဖြင့်မျှော်ကိုး၍မဖြစ်နိုင်သည့်အပြင်၊ ဤဝန်ထုပ်ဝန်ပိုးတို့ကို တာဝန်ယူကြမည့်သူကိုလည်းမသိရှိနိုင်ပါ။ အမှန်မှာ ဤလူငယ်လူရွယ်တို့အနေဖြင့် အခြားသောသူတို့က ထားရစ်ခဲ့ကြသောအလုပ်ကို ဝင်ရောက်လုပ်ဆောင်ရကြမည်ဖြစ်ပြီး၊ အကျင့်စရိုက်ဆိုင်ရာ ကိုးကွယ်သည့်ဘာသာနှင့် သေရေးရှင်ရေး အရေးကြီးလှသည့် ဘုရားတရားကြည်ညိုမှုများထင်ရှားသည်ဖြစ်စေ၊ သို့မဟုတ် မကောင်းမှုဒုစရိုက်နှင့်ဖောက်ပြန်မှုတို့က တန်ဖိုးရှိလှသောအရာအားလုံးတို့ကို ပြောင်းလဲပျက်စီးစေမည့်အနေအထားတွင်ရှိနေသည့်တိုင် သူတို့၏ဦးတည်ရာလမ်းကြောင်းတို့အတွက် ခိုင်ခိုင်မာမာဆုံးဖြတ်ချက်ချရကြမည်ဖြစ်ပါသည်။

လူငယ်လူရွယ်တို့အနေဖြင့် အသင်းအဖွဲ့နှင့်သူတို့အားဖန်ဆင်းတော်မူသောသူတို့၏ငင်းတို့အပေါ်အဆိုပြုချက်တို့ကို ဆောင်ရွက်ကြရန်အတွက်၊ အသက်အိုမင်း

လာကြသောသူတို့သည် သူတို့၏အကျင့်သီလနှင့်စံနမူနာတို့အားဖြင့် ထိုလူငယ်လူရွယ်တို့အား ပညာပေးရကြမည်ဖြစ်ပါသည်။ ဤလူငယ်လူရွယ်တို့အပေါ်သို့ လေးနက်လှသည့်တာဝန်ယူမှုများတို့ကို တင်ထားကြရပါမည်။ မေးစရာအနေဖြင့် သူတို့သည် မိမိတို့ကိုယ်ကိုထိန်းချုပ်နိုင်စွမ်းရှိကြပါသလားဆိုသောမေးခွန်းနှင့် ဒုစရိုက်အပြစ်၏အငွေ့အသက်များတိုင်းတို့ကို စက်ဆုပ်ကြရန်အတွက်၊ ဘုရားသခင်ပေးသနားတော်မူသောလူကြီးဘဝဖြင့် စင်ကြယ်စွာရပ်တည်နိုင်ကြပါမည်လားဆိုသည့် မေးခွန်းများတို့ပင်ဖြစ်ပါသည်။

ယခုကာလတွင်တွေ့နေရသည့် အထူးရင်လေးဖွယ်သောအခြေအနေမျိုးနှင့် မျိုးဆက်တစ်ခုအပေါ်အားထားမှုကြောင့် ရရှိလာသည့်ပြင်းထန်သည့်အကျိုးရလဒ်မျိုး ယခင်ကမရှိခဲ့ဘူးပါ။ လူငယ်လူရွယ်များတို့အနေဖြင့် ကောင်းမြတ်သောအကျင့်စရိုက်မျိုးတစ်ရပ်ကို ပိုင်ဆိုင်ထားခြင်းမရှိပါဘဲ၊ လက်ခံနိုင်လောက်သည့် သစ္စာစောင့်သိမှုအနေအထားမျိုးကို ဖြည့်ဆည်းပေးနိုင်ကြသည်ဆိုသောထင်မြင်မှုမျိုးကို တဒင်္ဂမျှဖြင့်ပင် မတွေးထင်သင့်ကြပါ။ ဤကဲ့သို့တွေးထင်ခြင်းသည် ဆူးပင်များမှစပျစ်သီး၊ သို့မဟုတ် ဆူးလေပင်များမှသဖန်းသီးတို့ကို ဆွတ်ခူးသိမ်းဆည်းနိုင်ရေးမျှော်လင့်ချက်ထားသကဲ့သို့သာဖြစ်ပေလိမ့်မည်။

ကောင်းမြတ်သောအကျင့်စရိုက်မျိုးတစ်ရပ်ကို အုတ်တစ်ချပ်ပြီးတစ်ချပ်ဖြင့် တည်ဆောက်ပေးရပါမည်။ ဘုရားသခင်၏အရေးအရာတော်တွင် လူငယ်လူရွယ်တို့အနေဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ကြရေးအတွက် အထောက်အကူပြုပေးသည့် ထိုထူးခြားသည့်စရိုက်လက္ခဏာများတို့ကို ထိုလူငယ်လူရွယ်များတို့၏လုပ်နိုင်စွမ်းရည်များတို့နှင့်ပတ်သက်သည့် ကြိုးစားပမ်းစားလေ့ကျင့်မှုအားဖြင့် သူတို့အားပေးအပ်ထားသောအခွင့်ထူးဖြစ်သည့် နောင်ရေးအတွက်ကြိုတင်စီမံထားမှုတိုင်းတို့ကို တိုးတက်မှုရှိအောင်လုပ်ဆောင်ခြင်းအားဖြင့်၊ ထို့အပြင် အားလုံးသောဉာဏ်ပညာတို့၏မူလဇာစ်မြစ်တော်နှင့်ချိတ်ဆက်ခြင်း စသည့်နည်းလမ်းများတို့အားဖြင့်သာ ရယူကြရမည်ဖြစ်ပါသည်။ နိမ့်ကျသောအဆင့်အတန်းမျှလောက်ဖြင့်သာ သူတို့အနေဖြင့် ကျေနပ်တင်းတိမ်ရကြမည်မဟုတ်ရပါ။ ယောသပ်နှင့်ဒံယေလတို့၏အကျင့်စရိုက်များတို့သည် ထိုလူငယ်လူရွယ်တို့လိုက်လျှောက်ကြရန်အတွက် ကောင်းမွန်သောပုံစံနမူနာများဖြစ်ကြပြီး၊ ကယ်တင်ရှင်၏အသက်တာတွင်လည်း သူတို့အတွက်ကုံလုံပြည့်စုံလှသည့် စံနမူနာတစ်ရပ်ရှိနေပါသည်။





အကျင့်စရိုက်တို့ကိုဖွံ့ဖြိုးစေရေးအတွက် အားလုံးသောသူတို့သည် အခွင့်အရေးတစ်ရပ်ကို အပ်နှင်းပေးအပ်ခြင်းခံနေရကြပါသည်။ ဘုရားသခင်၏ကြီးမားလှသောအစီအစဉ်တော်ကြီးတွင် ခန့်အပ်ခြင်းခံထားရသည့် သူတို့၏နေရာများတို့ကို အားလုံးသောသူတို့က ဖြည့်ဆည်းပေးရကြပါမည်။ ရှမွေလသည် စင်ကြယ်သောနှလုံးသားရှိခဲ့ခြင်းကြောင့် ထာဝရဘုရားသည် သူ့အားငယ်ရွယ်စဉ်ကတည်းက လက်ခံတော်မူခဲ့ပါသည်။ ဆက်ကပ်အပ်နှံထားခြင်းခံရသည့်လှူဖွယ်အဖြစ် သူသည် ဘုရားသခင်ထံတော်သို့ပေးအပ်ခြင်းခံခဲ့ရကာ၊ ထာဝရဘုရားသည်လည်း အလင်း၏ဆက်ကြောင်း (channel) အဖြစ် သူ့အားဖန်တီးတော်မူခဲ့ပါသည်။ အကယ်၍သာ ယနေ့ခေတ်လူငယ်လူရွယ်များတို့သည် ရှမွေလလုပ်ဆောင်ခဲ့သကဲ့သို့ မိမိတို့ကိုယ်ကိုဆက်ကပ်အပ်နှံကြမည်ဆိုပါက ထာဝရဘုရားသည် သူ၏အမှုတော်တွင် လက်ခံအသုံးပြုတော်မူမည်ဖြစ်ပါသည်။ သူတို့၏အသက်တာတွင် သူတို့အနေဖြင့် ဆာလံဆရာကြီးနှင့်အတူ (ဆာလံ ၇၁း၁၇) တွင်ဖော်ပြထားသည့်၊ "အိုဘုရားသခင်၊ ကိုယ်တော်သည် အကျွန်ုပ်ကိုငယ်သောအရွယ်မှစ၍ သွန်သင်တော်မူပါပြီ။ ယခုတိုင်အောင်အံ့ဖွယ်သောအမှုတော်တို့ကို အကျွန်ုပ်ပြပါပြီ" အတိုင်း အတူတကွလိုက်လံသီကျူးနိုင်ကြမည်ဖြစ်ပါသည်။

## အမှုတော်ဆောင်များဆိုင်ရာသင်တန်းလိုအပ်မှု

အသက်ကြီးရင့်လာသောသူများတို့က ယခုအခါထမ်းဆောင်နေကြသောဝန်ထုပ်ဝန်ပိုးတို့ကို လူငယ်လူရွယ်များတို့က မကြာသောကာလတွင် ထမ်းရွက်ကြရပေတော့မည်။ ပျိုရွယ်သူများတို့အား ကျစ်လျစ်မှုရှိပြီး၊ လက်တွေ့ကျလှသည့်ပညာရေးမျိုးကို ပေးအပ်ကြရန် လျစ်လျူရှုခဲ့ကြခြင်းဖြင့် ကျွန်ုပ်တို့သည် အချိန်ကိုဖြုန်းတီးနေကြပါသည်။ ဘုရားသခင်၏အမှုရေးရာတော်သည် စဉ်ဆက်မပြတ်ဖြင့်တိုးတက်နေသည်အလျောက် ရှေ့ကိုချီတက်ကြဆိုသည့်အမိန့်တော်ကို ကျွန်ုပ်တို့အနေဖြင့် နာခံရကြမည်ဖြစ်ပါသည်။ ပတ်ဝန်းကျင်အခြေအနေများတို့ကြောင့် တိမ်းယိမ်းသွားခြင်းမရှိသည့်အပြင်၊ ဘုရားသခင်နှင့်အတူတကွလျှောက်လှမ်းကြကာ ဆုတောင်းခြင်းများတို့ဖြင့်မွေ့လျော်လျက်၊ အားလုံးသောအလင်းတို့ကို သူတို့တတ်နိုင်ကြသလောက်စုသိမ်းနိုင်ရန်အတွက် ထက်သန်လှသည့်အားထုတ်မှုများတို့ဖြင့် ကြိုးပမ်းကြမည့်ပျိုရွယ်သူအမျိုးသား၊ အမျိုးသမီးများတို့ကို လိုအပ်လှပါသည်။

ဘုရားသခင်၏အမှုတော်ဆောင်သည် သူ့အားအပ်နှင်းထားပြီးသောအရည်အသွေးများ၊ ပြုစုပျိုးထောင်ခြင်းနှင့် ဘုရားသခင်၏ကျေးဇူးတော်များတို့နှင့်အတူ အမြင့်ဆုံးသောစိတ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားဆိုင်ရာစွမ်းအင်များတို့ကိုပေါင်းစပ်ထည့်သွင်းထားရမည်ဖြစ်သော်လည်း သူ၏အောင်မြင်မှုသည် သူဆောင်ရွက်နေသောအမှုတော်အတွက် သူအသုံးပြုသောမွေးရာပါအရည်အချင်း၊ သို့မဟုတ် သူဆည်းပူးရယူထားသောပံ့ပိုးမှုများအားဖြင့်ထက် သူ၏မိမိကိုယ်ကိုအရာမြောက်ခြင်းနှင့် စွန့်လွှတ်ဆက်ကပ်ခြင်းအတိုင်းအတာတို့နှင့်အချိုးကိုက်ညီသည့် အောင်မြင်မှုမျိုးသာဖြစ်ရပါမည်။ စိတ်အားထက်သန်ခြင်း၊ အသုံးဝင်မှုအတွက် အရည်အချင်းပြည့်မီမှုများတို့အတွက်ဆည်းပူးခြင်းကိုစဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်ရန်လိုအပ်ပါသော်လည်း၊ လူသားမျိုးနွယ်တို့နှင့်အတူ ဘုရားသခင်ကသာ ဆောင်ရွက်တော်မူခြင်းမရှိပါက မည်သည့်ကောင်းမြတ်သောအရာမျှ ထမြောက်အောင်မြင်နိုင်မည်မဟုတ်ပါ။ ဘုန်းတော်ရှင်၏ကျေးဇူးတော်သည် ကယ်ဆယ်ခြင်းတန်ခိုး၏ကြီးမားသောအခြေခံအချက်ဖြစ်ပြီး ၎င်းကျေးဇူးတော်ပါရှိခြင်းမရှိပါက လူသား၏ကြိုးစားဆောင်ရွက်မှုသည် အကျိုးဖြစ်ထွန်းလာခြင်းရှိမည်မဟုတ်ပါ။

လုပ်ဆောင်စရာအမှုတော်မျိုး ထာဝရဘုရားထံတော်တွင်ရှိနေသည့်အချိန်တိုင်းတွင် သူသည် အမိန့်ပေးရသည့်အရာရှိမျိုးတို့ကိုသာ ခေါ်တော်မူခြင်းမဟုတ်ဘဲ၊ အားလုံးသောအမှုတော်ဆောင်များတို့ကိုပါ လိုအပ်တော်မူပါသည်။ ယနေ့ကာလတွင် သူသည် စိတ်ပိုင်းရော၊ ရုပ်ပိုင်းတွင်ပါ သန်မာဖျတ်လတ်သော ပျိုရွယ်သူအမျိုးသမီး၊ အမျိုးသားတို့ကို လိုအပ်တော်မူနေပါသည်။ အထက်အရပ်တို့တွင်ရှိနေကြသော အထွတ်အမြတ်များ၊ တန်ခိုးများနှင့်ဝိညာဉ်ဆိုင်ရာဒုစရိုက်အပြစ်များတို့နှင့် ဆိုင်ပြိုင်နေရမှုအတွင်း သူတို့၏လန်းဆန်းမှုရှိပြီး ဦးနှောက်၊ အရိုးနှင့်ကြွက်သားများတို့အတွက် ကျန်းမာရေးကောင်းသည့်စွမ်းအားများတို့ကို ထိုပျိုရွယ်သူတို့က ထည့်သွင်းထားကြရန် အလိုဆန္ဒရှိတော်မူပါသည်။ သို့သော်လည်း သူတို့အနေဖြင့် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုမျိုးများတို့ကို လုပ်ဆောင်ရကြပါမည်။ အချို့သောပျိုရွယ်သူအမျိုးသားများတို့သည် သူတို့နှင့်အမှန်တကယ်အံဝင်ခွင်ကျမှုမရှိသောအလုပ်မျိုးအတွင်းသို့ သူတို့၏လမ်းကြောင်းကိုဇွတ်အတင်းဦးတည်စေကြပါသည်။ သူတို့အနေဖြင့် သင်ကြားပို့ချနိုင်ခြင်းမရှိမီတွင် သင်ကြားရယူမှုရှိရန်လိုအပ်ကြသည်ကို နားလည်ကြခြင်းမရှိကြပါ။ အနည်းအကျဉ်းမျှသောကြိုတင်ပြင်ဆင်မှုကလေးမျှဖြင့် တစ်ခုသောအတိုင်းအတာအထိ အောင်မြင်စွာ



လုပ်ဆောင်နေကြသောသူတို့ကို ညွှန်ပြပြောဆိုတတ်ကြပါသည်။ သို့သော်လည်း အကယ်၍ သူတို့ရည်ညွှန်းပြောဆိုကြသော ဤသူတို့အနေဖြင့် အောင်မြင်စွာဆောင်ရွက်နေကြပါက ဤသူတို့သည် ထိုအမှုတော်အတွင်း သူတို့၏စိတ်နှလုံးနှင့်အသက်ဝိညာဉ်တို့ကိုမြှုပ်နှံထားကြခြင်းကြောင့်ဖြစ်ပါသည်။ ထိုကဲ့သို့သောသူတို့သည် အကယ်၍သာ အစပိုင်းတွင် သင့်လျော်သည့်သင်တန်းမျိုးကိုလက်ခံရရှိထားခဲ့ကြပါက သူတို့၏ဆောင်ရွက်ချက်များတို့သည် မည်မျှလောက်သောပိုမိုသာလွန်သည့် ထိရောက်မှုမျိုးဖြစ်လာကြမည်နည်း။

ဘုရားသခင်၏အမှုရေးရာတော်တွင် ထက်ထက်မြက်မြက်စွမ်းဆောင်နိုင်ကြသောလူတို့ကို လိုအပ်ပါသည်။ ပညာပေးခြင်းနှင့်သင်တန်းပို့ချခြင်းတို့သည် အသက်တာ၏အရေးကြီးသောကိစ္စရပ်များအတွက် ကြိုတင်ပြင်ဆင်မှုတွင် မရှိမဖြစ်လိုအပ်သည့်အရာများအဖြစ် မှန်ကန်စွာရှုမြင်ထားရမည့်အပြင်၊ ကမ္ဘာမြေကြီးပေါ်သို့ ကရုဏာတော်ဆိုင်ရာ နောက်ဆုံးသောသတင်းစကားကိုဖြန့်ဝေခြင်းလုပ်ငန်းအတွက် ပြင်ဆင်မှုတစ်လျှောက်လုံးတွင် ထိုပညာပေးခြင်းနှင့်သင်တန်းပို့ချခြင်းတို့သည် အမှန်တကယ်မည်မျှလိုအပ်လှသည်ဆိုခြင်းကိုပါ မှန်ကန်စွာရှုမြင်လက်ခံထားရပါမည်။ တရားဟောပြောခြင်းကိုနားထောင်ရုံမျှဖြင့် ဤသင်တန်းဆိုင်ရာသင်ခန်းစာကို မရယူနိုင်ပါ။ ကျွန်ုပ်တို့၏စာသင်ကျောင်းများတို့ရှိ ကျွန်ုပ်တို့၏လူငယ်လူရွယ်များတို့သည် ဘုရားသခင်အတွက် ဝန်များကိုထမ်းရွက်ရကြပါမည်။ သူတို့အနေဖြင့် အတွေ့အကြုံရှိသောဆရာများတို့၏လက်အောက်တွင် စေ့စပ်သေချာသည့်သင်တန်းမျိုးကို ရယူလက်ခံကြရပါမည်။ သူတို့သည် သူတို့၏အချိန်တို့ကို လေ့ကျက်သင်ကြားခြင်းနှင့် သူတို့ဆည်းပူးခဲ့ကြသည့်ဗဟုသုတတို့ကို လက်တွေ့လေ့ကျင့်ခြင်းတို့အတွက် အကောင်းဆုံးနှင့်အဖြစ်နိုင်ဆုံးတို့ဖြင့် အသုံးပြုရကြပါမည်။ ဘုရားသခင်၏အမှုရေးရာတော်နှင့်ပတ်သက်သည့် လုပ်ငန်းခွဲများတို့၌မဆို အောင်မြင်သောအမှုတော်ဆောင်တစ်ယောက်၊ သို့မဟုတ် အောင်မြင်သောလုပ်သားတစ်ယောက်ကို ဖန်တီးနိုင်ရန်မှာ၊ ပြင်းထန်သောလေ့ကျက်သင်ကြားခြင်းနှင့် ပြင်းပြင်းထန်ထန်အလုပ်လုပ်ခြင်းများကို လုပ်ဆောင်ရပါမည်။ အမြော်အမြင်ရှိရှိတိုးတက်မှုအတွက် ဘုရားသခင်ကအပ်နှင်းထားတော်မူသောဆုကျေးဇူးတို့၏တန်ဖိုးကို ပြောင်းလဲခြင်းမရှိသောပြုစုပျိုးထောင်ခြင်းလုပ်ရပ်လောက် မည်သည့်အရာကမျှလျော့ပါးစေခြင်းမရှိနိုင်ပါ။

ကျွန်ုပ်တို့၏ပျိုရွယ်သူတို့အား သမ္မာကျမ်းစာတော်နှင့်ပတ်သက်သည့် လုံလောက်သောဗဟုသုတမရှိသေးဘဲ ကျွန်ုပ်တို့၏ယုံကြည်ခြင်းတရားအကြောင်းကို ဉာဏ်ရည်ဉာဏ်သွေးရှိကြသောလူတန်းစားတို့ထံသို့ ဟောပြောကြရန်ခွင့်ပြုပေးခြင်းသည် ထိုပျိုရွယ်သူတို့အား ကြီးမားသောဒဏ်ရာဒဏ်ချက်ကို ရရှိစေရာရောက်ပါသည်။ လုပ်ငန်းခွင်တွင်းသို့ဝင်ရောက်သွားကြသည့် အချို့သောသူတို့သည် သမ္မာကျမ်းစာအကြောင်းနှင့်ပတ်သက်ပြီး သင်ခါစအနေအထားတွင်သာရှိကြပါသေးသည်။ အခြားသောအကြောင်းခြင်းရာတို့တွင်လည်း သူတို့သည် ကျွမ်းကျင်မှုမရှိကြသည့်အပြင်၊ အရည်အချင်းလည်းညံ့လှကြပါသည်။ သူတို့သည် သမ္မာကျမ်းစာကိုဖတ်ရှုရန် ဝန်လေးနေကြသည့်အပြင်၊ ဖတ်ရှုပြန်သည့်အခါတွင်လည်း မှားယွင်းသောအသံထွက်တို့ဖြင့် ဖတ်ရှုကြပြီး၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို စော်ကားမော်ကားပြုရာရောက်သည့် သမ္မာကျမ်းစာတွင်ပါရှိသောစကားလုံးတို့ကို သာမန်စာလုံးတို့ဖြင့် ရောထွေးပစ်တတ်ကြပါသည်။ သမ္မာကျမ်းစာကိုမှန်မှန်ကန်ကန်ဖတ်ရှုနိုင်ခြင်းမရှိကြသောသူတို့အနေဖြင့် မှန်ကန်စွာဖတ်ရှုနိုင်ရေးအတွက် သင်ကြားရယူရန်သာရှိပြီး၊ လူထုပရိသတ်ရှေ့တွင် ရပ်တည်နိုင်ရန်မကြိုးစားမီ လျော်ကန်သင့်မြတ်သောအနေအထားသို့ရောက်ရှိမည့် သင်ကြားပို့ချမှုကို လက်တွေ့လုပ်ဆောင်ရကြပါမည်။

ကျွန်ုပ်တို့၏စာသင်ကျောင်းများတွင်ရှိကြသော ဆရာ၊ ဆရာမတို့သည် အခြားသောသူတို့ကိုညွှန်ကြားနိုင်ကြရန် ကြိုတင်ပြင်ဆင်ထားပြီးသားအနေအထားတွင်ရှိရေးအတွက် လေ့လာသင်ယူမှုတွင် မိမိတို့ကိုယ်ကိုအသေအချာအသုံးချနိုင်ကြရန် မဖြစ်မနေလုပ်နေကြပါသည်။ ဤဆရာ၊ ဆရာမများတို့သည် အရေးပါလှသောစာမေးပွဲတစ်ရပ်ကို အောင်မြင်ကြပြီးသည်အထိ၊ ထို့အပြင် သူတို့သည် သင်ကြားပို့ချနိုင်သောလုပ်ဆောင်နိုင်စွမ်းများနှင့်ပတ်သက်ပြီး ကျွမ်းကျင်မှုရှိကြသော အကဲဖြတ်ပုဂ္ဂိုလ်တို့၏စမ်းသပ်စစ်ဆေးမှုတို့ကိုခံယူကြပြီးသည်အထိ ထိုအလုပ်တွင်လက်ခံခန့်ထားခြင်းခံရမည်မဟုတ်ပါ။ ကမ္ဘာမြေပေါ်သို့ ကျမ်းစာတော်မြတ်ဆိုင်ရာသမ္မာတရားတော်ကို သင်ကြားပို့ချရသည့် မွန်မြတ်သောအမှုတော်တွင်းသို့ ဝင်ရောက်လာကြမည့်သူတို့အား စာမေးပွဲစစ်ဆေးကြသည့်အမှုတော်ဆောင်များတို့သည် ဖြစ်ကတတ်ဆန်းသတိအနေအထားဖြင့် မလုပ်ဆောင်သင့်ကြဘဲ၊ သစ္စာစောင့်သိပြီး အတွေ့အကြုံရှိကြသောသူတို့ဖြင့် အသေအချာဂရုပြုစစ်ဆေးရကြပါမည်။



ကျွန်ုပ်တို့၏စာသင်ကျောင်းများရှိ သင်ကြားပို့ချမှုမည်သည် အခြားသောကောလိပ်ကျောင်းများနှင့်ဘာသာရေးဆိုင်ရာသင်တန်းကျောင်းများရှိ သင်ကြားပို့ချမှုမျိုးနှင့် အလားတူညီခြင်းမရှိရပါ။ ၎င်းပို့ချမှုသည် ညံ့ဖျင်းလှသောအစီအစဉ်မျိုးမဟုတ်ရပါဘဲ၊ ဘုရားသခင်၏တရားဆုံးဖြတ်တော်မူရာ ကြီးကျယ်လှသောနေ့ရက်ကြီးတွင် လူများတို့အနေဖြင့် ရပ်တည်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားပေးရမည့် မရှိမဖြစ်လိုအပ်သည့် အသိဉာဏ်ဗဟုသုတမျိုးရှိကြရေးသည် အလွန်အရေးကြီးလှသည့်ရည်ရွယ်ရင်းအဖြစ် ဖော်ဆောင်ရကြပါမည်။ ယခုကာလအသက်တာတွင်သာမကဘဲ လာမည့်အနာဂတ်အသက်တာတွင်ပါ ကျောင်းသားများတို့သည် ဘုရားသခင်အားအစေခံကြရန်အတွက် အံကိုက်အနေအထားတွင်ရှိရကြပါမည်။ ကျွန်ုပ်တို့၏စာသင်ကျောင်းများအနေဖြင့် တက်ရောက်ကြသည့်ကျောင်းသားများတို့အား နှောင်ဖွဲ့ထားသည့်နိုင်ငံတော်ကြီးနှင့် အံဝင်ခွင်ကျမှုရှိအောင်တပ်ဆင်ပေးကြရန် ထာဝရဘုရားက တောင်းခံတော်မူနေပါသည်။ ဤသို့သောနည်းဖြင့် သူတို့သည် သန့်ရှင်းမြင့်မြတ်ပြီး၊ ဟန်ချက်ညီညီရှိနေသည့် ကယ်ချွတ်ခံရမှုတွင် ပေါင်းစပ်ရောနှောခြင်းခံရကြရေးအတွက် ကြိုတင်ပြင်ဆင်ထားခြင်းခံရရာရောက်ပါသည်။

အမှုတော်ဆောင်ရန် လေ့ကျင့်ပေးခြင်းခံရပြီးကြသော ထိုသူတို့အနေဖြင့် ယခုတွင်ပင် ထာဝရဘုရား၏အမှုတော်တွင် လျင်မြန်စွာဖြင့်နေရာရယူကြပါစေ။ တစ်အိမ်ပြီးတစ်အိမ်သို့ အမှုတော်ကိုထမ်းရွက်ကြမည့်သူများ လိုအပ်နေပါသည်။ ကျမ်းစာတော်မြတ်ဆိုင်ရာ သမ္မာတရားတော်အကြောင်းကို လုံးဝသိရှိကြခြင်းမရှိသောလူများရှိကြရာနေရာများသို့ တိကျပြတ်သားသည့် အားထုတ်ကြိုးပမ်းသူများတို့ကို ထာဝရဘုရားက လိုအပ်တော်မူနေပါသည်။ လူများတို့၏အိမ်ထောင်မိသားစုများတို့တွင် ဓမ္မတေးသီဆိုခြင်း၊ ဆုတောင်းပေးခြင်းနှင့် သမ္မာကျမ်းစာတော်မြတ်ကိုဖတ်ရှုပေးခြင်းများတို့ကို လိုအပ်နေကြပါသည်။ သခင်ခရစ်တော်က (မဿဲ ၂၈း၂၀) တွင်၊ "ငါသည် သင်တို့အားပေးသမျှသောပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှာ၊ ဆုံးမသြဝါဒပေးကြလော့။ . . " ဟူ၍မိန့်တော်မူခဲ့ပါသည်။ ဤကဲ့သို့သောအမှုတော်တို့ကို ထမ်းရွက်ကြသောသူတို့အနေဖြင့် အဆင်သင့်ဖြစ်ရမည့် ကျမ်းစာတော်မြတ်တွင်ပါရှိသော ဗဟုသုတမျိုးရှိရကြပါမည်။ "ကျမ်းစာလာသည်ကား" ဆိုသည့်စကားသည် ခုခံကာကွယ်မှုအတွက် သူတို့၏လက်နက်အဖြစ်ရှိနေရပါမည်။ ကျွန်ုပ်တို့၏အပေါင်းအသင်းမိတ်ဆွေတို့ကို ကျွန်ုပ်တို့ကပေးရကြမည့်အလင်းကို ဘုရားသခင်က သူ၏

နှုတ်ကပတ်တော်တွင် ကျွန်ုပ်တို့အားထိုအလင်းကိုပေးအပ်ထားတော်မူပြီးဖြစ်ပါသည်။ သခင်ခရစ်တော်မိန့်တော်မူခဲ့သော သမ္မာတရားတော်သည် နှလုံးသားများတို့ဆီသို့ ရောက်ရှိသွားပေလိမ့်မည်။ "ထာဝရဘုရားမိန့်တော်မူသည်ကား" ဆိုသည့်နှုတ်တော် ထွက်တစ်ခွန်းသည် နားထဲသို့တန်ခိုးနှင့်အတူဝင်ရောက်သွားပြီးနောက် ရိုးသားဖြောင့်မတ် သည့်အမှုတော်ကို ဆောင်ရွက်လေရာရာ၌ အသီးများကိုတွေ့ရပေလိမ့်မည်။ ("ဆရာ၊ ဆရာမများတို့ထံသို့အကြံပေးချက်" မူရင်းအင်္ဂလိပ်စာအုပ်၊ စာမျက်နှာ ၅၃၅–၅၄၀)။

## သာသနာပြုအမှုတော်လုပ်ငန်းအတွက်ပညာရေး

(၁ကော ၃း၉) တွင် ရှင်ပေါလုက၊ "ငါတို့သည် ဘုရားသခင်ထံ၌အလုပ်လုပ် သောသူချင်းဖြစ်ကြ၏။ သင်တို့သည် ဘုရားသခင်၏ဥယျာဉ်တော်ဖြစ်ကြ၏။ ဘုရားသခင်၏ကျောင်းတော်တိုက်လည်းဖြစ်ကြ၏" ဟူ၍ ဩဝါဒပေးထားခဲ့ပါသည်။

ခရစ်ယာန်လုပ်ဆောင်သောသူ၏အလုပ်သည် ပေါ့ပေါ့တန်တန်သဘောထား ၍ရသော၊ သို့မဟုတ် အရေးမပါသောအလုပ်မျိုးမဟုတ်ပါ။ ထိုခရစ်ယာန်လုပ်ဆောင် သူတွင် မြင့်မားလှသော မွေးရာပါတာဝန်အဖြစ်ခံယူထားသောအရာမှာ၊ သူ၏အနာဂတ် အသက်တာတစ်ခုလုံးမှနေပြီး ၎င်းတာဝန်၏ပုံစံနှင့်အရောင်အသွေးကို ဆုပ်ကိုင်ထား ရေးပင်ဖြစ်ပါသည်။ အထွတ်အမြတ်ဖြစ်သောအမှုတော်တစ်ခုတွင် မိမိကိုယ်ကိုအပ်နှံ ထားသောသူအနေဖြင့် ထိုအမှုတော်ပြီးမြောက်ရေးလုပ်ငန်းတွင် သူ၏စွမ်းအင်အားလုံး တို့ကို ချည်နှောင်ထားပေးရမည်ဖြစ်သည်။ သူ့အနေဖြင့် မြင့်မြင့်ကြံရမည်ဖြစ်ပြီး၊ သူသိရှိထားရမည်မှာ သူရယူနိုင်ရန်ကြိုးပမ်းအားထုတ်သည့်ရလဒ်ထက် ပိုမိုမြင့်မားသော အနေအထားမျိုးကို မည်သည့်အခါမျှရောက်ရှိသွားမည်မဟုတ်ကြောင်းပင်ဖြစ်ပါသည်။ အလင်းတရားကို သူကသာအလျှင်အဦးလက်ခံရယူထားခြင်းမရှိပါက ထိုအလင်းကို သူ့အနေဖြင့်မည်သို့မျှပျံ့နှံ့သွားစေနိုင်မည်မဟုတ်ပါ။ အမှောင်ထုအတွင်းရှိနေကြသည့် လူတို့အား ကျမ်းစာတော်မြတ်တွင်ပါရှိသောအကြောင်းအရာတို့ကို ရှင်းပြပေးနိုင်သည့် ဆရာ၊ ဆရာမတစ်ဦးအဖြစ်သို့ရောက်ရှိလာရေးအတွက် လုံလောက်သောဉာဏ်ပညာ နှင့်အတွေ့အကြုံများမရှိသေးမီ သူ့အနေဖြင့် သင်ကြားလေ့ကျက်ရယူသူတစ်ဦးအဖြစ် ဖြင့်သာ ရှိရပေဦးမည်။ အကယ်၍သာ ဘုရားသခင်က လူတို့အားသူနှင့်အတူတကွ လုပ်ဆောင်ကြသူများအဖြစ်ခေါ်ယူတော်မူပါက ၎င်းခေါ်ယူတော်မူခြင်းသည် သူ၏



နှုတ်ကပတ်တော်၏အထွတ်အမြတ်ဖြစ်သော သမ္မာတရားတော်တို့ကိုကိုယ်စားပြုပေးရန် နှင့်မြှင့်တင်ပေးနိုင်ကြရေးအတွက် မှန်ကန်စွာဖြင့် ဖြစ်နိုင်သမျှသောအကောင်းဆုံးသော ကြိုတင်ပြင်ဆင်မှုမျိုးကို လုပ်ဆောင်ကြရန်ခေါ်ယူတော်မူခြင်းနှင့်အလားတူပါသည်။

ဘုရားသခင်၏အမှုတော်အတွက် မိမိတို့ကိုယ်ကိုပေးအပ်ရန်ဆန္ဒရှိကြသောသူ တို့အနေဖြင့် ထိုအမှုတော်တွင် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စွာဖြင့် ပါဝင်ဆောင်ရွက် နိုင်ကြရန် ကြိုတင်ပြင်ဆင်ရာရောက်သည့် ထိုအမှုတော်ဆိုင်ရာပညာပေးမှုနှင့်သင်တန်း တို့ကို လေ့ကျက်ရယူကြရမည်ဖြစ်ပါသည်။ သူတို့အနေဖြင့် လှေကား၏ပိုမိုမြင့်လှ သည့် လှေကားထစ်များတို့ဆီသို့ တစ်ပြိုင်နက်တည်းတက်လှမ်းလိုစိတ်မျိုးကို မထား ရှိသင့်ကြဘဲ၊ အောင်မြင်ကြမည့်သူတို့အနေဖြင့် လှေကား၏ပထမဆုံးသောလှေကား ထစ်ကို စတင်တက်လှမ်းသည့်နောက် အထက်ဘက်သို့ခြေတစ်လှမ်းပြီးမှတစ်လှမ်းဖြင့် တက်လှမ်းရကြပါမည်။ တိုးတက်မှုရှိလာကြရေးအတွက် အခွင့်အလမ်းများနှင့်အသာ စီးရမှုများတို့သည် သူတို့အတွက်အာမခံချက်ပေးထားပြီးသားဖြစ်ပြီး၊ ဘုရားသခင်၏ အမှုတော်ကို လက်သင့်ခံနိုင်သောအနေအထားမျိုးဖြင့် မည်ကဲ့သို့လုပ်ဆောင်ရမည်ကို သင်ကြားရယူကြရန် သူတို့၏စွမ်းအားများတို့ဖြင့် သူတို့သည် ကြိုးစားအားထုတ်မှု တိုင်းတို့ကို လုပ်ဆောင်သင့်ကြပါသည်။

ကျွန်ုပ်တို့၏အမှုတော်ဆောင်များအနေဖြင့် ဥရောပတိုက်တွင်၊ သို့မဟုတ် အမေရိကတိုက်တို့တွင်ဖြစ်စေ၊ မည်သည့်နေရာတို့တွင် အမှုတော်ဆောင်ကြသည်ဖြစ်စေ၊ သူတို့အနေဖြင့် လူငယ်လူရွယ်များတို့အား ဘုရားသခင်၏ကြီးမားလှသောစစ်တလင်း ပြင်ကြီးတွင် လုပ်ရှားတက်ကြွစွာဖြင့် အမှုတော်ထမ်းရွက်ရေးအတွက် ကြိုတင်ပြင်ဆင် ထားကြရန် ကြိုးပမ်းလှုံ့ဆော်ရကြပါမည်။ သခင်ခရစ်တော်၏အစေခံများအဖြစ် မိမိ တို့ကိုယ်ကိုသတ်မှတ်ထားကြသောသူအားလုံးတို့အတွက် သခင်ခရစ်တော်အတွက် လုပ်ကိုင်ဆောင်ရွက်ပေးရန် အလုပ်အကိုင်ရှိပါသည်။ အမှန်တကယ်အစေခံမည်သည်၊ လုပ်ဆောင်သောသူကိုငှားရမ်းခြင်းအပြင် အမှုတော်နှင့်တာဝန်ယူမှုအကြောင်းတို့နှင့် ပတ်သက်သည့် အကြံဉာဏ်မျိုးကိုပေးတတ်ကြပါသည်။ သူ၏အမှုတော်မြတ်တွင် အမှုထမ်းဆောင်ကြရန်အတွက် ဘုရားသခင်သည် လူတိုင်းလူတိုင်းတို့အား တန်ခိုး စွမ်းအားတို့ကိုပေးအပ်တော်မူပါသည်။ ဘုရားသခင်သည် လူတစ်ဦးချင်းအတွက် အလုပ်ကိုခွဲခန့်ပေးတော်မူပြီး၊ သူတို့၏လုပ်ဆောင်နိုင်စွမ်းသော စွမ်းရည်တိုင်းတို့ကို

သူ၏ဘုန်းအာနုဘော်တော်တွင် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေးအတွက် တောင်းခံတော်မူပါသည်။

## စစ်သည်တော်များတို့၏သင်တန်း

ဆွစ်ဇာလန်နိုင်ငံ၊ ဘေစရ်(လ်) မြို့တွင်းရှိ ကျွန်ုပ်တို့၏ပုံနှိပ်ထုတ်ဝေရေးရုံး၏ရှေ့ ဧကပေါင်းများစွာကျယ်ဝန်းသောပန်းခြံကြီးတွင် စစ်ရေးပြကွင်းအဖြစ် နိုင်ငံတော်အစိုးရက ရာထားသတ်မှတ်ခဲ့ပါသည်။ တစ်နှစ်တာ၏အချိန်အတော်များများတို့တွင် စစ်သည်တော်တို့သည် ဤနေရာတွင် တစ်နေ့ပြီးတစ်နေ့ သင်တန်းလေ့ကျင့်နေကြသည်ကို ကျွန်ုပ်တို့တွေ့မြင်နေကြရပါသည်။ တပ်မတော်ရေးရာတာဝန်များတို့နှင့် ပတ်သက်သည့်တာဝန်အားလုံးနှင့်သက်ဆိုင်သော စစ်ရေးပြခြင်းတို့ကိုလုပ်ဆောင်ကြခြင်းဖြင့် စစ်ပွဲကြီးဖြစ်လာခဲ့ပါက အမှန်တကယ်စစ်မှုထမ်းဆောင်ကြရန် နိုင်ငံတော်အစိုးရမှဆင့်ခေါ်လာသောအခါ သူတို့အနေဖြင့် အဆင်သင့်ရှိနှင့်ကြပြီးသားဖြစ်ပေမည်။

တစ်နေ့တွင် ကောင်းမွန်လှသောတဲတစ်လုံးကို ထိုကွင်းတွင်တည်ဆောက်ထားပါသည်။ ထိုနောက် ထိုတဲကိုတပ်ဆင်စခန်းချခြင်းနှင့်ဖြိုချပြီး တစ်စစီဖြုတ်သိမ်းသည့်စည်းစနစ်သင်တန်းကို သင်ကြားရယူရကြပါသည်။ ညွှန်ကြားချက်ကိုလည်း တကယ့်စစ်မြေပြင်အမိန့်အတိုင်း ညွှန်ကြားစေခဲ့သည့်အပြင်၊ စစ်သည်တော်တိုင်းတို့သည်လည်း မိမိတို့တိတိကျကျလုပ်ဆောင်ရမည့်အလုပ်မျိုးကို ပေးအပ်ထားခြင်းခံခဲ့ရကြပါသည်။ ထိုတဲသည် အကြိမ်အတော်များများဖြင့် ဆောက်လိုက်၊ ပြန်ဖြုတ်သိမ်းလိုက်ဖြင့် ရှိနေခဲ့ပါသည်။

ထိုနောက် အခြားသောတပ်ခွဲအားဖြင့် အသေးစားအမြောက်လက်နက်အတော်များများတို့ကို ထိုကွင်းထဲတွင်တပ်ချထားပြီးနောက် ထိုလက်နက်တို့ကို တစ်နေရာမှအခြားတစ်နေရာသို့ အလျင်အမြန်ပြောင်းရွှေ့ခြင်း၊ အမြောက်တင်လှည်းကို တစ်စစီဖြုတ်ခြင်းနှင့် ထိုအမြောက်လက်နက်ကို အဆင်သင့်အသုံးပြုနိုင်ရန် နေရာချထားပုံချထားနည်းနှင့် ထိုအမြောက်လက်နက်တို့ကို နေရာပြောင်းရွှေ့ရန်တောင်းခံလာပါက အချိန်တိုအတွင်းလှုပ်ရှားပြောင်းရွှေ့နိုင်ရန်အတွက် အမြောက်တင်လှည်းရှေ့ပိုင်းဘီးတို့ကို နောက်ထပ်တစ်ဖန်လျင်မြန်စွာပူးတွဲချည်နှောင်ပေးခြင်း စသည့်သင်ခန်းစာတို့ကို အရာရှိတို့ကသင်တန်းပေးခဲ့ကြပါသည်။

လူနာတင်မော်တော်ယာဉ်များတို့ကိုလည်း ထိုကွင်းပြင်အတွင်းသို့မောင်းသွင်းလာခဲ့ကြပြီးနောက် ဒဏ်ရာရရှိကြသောသူတို့အား ပြုစုစောင့်ရှောက်နည်းတို့ကို





တပ်မတော်သူနာပြုတပ်ဖွဲ့ဝင်တို့က သင်ကြားပို့ချပေးခြင်းခံရကြပါသည်။ ထိုပို့ချမှုတွင် ထမ်းစင်များပေါ်တွင် လူတို့ကိုလှဲအိပ်ချစေရာတွင် သူတို့အနေဖြင့် စစ်မြေပြင်တွင် ဒဏ်ရာရရှိခဲ့ကြသောသူများအသွင်ဖြင့် သူတို့၏ဦးခေါင်းများနှင့်ခြေလက်အင်္ဂါများတို့ကို ပတ်တီးဖြင့်စည်းနှောင်ထားခြင်းခံခဲ့ရကြပါသည်။ ထိုနောက်တွင် သူတို့အားလူနာတင်မော်တော်ယာဉ်ပေါ်သို့တင်ထားလိုက်ကြပြီးနောက် ထိုမော်တော်ယာဉ်သည်လည်း ထိုစစ်ရေးပြကွင်းထဲမှ ပြန်လည်ထွက်ခွာသွားခဲ့ပါသည်။

စစ်သည်တော်များတို့သည် သူတို့၏ကျောပိုးအိတ်များတို့၏လေးလံမှုကို ဝန်ထုတ်ဝန်ပိုးအဖြစ်မခံစားရကြလေအောင် နာရီပေါင်းအတော်ကြာမျှ စစ်ရေးပြလေ့ကျင့်ရကြသည့်အပြင်၊ တစ်ဦးအပေါ်တစ်ဦးက ခွစီးပြီးလေ့ကျင့်ရကြပါသေးသည်။ သူတို့၏လက်နက်များတို့ကို မည်ကဲ့သို့သိမ်းဆည်းစုပုံရကြမည်၊ ထိုနောက် တစ်ဖန်၎င်းတို့ကိုမည်ကဲ့သို့အလျင်အမြန်ပြန်လည်ဆွဲယူရကြမည်ကိုပါ ပို့ချခြင်းခံရကြပါသည်။ သူတို့အနေဖြင့် ရန်သူတို့အား ရုတ်တရက်တစ်ဟုန်ထိုး တိုက်ခိုက်မှုတစ်ရပ်ကိုဆင်နွှဲကြရန်အတွက် လက်တွေ့ဆင်နွှဲလေ့ကျင့်ရကြပြီး၊ တပ်ဖြန့်ကြက်မှုနှင့်စစ်ကစားခြင်းအခင်းအကျင်းအမျိုးအစားအားလုံးတို့ကိုပါ လေ့ကျင့်ရကြပါသည်။

ဤနည်းများအားဖြင့် မည်သည့်အရေးပေါ်အခြေအနေမျိုးအတွက်မဆို လူတို့ကိုကြိုတင်ပြင်ဆင်မှုအတွက် စစ်ရေးပြသင်တန်းသည် ဆက်လက်ရှိနေပါသည်။ ဧမာနွေလအရှင်မင်းကြီးအတွက် တိုက်ပွဲကိုဆင်နွှဲတိုက်ခိုက်ကြသူများတို့အနေဖြင့် ဝိညာဉ်ရေးဆိုင်ရာစစ်ရေးစစ်ရာအတွက် သူတို့၏ကြိုတင်ပြင်ဆင်မှုတို့တွင် လျော့ရဲရဲထက်သန်မှုနှင့် လျော့ရဲရဲအပင်ပန်းခံမှုတို့ဖြင့်သာ အခြေခံသင့်ကြပါသလား။ ဤကြီးကျယ်လှသောအမှုတော်ကြီးတွင် ပါဝင်ဆင်နွှဲကြသူများတို့အနေဖြင့် လိုအပ်ပါက စစ်ရေးပြသင်တန်းတွင်ပါဝင်တက်ရောက်ရကြပါမည်။ သူတို့အနေဖြင့် အမိန့်ပေးနိုင်သောအနေအထားမျိုးသို့မရောက်ရှိမီ မည်ကဲ့သို့နာခံမှုရှိရမည်ဆိုခြင်းကို အလျင်ဦးဆုံးသင်ကြားရယူရကြပါမည်။

## သင်တန်းအတွက်လိုအပ်သည့်အခြေခံအထောက်အပံ့များ

အထူးတလည်ကြိုတင်ပြင်ဆင်ထားသော အမှုတော်၏အရေးအရာတွင် တိကျပြတ်သားသည့်တိုးတက်မှုမျိုးရှိသင့်ပါသည်။ အားလုံးသောကျွန်ုပ်တို့၏ဌာနချုပ်များတို့တွင် ဘုရားသခင်၏အမှုတော်၌ မိမိတို့ကိုယ်ကိုပေးအပ်လိုကြသည့်လူတို့အတွက်

ညွှန်ကြားချက်နှင့်သင်တန်းများဆိုင်ရာအစီအစဉ်များတို့သည် ကောင်းမွန်ပြီး၊ စနစ်တကျစီစဉ်ထားမှုရှိရပါမည်။ မြို့ကြီးများတွင်ရှိသော ကျွန်ုပ်တို့၏သာသနာအသင်းတော်တို့သည် သာသနာပြုလုပ်ငန်းတွင်းရှိ ပညာရေးအတွက် အသာစီးရရှိနိုင်မည့်အခွင့်အလမ်းများတို့ကို ရရှိစေပါသော်လည်း၊ ထိုအခွင့်အလမ်းများလောက်ဖြင့် လုံလောက်မှုမရှိနိုင်ပါ။ ပြည်တွင်းတွင်ရော ပြည်ပနိုင်ငံများတို့ရှိ လုပ်ငန်းခွင်နယ်ပယ်များတို့တွင် လုပ်ဆောင်ကြသောသူတို့၏ပြင်ဆင်မှုအတွက် အကောင်းဆုံးသောဖြစ်နိုင်ခြေရှိသည့် လိုအပ်သောအခြေခံကျသည့်အထောက်အပံ့များအတွက် ကျွန်ုပ်တို့၏စာသင်ကျောင်းများတို့နှင့်ချိတ်ဆက်ထားသင့်ပါသည်။ ကျွန်ုပ်တို့၏ပိုမိုကြီးမားသောအသင်းတော်များတို့တွင် ဘုရားသခင်၏အမှုတော်ဆောင်များအဖြစ်သို့ရောက်ရှိရေးအတွက် ပျို့ရွယ်သူအမျိုးသား၊ အမျိုးသမီးများတို့အတွက် အထူးသင်တန်းကျောင်းတို့ကိုပါ တည်ထောင်ပေးထားသင့်ပါသည်။ ပိုမိုငယ်ရွယ်သည့်လုပ်ဆောင်ကြသောသူတို့အား အထောက်အမပေးခြင်းနှင့်ပညာပေးခြင်းကိစ္စရပ်များတို့အပေါ် ကျွန်ုပ်တို့၏အမှုတော်ဆောင်များတို့က ပိုမို၍ဂရုတစိုက်ရှိသင့်ကြပါသည်။

အရေးပါလှသောနေရာတစ်ခုအတွင်းသို့ သမ္မာတရားတော်အကြောင်းကို စတင်အသိပေးရေးအတွက် ကြိုးပမ်းမှုတစ်ရပ်တွင် ကျွန်ုပ်တို့၏အမှုတော်ဆောင်များတို့သည် သူတို့နှင့်ပူးပေါင်းလုပ်ဆောင်ကြမည့်သူတို့အတွက် ပြုလုပ်ပေးသည့်ညွှန်ကြားချက်နှင့် သင်တန်းတို့အပေါ် အထူးအာရုံစိုက်မှုမျိုး ထားရှိသင့်ကြပါသည်။ စာအုပ်ရောင်းချသူများနှင့်အယူအဆသဘောထားခံယူချက်အကြောင်းကို အကျေအလည်ဆွေးနွေးရှင်းပြနိုင်သူမျိုးတို့ကိုလိုအပ်လှပြီး မိသားစုများအတွင်း သမ္မာကျမ်းစာဖတ်ရှုခြင်းလုပ်ရပ်မျိုးကို ဖော်ဆောင်ပေးနိုင်သည့်လူများတို့ကိုပါ လိုအပ်ပါသည်။ သို့မှသာလျှင် အမှုတော်ဆောင်များတို့က နှုတ်ထွက်စကားအားဖြင့် ဩဝါဒပေးကြချိန်တွင် ထိုသူတို့သည်လည်း စိတ်ဝိညာဉ်တို့အား သမ္မာတရားတော်ဆီသို့ခေါ်ဆောင်နိုင်ကြမည်ဖြစ်သည်။

အရေးပါလှသောနေရာများတို့သို့သွားရောက်ခဲ့ကြပြီး၊ စခန်းချတွေ့ဆုံဆွေးနွေးပွဲများတို့ကိုကျင်းပခဲ့ကြသည့် ကျွန်ုပ်တို့၏အမှုတော်ဆောင်များတို့သည် သူတို့ရရှိကြသောအားလုံးသောအချိန်တို့ကို တရားဟောပြောခြင်းအမှုဖြင့်သာ ပေးအပ်မြှုပ်နှံကြခြင်းဖြင့် စိုးရိမ်စရာကောင်းလောက်သောအမှားမျိုးကို မကြာခဏကျူးလွန်မိခဲ့ကြပါသည်။ ဤနေရာမျိုးတွင် တရားဟောပြောခြင်းကိုလျော့ပြီး၊ လူအများတို့ကိုသာမကဘဲ ပျို့ရွယ်သောသူတို့အား မည်ကဲ့သို့အောင်မြင်စွာလုပ်ဆောင်နိုင်ကြမည့်အကြောင်းကိုပါ သင်ကြား



ပို့ချပေးရကြပါမည်။ အမှုတော်ဆောင်တို့အနေဖြင့် အခြားသောသူတို့အား သမ္မာကျမ်းစာတော်ကို မည်ကဲ့သို့လေ့လာဖတ်ရှုရမည်ကို သင်ကြားပေးရာတွင်လည်းကောင်း၊ ဘုရားသခင်၏အမှုရေးရာတော်အတွင်း အမှုတော်ဆောင်များအဖြစ်သို့ ရောက်ရှိလာကြမည့် သူတို့၏စိတ်အတွေးနှင့်အပြုအမူများတို့ကို လေ့ကျင့်ပေးရေးအတွက် စွမ်းဆောင်နိုင်သောအနေအထားသို့ ရောက်ရှိသင့်ကြပါသည်။ ထို့အပြင် အသစ်သောသစ္စာစောင့်သိသူများအဖြစ်သို့ ရောက်ရှိလာခါစလူတို့နှင့်အရှင်သခင်တော်အတွက် အလုပ်လုပ်ပေးနိုင်သည့် ကျွမ်းကျင်မှုအရည်အချင်းကို ရယူပိုင်ဆိုင်ကြမည်ဟူ၍ ကတိပေးထားကြသောသူတို့ကို အကြံပေးရန်နှင့်ညွှန်ကြားပေးရန်အတွက် အဆင်သင့်ရှိရကြပါမည်။

စွမ်းဆောင်နိုင်စွမ်းရှိသောအမှုတော်ဆောင်များဖြစ်လာလိုကြသောသူအားလုံးတို့သည် ဆုတောင်းခြင်းတွင် အချိန်များများပေးရကြပါမည်။ ဘုရားသခင်နှင့်အသက်ဝိညာဉ်တို့စပ်ကြားဆက်သွယ်ရေးကို အမြဲဖွင့်ထားခြင်းအားဖြင့် အမှုတော်ဆောင်များတို့သည် သူတို့၏တပ်မှူးကြီး၏အသံတော်ကို မှတ်မိကြပေလိမ့်မည်။ သမ္မာကျမ်းစာတော်မြတ်ကို ဝီရိယရှိရှိဖြင့်လေ့လာသင်ယူသင့်ကြပါသည်။ ရွှေသတ္တုကြောကဲ့သို့ပင် ဘုရားသခင်၏သမ္မာတရားတော်သည် အစဉ်အမြဲမြေမျက်နှာပြင်ပေါ်တွင် ပြန့်ကျဲတည်ရှိနေတတ်သည်မဟုတ်ဘဲ ၎င်းကိုရယူနိုင်ရန်မှာ စိတ်အားထက်သန်စွာတွေးတောပြီး၊ လေ့လာသင်ယူခြင်းအားဖြင့်သာလျှင် ရယူနိုင်မည်ဖြစ်ပါသည်။ ဤကဲ့သို့သောလေ့လာသင်ယူမှုမျိုးသည် စိတ်အတွေးကို အလွန်အဖိုးထိုက်လှသည့်အသိဉာဏ်ဗဟုသုတတို့ဖြင့် သိုမှီးထားစေနိုင်သည်သာမကဘဲ စိတ်ပိုင်းဆိုင်ရာစွမ်းအားများတို့ကိုအားကောင်းလာစေပြီး ကြီးမားကျယ်ပြန့်လာစေကာ ထာဝရတည်တံ့မည့်အရာများတို့ကို မှန်မှန်ကန်ကန်ဖြင့်တွက်ဆဆုံးဖြတ်နိုင်မှုမျိုးကိုပါ ပေးအပ်နိုင်မည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏နေ့စဉ်အသက်တာအတွင်းသို့ ဘုန်းတော်ရှင်၏ကျင့်ဝတ်သီလတို့ကိုရှိနေစေပြီး၊ ဘုရားသခင်၏ဖြောင့်မတ်ခြင်းတရားတော်၏ကြီးမားသောအဆင့်အတန်းမျိုးဖြင့် အသက်တာကိုဆင်ယင်ပေးကာ အကျင့်စရိုက်တစ်ခုလုံးကိုလည်း အားကောင်းလာစေသည့်အပြင်၊ စိတ်ထားမြင့်မြတ်မှုရှိပါလေစေ။

ဘုရားသခင်၏အထွတ်အမြတ်ဖြစ်သောအမှုတော်အတွက် အရည်အချင်းပြည့်မီအောင် ကြိုးပမ်းနေသောသူအနေဖြင့် ရန်သူ၏နယ်ပယ်တွင် မိမိကိုယ်ကိုနေရာချမထားမိရန် သတိထားသင့်သည့်အပြင်၊ သူသည် ဘုန်းတော်ရှင်၏အတတ်ပညာဗဟုသုတ

ကိုရယူနိုင်ရန်အတွက် သူ့အားကူညီကြမည့်အသင်းအဖွဲ့မျိုးကို ရွေးချယ်သင့်ပါသည်။ ပျားပန်းခပ်မျှအလုပ်ရှုပ်ပြီး၊ ပဋိပက္ခအသွင်ဆောင်လှသောကမ္ဘာကြီးမှ သူ့အားခွဲခြားထားလျက် အပြင်လောက၏သြဇာသက်ရောက်ခြင်းမှ တသီးတခြားဖြစ်စေကာ၊ ထို့အပြင် သူချစ်မြတ်နိုးသောအမှုတော်ဆောင်လုပ်ငန်းနှင့် ကင်းကွာသွားစေသည့်ဒုက္ခတွင်းသို့ ကျရောက်စေရန် ဘုရားသခင်သည် အချစ်ရဆုံးသောတပည့်တော်ရှင်ယောဟန်ကို ပတ်မုကျွန်းသို့ ပြည်နှင်ဒဏ်ခတ်ခြင်းခံစေတော်မူခဲ့ပါသည်။ ထိုနောက်တွင်မူ ဤကမ္ဘာမြေကြီး၏ပိတ်ထားခြင်းခံရသော သမိုင်းစဉ်မြင်ကွင်းတို့ကို ရှင်ယောဟန်၏ရှေ့မှောက်တွင်ဖွင့်ပြပေးခဲ့ခြင်းဖြင့် ထာဝရဘုရားသည် သူနှင့်လက်ပွန်းတတီးရှိတော်မူခဲ့ပါသည်။ မြေကြီးပေါ်သို့ကြွရောက်လာတော်မူမည့် တစ်ဦးတစ်ယောက်သောပုဂ္ဂိုလ်တော်ကြီးအတွက် လမ်းခရီးတော်ကိုပြင်ဆင်ပေးရမည့်သတင်းစကားတော်ကို ဗတ္တိဇံဆရာယောဟန်သည် ဘုရားသခင်ထံတော်မှလက်ခံရယူခဲ့ရသည့် တောကြီးကန္တာရထဲတွင်သူနေထိုင်ခဲ့ပါသည်။

အပြောင်းအလဲမရှိပြုမူကျင့်ကြံကြလေသမျှအတွင်း ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်၏အမှုတော်မှ ကျွန်ုပ်တို့၏စိတ်အတွေးတို့ကို လမ်းလွဲသွားစေသည့် ယိမ်းယိုင်မှုကိုဖြစ်ပေါ်စေသော သြဇာသက်ရောက်မှုတိုင်းကို ရှောင်ရှားသင့်ကြပါသည်။ အထူးသဖြင့် ယုံကြည်ခြင်းရှိပြီး အတွေ့အကြုံရှိကြသောပျိုရွယ်သူများတို့သည် စုံစမ်းနှောင့်ယှက်ခြင်းလမ်းကြောင်းပေါ်တွင် မိမိတို့ကိုယ်ကိုကျရောက်သွားစေသော ကိုယ့်ကိုကိုယ်ယုံကြည်စိတ်ချမှုမျိုး မထားရှိကြရန်အတွက် သတိထားရကြပါမည်။

မှန်ကန်သောအလုပ်ကို ကိုင်စွဲထားသောသူတို့သည် သူတို့၏လျှောက်လှမ်းကြလေရာခြေလှမ်းတိုင်းတို့တွင် သူတို့နှင့်အတူ သခင်ယေရှုရှိနေတော်မူရန်လိုအပ်ကြောင်းကို ခံစားရကြမည်ဖြစ်ပြီး၊ စိတ်အတွေးနှင့်အပြုအမူများတို့ကို ပြုစုပျိုးထောင်ပေးရေးမှာ မိမိတို့ကိုယ်၌တို့၏တာဝန်တစ်ရပ်ဖြစ်သည့်အပြင် ဘုရားသခင်ကတောင်းခံတော်မူကြောင်းကိုပါ ခံစားလာရကြပေမည်။ ထိုတာဝန်သည် အမှုတော်အောင်မြင်ရေးအတွက် မရှိမဖြစ်လိုအပ်သောတာဝန်တစ်ရပ်ဖြစ်ပါသည်။

## မိမိဘာသာ (စားဝတ်နေရေး) ဖူလုံစေသည့်အနေအထား

သာသနာပြုလုပ်ငန်းအမှုတော်ဆောင်များအဖြစ် စိတ်ကူးမှန်းဆကြသော အချို့သောသူတို့အနေဖြင့် မိမိတို့ကိုယ်ကိုတိုးတက်မှုရှိသည်ဟုထင်မှတ်ကြသရွေ့ အထက်ဖော်ပြပါသီးသန့်စစ်ရေးပြသင်တန်းမျိုးရယူကြရန် မလိုအပ်ပါသော်လည်း၊ ဤကဲ့သို့



သောခံစားမှုမျိုးရှိကြပြီး၊ အကြီးမားဆုံးသောအမှုတော်တွင်ရပ်တည်နေကြသောသူတို့မှာမူ အသေးစိတ်ကျသောသင်တန်းမျိုးလိုအပ်ကြပါသည်။ သမ္မာတရားတော်အကြောင်းအပြင် အမှုတော်၏အရေးပါမှုတို့ကို သူတို့ကပိုမိုသိရှိလာကြပါက သူတို့သည် သူတို့၏မသိနားမလည်မှုနှင့်အရည်အချင်းညံ့ဖျင်းမှုတို့ကို သတိမူလာမိကြပေလိမ့်မည်။

သူတို့၏ကိုယ်ပိုင်နှလုံးသားတို့၏အကြောင်းကို သူတို့ကအသေအချာဆန်းစစ်ကြည့်မိလာကြသောအခါ၊ သူတို့အနေဖြင့် သူတို့ကိုယ်ကိုသခင်ခရစ်တော်၏စင်ကြယ်လှသောအကျင့်စရိုက်တော်နှင့်ယှဉ်ကြည့်လိုက်ခြင်းအားဖြင့် "ဤအရာများအတိုင်း၊ မည်သူကပြည့်စုံနိုင်မည်နည်း" ဆိုသည့်အပြောမျိုးကို ဟစ်အော်ပြောဆိုကြပေလိမ့်မည်။ ထိုနောက်တွင် သူတို့သည် လေးနက်သည့်နှိမ့်ချခြင်းဖြင့် နေ့စဉ်နေ့တိုင်း မိမိတို့ကိုယ်ကို သခင်ခရစ်တော်နှင့်နီးကပ်သည့်ချိတ်ဆက်မှုရှိအောင် ကြိုးပမ်းကြမည်ဖြစ်ပါသည်။ ပင်ကိုစိတ်၏ကိုယ်ကျိုးဆန်သည့်လိုအင်ဆန္ဒများတို့ကို ကျော်ဖြတ်နေကြစဉ်အတောအတွင်း၊ သခင်ခရစ်တော်ဦးဆောင်ပေးတော်မူသည့်ခရီးလမ်းတွင် သူတို့သည် သူတို့၏ခြေထောက်တို့ကို လျှောက်လှမ်းစေကြမည်ဖြစ်သည်။ (ဆာလံ ၁၁၉း၁၃၀) တွင် "နှုတ်ကပတ်တော်ကိုဖွင့်ပြခြင်းသည် အလင်းကိုပေး၍၊ မလိမ္မာသောသူတို့ကိုလိမ္မာစေတတ်ပါ၏" ဟူ၍ဖော်ပြထားပါသည်။ သို့သော်လည်း မိမိတို့၏အရည်အချင်းနှင့် မိမိတို့ရှာဖွေရရှိသိမ်းထားကြသည့်ဥစ္စာများတို့အတွက် မြင့်မားလှသည့်မှန်းဆမှုရှိကြသောသူတို့သည် မိမိကိုယ်ကိုမိမိထင်တစ်လုံးဖြစ်မှုစိတ်ထားမျိုး အထူးများပြားလာခြင်းကြောင့် သူတို့ကိုညွှန်ကြားမှုပေးရန်နှင့်အသိကြွယ်စေရန်အတွက် ဘုရားသခင်၏နှုတ်ကပတ်တော်က သူတို့ထံသို့ဝင်ရောက်သွားနိုင်သည့်အခွင့်အရေးကို ဆုံးရှုံးသွားစေပါသည်။

များစွာသောသူတို့အနေဖြင့် အလုပ်၏သဘောသဘာဝအကြောင်းကို ခဲခဲယဉ်းယဉ်းသိရှိရကြသည့်အလုပ်နှင့်သင့်လျော်မှုရှိသည်ဟု မိမိတို့ကိုယ်ကိုထင်မှတ်ထားကြပြီး၊ အကယ်၍ မိမိတို့ကိုယ်ကိုမိမိတို့ထင်တစ်လုံးဖြစ်သောအပြုအမူဖြင့် စတင်လုပ်ဆောင်ကြပါက သခင်ခရစ်တော်၏စာသင်ကျောင်းတော်မှရယူကြမည့် အသိဉာဏ်ဗဟုသုတကို လက်လွှတ်ဆုံးရှုံးခံရကြမည်ဖြစ်သည်။ ဤအခြေအနေသည် လုပ်ဆောင်မှုတစ်ခုလုံးအတွက် ပြင်ဆင်ထားမှုမရှိခဲ့ခြင်းကြောင့် များစွာသောအခက်အခဲတို့နှင့် ရန်းကန်ရသည့်အဖြစ်ဆိုးမျိုးကို ဖြစ်ပေါ်စေပါသည်။ သူတို့အနေဖြင့် သူတို့၏အရည်

အသွေးညှံ့ဖျင်းမှုအကြောင်းကို သိရှိလာသည့်အချိန်အထိ၊ အတွေ့အကြုံနှင့်ဉာဏ်ပညာ ခေါင်းပါးကြဦးမည်သာဖြစ်ပါသည်။

ကျွမ်းကျင်မှုစွမ်းရည်ကိုပိုင်ဆိုင်ထားကြသည့် လူတို့၏အပြစ်အနာအဆာရှိသော အလုပ်များကြောင့် ဖြစ်ပေါ်လာသောအရေးကိစ္စကို များစွာသောသူတို့က နားလည်နိုင်စွမ်းမရှိဘဲဖြစ်နေကြပါသော်လည်း ထိုကဲ့သို့နားလည်နိုင်စွမ်းမရှိကြသောသူတို့မှာ နယ်နယ်ရရသင်တန်းမျိုး တက်ရောက်ခဲ့ခြင်းမရှိကြသောသူများသာဖြစ်ကြပါသည်။ သူတို့သည် မည်ကဲ့သို့စီမံခန့်ခွဲရမည်ဆိုသည်ကို သိရှိထားကြခြင်းမရှိသောအလုပ်မျိုးနှင့်သာ ထိတွေ့မှုရှိနေရခြင်းကြောင့်၊ အနည်းငယ်မျှလောက်သော ပြီးမြောက်အောင်မြင်မှုရလဒ်မျိုးကိုသာ ရရှိကြပါသည်။ လုပ်ငန်း၏အစကတည်းက အကောင်းဆုံးသောနည်းလမ်းကို သူတို့ရရှိထားပြီးသောအလုပ်ကို သူတို့လုပ်ကိုင်ကြရာတွင် ပြီးသင့်ပြီးထိုက်သည့်အတိုင်းအတာ၏ဆယ်ပုံတစ်ပုံမျှပင် ပြီးစီးအောင်မလုပ်နိုင်ခဲ့ကြပါ။ ဤတွင်သူတို့သည် ထင်မြင်ယူဆချက်အနည်းငယ်မျှကို မလွတ်တမ်းအသုံးချပြီး၊ အနည်းငယ်မျှသောဟောပြောပို့ချချက်ဆိုင်ရာလမ်းကြောင်းကိုရရှိကြရန် စီမံခဲ့ကြခြင်းဖြင့် ဤနေရာတွင်ပင် သူတို့၏တိုးတက်မှုမှာလည်း အဆုံးသတ်သွားခဲ့ပါတော့သည်။ သူတို့သည် သမ္မာတရားတော်နှင့်ပတ်သက်သည့် အသိဉာဏ်ဗဟုသုတတွင်၊ “က၊ ခ” အဆင့်လောက်မျှကိုပင် ခက်ခက်ခဲခဲဖြင့်ရုန်းကန်နေရကြစဉ်တွင်၊ သူတို့ကိုယ်ကိုသင်ကြားပို့ချပေးသည့် အရည်အချင်းရှိသောကျောင်းဆရာများအဖြစ် ထင်မြင်ယူဆခဲ့ကြပါသည်။ သူတို့သည် မိမိတို့ကိုယ်ကို၊ သို့မဟုတ် သူတို့၏အလုပ်အပေါ်တရားမျှတစွာမကျင့်သုံးခဲ့သည့် ကတည်းက စမ်းတဝါးဝါးဖြင့်သာဖြစ်နေခဲ့ကြပါသည်။ သူတို့သည် သူတို့၏ငုံ့လျှိုးနေသောစွမ်းအင်များကိုနိုးထစေသည့် လုံလောက်သောစိတ်ဝင်စားမှုမရှိသည့်၊ သို့မဟုတ် သူတို့အနေဖြင့် ထက်မြက်သောအမှုတော်ဆောင်များအဖြစ်သို့ရောက်ရှိကြစေရန်အတွက် သူတို့၏စွမ်းအားများတို့ကို လှုံ့ဆော်ပေးလိုစိတ်မရှိသည့်သဘောမျိုး ပြသနေကြပါသည်။ သူတို့သည် စေ့စပ်သေချာမှုရှိပြီး၊ ကောင်းမွန်စွာစီစဉ်ထားသည့်အစီအစဉ်များတို့ကို ပုံဖော်ကြရန်အတွက် အပင်ပန်းမခံလိုကြသည့်အပြင် သူတို့အလုပ်၏အစိတ်အပိုင်းတိုင်းတို့တွင် ပျော့ကွက်၊ ဟာကွက်များတို့ဖြင့်အတိပြီးနေပါသည်။

အချို့တို့သည် စိတ်ဓာတ်ကျဆင်းပြီး၊ အရှုံးပေးကြကာ အခြားသောလုပ်ငန်းခွင်သို့ရောက်ရှိသွားတတ်ကြပါသည်။ ဤသည်းခံစိတ်ရှည်မှုနှင့်စိတ်နှိမ့်ချမှုတို့အားဖြင့် လှေကား၏အနိမ့်ဆုံးသောလှေကားထစ်ပေါ်သို့ သူတို့၏ခြေထောက်တို့ကို စတင်နေရာ



ချထားပေးခဲ့ပြီး၊ အပတ်တကုတ်ကြိုးစားသည့်စွမ်းအင်မျိုးဖြင့် အပေါ်သို့ခြေတစ်လှမ်းပြီးတစ်လှမ်းဖြင့်တက်သွားကာ၊ သူတို့ရောက်ရှိထားသောနေရာတွင် အခွင့်ထူးများနှင့် အခွင့်အလမ်းများတို့ကို ကြိုးကြိုးစားစားဖြင့်တိုးတက်စေလျက်၊ သူတို့ထမ်းဆောင်သောအမှုတော်အတွက် ပြည့်ဝသောအကာအကွယ်ကိုပေးနိုင်လျက်၊ သူတို့၏အရှင်သခင်ကို အရှက်မရစေကြသည့်၊ လုပ်ဆောင်နိုင်စွမ်းရှိပြီး အသုံးဝင်လှကြသည့်လုပ်ဆောင်သူများအဖြစ်သို့ ရောက်ရှိသွားကြပါမည်။

အကယ်၍ အသက်ဝိညာဉ်တို့ကို ကယ်တင်ခြင်းအမှုတော်တွင်လုပ်ဆောင်ကြရန် အဆိုပြုတောင်းခံကြသောသူတို့သည် သူတို့၏အကန့်အသတ်ဖြင့်သာရှိသော ဉာဏ်ပညာအပေါ်တွင်သာ အမှီတံကဲပြုကြပါက အမှန်တကယ်ကျရှုံးခြင်းသို့ရောက်ရှိကြပေမည်။ အကယ်၍သာ သူတို့သည် မိမိတို့၏နှိမ့်ချမှုရှိသည့်ကိုယ်ပိုင်အမြင်မျိုးကို ခင်းကျင်းပြသကြပြီး၊ ဘုရားသခင်၏ကတိတော်အပေါ်သာ အပြည့်အဝမှီခိုအားထားကြပါက ဘုရားသခင်သည် သူတို့အားမည်သည့်အခါမျှကျရှုံးစေတော်မူမည်မဟုတ်ပါ။ (သုတ္တံကျမ်း ၃း၅၊၆) တွင်၊ “ထာဝရဘုရားကိုစိတ်နှလုံးအကြွင်းမဲ့ကိုးစားလော့။ ကိုယ်ဉာဏ်ကိုအမှီမပြုနှင့်။ သွားလေရာရာ၌ထာဝရဘုရားကိုမျက်မှောက်ပြုလော့။ သို့ပြုလျှင် သင်၏လမ်းခရီးတို့ကိုပဲ့ပြင်တော်မူမည်” ဟူ၍ဖော်ပြထားပါသည်။ ကျွန်ုပ်တို့တွင် အခွင့်ထူးအဖြစ်၊ ဉာဏ်ပညာဖြင့်အထူးပြည့်ဝတော်မူသော အကြံပေးပုဂ္ဂိုလ်ကြီး၏ညွှန်ကြားခြင်းကိုခံယူရရှိနေကြပါသည်။

ဘုရားသခင်သည် နှိမ့်ချမှုရှိကြသောသူတို့ကို သူ၏အမှုတော်တွင် အားကောင်းမောင်းသန်သူများအဖြစ်သို့ ဖန်တီးနိုင်တော်မူပါသည်။ တာဝန်ထမ်းဆောင်ကြရန် ခေါ်တော်မူခြင်းကိုနာခံလိုက်လျှောက်သည့်ပုံစံဖြင့် တုံ့ပြန်အဖြေပေးကြပြီး၊ အဆုံးစွန်သောအနေအထားဖြင့် သူတို့၏လုပ်ဆောင်နိုင်စွမ်းတို့ကို တိုးတက်စေကြသောသူတို့အနေဖြင့် ဘုန်းတော်ရှင်၏ကူညီထောက်ပံ့တော်မူခြင်းကို လက်ခံရရှိကြရန် သေချာနေကြပြီဖြစ်ပါသည်။ သူတို့လုပ်ဆောင်နိုင်သမျှသောအစိတ်အပိုင်းအားလုံးတို့ကို လုပ်ဆောင်ကြပြီး၊ သူတို့၏အားထုတ်ကြိုးပမ်းမှုများတို့တွင် ဘုရားသခင်၏ပူးပေါင်းပါဝင်မှုအပေါ် ယုံကြည်ကိုးစားကြသည့်သူအားလုံးတို့အား ကူညီကြရန်အတွက်၊ ကောင်းကင်တမန်များတို့သည် အလင်းတရား၏စေတမန်များအဖြစ် သက်ဆင်းလာကြပေလိမ့်မည်။

ဘုရားသခင်အတွက် အမှုတော်ဆောင်များအဖြစ်သို့ရောက်ရှိလာကြရန် ဆုံးဖြတ်ချက်ချပြီးကြသောသူတို့အနေဖြင့် သူတို့သည် ပြောင်းလဲခြင်းသို့ရောက်ရှိပြီးကြသောသူများဖြစ်ကြကြောင်းကိုပံ့ပိုးပေါ်စေသည့် သက်သေအထောက်အထားကိုပြသရကြပါမည်။ တစ်စုံတစ်ရာသောအသံပြုမှုနှင့် ကိုယ်ကျင့်သိက္ခာကောင်းမွန်သည့်အကျင့်စရိုက်မျိုးမရှိသည့် ပျိုရွယ်သူတစ်ယောက်သည် သမ္မာတရားကိုလေးစားမှုရှိမည်မဟုတ်ပါ။ အမှုတော်ဆောင်တိုင်းတို့သည် စိတ်နှလုံးဖြူစင်သန့်ရှင်းရမည့်အပြင် သူ၏ပါးစပ်မှလည်း လှည့်စားကောက်ကျစ်မှုမျိုးမရှိရပါ။ အောင်မြင်သူတစ်ယောက်ဖြစ်လာလိုပါက သူ့အနေဖြင့် သူ၏ဘေးနားတွင် သခင်ခရစ်တော်ကိုရှိနေတော်မူစေခြင်းဖြင့် အပြစ်တရားနှင့်ရောပြွမ်းနေသောလုပ်ကိုင်ဆောင်ရွက်မှုတိုင်းကို လျှို့ဝှက်စွာလုပ်ကိုင်ကြသည့်တိုင် ကျွန်ုပ်တို့နှင့်အတူရှိနေတော်မူသော သခင်ခရစ်တော်၏ရှေ့တော်မှောက်တွင် ထင်ရှားလျက်နေသည်ကို မှတ်ထားသင့်ပါသည်။

အပြစ်သည် လူတို့အတွင်းရှိ ဘုန်းတော်ရှင်၏ပုံရိပ်တော်ကို အနာတရဖြစ်စေပါသည်။ ထိုဘုန်းတော်ရှင်၏ပုံရိပ်တော်ကို သခင်ခရစ်တော်အားဖြင့်သာ ပြန်လည်တည်ဆောက်ရမည်ဖြစ်သော်လည်း၊ ကျွန်ုပ်တို့အနေဖြင့် ဘုန်းတော်ရှင်၏သဘောသဘာဝနှင့် ဆက်ဆံသူများအဖြစ်သို့ရောက်ရှိနိုင်သည့် စိတ်အားထက်သန်စွာဖြင့် ဆုတောင်းခြင်းနှင့် မိမိတို့၏အတ္တစိတ်ကိုအောင်နိုင်ခြင်းတို့အားဖြင့်သာ ဘုန်းတော်ရှင်၏ပုံရိပ်တော်ကို ပြန်လည်တည်ဆောက်နိုင်မည်ဖြစ်သည်။

ထာဝရဘုရား၏စပျစ်ဥယျာဉ်တော်အတွင်းရှိ စစ်မှန်သောလုပ်သားများတို့သည် ဆုတောင်းခြင်းကိုလက်ကိုင်ထားပြီး၊ ယုံကြည်ခြင်းနှင့်ပြည့်ဝကာ မိမိတို့၏အတ္တစိတ်ကို ငြင်းပယ်သူများဖြစ်ရကြမည့်အပြင်၊ လူ့သဘောသဘာဝအရ ဖြစ်ပေါ်လာသည့် အာသာဆန္ဒများနှင့်မက်မောစွဲလမ်းမှုတို့ကို ချုပ်တည်းထားနိုင်သူများဖြစ်ရကြပါမည်။ ဤလုပ်ရပ်များတို့သည် အခြားသောသူတို့အား သူတို့ပေးကမ်းကြသည့်သမ္မာတရားတော်၏တန်ခိုးဆိုင်ရာ သက်သေအထောက်အထားကိုပေးအပ်သည့် သူတို့၏အသက်တာတို့တွင်တည်ရှိလာမည့် လုပ်ရပ်များဖြစ်ကြသည်အလျောက် သူတို့၏လုပ်ကိုင်ဆောင်ရွက်မှုတို့သည်လည်း ကြိုးပမ်းအားထုတ်မှုမရှိသည့် လုပ်ဆောင်မှုမျိုးမဖြစ်စေရပါ။

ဘုရားသခင်၏အမှုတော်ဆောင်သည် အမြင့်ဆုံးသောစိတ်ပိုင်းဆိုင်ရာစိတ်နေစိတ်ထားနှင့် ကိုယ်ကျင့်တရားစွမ်းအားများတို့ကို သူ့အားအပ်နှင်းထားခဲ့သည့် ဘုရားသခင်၏သဘာဝ၊ ပြုစုပျိုးထောင်မှုနှင့် ကျေးဇူးတော်တို့နှင့်အတူပူးပေါင်းထားကာ





ကြိုတင်ပြင်ဆင်မှုမျိုးကို လုပ်ဆောင်သင့်ပါသော်လည်း၊ သူ၏အောင်မြင်မှုသည် သဘာဝအရ၊ သို့တည်းမဟုတ် မိမိရရှိထားသည့်ပံ့ပိုးမှုတို့ထက် သူလုပ်ဆောင်ပြီးမြောက်သောအလုပ်အပေါ် သူ၏အရာမြောက်ခြင်းခံရမှုနှင့် မိမိကိုယ်ကိုစွန့်လွှတ်ဆက်ကပ်မှုများတို့၏အတိုင်းအတာနှင့် အချိုးညီစွာရှိနေရပေမည်။ အသုံးဝင်မှုအတွက် ကျွမ်းကျင်မှုအရည်အချင်းတို့ကိုရရှိထားရန်အတွက် စိတ်အားထက်သန်မှုအရှိဆုံးအနေအထားနှင့် ဆက်လက်ကြိုးပမ်းအားထုတ်လိုစိတ်ရှိမှုတို့သည် လိုအပ်လှပါသော်လည်း၊ လူတို့၏ကြိုးပမ်းအားထုတ်မှုတွင် ဘုရားသခင်က ပါဝင်လုပ်ဆောင်တော်မူခြင်းမရှိပါက မည်သည့်အရာမျှပြီးမြောက်အောင်မြင်နိုင်မည်မဟုတ်ပါ။ (ယောဟန် ၁၅း၅) တွင်၊ သခင်ခရစ်တော်က၊ "ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှမတတ်နိုင်ကြ" ဟူ၍မိန့်တော်မူခဲ့ပါသည်။ ဘုန်းတော်ရှင်၏ကျေးဇူးတော်သည် ကယ်ဆယ်ခြင်းစွမ်းအား၏ကြီးမားသောအခြေခံဖြစ်ပြီး၊ ၎င်းအခြေခံမျိုးမရှိပါက အားလုံးသောလူသားတို့၏ကြိုးပမ်းအားထုတ်မှုတို့သည် အကျိုးဖြစ်ထွန်းမှုမရှိနိုင်တော့ပါ။ ["အသင်းတော်အတွက် သက်သေခံချက်" မူရင်းအင်္ဂလိပ်စာအုပ်အတွဲ (၅)၊ စာမျက်နှာ ၅၈၃။]

## သာသနာပြုသူများအဖြစ်ဖြင့်ရှိနေကြသောပျိုရွယ်သူများ

အမှုတော်လုပ်ငန်းခွင်တွင် အမှုတော်ဆောင်များ၊ စာပေရောင်းချသူများ၊ သို့မဟုတ် အသင်းတော်၏မူဝါဒအကြောင်းကို အကျေအလည်ဆွေးနွေးပြောပြနိုင်သူများအဖြစ်ဖြင့် ဝင်ရောက်ဆောင်ရွက်ရန်ဆန္ဒရှိကြသော ပျိုရွယ်သူများတို့အနေဖြင့် အဦးဆုံးတွင် သင့်လျော်သည့်ပမာဏဖြင့် စိတ်ပိုင်းဆိုင်ရာသင်တန်းတစ်ရပ်ကို ရယူရမည်ဖြစ်သည့်အပြင်၊ သူတို့၏အလုပ်အတွက် အထူးထူးသောကြိုတင်ပြင်ဆင်မှုကိုပါ လုပ်ဆောင်သင့်ကြပါသည်။ ပညာမတတ်သောသူများ၊ လေ့ကျင့်မှုမရှိသောသူများနှင့် ပြန်လည်စင်ကြယ်ခြင်းမရှိကြသောသူတို့ကို ပင်ကိုစွမ်းရည်နှင့်ပညာရေးပိုင်းဆိုင်ရာတို့၏စွမ်းအားကြီးမားလှသည့် သြဇာသက်ရောက်မှုတို့က ဘုရားသခင့်နှုတ်ကပတ်တော်၏သမ္မာတရားတော်များတို့ကို ထိုးနှက်တိုက်ခိုက်သည့်စစ်မြေပြင်အတွင်းသို့ ဝင်ရောက်ပါဝင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားခြင်းမခံရကြပါ။ သူတို့အနေဖြင့် သိပ္ပံဆိုင်ရာအသိပညာဗဟုသုတအပြင်၊ သမ္မာကျမ်းစာဆိုင်ရာ သမ္မာတရားဗဟုသုတများလိုအပ်နေကြခြင်းကြောင့် ဘာသာရေးနှင့်တွေးခေါ်မှုဆိုင်ရာ သဘောတရားပေါင်းစပ်ခြင်းကြောင့်

ဖြစ်ပေါ်လာသည့်ဆန်းပြားသောမှားယွင်းမှုသွင်ပြင်များတို့ကို သူတို့အနေဖြင့်အောင်မြင်စွာဖြင့်ရင်ဆိုင်နိုင်ကြမည်မဟုတ်ပါ။

အထူးသဖြင့် အမှုတော်ဆောင်လုပ်ငန်းကို စိတ်ကူးကြည့်ကြသည့်သူတို့သည် အမှုတော်ဆိုင်ရာသင်တန်းနှင့်ပတ်သက်သည့် သမ္မာကျမ်းစာနည်းစနစ်၏အရေးကြီးမှုကို တွေးတောစဉ်းစားသင့်ကြပါသည်။ သူတို့အနေဖြင့် အမှုတော်အတွင်းသို့ လိုက်လိုက်လှဲလှဲဝင်ရောက်လုပ်ကိုင်သင့်ကြပြီး၊ သူတို့သည် စာသင်ကျောင်းများတွင်လေ့လာသင်ယူကြသောအချိန်အတွင်း မဟာဆရာတော်ကြီးဖြစ်သူ သခင်ခရစ်တော်အကြောင်းနှင့် သူ၏နူးညံ့သိမ်မွေ့မှုနှင့်နှိမ့်ချတော်မူခြင်းအကြောင်းတို့ကို သင်ကြားရယူသင့်ကြပါသည်။ ပဋိညာဉ်အတိုင်း လိုက်လျှောက်တော်မူသည့်ဘုရားသခင်သည် ဆုတောင်းခြင်းကိုပြန်ကြားတော်မူရာတွင် သင်ကြားရယူသူတို့အနေဖြင့် ဖြောင့်မတ်ခြင်းတရားတော်၏အမှုတော်ဆောင်များအဖြစ်သို့ ရောက်ရှိလာကြရေးအတွက် သူတို့အပေါ်သူ၏ဝိညာဉ်တော်ကို သွန်းဖြိုးပေးတော်မူမည့်အကြောင်းကို ကတိပေးထားတော်မူပါသည်။

ခက်ခဲလှသောအလုပ်ကို ပြီးမြောက်အောင်လုပ်ဆောင်နိုင်ရန်မှာ အယူမှားနှင့်မုသားအယူဝါဒတို့ကို ဦးခေါင်းထဲမှဖဲ့ထုတ်ပစ်ရမည်ဖြစ်ပြီး၊ ကျမ်းစာတော်မြတ်၏သမ္မာတရားနှင့် ကျမ်းစာတော်မြတ်ကိုအခြေခံသည့်ဘာသာတရားကိုးကွယ်မှုတို့အနေဖြင့် နှလုံးသား၏တစ်ထောင့်တစ်နေရာတွင် နေရာရရှိသင့်ကြပါသည်။ ၎င်းသည် ကျွန်ုပ်တို့၏အသင်းတော်အတွင်း ကောလိပ်ကျောင်းများကိုတည်ထောင်လာစေခဲ့သည့် သာသနာပြုလုပ်ငန်းတွင်ပါရှိသည့် မျိုးစုံလှသောဌာနများတို့အတွက် ပျိုရွယ်သူအမျိုးသား၊ အမျိုးသမီးများတို့ကိုပညာပေးရန် ဘုရားသခင်က အဆင်သင့်ပြင်ဆင်ထားတော်မူသည့်နည်းလမ်းပင်ဖြစ်ပါသည်။ ထိုကောလိပ်ကျောင်းများတို့သည် အနည်းငယ်မျှသောလုပ်ဆောင်သူတို့ကို အမှုတော်လုပ်ငန်းတွင်ပို့ဆောင်ကြသည်မဟုတ်ဘဲ များပြားသောလုပ်ဆောင်သူတို့ကို စေလွှတ်နိုင်ခဲ့ကြခြင်းသည် ဘုရားသခင်၏အလိုတော်အရဖြစ်ပါသည်။ သို့သော်လည်း ဤရည်ရွယ်ချက်ကိုအထမမြောက်ရန် ဆုံးဖြတ်ချက်ချထားပြီးသော စာတန်မာရ်နတ်သည် ဘုရားသခင်က သူ၏အမှုတော်တွင်အသုံးဝင်လှသည့်နေရာအများအပြားအတွက် အရည်အချင်းပြည့်မီသည်ဟု သတ်မှတ်ထားတော်မူသောသူတို့ကို မကြာခဏပင်ပိတ်ဆို့တားဆီးခဲ့ပါသည်။

အမှုတော်တွင်ပါဝင်ဆောင်ရွက်ရန်အတွက် အကယ်၍သာတိုက်တွန်းခြင်းခံရကြပါက၊ ဆောင်ရွက်ကြမည့်သူအများအပြားပင်ရှိနေကြပါသည်။ ဤနည်းအားဖြင့်လည်း



မိမိတို့၏အသက်ဝိညာဉ်ကို ကယ်ဆယ်ကြမည်ဖြစ်ပါသည်။ သာသနာပြုလုပ်ငန်းနယ်ပယ်အတွင်းသို့ အရည်အချင်းရှိကြသောသူတို့ကို ခေါ်သွားနိုင်ရန်အတွက် ငွေကြေးနှင့်သြဇာအာဏာတို့ကို လွတ်လွတ်လပ်လပ်ဖြင့်အသုံးချသင့်သည့်အချိန်တွင် အသင်းတော်အနေဖြင့် သမ္မာတရားတော်၏အလင်းကိုပိတ်လှောင်ထားပြီး၊ သူ၏ကျဉ်းမြောင်းလှသောကန့်သတ်မှုများအတွင်း ဘုရားသခင်၏ကျေးဇူးတော်ကို တားမြစ်ဟန့်တားထားသည့်လုပ်ရပ်အတွက် ကြီးမားသောတာဝန်ယူမှုရှိရမည်ဆိုခြင်းကို နှလုံးသွင်းထားသင့်ပါသည်။

ရာပေါင်းများစွာသောပျိုရွယ်သူများအနေဖြင့် အားလုံးသောရေရှိရာအရပ်တို့၏ဘေးနားကပ်လျက်နေသောနေရာတို့တွင် သမ္မာတရားတော်၏မျိုးစေ့တို့ကို ဖြန့်ကြက်ပေးသည့်အလုပ်တွင်ပါရှိသော ကဏ္ဍတစ်ခုခုတွင်လုပ်ကိုင်ဆောင်ရွက်ကြရန်အတွက် ကြိုတင်ပြင်ဆင်ထားသင့်ကြပါသည်။ ကပ်တိုင်တော်၏အောင်ပွဲများအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းကြမည့်သူများ၊ စိတ်ဓာတ်ကျစရာများနှင့် ဆင်းရဲနွမ်းပါးမှုများအောက်တွင်ကျရောက်သောအခါ အပတ်တကုတ်ကြိုးစားကြမည့်သူများနှင့် သာသနာပြုလုပ်ငန်းနယ်ပယ်တွင် မရှိမဖြစ်သောအားမာန်၊ ခိုင်မာသောဆုံးဖြတ်ချက်ချနိုင်သည့်အရည်အချင်းနှင့် ယုံကြည်ခြင်းများရှိကြသောသူတို့ကို ကျွန်ုပ်တို့အလိုရှိကြပါသည်။

## နိုင်ငံရပ်ခြားဘာသာစကားများ

ကျွန်ုပ်တို့အတွင်းတွင် အားသွန်ခွန်စိုက်လုပ်ဆောင်လိုစိတ်မရှိသည့်အပြင်၊ နိုင်ငံရပ်ခြားဘာသာစကားတစ်မျိုးမျိုးကို သင်ကြားရယူရန်တုံ့နှေးနေကြသောသူတို့သည် သမ္မာတရားအကြောင်းကို အခြားသောလူမျိုးများတို့အား ကြေညာပေးနိုင်ကြရန်အတွက် မိမိတို့ကိုယ်ကို အရည်အချင်းပြည့်မီအောင်လုပ်ဆောင်ရကြပါမည်။ ရှေးဦးအသင်းတော်တွင် သာသနာပြုလုပ်ငန်းကိုလုပ်ဆောင်ကြသောသူများတို့သည် သခင်ခရစ်တော်၏ရှာဖွေဖော်ထုတ်၍မရနိုင်သော စည်းစိမ်တော်များအကြောင်းတို့ကို ဟောပြောကြရန်ခေါ်တော်မူခြင်းခံခဲ့ရကြသည့်အခါတွင် ဘာသာစကားတို့နှင့်ပတ်သက်သည့် အသိဉာဏ်ဗဟုသုတတို့ဖြင့် အံ့သြစရာကောင်းလောက်အောင် ထောက်ပံ့ခြင်းခံခဲ့ရကြပါသည်။ ထိုနောက်တွင် အကယ်၍ဘုရားသခင်ကသာ သူ၏အစေခံကျွန်တို့အား ဤနည်းအတိုင်းကူညီရန် အလိုတော်ရှိခဲ့တော်မူပါက နိုင်ငံရပ်ခြားဘာသာစကားတို့နှင့်ပတ်သက်သည့် အသိဉာဏ်ဗဟုသုတတစ်ရပ်ကို ပင်ကိုအားဖြင့်ပိုင်ဆိုင်ကြသူများနှင့် သင့်လျော်သောအားပေးတိုက်တွန်းမှုမျိုးရှိကြသောသူတို့အနေဖြင့် သူတို့၏တစ်နိုင်ငံတည်းသားတို့ထံသို့

သမ္မာတရားတော်၏သတင်းစကားကို ဆောင်ယူသွားနိုင်ကြရန်အတွက် အရည်အချင်းပြည့်မီအောင်လုပ်ဆောင်ပေးမည့် ကျွန်ုပ်တို့၏အားထုတ်ကြိုးပမ်းမှုများအပေါ် သူ၏ကောင်းချီးမင်္ဂလာတော်သက်ရောက်မည်ဆိုသည့်အချက်အပေါ် ကျွန်ုပ်တို့ကသံသယရှိရကြပါမည်လား။ ကျွန်ုပ်တို့အနေဖြင့် နိုင်ငံရပ်ခြားတွင်ရှိနေသည့် သာသနာပြုလုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင်များတို့တွင် လုပ်ဆောင်သူအများအပြားရှိရကြမည်ဖြစ်ပြီး၊ ဤလုပ်ငန်းခွင်အတွင်းသို့ ဝင်ရောက်လုပ်ကိုင်သူတို့အနေဖြင့် သူတို့ရောက်ရှိထားသည့်နေရာအတွင်း သူတို့၏ပင်ကိုစွမ်းရည်တိုင်းတို့အားဖြင့် သူတို့ကိုယ်ကိုအသုံးချရကြပါမည်။

အချို့သောကိစ္စရပ်များတို့တွင် ပျိုရွယ်သောသူတို့အနေဖြင့် နိုင်ငံရပ်ခြားဘာသာစကားတို့ကို သင်ယူကြရန်လိုအပ်ပါသည်။ ဤကဲ့သို့သောအားဖြင့် သူတို့သည် အများသောသူတို့နှင့်ပေါင်းစည်းမှုရှိလာသောနည်းဖြင့် အောင်မြင်မှုအရှိဆုံးသောလုပ်ဆောင်မှုကို ဖော်ဆောင်နိုင်ကြမည်ဖြစ်ပြီး၊ တစ်ချိန်တည်း၌ပင် ဘာသာစကားကိုသင်ယူရန်အတွက် တစ်နေ့တာစီတို့တွင် တစ်စိတ်တစ်ပိုင်းသောအချိန်အတိုင်းအတာတစ်ခုကိုမြှုပ်နှံထားရမည်ဖြစ်သည်။ သို့သော်ငြားလည်း သာသနာပြုခြင်းလုပ်ငန်းခွင်တွင်လုပ်ဆောင်နေမိပြီးသားဖြစ်နေကြသောသူတို့အနေဖြင့် ဤကဲ့သို့သောပညာပေးခြင်းမျိုးကိုရရှိကြရန်အတွက် ဘာသာစကားကိုသင်ကြားရယူခြင်းသည် လိုအပ်သည့်ကြိုတင်ပြင်ဆင်သောခြေလှမ်းတစ်ခုဖြစ်ကာ သင့်လျော်သောသင်တန်းကိုတက်ရောက်ထားပြီးသောသူတို့သည်အမှုတော်ဆောင်များအဖြစ်သို့ ရောက်ရှိလာနိုင်ကြပါသည်။ အမှုတော်လုပ်ငန်းအတွင်းလုပ်ဆောင်ရန်တိုက်တွန်းခြင်းခံရကြသောအခါ၊ မိခင်ဘာသာစကားကိုပြောဆိုတတ်ကြသည့်အပြင်၊ နိုင်ငံရပ်ခြားဘာသာစကားပြောသင်တန်းသို့ တက်ရောက်ပြီးသောသူတို့သည် မရှိမဖြစ်လိုအပ်ကြသည့်သူများဖြစ်လာကြပါသည်။

နိုင်ငံရပ်ခြားဘာသာစကားတစ်ရပ်ကို သင်ယူရေးသည် လူလတ်ပိုင်းအရွယ်တွင်ရှိနေသောသူတစ်ယောက်အတွက် ကြီးမားသောတာဝန်တစ်ခုဖြစ်ပြီး၊ သူ၏အားလုံးသောကြိုးပမ်းအားထုတ်မှုတို့ချည်းဖြင့်သာဆိုလျှင် နောက်ပိုင်းတွင် သူ့အားစွမ်းဆောင်နိုင်သောလုပ်ဆောင်သူတစ်ဦးအဖြစ်ရောက်ရှိစေနိုင်သော ထိုဘာသာခြားစကားကိုအခက်အခဲမရှိ၊ မှန်ကန်စွာပြောဆိုနိုင်ရေးမှာ သူ့အတွက်ဖြစ်နိုင်ခြေမရှိနိုင်တော့ပါ။ လူလတ်ပိုင်းအရွယ်နှင့်အသက်အရွယ်ကြီးလာကြပြီဖြစ်သော အမှုတော်ဆောင်များတို့အား၊ သူတို့၏အရည်အချင်းနှင့်ကိုက်ညီမှုမရှိသည့်၊ ထို့အပြင် သူတို့ကိုယ်တိုင်က၊



ထိုနေရာနှင့်လိုက်ဖက်မှုရှိစေရန် အထောက်အကူပြုသည့် သင်တန်းအနေအထားမျိုးလုံးဝမရှိသည့် ဝေးလံလှသည့်လုပ်ငန်းနယ်ပယ်များတို့တွင် ရှိသည့်အလုပ်တွင် လုပ်ကိုင်စေခြင်းဖြင့် ကျွန်ုပ်တို့၏ပြည်တွင်းအသင်းတော်များတို့သည် ထိုလူလတ်ပိုင်းနှင့် အသက်အရွယ်ကြီးလာကြပြီဖြစ်သောသူတို့၏အရှိန်အဝါမရှိတော့ခြင်းကြောင့် ဆုံးရှုံးသွားမည့်အခြေအနေတို့ကို ကျွန်ုပ်တို့ခံနိုင်စွမ်းမရှိနိုင်ကြပါ။ ဤအကြောင်းကြောင့် ခွင့်သွား၍၊ လစ်လပ်သွားသောသူတို့၏နေရာတို့တွင် အတွေ့အကြုံမရှိကြသောသူတို့ဖြင့် အစားထိုး၍မဖြစ်နိုင်ပါ။

## ခက်ခဲကြမ်းတမ်းသောနေရာများအတွက်ပျိုရွယ်သူများတို့ကိုအလိုရှိနေပါသည်

အသင်းတော်အနေဖြင့် နိုင်ငံရပ်ခြားရှိအထူးတာဝန်တစ်ရပ်ကိုတည်ထောင်ရန်နှင့် စီမံခန့်ခွဲမှုတွင်ပါဝင်အမှုတော်ထမ်းဆောင်ရေးတွင် လေးနက်သောတာဝန်ယူရမှုများအတွက် ပျိုရွယ်သူတို့အား တာဝန်ပေးအပ်သင့်၊ မသင့်ဆိုခြင်းကို သူတို့အားမေးမြန်းစစ်ဆေးရပါမည်။ ထွက်လာသည့်အဖြေမှာ သူတို့အနေဖြင့် ကျွန်ုပ်တို့၏ကောလိပ်ကျောင်းများတွင် အထူးလေ့ကျင့်သင်ကြားထားရကြမည့်အပြင်၊ အတွေ့အကြုံရှိကြသောလူကြီးတို့နှင့် ပူးပေါင်းလုပ်ကိုင်ကြခြင်းဖြင့် ဤအကြောင်းခြင်းရာကို အသုံးဝင်လှသောနေရာများတို့တွင် လုပ်ဆောင်နိုင်ကြရန်အတွက် ကြိုတင်ပြင်ဆင်မှုရှိရမည့် ဘုရားသခင်ကပုံစံချထားတော်မူသောအစီအစဉ်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ပျိုရွယ်သူများအတွင်း ကိုယ့်ကိုကိုယ်ယုံကြည်စိတ်ချသည့်စိတ်ဓာတ်မျိုးကို ကျွန်ုပ်တို့ကထင်ရှားစေရပါမည်။ ဘုရားသခင်အတွက် အပြင်းထန်ဆုံးသောထိုးနှက်ချက်တို့ကို ဖော်ဆောင်တိုက်ခိုက်ပေးကြသည့်သူတို့အား အားပေးတိုက်တွန်းရန်နှင့်ကောင်းချီးပေးနိုင်ကြရန်အတွက် မခံမရပ်နိုင်လောက်အောင်ပြုမူဆက်ဆံခြင်းခံခဲ့ရကြသည့် သခင်ခရစ်တော်၏အစေခံကျွန်တို့ကို အကြံပေးပုဂ္ဂိုလ်များအဖြစ် အမြတ်တနိုးနေရာပေးရကြမည့်အချိန်တွင် ထိုပျိုရွယ်သူတို့အနေဖြင့် အားသွန်ခွန်စိုက်နှင့်ဆက်ကပ်မှုများတို့ဖြင့် လုပ်ငန်းတိုင်းတို့တွင် ရှေ့ဆောင်သူများအဖြစ်ရှိရကြပါမည်။ ဘုရားသခင်သည် ဤကဲ့သို့မျိုးအတွေ့အကြုံရှိပြီးသောဘိုးဘေးများတို့ကို ကာယပိုင်းရော၊ ဉာဏပိုင်းတို့နှင့်ပတ်သက်သည့်စွမ်းအားများ ဖွံ့ဖြိုးမှုအပြည့်အဝမရှိသေးသည့်အချိန်ကာလတစ်ခုကတည်းက ကြိုးစားမှုရှိရပြီး၊ တာဝန်ယူရသည့်အနေအထားတွင်းသို့ ထည့်သွင်းတော်မူခဲ့ပါသည်။ ယုံကြည်ကိုးစားမှု၏အလွန်အရေးပါမှုသည် သူတို့အား သူတို့၏

စွမ်းအင်များတို့ကို နိုးထတက်ကြွစေပြီး၊ လုပ်ငန်းခွင်အတွင်း သူတို့၏တက်ကြွစွာ လုပ်ဆောင်မှုတို့သည် ကာယပိုင်းရောစိတ်ပိုင်းဆိုင်ရာနှစ်ခုလုံးတို့၏ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးပါသည်။

ပျို့ရွယ်သူတို့အားအလိုရှိနေပါသည်။ သာသနာပြုလုပ်ငန်းနယ်ပယ်များဆီသို့ သူတို့အားဘုရားသခင်ခေါ်တော်မူနေပါသည်။ ဂရုစိုက်မှုနှင့်တာဝန်ယူမှုများတို့နှင့်ကင်းကွာနေသောအခြေမျိုးတွင်နိုင်းစာလျှင် ထိုဘုရားသခင်ခေါ်တော်မူသော ပျို့ရွယ်သူတို့သည် ကြီးမားသောမိသားစုတစ်စု၏သင်တန်းနှင့် ထောက်ပံ့မှုတို့ကိုစီစဉ်ပေးရကြမည့်သူတို့ထက် အမှုတော်တွင်းလုပ်ကိုင်ဆောင်ရွက်ကြရန် ပိုမိုကောင်းမွန်သောအနေအထားမျိုးရှိကြပါသည်။ ထို့အပြင် ပျို့ရွယ်သူတို့သည် အသစ်သောရာသီဥတုများနှင့်အသစ်သောအသင်းအဖွဲ့တို့နှင့် မိမိတို့ကိုယ်ကိုအခက်အခဲမရှိ ပိုမို၍ကျင့်သားရနိုင်ကြမည့်အပြင်၊ အဆင်မပြေမှုများနှင့်အခက်အခဲများတို့ကို ပိုမို၍ခံနိုင်ရည်ရှိကြမည်ဖြစ်သည်။ လိမ္မာပါးနပ်မှုနှင့်လုံ့လဝီရိယတို့အားဖြင့် သူတို့သည် လူတို့ရှိရာအရပ်ဒေသတို့သို့ လက်လှမ်းမီရောက်ရှိကြမည်ဖြစ်ပါသည်။

လေ့ကျင့်ခန်းအားဖြင့်သာ အစွမ်းသတ္တိဖြစ်ပေါ်လာပါသည်။ ဘုရားသခင်က သူတို့ကိုပေးထားတော်မူသောစွမ်းရည်ကို အသုံးပြုရန်အလေးထားကြသည့် အားလုံးသောသူတို့သည် ဘုရားသခင်၏အမှုတော်တွင် သူတို့၏ဘဝတို့ကိုမြှုပ်နှံကြရေးအတွက် တိုးတက်မှုရှိသည့်စွမ်းရည်မျိုးကို ရရှိလာကြမည်ဖြစ်ပါသည်။ ဘုရားသခင်၏အမှုရေးရာတော်တွင် မည်သည့်အမှုကိုမျှမလုပ်ဆောင်ကြသောသူတို့မှာမူ ကျေးဇူးတော်တွင်ကြီးပွားလာပြီး၊ သမ္မာတရားတော်နှင့်ပတ်သက်သည့် အသိဉာဏ်ဗဟုသုတကြီးပွားလာမှုတို့ကို ဆုံးရှုံးခံရမည်ဖြစ်ပါသည်။ ပျင်းကြောသာဆန့်နေပြီး မိမိ၏ခြေလက်အင်္ဂါတို့ကိုလေ့ကျင့်ခန်းလုပ်ရန် ငြင်းဆန်သောသူတစ်ယောက်အနေဖြင့်၊ ၎င်းခြေလက်အင်္ဂါတို့ကိုအသုံးချနိုင်သည့်စွမ်းအား အားလုံးတို့ကို မကြာမီလက်လွတ်ဆုံးရှုံးခံရပေမည်။ ဤအကြောင်းကြောင့် ဘုရားသခင်ပေးသနားတော်မူသောစွမ်းအင်များတို့ကို လေ့ကျင့်ခန်းမပြုလုပ်ကြမည့်ခရစ်ယာန်သည် သခင်ခရစ်တော်၌တိုးပွားခြင်းကို လက်လွတ်ခံရရုံမကသည့်အပြင်၊ သူ့ထံတွင်ရှိနှင့်ထားပြီးသောခွန်အားကို လက်လွတ်ဆုံးရှုံးခံရမည့်အနေအထားသို့ရောက်ရှိသွားခြင်းဖြင့် ဝိညာဉ်ရေးဆိုင်ရာလေဖြတ်ခံရသူအဖြစ်သို့ရောက်ရှိသွားပေမည်။

ဘုရားသခင်နှင့်သူတို့၏မိတ်ဆွေအပေါင်းအသင်းတို့ကို ချစ်ခြင်းမေတ္တာထားရှိကြသောသူတို့အနေဖြင့် အခြားသောသူတို့ကိုကူညီရန်ကြိုးပမ်းနေကြခြင်းကြောင့်



သမ္မာတရားတွင်တည်ကြည်ခြင်းရှိပြီး၊ ခိုင်ခံ့စွာတည်နေကာ ပြောင်းလဲခြင်းမရှိနိုင်သောသူတို့အဖြစ်သို့ ရောက်ရှိသွားကြပေမည်။ စစ်မှန်သောခရစ်ယာန်သည် ဘုရားသခင်အတွက်အမှုတော်ဆောင်ရွက်ရာတွင် စိတ်လိုက်မာန်ပါအားဖြင့်လုပ်ဆောင်ခြင်းမဟုတ်ဘဲ အခြေခံစည်းမျဉ်းအားဖြင့်ဆောင်ရွက်ကာ တစ်ရက်၊ သို့မဟုတ် တစ်လတည်းဖြင့်မဟုတ်ဘဲ အသက်တာတစ်လျှောက်လုံးသောကာလအတွင်း လုပ်ဆောင်မည်ဖြစ်ပါသည်။

အရှင်သခင်သည် ဧဝံဂေလိတရားတော်အတွက်အမှုတော်ဆောင်တို့ကို လိုအပ်တော်မူနေပါသည်။ မည်သူတို့က ပြန်လည်ဖြေဆိုကြမည်နည်း။ တပ်မတော်ထဲတွင် ဝင်ရောက်လာကြသည့်လူအားလုံးတို့သည် ဗိုလ်ချုပ်ကြီးများ၊ ဗိုလ်ကြီးများ၊ တပ်ကြပ်ကြီးများ၊ သို့မဟုတ် တပ်ကြပ်များအဖြစ်သို့ရောက်ရှိကြစရာမလိုပါ။ အားလုံးတို့သည် ခေါင်းဆောင်တို့၏ကြောင့်ကြမှုနှင့်တာဝန်ယူရမှုမျိုးထားရှိကြရန်မလိုပါ။ အခြားသောခက်ခဲသည့်အလုပ်အမျိုးအစားများ ပြီးမြောက်ရန်လိုအပ်ပါသည်။ အချို့တို့သည် ကတုတ်ကျင်းတို့ကိုတူးရကြမည်ဖြစ်ပြီး၊ အချို့တို့သည် ခံတပ်တို့ကိုတည်ဆောက်ရကြမည်ဖြစ်ကာ၊ အချို့တို့မှာ ကင်းစောင့်များအဖြစ်ရပ်တည်ရကြမည်ဖြစ်လျက်၊ အချို့တို့မှာ သတင်းအချက်အလက်တို့ကို ပို့ဆောင်ပေးရကြပါမည်။ အရာရှိအရေအတွက်နည်းပါးသောအချိန်မျိုးတွင် အရာရှိမဟုတ်သူစစ်သည်များ (အောက်ခြေထု) တို့ဖြင့်သာ တပ်မတော်ကိုဖွဲ့စည်းရန်မှာ စစ်သည်အမြောက်အမြားလိုအပ်သည့်အပြင်၊ အောင်မြင်မှုရရန်မှာလည်း စစ်သည်တိုင်းတို့၏သစ္စာစောင့်သိမှုတို့အပေါ်တွင် တည်မှီနေပါသည်။ တစ်ဦးတစ်ယောက်၏သူရဲဘောကြောင်မှု၊ သို့မဟုတ် သစ္စာဖောက်မှုသည် တပ်မတော်တစ်ခုလုံးအပေါ် ကပ်ဘေးဆိုက်ရောက်စေပါသည်။

"သူတို့ဆောင်ရွက်စရာအမှုကို အသီးသီးခွဲခန့်စီမံ" (မာကု ၁၃း၃၄) ခြင်းခံရသော ငယ်သားများအဖြစ်၊ ခန့်အပ်ခြင်းခံရသောသူအနေဖြင့် သူ့ထံ၌ရှိသောသူ၏အရည်အချင်းအရ၊ သူထမ်းဆောင်ရမည့်တာဝန်ကို သစ္စာရှိစွာဖြင့်ထမ်းဆောင်ပြသခြင်းအပေါ် သတိမူခြင်းမခံရသည့်အနေအထားမျိုး မည်သည့်အခါမျှရှိမည်မဟုတ်ပါ။ သစ္စာစောင့်သိမှုနှင့် ယုံကြည်ခြင်းတို့ဖြင့်လုပ်ဆောင်သောအပြုအမူတိုင်းတို့သည် ဘုရားသခင်၏မျက်နှာသာပေးတော်မူခြင်းနှင့် သဘောကျနှစ်ခြိုက်တော်မူခြင်းတို့နှင့်ပတ်သက်သည့် သေချာမှုအမှတ်အသားတို့ဖြင့် သရဖူဆောင်းခြင်းကိုခံရပေမည်။ အမှုတော်ဆောင်တိုင်းသည် (ဆာလံကျမ်း ၁၂၆း၆) တွင်ဖော်ပြထားသည့်၊ "မျက်ရည်ကျလျက်ကြဲရန်မျိုးစေ့ကို ဆောင်၍ထွက်သွားသောသူသည် ကောက်လှိုင်းများကို

ဆောင်လျက် ရွှင်လန်းသောစိတ်နှင့်အမြန်ပြန်လာလိမ့်မည်" ဆိုသည့်ကတိတော်ကို ပေးအပ်ခြင်းခံရကြပါသည်။ ["အသင်းတော်အတွက်သက်သေခံ ချက်များ" မူရင်းအင်္ဂလိပ်စာအုပ်အတွဲ (၅)၊ စာမျက်နှာ ၃၉၀–၃၉၅။]

ယခုအခါ များစွာသောလူငယ်ထုကြီးတို့သည် သူ၏ယုဒလူမျိုးအိမ်ထောင်မိသားစုအတွင်း ဒံယေလကြီးပြင်းလာခဲ့သကဲ့သို့ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် သူ၏အမှုတော်အကြောင်းတို့ကိုလေ့လာကြပြီး၊ သစ္စာရှိစွာဖြင့်လုပ်ဆောင်ရသောအမှုတော်နှင့်ပတ်သက်သည့်သင်ခန်းစာတို့ကို သင်ကြားရယူကြပါက သူတို့သည် ဘုရင်တကာတို့၏ဘုရင်အတွက် သက်သေများအဖြစ်ဖြင့် ဥပဒေပြုလွှတ်တော်များ၊ တရားရုံးခန်းမများ၊ သို့မဟုတ် တော်ဝင်ခံရုံးများတို့တွင် ရပ်တည်ထွက်ဆိုကြပေလိမ့်မည်။ အမြောက်အမြားသောသူတို့သည် ပိုမိုကျယ်ပြောလှသည့်အမှုတော်လုပ်ငန်းတွင် လုပ်ဆောင်ရကြပါမည်။ ကမ္ဘာမြေပြင်တစ်ခုလုံးသည် ဧဝံဂေလိတရားတော်အတွက် ဖွင့်ထားလျက်ရှိနေပါသည်။ အီသီယိုးပီးယားနိုင်ငံသည် သူ၏လက်တို့ကို ဘုရားသခင်ထံတော်သို့ကမ်းလင့်လာနေပါသည်။ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့မှ ထို့အပြင်၊ ကျွန်ုပ်တို့နိုင်ငံတည်ရှိနေသည့် အာရတိုက်ကြီး၏အမှောင်ထုလွှမ်းမိုးခံနေရဆဲနိုင်ငံတို့နှင့်ကျွန်ုပ်တို့၏ဤကမ္ဘာမြေကြီးရှိဒေသတိုင်းရှိ အပြစ်၏ထိုးနှက်တိုက်ခိုက်ခြင်းခံရကြသည့်စိတ်နှလုံးတို့သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ဆိုင်ရာ အသိဉာဏ်ဗဟုသုတတစ်ရပ်အတွက် အော်ဟစ်တောင်းခံနေကြပါသည်။ ["ပညာရေး" မူရင်းအင်္ဂလိပ်စာအုပ်၊ စာမျက်နှာ ၂၆၂။]

## အမှုတော်ဆောင်များအတွက်ဖွင့်ဟပြောဆိုခြင်းဆိုင်ရာသင်တန်း

ကျွန်ုပ်တို့၏အမှုတော်ဆောင်ခြင်းဆိုင်ရာလုပ်ငန်းအားလုံးတို့တွင် ဖွင့်ဟပြောဆိုသံ၏ပင်ကိုယ်သဘာဝအပေါ် ပိုမိုအာရုံစိုက်သင့်ကြပါသည်။ ကျွန်ုပ်အနေဖြင့် အသိဉာဏ်ဗဟုသုတရှိရကြမည်ဖြစ်သော်လည်း၊ ဖွင့်ဟပြောဆိုခြင်းဆိုင်ရာအသံနေအသံထားကိုမည်ကဲ့သို့မှန်ကန်စွာအသုံးပြုရမည်ကိုမသိရှိပါက၊ ကျွန်ုပ်တို့၏လုပ်ဆောင်မှုသည် ကျရှုံးမှုတစ်ရပ်အဖြစ်ဖြင့်သာရှိသွားပေလိမ့်မည်။ အကယ်၍သာ ကျွန်ုပ်တို့၏တွေးတောဆင်ခြင်မှုတို့ကို သင့်လျော်သောဘာသာစကားဖြင့် လွှမ်းခြုံပေးနိုင်ခြင်းမရှိကြပါက ကျွန်ုပ်တို့၏အတတ်ပညာသည် မည်သည့်အကျိုးဖြစ်ထွန်းမှုမျိုးဖြစ်လာမည်နည်း။ အကယ်၍သာ





ကျွန်ုပ်တို့အနေဖြင့် မိန့်ခွန်းချွေခြင်းဆိုင်ရာ ပင်ကိုယ်အရည်အသွေးကိုပျိုးထောင်ပေးခြင်းမရှိပါက အသိဉာဏ်ဗဟုသုတသည် ကျွန်ုပ်တို့အတွက်အနည်းငယ်မျှသောအခွင့်ထူးအဖြစ်ဖြင့်သာ ရှိနေမည်ဖြစ်သော်လည်း၊ ထိုအသိဉာဏ်ဗဟုသုတသည် လိမ္မာပါးနပ်မှုရှိသောစကားပြောဆိုမှုအရည်အချင်း၊ အထောက်အကူပြုသောစကားလုံးများနှင့် အာရုံစူးစိုက်မှုကိုကွပ်ကဲပေးမည့် ထိုအရည်အချင်းရှိသောစကားလုံးတို့ဖြင့် ပေါင်းစပ်ပေးလိုက်ပါက ၎င်းသည် အံ့ဩစရာစွမ်းအားအဖြစ်ရှိလာပေမည်။

ဘုရားသခင်၏အရေးအရာတော်တွင် အမှုတော်ဆောင်များအဖြစ်သို့ရောက်ရှိလာကြရန် မျှော်မှန်းထားကြသောစာသင်သားတို့သည် ရှင်းလင်းစွာစကားပြောဆိုနိုင်မှု၊ ရိုးစင်းပွင့်လင့်သောအပြုအမူတို့အတွက် သင်ကြားရယူသင့်ကြပြီး၊ ထို့အပြင် သူတို့သည် ကောင်းမြတ်ခြင်းအတွက် မိမိတို့၏ထက်ဝက်မျှသောဩဇာသက်ရောက်မှုတို့ကိုအသုံးချခြင်းခံရကြမည်ဖြစ်သည်။ ထင်ထင်ရှားရှားနှင့်ရှင်းလင်းပြတ်သားစွာပြောဆိုနိုင်မှု၊ ထို့အပြင် စုစည်းမှုရှိသည့်အသံဩဇာပြည့်ဝသည့်အရည်အချင်းမျိုးသည် အမှုတော်၏မည်သည့်ကျွမ်းကျင်မှုနယ်ပယ်တို့တွင်မဆို၊ တန်ဖိုးမဖြတ်နိုင်သောအရည်အချင်းဖြစ်ပါသည်။ ဤကျွမ်းကျင်မှုအရည်အချင်းသည် အမှုတော်ဆောင်များ၊ ဧဝံဂေလိသတင်းစကားကိုဟောပြောသူများ၊ သမ္မာကျမ်းစာဆိုင်ရာအမှုတော်ဆောင်များ၊ သို့မဟုတ် ကိုးကွယ်မှုဘာသာအကြောင်းကို အကျေအလည်ဆွေးနွေးပြောပြနိုင်သူများအဖြစ်သို့ ရောက်ရှိလိုစိတ်ရှိသူတို့တွင် မရှိမဖြစ်သောကျွမ်းကျင်မှုအရည်အချင်းမျိုးဖြစ်ပါသည်။ ဤအမှုတော်၏ကျွမ်းကျင်မှုနယ်ပယ်များအတွင်းသို့ ဝင်ရောက်ကြရန်စီစဉ်နေကြသောသူတို့အနေဖြင့် သမ္မာတရားတော်အကြောင်းနှင့်ပတ်သက်ပြီး လူများတို့အားပြောပြသောအခါ၊ နည်းလမ်းတစ်ခုဖြင့်ဖွင့်ဟပြောဆိုပြခြင်းကိုအသုံးပြုရေးအတွက် သင်ကြားပို့ချချက်ကိုခံယူသင့်ကြပြီး၊ ကောင်းမြတ်ခြင်းအတွက် တိကျပြတ်သားသောထင်မြင်ချက်ကို ချမှတ်ရပါမည်။ သမ္မာတရားတော်သည် အပြစ်အနာအဆာရှိသောပြောပုံဆိုပုံအားဖြင့် ဆက်သွယ်မှုရှိခြင်းကြောင့် ထိခိုက်အနာတရမဖြစ်စေသင့်ပါ။

မိမိကိုးကွယ်မှုဘာသာအကြောင်းကို အကျေအလည်ဆွေးနွေးပြောပြနိုင်သူသည် သူရောင်းချလိုသည့်စာအုပ်၏အရည်အသွေးများအကြောင်းတို့ကို ရှင်းလင်းစွာနှင့်ထူးကဲစွာဖြင့် ရှင်းပြပေးနိုင်ခြင်းဖြင့် သူ၏အလုပ်အတွင်းတွင် ၎င်းစာအုပ်ကို ကြီးမားသောအကူအညီအဖြစ် သူတွေ့မြင်ရပေမည်။ ၎င်းစာအုပ်အတွင်းပါရှိသည့် အခန်းတစ်ခန်းကိုဖတ်ရှုနိုင်သည့်အခွင့်အရေးတစ်ရပ်ကို သူ့အနေဖြင့်ရယူရမည်ဖြစ်ပြီး၊ သူ၏ဖွင့်ဟ

ပြောဆိုခြင်းဆိုင်ရာ တေးဂီတနှင့်နှုတ်ထွက်စကားလုံးများတို့တွင်တည်ရှိနေသည့် အသားပေးမှုများတို့အားဖြင့် သူ၏ပြောစကားတို့ကိုနားထောင်နေကြသည့်လူတို့၏စိတ်အတွေးထဲတွင် မျက်မြင်ကိုယ်တွေ့ကဲ့သို့မြင်တွေ့ရသည့်အလား၊ သူ့အနေဖြင့် အကြောင်းအရာမြင်ကွင်းကို ထင်းနေအောင်ရှင်းလင်းစွာတင်ပြပေးနိုင်မည်ဖြစ်သည်။

လူစုလူဝေးပရိသတ်ထုအတွင်း၊ သို့မဟုတ် မိသားစုအတွင်း သမ္မာကျမ်းစာဖတ်ကြားခြင်းတို့ကိုလုပ်ဆောင်ရာတွင် ထိုဖတ်ကြားခြင်းကိုနားကြားကြသောသူတို့အား နွေးထွေးစေမည့်ညင်သာသိမ်မွေ့ပြီး ဂီတသံစဉ်၏အသံနေအသံထားဖြင့် ဖတ်ကြားပေးနိုင်ရကြပါမည်။

ဧဝံဂေလိတရားတော်၏အမှုတော်ဆောင်များတို့သည် စွမ်းအားနှင့်တိကျပြတ်သားမှုရှိသောပြောဆိုမှုမျိုးကို မည်ကဲ့သို့ပြောရမည်၊ ထို့အပြင် နားကြားကြသောသူတို့သည် သူတို့၏ပူပန်သောကမှုတို့ရှိကြသည့်တိုင်၊ ထိုပူပန်သောကမှုတို့ကို ခံစားရခြင်းမရှိကြလေအောင် အသက်ပါပြီး၊ ထိထိမိမိရှိလှသည့် ထာဝရအသက်၏နှုတ်ထွက်စကားလုံးတို့ကို မည်ကဲ့သို့ဖော်ဆောင်ရကြမည်ဆိုခြင်းကို သိရှိထားသင့်ကြပါသည်။ ကျွန်ုပ်တို့၏များစွာသောအမှုတော်ဆောင်များတို့၏အပြစ်အနာအဆာမကင်းသော ဖွင့်ဟပြောဆိုသံတို့ကို ကျွန်ုပ်ကြားလိုက်ရသည်နှင့် ကျွန်ုပ်အနေဖြင့် ဝမ်းနည်းခဲ့ရပါသည်။ ထိုကဲ့သို့သောအမှုတော်ဆောင်များတို့သည် နှုတ်ထွက်စကားလုံးတို့ကို စွမ်းအားရှိရှိဖြင့်ပြောဆိုကြရေးအတွက် မိမိတို့ဘာသာမိမိတို့သင်ကြားခြင်းခံခဲ့ကြပါက ဘုရားသခင်၏ထံတော်တွင်ရှိနိုင်သည့် သူ၏ဘုန်းအာနုဘော်တော်ကို လုယက်ကြရာရောက်ပါသည်။

## မိမိတို့၏ချွတ်ယွင်းအားနည်းချက်တို့ကိုကျော်လွှားအောင်နိုင်ခြင်း

မိမိတို့၏ပြောပုံဆိုပုံတွင် ကပ်ငြိနေသည့်ချွတ်ယွင်းအားနည်းချက်တိုင်းကို ကျော်လွှားအောင်နိုင်ရန် အပတ်တကုတ်ကြိုးပမ်းအားထုတ်မှုမရှိမချင်း၊ အမှုတော်တွင်း ဝင်ရောက်ဆောင်ရွက်ရန်အတွက် မိမိတွင်အရည်အချင်းပြည့်မီမှုရှိသူအဖြစ် မိမိကိုယ်ကို မှတ်ယူထင်မှတ်ထားမှုမရှိသင့်ပါ။ အကယ်၍သာသူသည် မိန့်ခွန်းချွေခြင်းဆိုင်ရာ ပင်ကိုယ်စွမ်းရည်ကို မည်ကဲ့သို့အသုံးပြုရမည်ကို သိရှိထားခြင်းမရှိပါဘဲ၊ လူအများတို့ကိုဟောပြောရန်ကြိုးပမ်းသည်နှင့် သူသည် သူ၏ထက်ဝက်မျှသောဩဇာလွှမ်းမိုးနိုင်



မှုကို ဆုံးရှုံးခံရပြီဖြစ်ကာ၊ လူထုပရိသတ်တစ်စု၏သူ့အပေါ်အာရုံစိုက်မှုကို ထိန်းသိမ်းနိုင်သည့်စွမ်းအားအနည်းငယ်မျှလောက်သာ ကျန်ရှိလာစေပါသည်။

သူ၏မည်သည့်အလုပ်မျိုးတွင်မဆို လူတိုင်းလူတိုင်းသည် ဖွင့်ဟပြောဆိုခြင်းကိုထိန်းသိမ်းနိုင်ရေးအတွက် သင်ကြားရယူသင့်ကြပြီး၊ ဤသို့အားဖြင့် တစ်စုံတစ်ရာသောအမှားအယွင်းမျိုးဖြစ်ပေါ်လာပါက သူသည် စိတ်နှလုံး၏အဆိုးရွားဆုံးသောစွဲလမ်းမက်မောမှုတို့ကိုမွေ့နှောက်လှုံ့ဆော်ပေးသည့်အသံနေအသံထားမျိုးကို ပြောဆိုမိမည်မဟုတ်ပါ။ ကြိမ်ဖန်များစွာပင် ဟောပြောသူတစ်ယောက်သည် ငေါက်ငမ်းသောပြောဆိုမှုနှင့် ခက်ထန်ကြမ်းတမ်းသောစကားတို့ကို ပြောဆိုမိတတ်ကြပါသည်။ ငေါက်ငမ်းပြောဆိုမှု၊ အာဏာရှင်ဆန်သောစကားလုံးများ၊ တင်းမာလွန်းသောအပြောအဆို၊ ဟိန်းဟောက်သည့်အသံနေအသံထားများတို့သည် မိတ်ဆွေအပေါင်းအသင်းများတို့နှင့် တသီးတခြားအနေအထားဆီသို့ရောက်ရှိသွားစေပြီး အသက်ဝိညာဉ်တို့ကိုဆုံးရှုံးရသည့်ရလဒ်မျိုးကို ဖြစ်ပေါ်စေပါသည်။

လူမှုရေးဆိုင်ရာအစည်းအဝေးများတို့တွင် အစည်းအဝေးကိုတက်ရောက်ကြသူအားလုံးတို့က သက်သေခံထွက်ဆိုချက်တို့ကိုကြားသိကြရန်အတွက် ရှင်းလင်းပြတ်သားသောတင်ပြပြောဆိုမှုမျိုး အထူးလိုအပ်လှပြီး၊ ထိုရှင်းလင်းပြတ်သားသောတင်ပြပြောဆိုမှုကြောင့် တက်ရောက်သူအားလုံးတို့သည်လည်း အကျိုးခံစားမှုကိုရရှိကြပေမည်။ လူမှုရေးအစည်းအဝေးဖြစ်သည်အလျောက်၊ အခက်အခဲများတို့သည် ဖယ်ရှားခြင်းခံရကြသည့်အပြင်၊ အကူအညီပေးအပ်မှုရှိခြင်းဖြင့် ဘုရားသခင်၏လူစုတော်တို့သည် သူတို့၏အတွေ့အကြုံများတို့ကို ဆွေးနွေးဖလှယ်ကြပါသည်။ သို့သော်လည်း သက်သေခံထွက်ဆိုမှုများတို့သည် အပြစ်အနာအဆာများပါရှိပြီး၊ မပီမသဖြစ်သည့်တင်ပြပြောဆိုမှုမျိုးတို့ကို အထူးတလည်ကြိမ်ဖန်များစွာတွေ့မြင်နေရကြကာ၊ ဤသို့အားဖြင့် ထိုသက်သေခံထွက်ဆိုမှုများမှ မှန်ကန်သောတွေးခေါ်ထင်မြင်ချက်တစ်ခုကိုရယူနိုင်ရန်မှာ ဖြစ်နိုင်ခြေမရှိတော့ပါ။ ဤသို့အားဖြင့် ကောင်းချီးမင်္ဂလာကို မကြာခဏလက်လွတ်ဆုံးရှုံးရတတ်ပါသည်။

ဆုတောင်းခြင်းအမှုကိုပြုကြပြီး၊ ဟောကြားပြောဆိုကြသောသူတို့အနေဖြင့် ကောင်းမွန်မှန်ကန်စွာဖြင့် သူတို့၏နှုတ်ထွက်စကားတို့ကို အတည်တကျဖြင့်ပြောဆိုကြကာ၊ ထို့အပြင် ရှင်းလင်းပြီးပြတ်သားမှုရှိသည့်အသံနေအသံထားတို့ဖြင့် ဟောကြား

ပြောဆိုကြပါစေ။ ဆုတောင်းခြင်းသည် အကယ်၍ကောင်းမွန်မှန်ကန်သောဆက်ကပ်မှု ဖြစ်ပါက ၎င်းဆုတောင်းခြင်းသည် ကောင်းမြတ်ခြင်း၏တန်ခိုးတစ်ရပ်ပင်ဖြစ်ပါသည်။ သမ္မာတရားတော်၏အဖိုးထိုက်လှစွာသောရတနာဖြစ်သည့် လူတို့နှင့်ဆက်သွယ်ရန်အတွက် ထာဝရဘုရားက အသုံးပြုတော်မူသည့်နည်းလမ်းများအနက်၊ ထိုဆုတောင်းခြင်းသည် တစ်ခုအပါအဝင်ဖြစ်ပါသည်။ သို့သော်လည်း ဆုတောင်းခြင်းကိုရွတ်ဆိုကြသောသူတို့၏ချွတ်ယွင်းချက်ရှိသောဖွင့်ဟပြောဆိုမှုများတို့ကြောင့် ဆုတောင်းခြင်းသည် ရှိသင့်ရှိထိုက်သည့်အကျိုးဖြစ်တည်မှုမျိုးတွင်မရှိရပါ။ ဘုရားသခင်ထံတော်သို့ဆက်ကပ်သည့် ဆုတောင်းခြင်းတို့သည် မကြားရလောက်အောင် အသံတိုးညင်းလွန်းလှပါက စာတန်မာရ်နတ်အနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ပေမည်။

ဘုရားသခင်၏လူစုတော်တို့သည် သူတို့ပိုင်ဆိုင်ထားနေကြသည့် ကြီးမားလှသောသမ္မာတရားတော်တို့ကို မှန်ကန်ကောင်းမွန်စွာကိုယ်စားပြုကြရန်အတွက် မည်ကဲ့သို့ ဟောကြားပြောဆိုကြပြီး၊ မည်ကဲ့သို့ဆုတောင်းရကြမည်ဆိုခြင်းတို့ကို သင်ကြားရယူကြပါစေ။ သက်သေခံထွက်ဆိုချက်တို့နှင့် ဆုတောင်းခြင်းဆိုင်ရာဆက်ကပ်မှုများတို့သည် ရှင်းလင်းပြတ်သားမှုရှိကြပါစေ။ ဤသို့အားဖြင့် ဘုရားသခင်သည် ချီးမြှောက်တော်မူခြင်းခံရမည်ဖြစ်သည်။ အားလုံးတို့အနေဖြင့် ဟောပြောခြင်းဆိုင်ရာကိုယ်ရည်ကိုယ်သွေးကို အမြင့်မားဆုံးအနေအထား မျိုးကိုဖော်ဆောင်ကြပါစေ။

သာလွန်မြင့်မားပြီး ပိုမို၍ကုံလုံပြည့်စုံသည့်အမှုတော်မျိုးကို ဘုရားသခင်လိုအပ်တော်မူပါသည်။ အပတ်တကုတ်ကြိုးပမ်းအားထုတ်မှုကြောင့် ဘုရားသခင်အတွက် လက်သင့်ခံနိုင်သော ကိုယ်စားပြုပြောပေးသူအနေအထားသို့ ရောက်ရှိလာသည့်တိုင်၊ ထိုလူသည် စကားအပြောအဆိုတွင် ကုံလုံပြည့်စုံသောအရည်အချင်းမရှိပါက၊ ထိုလူအားဖြင့် ဘုရားသခင်၏ဂုဏ်အသရေတော်ညှိုးနွမ်းသွားမည်ဖြစ်ပါသည်။ သမ္မာတရားတော်သည် ၎င်းဖြတ်သန်းသွားနေရသောဆက်ကြောင်းအားဖြင့် မကြာခဏထိခိုက်မှုရှိနိုင်ပါသည်။

ဘုရားသခင်သည် သူ၏အမှုတော်နှင့်ချိတ်ဆက်မှုရှိနေကြသောသူအားလုံးတို့အား သူတို့ကိုသူပေးထားတော်မူသော ကြီးမြတ်ပြီးခန့်ညားလှသည့် သမ္မာတရားတော်တို့နှင့်ပတ်သက်ပြီး၊ လက်ခံနိုင်လောက်သောပြုမူကျင့်ကြံမှုတစ်ခုဖြင့် ရှင်းလင်းပြောဆိုနိုင်ကြရန် ဖွင့်ဟပြောဆိုမှုကို ပြုစုပျိုးထောင်ရေးအတွက်အာရုံပြုကြရန် ပန်ကြားတော်မူနေပါသည်။ အပြစ်အနာအဆာပါရှိသော ဟောကြားပြောဆိုမှုမျိုးဖြင့် သမ္မာတရားတော်ကိုထိခိုက်မှုရှိအောင် မည်သူကမျှမလုပ်ဆောင်ကြပါစေနှင့်။ ဟောပြောမှုဆိုင်ရာကိုယ်ရည်ကိုယ်သွေး၌ ပြုစုပျိုးထောင်ရေးကို လျစ်လျူရှုကြသောသူတို့သည် အခြားသောသူတို့အား သမ္မာတရားတော်အကြောင်းကို အသိပေးပြောကြားနိုင်သည့်စွမ်းအားကို ရယူနိုင်ကြသည့်တိုင်၊ သူတို့သည် အမှုတော်ဆောင်များအဖြစ်သို့ရောက်ရှိသည့် အရည်အချင်းရှိသူများအဖြစ်ဖြင့် မိမိတို့ကိုယ်ကိုထင်မှတ်မထားသင့်ကြပါ။



## ရှင်းလင်းပြတ်သားသောအသံထွက်ပြောဆိုခြင်း

သင်သည် ဟောကြားပြောဆိုခြင်းကိုလုပ်ဆောင်သောအခါ၊ နောက်ဆုံးသော စကားလုံးအထိ၊ စကားလုံးတိုင်းသည် ပြည့်စုံပြီး ကောင်းမွန်သည့်စုစည်းမှုရှိရမည့်အပြင် ဝါကျတိုင်းသည်လည်း ရှင်းလင်းပြတ်သားမှုရှိပါစေ။ များသောအားဖြင့် လူတို့သည် ဝါကျ၏အဆုံးပိုင်းသို့ရောက်ရှိသည်နှင့် ဖွင့်ဟပြောဆိုခြင်းဆိုင်ရာ အသံနေအသံထားကိုနိမ့်ချလိုက်ပြီး တွေးခေါ်မှု၏အားမာန်သည် ပျက်စီးသွားရသည်အထိ သူတို့သည် မပီမသဖြစ်သောစကားလုံးမျိုးကို ပြောဆိုလာသည့်အနေအထားမျိုးသို့ ရောက်ရှိပါတော့သည်။ အားလုံးသောသူတို့နှင့်ထိုက်တန်သောစကားမျိုးဆိုသည်မှာ ရှင်းလင်းပြတ်သားမှုရှိပြီး အလေးထားမှုနှင့်တိကျပြတ်သားမှုပါရှိသည့် ဖွင့်ဟပြောဆိုမှုမျိုးဖြစ်ရပါမည်။ သင်က သင်ကြားရယူထားသည့်ခံစားမှုတို့ကို ပေးစွမ်းနိုင်သည့်စကားလုံးမျိုးတို့ကို မည်သည့်အခါမျှရှာကြံပြောဆိုခြင်းမပြုပါနှင့်။ သင်၏အကြွင်းမဲ့ချစ်သောစိတ်ပမာဏ ကြီးမားလေလေ၊ သင်၏နှုတ်ထွက်စကားလုံးတို့သည်လည်း ပိုမိုကောင်းမွန်သောနားလည်သဘောပေါက်ခြင်းခံရလေလေဖြစ်လာပေမည်။

ပျိုရွယ်သူအမျိုးသားအမျိုးသမီးတို့၊ သင်တို့၏စိတ်နှလုံးများအတွင်းသို့ ဘုရားသခင်က သူ၏အမှုတော်ကိုထမ်းဆောင်လိုသောဆန္ဒတစ်ခုခုကို ထည့်သွင်းထားတော်မူပါသလား။ ထိုနောက်တွင် လုံးလုံးလျားလျားသော သင်၏ကိုယ်ရည်ကိုယ်သွေးသို့ဦးတည်စေသည့် ဖွင့်ဟပြောဆိုခြင်းကို အားလုံးသောနည်းလမ်းများတို့ဖြင့် ပြုစုပျိုးထောင်ပေးခြင်းဖြင့် အခြားသောသူတို့ထံသို့ တန်ဖိုးရှိလှသောသမ္မာတရားတော်ကို သင့်အနေဖြင့် ရိုးရှင်းပွင့်လင်းစွာဖြင့် အသိပေးနိုင်မည်ဖြစ်ပါသည်။ သင်ဆုတောင်းရာနေရာတွင် အကယ်၍ဆုတောင်းချက်များနှင့်ပတ်သက်ပြီး စကားပြန်တစ်ဦးဦးကိုလိုအပ်ပါက သင်၏ဆုတောင်းခြင်းသည် မပီမသဖြစ်ကာ၊ တိုးညင်းလွန်းလှသည့်အသံနေ

အသံထားမျိုးဖြင့်ဆုမတောင်းပါနှင့်။ ရိုးစင်းလှသော်လည်း သင်၏ဆုတောင်းခြင်းသည် ရှင်းလင်းပြတ်သားမှုရှိရပါမည်။ ကြားနိုင်လောက်သည့်အနေအထားမျိုးမရှိသည့်အထိ ဖွင့်ဟပြောဆိုခြင်းသည် တိုးညင်းလွန်းလှပါက သင်၏နှိမ့်ချခြင်းအခြေအနေကို သက်သေခံနိုင်မည်မဟုတ်ပါ။

အမှုတော်ဆောင်များအဖြစ် ဘုရားသခင်၏အမှုတော်တွင်းသို့ဝင်ရောက်လုပ်ဆောင်ရန် အစီအစဉ်ရှိကြသောသူတို့အား ကျွန်ုပ်ပြောလိုသည်မှာ ဟောပြောခြင်းအမှုကို ကုံလုံပြည့်ဝစွာဖြင့်လုပ်ဆောင်နိုင်ကြရန်အတွက် ခိုင်မာသောဆုံးဖြတ်ချက်မျိုးဖြင့် ကြိုးပမ်းရကြမည့်အချက်ပင်ဖြစ်ပါသည်။ ကြီးမားလှသောဤရည်မှန်းချက်ကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရေးအတွက် သင့်အားအကူအညီပေးတော်မူရန် ဘုရားသခင်အားတောင်းခံပါ။ လူထုပရိသတ်ရှေ့မှောက်တွင် ဆုတောင်းဆက်ကပ်ခြင်းပြုပါက သင်သည် ဘုရားသခင်အားဟောပြောနေခြင်းဖြစ်သည့်အပြင် ထိုအခမ်းအနားသို့တက်ရောက်လာကြသည့်သူအားလုံးတို့က သင်၏ဟောကြားချက်တို့ကိုကြားနိုင်လောက်ကြရန်နှင့် သူတို့သည် သူတို့၏အသနားခံမှုတို့ကို သင်၏အသနားခံမှုများတို့နှင့်ပေါင်းစပ်ရောနှောနိုင်ကြရေးအတွက် သင့်အနေဖြင့်ပြောဆိုတောင်းလျှောက်ပေးရန် ဘုရားသခင်က အလိုတော်ရှိနေတော်မူသည်ကို သတိတရရှိပါ။ စကားလုံးများ၊ လုံးထွေးရောနှောသွားစေသည့်အပြောအဆိုမျိုးဖြင့် ကမန်းကတန်းဆုတောင်းခြင်းမျိုးသည် ဘုရားသခင်အားမလေးမစားပြုရာရောက်သည့်အပြင် နာကြားကြသောသူတို့အတွက် ကောင်းသောအသွင်ကိုဖော်ဆောင်မပေးနိုင်ပါ။ အမှုတော်ဆောင်များနှင့် လူအများရှေ့မှောက်၌ဆက်ကပ်ဆုတောင်းခြင်းအတွက် ကမ်းလှမ်းခြင်းခံရကြသောသူအားလုံးတို့အနေဖြင့် ဘုရားသခင်၏ဂုဏ်တော်ချီးမြှောက်ခံရမည့်အနေအထားမျိုးနှင့် နာကြားကြသောသူတို့က ကောင်းချီးမင်္ဂလာခံစားရကြမည့်အခြေအနေမျိုးတို့ကို ရရှိနိုင်မည့်ဆုတောင်းခြင်းနည်းလမ်းမျိုးကို သင်ကြားရယူရကြပါမည်။ အားလုံးသောတက်ရောက်သူတို့ကြားနိုင်ကြစေရန်အတွက် လုံလောက်သောအသံအနိမ့်အမြင့်၊ အတိုးအကျယ်အနေအထားမျိုးဖြင့် ဖြည်းနှေးစွာနှင့် ရှင်းလင်းပြတ်သားသောဆုတောင်းခြင်းမျိုးကို သူတို့အားလုပ်ဆောင်ကြစေခြင်းဖြင့် လူအားလုံးတို့သည် အာမင်၊ (ပြည့်စုံပါစေသော်) ဆိုသည့်စကားလုံးကို စည်းစည်းလုံးလုံးဖြင့် လိုက်ဆိုနိုင်ကြမည်ဖြစ်ပါသည်။ [“အသင်းတော်အတွက်သက်သေခံချက်များ” မူရင်းအင်္ဂလိပ်စာအုပ်၊ အတွဲ (၆)၊ စာမျက်နှာ ၃၈၀–၃၈၃။]



ပင်ကိုယ်စွမ်းရည်ထက်မြက်လှသော အမှုတော်ဆောင်တချို့တို့သည် စကားအပြောအဆိုပိုင်းဆိုင်ရာ အပြစ်အနာအဆာတို့ဖြင့်ပြည့်နှက်နေသည့် အပြုအမူတို့ဖြင့် မိမိတို့ကိုယ်ကို ထိခိုက်အနာတရဖြစ်စေနေကြပါသည်။ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ ဘုရားသခင်၏ပညတ်တရားတော်ကို နာခံလိုက်လျှောက်ရကြမည့်တာဝန်ကို လူတို့အားသင်ကြားပို့ချပေးနေသောအချိန်အတွင်း သူတို့၏ကျန်းမာရေးနှင့်အသက်တာတို့နှင့် ပတ်သက်သည့် ဘုရားသခင်၏ပညတ်တရားတော်တို့ကို ကျူးလွန်ဖောက်ဖျက်သည့် အခြေအနေတို့ကို တွေ့မြင်ကြစေခြင်းမရှိသင့်ပါ။ အမှုတော်ဆောင်များအနေဖြင့် မကိုင်းမညွတ်၊ တည့်တည့်မတ်မတ်ဖြင့်ရပ်တည်သင့်ကြပြီး ဖြည်းနှေးစွာ၊ ခိုင်မာစွာနှင့်ပြတ်သားစွာဖြင့် ပြောဆိုရကြမည့်အပြင်၊ ပြောကြားပေးသည့်အကြောင်းအရာဝါကျတိုင်းတို့တွင် ပြည့်ဝသည့်ဉာဏ်ကွန့်မြူးမှုပါရှိသည့် ထွက်သက်ဝင်သက်လေမျိုးကို ရယူရကြမည်ဖြစ်ကာ ပင်ကိုယ်အစွမ်းအစကိုလက်ကိုင်ပြုထားသည့် စကားလုံးမျိုးတို့ကို ပစ်ပယ်ရကြပါမည်။ အကယ်၍သာ သူတို့အနေဖြင့် ဤရိုးစင်းသောနည်းဥပဒေကို လေ့လာဆင်ခြင်ကြပြီး၊ အခြားတစ်ဖက်တွင်လည်း ကျန်းမာရေးဆိုင်ရာနည်းဥပဒေတို့ကိုပါ အာရုံစိုက်ကြမည်ဆိုပါက အခြားသောအလုပ်အကိုင်တွင် လုပ်ကိုင်နေကြသောသူတို့ထက် သူတို့သည် သူတို့၏အသက်တာနှင့်အသုံးဝင်မှုတို့ကို ပိုမို၍ထိန်းသိမ်းထားနိုင်ကြမည်ဖြစ်ပါသည်။ ဆက်တိုက်ဟောကြားပြောဆိုခြင်းကိုပြုလုပ်ရသည့်တိုင်၊ ဟောပြောသူ၏ရင်ခေါင်းသည်ကျယ်ပြန့်လာပြီး၊ အသံကွဲခြင်းအခြေအနေမျိုးသည်လည်း ကြံ့ခိုင်သောအနေအထားမျိုးဖြင့်သာ ရှိရန်လိုအပ်ပါသည်။ အမှုတော်ဆောင်တို့သည် အဆုတ်နာရောဂါသည်များအဖြစ်သို့ အရောက်ရှိခံကြမည့်အစား၊ လေ့ကျင့်ခန်းကိုဂရုတစိုက်လုပ်ဆောင်ခြင်းအားဖြင့် အဆုတ်ရောဂါဖြစ်နိုင်ခြေရှိစေခြင်းအားလုံးတို့ကို ကျော်လွှားသွားနိုင်မည်ဖြစ်သည်။

အမှုတော်ဆောင်များတို့သည် ကိုယ်ကာယပိုင်းဆိုင်ရာဥပဒေနှင့်အညီ ဟောကြားပြောဆိုရန်အတွက် မိမိတို့ကိုယ်ကိုပညာပေးခြင်းမပြုလုပ်ကြပါက သူတို့သည် အသက်တာကိုအသေခံဆက်ကပ်ကြမည်ဖြစ်ပြီး၊ သမ္မာတရားတော်အတွက် အာဇာနည်များဖြစ်လာခဲ့ကြသည့်လူတို့သည် ထိုအမှုတော်ဆောင်များတို့ကြောင့် ဆုံးရှုံးသွားခဲ့ရကြမှုအတွက် အများတို့အားကြေကွဲမှုကို ဖြစ်ပေါ်စေမည်ဖြစ်မည့်အပြင်၊ ထိုအမှုတော်ဆောင်တို့သည် မှားယွင်းသောအမူအကျင့်တို့တွင်သာ မွေ့လျော်နေကြခြင်းအားဖြင့် မိမိတို့ကိုယ်ကိုအပြင်၊ မိမိတို့က ကိုယ်စားပြုပေးကြသည့် သမ္မာတရားတော်အပေါ်တွင်ပါ တရားမျှတမှုမရှိ

သည့်အပြုအမူမျိုးဖြင့် ကျင့်သုံးရာရောက်ကြကာ၊ ဘုရားသခင်နှင့်သူတို့ပေးဆပ်ရန်ရှိကြသည့် အမှုတော်ဆိုင်ရာလောကအပေါ် လုယက်မှုကျူးလွန်ရာရောက်ပါသည်။ သူတို့အား ရှင်သန်မှုကိုရရှိစေခြင်းအတွက် ဘုရားသခင်သည် ကြည်နူးနှစ်သက်ခြင်းရှိတော်မူခဲ့သည်ဖြစ်သော်လည်း သူတို့မှာမူ မိမိတို့ကိုယ်ကိုမိမိတို့အဆုံးစီရင်ခြင်းကို တဖြည်းဖြည်းချင်းကျူးလွန်မိပြီးသားဖြစ်ခဲ့ပါသည်။

သမ္မာတရားကို ကိုယ်စားပြုပေးရသည့်အပြုအမူမျိုးကိုဆောင်ရွက်ရာတွင် ၎င်းလုပ်ရပ်မျိုးကိုလက်သင့်ခံရမည်လား၊ သို့မဟုတ် ငြင်းပယ်ရမည်လားဆိုခြင်းကို မကြာမကြာဖြင့် အထူးတလည်စိစစ်တွက်ချက်ခြင်းဖြင့်သာ လုပ်ဆောင်ရကြပါမည်။ ပြန်လည်ပြုပြင်တည်ထောင်ရေးနှင့်ပတ်သက်သည့် ကြီးမားသောအမှုရေးရာတွင်လုပ်ဆောင်ကြသူအားလုံးတို့အနေဖြင့် ဖြစ်နိုင်ခြေရှိသည့် ကောင်းမြတ်ခြင်း၏အကြီးမားဆုံးသောပမာဏကို ပြီးပြီးမြောက်မြောက်ဖြင့်ဆောင်ရွက်နိုင်ရန်နှင့် သူတို့၏ကိုယ်ပိုင်ပျော့ညံ့အားနည်းချက်တို့အားဖြင့် သမ္မာတရားတော်၏စွမ်းပကားမှ ယုတ်လျော့သွားခြင်းမရှိကြစေရန်အတွက်နှင့် စွမ်းဆောင်နိုင်စွမ်းရှိသောလုပ်ဆောင်သူများအဖြစ်သို့ ရောက်ရှိသွားကြရန်အတွက် လေ့လာသင်ယူသင့်ကြပါသည်။

အမှုတော်ဆောင်များနှင့်သင်ကြားပို့ချပေးကြသည့်ဆရာ၊ ဆရာမများတို့အနေဖြင့် ရှင်းလင်းစွာနှင့်ထင်ရှားစွာဖြင့် ရှင်းလင်းပို့ချပေးနိုင်ကြရေးတို့အပြင် နှုတ်ထွက်စကားလုံးတိုင်းတို့ကို အသံပီပြင်မှုအပြည့်ဖြင့် ပြောဆိုနိုင်ကြရေးအတွက်၊ မိမိတို့ကိုယ်ကိုထိန်းသိမ်းကြပ်မတ်သင့်ကြပါသည်။ လည်ချောင်းအတွင်းမှနေပြီး စကားကိုမြန်မြန်ပြောဆိုတတ်ကြသောသူတို့သည် စကားလုံးတို့ကိုဗလုံးဗထွေးနှင့်ပြောဆိုနေကြရင်း၊ ပုံမှန်မဟုတ်သည့်အထက်သံဖြင့်မြင့်တင်ကာ ဖွင့်ဟပြောဆိုကြခြင်းဖြင့် မကြာမတင်၌တွင်ပင် သူတို့၏ပြောဆိုသံသည် အက်တက်တက်အနေအထားသို့ရောက်ရှိသွားကာ၊ သူတို့အနေဖြင့် စကားကိုဖြည်းဖြည်းချင်းနှင့်ပီပီသသပြောဆိုသည့်အပြင်၊ ကျယ်လောင်ခြင်းမရှိလှသည့်ပြောဆိုခြင်းကြောင့် ဖြစ်ထွန်းလာသည့်အင်အား၏ထက်ဝက်ခန့်မျှကို ဆုံးရှုံးသွားရကြပါသည်။ နာကြားကြသူများတို့သည်လည်း ထိုဟောပြောသူ၏အနေအထားကိုတွေ့မြင်ခြင်းအားဖြင့် သူ့အပေါ်စာနာစိတ်များနိုးထလာကြပြီး၊ ထိုဟောပြောသူသည် မိမိကိုယ်ကိုနှိပ်စက်ကလူပြုနေသကဲ့သို့ သဘောထားကြလျက်၊ သူ့အနေဖြင့် မည်သည့်အချိန်တွင်မဆို ပျက်သုဉ်းသွားမည်ကို စိုးရိမ်ကြောက်လန့်နေရကြပါသည်။ စိတ်လှုပ်ရှားမှုနှင့်ခြေဟန်လက်ဟန်အမူအရာမျိုးတို့အားဖြင့် သွေးရူးသွေးတန်းအမူအရာအဖြစ်သို့





ရောက်ရှိသွားသည်အထိ မိမိကိုယ်ကိုလွန်လွန်ကဲကဲဖြင့် ထုတ်ဖော်ပြသလုပ်ဆောင်ခြင်းကြောင့် ဘုရားသခင်အတွက် စိတ်အားထက်သန်သူတစ်ယောက်ဖြစ်လာသည်ဆိုသည့်အထောက်အထားမျိုးမရှိပါ။ (၁တိ ၄း၈) တွင် တမန်တော်ရှင်ပေါလုက “ကိုယ်ကာယကိုဆုံးမခြင်းသည် များစွာသောအကျိုးကိုမပေးတတ်” ဟူ၍သြဝါဒပေးထားခဲ့ပါသည်။

ကမ္ဘာမြေကြီး၏ကယ်တင်ရှင်သည် သူ့အားကိုယ်စားပြုသည့်သူနှင့်အတူတကွလုပ်ဆောင်ကြသည့်သူများရှိသင့်တော်မူသည့်အပြင်၊ ဘုရားသခင်နှင့်နီးကပ်စွာအတူတကွလျှောက်လှမ်းမည့်လူတစ်ယောက်ရှိရမည့်အပြင် ထိုလူ၏ပြောဆိုသည့်အမူအရာ၊ ပြုမူကျင့်ကြံမှု၊ သူ၏စိတ်နေသဘောထားနှင့်ခြေဟန်လက်ဟန်အမူအရာတို့သည် အမှားအယွင်းကင်းရပါမည်။ ကျွန်ုပ်တို့၏စံပြနမူနာတော်အဖြစ်ရှိတော်မူသော သခင်ခရစ်တော်တွင် အောက်တန်းကျပြီးရိုင်းစိုင်းသောအပြုအမူမျိုးတို့ကို မည်သည့်အခါမျှတွေ့မြင်ခဲ့ရခြင်းမရှိပါ။ သူသည် ကောင်းကင်နိုင်ငံတော်၏ကိုယ်စားပြုသူတစ်ယောက်ဖြစ်တော်မူခဲ့သည့်အလျောက် သူ၏နောက်တော်သို့လိုက်လျှောက်ကြသောသူတို့အနေဖြင့် သူနှင့်လည်းအလားတူညီမှုရှိရကြပါမည်။

ထာဝရဘုရားသည် သူ၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လူတစ်ယောက်အား သူပြောပြစေတော်မူလိုသည့်အတိုင်း ပြောဆိုနိုင်သည့်အခွင့်အရေးမျိုးကို ပေးအပ်တော်မူမည့်အကြောင်းအရာအချို့ရှိပါသော်လည်း လူတစ်ယောက်ကို သူလုပ်ဆောင်စေလိုတော်မူသည့်အတိုင်း လုပ်ဆောင်ရန်ကိုမူ ထာဝရဘုရားသည် အဆိုပြုတောင်းခံတော်မူခြင်းမရှိပါ။ ကျွန်ုပ်တို့က မိမိတို့စိတ်အတွေးနှင့်အမူအရာတို့ကို ပညာပေးရန်အတွက် သူကကျွန်ုပ်တို့အား တွေးခေါ်မြော်မြင်မှုစွမ်းအားများနှင့်အခွင့်အလမ်းများတို့ကို ပေးအပ်တော်မူပါသည်။ ကျွန်ုပ်တို့သည် မိမိတို့အတွက် လုပ်ဆောင်နိုင်သမျှအားလုံးတို့ကို လုပ်ဆောင်ခဲ့ကြပြီးသည့်နောက်၊ ထို့အပြင် ကျွန်ုပ်တို့လက်လှမ်းမီနိုင်သလောက်အတွင်း ရရှိကြသည့်အခွင့်ထူးများတို့ကို အကောင်းဆုံးအသုံးချလုပ်ဆောင်ကြပြီးသည့်နောက်၊ ကျွန်ုပ်တို့ကိုယ်တိုင်၌က မလုပ်ဆောင်နိုင်သောအရာကို သူ၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လုပ်ဆောင်နိုင်ကြရန်အတွက် စိတ်အားထက်သန်မှုရှိသောဆုတောင်းခြင်းနှင့်အတူ ဘုရားသခင်ထံတော်ကို အားကိုးတကြီးနှင့်မျှော်ကြည့်ရကြပါမည်။ [“အသင်းတော်အတွက်သက်သေခံချက်များ” မူရင်းအင်္ဂလိပ်စာအုပ်၊ အတွဲ (၄)၊ စာမျက်နှာ ၄၀၄၊ ၄၀၅။]

## "ကိုယ်ကိုကိုယ်ဆက်သခြင်းငှာကြိုးစားအားထုတ်လော့"

ဘုရားသခင်၏အမှုကိစ္စရေးရာတော်အတွက် စွမ်းဆောင်နိုင်စွမ်းရည်ရှိကြသော သူတို့မျိုးကိုလိုအပ်ရာတွင် သင်ကြားပို့ချပေးကြသည့်ဆရာ၊ ဆရာမများတို့နှင့် တရားဟောပြောသူများအဖြစ် အမှုတော်ကိုထမ်းရွက်ရန် လေ့ကျင့်ထားခြင်းရှိကြသည့် သူတို့သည် အဓိကလူများဖြစ်ကြပါသည်။ စာသင်ကျောင်းများ၊ သို့မဟုတ် ကောလိပ်ကျောင်းများတို့တွင် အနည်းငယ်မျှသောသင်တန်းမျိုးကို ရရှိထားခဲ့ကြသည့်သူတို့အနေဖြင့် အတိုင်းအတာတစ်ခုအထိသာရှိသော အောင်မြင်မှုမျိုးကိုရရှိရန် လုပ်ဆောင်နိုင်ခဲ့ကြသော်လည်း အမှန်အားဖြင့်သူတို့သည် ပိုမိုကြီးမားသည့်အောင်မြင်မှုအတိုင်းအတာမျိုးကို ရယူနိုင်ကြရမည့်အပြင်၊ ပိုမိုစွမ်းဆောင်နိုင်စွမ်းရှိသော လုပ်ဆောင်သူများဖြစ်သင့်ကြပါသည်။ အကယ်၍သာ သူတို့သည် အစကတည်းက စိတ်ပိုင်းဆိုင်ရာကျင့်ဝတ်မျိုးကို ဆည်းပူးထားခဲ့ကြပါက၊ ထိုအနေအထားမျိုးကိုရရှိထားပြီးသားဖြစ်ခဲ့ကြပေမည်။

ငယ်ရွယ်လှသောအမှုတော်ဆောင်တိမောသေထံသို့ တမန်တော်ရှင်ပေါလုက (၂တိ ၂း၁၅) တွင် "သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ သမ္မာတရားကိုမှန်ကန်စွာပိုင်းခြားတတ်သောဆရာသမားဖြစ်လျက်၊ ဘုရားသခင့်ရှေ့၌ ကိုယ်ကိုကိုယ်ဆက်သခြင်းငှာ ကြိုးစားအားထုတ်လော့" ဟူ၍ သြဝါဒစာပေးပို့ခဲ့သည်ကို တွေ့ရှိရပါသည်။ သခင်ခရစ်တော်ထံတော်သို့ အသက်ဝိညာဉ်တို့ကိုရယူပေးရသည့်အလုပ်မျိုးတွင် သတိကြီးစွာထားရသည့် ကြိုတင်ပြင်ဆင်မှုမျိုးလိုအပ်လှပါသည်။ လိုအပ်သည့်သင်တန်းမျိုးကို ရယူထားရှိခြင်းမရှိသည့်အပြင်၊ အမြင့်မားဆုံးသောအောင်မြင်မှုမျိုးကို မျှော်မှန်းချက်ထားရှိခြင်းမရှိကြပါက လူတို့အနေဖြင့် ထာဝရဘုရား၏အမှုတော်တွင်းသို့ ခြေချနိုင်ကြရန်မဖြစ်နိုင်ပါ။ စက်မှုပညာရှင်များ၊ ဥပဒေပညာရှင်များ၊ ကုန်သည်များ၊ ကုန်သွယ်မှုလုပ်ငန်းအားလုံးတို့နှင့်ပတ်သက်ကြသောသူများနှင့် အတတ်ပညာရှင်များအားလုံးတို့သည် သူတို့ဝင်ရောက်လုပ်ကိုင်နိုင်ရန်မျှော်လင့်ထားကြသည့် လုပ်ငန်းကိုင်ငန်းလမ်းကြောင်းတို့အတွက် လိုအပ်သည့်ပညာသင်ကြားထားမှုတို့ကို ရယူထားခဲ့ပြီးသားဖြစ်ကြပါသည်။ မိမိတို့ကိုယ်ကို စွမ်းဆောင်နိုင်သမျှစွမ်းဆောင်နိုင်ကြရေးအတွက် ကြိုတင်လုပ်ဆောင်ထားကြရန်မှာ သူတို့၏မူရင်းသဘောထား (မူဝါဒ) ပင်ဖြစ်ပါသည်။ အမျိုးသမီးဆောင်းဦးထုပ်လုပ်ငန်း၊ သို့မဟုတ် အမျိုးသမီးအဝတ်အစားချုပ်လုပ်သည့် လုပ်ငန်းကိုလုပ်ကိုင်သောအမျိုးသမီးထံသို့သွားပြီးမေးမြန်း



ကြည့်ပါက သူမအနေဖြင့် ဤလုပ်ငန်းအတွက်အသေးစိတ်ကျသည့် အသိဉာဏ်ဗဟုသုတမျိုးကိုမရရှိမီက အချိန်မည်မျှကြာမျှ အားသွန်ခွန်စိုက်ကြိုးပမ်းခဲ့ရသည်ဆိုခြင်းကို သူမက သင့်အားပြောပြပေးပေမည်။ ကြီးမားကျယ်ဝန်းလှသောအဆောက်အဦတစ်ခုကို မျက်စိပသာဒရှိသောအဆောက်အဦအဖြစ်သို့ရောက်ရှိရေးအတွက် စီမံဆောင်ရွက်နိုင်ရန် ကျွမ်းကျင်မှုအတွက် ဗိသုကာဆရာကြီးသည် အချိန်မည်မျှကြာကြာရယူခဲ့ရသည်ကို သင့်အားပြောပြပေးပါလိမ့်မည်။ ဤကဲ့သို့အတိုင်းပင် အားလုံးသောလုပ်ငန်းကိုင်ငန်းတို့တွင် ပါဝင်လုပ်ဆောင်ကြသောသူတို့အနေဖြင့် လိုက်နာဆောင်ရွက်ရကြပါမည်။

အရေးကြီးလှသောအနေအထားထက်ပိုမိုပြီး၊ အလုပ်တစ်ခုအတွက် အလွန်အမင်းကြိုတင်ပြင်ဆင်မှုကိုလုပ်ဆောင်ရမည့်အချိန်တွင် သခင်ခရစ်တော်၏အစေခံကျွန်တို့အနေဖြင့် နည်းပါးလှသောကြိုးစားမှုမျိုးကိုသာ ပြသသင့်ကြပါသလား။ အသက်ဝိညာဉ်တို့ကိုရယူရေးလုပ်ဆောင်မှုတွင် သူတို့အနေဖြင့် ကိုယ်တိုင်ပါဝင်လုပ်ဆောင်နိုင်မည့်နည်းလမ်းများနှင့်နည်းစနစ်တို့နှင့်ပတ်သက်ပြီး အသိဉာဏ်နည်းပါးသင့်ကြပါသလား။ အမျိုးသား၊ အမျိုးသမီးများတို့၏ထာဝရကျန်းမာပျော်ရွှင်ရေးကိုမျှော်တွေးသည့် ကြီးမားလှသောအရေးကိစ္စကိုဆောင်ရွက်ရန်အတွက် မည်ကဲ့သို့သူတို့ကိုချဉ်းကပ်ရကြမည်ကို သိရှိနိုင်ကြရန်အတွက် သခင်ခရစ်တော်၏အစေခံကျွန်တို့သည် လူသား၏သဘောသဘာဝဆိုင်ရာ အသိဉာဏ်ဗဟုသုတ၊ အနီးကပ်လေ့လာသင်ယူမှု၊ စေ့စပ်သေချာသည့်တွေးခေါ်မှုနှင့် စိတ်အားထက်သန်မှုရှိလှသည့်ဆုတောင်းခြင်းများတို့ကို လုပ်ဆောင်ရန်လိုအပ်ပါသည်။

အရှင်သခင်နှင့်အတူတကွလုပ်ဆောင်ကြသည့်သူများအဖြစ်၊ ခေါ်တော်မူခြင်းခံရကြသောသူတို့၏မနည်းလှသော အရေအတွက်ရှိကြသောသူတို့သည် သူတို့၏အသက်မွေးပညာရပ်အကြောင်းကို သင်ကြားရယူကြရန် ပျက်ကွက်နေကြပါသည်။ လိုအပ်သောကြိုတင်ပြင်ဆင်မှုမျိုးရှိနှင့်ထားခြင်းမရှိပါဘဲလျက်၊ သူတို့၏ကယ်ချွတ်ရှင်၏အမှုတော်တွင်းသို့ဝင်ရောက်လာခြင်းဖြင့် ထိုကယ်ချွတ်ရှင်ကို ဂုဏ်အသရေညှိုးနွမ်းစေရာရောက်ပါသည်။ လောကကမ္ဘာကြီးက ရည်မွန်ယဉ်ကျေးမှုဟုခေါ်ဝေါ်သော အပေါ်ယံရှင်းလင်းဖွင့်ဆိုချက်တို့ကြောင့် နွမ်းလျမွန်းကျပ်သည့်အခြေအနေဆီသို့ ရောက်ရှိသွားကြသောသူအချို့ရှိကြရာတွင် ထိုသူတို့သည် နောက်ပိုင်းတွင် အခြားသော အစွန်းရောက်မှုဆီသို့ ရောက်ရှိသွားခဲ့ကြကာ၊ အန္တရာယ်ရှိသောအနေအထားသို့ လုံးလုံး

လျားလျားကျရောက်သွားခဲ့ကြပါတော့သည်။ သခင်ခရစ်တော်က သူ၏ကလေးသူငယ်များတို့ကို ပိုင်ဆိုင်စေလိုတော်မူသည့် ပြောင်မြောက်မှုနှင့်ရည်မွန်မှုတို့ကို ထိုသူတို့က လက်ခံရယူရန် ငြင်းဆိုနေကြပါသည်။ အမှုတော်ဆောင်အနေဖြင့် သူသည် နည်းပေးလမ်းပြသူတစ်ဦးဖြစ်သည်ဆိုခြင်းကို သတိတရရှိသင့်ပြီး၊ အကယ်၍သာ သူ၏အပြုအမူနှင့်ဟောပြော၊ ပြောဆိုမှုတို့တွင် ရိုင်းပျအောက်တန်းကျပြီး၊ ရည်မွန်ယဉ်ကျေးမှုတို့ဖြင့်ကင်းမဲ့ပါက အသိဉာဏ်ဗဟုသုတနှင့် အတွေ့အကြုံနည်းပါးကြသည့်သူတို့သည် သူ၏ခြေလှမ်းများအတိုင်း လျှောက်လှမ်းမိလာကြမည်ဖြစ်သည်။

## **အပေါ်ယံကြောမျှသာဖြစ်သောထိုးထွင်းသောဉာဏ် (အသိဉာဏ်ဗဟုသုတ)**

ဘုရားသခင်အတွက် မည်သည့်အနေရာတွင်သက်သေခံရန်လိုအပ်သည်ဆိုခြင်းကို မသိရှိရလောက်အောင် သမ္မာတရားတော်နှင့်ပတ်သက်သည့် အပေါ်ယံကြောမျှသာဖြစ်သည့် အသိဉာဏ်ဗဟုသုတတွင်၌သာ တင်းတိမ်ကျေနပ်သည့်အနေအထားမျိုးတွင် ပျို့ရွယ်သူအမှုတော်ဆောင်တစ်ယောက်အနေဖြင့် မည်သည့်အခါမျှရှိမနေသင့်ပါ။ သူတို့၏ယုံကြည်ခြင်းအကြောင်းကို ဖြေကြားပေးနိုင်ရေးအတွက် အုပ်ချုပ်မင်းလုပ်သူများနှင့် လောကီအသိပညာကြွယ်ဝသူတို့၏ရှေ့မှောက်တွင် များစွာသောသူတို့က ရပ်တည်ပေးရကြပါမည်။ သမ္မာတရားနှင့်ပတ်သက်သည့် အပေါ်ယံကြောမျှသာဖြစ်သော သိနားလည်သည့်ဉာဏ်တစ်ခုတည်းဖြင့်သာရှိသောသူတို့သည် အရှက်တရားကင်းမဲ့ရသည့်လုပ်ဆောင်သူများအဖြစ်သို့ ရောက်ရှိလာရေးကို ဆုံးရှုံးလက်လွတ်ရကြမည်ဖြစ်ပါသည်။ သူတို့သည် စိတ်ရှုပ်ထွေးမှုမျိုးကိုခံစားရကြမည့်အပြင်၊ ကျမ်းစာတော်မြတ်အကြောင်းကိုလည်း ရှင်းလင်းစွာဖြင့်အသေးစိတ်ရှင်းပြနိုင်ရန်အတွက် လုပ်ဆောင်နိုင်ခြင်းရှိကြမည်မဟုတ်ပါ။

ဝမ်းနည်းကြေကွဲဖွယ်ရာအချက်တစ်ခုမှာ တိုးတက်မှုရှိသောအခြေအနေအကြောင်းအရာကို အဟန့်အတားဖြစ်စေသည့် ပညာတတ်လုပ်ဆောင်သူတို့၏ကွယ်လွန်အနိစ္စရောက်သွားကြခြင်းပင်ဖြစ်ပါသည်။ များစွာသောသူတို့သည် ကိုယ်ကျင့်တရားနှင့်ဉာဏ်ရည်ဉာဏ်သွေးဆိုင်ရာ အရည်အချင်းပြည့်မီမှုမျိုးကို အလိုရှိကြပါသည်။ သူတို့သည် မှတ်ဉာဏ် (စိတ်သဘော–ရောမ ၁၂း၁၆) ကိုလျော့ကျကုန်ခန်းစေခြင်းမရှိကြသည့်အပြင်၊ နစ်မြုပ်ဖုံးကွယ်နေသည့်ရတနာကိုရရှိရန် တူးဆွဖော်ထုတ်ကြခြင်းလည်းမရှိကြပါ။ ဤကဲ့သို့သောအနေအထားမျိုးဖြင့်သာ သူတို့ရှိနေရကြခြင်းမှာ၊ သူတို့သည်



အပေါ်ယံမျက်နှာပြင်တွင် တွေ့ရှိရသည့်အရာများတို့ကိုသာ ယူနိုင်သည့်အသိဉာဏ်ဗဟုသုတမျိုးကိုသာ ရရှိထားကြသည့်အလျောက်၊ အပေါ်ယံမြေသားမျက်နှာပြင်အလွှာကိုသာ လျှပ်၍ကဲ့ယူသွားကြခြင်းဖြစ်ပါသည်။

လူတို့အနေဖြင့် မိမိတို့လုပ်ဆောင်ကြမည့်အလုပ်အတွက် မိမိတို့ကိုယ်ကိုမိမိတို့ ထိန်းသိမ်းကြပ်မတ်ကြခြင်းနှင့်သင်ကြားလေ့ကျင့်ခြင်းတို့ကို လျစ်လျူရှုထားကြပါက ပတ်ဝန်းကျင်အခြေအနေများတို့၏ဖိစီးမှုအောက်တွင် သူတို့အနေဖြင့် အရေးကြီးလှသောအနေအထားတစ်ရပ်ဆီသို့ လျှောက်လှမ်းနိုင်ကြမည်ဟု ထင်မြင်ယူဆနေကြပါသလား။ သူတို့လုပ်ဆောင်ရမည့်အလုပ်နှင့် အံဝင်ခွင်ကျမှုတစ်ခုကိုရယူနိုင်ကြရန်အတွက် သူတို့၏ထိန်းချုပ်မှုတွင်ရှိနေသည့်အခွင့်အရေးများတို့ကို အသုံးပြုကြခြင်းမရှိပါက၊ အသက်ဝိညာဉ်တို့ကိုကယ်တင်ခြင်းအတွက် သူတို့သည် ဘုရားသခင်၏လက်တော်အတွင်းပြောင်လက်သည့်ပစ္စည်းကိရိယာများအဖြစ် ရှိနိုင်ကြမည့်အရေးကို သူတို့စိတ်ကူးကြည့်မိကြပါသလား။ ဘုရားသခင်၏အမှုအရေးအရာတော်သည် ဘက်စုံလုပ်ဆောင်နိုင်ကြသောသူများဖြစ်ကြသည့် တီထွင်ဖန်တီးနိုင်သူ၊ စီစဉ်နိုင်သူ၊ တိုးပွားလာစေသူနှင့်စည်းရုံးသိမ်းသွင်းနိုင်စွမ်းရှိသူတို့ကို လိုအပ်လှပါသည်။ ယခုကာလအတွက် လုပ်ဆောင်စရာအလုပ်၏ဖြစ်နိုင်ခြေအလားအလာနှင့် ဖြစ်နိုင်ကောင်းမည့်အရာများတို့ကို သဘောပေါက်နားလည်ကြသည့်သူတို့သည် အပြစ်တရားဆိုင်ရာနာမကျန်းဖြစ်နေကြသည့် အသက်ဝိညာဉ်များဖြစ်ကြသော မရှိဆင်းရဲသားများတို့ထံသို့ အမှုတော်ဆောင်ရာ၌ အသုံးပြုကြရေးအတွက် နှုတ်ကပတ်တော်မှအားလုံးသောအသိဉာဏ်ဗဟုသုတတို့ကို ရယူနိုင်ကြရန်၊ စိတ်အားထက်သန်လှသော သင်ကြားလေ့လာမှုတို့ဖြင့် ကြိုးပမ်းရယူကြမည်ဖြစ်ပါသည်။

အမှုတော်ဆောင်တစ်ယောက်အနေဖြင့် သူသည် လုံလောက်သောသင်ကြားရယူမှုပြုခဲ့ပြီးဖြစ်သည်အလျောက်၊ သူ၏ကြိုးပမ်းအားထုတ်မှုများတို့ကို ယခုအခါဖြေလျှော့နိုင်ပြီဆိုသည့်အတွေးမျိုးကို မည်သည့်အခါမျှမတွေးတောသင့်ပါ။ သူ၏ပညာရေးသည် သူ၏အသက်တာတစ်လျှောက်လုံးတွင် ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပြီး၊ သူရယူထားခဲ့သည့်အသိပညာဗဟုသုတကို အသုံးချနိုင်ရေးအတွက် နေ့စဉ်နေ့တိုင်းသင်ကြားရယူပြီး အလေးထားရကြပါမည်။

အမှုတော်ဆောင်လုပ်ငန်းအတွက် သင်တန်းလေ့ကျင့်ရယူနေကြသည့်သူတို့အနေဖြင့် စိတ်နှလုံးကိုကြိုတင်ပြင်ဆင်ထားခြင်းသည် အရာအားလုံးတို့တွင် အရေးအကြီး

ဆုံးသောအချက်ဖြစ်သည်ဆိုသည့်အချက်ကို မည်သည့်အခါမျှမေ့လျော့ခြင်းမရှိပါစေနှင့်။ စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှု၊ သို့မဟုတ် ဘာသာတရားကိုးကွယ်မှုဆိုင်ရာ လေ့လာမှုသင်တန်း၏မည်သည့်ပမာဏအတိုင်းအတာကမျှ စိတ်နှလုံးကိုကြိုတင်ပြင်ဆင်ထားခြင်းအမှု၏နေရာတွင် အစားထိုးနေရာရယူ၍မရနိုင်ပါ။ ဘုရားသခင်၏ပလ္လင်တော်မှအလင်းတော်သည် အမှုတော်ဆောင်မှတစ်ဆင့် အမှောင်ထုအတွင်းတွင်ရှိနေရကြသည့်သူတို့ထံသို့ လင်းထိန်ခြင်းမရှိမီ၊ ဖြောင့်မတ်ခြင်းတရားနေမင်းတော်ကြီး၏တောက်ပလှသောအလင်းတန်းများတို့သည် ထိုအမှုတော်ဆောင်၏နှလုံးသားအတွင်း လင်းထိန်ရမည့်အပြင်၊ ထိုအမှုတော်ဆောင်၏အသက်တာကို စင်ကြယ်စေရမည်ဖြစ်သည်။

ညဖက်အချိန်အတောအတွင်း များစွာသောဖြစ်ရပ်များတို့သည် လူသားတို့၏မျက်မှောက်၌ ဖြစ်ပျက်လွန်မြောက်သွားခဲ့ကြပြီး၊ ထိုဖြစ်ရပ်များအနက် များစွာသောအဓိကအချက်တို့သည် ကျွန်ုပ်တို့၏အရှင်သခင်ဖြစ်တော်မူသည့် သခင်ခရစ်တော်အတွက် လုပ်ဆောင်ရကြမည့် အမှုတော်ဆိုင်ရာကိုးကားချက်အဖြစ် ပြတ်ပြတ်သားသားနှင့်ရှင်းလင်းစွာဖြင့် ဖြစ်တည်ခဲ့ပါသည်။ နှုတ်ကပတ်တော်တို့သည် တန်ခိုးအာဏာစက်၏အရှင်သခင်က မိန့်မြွက်ထားတော်မူခဲ့ခြင်းဖြစ်ပြီး၊ ကျွန်ုပ်အနေဖြင့်လည်း အမှုတော်လုပ်ငန်းပြီးမြောက်ရေးနှင့်စပ်လျဉ်းသည့်ညွှန်ကြားချက်ကို အကန့်အသတ်ဖြင့်ရှိသောစကားလုံးများတို့ဖြင့် ထပ်မံတင်ပြရန်ကြိုးစားမည်ဖြစ်ပါသည်။ ကောင်းကင်နိုင်ငံတော်ဆိုင်ရာစေတမန်တော်က၊ လူတို့သည် ဤအမှုတော်အတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုမျိုးကို ရယူထားခြင်းမရှိဘဲလျက် ဟောပြောခြင်းဆိုင်ရာတာဝန်ယူမှုကို လက်ခံရယူထားခြင်းဖြင့် အမှုတော်ဆောင်ခြင်းလုပ်ငန်းသည် ဆုတ်ယုတ်လာနေလျက်ရှိပါသည်။ အများသောသူတို့သည် အရည်အချင်းမရှိပါဘဲလျက် တာဝန်ပေးခန့်အပ်မှုကို လက်ခံရယူခြင်းအားဖြင့် အမှားတစ်ရပ်ကိုပြုလုပ်မိခဲ့ကြပါသည်။ သူတို့အနေဖြင့် နှုတ်ကပတ်တော်ကိုဟောပြောခြင်းထက် သူတို့နှင့်ပိုမို၍အသားကျပြီးသားဖြစ်နေသည့်အလုပ်မျိုးကိုသာ လုပ်ဆောင်ရကြမည်ဖြစ်ပါသည်။ သူတို့အား ဆယ်ဖို့တစ်ဖို့အလှူတော်ငွေတို့ဖြင့် ပေးကမ်းချီးမြှင့်ထားပြီးသည့်တိုင်၊ သူတို့၏ကြိုးပမ်းအားထုတ်မှုတို့သည် ယုတ်လျော့ကျဆင်းလာကြသည်အလျောက် သူတို့အနေဖြင့် ဤဆယ်ဖို့တစ်ဖို့ဘဏ္ဍာငွေမှ ပေးကမ်းသည့်ထောက်ပံ့မှုကို ဆက်လက်မရယူသင့်ကြတော့ပါ။ အမှုတော်ဆောင်ခြင်းလုပ်ငန်းသည် သူ၏မြင့်မြတ်သောအကျင့်စရိုက်ကို နည်းလမ်းပေါင်းစုံတို့ဖြင့် အဆုံးအရှုံးခံနေရပါသည်။



နှုတ်ကပတ်တော်၏အမှုတော်ဆောင်လုပ်ငန်းတွင် ခေါ်ယူခြင်းခံရသောသူတို့အနေဖြင့် သစ္စာရှိပြီး၊ မိမိကိုယ်ကိုမိမိဆက်ကပ်ပူဇော်ကြသည့် လုပ်ဆောင်သူများဖြစ်ရကြပါမည်။ သူတို့၏လုပ်ဆောင်စရာအလုပ်ထဲတွင် စိတ်အားထက်သန်မှုရှိသည့်ကြိုးပမ်းအားထုတ်မှုမျိုးကို ထည့်ထားရမည်ဆိုခြင်းကို အသိရှိသောသူများ၊ ထိုအလုပ်ထဲသို့ အတွေးအခေါ်၊ အားမာန်လုပ်ဆောင်နိုင်စွမ်း၊ ဆင်ခြင်မျှော်တွေးမှု စသည်တို့အပြင် သခင်ခရစ်တော်၏အကျင့်စရိုက်တော်ဆိုင်ရာ ကောင်းမြတ်သောစရိုက်တော်တို့ကိုပါ ယူဆောင်လာကြသည့်သူများတို့ကိုသာ ဘုရားသခင်ကလိုအပ်တော်မူပါသည်။ အသက်ဝိညာဉ်တို့ကို ကယ်ဆယ်သောအလုပ်သည် ကြီးမားလှသည့်လုပ်ငန်းဖြစ်ပြီး၊ ပင်ကိုယ်စွမ်းရည်ရှိသူတိုင်း ကျေးဇူးတော်၏ဆုကျေးဇူးကို ခံယူရရှိသူတိုင်းတို့ကိုလိုအပ်လှသည့် လုပ်ငန်းဌာနဖြစ်ပါသည်။ ထိုနေရာတွင် ခန့်အပ်ခြင်းခံရသောသူတို့အနေဖြင့် သူတို့၏စွမ်းဆောင်နိုင်ခြင်းကို စဉ်ဆက်မပြတ်တိုးတက်မှုရှိအောင် လုပ်ဆောင်ရကြပါမည်။ သူတို့၏စွမ်းအားများတို့ကို တိုးတက်ဖွံ့ဖြိုးစေလိုသည့် ထက်သန်သောဆန္ဒတစ်ခုရှိရကြမည့်အပြင်၊ ကျေးဇူးတော်၏စဉ်ဆက်မပြတ်တိုးတက်ထောက်ပံ့မှုမျိုးမရှိပါက၊ သူတို့သည် အားနည်းယုတ်လျော့ကျဆင်းလာကြမည်ကို သိရှိထားသင့်ကြပါသည်။ သူတို့၏လုပ်ငန်းခွင်မှ သူတို့သည် ကြီးမားပြီးရင်းကြီးမားလာသည့် အကျိုးရလဒ်များတို့ကို လက်ဝယ်ပိုင်ဆိုင်ရယူနိုင်ကြရန် အားထုတ်ကြိုးပမ်းသင့်ကြပါသည်။ ဤအချက်အလက်သည် ကျွန်ုပ်တို့၏အမှုတော်ဆောင်များတို့အတွက် အတွေ့အကြုံအဖြစ်ဖြစ်တည်လာသောအချိန်တွင် အသီးတည်းဟူသောအကျိုးရလဒ်ကို တွေ့မြင်လာရကြမည်ဖြစ်သည်။ သမ္မာတရားတော်ဆီသို့ များစွာသောအသက်ဝိညာဉ်တို့ရောက်ရှိသွားကြပေလိမ့်မည်။

လူသား၏အမြင့်ဆုံးသောတွေးတောမှန်းဆမှုထက် ပိုမိုမြင့်မားလှသည့် ဘုရားသခင်၏အကောင်းဆုံးသောမျှော်မှန်းချက်သည် သူ၏သားသမီးတော်တို့အတွက်ဖြစ်သည့်အားလျော်စွာ ထိုမျှော်မှန်းတော်မူချက်သည် ထိုသားသမီးတော်တို့ထံသို့ ရောက်ရှိသွားနိုင်ပေမည်။ ဘုရားဝတ်၌မွေ့လျော်ခြင်းနှင့် ဘုရားသခင်နှင့်အလားသဏ္ဌာန်တူခြင်းသည် အမှန်တကယ်ရောက်ရှိသွားရမည့် ပန်းတိုင်ပင်ဖြစ်ပါသည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု၏ဖွင့်လျက်သားရှိသောလမ်းကလေးသည် ဤမှာတွင်ပင် ကျောင်းသား/သူ၏ရှေ့မှောက်တွင်ရှိနေပါသည်။ ကောင်းမြတ်မှုရှိသောအရာရာတိုင်းနှင့် စင်ကြယ်မှုရှိပြီးမြင့်မြတ်သောအရာတိုင်းပါဝင်နေသည့် ရည်မှန်းချက်နှင့်အဆင့်အတန်းတို့ကို ကြိုးပမ်းရယူရန်

နှင့်လက်ဝယ်ပိုင်ဆိုင်ရရှိရန် ထိုကျောင်းသား/သူ၌ ဆန္ဒရှိပါသည်။ စစ်မှန်သောအသိဉာဏ်ဗဟုသုတ၏လက်တက်ခွဲတိုင်းတို့အားဖြင့် အဖြစ်နိုင်ဆုံးသောမြန်ဆန်မှုနှင့် အဝေးလံဆုံးသောအနေအထားတို့ဖြင့် ထိုကျောင်းသား/သူသည် တိုးတက်လာမည်ဖြစ်ပါသည်။ [“ပညာရေး” မူရင်းအင်္ဂလိပ်စာအုပ် စာမျက်နှာ ၁၈။]

## အမှုတော်ဆောင်ခြင်းလုပ်ငန်းအတွက် ပညာရပ်တစ်ခုအဖြစ်သဘောဆောင်သောစည်းရုံးဆွဲဆောင်ခြင်း

အမှုတော်ဆောင်ခြင်းလုပ်ငန်းအတွက် အံဝင်ခွင်ကျမှုတစ်ခုကိုရယူနိုင်ရန်၊ ပျိုရွယ်သူများအတွက် အကောင်းဆုံးသောနည်းလမ်းများအနက် တစ်ခုသောနည်းလမ်းမှာ စည်းရုံးဆွဲဆောင်ခြင်းနယ်ပယ်အတွင်းသို့ ဝင်ရောက်ဆောင်ရွက်သောနည်းလမ်းပင်ဖြစ်ပါသည်။ ယခုခေတ်ကာလအတွက် လိုအပ်သောသမ္မာတရားတော်အကြောင်းပါရှိသည့်စာအုပ်များအတွက် စည်းရုံးဆွဲဆောင်ရန်၊ ထိုပျိုရွယ်သူတို့ကို မြို့ငယ်များနှင့်မြို့ကြီးများတို့သို့ သွားရောက်စေကြရမည်ဖြစ်သည်။ ဤအလုပ်မျိုးတွင် သူတို့သည် အသက်တာဆိုင်ရာ နှုတ်ကပတ်တရားတော်တို့ကို ပြောကြားရကြသည့်အခွင့်အရေးမျိုးကို သူတို့ရရှိကြမည့်အပြင်၊ သူတို့စိုက်ပျိုးထားကြသည့် သမ္မာတရားတော်၏မျိုးစေ့များတို့မှ အသီးများမှုလိုပေါက်သကဲ့သို့ သီးလာကြမည်ကိုမြင်တွေ့ရသည့်အခွင့်အရေးမျိုးကိုပါ ရရှိကြမည်ဖြစ်ပါသည်။ လူအများတို့နှင့်တွေ့ဆုံပြီး ကျွန်ုပ်တို့၏စာပေဆိုင်ရာစာအုပ်စာပေများတို့ကို ပေးကမ်းကြခြင်းဖြင့်၊ ဟောပြောခြင်းအားဖြင့် မရရှိနိုင်သောအတွေ့အကြုံမျိုးကို သူတို့ရယူနိုင်ကြလိမ့်မည်ဖြစ်သည်။

သူတို့၏အပေါင်းအသင်းများတို့ကို ကယ်ဆယ်လိုလှသည့် ပြင်းပြသည့်တောင့်တမှုမျိုး ပြည့်ဝလျက်အနေအထားဖြင့် စည်းရုံးဆွဲဆောင်ခြင်းနယ်ပယ်တွင်းသို့ ပျိုရွယ်သူများဝင်ရောက်သွားကြသောအခါတွင် ထာဝရဘုရားအတွက် သိမ်းနှံထွက်ရှိမှုပမာဏသည် ထိုပျိုရွယ်သူတို့၏ကြိုးပမ်းအားထုတ်မှု၏ရလဒ်အတိုင်းဖြင့်သာလျှင် ရိတ်သိမ်းရရှိနိုင်လိမ့်မည်ဖြစ်ပါသည်။ ထို့နောက်တွင် လက်ရှိသမ္မာတရားတော်အကြောင်းကို ကြွေးကြော်ကြရန်၊ အလင်းတရားတော်တိုးတက်လာရေးအတွက် စဉ်ဆက်မပြတ်ဆုတောင်းကြရန်နှင့် ဝိညာဉ်တော်၏ဦးဆောင်ပဲ့ပြင်မှုရရှိကြရန်အတွက် သူတို့အား သာသနာပြုသူများအဖြစ် သွားရောက်ကြစေခြင်းအားဖြင့် မွန်းကျပ်မှုအခြေအနေတွင်ရှိနေကြသောသူတို့





အား မည်ကဲ့သို့နှုတ်ကပတ်တော်အကြောင်းကို ပြောကြားရကြမည်ဆိုခြင်းကို သိရှိလာကြမည်ဖြစ်ပါသည်။ ကြင်နာသနားခြင်းအပြုအမူတို့ကို ပြသနိုင်သည့်အခွင့်အလမ်းတိုင်းတို့တွင် သူတို့အားတိုးတက်မှုရှိစေပြီး၊ သူတို့သည် ထာဝရဘုရားအတွက် တောက်တိုမည်ရအလုပ်များတို့ကို လုပ်ဆောင်ပေးနေကြသည်ဆိုခြင်းကို သတိရကြပါလေစေ။

စစ်မှန်သောအမှုတော်ဆောင်လုပ်ငန်းအတွက် အခွင့်အရေးတစ်ရပ်ကိုလိုချင်စိတ်ရှိပြီး၊ မိမိတို့ကိုယ်ကို ဘုရားသခင်ထံတော်သို့အပြည့်အဝပေးအပ်ကြမည့်သူတို့သည် စည်းရုံးဆွဲဆောင်ခြင်းလုပ်ငန်းတွင် အနာဂတ်၏ထာဝရရှင်သန်သည့်အသက်တာအကြောင်းနှင့်နှီးနွှယ်သည့် များစွာသောအကြောင်းအရာတို့ကို ပြောကြားဆွေးနွေးနိုင်မည့်အခွင့်အလမ်းကို စည်းရုံးဆွဲဆောင်ခြင်းအလုပ်တွင် ရရှိနိုင်ကြမည်ဖြစ်ပါသည်။

၎င်းအခွင့်အလမ်းသည် အမျိုးသားများရော၊ အမျိုးသမီးများတို့အပါအဝင်ဖြစ်ကြသည့် အမှုတော်ဆောင်များတို့အား ဘုရားသခင်၏သိုးစုတော်တို့ကိုအုပ်ချုပ်ကြမည့်အသင်းအုပ်ဆရာများအဖြစ်သို့ ရောက်ရှိသွားကြရန်အတွက် ကြိုတင်ပြင်ဆင်ပေးသည့်ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်နှင့် တွဲဖက်လုပ်ဆောင်သည့်အရာပင်ဖြစ်ပါသည်။ သခင်ခရစ်တော်သည် သူတို့၏အဆွေခင်ပွန်းဖြစ်တော်မူသည်ဆိုသည့်တွေးတောမှုကို သူတို့ရင်ဝယ်ပိုက်ထားကြသည့်အလျောက်၊ သူတို့၏ကြိုးစားလုပ်ဆောင်မှုအတွေ့အကြုံများနှင့် သူတို့ကြုံတွေ့ရကြသည့် စစ်ဆေးစမ်းသပ်မှုများအားလုံးတို့အတွင်း၌ မွန်မြတ်သန့်ရှင်းသောထူးကဲမှုနှင့် အထွတ်အမြတ်ဖြစ်သောရွှင်လန်းဝမ်းမြောက်ခြင်းတို့ကို သူတို့ခံစားရကြမည်ဖြစ်ပါသည်။ သူတို့လုပ်ဆောင်နေကြသည့်အလျောက်၊ မည်သို့ဆုတောင်းရကြမည်ဆိုခြင်းကို သူတို့သင်ကြားရယူကြမည်ဖြစ်သည်။ သူတို့သည် သည်းခံခြင်း၊ သနားကြင်နာခြင်း၊ ဖော်ရွေမှုရှိခြင်းနှင့် ကူညီဖော်ရရှိနိုင်မှုတို့နှင့်ပတ်သက်သည့် ပညာရယူမှုတို့ကို လုပ်ဆောင်ရကြမည်ဖြစ်ပါသည်။ သူတို့သည် စစ်မှန်သောခရစ်ယာန်တို့၏ယဉ်ကျေးသောအပြုအမူမျိုးကို ကျင့်သုံးကြမည်ဖြစ်ပြီး၊ သူတို့၏အဆွေခင်ပွန်းဖြစ်သူ သခင်ခရစ်တော်က ကြမ်းတမ်းပြီးအကြင်နာတရားကင်းမဲ့သည့်စကားလုံးများ၊ သို့မဟုတ် ခံစားမှုများတို့ကို သဘောကျလက်ခံတော်မူနိုင်ခြင်းမရှိသည့်အချက်ကို သူတို့၏စိတ်အတွေးထဲတွင် ထားကြပေလိမ့်မည်။ သူတို့၏နှုတ်ထွက်စကားလုံးများတို့သည် စင်ကြယ်မှုရှိရကြပါမည်။ ဟောပြောပို့ချချက်စွမ်းအားကို အဖိုးထိုက်လှသည့်ပင်ကိုယ်စွမ်းရည်ကဲ့သို့ အလေးထားရမည်ဖြစ်ပြီး၊ ၎င်းသည် သူတို့အား မြင့်မားပြီး၊

မွန်မြတ်သန့်ရှင်းသည့်အမှုတော်တစ်ခုကို လုပ်ဆောင်နိုင်ကြရန် သူတို့ကိုအားဖြည့်ပေးသည့်အရာဖြစ်ပါသည်။

သာမန်လူသားကိုယ်စားလှယ်သည် သူနှင့်ပူးပေါင်းနေကြသည့်သူတို့နှင့်အတူ ဘုန်းတော်ရှင်ဖြစ်သူ အဆွေခင်ပွန်းအတွက် မည်ကဲ့သို့ကိုယ်စားပြုရကြမည်ဆိုခြင်းကို သင်ကြားရယူကြမည်ဖြစ်ပါသည်။ မွန်မြတ်သန့်ရှင်းတော်မူသော သူ၏ထမ်းပိုးကို ထမ်းရွက်ဝတ်ဆင်ပြီး၊ သူ၏စင်ကြယ်ပြီးသန့်ရှင်းသောနည်းလမ်းများတို့ကို သင်ကြားရယူနေသည့်အတွက် ထိုမမြင်ရနိုင်သောသူတစ်ထူးအပေါ် လေးစားသမှုနှင့်ကြည်ညိုမြတ်နိုးမှုတို့ကို ပြသရပါမည်။ ဤဘုန်းတော်ရှင်၏တည်ရှိနေတော်မူခြင်းကို ယုံကြည်ခြင်းရှိကြသောသူတို့သည် တိုးတက်မှုရှိလာကြမည်ဖြစ်သည်။ အထွတ်အမြတ်ဖြစ်သည့် အလှတရားတစ်ခုဖြင့်ပြီးသည့် သမ္မာတရားတော်၏သတင်းစကားကို ဝတ်ဆင်နိုင်ကြရန်အတွက် သူတို့သည် တန်ခိုးတော်အားဖြင့် ဆုကျေးဇူးကိုခံရကြမည်ဖြစ်ပါသည်။ [“အသင်းတော်အတွက်သက်သေခံချက်များ” မူရင်းအင်္ဂလိပ်စာအုပ် အတွဲ (၆)၊ စာမျက်နှာ ၃၂၂။]

ပျိုရွယ်သူများတို့၊ ထာဝရဘုရားကိုသိရှိရန်အတွက် လိုက်၍ရှာဖွေကြခြင်းအားဖြင့်၊ (ဟောရှေ ၆း၃) တွင်ဖော်ပြထားသည့် “ထွက်တော်မူချိန်သည် နံနက်ကဲ့သို့ဖြစ်လိမ့်မည်” ဆိုသည့်အချက်ကို သင်တို့သိရကြပါလိမ့်မည်။ တိုးတက်မှုရှိရန်အတွက် စဉ်ဆက်မပြတ်ကြိုးပမ်းရှာဖွေကြပါ။ ကယ်ချွတ်တော်မူသောအရှင်နှင့် နီးကပ်သည့်ရင်းနှီးဆက်ဆံမှုရရှိနိုင်ရေးအတွက် စိတ်အားထက်သန်စွာဖြင့် ကြိုးပမ်းကြပါ။ သခင်ခရစ်တော်၌ယုံကြည်ခြင်းအားဖြင့် ရှင်သန်ကြပါ။ သူလုပ်ဆောင်တော်မူခဲ့သောအမှုတော်ကို ဆောင်ရွက်ကြပါ။ သူ၏အသက်တော်ကို စွန့်လွှတ်ပေးတော်မူခဲ့သည့် အသက်ဝိညာဉ်များတို့ကိုကယ်ဆယ်ရန်အတွက် ရှင်သန်ကြပါ။ သင်တို့ထိတွေ့နေကြသည့်လူများတို့အား ကူညီနိုင်သည့်နည်းလမ်းတိုင်းကို ကြိုးစားရယူကြပါ။ သင်တို့၏ပညာရေးတို့ကို ကောက်ကြောင်းတစ်ကြောင်းအပေါ်တစ်ကြောင်း၊ ဥပဒေသတစ်ခုအပေါ်တစ်ခု၊ ထို့အပြင် ဤနေရာမှအနည်းငယ်၊ ထိုနေရာမှအနည်းငယ်တို့ဖြင့် ပြီးမြောက်ပြည့်စုံသွားစေတော်မူသည့် သင်တို့၏နောင်တော်သခင်နှင့် ပြောဆိုဆွေးနွေးကြပါ။ ပျက်သုဉ်းနေသည့် ကမ္ဘာလောကကြီးကိုကယ်ဆယ်ရန်အတွက် မိမိကိုယ်ကိုပူဇော်သကာယဇ်ကောင်တစ်ကောင်အဖြစ် ပေးအပ်တော်မူခဲ့သည့်သူနှင့် နီးကပ်စွာဆက်နွယ်ခြင်းတစ်ရပ်သည် သင်တို့အား



လက်သင့်ခံစရာအမှုတော်ဆောင်များအဖြစ်သို့ လုပ်ဆောင်ပေးပါလိမ့်မည်။ [“အသင်းတော်အတွက်သက်သေခံချက်များ” အတွဲ (၆)၊ စာမျက်နှာ ၄၁၆။]

## စွမ်းရည်ထက်မြက်လာရန်အတွက်ကျမ်းစာကိုလေ့လာရန်လိုအပ်ခြင်း

အမှုတော်ဆောင်ခြင်းလုပ်ငန်းသို့ မိမိတို့ကိုယ်ကိုအပ်နှံရန်ဆန္ဒရှိကြသော၊ သို့မဟုတ် ထိုအမှုတော်အတွင်း၌ဆောင်ရွက်နေပြီးသားဖြစ်ကြသော ပျိုရွယ်သူများတို့အနေဖြင့် ပုရောဖက်ပြုဟောပြောခြင်းဆိုင်ရာ ကောက်ကြောင်းတိုင်းနှင့်အပြင်၊ သခင်ခရစ်တော်ကပေးအပ်တော်မူခဲ့သော သင်ခန်းစာတိုင်းတို့နှင့် အကျွမ်းဝင်သောအနေအထားသို့ ရောက်ရှိသင့်ကြပါသည်။ မှတ်ဉာဏ်ကိုနိုးကြားတက်ကြွသောနည်းဖြင့် အသုံးပြုခြင်းအားဖြင့်၊ အစွမ်းသတ္တိနှင့်ထက်မြက်မှုတို့အပြင် ကျယ်ပြောမှုပမာဏသည် တိုးပွားလာပါသည်။ ၎င်းမှတ်ဉာဏ်သည် အလုပ်လုပ်ခြင်းရှိရမည်ဖြစ်ပြီး၊ သို့မဟုတ်ပါက အားအင်ဆုတ်ယုတ်လာမည်ဖြစ်ပါသည်။ ၎င်းကို တွေးတောဆင်ခြင်ရန်နှင့် တွေးတောဆင်ခြင်နေကျဖြစ်ရန်အတွက် လေ့ကျင့်ပေးရမည်ဖြစ်ပြီး၊ ထိုသို့မပြုလုပ်ပေးပါက တွေးတောဆင်ခြင်သည့်စွမ်းအားကို ကြီးမားသောအတိုင်းအတာဖြင့် ဆုံးရှုံးသွားရပေလိမ့်မည်။ ဘုရားသခင်၏နှုတ်ကပတ်တော်တွင် တွေ့ရှိခဲ့ရသည့်ခက်ခဲလှသောပြဿနာများတို့နှင့် ပျိုရွယ်သောအမှုတော်ဆောင်အား ရုန်းကန်၍အားကျိုးမာန်တက်ဖြေရှင်းစေခြင်းအားဖြင့် သူ၏အသိဉာဏ်သည် လုံးလုံးလျားလျားနိုးကြားလာမည်ဖြစ်သည်။ ကျမ်းစာတော်မြတ်အတွင်း၌တွေ့ရှိရသော ကြီးမားသည့်သမ္မာတရားတော်တို့ကို လုံ့လဝီရိယရှိရှိဖြင့် သင်ယူလေ့ကျက်ပါက၊ ဖြောင့်တန်းတည့်မတ်ပြီး တိကျသည့်သတင်းစကားပါရှိသည့်အပြင်၊ နားကြားသူတို့အား မှန်ကန်သောနည်းလမ်းကိုရွေးချယ်ရန် ကူညီပေးမည့်တရားဟောချက်တို့ကို ထိုပျိုရွယ်သူအမှုတော်ဆောင်က ဟောပြောနိုင်ရန်အတွက် အထောက်အကူပြုပေမည်။

ဘုရားသခင်၏နှုတ်ကပတ်တော်အကြောင်းကို မဖြစ်စလောက်ကလေးမျှသာ သိရှိရုံဖြင့် သမ္မာတရားတော်အကြောင်းကို အခြားသူတို့အားသင်ကြားပို့ချပေးရန် စွန့်စားလုပ်ဆောင်သောအမှုတော်ဆောင်သည် သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်နာစေသောသူသာဖြစ်ပေသည်။ သို့သော်လည်း အနည်းငယ်မျှသာသော အသိဉာဏ်ဗဟုသုတကလေးဖြင့် အမှုတော်ကိုစတင်ထမ်းရွက်သည့်တစ်ချိန်တည်း၌ အသိဉာဏ်ဗဟုသုတကို

ပိုမိုရရှိလာစေရန် ကြိုးပမ်းရှာဖွေသောသူမှာမူ ပိုမိုကြီးမားသောအမှုတော်ကို လုပ်ကိုင်ဆောင်ရွက်ရန်အတွက် အရည်အချင်းပြည့်မီသောသူအဖြစ်သို့ ရောက်ရှိလာပေလိမ့်မည်။ သူ၏အသက်ဝိညာဉ်ဆီသို့ အလင်းကိုပိုမို၍စုဆောင်းလေလေ၊ ကောင်းကင်ဘုံဆိုင်ရာ ထွန်းလင်းတောက်ပမှုကို အခြားသောသူတို့ထံသို့ ဖြန့်ဝေနိုင်လေလေရှိမည်ဖြစ်သည်။

အမှုတော်ဆောင်လုပ်ငန်းတွင် ပျော့ညံ့ခြင်းကိုမလိုအပ်ပါ။ ကျွန်ုပ်တို့သယ်ပိုးဆောင်ရွက်နေကြသော သမ္မာတရားတော်၏သတင်းစကားသည် အလုံးစုံသောစွမ်းအားဖြစ်ပါသည်။ သို့သော်လည်း များစွာသောအမှုတော်ဆောင်တို့သည် ဘုရားသခင်၏နက်နဲလှသည့်အရာများတို့ကို လေ့လာသင်ယူရေးလုပ်ငန်းတွင် မိမိတို့၏စိတ်အာရုံတို့ကို ထည့်ထားခြင်းမရှိကြပါ။ ဤသူတို့သည် အကယ်၍သာ သူတို့၏လုပ်ဆောင်မှုအတွင်း၌ စွမ်းအားရှိရှိဖြင့်လုပ်ဆောင်ကြပြီး၊ အခြားသောသူတို့ကို ကူညီနိုင်ကြရန်အတွက် သူတို့အားအထောက်အကူပြုပေးနိုင်မည့် အတွေ့အကြုံတစ်ခုခုကိုရယူထားကြခြင်းဖြင့် သူတို့သည် သူတို့၏ပျင်းရိထုံထိုင်းသည့်စရိုက်ဓလေ့မျိုးရှိသည့် တွေးတောဆင်ခြင်မှုမျိုးကို ကျော်လွှားအောင်နိုင်ရကြပါမည်။ အမှုတော်ဆောင်များတို့သည် ကျမ်းစာတော်မြတ်အကြောင်းကို ရှာဖွေစူးစမ်းသည့်လုပ်ငန်းတွင် စိတ်နှလုံးအကြွင်းမဲ့ဖြင့် မိမိတို့ကိုယ်ကို မြှုပ်နှံထားစေကြသည်နှင့် အသစ်သောစွမ်းအားသည် သူတို့ထံသို့ရောက်ရှိလာပါလိမ့်မည်။ အသက်ဝိညာဉ်သည် ဘုရားသခင်အထံတော်ဆီသို့ လက်လှမ်းတောင်းခံခြင်းကို ပြုလာသောအခါ၊ တမ်းတမှုရှိသောနှလုံးသားသည် (ဆာလံ ၆၂း၅) တွင်ဖော်ပြထားသည့် “ငါ့ဝိညာဉ်သည် ဘုရားသခင်ရှေ့မှာ ငြိမ်ဝပ်စွာနေတတ်၏။ ငါမျှော်လင့်ခြင်းအကြောင်းသည် အထံတော်ကသက်ရောက်ရ၏” ဆိုသည့်အတိုင်း ပြောဆိုရကြပါမည်။

အသက်ဝိညာဉ်တို့ကိုကယ်တင်ခြင်းလုပ်ငန်းအတွက် ထိထိရောက်ရောက်ဖြင့် လုပ်ကိုင်ကြမည့်အမှုတော်ဆောင်များတို့သည် ကျမ်းစာတော်မြတ်အကြောင်းကို သင်ယူကြသည့်ကျောင်းသားများဖြစ်ရမည့်အပြင်၊ ဆုတောင်းခြင်းအမှုကိုအမြဲပြုကြသည့်သူများဖြစ်ရကြပါမည်။ နှုတ်ကပတ်တော်သင်ကြားရယူခြင်းအမှုတွင် ပေါ့ပေါ့လျော့လျော့ဖြင့် သာသဘောထားပြီး၊ အခြားသူတို့အား ထိုနှုတ်ကပတ်တော်အကြောင်းကို သင်ကြားပို့ချပေးရန်ကြိုးပမ်းကြခြင်းသည် အပြစ်ကိုကျူးလွန်သည့်လုပ်ရပ်တစ်ခုပင်ဖြစ်ပါသည်။ အသက်ဝိညာဉ်တို့၏တန်ဖိုးကို သတိပြုမိကြသူတို့သည် ဘုန်းတော်ရှင်ဆိုင်ရာအသိဉာဏ်ဗဟုသုတနှင့်ပတ်သက်သည့် သူတို့၏တိုးတက်ရေးကို အရေးမထားဝံ့ခြင်းဖြင့်၊ သူတို့အတွက်အထူးရင်လေးဖွယ်ရာဖြစ်နေသည်ကို သတိမူမိလာကြကာ သူတို့သည်



သမ္မာတရားတော်၏ဘေးကင်းသည့်ခိုလှုံရာသို့ အပြေးအလွှားသွားကြလျက်၊ ထိုနေရာ၌တွင်ပင် သူတို့သည် ဘုရားသခင်၏အမှုတော်တို့ကို ထမ်းဆောင်ကြရန်အတွက် ဉာဏ်ပညာ၊ အသိဉာဏ်ဗဟုသုတနှင့်ခွန်အားတို့ကို ရယူရကြပါမည်။ သူတို့သည် အထက်အရပ်မှ ဘိသိက်မြော်ခြင်းတစ်ခုခုကို ခံယူရရှိခြင်းမရှိဘဲနှင့် ရပ်တန့်အနားယူကြမည်မဟုတ်ပါ။

ဘုရားသခင်၏နှုတ်ကပတ်တော်နှင့် စဉ်ဆက်မပြတ်မိတ်ဆွေဖွဲ့သည့်အလျောက် အမှုတော်ဆောင်သည် လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် တိုးပွားမှုရှိသည့် ကိုယ်ရည်ကိုယ်သွေးတစ်စုံတစ်ရာကို ရယူနေနိုင်ပါသည်။ အသိဉာဏ်ဗဟုသုတတွင် စဉ်ဆက်မပြတ်တိုးတက်မှုရှိနေပါက သခင်ခရစ်တော်ကိုကိုယ်စားပြုနိုင်ရေးတွင် ပိုမို၍ကောင်းမွန်စွာဖြင့် အဆက်မပြတ်ပိုင်နိုင်စွာလုပ်ဆောင်နိုင်သူဖြစ်လာပါလိမ့်မည်။ သူသည် ယုံကြည်ခြင်း၌ အားကောင်းလာမည်ဖြစ်သောကြောင့် သခင်ခရစ်တော်တွင်ရှိနေသည့် ကျေးဇူးတော်နှင့်ချစ်ခြင်းမေတ္တာတော်ဆိုင်ရာ သက်သေသက်ကန်တစ်ခုကို မယုံကြည်သောသူတို့အား ပေးကမ်းနိုင်မည်ဖြစ်သည်။ အခြားသောသူတို့၏လိုအပ်ချက်များတို့ကို ထောက်ပံ့နိုင်ရေးအတွက် ထိုလိုအပ်ချက်တို့ကိုထုတ်ယူနိုင်သည့်ရတနာတိုက်မှာ သူ၏စိတ်အတွေးပင်ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်ပေးမှုဖြင့် သမ္မာတရားတော်သည် သူ၏စိတ်အတွေးထဲတွင် ထွင်းထုထားခြင်းခံရသောကြောင့် သူက သမ္မာတရားတော်အကြောင်းကို ဆက်သွယ်ပြောကြားပေးသောသူတို့နှင့် တစ်နေ့နေ့တွင် သူကဖြစ်ရပ်အစုံကိုရှင်းပြမည့်သူတို့သည် ကြီးမားသောကောင်းချီးပေးခြင်းကို ခံရကြမည်ဖြစ်သည်။ ဤနည်းလမ်းအတိုင်း အမှုတော်ဆောင်လုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှုကို ရယူထားသောသူသည် များစွာသောသူတို့ကို ဖြောင့်မတ်ခြင်းတရားတော်ဆီသို့ ဦးလှည့်ပို့ဆောင်ပေးကြသောသူတို့အားပေးအပ်မည်ဟု ကတိပေးထားတော်မူသည့်ဆုလာဘ်မျိုးကို ချီးမြှင့်ခြင်းခံရမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ယုံကြည်ခြင်းအပေါ် လုပ်ဆောင်မှုများတို့ကို သေချာစွာဆန်းစစ်မှု၊ အခြားသောသူတို့၏ရေးသားထားမှုများမပါရှိသော အကျိုးသင့်အကြောင်းသင့်ဆွေးနွေးထားချက်များတို့ကို ဖတ်ရှုခြင်းတို့သည် ထူးကဲပြီးအရေးပါလှသော အထောက်အပံ့တစ်ခုဖြစ်သော်လည်း ဤအချက်သည် စိတ်အတွေးကို အကြီးမားဆုံးသောခွန်အားကို ပေးလိမ့်မည်မဟုတ်ပါ။ ကျမ်းစာတော်မြတ်သည်သာလျှင် ဉာဏ်ကိုသုံးရသောယဉ်ကျေးမှုဓလေ့ကိုပေးကမ်းရာတွင် ကမ္ဘာပေါ်တွင်အကောင်းဆုံးသောစာအုပ်ဖြစ်ပါသည်။

ထိုကျမ်းစာတော်မြတ်ကိုလေ့လာခြင်းသည် လူသားဒဿနိကဗေဒက လက်ခံယုံကြည်ထားသည့် ဘာသာရပ်များအားလုံးတို့ကိုလေ့လာခြင်းထက်၊ ပိုမို၍စိတ်အတွေးကိုစုစည်းမှုရှိစေပြီး မှတ်ဉာဏ်ကိုအားကောင်းလာစေကာ၊ အသိဉာဏ်ကိုထက်မြက်လာစေပါသည်။ ထိုကျမ်းစာတော်မြတ်ကပေးအပ်နေသည့် ကြီးမားသောအခရာကျသည့်အရာများဖြစ်သည့် ဤအခရာကျမှုတို့ကိုလက်ကိုင်ပြုသည့် ခန့်ညားသောရိုးစင်းမှု၊ အသက်တာ၏ကြီးမားသောဒုက္ခပြဿနာများအပေါ် ဖြန့်ကြက်ကျရောက်သည့်အလင်းတို့သည် ဉာဏ်သဘောကို ခွန်အားနှင့်အားမာန်တို့ဖြင့် ပြည့်ဝလာစေပါသည်။

ကျွန်ုပ်တို့၏မျက်မှောက်ရှိ ကြီးမားသောပဋိပက္ခကာလအတွင်း သခင်ခရစ်တော်အပေါ်သစ္စာစောင့်သိမည့်သူသည် လူသားတို့က လက်ကိုင်ထားကြသည့် ထင်မြင်ချက်များနှင့်အယူဝါဒများတို့ထက် ပိုမိုလေးနက်မှုရှိသည့် နားလည်သဘောပေါက်မှုမျိုးရှိရပါမည်။ ပျို့ရွယ်သူရော၊ အသက်အရွယ်ရလာသူများပါဝင်ကြသည့် အမှုတော်ဆောင်များအတွက် ကျွန်ုပ်၏သတင်းစကားမှာ ဆုတောင်းခြင်းအတွက်၊ ကျမ်းစာတော်မြတ်ကိုလေ့လာသင်ကြားခြင်းအတွက်နှင့် မိမိတို့ကိုယ်ကိုပြန်လည်ဆန်းစစ်သုံးသပ်ခြင်းများတို့အတွက် သင်တို့၏အချိန်ကို သတိနှင့်စောင့်ရှောက်ခြင်းဖြင့် ကြပ်မတ်ထားကြရေးပင်ဖြစ်ပါသည်။ ကျမ်းစာတော်မြတ်ကိုလေ့လာသင်ကြားရန်နှင့် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ရန်အတွက် တစ်နေ့စာအချိန်ကာလကို အပိုင်းအခြားဖြင့် သီးသန့်သတ်မှတ်ထားပါ။ ဤသို့အားဖြင့် သင်တို့သည် ဝိညာဉ်တော်ခွန်အားကိုရယူနိုင်ကြမည်ဖြစ်ပြီး၊ ဘုရားသခင်၏မျက်နှာသာပေးခံရမှုတွင် တိုးပွားကြီးထွားလာကြပေလိမ့်မည်။ သူတစ်ဦးတည်းသာလျှင် သင်တို့အား မြင့်မြတ်သောကြီးမားသည့်ရည်ရွယ်ချက်များ၊ ဘုန်းတော်ရှင်၏အသွင်သဏ္ဍာန်တော်နှင့်အလားတူသည့် အကျင့်စရိုက်မျိုးကို ပေးအပ်တော်မူနိုင်ခြင်းနှင့်ပုံစံထုတ်ပေးနိုင်တော်မူခြင်းကို တတ်နိုင်တော်မူပါသည်။ စိတ်အားထက်သန်လှသည့်ဆုတောင်းခြင်းအားဖြင့် မိမိတို့ကိုယ်ကို သူနှင့်နီးကပ်သွားအောင်တွန်းပို့ပေးခြင်းဖြင့် သူသည် သင်တို့၏စိတ်နှလုံးတို့ကိုမြင့်မားပြီး သန့်ရှင်းမွန်မြတ်သည့်ရည်မှန်းချက်များနှင့်စင်ကြယ်ပြီး ရှင်းလင်းထင်ရှားသည့်အတွေးအခေါ်မျိုးကို လေးနက်ပြီး၊ ထက်သန်မှုရှိလှသည့်တောင့်တမှုမျိုးတို့ဖြင့် ဖြည့်ဆည်းပေးတော်မူမည်ဖြစ်ပါသည်။

သမ္မာကျမ်းစာ၏စစ်မှန်သောအသိဉာဏ်ဗဟုသုတတစ်ရပ်ကို နှုတ်ကပတ်တရားတော်ကိုပေးအပ်တော်မူခဲ့သည့် သူ၏ဝိညာဉ်တော်၏အထောက်အမအားဖြင့်သာလျှင်



ရယူနိုင်ပါသည်။ ဤအသိဉာဏ်ဗဟုသုတမျိုးကို ရယူနိုင်ရေးမှာ၊ ၎င်းနှုတ်ကပတ်တော်အတိုင်း ကျွန်ုပ်တို့နေထိုင်ရကြပါမည်။ ဘုရားသခင်၏နှုတ်ကပတ်တော်က မိန့်ကြားချက်အားလုံးအတိုင်း ကျွန်ုပ်တို့ကနာခံလိုက်လျှောက်ရန်သာရှိပါသည်။ ၎င်းတွင်ပါရှိသည့်ကတိတော်များအတိုင်း ကျွန်ုပ်တို့က တောင်းခံရကြပါမည်။ နှုတ်ကပတ်တရားတော်ကနှစ်သက်သည့်အသက်တာမျိုးမှာ ၎င်း၏စွမ်းအား အားဖြင့်၊ ကျွန်ုပ်တို့နေထိုင်ကြရန်သာဖြစ်ပါသည်။ သမ္မာကျမ်းစာတွင် ဤသို့ပါရှိသည့်အတိုင်း ကျွန်ုပ်တို့အနေဖြင့် အကျိုးရှိရှိဖြင့် ထိရောက်စွာလေ့လာရယူနိုင်ကြပါသည်။ [“ပညာရေး” မူရင်းအင်္ဂလိပ်စာအုပ်၊ စာမျက်နှာ ၁၈၉။]

## ငယ်ရွယ်သောအမှုတော်ဆောင်များတို့သည်အသက်အရွယ်ရလာကြသော အမှုတော်ဆောင်တို့နှင့်လက်တွဲလုပ်ဆောင်ကြရန်

အမှုတော်ဆောင်ခြင်းလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှုတစ်ရပ်ကိုရယူကြရာတွင် ငယ်ရွယ်သူတို့အနေဖြင့် အသက်အရွယ်ရလာကြသောအမှုတော်ဆောင်များတို့နှင့်ပူးပေါင်းလုပ်ဆောင်သင့်ကြပါသည်။ သွက်သွက်လက်လက်လုပ်ဆောင်ရကြသည့်အမှုတော်တွင် အတွေ့အကြုံတစ်စုံတစ်ရာရှိကြပြီးသောသူတို့အနေဖြင့် အတွေ့အကြုံမရှိကြသေးသည့် ငယ်ရွယ်သူအမှုတော်ဆောင်များတို့ကို ရိတ်သိမ်းနေဆဲလယ်မြေတို့ဆီသို့ခေါ်ဆောင်သွားကြကာ၊ အသက်ဝိညာဉ်များတို့၏ပြောင်းလဲခြင်းအတွက် မည်ကဲ့သို့အောင်မြင်စွာလုပ်ဆောင်ရကြမည်ဆိုခြင်းကို သင်ကြားပို့ချပေးရကြပါမည်။ ဤအသက်အရွယ်ရလာကြပြီဖြစ်သည့် အမှုတော်ဆောင်များတို့သည် ထာဝရဘုရားကခေါ်ယူစေခိုင်းတော်မူမည့်အမှုတော်တွင် ငယ်ရွယ်သောသူတို့က လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားနိုင်ကြရန်အတွက် ကူညီပေးရကြပါမည်။ ငယ်ရွယ်သူတို့အနေဖြင့်လည်း လေ့ကျင့်ရေးသင်တန်းတွင် ထိုအသက်အရွယ်ရလာကြသည့် အမှုတော်ဆောင်တို့၏အကြံဉာဏ်ပေးမှုတို့ကို တလေးတစားရှိသင့်ကြပြီး၊ ထိုညွှန်ကြားပို့ချကြသူတို့၏အမှုတော်တွင်း မြှုပ်နှံ၊ ဆက်ကပ်မှုတို့ကို လေးစားဂုဏ်ပြုရကြမည်ဖြစ်ကာ သူတို့လုပ်ဆောင်ခဲ့ကြသည့်နှစ်များတို့သည် သူတို့အား ဉာဏ်ပညာကိုပေးအပ်နေသည်ဆိုခြင်းကို သတိတရရှိရကြပါမည်။

အသင်းတော်နှင့်အသင်းတော်ဌာနချုပ်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များတို့အား၊ အမြော်အမြင်ရှိလှသောအကြံပေးချက်ကို ရှင်ပေတရုကပေးအပ်ခဲ့ရာတွင်၊ (၁ပေ ၅း၂–၅) ၌၊ "သင်တို့နှင့်အတူရှိသော ဘုရားသခင်၏သိုးတော်စုကိုထိန်းခြင်းအမှုမှာ အနိုင်ထိန်းရသောကြောင့်မဟုတ်၊ မစင်ကြယ်သောစီးပွားကိုတပ်မက်သောကြောင့်မဟုတ်ဘဲ အလိုလိုစေတနာစိတ်ရှိ၍ ကြည့်ရှုအုပ်ထိန်းကြလော့။ အသီးအသီးအုပ်သောအသင်းတော်တို့ကို အာဏာထား၍အစိုးတရပြုသည်မဟုတ်ဘဲ၊ သိုးတော်စုရှေ့မှာ ပုံသက်သေကိုပြသောသူဖြစ်ကြလော့။ သို့ဖြစ်လျှင် သိုးထိန်းအကြီးပေါ်ထွန်းတော်မူသောအခါ၊ သင်တို့သည် မညှိုးမနွမ်းတတ်သော၊ ဘုန်းကြီးသောပန်းဦးရစ်သရဖူကို ခံရကြလိမ့်မည်။ ထိုနည်းတူ အသက်ပျိုသောသူတို့၊ အသက်ကြီးသောသူတို့၏စကားကိုနားထောင်ကြလော့။ ထိုမျှမက အချင်းချင်းတစ်ယောက်အောက်တစ်ယောက်နှိမ့်ချလျက်နေ၍ နှိမ့်ချခြင်းတန်ဆာကိုဆင်ကြလော့။ အကြောင်းမူကား၊ ထောင်လွှားစော်ကားသောသူတို့ကို ဘုရားသခင်ဆီးတားတော်မူ၏။ စိတ်နှိမ့်ချသောသူတို့အား ကျေးဇူးပြုတော်မူ၏" ဟူ၍ဖော်ပြထားပါသည်။

အသက်အရွယ်ရလာကြပြီဖြစ်သော အမှုတော်ဆောင်တို့ကို ပညာပေးသူများအဖြစ်အပြင်၊ မိမိတို့ကိုယ်ကို ဘုရားသခင်၏ထိန်းသိမ်းကြပ်မတ်မှုအောက်တွင် ထားရှိကြပါလေစေ။ အသက်အရွယ်ရလာကြသည့် အမှုတော်ဆောင်တို့၏လက်အောက်တွင် လေ့လာသင်ကြားရကြခြင်းကို အခွင့်ထူးတစ်ရပ်အဖြစ် ငယ်ရွယ်သူတို့က သဘောထားခံယူကြစေရန်နှင့် သူတို့၏ပျိုမျစ်ခြင်းနှင့်အတွေ့အကြုံက ခံနိုင်ရည်ရှိသည့်အနေအထားတွင် ထမ်းရွက်စရာဝန်ထုပ်တိုင်းတို့ကို သူတို့က သယ်ပိုးထမ်းရွက်ကြပါလေစေ။ ဤကဲ့သို့သောနည်းလမ်းမျိုးဖြင့် ဧလိယသည် ပရောဖက်များတို့ကိုသင်ကြားပို့ချပေးသည့်ကျောင်းများတို့တွင် ဣသရေလလူငယ်လူရွယ်များတို့ကို ပညာပေးပို့ချပေးခဲ့သည့် အလားတူသောသင်တန်းမျိုးတစ်ခုခုကို ယခုခေတ်ကာလ ငယ်ရွယ်သူများတို့အတွက် ဆောင်ရွက်ပေးသင့်ကြပါသည်။ လူငယ်လူရွယ်တို့လုပ်သင့်လုပ်ထိုက်သည့် လုပ်ရပ်၏အသေးစိတ်အပိုင်းကဏ္ဍတိုင်းတို့ကို အကြံပေးနိုင်ရန်မှာမဖြစ်နိုင်သော်လည်း သူတို့အနေဖြင့် အသက်အရွယ်ရလာကြသည့် အမှုတော်ဆောင်တို့၏သစ္စာရှိရှိညွှန်ကြားမှုကို ရရှိသင့်ကြပြီး၊ သူတို့သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို အစအဦးစီရင်သူနှင့်အပြီးသတ်သူအဖြစ်ရှိတော်မူသောသူတစ်ထူးကို အစဉ်တစိုက်ရှုမြင်ကြရန်အတွက် ပို့ချခြင်းခံရကြသင့်ပါသည်။





တမန်တော်ရှင်ပေါလုသည် ငယ်ရွယ်သူအမှုတော်ဆောင်တို့အတွက် သင်တန်းပေးမှု၏အရေးပါမှုကို မြင်တွေ့မိခဲ့ပါသည်။ သာသနာပြုခရီးစဉ်တစ်ခုကို လုပ်ဆောင်ခဲ့ပြီးသည့်နောက်၊ သူနှင့်ဗာနဗတို့သည် သူတို့သွားရောက်တည်ထောင်ခဲ့သည့်အသင်းတော်များဆီသို့ ခြေရာပြန်ကောက်၊ အလည်အပတ်ပြုခဲ့ကြကာ ဧဝံဂေလိတရားတော်အကြောင်းကို ကြေညာပေးရေးအမှုတော်လုပ်ငန်းအတွက် သူတို့နှင့်ပူးပေါင်းဆောင်ရွက်နိုင်ကြမည့်လူတို့ကို သင်တန်းပေးရန် ပြန်လည်ရွေးချယ်ခဲ့ကြပါသည်။

ဧဝံဂေလိသတင်းစကားဟောပြောသည့် အမှုတော်ဆောင်လုပ်ငန်းအတွက် ငယ်ရွယ်သူတို့အားပညာပေးပို့ချပေးခြင်းကို သူ၏အမှုတော်ဆောင်လုပ်ငန်း၏တစ်စိတ်တစ်ပိုင်းအဖြစ် ၎င်းပုံစံမျိုးကိုလုပ်ဆောင်ခဲ့ပါသည်။ သူတို့အား သာသနာပြုခရီးစဉ်များတွင် သူနှင့်အတူခေါ်ဆောင်သွားခဲ့ပြီး၊ ဤနည်းအားဖြင့် နောက်ပိုင်းတွင် ထိုငယ်ရွယ်သူတို့သည် တာဝန်ယူမှုအနေအထားများတို့တွင် ဖြည့်ဆည်းဆောင်ရွက်နိုင်စေရေးအတွက်အထောက်အကူပြုပေးနိုင်သည့် အတွေ့အကြုံမျိုးတစ်ခုကို ရယူနိုင်ခဲ့ကြပါသည်။ ထိုငယ်ရွယ်သူများတို့နှင့် ခွဲခွာသွားခဲ့ပြီးသည့်နောက်ပိုင်း၊ သူသည် သူတို့၏အမှုတော်ဆောင်ရွက်မှုနှင့် ဆက်လက်ထိတွေ့မှုရှိခဲ့ဆဲဖြစ်ကာ တိမောသေနှင့်တိတုတို့ထံသို့ သူရေးပို့ပေးခဲ့သောစာများတို့သည် ထိုငယ်ရွယ်သူတို့၏အောင်မြင်နိုင်ကြရေးအတွက် လေးနက်လှသည့်ဆန္ဒကိုပြသခဲ့သည့် သက်သေအထောက်အထားတစ်ခုဖြစ်ခဲ့ပါသည်။ (၂တိ ၂း၂) တွင် သူက၊ ". . . ငါ့ထံ၌ကြားရပြီးသောအရာတို့ကို သစ္စာနှင့်ပြည့်စုံ၍ သူတစ်ပါးတို့ကိုသွန်သင်ခြင်းငှာ တတ်နိုင်စွမ်းသောသူတို့၌အပ်ပေးလော့" ဟူ၍ ရေးသားပေးပို့ခဲ့ပါသည်။

ရှင်ပေါလု၏လုပ်ဆောင်မှု ဤသွင်ပြင်လက္ခဏာမျိုးသည် ယနေ့အမှုတော်ဆောင်တို့အား အရေးပါလှသည့်သင်ခန်းစာတစ်ခုကို သင်ကြားပို့ချပေးပါသည်။ အတွေ့အကြုံကြွယ်ဝကြသော လုပ်ဆောင်သူများတို့သည် မိမိတို့ဘာသာအားလုံးသောဝန်တို့ကို သယ်ပိုးရန်ကြိုးစားကြမည့်အစား၊ ငယ်ရွယ်သူတို့ကို လေ့ကျင့်သင်ကြားပေးပြီး သူတို့၏ပခုံးထက်သို့ ဝန်ထုပ်တို့ကိုတင်ထားပေးသောအချိန်သည် မြင့်မြတ်သောအလုပ်တစ်ခုကို လုပ်ဆောင်ရာကျပါသည်။ ဘုရားသခင်အနေဖြင့် သူ၏အမှုရေးရာတော်တွင် အတွေ့အကြုံတစ်ရပ်ကို ရယူထားခဲ့ကြသောသူတို့သည် သူ၏အမှုတော်အတွက် ငယ်ရွယ်သူတို့ကိုသင်ကြားပေးကြရန်မှာ သူ၏အလိုတော်ဖြစ်ပါသည်။

ပိုမိုငယ်ရွယ်သည့်အမှုတော်ဆောင်သည် သူတာဝန်ကျရာနေရာတွင် ကြီးကြပ်မှုပေးသည့် လူ၏အကြံအစည်နှင့်ထင်မြင်ချက်တို့တွင် လုံးလားထွေးလားဖြစ်နေခြင်းဖြင့် သူ၏ပင်ကိုလက္ခဏာကို အဆုံးခံ၊ လက်လွှတ်ခံရပေလိမ့်မည်။ သူသည် သူ့အားညွှန်ကြားပေးသောလူ၏လက်တွင်း၌ မိမိ၏မည်သူမည်ဝါဖြစ်ကြောင်းအထောက်အထားကို အဆုံးရှုံးမခံခြင်းဖြင့် ထိုလူသည် သူ၏ကိုယ်ပိုင်ထင်မြင်ဆုံးဖြတ်ချက်ဖြင့် လေ့ကျင့်သင်ကြားပေးရန်မဝံ့ရဲသည့်တိုင် အမှားနှင့်အမှန်ကို သူ၏နားလည်နိုင်စွမ်းသော မည်သည့်ခိုင်းစေပြောဆိုမှုမျိုးကိုမဆို လုပ်ဆောင်ပေးပါ။ ကြီးမြတ်တော်မူလှသောဆရာတော်ကြီးထံမှ မိမိကိုယ်ပိုင်အတွက် သင်ကြားရယူရခြင်းသည် သူ့အတွက်အခွင့်ထူးပင်ဖြစ်ပါသည်။ အကယ်၍ သူနှင့်အတူလုပ်ကိုင်ဆောင်ရွက်သူသည် “ထာဝရဘုရားမိန့်တော်မူသည်ကား” ဆိုသည့်အချက်နှင့် သဟဇာတမဖြစ်သောဦးတည်ရေးရှုမှုတစ်ခုကို ဆက်လက်လုပ်ဆောင်ပါက သူ့အားအခြားအသင်းအဖွဲ့ဆီသို့ သွားရောက်စေခြင်းမပြုဘဲ၊ သူ၏အထက်အရာရှိ ရှိရာရုံးခန်းသို့သွားရောက်စေကာ ထိုအရာရှိ၏ရှေ့မှောက်၌ ပြဿနာအမှုရေးရာကိုချပြကာ၊ သူ၏စိတ်အတွေးသဘောထားကို လွတ်လပ်စွာထုတ်ဖော်ပြောကြားပါစေ။ ဤကဲ့သို့သောနည်းလမ်းဖြင့် သင်ယူလေ့ကျက်သူသည် သင်ကြားပို့ချသောဆရာအတွက် ကောင်းချီးမင်္ဂလာတစ်ပါးဖြစ်ရပေမည်။ သူသည် သူ၏တာဝန်ကို သစ္စာရှိစွာဖြင့်စွန့်ခွာရပါမည်။ သူ့အနေဖြင့် ပြုမူကျင့်ကြံမှုတွင် မှားယွင်းသည့်ဦးတည်ရေးရှုမှုတစ်ခုကို အကယ်၍မသိကျိုးကျွန်ပြုပါက ဘုရားသခင်သည် သူ့အားအပြစ်မဲ့သူအဖြစ် ယူဆတော်မူမည်မဟုတ်ဘဲ၊ မှားယွင်းသည့်ဦးတည်ရေးရှုမှုကိုရယူသူအတွက် ကြီးမားသည့်သြဇာသက်ရောက်မှု၊ သို့မဟုတ် တာဝန်ယူရမှုမျိုးရှိရပေလိမ့်မည်။

ငယ်ရွယ်သူတို့အနေဖြင့် ခိုင်ခံ့မှုရှိလာကြစေရန်နှင့် သစ္စာရှိကြသည့်အသက်အရွယ်ရလာကြပြီဖြစ်သည့် ရှေ့ဆောင်လမ်းပြများတို့၏သင်ကြားပို့ချမှုတို့ကို ခံယူကြရန်အတွက် ထိုပုဂ္ဂိုလ်တို့နှင့်ပေါင်းစည်းကြရေးကို တိုက်တွန်းပြောကြားပေးရပါလိမ့်မည်။ ထိုအသက်အရွယ်ရလာကြသူ ရှေ့ဆောင်လမ်းပြများတို့သည် များပြားလှစွာသောပဋိပက္ခများတို့ကို ဖြတ်သန်းခဲ့ရကြပြီး၊ ဘုရားသခင်သည် သူ၏ဝိညာဉ်တော်ဆိုင်ရာသက်သေခံချက်များတို့အားဖြင့် မကြာခဏမြွက်ဆိုမိန့်ကြားတော်မူခြင်းဖြင့် သူတို့အားလမ်းမှန်ကို ညွှန်ပြတော်မူပြီး၊ မှားယွင်းမှုကိုရှုတ်ချပြတော်မူပါသည်။ ဘုရားသခင်၏လူစုတော်တို့၏ယုံကြည်ခြင်းကို အကဲစမ်းသည့်၊ ကြီးမားသည့်အန္တရာယ်များ ခေါင်းထောင်လာကြသောအခါ၊ ဤတီထွင်အခြေချသူအမှုတော်ဆောင်သစ်များအနေဖြင့် သမ္မာတရားတော်အပေါ်



မေးခွန်းထုတ်မှုများအတွက်ပေါ်လာခဲ့သည့် အရေးအခင်းကာလတွင် မိမိတို့၏အတိတ်က အတွေ့အကြုံများတို့ကို ပြန်လည်ပြောဆိုပြသရမည်ဖြစ်ပြီး၊ ဘုရားသခင်ထံတော်မှပြုလုပ်ဆောင်ရွက်တော်မူချက်မဟုတ်သည့် ထူးခြားသောစိတ်ကူးယဉ်မှုများပေါ်ပေါက်လာသည်နှင့် သူတို့သည် အမှုတော်၌ပါဝင်ပတ်သက်ကြရန် ခွင့်ပြုခြင်းခံရကြပါမည်။ ယနေ့တွင် စာတန်မာရ်နတ်သည် သမ္မာတရားတော်၏လမ်းညွှန် ညွှန်းမှတ်များနှင့် သမ္မာတရားတော်သို့သွားရာလမ်းတွင် စိုက်ထူထားပြီးဖြစ်သည့် အထိမ်းအမှတ်မော်ကွန်းတိုင်များတို့ကို ဖြိုဖျက်ရန်အခွင့်အလမ်းများတို့ကို ကြိုးပမ်းရှာကြံလျက်ရှိသည့်အလျောက် ကျွန်ုပ်တို့အနေဖြင့် သူတို့၏အိမ်တို့ကို ခိုင်မြဲသောကျောက်ဆောင်ပေါ်တွင် တည်ဆောက်ထားကြပြီး၊ မကောင်းသောမှတ်တမ်းကို ဖြတ်သန်းခဲ့ရကြသကဲ့သို့ ကောင်းသောမှတ်တမ်းတို့ကိုပါ ကျော်ဖြတ်ခဲ့ရကြသည့်တိုင်၊ သမ္မာတရားတော်တွင် တည်ကြည်ခြင်းရှိခဲ့ကြသည့် အသက်အိုမင်းလာကြပြီဖြစ်သည့် အမှုတော်ဆောင်များတို့၏အတွေ့အကြုံမျိုးကို လိုအပ်ကြပါသည်။

## ပျိုရွယ်သည့်အမှုတော်ဆောင်

ပျိုရွယ်သူတို့အနေဖြင့် သခင်ယေရှုနှင့်ပူးတွဲဆောင်ရွက်ကြသည့် အမှုတော်ဆောင်များအဖြစ်ဖြင့် အမှုတော်ဆောင်ခြင်းလုပ်ငန်းတွင် ဝင်ရောက်ရကြမည်ဖြစ်ပြီး၊ သခင်ယေရှု၏မိမိကိုယ်ကိုမိမိငြင်းပယ်ခြင်းနှင့် မိမိကိုယ်ကိုအသက်ပေးပူဇော်ဆက်ကပ်ခြင်းအမှုတို့ကို ပြုတော်မူခဲ့သည့်အသက်တာအကြောင်းကို ဝေမျှပေးကြကာ၊ (ယောဟန် ၁၇း၁၉) တွင်ဖော်ပြထားသည့် အရှင်သခင်၏နှုတ်တော်ထွက်၌ “. . . သူတို့ကို သန့်ရှင်းစေမည်အကြောင်း အကျွန်ုပ်သည် သူတို့အဖို့အလိုငှာ ကိုယ်ကိုသန့်ရှင်းစေပါ၏” ဆိုသည့်အတိုင်း ဖွင့်ဟရွတ်ဆိုရကြပါမည်။ အကယ်၍သာ ထိုပျိုရွယ်သူတို့သည် မိမိတို့ကိုယ်ကို ဘုရားသခင်ထံတော်တွင် အညံ့ခံခိုဝင်လာကြပါက၊ ဘုရားသခင်သည် အသက်ဝိညာဉ်တို့ကိုကယ်တင်သည့် သူ၏အစီအစဉ်တော်ကို ဆက်လက်လုပ်ဆောင်တော်မူရေးတွင် အကူအညီရရေးအတွက် သူတို့ကိုအသုံးပြုတော်မူပါလိမ့်မည်။ အမှုတော်ဆောင်ခြင်းလုပ်ငန်းတွင် ဝင်ရောက်ထားပြီးဖြစ်သည့် ပျိုရွယ်သူသည် သူ၏အလုပ်တွင် အခက်အခဲတစ်စုံတစ်ရာနှင့်ကြုံတွေ့ရသည့်တိုင် မျှမျှတတဖြင့်ရှုမြင်စေကာ သူ၏အချိန်၊ ခွန်အားနှင့် သူ၏သြဇာသက်ရောက်မှုတို့ကို သူ၏အလုပ်တွင်ဆက်ကပ်မြှုပ်နှံစေလျက်

ကယ်ချုတ်သောအရှင်ထံတော်၌ အစေခံခြင်းအမှုတွင်ရှိနေကြသည့် အခြေအနေများအပေါ် မှန်ကန်ကောင်းမွန်စွာရှုမြင်တတ်ကြပါလေစေ။

ရှေ့ဆောင်လမ်းပြများတို့သည် ကြွေလွင့်သွားနေကြသည်နှင့် ပျိုရွယ်သူများတို့အနေဖြင့် သတင်းစကားတော်ဆက်လက်ကြွေးကြော်ခြင်းခံရရေးအတွက် လစ်လပ်ကျန်ရှိနေသည့်နေရာတို့ကို ဝင်ရောက်ဆက်ခံနိုင်ကြရန် ကြိုတင်ပြင်ဆင်ရကြပါမည်။ အားမာန်ပါလှသည့် စစ်ရေးစစ်ရာပုံစံသည် ဆက်လက်၍ချဲ့ထွင်မှုရှိရပါမည်။ ပျိုမျစ်ခြင်းနှင့်ခွန်အားရှိကြသည့်သူတို့သည် ပျက်စီးခြင်းသို့ရောက်ရှိနေကြသည့် အသက်ဝိညာဉ်များတို့ကို နောင်တရကြရေးအတွက် ပြန်လည်ခေါ်ယူနိုင်ကြရန်၊ ကမ္ဘာမြေကြီး၏ အမှောင်ထုလွှမ်းခြုံခြင်းခံရသည့်နေရာများဆီသို့ သွားရောက်ရကြပါမည်။ သို့ရာတွင် သူတို့သည် အဦးဆုံးတွင် အားလုံးသောအညစ်အကြေးများစုဝေးရာ ဝိညာဉ်တော်၏ ဗိမာန်တော်တည်းဟူသော သူတို့၏ခန္ဓာကိုယ်တို့ကို သန့်စင်အောင်ပြုလုပ်ပြီးနောက်၊ သခင်ခရစ်တော်အား သူတို့၏စိတ်နှလုံးထဲတွင် နန်းတင်ပေးရကြပါမည်။

## "သတိပြု၍အမြဲတည်နေလော့"

အမှုတော်ဆောင်လုပ်ငန်းအတွင်းသို့ဝင်ရောက်သည့် ပျိုရွယ်သူတိုင်းတို့အား၊ (၁တိ ၄း၁၆) တွင်ဖော်ပြထားသည့် တိမောသေထံသို့ရှင်ပေါလု၏နှုတ်ထွက်ပြောဆိုချက်ဖြစ်သည့် "ကိုယ်ကိုလည်းကောင်း၊ ကိုယ်ဆုံးမဩဝါဒကိုလည်းကောင်း သတိပြု၍အမြဲတည်နေလော့" ဆိုသည့်ဆုံးမစကားကို ပြောကြားပေးရပါမည်။ "ကိုယ်ကိုလည်းကောင်း" ဆိုသည့်စကားလုံးကို အဦးဆုံးအာရုံပြုထားရမည်ဖြစ်သည်။ အဦးဆုံးအနေဖြင့် မိမိကိုယ်ကိုသန့်ရှင်းစင်ကြယ်စေရန်နှင့်အထွတ်အမြတ်တွင်ရှိနေစေရန်အတွက် ဘုရားသခင်ထံတော်တွင် ပေးအပ်ရပါမည်။ ဘုရားတရားကြည်ညိုသည့်နမူနာတစ်ခုသည် စည်းနှင့်ကမ်းနှင့်ရှိသည့် အသက်တာတစ်ခုနှင့်ပေါင်းစပ်မှုမရှိသည့် အကြီးကျယ်ဆုံးသောအပြောကောင်းသူထက် သမ္မာတရားတော်အတွက် ပိုမို၍ပြောကြားပေးနိုင်မည်ဖြစ်ပါသည်။ အသက်ဝိညာဉ်၏မီးအိမ်ကို ထွန်းညှိပေးပြီး၊ ၎င်းမီးအိမ်ကို ဝိညာဉ်တော်ဆီဖြင့်ထပ်ဖြည့်ထားပါ။ အောင်မြင်မှုရှိသည့်အလုပ်ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် သင့်အားအထောက်အကူပြုပေးမည့် ကျေးဇူးတော်နှင့်သဘောပေါက်နားလည်နိုင်စွမ်းအတွက် ရှင်းလင်းထင်ရှားမှုတို့ကို သခင်ခရစ်တော်ထံတော်မှ ကြိုးစားတောင်းခံပါ။ သခင်ခရစ်တော်က အသေခံအသက်ပေးတော်မူခဲ့သည့်သူတို့အတွက် အလုပ်လုပ်ပေး



ရမည်ဆိုသည့်အချက်သည် မည်ကဲ့သို့အဓိပ္ပါယ်မျိုးရှိသည်ကို သိရှိနိုင်ရန်အတွက် သခင်ခရစ်တော်ထံတော်မှ သင်ကြားရယူပါ။

"သတိပြု၍အမြဲတည်နေလော့" ဆိုသည့်အချက်ကို အဦးဆုံးအနေဖြင့် သင့်ကိုယ်တိုင်အတွက်ဖြစ်ရမည်ဖြစ်ပြီး၊ ထို့နောက်တွင် မိမိက အခြားသောသူတို့အားဝေမျှသည့် ဆုံးမဩဝါဒအတွက်ဖြစ်ရပါမည်။ ဒုစရိုက်အပြစ်အားဖြင့် သင်၏စိတ်နှလုံးကို ခိုင်မာသောအနေအထားဆီသို့ ရောက်မသွားစေပါနှင့်။ သင်၏အပြုအမူများနှင့် အလေ့အကျင့်များတို့ကို အနီးကပ်ပြန်လည်သုံးသပ်ဆန်းစစ်ပေးပါ။ ၎င်းသင်၏အမူအကျင့်တို့ကို ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်နှိုင်းယှဉ်ကြည့်ပြီးနောက်၊ သင်၏အသက်တာမှ မှားယွင်းသည့်အလေ့အကျင့်တိုင်းနှင့် အပျော်အပါးအပေါ်စိတ်အလိုလိုက်မိမှုတိုင်းတို့ကို ရေမျှောကမ်းတင်အနေအထားဆီသို့ ပို့ဆောင်ပစ်လိုက်ပါ။ ဘုရားသခင်၏ရှေ့တော်မှောက်တွင်ဒူးထောက်ပြီး၊ သူ၏နှုတ်ကပတ်တော်ကို သိရှိနားလည်နိုင်မှုတစ်ခုအတွက် သူ၏ထံတော်သို့တောင်းလျှောက်ပါ။ သမ္မာတရားတော်၏အခြေခံစည်းမျဉ်းအစစ်အမှန်များတို့ကို သင့်အနေဖြင့်သိရှိသည်ဆိုခြင်းကို သေချာမှုရှိစေပြီးနောက်၊ သင်သည် သင်၏အတိုက်အခံများတို့နှင့်ဆုံမိလာသောအခါ ပေါ်ထွက်လာမည့်မေးခွန်းတိုင်းကို ဖြေဆိုခြင်း၌ သင်၏ကိုယ်ပိုင်ခွန်အားဖြင့်မဟုတ်မူဘဲ၊ သင့်အားကူညီရန်အတွက် ဘုရားသခင်၏ကောင်းကင်တမန်သည် သင့်ဘက်ပိုင်းတွင် ရပ်တည်ပေးပါလိမ့်မည်။ သခင်ယေရှုနှင့်အတူရှိနေသည့်အနေဖြင့် နေ့စဉ်နေ့တိုင်းတွင် သင့်အနေဖြင့် သင့်ကိုယ်ကိုပိတ်လှောင်သည့်အနေအထားတွင်ရှိနေခြင်းဖြင့် သင်၏နှုတ်ထွက်စကားများနှင့် ပြသသည့်နမူနာသည် ကောင်းမြတ်မှုအတွက် တောင့်တင်းခိုင်မာသည့်ဩဇာသက်ရောက်မှုမျိုးကို ရရှိလာပေလိမ့်မည်။

## အသိဉာဏ်နည်းပါးခြင်းအတွက်ခွင့်လွှတ်နိုင်စရာအကြောင်းမရှိပါ

အမှုတော်ဆောင်ခြင်းလုပ်ငန်းအတွင်းသို့ ရောက်ရှိလာကြသောအချို့သောသူတို့သည် လုပ်ငန်းဆိုင်ရာဝန်ထုပ်ဝန်ပိုးအကြောင်းကို ထည့်သွင်းစဉ်းစားခြင်းမရှိကြပါ။ သူတို့သည် အမှုတော်ဆောင်တစ်ယောက်၌ ရှိသင့်သည့်ကျွမ်းကျင်မှုအရည်အချင်းနှင့်ပတ်သက်လာလျှင်၊ မှားယွင်းသောထင်မြင်ယူဆချက်မျိုး ရှိတတ်ကြပါသည်။ အမှုတော်ဆောင်လုပ်ငန်းနှင့် အံဝင်ခွင်ကျမှုတစ်ခုကိုရယူနိုင်ရေးနှင့်ပတ်သက်ပြီး သိပ္ပံအတတ်များ၊ သို့မဟုတ် ဘုရားသခင်၏နှုတ်ကပတ်တော်ကို အနည်းအကျဉ်းမျှသာသော

အနီးကပ်လေ့လာသင်ယူမှုမျိုးသာလိုအပ်သည်ဟု သူတို့က အမှတ်မှားတတ်ကြပါသည်။ လက်ရှိသမ္မာတရားတော်အကြောင်းကို သင်ကြားပို့ချပေးကြသည့်သူအချို့တို့သည် မိမိတို့၏မှတ်ဉာဏ်မှတစ်ဆင့် ကျမ်းစာတော်မြတ်ထဲမှကျမ်းချက်တစ်ချက်ကို မှန်မှန်ကန်ကန် ရည်ညွှန်းကိုးကားနိုင်ကြရန်အတွက် အခက်တွေ့လောက်စေသည့် သမ္မာကျမ်းစာဆိုင်ရာ အသိဉာဏ်ဗဟုသုတ အထူးချို့တဲ့ကြပါသည်။ သူတို့လုပ်ဆောင်နေကြသော ပုံစံမကျမှားယွင်းမှုတို့ကို လုပ်ဆောင်နေသမျှကာလတစ်လျှောက်လုံး သူတို့သည် ဘုရားသခင်အပေါ်အပြစ်ကျူးလွန်ရာရောက်နေကြပါသည်။ ကျမ်းစာတော်မြတ်တွင်ပါရှိသည့် အချက်အလက်တို့ကိုဆွဲလုရာရောက်သည့် သမ္မာကျမ်းစာတွင်ပါရှိခြင်းမရှိသော အကြောင်းအရာတို့ကို သမ္မာကျမ်းစာကပြောကြားသည့်သဘောမျိုး သူတို့လုပ်ဆောင်ကြပါသည်။

အကယ်၍သာ လူတစ်ယောက်အနေဖြင့် ဝိညာဉ်တော်ကိုရရှိရုံမျှဖြင့် ကျမ်းစာတော်မြတ်ဆိုင်ရာပညာရေး၊ သို့မဟုတ် အသေးစိတ်ကျသောအသိဉာဏ်ဗဟုသုတရှိခြင်းသည် နည်းပါးလှသည့်အကျိုးဆက်မျိုးကိုသာ ဖြစ်ထွန်းစေနိုင်မည်ဟူ၍ အချို့သောသူတို့က ထင်မြင်ယူဆကြပါသည်။ သို့သော်လည်း အသိဉာဏ်နည်းပါးခြင်းအပေါ် အရေးယူရန် ဘုရားသခင်သည် မည်သည့်အခါမျှ သူ၏ဝိညာဉ်တော်ကိုစေလွှတ်တော်မမူပါ။ တစ်စုံတစ်ရာသောပညာရေးတစ်ခုခုကိုရရှိနိုင်ရန် ဖြစ်နိုင်ခြေမရှိသောအခြေအနေတွင်ရှိနေရကြသည့်သူတို့အား ဘုရားသခင်သည် သနားကြင်နာတော်မူသည့်အပြင်၊ ကောင်းချီးပေးတော်မူပြီး တစ်ခါတစ်ရံတွင်လည်း ထိုသူတို့၏အားနည်းချက်တို့တွင် သူ၏ခွန်အားတော်အားဖြင့် စုံလင်မှုရှိကြရန်အတွက် အထက်စီးအနေအထားဖြင့် ဆက်ဆံတော်မူတတ်ပါသည်။ သို့သော်လည်း သူ၏နှုတ်တော်ထွက်ကိုလေ့လာသင်ယူရန်မှာ ထိုသို့သောသူတို့၏တာဝန်သာဖြစ်ပါသည်။ သိပ္ပံပညာရပ်များနှင့်ပတ်သက်သည့် အသိဉာဏ်ဗဟုသုတခေါင်းပါးခြင်းသည် ကျမ်းစာတော်မြတ်ကိုလေ့လာသင်ယူခြင်းကို ခွင့်လွှတ်စရာအကြောင်းမရှိသည့် လျစ်လျူရှုမှုတစ်ရပ်ကြောင့်ဖြစ်ပြီး၊ အမှန်အားဖြင့် ဉာဏ်ကွန့်မြူးမှုဆိုင်ရာ နှုတ်ကပတ်တော်များတို့သည် အသိပညာကင်းမဲ့သောသူပင်လျှင် နားလည်နိုင်လောက်အောင် ရိုးစင်းလှပါသည်။

## ဧည့်ဝတ်ကျေပွန်မှုကိုပြန်လည်တုံ့ပြန်ပေးဆပ်ခြင်း

မည်သည့်နေရာတွင်မဆိုရှိနေကြသည်ဖြစ်စေ၊ ပျိုရွယ်သူအမှုတော်ဆောင်များတို့သည် မိမိတို့ကိုယ်ကိုအသုံးဝင်သူများအဖြစ် လုပ်ဆောင်သင့်ကြပါသည်။ လူများ



တို့၏အိမ်ထောင်မိသားစုတို့ထံသို့ အလည်အပတ်သွားရောက်ကြစဉ်တွင် သူတို့က ဧည့်ဝတ်ကျေပွန်မှုကိုမျှဝေပေးကြသည့် ထိုသူတို့အား အကူအညီပေးရန်အတွက် မည်သည့်အားထုတ်ကြိုးပမ်းမှုမျိုးကိုမျှမလုပ်ဆောင်သည့် ပျင်းရိချောင်ခိုမှုမျိုးကို မကျင့်သုံးသင့်ကြပါ။ ဝတ္တရားတို့မည်သည် အပြန်အလှန်သဘောမျိုးရှိရာတွင် အကယ်၍သာ အမှုတော်ဆောင်သူသည် သူ၏မိတ်ဆွေတို့ထံမှ ဧည့်ဝတ်ကျေပွန်မှုကိုမျှဝေရရှိပါက၊ သူတို့ကိုဦးတည်သည့် သူ၏အပြုအမူတွင် သူတို့၏ကြင်နာမှုတို့ကို သူ့အနေဖြင့်သတိတရရှိမှုနှင့် ထည့်သွင်းစဉ်းစားပေးမှုတို့ဖြင့် ပြန်လည်တုံ့ပြန်ပေးရေးမှာ သူ၏တာဝန်ဖြစ်ပါသည်။ ဧည့်ခံပြုစုခြင်းအမှုကိုပြုသူသည် ပြုစုစောင့်ရှောက်ခြင်းအမှုကိုပြုသူဖြစ်ရမည့်အပြင်၊ ကြိုးကြိုးစားစားလုပ်ဆောင်သူလည်းဖြစ်ရပါမည်။ ပင်ကိုစရိုက်၊ စိတ်နေစိတ်ထားကိုပြသရာတွင် အမှုတော်ဆောင်သူသည် မိမိကိုယ်ကိုချည်းသာပြုစုခြင်းသာမကဘဲ အခြားသောသူတို့အား အချိန်မီပေးဆပ်ရမည့်အပြင်၊ နှလုံးသားဆီသို့ရောက်ရှိမည့် ချည်းကပ်လမ်းကို မကြာခဏရှာဖွေပြီး သမ္မာတရားတော်ကိုကြိုဆိုလက်ခံမည့်လမ်းကြောင်းကို ဖွင့်ဟပေးရပါမည်။

ကျွန်ုပ်ပြောလိုသည်မှာ လျော့ရိလျော့ရဲဖြင့်သာရှိသော ချစ်ခြင်းမေတ္တာနှင့် တော်စွာလျော်စွာသာရှိသော ကာယပိုင်းဆိုင်ရာလုပ်ဆောင်မှုမျိုးတို့သည် အမှုတော်ဆောင်တစ်ယောက်အဖြစ်သို့ရောက်ရှိလာမည့်လူတစ်ယောက်နှင့် ကိုက်ညီမှုမရှိပါ။ အမှုတော်ဆောင်လုပ်ငန်းတွင်းသို့ဝင်ရောက်ရန် ကြိုတင်ပြင်ဆင်ကြသည့်လူတို့အနေဖြင့် မိမိတို့ကိုယ်ကို ကာယပိုင်းဆိုင်ရာပင်ပန်းသောအလုပ်မျိုးကိုလုပ်ကိုင်ကြရန် လေ့ကျင့်ထားသင့်ကြပြီး၊ ဤသို့အားဖြင့် သူတို့သည် ခက်ခဲသောအရာများတို့နှင့်ပတ်သက်သော စဉ်းစားတွေးခေါ်မှုမျိုးကို ပိုမိုကောင်းမွန်အောင် တွေးတောနိုင်ကြပေမည်။

အရေးပေါ်အခြေအနေများတို့တွင် ထိန်းချုပ်နိုင်ကြရေးအတွက် ပျိုရွယ်သူတို့အား ကောင်းမွန်သောအဓိပ္ပါယ်ဖွင့်ဆိုထားသည့် သမိုင်းမှတ်တိုင်များတို့ကို စတင်စိုက်ထူကြပါစေ။ ဖျတ်လတ်တက်ကြွမှု၊ ကာယစွမ်းအားနှင့် ရှင်းလင်းထင်ရှားပြီးခိုင်မာတောင့်တင်းကာ၊ လက်တွေ့ကျသည့်စိတ်အတွေးတို့ကို ကောင်းမွန်စွာဖွံ့ဖြိုးမှုရှိစေသည့်အချက်အလက်တို့ကို လိုအပ်သည့်အရေးအခင်းမျိုးပေါ်ပေါက်လာပါက၊ ရေးသားဖော်ပြချက်များတိုင်းကိုပြောကြားရန် လိုအပ်သည့်နေရာတွင် ခက်ခဲသောအလုပ်မျိုးကို ပြီးမြောက်အောင်လုပ်ဆောင်ရမည့်အချိန်ရောက်ရှိလာပါက၊ ထို့အပြင် အထက်အရပ်မှဉာဏ်ပညာဖြင့်သာ ရင်ဆိုင်နိုင်ခြေရှိသည့် စိတ်ရှုပ်ထွေးစေမှုများပေါ်ပေါက်လာပါက၊ စိတ်အား

ထက်သန်သောလုပ်ဆောင်မှုဖြင့် အခက်အခဲများတို့ကိုကျော်လွှားအောင်မြင်နိုင်ရန် သင်ကြားရယူထားကြသည့် လူငယ်လူရွယ်တို့အနေဖြင့် အမှုတော်ဆောင်များတို့ကို ခေါ်တော်မူခြင်းအပေါ် ပြန်လည်တုံ့ပြန်နိုင်ကြမည်ဖြစ်သည်။

## တည်ကြည်ခြင်းရှိမှုအတွက်မရှိမဖြစ်လိုအပ်ချက်

တိမောသေထံသို့ ရှင်ပေါလု၏ရေးသားပေးပို့သောစာတွင် ပျို့ရွယ်သူအမှုတော်ဆောင်အနေဖြင့် သင်ကြားရယူရမည့် သင်ခန်းစာအများအပြားရှိနေပါသည်။ ယုံကြည်ခြင်းတွင်တည်ကြည်ခြင်းရှိမှုအတွက် မရှိမဖြစ်လိုအပ်ချက်အကြောင်းကို အသက်အရွယ်အိုမင်းလာပြီဖြစ်သည့်တမန်တော်ကြီးက ပိုမိုငယ်ရွယ်နေသည့်အမှုတော်ဆောင်အားအသိပေးတောင်းဆိုထားရာတွင် (၂တိ ၁း၆–၈) တွင်၊ "ထိုသို့ဖြစ်၍ ငါလက်တင်သောအားဖြင့် သင်၌ဘုရားသခင်ပေးတော်မူသောဆုကို နိုးဆော်မည်အကြောင်း၊ ငါသည်သင့်ကိုသတိပေး၏။ အကြောင်းမူကား၊ ဘုရားသခင်သည် ကြောက်တတ်သောစိတ်သဘောကို ငါတို့အားပေးတော်မူသည်မဟုတ်။ တန်ခိုးပါသောစိတ်၊ ချစ်တတ်သောစိတ်၊ ရှင်းလင်းသောစိတ်သဘောကိုပေးတော်မူ၏။ ထိုကြောင့် ငါတို့သခင်ဘုရား၏သက်သေကိုလည်းကောင်း၊ ထိုသခင်ကြောင့် အကျဉ်းခံရသောသူဖြစ်သောငါကိုလည်းကောင်း ရှက်ကြောက်ခြင်းမရှိနှင့်။ ဘုရားသခင်ပေးတော်မူသောတန်ခိုးကိုရသည်အတိုင်း ဧဝံဂေလိတရားနှင့်ဆက်ဆံ၍ ဆင်းရဲဒုက္ခကိုခံလော့" ဟူ၍ဖော်ပြထားပါသည်။

ထို့အပြင် "သန့်ရှင်းသောအရာ၌ခေါ်သွင်းတော်မူခြင်း" (၂တိ ၁း၉) တွင် သခင်ဘုရား၏တန်ခိုးတော်အကြောင်းကို ကြွေးကြော်ပေးရန်၊ သူ၏ခေါ်ယူတော်မူခြင်းခံခဲ့ရသည့်အကြောင်းနှင့်ပတ်သက်ပြီး သတိတရရှိရန်အတွက် တိမောသေအား၊ ရှင်ပေါလုက အနူးအညွတ်တောင်းဆိုချက်ကို (၂တိ ၁း၁၀) တွင် ". . . အသက်ရှင်ခြင်းအကြောင်းနှင့်မဖောက်ပြန်ခြင်းအကြောင်းကို ဧဝံဂေလိတရားအားဖြင့် ထင်ရှားစေတော်မူပြီ" ဟူ၍ဖော်ပြထားပါသည်။ ရှင်ပေါလုက (၂တိ ၁း၁၁–၁၂) တွင်ဖော်ပြထားသည့်၊ "ထိုတရားကိုဟောပြောသောသူအရာ၌လည်းကောင်း၊ တမန်တော်အရာ၌လည်းကောင်း၊ တစ်ပါးအမျိုးသားတို့၏ဆရာအရာ၌လည်းကောင်း ငါ့ကိုခန့်ထားတော်မူပြီ။ ထိုအကြောင်းကြောင့် ဤဆင်းရဲဒုက္ခကိုငါခံရ၏။ သို့သော်လည်း ရှက်ကြောက်ခြင်းမရှိ။ အဘယ်သူကိုငါယုံကြည်သည်ဟုငါသိ၏။ သူ၌ငါအပ်ထားသောအရာကို





လည်း ထိုနေ့ရက်တိုင်အောင်စောင့်နိုင်တော်မူသည်ဟု ငါသဘောကျ၏" အတိုင်း ပြည့်စွန်ခဲ့ပါသည်။

ရှင်ပေါလုသည် မိမိရှိနေခဲ့သည့် မည်သည့်နေရာတို့တွင်မဆို၊ မျက်နှာရှစ်ခေါက်ချိုး၊ သုန်မှုန်သောအကြည့်မျိုးဖြင့်သာ တစ်ဖက်သားကိုကြည့်တတ်သောဖာရိရှဲများ၊ သို့မဟုတ် ရောမအာဏာပိုင်များတို့၏ရှေ့မှောက်တွင် လုတ္တရမြို့၌ ဒေါသအမျက်ခြောင်းခြောင်းထွက်နေခဲ့ကြသည့် လူစုလူဝေးတို့၏ရှေ့မှောက်၊ သို့မဟုတ် မာကေဒေါနိမြေအောက်အကျဉ်းခန်းတွင်း၌ ပြစ်ဒဏ်ကျခံခဲ့ရကြသည့် ရာဇဝတ်သားများတို့၏ရှေ့မှောက်တွင် ရောက်ရှိခဲ့ရသည့်တိုင်၊ ထို့အပြင် မုန်တိုင်းကြောင့်ပျက်စီးသွားသော သင်္ဘောပေါ်ရှိထိတ်ထိတ်ပျာပျာဖြစ်နေခဲ့ကြသော သင်္ဘောသားများတို့ကို အကျိုးသင့်အကြောင်းသင့်ပြောပြခဲ့သောအချိန်၊ သို့မဟုတ် သူ၏အသက်ဘေးလွတ်မြောက်ရေးအတွက် ရောမဧကရာဇ်နီရိုရှေ့တွင် တစ်ယောက်တည်းလျှောက်လဲချက်ပေးခဲ့ရသောအချိန်တို့တွင် သူထောက်ခံပြောဆိုပေးခဲ့သည့်အကြောင်းခြင်းရာအတွက် မည်သည့်အခါမျှရှက်ကြောက်ခြင်းမရှိခဲ့ပါ။ သူ၏ခရစ်ယာန်အသက်တာ၏ကြီးမားသောရည်မှန်းချက်တစ်ခုမှာ တစ်ချိန်က မိမိအပေါ်အထင်သေးစရာအနေအထားဖြင့် ပြည့်နှက်စေခဲ့သည့်သူအား၊ အစေခံရရေးဖြစ်ပြီး ဤရည်မှန်းချက်မှနေပြီး မည်သည့်အတိုက်အခံ၊ သို့မဟုတ် ညှဉ်းပန်းနှိပ်စက်မှုကမျှ သူ့အားဘေးတစ်ဖက်သို့ သွေဖည်သွားစေနိုင်ခြင်းမပြုနိုင်ပါ။ ကြိုးပမ်းအားထုတ်မှုအားဖြင့် အားကောင်းလာပြီး၊ အသက်စွန့်ဆက်ကပ်အပ်နှံမှုအားဖြင့် စင်ကြယ်မှုရှိလာသည့် သူ၏ယုံကြည်ခြင်းသည် သူ့အားထိန်းသိမ်းစောင့်ရှောက်ပြီး အားရှိလာစေပါသည်။

ရှင်ပေါလုက (၂တိ ၂း၁–၃) တွင်ဖော်ပြထားသည့်၊ "ငါ့သား၊ သင်သည် ယေရှုခရစ်၌ရှိသော ကျေးဇူးတော်အားဖြင့် ခိုင်ခံ့ခြင်းရှိလော့။ သက်သေခံအများရှိသည်နှင့် ငါ့ထံ၌ကြားရပြီးသောအရာတို့ကို သစ္စာနှင့်ပြည့်စုံ၍ သူတစ်ပါးတို့ကိုသွန်သင်ခြင်းငှာ၊ တတ်စွမ်းနိုင်သောသူတို့၌အပ်ပေးလော့။ ထိုသို့အလိုငှာ သင်သည် ယေရှုခရစ်ထံ၌ ကောင်းသောစစ်သူရဲကဲ့သို့ ဆင်းရဲဒုက္ခကိုသည်းခံလော့" ဆိုသည့်အတိုင်း ဆက်လက်ပြည့်စွန်ခဲ့ပါသည်။

ဘုရားသခင်၏စစ်မှန်သောအမှုတော်ဆောင်ဟူသည်မှာ အခက်အခဲ၊ သို့မဟုတ် တာဝန်ယူမှုကို ရှောင်ဖယ်ကြမည်မဟုတ်ပါ။ ရိုးဖြောင့်မှန်ကန်စွာဖြင့် ဘုန်းတော်ရှင်၏

တန်ခိုးတော်ကို ကြိုးပမ်းရှာဖွေနေကြသောသူတို့အား မည်သည့်အခါမျှကျရှုံးစေတော်မူခြင်းမပြုသည့် မူလဘူတအရင်းအမြစ်ထံတော်မှ ထိုစစ်မှန်သောအမှုတော်ဆောင်သည် စုံစမ်းနှောင့်ယှက်ခြင်းကို ရင်ဆိုင်ပြီးကျော်လွှားအောင်မြင်နိုင်ရန်အပြင်၊ ဘုရားသခင်က သူ့အပေါ်တင်ထားတော်မူသောတာဝန်တာထမ်းများတို့ကို ခင်းကျင်းဖော်ဆောင်နိုင်ရန်အတွက် အထောက်အကူပြုပေးသည့်ခွန်အားများတို့ကို ဆွဲထုတ်ရယူနိုင်ပါသည်။ သူလက်ခံရရှိသည့် ကျေးဇူးတော်၏သဘောသဘာဝသည် ဘုရားသခင်နှင့်သူ၏သားတော်ကိုသိရှိစေနိုင်သည့်အစွမ်းအစကို ကျယ်ဝန်းလာစေပါသည်။ သူ၏စိတ်ဝိညာဉ်သည်လည်း အရှင်သခင်အတွက် လက်သင့်ခံနိုင်စရာအမှုတော်ကို ဆောင်ရွက်လိုသည့်တမ်းတစိတ်မျိုး ထွက်ပေါ်လာပါသည်။ ခရစ်ယာန်လမ်းစဉ်အတိုင်း သူသည် ရှေ့သို့လှမ်းချီသည်အလျောက်၊ သူသည် “ယေရှုခရစ်၌ရှိသော ကျေးဇူးတော်အားဖြင့် ခိုင်ခံ့ခြင်းရှိ. . . ” သောသူအဖြစ်သို့ ရောက်ရှိလာပါတော့သည်။ သူကြားသိခဲ့ရသည့် အရာများတို့အတွက် သစ္စာရှိလှသောမျက်မြင်သက်သေအဖြစ်သို့ သူရောက်ရှိသွားရေးအတွက် ဤကျေးဇူးတော်သည် သူ့အားအထောက်အကူပြုပေးပါသည်။ သူသည် ဘုရားသခင်ထံတော်မှလက်ခံရယူခဲ့သည့် အသိဉာဏ်ဗဟုသုတကို မထီမဲ့မြင်ပြုခြင်း၊ သို့မဟုတ် လျစ်လျူရှုခြင်းမပြုပါသော်လည်း၊ ဤအသိဉာဏ်ဗဟုသုတကို အခြားသောသူတို့အား တစ်ဆင့်ခံသင်ကြားပို့ချပေးကြမည့် သစ္စာရှိကြသောသူတို့ကိုအပ်ပေးရပါမည်။

တိမောသေထံသို့ နောက်ဆုံးအနေဖြင့်ရေးသားပေးပို့သောစာတွင် ရှင်ပေါလုသည် ငယ်ရွယ်သူအမှုတော်ဆောင်၏ရှေ့မှောက်တွင် မြင့်မားသောအကောင်းဆုံးမျှော်မှန်းချက်တစ်ခုကို နမူနာတစ်ရပ်ပြသခဲ့ရာတွင် သူ့အား သခင်ခရစ်တော်၏အမှုတော်ဆောင်တစ်ဦးအဖြစ် သူ့အပေါ်လွှဲပြောင်းပေးအပ်ခဲ့သောတာဝန်များတို့ကို ရည်ညွှန်းပြောဆိုခဲ့ပါသည်။ ၎င်းစာကို (၂တိ ၂း၁၅) တွင်၊ “ဘုရားသခင်ရှေ့၌ ကိုယ်ကိုကိုယ်ဆက်သခြင်းငှာ ကြိုးစားအားထုတ်လော့” ဟူ၍ဖော်ပြထားပြီး၊ ထိုကျမ်းချက်တွင်ပင် ရှင်ပေါလုက၊ “. . . ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ သမ္မာတရားကိုမှန်ကန်စွာပိုင်းခြားတတ်သောဆရာသမားဖြစ်လျက်၊ . . ” ဟူ၍ ရည်ညွှန်းပြောဆိုထားသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် (၂တိ ၂း၂၂–၂၅) တွင်လည်း၊ “လူပျိုတို့၏တပ်မက်ခြင်းကိလေသာစိတ်ကိုကြဉ်ရှောင်လော့။ ဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်း၊ ချစ်ခြင်း၊ စင်ကြယ်သောစိတ်ရှိ၍ သခင်ဘုရားကိုပတ္ထနာပြုသောသူတို့နှင့် အသင့်အတင့်နေခြင်းကိုမီအောင်လိုက်လော့။ မိုက်မဲ၍ပညာကင်းသောပုစ္ဆာအမေးတို့သည် ရန်ပွားစေတတ်သည်ဟု



သိမှတ်၍ပယ်ရှားလော့။ သခင်ဘုရား၏ကျွန်သည် ရန်မတွေ့ရ။ ခပ်သိမ်းသောသူတို့အား ဖြည်းညင်းစွာပြုသောသူ၊ ဆုံးမသြဝါဒပေးခြင်းအမှု၌လိမ္မာသောသူ၊ သည်းခံနိုင်သောသူဖြစ်ရမည်။ ဆီးတားငြင်းခုံသောသူတို့ကို နူးညံ့သိမ်မွေ့စွာဆုံးမရမည်။ သမ္မာတရားကိုဝန်ခံခြင်းအလိုငှာ နောင်တကိုဘုရားသခင်ပေးကောင်းပေးတော်မူ၍၊ . . ” ဟူ၍ ဆက်လက်ရေးသားထားသည်ကို တွေ့ရှိရပါသည်။ [“The Acts of the Apostles” မူရင်း အင်္ဂလိပ်စာအုပ်၊ စာမျက်နှာ ၄၉၉–၅၀၂။]

–၀–

## tydkif; (4)

# ရှိသင့်ရှိထိုက်သည့်အရည်အချင်းများ

### **အရာ၌ခန့်ထားခြင်း**

လူတစ်ယောက်အနေဖြင့် အောင်မြင်သောအမှုတော်ဆောင်တစ်ဦးဖြစ်လာရန်မှာ စာအုပ်မှရရှိသည့် အသိဉာဏ်ဗဟုသုတထက်ပိုမိုသည့် တစ်စုံတစ်ရာသောအသိဉာဏ်ဗဟုသုတမျိုးသည် မရှိမဖြစ်လိုအပ်လှပါသည်။ အသက်ဝိညာဉ်တို့အတွက်လုပ်ဆောင်သူသည် အရာ၌ခန့်ထားခြင်း၊ ဂုဏ်သိက္ခာ၊ ဉာဏ်ထက်မြက်မှု၊ အလုပ်ကိုကြိုးစားလုပ်တတ်သည့်အရည်အသွေး၊ အားထုတ်မှုနှင့်လိမ္မာပါးနပ်မှု စသည့်အရည်အချင်းမျိုးလိုအပ်ပါသည်။ ဤကဲ့သို့သောအရည်အချင်းများတို့ကို ပိုင်ဆိုင်ထားခြင်းအားဖြင့် မည်သူမျှ လက်အောက်ငယ်သားအဖြစ်သို့မရောက်ရှိသွားနိုင်ဘဲ၊ ၎င်းအစား ကောင်းသောအမှုအတွက် သူသည် အမိန့်ကိုသာပေးတတ်သည့် ဩဇာသက်ရောက်မှုအနေအထားကိုသာ ရရှိပါလိမ့်မည်။

သခင်ခရစ်တော်သည် ကောင်းကင်နိုင်ငံတော်၏အဆောင်အယောင်ကိုသယ်ပိုးရသည့် သူ၏အထူးတာဝန်တွင် သူ၏လိုအင်ဆန္ဒများနှင့်တောင့်တမှုများတို့ကို တိကျပြတ်သားသည့်ဥပေက္ခာပြုခြင်းအနေအထားတွင် ထားရှိတော်မူခဲ့ပါသည်။ ဤလောကသို့ကြွလာတော်မူပြီး၊ ပြီးမြောက်အောင်လုပ်ဆောင်ရမည့်အမှုတော်ကို ဆောင်ရွက်တော်မူရာတွင် သခင်ခရစ်တော်သည် အရာရာတိုင်းကိုနိမ့်ကျသောအနေအထားဖြင့် ပြုလုပ်တော်မူခဲ့ပါသည်။ သူငယ်ရွယ်တော်မူစဉ်အချိန်က သူ၏မယ်တော်က သူ့အား ကျမ်းတတ်ဆရာတို့၏စာသင်ကျောင်းကြီးတွင် တွေ့ရှိခဲ့ရပြီးနောက် သူ့အား ". . . ငါ့သား၊ အဘယ်ကြောင့်ငါတို့အားဤသို့ပြုသနည်း။ ညီးငယ်ကြောင့်ကြသောစိတ်နှင့် မိဘတို့သည် မောင်ကိုရှာကြပြီ. . . " ဟူ၍မေးမြန်းခဲ့သည်ကို (လုကာ ၂း၄၈) တွင်ဖော်ပြထားပြီး၊ သူက ". . . မိဘသည် အဘယ်ကြောင့်အကျွန်ုပ်ကိုရှာရပါသနည်း။ အကျွန်ုပ်သည် အဘ၏အိမ်၌နေရသည်ကိုမသိပါသလော" ဟူ၍ ပြန်လည်ဖြေဆိုတော်မူခဲ့သည်ကို (လုကာ ၂း၄၉) တွင်ဖော်ပြထားပါသည်။ ထိုဖြေဆိုချက်သည် မိမိတစ်ဘဝလုံးတွင် မြှုပ်နှံထားတော်မူသော အမှုတော်၏အဓိကသော့ချက်ပင်ဖြစ်ပါသည်။



သခင်ခရစ်တော်ထံတော်တွင်ထင်ရှားခဲ့ကြသော တူညီသည့်အရာ၌ခန့်ထားမှု၊ ကိုင်းရှိုင်းမှုနှင့်ရိုသေလိုက်နာဝန်ခံမှုများတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်၏ တောင်းဆိုခြင်းတွင်ပါရှိပြီး၊ ၎င်းအရည်အချင်းတို့သည် သူ၏အစေခံတော်များထံတွင် တွေ့မြင်ရန် လိုအပ်သည့်အရည်အချင်းများဖြစ်ကြပါသည်။ သခင်ခရစ်တော်သည် သူ၏ လုံခြုံမှုနှင့်ငြိမ်သက်ခြင်းရှိသောအိမ်တော်ကြီးကို ထားရစ်ခဲ့တော်မူသည့်အပြင်၊ ကမ္ဘာဦးမတိုင်မီကပင် သူ၏ဖခမည်းတော်နှင့်အတူတကွပိုင်ဆိုင်တော်မူခဲ့သည့် ဘုန်းအာနုဘော်တော်ကိုစွန့်ရစ်ခဲ့ကာ စကြဝဠာ၏ပလ္လင်ထက်ရှိ သူ၏အနေအထားတော်ကိုပါ ထားရစ်ခဲ့တော်မူခဲ့ပြီး၊ ဆင်းရဲဒုက္ခနှင့် စာတန်မာရ်နတ်၏စုံစမ်းခြင်းခံရသည့်လူတစ်ယောက်အဖြစ်၊ အထီးကျန်သောလူသားတစ်ယောက်အဖြစ်၊ မျက်ရည်ကျလျက်မျိုးကြဲရန်နှင့် ပျောက်ဆုံးနေသောကမ္ဘာကြီးတစ်ခုအတွက် အသက်တာမျိုးစေ့ကို သူ၏အသွေးတော်ဖြင့်ရေလောင်းပေးတော်မူရန်အတွက် ဤမြေကြီးပေါ်သို့ ကြွဆင်းလာတော်မူခဲ့ပါသည်။

သူ၏အစေခံကျွန်များ တို့အနေဖြင့်လည်း အလားတူသောအပြုအမူတို့ဖြင့် မျိုးကြဲကြရန်အတွက် အသီးသီးထွက်သွားရကြပါမည်။ သမ္မာတရားတော်၏မျိုးစေ့ကိုကြဲသောသူတစ်ယောက်အဖြစ်သို့ရောက်ရှိရန် အာဗြဟံကို (ကမ္ဘာဦးကျမ်း ၁၂း၁) တွင်ဖော်ပြထားသည့်၊ ". . . သင်၏ပြည်နှင့်တကွ၊ အမျိုးသားချင်းပေါက်ဖော်များထဲကထွက်ပြီးလျှင် ငါပြလတ္တံ့သောပြည်သို့သွားလော့" အတိုင်း ဘုရားသခင်ကမိန့်တော်မူခဲ့သောအခါ၊ အာဗြဟံက (ဟေဗြဲ ၁၁း၈) တွင်ဖော်ပြထားသည့်၊ ". . . သူသည် အဘယ်အရပ်သို့သွားသည်ကို ကိုယ်တိုင်မသိဘဲလျက်. . . ထွက်သွားလေ၏" အတိုင်း၊ မြေကြီးပေါ်တွင် ဘုရားသခင်၏နာမတော်ကို ရှင်သန်တည်တံ့ရန်အတွက် ဘုရားသခင်၏အလင်းတော်ကို သယ်ပိုးပေးသူအဖြစ်ဖြင့် ထွက်သွားခဲ့ပါသည်။ အာဗြဟံသည် သူ၏အမိနိုင်ငံ၊ သူ၏အိမ်၊ သူ၏အမျိုးအဆွေများနှင့် သူ၏လောကီဆိုင်ရာအသက်တာနှင့် ဆက်နွယ်မှုရှိခဲ့ကြသည့် သာယာမှုဆိုင်ရာအစုအဖွဲ့များတို့ကိုပါ ကျောခိုင်းစွန့်ခွာသွားခဲ့ခြင်းဖြင့် ဘုရားသခင်၏လူနှင့် သူစိမ်းတစ်ရံဆံအဖြစ်သို့ ရောက်ရှိလာခဲ့ပါသည်။

ထိုကဲ့သို့အတိုင်းပင် ယေရုရှလင်မြို့ဗိမာန်တော်အတွင်း ဆုတောင်းနေခဲ့သည့် ရှင်ပေါလုထံသို့ရောက်ရှိလာခဲ့သည့်သတင်းစကားတော်ကို (တမန်တော် ၂၂း၂၁) တွင်၊ ". . . သွားလော့။ ငါသည် တစ်ပါးအမျိုးသားတို့ရှိရာသို့ သင့်ကိုဝေးလှစွာ

စေလွှတ်မည်. . . ” ဟူ၍ဖော်ပြထားပါသည်။ ထိုကြောင့် သခင်ခရစ်တော်နှင့်ပေါင်းစည်းကြရန်အတွက် ခေါ်တော်မူခြင်းခံရကြသောသူတို့အားလုံးတို့အနေဖြင့် သူ၏နောက်တော်သို့လိုက်လျှောက်ကြရန် အားလုံးတို့ကိုစွန့်ထားခဲ့ရကြပါမည်။ အိုမင်းရင့်ရော်သွားကြပြီးဖြစ်သော အသင်းအဖွဲ့များတို့သည် ပြိုပျက်သွားရကြမည်ဖြစ်ပြီး၊ အသက်တာဆိုင်ရာအစီအမံများတို့ကိုလည်း စွန့်လွှတ်ရမည်ဖြစ်ကာ၊ လောကီရေးရာမျှော်မှန်းချက်များတို့ကိုပါ အဆုံးရှုံးခံရကြပါမည်။ ပင်ပန်းတကြီးလုပ်ဆောင်ရမှုနှင့် ကျမျက်ရည်များအတွင်း၊ အထီးကျန်မှုအတွင်းနှင့် အသက်စွန့်ဆက်ကပ်မှုတို့အားဖြင့် မျိုးစေ့သည် ပျိုးထောင်ပေးခြင်းခံရပါမည်။

ဘုရားသခင်ထံတော်သို့ မိမိတို့၏ခန္ဓာကိုယ်၊ အသက်ဝိညာဉ်နှင့်စိတ်သဘောတို့ကို ဘုရားအတွက်သီးသန့်အရာ၌ခန့်ထားကြသောသူတို့သည် စဉ်ဆက်မပြတ်ဖြင့် ကာယပိုင်း၊ စိတ်ပိုင်းနှင့် ဝိညာဉ်ရေးပိုင်းဆိုင်ရာစွမ်းအားများတို့နှင့်ပတ်သက်သည့် အသစ်သောပံ့ပိုးမှုတစ်ရပ်ကို လက်ခံရရှိကြမည်ဖြစ်ပါသည်။ မကုန်နိုင်မခန်းနိုင်သော ကောင်းကင်ဘုံဆိုင်ရာ အထောက်အပံ့များတို့သည် ထိုသူတို့၏ထိန်းချုပ်မှုတွင်ပင်ရှိနေပါသည်။ သခင်ခရစ်တော်သည် သူတို့အား သူ၏ကိုယ်ပိုင်ဝိညာဉ်တော်၏ဝင်သက်နှင့်သူ၏ကိုယ်ပိုင်အသက်တာတော်ကဲ့သို့သော အသက်တာမျိုးတို့ကို ပေးသနားတော်မူပါသည်။ အမှုတော်ကိုဆောင်ရွက်နိုင်ကြရန်အတွက်လည်း သူတို့၏စိတ်သဘောနှင့်စိတ်အတွေးများတို့တွင် သန့်ရှင်းသောဝိညာဉ်တော်သည် သူ၏အမြင့်ဆုံးသောစွမ်းအင်တို့ကို ထည့်သွင်းပေးတော်မူပါသည်။ ဘုရားသခင်၏ကျေးဇူးတော်သည်လည်း သူတို့၏စွမ်းရည်များတို့ကို ကြီးမားကျယ်ပြန့်လာစေပြီး၊ တိုးများလာစေကာ အသက်ဝိညာဉ်တို့ကိုကယ်ဆယ်ရေးလုပ်ငန်းတွင် ပါဝင်ကူညီလုပ်ဆောင်ပေးကြသည့်သူတို့၏အကူအညီများတို့ဆီသို့ ဘုန်းတော်ရှင်၏ အရည်အသွေးတော်၏ကုံလုံပြည့်စုံမှုတိုင်းလည်း ရောက်ရှိလာကြပေမည်။ သခင်ခရစ်တော်နှင့် ပူးပေါင်းဆောင်ရွက်ကြခြင်းအားဖြင့် သူတို့သည် ထိုသခင်ခရစ်တော်၌ စုံလင်စေရန်လုပ်ဆောင်ကြရာရောက်ပြီး၊ သူတို့၏လူသားဆိုင်ရာ အားနည်းမှုတို့ရှိကြသည့်တိုင် အနန္တတန်ခိုးတော်ရှင်၏အမှုတော်များကို သူတို့ဆောင်ရွက်ကြရာတွင် အထောက်အကူပြုမှုကိုရရှိကြပေမည်။

သီးခြားပိုင်းခြားမှုရှိသောဝတ်ပြုခြင်းကို ကယ်တင်ရှင်က လက်ခံတော်မူမည်မဟုတ်ပါ။ ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်သူသည် မိမိကိုယ်ကိုအပ်နှံခြင်း



ဆိုသည့် စကားလုံး၏အဓိပ္ပါယ်ကို နေ့စဉ်နေ့တိုင်းလေ့ကျက်သင်ကြားရယူရပါမည်။ သူ့အနေဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို လေ့လာသင်ယူရမည်ဖြစ်ပြီး၊ ၎င်းနှုတ်ကပတ်တော်၏အဓိပ္ပါယ်တို့ကို လေ့ကျက်သင်ကြားရယူရမည့်အပြင်၊ ၎င်း၏ဥပဒေသများတို့ကို နာခံလိုက်လျှောက်ရပါမည်။ ဤသို့အားဖြင့် သူသည် ခရစ်ယာန်၏မြင့်မြတ်မှုအဆင့်အတန်းမျိုးဆီသို့ ရောက်ရှိလာမည်ဖြစ်သည်။ နောက်ဆုံးသောစမ်းသပ်စစ်ဆေးမှုအချိန်မျိုးတွင် ရပ်တည်နိုင်ရေးအတွက်၊ ဘုရားသခင်သည် သူနှင့်အတူ တစ်နေ့တခြား အတူတကွလုပ်ဆောင်တော်မူရင်း သူ၏အကျင့်စရိုက်ကို စုံလင်စေတော်မူပါသည်။ တစ်နေ့တခြားဖြင့်ပင် ယုံကြည်သူသည်လူတို့ရှေ့၊ ကောင်းကင်တမန်တို့ရှေ့မှောက်တွင် အံ့မခန်းဖွယ်သော လက်တွေ့စမ်းသပ်လေ့လာမှုအားဖြင့် အဖြေရှာခြင်းဖြင့်၊ ကျရှုံးနေကြသည့် လူသားမျိုးနွယ်များတို့အတွက် ဧဝံဂေလိတရားတော်က မည်သည့်အရာကိုလုပ်ဆောင်ပေးနိုင်သည်ကို ပြသပေးနေပါသည်။

သခင်ခရစ်တော်သည် သူ၏နောက်တော်သို့လိုက်ကြရန်အတွက် တပည့်တော်တို့ကိုခေါ်တော်မူခဲ့ရာတွင် သူတို့၏လက်ရှိအသက်တာနှင့် လိုက်ဖက်မှုရှိသောအနာဂတ်အလားအလာမျှော်လင့်ချက်တို့ကို ကမ်းလှမ်းတော်မူခဲ့ခြင်းမရှိခဲ့ပါ။ သူတို့အား မည်သည့်ခံစားခွင့်၊ သို့မဟုတ် လောကီဆိုင်ရာဂုဏ်အသရေကိုမျှရရှိကြရန်နှင့် သူတို့၏ကိုယ်ကျိုးအဖြစ်လက်ခံရရှိကြမည့် မည်သည့်ပြဋ္ဌာန်းချက်တစ်စုံတစ်ရာကိုမျှ ဖော်ဆောင်နိုင်ကြရေးအတွက် မည်သည့်ကတိတော်ကိုမျှ ပေးတော်မူခဲ့ခြင်းမရှိပါ။ အခွန်ခံတဲတွင်ထိုင်နေသောမဿဲကို ကယ်တင်ရှင်က၊ “ငါ့နောက်သို့လိုက်လော့” ဟုမိန့်တော်မူသောအခါ၊ “ထိုသူသည်လည်း ထ၍နောက်တော်သို့လိုက်လေ၏” ဆိုသည့်အကြောင်းကို (မဿဲ ၉း၉) တွင်ဖော်ပြထားပါသည်။ အစေခံရန်ကမ်းလှမ်းတော်မူချက်ကို ယခင်က သူလုပ်ကိုင်ခဲ့သည့်အလုပ်အကိုင်မှ ရရှိခဲ့သည့်လုပ်ခလစာပမာဏာနှင့်ညီမျှသည့် တစ်စုံတစ်ရာသောလစာမျိုးကို မဿဲသည် သခင်ခရစ်တော်ထံတော်မှတောင်းခံရန် စောင့်ဆိုင်းခဲ့ခြင်းမရှိပါ။ မည်သည့်မေးခွန်းမေးမြန်းခြင်းမျှ၊ သို့မဟုတ် နှောင့်နှေးကြံ့ကြာမှုမျှမပြုလုပ်ဘဲ သခင်ယေရှုနောက်တော်သို့လိုက်သွားခဲ့ပါသည်။ မဿဲအနေဖြင့် ကယ်တင်တော်မူခြင်းအရှင်၏နှုတ်တော်ထွက်တို့ကို ကြားသိရရန်နှင့် သူ၏အမှုတော်တွင်ပါဝင်ပူးပေါင်းလုပ်ဆောင်ခွင့်ရရေးအတွက် ထိုအရှင်နှင့်အတူရှိနေခွင့်ရခြင်းသည် သူ့အတွက် လုံလောက်မှုရှိခဲ့ပါသည်။

ဤအကြောင်းသည် ယခင်က တပည့်တော်တို့အား ခေါ်ယူတော်မူခဲ့သော အကြောင်းခြင်းရာဖြစ်ပါသည်။ ပေတရုနှင့်သူ၏အပေါင်းအဖော်များတို့အား သခင်ယေရှုက သူ၏နောက်တော်သို့လိုက်ကြရန် မိန့်တော်မူခဲ့သောအခါ သူတို့သည် သူတို့၏ငါးဖမ်းလှေများနှင့်ပိုက်ကွန်များတို့ကို ချက်ချင်းစွန့်ပစ်ထားရစ်ခဲ့ကြပါသည်။ အချို့သောဤတပည့်တော်တို့သည် အထောက်အပံ့ရရှိရေးအတွက် အားကိုးမှီခိုရသည့်မိတ်ဆွေသူငယ်ချင်းများရှိခဲ့ကြပါသော်လည်း ကယ်တင်ရှင်၏လက်ကမ်းဖိတ်ခေါ်တော်မူခြင်းကို လက်ခံရရှိခဲ့ကြသောအခါ၊ သူတို့သည် တုံ့ဆိုင်းခြင်းမရှိသည့်အပြင်၊ ကျွန်တော်ဘယ်လိုရှင်သန်ရမလဲ၊ ကျွန်တော့်မိသားစုကို ဘယ်လိုထောက်မပေးရမလဲဆိုသည့်အမေးမျိုးကို မေးမြန်းခဲ့ကြခြင်းမရှိခဲ့ကြပါ။ သူတို့သည် ခေါ်တော်မူခြင်းအတိုင်း နာခံခဲ့ကြသည် အလျောက်၊ နောက်ပိုင်းတွင် သခင်ယေရှုက သူတို့အား (လုကာ ၂၂း၃၅) တွင် ဖော်ပြထားသည့်၊ "အထက်ကငွေအိတ်၊ လွယ်အိတ်၊ ခြေနင်းမပါဘဲသွားကြလော့ဟု သင်တို့ကိုငါစေလွှတ်သောအခါ၊ တစ်စုံတစ်ခုလိုသလော" ဆိုသည့်အတိုင်း မေးမြန်းတော်မူခဲ့သောအခါ သူတို့က ထိုကျမ်းချက်၌တွင်ပင် "တစ်စုံတစ်ခုမျှမလိုပါ" ဟူ၍ ပြန်လည်လျှောက်ထားခဲ့ကြကြောင်းကို တွေ့ရှိနိုင်ပါသည်။

သူ၏အမှုတော်တွင် မသဲ၊ ယောဟန်နှင့်ပေတရုတို့ကိုခေါ်တော်မူခဲ့သကဲ့သို့ ယနေ့တွင် ကယ်တင်တော်မူသောအရှင်သည် ကျွန်ုပ်တို့အားခေါ်နေတော်မူပါသည်။ အကယ်၍သာ ကျွန်ုပ်တို့၏နှလုံးသားများတို့သည် သူ၏ချစ်ခြင်းမေတ္တာတော်အားဖြင့် တို့ထိခြင်းခံရကြပါက အလျော်ပေးရမှုနှင့်ပတ်သက်သည့်မေးခွန်းသည် ကျွန်ုပ်တို့၏ စိတ်အတွေးများထဲတွင် ထိပ်ဆုံးသောနေရာ၌ ရှိနေတော့မည်မဟုတ်ပါ။ သခင်ခရစ်တော်နှင့်ပူးတွဲလုပ်ဆောင်ကြသည့်သူများ ဖြစ်လာရကြသည့်အတွက်၊ ကျွန်ုပ်တို့သည် ရွှင်လန်းဝမ်းမြောက်ခြင်းရှိကြမည်ဖြစ်ပြီး သူ၏စောင်မကြည့်ရှုတော်မူခြင်းအပေါ် ကိုးစားကြရန်အတွက် ကျွန်ုပ်တို့အနေဖြင့် စိုးရိမ်ကြောက်ရွံ့ခြင်းရှိကြလိမ့်မည်မဟုတ်ပါ။ အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကျွန်ုပ်တို့၏ခွန်အားအဖြစ်ပေါင်းစည်းကြပါက ကျွန်ုပ်တို့သည် တာဝန်နှင့်ပတ်သက်သည့် ရှင်းလင်းထင်ရှားသော သိမြင်နားလည်ခြင်းများတို့ကို ပိုင်ဆိုင်လာကြမည်ဖြစ်ကာ၊ ကိုယ်ကျိုးမဖက်သောရည်မှန်းချက်များတို့ကိုပါ ပိုင်ဆိုင်လာကြမည်ဖြစ်သည့်အလျောက် ကျွန်ုပ်တို့၏အသက်တာသည် ယုတ်ညံ့သည့် ရည်ရွယ်ရင်းများနှင့်လွတ်ကင်းသည့် အထက်အရပ်သို့ ကျွန်ုပ်တို့အားမြှင့်တင်ပေးမည့် မြင့်မြတ်သောရည်ရွယ်ချက်တစ်ခု၏စေ့ဆော်တိုက်တွန်းမှုကို ခံယူရရှိမည်ဖြစ်ပါသည်။





ဘုရားသခင်က အသုံးချနိုင်တော်မူသည့်သူများအနက်မှ များစွာသောသူတို့သည် သူ၏မိန့်တော်မူသောအသံကို အခြားသောအားလုံးသောသူတို့၏ ပြောစကားသံများတို့၏အထက်တွင်ထားရှိပြီး နာခံလိုက်လျှောက်ကြခြင်းရှိမည်မဟုတ်ပါ။ သွေးသားတော်စပ်မှုနှင့် မိတ်ဆွေသူငယ်ချင်းများ၊ ယခင်ကအမူအကျင့်များနှင့်ပေါင်းသင်းဆက်ဆံမှုများတို့သည် သူတို့အပေါ်အထူးတောင့်တင်းခိုင်မာမှုရှိသည့် ဩဇာသက်ရောက်မှုအဖြစ် သက်ရောက်နေခြင်းကြောင့် ဘုရားသခင်သည် ပေးနိုင်တော်မူသော်လည်း အနည်းအကျဉ်းမျှသာညွှန်ကြားချက်၊ ထို့အပြင် သူတို့နှင့်ဆက်သွယ်မှုကို လုပ်ဆောင်နိုင်တော်မူသော်လည်း သူ၏ရည်ရွယ်တော်မူချက်များ၏အနည်းငယ်မျှသာ အသိဉာဏ်ဗဟုသုတမျိုးကိုသာ ဆက်သွယ်ပေးကမ်းနိုင်တော်မူပါသည်။ သူ၏အစေကျွန်များတို့ကသာ သူ၏ထံတော်တွင် လုံးလုံးလျားလျားဖြင့် အရာမြောက်ခြင်းခံယူကြပါက၊ သူတို့အတွက်ပိုမိုများပြားလှစွာဖြင့် ထာဝရဘုရားက ဆောင်ရွက်ပေးတော်မူမည်ဖြစ်ပြီး၊ သူ၏စီရင်တော်မူချက်ကို သွေးသားတော်စပ်မှုဆိုင်ရာအနှောင်အဖွဲ့များနှင့် အခြားသောလောကီဆိုင်ရာအသင်းအဖွဲ့များအားလုံးတို့၏အထက်တွင် နေရာချထားပေးတော်မူမည်ဖြစ်ပါသည်။

## **လေးနက်မှုရှိလှသည့်အရာ၌ခန့်ထားခြင်းမျိုးလိုအပ်ပါသည်။**

ခေတ်ကာလသည် ကြီးမားလှသည့်စွမ်းဆောင်နိုင်မှုနှင့် လေးနက်မှုရှိလှသော အရာ၌ခန့်ထားခြင်းမျိုးတို့ကို တောင်းခံနေပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်ထံတော်သို့ အော်ဟစ်တောင်းခံသည်မှာ မိမိတို့၏တာဝန်ယူရမှုအသိတရားဖြင့် ဖြည့်ဆည်းထားခြင်းခံရကြပြီး အပြစ်တရားအားလုံးတို့၏အောက်ခြေတွင်သာ မိမိတို့ကိုယ်ကိုထားရှိထားခဲ့ကာ မိမိတို့ကိုယ်ကိုသာ ဆည်းကပ်ကိုးကွယ်ကြသည့် နှလုံးသားတို့ကို အပြီးအပိုင်စွန့်လွှတ်စတေးခဲ့ကြသောသူများ၊ ဘုရားသခင်၏အမှုတော်အတွက် မိမိတို့ကိုယ်ကိုမငြွင်းမချန်၊ အရာ၌ခန့်ထားရန်သဘောတူကြသည့်အပြင် မိမိတို့၏အသက်ဝိညာဉ်တို့သည် အမှုတော်၏အထွတ်အမြတ်ဖြစ်မှုနှင့် မိမိတို့လုပ်ဆောင်ရမည့်အလုပ်အကိုင်ဆိုင်ရာ တာဝန်ယူရမှုအတွက် ရှင်သန်မှုရှိကြသည့်သူများ၊ မိမိတို့အား ကြိုးပမ်းအားထုတ်မှုရော၊ ဆုတောင်းခြင်းကိုပါ ဆုံးရှုံးမှုရှိစေသည့် ချို့ယွင်းမှုရှိသောဆက်ကပ်အပ်နှံမှုမျိုးကို ဘုရားသခင်ထံတော်သို့မယူဆောင်လာမိရန် ဆုံးဖြတ်ချက်ချခဲ့ကြသည့် စေတမန်တော်တို့ကိုနှိုးဆော်ပြီး စေလွှတ်ပေးသနားတော်မူပါဟူ၍ဖြစ်ပါသည်။

ဘုရားမဲ့တရားမဲ့ဝါဒီများဖြစ်ကြသော တိတ္တိလူတို့အတွင်း၊ သာသနာပြုခြင်းလုပ်ငန်းတွင် အောင်မြင်မှုရရှိရေးကြိုးပမ်းအားထုတ်မှုနှင့်ပတ်သက်သည့် ဖြစ်နိုင်ခြေရှိမည့်အကြောင်းအရာတို့ကိုဆွေးနွေးနေကြသည့် ခရစ်ယာန်ဘာသာဝင်များ အစုအဖွဲ့တစ်ခုသို့၊ ဝယ်(လ်)လင်တန်မြို့စားကြီးက တစ်ကြိမ်တက်ရောက်ခဲ့ဖူးပါသည်။ ထိုသူတို့က ဤကဲ့သို့သော သာသနာပြုခြင်းဆိုင်ရာကြိုးပမ်းမှုမျိုးများတို့သည် ပေးဆပ်ရမှုနှင့်အချိုးကိုက်ညီသောအောင်မြင်မှုမျိုးတစ်ခုခုကို ဖော်ထုတ်ပြသနိုင်ဖွယ်ရှိနိုင်၊ မရှိနိုင်ဆိုခြင်းအတွက် မြို့စားကြီး၏ထင်မြင်ချက်ကို ပန်ကြားခဲ့ကြပါသည်။ စစ်သားအိုကြီးဖြစ်သူမြို့စားကြီးက–

"လူကြီးမင်းများခင်ဗျား၊ လူကြီးမင်းတို့ရဲ့ ရှေ့ကိုချီတက်ရမယ့်အမိန့်တွေဟာဘာတွေလဲ။ အောင်မြင်ရေးဆိုတဲ့အချက်ဟာ လူကြီးမင်းတို့ဆွေးနွေးရမယ့်မေးခွန်းမဟုတ်ပါဘူး။ ခင်ဗျားတို့အတွက် အဲဒီအမိန့်တွေကို ကျွန်တော့်အနေနဲ့ မှန်ကန်စွာဖတ်ပြရမယ်ဆိုရင်၊ (မာကု ၁၆း၁၅) မှာဖော်ပြထားတဲ့ "သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့" ဆိုတဲ့အတိုင်းဖတ်ရမှာပဲ။ လူကြီးမင်းများခင်ဗျား၊ လူကြီးမင်းတို့ရဲ့ရှေ့ကိုချီတက်ရမယ့်အမိန့်တွေကို နာခံလိုက်လျှောက်ကြပါ" ဟူ၍ ပြန်လည်ဖြေကြားပေးခဲ့ပါသည်။

ကျွန်ုပ်၏ညီအစ်ကိုတော်များခင်ဗျား၊ သခင်ဘုရားသည် ကြွလာတော်မူရန်ရှိသည်အလျောက် ကျွန်ုပ်တို့မျက်မှောက်ပြုနေရကြသည့် အလုပ်ပြီးမြောက်ရေးတွင်၊ စွမ်းအင်တိုင်းတို့ကို ကျွန်ုပ်တို့က တိမ်းညွတ်ပေးကြရန်လိုအပ်ပါသည်။ အမှုတော်တွင် သင်တို့ကိုယ်ကို လုံးလုံးလျားလျားပေးအပ်ကြရန်အတွက် သင်တို့အားအကျွန်ုပ်ပန်ကြားအပ်ပါသည်။ လူသားများတို့၏အကျိုးခံစားရမှုနှင့် ကောင်းချီးမင်္ဂလာခံစားရကြရေးဆောင်ရွက်မှုအတွက် သခင်ခရစ်တော်သည် သူ၏အချိန်၊ သူ၏စိတ်ဝိညာဉ်နှင့်သူ၏ခွန်အားတော်တို့ကို ပေးဆပ်တော်မူခဲ့ပါသည်။ သူ၏နေ့ရက်များအားလုံးတို့ကို အမှုတော်ဆောင်ရွက်ခြင်းတွင် ဆက်ကပ်မြှုပ်နှံပေးထားတော်မူခဲ့ပြီး၊ ညဖက်အချိန်အားလုံးတို့ကို ဆုတောင်းခြင်းတွင် အသုံးချတော်မူခဲ့ခြင်းဖြင့် သက်သာရာရရေးအတွက် သူ၏ထံတော်သို့လာရောက်ခဲ့ကြသောသူတို့ကို ကူညီတော်မူရေးတွင် ခိုင်ခံ့မှုရှိရန်နှင့်ရန်သူနှင့်ရင်ဆိုင်ရသောအခါတွင်လည်း တောင့်ခံထားတော်မူနိုင်မည်ဖြစ်ပါသည်။ အသက်စမ်းရေထွက်ရှိရာဖြစ်သော စိမ်းလန်းစိုပြည်သည့်တောတန်းအတိုင်း ၎င်းအသက်စမ်းရေချောင်းငယ်ကလေးတစ်ခုကို ကျွန်ုပ်တို့ကခြေရာခံပြီး ဇာစ်မြစ်ကိုလိုက်ကြသည်အလျောက် သူ၏



ခြေလှမ်းတော်တိုင်းတို့ဖြင့် သူ၏လမ်းသွယ်တော်ကို ပေါ်လွင်ထင်ရှားစေတော်မူသောကရုဏာတော်၏လုပ်ဆောင်ချက်များတွင် သခင်ခရစ်တော်ကို ကျွန်ုပ်တို့ကတွေ့မြင်ရကြမည်ဖြစ်ပါသည်။ သူသွားတော်မူခဲ့သောနေရာတိုင်းတို့တွင် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို များပြားစွာလုပ်ဆောင်တော်မူခဲ့ပြီး၊ သူဖြတ်သန်းသွားတော်မူလေရာရာ၌ ရွှင်လန်းဝမ်းမြောက်ခြင်းတို့သည် ကပ်လျက်ပါလာခဲ့ကြပါသည်။ ကလေးသူငယ်များနားလည်နိုင်လောက်ကြသည်အထိ အသက်တာဆိုင်ရာနှုတ်တော်ထွက်တို့ကို အရိုးရှင်းဆုံးသောစကားလုံးများတို့ဖြင့် ဟောကြားမိန့်တော်မူခဲ့ပါသည်။ လူငယ်လူရွယ်တို့သည် အကူအညီလိုအပ်နေကြသောသူတို့အား ကူညီပေးကြခြင်းဖြင့် သခင်ခရစ်တော်၏အမှုတော်ဆောင်ခြင်းဆိုင်ရာ စိတ်သဘောတော်ကို အမိအရ ရယူနိုင်ခဲ့ကြသည့်အပြင်၊ သူ၏ကျေးဇူးပြုတတ်သော သဘောဆောင်သည့်နည်းလမ်းတော်များအတိုင်း ပုံတူကူးချရန်ကြိုးပမ်းရယူခဲ့ကြရာရောက်ပါသည်။ သူ၏ရှိနေတော်မူခြင်းတွင် မျက်မမြင်နှင့်နားမကြားသူများတို့သည် ရွှင်လန်းဝမ်းမြောက်ခဲ့ကြပါသည်။ ပညာမဲ့သောသူများနှင့် အကုသိုလ်များသောသူတို့အား မိန့်တော်မူခဲ့သော သူ၏နှုတ်တော်ထွက်များတို့သည် ထိုသူတို့အားအသက်စမ်းရေတွင်းကိုဖွင့်လှစ်ပေးခဲ့ပါသည်။ ထာဝရကာလအတွက် သိုလှောင်ထားပြီးသားကြွယ်ဝမှုများဖြစ်သည့် သခင်ခရစ်တော်၌ပေးအပ်ထားတော်မူပြီးသည့်၊ ဖခမည်းတော်က လူသားတို့အားပေးအပ်တော်မူသည့် ဆုကျေးဇူးတော်ဖြစ်သည့် ကောင်းချီးမင်္ဂလာတော်များတို့ကို သူကအလျှံပယ်နှင့်စဉ်ဆက်မပြတ်ဖြင့် ဝေမျှပေးတော်မူခဲ့ပါသည်။

ဘုရားသခင်အတွက် အမှုတော်ဆောင်များတို့အနေဖြင့် မိမိတို့ကိုယ်ကိုပိုင်ဆိုင်နေကြသည်မဟုတ်သကဲ့သို့ သူတို့သည် မည်သူမည်ဝါဖြစ်ကြသည်ဆိုခြင်းကို ခွဲခြားရွေးထုတ်နိုင်သည့်တံဆိပ်ခေါင်းနှင့် တရားဝင်တံဆိပ်အမှတ်အသားတို့ကို သူတို့၏ကိုယ်၌တို့တွင် ကပ်နှိပ်ထားပြီးဖြစ်သည်ဆိုခြင်းကို သိရှိခံစားထားသင့်ကြပါသည်။ သူတို့အနေဖြင့် ခရစ်တော်၏အသက်စွန့်ဆက်ကပ်တော်မူသည့်အသွေးတော်ဖြင့် ပက်ဖျန်းခြင်းခံကြရန်လိုအပ်ပြီး၊ ဘုရားအတွက်လုံးဝဥသုံသောအရာမြောက်ခြင်းစိတ်ဓာတ်တို့တွင် သခင်ခရစ်တော်၏ကျေးဇူးတော်အားဖြင့် သူတို့သည် ရှင်သန်နေကြသောယဇ်ကောင်များအဖြစ်ဖြင့် ရှိနေရကြမည်ဆိုခြင်းကို ဆုံးဖြတ်ရကြပါမည်။ အစဦးကာလကတည်းက ဘုရားသခင်၏စိတ်သဘောတော်တွင် စီစဉ်တော်မူခဲ့သည့်အစီအစဉ်ဖြစ်သည်အလျောက်၊ ကောင်းကင်ဘုံဆိုင်ရာ စကြဝဠာကြီး၏ရှုမြင်ခြင်းခံခဲ့ရသည့် အလင်းထဲမှအပြစ်သားများတို့၏ ကယ်တင်ခြင်းအစီအစဉ်တော်ကို နည်းပါးလှသောအရေအတွက်ဖြင့် ကျွန်ုပ်တို့

အလေးထားနေကြပါသည်။ ဤတည်ငြိမ်ခန့်ညားလှသော အပြီးသတ်အမှုတော်လုပ်ငန်းတွင် နည်းပါးလှစွာသောအရေအတွက်ဖြင့် ကျွန်ုပ်တို့သည် ကယ်တင်တော်မူသောအရှင်နှင့်ရင်းနှီးပွင့်လင်းစွာဆွေးနွေးပြောဆိုနေကြပါသည်။ လုံခြုံမှုမရှိကြသေးသည့် အသက်ဝိညာဉ်များတို့အတွက် ထားရှိသင့်သည့်သနားခြင်းကရုဏာ၏ ဆယ်ပုံတစ်ပုံမျှသောအတိုင်းအတာပမာဏကိုပင် အနိုင်နိုင်ထားနေကြပါသည်။ အထူးများပြားလှစွာသောသူတို့အား သတိပေးရမည့်အပြင်၊ အသက်ဝိညာဉ်တို့ကို သခင်ခရစ်တော်၏ထံတော်သို့ ရယူပို့ဆောင်ပေးရေးအမြင်မျိုးသာရှိရုံမျှဖြင့် ဘုရားသခင်နှင့်အတူ လုံလောက်သောစာနာထောက်ထားမှု တစ်စုံတစ်ရာ၊ သို့မဟုတ် လုံးဝမရှိသောလူမျိုး ကျွန်ုပ်တို့တွင် အထူးနည်းပါးစွာရှိနေကြပါသည်။

ဧလိယသည် ဧလိရှဲနှင့်ခွဲခွာရတော့မည့်အချိန်ရောက်ရှိခဲ့သောအခါ၊ (၄ရာ ၂း၉) တွင်ဖော်ပြထားသည့်၊ ". . . သင်နှင့်ငါမကွာမီ ငါ၌တစ်စုံတစ်ခုသောဆုကို တောင်းလော့ဟု ဧလိရှဲအားဆိုလျှင်၊ ဧလိရှဲက ကိုယ်တော်ဝိညာဉ်နှစ်ဆသောအဖို့ကို အကျွန်ုပ်အပေါ်မှာရှိပါစေသောဟုတောင်းသော်" အတိုင်း ဧလိယ၏အမေးကို ဧလိရှဲက ပြန်လည်ဖြေကြားခဲ့ပါသည်။ ဧလိရှဲအနေဖြင့် ကမ္ဘာမြေကြီးပေါ်ရှိ ကြီးကျယ်လှသောလူသားတို့၏အလယ်တွင် လောကီဆိုင်ရာဂုဏ်ထူးအရှိန်အဝါတစ်နေရာစာကိုမျှ တောင်းခံခဲ့ခြင်းမရှိပါ။ သူအငမ်းမရတောင်းခံခဲ့သည်မှာ ရှင်သန်မှုအနေအထားပြောင်းလဲသွားမှု (ဘဝပြောင်းမှု) အားဖြင့် ဘုရားသခင်က ဂုဏ်ပြုတော်မူရန်ရှိခဲ့သူ ဧလိယအားပေးတော်မူခဲ့သည့် ကြီးမားသောဝိညာဉ်ဝေစုအဖို့ကိုသာ တောင်းခံခဲ့ပါသည်။ သူလုပ်ကိုင်လိုသောဆန္ဒရှိသည့်အလုပ်မျိုးနှင့် အံဝင်မှုရှိသောမည်သည့်အရာမျှမရှိနိုင်သည်ကို သူသိရှိခဲ့ပါသည်။

ဧဝံဂေလိတရားတော်၏အမှုတော်ဆောင်များတို့ခင်ဗျား၊ ဤမေးခွန်းကိုသင်တို့အားမေးလာပါက သင်တို့အနေဖြင့် မည်ကဲ့သို့ဖြေကြားကြမည်နည်း။ ၎င်းမေးခွန်းမှာ၊ ဘုရားသခင်၏အမှုတော်တွင် သင်တို့အနေဖြင့်ပါဝင်ဆောင်ရွက်ကြသည်အလျောက် သင်၏စိတ်နှလုံးမှ အကြီးမားဆုံးသောလိုအင်ဆန္ဒမှာ အဘယ်အရာနည်းဟူ၍ဖြစ်ပါသည်။

## လိမ္မာပါးနပ်မှု

အသက်ဝိညာဉ်တို့ကိုရယူနိုင်ရေးလုပ်ဆောင်မှုတွင် ကြီးမားသောလိမ္မာပါးနပ်မှုနှင့် ဉာဏ်ပညာကြွယ်ဝမှုတို့လိုအပ်လှပါသည်။ ကယ်တင်တော်မူသောအရှင်အနေဖြင့်



သမ္မာတရားတော်ကို မည်သည့်အခါမျှ လူမသိသူမသိဖြစ်အောင် ဖုံးဖိထိန်းချုပ်တော်မမူပါသော်လည်း သူသည် ၎င်းသမ္မာတရားတော်ကို ချစ်ခြင်းမေတ္တာတော်တွင် အစဉ်အမြဲထုတ်ဖော်ပြောဆိုပြသတော်မူခဲ့ပါသည်။ အခြားသောသူတို့နှင့် သူ၏ထိတွေ့ဆက်ဆံတော်မူခြင်းတွင် သူသည် အကြီးကျယ်ဆုံးသောလိမ္မာပါးနပ်မှုကို လေ့ကျင့်သင်ကြားပေးတော်မူခဲ့သည့်အပြင်၊ သူသည် ကြင်နာသနားခြင်းနှင့် လေးနက်လှသည့်တွေးတောဆင်ခြင်မှုမျိုးတို့ဖြင့် အစဉ်အမြဲကျင့်ကြံတော်မူခဲ့ပါသည်။ သူသည် မည်သည့်အခါမျှ ရုန့်ရင်းကြမ်းတမ်းခြင်းရှိတော်မမူခဲ့သည့်အပြင်၊ တစ်စုံတစ်ရာသော တင်းမာသည့်စကားတစ်ခွန်းတလေကိုမျှ မလိုအပ်ဘဲပြောဆိုတော်မူခဲ့ခြင်းမရှိခဲ့သကဲ့သို့ ဆတ်ဆတ်ထိမခံတတ်သောလူတစ်ဦးတစ်ယောက်ကိုမျှ မလိုလားအပ်သောနာကျင်ခံစားမှုမျိုးကို ပေးတော်မမူခဲ့ပါ။ လူသား၏အားနည်းချက်ကို သူသည် ပြင်းပြင်းထန်ထန်ဖြင့် ဝေဖန်ပြောဆိုတော်မူခဲ့ခြင်းမရှိပါ။ သူတော်ကောင်းယောင်ဆောင်သူများ၊ မယုံကြည်သူများနှင့်ဆိုးညစ်သောသူများတို့အား အကြောက်အရွံ့ကင်းမဲ့စွာဖြင့် ရှုတ်ချပြောဆိုတော်မူခဲ့သော်လည်း ပစ်ပစ်ခါခါပြစ်တင်ဆုံးမတော်မူသော သူ၏ပြောကြားသံများတို့တွင် မျက်ရည်များတို့ဖြင့် ရောပြွန်းနေခဲ့ပါသည်။ သူသည် သမ္မာတရားတော်ကို ကြမ်းကြုတ်သောအနေအထားဆီသို့ မည်သည့်အခါမျှ မရောက်ရှိစေခဲ့သကဲ့သို့၊ လူသားမျိုးနွယ်တို့အတွက် နက်ရှိုင်းလှသည့်ကြင်နာသနားတတ်မှုမျိုးကို အစဉ်အမြဲထင်ရှားတော်မူစေခဲ့ပါသည်။ သူ၏ရှုမြင်တော်မူခြင်းတွင် အသက်ဝိညာဉ်တိုင်းသည် အဖိုးထိုက်မှုရှိပါသည်။ သူသည် မိမိကိုယ်တော်တိုင် ဘုန်းတော်ရှင်၏ဂုဏ်သိက္ခာတော်ဖြင့် သယ်ပိုးတော်မူခဲ့သော်လည်း၊ သူသည် နူးညံ့သိမ်မွေ့ဆုံးသောသနားခြင်းကရုဏာဖြင့် လိုက်လျောပေးတော်မူခဲ့ပြီး၊ ဘုရားသခင်၏မိသားစုဝင်တိုင်းတို့အပေါ် အလေးထားတော်မူခဲ့ပါသည်။ သူ၏အထူးတာဝန်အရ၊ ကယ်ဆယ်တော်မူရမည့် အသက်ဝိညာဉ်များတို့ကို မက်မောတော်မူခဲ့ပါသည်။

## ရှင်ပေါလု၏သမ္မာသတိရှိမှု

အမှုတော်ဆောင်သည် တစ်စုံတစ်ရာသောအခါအခွင့်ကြုံဆုံမှုနှင့် ကြုံကြိုက်မှုရှိသောအခါတိုင်းတို့တွင် မယုံကြည်သူတို့အား သမ္မာတရားတော်တစ်ခုလုံးကို ပြောကြားအသိပေးရမည်ဆိုသည့်အချက်ကို နှလုံးသွင်းရမည်မဟုတ်ပါ။ သူ့အနေဖြင့် မည်သည့်အချိန်တွင်ပြောဆိုရမည်၊ မည်သည့်အကြောင်းအရာကိုပြောဆိုရမည်နှင့် မည်သည့်မပြော

သင့်မပြောထိုက်သည့်စကားမျိုးကို ထည့်မပြောဘဲချန်ထားရမည်ဆိုခြင်းတို့ကို လေ့လာသင်ယူရမည်ဖြစ်သည်။ ဤလုပ်ရပ်သည် လိမ်လည်လှည့်ဖြားခြင်းအပြုအမူကို ကျင့်သုံးခြင်းမဟုတ်ဘဲ ရှင်ပေါလုဆောင်ရွက်ခဲ့သကဲ့သို့သာ လုပ်ဆောင်နေခြင်းဖြစ်ပါသည်။ ရှင်ပေါလု၏ကောရိန်သုအသင်းတော်ထံသို့ရေးသားပေးပို့ခဲ့သောစာကို (၁ကော ၉း၁၉–၂၂) တွင်၊ "ငါသည် အဘယ်သူ၏ကျွန်မဖြစ်သော်လည်း သာ၍များသောသူတို့ကို ရခြင်းအလိုငှာ လူတကာတို့၏ကျွန်ခံရ၏။ ယုဒလူတို့ကိုရခြင်းအလိုငှာ ယုဒလူတို့၌ ယုဒလူကဲ့သို့ဖြစ်၏။ ပညတ်တရားကို ကိုယ်တိုင်မဆည်းကပ်သော်လည်း၊ ပညတ်တရားကိုဆည်းကပ်သောသူတို့ကိုရခြင်းအလိုငှာ ပညတ်တရားကိုဆည်းကပ်သောသူတို့၌ ပညတ်တရားကိုကျင့်သောသူကဲ့သို့ဖြစ်၏။ ဘုရားသခင့်ရှေ့တော်၌ တရားမဲ့မနေ၊ ခရစ်တော်၏တရားကိုကျင့်သောသူဖြစ်သော်လည်း ပညတ်တရားမဲ့သောသူတို့ကိုရခြင်းအလိုငှာ ပညတ်တရားမဲ့သောသူတို့၌ ပညတ်တရားမဲ့သောသူကဲ့သို့ဖြစ်၏။ အားနည်းသောသူတို့ကိုရခြင်းအလိုငှာ အားနည်းသောသူတို့၌ အားနည်းသောသူကဲ့သို့ဖြစ်၏။ အချို့သောသူတို့ကို တစ်စုံတစ်ခုသောအမှုအရာအားဖြင့် ကယ်တင်ခြင်းအလိုငှာ၊ ခပ်သိမ်းသောသူတို့၌ ခပ်သိမ်းသောအရာဖြစ်၏" ဟူ၍ တွေ့ရှိရပါသည်။

ယုဒလူမျိုးတို့ကိုချဉ်းကပ်ခဲ့ရာတွင် ရှင်ပေါလုသည် သူတို့၏မလိုမုန်းထားမှုများတို့ကို နိုးထစေသည့်နည်းလမ်းမျိုးကို မကျင့်သုံးခဲ့ပါ။ သူတို့အနေဖြင့် နာဇရက်မြို့သားသခင်ယေရှုအား ယုံကြည်ခြင်းရှိရမည်ဆိုသည့်စကားမျိုးကို အဦးဆုံးစတင်ပြောဆိုခဲ့ခြင်းမရှိပါသော်လည်း သခင်ခရစ်တော်အကြောင်း၊ သူ၏အထူးတာဝန်ထမ်းဆောင်ရမှုနှင့် လုပ်ဆောင်မှုများအကြောင်းကို ကြိုတင်ဟောကြားထားသည့်အနာဂတ္တိစကားအပေါ်တွင် မူတည်အခြေပြုဟောကြားပြောဆိုခဲ့ပါသည်။ သူသည် နာကြားကြသောသူတို့အား တစ်ဆင့်ပြီးတစ်ဆင့် သွေးဆောင်ခေါ်ယူသွားခဲ့ရင်း၊ ဘုရားသခင်၏ပညတ်တရားတော်ကိုချီးမြှောက်ခြင်း၏အရေးပါမှုကို ပြသခဲ့ပါသည်။ ယုဒလူမျိုးတို့၏စီးပွားရေးနှင့်ပူဇော်ဆက်ကပ်ခြင်းဝတ်တို့ကို ပြဋ္ဌာန်းတော်မူခဲ့သည့် သခင်ခရစ်တော်ကိုညွှန်းပြသည့်အနေဖြင့် ရှင်ပေါလုသည် ဝိနည်းအထုံးအဖွဲ့ကိုချီးမြှောက်သင့်သောအရာအဖြစ်ပြသခဲ့ပါသည်။ ထို့နောက်တွင် ရှင်ပေါလုသည် ယုဒလူမျိုးတို့အား ကယ်ချွတ်ရှင်၏ပထမပေါ်ထွန်းလာခဲ့မှုအကြောင်းဆီသို့ ဆွဲခေါ်သွားခဲ့ပြီးနောက် သခင်ခရစ်တော်၏အသက်တာနှင့်သေဆုံးတော်မူခြင်းတွင် ဆက်ကပ်ပူဇော်ခြင်းဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်တိုင်းတို့သည် ပြည့်စုံသွားခဲ့ပြီဆိုသည့်အကြောင်းကို ပြသအသိပေးခဲ့ပါသည်။



သခင်ခရစ်တော်ကိုအလေးအမြတ်ထားခြင်းဖြင့် တစ်ပါးအမျိုးသားတို့ကိုချဉ်းကပ်ပြီးနောက် သူတို့အားပညတ်တရားတော်ဆိုင်ရာ လိုက်လျှောက်ရမည့်အချက်တို့ကို ပေးကမ်းခဲ့ပါသည်။ ကရာနိကုန်းပေါ်ရှိ ကပ်တိုင်တော်အားဖြင့် ရောင်ပြန်ဟပ်ပေးခဲ့သည့်အလင်းတော်သည် ယုဒလူမျိုးတစ်ရပ်လုံးတို့၏စီးပွားရေးအတွက် အရေးပါမှုနှင့် ဂုဏ်အသရေတင့်တယ်မှုတို့ကို မည်ကဲ့သို့ပေးအပ်ခဲ့သည်ဆိုခြင်းကိုပါ ရှင်ပေါလုက ပြသပေးခဲ့ပါသေးသည်။

ဤကဲ့သို့သောနည်းလမ်းအားဖြင့် တမန်တော်ကြီးရှင်ပေါလုသည် သူ၏လုပ်ဆောင်ခြင်းဆိုင်ရာအပြုအမူ၏အပြောင်းအလဲကိုပြသခဲ့ပြီး၊ သူရောက်ရှိနေခဲ့သည့်နေရာဒေသ၏ပတ်ဝန်းကျင်အခြေအနေများတို့၏အောက်တွင် သူ၏သတင်းစကားကို ပုံဖော်ခဲ့ပါသည်။ သူ၏စိတ်ရှည်သည်းခံသည့် လုပ်ဆောင်ခဲ့မှု၏နောက်ပိုင်းတွင် သူသည် ကြီးမားလှသောပမာဏဖြင့် အောင်မြင်မှုရရှိခဲ့သည့်တိုင် ယုံကြည်ခြင်းသို့မရောက်ရှိကြသောသူ အများအပြားရှိခဲ့ပါသေးသည်။ ယခုခေတ်ကာလတွင် အချို့သောသူတို့သည် တစ်စုံတစ်ရာသောနည်းလမ်းဖြင့် သမ္မာတရားတော်အကြောင်းကို သူတို့အားပြောကြားပေးသည့်တိုင် ယုံကြည်ခြင်းသို့ရောက်ရှိကြခြင်းမရှိသည့်အလျောက်၊ ဘုရားသခင်အတွက် လုပ်ဆောင်သောသူသည် အကောင်းဆုံးသောနည်းလမ်းများတို့ကို အသေအချာလေ့လာသင်ယူခြင်းဖြင့် သူသည် မလိုမုန်းထားမှု၊ သို့မဟုတ် ရန်လိုတိုက်ခိုက်မှုအနေအထားသို့ရောက်ရှိစေသည့်အခြေအနေမျိုးကို နှိုးဆွဖြစ်ပေါ်စေမည်မဟုတ်ပါ။ ဤအနေအထားမျိုးဖြင့် ကျရှုံးသွားခဲ့သူအချို့ရှိပါသည်။ သူတို့၏ပင်ကိုအထုံဝါသနာများ၏နောက်သို့လိုက်ပါသွားကြခြင်းဖြင့် သူတို့သည် ခြားနားသောလုပ်ဆောင်မှုနည်းစနစ်တစ်ခုခုဖြင့် စိတ်နှလုံးများဆီသို့ ထို့အပြင်၊ သူတို့မှတစ်ဆင့် အခြားသောသူတို့၏နှလုံးသားများဆီသို့ရောက်ရှိသွားစေသည့် ချဉ်းကပ်လမ်းကိုတွေ့ရှိစေသည့်တံခါးပေါက်များတို့ကို ပိတ်ပစ်ကြရာရောက်ပါသည်။

ဘုရားသခင်၏လုပ်သားများတို့သည် ဘက်ပေါင်းစုံအရည်အချင်းမျိုးရှိကြခြင်းအားဖြင့် အကျင့်စရိုက်တွင် ကျယ်ဝန်းမှုရှိရကြပါမည်။ သူတို့သည် တစ်လမ်းသွားတွေးတောကြံဆမှုရှိသူများမဖြစ်ရကြဘဲ သူတို့၏လုပ်ဆောင်မှုအပြုအမူတို့တွင် ပုံသေကားကျပုံစံမျိုးမရှိရကြမည့်အပြင်၊ သမ္မာတရားတော်အတွက် သူတို့၏ထောက်ခံပြောဆိုမှုသည် သူတို့လုပ်ကိုင်ဆောင်ရွက်နေကြသည့် အဝန်းအဝိုင်းတွင်ရှိနေကြသည့် လူတို့၏အရည်အသွေးအဆင့်အတန်းတို့အပြင် သူတို့ရင်ဆိုင်ကြုံတွေ့ရကြမည့်ပတ်ဝန်းကျင်

အခြေအနေများတို့နှင့် ကွဲပြားခြားနားမှုရှိနေသည်ဆိုခြင်းကို မြင်တွေ့နိုင်စွမ်းမရှိသော အနေအထားမျိုးတို့တွင် ရှိမနေသင့်ကြပါ။

အမှုတော်ဆောင်သည် မိတ်ပျက်စေသည့်အနေအထား၊ ခါးသီးမှုနှင့်အတိုက်အခံများတို့နှင့်ကြုံတွေ့နေရသောအခါ၊ သိမ်မွေ့ပါးနပ်သောအနေအထားဖြင့် လုပ်ဆောင်ရန်လိုအပ်ပါသည်။ သူသည် အခြားသောသူတို့ထက် (ယာကုပ် ၃း၁၇) တွင်ဖော်ပြထားသည့် "ရှေးဦးစွာစင်ကြယ်၏။ ထိုမှတစ်ပါး၊ အသင့်အတင့်နေတတ်၏။ ဖြည်းညင်းသောသဘောရှိ၏။ သွေးဆောင်လွယ်၏။ ကရုဏာနှင့်လည်းကောင်း၊ ကောင်းကျိုးနှင့်လည်းကောင်း ပြည့်စုံ၏။ လျစ်လျူသောစိတ်ရှိ၏။ လျှို့ဝှက်ခြင်းနှင့်ကင်းစင်၏" ဆိုသည့်ဉာဏ်ပညာမျိုးလိုအပ်ပါသည်။ နှင်းစက်နှင်းပေါက်များနှင့် တည်ငြိမ်မှုရှိသည့် ရေပန်းများတို့သည် ညှိုးနွမ်းနေကြသည့်အပင်များအပေါ် နူးညံ့သိမ်မွေ့စွာကျရောက်နေကြသကဲ့သို့ သမ္မာတရားတော်အကြောင်းကို သူကြွေးကြော်သောအခါ၊ သူ၏နှုတ်ထွက်စကားလုံးများတို့သည်လည်း နူးညံ့သိမ်မွေ့သည့်အနေအထားမျိုးဖြင့် ထွက်ပေါ်လာပါလိမ့်မည်ဖြစ်သည်။ သူ့အနေဖြင့် အသက်ဝိညာဉ်တို့ကိုတိုက်ထုတ်ပစ်ရန်မဟုတ်ဘဲ၊ ရယူရန်ဖြစ်ပါသည်။ ပြဿနာတို့ကိုရင်ဆိုင်ရာတွင် စည်းမျဉ်းစည်းကမ်းမရှိသောအချိန်တွင် ကျွမ်းကျွမ်းကျင်ကျင်ဖြင့်လုပ်ဆောင်နိုင်ရန်အတွက် သူသည် လေ့လာသင်ယူမှုရှိရမည်ဖြစ်သည်။

များစွာသောအသက်ဝိညာဉ်များတို့သည် မှားယွင်းသောဦးတည်ချက်ထံတွင် မိမိတို့ကိုယ်ကိုအပ်နှံကြသည်နှင့်အညီ လုပ်သား၏အပိုင်းကဏ္ဍတွင် ကျွမ်းကျင်မှုနှင့် ဉာဏ်ပညာခေါင်းပါးမှုကြောင့် ထိုဝိညာဉ်တို့သည် ဘုရားသခင်၏အမှုရေးရာတော်ကို လက်လွှတ်ခဲ့ရကြပါတော့သည်။ ပါးနပ်မှုနှင့်ကောင်းမွန်သောဝေဖန်ပိုင်းခြားနိုင်စွမ်းတို့သည် လုပ်ဆောင်သောသူ၏အရည်အသွေးကို အဆတစ်ရာအထိတိုးတက်လာစေပါသည်။ သူသည် မှန်ကန်သောအချိန်တွင် မှန်ကန်သောစကားကိုပြောဆိုနိုင်သည့်အပြင် မှန်ကန်သောစိတ်သဘောကိုပါ ပြသနိုင်ခြင်းဖြင့် သူကအကူအညီပေးရန် ကြိုးစားနေသောသူ၏စိတ်နှလုံးတွင် ချစ်ချင်စိတ်၊ သနားချင်စိတ်စွမ်းအားတို့ကို ထကြွလာစေမည်ဖြစ်ပါသည်။

## နယ်သစ်ပယ်သစ်များတို့တွင်

နယ်သစ်ပယ်သစ်တစ်ခုအတွင်း လုပ်ကိုင်ဆောင်ရွက်နေစဉ်တွင်၊ ကျွန်တော်တို့ဟာ သတ္တမနေ့မြော်လင့်ခြင်းအသင်းသားတွေဖြစ်တယ်၊ သတ္တမနေ့ရက်ဟာ ဥပုသ်





နေ့ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ယုံကြည်တယ်၊ အသက်ဝိညာဉ်ဆိုတာ ထာဝရရှင်သန်မှုမရှိဘူးဆိုတာကိုပါယုံကြည်တယ် ဆိုသောအပြောမျိုးတို့ကို ထိုဒေသရှိလူတို့အား စစချင်းပြောဆိုရန် သင်၏တာဝန်ဖြစ်သည်ဆိုသည့်အတွေးမျိုးကို မတွေးမိပါစေနှင့်။ ဤကဲ့သို့သောလုပ်ဆောင်မှုသည် သင်နှင့်သင်ကသွားရောက်လိုသောသူတို့၏ စပ်ကြား ဖြိုလောက်သောအတားအဆီးတစ်ခုကို မကြာမကြာတည်ဆောက်ထားသလိုဖြစ်သွားနိုင်ပါသည်။ သင်ကလိုက်လျောပေးနိုင်သော ဩဝါဒဆိုင်ရာအချက်အလက်များတို့အပေါ်အခြေပြုပြီး၊ အခွင့်သာလျှင်သာသလို သူတို့အားပြောပြပေးရပါမည်။ မရှိမဖြစ်လိုအပ်သော လက်တွေ့ကျသည့် ဘုရားဝတ်၌မွေ့လျော်ခြင်းအကြောင်းကို ထပ်တလဲလဲပြောပြပေးပါ။ သူတို့အား သင်သည် ခရစ်ယာန်တစ်ယောက်ဖြစ်ပြီး၊ ငြိမ်သက်ခြင်းချမ်းသာကိုလိုလားကာ သူတို့၏စိတ်ဝိညာဉ်တို့ကိုချစ်ခင်သည့်အကြောင်းကို ပြောပြပေးပါ။ သင်သည် တာဝန်ကိုသိရှိပြီး ကျေပွန်စွာထမ်းဆောင်တတ်သူတစ်ဦးဖြစ်သည်ဆိုခြင်းကို သူတို့အားမြင်တွေ့ကြပါစေ။ ဤသို့အားဖြင့် သင်သည် သူတို့၏စိတ်ကျေနပ်နှစ်သိမ့်မှုကိုရယူနိုင်သည်အလျောက်၊ သင်၏ဩဝါဒပို့ချမှုများအတွက် လုံလောက်သောအချိန်အတိုင်းအတာကို သင်ရရှိလာပေလိမ့်မည်။ စိတ်နှလုံးကိုရယူသိမ်းပိုက်ပြီး၊ မြေဆီမြေနှစ်ကိုကြိုတင်ပြင်ဆင်ထားကာ မျိုးစေ့တို့ကိုကြဲပက်၊ စိုက်ပျိုးပြီးသည်နှင့် သခင်ယေရှုထံတော်၌ရှိနေသော သမ္မာတရားတော်ကို ချစ်ခြင်းမေတ္တာဖြင့် ဖြည့်ဆည်းပေးပါ။

ဉာဏ်ပညာအတွက် ဘုရားသခင်ကိုကြိုးပမ်းရှာဖွေကြသူတို့ကို ဘုရားသခင်က အမှန်တကယ်ကူညီတော်မူမည်ဖြစ်သည်။ ကျွန်ုပ်တို့ထံသို့ အခွင့်အလမ်းများရောက်ရှိလာသည်အထိမစောင့်ဆိုင်းကြဘဲ၊ အခွင့်အလမ်းများတို့ကို ကြိုးပမ်းရှာဖွေရကြမည်ဖြစ်ကာ ကျွန်ုပ်တို့ထံတွင်ရှိနေသည့်မျှော်လင့်ချက်အတွက် အကြောင်းပြချက်တစ်ရပ်ကိုပေးနိုင်ကြရန်အတွက် ကျွန်ုပ်တို့က အမြဲတစေအဆင်သင့်ရှိနေရကြပါမည်။ အကယ်၍ အမှုတော်ဆောင်သည် သူ၏စိတ်နှလုံးအတွင်း ဆုတောင်းခြင်းအရှိန်ကိုမြှင့်တင်ပေးပါက သူသည် မှန်ကန်သောအချိန်တွင် မှန်ကန်သောနှုတ်ထွက်စကားလုံးကိုပြောဆိုနိုင်ရန် ဘုရားသခင်က သူ့အားကူညီတော်မူပါလိမ့်မည်။

အခြားသောသူတို့ကိုပြုပြင်ရန်၊ သို့မဟုတ် ပြောင်းလဲပေးရေးကြိုးပမ်းလုပ်ဆောင်ကြရာတွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏နှုတ်ထွက်စကားလုံးတို့အတွက် အထူးသတိထားဆင်ခြင်ရကြပါမည်။ ၎င်းစကားလုံးတို့သည် အသက်တာတစ်ခုမှတစ်ခုအတွက် ထုံသင်း

ရန့်၊ သို့မဟုတ် သေခြင်းတရားတစ်ခုအပေါ်တစ်ခုသဘောမျိုးတို့ကိုဖော်ဆောင်ပါသည်။ အပြစ်တင်စကား၊ သို့မဟုတ် အကြံပေးစကားတို့ကိုပြောကြားကြရာတွင် အများသော သူတို့သည် ဒဏ်ရာဒဏ်ချက်ဖြင့်ရှိနေသည့်အသက်ဝိညာဉ်ကို ကုစားပေးခြင်းအမှုနှင့် လိုက်ဖက်မှုရှိအောင် ကြိုတင်ပြင်ဆင်ထားခြင်းမရှိသည့် တိုတုတ်ပြီး၊ ပြင်းထန်သည့် စကားပြောဆိုမှုမျိုးတို့ကို ကျူးလွန်တတ်ကြပါသည်။ ဤဆိုးရွားသောအကြံပေးမှုဖြင့် ထွက်ပေါ်လာသောထုတ်ဖော်ပြောဆိုမှုများတို့အားဖြင့် စိတ်နေသဘောထားကိုထုပ္ပ လာအောင်လုပ်ပေးသကဲ့သို့ဖြစ်လာကာ အမှားပြုလုပ်တတ်သူတို့ကို မကြာခဏဆုပ္ပ သောင်းကျန်းလာအောင် လှုံ့ဆော်ပေးသကဲ့သို့ရှိပါသည်။

သမ္မာတရားတော်၏အခြေခံစည်းမျဉ်းစည်းကမ်းတို့အတွက် ထောက်ခံပြောဆို ပေးကြမည့်သူအားလုံးတို့သည် ချစ်ခြင်းမေတ္တာတော်ဆိုင်ရာ ကောင်းကင်ဘုံဘိသိက် ဆီကို လက်ခံရယူထားကြရန်လိုအပ်ကြပါသည်။ အားလုံးသောအပြစ်တင်ပြောဆိုမှု အခြေအနေများတို့၏အောက်တွင် ကျရောက်နေကြချိန်တွင် ချစ်ခြင်းမေတ္တာအားဖြင့် ပြောဆိုရကြပါမည်။ ထို့နောက်တွင် ကျွန်ုပ်တို့၏နှုတ်ထွက်စကားလုံးများတို့သည် ပြောင်းလဲပြုပြင်ခြင်းသို့ရောက်ရှိသွားကြမည်ဖြစ်သော်လည်း စိတ်အနှောင့်အယှက်ဖြစ် စေသည့် ပြောင်းလဲခြင်းမျိုးမဖြစ်ရပါ။ သူ၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သခင် ခရစ်တော်သည် အင်အားနှင့်တန်ခိုးကို ထောက်ပံ့ပေးတော်မူပါလိမ့်မည်။ ဤလုပ်ရပ် သည် သူ၏အလုပ်ဖြစ်တော်မူပါသည်။

## ယဉ်ကျေးသောအပြုအမူ၏တင့်တယ်ခြင်း

သခင်ခရစ်တော်အတွက် လုပ်ကိုင်ဆောင်ရွက်ကြသောသူတို့သည် တည်ကြည် ဖြောင့်မတ်မှုရှိရမည့်အပြင်၊ အခြေခံဥပဒေစည်းမျဉ်းအပေါ် ကျောက်ဆောင်တစ်ခုအလား ခိုင်မြဲကြကာ တစ်ချိန်တည်းတွင် သနားကြင်နာမှုနှင့်ရည်မွန်မှုရှိရကြပါမည်။ ယဉ်ကျေး သောအပြုအမူသည် ဝိညာဉ်တော်၏တင့်တယ်ခြင်းများတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ လူသား၏စိတ်အတွေးများတို့နှင့် ထိတွေ့ဆက်ဆံခြင်းသည် လူသားကိုပေးအပ်ထား သည့် အကြီးမားဆုံးသောတာဝန်ဖြစ်ပြီး စိတ်နှလုံးများထံသို့ရောက်ရှိသွားစေသည့် စကြိုလမ်းဝင်ပေါက်ကိုရှာဖွေမည့်သူသည် (၁ပေ ၃း၈) တွင်ဖော်ပြထားသည့် တရားဝင် အမိန့် "စိတ်ကြင်နာခြင်း၊. . . သနားစုံမက်ခြင်း၊. . . ရှိကြလော့" ဆိုသည့်အချက်



ကို အလေးဂရုပြုရပါမည်။ ငြင်းခုံခြင်းက ဆုံးခန်းတိုင်ပြီးမြောက်အောင်လုပ်ဆောင်ရန် ပျက်ကွက်သောအလုပ်ကို ချစ်ခြင်းမေတ္တာက ဆောင်ရွက်ပေးနိုင်ပါလိမ့်မည်။ သေးငယ် သောကိစ္စရပ်တွင် တိုတောင်းလှသည့်အချိန်အတွင်း လွယ်လွယ်ဖြင့်စိတ်တိုတတ်ပြီး၊ တစ်ခွန်းတလေသော ခပ်ပြတ်ပြတ်ဖြေကြားသံအပြင်၊ ယဉ်ကျေးသိမ်မွေ့သည့်ခရစ်ယာန် အပြုအမူနှင့် ယဉ်ကျေးသောအပြုအမူခေါင်းပါးမှုတို့သည် မိတ်ဆွေများနှင့်ဩဇာအရှိန် အဝါနှစ်ရပ်လုံးတို့ကို လက်လွှတ်ခံရသည့်ရလဒ်မျိုးဖြစ်ပေါ်လာပေလိမ့်မည်။

ဤကမ္ဘာမြေကြီးပေါ်တွင် သခင်ခရစ်တော်မည်သည့်အရာကိုလုပ်ဆောင်တော် မူခဲ့သည်ဆိုခြင်းကို ခရစ်ယာန်လုပ်သားအနေဖြင့် ကြိုးပမ်းလေ့လာကျင့်ကြံသင့်ပါသည်။ သခင်ခရစ်တော်သည် သူ၏အစွန်းအထင်ကင်းစင်သည့် ဖြူစင်သန့်ရှင်းမှုအပြင်၊ သူ၏ စိတ်ရှည်သည်းခံတော်မူခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့် ပင်ကိုစိတ်သဘောအရ စည်းရုံးဆွဲဆောင် မှုရှိခြင်းအရာများတို့တွင် ကျွန်ုပ်တို့၏စံပြနမူနာဖြစ်တော်မူပါသည်။ သူ၏အသက်တာ တော်သည် စစ်မှန်သည့်ယဉ်ကျေးသောအပြုအမူ၏သာဓကပြမှုတစ်ရပ်ဖြစ်ပါသည်။ သူ၏တည်ရှိနေတော်မူခြင်းသည် အိမ်ထောင်မိသားစုအတွင်းသို့ ပိုမိုစင်ကြယ်သည့် လေထုဝန်းကျင်မျိုးကို ဆောင်ယူလာပေးပါသည်။ သူ၏အသက်တာသည် အသင်း အဖွဲ့အတွင်းရှိ ဝတ္ထုပစ္စည်းများအတွင်း လုပ်ကိုင်ဆောင်ရွက်နေသည့် တဆေးအလား ရှိတော်မူခဲ့ပါသည်။ စင်ကြယ်ပြီး၊ ညစ်ထေးခြင်းလုံးဝမရှိသောအနေအထားတော်ဖြင့် သခင်ခရစ်တော်သည် ထောက်ထားစာနာမှုမရှိကြသော၊ ရိုင်းစိုင်းလှသော၊ ရည်မွန်မှု မရှိကြသောသူများ၊ ထို့အပြင် တရားမျှတမှုမရှိကြသောအခွန်ခံများ၊ ဖြောင့်မတ်မှုမရှိ ကြသောရှမာရိလူများ၊ ဘုရားမဲ့တရားမဲ့တိတ္ထိစစ်သည်ရဲမက်များ၊ ကြမ်းတမ်းခက်ထန် သောတောင်သူလယ်သမားများနှင့် ရောထွေးနေထိုင်နေကြသည့် များစွာသောလူအစု အဝေးများတို့အတွင်း သွားလာတော်မူခဲ့ပါသည်။ သူသည် ထိုမှဤမှတို့တွင် ကရုဏာ သက်ခြင်းနှုတ်ထွက်တော်ကို မိန့်တော်မူခဲ့ပါသည်။ ပင်ပန်းနွမ်းနယ်နေသောသူ၊ လေးလံ လှသောဝန်ထုပ်ကိုထမ်းရန် အတင်းအကျပ်ခိုင်းစေခံရသူများတို့ကို တွေ့ရှိတော်မူခဲ့ပါက သူသည် ထိုသူတို့၏ဝန်ထုပ်တို့ကို မျှဝေထမ်းဆောင်တော်မူခဲ့ပြီး၊ သဘာဝတရားမှ သူသင်ကြားရယူတော်မူခဲ့သည့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်၊ သနားကြင်နာ တော်မူခြင်းနှင့်ကောင်းမြတ်တော်မူခြင်းအကြောင်းတို့ကို ထိုသူတို့အား ပြန်လည်အသိပေး မိန့်တော်မူခဲ့ပါသည်။ အကြမ်းတမ်းဆုံးနှင့်အလားအလာအကောင်းဆုံးသောသူတို့အား

မျှော်လင့်ခြင်းအားဖြင့်စေ့ဆော်ပေးရန် ကြိုးပမ်းလုပ်ဆောင်တော်မူခဲ့ပြီး၊ ဘုရားသခင်၏ သားတော်၊ သမီးတော်များအတိုင်း ပြသပေးနိုင်မည့်အကျင့်စရိုက်မျိုးတစ်ရပ်ကို သူတို့ ရယူနိုင်မည့်အာမခံချက်ကို ထိုသူတို့၏ရှေ့မှောက်၌ ချပြတော်မူခဲ့ပါသည်။

စိတ်အတွင်းတွင် အခြားမည်သည့်အရာများကမဆို တင်းမာပြီးကြမ်းတမ်းစေသည့်တိုင်၊ သခင်ယေရှု၏ဒေသနာတော်သည် နူးညံ့ပျော့ပျောင်းမှုရှိစေပြီး အခြား မည်သည့်အရာများကမဆို အမူအကျင့်များတို့ကို ထောက်ညှာမှုကင်းမဲ့ပြီး၊ ကြမ်းထော်မှုရှိစေကြသည့်တိုင် သိမ်မွေ့နူးညံ့စေပါသည်။ ထိုဒေသနာတော်သည် နှုတ်ထွက်စကားတို့ကို သာယာညင်းပျောင်းစေပြီး၊ အောင်မြင်သောကိုယ်နှုတ်အမူအရာကို ရရှိစေပါသည်။ စင်ကြယ်ခြင်းနှင့်ဂုဏ်သိက္ခာဆိုင်ရာမြင့်မားသောအသိတရားကို ပင်ကိုယ်စိတ်၏ရွှင်ပျမှုနှင့် မည်ကဲ့သို့ပေါင်းစပ်ပေးရမည်ဆိုခြင်းကို ကျွန်ုပ်တို့အနေဖြင့် သခင်ခရစ်တော်ထံတော်တွင် သင်ကြားရယူကြပါစို့။ ကြင်နာမှုရှိပြီး၊ ရည်မွန်မှုရှိသောခရစ်ယာန်တစ်ယောက်သည် ခရစ်ယာန်ဘာသာတရား၏ထောက်ခံမှုကို ဖော်ဆောင်ပေးနိုင်သည့် စွမ်းအားအရှိဆုံးသော အကျိုးသင့်အကြောင်းသင့် ဆွေးနွေးနိုင်သူတစ်ယောက်ဖြစ်ပါသည်။

ကြင်နာမှုရှိသောစကားလုံးများတို့သည် အသက်ဝိညာဉ်အပေါ်သို့ နှင်းစက်နှင်းပေါက်များနှင့် နူးညံ့သည့်ရေပန်းပွားများအလား၊ ဖျန်းသွန်းပေးပါသည်။ သခင်ခရစ်တော်အကြောင်းနှင့်ပတ်သက်ပြီး အနာဂတ္တိကျမ်းစကားက သူ၏နှုတ်ခမ်းသားတော်များအပေါ်သို့ တင့်တယ်ခြင်း၏သွန်းဖြိုးမှုကိုခံရသောအခါ၊ သူ့အနေဖြင့် (ဟေရှာယ ၅၀း၄) တွင်ဖော်ပြထားသည့် “ပင်ပန်းသောသူအား မစခြင်းငှာစကားပြောတတ်မည်အကြောင်း. . . လူတတ်၏နှုတ်သတ္တိကို. . . ” အတိုင်းရရှိတော်မူခဲ့ပါသည်။ ထို့အပြင် ထာဝရဘုရားက ကျွန်ုပ်တို့အား (ကောလောသဲ ၄း၆) တွင်ဖော်ပြထားသည့် “သင်တို့စကားသည် . . . အစဉ်မပြတ်တင့်တယ်လျောက်ပတ်ပါစေ” ဆိုသည့်အတိုင်း အပြင်၊ (ဧဖက် ၄း၂၉) တွင်လည်း “. . . ကြားနာသောသူတို့၏အကျိုးကိုပြုစုစေခြင်းငှာ. . . ” ဆိုသည့်အတိုင်း တိုက်တွန်းမိန့်တော်မူခဲ့ပါသည်။

သင်ကဆက်နွယ်ပတ်သက်သောသူအချို့တို့သည် ကြမ်းတမ်းပြီးရည်မွန်မှုမရှိသောအနေအထားတွင် ရှိနေနိုင်ကြမည်ဖြစ်ပြီး၊ ထိုကဲ့သို့သောသူတို့၏အနေအထားများတို့ကြောင့် သင့်အနေဖြင့် သင်၏ကိုယ်ကို ရည်မွန်မှုမလျော့ပါးသွားစေပါနှင့်။ မိမိဂုဏ်သိက္ခာကိုလေးစားထိန်းသိမ်းထားရန် ဆန္ဒရှိသူတစ်ယောက်သည် အခြားသူတို့၏ မိမိဂုဏ်သိက္ခာကိုမိမိလေးစားမှုအပေါ် မလိုလားအပ်သောအနာတရမဖြစ်စေရန် သတိထား



ရပါမည်။ ဤစည်းမျဉ်းစည်းကမ်းသည် မမှားသင့်ဆုံးသောအမှားမျိုးကို အလျော့ပါးစေဆုံးသောအနေအထားမျိုးဆီသို့ ဦးတည်စေရေးအတွက် ထိရောက်သောလိုက်နာမှုမျိုးဖြင့် လိုက်နာသင့်သည့်စည်းမျဉ်းစည်းကမ်းဖြစ်ပါသည်။ သိရှိရသလောက် အလားအလာမကောင်းသောသူများတို့အပေါ် ဘုရားသခင်က မည်ကဲ့သို့လုပ်ဆောင်မည့်ရည်ရွယ်ချက်မျိုးရှိတော်မူသည်ကို သင်မသိရှိရပါ။ ဘုရားသခင်ထံတော်တွင် အလားအလာမကောင်းသော၊ သို့မဟုတ် ဆွဲဆောင်မှုမရှိသောသူတို့ကို သူ့အတွက် ကြီးမားလှသောအလုပ်တစ်ခုကိုလုပ်ဆောင်ကြရန် ရှေးယခင်ကတည်းက သူ၏လက်သင့်ခံထားတော်မူခြင်းခံရကြသောသူများ ရှိနှင့်ထားတော်မူပြီးဖြစ်ပါသည်။ အားမာန်ပါသောလှုပ်ရှားမှုအတွက် နှလုံးသားအပေါ်တွင်လှုပ်ရှားနေသော သူ၏ဝိညာဉ်တော်သည် ဉာဏ်စွမ်းအားတိုင်းကို နှိုးဆွပေးတော်မူပါသည်။ လေပြင်းမုန်တိုင်း၊ အပူဒဏ်နှင့်ဖိအားဒဏ်များတို့အားဖြင့် စမ်းသပ်စစ်ဆေးမှုတွင်ရပ်တည်နိုင်မည့် ကြမ်းတမ်းပြီး၊ ခုတ်ထစ်ဖြတ်တောက်၍မရနိုင်သည့် ကျောက်တုံးများဖြစ်သည့် တန်ဖိုးရှိလှသောပစ္စည်းအဖြစ် ထာဝရဘုရားက မြင်တွေ့တော်မူခဲ့ပါသည်။ လူတစ်ယောက်၏အမြင်မျိုးဖြင့် ဘုရားသခင်က ရှုမြင်တော်မမူပါ။ သူသည် အပြင်ပန်းသွင်ပြင်အားဖြင့် ဆုံးဖြတ်စီရင်တော်မမူဘဲ စိတ်နှလုံးကိုစူးစမ်းရှာဖွေတော်မူပြီး မှန်ကန်စွာဖြင့်ဆုံးဖြတ်စီရင်တော်မူပါသည်။

သခင်ဘုရားဖြစ်သူ သခင်ယေရှုသည် လူတိုင်း၏ရသင့်ရထိုက်သည့်အခွင့်အရေးများအပေါ် ကျွန်ုပ်တို့၏အသိအမှတ်ပြုမှုကို တောင်းခံတော်မူပါသည်။ လူတို့၏လူမှုရေးဆိုင်ရာအခွင့်အရေးများနှင့် ခရစ်ယာန်များကဲ့သို့သော သူတို့၏အခွင့်အရေးများတို့သည် စာနာထောက်ထားရမည့်အနေအထားတွင် ထားရှိရပါမည်။ အားလုံးသောသူတို့သည် ဘုရားသခင်၏သားတော်၊ သမီးတော်များကဲ့သို့ ရည်မွန်မှုနှင့်သိမ်မွေ့နူးညံ့မှုတို့ဖြင့် စောင့်မပြုစုခြင်းခံရသင့်ကြပါသည်။

ခရစ်ယာန်ဘာသာတရားသည် လူတစ်ယောက်အား လူကြီးလူကောင်းတစ်ဦးအဖြစ်သို့ ဖော်ဆောင်ပေးပါသည်။ သခင်ခရစ်တော်သည် ယဉ်ကျေးမွန်ရည်သူဖြစ်တော်မူခဲ့သည်အလျောက်၊ သူ့အားနှိပ်စက်ညှဉ်းပန်းခဲ့သူများဖြစ်သည့်အပြင်၊ သူ၏စစ်မှန်သောနောက်လိုက်တော်တို့သည် တူညီသောစိတ်ဓာတ်မျိုးကို ပြသရကြပါမည်။ အုပ်ချုပ်သူများတို့၏ရှေ့မှောက်သို့ ခေါ်ဆောင်သွားခြင်းခံခဲ့ရသည့် ရှင်ပေါလုကိုလေ့လာကြည့်ပါ။ အဂြိပ္ပမင်းကြီး၏ရှေ့မှောက်တွင် သူ၏ဟောပြောချက်သည် ဆွဲဆောင်မှုရှိသော၊

ကျလောက်သည့်အဟောအပြောမျိုးကဲ့သို့ပင် စစ်မှန်သောယဉ်ကျေးသည့်အပြုအမူ၏ သာဓကတစ်ရပ်ပင်ဖြစ်ခဲ့ပါသည်။ ဧဝံဂေလိတရားတော်သည် ကမ္ဘာလောကကြီးတွင် ခေတ်စားနေသော သမားရိုးကျယဉ်ကျေးသိမ်မွေ့မှုမျိုးကို တိုက်တွန်းအားပေးခြင်းမပြုသော်လည်း၊ နှလုံးသား၏စစ်မှန်သောသနားကြင်နာခြင်းမှစီးဆင်းလာသည့် ယဉ်ကျေးသည့်အပြုအမူမျိုးအပေါ်တွင် တိုက်တွန်းအားပေးမှုရှိပါသည်။

အသက်တာ၏အပြင်ပန်းသင့်တင့်လျောက်ပတ်ခြင်းများအပေါ် အထူးသတိထားအာရုံစိုက်လွန်းခြင်းသည် အလိုမကျမှု၊ ရက်စက်ခက်ထန်သည့်ဆုံးဖြတ်ချက်ချမှုနှင့် လိုက်ဖက်မှုမရှိသောဟောပြောမှုတို့အားလုံးကို ပိတ်ဆို့ထားနိုင်ရန် လုံလောက်မှုမရှိပါ။ ကိုယ်ကျိုးအတ္တကို အရာခပ်သိမ်း၏အထွတ်အထိပ်အဖြစ် သဘောထားသတ်မှတ်ပါက စစ်မှန်သောရည်မွန်မှုသည် မည်သည့်အခါမျှကြာရှည်စွာဖြင့် ထင်ရှားနေမည်မဟုတ်ပါ။ ချစ်ခြင်းမေတ္တာသည် နှလုံးသားအတွင်းတွင် တည်ရှိရပါမည်။ ခရစ်ယာန်စစ်စစ်တစ်ယောက်သည် သူ၏အရှင်သခင်အတွက် သူ၏နက်နဲလှသော နှလုံးသားမှလာသည့်ချစ်ခြင်းမေတ္တာမှနေပြီး အပြုအမူဆိုင်ရာစေ့ဆော်မှုများတို့ကို ငင်ယူသည်သာဖြစ်ပါသည်။ သခင်ခရစ်တော်အတွက် သူ၏ခင်တွယ်မှု၏အရင်းအမြစ်တို့ကိုထုတ်ဖော်ခြင်းဖြင့် သူ၏ညီနောင်သားချင်းထံသို့ ကိုယ်ကျိုးမဖက်သည့်စိတ်ဝင်စားမှုကို စီးဆင်းပေးရပါမည်။ ချစ်ခြင်းမေတ္တာမည်သည် ၎င်းကိုလက်ဝယ်ထားရှိသူအား ပြုမူကျင့်ကြံမှု၏တင့်တယ်ခြင်း၊ ရည်မွန်မှုနှင့်အသရေတင့်တယ်ခြင်းတို့ကို ဖြန့်ဝေပေးပါသည်။ ၎င်းသည် မျက်နှာသွင်ပြင်အနေအထား၏အဓိပ္ပါယ်ကိုဖော်နိုင်သည့် အသိဉာဏ်ကိုပွင့်စေပြီး၊ အသံနေအသံထားကိုထိန်းသိမ်းနိုင်သည့်အပြင် လူသားတစ်ရပ်လုံးတို့ကိုမွမ်းမံပေးပြီး မြှင့်တင်ပေးပါသည်။

## ပြုမူကျင့်ကြံမှုဆိုင်ရာအသေးစိတ်လိုက်နာရမည့်ကျင့်ဝတ်စည်းကမ်း

အထွတ်အမြတ်ဖြစ်သောအရာတို့ကို လက်ကိုင်ထားကြသောသူတို့ထံသို့ ရောက်ရှိလာသောခန့်ညားသည့်အမိန့်တော်မှာ၊ “. . . ထာဝရဘုရား၏အဆောက်အဦတို့ကိုဆောင်ရွက်သောသူတို့၊ သန့်ရှင်းခြင်းရှိကြလော့” (ဟေရှာယ ၅၂း၁၁) ဟူ၍ဖြစ်ပါသည်။ ထာဝရဘုရား၏ယုံကြည်စိတ်ချတော်မူခြင်းခံရပြီး၊ ဂုဏ်ပြုတော်မူခြင်းခံရကြသောသူအားလုံးတို့အပြင် အထူးအမှုတော်တွင်အသုံးတော်ခံရန်အတွက် တာဝန်အပ်နှင်း



ခြင်းခံရကြသောသူတို့သည် စကားအပြောအဆိုနှင့်လုပ်ဆောင်ချက်တို့တွင် အထူးသတိထားသင့်ကြပါသည်။ သူတို့သည် ဖြောင့်မတ်ခြင်းတရားနှင့်စင်ကြယ်သန့်ရှင်းခြင်းအပြင်၊ မှန်ကန်သောအပြောအဆိုတို့အားဖြင့် ဘာသာတရားကိုင်းရှိုင်းကြသူများအဖြစ် ရှိနေသင့်ကြပြီး၊ ဤအနေအထားမျိုးဖြင့်သာလျှင် တဒင်္ဂစုံစမ်းနှောင့်ယှက်ခြင်းတိုင်းတို့အားဖြင့် အသားကျနေကြသော သူတို့၏အပေါင်းအသင်းများတို့ကို ပိုမိုမြင့်မားသောအနေအထားသို့ ဆွဲတင်နိုင်ကြသောသူများ၊ မြဲမြံသောသူများဖြစ်ရကြမည့်အပြင် လေးနက်သည့်ရည်ရွယ်ချက်ရှိကြသည့်သူများ၊ အသက်ဝိညာဉ်တို့ကို သခင်ခရစ်တော်ထံတော်သို့စုစည်းပို့ဆောင်ပေးလိုသည့် အမြင့်ဆုံးသောရည်မှန်းချက်မျိုးရှိကြသည့်သူမျိုးဖြစ်ရကြပါမည်။

စာတန်မာရ်နတ်၏အထူးစုံစမ်းနှောင့်ယှက်ခြင်းများတို့သည် အမှုတော်ဆောင်လုပ်ငန်းကို ဦးတည်တိုက်ခိုက်ခဲ့ပါသည်။ စာတန်မာရ်နတ်အနေဖြင့် အမှုတော်ဆောင်များတို့သည် သာမန်လူသားများမျှသာဖြစ်ကြပြီး၊ သူတို့ကိုယ်၌အားဖြင့် မည်သည့်တင့်တယ်ခြင်း၊ သို့မဟုတ် သန့်ရှင်းမွန်မြတ်ခြင်းတို့ကို ပိုင်ဆိုင်နိုင်ကြခြင်းမရှိသည်ကိုသိရှိနေသည့်အပြင်၊ ဧဝံဂေလိတရား၏ရတနာများတို့သည် မြေထည်အိုးများအတွင်းသို့ ထည့်သွင်းထားခြင်းခံရပြီး ဘုန်းတော်ရှင်၏တန်ခိုးတော်တစ်ခုတည်းကသာ ထိုအိုးများတို့ကို ဂုဏ်အသရေတင့်တယ်ခြင်းအဖြစ်ဆီသို့ လုပ်ဆောင်ပေးနိုင်သည်ဆိုခြင်းကိုပါ စာတန်မာရ်နတ်ကသိရှိနိုင်ပါသည်။ ဘုရားသခင်သည် အသက်ဝိညာဉ်တို့ကို ကယ်တင်ခြင်းအမှုအတွက် အမှုတော်ဆောင်များတို့အား သိက္ခာတင်ပေးတော်မူပြီး၊ ထိုအမှုတော်ဆောင်တို့သည် သူတို့၏အသက်တာများတို့အား ထာဝရအဖခမည်းတော်၏အုပ်စိုးတော်မူခြင်းကို လက်ခံခြင်းတစ်ခုတည်းကသာ သူတို့၏အမှုတော်ကိုလုပ်ကိုင်ဆောင်ရွက်ခြင်းတွင် အောင်မြင်မှုရရှိနိုင်ကြမည်ဆိုခြင်းကိုလည်း စာတန်မာရ်နတ်ကသိရှိနေပါသည်။ ထိုကြောင့်သူသည် သူ၏ထိုးထွင်းတီထွင်ဉာဏ်အားလုံးတို့ဖြင့် ထိုအမှုတော်ဆောင်တို့အား အပြစ်တရားဆီသို့ဦးတည်သွားကြစေရေးကို ကြိုးစားလုပ်ဆောင်နေကာ၊ သူတို့၏ရာထူးဌာနန္တရနှင့်အာဏာတို့သည် သူတို့အားပိုမိုကြီးမားသည့်အကုသိုလ်လွန်ကဲမှုဆီသို့ရောက်ရှိသွားစေသည့် အပြစ်ကျူးလွန်မှုကိုဖြစ်ပေါ်စေသည့်အပြင် အပြစ်ကိုကျူးလွန်ခြင်းအားဖြင့် သူတို့သည် သူတို့ကိုယ်ကို မကောင်းမှု၏အမှုတော်ဆောင်များအဖြစ်သို့ ရောက်ရှိသွားအောင်လုပ်ဆောင်နေကြသည်ကို စာတန်မာရ်နတ်ကသိရှိနေပါသည်။

အမှုတော်ဆောင်လုပ်ငန်းတွင် ဘုရားသခင်၏ခေါ်တော်မူခြင်းခံရကြသောသူတို့အနေဖြင့် သူတို့သည် အမှုတော်ဆောင်ခြင်းလုပ်ငန်းနှင့် အံဝင်ခွင်ကျမှုရှိနေကြသည်ဆိုသည့် သက်သေအထောက်အထားကို သူတို့၏အထွတ်အမြတ်ဖြစ်သော စာရေးခံတွင် ပြသထားရကြပါမည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး ထာဝရဘုရား၏မိန့်တော်မူချက်များတို့ကို ပေတရုက (၁ပေ ၁း၁၅) တွင် ". . . ကျင့်ကြံပြုမူသမျှတို့၌ သန့်ရှင်းခြင်းရှိကြလော့" ဟူ၍လည်းကောင်း၊ (၁တိ ၄း၁၂) တွင် ". . . ယုံကြည်သောသူတို့အား ပုံသက်သေကိုပြကြလော့။" (၁တိ ၄း၁၆) တွင်တစ်ဖန် "ကိုယ်ကိုလည်းကောင်း၊ ကိုယ်ဆုံးမဩဝါဒကိုလည်းကောင်း သတိပြု၍အမြဲတည်နေလော့။ ထိုသို့ပြုလျှင် ကိုယ်ကိုလည်းကောင်း၊ နားထောင်သောသူတို့ကိုလည်းကောင်း ကယ်တင်လိမ့်မည်" ဟူ၍ ရှင်ပေါလုကပြောကြားခဲ့ပြီ။ တစ်ဖန်ရှင်ပေတရုက (၁ပေ ၄း၇) တွင်တစ်ဖန် "ခပ်သိမ်းသောအမှုအရာတို့သည် အဆုံးသို့ရောက်လုသည်ဖြစ်သောကြောင့်သမ္မာသတိရှိကြလော့။ ဆုတောင်းခြင်းအလိုငှာစောင့်နေကြလော့" ဟူ၍ ပြောပြထားပါသည်။

ပြုမူကျင့်ကြံမှု၏စင်ကြယ်ခြင်းနှင့် ရည်မွန်မှုအကြောင်းခြင်းရာသည် ကျွန်ုပ်တို့က အလေးဂရုပြုရမည့်အချက်တစ်ခုဖြစ်ပါသည်။ ကိုယ်ကျင့်တရားနိမ့်ပါးလာသည့်ဤခေတ်ကာလကြီးတွင် ကျွန်ုပ်တို့သည် အပြစ်တရားကိုတားဆီးကာကွယ်ထားရကြပါမည်။ သခင်ခရစ်တော်၏သံတမန်တော်ကြီးများတို့သည် ပေါ့ပေါ့တန်တန်ပြောဆိုခြင်းမျိုးဖြင့် မိမိတို့ကိုယ်ကိုနိမ့်ပါးသွားကြစေခြင်းအပြင် အိမ်ထောင်သည်ရော၊ အိမ်ထောင်သည်မဟုတ်သည့်အမျိုးသမီးများတို့နှင့်ပါ အရောတဝင်မရှိကြပါစေနှင့်။ သူတို့အနေဖြင့် သူတို့အတွက်သင့်လျော်သောနေရာတစ်ခုကိုရယူပြီး၊ ဂုဏ်သိက္ခာရှိသည့်အနေအထားသို့ရောက်ရှိစေရမည့်အပြင်၊ တစ်ချိန်တည်းတွင် သူတို့သည် အားလုံးသောသူတို့၏အပေါ်တွင် ဖော်ရွေပြီး၊ အကြင်နာတရားရှိကြကာ ယဉ်ယဉ်ကျေးကျေးဖြင့်ဆက်ဆံကြပါစေ။ သူတို့အနေဖြင့် အောက်တန်းကျသည့်ရုန့်ရင်းကြမ်းတမ်းသောအပြုအမူနှင့် အရောတဝင်ရှိမှုတို့၏အငွေ့အသက်ပါသောအရာရာတိုင်းတို့နှင့် လွတ်လွတ်ကင်းကင်းဖြစ်အောင်နေထိုင်ရကြပါမည်။ ဤနေရာမျိုးသည် ခြေချရန်စိတ်မချရသည့် တားမြစ်နယ်မြေဖြစ်ပါသည်။ နှုတ်ထွက်စကားတိုင်း၊ အပြုအမူတိုင်းတို့သည် အခြားသောသူတို့၏အနေအထားကိုမြှင့်တင်ပေးရန်၊ အကျင့်သိက္ခာကိုမွမ်းမံပြင်ဆင်ပေးရန်နှင့် စိတ်ထားမြင့်မြတ်စေရေးအတွက် ထိန်းကျောင်းပေးရကြပါမည်။ အထက်ဖော်ပြပါအောက်တန်းကျသည့်





ရုန့်ရင်းကြမ်းတမ်းသောအပြုအမူနှင့် အရောတဝင်ရှိမှုတို့၏အငွေ့အသက်ပါသော အရာရာတိုင်းတို့နှင့်ပတ်သက်သည့်အကြောင်းခြင်းရာများတို့ကို စဉ်းစားတွေးတောမိသည်နှင့်ပင်လျှင်အပြစ်ကိုကျူးလွန်မိရာရောက်ပါသည်။

စင်ကြယ်သန့်ရှင်းပြီး၊ အကောင်းဆုံးဖြစ်သောအရာများတို့ကို အားထုတ်ရယူခြင်းအားဖြင့် ဖြစ်ပေါ်လာသည့်အကျိုးဖြစ်ထွန်းမှုသည် အားလုံးတို့အပေါ်သို့ သက်ရောက်နိုင်ရေးအတွက် ရှင်ပေါလုက တိမောသေအားတောင်းဆိုခဲ့ပါသည်။ အလားတူသောအကြံပေးချက်မျိုးသည် ယခုခေတ်လူသားများတို့အတွက် ကြီးမားလှသည့်လိုအပ်မှုဖြစ်ပါသည်။ အားလုံးသောတွေးခေါ်မြော်မြင်မှုနှင့်အပြုအမူတိုင်းတို့တွင် စင်ကြယ်သန့်ရှင်းမှုလိုအပ်ချက်မျိုးကိုပြုပြင်ရန် ကျွန်ုပ်အနေဖြင့် ကျွန်ုပ်တို့၏အမှုတော်ဆောင်တို့အားတိုက်တွန်းအပ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့အတွက် မည်သူကမျှလုပ်ဆောင်ပေး၍မရနိုင်သော တစ်ဦးကောင်းတစ်ယောက်ကောင်းအလုပ်တစ်ခုဖြစ်သည့် ဘုရားသခင်အတွက်လုပ်ဆောင်ပေးရမည့် တစ်ဦးချင်းတာဝန်ခံရမှုမျိုးတစ်ခုရှိပါသည်။ ၎င်းလုပ်ဆောင်ပေးရမည့်တာဝန်ခံရမှုမျိုးမှာ ကမ္ဘာကြီးကိုပိုမိုကောင်းမွန်သည့်အနေအထားမျိုးဆီသို့ရောက်ရှိရေးလုပ်ဆောင်မှုမျိုးကို ကြိုးပမ်းလုပ်ဆောင်ရေးပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ရင်းနှီးဖော်ရွေမှုကိုထိန်းသိမ်းစောင့်ရှောက်ကြရာတွင် ပျော်ရွှင်မှုအတွက်ချည်းသာမဟုတ်စေဘဲ မြင့်မားသောရည်ရွယ်ချက်တစ်ခုအတွက်သာဖြစ်ပါစေ။

ကျွန်ုပ်တို့၏ဝန်းကျင်တွင် ဤသတိပေးချက်မျိုး၏လိုအပ်ချက်မျိုးကိုပြသရေးအတွက် လုံလောက်သောအနေအထားမျိုးမရှိတော့ပြီလား။ နေရာတိုင်းတို့တွင် လူ့လောက၏ပျက်သုဉ်းမှုများ၊ မိသားစုတွင်းဝတ်ပြုခြင်းများပြိုလဲမှုနှင့် ပြိုကွဲနေသောအိမ်ထောင်မိသားစုများတို့ကို တွေ့မြင်နေရပါသည်။ အခြေခံစည်းမျဉ်းဥပဒေကို ဆန်းပြားသောပစ်ပယ်မှုမျိုးတစ်ရပ်ဖြင့် တွေ့မြင်နေရကြသည့်အပြင်၊ အကျင့်စာရိတ္တအဆင့်အတန်းသည် နိမ့်ကျလာပြီး၊ ကမ္ဘာမြေကြီးသည်လည်း လျင်မြန်စွာဖြင့် သောဒုံမြို့တစ်မြို့အဖြစ်ဆီသို့ ရောက်ရှိလာနေပါသည်။ ကမ္ဘာ့ခေတ်ဦးရေလွှမ်းမိုးသည့်ကပ်ဘေးနှင့် သောဒုံမြို့ကိုမီးဖြင့်ပျက်စီးသွားစေခဲ့သည့် ဘုရားသခင်၏တရားစီရင်တော်မူခြင်းတို့ကို ဖြစ်ပေါ်စေခဲ့သည့်ပြုမူကျင့်ကြံမှုတို့သည် အလျင်အမြန်ဖြင့် များပြားလာနေပါသည်။ ကမ္ဘာမြေကြီးကို မီးဖြင့်သန့်စင်စေမည့် ဆုံးခန်းတိုင်မှုဆီသို့ ကျွန်ုပ်တို့သည် နီးကပ်လာနေကြပါသည်။

သမ္မာတရားတော်၏အလင်းကို သူတို့၏လက်အတွင်းသို့ ဘုရားသခင်၏ပေးအပ်တော်မူခြင်းခံရကြသောသူတို့အနေဖြင့် အားလုံးသောတရားမျှတမှုကင်းမဲ့ခြင်းမှ ထွက်ခွာသွားကြပါလေစေ။ သူတို့အား ရိုးသားဖြောင့်မတ်ခြင်းလမ်းကျဉ်းများတို့တွင် လျှောက်လှမ်းစေကြပြီး ဘုရားသခင်၏အမှုတော်ကို တစ်နည်းမဟုတ်တစ်နည်းဖြင့် ထိပါးနှောင့်ယှက်သည့်၊ သို့မဟုတ် ၎င်းဘုရားသခင်၏အမှုတော်၏အထွတ်အမြတ်ဖြစ်မှုအပေါ် အစွန်းအထင်းကျန်ရစ်စေမည့် စွဲလမ်းမက်မောမှုနှင့်အမှုအကျင့်တိုင်းတို့ကို ထိန်းသိမ်းချုပ်ကိုင်ကြပါစေ။ သူ၏လမ်းကြောင်းပေါ်တွင်တည်ရှိနေကြသည့် စုံစမ်းနှောင့်ယှက်ခြင်းများတို့ကို ခုခံတားဆီးခြင်းအပြင်၊ စိတ်အတွေးကိုနိမ့်ကျသောအဆင့်တစ်ခုဆီသို့ဆွဲချနိုင်သည့်၊ အရည်အသွေးလျော့ကျစေသည့်အရာတို့ကိုကျော်လွှားရန်မှာ အမှုတော်ဆောင်၏အလုပ်ပင်ဖြစ်ပါသည်။ နိုးနိုးကြားကြားရှိမှုနှင့်ဆုတောင်းခြင်းတို့အားဖြင့် သူသည် သူ၏အားအနည်းဆုံးသောအနေအထားများတို့ကို သူ၏အသန်မာဆုံးသောအနေအထားများဆီသို့ ရောက်ရှိသွားမည့်ကြီးကြပ်မှုကို လုပ်ဆောင်ပေးလိမ့်မည်။ သခင်ခရစ်တော်၏ကျေးဇူးတော်အားဖြင့် လူတို့သည် ကိုယ်ကျင့်တရားဆိုင်ရာသက်လုံကောင်းမှု၊ စိတ်စွမ်းအားဆိုင်ရာအားအင်နှင့် တည်ငြိမ်မှုရှိသောရည်ရွယ်ချက်မျိုးတို့ကို ဆည်းပူးရကြပါမည်။ ဤကျေးဇူးတော်တွင် စာတန်မာရ်နတ်၏ဆွဲဆောင်မှုရှိပြီး အရူးအမူးစွဲလမ်းစေနိုင်သည့် စုံစမ်းနှောင့်ယှက်ခြင်းတို့ကို ကျော်လွှားနိုင်ရေးအပြင်၊ သစ္စာစောင့်သိပြီး ဆက်ကပ်အပ်နှံခြင်းခံထားသည့် ခရစ်ယာန်များအဖြစ်ဆီသို့ ရောက်ရှိသွားကြရန်အတွက် အထောက်အကူပြုပေးသည့်တန်ခိုးတည်ရှိပါသည်။

## လေးစားထိုက်သောပုံသက်သေကို အမှုတော်ဆောင်များကချမှတ်ထားပေးကြရန်

သူတို့၏မွန်မြတ်သန့်ရှင်းသောအလုပ်နှင့် လိုက်လျောညီထွေမှုရှိသည့် လေးစားထိုက်သောပုံသက်သေတစ်ရပ်ကို လူငယ်လူရွယ်တို့အား အမှုတော်ဆောင်များက ချမှတ်ထားပေးသင့်ကြပါသည်။ ပျိုရွယ်သူတို့အား ရိုးသားပွင့်လင်းသည့်အပြင်၊ သူတို့၏အားလုံးသောအသင်းအဖွဲ့များတို့အတွင်း၌ သူတို့သည် အပြောအဆို၊ အပြုအမူကိုဆင်ခြင်ကြခြင်းဖြင့် ဂုဏ်တက်ကြစေရေးအတွက် အမှုတော်ဆောင်တို့အနေဖြင့် အကူအညီပေးသင့်ကြပါသည်။ သူတို့သည် မြောက်မြားစွာဖြင့်အပင်ပေါက်လာကြပြီး၊ များစွာသောအသီးများသီးလာမည့်မျိုးစေ့တို့ကို တစ်နေ့တခြားပိုမိုစိုက်ပျိုးလာကြပါသည်။ သူတို့သည် အားလုံးသောရန့်ရှင်းကြမ်းတမ်းမှုများနှင့် ပေါ့ပေါ့တန်တန်လုပ်ရပ်များတို့ကို



ပယ်ရှောင်ရကြမည်ဖြစ်ပြီး၊ သူတို့ကထိတွေ့ဆက်ဆံကြသည့်အခြားသူတို့အတွက် သူတို့၏နှုတ်ထွက်စကားများနှင့်အပြုအမူများတို့သည် ရှင်သန်ခြင်း၊ သို့မဟုတ် သေခြင်းတရား၏အငွေ့အသက်တစ်ခုဖြစ်လာမည်၊ သို့မဟုတ် ဖြစ်မလာတော့မည့် နည်းပေးလမ်းပြသူများဖြစ်ကြသည်ဆိုခြင်းကို သူတို့က အမြဲတစေသတိတရရှိရကြပါမည်။

၎င်းအချက်သည် စိတ်ဓာတ်ပိုင်းဆိုင်ရာစည်းကမ်းဖြစ်ပြီး၊ စိတ်နှလုံးသားနှင့်တွေးခေါ်မှုတို့၏စင်ကြယ်သန့်ရှင်းမှုဖြစ်သည့်အလျောက်၊ ၎င်းအချက်သည် လိုအပ်ချက်အဖြစ်ရှိနေပါသည်။ ကိုယ်ကျင့်တရားဆိုင်ရာ သန့်ရှင်းမွန်မြတ်မှုသည် မှန်မှန်ကန်ကန်တွေးတောဆင်ခြင်မှုနှင့် မှန်ကန်သည့်ပြုမူကျင့်ကြံမှုအပေါ်တွင် မူတည်နေကြပါသည်။ အရှင်သခင်အတွက် ဟန်ချက်ညီညီဖြင့်လုပ်ဆောင်နိုင်ရန် တွေးတောဆင်ခြင်မှုများတို့၏မှန်ကန်သောထိန်းချုပ်မှုတစ်ခုသည် စိတ်အတွေးကိုကြိုတင်ပြင်ဆင်ပေးသောအချိန်တွင် ဆိုးညစ်သောတွေးတောစဉ်းစားမှုများတို့က အသက်ဝိညာဉ်ကိုဖျက်ဆီးနေပါသည်။ (၂ကော ၁၀း၅) အရ၊ "． ． ． ခပ်သိမ်းသောစိတ်တို့ကို ဖမ်းသွားချုပ်ထားလျက်၊ ခရစ်တော်၏စကားကိုနားထောင်စေကြ၏" ဟူ၍တွေ့ရှိရပါသည်။

သမ္မာတရားတော်ကိုသင်ကြားပို့ချပေးကြသောဆရာများတို့သည် အမြော်အမြင်ရှိရကြမည့်အပြင်၊ သူတို့၏နှုတ်ထွက်စကားများနှင့်ပြုမူကျင့်ကြံမှုများတို့တွင် အထူးဂရုတစိုက်ရှိရကြပါမည်။ သူတို့သည် ဘုရားသခင်၏လူစုတော်တို့အား သတ်မှတ်ထားသောအချိန်တွင် အစားအသောက်ကိုပေးကမ်းကြမည့်သူများ၊ နိမ့်ကျသည့်အဆင့်အတန်းများတွင်ရှင်သန်နေကြသည့်သူများတို့အား အနည်းဆုံးသောအရေးယူမှုကို ချမှတ်ခြင်းမပြုကြမည့်သူများ၊ ချစ်ခြင်းမေတ္တာအားဖြင့်သာလုပ်ကိုင်ဆောင်ရွက်ကြသည့် ယုံကြည်ခြင်းရှိကြသူများနှင့် သွေးသားနှင့်ဆိုင်သော တွေးတောမြော်မြင်မှုများနှင့်အလိုဆန္ဒများမှ အသက်ဝိညာဉ်ကိုစင်ကြယ်သန့်ရှင်းစေကြသည့်သူများဖြစ်ရကြပါမည်။ ဤအကျင့်စရိုက်မျိုး၏အမှုတော်ဆောင်များတို့သည် လောကီအမှုရေးရာတွင် ခယဝပ်တွားကြမည်မဟုတ်ဘဲ လူသားများ၏၊ သို့မဟုတ် စာတန်မာရ်နတ်၏စုံစမ်းနှောင့်ယှက်ခြင်းများတို့၏ကျေးကျွန်ဘဝအဖြစ်သို့လည်း ရောက်ရှိကြမည်မဟုတ်ပါ။ သူတို့သည် လူသားများကဲ့သို့ မိမိတို့ကိုယ်ကို ထိုအရာများအတွင်းမှရုန်းထွက်စေကြပြီး ခိုင်မာစေကြမည်ဖြစ်သည်။ သူတို့သည် သူတို့၏မျက်နှာတို့ကို ဖြောင့်မတ်ခြင်းတရား၏နေမင်းတော်ကြီးဆီသို့ လှည့်ပေးကြမည်ဖြစ်ပြီး၊ အောက်ခြေအရာအားလုံးတို့၏အထက်သို့ထိုးထွက်လာ

ကြပြီး၊ စိတ်ပိုင်းဆိုင်ရာနှင့်ကိုယ်ကျင့်တရားများတို့ဆိုင်ရာညစ်ထေးမှုနှင့်ကင်းလွတ်သည့် လေထုဝန်းကျင်တစ်ခုအတွင်းသို့ ရောက်ရှိလာကြမည်ဖြစ်သည်။

သမ္မာကျမ်းစာတော်ဆိုင်ရာ ဘာသာတရား၏အခြေခံစည်းမျဉ်းများအတိုင်း ရှင်သန်နေသူသည် ကိုယ်ကျင့်တရားစွမ်းအားတွင် အားအင်ယုတ်လျော့ဟန်မျိုး လုံးဝ ပေါ်လွင်မည်မဟုတ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်၏စိတ်ထားမြင့်မြတ်စေသည့် ဩဇာ သက်ရောက်မှုအောက်တွင် အရသာခံစားမှုများနှင့်လိုအင်ဆန္ဒများတို့သည် ဖြူစင်သန့်စင်ပြီး၊ မြင့်မြတ်သန့်ရှင်းသည့်အနေအထားဆီသို့ ရောက်ရှိသွားပါသည်။ တွယ်တာချစ်ခင်မှုများအပေါ်တွင် ခိုင်မာစွာဆုပ်ကိုင်နိုင်ရေးတွင်လည်းကောင်း၊ ပြုမှုကျင့်ကြံမှု၏အနက်ရှိုင်းဆုံးသောရည်ရွယ်ရင်းဆီသို့ အပြည့်အဝကမ်းပေးရန်အတွက်လည်းကောင်း အသက်တာအပေါ်တွင် ပြင်းထန်သည့်အားထုတ်မှုမျိုးရှိသည့် ဩဇာသက်ရောက်နိုင်ရေးအပြင်၊ အကျင့်စရိုက်အတွက် ကြီးမားလှသည့်ခိုင်မြဲမှုနှင့်တည်ငြိမ်မှုတို့ကိုပေးအပ်ရေးတွင် မည်သည့်အရာတို့ကမျှ သခင်ခရစ်တော်၏ဘာသာတရားကဲ့သို့မျိုး မလုပ်ဆောင်နိုင်ကြပါ။ ၎င်းဘာသာတရားသည် ၎င်းကိုပိုင်ဆိုင်သောသူအား အစဉ်သဖြင့်အထက်အရပ်သို့သာရှေးရှုစေပြီး မြင့်မြတ်သောရည်ရွယ်ချက်မျိုးတို့ကိုသာ စေ့ဆော်ပေးကာ၊ ပြုမှုကျင့်ကြံမှုဆိုင်ရာရည်မွန်မှုကိုသာ သူ့အားသင်ကြားပို့ချပေးလျက်၊ အမှုအကျင့်တိုင်းတို့နှင့်လိုက်ဖက်မှုရှိသည့် ဂုဏ်သိက္ခာတစ်ခုကိုပါ ပေးအပ်ပါသည်။

ပျိုရွယ်သူအနေဖြင့် သူ၏ဆိုးညစ်သောကျင့်ကြံမှုအလေ့အထတို့ကိုချုပ်တည်းရန်နှင့် သူ၏အကျင့်စရိုက်တွင်ရှိနှင့်ပြီးသော မြင့်မြတ်မှုနှင့်မွန်မြတ်မှုတို့ကို တိုးတက်မှုရှိရန် မည်သည့်နည်းလမ်းများတို့ဖြင့်ဆောင်ရွက်မည်နည်း။ (၁ကော ၁၀း၃၁) တွင် ဖော်ပြထားသည့်၊ "သင်တို့သည် စားသော်လည်းကောင်း၊ သောက်သော်လည်းကောင်း မည်သည့်အမှုကိုပြုသော်လည်းကောင်း ဘုရားသခင်၏ဘုန်းတော်ကိုထောက်၍ ခပ်သိမ်းသောအမှုကိစ္စကိုပြုကြလော့" ဆိုသည် ရှင်ပေါလု၏ဩဝါဒကို သူ့အားအလေးဂရုပြုပါစေ။ ဤအချက်သည် ရည်ရွယ်ရင်းတိုင်း၊ စဉ်းစားတွေးခေါ်မှုတိုင်းနှင့်ကျင့်ကြံပြုမူမှုတိုင်းတို့၏အခြေပြုရမည့် အခြေခံစည်းမျဉ်းတစ်ခုပင်ဖြစ်ပါသည်။ စင်ကြယ်မွန်မြတ်ခြင်းမရှိသည့် မက်မောမှုများတို့သည် ကွပ်မျက်အဆုံးစီရင်ရမည့်အရာများဖြစ်ကြပါသည်။ သူတို့သည် စိတ်အလိုလိုက်မှုအတွက် ပွက်ပွက်ညံမျှတောင်းဆိုမှုကို တောင်းခံကြမည်ဖြစ်သော်လည်း၊ ဘုရားသခင်သည် နှလုံးသားထဲသို့ မြင့်မားပြီးသန့်ရှင်းမွန်မြတ်သည့် ရည်ရွယ်ချက်များနှင့်အလိုဆန္ဒများတို့ကို သွတ်သွင်းပေးတော်မူခဲ့သည်အလျောက်၊



၎င်းရည်ရွယ်ချက်များနှင့် အလိုဆန္ဒတို့၏အရည်အသွေးအဆင့်အတန်းတန်ဖိုးတို့သည် လျော့ကျမသွားရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် ဆင်ခြင်တုံတရားနှင့်တာဝန်သိစိတ်တို့၏ထိန်းချုပ်မှုကို ခံယူရန်ငြင်းပယ်ကြသောအချိန်၌သာလျှင် ကျွန်ုပ်တို့သည် စိတ်ဓာတ်ကျဆင်းတတ်ကြပါသည်။ (ဖိလိပ္ပိ ၄း၁၃) တွင် ရှင်ပေါလုက၊ ". . . ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏" ဟူ၍ကြေညာခဲ့ပါသည်။

အကယ်၍သင်သည် သခင်ယေရှုထံတော်သို့ချဉ်းကပ်သွားပြီး စနစ်တကျရှိသောအသက်တာနှင့် ဘုရားတရားကြည်ညိုသောအပြောအဆိုမျိုးတို့ဖြင့် သင်၏လုပ်ငန်းကိုင်ငန်းကို တန်ဆာဆင်ရန်ကြိုးပမ်းပါက သင်၏ခြေထောက်သည် တားမြစ်ထားသောလမ်းသွယ်ကလေးများဆီသို့ လမ်းချော်ရောက်ရှိနိုင်သည့်အနေအထားမျိုးမှ တားဆီးဟန့်တားထားမည်ဖြစ်ပါသည်။ အကယ်၍သာသင်သည် စောင့်ကြည့်ခြင်းအမှုတွင် ဆုတောင်းခြင်းအားဖြင့် စဉ်ဆက်မပြတ်စောင့်ကြည့်ပါက၊ ထို့အပြင် သင်သည် အကယ်၍သာ ဘုရားသခင်နှင့်အနီးကပ်အနေအထားဖြင့်ရှိနေသည့်အခြေအနေဖြင့် အရာခပ်သိမ်းကိုလုပ်ကိုင်ဆောင်ရွက်ပါက သင်သည် စုံစမ်းနှောင့်ယှက်ခြင်း၏လက်အောက်ခံအဖြစ်မှ လွတ်ကင်းမည်ဖြစ်ကာ၊ နောက်ဆုံးသောကာလအထိ စင်ကြယ်ပြီး၊ အစွန်းအထင်းကင်းကာ ညစ်ထေးမှုနှင့်ကင်းစင်သောအနေအထားမျိုးဖြင့် ရပ်တည်သွားနိုင်ရေးကို မျှော်မှန်းနိုင်မည်ဖြစ်သည်။ သင်၏မိမိကိုယ်ကိုမိမိယုံကြည်ခြင်း၏အစဦးအနေအထားကို အဆုံးတိုင်သည်အထိ ခိုင်မြဲစွာဆုပ်ကိုင်ထားပါက သင်၏သွားရာလမ်းတို့သည် ဘုရားသခင်အားဖြင့် တည်ဆောက်ထားခြင်းခံရမည်ဖြစ်ကာ၊ ကျေးဇူးတော်စတင်သည့်နေရာဖြစ်သည့် ဘုရားသခင်၏နိုင်ငံတော်တွင် ဘုန်းအာနုဘော်တော်သည် လွှမ်းမိုးသွားပေလိမ့်မည်။ ဝိညာဉ်တော်၏အသီးဆိုသည်မှာ၊ "ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း။ ထိုသို့သောအကျင့်ကို အဘယ်တရားမျှမမြစ်တား" ဟူ၍ (ဂလာတိ ၅း၂၂၊၂၃) တွင်ဖော်ပြထားပါသည်။

## လူမှုဆက်ဆံရေးများ

အိမ်ထောင်သည်၊ သို့မဟုတ် အိမ်ထောင်သည်မဟုတ်ကြသည့် ပျိုရွယ်သောအမှုတော်ဆောင်များတို့သည် မကြာခဏပင် သူတို့အပေါ်ပြသပေးကြသည့် အမျိုးသမီး

ငယ်တို့၏တွယ်တာမှုကြောင့် ပျက်စီးသွားတတ်ကြပါသည်။ ထိုကဲ့သို့သောအမျိုးသမီးများတို့သည် သူတို့အပေါ်တွင် အခြားသောမျက်လုံးများတို့က စောင့်ကြည့်နေကြသည်ဆိုခြင်းနှင့် သူတို့လိုက်နေကြသည့်လမ်းကြောင်းသည် သူတို့အထူးအာရုံစိုက်ကြသည့်အမှုတော်ဆောင်၏ဩဇာသက်ရောက်မှုကို အနာတရဖြစ်စေသည့် ယိမ်းယိုင်မှုကိုဖြစ်ပေါ်စေသည်ဆိုခြင်းတို့ကို သတိမထားမိကြပါ။ အသေးစိတ်လိုက်နာဖွယ်ရာကျင့်ဝတ်စည်းကမ်းများတို့ကို တင်းတင်းကျပ်ကျပ်ဖြင့် အလေးထားကြမည်ဆိုပါက ၎င်းအနေအထားသည် သူတို့အတွက်ရော၊ အမှုတော်ဆောင်အတွက်ပါ ပိုမိုကောင်းမွန်မည်ဖြစ်ပါသည်။ ထိုကဲ့သို့အလေးထားရန်ပျက်ကွက်ကြခြင်းအားဖြင့် ထိုအမှုတော်ဆောင်ကိုမနှစ်မြို့ဖွယ်သောအနေအထားတွင် ကျရောက်သွားစေခြင်းကြောင့် သူ့အပေါ်အခြားသောသူတို့၏အထင်မှား၊ အမြင်မှားမှုမျိုးကို ဖြစ်ပေါ်စေပါသည်။

သို့သော် ဤအကြောင်းခြင်းရာ၏ဝန်ထုပ်ဝန်ပိုးသည် အမှုတော်ဆောင်တို့ကိုယ်၌ကသာ ခံစားရကြပါသည်။ ထိုကဲ့သို့သောအာရုံပြုမှုမျိုးကို သူတို့ကမနှစ်သက်သောအနေအထားတစ်ရပ်ကို ပြသသင့်ကြပြီး၊ အကယ်၍သာ သူတို့သည် ဘုရားသခင်က သူတို့အားပေးအပ်တော်မူရန်ရှိသည့် ဦးတည်ရာလမ်းကြောင်းကိုရယူကြပါက၊ သူတို့သည် ရှည်ကြာစွာဖြင့် ဆင်းရဲခြင်းဒုက္ခကို ခံစားရကြမည်မဟုတ်ပါ။ သူတို့အနေဖြင့် ဆိုးညစ်မှုနှင့်ပတ်သက်သည့် အကြောင်းခြင်းရာများဖြစ်ပေါ်လာပါက ရှောင်ရှားသင့်ကြပြီး၊ ငယ်ရွယ်သူမိန်းမငယ်များက ဖော်ရွေမှုလွန်ကဲလာကြပါက ဤလုပ်ရပ်သည် နှစ်လိုဖွယ်သောအပြုအမူမျိုးမဟုတ်သည့်အကြောင်းကို သူမတို့အားအသိပေးရန်မှာ အမှုတော်ဆောင်များတို့၏တာဝန်ပင်ဖြစ်ပါသည်။ သူတို့အနေဖြင့် ရဲတင်းလွန်းလှသည့် သူမတို့၏ဖော်ရွေမှုတို့ကို သူတို့အတွက်အရှက်ရစရာအကြောင်းအရာကို ဖြစ်ပေါ်စေသည့်အနေအထားမှ ကယ်တင်နိုင်ရေးအတွက် ရိုင်းစိုင်းသည့်အပြုအမူအဖြစ် အထင်မြင်ခံရသည့်တိုင်၊ ပစ်ပစ်ခါခါငြင်းပယ်ရကြပါမည်။ သမ္မာတရားတော်နှင့်ဘုရားသခင်ထံတော်သို့ ပြောင်းလဲသွားခဲ့ပြီးကြသည့် အမျိုးသမီးငယ်များတို့အနေဖြင့် သူမတို့အပေါ် အပြစ်ဖော်ဆုံးမမှုတို့ကို နာခံကြမည့်အပြင်၊ ပြန်လည်ဆင်ခြင်ပြောင်းလဲလာကြမည်ဖြစ်ပါသည်။

ပြက်လုံးထုတ်ပြီး၊ ရယ်စရာပြောကာ လောကီအရေးအရာအကြောင်းကိုသာ ပြောဆိုတတ်ခြင်းသည် လောကနှင့်သာသက်ဆိုင်ကြပါသည်။ သူတို့၏စိတ်နှလုံးများထဲတွင် ဘုရားသခင်၏ငြိမ်သက်ခြင်းချမ်းသာ ကိန်းအောင်းတော်မူခြင်းခံရကြသောခရစ်ယာန်များတို့သည် ပျော်ပျော်နေတတ်မှု၊ သို့မဟုတ် အရွှတ်အနောက်ပြောဆိုမှုတို့တွင်



မွေ့လျော်ကြခြင်းမရှိဘဲ၊ ရွှင်လန်းဖွယ်ရာအပြည့်ဖြင့် ပျော်ရွှင်စွာနေထိုင်ကြမည်သာဖြစ်ပါသည်။ ဆုတောင်းခြင်းအားဖြင့် စောင့်မျှော်နေကြစဉ်၌တွင်ပင် အားလုံးသောမလိုလားအပ်သောအခြေအနေများတို့၏အထက်သို့ သူတို့အားမြှင့်တင်ပေးမည့် တည်ငြိမ်အေးချမ်းမှုနှင့်ငြိမ်သက်ခြင်းချမ်းသာတစ်ရပ်ကို ရရှိကြမည်ဖြစ်ပါသည်။

ဘုရားတရားကြည်ညိုမှု၏လျှို့ဝှက်ဆန်းကြယ်မှုအနေဖြင့် သခင်ခရစ်တော်၏အမှုတော်ဆောင်၏စိတ်အတွေးကို ဖွင့်ပေးခဲ့မှုသည် ထိုအမှုတော်ဆောင်အား လောကီရေးရာနှင့်ကာမဂုဏ်အာရုံအပေါ် သာယာကြည်နူးမှုများတို့၏အထက်ဆီသို့ ဆွဲတင်ပေးမည်ဖြစ်ပါသည်။ ထိုအမှုတော်ဆောင်သည် ဘုန်းတော်ရှင်၏သဘောသဘာဝကိုဆက်ဆံသူဖြစ်ရမည့်အပြင်၊ ကမ္ဘာမြေကြီးပေါ်တွင် တပ်မက်ခြင်းကိလေသာစိတ်အားဖြင့်ရှိနေသည့် ဖောက်ပြန်ပျက်စီးခြင်းမှ လွတ်မြောက်နေရမည်ဖြစ်သည်။ ဘုရားသခင်နှင့်သူ၏စိတ်ဝိညာဉ်အကြား ဖွင့်လှစ်ထားခဲ့သည့်မိတ်သဟာယဖွဲ့ခြင်းသည် ဘုရားသခင်၏အလိုဆန္ဒဆိုင်ရာ အသိဉာဏ်ဗဟုသုတတွင် သူ့အားကြွယ်ဝစွာသောအသီးများကိုသီးစေပြီး၊ သူ့အနေဖြင့် အခြားသောသူတို့အားပေးကမ်းနိုင်မည့် လက်တွေ့ကျသည့်အကြောင်းအရာများတို့၏ရတနာများတို့ကို သူ၏ရှေ့မှောက်တွင်ဖွင့်ပြထားပါသည်။ ၎င်းလက်တွေ့ကျသည့်အကြောင်းအရာများတို့သည် ပြက်ရယ်ပြုခြင်း၊ သို့မဟုတ် ပြုံးရွှင်ခြင်း၏သွင်ပြင်ကို ဖြစ်ပေါ်စေခြင်းရှိမည်မဟုတ်သော်လည်း စိတ်အတွေးကိုတည်ကြည်လေးနက်စေပြီး၊ စိတ်နှလုံးကိုတို့ထိကာ တွယ်တာချစ်ခင်မှုများနှင့် အသက်တာပေါ်သို့ ဘုရားသခင်ကထားရှိတော်မူသော အထွတ်အမြတ်ဖြစ်သည့်တောင်းခံမှုများဆီသို့ ကိုယ်ကျင့်တရားဆိုင်ရာ စဉ်းစားချင့်ချိန်နိုင်မှုများတို့ကို နိုးထပေးပါသည်။ နှုတ်ထွက်စကားနှင့်ဆုံးမဩဝါဒပေးခြင်းတို့ဖြင့် လုပ်ဆောင်ကြသူများတို့သည် ဘုရားသခင်၏လူမျိုးများဖြစ်ရမည့်အပြင်၊ စိတ်နှလုံးနှင့်အသက်တာတို့တွင် သန့်ရှင်းမွန်မြတ်မှုရှိရကြပါမည်။ Testimonies for the Church, Vol. 3, p. 241.

ဘုရားသခင်၏အမှုတော်ထဲတွင် ပါဝင်ဆောင်ရွက်ကြရန်ပေါ်ထွက်လာကြသောပျိုရွယ်သူများတို့အတွင်းမှ အချို့တို့သည် ထိုအမှုတော်၏အထွတ်အမြတ်ဖြစ်ခြင်းနှင့်တာဝန်ယူရမှုအကြောင်းတို့နှင့်ပတ်သက်သည့် ခံစားချက်အနည်းအကျဉ်းမျှကိုပင် သူတို့ထံမှတွေ့မြင်ရနိုင်ရန်အတွက် အနိုင်နိုင်ရှာဖွေရပါသည်။ သူတို့အနေဖြင့် ယုံကြည်ခြင်းဆိုင်ရာအလေ့အကျင့်မျိုးတွင် အနည်းငယ်မျှသာသော အတွေ့အကြုံမျိုးရှိကြပြီး၊ အမြတ်အစွန်းကိုပြန်လည်ရယူနိုင်သည့် ဘုရားသခင်၏ဝိညာဉ်တော်အတွက် ထက်သန်သည့်

ဝိညာဉ်ရေးမှတ်သိပ်မှုမျိုးကိုလည်း သူတို့ထံမှအနည်းအကျဉ်းသာ တွေ့ရှိနေရပါသည်။ အရေးကြီးလှသောအနေအထားများတို့တွင် အစားထိုးဖြည့်ဆည်းခြင်းခံရကြမည့် ကောင်းမွန်သည့်လုပ်ဆောင်နိုင်စွမ်းများရှိကြသည့် အချို့သောသူတို့သည် မည်သည့်စိတ်ဓာတ်မျိုးသူတို့ထံတွင်ရှိနေသည်ကို သိရှိခြင်းမရှိကြပါ။ သူတို့သည် ဆင်ခြေလျှောအနေအထားရှိသည့် တောင်ဆင်းလမ်းတွင် သဘာဝအလျောက်စီးဆင်းလာသည့် ရေအလျဉ်အလား၊ ပျော်ရွှင်ရယ်မောသည့်အမှုအရာ၊ စိတ်နေစိတ်ထားတို့တွင် အသားကျနေကြပါသည်။ တည်ကြည်လေးနက်မှုအရှိဆုံးနှင့် စိတ်ဝိညာဉ်ကိုနိုးထစေသော သမ္မာတရားများအကြောင်းတို့ကို အားလုံးနီးပါးတို့က နေ့စဉ်နားထောင်နေကြစဉ်တွင် သူတို့သည် မဟုတ်တရုတ်စကားများတို့ကိုပြောဆိုပြီး မိန်းမပျိုကလေးများတို့နှင့်ပျော်ရွှင်မြူးထူးနေကြပါသည်။ ဤလူတို့သည် အမြင့်မြတ်ဆုံးသောသူ၏ဩဝါဒကိုရရှိနေကြသော်လည်း၊ သူတို့၏စိတ်နှလုံးများတို့ကို သူတို့ကြားသိနေရကြသည့် သမ္မာတရားများတို့အားဖြင့် စင်ကြယ်ခြင်းမပြုကြပါ။ ဤကဲ့သို့သောအားဖြင့် သူတို့သည် အသက်စမ်းရေကို ကိုယ်တိုင်မသောက်သုံးကြလေသမျှ အခြားသောသူတို့အား အသက်စမ်းရေတွင်းကြီးထံတော်သို့ မည်သည့်အခါမျှဦးဆောင်ပို့ဆောင်ပေးနိုင်ခြင်းရှိကြမည်မဟုတ်ပါ။

ယခုကာလတွင် ပေါ့ပေါ့တန်တန်နေပြီး၊ ဘဝင်မြင့်ကာ မဖြစ်စလောက်သော လုပ်ဆောင်သူများအတွက် အချိန်မရှိတော့ပါ။ ဤမြေကမ္ဘာ၏သမိုင်းကြောင်းမြင်ကွင်းတို့သည် မကြာမီတွင် အဆုံးသတ်ကြတော့မည်ဖြစ်ပါသည်။ အတွေးချော်မှုတို့တွင်သာကျန်ရှိနေကြသည့် စိတ်အတွေးများတို့သည် ပြောင်းလဲခြင်းရှိကြရန်လိုအပ်လှပါသည်။ တမန်တော်ရှင်ပေတရုက သူ၏ဩဝါဒစာ (ပထမစောင် ၁း၁၃–၁၆) တွင်၊ "သို့ဖြစ်၍ သင်တို့စိတ်နှလုံးကိုခါးပန်းစည်း၍ သမ္မာသတိရှိကြလော့။ ယေရှုခရစ်ပေါ်ထွန်းတော်မူသောအခါ၊ သင်တို့ဆီသို့ရောက်လတ္တံ့သောဆုကျေးဇူးကို အဆုံးတိုင်အောင်မြော်လင့်ကြလော့။ အထက်က သင်တို့သည် မောင်မိုက်ထဲမှကျင့်သောတပ်မက်ခြင်းတရားကို ယခုမလိုက်မကျင့်ဘဲ နားထောင်တတ်သောသူငယ်ကဲ့သို့ဖြစ်၍ သင်တို့ကိုခေါ်တော်မူသောသူသည် သန့်ရှင်းတော်မူသည်နည်းတူ ကျင့်ကြံပြုမူသမျှတို့၌ သန့်ရှင်းခြင်းရှိကြလော့။ အကြောင်းမူကား၊ ငါသည် သန့်ရှင်းတော်မူသောကြောင့် သင်တို့သည်လည်း သန့်ရှင်းခြင်းရှိကြလော့ဟု ကျမ်းစာလာသတည်း" ဟူ၍ဩဝါဒပေးခဲ့ပါသည်။

အတွေးချော်မှုများတို့ကို စုစည်းထိန်းချုပ်ရကြမည်ဖြစ်ပြီး၊ ဘုရားသခင်ထံတော်သို့သာ ဇဟိုပြုရကြပါမည်။ ထိုကဲ့သို့သောအတွေးမျိုးတို့သည် ဘုရားသခင်၏အလို





တော်အတိုင်း နာခံလိုက်လျှောက်မှုအတွင်း၌သာရှိရပါမည်။ ချီးကျူးခံရရန်၊ သို့မဟုတ် မျှော်မှန်းထားခြင်းမျိုးမရှိသင့်ကြဘဲ ဤစိတ်ထားမျိုးသည် နှိမ့်ချခြင်းကိုတိုးမြှင့်စေသည်ထက် မိမိကိုယ်ကိုကိုးစားစေရန်မြှင့်တင်ပေးသည့် ယိမ်းယိုင်မှုတစ်ရပ်ကိုဖြစ်ပေါ်စေကာ၊ စင်ကြယ်စေခြင်းထက် ပိုမို၍အကျင့်ကိုပျက်ပြားစေပါသည်။ အမှန်တကယ်အရည်အချင်းပြည့်မီကြပြီး၊ ဘုရားသခင်၏အမှုတော်နှင့်ဆက်နွှယ်မှုအတွက် ဆောင်ရွက်ရေးကဏ္ဍတစ်ခုတွင် ပါဝင်နေသည်ဟု ခံယူထားကြသောသူတို့သည် ကောက်လိုင်းစည်းများတို့၏အောက်တွင်ပိနေသော လှည်းတစ်စီးပမာ၊ ဘုရားသခင်၏အမှုတော်၏အထွတ်အမြတ်ဖြစ်ခြင်းအပေါ်ရောက်ရှိနေသော စိတ်ခံစားမှု၏အောက်တွင် အကျပ်အတည်းနှင့်ရင်ဆိုင်နေရကြမည်ဖြစ်ပါသည်။ ယခုအချိန်သည် အသွေးအသားနှင့်ဆိုင်သော စိတ်နှလုံး၏မွေးရာပါခံစားမှုများတို့ကို ကျော်လွှားနိုင်ရန်အတွက် အထက်သန်ဆုံးသောကြိုးပမ်းအားထုတ်မှုမျိုးကို လုပ်ဆောင်ရကြမည့်အချိန်ဖြစ်ပါသည်။ Testimonies for the Church, Vol. 3, pp. 473, 474.

ကမ္ဘာမြေကြီးကိုသတိပေးသည့် ခန့်ညားတည်ငြိမ်မှုရှိသောသတင်းစကားတော်ကို သယ်ပိုးထမ်းရွက်သောအမှုတော်ဆောင်တစ်ဦးသည် အသိမိတ်ဆွေများနှင့်ညီနောင်သားချင်းတို့၏ဧည့်ဝတ်ကျေသည့် လောကဝတ်များတို့ကိုလက်ခံရရှိပြီး၊ ဘုရားသခင်၏လူစုတော်တို့ကိုထိန်းရသော သိုးထိန်းတစ်ဦး၏တာဝန်များတို့ကိုလျစ်လျူရှုကာ၊ သူ၏ပြသရမည့်စံနမူနာနှင့်ပြုမူကျင့်ကြံမှုတို့တွင် အရေးမထားဘဲ၊ ရယ်စရာမောစရာဖြစ်အောင်ပြက်လုံးထုတ်ရယ်စရာပြောဆိုခြင်း၊ ဟာသမြောက်သောပုံတိုပတ်စတို့ကိုပြောဆိုခြင်းတို့နှင့် ပေါ့ပေါ့တန်တန်ပြောဆိုမှုတို့ဖြင့် ငယ်ရွယ်သူတို့နှင့်ပလူးပလဲထိတွေ့ဆက်ဆံနေပါက၊ ထိုအမှုတော်ဆောင်သည် ဧဝံဂေလိတရားတော်၏အမှုတော်ဆောင်တစ်ဦးအဖြစ်ဖြင့် ရှိနေရန်မထိုက်တန်တော့ဘဲ၊ သိုးများနှင့်သိုးသငယ်တို့ကို ကြည့်ရှုစောင့်ရှောက်ရမည့်အလုပ်ကို သူ့အားပေးအပ်ခန့်ထားခြင်းမပြုမီ သူ့အနေဖြင့် ပြောင်းလဲခြင်းရှိရန်လိုအပ်ပါသည်။ သစ္စာရှိလှသောအမှုတော်ဆောင်တစ်ဦးအား တာဝန်များကိုလွှဲပြောင်းပေးရေးကို အထူးလျစ်လျူရှုထားကြသော အမှုတော်ဆောင်များတို့သည် သူတို့က အခြားသောသူတို့အားပေးကမ်းကြသည့် သမ္မာတရားတော်များအားဖြင့် စင်ကြယ်မွန်မြတ်ခြင်းကိုမခံယူကြသည့် သက်သေအထောက်အထားကိုပြသနေကြသည်အလျောက် သူတို့အနေဖြင့် အမှုတော်ဆောင်တစ်ဦး၏လုပ်ဆောင်ရမှု၏အထွတ်အမြတ်ဖြစ်မှုကို မြင့်မားသောခံယူမှုမရှိလေသမျှ၊ ထာဝရဘုရား၏စပျစ်ဥယျာဉ်တော်အတွင်း လုပ်ဆောင်သူများ

အဖြစ်ဖြင့် သူတို့အားဆက်လက်ခန့်ထားရန်မှာ မသင့်လျော်တော့ပါ။ Testimonies for the Church, Vol. 3, p. 233.

သခင်ခရစ်တော်၏အမှုတော်ဆောင်သည် ဆုတောင်းခြင်းကိုပြုသောသူ၊ ဘာသာတရားကိုင်းရှိုင်းသူနှင့် ရှင်လန်းစေသောသူတစ်ယောက်ဖြစ်သင့်ပါသော်လည်း မည်သည့်အခါမျှအောက်တန်းကျရိုင်းပျပြီး၊ ကြမ်းတမ်းသောအပြုအမူမျိုးမရှိရသည့်အပြင် ကပြက်ကချော် သို့မဟုတ် ရွတ်နောက်နောက်အပြုအမူမျိုးလည်း မပြုလုပ်သင့်ပါ။ ပြက်ချော်ချော်စိတ်နေစိတ်ထားမျိုးသည် လူရွှင်တော်များတို့နှင့်ဇာတ်သဘင်နှင့်ပတ်သက်သည့် ဖြေဖျော်သူများတို့၌သာထားရှိသင့်ကြပြီး၊ ၎င်းစိတ်နေစိတ်ထားမျိုးအလုံးစုံသည် ရှင်သန်ခြင်းနှင့်သေခြင်းတရားတို့၏စပ်ကြားတွင် ရပ်တည်ရန်ရွေးချယ်ပြီး ဘုရားသခင်၏ကိုယ်စားပြောပေးသူအဖြစ် မိမိကိုယ်ကိုရွေးချယ်ထားသည့် လူတစ်ယောက်၏ဂုဏ်သိက္ခာအောက်တွင်သာရှိနေရပါမည်။

## ဆုံးဖြတ်ချက်နှင့်ချက်ချင်းတုံ့ပြန်မှု

ပွဲ့လျက်ကဲ့သို့စိတ်ထားကို ပုံသွင်းရလွယ်သည့်လူစားမျိုးများမဟုတ်မှုဘဲ စိတ်အားထက်သန်စွာဖြင့် ကြိုးပမ်းအားထုတ်မှုရှိကြသည့် အမှီအတွယ်ကင်းကြသောသူများတို့ကို လိုအပ်လှပါသည်။ မိမိတို့လုပ်ဆောင်ရကြမည့်အလုပ်ကို မိမိတို့လက်ဝယ်အဆင်သင့်ရောက်ရှိနေသည်ကိုလိုလားကြသူများ၊ သူတို့လုပ်ဆောင်ရကြမည့်အလုပ်ပမာဏကို သတ်သတ်မှတ်မှတ်ပေးထားစေလိုကြပြီး၊ ပုံသေလစာပမာဏကိုလိုလားကြသည့်သူများနှင့် သင့်လျော်အောင်စီစဉ်ထားမှု၊ သို့မဟုတ် သင်တန်းပို့ချမှုဆိုင်ရာဒုက္ခသုက္ခနှင့် ကင်းရှင်းသောတိကျသည့်သတ်မှတ်ချက်တစ်ရပ်ဖြင့်သာ လုပ်ကိုင်လိုကြသောသူတို့သည် ဘုရားသခင်အနေဖြင့် သူ၏အမှုရေးရာတော်တွင်ဆောင်ရွက်ရန်အတွက်ခေါ်တော်မူခြင်းခံရကြမည့်သူများမဟုတ်ကြပါ။ အကယ်၍လိုအပ်မှုရှိလာပါက၊ မည်သည့်နေရာအားလုံးနီးပါးတို့တွင်မဆို သူ၏အရည်အချင်းတို့ကို လိုက်ဖက်ညီအောင်မဆောင်ရွက်နိုင်သောသူတစ်ယောက်သည် ယခုကာလအတွက်လိုအပ်သူမဟုတ်ပါ။ ဘုရားသခင်ကသူ၏အမှုတော်နှင့်ချိတ်ဆက်မှုပေးတော်မူခြင်းခံရမည့်သူတို့သည် ခြေကုန်လက်ပန်းကျ၊ ပျော့ခွေပြီး၊ အသားမျှင်ကင်းမဲ့သည့်အပြင် အကျင့်စရိုက်နှင့်ပတ်သက်သည့်ကြွက်သား၊ သို့မဟုတ် ကိုယ်ကျင့်တရားစွမ်းပကားကင်းမဲ့ရကြမည့်သူများမဟုတ်ရပါ။



အကယ်၍ ပတ်ဝန်းကျင်အနေအထားအရ၊ မတူကွဲပြားမှုရှိခဲ့ကြသည့်တိုင် ကြီးကျယ်ပြီးကောင်းမွန်သော တစ်စုံတစ်ရာသောအလုပ်ကို အနည်းဆုံးလုပ်ဆောင်သင့်ကြသည်ဟူ၍ မိမိတို့ကိုယ်ကို ကြွားလုံးထုတ်ကြသည့်သူများတို့အနေဖြင့် သူတို့တွင်ရှိနေနှင့်ပြီးသား လုပ်နိုင်စွမ်းအားတို့ကို အသုံးမကျအောင်လုပ်ဆောင်နေကြချိန်တွင် ဘုရားသခင်ကသူတို့အား ကြည့်ရှုစောင်မတော်မူခြင်းကို ပေးသနားတော်မူသောအနေအထား၌ တစ်ဦးချင်းအမှီအခိုကင်းမှုနှင့် တစ်ဦးချင်းစွမ်းအားတို့သည် ယခုအခါတွင်လိုအပ်လှသည့်အရည်အသွေးများဖြစ်ပါသည်။ တစ်ဦးချင်းအကျင့်စရိုက်မည်သည်အစတေးခံရန်မလိုအပ်သော်လည်း၊ ၎င်းတစ်ဦးချင်းအကျင့်စရိုက်သည် ထိန်းညှိမှုအပြင်၊ မွမ်းမံသန့်စင်မှုနှင့်မြှင့်တင်မှုမျိုးကို လုပ်ပေးသင့်ပါသည်။

အနေအထားတစ်ခုကို လျင်မြန်စွာတွေ့မြင်နိုင်ပြီး၊ မှန်ကန်သည့်အချိန်တွင်အချိန်မဆိုင်း တစ်ပြိုင်တည်းစွမ်းအားအပြည့်ဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်ကြသည့်သူတို့ကို ဘုရားသခင်၏အရေးအရာတော်က တောင်းခံနေပါသည်။ သင်ရင်ဆိုင်နေရသည့်ခက်ခဲမှုတိုင်းကိုတိုင်းတာရန်နှင့် ဇဝေဇဝါဖြစ်မှုတိုင်းကို ချင့်ချိန်နိုင်ရေးအတွက်စောင့်ဆိုင်းနေပါက သင်လုပ်ဆောင်မိမည်ဖြစ်သည့်တိုင် အနည်းငယ်မျှသာလုပ်ဆောင်မိမည်ဖြစ်သည်။ အချိုးအကွေ့တိုင်းတွင် သင်သည် အဟန့်အတားများနှင့်အခက်အခဲများတို့ကို နဖူးတွေ့ဒူးတွေ့ရင်ဆိုင်ရမည်ဖြစ်သည်အလျောက်၊ ၎င်းတို့ကိုအောင်နိုင်ရန်အတွက် သင်သည် ခိုင်မာသောရည်မှန်းချက်ကို ဆုံးဖြတ်ရမည်ဖြစ်ပြီး၊ သို့မဟုတ်ပါက ၎င်းတို့သည် သင့်ကိုအောင်နိုင်သွားပေလိမ့်မည်။

ဘုရားသခင်၏အမှုတော်နှင့်ချိတ်ဆက်မှုလုပ်ငန်းတွင် မျိုးစုံလှသောလမ်းကြောင်းများနှင့်ရည်မှန်းချက်များ၊ ခြားနားသောနည်းလမ်းများတို့သည် စိတ်အတွေးအတွင်း၌ပုံမှန်အားဖြင့် ချောမွေ့သည့်တည်ငြိမ်မှုတမှုရှိဟန်ပြုသည့်တိုင် ဤနေရာတွင် အဓိကကျသည့်အချက်မှာ အကောင်းဆုံးသောဆုံးဖြတ်ရွေးချယ်တတ်မှုသည် လိုအပ်လှသည့်အချက်ဖြစ်ပါသည်။ အကယ်၍ ရည်ရွယ်ချက်အတိုင်း တစ်စုံတစ်ရာကိုပြီးမြောက်အောင်လုပ်ဆောင်နိုင်ခြင်းသည် ရွှေရောင်လွှမ်းသည့်ကာလတွင် လုပ်ဆောင်မှုအဖြစ်သဘောထားသတ်မှတ်ရပေမည်။ မျှတမှုတွင်ရှိနေသည့် ကြီးလေးသောတာဝန်တွင် အနည်းပါးဆုံးသောလိုအင်ဆန္ဒကို သိသာစေရမည်ဖြစ်ပြီး၊ ပြဿနာကိစ္စရပ်များကိုလည်းတစ်ပြိုင်တည်းဆုံးဖြတ်ချက်ချနိုင်ရမည်ဖြစ်သည်။ ကြာမြင့်စွာအချိန်ဆွဲခြင်းသည် ကောင်းကင်တမန်များတို့ကို တပင်တပန်းဖြစ်ကြစေပါသည်။ စဉ်ဆက်မပြတ် ဝေခွဲ

မရဖြစ်နေသည့်အနေအထားတစ်ရပ်နှင့် ဆုတ်ဆိုင်းဆိုင်းအမူအကျင့်တို့ကို စဉ်ဆက်မပြတ်လုပ်ဆောင်သည့်အပြင်၊ တစ်ခါတစ်ရံတွင် ဦးတည်ရာတစ်ခုသို့တိမ်းစောင်းသွားပြီးနောက်တွင် တစ်ဖန်အခြားတစ်ဖက်သို့တိမ်းညွှတ်သွားခြင်းတို့ထက် တစ်ကြိမ်တစ်ခါမျှသောမှားယွင်းသည့်ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်မိခြင်းက ပိုမို၍ခွင့်လွှတ်နိုင်စရာဖြစ်ပါသည်။ ဤကဲ့သို့သောဆုတ်ဆိုင်းဆိုင်းနှင့် မယုံသင်္ကာအမူအကျင့်တို့သည် တစ်ခါတစ်ရံတွင် အထူးအလောတကြီးနိုင်လှသောဆောင်ရွက်မှုမျိုးထက် ဇဝေဇဝါဖြစ်စရာနှင့်စိတ်ပျက်ဖွယ်ရာဖြစ်ပါသည်။

ထူးခြားထင်ရှားမှုအရှိဆုံးသောအောင်မြင်မှုများနှင့် ကြောက်မက်ဖွယ်ရာအကောင်းဆုံးသောရှုံးနိမ့်မှုများတို့ကို မိနစ်များတို့၏အကူးအပြောင်းတွင် ကျွန်ုပ်တွေ့မြင်နေရပါသည်။ ချက်ချင်းတုံ့ပြန်တတ်သည့်အပြုအမူမျိုးကို ဘုရားသခင်တောင်းခံတော်မူပါသည်။ နှောင့်နှေးကြန့်ကြာမှု၊ သံသယဖြစ်မှု၊ ချီတုံချတုံဖြစ်မှုနှင့် မကြာခဏဆုံးဖြတ်ချက်မချနိုင်မှုများတို့သည် ရန်သူအား အသာစီးတိုင်းကိုပေးကမ်းရာရောက်ပါသည်။

ဘဝအခြေအနေ၏အချိန်ကိုက်လုပ်ဆောင်မှုသည် သမ္မာတရားတော်၏ထောက်ခံမှုကို များစွာပြောပြနိုင်ပါသည်။ နှောင့်နှေးကြန့်ကြာမှုများအားဖြင့် မကြာခဏအောင်မြင်မှုများတို့ကို ဆုံးရှုံးရပါသည်။ ဤအကြောင်းခြင်းရာတွင် အရေးအခင်းများပေါ်ပေါက်လာမည်ဖြစ်ပါသည်။ နှောင့်နှေးကြန့်ကြာမှုနှင့်လျစ်လျူရှုမှုတို့ကြောင့် ကြီးမားသောဆုံးရှုံးမှုရလဒ်တို့ကိုဖြစ်ပေါ်စေပြီး၊ ဘုရားသခင်အားရှုတ်ချသည့် အဖျက်သဘောဆောင်သောလုပ်ရပ်ကို လုပ်ဆောင်ရာရောက်ပါသည်။ အလွန်အရေးပါသောကာလတွင် အလျင်အမြန်ရွေ့လျားမှုများသည် မကြာခဏတွင်ပင် ရန်သူကိုလက်နက်ဖြုတ်သိမ်းရာရောက်ပြီး၊ လှည့်ဖြားခြင်းကိုအသုံးပြုပြီး လုပ်ကိုင်ဆောင်ရွက်ရန် အစီအစဉ်တို့ကိုချမှတ်ရေးအတွက် အချိန်ကိုစောင့်မျှော်နေသည့်ထိုရန်သူကို စိတ်ဓာတ်ကျစေပြီး၊ နှိမ်နင်းခြင်းကိုခံရသကဲ့သို့ဖြစ်စေပါသည်။

ကြီးမားသောဘေးသင့်မှုနှင့်အန္တရာယ်ကျရောက်ချိန်ကာလတွင် အကြီးမားဆုံးသောချက်ချင်းတုံ့ပြန်မှုသည် အပြုသဘောဆောင်စွာဖြင့် လိုအပ်လှပါသည်။ တစ်စုံတစ်ရာသောအကျိုးရလဒ်များတို့ကို အပြီးသတ်ရယူနိုင်ရန်အတွက် အစီအစဉ်တိုင်းတို့ကို ကောင်းမွန်စွာချမှတ်ထားရမည်ဖြစ်ပြီး၊ တိုတောင်းလှသောအချိန်ကာလတစ်ခုအတွင်း နှောင့်နှေးကြန့်ကြာမှုတစ်ရပ်သည် သွင်ပြင်တစ်ခုလုံး၏ကွဲပြားခြားနားမှုတစ်ခုကို အမှန်အဖြစ်ယူဆလက်ခံနိုင်လောက်သောအရာတို့ကို ချန်ထားရစ်စေကာ၊ အလျင်အမြန်



မြော်မြင်မှုနှင့် ချက်ချင်းတုံ့ပြန်လက်စသတ်တတ်မှုကင်းမဲ့ခြင်းကြောင့် ရရှိထားပြီးသားဖြစ်သည့် ကြီးမားသောရည်မှန်းချက်တို့ကို ဆုံးရှုံးသွားစေပါသည်။

ပျင်းရိဖင့်နွဲ့ခြင်းအမူအကျင့်ကိုကျော်လွှားနိုင်ရန် များစွာသောသူတို့သည် စိတ်အတွေးကိုလေ့ကျင့်သင်ကြားရေးတွင် ပါဝင်လုပ်ဆောင်ရကြပါမည်။ သတိရှိမှုနှင့် ကြီးမားသောနှိုင်းချိန်မှုတို့ကို လိုအပ်သည့်အချိန်များရှိကြမည်ဖြစ်သည်အလျောက်၊ စိတ်လိုက်မာန်ပါလုပ်ကိုင်ဆောင်ရွက်မှုသည် မိုက်မဲရာကျပေမည်။ သို့ရာတွင် ကြီးမားသောတုံ့ဆိုင်းမှုကြောင့် ဤနေရာတွင် များစွာသောအရာတို့ကို ဆုံးရှုံးနေရကြပါသည်။ တစ်စုံတစ်ရာသောအနေအထားအထိ သတိရှိရန်လိုအပ်ပါသော်လည်း တုံ့ဆိုင်းမှုနှင့် သီးသန့်ဖြစ်ရပ်များအတွက် ချမှတ်ထားသောမူဝါဒတို့ကြောင့်၊ စိတ်လိုက်မာန်ပါလုပ်ကိုင်ဆောင်ရွက်မှုကြောင့် ဆုံးရှုံးမှုတစ်ခုထက်ပိုမို၍ ဒုက္ခရောက်စေပါသည်။ Testimonies for the Church, Vol. 3, pp. 496-498.

အပျော်အပါးနှင့်သက်သောင့်သက်သာရှိရေးအတွက် သူတို့၏ကိုယ်ကျိုးဆန်သည့်စိတ်ဆန္ဒကို ဆန့်ကျင်ရန်းကန်တွန်းလှန်ခြင်းတွင် အချိန်အတိုင်းအတာတစ်ခုအထိ အောင်မြင်စွာလုပ်ဆောင်နိုင်ကြသောသူများ ရှိနေကြပါသည်။ သူတို့သည် ရိုးစင်းမှုရှိပြီး ထက်သန်မှုရှိကြပါသော်လည်း ကြာရှည်စွာရုန်းကန်နေရကြသည့် နေ့စဉ်သေချင်စော်နံလောက်အောင်ပင်ပန်းမှု၊ မရပ်မနားရှိနေသည့် ဝရုန်းသုန်းကားအခြေအနေတို့ကြောင့် မွန်းကျပ်မှုဒဏ်ကို တိုးတက်ခံစားနေရကြပါသည်။ ပျင်းရိလေးကန်ခြင်းသည် ကိုယ်ကျိုးအတွက်စိတ်အပေါ် စက်ဆုပ်စေမှုကိုကင်းမဲ့သွားစေရန် ဖိတ်ခေါ်ဟန်ရှိပြီး၊ ငိုက်မျဉ်းနေသောမျက်လုံးတို့ကိုပိတ်သွားစေကာ စုံစမ်းနှောင့်ယှက်ခြင်း၏စွမ်းအားကို တွန်းလှန်ခုခံရကြမည့်အစား၊ ထိုစုံစမ်းနှောင့်ယှက်ခြင်း၏လက်အောက်သို့ ကျရောက်သွားကြပါသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်တွင်ချပြထားသည့် ညွှန်ကြားချက်များတို့သည် မကောင်းဆိုးဝါးနှင့်အပေးအယူလုပ်ဆောင်မှုအတွက် နေရာချန်ထားပေးခြင်းမရှိပါ။ ဘုရားသခင်၏သားတော်သည် လူသားအားလုံးတို့ကို သူ၏ထံတော်သို့သိမ်းသွင်းတော်မူရန်ရှိနေသည်ကို ထင်ရှားစေတော်မူခဲ့ပြီးဖြစ်ပါသည်။ သူသည် ကမ္ဘာမြေကြီးကို အိပ်ပျော်သွားစေရေးအတွက် ချော့သိပ်ရန်ကြွလာတော်မူခဲ့ခြင်းမဟုတ်မူဘဲ၊ နောက်ဆုံးတွင် ဘုရားသခင်၏မြို့တော်ကြီးအဝင်တံခါးမကြီးများဆီသို့ ရောက်ရှိသွားကြစေရေးအတွက် အားလုံးသောသူတို့က ခရီးဆက်ရကြမည့် ကျဉ်းမြောင်းသောလမ်းကိုညွှန်ပြတော်မူရန် ကြွလာတော်မူခဲ့ခြင်းဖြစ်ပါသည်။ သူဦးဆောင်တော်မူသည့်လမ်းကြောင်း

ဖြစ်သည့် မည်သည့်သက်သောင့်သက်သာရှိမှု၊ သို့မဟုတ် ကိုယ်ကျိုးအတ္တဆိုင်ရာစိတ်အလိုလိုက်မှုတို့ကိုမဆို အစတေးခံတော်မူခဲ့သည့်နေရာ၊ မည်သည့်လုပ်ဆောင်မှု၊ သို့မဟုတ် ဆင်းရဲဒုက္ခအတွက် တန်ဖိုးပေးဆပ်တော်မူခဲ့သည့်နေရာအထိ၊ သူ၏သားသမီးတော်တို့ကလိုက်လျှောက်ကြရင်း၊ သူတို့သည် မိမိတို့၏ကိုယ်ကျိုးအတ္တစိတ်နှင့် အတောမသတ်သောတိုက်ပွဲကို ဆင်နွှဲရကြပါမည်။

## အသီးကိုလိုက်လံကောက်ယူသိမ်းဆည်းကြရသည့်အိပ်မက်တစ်ခု

၁၈၈၄ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့တွင် ဘယ်ရီသီးများတို့ကိုလိုက်လံရှာဖွေနေကြသည့် ကြီးမားသောလူအစုအဖွဲ့တို့နှင့်အတူ ကျွန်မလျှောက်လှမ်းခဲ့သည့်အိပ်မက်ကို ကျွန်မမြင်မက်ခဲ့ပါသည်။ အသီးကိုကူညီကောက်ယူသိမ်းဆည်းရန်အတွက် ထိုအစုအဖွဲ့ထဲတွင် ပျိုရွယ်သူအမျိုးသား၊ အမျိုးသမီးအများအပြားပါဝင်နေခဲ့ကြပါသည်။ ကျွန်မတို့သည် နေရာလွတ်ကွက်လပ်မရှိသလောက်ဖြစ်နေသည့် မြို့တော်ကြီးတစ်မြို့ထဲတွင်ရှိနေပုံရသည့်တိုင် မြို့တော်ကြီး၏ပတ်ပတ်လည်တွင် ကွင်းပြင်အလွတ်များ၊ လှပသည့်သစ်ပင်အုပ်များနှင့် စိုက်ပျိုးထားပြီးသားဥယျာဉ်များတို့ရှိနေကြပါသည်။ ကျွန်မတို့၏လူစုအတွက် စားနပ်ရိက္ခာကိုတနင့်တပိုးတင်ဆောင်ထားသည့် ကြီးမားသောပက်လက်ကုန်တွဲသည် ကျွန်မတို့၏ရှေ့၌သွားနှင့်ထားခဲ့ပါသည်။

မကြာမီ၌တွင်ပင် ပက်လက်ကုန်တွဲကြီးသည် ရပ်တန့်သွားခဲ့ပြီးနောက် လူအစုအဖွဲ့တို့သည် ဘယ်ရီသီးကိုရှာဖွေရန်အတွက် အရပ်ရပ်တိုင်းတို့သို့ ပျံ့နှံ့ရောက်ရှိသွားခဲ့ကြပါသည်။ ပက်လက်ကုန်တွဲကြီး၏ပတ်ပတ်လည်အားလုံးတို့တွင် မြင့်သောခြုံပုတ်များရော၊ နိမ့်သောခြုံနွယ်များတို့ပါရှိနေခဲ့ပြီး၊ ၎င်းခြုံပုတ်ပင်တို့သည် အလုံးကြီးပြီးလှပသည့် “whortleberriers” များတို့ကိုသီးကြသော်လည်း၊ အားလုံးသောလူအစုအဝေးတို့သည် ၎င်းအသီးတို့ကိုမြင်တွေ့ရကြရန် အလွန်ဝေးလံသောအရပ်သို့ သွားရောက်ရှာဖွေခဲ့ကြပါသည်။ ကျွန်မသည် အနီးအနားရှိအသီးများကို စတင်စုသိမ်းခဲ့သော်လည်း၊ အသီးခိုင်တစ်ခိုင်တွင် မှည့်သောအသီးနှင့်ရောနှောနေခဲ့သည့်အသီးစိမ်းတို့ကို ခူးမိမည်စိုးရိမ်ရသောကြောင့် ထိုအခိုင်မှမှည့်သောအသီးတစ်လုံးနှစ်လုံးခန့်မျှသာ ခူးယူရရှိနိုင်ခဲ့ပါသည်။



အချို့သောကောင်းမွန်လှပြီး အလုံးကြီးသည့်ဘယ်ရီသီးတို့သည် မြေကြီးပေါ်သို့ပြုတ်ကျခဲ့ကြရာတွင်၊ အသီးလုံး၏တစ်ဝက်မျှသောအပိုင်းတို့သည် ပိုးကောင်မွှားကောင်တို့၏ကိုက်စားထားခြင်းကို ခံခဲ့ရကြပါသည်။ ကျွန်မက၊ “အိုး–ရှင်၊ ဒီကွင်းထဲကိုစောစောကတည်းကရောက်များရောက်လာခဲ့ရင်တော့၊ ဒီတန်ဖိုးရှိလှတဲ့အသီးတွေကိုအကောင်းပကတိအတိုင်းရမှာပဲ။ ဒါပေမယ့် အခုဟာက သိပ်နောက်ကျနေပါပြီလေ။ ဘယ်လိုပဲဖြစ်ဖြစ်၊ ကောင်းတဲ့အသီးကလေးတွေကိုတွေ့လိုတွေ့ငြား၊ ကောက်ကြည့်လိုက်ဦးမယ်လေ။ တကယ်လို့သာ ဘယ်ရီသီးတွေအကုန်လုံးပျက်စီးသွားရင်တောင်မှ ကျွန်မရဲ့မောင်လေး၊ အစ်ကိုတော်တွေကို ဒီပျက်စီးနေတဲ့အသီးတွေကိုပြသပေးပြီး တကယ်လို့သာဒီနေရာကို သိပ်အနောက်ကျမခံဘဲရောက်လာခဲ့ကြရင်တော့ ဒီအသီးတွေကိုဘယ်လိုအနေအထားမျိုးနဲ့တွေ့ရှိရကြမယ်ဆိုတာကို အနည်းဆုံးပြောပြနိုင်မှာပဲလေ” လို့ဆိုပြီး ကျွန်မတွေးတောမိခဲ့တယ်။

အစုအဖွဲ့မှလူနှစ်ယောက်၊ သို့မဟုတ် သုံးယောက်တို့သည် ကျွန်မရှိနေခဲ့သောပတ်ဝန်းကျင်သို့ စိမ်ပြေနပြေလျှောက်လာခဲ့ကြပါသည်။ သူတို့သည် စကားဖောင်ဖွဲ့ပြောဆိုခဲ့ကြပြီး၊ တစ်ဦး၏အစုအဖွဲ့တွင် တစ်ဦးကဝင်ထွက်သွားလာနေထိုင်ခဲ့ဟန်ရှိပါသည်။ ကျွန်မကိုသူတို့တွေ့မြင်ခဲ့ကြပြီးနောက် သူတို့က၊ “ကျွန်တော်တို့နေရာအနှံ့လိုက်ကြည့်ကြတာ ဘာအသီးကိုမျှမတွေ့ကြဘူး” ဟူ၍ ကျွန်မအားပြောပြခဲ့ကြပါသည်။ ကျွန်မရရှိထားခဲ့သောအသီးအရေအတွက်ကို သူတို့ကအံ့ဩတကြီးဖြင့်ကြည့်ခဲ့ကြပါသည်။ ကျွန်မက “ဒီခြုံပုတ်တွေကနေပြီး အသီးတွေကိုအများကြီးရနိုင်မယ်” ဟူ၍ သူတို့အားပြောပြခဲ့ပါသည်။ သူတို့သည် အသီးကိုစတင်ဆွတ်ခူးခဲ့ကြပြီး၊ မကြာမတင်၌တွင်ပင် အသီးကိုအခူးရပ်တန့်ခဲ့ကာ ကျွန်မအား၊ “ဒီနေရာမှာကျွန်တော်တို့ခူးဖို့မသင့်ဘူး၊ ဒီနေရာကိုခင်ဗျားတွေ့ထားခဲ့တဲ့အတွက် အသီးတွေဟာ ခင်ဗျားရဲ့အသီးတွေပဲဖြစ်ရမှာပါ” ဟူ၍ ပြောဆိုခဲ့ကြပါသည်။ သို့သော်လည်း ကျွန်မက “ဘာမှမထူးပါဘူး၊ ဒီနေရာတိုင်းမှာရှင်တို့တွေ့တဲ့အရာရာတိုင်းကိုသိမ်းဆည်းကြပါ။ ဒီအခင်းဟာ ဘုရားသခင်ရဲ့စိုက်ခင်းဖြစ်ပြီး၊ ဒီအသီးတွေဟာ သူ့ရဲ့ဘယ်ရီသီးတွေပဲ၊ ဒီအသီးတွေကိုခူးယူဖို့က ရှင်တို့ရဲ့အခွင့်ထူးပဲလေ” ဟူ၍ သူတို့အားပြန်လည်ပြောကြားခဲ့ပါသည်။

မကြာမတင်၌တွင်ပင် ကျွန်မသည် တစ်ယောက်ထီးတည်းရှိနေသကဲ့သို့ဖြစ်ပြန်ပါသည်။ အချိန်တိုတိုင်းတွင် ပက်လက်ကုန်တွဲတွင် စကားပြောသံနှင့်ရယ်မောသံ

တို့ကို ကျွန်မကြားခဲ့ရပါသည်။ ကျွန်မသည် ထိုနေရာတွင်ရှိနေကြသည့်သူတို့ကို အလောသုံးဆယ်ခေါ်မိပြီး၊ "ရှင်တို့ဘာလုပ်နေကြတာလဲ" ဟူ၍မေးခဲ့သောအခါ၊ သူတို့က "ကျွန်တော်တို့မှာဗျာ၊ ဘာဘယ်ရီသီးတွေကိုမျှရှာမတွေ့ကြပါဘူး။ ကျွန်တော်တို့လည်း မောပန်းလာပြီး၊ ဆာကလည်းဆာဆိုတော့ ပက်လက်ကုန်တွဲဆီကို နေ့လယ်စာစားသောက်ကြဖို့ ပြန်ကြရင်ကောင်းမယ်လို့ထင်တယ်လေ။ ကျွန်တော်တို့ခေတ္တခဏနားပြီးရင်၊ နောက်တစ်ခေါက်ပြန်ထွက်ကြဦးမယ်" ဟူ၍ပြန်လည်ဖြေကြားခဲ့ကြပါသည်။

သို့ရာတွင် ကျွန်မက၊ "အခုထိရှင်တို့ဘာမှမခူးလာကြသေးဘူး။ ရှင်တို့က ကျွန်မတို့ရဲ့စားစရာရိက္ခာတွေကို ကုန်အောင်စားပစ်ကြပြီး၊ ကျွန်မတို့ကိုကျတော့ဘာမျှမပေးကြဘူး။ ကျွန်မခူးရမယ့်အသီးတွေအတော်များများရှိနေသေးလို့ လောလောဆယ်စားဖို့သောက်ဖို့အချိန်မပေးနိုင်ဘူး။ ရှင်တို့က အနီးကပ်၊ သေသေချာချာမရှာကြည့်ခဲ့ကြတော့ ဒီအသီးတွေကိုမတွေ့ခဲ့ကြတာဘဲ။ ဒီအသီးတွေဟာ ခြုံပုတ်တွေရဲ့အပြင်ဘက်မှာ တွဲလောင်းကျပြီးသီးနေကြတာမဟုတ်ဘူး။ သေသေချာချာရှာကြည့်ရမှာ။ အမှန်မှာက လက်တစ်ဆုပ်စာကလေးလောက်နဲ့ ရှင်တို့ခူးလို့ရနိုင်မှာမဟုတ်ပေမယ့် ဘယ်ရီသီးအစိမ်းသီးတွေထဲမှာသေသေချာချာကြည့်ရင် ရှင်တို့အနေနဲ့ တကယ့်စိတ်ကြိုက်အသီးတွေကိုတွေ့ရကြပါလိမ့်မယ်" ဟူ၍ပြန်လည်ပြောပြခဲ့ပါသည်။

ကျွန်မ၏ခပ်သေးသေးဆွဲပုံးကလေးသည် မကြာမီအတွင်း၌တွင်ပင် ဘယ်ရီသီးများတို့ဖြင့်ပြည့်သွားခဲ့ကာ ပက်လက်ကုန်တွဲဆီသို့ ကျွန်မယူဆောင်သွားခဲ့ပါသည်။ ကျွန်မက ထိုသူတို့အား၊ "ဒီဟာက ကျွန်မခူးလာခဲ့သမျှအသီးတွေထဲမှာ အကောင်းဆုံးအသီးလေ၊ ရှင်တို့က အဝေးကြီးသွားရှာပြီး ဘာမှမရဘဲ ကိုယ့်ကိုကိုယ်မွန်းကျပ်စိတ်ဆင်းရဲအောင်လုပ်နေကြတဲ့အချိန်မှာ ကျွန်မက ဒီအသီးတွေကို ဒီအနားတစ်ဝိုက်မှာပဲ ခူးလာခဲ့တာ" ဟူ၍ ကျွန်မကပြောပြခဲ့ပါသည်။

သူတို့အားလုံးတို့က ကျွန်မယူလာခဲ့သောအသီးများကိုကြည့်ရှုရန် ကျွန်မထံသို့ ဝိုင်းလာကြပါသည်။ ထိုနောက် သူတို့က၊ "ဒီအသီးတွေဟာ ခြုံပုတ်အမြင့်ပိုင်းက ဘယ်ရီသီးတွေပဲ၊ ကျစ်လျစ်ပြီးကောင်းမွန်တဲ့အသီးတွေ။ တစ်စုံတစ်ရာကိုခြုံပုတ်အမြင့်ပိုင်းမှာတွေ့လိမ့်မယ်ဆိုတာ ကျွန်တော်တို့မထင်မှတ်ခဲ့မိပဲ ခြုံပုတ်အနိမ့်ပိုင်းကဘယ်ရီသီးတွေကိုပဲလိုက်ရှာနေခဲ့ကြတော့ တွေ့တော့တွေ့ကြပါရဲ့၊ ဒါပေမယ့် အနည်းအကျဉ်းလောက်ပဲတွေ့ခဲ့ကြတယ်" ဟူ၍ ပြောပြခဲ့ကြပါသည်။

ထိုနောက်တွင် ကျွန်မက သူတို့အား၊ "ဒီဘယ်ရီသီးတွေကို ရှင်တို့ဂရုတစိုက်ထိန်းသိမ်းကြပြီးတဲ့နောက်၊ ခြုံပုတ်အမြင့်ပိုင်းတွေကပိုများတဲ့အသီးတွေကိုရှာဖို့ ကျွန်မ





နဲ့အတူလိုက်ကြမှာလား" ဟူ၍မေးမြန်းခဲ့ပါသည်။ သို့သော်လည်း သူတို့သည် အသီးများကိုဂရုစိုက်ကြည့်ရှုကြရန်အတွက် မည်သည့်ကြိုတင်ပြင်ဆင်မှုမျိုးမျှ လုပ်ဆောင်ခဲ့ကြခြင်းမရှိကြပါ။ ပန်းကန်များနှင့်အိတ်များတို့သည် အလျှံပယ်ပေါများလှသော်လည်း ထိုအရာတို့ကိုသူတို့က အစားအစာကိုထည့်ထားရန်သာ အသုံးပြုခဲ့ကြပါသည်။ ကျွန်မသည်လည်း သူတို့ကိုစောင့်ရသည်မှာ စိတ်မောလာခဲ့သည်အလျောက်၊ အဆုံးတွင် သူတို့အား "အသီးတွေကိုစုဆောင်းဖို့ ရှင်တို့ဒီနေရာကိုမလာခဲ့မိကြဘူးနဲ့တူတယ်။ နောက်ပြီးရှင်တို့က အဲဒီအသီးတွေကိုဘာဖြစ်လို့ဂရုတစိုက်မရှိကြတာလဲ" ဟူ၍ ကျွန်မက မေးမြန်းခဲ့ပါသည်။

တစ်ယောက်က၊ " အစ်မကြီးဝှိုက်ရေ၊ အိမ်တွေအများကြီးရှိတဲ့နေရာတွေမှာ ဘာအသီးတွေမှတွေ့နိုင်မှာမဟုတ်ဘူးလို့ ကျွန်တော်တို့အမှန်တကယ်တွေးထင်ထားခဲ့ကြလို့၊ ကျွန်တော်တို့က ရှေ့ဆက်သွားနေကြတာပါ။ ဒါပေမယ့်အစ်မကြီးက အသီးတွေကို အစ်မရဲ့နေရာမှာပဲစုသိမ်းဖို့သိပ်လိုလားနေရင်တော့ အစ်မကြီးနဲ့အတူလိုက်လာဖို့ ကျွန်တော်တို့ဆုံးဖြတ်ခဲ့ကြပြီ။ ကျွန်တော်တို့လုံလုံလောက်လောက်စားရဖို့ ကျွန်တော်တို့ယူလာကြမယ်ဆိုတာကို ကျွန်တော်တို့စဉ်းစားထားခဲ့ပြီးသားအပြင်၊ ကျွန်တော်တို့ဘာအသီးမှရမလာကြရင်လည်း ကျေကျေနပ်နပ်နဲ့အပန်းဖြေကြမှာပါ" ဟူ၍ ပြန်လည်တုံ့ပြန်ခဲ့ပါသည်။

ကျွန်မက၊ "ဒီအလုပ်အမျိုးအစားအကြောင်းကို ကျွန်မနားမလည်နိုင်ဘူး။ အခုပဲကျွန်မအဲဒီခြုံပုတ်တွေဆီကိုပြန်သွားဦးမယ်။ နေ့ဖက်အချိန်က တော်တော်ကလေးကုန်လွန်သွားခဲ့တဲ့အလျောက်၊ ကျွန်မတို့ဒီနေရာမှာ ဘာအသီးမှမရနိုင်တော့မယ့်ညမိုးချုပ်ချိန်က မကြာခင်ရောက်လာတော့မယ်" ဟူ၍ သူတို့အားပြန်လည်ဖြေကြားခဲ့ပါသည်။ အချို့တို့သည် ကျွန်မနှင့်အတူလိုက်လာခဲ့သော်လည်း၊ အခြားသောသူတို့က အစာစားကြရန်အတွက် ပက်လက်ကုန်တွဲ၌တွင်ပင် နေရစ်ခဲ့ကြပါသည်။

တစ်နေရာတွင် အစုအဖွဲ့ငယ်တစ်စုအဖြစ် လူတွေစုရုံးစုရုံးဖြစ်နေခဲ့ကြရာတွင် သူတို့အထူးတလည်စိတ်ဝင်စားလှသည်ဟုထင်ရသည့်အကြောင်းအရာကိုရှုပ်ယှက်ခတ်လောက်အောင်ပြောဆိုနေကြပါသည်။ ကျွန်မက သူတို့အနားကိုတိုးကပ်သွားခဲ့ပြီး၊ အမျိုးသမီးတစ်ယောက်၏လက်မောင်းအတွင်းရှိ ကလေးငယ်ကလေးတစ်ယောက်က သူတို့၏အာရုံကိုဖမ်းစားနေခဲ့ပါသည်။ ကျွန်မက "ရှင်တို့အတွက်အချိန်ကသိပ်မရှိလေ

တော့၊ ရှင်တို့လုပ်နိုင်နေကြတုန်း အကောင်းဆုံးလုပ်ဆောင်သင့်ကြတယ်လေ” ဟူ၍ သူတို့အားပြောပြခဲ့ပါသည်။

ပက်လက်ကုန်တွဲဆီသို့ အပြေးပြိုင်ခဲ့ကြသည့် ပျို့ရွယ်သူယောကျ်ားကလေး တစ်ယောက်နှင့်မိန်းကလေးတစ်ယောက်တို့ဆီသို့ အများသောသူတို့၏အာရုံက ရောက်ရှိခဲ့ကြပါသည်။ ၎င်းပက်လက်ကုန်တွဲဆီသို့အရောက်တွင် သူတို့နှစ်ယောက်တို့သည် အမောတကောဖြင့်ထိုင်ချလိုက်ပြီး အမောဖြေခဲ့ကြပါသည်။ အခြားသောသူတို့ကလည်း မိမိတို့ကိုယ်ကို မြက်ခင်းပေါ်တွင်အနားယူကြရန် ပစ်လှဲချခဲ့ကြပါသည်။

ဤသို့ဖြင့် နေ့တစ်နေ့ကုန်လွန်သွားခဲ့ချိန်တွင် အနည်းအကျဉ်းမျှလောက်သော အလုပ်သာ ပြီးမြောက်ခဲ့ပါသည်။ နောက်ဆုံးတွင် ကျွန်မက “မောင်လေးတို့၊ အစ်ကိုကြီးတို့ရေ၊ မျှော်လင့်ချက်နဲ့ထွက်လာကြတဲ့ဒီခရီးစဉ်ကို ရှင်တို့က အောင်မြင်မှုမရတဲ့ခရီးထွက်ခြင်းလို့ ခေါ်ဆိုကြမှာပဲ။ တကယ်လို့သာရှင်တို့ဒီလိုသာလုပ်နေကြမယ်ဆိုရင် ရှင်တို့ရဲ့မအောင်မြင်မှုအတွက် ကျွန်မမအံ့သြမိပါဘူး။ ရှင်တို့ရဲ့အောင်မြင်မှု၊ ဒါမှမဟုတ် ကျရှုံးမှုဆိုတာက ရှင်တို့လုပ်ရမယ့်အလုပ်ကိုလုပ်ဆောင်ရာမှာ လက်ကိုင်ထားတဲ့လုပ်နည်းလုပ်ဟန်အပေါ်မှာမူတည်ပါတယ်။ ဘယ်ရီသီးတွေကို ကျွန်မဒီမှာတွေ့ရတယ်။ ရှင်တို့အထဲကတချို့လူတွေက ခြုံပုတ်အနိမ့်ပိုင်းတွေမှာ အချည်းနှီးသက်သက်နဲ့ရှာနေကြပြီး၊ တခြားလူတွေက ဘယ်ရီသီးအနည်းအကျဉ်းကို ရှာတွေ့ခဲ့ကြပေမယ့်၊ မြင့်တဲ့ခြုံပုတ်တွေကိုကျတော့ ရှင်တို့ကကျော်သွားခဲ့ကြတာကလည်း အဲဒီခြုံအမြင့်ပေါ်မှာအသီးတွေကိုတွေ့ဖို့ ရှင်တို့ကမျှော်လင့်မထားခဲ့ကြဘူးဆိုတာရှင်းနေတာပါ။ ကျွန်မခူးလာခဲ့တဲ့အသီးတွေက အလုံးကြီးပြီးမှည့်ရဲနေတာကို ရှင်တို့တွေ့နေကြတာပဲ။ မကြာမတင်မှာဘဲ တခြားဘယ်ရီသီးတွေက မှည့်လာကြတော့မှာဖြစ်တဲ့အတွက် အဲဒီခြုံပုတ်တွေဆီကို ကျွန်မတို့နောက်ထပ်တစ်ခါသွားရှာကြည့်နိုင်ကြမှာပါ။ ဒီနည်းလမ်းဟာ အသီးတွေကို ဘယ်လိုစုသိမ်းကြရမလဲဆိုတာကို ကျွန်မသင်ကြားပို့ချခံရတဲ့နည်းလမ်းပဲ။ တကယ်လို့သာ ပက်လက်ကုန်တွဲနားမှာပဲရှင်တို့ရှာဖွေကြဦးမယ်ဆိုရင်တော့ ကျွန်မရသလို ရှင်တို့လည်းရကြမှာပါ” ဟူ၍ပြောပြခဲ့ပါသည်။

ယနေ့သင်ရရှိနေသောသင်ခန်းစာသည် ဤအလုပ်မျိုးကို မည်ကဲ့သို့လုပ်ဆောင်ရကြမည်ဆိုခြင်းကို သင်ကြားရယူနေကြသည့်သူတို့ကို ပေးကမ်းရမည်ဖြစ်ပြီး၊ သူတို့သည်လည်း အတုယူကြပေလိမ့်မည်။ လူများထူထပ်စွာအခြေချနေထိုင်ပြီးသောနေရာများတို့အလယ်တွင် ထာဝရဘုရားက အသီးသီးကြသည့်ဤခြုံပုတ်များတို့ကိုချထားပေးတော်မူကာ၊ ဤခြုံပုတ်တို့ကို သင်တို့တွေ့ရှိရရန်အတွက် မျှော်လင့်တော်မူပါသည်။ သို့ရာတွင် အားလုံးသောသင်တို့သည် အစားလွန်ကျူးကြပြီး၊ မိမိတို့ကိုယ်ကို အပျော်အပါးတွင်အထူးအာရုံရောက်စေကြပါသည်။ အသီးကိုတွေ့ရှိရကြရန်အတွက် သင်တို့သည် စိုက်ခင်းထဲသို့ စိတ်အားထက်သန်သောဆုံးဖြတ်ချက်မျိုးဖြင့် လာခဲ့ကြခြင်းမဟုတ်ကြပါ။



သင်တို့အနေဖြင့် ယခုမှစပြီး သာလွန်သည့်အားမာန်နှင့်စိတ်အားထက်သန်မှုတို့ဖြင့်အပြင်၊ ကွဲပြားခြားနားသည့်ရည်မှန်းချက်ရှုထောင့်မျိုးရှိကြသည့်တိုင် တစ်စုတစ်စည်းတည်းဖြင့်လုပ်ဆောင်ရကြမည်ဖြစ်ပြီး၊ ထိုသို့မဟုတ်ပါက သင်တို့၏လုပ်ဆောင်မှုတို့သည် မည်သည့်အခါမျှအောင်မြင်မည်မဟုတ်ကြပါ။ မှန်ကန်သောနည်းလမ်းမျိုးဖြင့် လုပ်ဆောင်ကြခြင်းဖြင့် အစာစားခြင်းနှင့်အနားယူအပန်းဖြေခြင်းကဲ့သို့သော ကိစ္စရပ်များတို့သည် သာမန်အဆင့်ဖြင့်သာအရေးကြီးသည်ဆိုခြင်းကို ပျို့ရွယ်သူအမှုတော်ဆောင်များတို့ကို သင်ကြားပေးရကြပါမည်။ ရိက္ခာအထောက်အပံ့တင်ထားသော ပက်လက်ကုန်တွဲကြီးကို စိုက်ခင်းကွင်းပြင်သို့ယူဆောင်လာရေးမှာ ခက်ခဲသည့်အလုပ်ဖြစ်သည့်တိုင် သင်တို့၏လုပ်ဆောင်မှုများတို့ကြောင့် ရရှိလာမည့်အသီးတို့ကို သင်၏အိမ်သို့သယ်သွားနိုင်မည့်ရလဒ်မျိုးထက် ရိက္ခာအထောက်အပံ့တို့ကို ပိုမိုပေးနိုင်ရေးကိုသာ အလေးထားစဉ်းစားရကြပါမည်။ သင်တို့အနေဖြင့် လုံ့လဝီရိယရှိသင့်ရာတွင် အဦးဆုံးအနေဖြင့် သင်၏အနီးအနားရှိဘယ်ရီသီးတို့ကို ခူးယူရမည်ဖြစ်ပြီး၊ ထိုနောက်တွင် ပိုမိုဝေးလံသည့်နေရာရှိအသီးတို့ကို ရှာဖွေရကြမည်ဖြစ်ကာ၊ တစ်ဖန်ပြန်လာ၍ မူလနေရာတွင်ပြန်လည်လုပ်ဆောင်ခြင်းဖြင့် သင်တို့သည် အောင်မြင်မှုကိုအထူးရရှိကြပါလိမ့်မည်။

## အစေကိုခံရန်အတွက် မရှိမဖြစ်သောလိုအပ်ချက်များ

ဘုရားသခင်သည် သူ၏အမှုတော်ဆောင်များတို့အား စင်ကြယ်သည့်မြတ်နိုးချစ်ခင်မှုတစ်ခုဖြစ်သည့် အများကကျင့်သုံးနေကျ စာနာထောက်ထားမှုတစ်ခုအားဖြင့် ပေါင်းစည်းကြရန်အတွက် အလိုတော်ရှိတော်မူပါသည်။ ဤပေါင်းစည်းမှုသည် ယုံကြည်သူအား အသက်တာတစ်ခုမှတစ်ခုဆီသို့ ရနံ့သင်းပျံ့စေသည့်အပြင်၊ ထိုယုံကြည်သူ၏

ကြိုးပမ်းအားထုတ်မှုများအပေါ် ဘုရားသခင်က ကောင်းချီးမင်္ဂလာပေးတော်မူရန်အတွက် အထောက်အကူပြုပေးသည့် သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာအသွင်သဏ္ဌာန်နှင့် ထပ်တူကျမှုရှိသည့်ချစ်ခြင်းမေတ္တာက၊ ထိုအမှုတော်ဆောင်၏စိတ်ဝိညာဉ်ကို ဝိုင်းပတ်ပေးထားနေစေသည့် လေထုဝန်းကျင်ပင်ဖြစ်ပါသည်။ ခရစ်ယာန်ဘာသာသည် လူနှင့်သူ၏အပေါင်းအသင်းတို့စပ်ကြား ခွဲခြားထားသည့် မည်သည့်နံရံများကိုမျှ တည်ဆောက်ခြင်းမရှိသည့်အပြင်၊ လူသားတို့အား ဘုရားသခင်နှင့်အပြင် လူသားအချင်းချင်းတို့ကို နှောင်ဖွဲ့ထားပေးပါသည်။

ထာဝရဘုရားသည် သူ၏အဖန်ဆင်းခံများတို့အပေါ် ဆက်ဆံတော်မူခြင်းများတွင် မည်မျှသနားကြင်နာမှုရှိတော်မူပြီး၊ နူးညံ့သိမ်မွေ့တော်မူသည်ဆိုခြင်းကို သတိမူမှတ်သားထားကြည့်ပါ။ သူသည် သူ၏အမှားအယွင်းဖြင့်ဖြုန်းတီးသောသားကို ချစ်တော်မူပြီး၊ သူ၏ထံတော်သို့ပြန်လာရန်အတွက် တောင်းပန်တိုးလျှိုးတော်မူပါသည်။ ဖခမည်းတော်၏လက်မောင်းတော်သည် နောင်တရသောသူ၏သားအနီးဝန်းကျင်တွင်ရှိတော်မူပြီး သူ၏ဝတ်ရုံတော်တို့သည် ထိုသား၏ဟောင်းနွမ်းနေသောအဝတ်တို့ကို ဖုံးအုပ်တော်မူစေကာ၊ လက်စွပ်တော်သည် သူ၏လက်ချောင်းတွင် သူ၏မူပိုင်ခ တိုကင်လက်မှတ်အဖြစ်ဖြင့် ဆင်မြန်းပေးထားတော်မူပါသည်။ ထို့ပြင်မက အသုံးအဖြုန်းကြီးသူအပေါ် ဥပေက္ခာပြုရုံတွင်မက အထင်သေးသောပုံစံမျိုးဖြင့် ရှုမြင်ကြသောသူများမည်မျှများပြားစွာရှိနေကြပါသနည်း။ ထိုသို့သောသူတို့သည် (လုကာ ၁၈း၁၁) တွင်ဖော်ပြထားသည့် ဖာရိရှဲတို့၏ပြောစကားဖြစ်သည့် "သူတစ်ပါးတို့ကဲ့သို့ . . . အကျွန်ုပ် . . . မဟုတ်သောကြောင့်၊ အိုဘုရားသခင်၊ ကျေးဇူးတော်ကြီးလှပါသည်" ဆိုသည့်အတိုင်း ပြောဆိုတတ်ကြပါသည်။ သို့သော်လည်း သခင်ခရစ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်သူများအဖြစ်ဖြင့်လုပ်ဆောင်လိုသည်ဟု ပြောဆိုနေကြသောသူတို့သည် စုံစမ်းနှောင့်ယှက်ခြင်းရေဘေးကြီးကို သူတို့၏စိတ်ဝိညာဉ်တို့က ရင်ဆိုင်တွန်းလှန်နေရပြီး၊ (လုကာ ၁၅း၃–၁၀) တွင်ပါရှိသည့် သခင်ခရစ်တော်၏ဥပမာစကားကဲ့သို့ ခေါင်းမာပြီး၊ ကိုယ်ကျိုး အတ္တကြီးမားကာ၊ တစ်ကိုယ်ကောင်းဆန်လှသည့် အစ်ကိုကြီးကဲ့သို့သောသူနှင့်အနီးကပ် နေထိုင်နေရကြသောအချိန်တွင် ဘုရားသခင်က ထိုကဲ့သို့သောသူတို့ကို မည်ကဲ့သို့ ကြည့်ရှုတော်မူမည်ဆိုခြင်းကို သင်မည်ကဲ့သို့သဘောရပါသနည်း။

စာရိတ္တဖျက်ဆီးခံရသူ၊ အပြစ်ပြုမိသူ၊ ဆင်းရဲဒုက္ခရောက်နေကြသည့်အသက်ဝိညာဉ်များ၊ မိုက်မှားမှုများနှင့် အပြစ်တရားများတို့တွင် သေဆုံးရကြသူများတို့အတွက်



သနားခြင်းကရုဏာထားရှိနိုင်ကြရန်မှာ ကျွန်ုပ်တို့အနေဖြင့် ကရုဏာသက်ခြင်းအမှုတွင် မဖြစ်စလောက်သောပါဝင်လုပ်ဆောင်မှုမျိုးဖြင့် သခင်ခရစ်တော်နှင့်အတူလုပ်ဆောင်နေရာမှ ကျွန်ုပ်တို့နှင့်သူ၏စပ်ကြား အသန်မာဆုံးသောနှောင်ဖွဲ့မှုမျိုးဖြင့် ပူးပေါင်းဆောင်ရွက်ရကြမည်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်အပေါ် လူတစ်ယောက်က လူမဆန်သောပြုမူကျင့်ကြံမှုသည် ကျွန်ုပ်တို့၏အကြီးမားဆုံးသောအပြစ်ဖြစ်ပါသည်။

ဘုရားသခင်၏ကြင်နာသနားတတ်တော်မူခြင်းနှင့် သူ၏ကြီးမားလှသောချစ်ခြင်းမေတ္တာတော်ကို ကိုယ်စားပြုပေးရန် လုံးလုံးလျားလျားပျက်ကွက်နေကြသော များစွာသောသူတို့သည် သူတို့အနေဖြင့် ဘုရားသခင်၏တရားမျှတတော်မူခြင်းကို ကိုယ်စားပြုပေးနေကြသည်ဟု ထင်မြင်ယူဆကြပါသည်။ သူတို့က မကြာခဏခက်ထန်သောအပြုအမူနှင့်တင်းမာသောအပြုအမူတို့ဖြင့် တွေ့ဆုံဆက်ဆံကြသောသူတို့သည် စုံစမ်းနှောင့်ယှက်ခြင်း၏ဖိစီးမှုအောက်တွင် ရောက်ရှိနေကြပါသည်။ စာတန်မာရ်နတ်သည် ထိုသို့သောဆက်ဆံမှုမျိုးဖြင့် အဆက်ဆံခံရသောသူတို့၏စိတ်ဝိညာဉ်တို့နှင့် နပန်းသတ်နေသည်အလျောက်၊ ခက်ထန်ပြီး စာနာမှုမရှိသောစကားလုံးတို့သည် ထိုသူတို့ကို စိတ်ဓာတ်ကျဆင်းစေကာ၊ သွေးဆောင်ဖြားယောင်းသူ၏တန်ခိုးတွင်း၌ သားကောင်အဖြစ်ဖြင့် ရောက်ရှိသွားစေပါတော့သည်။

ကျွန်ုပ်တို့သည် ပိုမို၍သခင်ခရစ်တော်၏ကရုဏာသက်တော်မူခြင်းနှင့် အလားသဏ္ဌာန်တူရန်လိုအပ်ကြရာတွင် အပြစ်ကင်းစင်ရေးအတွက် ကျွန်ုပ်တို့ထံသို့ရောက်ရှိလာကြသောသူများအတွက်ချည်းသာမကဘဲ မရှိဆင်းရဲသားများ၊ ဆင်းရဲဒုက္ခတွင်းကျရောက်နေကြသောသူများ၊ ရုန်းကန်နေရကြသောအသက်ဝိညာဉ်များ၊ အမှားအယွင်းတွင်းသို့မကြာခဏနယ်လွန်သွားကြသူများ၊ အပြစ်လုပ်လိုက်၊ တောင်းပန်လိုက်ဖြင့် လုံးလည်လိုက်ကြသောသူများနှင့် စုံစမ်းနှောင့်ယှက်ခံရပြီး စိတ်ဓာတ်ကျဆင်းနေကြသူများတို့အတွက်ကိုပါ စာနာထောက်ထားသည့်ကရုဏာသက်မှုမျိုးကို ထားရကြပါမည်။ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏အပေါင်းအသင်းတို့ထံသို့သွားရောက်ကြပြီး၊ သူတို့၏အားနည်းနိမ့်ပါးမှုအခြေအနေများအတွက် ခံစားနေရသည့်ခံစားမှုမျိုးဖြင့် ကရုဏာစိတ်ရှိတော်မူသော ကျွန်ုပ်တို့၏ယဇ်ပုရောဟိတ်မင်းနှင့် အလားတူသည့်ဝမ်းနည်းခြင်းမျိုးကို ပြသပေးရကြပါမည်။ Ministry of Healing, pp. 163, 164.

## ဂုဏ်သိက္ခာ

ယခုခေတ်ကာလတွင် အမှန်တရားအတွက် သူတို့၏အသံတို့ကိုမြှင့်တင်ကြွေးကြော်ရန် အကြောက်အရွံ့ကင်းသည့် အစမ်းသပ်ခံရဲသောသတ္တိနှင့် ခိုင်မာသန်စွမ်းသောဂုဏ်သိက္ခာမျိုးရှိကြသည့် လူစားမျိုးတို့ကို လိုအပ်နေပါသည်။ လုပ်ဆောင်ကြသောသူတစ်ယောက်စီတိုင်းတို့ကို ကျွန်ုပ်ပြောလိုသည်မှာ သင်တို့၏တရားဝင်တာဝန်အားလုံးတို့ကို ဆောင်ရွက်ကြရာတွင်၊ သင်တို့၏ဂုဏ်သိက္ခာသည် အပြုအမူတစ်ခုစီတိုင်းတို့ကို ထူးခြားသည့်သွင်ပြင်လက္ခာမျိုးဖြင့် ထင်ရှားပါစေ။ ဆယ်ဖို့တစ်ဖို့များအားလုံး၊ တစ်စုံတစ်ရာသောအထူးကိစ္စရပ်အားဖြင့် သင့်အားအပ်နှံထားသောငွေကြေးအားလုံးတို့သည် ၎င်းတို့နှင့်သက်ဆိုင်ရာနေရာမျိုးတွင် ချက်ချင်းပေးထားရပါမည်။ ဘုရားသခင်၏အရေးအရာတော်အတွက် ပေးထားသောငွေကြေးတို့ကို နောက်ပိုင်းတွင်ပြန်လည်အစားထိုးဖြည့်ထည့်လျှင်လည်းရနိုင်သားပဲ ဆိုသည့်အတွေးမျိုးဖြင့် မိမိကိုယ်ရေးကိုယ်တာအတွက် သုံးစွဲထားရန်မသင့်လျော်ပါ။ ဤလုပ်ရပ်မျိုးကို ဘုရားသခင်တားမြစ်တော်မူပါသည်။ ၎င်းလုပ်ရပ်မျိုးသည် မကောင်းမှုတစ်ခုပြီးတစ်ခု ဆက်လက်လုပ်ဆောင်နေကျသူတစ်ဦးတစ်ယောက်ထံမှလာသည့် စုံစမ်းနှောင့်ယှက်ခြင်းတစ်ခုဖြစ်ပါသည်။ ထာဝရဘုရား၏ဘဏ္ဍာတော်တိုက်အတွက် ရန်ပုံငွေတို့ကိုလက်ခံရရှိသည့် အမှုတော်ဆောင်အနေဖြင့် အလှူရှင်အား ရက်စွဲပါသည့်လက်ခံရရှိကြောင်း လက်ရေးမူပြေစာဖြတ်ပိုင်းကို ထိုလှူဒါန်းငွေပမာဏအတိုင်း ပေးအပ်ရမည်ဖြစ်ပါသည်။ ထိုနောက်တွင် ငွေရေးကြေးရေးဆိုင်ရာ ဖိအားပေးမှုအားဖြင့်၊ ဤငွေကြေးတို့ကို မိမိအတွက်သုံးစွဲမိရန်စုံစမ်းသွေးဆောင်ခြင်းခံရသည်အထိ အချိန်မစောင့်ဆိုင်းဘဲ ထိုငွေကိုအသင်းတော်အတွက်လိုအပ်လာသည့် တစ်ချိန်ချိန်တွင်ထုတ်ယူသုံးစွဲနိုင်ရန်အတွက် ဘဏ်စာရင်းဖွင့်ပြီးအပ်နှံထားပါစေ။

## သခင်ခရစ်တော်နှင့်ပေါင်းစည်းခြင်း

သိုးထိန်းအကြီးနှင့်အလွန်အရေးပါသောချိတ်ဆက်မှုသည် ဒုတိယသိုးထိန်းကိုသခင်ခရစ်တော်အတွက်ရှင်သန်သည့် ကိုယ်စားပြုမှုကိုဖော်ဆောင်ပေးပါလိမ့်မည်။ ထိုကိုယ်စားပြုမှုသည် ကမ္ဘာမြေကြီးပေါ်သို့ထွန်းလင်းသည့် အလင်းရောင်တစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းဆိုင်ရာ အချက်အလက်အားလုံးတို့အပေါ် ထိုးထွင်း



သိမြင်နိုင်သည့်ဉာဏ်သည် မရှိမဖြစ်လိုအပ်လှသော်လည်း၊ အမှုတော်ဆောင်သည် သူကပေးဝေနေသည့်သမ္မာတရားတော်အားဖြင့် စင်ကြယ်ခြင်းရှိရမည့်အချက်သည် ပိုမို၍အရေးကြီးနေသည့်အချက်တစ်ခု ဖြစ်နေဆဲရှိပါသည်။

သခင်ခရစ်တော်နှင့်ပေါင်းစည်းခြင်းဆိုသည့်စကား၏အဓိပ္ပါယ်ကို သိရှိသောအမှုတော်ဆောင်သည် ဘုရားသခင်အတွက်အမှုကိုဆောင်ရွက်ခြင်း ဆိုသည့်စကား၏အဓိပ္ပါယ်ကို ဆုပ်ကိုင်ထားနိုင်ရန်အတွက် စဉ်ဆက်မပြတ်တိုးတက်မှုရှိသည့် လိုချင်စိတ်နှင့်လုပ်နိုင်စွမ်းမျိုးရှိသူဖြစ်ပါသည်။ ကျမ်းစာတော်မြတ်ကို သိရှိနားလည်ရေးအတွက် တိုးတက်မှုရှိထားသည့်အရည်အချင်းတစ်ခုကိုရရှိရေးနည်းလမ်းဖြစ်သည့် ကျေးဇူးတရား၌ကြီးထွားလာရေးအတွက် သူ၏အသိဉာဏ်ဗဟုသုတက တိုးချဲ့ပေးပါသည်။ ထိုကဲ့သို့သောသူသည် ဘုရားသခင်နှင့်အမှန်တကယ် အတူတကွလုပ်ဆောင်သူတစ်ဦးဖြစ်ပါသည်။ အရှင်သခင်တော်ကြီး၏လက်တော်များအတွင်း သူသည် ကိရိယာတန်ဆာပလာတစ်ခုဖြစ်သည့်အပြင်၊ သာဓကတစ်ခုအဖြစ်ရှိနေရမည်ဆိုခြင်းကို အမှတ်ရ၊ သတိပြုမိပါသည်။ စစ်ဆေးစီရင်ခြင်းများတို့သည် သူ့ထံသို့ရောက်လာစရာရှိပြီး၊ အကယ်၍သာဤကဲ့သို့သောစမ်းသပ်ခံရမှုမျိုးမရှိပါက သူ၏ဉာဏ်ပညာနှင့်အတွေ့အကြုံခေါင်းပါးနေမှုကို မည်သည့်အခါမျှသူသိရှိလိမ့်မည်မဟုတ်ပါ။ အကယ်၍သာ သူသည် ထာဝရဘုရားကိုနှိမ့်ချခြင်းနှင့်ယုံကြည်ကိုးစားစိတ်တို့ဖြင့် ကြိုးပမ်းရှာဖွေပါက၊ စစ်ဆေးစီရင်ခြင်းတိုင်းသည် သူ၏ကောင်းမွန်သောအလုပ်ကို လုပ်ဆောင်ပေးလာပါလိမ့်မည်။ တစ်ခါတစ်ရံတွင် သူသည် ကျရှုံးသွားမည့်အနေအထားတွင်ရှိဟန်တူသော်လည်း၊ သူ၏သိသာသောကျရှုံးမှုသည် မှန်ကန်သောတိုးတက်မှုဆီသို့ ရောက်ရှိသွားစေရေးအတွက်ဘုရားသခင်၏နည်းလမ်းသာဖြစ်နိုင်ကာ သူ့ကိုယ်ကိုအရှိအရှိအတိုင်းရှုမြင်နိုင်မည့် ပိုမိုကောင်းမွန်သည့်အသိဉာဏ်ဗဟုသုတတစ်ခုနှင့် ကောင်းကင်နိုင်ငံတော်ကြီးတွင် ပိုမိုခိုင်မာသည့်သစ္စာစောင့်သိမှုတစ်ခုအဖြစ်ဖြင့်ပါ အဓိပ္ပါယ်သက်ရောက်သွားစေပါသည်။ သူသည် အမှားများတို့ကိုလုပ်မိနေဆဲဖြစ်မည်ဖြစ်သော်လည်း ဤအမှားတို့ကိုထပ်မံမမှားရလေအောင် သင်ယူနေပါသည်။ မကောင်းမှုကိုခုခံတွန်းလှန်ရေးတွင် သူသည်သန်စွမ်းလာသည့်အနေအထားသို့ရောက်ရှိလာပြီး၊ သူ၏စံနမူနာမှနေပြီး အခြားသောသူတို့၏ရိတ်သိမ်းမှုသည် အကျိုးကျေးဇူးရှိလာမည်ဖြစ်သည်။

## စိတ်နှိမ့်ချခြင်း

ဘုရားသခင်အတွက်အမှုတော်ဆောင်သူသည် ထူးကဲထင်ရှားလှသည့်အတိုင်းအတာမျိုးဖြင့် စိတ်နှိမ့်ချခြင်းကိုပိုင်ဆိုင်ထားသင့်ပါသည်။ ဘုရားသခင်၏အရေးအရာတော်များတို့တွင် အနက်နဲဆုံးသောအတွေ့အကြုံရှိကြသောသူတို့သည် မာန်မာနနှင့် မိမိကိုယ်ကိုချီးမြှောက်ခြင်းအမှုတို့နှင့် အဝေးလံဆုံးသောနေရာဆီသို့ ဖယ်ရှားခံရပြီးသားဖြစ်ပါသည်။ သူတို့သည် ဘုရားသခင်၏ဘုန်းအာနုဘော်တော်ဆိုင်ရာ မြင့်မြတ်သည့်အကြံအစည်တစ်ခုရရှိထားကြခြင်းကြောင့် ဘုရားသခင်၏အမှုတော်တွင် အနိမ့်ဆုံးသောနေရာတွင် သူတို့လုပ်ကိုင်ရကြသည့်တိုင် သူတို့အတွက်ဂုဏ်ယူဖွယ်ရာအဖြစ် ခံစားရကြပါသည်။

ဘုရားသခင်နှင့်အတူ မောရှေသည် သိနာတောင်ပေါ်တွင် ရက်ပေါင်းလေးဆယ်ကြာထိတွေ့ဆက်ဆံပြီးနောက် တောင်အောက်သို့ဆင်းလာခဲ့သောအခါ၊ သူ့အားကြည့်ရှုနေခဲ့ကြသောသူတို့အား ကြောက်ရွံ့တုန်လှုပ်စေသည့် ထွန်းလင်းတောက်ပပြီး၊ တောက်ပြောင်သည့်အလင်းရောင်သည် သူ၏မျက်နှာပေါ်တွင် ထွန်းတောက်နေဆဲဖြစ်သည်ကို သူမသိရှိခဲ့ပါ။

ရှင်ပေါလုသည် ခရစ်ယာန်အသက်တာတွင် သူ၏တိုးတက်မှုအတွက် အလွန်နှိမ့်ချသောခံယူချက်တစ်ခုထားရှိခဲ့ပါသည်။ သူသည် သူ့ကိုယ်ကို အပြစ်သားများတို့၏အကြီးအကဲအဖြစ် ပြောဆိုထားပါသည်။ နောက်တစ်ဖန် သူက (ဖိလိပ္ပိ ၃း၁၂) တွင်၊ “. . . အကျိုးကိုခံရပြီး၊ စုံလင်ခြင်းသို့ရောက်ရပြီဟုငါမဆိုလို၊. . . ” ဟူ၍ ပြောကြားခဲ့ပါသည်။ မည်သို့ပင်ဆိုစေ၊ ရှင်ပေါလုသည် ထာဝရဘုရား၏မြင့်မားလှသောဂုဏ်ပြုတော်မူခြင်းကို ခံခဲ့ရပါသည်။

ကျွန်ုပ်တို့၏ကယ်တင်ရှင်ဖြစ်သူ သခင်ယေရှုသည် ဗတ္တိဇံဆရာယောဟန်အား ပုရောဖက်များတို့၏အကြီးကျယ်ဆုံးအဖြစ်ဖြင့် ကြေညာတော်မူခဲ့သော်လည်း၊ ဗတ္တိဇံဆရာယောဟန်သည် သခင်ခရစ်တော်ဖြစ်ပါသလားဆိုသည့်အမေးကို ဗတ္တိဇံဆရာယောဟန်က သူသည် သခင်ခရစ်တော်၏ခြေနင်းတော်ကြိုးကိုမျှဖြေခြင်းငှာ မထိုက်တန်ကြောင်းကို ပြန်လည်ဖြေကြားခဲ့ပါသည်။ အားလုံးသောသူတို့သည် ဆရာသခင်အသစ်ဆီသို့ ရောက်ရှိသွားကြကြောင်းကို သူ၏တပည့်တို့က သူ့ဆီသို့ပြန်လာညည်းတွားခဲ့ကြသောအခါ၊ ဗတ္တိဇံဆရာယောဟန်က သူသည် နောက်ထပ်ကြွလာတော်မူမည့် သူ၏





လမ်းခရီးတော်ကိုဖြောင့်စေရန်အတွက် ပြင်ဆင်ပေးသောရှေ့တော်ပြေးသာလျှင်ဖြစ်ကြောင်းကို သူ၏ထိုတပည့်တို့အား သတိပေးပြောဆိုခဲ့ပါသည်။

ဗတ္တိဇံဆရာယောဟန်၏ဤကဲ့သို့သောစိတ်ထားမျိုး ယခုကာလအမှုတော်ဆောင်များထံတွင် ရှိရန်လိုအပ်ပါသည်။ မိမိတို့ကိုယ်ကိုသာယုံကြည်အားကိုးသူများ၊ မိမိတို့အတွက်သာ မိမိတို့ဖြည့်ဆည်းကြသူများတို့သည် ဘုရားသခင်၏အမှုတော်မှ ကောင်းကောင်းကြီးပင်ကင်းကွာသွားနိုင်ပါသည်။ အပြစ်ဖြေလွှတ်စေသည့် သခင်ခရစ်တော်၏အသွေးတော်သည်သာလျှင် သူတို့၏ကိုယ်ပိုင်လိုအပ်ချက်ဖြစ်သည် ဆိုသည့်အချက်ကိုခံယူကြပြီး၊ မိမိကိုယ်ကိုမိမိမြှင့်တင်ရန်၊ သို့မဟုတ် မိမိဘဝဖူလုံရေးအတွက် အမှုတော်လုပ်ငန်းတွင်းသို့ ဝင်ရောက်လာကြခြင်းမဟုတ်မှုဘဲ ယုံကြည်ခြင်းရှိသည်ဆိုခြင်းကို မိမိကိုယ်ကိုအပြည့်အဝအာမခံကြသည့်အပြင် မိမိတို့၏စိတ်အတွေးများတို့ကို မည်ကဲ့သို့ ထိန်းသိမ်းရကြမည်ကို သိရှိနိုင်ရေးအတွက်၊ သခင်ခရစ်တော်၏အကူအညီတော်ကို အမြဲတစေလိုအပ်ကြမည်ဖြစ်ကြောင်းကို အမှတ်ရသတိမူမိကြသည့်သူများတို့ကိုသာ ထာဝရဘုရားက လုပ်ဆောင်သူများအဖြစ်ဖြင့် ခေါ်ယူတော်မူပါသည်။

## စိတ်အားထက်သန်မှု

ပိုမိုကြီးမားသည့်စိတ်အားထက်သန်မှုမျိုးလည်း လိုအပ်ပါသေးသည်။ အချိန်သည် အလျင်အမြန်ကုန်လွန်နေသည့်အလျောက်၊ ခရစ်တော်လုပ်ဆောင်တော်မူခဲ့သကဲ့သို့ လုပ်ဆောင်လိုသည့်ဆန္ဒရှိကြသူမျိုးများ လိုအပ်နေပါသည်။ ငြိမ်နေပြီး၊ ဆုတောင်းခြင်းဖြင့်အတိပြီးသော အသက်တာမျိုးဖြင့်နေထိုင်ရုံမျှဖြင့် လုံလောက်ခြင်းမရှိတော့ပါ။ တစ်ဦးတစ်ယောက်တည်းဖြင့် ဘုရားဝတ်၌မွေ့လျော်ခြင်းသည် ကမ္ဘာမြေကြီး၏လိုအပ်မှုကို နှစ်သိမ့်ကျေနပ်မှုပေးနိုင်မည်မဟုတ်ပါ။ ဘာသာတရားကိုးကွယ်မှုမည်သည် ကျွန်ုပ်တို့၏အသက်တာများတွင် ဘက်လိုက်သည့်ဩဇာသက်ရောက်မှုတစ်ရပ်အဖြစ်ဖြင့် မရှိသင့်ပါ။ ကျွန်ုပ်တို့သည် ကျယ်ပြန့်သောနိုးကြားမှု၊ လှုပ်ရှားတက်ကြွမှုရှိပြီး စိတ်အားထက်သန်မှုရှိကြသော ခရစ်ယာန်များဖြစ်ရကြမည့်အပြင် အခြားသောသူတို့အား သမ္မာတရားတော်ကိုပေးကမ်းလိုသည့်ဆန္ဒဖြင့် ပြည့်ဝရကြပါမည်။

လူတို့သည် သခင်ခရစ်တော်အပေါ်ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းသတင်းစကားတို့ကို ကြားသိကြရန်လိုအပ်ပြီး၊ စိတ်အားထက်သန်မှုအပြင် သစ္စာရှိလှသောကြိုးစားအားထုတ်မှုတို့ဖြင့် ထိုသတင်းစကားကို သူတို့ထံသို့အရောက်ပို့ဆောင်ပေးရ

ကြပါမည်။ အသက်ဝိညာဉ်တို့ကို ရှာဖွေရကြမည့်အပြင်၊ ၎င်းတို့အတွက်ဆုတောင်းပေးပြီး၊ လုပ်ဆောင်ပေးရကြပါမည်။ စိတ်အားထက်သန်မှုရှိလှသည့် အသနားခံပေးမှုများတို့ကို လုပ်ဆောင်ရကြမည့်အပြင်၊ ပြင်းပြသည့်ဆုတောင်းခြင်းများဖြင့် ဆက်ကပ်ရကြပါမည်။ ကျွန်ုပ်တို့၏ငြိးငွေ့ဖွယ်ကောင်းပြီး၊ အသက်မပါသည့်ဆုတောင်းခြင်းများတို့ကို ပြင်းပြသည့်စိတ်အားထက်သန်မှုရှိသည့် အသနားခံမှုများအဖြစ်သို့ ပြောင်းလဲပေးကြရန်လိုအပ်ပါသည်။

## ရှေ့နောက်ညီညွတ်အောင်ကျင့်ကြံခြင်း

မိမိကိုယ်ကိုမိမိ ဘုရားတရားကြည်ညိုသူများအဖြစ် ထုတ်ဖော်ပြောဆိုကြသော အများသောသူတို့၏အကျင့်စရိုက်တို့သည် ပြည့်စုံမှုမရှိဘဲ တစ်ဖက်သတ်ဆန်ကြပါသည်။ ဤသူတို့သည် သခင်ခရစ်တော်၏စာသင်ကျောင်းတော်ကြီးတွင် သူတို့သင်ကြားရယူရကြမည့် သင်ခန်းစာများတို့ကို အလွန်ပြည့်စုံခြင်းမရှိသည့်အနေအထားမျိုးဖြင့် သင်ကြားရယူရကြသည့် စာသင်သား (ကျောင်းသား၊ ကျောင်းသူ) များတို့ကဲ့သို့ ပြသနေကြပါသည်။ နူးညံ့သိမ်မွေ့ခြင်းအရာတွင် သခင်ခရစ်တော်နှင့်အလားတူရန်အတွက် သင်ကြားခဲ့ကြသော အချို့သောသူတို့သည် ကောင်းမြတ်သောအရာကိုလုပ်ဆောင်ရာတွင် သခင်ခရစ်တော်၏လုံ့လဝီရိယမျိုးကို မပြသကြပါ။ အခြားသောသူတို့သည် တက်ကြွမှုရှိပြီး၊ အားမာန်အပြည့်ရှိကြပါသော်လည်း သူတို့သည် လေလုံးထွားကြပြီး၊ မည်သည့်အခါမျှစိတ်နှိမ့်ချခြင်းအကြောင်းကို သင်ကြားရယူခြင်းမရှိကြပါ။ သူတို့၏လုပ်ဆောင်စရာအပြင်ဖက်၌ သခင်ခရစ်တော်ကိုချန်ထားရစ်ကြသည့် အခြားသောလူစားမျိုးရှိနေကြဆဲရှိပါသည်။ သူတို့သည် သူတို့၏ပြုမှုမှုများတို့တွင် ကျေနပ်နေကြမည်ဖြစ်ပြီး သူတို့၏အပေါင်းအသင်းများတို့အပေါ် အကြင်နာတရားကိုပြသကြမည်ဖြစ်သော်လည်း သူတို့၏နှလုံးသားများတို့သည် ကယ်တင်ရှင်ထံတော်တွင် ဗဟိုပြုခြင်းမရှိကြသည့်အပြင်၊ ကောင်းကင်ဘုံ၏ဘာသာစကားရပ်ကိုလည်း သင်ကြားရယူကြခြင်းမရှိကြပါ။ သူတို့သည် သခင်ခရစ်တော်၏ဆုတောင်းတော်မူခဲ့သည့်အတိုင်း မဆုတောင်းကြသည့်အပြင်၊ သခင်ခရစ်တော်၏ဆုံးဖြတ်တော်မူချက်ကို အသက်ဝိညာဉ်များတို့အပေါ်သို့ တင်ထားကြခြင်းမရှိကြဘဲ၊ အသက်ဝိညာဉ်တို့ကိုကယ်ဆယ်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများတို့တွင် အခက်အခဲများတို့ကို တောင့်ခံနိုင်ကြရေးဆိုင်ရာ သင်ကြားရယူမှုမျိုးရှိမနေကြပါ။ အချို့တို့သည် ကျေးဇူးတော်၏ပြောင်းလဲပေးနိုင်ခြင်းတန်ခိုးကို



အနည်းငယ်မျှသာသိရှိနေကြသည့်အလျောက် သူတို့သည် အတ္တဆန်လာကြပြီး၊ အပြစ်ရှာတတ်လာကြကာ ခက်ထန်သည့်စိတ်ထားမျိုးရှိလာကြပါတော့သည်။ အခြားသောသူတို့သည် အသွင်ပြောင်းမှုလွယ်ကူကြပြီး၊ လွယ်လွယ်ဖြင့်အရှုံးပေးတတ်ကြခြင်းဖြင့် သူတို့၏အပေါင်းအသင်းများတို့ကို ကျေနပ်နှစ်သိမ့်စေရေးအတွက် သူတို့ကိုယ်ကို၌ နည်းလမ်းလုပ်ရပ်များဖြင့် နှောင်ဖွဲ့ထားလာကြပါသည်။

သမ္မာတရားသည် အားနှင့်မာန်နှင့်ထောက်ခံပြောဆိုခံနေရသည့်တိုင်၊ အကယ်၍ နေ့စဉ်နေ့တိုင်းအသက်တာသည် ၎င်းသမ္မာတရား၏စင်ကြယ်သန့်ရှင်းစေသည့်စွမ်းအားကို သက်သေပြနိုင်ခြင်းမရှိပါက နှုတ်ထွက်ပြောစကားများတို့သည် မည်သည့်အရာကိုမျှ အကျိုးဖြစ်ထွန်းစေခြင်းမရှိပါ။ ရှေ့နောက်မညီသောဦးတည်မှုသည် အမှုတော်ဆောင်၏စိတ်နှလုံးကိုတင်းမာစေပြီး စိတ်အတွေးတို့ကိုကျဉ်းကျပ်စေကာ၊ ထိုအမှုတော်ဆောင်က လုပ်ဆောင်ပေးသော သူတို့၏သွားရာလမ်းခရီးတွင် ခလုတ်တံသင်းတို့ကိုချထားရာရောက်ပါသည်။

## နေ့စဉ်အသက်တာ

အမှုတော်ဆောင်အနေဖြင့် လက်ရှိခေတ်ကာလ၏မလိုလားအပ်သည့် ဇဝေဇဝါဖြစ်နိုင်စေသည့်အကြောင်းခြင်းရာတိုင်းတို့နှင့် လွတ်လွတ်ကင်းကင်းရှိရမည်ဖြစ်ပြီး၊ သို့မှသာလျှင် သူ၏မြင့်မြတ်သည့်အလုပ်ထဲတွင် မိမိဘဝတစ်ခုလုံးကို ထိုးအပ်နိုင်မည်ဖြစ်ပါသည်။ သူသည် ဆုတောင်းခြင်းကိုအထူးကျင့်သုံးရမည်ဖြစ်ပြီး၊ ဘုရားသခင်ထံတော်သို့ မိမိကိုယ်ကိုစည်းကမ်းတကျယူဆောင်လာခြင်းဖြင့် သူ၏အသက်တာသည် မှန်ကန်သောမိမိကိုယ်ကိုမိမိထိန်းသိမ်းနိုင်သည့်အသီးတို့ကို ပြသနိုင်ပေမည်။ သူ၏စကားအသုံးအနှုန်းသည် မှန်ကန်မှုရှိရမည့်အလျောက် ဗန်းစကားလုံးများပါသောစကားလုံးစု၊ တန်ဖိုးမရှိသောအပြောအဆိုများတို့သည် သူ၏နှုတ်ခမ်းသားများမှ ထွက်ပေါ်မလာသင့်ပေ။ သူ၏ဝတ်စားဆင်ယင်မှုသည်လည်း သူလုပ်ဆောင်နေသောအလုပ်၏သဘောသဘာဝစရိုက်နှင့် လိုက်လျောညီထွေမှုရှိရပါမည်။ အမှုတော်ဆောင်များနှင့် သင်ကြားပို့ချပေးနေကြသော ဆရာ၊ ဆရာမများတို့သည် ကျမ်းစာတော်မြတ်တွင်ချမှတ်ထားသည့် အနေအထားမျိုးသို့ရောက်ရှိသည်အထိ ကြိုးပမ်းကြပါလေစေ။ အရေးမပါသောအကြောင်းခြင်းရာအဖြစ် မကြာခဏသဘောထားခြင်းခံရသည့် အသေးအမွှားကိစ္စရပ်များတို့ကို သူတို့ကလျစ်လျူရှုခြင်းမပြုကြပါစေနှင့်။ အသေးအမွှားကိစ္စရပ်

များတို့ကို လျစ်လျူရှုခြင်းအားဖြင့် ပိုမိုကြီးမားသည့်တာဝန်ယူရမှုများတို့အပေါ် လျစ်လျူရှုသည့်အနေအထားဆီသို့ မကြာခဏဦးတည်သွားစေပါသည်။

ထာဝရဘုရား၏စပျစ်ဥယျာဉ်တော်အတွင်းရှိ အမှုတော်ဆောင်များတို့သည် အသက်အရွယ်မရွေးသော လူပေါင်းစုံတို့အား အားပေးတိုက်တွန်းကြရန်အတွက် ကောင်းမြတ်သည့်စံနမူနာမျိုးရှိနေကြပါသည်။ ထို့အပြင် သူတို့သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်၊ ကောင်းကင်တမန်တို့၏ဂရုစိုက်မှု၊ သခင်ယေရှု၏ကရုဏာသက်ခြင်းနှင့် အမှန်တရားဆီသို့ အသက်ဝိညာဉ်တို့ကိုရယူပေးနိုင်သည့် မျှော်လင့်ချက်မျိုးများလည်းရှိနေကြပါသည်။ ထိုအကြောင်းနှင့်ပတ်သက်ပြီး (ဒံယေလ ၁၂း၃) တွင်၊ “ပညာရှိသောသူတို့သည်လည်း ကောင်းကင်မျက်နှာကြက်၏အရောင်အဝါကဲ့သို့လည်းကောင်း၊ လူအများတို့ကို ဖြောင့်မတ်ခြင်းတရားလမ်းထဲသို့သွင်းသောသူတို့သည်လည်း ကြယ်များကဲ့သို့လည်းကောင်း အစဉ်အမြဲထွန်းလင်းကြလိမ့်မည်” ဟူ၍ ဒံယေလအား ဘုရားသခင်က မိန့်တော်မူခဲ့ပါသည်။

–o–



tydkif; (5)

# ဟောပြောပွဲခန်းမထဲမှအမှုတော်ဆောင်

## **“နှုတ်ကပတ်တရားတော်ကိုဟောပြောလော့”**

ရှင်ပေါလုက (၂တိမောသေ ၄း၁၊၂) တွင် “ကိုယ်တော်တိုင်ပေါ်ထွန်း၍ နိုင်ငံတော်ထင်ရှားသောကာလ အသက်ရှင်သောသူ၊ သေသောသူတို့ကို စစ်ကြောစီရင်တော်မူသော သခင်ယေရှုခရစ်ရှေ့မှာလည်းကောင်း၊ ဘုရားသခင့်ရှေ့မှာလည်းကောင်း ငါသည်သင့်ကိုသစ္စာပေးသည်ကား၊ နှုတ်ကပတ်တရားတော်ကိုဟောပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကြိုးစားအားထုတ်လော့။ အပြစ်ကိုဖော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့်ဩဝါဒကိုပေး၍ တိုက်တွန်းသွေးဆောင်လော့” ဟူ၍ တိမောသေကိုဩဝါဒပေးခဲ့ပါသည်။

ရှင်ပေါလု၏ဤကဲ့သို့သောတဲ့တိုးကျပြီး ထိရောက်သည့်စကားလုံးများတို့သည် သခင်ခရစ်တော်၏အမှုတော်ဆောင်က ထမ်းဆောင်ရသည့်တာဝန်အကြောင်းကို ပြတ်ပြတ်သားသားဖြစ်စေပါသည်။ ထိုအမှုတော်ဆောင်သည်၊ “နှုတ်ကပတ်တရားတော်ကိုဟောပြောလော့” ဆိုသည့်ဩဝါဒအတိုင်း လုပ်ဆောင်ရာတွင်၊ လူတို့၏သဘောထားများနှင့် ခလေ့ထုံးစံအတိုင်းမဟုတ်ရသည့်အပြင် နှစ်လိုဖွယ်ရာဖြစ်သောဒဏ္ဍာရီများ၊ သို့မဟုတ် အလွန်အမင်းတုန်လှုပ်ချောက်ချားစေသော ပုံပြင်များမဟုတ်ရပါ။ ထိုအရာများတို့သည် စိတ်ကူးယဉ်မှုကိုဖြစ်ပေါ်စေရန် စေ့ဆော်ပေးသည့်အပြင်၊ အမျိုးမျိုးသောပြင်းပြသည့် စိတ်ခံစားမှုတို့ကို ဖြစ်ပေါ်စေသည့်အရာများဖြစ်ကြပါသည်။ ထိုအမှုတော်ဆောင်သည် မိမိကိုယ်ကိုချီးမြှောက်ရမည်မဟုတ်ဘဲ၊ သူသည် ဘုရားသခင်၏တည်ရှိနေတော်မူခြင်းတွင် သေလုမြောပါးဖြစ်နေသော ကမ္ဘာမြေကြီး၏ရှေ့မှောက်တွင်ရပ်တည်ပြီး၊ နှုတ်ကပတ်တော်ကိုဟောပြောပေးရန်ဖြစ်ပါသည်။ ထိုသို့ဟောပြောရာတွင် အသောဖောက်ခြင်း၊ ပေါ့ပေါ့တန်တန်သာပြောဆိုခြင်း၊ စိတ်ကူးယဉ်ဆန်သည့် ရှင်းလင်းပြောပြမှုမျိုးမဖြစ်စေရဘဲ အမှုတော်ဆောင်သူသည် ဘုရားသခင်ကမှုတ်သွင်းတော်မူထားသော အထွတ်အမြတ်တော်ဖြစ်သည့် ကျမ်းစာတော်မြတ်မှအသံကဲ့သို့ ရိုးသားမှန်ကန်ပြီး၊ လေးနက်သည့်စိတ်အားထက်သန်မှုဖြင့် ဟောပြောရပါမည်။ ထိုအမှုတော်ဆောင်သည် သူ၏ဟောပြောချက်တို့ကိုနားကြားကြသည့်လူတို့ထံသို့ သူတို့၏လက်ရှိနှင့်အစဉ်ထာဝရကာလ

ဆိုင်ရာ ကောင်းမြတ်ခြင်းနှင့်အသက်ဆိုင်ဆုံးသော ထိုအရာများတို့ကိုယူဆောင်လာပေး ရပါသည်။

အမှုတော်ကိုဆောင်ရွက်နေကြသည့် ကျွန်မ၏မောင်နှမများတို့၊ သင်တို့သည် လူအများတို့၏ရှေ့မှောက်တွင်ရပ်တည်ပြီး ဟောပြောကြရာတွင် မရှိမဖြစ်လိုအပ်သော အရာများနှင့် ညွှန်ကြားမှုပေးနိုင်သည့်အရာများတို့၏အကြောင်းကိုသာ ဟောကြားပေး ကြပါ။ အသက်တာအတွင်းသို့ ထည့်သွင်းသိမ်းဆည်းထားနိုင်သည့် လက်တွေ့ကျပြီး၊ ကြီးကျယ်လှသောသမ္မာတရားတော်များအကြောင်းကို သင်ကြားပို့ချပေးကြပါ။ (ကောလောသဲ ၁း၁၄) တွင်ဖော်ပြထားသည့် “. . . အပြစ်လွှတ်တော်မူခြင်းတည်း ဟူသော ရွေးနုတ်တော်မူခြင်းကျေးဇူး. . . ” ဆိုသည့်၊ သခင်ယေရှု၏ကယ်တင်တော် မူခြင်းတန်ခိုးတော်အကြောင်းကို သင်ကြားပို့ချပေးကြပါ။ သင်တို့၏ဟောပြောချက်တို့ ကို နာကြားကြသောသူတို့သည် သမ္မာတရားတော်၏တန်ခိုးအကြောင်းကို နားလည် သဘောပေါက်ကြရန်အတွက် ကြိုးပမ်းလုပ်ဆောင်ကြပါ။

အမှုတော်ဆောင်များတို့သည် သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ဝင်များတို့ ၏ယုံကြည်ခြင်းအုတ်မြစ်အဖြစ်ဖြင့် ပုရောဖက်ပြုဟောပြောချက်ဆိုင်ရာ သေချာသော နှုတ်ထွက်စကားလုံးမျိုးကိုသာ ဝေငှပေးရကြပါမည်။ ဒံယေလအနာဂတ္တိကျမ်းနှင့်ဗျာဒိတ် ကျမ်းတို့၏ပုရောဖက်ဟောကြားချက်များတို့ကို အသေအချာလေ့လာရကြမည်ဖြစ်ပြီး၊ ထိုနောက်တွင် ၎င်းတို့နှင့်ဆက်စပ်နှီးနွှယ်မှုရှိသည့် (ယောဟန် ၁း၂၉) တွင်ဖော်ပြထား သော၊ “. . . ဤလောက၏အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ် ကိုကြည့်လော့” ဆိုသည့် ဗတ္တိဇံဆရာယောဟန်၏ပြောစကားတို့ကိုပါ လေ့လာရကြ ပါမည်။

ရှင်မသဲခရစ်ဝင်ကျမ်း၏အခန်းကြီးနှစ်ဆယ့်လေးသည် အားလုံးသောသူတို့၏ အာရုံစူးစိုက်မှုအပေါ် သတိပြန်လည်လာစေသည့် အရေးပါသောအရာအဖြစ်ဖြင့် ကျွန်ုပ် အားတစ်ကြိမ်ပြီးတစ်ကြိမ်ပြသပေးနေခဲ့ပါသည်။ ကျွန်ုပ်တို့သက်ရှိထင်ရှားနေကြသော ယနေ့အချိန်ကာလသည် ဤမသဲအခန်းကြီးနှစ်ဆယ့်လေးတွင်ပါရှိသော ဟောကိန်း များပြည့်စုံနေသည့်အချိန်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏အမှုတော်ဆောင်များနှင့် သင်ကြား ပို့ချပေးကြသောဆရာ၊ ဆရာမများတို့အနေဖြင့် သူတို့ညွှန်ကြားနေကြသည့်သူများတို့ အား ဤပုရောဖက်ပြုဟောပြောချက်တို့ကို ရှင်းလင်းဟောပြောကြပါလေစေ။ သာမန် လောက်သာအရေးပါသည့် အကျယ်တဝင့်ဟောပြောချက်များကျင့်သုံးခြင်းမှ ရှောင်ရှား



စေကြပြီး၊ အသက်ဝိညာဉ်များတို့၏ကြမ္မာကိုဆုံးဖြတ်ပေးနိုင်သည့် သမ္မာတရားများတို့ ၏အကြောင်းကို ဝေငှပေးကြပါလေစေ။

ကျွန်ုပ်တို့ရှင်သန်နေကြသော ယခုအချိန်ကာလသည် အမြဲတစေနိုးကြားမှုမျိုး ကိုတောင်းဆိုနေပြီး၊ ဘုရားသခင်၏အမှုတော်ဆောင်များတို့သည် ဥပုသ်နေ့နှင့်ပတ်သက် သည့်မေးခွန်းဆိုင်ရာအလင်းတရားကို ပေးကမ်းရကြပါမည်။ သခင်ခရစ်တော်သည် တန်ခိုးတော်နှင့်တကွ ဘုန်းအာနုဘော်တော်နှင့်အတူ မကြာမီကာလတွင်ကြွလာတော် မူလိမ့်မည်ဆိုသည့်အချက်ကို ကမ္ဘာပေါ်တွင်မှီတင်းနေထိုင်ကြသောသူတို့အား သတိပေး စကားပြောကြားသင့်ကြပါသည်။ ကမ္ဘာမြေကြီးပေါ်သို့သတိပေးချက်ဖြစ်သည့် နောက်ဆုံး သောသတင်းစကားမည်သည်မှာ ဘုရားသခင်က ထိုသတင်းစကားကို သူ၏ပညတ် တရားတော်နှင့်တွဲချည်ထားတော်မူသည်ဆိုသည့် အရေးပါမှုကို၊ လူတို့ကမြင်တွေ့ကြ စေရေးအတွက် ဦးတည်ပေးပါသည်။ ဘုရားသခင်၏ပညတ်တရားတော်ကို ကျူးလွန် ဖောက်ဖျက်သူများတို့သည် သမ္မာတရားတော်အကြောင်းကို ကြားသိခဲ့ရကြခြင်းမရှိသည့် အလျောက် ဘုရားသခင်၏အမိန့်တော်မြတ်တို့အတိုင်း နာခံလိုက်လျှောက်ခြင်း၏အရေးပါ မှုကို သတိမူမိရန်ပျက်ကွက်ခဲ့ကြမှုအတွက် ခွင့်လွှတ်ရကြမည့်အပြင်၊ သူတို့အားလည်း ထိုသမ္မာတရားတော်ကို ပေးကမ်းရကြမည့်အချက်သည် သိသာလှသည့်အချက်ပင်ဖြစ် ပါသည်။

သတ္တမနေ့ရက်ကို ဘုရားသခင်က သန့်ရှင်းစေတော်မူခဲ့သည့် သက်သေ သက်ကန်တို့ကို ကျမ်းစာတော်မြတ်မှရှာဖွေစုဆောင်းပြီး၊ ထိုသက်သေအထောက်အထား တို့ကို ပရိသတ်တို့၏ရှေ့မှောက်တွင် ဖတ်ပြပေးကြရေးအတွက် နှိုးဆော်ပြောကြားပေး ရန် ကျွန်ုပ်ညွှန်ကြားခြင်းခံခဲ့ရပါသည်။ “ထာဝရဘုရားမိန့်တော်မူသည်ကား” ဆိုသည့် ပြတ်သားသောကျမ်းစာပါပညတ်တရားတော်မှ လွဲချော်သွားကြသည့်၊ ထို့အပြင် သမ္မာ တရားတော်အကြောင်းကို ကြားသိခဲ့ရကြခြင်းမရှိသေးသည့်သူအားလုံးတို့အား သူတို့ လျှောက်လှမ်းနေကြသည့်လမ်းကြောင်း၏အကျိုးရလဒ်ကို ခံစားရကြမည်ကို ပြသပေးရကြပါမည်။ အသက်အရွယ်မရွေးသောသူအားလုံးတို့အတွက် ဥပုသ်တော်နေ့ သည် ဘုရားသခင်အပေါ် သူတို့၏သစ္စာစောင့်သိမှုဆိုင်ရာ စမ်းသပ်မှုတစ်ခုပင်ဖြစ် ပါသည်။ (ထွက်မြောက်ရာကျမ်း ၃၁း၁၇) တွင် ထာဝရဘုရားက၊ “. . . ငါနှင့် ဣသရေလအမျိုးသားစပ်ကြား၌ ထာဝရလက္ခဏာသက်သေဖြစ်လိမ့်မည်. . .” ဟူ၍ မိန့်တော်မူခဲ့ပါသည်။

## အထွတ်အမြတ်ဖြစ်သည့်အရာများတို့နှင့်ဆိုင်သောမုဝါဒ

ဘက်ပေါင်းစုံတိုင်းတွင် ဧဝံဂေလိတရားတော်သည် ယခုအခါတွင် အတိုက်အခံပြုခြင်းခံနေရပါသည်။ မည်သည့်အချိန်ကာလကမျှ၊ ယခုလက်ရှိကာလလောက် မကောင်းမှု၏ပူးပေါင်းဖွဲ့စည်းမှုသည် ခိုင်မာတောင့်တင်းမှုမရှိခဲ့ပါ။ မကောင်းမှု၏ဝိညာဉ်များတို့သည် လူသားတို့၏လျှို့ဝှက်အဖွဲ့များတို့နှင့်ပူးပေါင်းပြီး၊ ဘုရားသခင်၏ပညတ်တော်တို့ကို စစ်ရေးဆင်နွှဲရန်ရှိနေပါသည်။ ရိုးရာထုံးတမ်းဓလေ့နှင့်မုသားစကားတို့သည် ကျမ်းစာတော်မြတ်၏အထက်တွင် ချီးမြှောက်ထားခြင်းခံနေရကြပြီး၊ လူ၏အသိဉာဏ်နှင့်သိပ္ပံပညာတို့သည် ပုရောဖက်တို့၏ကျမ်းစာများ (ရောမ ၁၆း၂၅၊၂၆) တို့၏အထက်တွင် ထားရှိခြင်းခံရကြလျက်၊ လူသားတို့၏ပင်ကိုစွမ်းရည်သည်လည်း ဝိညာဉ်တော်၏သင်ကြားပို့ချချက်၏အထက်သို့ရောက်ရှိသွားကာ၊ လုပ်ထုံးလုပ်နည်းများနှင့်အခမ်းအနားဆင်ယင်ကျင်းပမှုများတို့သည် ဘုရားတရားကြည်ညိုခြင်း၏အမြင့်ဆုံးသောတန်ခိုး၏အထက်သို့ ထားရှိခြင်းခံရကြပါသည်။ ဆိုးရွားပြင်းထန်လှသော အပြစ်တရားများတို့သည် လူတို့အား ဘုရားသခင်၏ထံတော်မှကွဲကွာသွားစေပါသည်။ ဖောက်ပြန်ခြင်းသည်လည်း ရေပန်းစားသည့်အနေအထားသို့ ရောက်ရှိလာနေပါသည်။ “ဒီလူဟာဒို့အပေါ်စိုးမိုးအုပ်ချုပ်ဖို့အကြောင်းမရှိဘူး” ဆိုသည့်စကားမျိုးသည် ထောင်သောင်းမကသောသူများတို့၏ပြောစကားများဖြစ်နေပါသည်။ ဘုရားသခင်၏အမှုတော်ဆောင်များတို့သည် သူတို့၏အသံကို တံပိုးခရာသံအလား မြှင့်တင်ပေးရကြမည့်အပြင်၊ လူများတို့အား သူတို့၏အပြစ်ကျူးလွန်မှုများတို့ကို ပြသပေးရကြပါမည်။ သိမ်မွေ့နူးညံ့သောတရားဟောချက်များကို မကြာခဏဟောပြောခြင်းသည် စိတ်နှလုံးအတွင်း ရှည်ကြာစွာဖြင့်စွဲမြဲခြင်းမရှိနိုင်ပါ။ ထိုသိမ်မွေ့နူးညံ့သောတရားဟောပြောချက်တို့သည် ထိုအပြစ်ကျူးလွန်သူတို့၏စိတ်နှလုံးအတွင်းသို့ ကူးပြောင်းဝင်ရောက်နိုင်ခြင်းမရှိရခြင်းမှာ ပြတ်သားပြီး၊ နားလည်လွယ်သည့် ဘုရားသခင်၏နှုတ်တော်ထွက်ဖြစ်တော်မူသည့် သမ္မာတရားတော်တို့၏အကြောင်းကို သူတို့အားပြောကြားပေးခြင်းမရှိသောကြောင့်ဖြစ်ပါသည်။

သမ္မာတရားတော်ကိုယုံကြည်ကြောင်း ထုတ်ဖော်ပြောဆိုနေကြသည့် များစွာသောသူတို့က အကယ်၍သူတို့အနေဖြင့် သူတို့၏ခံယူချက်အမှန်တို့ကို ထုတ်ဖော်ပြောဆိုကြမည်ဆိုပါက ၎င်းခံယူချက်များနှင့်ပတ်သက်လျှင် မကွယ်မထောက်ပြောကြားရန် လိုအပ်ပါသလားဆိုသည့်အမေးမျိုးကို မေးလာကြမည်ဖြစ်သည်။ (မဿဲ ၃း၇) တွင်ဖော်ပြထားသည့်၊ “အချင်းမြွေဆိုးအမျိုးတို့၊ ရောက်လုသောဘေးဒဏ်မှပြေးသွား





စိမ့်သောငှာ အဘယ်သူသည် သင်တို့ကိုသတိပေးဘိသနည်း” ဆိုသည့်မေးခွန်းကို ဖာရိရှဲတို့အား ဗတ္တိဇံဆရာယောဟန်က အဘယ်ကြောင့်မေးမြန်းရန်လိုအပ်ပါသနည်း ဆိုသည့်အမေးကိုလည်း သူတို့မေးမြန်းရကြပါမည်။ ဗတ္တိဇံဆရာယောဟန်အနေဖြင့် မိမိ၏ညီဖိလိပ္ပု၏ဇနီးသည်ဖြစ်သူ ဟေရောဒိနှင့်တိတ်တိတ်ပုန်းပေါင်းသင်းခြင်းသည် ဟေရဒ်မင်းကြီးအတွက် ဥပဒေနှင့်ကိုက်ညီမှုမရှိကြောင်းကို ဟေရဒ်မင်းကြီးအားပြောပြခြင်းဖြင့် ဟေရောဒိ၏ဒေါသကိုနှိုးဆွပေးခြင်းသည် အဘယ်ကြောင့်လိုအပ်ခဲ့ပါသနည်း။ မကွယ်မထောက်ပြောဆိုမှုကြောင့် ဗတ္တိဇံဆရာယောဟန်သည် သူ၏အသက်ကိုဆုံးရှုံးခံခဲ့ရပါသည်။ သူသည် ဟေရောဒိ၏ဒေါသဒဏ်ကိုမခံရရေးအတွက် အဘယ်ကြောင့်ရပ်တန့်ကမရပ်ခဲ့ပါသနည်း။

ထိုကြောင့် သစ္စာစောင့်သိမှုနေရာတွင် မုဝါဒကအစားထိုးဝင်ရောက်လာသည်အထိ လူတို့သည် အငြင်းအခုံရှိနေကြပါသည်။ အပြစ်တရားသည် အပြစ်တင်မခံရသည့်အခြေအနေမျိုးအထိ ရောက်ရှိလာပေပြီ။ (၂ရာ ၁၂း၇) တွင်မြင်တွေ့ရသည့် “ထိုသူသည်ကား အခြားသူမဟုတ်၊ ကိုယ်တော်ပင်ဖြစ်ပါသည်” ဆိုသည့် သစ္စာရှိသောအပြစ်ဖော်ပြသည့်စကားသံမျိုးကို ဘုရားကျောင်းတွင် မည်သည့်အခါကျမှ နောက်တစ်ကြိမ်ထပ်မံကြားသိရပါမည်နည်း။ ထာဝရဘုရား၏စေတမန်တော်တို့အနေဖြင့် သူတို့၏နှစ်သက်အရသာခံခြင်းအပေါ် ချစ်ခင်စွဲလမ်းခြင်းလုပ်ရပ်အတွက်၊ ထို့အပြင် လူအများတို့အား သမ္မာတရားကိုဖုံးဖိထားရေးဆီသို့ဦးတည်သွားစေသည့် သူတို့အားအလိုလိုက်အကြိုက်ဆောင်စေလိုသည့်ဆန္ဒရှိမှုအတွက် နောင်တရကြသည်အထိ၊ သူတို့၏ကြိုးပမ်းအားထုတ်မှုများတို့သည် အသီးကင်းမဲ့လျက်ရှိနေဆဲဖြစ်သည်ကို မညည်းတွားသင့်ကြသည့်အပြင်၊ ဘုရားသခင်က ငြိမ်သက်ခြင်းချမ်းသာအကြောင်းကို မိန့်တော်မူခြင်းမရှိသောအခါတွင် သူတို့က ငြိမ်သက်ခြင်းရှိပါစေသော ဆိုသည့်စကားကို ကြွေးကြော်ရကြပါမည်။

ဘုရားသခင်၏အမှုတော်ဆောင်တိုင်းတို့သည် သူတို့ဆောင်ရွက်နေသောအမှုတော်၏သန့်ရှင်းမွန်မြတ်မှုနှင့် သူတို့၏လုပ်ငန်းဆောင်တာ၏အထွတ်အမြတ်ဖြစ်မှုတို့ကို သတိမူမိရကြမည်ဖြစ်ပါသည်။ ဘုန်းတော်ရှင်ဆိုင်ရာ စေတမန်တော်များအဖြစ် ခန့်အပ်ခြင်းခံခဲ့ရကြသည်အလျောက် အမှုတော်ဆောင်များတို့သည် ကြောက်လန့်ဖွယ်ရာကောင်းသောတာဝန်ယူမှု၏အခြေအနေမျိုးတွင် ရှိနေကြပါသည်။ သူတို့သည် သခင်ခရစ်တော်၏ကိုယ်စားတော်များအဖြစ် ကောင်းကင်နိုင်ငံတော်ဆိုင်ရာ နက်နဲသောအရာ

များတို့၏ဘဏ္ဍာစိုးများအလား လုပ်ဆောင်ရကြမည့်အပြင်၊ နာခံမှုရှိကြသောသူတို့အား တိုက်တွန်းနှိုးဆော်ရကြမည်ဖြစ်ပြီး နာခံမှုမရှိကြသောသူတို့ကိုမူ သတိပေးရကြပါမည်။ လောကီရေးရာနှင့်ဆိုင်သောမူဝါဒသည် သူတို့အပေါ် မည်သည့်ဝန်ထုပ်ဝန်ပိုးအဖြစ်ဖြင့်မျှမရှိစေရပါ။ သခင်ယေရှုက သူတို့လျှောက်လှမ်းကြရန်အတွက်တိုက်တွန်း မိန့်ကြားတော်မူခဲ့သည့်လမ်းသွယ်ကလေးမှ သူတို့သည် မည်သည့်အခါမျှကွေ့ရှောင်ထွက်သွားခြင်းမရှိရပါ။ သူတို့သည် ယုံကြည်ခြင်းအားဖြင့် ရှေ့သို့ဆက်လက်ချီတက်ရမည်ဖြစ်ပြီး သူတို့သည် သက်သေခံအထောက်အထားများတို့၏တိမ်တိုက်ကြီးတစ်ခု၏ဝန်းရံပေးထားခြင်းကို ခံနေရကြသည်ဆိုခြင်းကို သတိတရရှိရကြပါမည်။ သူတို့သည် သူတို့၏ကိုယ်ပိုင်နှုတ်ထွက်စကားအတိုင်း ပြောဆိုရကြမည်မဟုတ်ဘဲ၊ ကမ္ဘာမြေကြီး၏သက်ဦးဆံပိုင်ဘုရင်များတို့ထက် ကြီးမြတ်တော်မူသည့် သူတစ်ထူး၏တိုက်တွန်းမိန့်တော်မူချက်အတိုင်းသာ ပြောဆိုရကြပါမည်။ သူတို့၏သတင်းစကားသည် "ထာဝရဘုရားမိန့်တော်မူသည်ကား" ဆိုသည့် မိန့်တော်မူချက်အတိုင်းသာဖြစ်ရပါမည်။

ဘုရားသခင်သည် သူ၏သတင်းစကားတော်ကို အကြောက်အရွံ့ကင်းပြီး၊ နောက်ပိုင်းဖြစ်ပေါ်လာမည့်အကျိုးဆက်တို့ကို ဂရုမထားကြသည့်အပြင်၊ အမှန်တရားကိုပြောဆိုကြလျက် မိမိတို့ဆောင်ရွက်ရကြမည့်ထိုအမှုတော်အတွက် မိမိတို့ပိုင်ဆိုင်သမျှအားလုံးတို့ကို ဆက်ကပ်စွန့်လွှတ်ကြသည့်အထိ၊ ထမ်းရွက်ပေးခဲ့ကြသော နာသန်၊ ဧလိယနှင့်ယောဟန်တို့ကဲ့သို့သောသူများတို့ကို ခေါ်တော်မူနေပါသည်။

## ချွန်ထက်သောမြားတို့အလား

သခင်ခရစ်တော်၏နှုတ်ထွက်စကားတော်တို့သည် လိုရာပစ်မှတ်ဆီသို့ရောက်ရှိခဲ့သည့်အပြင်၊ သူ၏မိန့်တော်မူချက်တို့ကိုနာကြားခဲ့ကြသည့် သူတို့၏နှလုံးသားများတို့ကို ထိခိုက်ခံစားခဲ့ရစေသည့် ချွန်ထက်သောမြားတို့အလား ထိရောက်မှုရှိလှပါသည်။ သူ၏တရားနာပရိသတ်တို့သည် များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ ထိုလူတို့ကို မိန့်မြွက်တော်မူခဲ့သည့်အကြိမ်တိုင်းတို့တွင် သူ၏နှုတ်တော်ထွက်တို့သည် တစ်စုံတစ်ဦး၏အသက်ဝိညာဉ်အပေါ်တွင် ကယ်ဆယ်သည့်အကျိုးသက်ရောက်မှုမျိုးကို ဖော်ဆောင်ပေးခဲ့ပါသည်။ သူ၏နှုတ်ခမ်းသားမှထွက်ကျလာသည့် မည်သည့်သတင်းစကားများတို့သည် အဆုံးအရှုံးမရှိခဲ့ပါ။ သူမိန့်တော်မူခဲ့သမျှသော နှုတ်တော်ထွက်တိုင်းသည် ကြားခဲ့ရကြသောသူတို့အပေါ်တွင် အသစ်သောတာဝန်ယူမှုမျိုးအဖြစ်ဖြင့် ကျရောက်ခဲ့



သည်ချည်းဖြစ်ပါသည်။ ယနေ့ကာလတွင် ရိုးသားမှန်ကန်မှုရှိနေကြသော အမှုတော်ဆောင်များတို့သည် ကရုဏာတော်နှင့်ပတ်သက်သည့် နောက်ဆုံးသောသတင်းစကားတို့ကိုဝေငှနေကြရာတွင် ခွန်အားရရှိရေးအတွက် ဘုရားသခင်အပေါ်အမှီတံကဲပြုကြခြင်းဖြင့် သူတို့၏ကြိုးပမ်းအားထုတ်မှုများတို့သည် အချည်းနှီးဖြစ်သွားမည့်အရေးကို စိုးရိမ်စရာမလိုကြပါ။ သမ္မာတရား၏မြား၊ သွားရာလမ်းကြောင်းကို မည်သည့်လူသားကမျှမျက်စိဖြင့်တွေ့မြင်ရခြင်းမရှိနိုင်ပါသော်လည်း ထိုမြားသည် ပစ်မှတ်ဆီသို့မရောက်ရှိနိုင်သည့်အပြင်၊ နားထောင်ခဲ့ကြသောသူတို့၏အသက်ဝိညာဉ်များတို့အား ဝင်ရောက်ထိုးဖောက်နိုင်ခြင်းမရှိပါဟု မည်သူကပြောဆိုနိုင်ကြမည်နည်း။ မည်သည့်လူသား၏နားကမျှ အနာတရဖြစ်ခဲ့သော အသက်ဝိညာဉ်၏ငိုကြွေးသံကို ကြားသိနိုင်ခြင်းမရှိသည့်တိုင်၊ သမ္မာတရားသည် စိတ်နှလုံးအတွင်းသို့ ငြိမ်သက်စွာဖြင့်ကူးပြောင်းဝင်ရောက်နိုင်ပါသည်။ ဘုရားသခင်သည် အသက်ဝိညာဉ်အား နှုတ်တော်ထွက်မြွက်ကြားတော်မူပြီး၊ နောက်ဆုံးသောစစ်ကြောစီရင်တော်မူခြင်းနေ့ရက်၌ သူ၏သစ္စာရှိကြသောအမှုတော်ဆောင်များတို့သည် သခင်ခရစ်တော်အား ဂုဏ်ပြုချီးမွမ်းကြရန်အတွက် ကယ်ချွတ်ခြင်းကျေးဇူးတော်ဆိုင်ရာ ဆုဒိုင်းကြီးများကိုကိုင်ဆောင်ကြပြီး ရပ်တည်နေကြမည်ဖြစ်သည်။

သန့်ရှင်းသောဝိညာဉ်တော်၏ဘိသိက်ကျေးဇူးတော်ပါရှိခြင်းမရှိဘဲ တရားဟောပြောရန်ကြိုးပမ်းပါက မည်သည့်အရာကိုအဆုံးရှုံးခံရမည်ဆိုခြင်းကို မည်သူမျှမပြောနိုင်ပါ။ လူစုလူဝေးတိုင်းတို့တွင် တုံ့ဆိုင်းဆိုင်းဖြစ်နေကြသောအသက်ဝိညာဉ်များနှင့် ဘုရားသခင်အတွက်လုံးလုံးလျားလျားဖြစ်လာရန် ဆုံးဖြတ်လုနီးပါးအနေအထားတွင် ရှိနေကြသည့် အသက်ဝိညာဉ်များရှိနေကြပါသည်။ ဆုံးဖြတ်ချက်များတို့ကိုချမှတ်ထားပြီးကြသည့်တိုင်၊ အမှုတော်ဆောင်သည် မကြာခဏတွင်ပင်လျှင် သတင်းစကားဝေငှခြင်းနှင့်ပတ်သက်လာပါက လုပ်ဆောင်လိုစိတ်နှင့် လုပ်ဆောင်နိုင်သောစွမ်းအားမျိုးမရှိသည့်အပြင်၊ ရင်တမမအခြေအနေတွင် စိုးရိမ်ထိတ်လန့်နေကြသောသူတို့အတွက် တိုက်ရိုက်အသနားခံပေးမှုမျိုးများလည်းမရှိကြပါ။

ကိုယ်ကျင့်တရားအမှောင်ထုဖုံးလွှမ်းနေသော ယခုခေတ်ကာလတွင် အသက်ဝိညာဉ်တို့ကိုတိုက်တွန်းပေးရန်အတွက် အသက်မပါသောသဘောတရားထက်ပိုမိုသည့်တစ်စုံတစ်ရာကိုရယူရကြပါမည်။ အမှုတော်ဆောင်များတို့သည် ဘုရားသခင်နှင့်ရှင်သန်နေသောချိတ်ဆက်မှုတစ်ခုကို ရရှိထားရကြပါမည်။ သူတို့သည် သူတို့ပြောဆိုနေကြသည့် မည်သို့သောအရာကိုယုံကြည်မှုရှိကြသည့်အကြောင်းကိုသာ ဟောပြောရကြပါမည်။

ဘုရားသခင်၏လူ၏နှုတ်ခမ်းသားများမှပေါ်ထွက်လာသည့် ရှင်သန်သောသမ္မာတရားများတို့သည် အပြစ်သားများတို့အားတုန်လှုပ်စေကာ၊ ပြစ်ဒဏ်ချမှတ်ခံထားရကြသောသူတို့အား ယေဟောဝါသည် အကျွန်ုပ်၏ဘုရားသခင်ဖြစ်တော်မူသည်အလျောက်၊ ထာဝရဘုရား၏ဘက်၌ လုံးလုံးလျားလျားရပ်တည်ရန်အတွက် အကျွန်ုပ်စိတ်ပိုင်းဖြတ်ပါသည်ဟူ၍ အော်ဟစ်စေကြပါသည်။

ပိုမိုကြီးမားသည့်အလင်းတရားနှင့်စွမ်းအားမျိုးတို့ကိုရရှိရန်အတွက်၊ ဘုရားသခင်၏စေတမန်တော်သည် ကြိုးပမ်းအားထုတ်မှုကို မည်သည့်အခါမျှရပ်တန့်ထားခြင်းမရှိရပါ။ သူသည် အားသွန်ခွန်စိုက်ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပြီး၊ အမြဲမပြတ်ဆုတောင်းလျက် မျှော်လင့်ချက်ကိုဆက်လက်ထားရှိကာ စိတ်ဓာတ်ကျဆင်းစရာအခြေအနေနှင့် အမှောင်ထုလွှမ်းခြုံရာကာလအတွင်း ကျမ်းစာတော်မြတ်နှင့်ဆိုင်သော အသေးစိတ်ဗဟုသုတအသိဉာဏ်တစ်ရပ်ကိုရယူရေးအတွက် ဆုံးဖြတ်ချက်ချရမည့်အပြင်၊ အစွမ်းအစမရှိသူ၏နောက်ကွယ်တွင် ရပ်တည်ပေးရပါမည်။ အသက်ဝိညာဉ်တစ်ခုအတွက် အကျိုးအမြတ်ရှိနေသမျှကာလပတ်လုံး၊ ထိုစေတမန်သည် ကြိုးပမ်းအားထုတ်မှုတိုင်းတွင် အသစ်သောရဲစွမ်းသတ္တိဖြင့် ဆက်လက်ပြီးတွန်းအားပေးရပေမည်။ (ဟေဗြဲ ၁၃း၅) တွင်ဖော်ပြထားသည့် သခင်ယေရှုမိန့်တော်မူသော၊ ". . . ငါသည် သင့်ကိုမစွန့်၊ သင့်ကိုအလျှင်းပစ်၍မထား" ဆိုသည့်ကတိတော်တည်သမျှကာလပတ်လုံး၊ ဖြောင့်မတ်ခြင်းတရား၏သရဖူသည် ကျော်လွှားအောင်မြင်နိုင်သူအား ကမ်းလှမ်းနေသမျှ၊ ကျွန်ုပ်တို့၏အကျိုးဆောင်တော်ကြီးက အပြစ်သားတို့၏ကိုယ်စား လျှောက်လဲချက်ပေးတော်မူနေသမျှကာလပတ်လုံး သခင်ခရစ်တော်၏အမှုတော်ဆောင်များတို့သည် မျှော်လင့်ချက်အပြည့်၊ မမောနိုင်မပန်းနိုင်သောစွမ်းအင်နှင့် ဖွဲလုံ့လရှိသောယုံကြည်ခြင်းများတို့ဖြင့် လုပ်ဆောင်ရကြပါမည်။

ဘုရားသခင်၏နှုတ်တော်ထွက်မိန့်တော်မူချက်ကို လူများတို့ထံသို့ပေးကမ်းကြရန် တာဝန်ယူမှုကိုလက်ကိုင်ထားကြသောသူတို့အနေဖြင့် သူတို့ဟောပြောချက်တို့ကိုနာကြားကြသည့်သူတို့အပေါ်ဩဇာညောင်းရန် အားထုတ်ကြိုးပမ်းကြမှုအတွက် မိမိတို့ကိုယ်ကိုမိမိတို့ တာဝန်ခံမှုရှိရကြပါမည်။ အကယ်၍ သူတို့သည် ဘုရားသခင်၏မှန်ကန်သောသူများဖြစ်ကြပါက တရားဒေသနာဟောပြောခြင်း၏ဦးတည်ချက်သည် ဖြေဖျော်မှုမဟုတ်ကြောင်းကို သိရှိထားရကြပါမည်။ ၎င်းဒေသနာတော်ဟောပြော



ခြင်းသည် သတင်းစကားပြန်ကြားချက်ကို သယ်ဆောင်ပေးရုံသက်သက်မျှမဟုတ်သည့်အပြင်၊ အသိဉာဏ်အကြောင်းကို နားလည်သဘောပေါက်စေရုံသက်သက်မျှလည်းမဟုတ်ပါ။

နှုတ်ကပတ်တော်ကိုဟောပြောရာတွင် အသိဉာဏ်အကြောင်းကို ဖော်ကျူးရှင်းပြပေးခြင်းနှင့် ဗဟုသုတဖြန့်ဝေပေးခြင်းမျိုးတို့သာဖြစ်သင့်သည့်အပြင်၊ ထို့ထက်မကသောလုပ်ဆောင်မှုမျိုးကို ပိုမိုလုပ်ဆောင်သင့်ပါသည်။ အမှုတော်ဆောင်၏ပြောဆိုဟောပြောမှုတို့သည် လိုအပ်သည့်အနေအထားအထိသာ ပြောဆိုမှုမျိုးဖြစ်ရပြီး၊ သူ၏ပြောဆိုမှုကို နာကြားသူတို့၏နှလုံးသားများဆီသို့ တိုက်ရိုက်ရောက်ရှိသွားစေရပါမည်။ သူ၏ဟောပြောမှုအတွင်း ရယ်ရွှင်ဖွယ်ရာပုံပြင်ဇာတ်လမ်းမျိုးမပါရှိသင့်ပါ။ အသက်ဝိညာဉ်၏ကြီးမားသောလိုအပ်ချက်နှင့်တောင့်တမှုတို့ကို သူ့အနေဖြင့် နားလည်နိုင်ရန်အားထုတ်ကြိုးပမ်းရပါမည်။ သူ၏တရားနာပရိသတ်တို့၏ရှေ့မှောက်တွင် ရပ်တည်နေစဉ်တွင်၊ သူ၏ဟောပြောချက်ကိုနာကြားနေကြသည့်သူတို့အတွင်း၌ သံသယစိတ်နှင့်နပန်းလုံးနေရပြီး၊ မျှော်လင့်ချက်ပျက်သုဉ်းလုနီးပါးဖြစ်ကာ လက်မှိုင်ချရတော့မည့်အနေအထားသို့ ရောက်ရှိနေကြသည့်သူများရှိနေကြသည်ဆိုခြင်းကို သူ့အားသတိရမှုရှိစေရမည့်အပြင်၊ စုံစမ်းနှောင့်ယှက်ခြင်း၏စဉ်ဆက်မပြတ်သောဒုက္ခပေးခြင်းကိုခံရသူများတို့သည် အသက်ဝိညာဉ်တို့၏ရန်ဘက်နှင့် ပြင်းထန်သောတိုက်ပွဲတစ်ရပ်ကိုတိုက်ခိုက်နေရကြပါသည်။ မကောင်းဆိုးဝါးနှင့်ပဋိပက္ခဆင်နွှဲနေရကြသည့် ဤအသက်ဝိညာဉ်တို့အား ခွန်အားပေးတိုက်တွန်းပေးစေမည့်စကားလုံးတို့ကို ပြောပြပေးနိုင်ရန်အတွက် ကယ်တင်ရှင်၏နှုတ်တော်ထွက်မိန့်တော်မူချက်တို့ကို သူ့အားပေးအပ်တော်မူရန်အတွက် ကယ်တင်ရှင်တော်ထံမှ သူကတောင်းခံပါလေစေ။

## အသက်မုန့်ကိုဖဲ့ပြီးအသက်ဝိညာဉ်တို့အားပေးကမ်းရန်

ကျွန်ုပ်တို့၏အမှုတော်ဆောင်များတို့၏စည်းရုံးသိမ်းသွင်းခြင်းကိုခံရကြသောအများသောသူတို့သည် သမ္မာကျမ်းစာတော်၏သမ္မာတရားများနှင့် ဘုရားသခင်၏တောင်းခံလိုလားတော်မူခြင်းများတို့ကို မသိနားမလည်ဘဲရှိနေကြကာ၊ လက်တွေ့ကျသည့် ဘုရားတရားကြည်ညိုခြင်းနှင့်ပတ်သက်သည့် အခြေခံအကျဆုံးသောသင်ခန်းစာများတို့သည် သူတို့အတွက် အသစ်သောပုရောဖက်တို့၏ကျမ်းစာများအဖြစ် ရှိနေကြ

ပါသည်။ ဤလူတို့သည် သမ္မာတရားဆိုသည်မှာ အဘယ်အရာနည်းဆိုသည့်အကြောင်းကို သိရှိကြရန်လိုအပ်ပြီး သူတို့အတွက် အမှုတော်ဆောင်က လုပ်ဆောင်မှုပေးရာတွင် လုပဆန်းပြားမှုအပေါ် အလွယ်တကူသဘောတွေ့စေမည့်၊ သို့မဟုတ် စပ်စုနေရလျှင် ကျေနပ်နေသည့်အတွေးလမ်းကြောင်းမျိုးကို မရယူသင့်ပေ။ ၎င်းလမ်းကြောင်းမျိုးအစား သူ့အားအသက်မုန့်ကိုဖဲ့ပြီး ဤကဲ့သို့သောငတ်မွတ်ခေါင်းပါးသော အသက်ဝိညာဉ်တို့ကို ပေးကမ်းပါလေစေ။ သူ၏ဟောပြောခြင်းကိုနားကြားရကြသည့်သူတို့သည် သူတို့အနေဖြင့် ကယ်ဆယ်ခံရရေးအတွက် မည်သည့်အရာကိုလုပ်ရကြမည်ကို ပြတ်ပြတ်သားသား သိရှိကြရေးအတွက် အထောက်အကူမပြုသည့်တရားဟောချက်မျိုးကို အမှုတော်ဆောင် အနေဖြင့် မည်သည့်အခါမျှမဟောပြောသင့်ပေ။

လက်ရှိစမ်းသပ်ခံနေရကြသော ဤသူတို့အတွက် လောလောဆယ်လိုအပ်ချက်များမှာ အမျိုးသားရော၊ အမျိုးသမီးများတို့ကပါ သူတို့အားအကူအညီပေးကြရန်လိုအပ်ပါသည်။ အတွေ့အထိအာရုံတို့ကိုနှစ်သက်စေပြီး၊ စိတ်ကူးစိတ်သန်းကိုအားထည့်ပေးစေသော်လည်း နေ့စဉ်မရှိမဖြစ်လိုအပ်ချက်များဖြစ်သည့် အသက်တာဆိုင်ရာအတွေ့အကြုံကို တို့ထိခြင်းမရှိသော ကဗျာဆန်ဆန်ရေးသားဖော်ပြချက်များနှင့် စိတ်ကူးယဉ်သောတင်ပြပုံများတို့ကို အမှုတော်ဆောင်အနေဖြင့် မိုးကောင်းကင်အထက် မြင့်မားလှသောအကွာအဝေးသို့ထားရှိရပါမည်။ စိတ်ကူးယဉ်ဆန်သော သူ၏အပြောကောင်းမှုအားဖြင့် ဘုရားသခင်၏လူစုတော်တို့ကို ဖြည့်ဆည်းပေးနေသည်ဟု သူယူဆမည်ဖြစ်သော်လည်း သူ၏ဟောပြောချက်တို့ကို နားကြားကြသောသူတို့ကမူ၊ သူတို့အနေဖြင့်ယခင်ကသမ္မာတရားသည် ဤကဲ့သို့အထူးလှပသောစကားအသုံးအနှုန်းမျိုးဖြင့် လွှမ်းခြုံထားခြင်းခံရသည်ကို မည်သည့်အခါမျှမသိမြင်ခဲ့ရဖူးကြောင်းကို တွေးတောနေကြပေမည်။ သို့သော်လည်း အကြောင်းတရားဖြစ်တည်မှုမှ အကျိုးဖြစ်တည်လာမှုအထိ၊ ခြေရာကောက်ကြည့်ပါက၊ ဤစိတ်ကူးယဉ်ကိုယ်စားပြုမှုများတို့ကြောင့် ပီတိခံစားချက်မျိုးဖြစ်ပေါ်လာသည့်တိုင် အခြားတစ်ဘက်တွင် သမ္မာတရားတော်များကို ပေးကမ်းနိုင်ကြသည့်တိုင်၊ ထိုကဲ့သို့သောတရားဟောချက်များတို့သည် နားကြားသူတို့က နေ့စဉ်ရင်ဆိုင်နေရကြသည့် အသက်တာတိုက်ပွဲများတို့အတွက် အခိုင်အမာတွန်းလှန်နိုင်ခြင်းမရှိနိုင်သည့်အမြင်မျိုး ရှိလာနိုင်ပေမည်။

သူ၏အမြင့်မားဆုံးသောရည်မှန်းချက်အကြောင်းနှင့်ပတ်သက်၍ တရားဟောပြောနေစဉ် အပြောကောင်းကောင်းဖြင့်ညွှန်းသောသူသည် သူ၏အဟောအပြောကောင်း



မှုဖြင့် ရောနှောနေသောသမ္မာတရားကို လူတို့က မေ့မေ့လျော့လျော့ဖြစ်သွားစေပါသည်။ မျိုးစုံသောပြင်းပြသည့်စိတ်ခံစားမှုများ ကျော်လွန်သွားပြီးသောအခါ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် စိတ်အတွေးပေါ်တွင် နှောင်ဖွဲ့ထားခြင်းမရှိနိုင်သည့်အပြင်၊ နားကြားသူတို့အားလည်း ထိုးထွင်းသောဉာဏ်မျိုးကို ရရှိစေနိုင်ခြင်းမရှိတော့ပါ။ သူတို့သည် အမှုတော်ဆောင်၏စကားအဟောအပြောကောင်းမှုကို အားကျသောအားဖြင့် ပြောဆိုနေကြသော်လည်း၊ သူတို့အနေဖြင့် ဆုံးဖြတ်ချက်ချထားသည့်နေရာအနီးသို့ ဖြစ်ဖြစ်မြောက်မြောက်မရောက်ရှိနိုင်ကြပါ။ သူတို့သည် တရားဟောပြောချက်ကို ပြဇာတ်တစ်ပုဒ်အဖြစ်သော်လည်းကောင်း၊ အမှုတော်ဆောင်ကိုလည်း သရုပ်ဆောင်တစ်ဦးအဖြစ်ဖြင့်သာ သဘောထားပြောဆိုလာကြမည်ဖြစ်ပါသည်။ သူတို့အနေဖြင့် အလားတူသောအကျယ်တဝင့်ဟောပြောချက်ကို နားထောင်ရန်အတွက် နောက်တစ်ဖန်လာရောက်ကြဦးမည်ဖြစ်သော်လည်း ၎င်းဟောပြောချက်ကို စိတ်ဝင်စားမှုမရှိသည့်အပြင်၊ နှလုံးမသွင်းနိုင်သည့်အနေအထားဆီသို့ နောက်ကြောင်းပြန်သွားကြမည်ဖြစ်ပါသည်။

အမှန်တကယ်လိုအပ်ချက်မှာ လှပသောစကားလုံးအသုံးအနှုန်းများနှင့် အဓိပ္ပါယ်မရှိသောစကားလုံးတစ်ပုံတစ်ခေါင်းကြီးများတို့မဟုတ်ကြပါ။ ကျွန်ုပ်တို့၏အမှုတော်ဆောင်များတို့သည် လူများတို့အား သေရေးရှင်ရေးတမျှအရေးပါလှသည့် သမ္မာတရားများတို့ကို ဆုပ်ကိုင်နိုင်ကြရေးအတွက် အကူအညီပေးနိုင်မည့်နည်းလမ်းတစ်ခုအတွင်းတွင်သာ ဟောပြောရကြပါမည်။ ကျွန်ုပ်၏ညီအစ်ကိုတော်များတို့၊ သာမန်လူများတို့က သင်တို့၏နောက်သို့မလိုက်ပါသွားနိုင်သည့်နေရာဆီသို့ ပျံ့ဝဲမသွားကြပါနှင့်။ အကယ်၍ သူတို့လိုက်ပါသွားနိုင်ကြသည့်တိုင် အကျိုးဖြစ်ထွန်းမှုမရှိနိုင်သည့်အပြင်၊ ကောင်းချီးမင်္ဂလာလည်းမရရှိနိုင်ကြပါ။ သခင်ခရစ်တော်ကပေးတော်မူခဲ့သည့် ရိုးရှင်းလှသည့်သင်ခန်းစာတို့ကိုသာ ပို့ချပေးကြပါ။ သူ၏မိမိကိုယ်ကိုငြင်းပယ်တော်မူခြင်းနှင့် အသက်စွန့်ဆက်ကပ်ပူဇော်တော်မူခြင်း၊ သူ၏အရှက်တကွဲဖြစ်ရမှုနှင့်အသေခံတော်မူခြင်း၊ သူ၏ရှင်ပြန်ထမြောက်ခြင်းနှင့် ကောင်းကင်ဘုံသို့ပြန်လည်တက်ကြွတော်မူခြင်း၊ အထက်အရပ်ရှိတရားစီရင်ရာဌာနတွင် အပြစ်သားများအတွက် သူ၏အသနားခံပေးတော်မူခြင်းများဆိုင်ရာ အကြောင်းအရာများတို့ကို ပြောပြပေးကြပါ။ လူစုလူဝေးတိုင်းတို့တွင် ထာဝရဘုရား၏ဝိညာဉ်တော်သက်ရောက်တော်မူနေသည့် အသက်ဝိညာဉ်များရှိနေကြပါသည်။ သမ္မာတရားတော်သည် မည်သည့်အရာဖြစ်သည်ကို နားလည်သဘောပေါက်

ကြရန်ကူညီပေးကြပါ၊ သူတို့အားအသက်မုန့်ကိုဖဲ့ပေးကြပါ၊ ထို့အပြင် အရေးပါလှသည့်မေးခွန်းထုတ်စရာအကြောင်းအရာများတို့အပေါ် အာရုံစူးစိုက်မှုရှိကြရန်အတွက် သူတို့အားအသိပေးကြပါ။

များစွာသောဖွင့်ဟပြောဆိုခြင်းများတို့သည် အမှားကိုထောက်ခံဖေးမပေးနေကြသည့်အလျောက် သင်၏အသံကမူ၊ သမ္မာတရားအကြောင်းကို ထောက်ခံပြောဆိုပါစေ။ ဘုရားသခင်၏သိုးခြံတော်အတွင်းရှိ သိုးတို့အတွက် စိမ်းလန်းသောကျက်စားရာအရပ်မျိုးများကဲ့သို့သော အကြောင်းအရာများတို့ကိုပေးကမ်းကြပါ။ သင်၏ဟောကြားချက်တို့ကို နားကြားကြသောသူတို့အား သင်၏ဟောပြောချက်ကိုမကြားသိရသေးခင်အချိန်ကထက်၊ အသက်စမ်းရေတွင်းနှင့်ပိုမိုဝေးလံသွားစေမည့် လူမနီးသူမနီးလမ်းကြောင်းများဆီသို့ ဦးတည်မသွားပါစေနှင့်။ သခင်ယေရှုထံတော်၌သာရှိသော သမ္မာတရားကိုပေးကမ်းပြီး၊ ပညတ်တရားနှင့်ဧဝံဂေလိတရားတော်တို့ကို လိုအပ်သည့်အကြောင်းကိုထင်ရှားပြတ်သားမှုရှိရှိဖြင့် လုပ်ဆောင်ပေးပါ။ သခင်ခရစ်တော်သည် လမ်းခရီး၊ သမ္မာတရားနှင့်အသက်လည်းဖြစ်သည် ဆိုသည့်အကြောင်းကိုပေးကမ်းပြီး၊ သူ၏ထံတော်သို့လာကြသောသူတို့အားလုံးတို့ကို ကယ်ဆယ်ပေးတော်မူသည့် သူ၏တန်ခိုးတော်အကြောင်းကိုပါ ပြောပြပါ။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းဦးစီးခေါင်းဆောင်တော်ကြီးသည် သူ၏လူမျိုးတော်တို့အတွက် ဖျန်ဖြေပေးတော်မူရာတွင် သနားခြင်းကရုဏာအတွက် ခမည်းတော်ကိုတိုက်တွန်းပေးတော်မူသည့် အသနားခံသူတစ်ယောက်ကဲ့သို့မဟုတ်ဘဲ၊ သူ၏အောင်မြင်ခြင်းအတွက် ဆုဖလားတို့ကိုတောင်းခံသည့် အောင်မြင်သူတစ်ယောက်အဖြစ်ဖြင့် ဖျန်ဖြေပေးတော်မူခြင်းဖြစ်ပါသည်။ သူသည် သူ့အားဖြင့် ဘုရားသခင်ထံတော်သို့လာကြသောသူတို့အားလုံးတို့ကို အစွမ်းကုန်ဖြင့်ကူညီတော်မူနိုင်စွမ်းရှိပါသည်။ ဤအချက်ကို အလွန်ထင်ရှားပြတ်သားစွာဖြင့်သိသာပါစေ။

အမှုတော်ဆောင်များတို့သည် စောင့်ကြပ်–ကြပ်မတ်ခြင်းမခံရကြပါက၊ သူတို့သည် သမ္မာတရားတော်ကို လူသား၏အဆင်အယင်၏အောက်တွင် ဖုံးကွယ်ထားကြပေမည်။ အသက်ဝိညာဉ်တို့ကို ကျလောက်သောအဟောအပြောများတို့ဖြင့် ပြောင်းလဲလာကြအောင်လုပ်နိုင်လိမ့်မည်ဟု မည်သည့်အမှုတော်ဆောင်ကမျှ မတွေးထင်ကြပါစေနှင့်။ အခြားသောသူတို့အား သင်ကြားပို့ချပေးကြသောသူတို့သည် ထိုသူတို့တွင် ဘုရားသခင်၏ဝိညာဉ်တော်နှင့်ပြည့်ဝစေရေးကို ဘုရားသခင်ထံတော်သို့ အသနားခံ





တောင်းလျှောက်သင့်ကြပြီး၊ ထိုသူတို့သည် အပြစ်သားတို့၏တစ်ခုတည်းသောမျှော်လင့်ချက်အဖြစ် သခင်ခရစ်တော်အားမြှောက်ထားကြရန်အတွက် အထောက်အကူပြုပေးရကြပါမည်။ စကားလုံးလှလှကလေးများ၊ ကြည်နူးဖွယ်ရာပုံပြင်များ၊ သို့မဟုတ် မဆီမဆိုင်သော ပုံတိုပတ်စများတို့သည် အပြစ်သားကို အပြစ်ဒဏ်စီရင်၍မရပါ။ ထိုကဲ့သို့သောစကားလုံးမျိုးတို့ကို နားထောင်ကြသောသူတို့အတွက် ထိုစကားလုံးတို့သည် သာယာနာပျော်ဖွယ်သောသီချင်းတစ်ပုဒ်ကို နားထောင်ရကြသည့်အလားဖြစ်နေပါသည်။ အပြစ်သားနားထောင်သင့်သောသတင်းစကားမျိုးမှာ (ယောဟန် ၃း၁၆) တွင်ဖော်ပြထားသည့် "ဘုရားသခင်၏သားတော်ကိုယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်။ ထာဝရအသက်ကိုရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏" ဆိုသည့်သတင်းစကားမျိုးဖြစ်ပါသည်။ ဧဝံဂေလိသတင်းစကားကို လက်ခံရရှိရေးသည် ကြားသိရသည့်သက်သေခံချက်များ၊ ကျလောက်သောမိန့်ခွန်းချွေမှု၊ သို့မဟုတ် ပြင်းထန်သောအငြင်းအခုံများတို့အပေါ်တွင် မူတည်ခြင်းမဟုတ်ဘဲ၊ ထိုဧဝံဂေလိသတင်းစကားတွင်ပါရှိသော အကြွင်းမဲ့ချစ်သောစိတ်နှင့် အသက်မုန့်ကိုဆာငတ်ခင်မွတ်ကြသောသူတို့အား သင့်လျော်အောင်စီစဉ်ပေးထားသည့် ထိုသတင်းစကားအပေါ်တွင်မူတည်ပါသည်။

နှုတ်ကပတ်တော်၏အမှုတော်ဆောင်ခြင်းလုပ်ငန်းထိရောက်မှုရှိအောင် လုပ်ဆောင်နိုင်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏စွမ်းဆောင်နိုင်ခြင်းပင်ဖြစ်ပါသည်။ အမှုတော်ဆောင်အားဖြင့် သခင်ခရစ်တော်ကမိန့်တော်မူသောအခါ၊ နားထောင်ကြသောသူတို့သည် ထိုနှုတ်ကပတ်တော်ကို လက်ခံရယူကြရေးအတွက် သူတို့၏စိတ်နှလုံးတို့ကို သန့်ရှင်းသောဝိညာဉ်တော်က ပြင်ဆင်ပေးတော်မူပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် အစေကျွန် တစ်ဦးမဟုတ်သော်လည်း ထိန်းချုပ်ခြင်းတန်ခိုးတစ်ပါးဖြစ်ပါသည်။ စိတ်အတွေးများအတွင်းသို့ သမ္မာတရားထွန်းလင်းစေရန် ဖန်တီးပေးတော်မူပြီး၊ ဘုန်းတော်ရှင်၏လုပ်ဆောင်တော်မူခြင်းများတွင် မိမိကိုယ်ကိုဝန်ချအပ်နှံသောနေရာတွင် ဟောပြောပို့ချချက်တိုင်းတို့အားဖြင့် မိန့်တော်မူပေးနေပါသည်။ သန့်ရှင်းမြင့်မြတ်သောလေထုဝန်းကျင်တစ်ရပ်ဖြင့် အသက်ဝိညာဉ်ကိုဝန်းရံပေးပြီး၊ သတိပေးမိန့်တော်မူချက်များတို့ဖြင့် နောင်တမရသောသူကိုခြွက်ကြားကာ၊ ကမ္ဘာလောကကြီး၏အပြစ်ကိုဆောင်ယူသွားတော်မူသော သူတစ်ထူးထံတော်သို့ သူတို့အားညွှန်ပြပေးတော်မူသောသူမှာ ဝိညာဉ်တော်ပင်ဖြစ်ပါသည်။

## သခင်ခရစ်တော်အကြောင်းကိုဟောပြောခြင်း

ဟောပြောနေကြသောကျွန်ုပ်တို့၏လူတို့သည် ပညတ်တရားအပေါ်တွင်သာ တည်မှီနေကြပြီး၊ သခင်ယေရှု၏အပေါ်တွင် မတည်မှီကြကြောင်းကို သူတို့၏မြွက်ဆိုဟောကြားမှုများတို့မှအခြေခံပြီး အများသောသူတို့က မှတ်ချက်ချနေကြပါသည်။ ဤထုတ်ပြန်ချက်သည် တိတိကျကျမမှန်ကန်ပါသော်လည်း ၎င်းအတွက် အချို့သော အကြောင်းခြင်းရာမျိုးမရှိနိုင်ပါသေးသလော။ ဘုရားသခင်၏ အရေးအရာတော်များတို့တွင် စစ်မှန်သောအတွေ့အကြုံမျိုးမရှိကြသည့်ရုံးစားပွဲနားတွင်သာ ထိုင်နေကြသည့်ဗျူရိုကရက်များနှင့် သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားတော်ကို လက်ခံရရှိခြင်းမရှိကြသည့် သူများတို့၏နေရာများတွင် ဝင်ရောက်အစားထိုးနိုင်ကြမည့်သူများမရှိကြတော့ပါသလော။ ကျွန်ုပ်တို့၏အမှုတော်ဆောင်အတော်များများတို့သည် မြည်တွန်တောက်တီးခြင်းနှင့် ဆရာလုပ်ကြခြင်းအပြင်၊ အငြင်းအခုံသဘောမျိုးဆန်သည့် အကြောင်းခြင်းရာများတို့ကိုသာ ဝေမျှပေးနိုင်ကြလျက်၊ ကယ်တင်ရှင်၏ကယ်ဆယ်တော်မူခြင်းဆိုင်ရာ တန်ခိုးတော် အကြောင်းကို မြွက်ကြားပြောဆိုခဲ့ကြပါသည်။ သူတို့၏သက်သေခံချက်သည် သခင်ခရစ်တော်၏ ကယ်ဆယ်တော်မူခြင်းအသွေးတော်နှင့်ကင်းမဲ့ခဲ့ကြပါသည်။ သူတို့၏ လှူဒါန်းမှုသည် ကာဣန၏ပူဇော်သကာနှင့်ဆင်တူဖြစ်လှပါသည်။ ကာဣနသည် ဘုရားသခင်၏မျက်မှောက်တော်၌ လက်သင့်ခံတော်မူလောက်သည်ဟု သူမှတ်ယူခဲ့သည့် မြေအသီးကို ထာဝရဘုရားထံတော်သို့ ယူဆောင်လာခဲ့ပါသည်။ အမှန်အားဖြင့် ထိုမြေ အသီးတို့သည် အလွန်ကောင်းမွန်လှပါသော်လည်း၊ ပူဇော်သကာ၏အားသာချက်ဖြစ်သည့် သခင်ခရစ်တော်၏အသွေးတော်ကို ကိုယ်စားပြုပေးသည့် သိုးသငယ်၏အသွေး ပါရှိခြင်းမရှိခဲ့ပါ။ ထိုကြောင့် ထိုအမှုတော်ဆောင်တို့၏ဟောပြောချက်တို့သည် သခင်ခရစ်တော်ပါရှိတော်မူခြင်းမရှိသည့် ဟောပြောချက်များဖြစ်ကြပါသည်။ ထိုသို့သော ဟောပြောချက်များတို့သည် လူတို့၏စိတ်နှလုံးများအတွင်းသို့ ဝင်ရောက်ထိုးဖောက်နိုင်ခြင်းမရှိသဖြင့် ကယ်ဆယ်ခြင်းခံရအောင် ငါဘာလုပ်ရမလဲဆိုသည့် စူးစမ်းတွေးတောတတ်မှုအနေအထားဆီသို့ သူတို့အားဦးတည်ပေးနိုင်ခြင်းမရှိကြပါ။

မိမိတို့ကိုယ်ကို ခရစ်ယာန်များအဖြစ်ထုတ်ဖော်ပြောဆိုနေကြသည့် အားလုံးသောသူတို့တွင် သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ဝင်များတို့သည် ကမ္ဘာမြေကြီး၏ မျက်နှာစာတွင် သခင်ခရစ်တော်အားမြှင့်တင်ခြင်းအမှု၌ အထင်ကရလူများဖြစ်ရကြ



ပါမည်။ တတိယကောင်းကင်တမန်၏သတင်းစကားတော်ဆိုင်ရာ ကြွေးကြော်ခြင်းသည် ဥပုသ်တော်နေ့၏သမ္မာတရားအကြောင်းကို မျှဝေပေးကြရန် တောင်းဆိုခြင်းဖြစ်ပါသည်။ သတင်းစကားတွင်ပါရှိသည့် အခြားသောအကြောင်းအရာများတို့နှင့်အတူ ဤသမ္မာတရားအကြောင်းကို ကြေညာရမည်ဖြစ်သော်လည်း၊ ဆွဲဆောင်နိုင်စွမ်းရှိမှု၏ကြီးမားသည့်ဗဟိုချက်ဖြစ်သော ခရစ်တော်သခင်ယေရှု၏အကြောင်းတော်ကို ချန်လှပ်ထားခြင်း မပြုရပါ။ ကရုဏာတရားနှင့်သမ္မာတရားတို့ဆုံတွေ့မိကြပြီး၊ ဖြောင့်မတ်ခြင်းတရားနှင့် ငြိမ်သက်ခြင်းချမ်းသာတို့ တစ်ဦးကိုတစ်ဦးနမ်းရှုပ်ကြသည့်နေရာသည် သခင်ခရစ်တော်၏ကပ်တိုင်တော်ပင်ဖြစ်ပါသည်။ ကလေးငယ်ကလေး၏ရိုးသားသည့်ယုံကြည်ခြင်းမျိုးဖြင့် ကယ်တင်ရှင်၏ကောင်းမြတ်တော်မူခြင်းများအပေါ် ယုံကြည်ကိုးစားကာ၊ သူ၏ဖြောင့်မတ်ခြင်းတရားတော်ကိုလက်ခံလျက် သူ၏ကရုဏာတော်အပေါ် ယုံကြည်မှုရှိသည့်အနေအထားမျိုးတို့ဖြင့် အပြစ်သားသည် ကရာနိကုန်းတော်ပေါ်သို့ကြည့်မျှော်ရေးအတွက် ဦးဆောင်ခြင်းခံရပါမည်။

### ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်

ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်မှတစ်ဆင့် သခင်ခရစ်တော်၏ကျေးဇူးတော်ရတနာများတို့သည် အသင်းတော်နှင့်ကမ္ဘာမြေကြီး၏မျက်မှောက်၌ ဖွင့်ဟချပြခြင်းခံနေရပြီးဖြစ်ပါသည်။ (ယောဟန် ၃း၁၆) တွင် "ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်။ ထာဝရအသက်ကိုရစေခြင်းငှာ၊ ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏" ဟူ၍ဖော်ပြထားပါသည်။ ကျွန်ုပ်တို့သည် အပြစ်သားများဖြစ်ခဲ့ကြသည့်တိုင်၊ ကျွန်ုပ်တို့အတွက် သခင်ခရစ်တော်ကိုအသေခံတော်မူစေသည့် အနေအထားဆီသို့ ဦးတည်သွားစေသည့် ချစ်ခြင်းမေတ္တာတော်သည် အလွန်အံ့ဖွယ်ကောင်းပြီး၊ ကျွန်ုပ်တို့ဉာဏ်မမီနိုင်သည့် ချစ်ခြင်းမေတ္တာမျိုးဖြစ်နေပါသည်တကား။ ပညတ်တရား၏ တင်းမာသည့်တောင်းဆိုမှုများကိုနားလည်ပြီး၊ အပြစ်များပေါများလှသည့်နေရာမျိုးတွင် သခင်ခရစ်တော်၏ကျေးဇူးတော်သည် ပိုမိုများပြားလှစွာလုပ်ဆောင်နိုင်တော်မူသည်ဆိုသည့်အချက်ကိုသတိမမူမိရန် ပျက်ကွက်နေသည့်အသက်ဝိညာဉ်သည် ဆုံးရှုံးမှုတစ်ရပ်ကိုပါ ခံစားနေရပါသည်တကား။

ပညတ်တရားတော်သည် အချိန်တန်၍ထင်ရှားလာပါက၊ ၎င်းသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို ထင်ရှားစေမည်ဖြစ်ပါသည်။ သို့သော် ၎င်းပညတ်တရားတော်သည် အေးတိအေးစက်နှင့် အသက်မပါသောအနေအထားမျိုးဖြင့် ဟောပြောပေးဝေခြင်းခံရသောအခါ၊ နှလုံးသားများတို့သည် သမ္မာတရားတော်အားဖြင့် အရည်ပျော်ကျသွားခြင်းမရှိခြင်းအတွက် အံ့သြစရာမဟုတ်သည့်အပြင် ဓမ္မအမှုတော်ဆောင်များ၊ ဝန်ထမ်းများတို့သည် သခင်ခရစ်တော်က ပညတ်တရားတော်နှင့်ဆက်ဆံနေမှုအကြောင်းကို ပြောကြားပေးရန်အတွက် ပျက်ကွက်နေကြပါက၊ ဘုရားသခင်၏ကတိတော်များအပေါ် ယုံကြည်မှုယိမ်းယိုင်နေခြင်းအတွက်လည်း အံ့သြစရာမဟုတ်ပါ။

ဘုရားသခင်၏အရေးအရာတော်တွင်ရှိနေကြသည့် အချို့သောဝန်ထမ်းများတို့သည် အပြစ်သားကိုအော်ဟစ်စွပ်စွဲရှုတ်ချကြရာတွင် လူသားတို့အတွက် သူ၏သားတော်ကိုအသက်ပေးစေတော်မူသည့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို နောက်ကွယ်တွင်ထားရှိခဲ့ကြပါသည်။ မိမိဥစ္စာပစ္စည်းကို ဝေးလံသောပြည်ပတွင် ဖြုန်းတီးပစ်ခဲ့ပြီးနောက်၊ ပြန်လာနေသည့်ပျောက်သောသားကို ဒေါသတကြီးဖြင့် အော်ဟစ်စွပ်စွဲပြောဆိုမည့်သဘောဖြင့် လက်ခံခြင်းမဟုတ်မူဘဲ၊ ထိုသားငယ်၏ပြန်လာခြင်းအတွက် ရွှင်လန်းဝမ်းမြောက်ခြင်းသဘောဖြင့် ပွဲတစ်ခုကိုကြိုတင်ပြင်ဆင်ထားသည့် အဖခမည်းတော်တစ်ပါးအဖြစ်ဖြင့် ဘုရားသခင်အပေါ် မှန်မှန်ကန်ကန်သိမြင်နိုင်ရန်အတွက် သမ္မာတရားကိုပို့ချသင်ကြားပေးသောဆရာက အပြစ်သားကိုသိရှိစေရမည်ဖြစ်သည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့အားလုံးသည် အသက်ဝိညာဉ်တို့ကိုရယူနိုင်ကြရေးအတွက် ထာဝရဘုရား၏ထိုသို့သောနည်းလမ်းတော်ကို သင်ကြားရယူရကြပါမည်။

ဆင်ခြင်တွေးခေါ်မှုစနစ်၏ပြစ်ဒဏ်စီရင်ချမှတ်ခြင်းမှနေပြီး၊ ဘုရားသခင်သည် စိတ်အတွေးတို့ကို နက်နဲပြီး၊ မြင့်မားလှကာ ဖြူစင်သန့်ရှင်းလျက် ပိုမိုအသရေတင့်တယ်လှသော ပြစ်မှုထင်ရှားစီရင်ရခြင်းဆီသို့ ဆွဲယူပေးတော်မူပါသည်။ သဘာဝတရား၏ထာဝရဘုရားသည် အရာအားလုံးတို့၏ဖန်ဆင်းရှင်ဖြစ်တော်မူသည့်အလျောက် အားလုံးသောချီးမွမ်းခြင်းနှင့်ဘုန်းအသရေတို့ဖြင့် ထိုက်တန်တော်မူသဖြင့် လူသားတို့အား သူ၏တရားစီရင်တော်မူခြင်းကိုထင်ရှားစေသည့် ရောင်စဉ်တန်းများတို့ကို တောက်ပစေသည့်အလင်းကို လူသား၏ဆင်ခြင်တွေးခေါ်မှုစနစ်က မကြာခဏမှေးမှိန်ကွယ်ပျောက်သွားစေတတ်ပါသည်။



အချို့သောအမှုတော်ဆောင်များတို့သည် သူတို့၏တရားဟောချက်တို့ကို လုံးလုံးလျားလျား အငြင်းအခုံဆန်ဆန်ဖြင့် ပြင်ဆင်ဟောကြားကြခြင်းဖြင့် အမှားကိုပြုလုပ်မိနေကြပါသည်။ သမ္မာတရား၏သဘောတရားကိုနားထောင်ကြပြီး၊ ဖော်ထုတ်ပြသထားပြီးဖြစ်သောသက်သေခံတို့ကို အထင်ကြီးလေးစားကြသည့်သူများရှိနေကြသည်အလျောက်၊ အကယ်၍သာ သခင်ခရစ်တော်သည် ကမ္ဘာမြေကြီး၏ကယ်တင်ရှင်အဖြစ်ဖြင့် အသိပေးဖော်ပြပေးခြင်းခံတော်မူရပါက၊ စိုက်ပျိုးထားခြင်းခံရကြသောမျိုးစေ့တို့သည် အမြောက်အမြားပေါက်ရောက်လာကြပြီး၊ ဘုရားသခင်၏ဘုန်းအာနုဘော်တော်တွင် အသီးများသီးကြပေလိမ့်မည်။ သို့ရာတွင် မကြာခဏတွင်ပင်၊ ကရာနိကုန်းတော်၏လက်ဝါးကပ်တိုင်အကြောင်းသည် လူတို့ထံတွင်ချပြထားခြင်းမခံရပါ။ အချို့သောသူတို့သည် သူတို့အစဉ်အမြဲကြားနေရကြသည့် နောက်ဆုံးသောတရားဟောချက်ကို နားထောင်နေရကြမည်ဖြစ်၍၊ မြတ်နိုးဖွယ်ကောင်းသောအခွင့်အရေးကို ဆုံးရှုံးခံရမှုသည် အစဉ်အမြဲဆုံးရှုံးမှုအဖြစ်သို့ ရောက်ရှိသွားပေမည်။ သမ္မာတရား၏သဘောတရားနှင့် ချိတ်ဆက်မှုတွင်ရှိနေပါက၊ သခင်ခရစ်တော်နှင့် သူ၏ကယ်ချွတ်တော်မူခြင်းဆိုင်ရာ ချစ်ခြင်းမေတ္တာတော်တို့သည် ကြေညာထားခြင်းခံခဲ့ရပြီးဖြစ်သည်အလျောက် ထိုသမ္မာတရား၏သဘောတရားနှင့်ချိတ်ဆက်နေကြသောသူတို့သည် သခင်ခရစ်တော်ရှိနေတော်မူသည့်ဘက်ပိုင်းနေရာကို ရယူနိုင်ကြပေမည်။

## သခင်ခရစ်တော်ထံတော်သို့သွားရာလမ်း

သခင်ခရစ်တော်ထံတော်သို့သွားရာလမ်းကို ကျွန်ုပ်တို့ထက် လူအများတို့က တွေ့ရှိနိုင်ရန်အတွက် တောင့်တတွေးတောနေကြပါသည်။ ကရုဏာတရား၏နောက်ဆုံးသောသတင်းစကားကို ဟောပြောနေကြသောသူတို့အနေဖြင့် သခင်ခရစ်တော်သည် အပြစ်သား၏ခိုလှုံရာအဖြစ်ဖြင့် ချီးမြှောက်ခြင်းခံတော်မူရမည်ဆိုခြင်းကို စိတ်အတွေးထဲတွင်ခံယူရကြပါမည်။ အချို့သောအမှုတော်ဆောင်တို့သည် နောင်တတရားနှင့်ယုံကြည်ခြင်းအကြောင်းတို့ကိုဟောကြားရန်မလိုအပ်ဟု ထင်မြင်ယူဆနေကြပြီး၊ သူတို့၏ဟောပြောချက်တို့ကို နာကြားကြသူတို့သည် ဧဝံဂေလိတရားတော်နှင့် အကျွမ်းတဝင်ရှိပြီးသားဖြစ်နေကြသည်ဟု မှားယွင်းစွာမှတ်ယူနေကြသည်အလျောက်၊ ထိုနာကြားကြသူတို့၏အာရုံပြုမှုကို ရယူနိုင်ကြရေးအတွက်၊ ထိုသဘောသဘာဝခြားနားသည့်အကြောင်းခြင်းရာတို့ကို ပြောပြပေးကမ်းရကြပါမည်။ သို့သော်လည်း များစွာသောသူတို့သည်

ကယ်တင်ခြင်းအစီအစဉ်နှင့်ပတ်သက်ပြီး စိတ်မကောင်းဖွယ်ရာဗဟုသုတနည်းပါးနေကြရာတွင် သူတို့သည် တစ်စုံတစ်ရာသောအခြားအကြောင်းခြင်းရာတို့ထက် ဘက်စုံအရေးကြီးလှသော ဤအကြောင်းခြင်းရာနှင့်ပတ်သက်သည့် ညွှန်ကြားချက်မျိုးကို ပိုမို၍လိုအပ်နေကြပါသည်။

အယူအဆပိုင်းဆိုင်ရာ ဟောပြောပို့ချချက်များတို့သည် မရှိမဖြစ်လိုအပ်လှပြီး၊ ထိုကဲ့သို့မျိုးလိုအပ်ရခြင်းမှာ လူများတို့အနေဖြင့် သမ္မာတရား၏နှောင်ကြိုးနှင့်ကွင်းဆက်တစ်ခုပြီးတစ်ခုအနေအထားတို့ကို တွေ့မြင်ကြရေးနှင့် လုံးလုံးလျားလျားကုံလုံပြည့်စုံမှုတစ်ခုအတွင်း စုစည်းမှုရှိကြရေးအတွက်ဖြစ်သည်အလျောက် သခင်ခရစ်တော်နှင့်သူ၏အသက်စွန့်ဆက်ကပ်ပူဇော်တော်မူခဲ့ခြင်းအကြောင်းသည် ဧဝံဂေလိတရား၏အခြေခံအုတ်မြစ်အဖြစ်ဖြင့် ပါရှိခြင်းမရှိသည့်ဟောပြောပို့ချမှုမျိုးကို မည်သည့်အခါမျှဟောကြားခြင်းမပြုသင့်ပါ။ အမှုတော်ဆောင်များအနေဖြင့် လက်တွေ့ကျသည့် ဘုရားဝတ်၌မွေ့လျော်ခြင်းတွင် တည်မှီနေကြပါက၊ ပိုမိုများပြားလှသည့်နှလုံးသားများတို့ကို လက်လှမ်းမီကြမည်ဖြစ်သည့် နယ်သစ်ပယ်သစ်များတို့တွင် သမ္မာတရားတော်အကြောင်းကို ပြောပြအသိပေးရေးအတွက် ကြိုးပမ်းမှုများတို့နှင့်ဟောပြောပို့ချမှုများတွင် မကြာခဏပင် အယူအဆပိုင်းဆိုင်ရာအကြောင်းအရာမျိုး ကျယ်ပြန့်စွာပါရှိတတ်ပါသည်။ လူများတို့သည်လည်း သူတို့ကြားသိကြရသည့်အကြောင်းအရာနှင့်ပတ်သက်ပြီး၊ နေမထိထိုင်မသာဖြစ်ရကြပါသည်။ အများသောသူတို့သည် သမ္မာတရား၏အင်အားကို တွေ့မြင်ရကြသည်အလျောက်၊ သူတို့အတွက်သေချာမှုရှိသည့် အခြေခံအုတ်မြစ်တစ်ခုအပေါ်၊ အခြေချကြရေးကိုစိတ်စောနေကြပါသည်။ ထိုနောက်တွင် အရာအားလုံးတို့၏အထက်၌ သခင်ခရစ်တော်၏ဘာသာတရားနှင့်ပတ်သက်သည့်အကြောင်းတို့ကို ခွဲခြားသိမြင်တတ်သည့်အသိစိတ်မျိုးကိုထားရှိရန် အိမ်ထောင်မိသားစုကိုတိုက်တွန်းအကြံပြုရသည့်အချိန်မျိုးသို့ရောက်ရှိလာပေမည်။ အကယ်၍သာ စည်းဝေးခြင်းများတို့သည် ဤလက်တွေ့ကျသည့်အလုပ်မျိုးဖြင့် ပိတ်သိမ်းရန်အတွက် သဘောတူညီမှုမရရှိနိုင်ပါက ၎င်းဖြစ်ရပ်သည်ကြီးမားလှသည့်ဆုံးရှုံးမှုတစ်ရပ်ပင်ဖြစ်ပါသည်။

ရံဖန်ရံခါအားဖြင့် အမျိုးသားများရော၊ အမျိုးသမီးများတို့ကပါ သူတို့အားပြသပေးသည့်အထောက်အထား၏အရေးပါမှုကြောင့် သူတို့ကိုယ်၌က ပြောင်းလဲခြင်းမရှိဘဲ၊ သမ္မာတရားကိုမှန်ကန်မှုရှိကြောင်း ထောက်ခံမှုပေးရန်ဆုံးဖြတ်ကြပါသည်။ သူ၏ဟောကြားမှုတို့ကို နားကြားကြသည့်သူတို့အား သူတို့၏စိတ်နှလုံးပြောင်းလဲခြင်း



တစ်ရပ်၏လိုအပ်ချက်ကို ထိုသူတို့အား အကြံပြုတိုက်တွန်းခြင်းမပြုမချင်း ထိုအမှုတော်ဆောင်၏လုပ်ဆောင်မှုသည် ပြီးဆုံးခြင်းမရှိပါ။ ဟောပြောပို့ချချက်တိုင်းတို့တွင် လူတို့အား သူတို့၏အပြစ်များတို့ကိုကျောခိုင်းပစ်ကြပြီး သခင်ခရစ်တော်ထံတော်သို့ ပြန်လှည့်လာကြရန်အတွက် ထက်သန်သောစိတ်ဖြင့် သူတို့အားပန်ကြားရကြမည်ဖြစ်ပါသည်။ လူကြိုက်များသည့်အပြစ်များနှင့် ကျွန်ုပ်တို့၏ယခုခေတ်ကာလရှိ ဖိမ်ခံမှုများတို့ကို ရှုတ်ချသင့်ကြပြီး၊ လက်တွေ့ကျကျဖြင့် ဘုရားဝတ်၌မွေ့လျော်ခြင်းအမှုကို လိုလားနှစ်သက်ရကြပါမည်။ သူပြောဆိုနေသောနှုတ်ထွက်စကားလုံးတို့ကို သူ၏စိတ်နှလုံးအတွင်းမှ ခံစားထွက်အန်စေသည့်၊ စစ်မှန်သည့်အမှုတော်ဆောင်အနေဖြင့် သူလုပ်ဆောင်ပေးနေသည့် လူတို့၏အသက်ဝိညာဉ်များတို့အတွက် သူ၏စိတ်ပူပန်ရမှုကို ချုပ်တည်းထားနိုင်ခြင်းမရှိပါ။

ဧဝံဂေလိသတင်းစကားဖြန့်ဝေခြင်းလုပ်ငန်းတွင် ကျွန်ုပ်၏လုပ်ဖော်ဆောင်ဖက်များတို့ကို ပါဝင်ပူးတွဲလုပ်ဆောင်ကြစေလိုသည့် ကျွန်ုပ်၏ဆန္ဒကို အသွင်ခတ်နှိပ်ရန်အတွက် လုံလောက်သောအားထုတ်မှုဆိုင်ရာဘာသာစကားကို ကျွန်ုပ်အနေဖြင့် အမိန့်ပေးနိုင်ခဲ့ပါသည်။ ကျွန်ုပ်၏ညီနောင်သားချင်းတို့ခင်ဗျား၊ သင်တို့သည် အသက်ရှင်ခြင်း၏နှုတ်ထွက်မိန့်မြွက်စကားများတို့ကို လက်ကိုင်ထားနေကြသည့်အပြင်၊ အမြင့်မားဆုံးသောဖွံ့ဖြိုးမှုကိုလုပ်ဆောင်နိုင်စွမ်းရှိသည့် စိတ်အတွေးများတို့နှင့်ထိတွေ့နေရကြပါသည်။ သခင်ခရစ်တော်၏အသက်စွန့်ဆက်ကပ်အပူဇော်ခံခြင်း၊ ပြန်လည်ရှင်ပြန်ထမြောက်ခြင်း၊ ကောင်းကင်ဘုံသို့ပြန်လည်တက်ကြွသွားတော်မူခြင်းနှင့် နောက်တစ်ကြိမ်ပြန်လည်ကြွလာတော်မူမည့်အကြောင်းအရာများတို့သည် အမှုတော်ဆောင်ကို ခက်ထန်ကြမ်းတမ်းသောအနေအထားမှ သိမ်မွေ့နူးညံ့သောအနေအထားဆီသို့ ရောက်ရှိစေသင့်ပြီး၊ ဝမ်းမြောက်ဝမ်းသာဖြစ်စေသင့်ကာ လူများတို့ထံသို့ ချစ်ခြင်းမေတ္တာနှင့်လေးနက်လှသည့်စိတ်အားထက်သန်မှုတို့ဖြင့် ဤသမ္မာတရားတော်များအကြောင်းတို့ကို ပေးကမ်းလိုသည့်စိတ်သဘောမျိုးကို ထိုအမှုတော်ဆောင်၏စိတ်အတွေးထဲသို့ ဖြည့်ဆည်းပေးပါသည်။ ထိုနောက်တွင် အမှုတော်ဆောင်သည် မျက်ခြည်ပြတ်သွားခြင်းခံရမည်ဖြစ်ပြီးနောက်၊ သခင်ယေရှုသည် ထင်ရှားတော်မူခြင်းခံလာရမည်ဖြစ်သည်။

သခင်ယေရှုကိုမြှောက်တင်ထားပါ၊ လူများတို့အား သင်ကြားပို့ချပေးသောသင်သည် တရားဟောချက်တွင်လည်းကောင်း၊ သီချင်းတွင်လည်းကောင်း၊ ဆုတောင်းခြင်းတွင်လည်းကောင်း ထိုသခင်ယေရှုကိုမြှောက်တင်ထားပါ။ “ဘုရားသခင်၏

သိုးသငယ်တော်” ကို အတွေးမကြည်မလင်ဖြစ်ပြီး၊ စိတ်ရှုပ်ထွေးခဲ့ကြကာ လက်လွှတ်ဆုံးရှုံးခံရကြသည့်အသက်ဝိညာဉ်များတို့ကို သခင်ယေရှုထံတော်သို့ညွှန်ပြပေးရန်အတွက် သင်၏အားလုံးသောစွမ်းအားတို့ကို ရှေးရှုပါလေစေ။ ရှင်ပြန်ထမြောက်တော်မူခဲ့သော ကယ်တင်တော်မူသောအရှင်ကိုမြှောက်တင်ထားပြီး၊ နာကြားရကြသောသူအားလုံးတို့အား (ဖေက် ၅း၂) တွင်ဖော်ပြထားသည့် “. . . ငါတို့ကိုချစ်တော်မူသောအားဖြင့် . . . ငါတို့အတွက်စွန့်တော်မူသည်နည်းတူ. . . ” ဆိုသည့် သခင်ယေရှုထံတော်သို့လာရောက်ကြရန် ပြောကြားပေးပါ။ ကယ်တင်ခြင်းဆိုင်ရာသိပ္ပံပညာသည် တရားဟောချက်တိုင်း၏ဝန်ထုပ်ဝန်ပိုးအဖြစ်ရှိစေပြီး၊ တေးသီချင်းတိုင်း၏အဓိကရည်မှန်းဦးတည်ချက်ဖြစ်ပါစေ။ ထိုကယ်တင်ခြင်းဆိုင်ရာသိပ္ပံအတတ်သည် အသနားခံမှုတိုင်းတွင် သွန်းဖြိုးခြင်းရှိပါစေ။ သခင်ခရစ်တော်နှင့် ဘုရားသခင်၏ဉာဏ်ပညာတော်နှင့်တန်ခိုးတော်တို့ကို ထပ်ဆောင်းဖြည့်စွက်ရန်အတွက် သင်၏ဟောပြောခြင်းတွင် မည်သည့်အရာကိုမျှ မထည့်သွင်းပါနှင့်။ အသက်၏နှုတ်ထွက်မိန့်တော်မူချက်ကို စွဲကိုင်ထားပြီး၊ သခင်ယေရှုကို နောင်တရသူ၏မျှော်လင့်ချက်အဖြစ်နှင့် ယုံကြည်သူတိုင်းတို့၏ခံတပ်အဖြစ်ဖြင့် အသိပေးပြောကြားပါ။ ဒုက္ခရောက်ကြသူနှင့် မျှော်လင့်ချက်ကုန်ဆုံးနေသောသူတို့အား ငြိမ်သက်ခြင်းချမ်းသာလမ်းကြောင်းကို ထုတ်ဖော်ပြသပြီး၊ ကယ်တင်တော်မူသောအရှင်၏ကျေးဇူးတော်နှင့် ပြည့်စုံတော်မူခြင်းကို ထင်ထင်ရှားရှားပြသပေးပါ။

အမှောင်ထုအတွင်းမှစတင်ပြီး ဘုရားသခင်၏ပလ္လင်တော်ကိုထိတွေ့မိသည်အထိ၊ အလင်းရောင်အတွင်းသို့ ဦးတည်ထိုးတက်သွားသည့် တစ်ခုတည်းသောကျဉ်းမြောင်းသောလမ်းမှာ ယုံကြည်ခြင်း၏လမ်းကျဉ်းသာဖြစ်ပါသည်။ ဤကျဉ်းသောလမ်းသည် မှောင်မိုက်ခြင်းရှိသည့် သေချာရေရာမှုမရှိသောလမ်းကျဉ်းမဟုတ်ဘဲ၊ အကန့်အသတ်မဲ့သောစိတ်အတွေးများတို့၏လမ်းခရီးဖြစ်ကာ ခရီးသည်တိုင်းတို့ထံမှ အကြမ်းနည်းဖြင့်ရယူသည့် ကိရိယာတန်ဆာပလာကိုအသုံးပြုပြီး၊ လူလက်တို့ဖြင့်ပြုလုပ်ခဲ့သည့်လမ်းကျဉ်းမျိုးမဟုတ်ပါ။ ထိုကျဉ်းသောလမ်း၏ဝင်ပေါက်ဆီသို့ မိမိကိုယ်ကိုမိမိဒဏ်ခတ်သောလုပ်ဆောင်မှုများတို့အားဖြင့် မရောက်ရှိနိုင်ပါ။

လူသားက မိမိ၏ကုံလုံပြည့်စုံမှုကို သူ၏အခြားသောမည်သည့်လုပ်ဆောင်နိုင်မှုများတို့ဖြင့်ထပ်ဆောင်းပြီးမှ လုပ်ဆောင်၍မရနိုင်သည့်ခရီးလမ်းမျိုးကို ဘုရားသခင်သည် အထူးစုံလင်ပြီး၊ ပြီးပြည့်စုံသည့်ခရီးလမ်းအဖြစ်ဖြင့် ပေးကမ်းထောက်ပံ့နိုင်တော်မူပါသည်။ ခက်ထန်မာကျောမှုအရှိဆုံးသောအပြစ်သားသည် အကယ်၍အမှန်တကယ်





နောင်တရပါက၊ ဤခရီးလမ်းသည် သူ့ကိုလက်ခံနိုင်သော လုံလောက်သည့်အကျယ်အဝန်းမျိုးရှိသည့်တိုင် အပြစ်တရားအတွက်နေရာမရှိလောက်အောင် ကျဉ်းမြောင်းလှပါသည်။ ဤကျဉ်းသောလမ်းသည် သခင်ဘုရား၏ရွေးနုတ်တော်မူခြင်းကိုခံရသောသူတို့ လျှောက်လှမ်းရန်အတွက် ဖန်တီးထားသည့်လမ်းဖြစ်ပါသည်။

## ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ရာသို့ရောက်ခြင်း

သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားကို ကျွန်ုပ်တို့ကရရှိကြရာတွင် ကျွန်ုပ်တို့၏တစ်စုံတစ်ရာသောအရည်အသွေးကြောင့်မဟုတ်မူဘဲ၊ ဘုရားသခင်က အဖိုးအခမဲ့ပေးတော်မူသည့် ဆုကျေးဇူးကြောင့်သာဖြစ်သည်ဆိုသည့်အယူအဆသည် အဖိုးထိုက်လှသည့်အယူအဆမျိုးတစ်ခုဖြစ်ပါသည်။ ဘုရားသခင်နှင့်လူတို့၏ရန်သူကြီးသည် ဤသမ္မာတရားကို ရှင်းရှင်းလင်းလင်းဖြင့်ဝေငှပေးကမ်းခြင်းအမှုကို သဘောတူညီခြင်းရှိမနေပါ။ ဤသို့သဘောမတူရခြင်းမှာ၊ အကယ်၍သာ လူတို့အနေဖြင့် ဤသမ္မာတရားကိုအပြည့်အဝလက်ခံရရှိကြပါက သူ၏တန်ခိုးအာဏာသည် ကျိုးပဲ့ပျက်စီးသွားမည်ကို သူသိရှိနေပါသည်။ အကယ်၍သာ သူ့အနေဖြင့် စိတ်အတွေးတို့ကိုထိန်းကျောင်းနိုင်ပါက သံသယစိတ်၊ မယုံကြည်မှုနှင့် အမိုက်မှောင်ထုတို့သည် ဘုရားသခင်၏သားသမီးများအဖြစ်သို့ရောက်ရှိရေးအတွက် တောင်းခံနေကြသောသူတို့၏အတွေ့အကြုံတို့နှင့် ပေါင်းမိသွားကြကာ၊ ထိုဘုရားသခင်၏သားသမီးများအဖြစ်ကို တောင်းခံနေကြသည့်သူတို့အား စုံစမ်းနှောင့်ယှက်ခြင်းအားဖြင့် သူကအောင်မြင်သွားနိုင်ပါသည်။ ဘုရားသခင်ကို သူ၏နှုတ်ကပတ်တော်အဖြစ်သတ်မှတ်သည့် ရိုးရှင်းသောယုံကြည်ခြင်းကို အားပေးမြှင့်တင်ပေးသင့်ပါသည်။ ဘုရားသခင်၏လူစုတော်တို့သည် ဘုန်းတော်ရှင်၏တန်ခိုးတော်ကိုဆုပ်ကိုင်မည့် (ဧဖက် ၂း၈) တွင်ဖော်ပြထားသည့်၊ “ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း” ဆိုသည့် ယုံကြည်ခြင်းမျိုးရှိရကြပါမည်။ သခင်ခရစ်တော်ကြောင့် ဘုရားသခင်သည် သူတို့၏အပြစ်များတို့ကို ခွင့်လွှတ်တော်မူသည်ဆိုသည့်အချက်ကို ယုံကြည်ကြသောသူတို့သည် စုံစမ်းနှောင့်ယှက်ခြင်းအတွင်းတွင် ယုံကြည်ခြင်းအတွက် မွန်မြတ်သည့်တိုက်ပွဲကိုတိုက်ခိုက်ရေးအတွက် တွန်းအားပေးရန် ပျက်ကွက်ခြင်းမရှိသင့်ကြပါ။ သူတို့၏ခရစ်ယာန်

အသက်တာ၊ ထို့ပြင်မက သူတို့၏နှုတ်ထွက်စကားလုံးတို့သည် (၁ယော ၁း၇) တွင် ဖော်ပြထားသည့်၊ "။ ။ ။ ယေရှုခရစ်၏အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏" ဆိုသည့် ရှင်ယောဟန်၏ဩဝါဒစကားကို ကြေညာကြပါလိမ့်မည်။

အကယ်၍ ကျွန်ုပ်တို့သည် တတိယကောင်းကင်တမန်သတင်းစကား၏ဝိညာဉ်နှင့်တန်ခိုးစွမ်းအားတို့ကိုရရှိကြပါက ကျွန်ုပ်တို့သည် ပညတ်တရားနှင့်ဧဝံဂေလိသတင်းစကားတို့ကို အတူတကွပေးဝေရကြမည်ဖြစ်ပြီး၊ ထိုသို့အားဖြင့် ထိုပညတ်တရားနှင့် ဧဝံဂေလိတရားတို့သည် လက်ချင်းတွဲလျက်တည်ရှိနေကြပေမည်။ အောက်အရပ်ရှိတန်ခိုးသည် နာခံလိုက်လျှောက်ခြင်းမရှိသည့်ကလေးသူငယ်အား ဘုရားသခင်၏ပညတ်တရားတော်ကိုပျက်ပြယ်စေရန်နှင့် သခင်ခရစ်တော်သည် ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းတရားဖြစ်သည်ဆိုသည့်သမ္မာတရားကို နင်းချေပစ်ရန်အတွက် သွေးထိုးလှုံ့ဆော်ပေးပြီး၊ အထက်အရပ်ရှိတန်ခိုးတော်မှာမူ သစ္စာစောင့်သိကြသည့် သူတို့၏စိတ်နှလုံးများအပေါ်တွင် လှုပ်ရှားသွားလာတော်မူရာတွင် ထိုသူတို့သည် ပညတ်တရားကိုချီးမြှောက်ကြရန်နှင့် သခင်ယေရှုကို ကုံလုံပြည့်စုံသည့်ကယ်တင်ရှင်တော်အဖြစ် မြှောက်ထားကြရန်ဖြစ်ပါသည်။ ဘုရားသခင်၏လူစုတော်တို့၏အတွေ့အကြုံများအတွင်းသို့ ဘုန်းတော်ရှင်၏တန်ခိုးတော်ပါဝင်ခြင်းမရှိပါက မှားယွင်းသည့်အယူအဆသဘောတရားများနှင့်အတွေးအခေါ်များတို့သည် စိတ်အတွေးများတို့ကို သုံ့ပန်းအဖြစ်ချုပ်နှောင်ထားကြပြီး၊ သခင်ခရစ်တော်နှင့်သူ၏ဖြောင့်မတ်ခြင်းတရားတော်တို့သည် အများသောသူတို့၏အတွေ့အကြုံများအတွင်းမှ ထွက်ခွာသွားတော်မူကြမည်ဖြစ်ပြီး၊ သူတို့၏ယုံကြည်ခြင်းတို့သည် စွမ်းအား၊ သို့မဟုတ် ရှင်သန်မှုရှိကြတော့မည်မဟုတ်ပါ။

အမှုတော်ဆောင်များအနေဖြင့် ပြည့်စုံတော်မူခြင်းရှိသည့် သခင်ခရစ်တော်အကြောင်းကို နာကြားသူများတို့က ဉာဏ်ရည်ဉာဏ်စွမ်းရှိသော ယုံကြည်ခြင်းမျိုးရှိကြရေးအတွက် ဘုရားကျောင်းတော်များနှင့် နယ်သစ်ပယ်သားများနှစ်ရပ်စလုံးတို့တွင် ပေးကမ်းဝေမျှပေးရကြပါမည်။ လူတို့ထံသို့ သခင်ခရစ်တော်သည် ကယ်တင်ခြင်းနှင့်ဖြောင့်မတ်ခြင်းတရားတော်ကိုပေးတော်မူသည် ဆိုသည့်အကြောင်းကို၊ ထိုသူတို့အား အသိပေးညွှန်ကြားပေးရပါမည်။ အသက်ဝိညာဉ်များတို့သည် သခင်ခရစ်တော်အား သူတို့၏တစ်ခုတည်းသောမျှော်လင့်ချက်အဖြစ် ယုံကြည်နေကြခြင်းအပြင်၊ အပြစ်အားလုံးတို့မှ သန့်ရှင်းစင်ကြယ်စေသည့် သခင်ခရစ်တော်၏အသွေးတော်သည် ထိုအသွေး



တော်၏အရည်အသွေးအပေါ် ယုံကြည်မှုရှိကြသည့်သူများတို့အတွက်သာ ကိုယ်စားပြုပေးသည့်အစွမ်းထက်မှု၊ ထို့အပြင် အာဗေလ၏ပူဇော်ဆက်ကပ်သည့် ပူဇော်သကာမျိုးကဲ့သို့ အဖခမည်းတော်၏မျက်မှောက်တော်တွင် ဆက်ကပ်ကြသည့်သူများတို့အား အနှောင့်အယှက်ပေးရေးတို့သည် စာတန်မာရ်နတ်၏စနစ်တကျ၊ အသေအချာဖြင့်စီစဉ်ထားသောကြံရွယ်ချက်ဖြစ်ပါသည်။

ကာဣန၏ပူဇော်သကာသည် ဘုရားသခင်ထံတော်တွင် အမျက်တော်သင့်စရာတစ်ခုအဖြစ်ရှိနေခဲ့ရခြင်းမှာ ၎င်းပူဇော်သကာသည် သခင်ခရစ်တော်ပါရှိတော်မူခြင်းမရှိသည့် ပူဇော်သကာမျိုးတစ်ခုဖြစ်ခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏သတင်းစကားဆိုင်ရာဝန်ထုပ်ကြီးမှာ ဘုရားသခင်၏ပညတ်တော်များသက်သက်ချည်းမဟုတ်မူဘဲ၊ သခင်ယေရှုအပေါ်ယုံကြည်ခြင်းလည်းပါဝင်ပါသည်။ ယနေ့ကျွန်ုပ်တို့၏လမ်းကြောင်းပေါ်တွင် ထွန်းလင်းတောက်ပသည့်အလင်းတစ်ခုကျရောက်နေပြီး၊ ၎င်းအလင်းသည် သခင်ယေရှုအပေါ်ယုံကြည်ခြင်းတိုးတက်မှုရှိလာစေရန်အတွက် ဦးတည်ပေးပါသည်။ ကျွန်ုပ်တို့အနေဖြင့် အလင်း၏ရောင်စဉ်တန်းတိုင်းတို့ကို လက်ခံရယူရကြမည်ဖြစ်ပြီး၊ တရားစီရင်ဆုံးဖြတ်တော်မူချိန်တွင် အပြစ်စီရင်ခြင်းမခံရရေးအတွက် ထိုအလင်း၏ရောင်စဉ်တန်းတိုင်းတို့ကို လက်ခံရယူရကြခြင်းဖြစ်ပါသည်။ သမ္မာတရား၏ထင်ရှားပြတ်သားသည့်ရှုမြင်မှုများတို့ကို ကျွန်ုပ်တို့ရယူနေကြသည့်အလျောက်၊ ကျွန်ုပ်တို့၏တာဝန်များနှင့် တာဝန်သိစိတ်များတို့သည် ပိုမိုအရေးကြီးသည့်အနေအထားသို့ ရောက်ရှိလာပါသည်။ အလင်းသည် အမှောင်ထုအတွင်း၌ ဝှက်ထားခြင်းခံခဲ့ရကြသည့် အမှားများတို့ကိုထင်ရှားစေပြီး၊ အပြစ်တင်ကြိမ်းမောင်းကာ အလင်းရောက်ရှိလာသည့်အလျောက်၊ လူတို့၏အသက်တာနှင့်အကျင့်စရိုက်တို့သည် ထိုအလင်းနှင့်ဟန်ချက်ညီညီရှိကြစေရန်အတွက် သူတို့သည် သူတို့၏အသက်တာနှင့်အကျင့်စရိုက်တို့ကို လိုက်လျောညီထွေစွာ ပြောင်းလဲပစ်ရကြပါမည်။ ယခင်တစ်ချိန်က အသိဉာဏ်နည်းပါးမှုကြောင့် ကျူးလွန်မိခဲ့သည့်အပြစ်များ၊ စိတ်အတွေး၏ကြောင်းကျိုးမမြင်တတ်မှုတို့ကြောင့် ကျူးလွန်မိခဲ့သည့်အပြစ်မျိုးတို့သည် အပြစ်ကိုမဖြစ်ပေါ်စေဘဲ မွေ့လျော်ခြင်းမရှိနိုင်ပါ။ တိုးများလာသည့်အလင်းကို ပေးကမ်းခြင်းခံရကြသည့်အလျောက်၊ လူတို့အနေဖြင့် ပြောင်းလဲပြီးမြင့်တင်ခြင်းရှိရမည်ဖြစ်ကာ၊ ထိုအလင်းအားဖြင့် မွမ်းမံသန့်စင်ခြင်းရှိရပါမည်။ သို့တည်းမဟုတ် အလင်းရောက်ရှိလာခြင်းမရှိမီကထက် မကောင်းမှုတွင်ပိုမို၍ဆက်လက်ကျင်လည်ကြပြီး ခေါင်းမာလာကြမည်ဖြစ်သည်။

## ဧဝံဂေလိတရားတော်ကိုဟောပြောသူတစ်ယောက်ထံသို့ အကြံဉာဏ်ပေးခြင်း

ချစ်လှစွာသောညီအစ်ကိုတော်ခင်ဗျား၊

ထာဝရဘုရားထံတော်မှ သင့်အတွက်ဤသတင်းစကားကိုပါးလိုက်ပါ၏။ မိန့်ခွန်းပြောရာတွင် အကြင်နာတရားပါရှိပြီး၊ အပြုအမူတွင် သိမ်မွေ့မှုရှိပါစေ။ သင့်အနေဖြင့် ခက်ထန်သူနှင့်အာဏာရှင်ဆန်သူတစ်ယောက်အဖြစ်သို့ တိမ်းယိမ်းသွားရန်နှင့် အကြောင်းအရာများတို့ကို မဆင်မခြင်ပြောမိစေနိုင်သည့်အနေအထားသို့ ရောက်ရှိသွားနိုင်၍၊ သင့်ကိုယ်ကိုသတိကြီးစွာဖြင့်ကြပ်မတ်ပါ။ ထာဝရဘုရားကသင့်အား စုံစမ်းနှောင့်ယှက်ခြင်းအတွင်းသို့ ဝင်ရောက်မိသွားမည်ကို စိုးရိမ်စရာရှိ၍၊ ဆုတောင်းလျက်စောင့်နေရန်ဆိုသည့်စကားကို မိန့်တော်မူပါသည်။ ကြမ်းတမ်းစွာထုတ်ဖော်ပြောဆိုခြင်းတို့သည် ထာဝရဘုရားအား ဝမ်းနည်းပက်လက်ဖြစ်တော်မူစေပြီး၊ ဉာဏ်အမြော်အမြင်မရှိသောစကားလုံးများတို့သည် ထိခိုက်နစ်နာမှုရှိစေပါသည်။ သင်၏မိန့်ခွန်းပြောကြားမှုတွင် သိမ်မွေ့မှုရှိပြီး၊ သင်၏နှုတ်ထွက်စကားလုံးများတို့ကို သေချာစွာဖြင့်ဂရုထားကာ၊ သင်၏ဟောကြားပို့ချမှုများတို့အတွင်း၊ သို့မဟုတ် ဟန်ပန်အမူအရာတို့အတွင်းသို့ မည်သည့်ကြမ်းတမ်းမှုများကိုမျှမပါရှိစေရန်အတွက် သင့်အားပြောကြားပေးရန် အကျွန်ုပ်သည် တာဝန်ပေးအပ်ခြင်းခံရပါသည်။ သင်၏လုပ်ဆောင်မှုနှင့်ပြောဆိုမှုအားလုံးတို့အတွင်းသို့ သခင်ခရစ်တော်နှင့်အလားတူမှု၏ရနံ့ကို ထည့်သွင်းထားပါ။ မည်သည့်အကျင့်စရိုက်၏ပင်ကိုသဘာဝဉာဉ်လက္ခဏာတို့ကိုမျှ သင်၏အလုပ်ကိုထိခိုက်အနာတရဖြစ်စေပြီး မဖျက်ဆီးပါစေနှင့်။ စုံစမ်းနှောင့်ယှက်ခံရသူတို့ကို သင့်အနေဖြင့်ကူညီပြီး ခိုင်ခံ့မြဲမြံနေပါစေ။ မဆင်မခြင်နှုတ်ထွက်စကားလုံးများအတွင်း မည်သည့်အတ္တကိုယ်ကျိုးမျှ မပေါ်ပေါက်ပါစေနှင့်။ သခင်ခရစ်တော်သည် သူ၏သိုးတော်စုနှင့် သင်က လုပ်ဆောင်ပေးနေသော အားလုံးသောသူတို့အတွက် သူ၏အသက်ကိုပေးအပ်တော်မူပါသည်။ သင်၏မည်သည့်နှုတ်ထွက်စကားလုံးကမျှ တည်ငြိမ်နေသည့်အသက်ဝိညာဉ်တို့အား မှားယွင်းသောဦးတည်ရပ်ဆီသို့ မကျရောက်ပါစေနှင့်။ သခင်ခရစ်တော်၏အမှုတော်ဆောင်အတွင်းတွင် သခင်ခရစ်တော်နှင့်အလားတူ ထပ်တူထပ်မျှဖြစ်သောအကျင့်စရိုက်ကို ထင်ထင်ရှားရှားရှိစေရပါမည်။



ဆင်ခြင်မှုမရှိသည့်အပြင် အပေါ်စီးဆန်သောထုတ်ဖော်ပြောဆိုမှုတို့သည် သခင်ခရစ်တော်က သူ၏အမှုတော်ဆောင်တို့ကိုလုပ်ဆောင်ကြရန် ပေးအပ်တော်မူသည့်၊ အထွတ်အမြတ်ဖြစ်သောအမှုတော်လုပ်ငန်းနှင့် လိုက်လျောညီထွေမှုမရှိပါ။ နေ့စဉ်အတွေ့အကြုံသည် သခင်ယေရှုအားစေ့စေ့ထောက်ရှုပြီး သူ၏ထံတော်မှသင်ကြားရယူမှုအနေအထားသို့ ရောက်ရှိလာသောအခါ၊ သင်သည် သင့်မြတ်လျော်ကန်မှုရှိပြီး၊ သဟဇာတဖြစ်သောအကျင့်စရိုက်မျိုးကို သင့်အနေဖြင့် ထင်ရှားစေလိမ့်မည်ဖြစ်သည်။ သင်၏ကိုယ်စားပြုမှုများတို့ကို ညှံ့ဖျင်းစေပြီး၊ ဝေဖန်ရှုတ်ချစရာဖြစ်သောစကားလုံးမျိုးတို့ကို မပြောဆိုမိပါစေနှင့်။ ကြီးမြတ်တော်မူသော သင်ဆရာကြီးထံတော်မှသင်ကြားရယူပါ။ ကြင်နာသော၊ ထို့အပြင် စာနာထောက်ထားသောစကားလုံးများတို့သည် ဆေးဝါးအမျိုးစားကဲ့သို့ ကောင်းမြတ်သောအလုပ်ကို လုပ်ဆောင်ပေးမည်ဖြစ်ကာ၊ စိတ်ပျက်လက်ပျက်ဖြစ်နေကြသည့် အသက်ဝိညာဉ်များတို့ကို ကုစားပေးမည်ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ဆိုင်ရာ အသိဉာဏ်ဗဟုသုတသည် လက်တွေ့ကျသည့်အသက်တာတွင်းသို့ ဝင်ရောက်သွားပါက၊ ထိုအသက်တာသည် ကုသမှုတစ်ရပ်နှင့် ဖြေသိမ့်နိုင်စွမ်းသောတန်ခိုးကို ရရှိမည်ဖြစ်ပါသည်။ ကြမ်းတမ်းခက်ထန်မှုရှိသောမိန့်ခွန်းသည် သင်၏ကိုယ်၌က၊ သို့တည်းမဟုတ် အခြားသောတစ်စုံတစ်ရာသောအသက်ဝိညာဉ်ကို မည်သည့်အခါမျှကောင်းချီးမင်္ဂလာသက်ရောက်စေမည်မဟုတ်ပါ။

ကျွန်ုပ်၏ညီအစ်ကိုတော်ခင်ဗျား၊ သင်သည် သခင်ခရစ်တော်၏သိမ်မွေ့တော်မူခြင်း၊ စိတ်ရှည်သည်းခံတော်မူခြင်းနှင့်ကောင်းမြတ်တော်မူခြင်းတို့ကို ကိုယ်စားပြုသူတစ်ယောက်အဖြစ်ရှိရပါမည်။ အများပြည်သူတို့၏ရှေ့မှောက်၌ သင်၏ပြောဆိုချက်များတွင် သင်၏ကိုယ်စားပြုခြင်းများတို့သည် သခင်ခရစ်တော်၏မိန့်မှာတော်မူချက်အတိုင်း ဖြစ်နေပါလေစေ။ (ယာကုပ် ၃း၁၇) တွင် ရှင်ယာကုပ်က၊ "အထက်မှသက်ရောက်သောပညာမူကား၊ ရှေးဦးစွာစင်ကြယ်၏။ ထိုမှတစ်ပါး၊ အသင့်အတင့်နေတတ်၏။ ဖြည်းညင်းသောသဘောရှိ၏။ သွေးဆောင်လွယ်၏။ ကရုဏာနှင့်လည်းကောင်း၊ ကောင်းကျိုးနှင့်လည်းကောင်း ပြည့်စုံ၏။ လျစ်လျူသောစိတ်ရှိ၏။ လျှို့ဝှက်ခြင်းနှင့်ကင်းစင်၏" ဟူ၍ဩဝါဒပေးထားပါသည်။ ဆုတောင်းလျက်စောင့်နေပြီး၊ တစ်ခါတစ်ရံတွင် သင်၏ထံမှဖေါက်ထွက်လာသည့် ခက်ထန်ကြမ်းတမ်းမှုကို ချိုးနှိမ်ထားပါ။ သင်၌တည်ရှိနေသော သခင်ခရစ်တော်၏ကျေးဇူးတော်အားဖြင့် သင်၏

နှုတ်ထွက်စကားတို့သည် မွှန်မြတ်သန့်ရှင်းခြင်းသို့ရောက်ရှိရပါမည်။ အကယ်၍ သင်၏ ညီနောင်သားချင်းတို့သည် သင်ထင်မှတ်ထားသကဲ့သို့ ပြုမူကြခြင်းမရှိပါက၊ သင့်အနေဖြင့် သူတို့အားခက်ထန်ကြမ်းတမ်းသောပုံစံမျိုးဖြင့် ရင်ဆိုင်ခြင်းမပြုပါနှင့်။ သင်၏ ပြင်းထန်သောထုတ်ဖော်ပြောဆိုမှုများအားဖြင့် ထာဝရဘုရားသည် တစ်ခါတစ်ရံတွင် ဝမ်းနည်းပက်လက်ဖြစ်တော်မူပါသည်။

သင်၏အလိုဆန္ဒကို ထာဝရဘုရား၏အလိုတော်အောက်တွင် ကျိုးနွံစေရပါမည်။ သင့်အနေဖြင့် သခင်ဘုရားယေရှုရှင်၏အကူအညီတော်ကို လိုအပ်နေပါသည်။ သင်၏နှုတ်ခမ်းသားများမှနေပြီး သန့်ရှင်းစင်ကြယ်ကာ၊ ရိုသေဖွယ်သောဂုဏ်လက္ခဏာမျိုးရှိသည့် စကားလုံးမျိုးများသာ ထွက်ပေါ်လာစေရန်သာမက ဧဝံဂေလိတရားတော်၏အမှုတော်ဆောင်တစ်ယောက်ဖြစ်သည်အားလျော်စွာ သင်၏စိတ်ဓာတ်နှင့်စံနမူနာအတိုင်း အခြားသောသူတို့က လိုက်လျှောက်ပါလေစေ။ မည်သည့်အချိန်တိုင်းတို့တွင်မဆို၊ ကလေးသူငယ်များတို့၏အပေါ်တွင် သနားကြင်နာခြင်းနှင့်သိမ်မွေ့နူးညံ့ခြင်းစိတ်သဘောကိုထားရှိပါ။ သင်၏အလုပ်ထဲတွင် ကိုယ်ကျိုးအတ္တသဘောထားသည် လိမ်ကောက်တိုးဝင်ခြင်းရှိမည်မဟုတ်ဟု စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် ဆုံးဖြတ်မည်ဆိုလျှင် သင့်အနေဖြင့် ဘုရားသခင်၏စံနှုန်းစံထားမျိုးအတိုင်း ရောက်ရှိအောင်လုပ်ဆောင်ရပါမည်။ သခင်ခရစ်တော်နှင့်အလားတူ ထပ်တူကျရေးအတွက်၊ စိတ်ဓာတ်ပိုင်းရာ အလုပ်များတို့အားဖြင့် ကြိုးပမ်းနေခြင်းသည် သင့်အား ခွန်အား၊ နှစ်သိမ့်ခြင်းနှင့်ရဲစွမ်းသတ္တိတို့ကို ရရှိစေလိမ့်မည်ဆိုခြင်းကို သင်သိရှိထားရပါမည်။ နူးညံ့သိမ်မွေ့ပြီး၊ စိတ်နှလုံးထဲတွင် နှိမ့်ချခြင်းအနေအထားသို့ရောက်ရှိလာခြင်းသည် သင့်အတွက်အခွင့်ထူးပင်ဖြစ်ကာ သင်၏ပြန်လည်နိုးကြားခြင်းကြိုးပမ်းအားထုတ်မှုတွင် ဘုရားသခင်၏ကောင်းကင်တမန်များတို့သည် သင်နှင့်အတူပူးပေါင်းဆောင်ရွက်ကြပါလိမ့်မည်။ သခင်ခရစ်တော်အသေခံတော်မူခြင်းသည် သင့်အတွင်း၌ရော၊ သူ့အား သူတို့၏စံပြနမူနာအဖြစ် ထားရှိလက်ခံကြသောသူအားလုံးတို့အတွင်း၌ သူ၏အသက်တာတော်ကို ရှင်သန်တော်မူစေရန်အတွက် ဖြစ်ပါသည်။ သင်၏ကယ်ချွတ်ရှင်၏ခွန်အားတော်အတွင်း၌ သခင်ခရစ်တော်၏ အကျင့်စရိုက်တော်ကို သင့်အနေဖြင့် ထင်ရှားစေနိုင်မည်ဖြစ်ပြီး၊ ဉာဏ်ပညာနှင့်စွမ်းအားတို့အားဖြင့် သင်သည် လိမ်လည်မှုနှင့်ကလိမ်ကကျစ်ကျမှုတို့ဖြင့်သာ ကျင်လည်နေသည့်နေရာအရပ်များတို့ကို ရိုးသားဖြောင့်မတ်ခြင်းရှိသောနေရာများအဖြစ်သို့ ရောက်ရှိသွားအောင်လုပ်ဆောင်နိုင်ပါလိမ့်မည်။



## လက်တွေ့အသုံးကျသောအကြံပြုချက်များ

**ထုံးစံအတိုင်းဟောပြောပို့ချချက်များ –** အချို့သောအမှုတော်ဆောင်များတို့သည် သူတို့၏ဟောပြောပို့ချချက်များတို့ကို ကြိုတင်ပြင်ဆင်ထားမှုတွင် အသေးစိတ်စီစဉ်ထားမှုတိုင်းတို့၌ သူတို့၏စိတ်အတွေးတို့ကို ဦးဆောင်တော်မူစေရန်အတွက် ဘုရားသခင်အားနေရာပေးထားကြခြင်းမရှိသည့် ဤကဲ့သို့သောတိကျသေချာမှုမျိုးဖြင့်သာ စီစဉ်ရေးဆွဲထားကြပါသည်။ အချက်အလက်တိုင်းတို့သည် ပုံစံချထားပြီးသားဖြစ်ပြီး၊ ပုံသေကားကျဖြင့်လုပ်ဆောင်ထားကာ အထင်မှားသာဖြစ်သောအကြောင်းခြင်းရာများတို့ဖြင့်သာပါရှိသဖြင့် သူတို့အနေဖြင့် လျာထားစည်းသားထားသည့် စီစဉ်ထားမှုမှလွဲရှောင်ကွာသွားနိုင်ခြင်းမရှိကြပါ။ ဤလုပ်ရပ်သည် စိုးရိမ်စရာအမှားမျိုးဖြစ်ပြီး၊ အကယ်၍ ဤအမှားနောက်သို့လိုက်သွားမိပါက ထိုအမှားသည် အမှုတော်ဆောင်တို့ကို သဘောထားသေးသိမ်သည့်သူများအဖြစ်သို့ ရောက်ရှိသွားစေပြီး၊ ဝိညာဉ်နှင့်ပတ်သက်သည့် အသက်တာနှင့်စွမ်းအင်များတို့နှင့်ပတ်သက်သော ခိုကိုးရာမဲ့များအဖြစ်ဖြင့် ချန်ထားရစ်ခဲ့မည်ဖြစ်သည် အလျောက် နှင်းစက်၊ နှင်းပေါက်နှင့်မိုးစက်မိုးပေါက်တို့၏ဂိလဗောတောင် (၁ရာ ၃၁း၁) ကုန်းများကဲ့သို့ သူတို့ကိုချန်ထားရစ်မည်ဖြစ်ပါသည်။

အမှုတော်ဆောင်တစ်ယောက်သည် သူ့အနေဖြင့် ပုံသေကားကျဟောပြောချက်တစ်ခုမှပြောင်းပြီး ဟောပြော၍မဖြစ်နိုင်ဟူ၍ ခံစားမိသောအခါ၊ ဖြစ်ပေါ်လာသည့်အကျိုးသက်ရောက်မှုသည် တရားဟောချက်တစ်ခုကိုဖတ်ပြခြင်းအားဖြင့် ထွက်ပေါ်လာသည့်အကျိုးဖြစ်ထွန်းမှုထက် အနည်းငယ်ခန့်ပိုမိုကောင်းမွန်ပါသည်။ ထိန်းချုပ်မှုအနေဖြင့် ထုံးစံအတိုင်းဟောပြောပို့ချက်များတို့သည် သူတို့ထံတွင်ရှိနေခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏အားဖြည့်သန်စွမ်းစေသည့်တန်ခိုးကိုနည်းပါးစေပြီး ထိုကဲ့သို့သောဟောပြောပို့ချမှုမျိုးကို ဟောပြောသည့်အမှုအကျင့်သည် အမှုတော်ဆောင်တစ်ယောက်၏အသုံးဝင်မှုနှင့်စွမ်းရည်တို့ကို ထိထိရောက်ရောက်ဖျက်ဆီးပေလိမ့်မည်။

ဘုရားသခင်သည် သူ၏လုပ်သားများတို့ကို သူ၏အပေါ်တွင် လုံးလုံးလျားလျားမှီခိုအားထားစေလိုတော်မူပါသည်။ ထိုလုပ်သားများတို့အနေဖြင့် ထာဝရဘုရားမိန့်တော်မူသည်ကား ဆိုသည့်စကားနှင့်၊ လူများတို့အတွက် ကိုယ်တော်ရှင်၏မိန့်တော်မူချက်သည် မည်သည့်အရာနည်းဆိုသည့်အမေးစကားများတို့ကို နားထောင်ရကြမည်ဖြစ်ပါသည်။ သူတို့၏စိတ်နှလုံးများတို့သည် ဖွင့်ထားလျက်ရှိရကြမည်ဖြစ်ပြီး၊ ဤသို့အားဖြင့်

သာလျှင် ဘုရားသခင်သည် သူတို့၏စိတ်အတွေးတို့ကို စွဲမြဲထင်ကျန်ရစ်မှုရှိစေတော်မူမည်ဖြစ်ကာ၊ ထို့နောက်တွင် သူတို့သည် လူတို့အားသမ္မာတရားကို ကောင်းကင်ဘုံမှလောလောလတ်လတ်ရယူပေးကမ်းနိုင်ကြမည်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် လက်ရှိလူတို့၏လိုအပ်ချက်များတို့ကို ဖြည့်ဆည်းပေးရေးအတွက် သူတို့အား သန့်ရှင်းသောဝိညာဉ်တော်သည် နေသားတကျရှိနေကြသည့် စံနှုန်းစံထားတို့ကိုပေးတော်မူမည်ဖြစ်သည်။

**ကြည်ညိုမြတ်နိုးခြင်း –** အချို့သောအမှုတော်ဆောင်များတို့သည် သခင်ခရစ်တော်၏ အသက်တာနှင့်သင်ကြားပို့ချတော်မူချက်များတို့ကို သာမန်မျှသော ဆောင်ရွက်ချက်သဘောမျိုးဖြင့်သာ ပြောပြပေးကြသည့်အပြင်၊ ကမ္ဘာပေါ်ရှိကြီးကျယ်သောလူ၏အသက်တာတွင် ဖြစ်ပျက်ခဲ့သည့်ဖြစ်ရပ်များတို့ကို ပြန်လည်ပြောပြပေးသကဲ့သို့ဖြစ်နေပါသည်။ ၎င်းကိစ္စသည် အမှုတော်ဆောင်များတို့အတွက် လုပ်နေကျထုံးစံမဟုတ်သော သခင်ခရစ်တော်ကို သူတို့ကဲ့သို့သာမန်လူသားတစ်ယောက်အဖြစ်မျိုးဖြင့်သာ သဘောထားပြီးပြောဆိုနေကြပါသည်။

အထွတ်အမြတ်ဖြစ်သော ဤအကြောင်းအရာကို ဤကဲ့သို့သောပုံစံမျိုးဖြင့် လုပ်ဆောင်ကြသည်ကို ကျွန်ုပ်ကြားသိရသောအခါ ကျွန်ုပ်အနေဖြင့် ဖော်ပြနိုင်စွမ်းမရှိသော၊ ပူဆွေးသောကမျိုးဖြင့်ခံစားနေရပြီး၊ ဤသူများတို့သည် သမ္မာတရားအကြောင်းကို သင်ကြားပို့ချပေးကြသည့်ဆရာများဖြစ်နေကြသည့်တိုင် သူတို့သည် သခင်ခရစ်တော်၏ ချီးမြှောက်ခြင်းခံတော်မူရသည့် ရှုမြင်မှုမျိုးများတို့ကို မည်သည့်အခါမျှမရရှိကြသည့်အပြင် သူတို့သည် သခင်ခရစ်တော်နှင့်မည်သည့်အခါမျှ သိကျွမ်းခြင်းအနေအထားသို့ မရောက်ရှိကြပါ။ သူတို့သည် ကမ္ဘာမြေကြီး၏ကယ်ချွတ်ရှင်၏အကျင့်စရိုက်တော်နှင့် ပတ်သက်လျှင် ရှင်းလင်းလှသည့်စိတ်ကူးစိတ်သန်းမျိုးကို သူတို့အားပေးအပ်မည့် တွေးခေါ်နိုင်စွမ်းမြင့်မားသည့်အနေအထားမျိုးကို မရရှိကြပါ။

သခင်ခရစ်တော်၏အကျင့်စရိုက်တော်နှင့် ဆောင်ရွက်တော်မူခြင်းအပေါ်၊ မှန်ကန်သည့်ရှုမြင်သုံးသပ်ချက်မျိုးရှိကြသောသူတို့သည် မည်သည့်အခါမျှ မိမိဘာသာဖူလုံစေသော၊ သို့မဟုတ် မိမိကိုယ်ကိုမိမိချီးမြှောက်သောအနေအထားဆီသို့ ရောက်ရှိသွားမည်မဟုတ်ပါ။ ဘုရားသခင်၏သားသမီးတော်များတို့နှင့်နှိုင်းယှဉ်ပါက၊ ထိုသူတို့၏ကိုယ်ပိုင်ကြိုးပမ်းအားထုတ်မှုများတို့၏အားနည်းချက်နှင့် ထိရောက်မှုနည်းပါးခြင်းတို့သည် သူတို့အားနှိမ့်ချခြင်းစိတ်ရှိစေပြီး၊ ကိုယ်ကိုကိုယ်မယုံကြည်မှုကိုဖြစ်စေကာ သူတို့အား သူတို့၏အလုပ်တို့ကို လုပ်ကိုင်နိုင်ကြရေးအတွက် ခွန်အားရရှိနိုင်ကြရန် သခင်ခရစ်တော်





အပေါ် မှီခိုအားကိုးစေသည့်အနေအထားဆီသို့ ဦးတည်သွားစေပါလိမ့်မည်။ ပုံမှန်လုပ်နေကျဖြစ်သည့် သခင်ခရစ်တော်နှင့်သူ၏လုံလောက်သောအရည်အသွေးတော်များတို့တွင် တည်မှီနေကြပါက၊ သူတို့သည် ယုံကြည်ခြင်းတိုးပွားလာပြီး ဝိညာဉ်ရေးဆိုင်ရာ ပိုင်းခြားသိမြင်နိုင်မှု၏စွမ်းအားအရှိန်မြင့်မားလာကြကာ၊ သခင်ခရစ်တော်နှင့်အလားတူလိုသည့်ဆန္ဒတို့သည် အားကောင်းလာလျက်၊ အစွမ်းထက်သောဆုတောင်းခြင်းမျိုးဖြစ်ရန် စိတ်အားထက်သန်မှုရှိသော ဆုတောင်းခြင်းကိုဖော်ဆောင်ပေးပါသည်။

**ဆီလျော်မှုမရှိသောပုံတိုပတ်စများ –** အမှုတော်ဆောင်များတို့သည် ဆီလျော်မှုမရှိသောပုံတိုပတ်စတို့ကို သူတို့၏တရားဟောချက်များတို့နှင့် ချိတ်ဆက်ပြီးပြောဆိုမှုတို့ကို မလုပ်ဆောင်သင့်ကြပါ။ ဤလုပ်ဆောင်မှုကြောင့် သူတို့သည် သူတို့ပေးကမ်းဖော်ပြထားပြီးသော သမ္မာတရား၏ခွန်အားမှ ယုတ်လျော့သွားကြမည်ဖြစ်သည်။ နာကြားသူတို့၏စိတ်အတွေးများတို့တွင် ရယ်စရာ၊ သို့မဟုတ် ပေါ့ပျက်ပျက်တွေးခေါ်စဉ်းစားမှုတို့ကိုပေါ်ပေါက်စေသည့် ပုံတိုပတ်စများ၊ သို့မဟုတ် ဖြစ်ရပ်များတို့နှင့်ဆက်စပ်မှုရှိခြင်းသည် ဆိုးရွားပြင်းထန်စွာဖြင့် ဝေဖန်အပြစ်တင်စရာဖြစ်စေသောလုပ်ရပ်ဖြစ်ပါသည်။ သမ္မာတရားသည် သူ့မယားကိုပြစ်မှားခြင်းအမှုကိုရှောင်ကြဉ်သော သိက္ခာရှိသောဘာသာစကားဝတ်ရုံမျိုးတို့ဖြင့် လွှမ်းခြုံထားခြင်းခံရသင့်ပြီး တူညီသောအကျင့်စရိုက်တစ်ခုခုကသာလျှင် သာဓကများအဖြစ်ဖြင့်ရှိသင့်ပါသည်။

**စိတ်ပါလက်ပါမရှိခြင်းကိုမည်ကဲ့သို့ကျော်လွှားမည်နည်း –** မကြာခဏတွင်ပင် အမှုတော်ဆောင်တစ်ယောက်အနေဖြင့် လူပြည့်ကျပ်နေပြီး၊ အပူချိန်လွန်ကဲသည့်အခန်းတစ်ခုထဲတွင် မလွဲသာမရှောင်သာ၊ မဖြစ်မနေဟောပြောနေရတတ်ပါသည်။ ဤတွင် နားထောင်ကြသောသူတို့သည် အိပ်ချင်မူးတူးဖြစ်လာကြပြီး၊ သူတို့၏အာရုံစိုက်နိုင်မှုတို့သည်လည်း ထုံထိုင်းလာကြကာ၊ သူတို့သည် သူတို့အားပေးကမ်းနေသည့် သမ္မာတရားများတို့ကို ဖမ်းယူဆုပ်ကိုင်နိုင်ကြရန်အတွက် ဖြစ်နိုင်ခြေအနေအထားမရှိလုနီးပါးဖြစ်သွားကြပါသည်။

သူတို့အားဟောပြောမည့်အစား၊ အကယ်၍ ဟောပြောသူသည် သူတို့အား နှုတ်ပြောစကား၊ အသံနေအသံထားဖြင့်ပြောကြားပြီး သူတို့အားမေးခွန်းများကိုမေးမြန်းပေးခြင်းပြုလုပ်ပါက၊ သူတို့၏စိတ်အတွေးများတို့သည် လှုပ်ရှားတက်ကြွသည့်အနေအထားဆီသို့ နိုးကြားထကြွမည်ဖြစ်ကြကာ၊ သူတို့အားပြောကြားပေးသည့် နှုတ်ကပတ်တော်တို့ကို ပိုမိုရှင်းလင်းစွာဖြင့်နားလည်သဘောပေါက်နိုင်စွမ်းရှိကြပေမည်။

**သေးငယ်သည့်တရားနာပရိသတ်အစုအဝေးများ –** ဟောပြောပို့ချချက်ဝေငှသောအခမ်းအနားတစ်ခုတွင် တက်ရောက်နားထောင်ကြသောသူအရေအတွက် အလွန်နည်းပါးခြင်းကြောင့် စိတ်ဓာတ်ကျခြင်းမဖြစ်ပါနှင့်။ လာရောက်နာကြားသူနှစ်ယောက်၊ သို့မဟုတ်သုံးယောက်သာ သင်၏ဟောပြောပို့ချချက်ကို တက်ရောက်လာသည့်တိုင်၊ ထိုသုံးယောက်ထဲမှ တစ်ယောက်ကို ထာဝရဘုရား၏သန့်ရှင်းသောဝိညာဉ်တော်က ကြိုးပမ်းဆွဲဆောင်ခြင်းမရှိဟု မည်သူကသိရှိနိုင်မည်နည်း။ ထိုအသက်ဝိညာဉ်တစ်ခုအကြောင်းနှင့်ပတ်သက်ပြီး၊ ထာဝရဘုရားက သင့်အားသတင်းစကားတစ်ခုကို ပေးကမ်းတော်မူမည်ဖြစ်ပြီး အကယ်၍သာ ထိုသူသည် ပြောင်းလဲခြင်းရှိလာပါက၊ ထိုသူသည် သူ၏ပြောင်းလဲခြင်းကို အခြားသောသူတို့ဆီသို့ရောက်ရှိသွားစေသည့်အမှုအရာအဖြစ်ဖြင့် ရှိလာပါလိမ့်မည်။ သင်၏လုပ်ဆောင်မှု၏ရလဒ်သည် အဆတစ်ထောင်အထိသို့ တိုးပွားလာမည်ဆိုခြင်းကို အားလုံးသောသူတို့က သိရှိကြခြင်းမရှိပါ။

လူမရှိသည့်ထိုင်ခုံအလွတ်များတို့ကိုကြည့်ပြီး၊ သင်၏ယုံကြည်ခြင်းနှင့်သတ္တိတို့ကို နစ်မြုပ်မသွားပါစေနှင့်။ ထို့အပြင် ကမ္ဘာမြေလောက၏ရှေ့မှောက်ဆီသို့ ဘုရားသခင်သည် သူ၏သမ္မာတရားတော်ကို ဆောင်ယူပေးတော်မူရန်အတွက် မည်သို့လုပ်ဆောင်နေတော်မူသည်ကို စဉ်းစားတွေးတောကြည့်ပါ။ သင်သည် ဘုန်းတော်ရှင်၏မည်သည့်အခါမျှကျရှုံးခြင်းမရှိနိုင်သည့် ကိုယ်စားလှယ်လုပ်ငန်းတို့နှင့် ပူးပေါင်းဆောင်ရွက်ရသည်ဆိုခြင်းကို သတိတရရှိပါ။ သင်၏ဟောပြောသံကို လူထောင်သောင်းနှင့်ချီပြီးတက်ရောက်နားထောင်နေကြသည့်ပုံစံမျိုးဖြင့် အတတ်နိုင်ဆုံးသောစိတ်အားထက်သန်မှု၊ ယုံကြည်ချက်နှင့်စိတ်ပါဝင်စားမှုတို့ဖြင့်ဟောပြောပါ။

အမှုတော်ဆောင်တစ်ယောက်သည် တရားဟောကြားရန်အတွက် မိုးရွာနေသောတစ်နံနက်တွင် သူ၏ဘုရားကျောင်းသို့သွားရောက်ခဲ့ရာတွင် ပရိသတ်အဖြစ်ဖြင့်လူတစ်ယောက်သာတွေ့မြင်ခဲ့ရပါသည်။ သို့ရာတွင် သူသည် သူ၏နာကြားသူကိုစိတ်ဓာတ်ကျစေခြင်းမရှိဘဲ ထိုသူအား စိတ်အားထက်သန်စွာနှင့် စိတ်ပါဝင်စားစွာဖြင့်တရားဒေသနာကိုဟောကြားပေးခဲ့ပါသည်။ ထိုလုပ်ရပ်အတွက် ထိုလူသည် ပြောင်းလဲခြင်းသို့ရောက်သွားခဲ့ပြီးနောက် သာသနာပြုဆရာတစ်ယောက်ဖြစ်လာကာ၊ ထိုသူ၏ကြိုးပမ်းအားထုတ်မှုအားဖြင့် ထောင်ပေါင်းများစွာသောသူတို့သည် ကယ်တင်ခြင်းအကြောင်းသတင်းကောင်းကို ကြားသိခဲ့ရကြပါသည်။



**တိုတုတ်သောတရားဟောချက်များ –** ယခုအချိန်ကာလအတွက် သတင်းစကားကို ရှည်ရှည်လျားလျားနှင့် ခက်ခဲသည့်ဟောပြောပို့ချချက်များမျိုးတို့ဖြင့်မဟုတ်သော သတင်းစကားကို ဝေငှပြောကြားပေးရမည်ဖြစ်ပြီး၊ တိုတိုတုတ်တုတ်နှင့်လိုရင်းကိုထိရောက်မှုရှိစေရပါမည်။ ရှည်လျားလှသည့်တရားဟောချက်များတို့သည် ဟောကြားသူ၏အားအင်နှင့် သူ၏ဟောပြောချက်ကိုနာကြားကြသည့် သူတို့၏သည်းခံနိုင်စွမ်းကို ကုန်ခန်းသွားစေပါသည်။ အကယ်၍ဟောပြောသူသည် သူ၏သတင်းစကားမှာ အရေးကြီးသည့်သတင်းစကားအဖြစ် ခံစားနေရပါက၊ သူ့အနေဖြင့် သူ၏ကာယစွမ်းအားများတို့ ပိုမိုကုန်ခန်းသွားစေခြင်းမရှိရေးအတွက် အထူးသတိထားရန်လိုအပ်ပြီး၊ လူများတို့အားသူတို့မှတ်သားမိနိုင်မည့်အတိုင်းအတာထက် ပိုမို၍ထိုသတင်းစကားကိုပေးကမ်းရပါမည်။

သင့်အနေဖြင့် ဟောပြောသည့်အကြောင်းအရာကို အခြားအကြောင်းအရာတစ်ခုသို့ပြောင်းပြီး ဟောပြောလိုက်ပါက သင်၏ဟောပြောချက်ကို နာကြားကြသူတို့သည် သင်အလျင်ဦးဆုံးဟောပြောထားခဲ့သည့် အကြောင်းအရာအားလုံးတို့ကို သူတို့၏စိတ်အတွေးများအတွင်း၌ ရယူထားနိုင်လိမ့်မည်ဟု ထင်မှတ်ခြင်းမရှိပါနှင့်။ အချက်အလက်တစ်ခုမှ နောက်အချက်အလက်တစ်ခုဆီသို့ ရုတ်ခြည်းကျော်လွှားပြောင်းလဲပစ်လိုက်ပါက အန္တရာယ်ရှိလှပါသည်။ ပြတ်သားပြီး၊ လွယ်ကူရိုးရှင်းကာ တိုတုတ်သည့်သင်ခန်းစာမျိုးတို့ကိုပေးရာတွင် ထိုသင်ခန်းစာတို့ကို မကြာခဏဖြင့်ပြန်လည်ပြောကြားပေးပါ။ တိုတုတ်သောတရားဟောချက်များတို့ကို ရှည်လျားသောတရားဟောချက်များတို့ထက် ပိုမို၍ကြာရှည်စွာဖြင့် မှတ်မိနိုင်ပါသည်။ ကျွန်ုပ်တို့၏တရားဟောဆရာများအနေဖြင့် သူတို့ဟောကြားပေးသောအကြောင်းအရာများတို့သည် အချို့သောသူတို့၏နာကြားသူများတို့အတွက် အသစ်သောအကြောင်းအရာမျိုးဖြစ်ရမည်ဆိုခြင်းကို သတိတရရှိရမည်ဖြစ်ပြီး၊ ဤသို့ဖြင့် အခြေခံကျသောအချက်အလက်များတို့ကို တစ်ကြိမ်ပြီးတစ်ကြိမ်အပြောင်းအလဲလုပ်ဆောင်ပေးသကဲ့သို့ရှိပါသည်။

**လိုရင်းဆီသို့တန်းတန်းမတ်မတ် –** များစွာသောတရားဟောဆရာများတို့သည် ရှည်လျားသောအစပျိုးပြောကြားမှုများနှင့် ဆင်ခြေဆင်လက်များတို့အတွက် သူတို့၏အချိန်နှင့်ခွန်အားတို့ကို ဖြုန်းတီးပစ်ကြပါသည်။ အချို့တို့သည် တောင်းပန်စကားများတို့အတွက် နာရီဝက်နီးပါးမျှ အချိန်ကိုအသုံးပြုကြပြီး၊ ဤသို့အားဖြင့် အချိန်သည်အလဟဿဖြစ်သွားကာ သူတို့ဟောပြောချက်တို့ကို နာကြားကြသည့်သူတို့၏စိတ်အတွေးများအတွင်းသို့ သမ္မာတရား၏အဓိကအချက်အလက်တို့ကို ခိုင်မြဲစေရေး

အတွက် ကြိုးစားကြရာတွင် သူတို့ဟောပြောကြမည့်အကြောင်းခြင်းရာအပိုင်းသို့ ရောက်ရှိလာသည်နှင့် လူတို့သည် သည်းခံနိုင်မှုကုန်ဆုံးသွားကြကာ သူတို့၏အင်အားတို့ကို မြင်နိုင်ကြခြင်းမရှိကြတော့ပါ။

သူသည် လူတို့အားမိန့်ခွန်းပြောကြားရန်ရှိသည်အလျောက် တောင်းပန်စကားပြောကြားမည့်အစား၊ အမှုတော်ဆောင်သည် ဘုရားသခင်ထံတော်မှသတင်းစကားတစ်ရပ်ကို သယ်ပိုးဝေငှပေးခြင်းဖြစ်သည်ကို သိရှိထားသည့်အနေမျိုးဖြင့် စတင်ဟောပြောသင့်ပါသည်။ သူ့အနေဖြင့် သမ္မာတရား၏မရှိမဖြစ်လိုအပ်သော အဓိကကျသည့်အချက်များတို့ကို မိုင်တိုင်များတို့ကဲ့သို့ ထင်ရှားပြတ်သားအောင် လုပ်ဆောင်သင့်သည်အလျောက်၊ ထိုသို့အားဖြင့်သာလျှင် လူတို့သည် ထိုသမ္မာတရား၏အဓိကကျသည့်အချက်များတို့ကို မြင်တွေ့နိုင်ကြမည်ဖြစ်သည်။

အမှန်တကယ်အရေးမကြီးသောအချက်အလက်များတို့ကို ရှင်းလင်းပြောပြခြင်းဖြင့် အချိန်သည် မကြာမကြာဆုံးရှုံးသွားသည့်အပြင်၊ သက်သေသက်ကန်များပါရှိခြင်းမရှိဘဲ မှန်သည်ဟုယူဆစေနိုင်သည့်အချက်အလက်မျိုးတို့ကို ရှင်းပြခြင်းဖြင့်လည်း အချိန်ကိုအလဟဿဆုံးရှုံးသွားစေပါသည်။ သို့သော်လည်း အရေးကြီးလှသည့်အချက်အလက်များတို့သည် ရှင်းလင်းပြတ်သားမှုရှိရမည့်အပြင်၊ ဘာသာစကားအသုံးအနှုန်းကဲ့သို့ ထိရောက်မှုရှိခြင်းဖြင့် ထိုအရေးကြီးလှသည့်အချက်အလက်များတို့ကို သက်သေသက်ကန်သည် ဖန်တီးပေးနိုင်ပါသည်။

**အာရုံစူးစိုက်နိုင်စွမ်း** – အချို့တို့သည် ကြီးမားလှသည့်အာရုံစူးစိုက်မှုဆိုင်ရာအကျင့်ဓလေ့ကို ပြုစုပျိုးထောင်ကြပါသည်။ အခြားသောသူများအားလုံးတို့၏ထည့်သွင်းစဉ်းစားခံရခြင်းမရှိသည့် အကြောင်းခြင်းရာတစ်ခုအပေါ်၊ စိတ်အတွေးကိုချမှတ်စေသည့်စွမ်းအားမျိုးသည် အကန့်အသတ်ရှိသည့်အတိုင်းအတာတစ်ခုအထိ ကောင်းမွန်ပါသော်လည်း စိတ်အတွေး၏ခွန်အားတစ်ခုလုံးကို တွေးခေါ်မှုတစ်ခုတည်းအတွင်းတွင် ထားရှိကြသောသူတို့သည် အခြားသောအချက်အလက်များတို့တွင် မကြာခဏပင် အာရုံစိုက်မှုချို့တဲ့တတ်ကြပါသည်။ ဤအပြုအမူများအတိုင်း ပြုမူကျင့်ကြံပြောဆိုခြင်းဖြင့် နားထောင်သူတို့အား ငြီးငွေ့ဖွယ်ရာနှင့်မွန်းကျပ်ဖွယ်ရာအနေအထားသို့ ရောက်ရှိသွားစေပါသည်။ သူတို့၏ရေးသားချက်များတို့သည် လွတ်လပ်ပြီးသက်သောင့်သက်သာရှိသည့် ဟန်ပန်မျိုးတို့ဖြင့်ကင်းမဲ့နေပါသည်။ ပြည်သူလူထုအတွင်း သူတို့စကားပြောဆိုကြရာတွင် သူတို့ရှေ့မှောက်တွင်ရှိနေသည့်အကြောင်းခြင်းရာသည် သူတို့၏အာရုံကိုဖမ်းစားနေသည့်



အလျောက်၊ ထိုအကြောင်းခြင်းရာအတွင်းသို့ သူတို့သည် မရပ်မနားတမ်း၊ နက်သည်ထက်နက်ရှိုင်းလှစွာဖြင့် ဦးတည်ဝင်ရောက်သွားမိကြပါတော့သည်။ သူတို့သည် အသိဉာဏ်ဗဟုသုတနှင့်အလင်းကို တွေ့မြင်ရကြသည့်ပုံရှိနေကြသဖြင့် စိတ်ဝင်စားခြင်းခံရကြသည့်အပြင် စိတ်အာရုံတို့ကိုဆွဲဆောင်ထားနိုင်ခဲ့ကြပါသော်လည်း၊ သူတို့နောက်သို့လိုက်လျှောက်ကြသောသူတို့မှာ အနည်းငယ်မျှသာရှိကြပါသည်။

ဤကဲ့သို့သောသူတို့သည် သမ္မာတရား၏မျိုးစေ့ကို မြေကြီးအောက်၊ နက်စွာစိုက်ပျိုးထားမည်ဖြစ်ခြင်းကြောင့် နုနယ်လှသည့်ရွက်နုပေါက်ကလေးသည် မြေမျက်နှာပြင်အပေါ်သို့ မည်သည့်အခါမျှ ထိုးထွက်လာနိုင်မည်မဟုတ်ပါ။ အလွန်ပင်မရှိမဖြစ်လိုအပ်သည့်တိုင် ၎င်းတို့ကိုယ်၌က ရှင်းလင်းပြီး၊ ပြတ်သားမှုရှိလှသည့် သမ္မာတရားတော်များကိုထင်ရှားစေကြရာတွင် ထိုသူတို့သည် သမ္မာတရားတော်တို့ကို တိမ်ထူထပ်ပြီး၊ မရှင်းမလင်းဖြစ်အောင်လုပ်ဆောင်ကြသကဲ့သို့ သူတို့၏နှုတ်ထွက်ပြောစကားများတို့ဖြင့် ဖုံးဖိထားကြမည်ဖြစ်သည်။

**အကြွင်းမဲ့ချစ်သောစိတ်** – ငြင်းခုံဆွေးနွေးခြင်းသည် သူ့နေရာနှင့်သူဆိုလျှင်ကောင်းမွန်လှပါသော်လည်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် ရှင်းလင်းပြောပြပေးခြင်းဖြင့်သာဆိုလျှင် အတိုင်းထက်အလွန် အထမြောက်နိုင်မည်ဖြစ်ပါသည်။ သခင်ခရစ်တော်၏သင်ခန်းစာများတို့သည် သက်သေသာဓကများတို့ဖြင့် ရှင်းလင်းလှစွာပုံခိုင်းထားသည့်အလျောက်၊ အသိဉာဏ်အလွန်နည်းပါးလှသည့်သူကပင်လျှင် အခက်အခဲမရှိဘဲ သဘောပေါက်နားလည်နိုင်စွမ်းရှိကြပါသည်။ သခင်ယေရှုသည် သူ၏ဟောပြောပို့ချတော်မူခြင်းများတို့တွင် ရှည်လျားပြီးခက်ခဲလှသော နှုတ်တော်ထွက်စကားလုံးတို့ကို အသုံးပြုတော်မူခဲ့ခြင်းမရှိပါ။ သူသည် ရိုးရှင်းပြတ်သားသည့်ဘာသာစကားကိုအသုံးပြုခဲ့ပြီး၊ သာမန်လူများတို့၏စိတ်အတွေးများတို့နှင့် လိုက်ဖက်ညီစေတော်မူခဲ့ပါသည်။ သူသည် သူကအသေးစိတ်ရှင်းလင်းမိန့်တော်မူသည့် အကြောင်းခြင်းရာထက်ကျော်လွန်ပြီး အလောတကြီးရှေ့ဆက်ဟောပြောမိန့်တော်မူခဲ့ခြင်းမရှိသည့်အလျောက် ထို့နောက်တွင် လူများတို့သည် သူ၏နောက်တော်သို့လိုက်လျှောက်နိုင်စွမ်းရှိလာခဲ့ကြပါသည်။

အမှုတော်ဆောင်များတို့သည် သမ္မာတရားတော်ကို ရှင်းလင်းပြီးရိုးစင်းသည့်အပြုအမူမျိုးဖြင့် တင်ပြပေးသင့်ကြပါသည်။ သူတို့၏တရားနာကြသူများအတွင်း၊ ပြောင်းလဲခြင်းအမှုတွင် သတ်မှတ်ထားသည့်အဆင့်များတို့နှင့်ပတ်သက်သော ပြတ်သားသည့်ရှင်းလင်းပြောပြခြင်းမျိုးကို လိုအပ်နေကြသောသူအများအပြားရှိနေကြပါသည်။

ဤအချက်နှင့်ပတ်သက်ပြီး မသိနားမလည်ကြသောသူတို့၏ပမာဏသည် ထင်မှတ်ထားသည်ထက် ပိုမိုများပြားလွန်းလှပါသည်။ ကောလိပ်ကျောင်းမှဘွဲ့ရရှိထားကြသောသူများ၊ စကားပြောကောင်းလှသည့်မိန့်ခွန်းပြောသူများ၊ ကျွမ်းကျင်ပိုင်နိုင်မှုရှိလှသည့် တိုင်းပြုပြည်ပြုပုဂ္ဂိုလ်များ၊ မြင့်မားသည့်အနေအထားမျိုးဖြင့် အားကိုးယုံကြည်စိတ်ချခံနေရကြသည့်သူများအတွင်း၌ အခြားသောအကြောင်းကိစ္စများတို့တွင် သူတို့၏စွမ်းအားတို့ကိုအသုံးချကြပြီး၊ အကြီးမားဆုံးသောအရေးပါမှုတို့ကိုမူ လျစ်လျူရှုတတ်ကြပါသည်။ ထိုကဲ့သို့သောသူမျိုးတို့သည် ပရိသတ်ထုအဖြစ်သို့စုဖွဲ့လာကြသောအခါ ဟောပြောသူသည် ဦးနှောက်ကိုအသုံးပြုရသော ဟောပြောပို့ချချက်တစ်ရပ်ကိုဟောပြောရန်အတွက် စွမ်းအားတိုင်းတို့ကိုအသုံးပြုပြီး အားစိုက်ဟောပြောရခြင်းကြောင့် သခင်ခရစ်တော်အကြောင်းကို အသိပေးဟောပြောရန်ပျက်ကွက်သွားပါသည်။ အပြစ်သည် ပညတ်တရားတော်ကိုကျူးလွန်ဖောက်ဖျက်ခြင်းဖြစ်သည်ဆိုခြင်းကို ပြသခြင်းမရှိပါ။ ကယ်တင်ခြင်းစီမံကိန်းအကြောင်းကို ပြတ်ပြတ်သားသားရှင်းပြနေခြင်းမရှိပါ။ သူ၏တရားနာသောသူတို့၏နှလုံးသားများကို တို့ထိနိုင်သည့်အချက်မှာ သူတို့၏လက်လှမ်းမီရာအရပ်မှနေပြီး ရွေးနုတ်တော်မူခြင်းကို သူတို့အတွက်ဆောင်ယူပေးသည့် သခင်ခရစ်တော်အသေခံတော်မူခဲ့ခြင်းအကြောင်းအား ညွှန်ပြပေးရမည့်အချက်ပင်ဖြစ်ပါသည်။

**ပြန်လည်သက်ဝင်နိုးကြားလာခြင်း –** လူသားတို့၏အရေးပါမှုများအားဖြင့် ထာဝရဘုရားက အမှုတော်ကိုဆောင်ရွက်တော်မူရာတွင် အထက်အရပ်မှတန်ခိုးတော်အားဖြင့် လူတို့သည် စေ့ဆော်တိုက်တွန်းခံရသောအခါ၊ စာတန်မာရ်နတ်က "တစ်ယူသန်ဝါဒ" ဟူ၍ ကြွေးကြော်ကြရန်အတွက် သူ၏အထူးတပ်ဖွဲ့ဝင်တို့ကိုဦးဆောင်ရင်း၊ လူတို့ကို တစ်ဖက်စွန်းအနေအထားသို့ရောက်ရှိမသွားကြရေးကိုပါ သတိပေးစေပါသည်။ ဤကြွေးကြော်သံကို သူတို့မည်မျှပင်အော်ဟစ်ကြွေးကြော်ကြပြီး၊ ဒင်္ဂါးအတုမျိုးပေါ်ပေါက်နေသည့်တိုင် ၎င်းဒင်္ဂါးအတုသည် ဒင်္ဂါးအစစ်၏တန်ဖိုးကို နိမ့်ကျသွားစေနိုင်ခြင်းမရှိသည်ကို ကျွန်ုပ်တို့အားလုံးသည် သတိထားရကြပါမည်။ အတုဖြစ်သောပြန်လည်သက်ဝင်နိုးကြားလာခြင်းနှင့် အတုဖြစ်သောပြောင်းလဲခြင်းအမှုတို့ကြောင့် အားလုံးသောပြန်လည်သက်ဝင်နိုးကြားလာခြင်းတို့သည် သံသယစိတ်မျိုးဖြင့် နောက်ဆက်တွဲလိုက်ပါလာသည်ဟူ၍မဆိုလိုပါ။ (လုကာ ၁၅း၂) တွင်ဖော်ပြထားသည့်၊ "ဤသူသည် ဆိုးသောသူတို့ကိုလက်ခံ၍ . ." ဆိုသည့်စကားကိုပြောပြီး၊ ပမာမခန့်လုပ်ခဲ့ကြသော ဖာရိရှဲတို့၏သဘောထား၊ ပြုမူမှုတို့ကို ပြသခြင်းမရှိဘဲနေကြပါစို့။



အသက်ဝိညာဉ်တို့ကိုပြောင်းလဲသွားစေသည့် သူ၏အမှုတော်ဆောင်ရွက်တော်မူခြင်းအပေါ် သရော်လှောင်ပြောင်ခြင်းမပြုရန် ကျွန်ုပ်တို့အားသင်ကြားပို့ချပေးတော်မူရန်အတွက် သခင်ခရစ်တော်၏အသက်တာတွင် အလုံအလောက်ရှိတော်မူပါသည်။ အပြစ်နှင့်ပြည့်ဝကြသည့်လူတို့၏အပေါ် ဘုရားသခင်၏ပြန်လည်ဆန်းသစ်ထားတော်မူသည့် ကျေးဇူးတော်ထင်ရှားနေမှုသည်၊ ကောင်းကင်တမန်တို့အား ဝမ်းမြောက်ရွှင်လန်းစေကြပါသော်လည်း၊ ဤလုပ်ရပ်သည် မယုံကြည်မှုအားဖြင့် "တစ်ယူသန်ဝါဒ" ဟူ၍ သီးသန့်အမည်ပေးထားခြင်းခံရခြင်းအားဖြင့်၊ ထို့အပြင် ဘုရားသခင်က သူ့အားဖြင့် ဆောင်ရွက်တော်မူခဲ့သည့် သတင်းစကားပို့ဆောင်သူသည် သူ၏အသိဉာဏ်ဗဟုသုတအရမဟုတ်သည့် အားမာန်ရှိရှိဖြင့်ပြောဆိုကြလေ့ရှိပါသည်။

**ဥပုသ်နေ့ဝတ်ပြုကိုးကွယ်ခြင်းများ –** ဥပုသ်နေ့ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်ကို ဦးဆောင်ရန်အတွက် တာဝန်ပေးခန့်အပ်ခြင်းခံရသူသည် နှုတ်ကပတ်တရားတော်၏သမ္မာတရားတော်များအတွင်း ကြားနာသူတို့က စိတ်ဝင်တစားရှိကြရေးအတွက် မည်သို့လုပ်ဆောင်ရကြမည်ကို လေ့လာသင်ယူသင့်ပါသည်။ ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်သို့ တက်ရောက်လာကြသောသူတို့က သခင်ခရစ်တော်ထံတော်၌ မိမိတို့၏အပြစ်များတို့ကို ဝန်ချတောင်းပန်သည့်အခွင့်အရေးမရှိရကြလောက်အောင် ဦးဆောင်သူသည် ရှည်လျားလှသည့်ဟောပြောချက်မျိုးကို အစဉ်အမြဲမဟောပြောသင့်ပါ။ တရားဟောချက်သည် မကြာခဏတိုတိုတုတ်တုတ်ဖြင့်သာ ဖြစ်သင့်ပါသည်။ သို့မှသာလျှင် လူတို့သည် သူတို့၏ကျေးဇူးတင်ခြင်းကို ဘုရားသခင်အား ထုတ်ဖော်ပြောပြနိုင်ကြမည်ဖြစ်သည်။ ကျေးဇူးတင်ခြင်းအလှူငွေများတို့သည် ထာဝရဘုရား၏နာမတော်ကို ချီးမွမ်းရာရောက်ပါသည်။ သူတော်စင်တို့၏စုရုံးခြင်းများတိုင်းတို့တွင် ယေဟောဝါအရှင်ထာဝရဘုရားသခင်အား ဆက်ကပ်ပေးကြသည့်သက်သေခံချက်၊ ဓမ္မတေးနှင့်ဆုတောင်းချက်များတို့တွင်ပါရှိသည့် ချီးမွမ်းခြင်းတို့ကို သန့်ရှင်းသောကောင်းကင်တမန်တို့က နားထောင်နေကြပါသည်။

ဆုတောင်းခြင်းနှင့်လူမှုရေးဆိုင်ရာစည်းဝေးပွဲတို့သည် အထူးကူညီမှုနှင့်အားပေးတိုက်တွန်းခြင်းအချိန်တစ်ခုအဖြစ်ဖြင့်သာ ဖြစ်သင့်ပါသည်။ အားလုံးတို့အနေဖြင့် ထိုအစီအစဉ်တွင်ပါဝင်ရခြင်းသည် အခွင့်ထူးတစ်ရပ်အဖြစ်ဖြင့် သဘောထားသင့်ကြပါသည်။ သခင်ခရစ်တော်၏နာမတော်ကို ခံယူကြသောလူတိုင်းတို့အနေဖြင့် ထိုလူမှုရေးဆိုင်ရာစည်းဝေးပွဲတွင် ပြောစရာ၊ တင်ပြစရာတစ်စုံတစ်ရာရှိကြပါလေစေ။ သက်သေခံ

ချက်များတို့သည် တိုတိုတုတ်တုတ်ဖြင့်အပြင်၊ အခြားသောသူတို့အတွက် အထောက်အကူဖြစ်စေသည့် သဘောသဘာဝမျိုးတစ်ခုအဖြစ်ရှိရပါမည်။ လူတစ်ယောက်က မိနစ်နှစ်ဆယ်မှနာရီဝက်အထိကြာညောင်းသည့် သက်သေခံချက်တစ်ခုတည်းဖြင့် ဆက်ကပ်အပ်နှံထားပြီးသောအသက်ဝိညာဉ်ကို အသေသတ်ပစ်ရာရောက်သည့် မည်သည့်အကြောင်းအရာမျိုးမျှ ဖြစ်ပေါ်လာခြင်းလုံးဝမရှိသင့်ပါ။ ဤလုပ်ရပ်သည် အစည်းအဝေးပွဲ၏ဝိညာဉ်ရေးဆိုင်ရာ ယုံကြည်သက်ဝင်မှုသေဆုံးသွားသည့်အဓိပ္ပါယ်မျိုးပင်ဖြစ်ပါသည်။

## အပြုအမူများနှင့်ဝတ်စားဆင်ယင်မှုများတို့တွင် ဂရုတစိုက်ရှိခြင်း

အမှုတော်ဆောင်သည် သူ၏တရားကိုကြားနာသူတို့က သူ့အပေါ်လက်ခံနိုင်မှု၊ သို့မဟုတ် လက်မခံနိုင်မှုအနေအထားများတို့ကို ဆုံးဖြတ်ကြရာတွင် တရားဟောစင်မြင့်အပေါ်တွင် သူရှိနေစဉ်အတွင်း သူ၏အပြောအဆိုအမူအရာ၊ သူ၏စိတ်နေသဘောထား၊ သူဟောပြောနေစဉ် ပြသသည့်အမူအရာနှင့် သူ၏ဝတ်စားပုံတို့ကိုကြည့်ပြီး အဆုံးအဖြတ်ပေးကြသည်ဆိုခြင်းကို အမှုတော်ဆောင်အနေဖြင့် သတိတရရှိရမည်ဖြစ်သည်။ သူသည် အမူအရာကို ယဉ်ကျေးသောအပြုအမူနှင့်ရည်မွန်မှုတို့ဖြင့် ပြုစုပျိုးထောင်ပေးသင့်ပြီး၊ မိမိကိုယ်ကို အေးဆေးသိမ်မွေ့သောဂုဏ်သိက္ခာမျိုးဖြင့် ဆက်လက်ရပ်တည်သွားခြင်းဖြင့် သူ့အား မြင့်မားသောဘဝပေးတာဝန်ကိုထမ်းဆောင်သူအဖြစ်သို့ ရောက်ရှိသွားစေပါသည်။ တည်ငြိမ်လေးနက်မှုရှိခြင်းနှင့် သေချာမှုရှိသည့် ဘုရားဝတ်၌မွေ့လျော်သည့် သြဇာညောင်းမှုတို့ကို နူးညံ့သိမ်မွေ့မှုဖြင့်ရောနှောပေါင်းစပ်လိုက်ခြင်းဖြင့် သူ၏ကိုယ်နှုတ်အမူအရာကို ထူးခြားသည့်သွင်ပြင်လက္ခဏာဖြင့် ဖော်ပြသင့်ပါသည်။ ရိုင်းပျမှုနှင့်ရှန့်ရင်းကြမ်းတမ်းမှုတို့သည် ပုံမှန်အနေအထားဖြင့်လျှောက်လှမ်းနေသောအသက်တာတွင် သည်းခံနိုင်စရာအကြောင်းမရှိသည့်အလျောက်၊ သူတို့ကိုအမှုတော်ဆောင်ခြင်းလုပ်ငန်းတွင် ခွင့်ပြုနိုင်စရာအကြောင်းအထူးနည်းပါးလှပါသည်။ အမှုတော်ဆောင်၏စိတ်နေသဘောထားသည် သူကြွေးကြော်နေသည့် သန့်ရှင်းသောသမ္မာတရားတော်တို့နှင့် ဟန်ချက်ညီညီရှိသင့်ပါသည်။ သူ၏နှုတ်ထွက်စကားများတို့သည် လေးစားလောက်သည့်စိတ်အားထက်သန်မှုနှင့် ကောင်းမွန်သောရွေးချယ်မှုတိုင်းတို့အားဖြင့် ဖြစ်ရပေမည်။





အမှုတော်ဆောင်များတို့သည် ဟန်လုပ်လွန်းသောပြဇာတ်ဖြေဖျော်တင်ဆက်သူတို့ကဲ့သို့ ပြုမူကျင့်ကြံခြင်း၊ မောက်မာသောစိတ်နေသဘောထားများနှင့် မိမိအားအထင်ကြီးလာစေသည့် ထုတ်ဖော်ပြောဆိုမှုမျိုးတို့အတွက် မည်သည့်လုပ်ဆောင်နိုင်ခွင့် (လိုင်စင်) မျိုးမျှမရှိကြပါ။ သူတို့သည် သမ္မာတရားအတွက် သင်ကြားပို့ချပေးကြသည့်ဆရာများသာဖြစ်ကြပြီး၊ ရုပ်ရှင်ပြဇာတ်သရုပ်ဆောင်များမဟုတ်ကြပါ။ သိက္ခာမဲ့ပြီး၊ မြူးထူးသောင်းကြမ်းသည့်အပြုအမူများတို့သည် သမ္မာတရားတော်အကြောင်းကို ပြောဆိုဟောပြောမှုအတွက် အားဖြည့်ပံ့ပိုးပေးခြင်းမရှိသည့်အပြင်၊ အမှန်အားဖြင့် သူတို့သည် တည်ငြိမ်ပြီးဝေဖန်ပိုင်းခြားနိုင်မှုနှင့် မှန်မှန်ကန်ကန်ရှုမြင်တတ်ကြသည့်အမျိုးသား၊ အမျိုးသမီးများတို့အပေါ် စက်ဆုပ်ရွံ့ရှာတတ်ကြပါသည်။

သခင်ခရစ်တော်အကြောင်းကို လေ့လာသင်ကြားရယူသည့်အမှုတော်ဆောင်သည် သူ့အနေဖြင့် ထာဝရကာလတစ်လျှောက်လုံးတည်တံ့နေမည့် သြဇာသက်ရောက်မှုရှိသည့်အမှုတော်တစ်ရပ်ကို ဘုရားသခင်၏တာဝန်လွှဲအပ်တော်မူခြင်းအားဖြင့် လုပ်ဆောင်ရသည့်၊ သူ၏စေတမန်တော်တစ်ယောက်ဖြစ်နေသည်ဆိုခြင်းကို အစဉ်အမြဲသတိရှိနေပါလိမ့်မည်။ မိမိကိုယ်ကိုမိမိညွှန်းဆိုပြီး၊ မိမိ၏သင်ကြားရရှိထားသည့်တတ်ကျွမ်းမှု၊ သို့မဟုတ် မိမိ၏ကိုယ်ရည်ကိုယ်သွေးအပေါ် စံနမူနာအဖြစ်ထောက်ပြရန်မှာ သူ၏ဦးတည်ရည်မှန်းချက်၏အစိတ်အပိုင်းအဖြစ်ဖြင့် မရှိသင့်ပါ။ သူ၏ဦးတည်ရည်ရွယ်ရင်းတစ်ရပ်လုံးမှာ အပြစ်သားများတို့အား နောင်တတရားရရှိလာရေးဆီသို့ ဆောင်ယူလာပေးပြီး၊ ကမ္ဘာကြီး၏အပြစ်တရားကိုဖယ်ရှားပေးတော်မူသည့် ဘုရားသခင်၏သိုးသငယ်တော်ကို ဥပဒေသရော၊ နမူနာတို့အားဖြင့်ပါ သူတို့အားညွှန်ပြ ပြသပေးရပါမည်။ ဘုရားသခင်ထံတော်မှသာ တန်ခိုးနှင့်အခွင့်အာဏာတို့ကို ပိုင်ဆိုင်ထားနေရသည့် သတိတရားဖြင့်သာလျှင်၊ သူ့အနေဖြင့် ပြောဆိုသင့်ပါသည်။ သူ၏ဟောပြောပို့ချမှုတို့သည် စည်းရုံးရေးအင်္ဂါရပ်များဖြစ်သည့် အလွန်အလေးအနက်ထားမှုအပြင်၊ စိတ်အားထက်သန်မှုနှင့်စွမ်းအားတို့ဖြင့်ပြည့်ဝခြင်းဖြင့် အပြစ်သားများတို့အား သခင်ယေရှုကိုခိုလှုံရာအဖြစ်ဖြင့်သဘောထားကာ၊ သူ၏ထံတော်သို့ ဦးတည်ရောက်ရှိသွားကြစေမည်ဖြစ်သည်။

ဝတ်စားဆင်ယင်မှုတွင် အထူးသတိထားဆင်ခြင်ခြင်းသည် အရေးတကြီးထည့်သွင်းစဉ်းစားရကြမည့်အချက်တစ်ခုဖြစ်ပါသည်။ အမှုတော်ဆောင်သည် သူ၏အနေအထားဆိုင်ရာဂုဏ်သိက္ခာနှင့် သင့်လျော်သည့်ပုံစံမျိုးဖြင့်သာ ဝတ်စားဆင်ယင်

သင့်ပါသည်။ အချို့သောအမှုတော်ဆောင်များတို့သည် ဤအလေးထားစရာအချက်တွင် ပျက်ကွက်မှုရှိနေကြပါသည်။ အချို့သောကိစ္စရပ်များတို့တွင် ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်ပြီး၊ ကောင်းစွာရွေးချယ်နိုင်သောစွမ်းရည်နှင့် စနစ်တကျရှိမှုတို့တွင် အားနည်းမှုရှိကြသည့်ပြင် အဝတ်အစားများတို့သည်လည်း မသေမသပ်နှင့်ဖြစ်ကတတ်ဆန်းဖိုသီဖတ်သီဖြစ်နေကြပါ။

ကမ္ဘာမြေကြီးကို သူ၏လက်ရုံးတော်ဖြင့် လှုပ်ရှားရွေ့လျားစေတော်မူပြီး၊ ကျွန်ုပ်တို့အား အသက်ကိုပေးတော်မူကာ ကျွန်ုပ်တို့၏ရှင်သန်နေကြရေးအတွက် ကျန်းမာခြင်းအားဖြင့် ကျားကန်ပေးထားတော်မူသော ကောင်းကင်ဘုံအရှင်ဘုရားသခင်သည် သူ၏ဂုဏ်အသရေတော်တွင် တာဝန်ထမ်းဆောင်နေကြသည့်သူများတို့၏အဝတ်တန်ဆာများတို့အားဖြင့် ဂုဏ်အသရေတော်ကိုတင့်တယ်စေသည်၊ သို့မဟုတ် ညှိုးနွမ်းစေတတ်ကြပါသည်။ သူသည် မောရှေအား တဲတော်နှင့်ပတ်သက်သည့် လုပ်ငန်းဆောင်တာများနှင့်ဆက်စပ်မှုရှိသည့်အရာအားလုံးတို့နှင့် သက်ဆိုင်သည့်အထူးညွှန်ကြားချက်ကို ပေးခဲ့တော်မူသည့်အပြင်၊ သူ၏မျက်မှောက်တော်၌ အမှုတော်ကိုထမ်းဆောင်နေကြသည့် သူတို့အတွက် မည်သည့်ဝတ်စားဆင်ယင်မှုတို့ကို ဆင်မြန်းသင့်ကြသည်ကို ပြဌာန်းတော်မူခဲ့ပါသည်။ (ထွက်မြောက်ရာ ၂၈း၂) တွင်ဖော်ပြထားသည့်၊ "သင်၏အစ်ကို အာရုန်၌ ဘုန်းအသရေထင်ပေါ်စေခြင်းငှာ သန့်ရှင်းသောအဝတ်ကိုလုပ်၍ပေးရမည်" ဆိုသည့်မိန့်တော်မူချက်သည် မောရှေထံသို့ထုတ်ပြန်တော်မူခဲ့သည့် ညွှန်ကြားတော်မူချက်ပင်ဖြစ်ပါသည်။ ယဇ်ပုရောဟိတ်များတို့၏အဝတ်တန်ဆာနှင့် ပြုမူကျင့်ကြံမှုတို့နှင့် ချိတ်ဆက်မှုရှိသည့်အရာရာတိုင်းတို့သည် ဘုရားသခင်၏မွန်မြတ်သန့်ရှင်းတော်မူခြင်းအပြင် သူ၏အထွတ်အမြတ်ဖြစ်တော်မူခြင်းနှင့် သူ၏မျက်မှောက်တော်သို့လာရောက်ကြသည့်သူတို့အနေဖြင့် သန့်ရှင်းဖြူစင်မှုရှိရန်လိုအပ်ကြသည့် အသိတရားမျိုးတို့ကို ထားရှိကြရန်အတွက် ကြည့်ရှုသောသူတို့၏စိတ်ကို တိမ်းညွှတ်စေပါသည်။

ဖုန်မှုန့်များ၊ အမှုန်အမွှားများအဖြစ် ကပ်ပါလာခြင်းဖြင့်၊ သန့်ရှင်းရာအရပ်ကို သူတို့အနေဖြင့် မလေးမစား၊ မတော်မလျော်လုပ်ရာမကျအောင် ယဇ်ပုရောဟိတ်တို့သည် သန့်ရှင်းရာဌာနအတွင်းသို့ သူတို့၏ခြေထောက်တို့တွင် ဖိနပ်စီးပြီးဝင်ရောက်ခွင့်မရှိခဲ့ကြပါ။ သူတို့သည် သန့်ရှင်းရာဌာနအတွင်းသို့မဝင်ရောက်ကြမီ သူတို့၏ဖိနပ်တို့ကို အပြင်ဖက်ကွက်ပြင်တွင် ချွတ်ထားရစ်ခဲ့ရကြသည့်အပြင်၊ တဲတော်အတွင်း၊ သို့မဟုတ် မီးရှို့ရာယဇ်ကိုပူဇော်သည့် ယဇ်ပလ္လင်တွင်အမှုတော်မဆောင်ရွက်မီတွင်လည်း



သူတို့၏လက်များနှင့်ခြေထောက်များတို့ကို ဆေးကြောရကြပါသည်။ ဤအချက်သည် ဘုရားသခင်၏ရှေ့တော်မှောက်သို့လာရောက်ကြမည့်သူတို့အနေဖြင့် အားလုံးသောညစ်ထေးမှုများတို့ကို အလျင်ဦးဆုံးဖယ်ရှားပစ်ရကြမည်ဆိုသည့်သင်ခန်းစာကို စဉ်ဆက်မပြတ်ပို့ချခဲ့ခြင်းပင်ဖြစ်ပါသည်။

သူ၏ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်ပြီး အလေးမထားတတ်သည့်အမှုတော်ဆောင်၏ဩဇာသက်ရောက်မှုသည် ဘုရားသခင်အား မနှစ်မြို့စေတော်မူသည့်အပြင် သူ၏ဟောပြောချက်ကိုနာကြားကြသောသူတို့ကလည်း သူသည် သူ၏အမှုတော်လုပ်ငန်းကို သာမန်အလုပ်မျိုးထက်ပိုမိုပြီး မြင့်မြတ်ခြင်းမရှိသည့်အနေအထားမျိုးဖြင့်သာ သတ်မှတ်ခံယူသည်ဟူ၍ သူ့အပေါ်သဘောထားလာကြစေပါသည်။ ဤမျှလောက်ဖြင့်ပင်မကသေးဘဲ၊ ထိုသူတို့အား အဝတ်အစားနှင့်ပတ်သက်သည့် ကောင်းစွာရွေးချယ်နိုင်သောစွမ်းရည်နှင့် သင့်တင့်လျောက်ပတ်ခြင်းတို့၏အရေးပါမှုကိုပြသရမည့်အစား၊ အချို့သောသူတို့က လိုက်လျှောက်ရန်နှောင့်နှေးခြင်းမရှိနိုင်သည့် လျော့ရဲမှုနှင့်မသေသပ်မှုဆိုင်ရာနမူနာတစ်ရပ်ကိုသာ သူတို့ကိုချပြပေးနေပါသည်။

သမ္မာတရားတော်၏အခြေခံစည်းမျဉ်းစည်းကမ်းနှင့် သူတို့၏အနေအထား၏အထွတ်အမြတ်ဖြစ်မှုတို့နှင့်ပတ်သက်သည့် ထိုက်တန်သောကိုယ်စားပြုမှုကို သူတို့၏အပြုအမူများနှင့် သူတို့၏ဝတ်စားဆင်ယင်မှုများတို့မှနေပြီး ပြသပေးကြရန်၊ ဘုရားသခင်က သူ၏အမှုတော်ဆောင်များအပေါ် မျှော်မှန်းတော်မူပါသည်။ အမျိုးသားများရော၊ အမျိုးသမီးများတို့ကပါ မြင့်မားသောအဆင့်အတန်းသို့ရောက်ရှိရေးအတွက် အထောက်အကူပြုပေးသည့်နမူနာတစ်ခုကို သူတို့အနေဖြင့်ချမှတ်ပေးရကြပါမည်။

ဘုရားသခင်၏ဝိညာဉ်တော်ကိုချိုးနှိမ်ရန်အတွက် လူတို့တွင် စွမ်းအားရှိနေကြရာတွင် ရွေးချယ်မှုဆိုင်ရာစွမ်းအားကို သူတို့ထံတွင်ကျန်ရှိနေပါသည်။ သူတို့သည် လွတ်လပ်စွာပြုမူကြရန်အတွက် ခွင့်ပြုထားခြင်းခံရကြပါသည်။ ကျွန်ုပ်တို့၏ကယ်ချွတ်တော်မူသောအရှင်၏ကျေးဇူးတော်နှင့်နာမတော်တို့အားဖြင့် နာခံလိုက်လျှောက်ရကြပေမည်၊ သို့မဟုတ် သူတို့သည် နာခံလိုက်လျှောက်ကြခြင်းမရှိသည့်အလျောက် အကျိုးဆက်များတို့ကိုလည်း ပြန်လည်အမှတ်ရကြရမည်ဖြစ်သည်။

လူသားတို့အနေဖြင့် အထွတ်အမြတ်ဖြစ်ပြီး၊ အစဉ်ထာဝရတည်ရှိသည့်သမ္မာတရားကို လက်ခံခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်းတို့အတွက် တာဝန်ယူမှုရှိရမည်ဖြစ်သည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် စဉ်ဆက်မပြတ်ဖြင့်ပင် ပြစ်ဒဏ်ကိုစီရင်နေ

တော်မူပြီး၊ အသက်ဝိညာဉ်များတို့သည်လည်း သမ္မာတရားတော်အတိုင်း၊ သို့မဟုတ် သမ္မာတရားတော်နှင့်သွေဖည်ပြီး ဆုံးဖြတ်ချက်ချနေကြပါသည်။ အသက်တာတွင် မိမိ အပြုအမူတိုင်းတို့သည် နောင်တရစရာအဖြစ်မျိုးမဖြစ်မိရန် အရေးကြီးလှပြီး၊ အထူးသဖြင့် သခင်ခရစ်တော်၏ကိုယ်စားတော်အဖြစ် လုပ်ဆောင်နေကြသည့်၊ သူ၏သံအမတ်တော်ကြီးများတို့အဖြစ်ဖြင့် အမှုတော်ထမ်းရွက်သူများကိုဆိုလိုပါသည်။

## ပရိသတ်အစုအဝေးဖြင့်ဆုတောင်းခြင်း

အများပြည်သူတို့အတွင်း ဆုတောင်းဆက်ကပ်ခြင်းသည် တိုတောင်းပြီး၊ လိုရင်းအချက်များပါရှိရပါမည်။ ဝတ်ပြုကိုးကွယ်ခြင်းအချိန်ကို ရှည်လျားလှသည့်အသနားခံမှုများတို့ဖြင့် ငြီးငွေ့ဖွယ်ရာဖြစ်အောင် ဘုရားသခင်က ကျွန်ုပ်တို့ကိုတောင်းခံတော်မူခြင်းမရှိပါ။ သခင်ခရစ်တော်သည်လည်း သူ၏တပည့်တော်တို့အား မောပန်းနွမ်းနယ်ဖွယ်ကောင်းသည့် အခမ်းအနားများကျင်းပခြင်းနှင့် ရှည်လျားသည့်ဆုတောင်းမှုများတို့ကိုပြုလုပ်ကြရန် မည်သည့်အခါမျှအတင်းအကျပ်လုပ်ဆောင်စေတော်မူခြင်းမရှိခဲ့ပါ။ "သင်သည် ဆုတောင်းပတ္ထနာပြုသောအခါ" ဟူ၍ သူ၏တပည့်တော်တို့အား မည်ကဲ့သို့ ဆုတောင်းရကြမည်ကို မိန့်တော်မူခဲ့ရာတွင်၊ ဆက်လက်၍ "လျှို့ဝှက်သောသူတို့နည်းတူ မပြုကြနှင့်။ ထိုသူတို့သည် လူများတို့ရှေ့မှာထင်ရှားစေခြင်းငှာ ပွဲသဘင်လမ်းဆုံလမ်းဝ တို့၌ရပ်လျက် ဆုတောင်းခြင်းငှာအလိုရှိကြ၏" ဟူ၍ (မဿဲ ၆း၅) တွင်မိန့်တော်မူထားပါသည်။

ဖာရိရှဲတို့သည် ဆုတောင်းခြင်းကို နာရီနှင့်ချီပြီးမြွက်ဆိုခဲ့ကြရာတွင် မကြာခဏဖြစ်ပျက်မှုများအဖြစ် သူတို့သည် အရပ်ရပ်သို့လှည့်လည်သွားလာကြရင်း သတ်မှတ်သည့်အချိန်ရောက်ရှိသောအခါ၊ သူတို့ရောက်ရာအရပ်တို့တွင်ရပ်တန့်ကြပြီးနောက် လမ်းပေါ်တွင်၊ သို့မဟုတ် ဈေးတန်းတို့တွင် အလျင်စလိုဖြစ်နေကြသည့်လူစုလူဝေးတို့၏အလယ်၌ သူတို့ဆက်တိုက်ရွတ်ဆိုထားပြီးသား ယခင်ဆုတောင်းချက်များကိုပင် အသံကျယ်လောင်စွာဖြင့် အော်ဟစ်ဆုတောင်းကြပါသည်။ ထိုကဲ့သို့သောဝတ်ပြုဆုတောင်းခြင်းသည် သူတို့ကိုယ်ကိုသူတို့ အမွှမ်းတင်ဆုတောင်းဆက်ကပ်ကြခြင်းသာဖြစ်သောကြောင့် သခင်ယေရှုထံတော်မှ ချမ်းသာရာမရနိုင်သည့် ဆုံးမပြစ်တင်တော်မူခြင်းကိုသာ ဖိတ်ခေါ်ရာရောက်ပါသည်။ သခင်ယေရှုသည် လူစုလူဝေးဖြင့်ဆုတောင်းခြင်းကို မနှစ်မြို့



တော်မူသည့်တိုင်အောင် မိမိကိုယ်တော်တိုင်မှာမူ သူ၏တပည့်တော်များတို့နှင့်အပြင် လူစုလူဝေးတို့နှင့်အတူဆုတောင်းတော်မူခဲ့ပါသည်။ သို့သော်လည်း လူအများနှင့်ဆုတောင်းရာတွင် ဆုတောင်းချက်သည် တိုတိုတုတ်တုတ်ဖြင့်သာဖြစ်သင့်သည်ဆိုသည့်အချက်ကို သူ၏တပည့်တော်တို့အား စွဲစွဲမြဲမြဲမှတ်သားထားစေတော်မူခဲ့ပါသည်။

မိနစ်အနည်းငယ်ခန့်မျှသောအချိန်သည် သာမန်လူစုလူဝေးအသနားခံမှုအတွက် လုံလောက်သောအချိန်ပင်ဖြစ်ပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်က စီကုံးထားတော်မူသည့် အထူးပြုမူပြောဆိုမှုတစ်ခုအတွင်း အသနားခံမှုပါရှိသည့်ဖြစ်ရပ်မျိုးများလည်း ရှိနိုင်ပါသည်။ တမ်းတလွမ်းဆွေးခြင်းရှိနေသည့်အသက်ဝိညာဉ်သည် ဘုရားသခင်နှင့် ပတ်သက်လာလျှင် မချိတင်ကဲနှင့်ညည်းတွားတတ်သည့်အခြေအနေသို့ ရောက်ရှိလာပါသည်။ ဘုရားသခင်၏တန်ခိုးတော်က အထူးတလည်အတိအလင်းထင်ရှားခြင်းမရှိပါလျှင် ယာကုပ်၏နပန်းလုံးသည့်စိတ်ဓာတ်မျိုးသည် ရွေ့လျားသွားပေလိမ့်မည်။ ထိုကဲ့သို့သောအချိန်မျိုးတွင်မူ အသနားခံခြင်းအမှုအတွက် ပိုမို၍အချိန်ကိုရယူချမှတ်ထားရမည်ဖြစ်သည်။

တောင်းခံခြင်းသဘောမျိုးဖြစ်ရမည့်အစား၊ ငြီးငွေ့ဖွယ်ဆုတောင်းခြင်းများတို့ဖြင့် ထာဝရဘုရားအား သင်တန်းပို့ချပေးရာရောက်သည့် များစွာသောဆုတောင်းချက်များတို့ဖြင့် ဆုတောင်းတတ်ကြပါသည်။ ထိုကဲ့သို့သောဆုတောင်းဆက်ကပ်မှုမျိုးကိုပြုလုပ်ကြမည့်အစား၊ သခင်ယေရှုက သူ၏တပည့်တော်တို့အားပို့ချတော်မူခဲ့သည့် ဆုတောင်းရမည့်ပုံစံမျိုးဖြင့် မိမိတို့ကိုယ်ကိုဘောင်ခတ်ထားသောဆုတောင်းချက်မျိုးက ပိုမိုကောင်းမွန်မည်ဖြစ်ပါသည်။ ရှည်လျားလှသည့်ဆုတောင်းချက်များတို့သည် ကြားရသောသူများတို့အတွက် စိတ်မောစရာဖြစ်တတ်ကြပြီး၊ လူအများတို့အား သူတို့လိုက်လျှောက်ရကြမည့်ညွှန်ကြားချက်တို့ကို နားထောင်ကြရေးအတွက် ကြိုတင်ပြင်ဆင်ပေးရာမရောက်ပါ။

သိုသိုသိပ်သိပ်ဖြင့်ဆုတောင်းခြင်းကို လျစ်လျူရှုထားကြခြင်းကြောင့် မကြာခဏတွင်ပင် ရှည်လျားပြီး၊ ငြီးငွေ့ဖွယ်ကောင်းလှသောဆုတောင်းချက်များတို့ဖြင့် အများပြည်သူတို့အတွင်း ဆုတောင်းဆက်ကပ်တတ်ကြပါသည်။ အမှုတော်ဆောင်များတို့သည် ရက်သတ္တတစ်ပတ်ကြာသည်အထိ၊ တာဝန်များတို့ကိုလျစ်လျူရှုထားကာ အသနားခံမှုများကိုသာ သဘောတွေ့နေကြပြီး၊ ထိုတာဝန်များအပေါ်လျစ်လျူရှုမှုနှင့် မိမိတို့မသိစိတ်တို့ကို မသိသလိုချွေးသိပ်ထားခြင်းတို့အတွက် အပြစ်ဖြေလွှတ်ခံရမည်ဆိုသည့် မျှော်မှန်းချက်မျိုးကိုမထားရှိသင့်ကြပါ။ ဤကဲ့သို့သောဆုတောင်းချက်မျိုးများတို့သည် အခြား

သောသူတို့အား ဝိညာဉ်ရေးဆိုင်ရာထက်သန်မှုကို နိမ့်ကျသွားသောအဆင့်အထိဆီသို့ မကြာမကြာကျရောက်သွားစေခြင်းကိုသာ အဖတ်တင်ကျန်ရစ်စေပါသည်။

အမှုတော်ဆောင်အနေဖြင့် လုပ်ငန်းခွင်သို့မဝင်ရောက်မီ သူ၏သီးသန့်အခန်းငယ် အတွင်းတွင် ရှေးဦးစွာဘုရားသခင်ကိုကြိုးပမ်းရှာဖွေပြီးနောက် သူနှင့်အနီးကပ်ချိတ်ဆက်မှုရှိရေးကို အရေးထားထည့်တွက်ပါ။ ထိုနေရာ၌တွင်ပင် သူသည် သူ၏ဆာလောင်မွတ်သိပ်နေသည့်စိတ်ဝိညာဉ်ကို ဘုရားသခင်ထံတော်သို့မြှင့်တင်ထားပြီးနောက်၊ ကျေးဇူးတော်၏နှင်းစက်နှင်းပေါက်အားဖြင့် အားဖြည့်လန်းဆန်းမှုရှိလာစေရမည်ဖြစ်သည်။ ထိုနောက်တွင် သူ၏အပေါ်သို့သန့်ရှင်းသောဝိညာဉ်တော်မှ ဘိသိက်ကျေးဇူးတော်တစ်ခုဖြင့် အသက်ဝိညာဉ်များတို့အတွက် ကြီးလေးသောတာဝန်တစ်ခုကို ပေးအပ်ခံရမည်ဖြစ်သည်။ ထိုတာဝန်မှာ အပြစ်သား၏တစ်ခုတည်းသောခိုလှုံရာဖြစ်တော်မူသောသခင်ယေရှုခရစ်တော်အကြောင်းကို ထိုအမှုတော်ဆောင်က မည်သည့်အခါမျှထည့်သွင်းစဉ်းစားခြင်းမပြုမည့် လူထုပရိသတ်တို့၏ရှေ့မှောက်သို့ ချပြရေးပင်ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် ထိုအမှုတော်ဆောင်အနေဖြင့် ဤနာကြားသူတို့ကို နောက်ထပ်မည်သည့်အခါမျှပြန်လည်တွေ့မြင်ရတော့မည်မဟုတ်သည့် ခံစားချက်သဘောမျိုးဖြင့် အသနားခံလျှောက်လဲမှုများတို့ကို ထိုသူတို့၏နှလုံးသားများအတွင်းသို့ ရောက်ရှိမည့်အနေအထားသို့ရောက်ရှိသည်အထိ၊ အသနားခံလာလိမ့်မည်ဖြစ်ပါသည်။ ထို့အပြင်၊ လူသားတို့၏စိတ်နှလုံးတို့ကို သိရှိတော်မူသောအရှင်သခင်သည် ပြောဆိုရမည့်နည်းလမ်းဟန်ပန်တို့ကို သူ့အားပေးအပ်တော်မူမည်ဖြစ်ပြီး၊ မှန်ကန်သောအချိန်တွင် သူပြောသင့်ဆိုသင့်သည့်စကားလုံးမျိုးတို့ကို တန်ခိုးစွမ်းအားပါရှိသောအနေအထားမျိုးဖြင့် ပြောဆိုနိုင်ရန်အတွက် ကူညီတော်မူမည်ဖြစ်သည်။

## ဆုတောင်းခြင်း၌ကြည်ညိုမြတ်နိုးခြင်း

အချို့သောသူတို့က လူလူချင်းကိုစကားပြောဆိုသည့် လုပ်နေကျအနေအထားမျိုးဖြင့် ဘုရားသခင်ထံတော်သို့ဆုတောင်းခြင်းကို နှိမ့်ချမှု၏အမှတ်သင်္ကေတတစ်ခုအဖြစ်ဖြင့် ထင်မှတ်နေကြပါသည်။ ခပ်အုပ်အုပ်သံစဉ်မျိုးများနှင့် ကြောက်ရွံ့ရိုသေလေးစားသောဆုတောင်းချိန်များမှလွဲပြီး၊ မလိုအပ်သည့်အပြင် မထီမဲ့မြင်ပြုရာရောက်သည့်၊ "ကောင်းကင်ဗိုလ်ခြေအရှင်ဘုရားသခင်" ဆိုသည့်စကားလုံးအသုံးအနှုန်းများကို ကြောက်ရွံ့ရိုသေဖွယ်နှင့်အထွတ်အမြတ်ဖြစ်သည့်စကားလုံးများတို့နှင့် ရောနှောအသုံးပြု



နေမှုမျိုးသည် ဘုရားသခင်၏နာမတော်ကို စော်ကားရာရောက်သည့်အပြင် နှုတ်ခမ်းသားနှုတ်ဖျားများမှ မည်သည့်အခါမျှထုတ်ဖော်မပြောသင့်ပါ။

တရားဟောစင်မြင့်တွင်ဖြစ်စေ၊ မိသားစုအဝန်းအဝိုင်းတွင်ဖြစ်စေ၊ သို့မဟုတ် နက်နဲရာအရပ်တွင်ဖြစ်စေ အသနားခံဆုတောင်းခြင်းကိုပြုလုပ်ပါက ဆုတောင်းခြင်းနှင့်မည်သို့မျှအပ်စပ်မှုမရှိသော ကြီးကြီးကျယ်ကျယ်စကားလုံးမျိုးကို မသုံးစွဲသင့်ပါ။ အထူးသဖြင့်တစ်ဦးတစ်ယောက်သည် လူအများဖြင့်ဆုတောင်းဆက်ကပ်ခြင်းပြုသောအခါတွင် ရိုးရှင်းသောစကားလုံးအသုံးအနှုန်းမျိုးကိုသာ သုံးသင့်ပါသည်။ သို့မှသာလျှင် အခြားသောသူတို့အနေဖြင့် ဆုတောင်းသူ၏ပြောဆိုလိုမှုကို နားလည်သဘောပေါက်ပြီး၊ ထိုအသနားခံဆုတောင်းခြင်းတွင် ပေါင်းစည်းမိသွားကြမည်ဖြစ်သည်။

အထက်ကောင်းကင်ဘုံသို့ရောက်ရှိကြားသိခဲ့ရပြီး၊ မြေကြီးပေါ်သို့ဖြည့်ဆည်းဖြေကြားတော်မူခြင်းခံရသည့်ဆုတောင်းချက်သည် ယုံကြည်ခြင်းအားဖြင့် အူလှိုက်သည်းလှိုက်ဆုတောင်းချက်မျိုးဖြစ်ပါသည်။ လူသားတို့၏လိုအပ်မှုများတို့ကို ဘုရားသခင်က သဘောပေါက်နားလည်တော်မူပါသည်။ ကျွန်ုပ်တို့က သူ့အားမတောင်းလျှောက်မီကတည်းက သူသည် ကျွန်ုပ်တို့၏ဆန္ဒရှိသည့်အရာတို့ကို သိရှိတော်မူပါသည်။ ယုံမှားသံသယဖြစ်မှုနှင့် စုံစမ်းနှောင့်ယှက်ခြင်းတို့ဖြင့်ပဋိပက္ခဖြစ်နေရသည့် အသက်ဝိညာဉ်၏အဖြစ်အပျက်ကို တွေ့မြင်တော်မူပါသည်။ အသနားခံသူ၏ရိုးသားမှုကို အမှတ်သညာပြုတော်မူပါသည်။ ထို့အပြင် သူသည် အသက်ဝိညာဉ်၏အရှက်တကွဲဖြစ်မှုနှင့် ဆင်းရဲခြင်းဒုက္ခတို့ကို အသိအမှတ်ပြုလက်ခံတော်မူမည်ဖြစ်သည်။ (ဟေရှာယ ၆၆း၂) တွင်၊ ". . . စိတ်နှိမ့်ချခြင်း၊ နှလုံးကြေကွဲခြင်း၊ ငါ့စကားကြောင့်တုန်လှုပ်ခြင်းရှိသောသူကိုသာ ငါကြည့်ရှုမည်" ဟူ၍ ကြေညာတော်မူထားပါသည်။

ဝိညာဉ်တော်ကစီကုံးပေးထားတော်မူသော ကျွန်ုပ်တို့၏အသနားခံမှုများတို့ဖြင့် စိတ်ချယုံကြည်စွာဆုတောင်းရခြင်းသည် ကျွန်ုပ်တို့အတွက်အခွင့်ထူးပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏လိုအပ်မှုများတို့ကို ထာဝရဘုရားထံတော်သို့ ရိုးရှင်းသောစကားလုံးတို့ဖြင့် ဖော်ပြတောင်းလျှောက်သင့်ပြီး၊ ကျွန်ုပ်တို့အနေဖြင့် ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်နှင့်အတူအောင်နိုင်ရေးအတွက် သင်ကြားရယူထားပြီးဖြစ်ကြသည်ကို ပရိသတ်အတွင်းရှိလူတို့က သိရှိကြလိမ့်မည်ဆိုသည့်ယုံကြည်ခြင်းမျိုးဖြင့် သူ၏ကတိတော်ကိုတောင်းခံသင့်ကြပါသည်။ စုရုံးစည်းဝေးပွဲအတွင်း ထာဝရဘုရားတည်ရှိတော်မူခြင်းနှင့် သူ၏ကောင်းချီးမင်္ဂလာတော်ကို လက်ခံရရှိရေးအတွက်၊ သူတို့၏စိတ်နှလုံးတို့ကို ဖွင့်ပေး

တော်မူမည်ဆိုသည့်အချက်တို့ကို ယုံကြည်မှုရှိကြရေးအတွက် ထိုသူတို့သည် အားပေးတိုက်တွန်းခြင်းခံရကြလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ရိုးသားမှုအပေါ် သူတို့၏ယုံကြည်ခြင်းသည် တိုးတက်လာရကြမည်ဖြစ်ပြီး၊ သူတို့ခံယူရရှိနေကြသည့်ညွှန်ကြားချက်ကို လိုလားစွာခံယူလိုသောနားတို့ဖြင့် နားထောင်လာကြမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ဆုတောင်းချက်များတို့သည် ကြင်နာသနားတတ်မှုနှင့်ချစ်ခြင်းမေတ္တာတို့ဖြင့် ပြည့်ဝနေရကြပါမည်။ ကယ်တင်တော်မူသောအရှင်၏ချစ်ခြင်းမေတ္တာတော်ကို လေးနက်ပြီးကျယ်ပြန့်သည့် သတိမူအမှတ်ရမှုမျိုးဖြင့်တမ်းတကြသောအခါ၊ ကျွန်ုပ်တို့သည် ပိုမိုများပြားသည့်ဉာဏ်ပညာအတွက် ဘုရားသခင်ထံတော်သို့အော်ဟစ်တောင်းခံလာကြမည်ဖြစ်သည်။ အသက်ဝိညာဉ်ကိုအားပေးနှိုးဆော်ပေးစေသည့် ဆုတောင်းချက်များနှင့်တရားဟောချက်မျိုးများ လိုအပ်မှုမျိုးရှိခဲ့ဖူးပါက၊ ထိုအခြေအနေမျိုးသည် ယခုအချိန်ကာလပင်ဖြစ်ပါသည်။ အရာအားလုံးတို့၏ဆုံးခန်းတိုင်မှုသည် လက်တစ်ကမ်းတွင်သာရှိနေပါသည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့သည် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည့် စိတ်နှလုံးအကြွင်းမဲ့ဖြင့် ထာဝရဘုရားကိုကြိုးပမ်းရှာဖွေနေကြရမည့်အချက်ကို သိရှိလာနိုင်ကြမည်ဖြစ်သည်။ ထိုနောက်တွင် ကျွန်ုပ်တို့သည် သူ့အားရှာဖွေသင့်ကြပါသည်။

သူ၏လူစုတော်တို့အား မည်ကဲ့သို့ဆုတောင်းရကြမည်ဆိုခြင်းကို ဘုရားသခင်က သင်ကြားပို့ချပေးတော်မူမည်ဖြစ်သည်။ ကျွန်ုပ်တို့၏စာသင်ကျောင်းများတွင်ရှိနေကြသော ဆရာ၊ ဆရာမများနှင့် ကျွန်ုပ်တို့၏အသင်းတော်များတွင်ရှိနေကြသည့် အမှုတော်ဆောင်များတို့သည် သခင်ခရစ်တော်၏စာသင်ကျောင်းတော်၌ နေ့စဉ်သင်ကြားလေ့ကျက်ကြပါစေ။ ဤသို့ဖြင့် သူတို့သည် စိတ်အားထက်သန်မှုမျိုးဖြင့် ဆုတောင်းကြမည်ဖြစ်ပြီး၊ သူတို့၏တောင်းခံမှုများတို့သည်လည်း နားညောင်းတော်မူခြင်းခံရပြီးနောက် ဖြေကြားတော်မူခြင်းပါခံရကြမည်ဖြစ်သည်။ ထိုနောက်တွင် နှုတ်ကပတ်တော်သည်လည်း တန်ခိုးစွမ်းအားတို့ဖြင့် ကြွေးကြော်ခြင်းခံလာရကြမည်ဖြစ်သည်။

## ဆုတောင်းခြင်း၌ကျွန်ုပ်တို့၏သဘောထား

အများအားဖြင့် ဝတ်ပြုခြင်းတွင်ရော၊ ကိုယ်ပိုင်သီးသန့်ဝတ်ပြုခြင်းအပါအဝင်၊ ထာဝရဘုရား၏မျက်မှောက်တော်၌ ကျွန်ုပ်၏ဒူးခေါင်းပေါ်တွင်ဦးညွှတ်ကာ၊ သူ၏ထံတော်သို့ အသနားခံဆက်ကပ်ရခြင်းသည် ကျွန်ုပ်တို့၏အခွင့်ထူးပင်ဖြစ်ပါသည်။ ဤနေရာတွင် ကျွန်ုပ်တို့၏စံပြနမူနာဖြစ်တော်မူသည့် သခင်ယေရှုသည် "ဒူးထောက်လျက်. . .





ဆုတောင်းတော်မူသည့်" အကြောင်းကို (လုကာ ၂၂း၄၁–၄၂) တွင်ဖော်ပြထားပါသည်။ ထိုနည်းတူစွာ သူ၏တပည့်တော်နှင့်တမန်တော်များတို့သည်လည်း "ဒူးထောက်ဆုတောင်း" ခဲ့ကြသည့်အကြောင်းတို့ကို (တမန်တော် ၉း၄၀။ ၂၀း၃၆။ ၂၁း၅) တို့တွင် ဖော်ပြထားပါသည်။ ရှင်ပေါလုကလည်း (ဧဖက် ၃း၁၅) တွင်၊ ". . . ငါတို့သခင်ယေရှုခရစ်၏ခမည်းတော်ရှေ့မှာ ငါသည် ဒူးထောက်၍ဆုတောင်းလေ့ရှိ၏" ဟူ၍ပြောပြထားပါသည်။ ဣသရေလလူမျိုးတို့၏အပြစ်များတို့ကို ဘုရားသခင်၏မျက်မှောက်တော်၌ ဝန်ချတောင်းပန်ခဲ့ရာတွင် ဧဇရသည် ဒူးထောက်ဆုတောင်းခဲ့ပါသည်။ (ဧဇရ ၉း၅ ကိုရှု)။ (ဒံယေလ ၆း၁၀) တွင်လည်း ဒံယေလသည် ". . . တစ်နေ့သုံးကြိမ် ဒူးထောက်လျက် ဘုရားသခင်ကိုဆုတောင်း၍၊ ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းလေ၏" ဆိုသည့်အကြောင်းကို ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဘုရားသခင်အပေါ် ကြည်ညိုမြတ်နိုးခြင်းသည် သူ၏အကန့်အသတ်မဲ့သည့် ကြီးမြတ်တော်မူခြင်းအပေါ်ထားရှိသည့်အသိတရားနှင့် သူ၏တည်ရှိတော်မူနေခြင်းအပေါ် အသိဝင်လာခြင်းတို့၏လှုံ့ဆော်ပေးမှုတို့ကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ဤမြင်တွေ့နိုင်စွမ်းမရှိသည့် အရှင်အပေါ်ထားရှိသောအသိတရားအားဖြင့် စိတ်နှလုံးတိုင်းတို့သည် လေးလေးနက်နက်ဖြင့် အသွင်ခတ်နှိပ်မှုရှိသင့်ကြပါသည်။ ဆုတောင်းသောအချိန်နှင့်နေရာတို့သည် အထွတ်အမြတ်သန့်ရှင်းခြင်းရှိရမည်ဖြစ်ပြီး၊ အကြောင်းမှာ ထိုအချိန်၊ ထိုနေရာတွင် ဘုရားသခင်ရှိနေတော်မူခြင်းကြောင့်ဖြစ်သည့်အပြင် ကြည်ညိုမြတ်နိုးစိတ်သည် စိတ်နေသဘောထားနှင့် ကိုယ်နှုတ်အမူအရာတို့တွင် ထင်ရှားပေါ်လွင်နေသည့်အလျောက်၊ ထိုကြည်ညိုမြတ်နိုးစိတ်ကို လှုံ့ဆော်ပေးသည့် ခံစားမှုသည်လည်း လေးနက်မှုရှိလာမည်ဖြစ်သည်။ ဆာလံဆရာကြီးက (ဆာလံ ၁၁၁း၉) တွင်၊ ". . . နာမတော်သည် သန့်ရှင်း၏။ ကြောက်ရွံ့ရိုသေဖွယ်ဖြစ်၏" ဟူ၍ ကြေညာခဲ့ပါသည်။ ကောင်းကင်တမန်များတို့သည်ပင်လျှင် ထိုနာမတော်ကိုပြောဆိုကြသောအခါတွင် မိမိတို့၏မျက်နှာတို့ကို ဖုံးကွယ်ထားကြပါသည်။ ထိုကြောင့် ကျရှုံးသူများဖြစ်သည့်အပြင် အပြစ်များဖြင့်ပြည့်ဝကြသည့် ကျွန်ုပ်တို့အနေဖြင့် ထိုကြောက်ရွံ့ရိုသေဖွယ်ဖြစ်သော ထိုနာမတော်ကိုပြောဆိုကြရာတွင် မိမိတို့၏နှုတ်ခမ်းများတို့ကို တာဝန်ယူရကြပါမည်။

ဘုရားသခင်၏အထူးစံနေတော်မူသောနေရာမျိုးကို မည်ကဲ့သို့မှတ်သားထားသည့်အကြောင်းကို ပြသပေးထားသည့်ကျမ်းစာတော်မြတ်၏စာလုံးများတို့ကို အသက်

ကြီးသူရော၊ ငယ်သူများတို့ကပါ ချင့်ချင့်ချိန်ချိန်ဖြင့် ကောင်းစွာတွေးတောကြံဆရမည့် အချက်ကို အလေးထားလေးစားရကြပါမည်။ ဘုရားသခင်က မောရှေအား မီးလောင် နေသောချုံပုတ်မှနေပြီး၊ (ထွက်မြောက်ရာ ၃း၅) တွင်ဖော်ပြထားသည့်၊ "့ . . သင်၏ခြေနင်းကိုချွတ်လော့။ သင်နင်းသောအရပ်ကား၊ သန့်ရှင်းသောမြေဖြစ်သည်.." အတိုင်း မိန့်တော်မူခဲ့ပါသည်။ ယာကုပ်သည်လည်း ကောင်းကင်တမန်များတို့ကိုမြင်တွေ့ ရသည့်ရူပါရုံကို မြင်တွေ့ခဲ့ရပြီးသည့်နောက်၊ (ကမ္ဘာဦး ၂၈း၁၆၊၁၇) တွင်ဖော်ပြထား သည့် "့ . . အကယ်စင်စစ် ထာဝရဘုရားသည် ဤအရပ်၌ရှိတော်မူ၏။ ရှိတော် မူကြောင်းကိုငါမသိ။. . . ဤအရပ်ကား အခြားမဟုတ်၊ ဘုရားသခင်၏ဘုံဗိမာန်၊ ကောင်းကင်တံခါးဝဖြစ်သည်တကား" အတိုင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။

(ဟဗက္ကုတ် ၂း၂၀) တွင်လည်း၊ "ထာဝရဘုရားမူကား၊ သန့်ရှင်းသောဗိမာန် တော်၌ရှိတော်မူ၏။ မြေကြီးသားအပေါင်းတို့၊ ရှေ့တော်၌ငြိမ်ဝပ်စွာနေကြလော့" ဟူ၍ ဖော်ပြထားပါသေးသည်။

လေးလံဖင့်နွဲ့ပြီး၊ ဆရာလုပ်သည့်စကားလုံးမျိုးပါရှိသည့် ဆုတောင်းချက် များတို့သည် အများသောသူတို့တွင် မသင့်လျော်သောအပြုအမူဖြစ်သည့်အပြင်၊ တလွဲ တချော်ဖြစ်နေပါသည်။ စိတ်အားထက်သန်ပြီး ယုံကြည်ခြင်းပါရှိသည့်ဆက်ကပ် မှုဖြင့် တိုတောင်းသည့်ဆုတောင်းချက်တစ်ခုသည် နာကြားသူတို့၏နှလုံးသားတို့ကို ပျော့ပျောင်းသွားစေသော်လည်း ထိုနာကြားသူတို့သည် ရှည်လျားလှသောဆုတောင်းခြင်း များအတွင်းတွင်မူ စိတ်မရှည်စွာဖြင့်စောင့်နေရကြပြီး၊ ဆုတောင်းသောစကားလုံးများ တိုင်းတို့ကို အဆုံးသတ်မှုများအဖြစ် လိုလားနေကြပါသည်။ အမှုတော်ဆောင်အနေ ဖြင့် "တောင်းကြလော့၊ တောင်းလျှင်ရမည်" ဆိုသည့်ကတိတော်ကို သူ၏ယုံကြည် ခြင်းက ဖမ်းဆုပ်ကိုင်စွဲနိုင်သည်ဟု ခံစားခဲ့ရသည်အထိ၊ သူ၏အခန်းအတွင်း ဘုရားသခင် နှင့်နပန်းလုံးသကဲ့သို့ဖြစ်သော ထိုကဲ့သို့သောဆုတောင်းချက်တစ်ခုကို လုပ်ဆောင်သည့် တစ်ချိန်တည်းတွင် သူသည် လူအများတို့နှင့်ဆုတောင်းသည့်အနေအထားဆီသို့ ရောက်ရှိသွားသည်အလျောက်၊ သူ့အတွက်နှင့်နာကြားသူတို့အတွက်ပါ ကျေးဇူးတော် ကိုရရှိကြရေးအတွက် စိတ်အားထက်သန်မှုနှင့်ယုံကြည်ခြင်းတို့ဖြင့် တောင်းခံပြီးသား ဖြစ်သွားပါသည်။

–၀–



tydkif; (6)

# လက်ထောက်သိုးထိန်း

## ကောင်းသောသိုးထိန်း

အမှုတော်ဆောင်များအားလုံးတို့၏ကြီးကျယ်လှသည့် စံနမူနာဖြစ်တော်မူသည့် သခင်ခရစ်တော်သည် မိမိကိုယ်ကိုမိမိသိုးထိန်းတစ်ဦးအဖြစ် ပုံခိုင်းတော်မူလေ့ရှိခဲ့ပါသည်။ "ငါသည် ကောင်းသောသိုးထိန်းလည်းဖြစ်၏" ဟူ၍ (ယောဟန် ၁၀း၁၁) တွင် ကြေညာတော်မူခဲ့ပြီး၊ ဆက်လက်၍ "ကောင်းသောသိုးထိန်းသည် သိုးတို့အဖို့အလိုငှာ မိမိအသက်ကိုစွန့်တတ်၏" ဟူ၍ မိန့်တော်မူထားခဲ့ပါသည်။ (ယောဟန် ၁၀း၁၄၊၁၅) တွင်လည်း၊ "ငါသည် ကောင်းသောသိုးထိန်းဖြစ်၏။ ခမည်းတော်သည် ငါ့ကိုသိတော် မူ၍၊ ငါသည်လည်း ခမည်းတော်ကိုသိသကဲ့သို့ ငါ၏သိုးတို့ကိုငါသိ၏။ ငါ့သိုးတို့ သည်လည်း ငါ့ကိုသိကြ၏။ ငါသည် ကိုယ်အသက်ကိုသိုးတို့အဖို့အလိုငှာစွန့်၏" ဟူ၍ ဆက်လက်မိန့်တော်မူထားခဲ့ပါသည်။

ကမ္ဘာမြေပေါ်ရှိသိုးထိန်းတစ်ယောက်အနေဖြင့် သူ၏သိုးတို့ကိုသိရှိနေကြသကဲ့ သို့ပင် ဘုန်းတော်ရှင်သိုးထိန်းတော်ကြီးသည်လည်း မြေကမ္ဘာတစ်ပြင်လုံးတွင် ပြန့်ကြဲ နေကြသောသူ၏သိုးစုတော်တို့ကို သိရှိတော်မူပါသည်။ (ယေဇကျေလ ၃၄း၃၁) တွင် လည်း၊ "ငါ၏ကျက်စားရာအရပ်၌ရှိသောငါ့သိုးတို့၊ သင်တို့သည်လူဖြစ်ကြ၏။ ငါသည် လည်း သင်တို့၏ဘုရားသခင်ဖြစ်သည်ဟု အရှင်ထာဝရဘုရားမိန့်တော်မူ၏" ဟူ၍ ဖော်ပြထားပါသေးသည်။

ပျောက်ဆုံးသောသိုးနှင့်ပတ်သက်သည့် ဥပမာပုံဆောင်မှုအကြောင်းတွင် အရေအတွက်အနည်းဆုံးပမာဏဖြစ်သည့် သိုးတစ်ကောင်ကို သိုးထိန်းသည်ရှာဖွေရန် ထွက်သွားခဲ့ပါသည်။ သူ၏သိုးတစ်ကောင်ပျောက်ဆုံးသွားသည်ကို သိရှိရာတွင်လည်း၊ ခြံတွင်းသို့လုံခြုံစွာ သူသွင်းထားပြီးသောသိုးအုပ်စုကို နမော်နမဲ့ဖြင့်သွင်းထားခြင်း မဟုတ်ဘဲ၊ ရေတွက်ရင်းငါ့မှာသိုးကိုးဆယ့်ကိုးကောင်ပဲရှိတော့တယ်။ မျက်စိလည် လမ်းမှားနေတဲ့အကောင်ကိုရှာဖို့က ငါတော်တော်ဒုက္ခခံရဦးမှာပါလား။ သူ့ကိုပြန်လာ ခိုင်းပြီး၊ ငါကသိုးခြံတံခါးကိုဖွင့်ပေးပြီး သူ့ကိုဝင်လာခိုင်းမယ်လေဟူ၍အတွေးဝင်ကာ ပြောဆိုမိခဲ့မည်ဖြစ်သော်လည်း၊ ထိုသို့မလုပ်ခဲ့ပါ။ ထိုသိုးပျောက်ဆုံးသွားခဲ့သည်မှာ

မကြာသေးမီကဖြစ်လောက်သော်လည်း သိုးထိန်းမှာမူ စိတ်သောကဗျာပါရဖြစ်နေခဲ့ပါသည်။ ခြံထဲရှိကိုးဆယ့်ကိုးကောင်သောသိုးတို့ကို ထားရစ်ခဲ့ပြီးနောက်၊ မျက်စိလည်လမ်းမှားရောက်နေသော ထိုသိုးတစ်ကောင်ကိုရှာဖွေရန် ထွက်သွားခဲ့ပါသည်။ မည်သို့ပင်အမှောင်ထုဖုံးလွှမ်းပြီး အဟုန်ပြင်းစွာမုန်တိုင်းထန်ပါစေ၊ မည်သို့ပင်အန္တရာယ်ကြီးမားပြီး မသေချာသောခရီးလမ်းဖြစ်ပါစေ၊ မည်သို့သောရှည်ကြာပြီး ငြီးငွေ့ဖွယ်ကောင်းလှသောရှာဖွေမှုဖြစ်ပါစေ ပျောက်ဆုံးသွားခဲ့သောထိုသိုးကို မတွေ့မချင်းသိုးထိန်းသည် တုံ့ဆိုင်းလေးလံလာခြင်းမရှိခဲ့ပါ။

အဝေးတစ်နေရာမှ မေးမိုန်သောအော်သံကို အဦးဆုံးကြားမိလိုက်သည်နှင့် သူ့အနေဖြင့် စိတ်သက်သာရာရရှိခဲ့ပါသည်။ ထိုအော်သံကြားရသည့်နေရာဆီသို့လိုက်သွားရင်း၊ မြင့်မားမတ်စောက်သည့် တောင်ကုန်းတို့အပေါ်သို့တွယ်တက်လျက်၊ ချောက်ကမ်းပါး၏အစွန်းနားအထိသို့သွားကာ သူ၏အသက်အန္တရာယ်ကိုအမှုမထားဘဲ သွားရောက်ခဲ့ပါသည်။ ထိုကဲ့သို့ရှာဖွေရင်း အားလျော့လာသည့်အော်သံကိုကြားလိုက်ရခြင်းအားဖြင့် သူ၏သိုးကလေးသည် သေဆုံးလုပြီဖြစ်သည့်အခြေအနေသို့ရောက်ရှိလာကြောင်းကို သူ့အားအသိပေးသကဲ့သို့ပင်ဖြစ်ခဲ့ပါသည်။

မျက်စိလည်လမ်းမှားနေသော ထိုသိုးကိုတွေ့ရှိလိုက်ရသည်နှင့် သိုးထိန်းသည် ထိုသိုးကို သူ၏နောက်သို့လိုက်လာရန် အမိန့်ပေးခေါ်ယူခဲ့ပါသလား။ ထိုသိုးကြောင့်သိုးထိန်းသည် စိတ်မသက်မသာဖြစ်ရပြီး၊ သောကဗျာပါရစိတ်ခံစားခဲ့ရမှုအကြောင်းတို့ကိုခံစားရင်း ထိုသိုးကိုကြိမ်းမောင်းခြင်း၊ သို့မဟုတ် ရိုက်နှက်ခြင်း၊ သို့တည်းမဟုတ် သူ၏ထံပါးမှထွက်သွားရန်အတွက် မောင်းထုတ်ခဲ့ပါသလား။ ထိုသို့မဟုတ်ပါ။ သူသည် ခြေကုန်လက်ပန်းကျနေသောထိုသိုးကို သူ၏ပခုံးပေါ်သို့တင်လိုက်ပြီးနောက် သူ၏ရှာဖွေမှုသည် အချည်းနှီးမဖြစ်မှုအတွက် ရွှင်လန်းသောစိတ်ဖြင့်ကျေးဇူးတင်လျက်၊ သိုးခြံသို့ပြန်လာခဲ့ပါသည်။ သူ၏ရွှင်လန်းဝမ်းမြောက်မှုသီချင်းစာသားများတွင် သူ၏ဝမ်းပန်းတသာကျေးဇူးတင်မှုကို တွေ့မြင်နိုင်ပါသည်။ ထို့နောက်တွင် (လုကာ ၁၅း၆) တွင်ဖော်ပြသည့် "မိမိအိမ်သို့ရောက်သောအခါ၊ အဆွေခင်ပွန်းအိမ်နီးနားချင်းများကိုခေါ်၍ ပျောက်သောသိုးကိုငါတွေ့ပြီ။ ငါနှင့်အတူဝမ်းမြောက်ကြလော့" အတိုင်း ဆိုခဲ့ကြောင်းကိုဖော်ပြထားပါသည်။

ထိုကြောင့် ကောင်းသောသိုးထိန်းသည် ပျောက်ဆုံးခဲ့သောအပြစ်သားကိုတွေ့ရှိရသောအခါ၊ ကောင်းကင်သားနှင့်မြေကြီးသားတို့၏ဝမ်းပန်းတသာဖြစ်မှုနှင့် ကျေးဇူး



တော်ကိုချီးမွမ်းခြင်းတို့သည် တညီတညွတ်တည်းဖြစ်ကြပါသည်။ (လုကာ ၁၅း၇) တွင်လည်း ထိုအကြောင်းနှင့်ပတ်သက်ပြီး၊ "ဖြောင့်မတ်၍နောင်တရစရာအကြောင်းမရှိသောသူကိုးဆယ့်ကိုးယောက်တို့၌ ကောင်းကင်သားတို့သည် ဝမ်းမြောက်ခြင်းရှိသည်ထက်၊ နောင်တရသောလူဆိုးတစ်ယောက်၌ သာ၍ဝမ်းမြောက်ခြင်းရှိကြသည်" ဟူ၍ သခင်ခရစ်တော်က မိန့်တော်မူခဲ့ပါသည်။

ကြီးမြတ်တော်မူသောသိုးထိန်းထံတွင် သူ၏သိုးကြီး၊ သိုးငယ်များတို့အားစောင့်ရှောက်ခြင်းအမှုအတွက် ကိုယ်စားလှယ်တော်များအဖြစ် လက်ထောက်သိုးထိန်းများရှိနေတော်မူပါသည်။ (ယောဟန် ၂၁း၁၅) တွင်ဖော်ပြချက်အရ၊ သခင်ခရစ်တော်သည် ရှင်ပေတရုအား ယုံကြည်ခြင်းပြန်လည်ခိုင်မာလာရေးအတွက် ပြန်လည်တည်ထောင်ပေးတော်မူသည့်အနေဖြင့် သူ၏သိုးသငယ်တော်တို့ကို ကျွေးမွေးစေရန် ပထမဦးဆုံးတာဝန်ပေးအပ်တော်မူခဲ့ပါသည်။ ဤအလုပ်သည် ရှင်ပေတရုအနေဖြင့် အနည်းငယ်သောလုပ်ငန်းအတွေ့အကြုံရှိခဲ့ဖူးသည့် အလုပ်တစ်ခုဖြစ်ပါသည်။ ဤအလုပ်သည် ပြုစုစောင့်ရှောက်မှုနှင့်ကြင်နာသနားတတ်မှုစိတ်ထားမျိုး ကြီးကြီးမားမားရှိရန်လိုအပ်ပါသည်။ ဤအလုပ်ကသူ့အား ကလေးသူငယ်များနှင့်လူငယ်လူရွယ်များတို့အတွင်း အမှုတော်ဆောင်ရန်၊ ပျိုရွယ်သူများတို့အား ယုံကြည်ခြင်း၌တည်နေကြရန်အသိတရားနည်းပါးသောသူတို့ကို သင်ကြားပို့ချပေးရန်အပြင်၊ သူတို့အားကျမ်းစာတော်မြတ်ကို ဖတ်ရှုသင်ကြားပေးရန်နှင့် သခင်ခရစ်တော်၏အမှုတော်လုပ်ငန်းတွင် အသုံးဝင်စေရန်အတွက် သူတို့အားပညာပေးစေပါသည်။ ယခင်က ရှင်ပေတရုသည် ဤအလုပ်မျိုးကိုလုပ်ဆောင်ရန် အံဝင်ခွင်ကျမဖြစ်ခဲ့ပါ၊ သို့မဟုတ် ထိုအလုပ်၏အရေးပါမှုကို နားမလည်၍လည်းဖြစ်နိုင်ပါသည်။

သခင်ခရစ်တော်၏ရှင်ပေတရုအားမေးတော်မူခဲ့သောမေးခွန်းသည် အရေးပါလှပါသည်။ သူသည် တပည့်ခံခြင်းနှင့်အမှုတော်ဆောင်ရွက်ခြင်းတို့၏တစ်ခုတည်းသောလိုအပ်ချက်ကိုသာ မိန့်တော်မူခဲ့ပါသည်။ သူကရှင်ပေတရုအား၊ "သင်သည်ငါ့ကိုချစ်သလော" ဟူ၍ မေးမြန်းတော်မူခဲ့ပါသည်။ ဤမေးခွန်းသည် မုချလိုအပ်သည့်အရည်အချင်းပြည့်မီမှုရှိရန် သိရှိနိုင်သည့်မေးခွန်းပင်ဖြစ်ပါသည်။ အခြားသောအရာရာတိုင်းကိုရှင်ပေတရုပိုင်ဆိုင်ထားနိုင်ကောင်းထားနိုင်မည်ဖြစ်သော်လည်း၊ သူသည် သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာမျိုးမထားရှိပါက၊ သခင်ဘုရား၏သိုးတော်စုအပေါ် သစ္စာရှိသောသိုးထိန်းတစ်ယောက်မဖြစ်နိုင်ပါ။ ဗဟုသုတ၊ သဒ္ဓါတရား၊ အဟောအပြောကောင်းမှု၊

ကျေးဇူးသိတတ်မှုနှင့်စိတ်အားထက်သန်မှုတို့သည် ကောင်းမြတ်သောအလုပ်အတွက် အထောက်အကူများဖြစ်ကြသော်လည်း ခရစ်ယာန်အမှုတော်ဆောင်အနေဖြင့် သူ၏နှလုံးသားထဲတွင် ခရစ်တော်၏ချစ်ခြင်းမေတ္တာမျိုးထားရှိခြင်းမရှိပါက ကျရှုံးမှုတစ်ရပ်ကိုသာ ကြုံတွေ့ရပေမည်။

ဂါလိလဲပင်လယ်ပြင်တွင် သူ့အားသခင်ခရစ်တော်ပို့ချပေးတော်မူခဲ့သည့်သင်ခန်းစာကို ရှင်ပေတရုသည် သူ၏အသက်တာတစ်လျှောက်လုံး လက်ကိုင်ထားကာ၊ အမှုတော်ထမ်းရွက်ခဲ့ပါသည်။ သူသည် အသင်းတော်များသို့ သန့်ရှင်းသောဝိညာဉ်တော်၏တို့ထိမှုဖြင့် စာရေးသားပေးပို့ခဲ့ရာ၌ (၁ပေ ၅း၁–၄) တွင်၊ “သင်းအုပ်အရာ၌လည်းကောင်း၊ ခရစ်တော်၏ဆင်းရဲဒုက္ခဝေဒနာကို သိမြင်သောသက်သေအရာ၌လည်းကောင်း ခန့်ထားသောသူ၊ ထင်ရှားစေတော်မူလတ္တံ့သော ဘုန်းအသရေတော်ကိုဆက်ဆံသောသူဖြစ်သော ငါပေတရုသည် သင်တို့တွင်ရှိသော သင်းအုပ်ချင်းတို့ကိုတောင်းပန်ပါ၏။ သင်တို့နှင့်အတူရှိသောဘုရားသခင်၏ သိုးတော်စုကိုထိန်းခြင်းအမှုမှာ အနိုင်ထိန်းရသောကြောင့်မဟုတ်၊ မစင်ကြယ်သောစီးပွားကိုတပ်မက်သောကြောင့်မဟုတ်ဘဲ၊ အလိုလိုစေတနာစိတ်ရှိ၍ ကြည့်ရှုအုပ်ထိန်းကြလော့။ အသီးအသီးအုပ်သောအသင်းတော်တို့ကို အာဏာထား၍အစိုးတရပြုသည်မဟုတ်ဘဲ၊ သိုးတော်စုရှေ့မှာ ပုံသက်သေကိုပြသောသူဖြစ်ကြလော့။ သို့ဖြစ်လျှင် သိုးထိန်းအကြီးပေါ်ထွန်းတော်မူသောအခါ၊ သင်တို့သည် မညှိုးမနွမ်းတတ်သော၊ ဘုန်းကြီးသောပန်းဦးရစ်သရဖူကိုခံရကြလိမ့်မည်” ဟူ၍ဖော်ပြထားပါသည်။

သိုးခြံမှမျက်စိလည်လမ်းမှားသို့ရောက်နေကြသောသိုးတို့ဆိုသည်မှာ အကူအညီအမဲ့ဆုံးသော အားလုံးသောဖန်ဆင်းခံရသောသူများဖြစ်ကြပါသည်။ သူတို့အနေဖြင့် အပြန်လမ်းကိုရှာမတွေ့နိုင်ကြသူများဖြစ်ကြသည်အလျောက် သူတို့ကိုရှာဖွေရကြပါမည်။ ထိုနည်းတူစွာ၊ ဘုရားသခင်ထံတော်ပါးမှ လေလွင့်ထွက်သွားနေသောဝိညာဉ်သည် ပျောက်ဆုံးသောသိုးတစ်ကောင်အလား အကူအညီမဲ့ဖြစ်နေသည့်အလျောက် သူ၏ကယ်တင်ခံရမှုအတွက် ဘုန်းတော်ရှင်၏မေတ္တာတော်သည် သူ့အပေါ်မရောက်ရှိပါက ဘုရားသခင်၏ထံတော်သို့ ပြန်ရောက်သွားနိုင်သည့်လမ်းစကို မည်သည့်အခါမျှတွေ့ရှိနိုင်မည်မဟုတ်ပါ။ ဤတွင် လက်ထောက်သိုးထိန်းအနေဖြင့် ပျောက်ဆုံးနေသောဝိညာဉ်များတို့ကို အမှန်တကယ်ဖြစ်သော သနားကြင်နာစိတ်၊ ဝမ်းနည်းပူဆွေးစိတ်နှင့် မဆုတ်မနစ်ကြိုးပမ်းလိုစိတ်တို့ဖြင့် ရှာဖွေသင့်ပါသည်။ ထိုအချိန်တွင် သူ့အနေဖြင့် မိမိကိုယ်ကို



မိမိချုပ်တည်းခြိုးခြံရခြင်း၊ အခက်အခဲကိုရင်ဆိုင်ရခြင်းနှင့် ဆင်းရဲဒုက္ခကိုခံရခြင်းတို့အတွက် ကြည်ဖြူသောစိတ်ဖြင့် ကြံ့ကြံ့ခံသင့်ပေသည်။

မျက်စိလည်လမ်းမှားပြီးပျောက်ဆုံးနေသောသိုးတို့ကို ရှာဖွေမည်ဆိုပါက၊ သိုးထိန်းအကြီး၏လမ်းညွှန်မှုကို ခံယူကြသောသိုးထိန်းမျိုးတို့ကို လိုအပ်ပါသည်။ ၎င်းစကားလုံး၏ဆိုလိုရင်းမှာ၊ ထိုသိုးထိန်းသည် ကာယပိုင်းဆိုင်ရာနွမ်းနယ်မှုနှင့် သက်သောင့်သက်သာအသက်တာမျိုးကို စွန့်လွှတ်ဆက်ကပ်နိုင်သောသိုးထိန်းမျိုးတို့ကို လိုအပ်ခြင်းပင်ဖြစ်သည်။ ထို့ပြင် မှားယွင်းသောအမှုတွင် ကျရောက်ကြသောသူတို့အတွက် နူးညံ့သိမ်မွေ့သော၊ ကြောင့်ကြမှုမျိုးဖြစ်သည့် ဘုန်းတော်ရှင်၏သနားကြင်နာတော်မူခြင်းနှင့် သည်းခံတော်မူခြင်းကိုပါဆိုလိုပါသည်။ ၎င်းအပြင်၊ မတရားသဖြင့်ခံရမှု၊ ဆင်းရဲမွဲတေမှုတွင်းကျရောက်ရမှု၊ မျှော်လင့်ချက်ကုန်ခန်းရမှုနှင့် ဒုက္ခဝေဒနာခံစားရမှုတို့တွင်ရှိနေကြသော သူတို့၏ကြေကွဲဖွယ်ဇာတ်ကြောင်းပြန်မှုတို့ကို စာနာထောက်ထားသောစိတ်ဖြင့် နားထောင်ပေးနိုင်သောနားတစ်ဖက်ကိုလည်းဆိုလိုပါသည်။

စစ်မှန်သောသိုးထိန်း၏စိတ်ဓာတ်မျိုးတွင် မိမိအကျိုးကိုထည့်သွင်းစဉ်းစားခြင်းမရှိသောစိတ်ဓာတ်မျိုးလည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ သူ့အနေဖြင့် ဘုရားသခင်၏အမှုတော်များတို့ကို လုပ်ဆောင်ရမည်ဖြစ်ခြင်းကြောင့် မိမိ၏ကိုယ်ကျိုးအတွက်ကို မျက်ခြည်အပြတ်ခံနိုင်သူဖြစ်ရပါမည်။ နှုတ်ကပတ်တော်ကိုဟောပြောခြင်းနှင့် လူအများတို့၏အိမ်ထောင်မိသားစုတို့ထံသို့ ကိုယ်ရေးကိုယ်တာအရ အမှုတော်ဆောင်ခြင်းအားဖြင့် ထိုသိုးထိန်းအနေဖြင့် ထိုသူတို့၏လိုအပ်ချက်များ၊ ဝမ်းနည်းပူဆွေးမှုများ၊ သူတို့ရင်ဆိုင်ကြုံတွေ့ရသည့် စစ်ဆေးစုံစမ်းခံရမှုများတို့ကို လေ့လာသိရှိခွင့်ရပြီးသားဖြစ်ကာ၊ ဝန်ကိုထမ်းရွက်ပေးတော်မူသည့် ကြီးမြတ်တော်မူသောပုဂ္ဂိုလ်တော်နှင့်အတူ လက်တွဲဆောင်ရွက်ရင်း ထိုသိုးထိန်းသည် ထိုသူတို့၏ဆင်းရဲခြင်းဒုက္ခတို့ကိုမျှယူခံစားပြီး၊ သူတို့၏ပရိဒေဝဖိစီးခံရမှုတို့ကိုဖြေသိမ့်ပေးကာ၊ သူတို့၏ဝိညာဉ်ရေးဆာလောင်မှုတို့ကို သက်သာရာရစေခြင်းတို့အားဖြင့် သူတို့၏စိတ်နှလုံးတို့ကို ဘုရားသခင်၏ထံတော်ပါးသို့ ရယူပေးနိုင်ကြမည်ဖြစ်သည်။ ဤအမှုအရာတွင် အမှုတော်ဆောင်သည် ကောင်းကင်တမန်တို့၏ဂရုတစိုက်ပါဝင်ကူညီပေးကြခြင်းကိုပါရရှိလာကာ၊ သူ့ကိုယ်၌ကလည်း ကယ်တင်ခြင်းရရှိရေးဆီသို့ ရောက်ရှိသွားစေသည့်ဉာဏ်ပညာမျိုးကို သမ္မာတရားတော်အားဖြင့်ရရှိလာစေရန် ညွှန်ကြားခြင်းခံရပြီး၊ အသိအမြင်ကြွယ်ဝလာစေရန် ဖော်ဆောင်ခြင်းခံလာရမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ထိုလုပ်ဆောင်မှုတွင် တစ်ဦးတစ်ယောက်ချင်း၏ကြိုးပမ်းအားထုတ်မှုသည် ကျွန်ုပ်တို့ခန့်မှန်းထားနိုင်ခဲ့သည့်ပမာဏထက် ပိုမိုသာလွန်၍ပြီးမြောက်သွားနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ဖြစ်ရသည့်အကြောင်းရင်းခံမှာ ပျက်စီးဆုံးပါးသွားကြသည့်ဝိညာဉ်များတို့အား ပြန်လည်ရယူလိုသည့်ဆန္ဒကြောင့်ဖြစ်ပါသည်။ အသက်ဝိညာဉ်တစ်ခု၏တန်ဖိုးကို ကန့်သတ်၊ သတ်မှတ်၍မရနိုင်ကြောင်းနှင့် ၎င်း၏ထိုက်တန်မှုမည်မျှရှိသည်ဆိုခြင်းကို ကရာနိကုန်းတော်ကြီးက ပြောကြားနေပါသည်။ သခင်ခရစ်တော်ထံတော်သို့ အသက်ဝိညာဉ်တစ်ခုကို ပို့ဆောင်ပေးနိုင်ခြင်းသည် အခြားသောအသက်ဝိညာဉ်များတို့ကို ရယူပေးနိုင်ရေးအတွက် အရေးပါလာမည်ဖြစ်ပြီး၊ ၎င်းသည် ကောင်းချီးမင်္ဂလာနှင့်ကယ်တင်ခြင်းတို့၏အစဉ်တိုးတက်မှုရှိသည့် အကျိုးရလဒ်တစ်ခုအဖြစ်ဖြစ်လာပေမည်။

## တစ်ဦးတည်းသာသနာအမှုတော်ဆောင်ခြင်း

များစွာသောအမှုတော်ဆောင်များတို့၏လုပ်ဆောင်မှုများတို့တွင် တရားဟောပြောမှုများ၊ အထူးများပြားလွန်းလှသလောက် စစ်မှန်သည့်ရင်းနှီးပွင့်လင်းသော ဆွေးနွေးပြောဆိုသည့်အလုပ်မျိုးအလွန်နည်းပါးလှပါသည်။ အသက်ဝိညာဉ်များတို့အတွက် ပိုမိုများပြားသည့်ကိုယ်ရေးကိုယ်တာဆောင်ရွက်မှုမျိုး လိုအပ်လှပါသည်။ သခင်ခရစ်တော်၏စာနာထောက်ထားစိတ်နှင့် အလားတူသည့်စိတ်ထားမျိုးဖြင့် အမှုတော်ဆောင်သည် လူတို့ထံသို့ ပုဂ္ဂိုလ်ရေးအနေအထားမျိုးဖြင့်ချဉ်းကပ်ပြီး ထာဝရအသက်၏ကြီးမြတ်သောအရာများတို့အပေါ် စိတ်ဝင်တစားရှိလာကြစေရေးအတွက် နိုးကြားလာကြစေရေးကိုကြိုးပမ်းဆောင်ရွက်သင့်ကြပါသည်။ ထိုသူတို့၏နှလုံးသားများတို့သည် လမ်းကြိတ်စက်ဖြင့် ဖိကြိတ်ခံထားရပြီးသော အဝေးပြေးလမ်းမကြီးအလား မာကျောနေကြပါစေ၊ ထို့အပြင် ကယ်တင်တော်မူသောအရှင်၏အကြောင်းကို သူတို့ထံသို့ယူဆောင်လာပေးခြင်းသည် အလဟဿကြိုးပမ်းအားထုတ်မှုတစ်ရပ်အဖြစ် ထင်မှတ်ခြင်းခံရပါစေ၊ ယုတ်စွအဆုံးဆင်ခြင်တုံတရားသည် စွမ်းဆောင်ရည်မရှိတော့သည့်အပြင် အကျိုးသင့်အကြောင်းသင့်ဆွေးနွေးပြောဆိုမှုများတို့သည်လည်း စွမ်းရည်ကင်းမဲ့သွားကြသည့်တိုင် ပုဂ္ဂိုလ်ရေးဆိုင်ရာအမှုတော်ဆောင်လုပ်ငန်းတွင် သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်သည် ထင်ရှားလာပါက၊ ကျောက်စိုင်ကျောက်ခဲပမာ မာကျောလှသောနှလုံးသားတို့သည် ပျော့ပျောင်း





နူးညံ့လာမည်ဖြစ်သည်အလျောက် သမ္မာတရားတော်၏မျိုးစေ့သည် အမြစ်တွယ်လာနိုင်မည်ဖြစ်သည်။

အမှုတော်ဆောင်ခြင်းလုပ်ငန်းသည် တရားဒေသနာတော်ကိုဟောကြားခြင်းထက်သာလွန်သောအဓိပ္ပါယ်သက်ရောက်ပြီး၊ ၎င်းသည် အလွန်လေးနက်မှုရှိလှသည့် ပုဂ္ဂိုလ်ရေးလုပ်ဆောင်မှုအဖြစ်ဖြင့်လည်း အဓိပ္ပါယ်သက်ရောက်ပါသည်။ ဤကမ္ဘာမြေကြီးပေါ်ရှိ အသင်းတော်ကြီးသည် စိတ်ရှည်သည်းခံခြင်းနှင့် အပတ်တကုတ်လုပ်ရသောအလုပ်မျိုးကို လုပ်ဆောင်နိုင်ရန်လိုအပ်ကြပြီး၊ ယခုလက်ရှိအနေအထားတွင် အမှားမှားအယွင်းယွင်းတို့ဖြင့်အတိပြီးသော အမျိုးသားအမျိုးသမီးများတို့ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။ သူတို့အနေဖြင့် လက်ရှိအသက်တာတွင် လက်သင့်ခံနိုင်သောအနေအထားမျိုးဖြင့် လုပ်ဆောင်နိုင်ကြရေးအတွက် လေ့ကျင့်သင်ကြားမှုခံယူခြင်းနှင့် တပည့်တော်အဖြစ်ခံယူကြခြင်းအားဖြင့် အနာဂတ်အသက်တာတွင် ဘုန်းအသရေတော်နှင့်ထာဝရရှင်သန်ခြင်းသရဖူကို ဆောင်းထားပေးခြင်းခံရကြပေမည်။ ဘုရားသခင်၏လူစုတော်တို့အား အောက်ကျို့ခံမျက်နှာချိုမသွေးသည့်အပြင် ခက်ထန်ကြမ်းကြုတ်သောအပြုအမူမျိုးတို့ဖြင့် ပြုမူဆက်ဆံခြင်းမပြုဘဲ၊ ထိုလူစုတော်တို့ကို အသက်မုန့်ဖြင့်ကျွေးမွေးပေးကာသူတို့၏အသက်တာတို့တွင် သန့်ရှင်းသောဝိညာဉ်တော်၏ပြောင်းလဲခြင်းတန်ခိုးတော်ကို နေ့စဉ်တွေ့သိခံစားရသူများဖြစ်ပြီး၊ သူတို့က ဝန်ဆောင်မှုပေးသော ထိုလူစုတော်တို့အပေါ် တောင့်တင်းခိုင်မာပြီး ကိုယ်ကျိုးမဖက်သည့်ချစ်ခြင်းမေတ္တာမျိုးဖြင့် နှလုံးသွင်းပြုမူဆက်ဆံတတ်သည့် သစ္စာရှိသိုးထိန်းအသင်းအုပ်ဆရာများတို့ကို လိုအပ်ပါသည်။

အသင်းတော်အတွင်း မိတ်ပျက်စေမှု၊ ခါးသီးမှု၊ မနာလိုမရှုဆိတ်ဖြစ်မှုတို့ကိုဖြေရှင်းဖြည့်ဆည်းပေးရန် ခန့်အပ်ခြင်းခံရသောလက်ထောက်သိုးထိန်းတစ်ယောက်အနေဖြင့် လိမ္မာပါးနပ်စွာဖြင့်လုပ်ဆောင်ရမည်ဖြစ်ပြီး အခြေအနေ၊ အကြောင်းခြင်းရာတို့ကိုစနစ်တကျဖြင့်ဖြေရှင်းနိုင်ရန်မှာ သူ့အနေဖြင့် သခင်ခရစ်တော်၏စိတ်ဓာတ်မျိုးဖြင့်ကျင့်ကြံလုပ်ဆောင်ရန် လိုအပ်ပါသည်။ တိကျသောသတိပေးမှုများ လုပ်ဆောင်ရမည်ဖြစ်ပြီး၊ အပြစ်ရှိသူကို အပြစ်ရှိသလိုဆုံးမပဲ့ပြင်ရမည်ဖြစ်ကာ မှားယွင်းသောလုပ်ရပ်များမှ အမှန်လုပ်ရပ်အဖြစ်သို့ရောက်ရှိသွားစေခြင်းတို့ကို တရားဟောစင်မြင့်တွင်လည်းကောင်းပုဂ္ဂိုလ်ရေးလုပ်ဆောင်မှုတွင်ပါ ထိုအမှုတော်ဆောင်က လုပ်ဆောင်ရပါမည်။ ထိန်းရကျောင်းရခက်သော စိတ်ရိုင်းဝင်မှုသည် သတင်းစကားတော်ကိုလက်သင့်မခံဘဲရှိမည်ဖြစ်ပြီး၊ ဘုရားသခင်၏အစေခံသည်လည်း အယူအဆလွဲမှားပြီး အပြစ်ရှာဝေဖန်တတ်

ပါသည်။ ထိုသို့သောအချိန်မျိုးတွင် (ရှင်ယာကုပ် ၃း၁၇၊၁၈) တွင်ဖော်ပြထားသည့်၊ “အထက်မှသက်ရောက်သောပညာမူကား၊ ရှေးဦးစွာစင်ကြယ်၏။ ထိုမှတစ်ပါး၊ အသင့်အတင့်နေတတ်၏။ ဖြည်းညင်းသောသဘောရှိ၏။ သွေးဆောင်လွယ်၏။ ကရုဏာနှင့်လည်းကောင်း၊ ကောင်းကျိုးနှင့်လည်းကောင်း ပြည့်စုံ၏။ လျစ်လျူသောစိတ်ရှိ၏။ လျှို့ဝှက်ခြင်းနှင့်ကင်းစင်၏။ အသင့်အတင့်နေခြင်းငှာ ပြုစုတတ်သောသူတို့သည် ဖြောင့်မတ်ခြင်းတရား၏မျိုးစေ့ကို ငြိမ်သက်စွာကြဲတတ်ကြ၏” ဆိုသည့်အချက်ကို သတိရရပါမည်။

ဇဝံဂေလိဓမ္မအမှုတော်ဆောင်၏အလုပ်မှာ၊ (ဖေက် ၃း၉) တွင်ဖော်ပြထားသည့်၊ “. . . ဘုရားသခင်၌ ရှေးကပ်ကာလပတ်လုံး ဝှက်ထားလျက်ရှိသော ထိုနက်နဲသော အရာနှင့်စပ်ဆိုင်သောသာသနာသည် အဘယ်သို့ဖြစ်သည်ကို လူအပေါင်းတို့အား ထင်ရှားစေခြင်းငှာ . . .” အတိုင်းဖြစ်ပါသည်။ အကယ်၍ ဤအမှုတော်အတွင်း ခြေချလာသည့်သူသည် အနည်းငယ်မျှသောကိုယ်ကျိုးအတ္တကို အပ်နှံဆက်ကပ်မှုတစ်စိတ်တစ်ပိုင်းမျှကိုသာပြုလုပ်ပြီး၊ မိမိကိုယ်ကိုဟောကြားပြောဆိုမှုမျိုးဖြင့်သာ ရောင့်ရဲတင်းတိမ်မှုရှိလျက် တစ်စုံတစ်ယောက်သောသူအား တစ်ဦးတည်းအမှုတော်ဆောင်ရမည့် အလုပ်ကို ပစ်ပယ်လိုက်ပါက ထိုသူ၏ထိုသို့သောလုပ်ရပ်တို့သည် ဘုရားသခင်၏ အထံတော်တွင် လက်ခံနိုင်စရာမရှိပါ။ သခင်ခရစ်တော်က အသေခံတော်မူပေးခဲ့သည့် ပျက်စီးခြင်းသို့ရောက်ရှိကြသော အသက်ဝိညာဉ်များတို့သည် သေချာစွာစီမံညွှန်ကြားမှုကို ခံယူရရှိထားသည့် ပုဂ္ဂိုလ်ရေးလုပ်ကိုင်ဆောင်ရွက်မှုမျိုးကို အလိုရှိကြသော်လည်း၊ အမှုတော်ဆောင်လုပ်ငန်းအတွင်း ဝင်ရောက်လုပ်ကိုင်နေပြီးဖြစ်သော ထိုအမှုတော်ဆောင်သည် မိမိလုပ်ဆောင်ရမည့် ထိုတစ်ဦးတည်းလုပ်ကိုင်ဆောင်ရွက်မှုအလုပ်အပေါ် မှားယွင်းသောသဘောထားရှိကာ၊ သိုးအုပ်စုတို့၏လိုအပ်ချက်များတို့ကိုဖြည့်ဆည်းပေးရသည့် ထိုတစ်ဦးတည်းလုပ်ကိုင်ဆောင်ရွက်မှုမျိုးကို လုပ်ကိုင်ရန်ဆန္ဒမရှိပါ။

သီးနှံလှိုင်လှိုင်ပေါ်သောအချိန်တွင်ရော သီးနှံများတုံးသွားသောအချိန်တို့တွင်ပါ အမှုတော်ဆောင်သည် အသင့်အနေအထားတွင်ရှိနေရမည်ဖြစ်ပြီး ဘုရားသခင်၏အမှုတော်ကို အထောက်အကူပြုပေးသည့်အခွင့်အလမ်းတိုင်းကို တိုးတက်ကောင်းမွန်လာစေရန်နှင့် အခွင့်ကောင်းကိုလက်မလွှတ်တမ်းအသုံးချနိုင်ရေးအတွက် အဆင်သင့်ရှိနေရပါမည်။ “သီးနှံလှိုင်လှိုင်ပေါ်ချိန်တွင် အသင့်အနေအထား” ရှိရန်ဆိုသည်မှာ နေရာထိုင်ခင်းအတွက် အခွင့်ကောင်းကိုလက်မလွှတ်ရရန်နှင့် ဝတ်ပြုကိုးကွယ်မှုအတွက် အချိန်



ရရှိရေးတို့ကို နိုးနိုးကြားကြားဖြင့် သတိအနေအထားတွင်ရှိရမည့်အပြင်၊ လူအများတို့သည် ဘာသာရေးအပိုင်းနှင့်ပတ်သက်သည့်အကြောင်းအရာတို့ကို စကားလက်ဆုံကျကြသည့် အချိန်များရောက်ရှိလာချိန်အတွက်ကိုပါ နိုးကြားသည့်သတိဖြင့် ရှိနေရကြမည်ကိုဆိုလိုပါသည်။ “သီးနှံတုံးသွားသောအချိန်တွင် အသင့်အနေအထား” ရှိရန်ဆိုသည်မှာ အမှုတော်ဆောင်သည် စိုက်ခင်းအတွင်းရှိ မီးလင်းဖိုနားတွင်ရှိနေစဉ်တွင်လည်းကောင်း၊ ဈေးအတွင်းလမ်းဘေးတွင်ရှိနေချိန်၌လည်းကောင်း သမ္မာကျမ်းစာတော်၏ကြီးမြတ်သည့် အဓိကဆိုလိုချက်များဆီသို့ လူများတို့၏စိတ်သဘောတို့ကို ပြောင်းလဲသွားစေရာတွင် ဘုရားသခင်၏တောင်းခံတော်မူချက်များကို သိရှိကြစေရန်အတွက် သူတို့အား ကြင်နာသနားစိတ်နှင့်ထက်သန်သောစိတ်ဓာတ်တို့ဖြင့် အသိပေးဆော်ဩတိုက်တွန်းရပါမည်။ တိုးတက်မှုမရှိခြင်းကြောင့် များစွာသောထိုကဲ့သို့သောအခွင့်အလမ်းမျိုးများတို့ကို လက်လွှတ်ခံလိုက်ရသည့်အနေအထားမျိုးရှိတတ်ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာလည်း ထိုအချိန်ကာလသည် အကျိုးဖြစ်ထွန်းမှုမရှိနိုင်သည့် “သီးနှံတုံးသောအချိန်ကာလ” ဖြစ်သည်ဟု လူအများတို့က သွေးဆောင်၊ အယုံသွင်းခံရသောကြောင့်ဖြစ်ပါသည်။ သို့သော်လည်း တာဝန်သိစိတ်မျိုးဝင်ရောက်လာစေသည့် အမြော်အမြင်ရှိသောဆွဲဆောင်မှုတစ်ခု၏အကျိုးသက်ရောက်မှုသည် မည်သည့်အရာဖြစ်သည်ဆိုခြင်းကို မည်သူကသိရှိပါသနည်း။ (ဒေသနာ ၁၁း၆) တွင် “နံနက်အချိန်၌မျိုးစေ့ကိုကြဲလော့။ ညဦးအချိန်၌လည်း မကြဲဘဲမနေနှင့်။ အကြောင်းမူကား၊ အဘယ်အရာသည် အကျိုးရှိမည်ကိုလည်းကောင်း၊ နှစ်ပါးစလုံးသည် အညီအမျှအကျိုးရှိမည်ကိုလည်းကောင်း မသိနိုင်” ဟူ၍ဖော်ပြထားပါသည်။ သမ္မာတရားတော်၏မျိုးစေ့တို့ကို စိုက်ပျိုးသောသူသည် ပင်ပန်းနွမ်းနယ်သောစိတ်ဆင်းရဲမှုကို ခံစားရမည်ဖြစ်ပြီး၊ တစ်ခါတစ်ရံတွင် သူ၏ကြိုးပမ်းအားထုတ်မှုတို့သည် မည်သည့်အကျိုးရလဒ်မျိုးမျှ ဖြစ်ထွန်းမှုမရှိသကဲ့သို့ဖြစ်တတ်ပါသည်။ သို့သော်လည်း သူ့အနေဖြင့် သစ္စာစောင့်သိပါက၊ သူ၏လုပ်ဆောင်မှုသည် (ဆာလံ ၁၂၆း၆) တွင်ဖော်ပြထားသည့်၊ “မျက်ရည်ကျလျက်ကြဲရန်မျိုးစေ့ကိုဆောင်၍ထွက်သွားသောသူသည် ကောက်လှိုင်းများကိုဆောင်လျက် ရွှင်လန်းသောစိတ်နှင့်အမှန်ပြန်လာလိမ့်မည်” ဆိုသည့်အတိုင်း၊ အသီးကိုသူမြင်တွေ့ရပါလိမ့်မည်။

## အိမ်ထောင်မိသားစုများထံသို့အလည်အပတ်သွားရောက်ခြင်း

တရားဟောစင်မြင့်ပေါ်မှနေပြီး အမှုတော်ဆောင်တစ်ယောက်သည် ဇဝံဂေလိသတင်းစကားကို ဝေငှသောအချိန်သည် သူ၏အလုပ်ကိုစတင်လုပ်ဆောင်ရုံမျှသာရှိပါ

သေးသည်။ သူသည် တစ်ဦးတည်းဆိုင်ရာအလုပ်ကို လုပ်ဆောင်ရန်ရှိပါသည်။ လူများတို့၏အိမ်ထောင်မိသားစုများထံသို့ အလည်အပတ်သွားရောက်သင့်ပြီး သူတို့နှင့်အတူ စိတ်အားထက်သန်မှုနှင့် နှိမ့်ချသောသဘောတို့ဖြင့် စကားစမြည်ပြောပြီးဆုတောင်းပေးရပါမည်။ များစွာသောမိသားစုများတို့သည် ဘုရားသခင်၏ကျေးဇူးတော်ဘဏ္ဍာတော်ထိန်းတို့က သူတို့၏အိမ်ထောင်မိသားစုများတို့ထံသို့ဝင်ရောက်သွားပြီး ပိုမိုမြင့်မားသည့်လမ်းခရီးတော်ကို ညွှန်ပြပေးခြင်းမရှိကြပါက၊ ထိုမိသားစုများတို့ထံသို့ ဘုရားသခင်၏နှုတ်ကပတ်တော်၏သမ္မာတရားတော်များတို့သည် မည်သည့်အခါမျှရောက်ရှိသွားမည်မဟုတ်ပါ။ သို့သော်လည်း ဤအလုပ်ကိုလုပ်ဆောင်ကြသော သူတို့၏နှလုံးသားများတို့၏ခုန်နှုန်းသည် သခင်ခရစ်တော်၏နှလုံးသားတော်၏ခုန်နှုန်းနှင့် ထပ်တူကျရပါမည်။

(လုကာ ၁၄း၂၃) တွင်ဖော်ပြထားသည့်၊ ". . . မြို့ပြင်၊ လမ်းမ၊ ခြံနားသို့သွားဦးလော့။ ငါ့အိမ်ကိုပြည့်စေခြင်းငှာ အနိုင်အထက်ခေါ်သွင်းလော့" ဆိုသည့် စေခိုင်းတော်မူချက်ကို လူအများတို့က နားလည်သဘောပေါက်ကြပါသည်။ ကျွန်ုပ်တို့၏အမှုတော်ဆောင်များတို့အနေဖြင့် မိသားစုများအတွင်း သမ္မာတရားကိုသင်ကြားပို့ချပေးပြီး၊ သူတို့အမှုတော်ဆောင်နေကြသောသူတို့ထံသို့ နီးကပ်သည်ထက်နီးကပ်အောင် လုပ်ဆောင်စေကာ၊ ထိုနည်းအားဖြင့် သူတို့အား ဘုရားသခင်နှင့်အတူ ပူးပေါင်းဆောင်ရွက်သည့်အနေအထားသို့ ရောက်ရှိလာကြသည့်အလျောက် သူတို့အားဘုရားသခင်က ဝိညာဉ်တော်တန်ခိုးဖြင့် ဝတ်ဆင်ပေးတော်မူမည်ဖြစ်သည်။ ထိုအမှုတော်ဆောင်တို့အား၊ သခင်ခရစ်တော်သည် သူတို့၏အလုပ်အတွင်းတွင်ပင် လမ်းညွှန်ပေးတော်မူမည့်အပြင်၊ နာကြားသူတို့၏နှလုံးသားများအတွင်း နက်ရှိုင်းစွာနစ်ဝင်သွားစေမည့် နှုတ်ထွက်စကားလုံးများတို့ကို သူတို့အားပေးသနားတော်မူမည်ဖြစ်သည်။

အမှုတော်ဆောင်တစ်ယောက်စီတိုင်းတို့သည် ရှင်ပေါလုဩဝါဒပေးခဲ့သောစကားအတိုင်း၊ ပြောဆိုပိုင်ခွင့်ရခြင်းသည် အခွင့်ကောင်းပင်ဖြစ်ပါသည်။ ထိုဩဝါဒစကားကို ရှင်ပေါလုက (တမန်တော် ၂၀း၂၇) တွင်၊ "ဘုရားသခင်၏အလိုတော်ကိုသင်တို့အားအကုန်အစင်ဟောပြောပြသခြင်းအမှုကို ငါသည် မလွှဲမရှောင်ဘဲပြုခဲ့ပြီ" ဟူ၍လည်းကောင်း၊ (တမန်တော် ၂၀း၂၀၊၂၁) တွင်လည်း၊ "သင်တို့အကျိုးပြုစရာတစ်စုံတစ်ခုကိုမျှ ငါမထိမ်မဝှက်၊ လူစုဝေးရာ၌လည်းကောင်း၊ အိမ်များ၌လည်းကောင်း သင်တို့အားဟောပြော၍ဆုံးမ၍ဩဝါဒပေးသဖြင့် ဘုရားသခင်ရှေ့၌ နောင်တရခြင်းတရား



ကိုလည်းကောင်း၊ ငါတို့သခင်ယေရှုခရစ်ကို ယုံကြည်ခြင်းတရားကိုလည်းကောင်း၊... သက်သေခံသည်အကြောင်းအရာကို သင်တို့သိကြ၏" ဟူ၍လည်း ဩဝါဒပေးခဲ့ပါသည်။

ကျွန်ုပ်တို့၏ကယ်တင်တော်မူသောအရှင်သည် တစ်အိမ်ဝင်တစ်အိမ်ထွက်ဖြင့်သွားရောက်တော်မူခဲ့ရင်း၊ ဖျားနာကြသောသူတို့ကို သက်သာပျောက်ကင်းတော်မူစေခဲ့ပြီး ကြေကွဲဝမ်းနည်းကြသောသူတို့ကို ဖြေသိမ့်ပေးတော်မူကာ၊ စိတ်ပျက်လက်ပျက်ဖြစ်နေကြသောသူတို့အတွက် ငြိမ်သက်ခြင်းချမ်းသာအကြောင်းကို မြွက်ကြားပေးတော်မူခဲ့ပါသည်။ ငယ်ရွယ်သောကလေးသူငယ်လူမမယ်ကလေးများတို့ကို သူ၏လက်ရုံးတော်များဖြင့်ထွေးပိုက်ပြီး၊ ကောင်းချီးပေးတော်မူကာ မွန်းကျပ်မှုကိုခံစားနေရကြသည့်မိခင်များတို့အားလည်း မျှော်လင့်ခြင်းနှင့်ဖြေသိမ့်စရာစကားလုံးတို့ဖြင့် မိန့်ကြားတော်မူခဲ့ပါသည်။ သူသည် စွဲမြဲသောကြင်နာသနားတတ်မှုနှင့် နူးညံ့သိမ်မွေ့ခြင်းများတို့ဖြင့် ဒုက္ခသုက္ခရောက်နေကြသူများနှင့် ဝေဒနာခံစားရကြသောသူတို့အတွက် တော်လျော်သောသွင်ပြင်တိုင်းဖြင့် ဖြည့်ဆည်းပေးတော်မူခဲ့ပါသည်။ ထိုကဲ့သို့လုပ်ဆောင်တော်မူခဲ့ခြင်းသည် မိမိကိုယ်ပိုင်အကျိုးအတွက်မဟုတ်မူဘဲ အခြားသောသူတို့အတွက်သာဖြစ်ပါသည်။ သူသည် အားလုံးသောသူတို့အတွက် အစေခံဖြစ်တော်မူခဲ့ပါသည်။ သူထိတွေ့တော်မူခဲ့သည့်လူအားလုံးတို့အား မျှော်လင့်ချက်နှင့်ခွန်အားတို့ကို ယူဆောင်လာပေးခြင်းသည် သူ့အတွက်စားစရာအသားနှင့် သောက်စရာအရည်တို့ပင်ဖြစ်ပါသည်။ ဂျူးဘာသာရေးခေါင်းဆောင်များတို့၏စိတ်နှလုံးများအတွင်းမှ ပွင့်ထွက်လာကြသည့်၊ ရိုးရာထုံးတမ်းဓလေ့များနှင့် တရားသေဝါဒဆိုင်ရာပို့ချချက်များနှင့် အမျိုးသားများရော၊ အမျိုးသမီးများတို့က နာကြားခဲ့ကြသည့် သခင်ခရစ်တော်၏နှုတ်ခမ်းသားများတို့မှ ထွက်ပေါ်လာကြသည့်သမ္မာတရားတော်များတို့သည် အထူးကွဲပြားခြားနားမှုရှိကြပါသည်။ သူ၏သွန်သင်တော်မူချက်များတွင် ယုံကြည်ခြင်းကိုခိုင်မြဲစေသည့် တန်ခိုးတော်အားဖြင့် လိုရာသို့တန်းတန်းမတ်မတ်ဦးတည်ရောက်ရှိစေသည့် အထူးစိတ်အားထက်သန်မှုမျိုးပါရှိပါသည်။

ကျွန်ုပ်အနေဖြင့် ကျွန်ုပ်၏အမှုတော်ဆောင်ဖော်ဆောင်ဖက် ညီအစ်ကိုများတို့ကိုပြောလိုသည်မှာ လူအများတို့ရှိနေကြသည့်နေရာများဆီသို့ ပုဂ္ဂိုလ်ရေးဆိုင်ရာအလုပ်သဘောမျိုးဖြင့် အရောက်သွားရောက်စေလိုပါသည်။ သူတို့နှင့်အကျွမ်းတဝင်ဖြစ်သည်အထိလုပ်ဆောင်ပါ။ ဤအလုပ်သည် သင့်အစားအခြားသောသူကို ကိုယ်စားပြုစေလွှတ်လုပ်ဆောင်စေခြင်းဖြင့် မပြီးမြောက်နိုင်ပါ။ ငွေကြေးချေးပေးခြင်း၊ သို့မဟုတ် ပေးကမ်းခြင်းအားဖြင့်လည်း ဤအလုပ်မပြီးမြောက်နိုင်ပါ။ တရားဟောစင်မြင့်ပေါ်မှနေပြီး တရား

ဟောပြောခြင်းများတို့ကလည်း ဤအလုပ်ကိုမဆောင်ကြဉ်းပေးနိုင်ပါ။ မိသားစုများအတွင်း ကျမ်းစာတော်မြတ်အကြောင်းကို သင်ကြားပို့ချပေးခြင်းဆိုသည်မှာလည်း ဧဝံဂေလိသတင်းစကားဟောပြောသူ၏အလုပ်ဖြစ်သည်အလျောက်၊ ဤအလုပ်မျိုးသည် တရားဟောပြောခြင်းအလုပ်ဖြင့်ပေါင်းစည်းရပါမည်။ ဤလုပ်ဆောင်ရမည့်အရာများတို့သည် ပျက်ကွက်မှုရှိကြပါက တရားဒေသနာဟောပြောမှုသည် ကြီးမားသည့်တိုးတက်ကျယ်ပြန့်မှုတစ်ခုဖြစ်လာနိုင်သကဲ့သို့ ဆုံးရှုံးမှုတစ်ရပ်အဖြစ်သို့လည်း ရောက်ရှိသွားနိုင်ပေသည်။

သမ္မာတရားတော်ကို ကြိုးပမ်းရှာဖွေနေကြသည့်သူတို့အနေဖြင့် စာတန်မာရ်နတ်က သူ၏စုံစမ်းနှောင့်ယှက်မှုများတို့အားဖြင့် သူတို့အားစကားစမြည်ပြောဆိုနေသည့်အလျောက်၊ သီးနှံလှိုင်လှိုင်ပေါ်ချိန်ကာလတွင် သူတို့ထံသို့နတ်ကပတ်တော်များတို့ကို အသိပေးပြောပြပေးရန်လိုအပ်ကြပါသည်။ အသက်ဝိညာဉ်တို့ကို ကူညီရန်ကြိုးစားနေချိန်တွင် အကယ်၍သင်သည် အတိုက်အခိုက်ဖြင့်ကြုံတွေ့လာရပါက၊ ၎င်းအတိုက်အခိုက်ကို ဂရုမစိုက်ပါနှင့်။ အကယ်၍သင်၏အလုပ်တွင်းမှ ကောင်းသောအကျိုးရလဒ်အနည်းငယ်မျှသာ ပေါ်ထွက်လာဟန်ရှိပါသော်လည်း စိတ်ဓာတ်မကျပါနှင့်။ ဆက်လုပ်ပါ။ ပိပိရိရိနေပြီး အပြောအဆိုလိမ္မာသိုသိပ်ပါ။ မည်သည့်အချိန်တွင် စကားပြောရပြီး၊ မည်သည့်အချိန်တွင်နှုတ်ဆိတ်ရမည်ဆိုခြင်းကိုသိထားပါ။ ထို့ပြင် စစ်ကြောခြင်းကိုခံရနိုင်သည့် အသက်ဝိညာဉ်များတို့ကို ဂရုတစိုက်စောင့်ကြည့်ရင်း၊ သင်၏တာဝန်မှနေပြီး သင့်အနေဖြင့် သွေဖည်မသွားစေရေးအတွက် စာတန်မာရ်နတ်၏ ပရိယာယ်လှည့်ကွက်ကို ဂရုစိုက်စောင့်ကြည့်ပြီး သတိထားပါ။ အခက်အခဲများတို့က သင့်အားစိတ်ပျက်အားလျော့စေပြီး၊ ခြိမ်းခြောက်စေနိုင်သည့်အနေအထားမျိုးကို ခွင့်မပြုပါနှင့်။ ခိုင်မာသောယုံကြည်ခြင်းနှင့် ပြောင်မြောက်သောရည်ရွယ်ချက်တို့ဖြင့် အခက်အခဲများတို့ကို ရင်ဆိုင်ကျော်လွှားပစ်ပါ။ မျိုးစေ့ကိုယုံကြည်ခြင်းဖြင့်အပြင်၊ ရက်ရောသောလက်တစ်ဖက်တို့ဖြင့်စိုက်ပျိုးပါ။

သင်သွားရောက်လည်ပတ်တွေ့ဆုံသောသူတို့အပေါ် သင်ပြသသောအပြုအမူသည် အဓိကကျလှပါသည်။ လူတစ်ယောက်အား သူ၏သင့်အပေါ်ယုံကြည်စိတ်ချမှုရှိစေသော ပျူငှာသည့်နှုတ်ခွန်းဆက် လက်ဆွဲနှုတ်ဆက်ရမည်ဖြစ်ပြီး၊ ထိုသို့မဟုတ်မူဘဲ အေးတိအေးစက်အမူအရာမျိုးဖြင့်နှုတ်ဆက်မည်ဆိုပါက သူ့အပေါ်သင်က စိတ်ဝင်စားမှုမရှိသည့်အထင်မျိုး ခံစားမိလိမ့်မည်ဖြစ်သည်။



မရှိဆင်းရဲသားထံသို့ သွားရောက်ထိတွေ့သောအခါတွင်လည်း ကျွန်ုပ်တို့သည် ကရုဏာသက်ဟန်အထက်စီးမှ ပြုစုဆက်ဆံခြင်းကိုမလုပ်ဆောင်သင့်ပါ။ သူတို့သည်လည်း ဘုရားသခင်၏မျက်မှောက်တော်တွင် ကျွန်ုပ်တို့ကဲ့သို့ပင်အဖိုးထိုက်လှပြီး၊ ကျွန်ုပ်တို့အနေဖြင့် ထိုသူတို့အား ကျွန်ုပ်တို့ကဲ့သို့ပင်အဖိုးထိုက်လှကြောင်း သဘောထားသည့်အပြုအမူမျိုးကို ပြသရကြပါမည်။ ကျွန်ုပ်တို့၏ဝတ်စားဆင်ယင်မှုသည် ရိုးစင်းပြီး၊ သာမန်မျှသာရှိခြင်းအားဖြင့် မရှိဆင်းရဲသားထံသို့ ကျွန်ုပ်တို့သွားရောက်လည်ပတ်ကြပါက သူတို့အနေဖြင့် ကျွန်ုပ်တို့၏ဝတ်ဆင်ထားမှုသွင်ပြင်နှင့် သူတို့၏ဝတ်ဆင်မှုသွင်ပြင်ကွာဟမှုအပေါ် အားငယ်စိတ်ဝင်ပြီး၊ ကသိကအောက်ဖြစ်မိကြပေမည်။ မရှိဆင်းရဲသားတို့ထံတွင် ဝမ်းမြောက်မှုသည် အကန့်အသတ်ဖြင့်သာရှိနေတတ်လေ့ရှိပြီး၊ သူတို့၏အိမ်ထောင်မိသားစုတို့ထံသို့ ဘုရားသခင်၏အမှုတော်ဆောင်များတို့သည် အလင်းတရားတော်၏ရောင်စဉ်တန်းများတို့ကို အဘယ်ကြောင့်မသယ်ဆောင်သင့်ကြပါသနည်း။ ကျွန်ုပ်တို့သည် သခင်ယေရှု၏နူးညံ့သိမ်မွေ့သော၊ စာနာထောက်ထားစိတ်မျိုးရှိကြရန်လိုအပ်ပြီး ထိုနောက်တွင်မှ ကျွန်ုပ်တို့သည် နှလုံးသားများတို့ဆီသို့ရောက်ရှိသည့်လမ်းကြောင်းကို ကြိုးပမ်းရယူနိုင်ကြပါမည်။

## သိုးထိန်း၏လုပ်ငန်းဆောင်တာ

စစ်မှန်သောသိုးထိန်းတစ်ဦးသည် သိုးအုပ်တို့နှင့်ဆက်နွယ်မှုရှိသည့် ကျွေးမွေးခြင်း၊ ထိန်းကျောင်းလမ်းညွှန်ခြင်းနှင့်ကာကွယ်စောင့်ရှောက်ခြင်း စသည့်အလုပ်အားလုံးတို့အပေါ်တွင် စိတ်ဝင်တစားရှိရပါမည်။ သူ့အနေဖြင့် ကြီးမားသောဉာဏ်ပညာရှိသည့်သွင်ပြင်မျိုးပြသရမည်ဖြစ်ပြီး၊ အားလုံးတို့အတွက် သိမ်မွေ့သည့်စာနာထောက်ထားမှုမျိုးကို ပြသရမည့်အပြင်၊ အထူးသဖြင့် သွေးဆောင်ဖြားယောင်းခြင်းခံရသူများ၊ ဒုက္ခဖိစီးမှုခံရသူများတို့နှင့် မျှော်လင့်ချက်ကုန်ဆုံးနေကြသောသူများတို့အတွက်ဖြစ်ပါသည်။ (မဿဲ ၂၀း၂၇၊၂၈) တွင် "လူသားသည် သူတစ်ပါးကိုစေစားခြင်းငှာမလာ၊ သူတစ်ပါးအစေကိုခံခြင်းငှာလည်းကောင်း၊ မိမိအသက်ကိုစွန့်၍ လူများကိုရွေးခြင်းငှာလည်းကောင်း ကြွလာသည်. . . " ဟူ၍ဖော်ပြထားပြီး၊ တစ်ဖန် (ယောဟန် ၁၃း၁၆) တွင်လည်း၊ "ငါအမှန်အကန်ဆိုသည်ကား၊ ကျွန်သည် သခင်ထက်ကြီးမြတ်သည်မဟုတ်၊ တမန်

သည်လည်း စေလွှတ်သောသူထက် သာ၍ကြီးမြတ်သည်မဟုတ်" ဟူ၍ ဖော်ပြထားပါသေးသည်။ ထို့ပြင် (ဖိလိပ္ပိ ၂း၇) တွင် ရှင်ပေါလုက၊ "(ယေရှုခရစ်) သည် မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဌာန်ကိုယူဆောင်လျက် လူကဲ့သို့သောအဖြစ်၌ဖွားမြင်ခြင်းကိုခံတော်မူ၏" ဟူ၍ဩဝါဒပေးခဲ့ပါသေးသည်။ ဆက်လက်၍ ရှင်ပေါလုကပင် (ရောမ ၁၅း၁–၃) တွင်လည်း၊ "သို့ဖြစ်၍ အားရှိသောငါတို့သည် ကိုယ်အလိုသို့မလိုက်၊ အားနည်းသောသူတို့၏အားနည်းခြင်းကို သည်းခံရကြမည်။ ထိုသို့ငါတို့ရှိသမျှသည် ကိုယ်နှင့်စပ်ဆိုင်သောသူ၏အကျိုးကိုထောက်၍ သူ့ကိုတည်ဆောက်စေခြင်းငှာ သူ၏အလိုသို့လိုက်ကြကုန်အံ့။ အကြောင်းမူကား၊ ခရစ်တော်သည် ကိုယ်အလိုသို့မလိုက်။ ကျမ်းစာလာသည်အတိုင်း ကဲ့ရဲ့ခြင်းကိုခံတော်မူ၏။ ကိုယ်တော်ကိုကဲ့ရဲ့သောသူတို့၏စကားသည် အကျွန်ုပ်အပေါ်သို့ရောက်ပါ၏ဟု ကျမ်းစာလာသတည်း" ဟူ၍ ဩဝါဒပေးထားခဲ့သည်ကို တွေ့ရှိရပါသည်။

များသောအားဖြင့် လုပ်ဆောင်သူတစ်ယောက်သည် သူ၏ပံ့ပိုးကူညီမှုကို အလွန်လိုအပ်နေကြသောသူတို့နှင့် အနီးကပ်ဆက်ဆံမှုမရှိခြင်းကြောင့် သူ၏အလုပ်တွင် ကျရှုံးမှုနှင့်ကြုံတွေ့ရပါသည်။ သူ၏လက်ထဲတွင် သမ္မာကျမ်းစာကိုလက်ကိုင်ထားရင်း၊ "သမ္မာတရားဆိုတာဘာလဲ" ဆိုသည့်အချက်ကို မေးမြန်းလိုစိတ်ရှိနေကြသူတို့ထံသို့ ရည်မှန်းသောသွင်ပြင်အနေအထားဖြင့် ကြိုးပမ်းသွားရောက်ရပါမည်။ သူတို့အား စာသင်ကျောင်းတစ်ကျောင်းရှိ ကျောင်းသားများကဲ့သို့သဘောထားပြီး၊ သူတို့အားဂရုတစိုက်နှင့်သိမ်သိမ်မွေ့မွေ့ဖြင့်ဦးဆောင်ပြီး ပညာပေးရပါမည်။ များစွာသောသူတို့က မှန်ကန်သည်ဟု အချိန်ကြာမြင့်စွာကပင် ယုံကြည်ထားခဲ့သည့်အတွေးအခေါ်များကို သင်ကြားရယူလိုခြင်းမရှိကြပါ။ သမ္မာကျမ်းစာဆိုင်ရာအကြောင်းအရာများတို့နှင့်ပတ်သက်ပြီး ထင်မြင်ယူဆမှုမှားယွင်းနေခဲ့ကြကြောင်းကို သူတို့က အခိုင်အမာယုံကြည်လာကြသောအခါ၊ သူတို့သည် ဗဝေဗဝါဖြစ်မှုနှင့်သံသယစိတ်များတို့အတွင်း ခေါင်းမဖော်နိုင်လောက်ကြသည်အထိ ဖြစ်နေကြပါသည်။ သူတို့သည် အသိမ်မွေ့ဆုံးသော စာနာထောက်ထားစိတ်နှင့် အမြော်အမြင်အရှိဆုံးသောအကူအညီမျိုးတို့ကို လိုအပ်ကြသည့်အပြင်၊ သူတို့ကိုဂရုတစိုက်ပုံစံမျိုးဖြင့် လုပ်ဆောင်ရသောညွှန်ကြားမှုမျိုးကို ပေးရကြမည်ဖြစ်ကာ၊ သူတို့အတွက်ဆုတောင်းပေးရမည်ဖြစ်ပြီး သူတို့နှင့်အတူတကွဆုတောင်းပေးလျက်၊ ကြင်နာမှုအရှိဆုံးသော စိုးရိမ်ကြောင့်ကြစိတ်မျိုးဖြင့် စောင့်ကြည့်၍ကာကွယ်ပေးထားရပါမည်။





အသက်ဝိညာဉ်များတို့ကို ကယ်တင်ခြင်းအမှုတော်တွင် သခင်ခရစ်တော်နှင့်အတူတကွ ပူးတွဲလုပ်ဆောင်သူတစ်ယောက်ဖြစ်ရခြင်းသည် ကြီးမားလှသည့်အခွင့်ထူးတစ်ရပ်ပင်ဖြစ်ပါသည်။ လူတစ်ယောက်၏ကျရှုံးနေသောအခြေအနေမျိုးတွင် ထိုလူထံသို့ရောက်ရှိရေးကြိုးပမ်းတော်မူခဲ့ရာတွင်လည်းကောင်း၊ ထိုသူအား အပြစ်တရား၏အကျိုးဆက်များမှ ကယ်ဆယ်တော်မူခဲ့ရန်အတွက် သခင်ခရစ်တော်သည် စိတ်ရှည်သည်းခံခြင်းအပြင်၊ ကိုယ်ကျိုးအတ္တကင်းစွာဖြင့် အားထုတ်တော်မူခဲ့ပါသည်။ သူ၏နှုတ်တော်ထွက်တို့ကို သင်ကြားပို့ချပေးကြသည့် သူ၏တပည့်တော်များတို့အနေဖြင့် သူတို့၏မဟာစံပြနမူနာတော်ကြီးနှင့် အနီးစပ်နိုင်ဆုံးသောအတုခိုးမှုကို ပြုလုပ်ရကြပါမည်။

အကြိမ်များများဆုတောင်းခြင်းနှင့် အမြော်အမြင်ရှိလှသည့်လုပ်ဆောင်မှုမျိုးတို့သည် နယ်သစ်ပယ်ပစ်များသို့ ဝင်ရောက်အမှုတော်ဆောင်ရွက်ခြင်းတွင် လိုအပ်လှပါသည်။ တရားဒေသနာတော်ကိုဟောပြောနိုင်သောသူများဖြစ်ရုံသာမက ဘုရားတရားကြည်ညိုခြင်း၏လျှို့ဝှက်ဆန်းကြယ်မှုအကြောင်းကို လက်တွေ့ခံစားသိရှိရသည့်အသိဉာဏ်မျိုးရှိကြပြီး၊ လူအများတို့၏လတ်တလောလိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ကြကာ မိမိတို့သည် သခင်ယေရှု၏အစေခံကျွန်များဖြစ်ရကြသည့်၊ အရေးပါသည့်မိမိတို့၏အနေအထားတို့ကို အသိတရားကိန်းအောင်းထားနိုင်ကြသည့်အပြင် သခင်ခရစ်တော်က မိမိတို့အားပို့ချတော်မူခဲ့သည့် ကပ်တိုင်တော်ကိုမည်ကဲ့သို့ထမ်းရွက်ရမည်ဆိုသည့်သင်ကြားမှုအတိုင်း ထိုကပ်တိုင်တော်ကို ရွှင်လန်းသောစိတ်မျိုးဖြင့် သယ်ပိုးကြမည့်သူများတို့ကို ထိုနယ်သစ်ပယ်သစ်က အလိုရှိနေပါသည်။

အသင်းအုပ်ဆရာတစ်ယောက်အနေဖြင့် သူ၏အသင်းတော်ရှိလူတို့နှင့် တစ်သားတည်းဖြစ်အောင် ရင်းရင်းနှီးနှီးဖြင့်ဝင်ရောခြင်းလုပ်ရပ်သည် အထူးအရေးပါလှပြီး၊ ဤလုပ်ရပ်မျိုးအားဖြင့် လူ့သဘောသဘာဝ၏ကွဲပြားခြားနားသည့် ပြောင်းလဲဖြစ်ပေါ်တိုးတက်မှုများတို့ဖြင့် အကျွမ်းတဝင်ဖြစ်လာမည်ဖြစ်သည်။ သူ့အနေဖြင့် စိတ်ဝိညာဉ်၏လုပ်နည်းလုပ်ဟန်ကိုလေ့လာသင့်ပြီး၊ သို့မှသာလျှင် သူ၏ပို့ချသင်ကြားမှုတို့ကို နာကြားသူတို့၏ဉာဏ်စွမ်းနှင့် အသားကျသွားစေနိုင်မည်ဖြစ်သည်။ ဤသို့လေ့လာမှုအားဖြင့် သူသည် လူအများတို့၏သဘောသဘာဝနှင့် လိုအပ်ချက်များတို့ကို အနီးကပ်လေ့လာသင်ယူကြသောသူတို့ကသာပိုင်ဆိုင်နိုင်ကြသည့် အလွန်ကောင်းမွန်သော မေတ္တာတရားအကြောင်းကို သင်ကြားရယူနိုင်မည်ဖြစ်သည်။

## မိသားစုများတို့နှင့်အတူသမ္မာကျမ်းစာကိုဖတ်ရှုခြင်း

သမ္မာကျမ်းစာတော်မြတ်ဖတ်ရှုခြင်းလုပ်ငန်းကို ကျင်းပခြင်းအစီအစဉ်သည် ကောင်းကင်နိုင်ငံတော်မှစတင်သည့် အကြံကောင်းဉာဏ်ကောင်းတစ်ခုဖြစ်ခဲ့ပါသည်။ အမျိုးသားများနှင့်အမျိုးသမီးများထုနှစ်ရပ်လုံးတို့တွင် များစွာသောသူတို့သည် သာသနာပြုခြင်းအလုပ်၏ဤလုပ်ငန်းခွဲတွင် ပါဝင်လုပ်ဆောင်နိုင်ကြပါသည်။ အမှုတော်ဆောင်များတို့အနေဖြင့် ဤကဲ့သို့သောအလုပ်မျိုးတွင် ပါဝင်လုပ်ဆောင်ပေးကြခြင်းအားဖြင့် သူတို့သည် ဘုရားသခင်၏သန်မာထွားကြိုင်းသောသူများအဖြစ်သို့ရောက်ရှိသည်အထိ၊ တိုးတက်မှုရှိလာကြမည်ဖြစ်သည်။ ဤကဲ့သို့သောနည်းလမ်းမျိုးဖြင့် ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ထောင်ပေါင်းများစွာသောသူတို့ထံသို့ ရောက်ရှိသွားကြကာ၊ အမှုတော်ဆောင်များတို့သည်လည်း အားလုံးသောဘာသာစကားအမျိုးမျိုးကို ပြောဆိုနေသည့်လူမျိုးအပေါင်းတို့အား ပုဂ္ဂိုလ်ချင်းအလိုက်ထိတွေ့နိုင်သည့် အလုပ်မျိုးအတွင်း ရောက်ရှိသွားကြမည်ဖြစ်သည်။ သမ္မာကျမ်းစာသည် မိသားစုများထံတွင်ရှိနေနှင့်ပြီးသားဖြစ်သည်အလျောက်၊ ၎င်း၏အထွတ်အမြတ်ဖြစ်သော သမ္မာတရားတော်တို့သည် မသိစိတ်အားဖြင့် အိမ်ထောင်မိသားစုအတွင်းတွင် ရောက်ရှိပြီးသားဖြစ်ပါသည်။ လူတို့အနေဖြင့် မိမိကိုယ်တိုင်အားဖြင့်သာ ဖတ်ရှုလေ့လာပြီး၊ ဆင်ခြင်ဆန်းစစ်ကာ စီရင်ဆုံးဖြတ်ကြရန်အတွက် အကြံပြုပန်ကြားခံနေရကြသည့်အလျောက်၊ သူတို့အနေဖြင့် ဘုန်းတော်ရှင်၏ဉာဏ်အလင်းတော်ကို လက်ခံရယူခြင်း၊ သို့တည်းမဟုတ် ငြင်းပယ်ခြင်းအမှုတို့ကို ခိုင်မြဲစွာတာဝန်ယူရကြမည်ဖြစ်သည်။ ဤအဖိုးထိုက်တန်လှသော သူ၏အမှုတော်အတွက် ဘုရားသခင်သည် အကျိုးမဲ့ဖြစ်သွားစေရန် ခွင့်ပြုတော်မူမည်မဟုတ်ပါ။ သူ၏နာမတော်အားဖြင့် လုပ်ဆောင်သောနှိမ့်ချသည့်ကြိုးပမ်းအားထုတ်မှုတိုင်းတို့အပေါ် အောင်မြင်မှုသရဖူကိုဆောင်းပေးတော်မူမည်ဖြစ်သည်။

နယ်သစ်ပယ်သစ်တိုင်းတို့တွင် စိတ်ရှည်သည်းခံခြင်းနှင့် လုံ့လဝီရိယစိုက်ထုတ်ခြင်းအလုပ်ကို လေ့ကျင့်ရကြပါမည်။ သေးငယ်သောအလုပ်ဖြင့်အစပျိုးရခြင်းအတွက် စိတ်အားမငယ်ပါနှင့်။ အနိမ့်ကျဆုံးသောအလုပ်မျိုးသည် မကြာခဏပင် အကြီးမားဆုံးသောရလဒ်မျိုးတို့ကို ဖြစ်ထွန်းစေတတ်ပါသည်။ ကျွန်ုပ်တို့၏အပေါင်းအသင်းမိတ်ဆွေများဆီသို့ ကျွန်ုပ်တို့အနေဖြင့် ပိုမို၍တိုက်ရိုက်ဦးတည်လုပ်ဆောင်ကြပါက ပိုမိုကြီးမားသည့် ကောင်းမြတ်သောအမှုကိစ္စမျိုးကို ပြီးမြောက်သွားစေမည်ဖြစ်သည်။



ပုဂ္ဂိုလ်ရေးသြဇာလွှမ်းမိုးမှုသည် စွမ်းအားတစ်မျိုးပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့က အနီးကပ်စည်းရုံးခဲ့ကြသော သူတို့၏စိတ်ဝိညာဉ်တို့သည် မျက်စိဖြင့်မြင်နိုင်စွမ်းမရှိသော သြဇာသက်ရောက်မှုများတို့အားဖြင့် ကျေနပ်မှုကိုအမှတ်ထင်ထင်ဖြင့် စိတ်စွဲနေကြပါသည်။ တစ်စုံတစ်ယောက်အနေဖြင့် လူအမြောက်အမြားတို့နှင့် စကားစမြည်ပြောနိုင်ရန်မဖြစ်နိုင်သည်အလျောက်၊ သူ့အနေဖြင့် ထိုသူတို့ကို ပိုမိုနီးကပ်မှုရှိလာနိုင်သည့် ဆက်ဆံရေးမျိုးလုပ်ဆောင်နိုင်မည့်အနေအထားမျိုးဆီသို့ ထိုသူတို့ရောက်ရှိလာနိုင်အောင် သူတို့အားအတတ်နိုင်ဆုံးတိုက်တွန်းစည်းရုံးရပေမည်။ သခင်ယေရှုသည် ကောင်းကင်နိုင်ငံတော်ကိုစွန့်ခွာပြီး အသက်ဝိညာဉ်တို့ကိုကယ်ဆယ်ရန်အတွက် ကျွန်ုပ်တို့၏ကမ္ဘာမြေကြီးဆီသို့ ကြွလာတော်မူခဲ့ပါသည်။ သင့်အနေဖြင့်လည်း သင်ကအလုပ်လုပ်ဆောင်ပေးနေသောသူတို့က သင်၏စကားပြောသံကို ကြားနိုင်ကြရန်အတွက်သာမကဘဲ သင့်အားလက်ဆွဲနှုတ်ဆက်နိုင်ရန်နှင့် သင်၏ကိုးကွယ်ဝတ်ပြုခြင်းဆိုင်ရာ အခြေခံစည်းမျဉ်းများတို့ကို သင်ကြားလေ့လာနိုင်ကြရန်အပြင် သင်၏စာနာထောက်ထားမှုကိုခံယူရရှိနိုင်ကြရန်အတွက် သူတို့နှင့်နီးနီးကပ်ကပ်ရှိနေရပေမည်။

ကျွန်ုပ်၏အမှုတော်ဆောင်ဖော်ဆောင်ဖက်များဖြစ်ကြသော ညီအစ်ကိုတော်တို့ခင်ဗျား၊ အသက်ဝိညာဉ်များတို့အတွက် တစ်ခုတည်းသောလုပ်ဆောင်နိုင်သည့်နည်းလမ်းနှင့်အလုပ်မှာ ဟောပြောပို့ချခြင်းများသာဖြစ်သည်ဟူ၍ ထင်မြင်ယူဆခြင်းမရှိပါနှင့်။ သင်လုပ်ဆောင်နိုင်သော အကောင်းဆုံးသောအလုပ်မှာ သင်ကြားပို့ချရန်နှင့်ပညာပေးရန်ဖြစ်ပါသည်။ ထိုကဲ့သို့လုပ်ဆောင်နိုင်သော အခွင့်အလမ်းမျိုးတစ်ရပ်ကို သင်တွေ့ရှိနိုင်သည့်အချိန်တိုင်းတို့တွင် မိသားစုအချို့တို့နှင့်အတူတကွထိုင်ပြီး သူတို့အားမေးခွန်းများကိုမေးမြန်းခွင့်ပေးပါ။ သူတို့မေးလာသောမေးခွန်းတို့ကို စိတ်ရှည်စွာနှင့်စိတ်နှိမ့်ချစွာဖြင့် ပြန်လည်ဖြေကြားပေးပါ။ ပိုမိုများပြားသောသူတို့နှင့် ကြိုးပမ်းအားထုတ်ချိတ်ဆက်မှုများတို့ဖြင့် ဤအလုပ်ကိုဆက်လက်လုပ်ဆောင်ပါ။ သမ္မာကျမ်းစာကိုဖတ်ရှုသည့် အစီအစဉ်များ ကျင်းပပေးခြင်းအားဖြင့် ဟောပြောခြင်းအလုပ်ကိုလျော့ကာ၊ ပညာပေးမှုကိုပိုမိုလုပ်ဆောင်ပေးပါ။ ထို့အပြင် မိသားစုများတို့နှင့်အပြင် အစုအဖွဲ့ငယ်များတို့နှင့်ပါ အတူတကွဆုတောင်းပါ။

သခင်ခရစ်တော်နှင့်အတူတကွလုပ်ဆောင်နေကြသော သူတို့အားလုံးတို့အား ကျွန်ုပ်ပြောကြားလိုသည်မှာ မီးလင်းဖိုဘေးနားတွင်ရှိသောသူတို့ဆီသို့ဝင်သွားနိုင်သောလမ်းစမျိုးကိုတွေ့ရှိရသည့် မည်သည့်နေရာတွင်ပင်မဆို သင်၏အခွင့်အလမ်းကို ပိုမို

တိုးတက်အောင်လုပ်ပါ။ သင်၏သမ္မာကျမ်းစာအုပ်ကို သူတို့ရှေ့တွင်ဖွင့်ပြီး၊ ၎င်းတွင်ပါရှိသောကြီးမြတ်သည့် သမ္မာတရားတော်အကြောင်းကို သူတို့အားပြောပြပေးပါ။ သင်၏အောင်မြင်မှုသည် သင်၏ဗဟုသုတနှင့်ထူးချွန်မှုများအပေါ်တွင် အထူးမူတည်ခြင်းမရှိဘဲ၊ နှလုံးသားဆီသို့ သင်၏အောင်မြင်ကိုတွေ့ရှိနိုင်သည့် သင်၏အစွမ်းအစအပေါ်တွင် မူတည်နေပါသည်။ လူလူချင်းရင်းနှီးအောင်လုပ်ဆောင်မှုနှင့် လူတို့ထံသို့နီးနီးကပ်ကပ်ရှိနေမှုတို့အားဖြင့် သင်သည် သူတို့၏တွေးခေါ်မှုများအနေအထားကို သင်၏အထူးဟောကြားနိုင်မှုထက် ပိုမို၍စိတ်ပါလက်ပါဖြင့် လှည့်ပြောင်းပေးနိုင်မည်ဖြစ်သည်။ မိသားစုအတွင်း မီးပုံဘေးနားနှင့်ကိုယ်ပိုင်အိမ်များရှိ သေးငယ်သောအစုအဖွဲ့တွေ့ဆုံပွဲများအတွင်း သခင်ခရစ်တော်၏မိန့်ကြားတင်ပြမှုများတို့သည် ကွင်းပြင်ကျယ်အတွင်းတရားဟောချက်များတို့ကိုဝေငှမှု၊ နောက်တော်သို့လိုက်ပါခဲ့ကြသည့်လူအုပ်ကြီးကိုဟောပြောမှု၊ သို့မဟုတ် ခန်းမကြီးများနှင့်တရားဇရပ်များအတွင်း မိန့်ကြားဟောပြောတော်မူခြင်းတို့ထက် အများအားဖြင့် သခင်ယေရှုထံတော်သို့ အသက်ဝိညာဉ်များတို့ကို ပိုမို၍အောင်မြင်စွာဆောင်ယူတော်မူနိုင်ခဲ့ပါသည်။

ဤပုဂ္ဂိုလ်ရေးဆိုင်ရာအလုပ်တွင် ပါဝင်လုပ်ဆောင်ကြသောသူအားလုံးတို့အနေဖြင့် နှုတ်ကပတ်တော်ကိုဟောပြောပေးသည့် အမှုတော်ဆောင်၏လုပ်ဆောင်သင့်သည်ထက် သူတို့၏အပြုအမူတွင် စက်ယန္တရားလည်ပတ်မှုအဖြစ်မျိုးသို့ ရောက်ရှိမသွားရေးကို အထူးသတိပြုရကြပါမည်။ သူတို့အနေဖြင့် စဉ်ဆက်မပြတ် သင်ကြားရယူမှုရှိသင့်ကြပါသည်။ သူတို့အနေဖြင့် ကျမ်းစာတော်မြတ်အတွင်းဖော်ပြထားသည့်လုပ်ငန်းတွင် ပိုင်နိုင်ကျွမ်းကျင်ကြသောသူများကဲ့သို့ ဖြစ်လာကြရန်အတွက်၊ တာဝန်ကျေပွန်သည့်စိတ်အားထက်သန်မှုမျိုးရှိကြရပါမည်။ သူတို့အနေဖြင့် စိတ်ပိုင်းဆိုင်ရာတက်ကြွလှုပ်ရှားလိုသည့်အကျင့်ဓလေ့ကို ပြုစုပျိုးထောင်ပေးရမည်ဖြစ်ပြီး၊ အထူးသဖြင့် ဆုတောင်းခြင်းနှင့် ကျမ်းစာတော်မြတ်ကို လုံ့လဝီရိယရှိရှိဖြင့်သင်ကြားလေ့လာမှုများတို့တွင် မိမိတို့ကိုယ်ကိုမြှုပ်နှံသင့်ကြပါသည်။

## တစ်ဦးချင်းအလိုက်ကြိုးပမ်းဆောင်ရွက်မှု၏တန်ဖိုး

အသက်ဝိညာဉ်ရယူခြင်းလုပ်ငန်းတွင် အထူးအောင်မြင်မှုရရှိကြသော အမျိုးသားများရော၊ အမျိုးသမီးများအပါအဝင်တို့သည် မိမိတို့၏ကိုယ်ရည်ကိုယ်သွေးရှိကြမှုအတွက်



မိမိတို့ကိုယ်ကို မာန်မာနထောင်လွှားမှုမရှိကြသည့်အပြင် သူတို့နှင့်အနီးဝန်းကျင်တွင်ရှိနေကြသောသူတို့ကို အကူအညီပေးရန်ရှာဖွေခဲ့ကြသောအခါတွင်လည်း နှိမ့်ချခြင်းနှင့်ယုံကြည်ခြင်းတို့အားဖြင့် ရှာဖွေခဲ့ကြပါသည်။ ထိုကဲ့သို့သောပုံစံမျိုးအတိုင်း သခင်ယေရှုလုပ်ဆောင်တော်မူခဲ့ပါသည်။ သူသွားရောက်တော်မူလိုသောသူတို့ထံသို့ အရောက်သွားရောက်တော်မူခဲ့ပါသည်။ အနည်းငယ်မျှသောလူတို့သာ သူ့အနီးအနားသို့အကြိမ်အတော်များများဖြင့်လာနေကြပါစေ၊ သူ၏သင်ခန်းစာတော်မြတ်ကို ပေးဝေတော်မူခဲ့ပြီး၊ လမ်းသွားလမ်းလာတစ်ယောက်တလေက သူ၏မိန့်တော်မူချက်ကိုနားထောင်ရန် ရပ်တန့်နေကြသည်ကအစ၊ ကြီးမားသောလူအုပ်ကြီးတို့က ကောင်းကင်နိုင်ငံတော်မှစေလွှတ်တော်မူခြင်းခံရသည့် ဆရာကဝိကြီး၏နှုတ်တော်ထွက်မိန့်တော်မူချက်တို့ကို တအံ့တဩနှင့်ရိုသေလေးစားခြင်းတို့ဖြင့် နားထောင်ကြသည်အထိဖြစ်ပါသည်။

## ရှမာရိမိန်းမ

သခင်ခရစ်တော်သည် လူစုလူဝေးအဖြစ်သို့ရောက်ရှိလာကြသည်အထိ လူများစုရုံးလာကြခြင်းကို စောင့်ဆိုင်းတော်မူခဲ့ခြင်းမရှိပါ။ သူထုတ်ဖော်မိန့်တော်မူခဲ့သည့် ထည်ဝါခန့်ညားသော သမ္မာတရားတော်အချို့တို့ကို လူတစ်ဦးချင်းတို့အားမိန့်တော်မူခဲ့ပါသည်။ သူ၏အံ့ဩဖွယ်သောမိန့်တော်မူချက်ကို နားထောင်ခဲ့ကြသောသူများထဲတွင် ရှမာရိမိန်းမတစ်ဦးလည်းအပါအဝင်ဖြစ်ခဲ့ပါသည်။ ထိုမိန်းမရေလာခပ်သောအချိန်တွင် သူသည် ယာကုပ်၏ရေတွင်းနားတွင် ထိုင်နေတော်မူခဲ့ပါသည်။ သူသည် သူမကိုအံ့အားသင့်စေသည့်အခွင့်အရေးတစ်ခုကို တောင်းခံတော်မူခဲ့ပါသည်။ သူက "ငါသောက်ဖို့ရေပေးပါ" ဟူ၍ မိန့်တော်မူခဲ့ပါသည်။ သူသည် အေးမြသောရေတစ်ကျိုက်ကို အလိုရှိတော်မူခဲ့သည့်အပြင်၊ သူသည် သူမအား အသက်စမ်းရေကိုပေးနိုင်ရေးအတွက် ထိုကဲ့သို့သောနည်းအားဖြင့် လမ်းဖွင့်ပေးလိုစိတ်ရှိတော်မူခဲ့ပါသည်။

ထိုရှမာရိမိန်းမကလည်း၊ "သင်သည် ယုဒလူဖြစ်လျက်ပင် ရှမာရိမိန်းမဖြစ်သောအကျွန်ုပ်ကို အဘယ်ကြောင့်သောက်ဖို့တောင်းသနည်း" ဟူ၍ ပြန်လည်ပြောကြားခဲ့ပါသည်။ ထိုသို့ပြောခဲ့ရသည့်အကြောင်းမှာ ယုဒလူတို့သည် ရှမာရိလူတို့နှင့်ပေါင်းဖော်လေ့မရှိခဲ့ကြ။

သခင်ယေရှု၊ "ဘုရားသခင်၏ကျေးဇူးတော်ကိုလည်းကောင်း၊ ငါသောက်သောရေကိုပေးပါဟုဆိုသောသူကား အဘယ်သူဖြစ်သည်ကိုလည်းကောင်း သင်သည်သိလျှင်

ထိုသူကိုတောင်းလိမ့်မည်။ ထိုသူသည်လည်း အသက်ရေကိုပေးလိမ့်မည်။. . . ဤရေကိုသောက်သောသူသည် နောက်တစ်ဖန်ရေငတ်ဦးမည်။ ငါပေးသောရေကိုသောက်သောသူမူကား၊ ရေငတ်ခြင်းနှင့်အစဉ်မပြတ်ကင်းလွတ်လိမ့်မည်။ ငါပေးသောရေသည် ထိုသူ၌ထာဝရအသက်ရှင်ခြင်းအလို့ငှာ ထွက်သောစမ်းရေဖြစ်လိမ့်မည်" ဟူ၍ ပြန်လည်မိန့်တော်မူခဲ့ပါသည်။

ဤတစ်ယောက်တည်းသာရှိသော ရှမာရိမိန်းမအပေါ် အလေးထားမှုမည်မျှရှိကြောင်းကို သခင်ခရစ်တော်ကပြသတော်မူခဲ့ပါသနည်း။ သူ၏နှုတ်တော်ထွက်များတို့သည် မည်မျှလေးနက်မှုရှိပြီး မည်မျှကျလောက်သောစကားများဖြစ်ခဲ့ပါသနည်း။ ထိုနှုတ်တော်ထွက်တို့သည် နာကြားသူ၏နှလုံးသားကို လှုပ်ရမ်းမွှေနှောက်နိုင်ခဲ့ပြီး ရေတွင်းတွင် သူမလုပ်ဆောင်ရမည့်လက်တိုလက်တောင်းအလုပ်ကိုပင် မေ့ပျောက်သွားစေခဲ့ကာ၊ ထိုနောက်တွင် မြို့တွင်းသို့အပြေးဝင်ရောက်သွားခဲ့ပြီးနောက် သူ၏အသိမိတ်ဆွေများတို့အား "အကျွန်ုပ်ပြုဖူးသမျှသောအမှုအရာတို့ကို ထုတ်ဖော်သောသူကိုလာ၍ကြည့်ကြပါ။ ထိုသူသည် ခရစ်တော်မှန်လိမ့်မည်လော" ဟူ၍ ပြောကြားပေးခဲ့ပါသည်" (ယောဟန် ၄း၇–၃၀)။

များစွာသောသူတို့သည် မိမိတို့၏လုပ်လက်စအလုပ်တို့ကို လုပ်လက်စတန်းလန်းထားခဲ့ပြီး၊ ယာကုပ်၏ရေတွင်းတွင်ရှိနေသော ထိုသူစိမ်းကိုကြည့်ရှုရန် သွားခဲ့ကြပါသည်။ သူတို့သည် ထိုသူစိမ်းတော်အား မေးခွန်းများတို့ဖြင့် အဆက်မပြတ်မေးမြန်းခဲ့ကြပြီးနောက် သူတို့၏အသိဉာဏ်ကို အမှောင်ဖုံးစေခဲ့သည့် များစွာသောအကြောင်းအရာတို့ကို၊ ရှင်းလင်းမိန့်တော်မူချက်များတို့ကို ပြင်းပြသောဆန္ဒတို့ဖြင့် နာယူခဲ့ကြပါသည်။ သူတို့သည် နေ့၏အလင်းကိုမတွေ့ရမချင်း၊ အလင်း၏ရုတ်ခြည်းထွက်ပေါ်လာမည့် အလင်းတန်းတစ်ခုကို ခြေရာကောက်နေကြသည့်သူတို့နှင့်တူနေကြပါသည်။

သခင်ယေရှုအမှုတော်၏အကျိုးရလဒ်မှာ နွမ်းနယ်ပြီးဆာလောင်နေသောအချိန်၊ ရေတွင်းနားတွင်ထိုင်နေတော်မူခဲ့စဉ်၌ပင် ကောင်းချီးမင်္ဂလာကို ပျံ့နှံ့စေတော်မူခဲ့ပါသည်။ သူက ကူညီတော်မူရန်ရှာဖွေတော်မူခဲ့သော အသက်ဝိညာဉ်တစ်ခုသည် အခြားသောသူတို့ထံသို့ ရောက်ရှိသွားခဲ့သည့်အရာတစ်ခုအဖြစ်သို့ရောက်ရှိသွားပြီး ထိုသူတို့အားကယ်တင်တော်မူသောအရှင်ထံသို့ ခေါ်ဆောင်လာနိုင်ခဲ့ပါသည်။ ဤလုပ်ရပ်မျိုးသည် ဘုရားသခင်အနေဖြင့် ဤကမ္ဘာမြေကြီးပေါ်တွင် တိုးတက်မှုရှိစေတော်မူရန်အတွက်



အစဉ်တစိုက်လုပ်ဆောင်တော်မူသည့် နည်းလမ်းပင်ဖြစ်ပါသည်။ သင်၏အလင်းကိုတောက်ပစေပြီး၊ အခြားသောသူတို့အတွက် အလင်းကိုမီးကူးပေးရပါမည်။

ဘုရားသခင်၏အစေခံကျွန်များတို့သည် စေ့စပ်သေချာသူများအဖြစ်ဖြင့် ရပ်တည်နေရကြမည်ဖြစ်ပြီး၊ တဒင်္ဂနှိုးဆော်သတိပေးချက်အတွင်း လုပ်ဆောင်စရာကိစ္စအတွက်အဆင်သင့်ဖြစ်နေရကြပါမည်။ ကျွန်ုပ်၏ညီအစ်ကိုတော်များခင်ဗျား၊ ဘုရားသခင်၏အစေကိုခံရမည့် အခွင့်အလမ်းများတို့သည် သင်၏ရှေ့မှောက်သို့ တစ်နာရီချင်းဖြင့်ပင် ဝင်ရောက်လာပေလိမ့်မည်။ ဤအခွင့်အလမ်းတို့သည် အဆက်မပြတ်ဖြင့်ပေါ်လိုက်ပျောက်လိုက်ဖြင့်ပင် ရှိနေပေမည်။ များစွာသောထိုအခွင့်အလမ်းတို့ကိုလုပ်ဆောင်နိုင်ရန် အမြဲတမ်းအဆင်သင့်ဖြစ်နေရပါမည်။ အချို့သောမရှိဆင်းရဲသားအသက်ဝိညာဉ်တို့က နာကြားလိုကြသည့် အသက်နှင့်ဆိုင်သောနှုတ်ကပတ်တော်အကြောင်းကို ပြောပြပေးနိုင်သည့်အခွင့်အရေးမျိုးသည် မည်သည့်အခါမျှအလိုအလျောက် နောက်တစ်ကြိမ်ဖြစ်ပေါ်မလာနိုင်သည့်အလျောက်၊ မည်သူကမျှ "အကျွန်ုပ်အားခွင့်လွှတ်တော်မူပါရန်တောင်းလျှောက်ပါ၏အရှင်" ဟူ၍ စွန့်စားပြီးမပြောဆိုပါစေနှင့်။ ရှာဖွေ၍မရနိုင်သောသခင်ခရစ်တော်၏ကြွယ်ဝမှုများတို့ကို အခြားသောသူများသို့ အသိပေးခွင့်ရသည့်အခွင့်အလမ်းကို အဆုံးရှုံးမခံပါနှင့်။ အခွင့်အလမ်းတစ်ခုကို ပစ်ပယ်လိုက်သည်နှင့်ထိုအခွင့်အလမ်းကို မည်သည့်အခါမျှအမှတ်ရစရာအကြောင်းမရှိတော့ပါ။

## ကြိုးပမ်းလုပ်ဆောင်ကြသောအစုအဖွဲ့တစ်ခု

သမ္မာတရားတော်ဆိုင်ရာလုပ်ငန်းအောင်မြင်ရေးကိုစိုးရိမ်ရပြီး၊ မတော်လျှင်လည်းထင်မှတ်မထားရသောအဟန့်အတားမျိုးသည် အသင်းတော်များအတွင်း၌တွင်ပင်တွေ့မြင်ရတတ်ပါသည်။ မယုံကြည်သူများတို့ထံသို့ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုဝေမျှပေးသည့် ကြိုးပမ်းအားထုတ်မှုတစ်ရပ်တွင် အသင်းတော်၏အသင်းသားများတို့သည်သူတို့အနေဖြင့် စိတ်ဝင်စားမှုမရှိသည့် အစုအဖွဲ့တစ်ခုအလား၊ မကြာခဏရှောင်ဖယ်ဖယ်လုပ်နေတတ်ကြကာ၊ ရှိသမျှဝန်ထုပ်ဝန်ပိုးကို အမှုတော်ဆောင်အပေါ်သို့ ပုံချလိုက်ကြပါသည်။ ဤအကြောင်းခြင်းရာကြောင့် အထူးစွမ်းဆောင်နိုင်စွမ်းရှိကြသော အမှုတော်ဆောင်များတို့၏လုပ်ဆောင်မှုများတို့သည် တစ်ခါတစ်ရံတွင် အနည်းငယ်မျှသာသောကောင်းမွန်သည့်ဖြစ်ထွန်းမှုမျိုးကိုသာ ရရှိတတ်ကြပါသည်။ အလွန်ကောင်းမွန်သည့်

တရားဟောချက်များတို့ကိုဟောကြားကြပြီး၊ လူများတို့က လိုအပ်နေကြသည့်သတင်းစကားမျိုးကိုသာ ဟောပြောကြသည့်တိုင် ကောက်လှိုင်းများကဲ့သို့သော အသက်ဝိညာဉ်တစ်စုံတစ်ခုကိုမျှ သခင်ခရစ်တော်ထံသို့ ရယူပေးနိုင်မည်မဟုတ်ပါ။

ယုံကြည်ခြင်းရှိနှင့်ပြီးသော လူအချို့ရှိနေကြသည့်နေရာမျိုး၌အမှုတော်ဆောင်ရာတွင် အမှုတော်ဆောင်အနေဖြင့် မယုံကြည်သူတို့အား ပြောင်းလဲခြင်းသို့ရောက်စေရေးအတွက် အတင်းအကျပ်သဘောမျိုးဖြင့် ကြိုးပမ်းလုပ်ဆောင်ခြင်းမပြုသင့်ဘဲ၊ ထိုနေရာရှိအသင်းသားများတို့အား လက်ခံနိုင်လောက်သော ပူးပေါင်းလုပ်ဆောင်မှုမျိုးရှိလာကြရန်အတွက် လေ့ကျင့်သင်ကြားပေးရကြပါမည်။ အမှုတော်ဆောင်က ထိုအသင်းသားတို့အား တစ်ဦးချင်းစီလုပ်ဆောင်ပို့ချပေးရမည့်အပြင် သူတို့အနေဖြင့် သူတို့ကိုယ်တိုင် ပိုမိုလေးနက်သည့်အတွေ့အကြုံမျိုးကို ကြိုးပမ်းရှာကြံကြရန် နိုးကြားမှုရှိစေရေးအတွက်နှင့် အခြားသောသူတို့အတွက် လုပ်ကိုင်ပေးလိုစိတ်ရှိလာကြရန် အားတက်သရောလုပ်ဆောင်ရပါမည်။ သူတို့အနေဖြင့် သူတို့၏ဆုတောင်းပေးခြင်းများနှင့် ပါဝင်လုပ်ဆောင်ပေးကြခြင်းတို့ဖြင့် အမှုတော်ဆောင်ကို ကျားကန်ပေးထားကြမည်ဆိုလျှင် ထိုအမှုတော်ဆောင်၏ကြိုးပမ်းအားထုတ်မှုများတို့သည် ပိုမိုကြီးမားသည့်အောင်မြင်မှုမျိုးဖြစ်ထွန်းလာပေမည်။

မတူညီသည့်နေရာများတွင်ရှိနေကြသည့် အသင်းတော်များတို့သည် သူတို့အနေဖြင့် တာဝန်ယူမှုတစ်ရပ်ကို သယ်ပိုးနေရကြကြောင်းကို ခံစားမိကြရေးအတွက် လှုံ့ဆော်ပေးခံရခြင်းမရှိကြပါက၊ ထိုအသင်းတော်များတို့သည် မည်သည့်ပြီးပြည့်စုံမှုမျိုးမျှ ကြာရှည်မတည်တံ့နိုင်ပါ။ ထိုအသင်းတော်အစုအဖွဲ့တွင် ပါဝင်နေကြသောသူတိုင်းတို့အနေဖြင့် သူတို့၏ကိုယ်ပိုင်အသက်ဝိညာဉ်တို့၏ကယ်တင်ခြင်းရရှိကြရေးမှာ သူတို့၏တစ်ဦးချင်းကြိုးပမ်းအားထုတ်မှုအပေါ်တွင် မူတည်နေသည်ဆိုခြင်းကို သူတို့သိထားသင့်ကြပါသည်။ အားထုတ်၊ အားစိုက်မှုမရှိကြဘဲ အသက်ဝိညာဉ်တို့အနေဖြင့် သက်သာရာမရနိုင်ကြပါ။ အမှုတော်ဆောင်အနေဖြင့် လူတို့ကိုမကယ်ဆယ်နိုင်ပါ။ ဘုရားသခင်၏လူစုတော်ထံသို့ ဘုရားသခင်က အလင်းတရားတော်ကိုဖြန့်ဝေပေးတော်မူရာတွင် ထိုအမှုတော်ဆောင်သည် ဆက်ကြောင်းတစ်ခုအဖြစ်ဖြင့်သာရှိနေနိုင်ပြီး၊ ထိုအလင်းတော်ကိုဘုရားသခင်က ဖြန့်ဝေပေးတော်မူပြီးသည့်နောက် လူတို့အနေဖြင့် ထိုအလင်းတော်ကိုလက်ခံရယူအသုံးပြုပြီးနောက် အခြားသောသူတို့ထံသို့ ထိုအလင်းတရားတော်





ဆက်လက်ထွန်းလင်းရန်မှာ ထိုသူတို့က အလုည့်ကျတာဝန်ယူရကြမည်ဖြစ်သည်။ Testimonies for the Church, Vol. 2, p. 121.

## အသင်းတော်ကို ကူညီသူများအားပညာပေးခြင်း

အမှုတော်ဆောင်အနေဖြင့် ပြောရဆိုရမည့်အရာအားလုံး၊ လုပ်စရာအလုပ်အားလုံးနှင့်ဆုတောင်းစရာကိစ္စရပ်အားလုံးတို့ကို သိမ်းကြုံးလုပ်ဆောင်ရေးသည် သူ၏တာဝန်များဖြစ်ကြသည်ဟူ၍ မခံယူသင့်ဘဲ၊ အသင်းတော်တိုင်းတွင်ရှိနေကြသော ထောက်ကူပံ့ပိုးပေးကြသောသူတို့ကို ပညာပေးသင့်ပါသည်။ အရည်အသွေးမတူညီကြသည့်လူတိုင်းကို ဝတ်ပြုစည်းဝေးခြင်းများတို့နှင့် ကျမ်းစာတော်မြတ်ကိုဖတ်ရှုပေးခြင်းများတို့တွင် အလှည့်ကျဦးဆောင်ခွင့်ရရှိကြပါစေ။ ထိုသို့လုပ်ဆောင်ခွင့်ပြုခြင်းအားဖြင့် သူတို့အား ဘုရားသခင်ပေးထားတော်မူသည့် ကိုယ်ရည်ကိုယ်သွေးများတို့ကိုအသုံးပြုနိုင်ကြရန် ခေါ်တော်မူခြင်းခံရကြမည့်အပြင်၊ တစ်ချိန်တည်း၌ပင် သူတို့သည် သင်တန်းတစ်ခုကိုလက်ခံရရှိကြပြီးသောလုပ်သားများအဖြစ်ဖြင့် ရှိလာကြမည်ဖြစ်သည်။

အချို့သောအင်္ဂါရပ်များအဖြစ် အသင်းအုပ်ဆရာသည် အလုပ်သမားဂိုဏ်း၏အလုပ်ကြပ်၊ သို့မဟုတ် သင်္ဘောသားများတို့၏ရေယာဉ်မှူးမျိုးတို့နှင့် အလားသဏ္ဍာန်တူစွာ ပိုင်စိုးပိုင်နင်းပြုမူကျင့်ကြံကြပါသည်။ အသင်းတော်ကိုကူညီသူများအနေဖြင့် သူတို့စံတင်ထားသည့်ထိုအသင်းအုပ်သည် သူတို့အားမှန်ကန်စွာဖြင့် အလုပ်တာဝန်ကိုမဆိုင်းမတွခွဲဝေပေးကာ၊ အရေးပေါ်ကိစ္စရပ်မျိုးတွင်သာလျှင် ဖြစ်မြောက်အောင်လုပ်ဆောင်နိုင်ကြရေးအတွက် သူတို့အားအသေးစိတ်စီစဉ်ပေးမည့်သူအဖြစ် မျှော်မှန်းထားခဲ့ကြပါသည်။

ကြီးမားသည့်စက်ရုံကြီးတစ်ရုံ၏ပိုင်ရှင်ဖြစ်သူသည် တစ်ချိန်တွင် သူ၏စက်ရုံကိုစီမံခန့်ခွဲသူက သာမန်ပြင်ဆင်စရာအချို့ကို ပြင်ဆင်နေသည့်အချိန်တွင် အခြားသောလုပ်သားခြောက်ယောက်ခန့်မျှတို့က အကြောင်းမဲ့သက်သက်ရပ်ကြည့်နေကြသည်ကိုတွေ့ရှိခဲ့ရပါသည်။ အခြေအနေအရပ်ရပ်ကိုလေ့လာသုံးသပ်ပြီးနောက် လုပ်ငန်းရှင်ကြီးကသူဆုံးဖြတ်ချက်ချမည့်ကိစ္စသည် မမှန်မကန်ဆုံးဖြတ်မိခြင်းမရှိကြောင်းကို သေသေချာချာသုံးသပ်ပြီးမှ သူ၏အလုပ်သမားကြီးကြပ်ကို သူ၏ရုံးခန်းသို့ခေါ်ယူကာ၊ လစာအပြည့်ခံစားခွင့်ဖြင့် အလုပ်မှထွက်ခွင့်လွှာကို ပေးအပ်လိုက်ပါသည်။ အလုပ်သမားကြီးကြပ်က အံ့အားသင့်ပြီး၊ အကျိုးအကြောင်းရင်းခံကိုမေးမြန်းခဲ့ပါသည်။ ဤတွင် လုပ်ငန်းရှင်က၊ “ငါက လုပ်ငန်းခွင်မှာ လူခြောက်ယောက်ကိုစောင့်ကြည့်ကြီးကြပ်ဖို့ မင်းကိုအလုပ်ခန့်

ထားခဲ့တယ်။ ဒီလူခြောက်ယောက်ကို အလကားသက်သက်လိုပဲငါမြင်တယ်။ မင်းကျတော့လည်း သူတို့ရဲ့အလုပ်ကိုလုပ်ပေးပါရဲ့၊ ဒါပေမယ့် တစ်ယောက်ထီးတည်းအတွက်ပဲ။ မင်းလုပ်ပေးနိုင်တာက လူခြောက်ယောက်မှာ တစ်ယောက်စာလောက်ပဲလုပ်ပေးနိုင်သလိုဖြစ်နေတယ်။ လူခြောက်ယောက်ကို အလဟဿအပျင်းထူနေအောင်သင်ပေးခဲ့တဲ့မင်းကို လူခုနစ်ယောက်အတွက်အခကြေးငွေပေးဖို့ ငါအကုန်အကျမခံနိုင်ဘူး" ဟူ၍ပြန်လည်ရှင်းပြခဲ့ပါသည်။

ဤဖြစ်ရပ်သည် အချို့သောကိစ္စရပ်များနှင့်သာ ပတ်သက်၊ သက်ဆိုင်မှုရှိနိုင်မည်ဖြစ်သော်လည်း အခြားသောကိစ္စရပ်များတို့နှင့်မပတ်သက်ပါ။ များစွာသောအသင်းတော်၏လုပ်ငန်းခွဲများတွင် တက်ကြွစွာပါဝင်လုပ်ဆောင်ကြရန်အတွက် အားလုံးသောအသင်းသားများ အပြည့်အဝပါဝင်လာကြရန်အတွက် များစွာသောအသင်းအုပ်ဆရာများတို့သည် မည်ကဲ့သို့လုပ်ဆောင်ရကြမည်ကို မသိရှိကြသည့်အပြင်၊ ကြိုးစားဆောင်ရွက်ကြရန်လည်း ပျက်ကွက်ကြပါသည်။ သူတို့၏လုပ်ငန်းဆောင်တာအတွင်း သူတို့၏သိုးစုဝင်တို့က တက်ကြွစွာပါဝင်ကြရေးအတွက် ထိုသိုးစုတို့ကိုရယူရေးနှင့်ပြုစုစောင့်ရှောက်ရေးအလုပ်ကို အသင်းအုပ်ဆရာတို့က ပိုမိုအာရုံစိုက်လာကြမည်ဆိုပါက ကောင်းမြတ်သောအလုပ်ကို ပိုမိုပြီးမြောက်နိုင်စေမည့်အပြင် လေ့လာသင်ယူမှုနှင့်ဘာသာရေးဆိုင်ရာအလည်အပတ်သွားရောက်ခြင်းတို့အတွက် အချိန်ရရှိနိုင်မည်ဖြစ်ပြီး၊ သဘောထားကွဲလွဲမှုကိုဖြစ်ပေါ်စေသည့် များစွာသောအကြောင်းခြင်းရာတို့မှ ရှောင်ရှားနိုင်မည်ဖြစ်ပါသည်။

အချို့တို့အနေဖြင့် အတွေ့အကြုံမရှိသေးခြင်းကြောင့် အမှားများတို့ကိုလုပ်မိကြမည်ဖြစ်သော်လည်း၊ သူတို့၏အလုပ်ကို မည်ကဲ့သို့ပိုမိုကောင်းမွန်အောင်လုပ်ဆောင်နိုင်ကြကြောင်းကို သိမ်မွေ့စွာဖြင့်ပြသသင့်ကြပါသည်။ ဤသို့အားဖြင့် လုပ်ဆောင်သူများတို့၏မပြည့်စုံ၊ မဖူလုံမှုများအတွက်ခံစားနေရသည့် ကောင်းမြတ်သောအလုပ်ထဲတွင် တာဝန်ယူရမှုနှင့်ပတ်သက်သည့်အလုပ်ကို ထမ်းဆောင်ကြရေးအတွက် အမျိုးသား၊ အမျိုးသမီးများတို့အား အသင်းအုပ်ဆရာအနေဖြင့် ပညာပေးနိုင်ပေမည်။ တာဝန်ယူမှုများအပိုင်းကို လုပ်ဆောင်နိုင်ကြမည့်သူတို့ကို ကျွန်ုပ်တို့လိုအပ်နေကြပြီး၊ သူတို့တွင်လိုအပ်နေကြသည့်အတွေ့အကြုံကို ရယူနိုင်ကြရေးအတွက် အကောင်းဆုံးသောနည်းလမ်းမှာ အမှုတော်အတွင်း နှလုံးသားနှင့်ရော၊ အသိစိတ်တို့နှင့်ပါ ပါဝင်လုပ်ဆောင်ကြခြင်းပင်ဖြစ်သည်။



## အခြားသူတို့အတွက်အားထုတ်ကြိုးပမ်းမှုအားဖြင့်ကယ်တင်ခြင်းရရှိသွားစေခြင်း

လှုပ်ရှားဆောင်ရွက်နေသောအသင်းတော်တစ်ခုသည် တိုးတက်မှုရှိသည့်အသင်းတော်တစ်ခုဖြစ်ပါသည်။ အသင်းဝင်သူများတို့သည် အခြားသောသူတို့အားကူညီနေကြရင်း စိတ်ဓာတ်တက်ကြွသည့်ဆေးနှင့်အားဆေးတို့ကို တွေ့ရှိရတတ်ပါသည်။ ဆောင်းရာသီအတွင်းနေ့တစ်နေ့တွင် ခရီးသွားနေသောလူတစ်ယောက်၏အကြောင်းကို ကျွန်ုပ်ဖတ်ရှုဖူးခဲ့ပါသည်။ သူသည် ထူထဲသည့်နှင်းထုအတွင်းသွားနေရသည့်အအေးဒဏ်ကြောင့်ထုံကျင်လာပြီး၊ သူ၏အသက်ရှင်သန်မှုအတွက် ခံနိုင်ရည်စွမ်းအားကို မခံစားမသိရှိရသည်အထိ ဖြစ်လာခဲ့ရပါသည်။ သူသည် သေလုမတတ်အေးစက်မှုဒဏ်ကိုခံစားခဲ့ရသည်အလျောက် အသက်ရှင်ရေးအတွက်ရုန်းကန်နေမှုကို လက်လျှော့လုနီးပါးအဖြစ်သို့ရောက်ရှိခဲ့ပါသည်။ ထိုအချိန်တွင် သူသည် ခရီးသွားဖော်ချင်းတစ်ဦး၏အအေးဒဏ်ကြောင့် သေလုနီးပါးညည်းညူသံကိုကြားလိုက်ရပါသည်။ သူ၏ကရုဏာသက်သောစိတ်သည် နိုးကြွလာပြီးနောက်၊ ထိုခရီးသွားဖော်ကိုကယ်ဆယ်ရန် စိတ်ဆုံးဖြတ်လိုက်ပါသည်။ သူသည် အားတင်းပြီး၊ ရေခဲတမျှအေးလှသော ထိုလူ၏ခြေလက်အင်္ဂါတို့ကို ရှိစုမဲ့စုအားစိုက်မှုဖြင့်ဆွဲပင့်ပြီး မတ်တတ်ရပ်စေခဲ့ပါသည်။ ထိုဝေဒနာခံစားရသူသည် မတ်တတ်ရပ်နိုင်ခြင်းမရှိသည်နှင့် သူသည် ကရုဏာသက်စွာဖြင့် သူ၏လက်မောင်းများတို့ဖြင့်ချီပွေ့ကာ သူတစ်ယောက်တည်းကကျော်ဖြတ်၍မရနိုင်တော့ဟု သူထင်ထားခဲ့သည့်နှင်းထုကြီးကို စတင်ဖြတ်ကျော်ခဲ့ပါသည်။

သူ၏ခရီးသွားဖော်ကို လုံခြုံစိတ်ချရသောနေရာသို့အရောက် ထမ်းပိုးသွားခဲ့ပြီးနောက် ထိုသူကိုကယ်ဆယ်လိုက်ခြင်းသည် သူ့ကိုယ်ကိုသူက ကယ်တင်ပြီးသားအဖြစ်သို့ရောက်ရှိသွားကြောင်းကို အမှန်တရားက သူ့အားကောင်းကောင်းကြီးသဘောပေါက်သွားစေခဲ့ပါသည်။ အခြားသောသူအား သူ၏ထက်သန်လှသောကူညီလိုစိတ်သည် သူ၏သွေးပြန်ကြောများအတွင်း ခဲလုမတတ်ဖြစ်နေသောသွေးကို နွေးဆွပေးစေခဲ့ပြီး၊ သူ၏ခန္ဓာကိုယ်ရှိခြေဖျားလက်ဖျားအထိသို့ပါ ကောင်းမွန်သောအခြေအနေသို့ရောက်ရှိလာအောင် ထိုသွေးများကိုရောက်ရှိသွားစေခဲ့ပါသည်။

အခြားသောသူတို့အားအကူအညီပေးခြင်းကြောင့် ကျွန်ုပ်တို့ကိုယ်တိုင်၌ကအကူအညီကိုရရှိနိုင်သည်ဆိုသည့်သင်ခန်းစာမျိုးဖြင့် ငယ်ရွယ်သောယုံကြည်သူတို့အားစဉ်ဆက်မပြတ်အကြံပြုတိုက်တွန်းနှိုးဆော်သင့်ပြီး၊ သူတို့၏ခရစ်ယာန်အတွေ့အကြုံများတွင် သိရှိရကြသည့်ကျင့်ဝတ်ဥပဒေသနှင့်နမူနာတို့အားဖြင့် သူတို့သည် အကောင်းဆုံး

သောအကျိုးရလဒ်မျိုးကို ရရှိနိုင်ကြမည်ဆိုခြင်းကို အသိပေးသင့်ကြပါသည်။ မျှော်လင့်ချက်ကုန်ဆုံးနေကြသောသူများ၊ ထာဝရအသက်ကိုရရှိစေသည့်နည်းလမ်းမျိုးသည် သည်းခံနိုင်ရန်ခဲယဉ်းပြီး ခက်ခဲမှုရှိလှသည်ဟူ၍ အတွေးပေါက်နေကြသောသူတို့သည် အခြားသောသူတို့အား အကူအညီသွားရောက်ပေးကြပါစေ။ ထိုကဲ့သို့သောကြိုးပမ်းလုပ်ဆောင်မှုမျိုးများကို ဘုန်းတော်ရှင်၏အလင်းတရားတော်ကို ခံစားရရှိရေးအတွက် ဆုတောင်းခြင်းနှင့်အတူ ပေါင်းစည်းလုပ်ဆောင်ခြင်းအားဖြင့် သူတို့၏နှလုံးသားခုန်နှုန်းသည် ထက်မြက်လှသည့် ဘုရားသခင်၏ကျေးဇူးတော်ဆိုင်ရာ ဩဇာသက်ရောက်မှုနှင့်အတူ လိုက်ဖက်ညီကာ၊ သူတို့၏ချစ်ခင်ကြင်နာမှုစိတ်ထားသည်လည်း ဘုန်းတော်ရှင်ဆိုင်ရာ စိတ်အားထက်သန်မှုမျိုးဖြင့် ပိုမိုတောက်လောင်ပေလိမ့်မည်။ သူတို့၏ခရစ်ယာန်အသက်တာ တစ်ရပ်လုံးသည်လည်း ပိုမို၍လက်တွေ့ကျလာပြီး၊ ပိုမို၍စိတ်အားထက်သန်မှုရှိကာ၊ ပိုမိုသည့်ဆုတောင်းခြင်းတို့နှင့်ပြည့်ဝသည့် အသက်တာမျိုးဖြစ်လာပေမည်။

ကျွန်ုပ်တို့သည် ဤကမ္ဘာမြေ၌ အာဂန္တုများနှင့်သူစိမ်းတစ်ရံဆံများသာဖြစ်ကြပြီး၊ ကောင်းကင်နိုင်ငံတော်အပါအဝင် ပိုမိုကောင်းမွန်သည့်တိုင်းနိုင်ငံတစ်ခုတွင်နေထိုင်ရကြရန် ကြိုးပမ်းလုပ်ဆောင်နေကြပါသည်။ အမှုတော်ဆိုင်ရာပဋိညာဉ်၏ဘောင်အတွင်း ထာဝရဘုရားနှင့်ပေါင်းစည်းလုပ်ဆောင်နေကြသောသူတို့သည် အသက်ဝိညာဉ်တို့ကို ကယ်တင်သည့်လုပ်ငန်းမျိုးတွင် သူနှင့်အတူပူးပေါင်းလုပ်ဆောင်နိုင်မည့် သဘောတူညီချက်များအောက်တွင် ရောက်ရှိနေကြသူများဖြစ်လာကြပေမည်။

ရက်သတ္တပတ်အတွင်း အသင်းတော်၏အသင်းသားတို့အနေဖြင့် သူတို့နှင့်သက်ဆိုင်သည့်ကဏ္ဍတွင် သစ္စာရှိစွာဖြင့်ဆောင်ရွက်ရကြမည်ဖြစ်ပြီး၊ ထိုဆောင်ရွက်ချက်တို့ကို ဥပုသ်နေ့သို့ရောက်သောအခါ၊ ဘုရားကျောင်းတွင် အတွေ့အကြုံရှင်းပြပေးရကြပါမည်။ သတ်မှတ်ထားသောအချိန်သို့ရောက်သောအခါ၊ တွေ့ဆုံဆွေးနွေးမှုအတွက် ဆုံစည်းကြရမည်ဖြစ်ပြီး၊ အားလုံးသောအစည်းအဝေးတက်ရောက်လာကြသူတို့အား အသစ်သောအသက်တာနှင့် သစ်လွင်သောအားမာန်ပေးကမ်းဝေငှရပါမည်။ အပြစ်သားများပြန်လည်ပြောင်းလဲလာရေးဆိုင်ရာ သခင်ခရစ်တော်လုပ်ဆောင်တော်မူခဲ့သည့်အလုပ်မျိုးကို လုပ်ဆောင်ရန်အတွက် အလွန်လိုအပ်နေပြီဆိုသည်ကို ဘုရားသခင်၏လူစုတော်တို့က သိရှိလာရကြသောအခါ၊ ဥပုသ်နေ့ဝတ်ပြုပွဲတွင် သူတို့တင်ပြကြသည့် သက်သေခံချက်များတို့သည် တန်ခိုးနှင့်ပြည့်ဝကြပေမည်။ အခြားသောသူတို့အတွက်



လုပ်ဆောင်မှုများအတွင်း သူတို့ရရှိကြသည့်အတွေ့အကြုံဆိုင်ရာ အဖိုးထိုက်တန်မှုများအကြောင်းကို ရွှင်လန်းဝမ်းမြောက်စွာဖြင့် သက်သေခံနေကြမည်ဖြစ်ပါသည်။

## အထွတ်အမြတ်ဖြစ်သည့်အားကိုးအားထားပြုစရာအသင်းတော်

သခင်ခရစ်တော်သည် ကောင်းကင်ဘုံသို့တက်ကြွတော်မူခဲ့သောအခါ သူ၏အသင်းတော်နှင့် ၎င်းအသင်းတော်ဆိုင်ရာလုပ်ပိုင်ခွင့်အားလုံးတို့ကို သူ၏တပည့်တော်တို့အား လေးနက်သည့်နှုတ်ကပတ်တော်အနေဖြင့် အပ်နှံထားတော်မူခဲ့ပါသည်။ အသင်းတော်၏လုပ်ငန်းဆောင်တာကို အမှုတော်ဆောင်တစ်ဦးတည်းထံတွင်၊ သို့မဟုတ် အနည်းငယ်မျှသောဦးဆောင်သူတို့ထံတွင် ဝကွက်ပေးထားရန်မဟုတ်ပါ။ အသင်းသားတိုင်းတို့အနေဖြင့် အချိန်တိုင်းနှင့်အားလုံးသောပတ်ဝန်းကျင်အခြေအနေမျိုးများတို့အောက်တွင် ထာဝရဘုရား၏တည်ကြည်ခန့်ညားသောပဋိညာဉ်ဆိုင်ရာအမှုတော်အတွင်း ပါဝင်လုပ်ဆောင်နေကြသည်ဆိုခြင်းကို သိထားသင့်ကြပါသည်။ အသင်းသားတိုင်းတို့အနေဖြင့် လုပ်ဆောင်ရမည့်အခန်းကဏ္ဍနှင့် ထမ်းရွက်ရမည့်ဝန်အချို့တို့ကို တာဝန်ယူသင့်ကြပါသည်။ အကယ်၍ အားလုံးသောအသင်းဝင်သူများတို့အနေဖြင့် တစ်ဦးချင်းတာဝန်ယူမှုတစ်ခုစီရှိကြသည်ကို ခံယူထားကြပါက၊ ဝိညာဉ်ရေးဆိုင်ရာအရာများတို့တွင် ပိုမိုကြီးမားသည့် တိုးတက်မှုမျိုးဖြစ်ထွန်းလာပေမည်။ တာဝန်ယူမှုဆိုင်ရာ အထွတ်အမြတ်ဖြစ်သည့်ဝန်ကို သူတို့ထမ်းရွက်ကြခြင်းအားဖြင့် သူတို့အနေဖြင့်ကလည်း မကြာခဏ ဘုရားသခင်ထံတော်သို့ ခွန်အားနှင့်ကျေးဇူးတော်တို့ကို ကြိုးပမ်းတောင်းခံသင့်ကြပါသည်။

အသင်းတော်၏အကျင့်စရိုက်ဆိုင်ရာစစ်မှန်မှုသည် အတိုင်းအတာဖြင့်ရှိနေပြီး၊ ထိုစစ်မှန်မှုကို မြင့်မားသည့်အတတ်ပညာအားဖြင့်လုပ်ဆောင်မှု၊ သူ၏အသင်းသားစာရင်းအတွင်း စာရင်းဝင်ထားသည့်လူအမည်စာရင်းအရေအတွက်အားဖြင့်မဟုတ်မူဘဲ၊ အရှင်သခင်တော်ကြီးအတွက် သူအမှန်တကယ်လုပ်ဆောင်နေမှုနှင့် သူ၏လုံ့လဝီရိယစိုက်ထုတ်မှုအရေအတွက်ပမာဏကိုထင်ရှားစေသည့် သစ္စာရှိအသင်းသားအမှုတော်ဆောင်များတို့၏လုပ်ဆောင်မှုအပေါ်တွင် မူတည်နေပါသည်။ တရားဟောကြားချက်များ၊ သို့မဟုတ် ခရစ်ယာန်ဆိုင်ရာ ဓမ္မဩဝါဒဟောကြားခြင်းတို့အားဖြင့်ဖြစ်ထွန်းမှုထက်၊ ပုဂ္ဂိုလ်ရေးဆိုင်ရာလုပ်ဆောင်မှုနှင့် ကိုယ်ကျိုးအတ္တကင်းသည့်ကြိုးပမ်းအားထုတ်မှုတို့သည် သခင်ခရစ်တော်၏အရေးအရာကို ပိုမိုပြီးမြောက်စေနိုင်ပါသည်။

အသက်ဝိညာဉ်များတို့ကို သမ္မာတရားတော်ဆီသို့ရှေးရှုစေသည့် ထာဝရဘုရားက သူတို့အပေါ်သို့တင်ထားပေးတော်မူသည့် ဝန်ထုပ်ဝန်ပိုးကိုထမ်းရွက်ကြစေရေးအားဖြင့် ဝိညာဉ်ရေးဆိုင်ရာဖွံ့ဖြိုးရေးအတွက် အသင်းတော်ဝင်များတို့အား အမှုတော်ဆောင်တို့က သင်ကြားပို့ချပေးရကြပါမည်။ မိမိတို့၏တာဝန်ယူရမှုအပိုင်းကဏ္ဍကို ဖြည့်ဆည်းပေးနေမှုမရှိကြသည့်အသင်းသားတို့ထံသို့ အလည်အပတ်သွားရောက်သင့်ကြပြီး၊ သူတို့နှင့်အတူဆုတောင်းခြင်းတို့အားဖြင့် သူတို့အတွက်လုပ်ဆောင်ရကြပါမည်။ သူတို့နှင့်အနီးဝန်းကျင်တွင်ရှိနေကြသည့်သူတို့အား သမ္မာတရားတော်အကြောင်းကို ဝေငှပေးကမ်းကြရာတွင် ထိုအသင်းသားတို့အနေဖြင့် သူတို့၏ပင်ကိုစွမ်းရည်တို့ကို အသုံးချကြရန်အတွက်၊ အမှုတော်ဆောင်များဖြစ်သောသင်တို့အပေါ် သူတို့က အားကိုးအားထားအမှီတံကဲပြုခြင်းဆီသို့ ရောက်ရှိမသွားစေဘဲ၊ သူတို့၏ပင်ကိုစွမ်းရည်ကို အသုံးချကြရေးကိုသင်ကြားပေးခြင်းက၊ ပိုမိုသင့်လျော်ပေမည်။ ထိုကဲ့သို့လုပ်ဆောင်ပေးခြင်းအားဖြင့် သူတို့နှင့်အတူကောင်းကင်တမန်တို့က ပူးပေါင်းလုပ်ဆောင်ပေးကြမည်ဖြစ်ပြီး၊ သူတို့၏ယုံကြည်ခြင်းကိုတိုးမြှင့်လာစေမည့်အတွေ့အကြုံတစ်ရပ်ကို ရယူနိုင်ကြမည်ဖြစ်ကာ၊ ဘုရားသခင်ထံတော်မှ အမာခံနယ်မြေတစ်ခုကို ခံစားရရှိကြမည်ဖြစ်သည်။

## အမှုတော်ဆောင်၏ဇနီးသည်

လွန်ခဲ့သောနှစ်ပေါင်းများစွာက အမှုတော်ဆောင်တို့၏ဇနီးသည်များတို့သည် အိမ်တွင်းစားရေးသောက်ရေးမလောက်ငမှုနှင့် ဖိစီးနှိပ်စက်မှုတို့၏ဒဏ်ကို ကြံ့ကြံ့ခံနိုင်စွမ်းရှိခဲ့ကြပါသည်။ သူမတို့၏ခင်ပွန်းသည်များတို့သည် ထောင်သွင်းအကျဉ်းချခံရခြင်း၊ တစ်ခါတစ်ရံတွင် သေဆုံးကြသည်အထိ၊ ခံစားခဲ့ရသောအခါများတို့တွင် မြင့်မြတ်ပြီး၊ မိမိတို့၏အသက်ကိုပါ ဆက်ကပ်အပ်နှံခဲ့ကြသည့် ထိုအမျိုးသမီးတို့သည် သူမတို့၏ခင်ပွန်းသည်တို့နှင့်အတူ မျှဝေခံစားခဲ့ကြသည့်အလျောက်၊ သူမတို့အတွက် ရရှိခံစားရကြမည့်ဆုလာဘ်သည်လည်း သူမတို့၏ခင်ပွန်းသည်တို့က အပ်နှင်းခံရကြမည့်အတိုင်းအတာမျိုးနှင့် တူညီနေကြမည်ဖြစ်သည်။ ဆရာကြီးဘော့(ရ်ဒ်)မိုင်း(န်)နှင့်ဆရာကြီးဂျဒ်စန်(စ်)တို့၏ဇနီးသည်များတို့သည် သမ္မာတရားတော်အတွက် ဒုက္ခခံစားခဲ့ကြရာတွင် သူမတို့၏အဖော်မွန်တို့နှင့်အတူ မျှဝေခံစားခဲ့ကြပါသည်။ အမှောင်ထုအတွင်းကျရောက်နေကြသည့်သူတို့အား အမြင်မှန်ရလာကြစေရေးနှင့် ထိုသူတို့အားကွယ်ဝှက်



ထားခြင်းခံနေရသည့် ဘုရားသခင်၏နှုတ်ကပတ်တော်၏လျှို့ဝှက်ဆန်းကြယ်မှုများတို့အားပြသပေးသည့်၊ သူမတို့အဖော်မွန်တို့၏လုပ်ဆောင်မှုကို ထောက်ပံ့ပေးမှုတို့တွင် သူမတို့သည် အိမ်ထောင်မိသားစုနှင့်မိတ်ဆွေသူငယ်ချင်းတို့အား စွန့်လွှတ်နိုင်ကြကြောင်းကို သူမတို့၏အသိတရားရှိသည့်စကားလုံးတိုင်းတို့၌ ထင်ရှားနေခဲ့ပါသည်။ သူမတို့၏ဘဝများတို့သည် ဘေးရန်ကျရောက်မှုတို့ဖြင့် အတောမသတ်ရှိနေကြပါသည်။ အသက်ဝိညာဉ်များတို့ကို ကယ်ဆယ်ပေးကြရန်မှာ သူမတို့၏ကြီးမားလှသည့်ရည်မှန်းချက်ဖြစ်ပြီး၊ ၎င်းရည်မှန်းချက်အတွက် သူမတို့သည် ဒုက္ခဆင်းရဲခြင်းတို့ကို ရွှင်လန်းစွာဖြင့်ခံနိုင်စွမ်းရှိကြပါသည်။

အမှုတော်ဆောင်တစ်ဦး၏ဇနီးသည်အနေဖြင့် သူမ၏ခင်ပွန်းသည်နှင့်အတူခရီးလိုက်ပါသွားမည်ဆိုပါက ထိုခရီးစဉ်သည် သူမအတွက်ကိုယ်ပိုင်အထူးပျော်ရွှင်ကြည်နူးမှုခရီးစဉ်မျိုး၊ အလည်အပတ်နှင့်အပြုအစုခံလိုသည့်ခရီးစဉ်မျိုးမဖြစ်သင့်ဘဲ သူမ၏ခင်ပွန်းသည်နှင့်အတူ အမှုတော်ကိုဆောင်ရွက်ရပါမည်။ ကောင်းမြတ်သောအရာကိုလုပ်ဆောင်ရန်အတွက် သူမ၏ခင်ပွန်းသည်နှင့်အတူ စိတ်ဝင်တစားပေါင်းစည်းမှုမျိုးရှိသင့်ပါသည်။ အကယ်၍ အိမ်မှုကိစ္စကြောင့် အဟန့်အတားဖြစ်စရာအကြောင်းမရှိ၊ သူမအနေဖြင့် သူမခင်ပွန်းသည်နှင့်အတူတကွ ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိရမည့်အပြင် အသက်ဝိညာဉ်များအားကယ်ဆယ်ပေးသည့် သူမခင်ပွန်းသည်၏ကြိုးပမ်းဆောင်ရွက်မှုများတို့တွင် အထောက်အကူပေးသင့်ပါသည်။ သူမအနေဖြင့် သူမဝန်းကျင်ရှိစိတ်ဝိညာဉ်များတို့အပေါ် မြင့်မြတ်သည့်ကိုယ့်ကိုကိုယ်အားကိုးလိုစိတ်မျိုးဖြင့် ဦးဆောင်လိုသည့်သြဇာသက်ရောက်မှုမျိုးရှိရမည့်အပြင် အစည်းအဝေးတွင်သော်လည်းကောင်း၊ မိသားစုဝတ်ပြုရာစားပွဲပတ်ပတ်လည်၌လည်းကောင်း မီးလင်းဖိုဘေးနားတွင်ထိုင်ပြီး စကားဝိုင်းဖွဲ့နေချိန်များတို့တွင် သူမ၏အခန်းကဏ္ဍတွင်လုပ်ဆောင်စရာရှိသည်ကိုလုပ်ဆောင်ပြီး သူမ၏ကပ်တိုင်နှင့်ဝန်တို့ကို သယ်ပိုးရမည်ဖြစ်သည်။ လူများတို့အနေဖြင့် ထိုလုပ်ရပ်မျိုးကိုမျှော်လင့်နေကြသည့်အလျောက် မျှော်မှန်းနိုင်သည့်အခွင့်အရေးလည်းရှိနေကြပါသည်။ ထိုမျှော်မှန်းချက်များတို့ကို ဇနီးဖြစ်သူက သတိမမူမိပါက၊ ခင်ပွန်းသည်၏သြဇာသက်ရောက်မှုသည် ထက်ဝက်ခန့်မျှမက ပျက်ပြားသွားပေလိမ့်မည်။

သူမတွင်စိတ်ဆန္ဒရှိပါက၊ အမှုတော်ဆောင်တစ်ဦး၏ဇနီးသည်သည် ပိုမို၍လုပ်ဆောင်နိုင်စွမ်းရှိပါသည်။ မိမိကိုယ်ကိုမိမိဆက်ကပ်လိုသည့်စိတ်ဓာတ်မျိုး သူမပိုင်ဆိုင်ထားနေပါက၊ ထို့အပြင် အသက်ဝိညာဉ်တို့အပေါ် ချစ်ခြင်းမေတ္တာထားရှိပါက၊

ကောင်းမြတ်သောအရာကို သူမ၏ခင်ပွန်းသည်လုပ်ဆောင်နိုင်သည့်အနေအထားမျိုးနီးပါးမျှ သူမလုပ်ဆောင်နိုင်မည်ဖြစ်သည်။ သမ္မာတရားတော်ကိစ္စနှင့်ပတ်သက်သည့်လုပ်ငန်းတွင်ရှိနေသည့် အမှုတော်ဆောင်ဖက်အမျိုးသမီးတစ်ယောက်အနေဖြင့် အချို့သောကိစ္စရပ်များ၊ အထူးသဖြင့် ညီအစ်မများအချင်းချင်းတို့အတွင်း ဖြစ်ပေါ်နေသည့်ကိစ္စရပ်များတို့ကို နားလည်နိုင်ပြီးသိရှိနိုင်ကြသကဲ့သို့ သူတို့၏အမှုတော်ဆောင်အနေဖြင့် နားလည်သိရှိနိုင်စွမ်းမရှိနိုင်ကြပါ။

အမှုတော်ဆောင်၏ဇနီးသည်အနေဖြင့် ပေါ့ပေါ့တန်တန်ဖြင့် ကိုယ်လွတ်ရုန်းရန်မသင့်သည့်အပြင်၊ ကိုလွတ်မရုန်းနိုင်သည့် တာဝန်ယူရမည့်အရာတစ်ခု သူမအပေါ်ကျရောက်နေပါသည်။ ဘုရားသခင်အနေဖြင့် သူမအားအတိုးကြီးဖြင့်ချေးထားတော်မူသော ကိုယ်ရည်ကိုယ်သွေးကို ပြန်လည်တောင်းခံတော်မူမည်ဖြစ်သည်။ သူမအနေဖြင့် အသက်ဝိညာဉ်တို့ကိုကယ်ဆယ်ရေးလုပ်ငန်းတွင် စိတ်အားထက်သန်စွာ၊ သစ္စာရှိစွာ၊ ထို့အပြင် သူမ၏ခင်ပွန်းသည်နှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် လုပ်ဆောင်သင့်ပါသည်။ သူမအနေဖြင့် သူမ၏လိုအင်နှင့်ဆန္ဒကိုတောင်းဆိုခြင်း၊ သို့မဟုတ် သူမခင်ပွန်းသည်၏အလုပ်အပေါ်တွင် စိတ်ဝင်စားမှုမရှိခြင်းကို ထုတ်ဖော်ပြောဆိုခြင်းမျိုးတို့ကိုမည်သည့်အခါမျှမပြုလုပ်သင့်၊ သို့မဟုတ် သူ၏ခင်ပွန်းသည်၏အလုပ်ရှိသောနေရာမှအိမ်ကိုလွမ်းဆွတ်တမ်းတခြင်းနှင့် မကျေမနပ်ဖြစ်သည့်ခံစားမှုမျိုးမထားရှိသင့်ပေ။ အားလုံးသောဤသဘာဝအလျောက်ဖြစ်တတ်သည့်ခံစားမှုများတို့ကို ကျော်လွှားနိုင်ရမည်ဖြစ်သည်။ သူမ၏အသက်တာတွင် သူမသည် မယိမ်းမယိုင်သည့် ဆက်လက်လုပ်ဆောင်မည့်ရည်ရွယ်ချက်တစ်ခုထားရှိရပါမည်။ ခံစားမှုများ၊ အပျော်အပါးများနှင့်သဘာဝဆိုင်ရာအရသာခံမှုများတို့နှင့် ပဋိပက္ခဖြစ်ပွားနိုင်ကောင်းဖြစ်ပွားနိုင်ပေမည်။ ထိုကဲ့သို့စိတ်မျိုးဖြစ်ပေါ်လာပါက ကောင်းမြတ်သောအရာနှင့် အသက်ဝိညာဉ်တို့ကိုကယ်ဆယ်ရေးအတွက် ထိုစိတ်မျိုးတို့ကို ရွှင်လန်းစွာနှင့်လိုလားစွာဖြင့် စွန့်ပယ်ရမည်ဖြစ်သည်။

အမှုတော်ဆောင်များတို့၏ဇနီးသည်များတို့သည် ဆက်ကပ်မှုနှင့်ဆုတောင်းခြင်းနှင့်ပြည့်ဝသည့်အသက်တာမျိုးဖြင့် နေထိုင်သင့်ကြပါသည်။ သို့သော်လည်း အချို့တို့သည် ကပ်တိုင်များမရှိသောဘာသာတရားနှင့် သူမတို့၏အခန်းကဏ္ဍတို့တွင်ကိုယ့်ကိုကိုယ်ချုပ်တည်းခြိုးခြံရမှုနှင့်အားစိုက်ရမှုမျိုး မလိုအပ်သည့်အနေအထားမျိုးတို့တွင် ပျော်မွေ့ကြမည်ဖြစ်သည်။ သူမတို့အနေဖြင့် မိမိတို့ကိုယ်၌အတွက် မြင့်မြတ်စွာဖြင့်ကျင့်ကြံရပ်တည်ရကြမည့်အစား၊ ခွန်အားအတွက် ဘုရားသခင်အားမှီခိုရကြမည့်အစား၊





သူမတို့၏တစ်ဦးချင်းတာဝန်ယူရမှုမျိုးကို ထမ်းဆောင်ရကြမည့်အစား၊ သူမတို့ထံတွင်သာလျှင် ဝိညာဉ်ရေးအသက်တာ၏အရင်းအမြစ်ကို ရှာဖွေနေကြပါသည်။ သူမတို့အနေဖြင့် ဘုရားသခင်အပေါ်ယုံကြည်စိတ်ချစွာဖြင့်၊ ထို့အပြင် ကလေးသူငယ်များနှင့်အလားတူသည့်ကိုးစားမှုမျိုးဖြင့် မှီခိုနေကြသည့်အပြင်၊ သခင်ယေရှုကိုဇဟိုပြုသည့်ချစ်ခြင်းမေတ္တာမျိုး သူမတို့ထံတွင်ရှိနေကြပါက အစဉ်ရှင်သန်နေသည့်စပျစ်ပင်တည်းဟူသောသခင်ခရစ်တော်ထံတော်တွင်လည်း သူမတို့၏အသက်တာအရင်းအမြစ်တို့ကိုရှာဖွေကြပါက သူမတို့လုပ်ဆောင်လာကြမည့် တစ်စုံတစ်ရာသောအတိုင်းအတာမျိုးရှိသည့် ကောင်းမြတ်သောအရာ၊ အခြားသောသူတို့ကိုကူညီမှုပေးခြင်း၊ သူမတို့၏ခင်ပွန်းသည်များတို့အားပေးနေသည့် အထောက်အပံ့တစ်ခုတို့အတွက် အဆုံးတွင်သူမတို့ရရှိကြမည့်ဆုလာဘ်ကား၊ “သာဓုသစ္စာရှိသောငယ်သားကောင်း” ဆိုသည့် မိန့်တော်မူချက်သည် သူမတို့၏နားများအတွင်းသို့ သာယာချိုမြိန်ဆုံးသောဂီတသံအလား ဝင်ရောက်သွားပေလိမ့်မည်။ ထို့အပြင်၊ “သင်၏သခင်နှင့်အတူစည်းစိမ်ကိုဝင်စားလော့” ဆိုသည့် နှုတ်တော်ထွက်သည်လည်း အဖိုးထိုက်လှစွာသောအသက်ဝိညာဉ်များတို့ကို ကယ်ဆယ်ရေးအလုပ်တွင်ဆင်းရဲဒုက္ခနှင့်စစ်ဆေးစုံစမ်းမှုတို့ကို ကြံ့ကြံ့ခံနိုင်ခဲ့ကြသည့်သူအားလုံးတို့သည် အကြိမ်ထောင်ပေါင်းများစွာဖြင့် ပေးဆပ်ခြင်းကိုခံရကြမည်ဖြစ်သည်။ “Testimonies for the Church,” Vol. 1, pp. 451-453.

အိမ်ထောင်သည်အမျိုးသားတို့က သူတို့အိမ်ထောင်မိသားစုရှိသားသမီးတို့ကိုထိန်းသိမ်းစောင့်ရှောက်ရေးအတွက် သူတို့၏ဇနီးသည်တို့အား အကယ်၍အိမ်တွင်ထားရစ်ခဲ့ပြီး၊ လုပ်ငန်းခွင်သို့သွားရကြပါက ဇနီးသည်ရောမိခင်အဖြစ်ပါ ဖြစ်လာသည့်သူမအနေဖြင့် ခင်ပွန်းသည်လည်းဖြစ်၊ ဖခင်လည်းဖြစ်သူ၏ကြီးမားပြီးအရေးကြီးသောအလုပ်ကိုလည်း အပြည့်အဝလုပ်ဆောင်ရာလည်းရောက်ပါသည်။ ခင်ပွန်းဖြစ်သူက သာသနာပြုခြင်းလုပ်ငန်းခွင်သို့ရောက်နေချိန်အတွင်း အိမ်တွင်နေရစ်ခဲ့သူဇနီးသည်အနေဖြင့်လည်းအိမ်ထောင်မိသားစုတွင်း သာသနာပြုလုပ်ငန်းကို လုပ်ဆောင်နေခဲ့ရသည့်အနေအထားတွင်ရှိနေပါသည်။ သူမအနေဖြင့် ပြုစုစောင့်ရှောက်မှုနှင့်ကြောင့်ကြမှုများအပြင်၊ ဝန်ထုပ်ဝန်ပိုးများတို့ဖြင့်ပိနေခြင်းဖြင့် ခင်ပွန်းသည်လည်းဖြစ်၊ ဖခင်လည်းဖြစ်နေသည့်ယောကျ်ားတို့ထက် မကြာခဏပင် အတိုင်းထက်အလွန်ပင်ပန်းရကြပါသည်။ မိခင်၏အလုပ်သည်တည်ကြည်လေးနက်ပြီး အရေးကြီးသည့်အလုပ်တစ်ခုဖြစ်ရာတွင် သူမတို့၏သားသမီးတို့အား စိတ်ပိုင်းဆိုင်ရာပုံသွင်းပေးရသည့်အပြင်၊ အကျင့်စရိုက်ပိုင်းဆိုင်ရာဆင်ယင်မှု

များတို့ကိုပါ လုပ်ဆောင်ရလျက်၊ လက်ရှိနေရာနှင့်ကာလများတို့တွင် အသုံးဝင်ကြစေရန်အတွက် သင်တန်းပို့ချပေးနေရပြီး၊ အနာဂတ်တွင် ထာဝရရှင်သန်နိုင်ကြမည့်အနေအထားမျိုးတွင် ရောက်ရှိသွားကြရေးအတွက် ချမှတ်ပေးရကြပါသည်။

အများတကာတို့နှင့်ထိတွေ့နေရသည့် သာသနာပြုလုပ်ငန်းတွင်ရှိ ခင်ပွန်းသည်ဖြစ်သူသည် လူအများတို့၏ချီးကျူးဂုဏ်ပြုမှုမျိုးကို ခံယူရကောင်းခံယူရရှိနေရသည့်အချိန်တွင် အိမ်တွင်ကျန်ရစ်ခဲ့ပြီး၊ အားသွန်ခွန်စိုက်လုပ်ဆောင်နေရသည့်ဇနီးသည်မှာမူ လောကီဆိုင်ရာဂုဏ်ယူစရာမျိုး ခံစားရရှိခြင်းမရှိပါသော်လည်း၊ သူမ၏မိသားစု၏အကောင်းဆုံးသောအကျိုးတို့အတွက်လုပ်ဆောင်ပေးပြီး၊ သားသမီးတို့၏အကျင့်စရိုက်တို့ကို ဘုန်းတော်ရှင်၏သွင်ပြင်ပုံစံအတိုင်းဆင်ယင်ပေးပါက မှတ်တမ်းတင်ပေးသည့်ကောင်းကင်တမန်က သူမအမည်ကို ကမ္ဘာ့အကြီးကျယ်ဆုံးသော သာသနာပြုဆရာများအနက်၊ တစ်ယောက်အဖြစ်ဖြင့် စာရင်းရေးသွင်းထားမည်ဖြစ်ပါသည်။

အမှုတော်ဆောင်၏ဇနီးသည်အနေဖြင့် သူမ၏အသက်ဝိညာဉ်ကို ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်အတွင်း ထားရှိပေးထားပါက၊ သူမခင်ပွန်းသည်၏ဝန်ကိုပေါ့ပါးသွားစေရေးအတွက် ကြိုးပမ်းလုပ်ဆောင်ခြင်းသည် သူမ၏ခင်ပွန်းသည်အတွက် ကြီးမားသည့်ထောက်ကူမှုတစ်ခုဖြစ်ပေလိမ့်မည်။ သူမအနေဖြင့် သူမ၏သားသမီးတို့အားနှုတ်ကပတ်တရားတော်ကို သင်ကြားပို့ချပေးနိုင်ပါသည်။ သူမ၏အိမ်သူအိမ်သားများတို့အား ချွေတာရေးနှင့်သမ္မာသတိရှိမှုအပိုင်းတို့တွင် စီမံခန့်ခွဲနိုင်ပါသည်။ သူမ၏ခင်ပွန်းသည်နှင့်ပေါင်းစည်းပြီး၊ သူမ၏သားသမီးတို့အား ချွေတာရေးဆိုင်ရာပညာပေးခြင်းနှင့် သူတို့၏တောင့်တမှုတို့ကို မည်ကဲ့သို့ထိန်းချုပ်ရကြမည်ဆိုခြင်းကို သင်ကြားပို့ချပေးနိုင်ပါသည်။

## သူ၏အိမ်ထောင်မိသားစုအတွင်းတွင်ရှိနေသည့်အမှုတော်ဆောင်

သမ္မာကျမ်းစာကိုသင်ကြားပို့ချပေးသူဆရာအနေဖြင့် သူသင်ကြားပို့ချပေးသည့်သမ္မာတရားတော်၏သာဓကပြမှုအတိုင်း သူ၏အိမ်ထောင်မိသားစုအတွင်းတွင်ပြသပေးရန် ဘုရားသခင်က ပုံစံထုတ်ပေးတော်မူပါသည်။ လူတစ်ယောက်သည် သူ၏အပြောအဆိုထက် ပိုမိုကြီးမားသည့်ဩဇာသက်ရောက်မှုမျိုးရရှိအောင် လုပ်ဆောင်နိုင်ပါသည်။ နေ့စဉ်အသက်တာ၌ ဘာသာတရားကိုင်းရှိုင်းမှုသည် လူအများတို့အား သက်သေခံခြင်း



အလုပ်တွင် စွမ်းအားကိုပေးအပ်ပါလိမ့်မည်။ စိတ်ရှည်သည်းခံခြင်း၊ စိတ်ထားမှန်ကန်မှုရှိခြင်းနှင့် ချစ်ခြင်းမေတ္တာထားရှိခြင်းတို့သည် တရားဟောချက်များရောက်ရှိနိုင်စွမ်းမရှိသော နှလုံးသားများအတွင်းသို့ စွဲမြဲစွာဖြင့်အသွင်ခတ်နိုပ်နိုင်ပါသည်။

အမှုတော်ဆောင်၏တာဝန်များတို့သည် သူ၏ဝန်းကျင်တို့၌ရှိနေရာတွင် အနီးအပါးတွင်ရော၊ အလှမ်းဝေးသောနေရာတို့တွင်ပါ ရှိနေသော်လည်း၊ သူ၏အဦးဆုံးသောတာဝန်မှာ သူ၏သားသမီးတို့အတွက် လုပ်ဆောင်ရမည့်တာဝန်ပင်ဖြစ်ပါသည်။ သူ့အနေဖြင့် သူ၏သားသမီးတို့က လိုအပ်နေသည့်ညွှန်ကြားချက်ပေးရမည်ကို ဥပေက္ခာပြုရလောက်အောင် သူ၏ပြင်ပအလုပ်အတွင်း မိမိအာရုံကိုလုံးဝနစ်မြုပ်သွားသည့်အနေအထားမျိုးဆီသို့ အရောက်မခံသင့်ပေ။ သူ့အနေဖြင့် သူ၏အိမ်ထောင်မိသားစုတာဝန်များတို့အပေါ် သိပ်အရေးမပါလှသကဲ့သို့ ထင်မြင်ယူဆကောင်းယူဆမည်ဖြစ်သော်လည်း အမှန်အားဖြင့် သူတို့မိသားစုဝင်တို့သည် တစ်ဦးချင်းစီတို့နှင့်အစုအဖွဲ့ဆိုင်ရာ ကိုယ်စိတ်နှစ်ပါးချမ်းသာမှုအုတ်မြစ်ပေါ်တွင် တည်ရှိနေကြပါသည်။ အမျိုးသားများနှင့်အမျိုးသမီးတို့၏ပျော်ရွှင်မှုအပြင်၊ အသင်းတော်၏အောင်မြင်မှုတို့သည် အိမ်ထောင်မိသားစု၏ဩဇာသက်ရောက်မှုအပေါ်တွင် ကြီးမားသည့်ပမာဏဖြင့် တည်မှီနေပါသည်။ အသက်တာတစ်လျှောက် နေ့စဉ်ထမ်းဆောင်ရကြသည့်တာဝန်နှင့်ပတ်သက်သည့် သင့်လျော်သောဆောင်ရွက်မှုတွင် အစဉ်တည်မြဲသည့်စိတ်ဝင်စားမှုများလည်း ပါရှိရပါမည်။ ကမ္ဘာကြီးအနေဖြင့် သဘောထားကြီးမားသူများဖြစ်ကြသည့် မိမိ၏အိမ်ထောင်မိသားစုများအတွင်း ကောင်းချီးမင်္ဂလာတစ်ခုအဖြစ်ရှိနေကြသည့်၊ လူကောင်းသူကောင်းတို့ကို အလိုရှိခြင်းမရှိလှပါ။

အမှုတော်ဆောင်အနေဖြင့် ပြင်ပတွင်ရှိသည့် ပိုမိုကြီးမားကျယ်ပြန့်သည့်အသိုက်အဝန်းကိုဦးစားပေးပြီး၊ အတွင်းပိုင်းကျသည့်အသိုက်အဝန်းကို ဥပေက္ခာပြုခြင်းအတွက် မည်သို့သောအကြောင်းအရာမျိုးဖြင့်မျှ ခွင့်လွှတ်နိုင်စရာအကြောင်းမရှိပါ။ သူ၏မိသားစု၏ဝိညာဉ်ရေးရာကိစ္စရပ်များကို အဦးဆုံးလုပ်ဆောင်ပေးရပါမည်။ နောက်ဆုံးသောတရားစီရင်သောနေ့ရက်တွင် ကမ္ဘာပေါ်တွင်ရှိနေသည့်သူတို့အား သခင်ခရစ်တော်ထံတော်သို့ ခေါ်ဆောင်လာရမည့် တာဝန်ယူရခြင်းအတွက် မည်ကဲ့သို့လုပ်ဆောင်ခဲ့သည်ကို သူ့အား ဘုရားသခင်ကမေးမြန်းတော်မူမည်ဖြစ်သည်။ သူ၏ကိုယ်ပိုင်သားသမီးများတို့အား ပြုစုစောင့်ရှောက်ခြင်းပျက်ကွက်မှုနှင့်ပတ်သက်သည့် ဘုရားသခင်ထံတော်တွင် တင်ရှိနေ

သောအကြွေးကို အခြားသောသူတို့အပေါ် ကြီးမားသောကောင်းမြတ်ခြင်းနှင့်အကျိုးပြုသောနည်းဖြင့် ပေးဆပ်၍မကျေနိုင်ပါ။

အမှုတော်ဆောင်၏မိသားစုအတွင်း လက်တွေ့ကျသော ဘုရားတရားကြည်ညိုမှုမျိုးဖြင့် ထိရောက်သောတရားဟောချက်တစ်ခုကိုဟောပြောပေးမည့် စည်းလုံးညီညွတ်မှုမျိုးရှိနေသင့်ပါသည်။ အမှုတော်ဆောင်နှင့်သူ၏ဇနီးသည်တို့အနေဖြင့် မိမိတို့အိမ်ထောင်မိသားစုအတွင်း လုပ်ဆောင်ရမည့်တာဝန်များဖြစ်သည့် တားမြစ်ထိန်းချုပ်မှု၊ အမှားကိုထောက်ပြမှု၊ အကြံပေးမှု၊ အကြံပြုတိုက်တွန်းမှု၊ လမ်းညွှန်မှုများတို့ကို သစ္စာရှိစွာဖြင့်ဆောင်ရွက်ကြပါက သူတို့အနေဖြင့် အသင်းတော်အတွင်းအမှုတော်ဆောင်ရွက်ရန်အတွက် ပိုမိုအံဝင်ခွင်ကျသည့်အနေအထားအဖြစ်သို့ ရောက်ရှိလာကြကာ၊ မိမိတို့၏အိမ်ထောင်မိသားစု၏အပြင်ဘက်ရှိ ဘုရားသခင်၏အမှုတော်ပြီးမြောက်စေရေးအတွက် စွမ်းဆောင်မှုတို့ကို တိုးပွားလာစေနိုင်ကြမည်ဖြစ်သည်။ သူတို့၏မိသားစုဝင်များတို့သည်လည်း အထက်အရပ်ရှိတော်ဝင်မိသားစုဝင်များလာကြမည့်အပြင်၊ ကောင်းမြတ်သောအရာအတွက် စွမ်းအားတစ်ခုအဖြစ် ဖြစ်လာကြကာ၊ ကျယ်ပြန့်စွာလွှမ်းမိုးနိုင်သည့် သြဇာသက်ရောက်မှုတစ်ရပ်ကို အသုံးပြုလာနိုင်မည်ဖြစ်သည်။

သို့သော်ငြားလည်း မိမိ၏သားသမီးတို့ကို ထိန်းမနိုင်သိမ်းမရနှင့် နာခံမှုမရှိသောပုံစံမျိုးဖြင့် ကြီးပြင်းလာစေရေးကို ခွင့်ပြုထားသောအမှုတော်ဆောင်အနေဖြင့် တရားဟောစင်မြင့်တွင် ဟောပြောသည့်သူ၏လုပ်ဆောင်မှုဆိုင်ရာ သြဇာသက်ရောက်မှုတို့သည် သူ၏သားသမီးတို့၏အကျည်းတန်လှသည့် အပြုအမူများတို့၏ချေဖျက်ခြင်းကို ခံရမည်ဖြစ်သည်။ မိမိ၏ကိုယ်ပိုင်မိသားစုဝင်တို့အပေါ် ထိန်းသိမ်းနိုင်ခြင်းမရှိသောသူသည် ဘုရားသခင်၏အသင်းတော်ကို မှန်ကန်ကောင်းမွန်စွာဖြင့် ပြုစုစောင့်ရှောက်နိုင်ခြင်းရှိမည်မဟုတ်ပါ၊ သို့မဟုတ် ထိုအသင်းတော်ကိုလည်း ရန်တွေ့ခံရမှုနှင့်အငြင်းပွားမှုများမှ ထိန်းသိမ်းနိုင်မည်မဟုတ်ပါ။

## အိမ်ထောင်မိသားစုအတွင်းရည်မွန်ယဉ်ကျေးခြင်း

အသက်တာ၏သေးငယ်သောကိစ္စရပ်များတို့အပေါ် ရှိသင့်ရှိထိုက်သောအာရုံစူးစိုက်မှုမျိုးမထားရှိပါက၊ အန္တရာယ်ရှိနိုင်ပါသည်။ အမှုတော်ဆောင်က သူဆောင်ရွက်ရမည့်အပိုင်းတွင် သူ၏မိသားစုအသိုက်အဝန်းအတွင်း၌ ကြင်နာစွာပြောဆိုခြင်းနှင့်အားပေးတိုက်တွန်းသည့်စကားလုံးမျိုးတို့ကို လျစ်လျူမရှုသင့်ပါ။ အကျွန်ုပ်၏အမှုတော်



ဆောင်ဖော်ဆောင်ဖက်၊ ညီအစ်ကိုတော်များခင်ဗျား၊ အိမ်ထောင်မိသားစုအသိုက်ဝန်းအတွင်း ရန့်ရင်းကြမ်းတမ်းမှု၊ အကြင်နာတရားကင်းမဲ့မှုနှင့်ရိုင်းပျသည့်အပြုအမူမျိုးကို ပြသမိပါသလား။ အကယ်၍သင်ပြသမိလိုက်ပါက သင်၏အတတ်ပညာမည်မျှပင်မြင့်မားလှပါစေ၊ သင်သည် ပညတ်တော်တို့ကိုဖောက်ဖျက်နေပြီဖြစ်ပါသည်။ အခြားသူတို့အားသင့်အနေဖြင့် မည်မျှပင်စိတ်အားထက်သန်မှုရှိရှိဖြင့်ဟောပြောနေသည်ဖြစ်စေ၊ သင်၏အိမ်ထောင်မိသားစုအသက်တာအတွင်း သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ကိုပြသပေးရန် ပျက်ကွက်နေပါက သင့်အတွက်သတ်မှတ်ပေးထားသည့် လိုအပ်သည့်အနေအထားအဆင့်မျိုးကို မမီမကမ်းဖြစ်နေပေမည်။ အထွတ်အမြတ်ဖြစ်သော လုပ်ငန်းခွင်တွင်ကျင်လည်သောသူသည် ခက်ထန်ကြမ်းကြုတ်ပြီး၊ ပေါ့ပေါ့တန်တန်ဖြင့် ငေါ့တော့တော့မှတ်ချက်များကိုချတတ်သည့် အပြုအမူမျိုးတို့တွင်၊ သို့မဟုတ် ပြက်လုံးထုတ်ဟာသလုပ်သည့်လုပ်ရပ်မျိုးတို့တွင်သာ ပျော်မွေ့နေပါက၊ ထိုသူကို သခင်ခရစ်တော်အားကိုယ်စားပြုသူတစ်ယောက်အဖြစ် ထင်မှတ်မထားပါနှင့်။ ထိုကဲ့သို့သောသူမျိုးထံတွင် ဘုရားသခင်၏ချစ်ခြင်းမေတ္တာမျိုးမရှိနိုင်ပါ။ သူ၏နှလုံးသားသည် မိမိကိုယ်ကိုသာချစ်တတ်သောသဘော၊ မိမိကိုယ်ကျိုးအတွက်သာအလေးထားတတ်သော စိတ်ထားမျိုးများဖြင့်သာပြည့်နေပြီး၊ သူ့အနေဖြင့် အထွတ်အမြတ်ဖြစ်သောအရာတို့အပေါ် မှန်ကန်သောထင်မြင်ချက်မျိုးဖြင့် ပေါ်လွင်ထင်ရှားအောင်မပြုလုပ်နိုင်ပါ။ သခင်ခရစ်တော်သည်လည်း သူနှင့်အတူရှိတော်မမူဘဲ ယခုကဲ့သို့သောအချိန်ကာလမျိုးတွင် သူ့အနေဖြင့် သမ္မာတရားတော်၏ခန့်ညားသောသတင်းစကားတော်ကို သယ်ပိုးထမ်းရွက်နိုင်ခြင်းမရှိနိုင်ပါ။

အချို့သောအကြောင်းခြင်းရာများတို့တွင် အမှုတော်ဆောင်များတို့၏သားသမီးများတို့သည် ကမ္ဘာပေါ်တွင် လျစ်လျူရှုအခံရဆုံးသော သားသမီးများဖြစ်နေကြပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ သူတို့၏ဖခင်သည် သူတို့နှင့်အတူတကွရှိနေရသောအချိန်သည် အလွန်နည်းပါးလှသည့်အလျောက်၊ ထိုသားသမီးတို့သည် သူတို့၏အလုပ်အကိုင်နှင့်ပျော်ရွှင်မှုကို မိမိတို့ဘာသာရွေးချယ်ကြရန် လွှတ်ထားခံနေရကြပါသည်။ အကယ်၍အမှုတော်ဆောင်တစ်ဦးတွင် သားသမီးအဖြစ်ယောကျ်ားကလေးများရှိနေပါက သူတို့အား မိခင်၏စောင့်ရှောက်မှုအပေါ်၊ လုံးလုံးလျားလျားပစ်ပယ်မထားပါနှင့်။ ထိုတာဝန်မှာ မိခင်အတွက် အထူးကြီးလေးသောဝန်ထုပ်ဝန်ပိုးဖြစ်နေပါသည်။ အမှုတော်ဆောင်အနေဖြင့် ထိုသားယောကျ်ားတို့၏မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းတစ်ဦးအဖြစ် မိမိကိုယ်ကိုမိမိပုံဖော်ပါ။ သူ့အနေဖြင့် သူတို့အားမကောင်းသောအပေါင်းအသင်းတို့နှင့်

မပေါင်းဖော်မိကြရေးကို အားထုတ်ကြိုးပမ်းသင့်ပြီး၊ သူတို့အတွက် သူတို့ဆောင်ရွက်နိုင်သည့် အသုံးဝင်သောအလုပ်မျိုးရှိနေကြောင်းကို နားလည်ထားသင့်ပါသည်။ မိမိကိုယ်ကိုမိမိထိန်းသိမ်းတတ်ရေးအတွက် ထိုသားယောကျ်ားတို့အားလေ့ကျင့်ပေးရန်မှာ မိခင်ဖြစ်သူအတွက် အခက်အခဲဖြစ်နိုင်ပေမည်။ ထိုအနေအထားကို ခင်ပွန်းသည်အနေဖြင့် တွေ့မြင်သိရှိရပါက၊ ပိုမိုကြီးလေးသည့်ဝန်ကို မိမိအပေါ်တွင်ထားရှိသင့်ပြီး သူ၏သားယောကျ်ားတို့အား ဘုရားသခင်ထံတော်သို့ဦးတည်စေရန်အတွက် သူ၏အားလုံးသောစွမ်းအားတို့ဖြင့် လုပ်ဆောင်ရပါမည်။

သားသမီးရှိသောအမှုတော်ဆောင်၏ဇနီးသည်အနေဖြင့် သူမ၏အိမ်ထောင်မိသားစုတွင် မမောမပန်းနိုင်သောစွမ်းအင်နှင့် ခြေကုန်လက်ပန်းမကျနိုင်သောအားမာန်မျိုးတို့ဖြင့် ဆောင်ရွက်သင့်သည့် သာသနာပြုလုပ်ငန်းခွင်ရှိနေသည်ဆိုခြင်းကို သတိတရရှိပါစေ။ ထို့အပြင်၊ သူမထိုကဲ့သို့လုပ်ဆောင်မှု၏အကျိုးရလဒ်တို့သည် ထာဝရကာလတစ်လျှောက်လုံး တည်တံ့နေမည်ဖြစ်သည်။ သာသနာပလူတို့၏အသက်ဝိညာဉ်များတို့လောက် သူမ၏သားသမီးတို့၏အသက်ဝိညာဉ်တို့သည် အဖိုးထိုက်တန်ခြင်းမရှိပါသလော။ ထို့ကြောင့် ထိုသားသမီးတို့အား မေတ္တာတရားစိတ်ထားမျိုးဖြင့် ထိန်းကျောင်းပေးရပါမည်။ အိမ်ထောင်မိသားစုဆိုင်ရာ စွမ်းအားနှင့်မြင့်မြတ်မှုတို့ကို ကမ္ဘာကြီးတွင်ပြသပေးရန်အတွက် သူမသည် တာဝန်ပေးအပ်တော်မူခြင်းခံရပါသည်။ သူမအနေဖြင့် အခြေခံစည်းမျဉ်းစည်းကမ်းဖြင့် ထိန်းသိမ်းပေးရန်သာဖြစ်ပြီး စိတ်လိုက်မာန်ပါဖြင့်မဟုတ်ဘဲ၊ ဘုရားသခင်သည် သူမအားအကူအညီပေးတော်မူသောသူဖြစ်သည်အလျောက်၊ သူမသည် ဦးနှောက်ဖြင့်သာအလုပ်လုပ်ရပါမည်။ သူမ၏တာဝန်မှအာရုံပြောင်းသွားစေမည့် မည်သည့်အကြောင်းခြင်းရာကိုမျှခွင့်မပြုရပါ။

သခင်ခရစ်တော်နှင့်နီးကပ်သည့် ချိတ်ဆက်မှုတစ်ရပ်ရှိနေသည့် မိခင်၏ဩဇာလွှမ်းမိုးမှုသည် အကန့်အသတ်မဲ့ဖြင့် ထိုက်တန်မှုရှိပါသည်။ သူမ၏ချစ်ခြင်းမေတ္တာတရားဆိုင်ရာ အမှုတော်ဆောင်ခြင်းသည် အိမ်ထောင်မိသားစုကို ဗေသလအရပ်တစ်ခုအဖြစ်သို့ရောက်ရှိအောင် လုပ်ဆောင်ပေးပါသည်။ သူမနှင့်အတူ သခင်ခရစ်တော်က လုပ်ဆောင်တော်မူသည်အလျောက်၊ အသက်တာ၏သာမန်ရေရိုးရိုးကို ကောင်းကင်ဘုံ၏စပျစ်ရည်အဖြစ်သို့ ပြောင်းလဲပေးစေတော်မူပါသည်။ သူမ၏သားသမီးတို့သည် ကောင်းချီးမင်္ဂလာတစ်ပါးအဖြစ်ဖြင့် ကြီးပြင်းလာကြမည်ဖြစ်သည့်အပြင် သူမ၏လက်ရှိ



အသက်တာအတွင်း၊ ထို့အပြင် လာမည့်အသက်တာအတွင်းတို့တွင် ထိုသားသမီးတို့သည် သူမအတွက် ဂုဏ်ပြုမှုတစ်ရပ်ဖြစ်လာလိမ့်မည်။

## ငါ၏သိုးသငယ်တို့ကိုကျွေးမွေးလော့

သခင်ခရစ်တော်သည် ကောင်းကင်ဘုံသို့တက်ကြွခါနီးတွင် ရှင်ပေတရုအားတာဝန်ပေးအပ်တော်မူခဲ့ရာတွင်၊ (ယောဟန် ၂၁း၁၅) တွင်ဖော်ပြထားသည့် “ငါ၏သိုးသငယ်တို့ကိုကျွေးမွေးလော့” အတိုင်း မိန့်တော်မူခဲ့ပါသည်။ ထိုတာဝန်ကို အမှုတော်ဆောင်တိုင်းတို့အား ပေးအပ်ထားတော်မူခဲ့ပါသည်။ သခင်ခရစ်တော်က သူ၏တပည့်တော်တို့အား၊ (မာကု ၁၀း၁၄) တွင်ဖော်ပြထားသည့် “ထိုသူငယ်တို့ကိုငါ့ထံသို့လာပါလေစေ။ မဆီးတားကြနှင့်။ ဘုရားသခင်၏နိုင်ငံတော်သည် ထိုသို့သောသူတို့၏နိုင်ငံဖြစ်၏” ဆိုသည့်မိန့်တော်မူချက်သည် အသက်အရွယ်မရွေးသောသူတို့အတွက် မိန့်တော်မူခဲ့ခြင်းဖြစ်ပါသည်။

လူငယ်လူရွယ်တို့၏ဝိညာဉ်ရေးဆိုင်ရာလိုအပ်ချက်တို့အပေါ် အာရုံစိုက်မှုခေါင်းပါးခြင်းတစ်ခုကြောင့် သမ္မာတရားရေးရာအကြောင်းကို များစွာသောသူတို့က လက်လွတ်ဆုံးရှုံးခဲ့ရကြပါသည်။ ဧဝံဂေလိတရားဆိုင်ရာ အမှုတော်ဆောင်များတို့အနေဖြင့် သူတို့၏တရားကိုနာကြားနေကြသည့် ပရိသတ်အတွင်းရှိလူငယ်လူရွယ်တို့နှင့် ပျော်ရွှင်စရာကောင်းသည့် ခင်မင်အကျွမ်းဝင်မှုမျိုးကို ဖော်ဆောင်သင့်ပါသည်။ များစွာသောအမှုတော်ဆောင်တို့သည် ထိုကဲ့သို့လုပ်ဆောင်ရန် အင်တင်တင်ဖြစ်နေကြပြီး၊ ထိုကဲ့သို့သောသူတို့၏လျစ်လျူရှုမှုလုပ်ရပ်သည် ကောင်းကင်ဘုံရှင်၏အမြင်တွင် အပြစ်တစ်ခုပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့အတွင်းတွင် ကျွန်ုပ်တို့၏ယုံကြည်ခြင်းတရားကို မသိနားမလည်၍လည်းမဟုတ်သော အမျိုးသား၊ အမျိုးသမီး၊ လူငယ်လူရွယ်အများအပြားရှိနေကြရာတွင် သူတို့၏စိတ်နှလုံးတို့သည် ဘုန်းတော်ရှင်၏ကျေးဇူးတော်တန်ခိုး၏တို့ထိမှုကို မည်သည့်အခါကမျှ မခံစားခဲ့ရကြပါ။ ဘုရားသခင်၏အစေခံများအဖြစ်သို့ရောက်ရှိကြရန် တောင်းခံနေကြသောကျွန်ုပ်တို့အနေဖြင့် နေ့စဉ်ရက်ဆက် ရက်သတ္တတစ်ပတ်ပြီးတစ်ပတ်ဖြင့် ထိုလူငယ်လူရွယ်တို့၏အခြေအနေအပေါ် မည်မျှကြာကြာဂရုမစိုက်ဘဲနေကြမည်နည်း။ သတိပေးခြင်းမခံရသောသူတို့၏အပြစ်များအတွင်းတွင် သူတို့အသက်

ဆုံးပါးသွားကြမည်ဆိုပါက၊ သူတို့၏အသွေးကို သူတို့အားသတိပေးရန်ပျက်ကွက်သည့် ကင်းစောင့်ထံတွင်သာ တောင်းခံရပေမည်။

ကျွန်ုပ်တို့၏နယ်ပယ်များအတွင်း၌ပင် လူငယ်လူရွယ်များတို့အတွက် လုပ်ဆောင်ရမှုကို အမြင့်ဆုံးသောသာသနာပြုလုပ်ငန်းအမျိုးအစားအဖြစ်ဖြင့် အဘယ်ကြောင့်အလေးမထားသင့်ပါသနည်း။ ကောင်းကင်ဘုံဆိုင်ရာ ဉာဏ်ပညာမျိုးကိုရရှိကြရန်မှာ နူးညံ့သိမ်မွေ့မှုအရှိဆုံးသော လိမ္မာပါးနပ်မှု၊ နိုးကြားမှုအရှိဆုံးသောစာနာထောက်ထားမှုနှင့် ထက်သန်မှုအရှိဆုံးသောဆုတောင်းခြင်းမျိုး လိုအပ်လှပါသည်။ စာတန်မာရ်နတ်က အထူးအဓိကထားပြီးတိုက်ခိုက်မည့်ရည်မှန်းချက်များမှာ၊ လူငယ်လူရွယ်များတို့သာ ဖြစ်ကြပါသော်လည်း သနားကြင်နာမှု၊ ယဉ်ကျေးသောအပြုအမူ၊ ကရုဏာသက်ခြင်းများတို့ကို စီးဆင်းလာစေသည့် သခင်ယေရှုအပေါ်ချစ်ခြင်းမေတ္တာထားရှိတတ်သည့် နှလုံးသားတစ်ခုသည် ထိုလူငယ်လူရွယ်တို့၏မိမိကိုယ်ကိုမိမိယုံကြည်မှုမျိုးကို ရရှိစေကြမည့်အပြင်၊ သူတို့အားလည်း ရန်သူ၏ကျော့ကွင်းများမှ ကယ်ဆယ်နိုင်ကြမည်ဖြစ်သည်။

လူငယ်လူရွယ်များတို့အနေဖြင့် သာမန်ကာလျှံကာမျှသော သတိမူထက်ပိုသော ဂရုစိုက်မှုနှင့် အခါအားလျော်စွာမျှဖြင့်သာ အားပေးတိုက်တွန်းမှုမျိုးတို့ကို လိုအပ်ကြပါသည်။ ထို့ပြင် သူတို့အပေါ်အပင်ပန်းခံပြီး ဆုတောင်းခြင်းနှင့်ပြည့်ဝသည့်အပြင်၊ ဂရုတစိုက်ဖြင့်လုပ်ဆောင်ရသည့် လုပ်ဆောင်ပေးမှုမျိုးလည်းလိုအပ်ကြပါသည်။ သူ၏နှလုံးသားထဲတွင် ချစ်ခြင်းမေတ္တာနှင့်ကရုဏာသက်ခြင်းစိတ်ထားမျိုးရှိသည့်သူသာလျှင် သိသာစွာဂရုပြုခံရခြင်းနှင့် စိတ်ဝင်စားခံရခြင်းမရှိသည့် လူငယ်လူရွယ်တို့ထံသို့သာ အရောက်သွားနိုင်ကြပါသည်။ တူညီသောနည်းလမ်းတစ်ခုတည်းဖြင့် အားလုံးသော လူငယ်များကို ကူညီ၍မရနိုင်ပါ။ လူတစ်ယောက်၏ပင်ကိုစရိုက်နှင့်အကျင့်စရိုက်ပေါ်မူတည်ပြီး၊ ဘုရားသခင်က လူတစ်ယောက်ချင်းကိုဆက်ဆံတော်မူသည့်အလျောက် ကျွန်ုပ်တို့သည်လည်း ဘုရားသခင်နှင့်ပူးပေါင်းဆောင်ရွက်ရကြပါမည်။ ကျွန်ုပ်တို့၏အပြင်ပန်းကိုသာကြည့်ပြီး အကဲဖြတ်တတ်သည့်ဝသီတို့ကြောင့် ကျွန်ုပ်တို့က မကြာခဏဖြင့်ပင် အမှတ်တမဲ့ဖြင့် ဥပေက္ခာပြုကျော်ဖြတ်သွားမိကြသည့်သူတို့တွင် လုပ်ဆောင်သူများတို့တွင် ရှိသင့်ရှိထိုက်သည့် အကောင်းဆုံးသောအင်္ဂါမျိုးရှိနေကြသည်အလျောက်၊ သူတို့အားအပ်နှင်းထားသည့် ကြိုးပမ်းအားထုတ်မှုများတို့ကို သူတို့ကအားလုံးပြန်လည်ပေးဆပ်ကြမည်ဖြစ်ပါသည်။ လူငယ်လူရွယ်များတို့နှင့်ဆက်ဆံရာတွင် တွေ့ကြုံရတတ်





သည့်အခက်အခဲပြဿနာနှင့်ပတ်သက်ပြီး ပိုမိုလေ့လာသင်ယူမှုကိုပေးရကြမည်ဖြစ်ပြီး၊ စိတ်ဝိညာဉ်များတို့နှင့်ဆက်ဆံရေးအတွက် လိုအပ်သည့်ဉာဏ်ပညာမျိုးရရှိရန် ပိုမိုထက်သန်သည့်ဆုတောင်းခြင်းမျိုးကိုလည်း ပြုလုပ်ပေးရပါမည်။

## ကလေးသူငယ်များတို့ကိုဟောပြောခြင်း

သင့်လျော်သည့်အခွင့်အလမ်းရရှိသည့်အချိန်တိုင်းတို့တွင် သခင်ယေရှု၏ချစ်ခြင်းမေတ္တာတော်နှင့်ပတ်သက်သည့်ဖြစ်ရပ်တို့ကို ကလေးသူငယ်များတို့အား ထပ်ခါတလဲလဲပြောပြပေးရပါမည်။ တရားဟောချက်တိုင်းတို့တွင် သူတို့အတွက်အကျိုးပြုသည့်အကြောင်းခြင်းရာအတွက် ကြားညှပ်ထည့်သွင်းဟောပြောရပါမည်။ သခင်ခရစ်တော်၏အစေခံအနေဖြင့် ဤကလေးသူငယ်တို့ကို သူ၏ရေရှည်တည်မြဲသည့်မိတ်ဆွေသူငယ်များအဖြစ်ဖြင့်ထားရှိရပါမည်။ ထိုနောက်တွင် သူတို့အား ကျမ်းစာတော်မြတ်နှင့်ပတ်သက်သည့် အသိတရားအတွက် ပိုမိုဉာဏ်ရည်ထက်မြက်လာသည့်သူများအဖြစ်သို့ ရောက်ရှိသွားစေမည့်ကူညီမှုအခွင့်အရေးကို သူ့အားလက်လွှတ်မခံပါစေနှင့်။ ဤအချက်သည် စာတန်မာရ်နတ်၏ပရိယာယ်ကို တားဆီးနိုင်ရာတွင် ကျွန်ုပ်တို့ထင်မှတ်ထားသည်ထက် ပိုမိုလုပ်ဆောင်နိုင်သည့်နည်းလမ်းဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ဆိုင်ရာ သမ္မာတရားတော်နှင့် အကယ်၍သာကလေးငယ်တို့က စောစီးစွာဖြင့်နီးစပ်ရင်းနှီးမှုရှိကြပါက၊ ဘုရားမဲ့တရားမဲ့အပြုအမူကိုခုခံနိုင်သည့် အတားအဆီးတစ်ခုကို တည်ဆောက်ပြီးသားဖြစ်မည့်အပြင်၊ သူတို့အနေဖြင့်လည်း “ကျမ်းစာလာသည်ကား” ဆိုသည့် နှုတ်တော်ထွက်ဖြင့် ရန်သူကိုရင်ဆိုင်နိုင်စွမ်းရှိကြမည်ဖြစ်သည်။

ကလေးသူငယ်များနှင့်လူငယ်လူရွယ်များတို့အား ညွှန်ကြားချက်ပေးကြသော သူတို့သည် ငြီးငွေ့ဖွယ်ကောင်းသည့် မှတ်ချက်ပေးခြင်းမျိုးကို ရှောင်ရှားသင့်ကြပါသည်။ တိုတုတ်သည့်ပြောဆိုမှုနှင့် လိုရင်းကိုသာပြောပြပေးခြင်းသည် ပျော်ရွှင်စရာကောင်းသော ဩဇာသက်ရောက်မှုတစ်ခုပင်ဖြစ်ပါသည်။ ပြောစရာအကြောင်းခြင်းရာများပြားပါက ကျစ်လျစ်သိပ်သည်းအောင်ချုံ့ပြီး အကြိမ်များများခွဲပြောပေးခြင်းဖြင့် အစားထိုးရှင်းပြပါ။ စိတ်ဝင်စားဖွယ်ရာကောင်းသော မှတ်ချက်ပေးမှုအနည်းငယ်ခန့်မျှကို မကြာခဏပြောဆိုပေးခြင်းသည် ညွှန်ကြားချက်ကိုတစ်ကြိမ်တည်းဖြင့် အကုန်လုံးပြောပြပေးသည်ထက်၊ ပိုမို၍အထောက်အကူဖြစ်စေမည်ဖြစ်သည်။

ရှည်လျားလှသည့်မိန့်ခွန်းပြောမှုသည် ငယ်ရွယ်သူတို့၏စိတ်တို့ကို နွမ်းနယ်စေပါသည်။ အစားကြီးခြင်းကြောင့် အစာအိမ် (ဝမ်းဗိုက်) ကိုလေးလံစေသည့်အပြင်၊ စားချင်သောက်ချင်စိတ်ကို လျော့နည်းသွားစေခြင်းကြောင့် အစားအစာကိုမကြည့်ချင်လောက်သည့်အနေအထားသို့ ရောက်ရှိသွားစေသကဲ့သို့ စကားကြောရှည်လွန်းအားကြီးပါက ထိုလူငယ်လူရွယ်တို့အား ဝိညာဉ်ရေးဆိုင်ရာညွှန်ကြားမှုအပေါ်တွင်ပါ စက်ဆုပ်သွားစေပါသည်။ ကျွန်ုပ်တို့၏အသင်းတော်ကို ညွှန်ကြားချက်ပေးရာ၌၊ အထူးသဖြင့် လူငယ်လူရွယ်တို့အတွက်ဆိုလျှင် ပညတ်တစ်ခုပေါ်တစ်ခု၊ တစ်နည်းပေါ်မှာတစ်နည်း၊ သည်မှာအနည်းငယ်၊ ဟိုဘက်မှာအနည်းငယ် စသည်ဖြင့်ညွှန်ကြားပေးရပါမည်။ ကလေးသူငယ်များတို့ကိုမူ ကောင်းကင်ဘုံဆီသို့ဆွဲတင်ပေးရာတွင် ခက်ထန်သောနည်းလမ်းမျိုးဖြင့်မဟုတ်ဘဲ သိမ်မွေ့သောနည်းလမ်းမျိုးဖြင့်သာ လုပ်ဆောင်ရပါမည်။

## လူငယ်လူရွယ်တို့၏ခံစားမှုများအတွင်းသို့ဝင်ရောက်ခံစားကြည့်ခြင်း

လူငယ်လူရွယ်တို့၏ရွှင်လန်းမှုများနှင့် သောကပူဆွေးမှုများတို့တွင်လည်းကောင်း၊ သူတို့၏ပဋိပက္ခဖြစ်မှုများနှင့်အောင်မြင်မှုများတို့အတွက် ကျွန်ုပ်တို့သည် သူတို့အပေါ်စာနာထောက်ထားသောစိတ်မျိုးဖြင့် သူတို့၏ခံစားမှုများအတွင်းသို့ ဝင်ရောက်ခံစားသင့်ကြပါသည်။ သခင်ယေရှုအနေဖြင့် ပူဆွေးသောကရောက်နေကြသူများနှင့် အပြစ်နှင့်ပြည့်ဝကြသူများတို့ထံမှ ဝေးကွာသည့်ကောင်းကင်နိုင်ငံတော်၌သာ စံနေတော်မူခဲ့သည်မဟုတ်ဘဲ ကျရှုံးနေကြသောသူများတို့၏အားနည်းမှု၊ ဆင်းရဲဒုက္ခနှင့်စုံစမ်းနှောင့်ယှက်ခြင်းများတို့နှင့် အကျွမ်းတဝင်ဖြစ်လာစေရေးအတွက် ဤကမ္ဘာမြေကြီးပေါ်သို့ ကြွလာတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့ကိုချီမပေးတော်မူရန်အတွက် ကျွန်ုပ်တို့ရှိနေသမျှသောနေရာတိုင်းတို့တွင် အရောက်လှမ်းတော်မူခဲ့ပါသည်။ လူငယ်လူရွယ်တို့နှင့်ပတ်သက်သောလုပ်ငန်းတွင် ကျွန်ုပ်တို့အနေဖြင့် သူတို့အားကူညီလိုစိတ်ရှိနေကြပါက သူတို့ရှိလေရာရာတို့ထံသို့ အရောက်သွားရောက်တွေ့ဆုံရကြပါမည်။ ငယ်ရွယ်ပျိုမျစ်သောတပည့်တော်တို့သည် စုံစမ်းနှောင့်ယှက်ခြင်း၏အောင်နိုင်ကျော်လွှားခြင်းကိုခံရကြပါက၊ အတွေ့အကြုံရင့်ကျက်နေကြသည့် သူတို့အနေဖြင့် သူတို့အပေါ်ခက်ထန်ကြမ်းတမ်းစွာဖြင့်ဆက်ဆံကြခြင်း၊ သို့မဟုတ် သူတို့၏ကြိုးပမ်းအားထုတ်မှုများအပေါ် ဥပေက္ခာပြုသောအနေအထားမျိုးဖြင့်မပြုမူပါနှင့်။ သင်ကိုယ်၌ကပင်လျှင် စုံစမ်းနှောင့်ယှက်သူ၏တန်ခိုးကို ခုခံတွန်းလှန်နိုင်ရေးအတွက် ခွန်အားယုတ်လျော့သွားတတ်သည်ကို မကြာခဏတွေ့ကြုံနေရတတ်



ပါသည်။ အခြားသောသူတို့ကို သင်နှင့်အတူတကွရှိနေစေလိုသည့် ဆန္ဒရှိနေသည့်အလျောက် သိုးအုပ်အတွင်းရှိ ဤကဲ့သို့သောသိုးသငယ်တို့အပေါ် သင့်အနေဖြင့် စိတ်ရှည်သည်းခံရပါမည်။ ဘုရားသခင်သည်လည်း ကျွန်ုပ်တို့အပေါ် ပြင်းပြသည့်ထောက်ထားစာနာစိတ်မျိုးဖြင့် သူနှင့်အတူရှိနေစေလိုတော်မူပါသည်။ ကလေးသူငယ်များတို့လည်း ဤကဲ့သို့သောလုပ်ဆောင်မှုမျိုးကို အထူးလိုအပ်နေကြမည်ဖြစ်သည်။ သူ့အပေါ်စာနာစိတ်ထားဖြင့် ကြည့်လိုက်သောအကြည့်တစ်ခုသည်ပင်လျှင် အစမ်းသပ်ခံရပြီး၊ စုံစမ်းနှောင့်ယှက်ခံရသည့်ကလေးငယ်တစ်ယောက်အတွက် နှစ်သိမ့်မှုနှင့်ခွန်အားဖြည့်မှုမျိုးကို ရရှိလာစေပါသည်။ (သုတ္တံ ၂၃း၂၆) တွင်၊ "ငါ့သား၊ သင့်နှလုံးကိုငါ့အားပေးလော့" ဆိုသည့်ကျမ်းချက်အပြင်၊ (ယေရမိ ၃း၂၂) တွင်ဖော်ပြထားသည့် "အိုဖောက်ပြန်သောသူငယ်၊ သင်တို့ပြန်လာကြလော့။ ဖောက်ပြန်ရာများကိုငါပြုပြင်မည်" ဆိုသည့်ကျမ်းချက်များအတိုင်း၊ သခင်ခရစ်တော်သည် အားလုံးသောလေလွင့်သွားလာနေသောလူတိုင်းကို ခေါ်တော်မူပါသည်။ သခင်ယေရှု၏ချစ်ခြင်းမေတ္တာတော်ပါရှိခြင်းမရှိဘဲ၊ လူငယ်လူရွယ်တို့အနေဖြင့် စစ်မှန်သောပျော်ရွှင်မှုကိုမရနိုင်ပါ။ သူသည် သနားခြင်းဖြင့်ပြီးသောကြင်နာတတ်မှုဖြင့်၊ ထင်ရာစိုင်းနေတတ်သူတို့၏ဝန်ချတောင်းပန်မှုများတို့ကို ကြားသိတော်မူရန်အတွက် သနားခြင်းအတိပြီးသော ကြင်နာစိတ်ဖြင့်စောင့်ဆိုင်းတော်မူသည့်အပြီး၊ သူတို့၏နောင်တရမှုကိုလက်ခံရန်အတွက် စောင့်ဆိုင်းတော်မူပါသည်။ သူမ၏ချစ်လွန်းရပါသောကလေးငယ်ကလေးက သူမကို အမေဖြစ်ကြောင်းသိရှိသည့်ပုံဖြင့် ပြုံးပြမည့်အပြုံးကိုမြင်တွေ့ရနိုး၊ စောင့်ကြည့်နေသည့်မိခင်တစ်ယောက်အလား၊ ထိုထင်ရာစိုင်းနေကြသူတို့ထံမှ ကျေးဇူးတရားတုံ့ပြန်ပေးမှုကို သခင်ယေရှုက စောင့်ကြည့်နေတော်မူပါသည်။ ကြီးမြတ်သောဘုရားသခင်သည် သူ့အား အဖခမည်းတော်ဟူ၍ခေါ်ကြရန် ကျွန်ုပ်တို့အား သင်ကြားပေးတော်မူပါသည်။ ကျွန်ုပ်တို့ခံစားနေရကြသည့်အားလုံးသောစစ်ဆေးစုံစမ်းမှုနှင့် စုံစမ်းနှောင့်ယှက်မှုများအတွက် သူ၏နှလုံးသားတွင် စိတ်အားထက်သန်လှသည့် သနားကြင်နာမှုမျိုးဖြင့် တမ်းတတော်မူနေသည်ကို ကျွန်ုပ်တို့အားနားလည်ကြစေလိုတော်မူပါသည်။ (ဆာလံ ၁၀၃း၁၃) တွင်၊ "အဘသည်သားကိုသနားစုံမက်သည်နည်းတူ၊ ထာဝရဘုရားသည် ကြောက်ရွံ့သောသူတို့ကို သနားစုံမက်တော်မူ၏" ဟူ၍ဖော်ပြထားပါသည်။ ဘုရားသခင်သည် သူ့အပေါ်တွင်ယုံကြည်အားထားတတ်သည့်အသက်ဝိညာဉ်တစ်လုံးကို မေ့ပစ်နိုင်သည့်အချိန်ကာလထက်၊ တိုတောင်းလှစွာသောအချိန်အတွင်း မိခင်သည် သူမ၏ကလေးငယ်ကိုမေ့သွားနိုင်ပါသည်။

## လူငယ်လူရွယ်များကအသင်းတော်၏လုပ်ငန်းဆောင်တာအတွင်းတစ်စိတ်တစ်ပိုင်း ပါဝင်ဆောင်ရွက်ကြရန်

လူငယ်လူရွယ်တို့အနေဖြင့် သူတို့၏စိတ်နှလုံးတို့ကို ဘုရားသခင်ထံတော်သို့ အပ်နှံလိုက်ကြသည်နှင့် သူတို့အတွက် ကျွန်ုပ်တို့၏တာဝန်ယူမှုသည် ရပ်တန့်ခြင်းမရှိသေးပါ။ သူတို့အနေဖြင့် ထာဝရဘုရား၏အမှုတော်အပေါ် စိတ်ဝင်စားမှုရှိရမည့်အပြင်၊ ဘုရားသခင်သည် သူ၏အရေးအရာတော် တိုးတက်မှုရှိစေရေးအတွက် တစ်စုံတစ်ရာကိုလုပ်ဆောင်ကြရန် သူတို့အပေါ်မျှော်မှန်းထားတော်မူကြောင်းကို သူတို့ကသိရှိကြအောင် လုပ်ဆောင်ရပါမည်။ အလုပ်ကိုမည်မျှပြီးမြောက်အောင်လုပ်ဆောင်ရမည်ကို ပြသရုံဖြင့် မလုံလောက်သေးဘဲ၊ လူငယ်လူရွယ်များတို့အား အမှုတော်အတွင်း တစ်စိတ်တစ်ပိုင်း ပါဝင်လုပ်ဆောင်ကြရန် တိုက်တွန်းရပါမည်။ အရှင်သခင်အတွက် မည်သို့မည်ပုံလုပ်ဆောင်ရကြမည်ကို သူတို့အား သင်ကြားပို့ချပေးရပါမည်။ သူတို့အား သင်တန်းပေးခြင်း၊ တပည့်တော်အဖြစ်ခံယူစေခြင်း၊ ကျင့်သားရအောင်စစ်ရေးပြသင်တန်းများပေးခြင်းတို့ကို သခင်ခရစ်တော်ထံတော်သို့ အသက်ဝိညာဉ်များတို့အားဆောင်ကြဉ်းပေးသည့် အကောင်းဆုံးသောနည်းလမ်းမျိုးဖြင့် လုပ်ဆောင်ပေးရကြပါမည်။ သူတို့အား သူတို့၏ငယ်ရွယ်သူအပေါင်းအသင်းတို့အား တည်ငြိမ်ပြီး၊ ဟန်ဆောင်မှုကင်းသောနည်းလမ်းမျိုးဖြင့်ကူညီကြရန် သူတို့အားသင်ကြားပေးရကြပါမည်။ သာသနာပြုလုပ်ငန်းဆိုင်ရာ မတူကွဲပြားသောကြိုးပမ်းအားထုတ်မှုနည်းလမ်းအသွယ်သွယ်တို့ကို သူတို့ပါဝင်လုပ်ဆောင်ရမည့်နယ်ပယ်တွင် ချမှတ်ပေးရမည်ဖြစ်ပြီး၊ သူတို့အား ညွှန်ကြားချက်ရောအကူအညီကိုပါ ပေးရကြပါမည်။ ဤသို့အားဖြင့် သူတို့သည် ဘုရားသခင်အတွက်လုပ်ဆောင်ပေးကြရန် သင်ယူကြမည်ဖြစ်သည်။

သာသနာပြုလုပ်ငန်းတရားဟောပြောခြင်းအစည်းအဝေးသို့ သွားရောက်ဟောပြောခြင်းနှင့် ရှည်လျားလှသည့်တရားဟောချက်ကို ဟောပြောခြင်းတို့ဖြင့်၊ ငယ်ရွယ်သူတို့၏စိတ်ပါဝင်စားမှုကို နှိုးထပေးစေနိုင်မည်ဟု သင့်အနေဖြင့်မတွေးထင်ပါနှင့်။ စိတ်ဝင်တစားရှိမှုကိုရှင်သန်စေသည့် လှုံ့ဆော်တိုက်တွန်းပေးရာရောက်သည့် နည်းလမ်းမျိုးကို စီစဉ်ပေးရပါမည်။ သီတင်းတစ်ပတ်ပြီးတစ်ပတ်တို့တွင် လူငယ်လူရွယ်တို့သည် သူတို့၏မှတ်တမ်းစာအုပ်များအတွင်း ကယ်တင်တော်မူသောအရှင်အတွက် ကြိုးပမ်းလုပ်ဆောင်မှုများအပြင်၊ ထိုဆောင်ရွက်မှုအားဖြင့် မည်သည့်အောင်မြင်မှုမျိုးရရှိခဲ့သည်တို့ကိုပါ ရေးမှတ်ထားရကြပါမည်။ အကယ်၍ သာသနာပြုလုပ်ငန်းဆိုင်ရာ တရားဟော



အစည်းအဝေးတွင် ထိုမှတ်တမ်းမှတ်ရာကိုတင်ပြပေးရသည့် အခမ်းအနားမျိုးပါဝင်ပါက ထိုမှတ်တမ်းသည် ပျင်းစရာကောင်းပြီး၊ ငြီးငွေ့ဖွယ်ကောင်းကာ စိတ်ဝင်စားစရာမကောင်းသော မှတ်တမ်းမျိုးမဖြစ်သင့်ပါ။ ၎င်းမှတ်တမ်းသည် စိတ်ဝင်စားစရာအပြည့်ရှိရမည်ဖြစ်ပြီး၊ တက်ရောက်နားထောင်သူနည်းပါးလွန်းလောက်သော အကြောင်းအရာမျိုးမဖြစ်သင့်ပါ။

ငယ်ရွယ်သူတို့၏ကိုယ်ရည်ကိုယ်သွေး၊ ကောင်းမွန်သောစုစည်းမှုနှင့် ကောင်းမွန်သည့်လေ့ကျင့်မှုတို့ကို ကျွန်ုပ်တို့၏အသင်းတော်တို့က လိုအပ်နေကြပါသည်။ လူငယ်လူရွယ်တို့အနေဖြင့် သူတို့၏ပြည့်လျှံနေသောစွမ်းအင်များတို့ဖြင့် တစ်စုံတစ်ရာကိုဆောင်ရွက်နိုင်ကြမည်ဖြစ်ပါသည်။ အကယ်၍သာ ဤစွမ်းအင်များတို့သည် မှန်ကန်သောလမ်းကြောင်းအတွင်းသို့ ဦးတည်နိုင်ခြင်းမရှိပါက ထိုစွမ်းအင်တို့ကိုအသုံးပြုသည့် လူငယ်လူရွယ်တို့၏ကိုယ်ပိုင်ဝိညာဉ်ရေးဆိုင်ရာထက်သန်မှုတို့ကို ထိခိုက်နိုင်မည်ဖြစ်သည့်အပြင် ထိုလူငယ်လူရွယ်တို့နှင့်ပေါင်းစည်းမိကြသည့်သူတို့အားလည်း အနာတရဖြစ်စေမည်ဖြစ်သည်။

ညွှန်ကြားသူ၏နှလုံးသားသည် သူ၏တာဝန်ပေးမှုလက်အောက်တွင်ရှိနေကြသော လူတို့၏နှလုံးသားတို့နှင့်ကွင်းဆက်မိနေရမည်ဖြစ်သည်။ သူတို့အနေဖြင့် ရင်ဆိုင်စရာစုံစမ်းနှောင့်ယှက်ခြင်းများစွာရှိနေသည်ကို သတိတရရှိကြပါစေ။ ကျွန်ုပ်တို့အနေဖြင့် လူငယ်လူရွယ်များတို့အား အကျင့်စရိုက်၏မနှစ်မြို့ဖွယ်ရာဉာဉ်၊ လက္ခဏာများတို့ကို သူတို့၏မွေးရာပါအခွင့်အရေးအဖြစ်ဖြင့် ပေးလိုက်မိသည်နှင့်၊ ဤမွေးရာပါအခွင့်အရေး၏အကျိုးဆက်အဖြစ် သူတို့ထံသို့ စုံစမ်းနှောင့်ယှက်ခြင်းသည် အကြိမ်ပေါင်းများစွာဖြင့် ရောက်ရှိလာမည်ဖြစ်သည်။

သိုးအုပ်အတွင်းရှိ သိုးသငယ်တို့အား လက်ထောက်သိုးထိန်းက ကောင်းသောသိုးထိန်းကြီးကိုကိုယ်စားပြုသည့် ကျွန်ုပ်တွေ့ခဲ့ဖူးသော ကောင်းမွန်စွာပုံဖော်ထားသည့် ပန်းချီကားချပ်တစ်ခုအတိုင်းပင်ဖြစ်ပါသည်။ သိုးအုပ်ကြီးသည် သူ၏နောက်တွင် အနီးကပ်လိုက်ပါလာချိန်တွင် သိုးထိန်းသည် ခရီးလမ်းကိုဦးဆောင်နေပါသည်။ သူသည် သိုးမကြီးက သူ၏နံဘေးနားတွင် သူ့အား အားကိုးတကြီးဖြင့်ယုံကြည်စိတ်ချစွာဖြင့် လိုက်ပါလာစဉ် သိုးထိန်းသည် အကူအညီမဲ့နေသောသိုးငယ်ကလေးတစ်ကောင်ကို လက်ရုံးတွင်ပိုက်လျက်ချီလာပါသည်။ သခင်ခရစ်တော်၏အမှုတော်နှင့်ပတ်သက်ပြီး (ဟေရှာယ ၄၀း၁၁) တွင် ဟေရှာယက၊ “. . . သိုးသငယ်တို့ကိုချီ၍ ပိုက်ပွေ့တော်

မူမည်။ သားငယ်ရှိသောသိုးမတို့ကိုလည်း ဖြည်းညင်းစွာပို့ဆောင်တော်မူမည်” ဟူ၍ ဖော်ပြထားပါသည်။ သိုးသငယ်များတို့သည် နေ့စဉ်စားသောက်ရမည့်အစားအစာထက် ပိုမိုများပြားသည့်အရာများတို့ကို လိုအပ်နေကြပါသည်။ သူတို့သည် အကာအကွယ်ကို လိုအပ်ကြသည့်အပြင်၊ နူးညံ့သိမ်မွေ့သောစောင့်ရှောက်မှုမျိုးဖြင့် စဉ်ဆက်မပြတ်ကာကွယ်ရပါမည်။ အကယ်၍ တစ်ကောင်ကောင်က မျက်စိလည်လမ်းမှားသွားပါက ပြန်လည်ရှာဖွေရပါမည်။ ပန်းချီကားချပ်ကြီးသည် လှပပြီး၊ ထင်ရှားရှင်းလင်းလှသည့်ကားချပ်တစ်ခုဖြစ်ပြီး သခင်ခရစ်တော်၏သိုးတော်စုတို့ကို ထိန်းကျောင်းပေးနေရသည့် လက်ထောက်သိုးထိန်းက သူ၏လက်အောက်တွင်ရှိနေသည့်သိုးတို့ကို ကာကွယ်စောင့်ရှောက်ပြီး၊ ကျွေးမွေးပြုစုရသည့်ချစ်စဖွယ်အလုပ်ကို ကိုယ်စားပြုထားသည့်ကားချပ်တစ်ခုဖြစ်ပါသည်။

အမှုတော်အတွင်းရှိ အကျွန်ုပ်၏ညီအစ်ကိုတော်တို့ခင်ဗျား၊ စုံစမ်းနှောင့်ယှက်ခြင်းခံရရန်အတွက် ထင်းထင်းကြီးပေါ်ထွက်နေကြသည့် ပျိုရွယ်သူများတို့အတွက် သင်တို့၏တံခါးတို့ကို ဖွင့်ဟပေးထားကြပါ။ တစ်ဦးတည်းဆိုင်ရာကြိုးပမ်းအားထုတ်မှုဖြင့် သူတို့ထံသို့ချဉ်းကပ်ပါ။ မကောင်းသောဆိုးညစ်မှုသည် နေရာအားလုံးတို့တွင် သူတို့ကို ဖိတ်ခေါ်နေပါသည်။ သူတို့အနေဖြင့် ပိုမိုမြင့်မားသည့်အသက်တာမျိုးတွင် နေထိုင်ကြရေးအတွက် သူတို့အားကူညီပေးနိုင်မည့် သူတို့အပေါ်စိတ်ဝင်စားမှုရှိလာအောင်ကြိုးပမ်းပါ။ သင့်ကိုယ်ကိုသူတို့အား အဖက်မလုပ်သောအနေအထားမျိုးတွင်မရှိပါစေနှင့်။ သင်၏မီးလင်းဖို ဘေးနားတစ်ဝိုက်တွင် သူတို့အားရှိနေစေပြီး၊ သင်၏မိသားစုဝတ်ပြုခြင်းစားသောက်ပွဲတွင် ပူးပေါင်းပါဝင်လာရေးအတွက် သူတို့ကိုကမ်းလှမ်းဖိတ်ကြားပါ။ ကောင်းကင်နိုင်ငံတော်သို့သွားရာလမ်းကို ထွန်းလင်းတောက်ပပြီး ဆွဲဆောင်မှုရှိစေရေးအတွက်၊ ကျွန်ုပ်တို့လုပ်ဆောင်ကြရန် ဘုရားသခင်၏ကျွန်ုပ်တို့အားတောင်းဆိုမှုကို ကျွန်ုပ်တို့က သတိတရရှိရကြပါမည်။

လူငယ်လူရွယ်တို့ကိုအကူအညီပေးကြရန်အတွက် ကျွန်ုပ်တို့အနေဖြင့် လူငယ်လူရွယ်တို့အား ပညာပေးသင့်ကြပါသည်။ ထိုကဲ့သို့မျိုးလုပ်ဆောင်ရန် သူတို့က လုပ်ဆောင်လာကြပါက၊ သူတို့သည် ပိုမိုကြီးမားသည့်အမှုတော်နယ်ပယ်ကြီးတစ်ခုအတွင်း အရာမြှောက်ခြင်းခံရသည့် အမှုတော်ဆောင်များအဖြစ်သို့ ရောက်ရှိသွားစေမည့် အတွေ့အကြုံတစ်ရပ်ကို ရယူနိုင်ကြမည်ဖြစ်သည်။ ထောင်ပေါင်းများစွာသောနှလုံးသားများထံသို့ ရိုးရှင်းပြီး၊ နှိမ့်ချသောနည်းလမ်းမျိုးဖြင့် သူတို့ရောက်ရှိသွားနိုင်ကြပါသည်။



အသိဉာဏ်အကြွယ်ဝဆုံးသောသူဖြစ်သည့်အပြင်၊ ကမ္ဘာပေါ်တွင် ပင်ကိုစွမ်းရည်အရှိဆုံးသောသူများဟူ၍ ထင်မြင်ယူဆခြင်း၊ ချီးမွမ်းခြင်းခံရကြသော အမျိုးသား၊ အမျိုးသမီးများတို့သည် မကြာခဏပင်လျှင် ဘုရားသခင်အပေါ်ချစ်ခြင်းမေတ္တာထားရှိသော သူ၏နှလုံးသားမှစီးဆင်းလာသည့် ရိုးစင်းသောစကားလုံများတို့ဖြင့်သာ ပြန်လည်လန်းဆန်းလာခဲ့ကြပါသည်။ ဘုရားသခင်၏သားတော်၊ သို့မဟုတ် သမီးတော်တစ်ဦးသည် တည်ကြည်ရိုးသားသောစကားလုံးများတို့ကို ပင်ကိုသဘာဝရိုးစင်းမှုဖြင့်ပြောဆိုကြပါက၊ အချိန်ကြာမြင့်စွာကတည်းက သော့ခတ်ထားခြင်းခံရသည့် နှလုံးသားတို့၏တံခါးကိုဖွင့်လှစ်ပေးပါလိမ့်မည်။ “Testimonies for the Church,” Vol. 6, p. 115.

ငယ်ရွယ်စဉ်ကတည်းက တိမောသေသည် ကျမ်းစာတော်မြတ်ကိုသိရှိလာခဲ့သူတစ်ယောက်ဖြစ်ခြင်းကြောင့် ထိုဗဟုသုတသည် သူ၏ဝန်းကျင်တွင်ဝိုင်းပတ်နေကြသော မကောင်းဆိုးဝါးဩဇာလွှမ်းမိုးမှုများတို့မှ ကာကွယ်ပေးထားသည့် ဘေးဆီးရန်ကာအဖြစ်ရှိနေခဲ့ပါသည်။ ထို့အပြင် သူလုပ်ဆောင်ရမည့်တာဝန်ကိုထမ်းဆောင်ချိန်တွင်ရင်ဆိုင်ရမည့် အပျော်အပါးနှင့်ကိုယ်ကျိုးအတွက် စိတ်ကျေနပ်စေသည့်ရွေးချယ်မှုဆိုင်ရာ စုံစမ်းနှောင့်ယှက်ခြင်းမှလည်း တားဆီးပေးနိုင်ခဲ့ပါသည်။ ထိုကဲ့သို့သော ဘေးဆီးရန်ကာမျိုးကို ကျွန်ုပ်တို့၏သားသမီးများအားလုံးတို့က လိုအပ်နေကြသည်အလျောက်၊ ထိုကဏ္ဍသည် မိဘများတို့က လုပ်ဆောင်ရမည့်အခန်းကဏ္ဍဖြစ်သကဲ့သို့ သခင်ခရစ်တော်၏သံတမန်ကြီးများတို့ကလည်း ကလေးသူငယ်များတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်မြတ်တွင် ကောင်းမွန်မှန်ကန်သောညွှန်ပြမှုမျိုးလိုအပ်ကြကြောင်းကို သိရှိကြရမည်ဖြစ်သည်။ “Testimonies for the Church,” Vol. 4, p. 398.

## နာမကျန်းဖြစ်သူတို့အတွက်ဆုတောင်းချက်

ဧဝံဂေလိတရားတော်၏အမှန်တကယ့်အနှစ်သာရမှာ ပြန်လည်တည်ဆောက်ခြင်းသာဖြစ်ပြီး၊ ကယ်တင်တော်မူသောအရှင်အနေဖြင့် နာမကျန်းဖြစ်သူများ၊ မျှော်လင့်ချက်ကင်းမဲ့သူများနှင့် ဒုက္ခတွင်းကျရောက်နေကြသူတို့အား နှုတ်ခွန်းဆက်ရင်း ထိုအရှင်၏ခွန်အားတော်ကို ထိုသူတို့အနေဖြင့် ဖမ်းကိုင်ဆုပ်မိကြအောင်ဆောင်ရွက်ပေးမည့် အစေခံကျွန်များရှိနေတော်မူပါသည်။ ဘုရားသခင်၏အစေခံကျွန်များတို့သည် သူ၏ကျေးဇူး

တော်ဆိုင်ရာ လမ်းကြောင်းများဖြစ်နေကြပြီး၊ ထိုအစေခံကျွန်များတို့မှတစ်ဆင့် သူ၏ကုသပျောက်ကင်းစေသည့်တန်ခိုးတော်ဖြင့် လေ့ကျင့်ဆောင်ရွက်မှုမျိုးလုပ်ဆောင်စေလိုသည့် ဆန္ဒရှိတော်မူပါသည်။ ယုံကြည်ခြင်းလက်ရုံးများတို့အားဖြင့် နာမကျန်းဖြစ်သူများနှင့် ဒုက္ခဆင်းရဲခြင်းသို့ရောက်ရှိနေကြသည့်သူတို့အား သခင်ခရစ်တော်ထံတော်သို့ ပို့ဆောင်ပေးရန်မှာ ထိုအစေခံကျွန်တို့၏အလုပ်ပင်ဖြစ်ပါသည်။ ထိုအစေခံကျွန်တို့အနေဖြင့် ကယ်တင်တော်မူသောအရှင်နှင့် အလွန်နီးကပ်စွာရှိနေသင့်ကြပြီး၊ သူ၏သမ္မာတရားတော်မြတ်ဆိုင်ရာလုပ်ဆောင်နေမှုကို သူတို့၏အသက်တာတို့တွင် အထူးထင်ရှားရှင်းလင်းစွာပြသပေးကြခြင်းအားဖြင့် ကိုယ်ခန္ဓာပိုင်းရော၊ ဝိညာဉ်ရေးပိုင်းအတွက်ပါ ကုသခြင်းခံရမှုမျိုးလိုအပ်နေကြသည့်သူတို့အား ကောင်းချီးမင်္ဂလာပေးတော်မူရာတွင် ထိုအစေခံကျွန်တို့ကို နည်းလမ်းတစ်ခုအဖြစ် အသုံးပြုတော်မူနိုင်ပါသည်။

နာမကျန်းဖြစ်သူတို့နှင့်အတူတကွဆုတောင်းကြပြီး၊ ယုံကြည်ခြင်း၏ကြိုးစကို သူတို့ဆုပ်ကိုင်နိုင်ကြရေးအတွက် သူတို့အားအကူအညီပေးရခြင်းသည် ကျွန်ုပ်တို့အတွက် အခွင့်ထူးတစ်ရပ်ပင်ဖြစ်ပါသည်။ ဒုက္ခဆင်းရဲခြင်းခံရသောသူတို့ထံသို့ ထိုကဲ့သို့မျိုး အမှုတော်ကိုဆောင်ရွက်ကြသောသူတို့နှင့်အတူ ဘုရားသခင်၏ကောင်းကင်တမန်တော်တို့သည် အတူနီးနီးကပ်ကပ်ရှိနေကြပါသည်။ နာမကျန်းဖြစ်သူတို့၏အနူးအညွတ်ပန်ကြားမှုကြောင့် ဘုန်းတော်ရှင်၏အမှန်တကယ်ဖြစ်တည်မှုအပေါ်၊ ထိုနာမကျန်းဖြစ်သူ၏ အာရုံစိုက်မှုတို့ကို ခိုင်မြဲသွားအောင်ကြိုးပမ်းဆောင်ရွက်ပေးကြသည့် အရာမြှောက်ခြင်းခံရပြီးသော သခင်ခရစ်တော်၏သံအမတ်ကြီးအနေဖြင့် အစဉ်ထာဝရကာလတစ်လျှောက်လုံးတည်တံ့နေမည့်အလုပ်တစ်ခုကို ဆောင်ရွက်ပြီးစီးသွားခြင်းပင်ဖြစ်သည်။ ယုံကြည်ခြင်းအားဖြင့် သခင်ခရစ်တော်ထံတော်မှ ရယူနိုင်ခဲ့သည့်မျှော်လင့်ခြင်းနှင့် ဘုန်းတော်ရှင်၏ကတိတော်တို့ကို လက်သင့်ခံထားခြင်းတို့အားဖြင့် သူ့အနေနှင့်နာမကျန်းဖြစ်သူတို့ထံသို့ ချဉ်းကပ်မှုလုပ်ဆောင်ခြင်းကြောင့် သူ၏ကိုယ်ပိုင်အတွေ့အကြုံသည် ပိုမိုကြွယ်ဝလာပြီး၊ ဝိညာဉ်ရေးဆိုင်ရာခွန်အားသည်လည်း ကြွယ်ဝလာမြဲ၊ ကြွယ်ဝလာမည်ဖြစ်သည်။

အပြစ်ကိုဆက်လက်ကျူးလွန်မှု၏ရလဒ်ကြောင့် ကိုယ်ခန္ဓာပိုင်းဆိုင်ရာအနည်းငယ် နာမကျန်းဖြစ်ခြင်းကိုခံစားနေရသည့် ဒုက္ခရောက်နေကြသောအသက်ဝိညာဉ်က၊ နိုးကြားမှုရှိသည့်အသိတရားဖြင့် ထာဝရအရှင်ဘုရားသခင်၊ အပြစ်သားတစ်ယောက်ဖြစ်သော အကျွန်ုပ်အား ကရုဏာတော်အားဖြင့် ကိုယ်တော်၏သားတော်အဖြစ်ဆောင်ယူတော်မူပါ” ဟူ၍ ဟစ်အော်တောင်းဆိုနေပါသည်။ ထို့နောက်တွင် အမှုတော်ဆောင်သည်





ခိုင်မာသောယုံကြည်ခြင်းဖြင့် ဒုက္ခဆင်းရဲခြင်းသို့ကျရောက်သောသူအား နောင်တရသူတို့အနေဖြင့် အကူအညီနှင့်၊ ထိုအကူအညီမျိုးကိုလက်ခံလာလိုစိတ်ကို တောင့်တနေကြသည့်လူတိုင်းတို့သည် ကယ်တင်ခံရခြင်းနှင့်ငြိမ်သက်ခြင်းချမ်းသာတို့ကို သခင်ယေရှုအားဖြင့် တွေ့ရှိနိုင်ကြောင်းကို အသိပေးပြောပြပေးရန် အဆင်သင့်ရှိနေရပါမည်။ နူးညံ့သိမ်မွေ့ခြင်းနှင့်ချစ်ခြင်းမေတ္တာရှိနေသောသူသည် ဤကဲ့သို့သောနည်းမျိုးဖြင့် မျှော်လင့်ခြင်းသတင်းစကားတော်ကို အထူးလိုအပ်နေသည့် ဒုက္ခရောက်နေသောအသက်ဝိညာဉ်ထံသို့ ဧဝံဂေလိတရားတော်အကြောင်းကို ပို့ဆောင်ပေးခြင်းသည် လူသားတို့အတွက် မိမိကိုယ်ကိုပေးအပ်တော်မူသော သူတစ်ထူး၏ကိုယ်စားအဖြစ် ပြောဆိုပေးမှုပင်ဖြစ်ပါသည်။ သူ့အနေဖြင့် အထောက်အကူပြုပြီး သင့်တင့်လျောက်ပတ်သောစကားလုံးများကို ပြောဆိုပြီး၊ အိပ်ရာပေါ်တွင်လဲနေသည့် ဒုက္ခရောက်သူအတွက်ဆုတောင်းခြင်းဖြင့် ဆက်ကပ်ပေးခြင်းအတွက် သခင်ယေရှုက အကျိုးဖြစ်ထွန်းမှုကိုဖြစ်ပေါ်စေတော်မူမည်ဖြစ်သည်။ လူသား၏နှုတ်ခမ်းသားများတို့အားဖြင့် ဘုရားသခင်သည် မိန့်ကြားတော်မူနေပါသည်။ နှလုံးသားမည်သည်မှာ အလှမ်းမီသောနေရာတွင်သာရှိနေပါသည်။ လူသားမျိုးနွယ်တို့မည်သည်မှာ ဘုန်းတော်ရှင်၏ဂုဏ်တော်၏တို့ထိနိုင်မှုအနေအထားတွင် ရောက်ရှိနေပါသည်။

သခင်ခရစ်တော်၏ကျေးဇူးတော်ဆိုင်ရာ ဖြေသိမ့်ပေးနိုင်မှုတန်ခိုးတော်သည် ကျန်းမာခြင်း၊ ငြိမ်သက်ခြင်းချမ်းသာနှင့်ပြည့်ဝသော ရွှင်လန်းမှုတို့ကိုဆောင်ကြဉ်းပေးကြောင်းကို အမှုတော်ဆောင်အနေဖြင့် သူ၏အတွေ့အကြုံအားဖြင့် နားလည်သင့်ပါသည်။ သူ့အနေဖြင့် ပင်ပန်းပြီးဝန်လေးသောသူတို့အား ငြိမ်သက်ခြင်းချမ်းသာကိုပေးရန်အတွက် ဖိတ်ခေါ်တော်မူသည့်သူတစ်ထူးအဖြစ်၊ သခင်ခရစ်တော်ကို အသိအမှတ်ပြုသင့်ပါသည်။ ဘုရားသခင်က အရာမြှောက်ပေးထားတော်မူသော သူ၏လူသားကိုယ်စားလှယ်တော်တိုင်းတို့၏ပတ်ပတ်လည်တို့တွင် ကယ်တင်တော်မူသောအရှင်၏ချစ်ခြင်းမေတ္တာတော်သည် စဉ်ဆက်မပြတ်ရှိနေသည်ကို သူ့အနေဖြင့် မည်သည့်အခါမျှမမေ့မသွားပါစေနှင့်။ ထိုသို့သောချစ်ခြင်းမေတ္တာရှိနေရခြင်းမှာ ဝိညာဉ်ရေးဆိုင်ရာ ပေးကမ်းဝေမျှခြင်းကို လုပ်ဆောင်ရန်ဖြစ်ပါသည်။ ဤကဲ့သို့သောသတိတရရှိမှုသည် သူ၏ယုံကြည်ခြင်းကိုအသက်ဝင်စေပြီး သူ၏အသနားခံမှုတို့ကို ထက်သန်မှုရှိလာစေပါသည်။

အမှုတော်ဆောင်သည် သူ့အားအကူအညီပန်ကြားလာပါက သူ့အနေဖြင့် ဘုရားသခင်၏သမ္မာတရားတော်ဆိုင်ရာ ကျန်းမာရေးကိုပေးနိုင်စွမ်းသောတန်ခိုးကို

ထိုပန်ကြားသောသူတို့ကို ပေးနိုင်မည်ဖြစ်သည်။ သခင်ခရစ်တော်က ပုံစံချမှတ်ထားတော်မူခဲ့သည့် ကုသခြင်းဆိုင်ရာနှုတ်တော်ထွက်တို့ကိုပါ သူကပြောပြပေးနိုင်မည်ဖြစ်ပြီး နာမကျန်းဖြစ်သူ၏စိတ်ဝိညာဉ်တို့ကို ကြီးမြတ်သောသမားတော်ကြီးလည်းဖြစ်၊ အလင်းနှင့်အသက်လည်းဖြစ်သည့်အပြင် ဖြေသိမ့်ပေးသူနှင့်ငြိမ်သက်ခြင်းချမ်းသာလည်းဖြစ်တော်မူသည့် သခင်ခရစ်တော်ထံတော်သို့ ညွှန်ကြားပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် ထိုသူတို့သည် မျှော်လင့်ချက်ကင်းမဲ့သွားပြီဟူ၍ ထင်မှတ်စရာမလိုကြဘဲ၊ ကယ်တင်တော်မူသောအရှင်ထံသို့ သူတို့ကိုယ်ကိုအပ်နှံကြပါက ထိုအရှင်သည် သူတို့ကိုချစ်တော်မူသည်အလျောက် သူ၏ချစ်ခြင်းမေတ္တာတော်၊ ကျေးဇူးတော်နှင့် ကာကွယ်စောင့်ရှောက်မှုတန်ခိုးတော်တို့ကို ရရှိနိုင်ကြမည်ဖြစ်သည်။ ထိုသူတို့အား ဘုရားသခင်၏ကတိတော်များတို့တွင် တည်မှီနေကြပြီး၊ ထိုကတိတော်တို့ကို ပေးသနားတော်မူသောသူသည် ကျွန်ုပ်တို့၏အကောင်းဆုံးနှင့်သစ္စာအရှိဆုံးသော မိတ်ဆွေဖြစ်တော်မူကြောင်းကို သိရှိရကြမည့်အကြောင်းကို ထိုအမှုတော်ဆောင်က သူတို့အားသတိပေးနှိုးဆော်ပေးပါစေ။ စိတ်ဝိညာဉ်ကို ကောင်းကင်ဘုံဆီသို့ညွှန်ကြားပို့ဆောင်ပေးရန် ကြိုးပမ်းသည့်အလျောက် သူသည် ကုသခြင်းဖယောင်းချက်ကို မည်ကဲ့သို့ဝေမျှပေးရမည်ကို သိရှိတော်မူသောသူတစ်ထူး၏ကြင်နာသနားတတ်သော ကရုဏာတော်၏အတွေးအခေါ်မျိုးကို သူတွေ့ရှိနိုင်မည်ဖြစ်ကာ၊ နာမကျန်းဖြစ်သူအား ငြိမ်ဝပ်ခြင်းချမ်းသာနှင့်ငြိမ်သက်ခြင်းခံစားမှုတို့ကို ပေးကမ်းနိုင်မည်ဖြစ်သည်။

ဘုန်းတော်ရှင်ဆိုင်ရာကုသပေးတော်မူသောသူသည် လူမမာအခန်းထဲတွင်ရှိနေတော်မူသည်အလျောက်၊ စစ်မှန်သည့်ယုံကြည်ခြင်းဆိုင်ရာရိုးရှင်းမှုမျိုးဖြင့် ဆက်ကပ်တောင်းခံသည့်ဆုတောင်းချက်များတွင် ပါရှိသည့်စကားလုံးတိုင်းတို့ကို ကြားသိတော်မူပါသည်။ ရှေးယခင်က တပည့်တော်တို့လုပ်ဆောင်ခဲ့ကြသည့်အတိုင်း ယခုကာလတပည့်တော်တို့အနေဖြင့် လူမမာတို့အတွက်ဆုတောင်းပေးရကြပါမည်။ (ယာကုပ် ၅း၁၅) တွင်ဖော်ပြထားသည့် “. . . ယုံကြည်ခြင်း၏ပတ္ထနာသည် လူနာကိုကယ်ဆယ်၍” ဆိုသည့်ကျမ်းချက်အတိုင်း ယုံကြည်ခြင်းရှိသောဆုတောင်းခြင်းသည် နာမကျန်းဖြစ်သူတို့ကို ပြန်လည်၍နာလန်ထူလာကြစေပါသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ထဲတွင် နာမကျန်းဖြစ်သူတို့ပြန်လည်နာလန်ထူစေရေးအတွက် အထူးဆုတောင်းပေးရသည့်အချက်အလက်တို့နှင့်ပတ်သက်နှီးနွှယ်သည့်ညွှန်ကြားချက်မျိုးကို ရရှိနေကြပါသည်။ သို့သော်လည်း ထိုကဲ့သို့



သောဆုတောင်းချက်မျိုးကိုဆက်ကပ်မှုသည်၊ အထူးခန့်ညားတည်ငြိမ်သောလုပ်ရပ်မျိုးဖြစ်သည်အလျောက် ထိုဆက်ကပ်မှုမျိုးကို ဂရုတစိုက်ရှိသည့် စာနာထောက်ထားစိတ်မျိုးမရှိဘဲ မဆုတောင်းသင့်ပါ။ နာမကျန်းဖြစ်သူတို့အား ကုသပျောက်ကင်းသွားစေမည့်များစွာသောဆုတောင်းချက်များတို့တွင် ယုံကြည်ခြင်းပါရှိခြင်းကြောင့် ထင်မှတ်ထားသည်ထက် ပိုမို၍အကျိုးဖြစ်ထွန်းမှုရှိမည်ဖြစ်သည်။

များစွာသောသူတို့သည် မိမိတို့၏စိတ်အလိုလိုက်မှုတို့ကြောင့် ရောဂါကို သူတို့ကိုယ်၌က သူတို့ထံသို့ယူဆောင်လာရာရောက်ပါသည်။ သူတို့သည် သဘာဝတရား၏ပညတ်တရားအားဖြင့်၊ သို့မဟုတ် တိကျမှန်ကန်သည့်စင်ကြယ်ခြင်းဆိုင်ရာ အခြေခံစည်းမျဉ်းများတို့ကိုအခြေခံပြီး ရှင်သန်နေခြင်းမရှိကြပါ။ အခြားသောသူတို့သည် သူတို့၏စားသောက်ခြင်းဆိုင်ရာ ဝတ်စားဆင်ယင်မှု၊ သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်မှုများတို့နှင့်ပတ်သက်သည့် အကျင့်ဓလေ့များတို့တွင် ကျန်းမာခြင်းနှင့်ပတ်သက်သောပညတ်တရားကို ဥပေက္ခာပြုနေကြပါသည်။ အများအားဖြင့် အချို့သောအကျင့်ဆိုးသွင်ပြင်ရှိနေရကြခြင်းမှာ စိတ်ပိုင်းဆိုင်ရာ၊ သို့မဟုတ် ကိုယ်ခန္ဓာပိုင်းဆိုင်ရာတို့၏အားနည်းမှုကြောင့်ဖြစ်ပါသည်။ ဤလူတို့သည် ကျန်းမာခြင်းနှင့်ပတ်သက်သည့် ကောင်းချီးမင်္ဂလာမျိုးကို ရရှိသင့်ကြသော်လည်း၊ များစွာသောထိုသူတို့သည် ဘုရားသခင်၏သဘာဝတရားနှင့် ဝိညာဉ်ရေးဆိုင်ရာပညတ်တရားတော်တို့ကို အလေးမထားကျူးလွန်ဖောက်ဖျက်သည့်တူညီသောလမ်းကြောင်းအတိုင်း လိုက်စားနေကြရင်း၊ အကယ်၍ ဘုရားသခင်သည် သူတို့ဆုတောင်းကြသည့်အတိုင်း အဖြေပေးပြီး၊ သူတို့၏ရောဂါဝေဒနာတို့ကို ပျောက်ကင်းသွားအောင်ကုသပေးတော်မူပါက သူတို့၏ကျန်းမာရေးနှင့်မကိုက်ညီသောလုပ်ဆောင်မှုများကို လုပ်ဆောင်ကျင့်သုံးခြင်းနှင့် ဖောက်ပြန်သောအာသာဆန္ဒ၌မွေ့လျော်ခြင်းကို အထိန်းအကွပ်မရှိ ဆက်လက်လုပ်ဆောင်ပိုင်ခွင့်ရှိသည်ဟု ခံယူထားကြပါသည်။ အကယ်၍ ဘုရားသခင်က အံ့သြဖွယ်သောအမှုတစ်ခုကို ဖန်တီးပေးတော်မူခြင်းဖြင့် ထိုကဲ့သို့သောသူတို့၏ကျန်းမာရေးကို ပြန်လည်တည်ဆောက်ပေးတော်မူပါက သူ့အနေဖြင့် အပြစ်ကိုအားပေးအားမြှောက်ပြုတော်မူရာရောက်ပါသည်။

ကျန်းမာရေးနှင့်ကိုက်ညီမှုမရှိသော လုပ်ကိုင်ဆောင်ရွက်မှုမျိုးများတို့ကို ဘေးဖယ်ထားရန်အတွက် လူအများတို့ကိုသင်ကြားပေးခြင်းမရှိပါက ထိုလုပ်ဆောင်သူသည် ဘုရားသခင်အနေဖြင့် သူတို့၏အိုမင်းရင့်ရော်မှုကို ကုသပေးတော်မူသောသူဖြစ်သည်ဆိုသည့် သင်ကြားပို့ချခြင်းကို လက်လွှတ်ခံလိုက်ရသကဲ့သို့ဖြစ်ပေမည်။ သူ၏ကောင်းချီး

မင်္ဂလာတော်ကို လက်ခံရရှိကြစေရန်အတွက် ဘုရားသခင်သည် လူများတို့၏ဆုတောင်းသံတို့ကို ဖြေကြားတော်မူရန်မှာ ထိုသူတို့အနေဖြင့် မကောင်းမှုကျူးလွန်ခြင်းတို့ကိုရပ်တန့်ပြီး ကောင်းမွန်စွာပြုမူကျင့်ကြံကြရေးကို သင်ကြားရယူကြရမည်ဖြစ်သည်။ သူတို့၏ပတ်ဝန်းကျင်ရှိလူတို့ကို မွန်မြတ်သန့်ရှင်းလာကြအောင် လုပ်ဆောင်ရကြမည့်အပြင်၊ သူတို့အသက်တာအကျင့်စလေ့တို့သည်လည်း တော်တည့်မှန်ကန်မှုရှိရကြပါမည်။ သူတို့သည် ဘုရားသခင်၏သဘာဝတရားဆိုင်ရာနှင့် ဝိညာဉ်ရေးဆိုင်ရာပတ်သက်သည့်ပညတ်တရားတော်နှင့်သဟဇာတဖြစ်အောင် နေထိုင်ရကြပါမည်။

## အပြစ်ကိုဝန်ချတောင်းပန်ခြင်း

ကျန်းမာရေးကိုပြန်လည်တည်ဆောက်ခြင်းအတွက် ဆုတောင်းခြင်းကိုအလိုဆန္ဒရှိနေကြသောသူတို့အနေဖြင့် သဘာဝတရားဆိုင်ရာပါမက ဝိညာဉ်ရေးပိုင်းဆိုင်ရာနှင့်ပတ်သက်သည့် ဘုရားသခင်၏ပညတ်တရားတော်ကိုချိုးဖောက်ခြင်းသည် အပြစ်ဖြစ်ကြောင်းကို မကွယ်မထောက်လက်ခံသိမှတ်ရမည်ဖြစ်ပြီး ဘုရားသခင်၏ကောင်းချီးမင်္ဂလာတော်ကို လက်ခံရရှိနိုင်ရန်အတွက် ထိုအပြစ်အတွက်ဝန်ချတောင်းပန်ရမည့်အပြင် စွန့်လည်းစွန့်ပယ်ရပါမည်။

ကျမ်းစာတော်မြတ်က (ယာကုပ် ၅း၁၆) တွင်ဖော်ပြထားသည့်၊ "အချင်းချင်းတစ်ယောက်နှင့်တစ်ယောက် ကိုယ်အပြစ်ကိုဖော်ပြတောင်းပန်ကြလော့။ ချမ်းသာရမည်အကြောင်း အချင်းချင်းတို့အဖို့ဆုတောင်းကြလော့" အတိုင်း ကျွန်ုပ်တို့အားတိုက်တွန်းနှိုးဆော်ထားပါသည်။ ဆုတောင်းပေးရန်တောင်းခံလာသောသူအား "ကျွန်ုပ်တို့သည်စိတ်နှလုံးကိုမဖတ်ရှုနိုင်ပါ၊ သို့မဟုတ် သင့်အသက်တာ၏လျှို့ဝှက်ချက်တို့ကို မသိရှိနိုင်ကြပါ။ ဤအရာများကို သင်ကိုယ်၌နှင့် ဘုရားသခင်သည်သာလျှင် သိရှိနိုင်ပါသည်။ သင်၏အပြစ်တို့ကိုနောင်တရပါက ထိုအပြစ်တို့အတွက် ဝန်ချတောင်းပန်ရန်မှာ သင်၏တာဝန်သာဖြစ်သည်" ဆိုသည့်အတွေးအခေါ်မျိုးကို ပေးကမ်းရပါမည်။

ပုဂ္ဂိုလ်ရေးဆိုင်ရာအကျင့်စရိုက်တစ်ခု၏အပြစ်ကို သခင်ခရစ်တော်ထံတော်၌ဝန်ချတောင်းပန်ရမည်ဖြစ်သည်။ သူသာလျှင် ဘုရားသခင်နှင့်လူတို့စပ်ကြား တစ်ပါးတည်းသောညှိနှိုင်းဖြေရှင်းပေးသောသူဖြစ်တော်မူပါသည်။ ထိုအကြောင်းကို (၁ယော ၂း၁) တွင်၊ ". . . တစ်စုံတစ်ယောက်သောသူသည် ဒုစရိုက်ကိုပြုမိလျှင်၊ ဖြောင့်မတ်တော်မူသောအရှင်ယေရှုခရစ်တော်တည်းဟူသော ငါတို့အမှုဆောင်သခင်သည် ခမည်းတော်ထံ၌ရှိတော်မူ၏" ဟူ၍ဖော်ပြထားပါသည်။ အပြစ်တိုင်းသည် ဘုရားသခင်အပေါ်ကျူးလွန်ဖောက်ဖျက်သည့်အမှုတစ်ခုဖြစ်ပြီး၊ သခင်ခရစ်တော်မှတစ်ဆင့် သူ့ကိုဝန်ချတောင်းပန်ရမည်ဖြစ်သည်။ ထင်ရှားသည့်အပြစ်တိုင်းကို ပွင့်လင်းစွာဖြင့်ဝန်ချတောင်းပန်ရမည်ဖြစ်သည်။ အပေါင်းအသင်းအပေါ် မှားယွင်းသောလုပ်ရပ်အတွက် ထိုကျူးလွန်ခြင်းခံရသူအပေါ် ပြန်လည်၍မှန်မှန်ကန်ကန်ကျင့်သုံးပေးလာရပါမည်။ ကျန်းမာရေးအတွက်ကြိုးပမ်းရှန်းကန်နေရကြသောသူအချို့သည် သူတို့၏ဆိုးယုတ်သောအပြောအဆိုအတွက် လိပ်ပြာမသန့်ဖြစ်နေကြပါက အိမ်ထောင်မိသားစုအတွင်း အိမ်နီးနားချင်းတို့နှင့်၊ သို့မဟုတ် အသင်းတော်အတွင်းခိုက်ရန်ဖြစ်ပွားစေသည့်အပြင် မိတ်ပျက်သွားစေရန်နှင့် သဘောထားကွဲလွဲမှုရှိလာစေရန်လှုံ့ဆော်ပေးခြင်း၊ အခြားသောသူတို့ကိုအပြစ်ဖြစ်စေသည့် မှားယွင်းသောလုပ်ရပ်အချို့ကို ပြုမူခြင်းများတို့အတွက်၊ ထိုသူတို့အား ဘုရားသခင်၏ရှေ့တော်မှောက်နှင့် ကျူးလွန်ခံရသူတို့၏ရှေ့တွင် ဝန်ချတောင်းပန်ပေးရပါမည်။ ထိုအကြောင်းနှင့်ပတ်သက်ပြီး (၁ယော ၁း၉) တွင်၊ "ကိုယ်အပြစ်တို့ကိုဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့်ကင်းစင်စေခြင်းငှာဘုရာသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်းပြည့်စုံတော်မူ၏" ဟူ၍ဖော်ပြထားပါသည်။

မှားသောအပြုအမူတို့ကိုပြုပြင်ပြီးသောအခါ၊ နာမကျန်းဖြစ်သူတို့၏လိုအပ်မှုတို့ကို တည်ငြိမ်မှုရှိသောယုံကြည်ခြင်းဖြင့် ထာဝရဘုရား၏ဝိညာဉ်တော်ညွှန်ပြပေးတော်မူမည့်အတိုင်း သူ၏ထံတော်သို့ပေးအပ်ရပါမည်။ သူသည် လူတစ်ယောက်စီ၏တစ်ဦးချင်းအမည်ကိုသိရှိတော်မူပြီး၊ တစ်ယောက်စီအပေါ်ကြည့်ရှုစောင့်ရှောက်တော်မူရာတွင်လည်း ကမ္ဘာမြေပေါ်တွင်ရှိရှိသမျှသောလူတို့လိုက်မမီနိုင်သည့် သူချစ်တော်မူသောတစ်ပါးတည်းသောသားတော်ကိုစွန့်တော်မူသည့် ချစ်ခြင်းမေတ္တာမျိုးဖြင့် စောင့်ရှောက်တော်မူပါသည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်သည် အလွန်ကြီးမားလှပြီး၊ လုံးဝကျဆုံးခြင်းမရှိနိုင်သည့်အလျောက် နာမကျန်းဖြစ်သူအား သူ၏အပေါ်တွင်အားကိုးအားထားပြုစေပြီး၊ ရွှင်လန်းမှုရရှိလာစေရန်အတွက် သူတို့အား အားပေးတိုက်တွန်းသင့်ပါသည်။ သူတို့အနေဖြင့် မိမိတို့ကိုယ်ကိုမိမိတို့စိုးရိမ်စိတ်ဝင်လာကြပြီးဆိုလျှင် အင်အားချည့်နဲ့လာပြီး ရောဂါရှိသည့်ပုံစံမျိုးဖြစ်လာတတ်ပါသည်။ သူတို့အနေဖြင့် စိတ်အားငယ်မှုနှင့်ဝမ်းနည်းပူဆွေးမှုတို့ကို ကျော်လွှားနိုင်မည်ဆိုပါက သူတို့ပြန်လည်နာလန်ထူရေးမျှော်လင့်

ချက်သည် အကောင်းဘက်သို့ဦးတည်လာမည်ဖြစ်သည်ကို (ဆာလံ ၃၃း၁၈–၁၉) တွင် "ထာဝရဘုရားကိုကြောက်ရွံ့သောသူတို့နှင့် ကရုဏာတော်ကိုခိုလှုံသောသူတို့သည် . . . သူတို့ကိုကြည့်ရှုလျက်ရှိတော်မူ၏" ဟူ၍ဖော်ပြထားပါသည်။

## ဘုရားသခင်၏အလိုတော်အတိုင်းလိုက်နာခြင်း

နာမကျန်းဖြစ်သူအတွက်ဆုတောင်းပေးရာတွင် (ရောမ ၈း၂၆) တွင်ဖော်ပြထားသည့်၊ ". . . ငါတို့သည် ဆုတောင်းသင့်သည်အတိုင်း အဘယ်ဆုကိုတောင်းရမည်ဟုမသိကြ။ . . ." ဆိုသည့်အချက်ကို သတိရကြရပါမည်။ ကျွန်ုပ်တို့လိုအင်ဆန္ဒရှိကြသော ကောင်းချီးမင်္ဂလာသည် အကောင်းဆုံးဖြစ်မည်၊ သို့မဟုတ် အဆိုးဆုံးဖြစ်မည်ဆိုခြင်းကို ကျွန်ုပ်တို့သိရှိခြင်းမရှိကြပါ။ ထိုကြောင့် ကျွန်ုပ်တို့၏ဆုတောင်းချက်များတွင် အောက်ပါစိတ်ကူးအတွေးမျိုးပါဝင်သင့်ပါသည်။ ၎င်းမှာ၊ "အရှင်ထာဝရဘုရား၊ ကိုယ်တော်သည် အသက်ဝိညာဉ်၏လျှို့ဝှက်နက်နဲမှုတိုင်းကို သိကျွမ်းနားလည်တော်မူပါသည်။ ဤသူတို့နှင့်အကျွမ်းတဝင်ရှိတော်မူပါ။ သူတို့၏အမှုဆောင်သခင်ဖြစ်သူ သခင်ယေရှုသည် သူတို့အတွက်အသက်ကိုစွန့်တော်မူခဲ့ပါသည်။ သူတို့အတွက် သူ၏ချစ်ခြင်းမေတ္တာတော်သည် အကျွန်ုပ်တို့ထားရှိနိုင်ကြသည့်ချစ်ခြင်းမေတ္တာမျိုးထက် ပိုမိုကြီးမားလွန်းလှပါသည်။ ထိုကြောင့် အကယ်၍သာ ဤဆုတောင်းခြင်းသည် ကိုယ်တော်ရှင်၏ဘုန်းအသရေတော်နှင့် ဝေဒနာဒုက္ခခံစားနေရသူအတွက် ကောင်းကျိုးဖြစ်လာမည်ဆိုပါက သူတို့အားကျန်းမာလာစေတော်မူပါရန် သခင်ယေရှု၏နာမတော်အားဖြင့် ကျွန်ုပ်တို့တောင်းလျှောက်ပါ၏အရှင်။ ထိုကဲ့သို့ပြန်လည်၍ထူထူထောင်ထောင်ဖြစ်လာရေးအတွက် ကိုယ်တော်ရှင်အလိုရှိတော်မမူပါက ကိုယ်တော်၏ကျေးဇူးတော်သည် သူတို့အားနှစ်သိမ့်စေတော်မူပြီး၊ ကိုယ်တော်၏တည်ရှိနေတော်မူခြင်းသည် သူတို့၏ဆင်းရဲခြင်းဒုက္ခအတွက်ခံနိုင်ရည်ရှိကြရေးအတွက် အထောက်အမပေးတော်မူပါရန် အကျွန်ုပ်တို့တောင်းလျှောက်ကြပါ၏အရှင်" ဟူ၍ဖြစ်ပါသည်။

ဘုရားသခင်သည် အစအဦးမှစပြီးအဆုံးတိုင်သည်အထိ၊ သိရှိတော်မူပါသည်။ အသက်ဝိညာဉ်၏လျှို့ဝှက်ချက်တိုင်းတို့ကို ဖတ်ရှုနိုင်တော်မူပါသည်။ သူတို့အပေါ်သို့ ကျရောက်လာနိုင်သည့် စစ်ကြောစုံစမ်းမှုဒဏ်ကို သူတို့ဆက်လက်ရှင်သန်နိုင်လောက်အောင် ဆက်ကပ်နေကြသောသူတို့၏ဆုတောင်းချက်တို့သည် တောင့်ခံနိုင်သည်၊ သို့မဟုတ် မတောင့်ခံနိုင်သည်ကိုလည်း သိရှိတော်မူပါသည်။ သူတို့၏ရှင်သန်မှုသည် သူတို့



ကိုယ်တိုင်နှင့် လောကကမ္ဘာကြီးအတွက် ကောင်းချီးမင်္ဂလာတစ်ခုလေလား၊ သို့တည်းမဟုတ် ကျိန်ဆဲမှုတစ်ခုလေလားဆိုသည်ကိုပါ သိရှိတော်မူပါသည်။ ဤကဲ့သို့ကောင်းချီးမင်္ဂလာနှင့်ကျိန်ဆဲခြင်းမျိုးဖြစ်လာရခြင်းအကြောင်းရင်းတစ်ခုမှ ကျွန်ုပ်တို့၏အသနားခံမှုများတို့ကို စိတ်အားထက်သန်မှုအပြည့်ဖြင့် ပန်ကြားကြပါက (လုကာ ၂၂း၄၂) တွင်ဖော်ပြထားသည့်၊ ". . . သို့သော်လည်း အကျွန်ုပ်အလိုရှိသည်အတိုင်းမဖြစ်ပါစေနှင့်။ ကိုယ်တော်အလိုရှိသည်အတိုင်းဖြစ်ပါစေသော. . ." ဆိုသည့်အချက်သည် မပါမဖြစ်ပါရှိရမည့်အကြောင်းရင်းပင်ဖြစ်ပါသည်။ သခင်ယေရှုသည် ဂေသရေမန်ဥယျာဉ်၌ရှိနေတော်မူစဉ်အခါတွင် ဘုရားသခင်၏ဉာဏ်ပညာတော်နှင့်အလိုတော်ကိုနာခံတော်မူသည့် အထက်ဖော်ပြပါစကားလုံးမျိုးတို့အတိုင်း တောင်းလျှောက်တော်မူခဲ့ရာတွင် (မဿဲ ၂၆း၃၉) တွင်ဖော်ပြထားသည့်၊ ". . . အကျွန်ုပ်အဘ၊ ဤခွက်သည် အကျွန်ုပ်ကိုလွန်သွားနိုင်လျှင် လွန်သွားပါစေသော။ . . ." ဆိုသည့်အတိုင်းဖြစ်ပါသည်။ ထိုကြောင့် အကယ်၍သာ သူတို့အနေဖြင့် ဘုရားသခင်၏သားတော်ဖြစ်သူအတွက်လျှောထားခြင်းခံရကြမည်ဆိုပါက သူတို့အနေဖြင့်လည်း အမှားအယွင်းလုပ်နေတတ်ကြသောလူတို့ပြောဆိုတတ်သည့်စကားမျိုးကို အကန့်အသတ်မျိုးဖြင့်ပင် ပြောဆိုကြတော့မည်မဟုတ်ပါ။

ကျွန်ုပ်တို့အနေဖြင့် တစ်သမတ်တည်းလုပ်ဆောင်ရမည်မှာ ကျွန်ုပ်တို့၏အလိုဆန္ဒတို့ကို ကျွန်ုပ်တို့၏ကောင်းကင်ဘုံအရှင်၊ အနန္တဉာဏ်တော်ရှင်အဖခမည်းတော်ထံတော်တွင် အပ်နှံကြပြီးသည်နောက် လုံလောက်သောယုံကြည်စိတ်ချမှုဖြင့် သူ၏အထံတော်တွင်မှီခိုအားထားရကြပါမည်။ သူ၏အလိုတော်အတိုင်းသာ ကျွန်ုပ်တို့တောင်းလျှောက်ကြပါက၊ ဘုရားသခင်အနေဖြင့် နားညောင်းတော်မူမည်ဆိုခြင်းကို ကျွန်ုပ်တို့သိရှိကြပါသည်။ သို့သော်လည်း နှိမ့်ချကျိုးနွံခြင်းမရှိသောစိတ်ထားမျိုးဖြင့် ကျွန်ုပ်တို့၏အသနားခံမှုများကို အင်တိုက်အားတိုက်ဖြင့်တောင်းခံမှုသည် မှန်ကန်မှုမရှိသောနည်းလမ်းဖြစ်ပြီး၊ ကျွန်ုပ်တို့၏ဆုတောင်းခြင်းတို့သည် အမိန့်ပေးတောင်းယူသည့်ပုံစံမျိုးမဖြစ်ရဘဲ အသနားခံသည့်အနေအထားမျိုးဖြင့်သာဖြစ်ရပါမည်။

ကျန်းမာရေးကိုပြန်လည်တည်ဆောက်ပေးသည့်လုပ်ငန်းတွင် ဘုရားသခင်က သူ၏ဘုန်းတော်ဆိုင်ရာတန်ခိုးတော်ဖြင့် တိကျပြတ်သားစွာလုပ်ဆောင်တော်မူသောအကြောင်းခြင်းရာများရှိပါသည်။ သို့သော်လည်း နာမကျန်းဖြစ်သူအားလုံး သက်သာပျောက်ကင်းသွားကြသည်မဟုတ်ပါ။ များစွာသောထိုလူမမာတို့သည် အိပ်ရာပေါ်တွင်

တုံးလုံးပက်လက်ဖြင့်ပင် ခရစ်တော်၌အိပ်ပျော်သွားခဲ့ရကြပါသည်။ ရှင်ယောဟန်သည် ပတ်မုကျွန်းအကျဉ်းသားဘဝဖြင့်ရှိနေခဲ့စဉ်က အထက်ပါကိစ္စရပ်နှင့်ပတ်သက်ပြီး ရေးသားရန်အတွက် သခင်ခရစ်တော်၏တိုက်တွန်းမိန့်တော်မူချက်ကို (ဗျာဒိတ် ၁၄း၁၃) တွင်၊ ". . . ယခုမှစ၍ သခင်ဘုရား၌သေသောသူတို့သည် မင်္ဂလာရှိကြ၏။ . . ဝိညာဉ်တော်ကလည်း၊ ထိုသို့မှန်ပေ၏။ ထိုသူတို့သည် ပင်ပန်းခြင်းငြိမ်းမည်အကြောင်း ရှိ၍ သူတို့၏အကျင့်သည်လည်း သူတို့နှင့်အတူလိုက်ကြ၏။ . ." ဟူ၍ဖော်ပြထားပါသည်။ ဤကျမ်းချက်မှ ကျွန်ုပ်တို့သိရှိရကြသည်မှာ အကယ်၍သာ လူမမာများတို့အနေဖြင့် ကျန်းမာလာသည့်အခြေအနေမျိုးရောက်ရှိမလာကြပါက ထိုကဲ့သို့ဖြစ်ရခြင်းမှာ သူတို့အနေဖြင့် ယုံကြည်ခြင်းမရှိကြခြင်းကြောင့်ဟူ၍ သူတို့အပေါ်ဆုံးဖြတ်ချက်မချသင့်ပါ။

ကျွန်ုပ်တို့အားလုံးတို့အနေဖြင့် ကျွန်ုပ်တို့၏ဆုတောင်းချက်များအပေါ် ချက်ချင်းနှင့်တိုက်ရိုက်အဖြေပေးတော်မူခြင်းကို အလိုရှိနေကြပြီး၊ ဖြေကြားပေးတော်မူချက်သည် နှောင့်နှေးမှုရှိပါက၊ သို့မဟုတ် မမျှော်လင့်သောအနေအထားမျိုးဖြင့်သာ ရရှိလာကြပါက၊ စိတ်ဓာတ်ကျဆင်းတတ်ကြပါသည်။ သို့သော်လည်း ကျွန်ုပ်တို့၏ဆုတောင်းချက်များတို့ကို ကျွန်ုပ်တို့ဆန္ဒရှိသည့်အတိုင်း၊ အချိန်ကိုက်နှင့်ပုံစံတကျဖြင့် အစဉ်အမြဲဖြေပေးတော်မူရန် ဘုရားသခင်သည် အထူးထူးသောဉာဏ်အမြော်အမြင်နှင့် ကောင်းမြတ်ခြင်းရှိတော်မူပါသည်။ ကျွန်ုပ်တို့၏လိုချင်တောင့်တမှုအားလုံးတို့ကို အထမြောက်စေသည်ထက်၊ ကျွန်ုပ်တို့အတွက်ပိုမိုများပြားပြီး ပိုမိုကောင်းမွန်သည့်အရာတို့ကို လုပ်ဆောင်ပေးတော်မူမည်ဖြစ်သည်။ သူ၏ဉာဏ်ပညာတော်နှင့်ချစ်ခြင်းမေတ္တာတော်တို့အပေါ်တွင် ကျွန်ုပ်တို့အားကိုးအားထားပြုနိုင်ကြခြင်းကြောင့် ကျွန်ုပ်တို့၏လိုအင်ဆန္ဒကို လိုက်လျောပေးတော်မူရန်အတွက် သူ့အား ကျွန်ုပ်တို့မတောင်းခံသင့်ကြသော်လည်း၊ သူ၏ရည်ရွယ်တော်မူချက်တို့ကို ပြီးမြောက်အောင်လုပ်ဆောင်သည့်အမှုတော်အတွင်း စတင်ပါဝင်လုပ်ဆောင်သင့်ကြပါသည်။ သူ၏အလိုတော်အထဲ၌တွင်ပင် ကျွန်ုပ်တို့၏ဆန္ဒများနှင့် စိတ်ဝင်တစားဖြစ်မှုများတို့ကို အဆုံးရှုံးခံသင့်ကြပါသည်။

ကျွန်ုပ်တို့၏ယုံကြည်ခြင်းကိုစမ်းသပ်သည့် ဤအတွေ့အကြုံများတို့သည် ကျွန်ုပ်တို့၏အကျိုးအတွက်ဖြစ်ပါသည်။ ထိုအတွေ့အကြုံတို့အားဖြင့် ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်တစ်ခုတည်းအပေါ်တွင်သာ စစ်မှန်ပြီးရိုးသား





မှုရှိသည်လား၊ မရှိသည်လား၊ သို့တည်းမဟုတ် သေချာမှုမရှိသည့်အပြင် အပြောင်းအလဲရှိတတ်သည့် ပတ်ဝန်းကျင်အခြေအနေတို့အပေါ်တွင် မူတည်နေသည်လားဆိုသည်ကို ထင်ထင်ရှားရှားသိရှိနိုင်ကြပါသည်။ ယုံကြည်ခြင်းသည် လေ့ကျင့်မှုအားဖြင့် ခိုင်ခံ့အားကောင်းလာပါသည်။ ကျွန်ုပ်တို့သည် သည်းခံနိုင်စွမ်းအရည်အသွေးဖြင့် အပြည့်အဝလုပ်ဆောင်ရကြမည့်အပြင်၊ ထာဝရဘုရားကိုမျှော်လင့်နေကြသည့်သူတို့အတွက် ကျမ်းစာတော်မြတ်တွင် အဖိုးထိုက်လှသည့်ကတိတော်များရှိနေသည်ကိုပါ သတိတရရှိနေရကြပါမည်။

ဤအခြေခံစည်းမျဉ်းစည်းကမ်းတို့ကို လူအားလုံးတို့က သိရှိနေကြသည်မဟုတ်ပါ။ ကုသခြင်းနှင့်ပတ်သက်သည့် ထာဝရဘုရား၏ကရုဏာတော်ကို ကြိုးပမ်းရှာဖွေနေကြသောလူအများအပြားတို့က သူတို့၏ဆုတောင်းချက်များတို့အပေါ် တိုက်ရိုက်နှင့်ချက်ချင်းအနေအထားမျိုးဖြင့် အဖြေများကိုရရှိသင့်ကြသည်၊ သို့မဟုတ် သူတို့၏ယုံကြည်ခြင်းသည် အပြစ်အနာအဆာရှိသည်ဟု ထင်မှတ်ထားကြပါသည်။ ဤအကြောင်းကြောင့် ခံစားရကြသောရောဂါဝေဒနာကြောင့် အားနည်းလာကြသည့်လူတို့သည် သမ္မာသတိရှိရှိဖြင့် ကျင့်ကြံပြုမူကြရေးအတွက် သူတို့အားဉာဏ်အမြော်အမြင်ရှိရှိဖြင့် အကြံပေးရကြပါမည်။ သူတို့အနေဖြင့် သူတို့အားသေဘေးမှကယ်ဆယ်ပေးကြမည့် သူတို့၏မိတ်ဆွေတို့အပေါ်လုပ်ဆောင်ပေးရမည့် သူတို့၏တာဝန်ကို ဥပေက္ခာမပြုသင့်၊ သို့မဟုတ် ကျန်းမာရေးကိုပြန်လည်တည်ဆောက်ပေးသည့် သဘာဝ၏စွမ်းဆောင်မှုများတို့ကို အသုံးချရေးအပေါ် လျစ်လျူမရှုသင့်ကြပါ။

ဤနေရာတွင် အမှားအယွင်းကြောင့် မကြာခဏအန္တရာယ်ဖြစ်တတ်ပါသည်။ ဆုတောင်းချက်ကိုအဖြေပေးတော်မူခြင်းအားဖြင့် ခံစားရသောဝေဒနာမှ သူတို့သက်သာပျောက်ကင်းကြမည်ဟုမျှော်လင့်ပြီး သူတို့၏ယုံကြည်ခြင်းနည်းပါးမှုကို ညွှန်ပြရာရောက်သည့် ကြောက်လန့်စိုးရိမ်စိတ်ဖြင့် တစ်စုံတစ်ရာကိုလုပ်ဆောင်မိတတ်ကြပါသည်။ သူတို့အနေဖြင့် အသက်ဆုံးရှုံးရတော့မည်ဟု ထင်မှတ်ထားခံရကြပါက သူတို့အလိုဆန္ဒရှိသည့်အတိုင်း လုပ်ဆောင်လိုသည့်အရာကို သတ်မှတ်လုပ်ဆောင်ရေးကို လျစ်လျူမရှုသင့်ပေ။ အားပေးနှိုးဆော်သည့်စကားမျိုးကို ပြောဆိုရန်ကြောက်ရွံ့ကြပြီး၊ သို့မဟုတ် ခွဲခွာရမည့်အချိန်တွင် သူတို့ချစ်ခင်မြတ်နိုးရကြသည့်လူတို့အား အကြံပေးမှာကြားလိုကြပါက မှာကြားစေသင့်ပါသည်။

## ပျောက်ကင်းအောင်ကုသခြင်း၏စွမ်းဆောင်မှုကိုယ်စားလှယ်များ

ဆုတောင်းခြင်းအားဖြင့် ကုသပျောက်ကင်းစေခြင်းကို ကြိုးပမ်းလုပ်ဆောင်နေကြသောသူတို့သည် မိမိတို့လက်လှမ်းမီသလောက် ကုသမှုဆိုင်ရာအစွမ်းထက်မှုတို့ကို အသုံးပြုခြင်းကို လျစ်လျူမရှုသင့်ကြပါ။ ၎င်းကုထုံးနည်းသည် ယုံကြည်ခြင်းတရားကို ငြင်းပယ်ရာရောက်ခြင်းမဟုတ်ဘဲ နာကျင်ကိုက်ခဲမှုကိုသက်သာစေရန်နှင့် သဘာဝတရား၏ပြန်လည်နာလန်ထူရေးအလုပ်တွင် အထောက်အကူဖြစ်စေသော ဘုရားသခင်ဝေငှပေးတော်မူသည့်နည်းလမ်းသာဖြစ်ပါသည်။ ဘုရားသခင်နှင့်ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် ပြန်လည်နာလန်ထူလာရေးအတွက် အလွန်အလေးသာစေသည့်အခြေအနေအတွင်း၌ မိမိတို့ကိုယ်ကိုထားရှိခြင်းသည် ယုံကြည်ခြင်းကိုငြင်းပယ်ရာမရောက်ပါ။ အသက်တာဆိုင်ရာ ပညတ်တရားတော်တို့နှင့်ပတ်သက်သည့် ဗဟုသုတတစ်ခုကိုရယူနိုင်ကြရေးအတွက် ဘုရားသခင်သည် ထိုကုထုံးကို ကျွန်ုပ်တို့၏စွမ်းအားအတွင်း၌ ထည့်သွင်းထားတော်မူပါသည်။ ထိုဗဟုသုတကို ကျွန်ုပ်တို့အသုံးချနိုင်ကြရေးအတွက် ကျွန်ုပ်တို့လက်လှမ်းမီသောနေရာတွင် ထားရှိထားပြီးသားဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ကျန်းမာရေးနာလန်ထူမှုအတွက် ပံ့ပိုးမှုတိုင်းတို့ကိုအသုံးချသင့်ပြီး၊ ဖြစ်နိုင်ခြေရှိသည့်အခွင့်ထူးတိုင်းတို့ကို ရယူရကြမည်ဖြစ်ကာ၊ သဘာဝတရားဆိုင်ရာ ပညတ်တရားတော်နှင့်ဟန်ချက်ညီညီလုပ်ဆောင်ရကြပါမည်။ လူမမာပြန်လည်ကျန်းမာလာရေးအတွက် ဆုတောင်းပေးကြရာတွင် ကျွန်ုပ်တို့သည် သာလွန်သည့်စွမ်းအင်မျိုးဖြင့် လုပ်ဆောင်နိုင်ကြပြီး၊ သူနှင့်အတူပူးပေါင်းလုပ်ဆောင်နိုင်သည့်အခွင့်ထူးအတွက် ဘုရားသခင်အားကျေးဇူးတင်ရင်း သူကိုယ်တော်တိုင် မျှဝေပေးနိုင်တော်မူသည့်နည်းလမ်းမျိုးဖြင့် သူ၏ကောင်းချီးမင်္ဂလာတော်ကိုတောင်းခံရကြပါမည်။

ကုထုံးဆိုင်ရာအစွမ်းသတ္တိကို အသုံးပြုကြရန်အတွက် ဘုရားသခင်၏ခွင့်ပြုချက်နှုတ်တော်ထွက်ကို ကျွန်ုပ်တို့ရရှိထားကြပါသည်။ ဣသရေလရှင်ဘုရင်ဟေဇကိသည် နာမကျန်းဖြစ်ခဲ့စဉ်အခါက ဘုရားသခင်၏ပုရောဖက်တစ်ပါးသည် သူသေဆုံးရမည့်သတင်းစကားကို သူ့ထံသို့ယူဆောင်လာခဲ့ပါသည်။ ဤတွင်သူသည် ဘုရားသခင်ထံတော်သို့ ဟစ်ကြွေးတောင်းဆိုခဲ့သောအခါ၊ ဘုရားသခင်သည် သူ၏အစေခံကျွန်၏အသံကို နားညောင်းတော်မူပြီး သူ၏အသက်ရှင်ရမည့်သက်တမ်းကို နောက်ထပ်တစ်ဆယ့်ငါးနှစ်ထပ်မံတိုးမြှင့်လိုက်ကြောင်းကို သတင်းစကားပါးတော်မူခဲ့ပါသည်။ ဤတွင် ဘုရားသခင်၏တစ်ခွန်းတည်းသောနှုတ်တော်ထွက်သည် ဟေဇကိခံစားရသော



ဝေဒနာကို ချက်ချင်းသက်သာပျောက်ကင်းသွားစေခဲ့သော်လည်း ဟေဇကိအတွက် (ဟေရှာယ ၃၈း၂၁) တွင်ဖော်ပြထားသည့်၊ "သင်္ဘောသဖန်းသီးအလုံးအထွေးကိုယူ၍ နယ်ပြီးမှ၊ အနာကိုအုံကြလော့။ ထိုသို့ပြုလျှင် မင်းကြီးသည် သက်သာရာရလိမ့်မည်" ဆိုသည့် အထူးညွှန်ကြားချက်တို့ကို ပေးပို့တော်မူခဲ့ပါသည်။

ဖြစ်ရပ်တစ်ခုတွင်လည်း သခင်ခရစ်တော်သည် မျက်စိမမြင်ရသောလူတစ်ယောက်၏မျက်လုံးတို့ကို ရွှံ့နှင့်လိမ်းကျံပေးပြီးနောက် "သင်သွားလော့။ ရှိလောင်ရေကန်၌ မျက်စိကိုဆေးလော့ဟူ၍မိန့်တော်မူသည်နှင့် ထိုသူသည်သွား၍ဆေးပြီးမှ မျက်စိမြင်လျက်ပြန်လေ၏" (ယောဟန် ၉း၇)။ ကြီးမြတ်တော်မူသည့် ကုသပေးတော်မူသောသူ၏တန်ခိုးတော်အားဖြင့်သာ အနာသက်သာပျောက်ကင်းသွားသော်လည်း သခင်ခရစ်တော်အနေဖြင့် သဘာဝ၏ရိုးစင်းသည့်ကုထုံးအသုံးဝင်မှုကို အသုံးချတော်မူခဲ့ပါသည်။ ဆေးဝါးများတို့တိုက်ကျွေးရန် သူသဘောတူခွင့်ပြုချက်မပေးသောအချိန်တွင် ရိုးစင်းသည့်သဘာဝတရားဆိုင်ရာကုထုံးမျိုးတို့ကိုအသုံးပြုခြင်းဖြင့် ခွင့်ပြုပေးတော်မူခဲ့ပါသည်။

ကျွန်ုပ်တို့အနေဖြင့် နာမကျန်းဖြစ်သူအတွက် ဆုတောင်းပေးကြရာတွင် ရရှိလာသည့်အကျိုးရလဒ်သည် မည်သည့်အနေအထားမျိုးဖြင့်ပင်ထွက်ပေါ်လာပါစေ၊ ကျွန်ုပ်တို့သည် ဘုရားသခင်အပေါ်ထားရှိသောယုံကြည်ခြင်းကို လက်လွှတ်ခြင်းမပြုကြပါစို့။ ဆွေမျိုးရင်းချာ၊ အသိအကျွမ်းတို့၏အသုဘအခမ်းအနားသို့သွားရောက်ရန် ဖိတ်ကြားခြင်းခံရကြပါက အဖခမည်းတော်တစ်ဦးက ကျွန်ုပ်တို့၏နှုတ်ခမ်းဝသို့ ဆေးခါးခွက်ကိုတိုက်ပေးခြင်းအဖြစ်သတိရကာ၊ ထိုခါးသီးသောဆေးခါးခွက်ကိုလက်ခံကြပါစို့။ သို့သော်လည်း ကျန်းမာရေးအခြေအနေထူထူထောင်ထောင်ဖြစ်လာပါက ကုသပျောက်ကင်းမှုဆိုင်ရာ ကရုဏာတရားအပ်နှင်းခံရသူသည် ဖန်ဆင်းတော်မူသောအရှင်၏ပြောင်းလဲလာသည့် တာဝန်သိစိတ်တွင်သာရှိနေရပါမည်။ အနာကြီးရောဂါသည်ဆယ်ယောက်တို့သည် သူတို့ခံစားရသောရောဂါကင်းစင်သွားခဲ့ကြသည့်အခါ၊ တစ်ယောက်တည်းကသာ သခင်ယေရှုထံတော်သို့ပြန်လာပြီး ဂုဏ်ကျေးဇူးတော်ကိုချီးမွမ်းခဲ့ပါသည်။ ကျွန်ုပ်တို့အနေဖြင့် မည်သူကမျှ ထိုကျန်ရှိခဲ့သောဆင်ခြင်တုံတရားကင်းမဲ့လှသည့် အနာကြီးရောဂါသည်ကိုးယောက်တို့ကဲ့သို့ သူတို့၏နှလုံးသားတွင် ဘုရားသခင်၏ကရုဏာတော်၏တို့ထိခြင်းမခံရသည်အထိ ပြုမူခြင်းမရှိဘဲနေကြပါစို့။ ထိုအကြောင်းနှင့်နှီးနွှယ်သည့်ကျမ်းချက်ကို (ယာကုပ် ၁း၁၇) တွင်၊ "ကောင်းမြတ်စုံလင်သောဆုကျေးဇူးရှိသမျှတို့

သည် အလင်းတို့၏အဘထံတော်က သက်ရောက်သည်ဖြစ်၍၊ အထက်အရပ်မှလာကြ၏။ ထိုအဘသည် ရွေ့လျော့တိမ်းယိမ်းခြင်းမရှိ၊ ပြောင်းလဲခြင်းအရိပ်နှင့်ကင်းလွတ်တော်မူ၏" ဟူ၍ဖော်ပြထားပါသည်။ "Ministry of Healing," pp. 227-233.

## လူအများတို့အားသဘောထားကြီးကြစေရန်အတွက်သင်ကြားပို့ချပေးခြင်း

ဘုရားသခင်၏အမှုတော်ကို ကျားကန်ပေးသည့်လုပ်ငန်းတွင် အကူအညီပေးရာ၌ သူတို့၏လုပ်ဆောင်မှုများနှင့် သူတို့၏ကိုယ်ပိုင်နည်းလမ်းများတို့ဖြင့် နည်းစနစ်တကျဖြင့်သာလုပ်ဆောင်ကြရန်အတွက် ဘုရားသခင်က တောင်းခံတော်မူသည်ဟူ၍ ယုံကြည်သူများအဖြစ် အသစ်ဝင်ရောက်လာခါစလူတို့အား ထင်မြင်ယူဆကြစေရန် ဤမှထိုမှနေရာတို့တွင် သေးငယ်သောယုံကြည်သူအစုအဖွဲ့များတို့ကို ထူထောင်မြှင့်တင်ပေးကြသည့်လုပ်ဆောင်သူများက မည်သည့်အခါမျှမပြောကြားသင့်ပါ။ သမ္မာတရားတော်ကို ဤကမ္ဘာပေါ်ရှိဆင်းရဲသားများအတွင်း၌ပင်လျှင် မကြာခဏလက်ခံလာတတ်ကြပါသော်လည်း သူတို့လက်ခံရရှိထားကြသည့် အဖိုးထိုက်လှသောအလင်းတရားအဖြစ်ဖြင့် သူတို့ရှုမြင်ရကြမည့် သူတို့အပေါ်တင်ပေးထားသည့်တာဝန်များတို့အပေါ်၊ သူတို့အားခွင့်မလွှတ်နိုင်လောက်သည်အထိ ဥပေက္ခာမပြုသင့်ကြပါ။ သူတို့အနေဖြင့် ကောင်းကင်နိုင်ငံတော်တွင် ရတနာတစ်စုံတစ်ရာကိုသိုထားနိုင်ရေးအတွက် အတားအဆီးဖြစ်စေသည့် ဆင်းရဲမွဲတေခြင်းကိုခွင့်မပြုသင့်ပါ။ ကြွယ်ဝချမ်းသာသူများအလှမ်းမီနိုင်ကြသည့် ကောင်းချီးမင်္ဂလာမျိုးတို့ကို ထိုမရှိဆင်းရဲသားများတို့သည်လည်း အလှမ်းအကမ်းမီနေကြပါသည်။ သူတို့၌ရှိနေကြသည့် မဆိုစလောက်ပိုင်ဆိုင်မှုတို့ကိုသုံးစွဲကြရာ၌၊ အကယ်၍သာ သစ္စာရှိကြပါက ကောင်းကင်နိုင်ငံတော်ရှိသူတို့၏ရတနာသည် သူတို့၏တိကျမှန်ကန်သည့်သစ္စာရှိမှုအပေါ်မူတည်ပြီး တိုးပွားလာမည်ဖြစ်သည်။ သူတို့၏လှူဒါန်းဆက်ကပ်မှုတို့သည် သူတို့လုပ်ဆောင်ကြသည့်ပမာဏအပေါ်မူတည်ခြင်းမဟုတ်ဘဲ သူတို့လုပ်ဆောင်မှုတို့၏ရည်ရွယ်ရင်းအပေါ်တွင်အခြေခံပြီး၊ ကောင်းကင်နိုင်ငံတော်က တန်ဖိုးသတ်မှတ်ပေးပါသည်။

အားလုံးသောသူတို့အနေဖြင့် အရှင်သခင်ကြီးက သူတို့ကိုကြွယ်ဝစေသည့်အပေါ်မူတည်ပြီး သူတို့သည် မည်ကဲ့သို့ပြန်လည်ပေးဆပ်ရကြမည်ကို သင်ကြားရယူသင့်ကြပါသည်။ သူတို့၏ဝင်ငွေသည် များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ ထိုဝင်ငွေ



၏ဆယ်ပုံတစ်ပုံကိုသာ အရှင်သခင်ကြီးက တောင်းခံတော်မူသည့်အလျောက် ထိုကဲ့သို့ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ကြသောသူတို့သည် သူ့အပေါ်လုယက်မှုကျူးလွန်ရာရောက်ကြသည်အလျောက် သူ၏ကြွယ်ဝမှုကိုပေးကမ်းတော်မူသောလက်သည် သူတို့ထံသို့ကမ်းပေးတော်မူမည့်အရေးကို သူတို့မျှော်မှန်း၍မရနိုင်ပါ။ အသင်းတော်အတွင်း မရှိဆင်းရဲသားညီနောင်များ အများအပြားပါဝင်ကြသည့်တိုင် စနစ်တကျဖြစ်သည့်အလှူဒါနပြုမှုဆိုင်ရာရည်ရွယ်ရင်းကို စေ့စေ့စပ်စပ်ဖြင့်ရှင်းပြပေးခြင်းဖြင့် ထိုအစီအစဉ်ကို စိတ်ရောကိုယ်ပါဖြင့် လှိုက်လှဲစွာလက်ခံလာကြမည်ဖြစ်သည်။ သူ၏ကတိတော်တို့ကိုဖြည့်ဆည်းပေးရန် ဘုရားသခင်သည် တတ်နိုင်တော်မူပါသည်။ သူ၏ထံတော်တွင်ရှိသော အရင်းအမြစ်များတို့သည် အကန့်အသတ်မဲ့ဖြင့်ဖြစ်ပြီး၊ သူ၏အလိုတော်ကိုပြီးမြောက်စေတော်မူသောအမှုတော်တွင် ထိုအရင်းအမြစ်အားလုံးတို့ကို အသုံးချတော်မူပါသည်။ ဆယ်ဖို့တစ်ဖို့ကိုပြန်လည်ပေးဆပ်မှုဆိုင်ရာတာဝန်ကို သစ္စာရှိသည့်လုပ်ဆောင်မှုတစ်ရပ်ကို မြင်တွေ့တော်မူရသောအခါ၊ သူ၏လူသတ္တဝါတို့အတွက် အမြော်အမြင်ရှိလှသည့် ကြိုတင်စီစဉ်ထားမှုအားဖြင့် သူ၏အမှုတော်ပြီးမြောက်ရေး၊ လုပ်ငန်းတိုးတက်မှုရှိလာစေရေးအတွက် ဘုရားသခင်သည် လမ်းဖွင့်ပေးတော်မူပါသည်။ သူ့အပေါ်ချထားပေးသည့် သေးငယ်သောဘုရားသခင်၏အစီအမံတော်အတိုင်း လိုက်ပါဆောင်ရွက်သောသူသည် တစ်ပါးသူတို့အားစွန့်ကြဲပေးခဲ့သည့် အလျှံပယ်ပေးကမ်းမှုနှင့်အလားတူသည့်ပမာဏမျိုးဖြင့် ပြန်လည်ရရှိမည်ဖြစ်သည်။

ထိုနည်းအတိုင်းပင် ဘုရားသခင်၏အမှုရေးရာတော်တွင် သူတို့၏အရည်အချင်းအဖြစ်ရှိနေသည့် ပင်ကိုစွမ်းရည်တို့ကို ရွှင်ရွှင်လန်းလန်းဖြင့်အသုံးချကြသောသူတို့အနေဖြင့် အထက်ပါအတိုင်း အမှန်အကန်အကျိုးခံစားရကြမည့်အချိန်တွင် သူတို့အားပေးထားသောအရည်အချင်းတို့ကို တိုးတက်အောင်လုပ်ဆောင်ရန် ပျက်ကွက်ကြသောသူတို့မှာမူ အနည်းငယ်မျှသာပျက်ကွက်မှုရှိသည့်တိုင် ကြီးမားသည့်ဆုံးရှုံးမှုကို ခံစားရကြမည်ဖြစ်သည်။ ပင်ကိုစွမ်းရည်တစ်မျိုးတည်းသာရှိသောသူသည် သူ၏ထိုပင်ကိုစွမ်းရည်ကို မြေကြီးထဲတွင်ဖုံးအုပ်ကွယ်ဝှက်ထားပါက ထာဝရဘုရား၏တရားစီရင်ပြီး အပြစ်ပေးခြင်းကိုသာခံရမည်ဖြစ်သည်။

ဆယ်ဖို့တစ်ဖို့နည်းစနစ်တွင်ရှိနေသည့် ဘုရားသခင်၏အစီအမံတော်သည် အကြွင်းမဲ့ချစ်သောစိတ်နှင့် တန်းတူညီမျှမှုတို့ဖြင့် နှစ်သက်ဖွယ်ကောင်းလှပါသည်။ ထိုစနစ်၏မူလဇာစ်မြစ်အတွင်း ဘုန်းတော်ရှင်တည်နေတော်မူသည်အလျောက် အားလုံး

သောသူတို့သည် ၎င်းနည်းစနစ်ကိုယုံကြည်ခြင်းနှင့်သတ္တိတို့ဖြင့် ဖမ်းယူဆုပ်ကိုင်ရကြပါမည်။ ၎င်းနည်းစနစ်သည် အကြွင်းမဲ့ချစ်သောစိတ်နှင့် အသုံးဝင်မှုတို့ဖြင့်ပေါင်းစပ်ထားမှုကြောင့် ၎င်းကိုတတ်သိနားလည်ရန်နှင့် ဖြစ်မြောက်အောင်ဆောင်ရွက်နိုင်ရန်အတွက် လေးနက်သည့်သင်ကြားရယူမှုမျိုးမလိုအပ်ပါ။ ကယ်တင်ခြင်းဆိုင်ရာ အဖိုးထိုက်တန်လှသည့်အမှုတော်ကို ရှေ့သို့ဆက်လက်တိုးတက်ရေးလုပ်ဆောင်မှုလုပ်ငန်းတွင် အခန်းကဏ္ဍတစ်ခုခုတွင် ပါဝင်လုပ်ဆောင်နိုင်သည်ဆိုခြင်းကို အားလုံးသောသူတို့အနေဖြင့် နှလုံးသွင်းထားရကြပါမည်။ အားလုံးသောအမျိုးသား၊ အမျိုးသမီးနှင့်လူငယ်လူရွယ်တိုင်းတို့သည် ထာဝရဘုရားအတွက် ဘဏ္ဍာစိုးတစ်ယောက်အဖြစ်သို့ ရောက်ရှိလာရကြမည်ဖြစ်ပြီး၊ ဘဏ္ဍာတိုက်နှင့်ပတ်သက်သည့် လိုအပ်ချက်များတို့ကိုဖြည့်ဆည်းပေးသည့် ကိုယ်စားလှယ်တစ်ဦးအဖြစ်ဖြင့်ပါ ဖြစ်သင့်ပါသည်။

ဤနည်းစနစ်အားဖြင့်သာ ကြီးမားသည့်ရည်မှန်းချက်များ ပြီးမြောက်နိုင်ပါသည်။ အကယ်၍ တစ်စုံတစ်ယောက်အပြင်၊ အားလုံးတို့ကသာ ဤနည်းစနစ်ကို လက်ခံကြမည်ဆိုပါက တစ်ယောက်စီတိုင်းတို့အနေဖြင့် ဘုရားသခင်အတွက် သတိဝီရိယရှိပြီး သစ္စာရှိသည့်ဘဏ္ဍာစိုးတစ်ဦးအဖြစ်ဖြင့် မိမိကိုယ်ကိုဖော်ဆောင်ရကြမည့်အပြင်၊ ကမ္ဘာမြေကြီးကိုသတိပေးသည့် နောက်ဆုံးသောသတင်းစကားတော်ကိုကြေညာသည့် ကြီးမားသည့်အမှုတော်ကို ရှေ့သို့ဆက်လက်၍သယ်ဆောင်နိုင်ရန်အတွက် နည်းလမ်းမရှိသည့်အနေအထားမျိုးမရှိသင့်ပါ။ “Testimonies for the Church,” Vol. 3, pp. 388, 389.

## ဧဝံဂေလိသတင်းစကားအတွက်ပံ့ပိုးမှု

ထာဝရဘုရားသည် ဧဝံဂေလိသတင်းစကားကို ကြေညာတော်မူခြင်းကိုလုပ်ဆောင်သူများနှင့် သူ၏အားလုံးသောလူစုတော်တို့ကိုပေးထားတော်မူသော စေတနာ့ဝန်ထမ်းဆုကျေးဇူးတော်များတို့အားဖြင့် လုပ်ဆောင်တော်မူပါသည်။ ကျရှုံးနေကြသောသူတို့အား ကရုဏာတော်ဆိုင်ရာသတင်းစကားတော်ကို ကြေညာပေးသောသူသည် အခြားသောလုပ်ဆောင်စရာရှိသေးရာတွင် လူများတို့အား သူတို့၏နည်းလမ်းများတို့ဖြင့် ဘုရားသခင်၏အမှုတော်ကို ကျားကန်ပေးထားမည့်တာဝန်ကိုပါ ချပြပေးရမည်ဖြစ်သည်။ သူတို့အား သူတို့၏ဝင်ငွေများမှ တစ်စုံတစ်ရာသောအစုအဖို့သည် ဘုရားသခင်နှင့်သက်ဆိုင်ပြီး ၎င်းအစုအဖို့ကို သူ၏အမှုတော်သို့ လေးနက်စွာဖြင့်ဆက်ကပ်ရမည်



ဆိုသည့်အချက်ကိုလည်း သူတို့အားသင်ကြားပေးရပါမည်။ ဤသင်ခန်းစာကို သူ့အနေဖြင့် ကျင့်ဝတ်နှင့်ရော၊ ပုံသက်သေနမူနာတို့ဖြင့်ပါ ပြသပေးဝေရမည့်အပြင် သူ၏ကိုယ်ပိုင်ဆောင်ရွက်ပုံနည်းလမ်းကြောင့် သူ၏သင်ကြားပို့ချမှုစွမ်းပကားကို မယုတ်လျော့သွားစေရေးအတွက် သတိပြုသင့်ပါသည်။

ကျမ်းစာတော်မြတ်တွင်ဖော်ပြထားချက်အရ၊ ထာဝရဘုရားနှင့်သာသက်ဆိုင်သည့် သီးသန့်ဖယ်ထားသောငွေသည် ဧဝံဂေလိသတင်းစကား၏အခွန်ဘဏ္ဍာကဲ့သို့ အလားတူဖြစ်သည်အလျောက် ကျွန်ုပ်တို့၏ငွေအဖြစ် ကြာကြာထား၍မရပါ။ မိမိကိုယ်ပိုင်ကိစ္စအတွက်၊ သို့မဟုတ် အခြားသောသူတို့၏လောကီရေးဆိုင်ရာ လုပ်ငန်းကိုင်ငန်းအတွက် ဘုရားသခင်၏ဘဏ္ဍာတိုက်မှ ငွေကြေးယူထားသောသူတစ်ယောက်အတွက်မှာ ဘုရားသခင်အပေါ်စော်ကားမော်ကားလုပ်သောသူတစ်ယောက်အဖြစ်ထက်၊ သူ့အားပိုကောင်းသောသူတစ်ယောက်အဖြစ် သတ်မှတ်၍မရပေ။ အချို့သောသူတို့မှာမူ၊ ဘုရားသခင်ထံတော်တွင် အထူးပြုဆက်ကပ်အပ်နှံထားပြီးသားဖြစ်သော မီးရှို့ရာယဇ်ပလ္လင်တော်ထက်မှဘဏ္ဍာတော်ကို ပြန်လည်ယူငင်ခြင်းဖြင့် အပြစ်လုပ်မိလျက်သားဖြစ်နေကြပါသည်။ အားလုံးသောသူတို့အနေဖြင့် ဤကိစ္စနှင့်ပတ်သက်ပြီး မှန်ကန်သည့်အလင်းတော်တွင် သတိမူရပါမည်။ အခက်အခဲနှင့်ကြုံတွေ့နေရသည့် အနေအထားသို့ ကျရောက်ခဲ့ပါက ဘာသာရေးကိစ္စအတွက် ဆက်ကပ်လှူဒါန်းထားပြီးသောငွေကိုယူထားလိုက်ပြီး၊ သူ၏ကိုယ်ပိုင်အကျိုးအတွက်အသုံးပြုရာတွင် မကြာမီအတွင်းပြန်လည်ပေးဆပ်မည်ဟူသောစိတ်ထားဖြင့် မိမိလိပ်ပြာမသန့်မှုကို ဖြေသိမ့်သည့်လုပ်ရပ်မျိုးကို မည်သူမျှမလုပ်ဆောင်မိပါစေနှင့်။ ထာဝရဘုရား၏ငွေကို လောကီရေးဆိုင်ရာကိစ္စရပ်များအတွက် ယူငင်သုံးစွဲခြင်းထက် မိမိ၏ဝင်ငွေနှင့်ကိုက်ညီမည့်အသုံးစရိတ်ကိုလျှော့ချပြီး၊ လိုချင်စိတ်တို့ကိုထိန်းသိမ်းချုပ်တည်းလျက် ဥစ္စာဓနများနှင့်ရှင်သန်လိုစိတ်ကိုထိန်းသိမ်းခြင်းသည် အလွန်ကောင်းမြတ်လှပါသည်။

### ဆယ်ဖို့တစ်ဖို့ကိုအသုံးပြုရာတွင်

ဆယ်ဖို့တစ်ဖို့ကိုအသုံးပြုခြင်းနှင့်ပတ်သက်ပြီး ဘုရားသခင်သည် အထူးဦးတည်ချက်ကိုပေးထားတော်မူပါသည်။ ဥစ္စာဓနတို့ကိုလိုချင်တပ်မက်စိတ်ကြောင့် သူ၏အမှုတော်အကြီးအကျယ်ထိခိုက်မည့်အရေးကို သူ့အနေဖြင့်ပုံဖော်တော်မူခြင်းမရှိပါ။ ကျွန်ုပ်တို့၏တာဝန်ကို ချမှတ်ပေးတော်မူရာတွင် ဖြစ်ကတတ်ဆန်းနှင့် အမှားအယွင်းမရှိနိုင်

သည့်အလုပ်မျိုးအတွက် ပြတ်ပြတ်သားသားချမှတ်တော်မူခဲ့ပါသည်။ ဘုရားသခင်သည် သူ့အဖို့အတွက်လျာထားတော်မူသည့်အစုအဖို့ကို သူသတ်မှတ်ထားခဲ့တော်မူသည့်ရည်ရွယ်ရင်းမှသွေဖည်ပြီး ပြောင်းလဲသုံးစွဲခြင်းမပြုရပါ။ သူတို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်အတိုင်း သူတို့၏ဆယ်ဖို့တစ်ဖို့ကို စိတ်ကြိုက်ပြန်လည်ရယူသုံးစွဲနိုင်သည်ဆိုသည့်အတွေးမျိုးကို မည်သူကမျှမတွေးတောပါစေနှင့်။ သူတို့အတွက်အရေးပေါ်ကိစ္စရပ်တစ်ခုခုဖြစ်စေ၊ ထာဝရဘုရား၏အမှုတော်အတွက်သင့်လျော်သည်ဟု သူတို့ထင်မှတ်ထားသည့်အလုပ်တွင် ထိုဆယ်ဖို့တစ်ဖို့ကိုအသုံးမပြုရကြပါ။

အမှုတော်ဆောင်သည် လူများတို့အား ဆယ်ဖို့တစ်ဖို့ကိုမြင့်မြတ်သောငွေကြေးအနေဖြင့် သဘောထားကြရန် ကျင့်ဝတ်နှင့်ရေပုံသက်သေနမူနာနှင့်ပါ သင်ကြားပေးရပါမည်။ သူသည် အမှုတော်ဆောင်တစ်ဦးဖြစ်ခြင်းကြောင့် ထိုငွေကိုပြန်လည်ရယူပြီး သုံးစွဲနိုင်သည်ဆိုသည့်အတွေးမျိုးကို ကိုယ်တိုင်ဆုံးဖြတ်ပြီးမတွေးတောသင့်ပါ။ ဤငွေသည် သူ၏ငွေမဟုတ်ပါ။ သူ၏ရထိုက်သောအရာများဟု သူထင်မှတ်ထားသောအရာတို့ကို မိမိကိုယ်၌ထံတွင်ပြန်လည်ဆက်ကပ်ခြင်းကို သူ့အနေဖြင့်စိတ်ကြိုက်လုပ်ဆောင်ခွင့်မရှိပါ။ ဘုရားသခင်ထံတော်၌ ဆက်ကပ်ထားပြီးသောဆယ်ဖို့တစ်ဖို့များနှင့် အလှူငွေများတို့ကိုတရားဝင်သုံးစွဲနိုင်ခွင့်မှ သွေဖည်သွားမည့်အစီအစဉ်တစ်စုံတစ်ရာအတွက် သူ၏ဩဇာသက်ရောက်မှုကို အသုံးမပြုသင့်ပါ။ ထိုငွေများတို့ကို ဘုရားသခင်၏ဘဏ္ဍာတော်တိုက်ထဲတွင် ထည့်သွင်းထားရကြမည်ဖြစ်ပြီး၊ သူခန့်ထားတော်မူသော သူ၏အမှုတော်အတွက် အထွတ်အမြတ်ထားရပါမည်။

ဘုန်းတော်ရှင်၏စီမံမှုများတို့ကိုလိုက်လျှောက်မှုတွင် သူ၏ဘဏ္ဍာစိုးများတို့သည် တိကျမှုရှိကြရန် ဘုရားသခင်က လိုလားတော်မူပါသည်။ သနားကြင်နာခြင်းနှင့်ပတ်သက်သည့် အချို့သောလုပ်ဆောင်ချက်ကိုပြသခြင်းဖြင့် ထာဝရဘုရား၏အစီအစဉ်များတို့ကို ထေမိအောင်ခုနှိမ်ခြင်းမပြုရပါ။ သို့တည်းမဟုတ် လူသားကိုယ်စားလှယ်များဖြစ်ကြသည့်သူတို့အနေဖြင့် သတ်မှတ်ချက်နှင့်အံကိုက်ဖြစ်မည့်အချိန်နှင့်အနေအထားမျိုးတွင် အချို့သောလက်ဆောင်ပေးကမ်းခြင်းနှင့် အလှူငွေထည့်ဝင်ခြင်းတို့သည်လည်း ထာဝရဘုရား၏အစီအစဉ်များတို့ကို ထေမိအောင်ခုနှိမ်၍မရပါ။ ဘုရားသခင်၏အစီအစဉ်တော်တိုးတက်မှုရှိစေရန် ကြိုးပမ်းလုပ်ဆောင်ကြခြင်းသည် လူတို့၏ညံ့ဖျင်းသောမူဝါဒဖြစ်ပြီး၊ အဆုံးမရှိသောအကြောင်းအရာကို ဤအခါသမယတွင်တီထွင်ကာ သူတို့၏ကောင်းမွန်သောစိတ်ဆန္ဒ၏ပျမ်းမျှကြိတ်နှုန်းကို မြှင့်တင်ကြခြင်းဖြင့် ဘုရားသခင်လိုအပ်





တော်မူသည့်တောင်းဆိုချက်တို့ကို ခုနှိမ်ရာရောက်ပါသည်။ ဘုရားသခင်သည် သူ၏ကိုယ်တော်တိုင်အစီအမံတော်တွင် သူတို့၏ဩဇာသက်ရောက်မှုတို့ကိုပေးအပ်ကြရန်အတွက် အားလုံးသောသူတို့အား ခေါ်နေတော်မူပါသည်။ သူသည် သူ၏အစီအစဉ်တော်ကိုသိရှိကြရန် အသိပေးထားတော်မူပြီး၊ သူနှင့်အတူပူးပေါင်းဆောင်ရွက်ကြမည့်သူအားလုံးတို့အနေဖြင့် ထိုအစီအစဉ်တော်တိုးတက်မှုတစ်ခုအတွက် မိမိတို့ဘာသာစွန့်စားကြိုးပမ်းကြမည့်အစား ဤအစီအစဉ်တော်ကို သူနှင့်အတူဆက်လက်လုပ်ဆောင်သင့်ကြပါသည်။

ဣသရေလလူမျိုးတို့အတွက် မောရှေအားထာဝရဘုရားညွှန်ကြားတော်မူချက်ကို (ထွက်မြောက်ရာ ၂၇:၂၀) တွင်၊ "ပရိသတ်စည်းဝေးရာတဲတော်တွင် သက်သေခံချက်ထားရာအရပ်ကိုကာသောကန့်လန့်ကာပြင်မှာ မီးခုံ၌အစဉ်မပြတ်မီးထွန်းစရာဖို့၊ သံလွင်သီးကိုထောင်း၍ယူသော သံလွင်ဆီစစ်ကို ဣသရေလအမျိုးသားတို့သည် ဆောင်ခဲ့ရမည်အကြောင်းဆင့်ဆိုလော့" ဟူ၍ဖော်ပြထားပါသည်။ ဤအချက်သည် အစဉ်မပြတ်ပူဇော်ဆက်ကပ်မှုတစ်ခုဖြစ်ပြီး၊ ဘုရားသခင်၏အိမ်တော်၌ သူ၏အမှုတော်အတွက်လိုအပ်သည့် သင့်တင့်လျောက်ပတ်သည့် ထောက်ပံ့မှုပင်ဖြစ်ပါသည်။ ယနေ့သူ၏လူစုတော်တို့အနေဖြင့် ဝတ်ပြုကိုးကွယ်ရာအိမ်တော်သည် ထာဝရဘုရား၏အဆောက်အဦအိမ်တော်ဖြစ်တော်သည်အလျောက်၊ လုံးဝဥသုံထိန်းသိမ်းစောင့်ရှောက်ထားရပါမည်။ သို့သော်လည်း ထိုလုပ်ငန်းအတွက်ရန်ပုံငွေသည် ဆယ်ဖို့တစ်ဖို့ငွေကြေးမှမပေးဆပ်ရပါ။

ကျွန်ုပ် (မမဂိုက်) ထံသို့ ကျွန်ုပ်တို့၏လူများအတွက် အလွန်ရှင်းလင်းပြတ်သားပြီး တိကျသည့်သတင်းစကားရောက်ရှိလာခဲ့ပါသည်။ သူတို့သည် သူတို့အတွက်ကောင်းမွန်လှသည်ဖြစ်သော်လည်း ထာဝရဘုရားက ဆယ်ဖို့တစ်ဖို့ကိုသုံးစွဲသင့်သည့်အနေအထားမျိုးဖြင့် ကိုက်ညီမှုမရှိသည့်ရည်ရွယ်ချက်မျိုးဖြင့် အကြောင်းကိစ္စမျိုးစုံတို့အတွက်သုံးစွဲခြင်းသည် မှားယွင်းမှုတစ်ခုကို လုပ်ဆောင်နေခဲ့ကြကြောင်းကို ကျွန်ုပ်က ပြောပြပေးရန် မိန့်တော်မူခြင်းခံခဲ့ရပါသည်။ ဆယ်ဖို့တစ်ဖို့ကို ဤနည်းအားဖြင့်သုံးစွဲသောသူတို့သည် ထာဝရဘုရား၏အစီအမံမှလွဲချော်အောင် သွားနေကြခြင်းဖြစ်ပါသည်။ ဤအခြင်းအရာများတို့အတွက် ဘုရားသခင်က တရားစီရင်တော်မူလိမ့်မည်ဖြစ်သည်။

စာသင်ကျောင်းကိစ္စရပ်များတွင် ဆယ်ဖို့တစ်ဖို့ကိုသုံးစွဲရမည်ဆိုသည့်အကြောင်းခြင်းရာမျိုးလည်းရှိနေပါသည်။ ထို့ပြင် အခြားအကြောင်းခြင်းရာအဖြစ် တရားဒေသနာတော်ကို ရှင်းလင်းစွာဖြင့်တင်ပြပြောကြားပေးသူများနှင့် စာအုပ်ရောင်းချသောသူတို့အား

ဆယ်ဖို့တစ်ဖို့ငွေကြေးဖြင့် ပံ့ပိုးပေးရမည်ဆိုခြင်းပင်ဖြစ်ပါသည်။ ဤသို့အားဖြင့် အမှုတော်ဆောင်တို့အားထောက်ပံ့ရေးတွင် အသုံးပြုရန်ဖြစ်သည့်ဆယ်ဖို့တစ်ဖို့ကို ဆွဲထုတ်ယူသုံးခြင်းသည် ကြီးမားသောအမှားတစ်ခုကို လုပ်ဆောင်ပြီးသားဖြစ်ပါသည်။ ယနေ့ကာလတွင် လုပ်ငန်းခွင်အတွင်း၌ အရည်အချင်းပြည့်မီသည့်လုပ်ဆောင်သူအယောက်တစ်ရာရှိသင့်ပြီဖြစ်သော်လည်း၊ ယခုအခါတွင် တစ်ဦးတစ်ယောက်သာလျှင်ရှိနေပါသည်။

## လေးနက်ခန့်ညားသောတာဝန်သိစိတ်

ဘုရားသခင်က မိမိအတွက်သီးသန့်ထားရှိတော်မူသည့် ဆယ်ဖို့တစ်ဖို့သည် အထွတ်အမြတ်ဖြစ်ပါသည်။ ဤငွေသည် ဧဝံဂေလိတရားတော်ကိုထောက်မပေးသည့် လုပ်ဆောင်သူများအနေဖြင့် သူတို့၏လုပ်ငန်းတွင် သုံးစွဲနိုင်ကြရေးအတွက် ဘုရားသခင်၏ဘဏ္ဍာတော်တိုက်ထဲတွင် ထည့်ထားရပါမည်။ ဆယ်ဖို့တစ်ဖို့သည် ဘုရားသခင်အတွက် သီးသန့်ထားရှိထားသည့်အစုအဖို့ဖြစ်သည်ကို သတိမမူသောလူများရှိနေကြသည်အလျောက်၊ အချိန်ကြာမြင့်စွာကတည်းက ဘုရားသခင်သည် လုယက်ခံနေရပါသည်။ ဤအကြောင်းနှင့်ပတ်သက်ပြီး အချို့တို့ကမကျေမနပ်ဖြင့် "အမှုတော်လုပ်ငန်းထဲမှာ ဒီငွေတွေကိုသုံးစွဲခြင်းနဲ့ပတ်သက်ပြီးစီမံတဲ့ပုံစံကို ကျွန်တော်သဘောမတွေ့တဲ့အတွက် ကျွန်တော့်ဆယ်ဖို့တစ်ဖို့ကို ရှေ့ဆက်ကြာကြာမထည့်နိုင်တော့ဘူးဗျာ" ဟူ၍ ပြောဆိုလာခဲ့ကြပါသည်။ သင့်အနေဖြင့်ကော အမှုတော်လုပ်ငန်းနှင့်ပတ်သက်ပြီး စီမံခန့်ခွဲမှုမှားယွင်းသည်ဆိုသည့်ထင်မြင်မှုဖြင့် ဘုရားသခင်ကိုလုယက်ဦးမည်လား။ သင့်အနေဖြင့် သင့်လျော်သောသူတို့အား သင်၏မကျေနပ်မှုကို မှန်ကန်သောစိတ်ထားဖြင့် ပြတ်ပြတ်သားသားနှင့်ပွင့်ပွင့်လင်းလင်းအသိပေးထုတ်ဖော်ပြောပြပါ။ လုပ်ကိုင်ဆောင်ရွက်မှုများနှင့်ပတ်သက်ပြီး ညှိနှိုင်းပြင်ဆင်နိုင်သည့်အနေအထားသို့ရောက်ရှိရေးအတွက် သင်၏အသနားခံမှုကို ဘုရားသခင်အားဆက်သပြီးနောက် လုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်အောင် ပြန်လည်စတင်လုပ်ဆောင်ရမည်ဖြစ်သော်လည်း၊ ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်မှုတွင် ဆုတ်ယုတ်ခြင်းမရှိရန်နှင့်သစ္စာမရှိမှုကို မပြသမိရန်လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မှန်မှန်ကန်ကန်လုပ်ဆောင်သောသူဟူ၍ မည်သူမျှမရှိပါ။

မာလခိအနာဂတ္တိကျမ်းအခန်းကြီး (၃) ကို သေချာစွာဖတ်ရှုပြီး၊ ဆယ်ဖို့တစ်ဖို့နှင့်ပတ်သက်ပြီး ဘုရားသခင်က မည်ကဲ့သို့မိန့်တော်မူသည်ကိုသတိပြုပါ။ အကယ်၍သာ



ကျွန်ုပ်တို့၏အသင်းတော်များအနေဖြင့် ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ်တွင် ရပ်တည်နေကြသည့်အပြင် သူ၏ဘဏ္ဍာတိုက်အတွင်းသို့ သူတို့၏ဆယ်ဖို့တစ်ဖို့တို့ကိုပေးဆောင်ကြပါက အမှုတော်နှင့်ပတ်သက်သည့်အလုပ်ကို စတင်လုပ်ဆောင်စေရေးအတွက် အားတက်စေမည်ဖြစ်သည်။ ပိုမိုများပြားသောသူတို့သည် အမှုတော်တွင် မိမိတို့ကိုယ်ကိုပေးအပ်ခဲ့ကြမည်ဆိုပါက သူတို့သည် ဘဏ္ဍာတော်တိုက်ကိုဖြုန်းတီးကြသောသူများဟူ၍ ခေါ်ဆိုခြင်းမခံရကြပါ။ ထာဝရဘုရား၏ဘဏ္ဍာတော်တိုက်အတွင်းသို့ ပေါများကြွယ်ဝလှသည့် ထောက်ပံ့မှုမျိုးရှိရမည်ဖြစ်ပြီး၊ အကယ်၍သာ အတ္တစိတ်ထားနှင့်တွန့်တိုသည့်လက်မျိုးရှိကြသောသူတို့က ဆယ်ဖို့တစ်ဖို့များထည့်ဝင်ခြင်းကိုမပျက်ကွက်ကြဘဲ၊ သို့မဟုတ် ထိုဆယ်ဖို့တစ်ဖို့တို့ကို အမှုတော်ဆောင်ခြင်းဆိုင်ရာ အခြားကိစ္စရပ်များတို့တွင် ထောက်ပံ့ပေးခြင်းမပြုကြပါက ထိုဘဏ္ဍာတော်တိုက်ကြီးတွင် ပေါများကြွယ်ဝလှသည့်ဘဏ္ဍာတော်များရှိမည်ဖြစ်သည်။

ဘုရားသခင်၏သီးသန့်ထားရှိသောအရင်းအမြစ်များတို့ကို အထက်ပါနည်းများအတိုင်း ဖြစ်ကတတ်ဆန်းအသုံးမပြုရပါ။ ဆယ်ဖို့တစ်ဖို့သည် ထာဝရဘုရား၏အစုအဖို့သာဖြစ်ပြီး ထိုအစုအဖို့တော်ကို အခြားကိစ္စရပ်များတို့တွင် ရောထွေးသုံးစွဲကြသောသူတို့သည် သူတို့အနေဖြင့် နောင်တရခြင်းမရှိကြပါက ကောင်းကင်ဘုံဆိုင်ရာသူတို့၏ဘဏ္ဍာတို့ကိုဆုံးရှုံးခံရမည့် ဆုံးမတော်မူခြင်းကိုခံရကြမည်ဖြစ်သည်။ ဘုရားသခင်က ဆယ်ဖို့တစ်ဖို့ကို ရောက်ရှိသွားစေလိုသည့်နေရာသို့ရောက်ရှိမသွားဘဲ အခြားသောမျိုးစုံလှသည့်လမ်းကြောင်းများဆီသို့ လည်ထွက်သွားခြင်းအားဖြင့် အမှုတော်ကိုအချိန်ကြာမြင့်စွာကန့်သတ်ဟန့်တားခံရခြင်းမရှိပါစေနှင့်။ အခြားသောလုပ်ငန်းစဉ်များအတွက် အထောက်အပံ့ကို အခြားသောနည်းလမ်းများတို့ဖြင့်သာ လုပ်ဆောင်သင့်ပါသည်။ အမှုတော်နှင့်ပတ်သက်သည့် အခြားသောလုပ်ငန်းစဉ်များတို့ကိုလည်း ကျားကန်ထားရမည်ဖြစ်သော်လည်း ဆယ်ဖို့တစ်ဖို့မှရယူရန်မဟုတ်ပါ။ အမှုတော်ဆောင်ခြင်းအလုပ်ကို ဆယ်ဖို့တစ်ဖို့မှသာသုံးစွဲရန်အတွက် ဘုရားသခင်က ယခုထက်တိုင်ပြဋ္ဌာန်းထားတော်မူပြီး၊ ပြောင်းလဲတော်မူခြင်းမရှိပါ။ နယ်သစ်ပယ်သစ်တွင် အမှုတော်ကိုစတင်ဖွင့်လှစ်ရာတွင် ယခုလက်ရှိရရှိထားသောနယ်ပယ်အတွက်ထက် အမှုတော်ဆိုင်ရာစွမ်းဆောင်နိုင်မှုကို ပိုမိုလိုအပ်သည့်အပြင် ဘဏ္ဍာတော်တိုက်ထဲတွင် ငွေကြေးများရှိနေရပါမည်။

အမှုတော်ဆောင်သူများအဖြစ်ဖြင့် သွားလာလုပ်ဆောင်နေကြသောသူတို့အနေဖြင့် ထူးထူးခြားခြားလျစ်လျူရှုခံထားရသည့် တည်ကြည်လေးနက်လှသောတာဝန်ယူမှုတစ်ရပ်ကို လွှဲပြောင်းပေးအပ်ခံရကြပါသည်။ အချို့တို့သည် တရားဟောကြားခြင်းကို နှစ်သက်ကြသော်လည်း အသင်းတော်များအား တစ်ဦးတည်းဆိုင်ရာလုပ်ဆောင်ပေးမှုမရှိကြပါ။ တာဝန်ယူမှုများနှင့် ဘုရားသခင်အတွက်လုပ်ဆောင်ပေးရမည့်တာဝန်များနှင့်ပတ်သက်၍ အထူးသဖြင့်မှန်ကန်ဖြောင့်မတ်မှုရှိသည့် ဆယ်ဖို့တစ်ဖို့အလှူငွေကိုပေးအပ်ခြင်းနှင့်ပတ်သက်သည့်ညွှန်ကြားမှုမျိုး ကြီးကြီးမားမားလိုအပ်ပါသည်။ သူတို့၏အမှုတော်ဆောင်ရွက်မှုအတွက် ရရှိသင့်သည့်အဖိုးအခကို ချက်ချင်းမရရှိကြပါက ဝမ်းနည်းစွာဖြင့် စိတ်ထိခိုက်မှုကိုခံစားရမည်ဖြစ်သော်လည်း ဘုရားသခင်၏ရတနာအိမ်တော်အတွင်း စားစရာသားငါးအပါအဝင်၊ လုပ်ဆောင်သူတို့အား အထောက်အပံ့ပေးစရာများရှိနေရမည်ဆိုခြင်းကို သူတို့ထည့်သွင်းစဉ်းစားမိကြပါမည်လား။ ဘုရားသခင်၏ကိုယ်ပိုင်အစုအဖို့အတွက် သစ္စာရှိစွာဖြင့်ပေးအပ်ကြရန် လူများတို့အားပညာပေးရမည့်တာဝန်တစ်ရပ်လုံးကို လုပ်ဆောင်ရန်ပျက်ကွက်ကြပါက၊ ထာဝရဘုရား၏အမှုတော်ရှေ့သို့ဆက်လက်တိုးတက်ရေးလုပ်ဆောင်မှုအတွက် ငွေကြေးပြတ်လပ်မှုတစ်ရပ်ပေါ်ပေါက်လာမည်ဖြစ်သည်။

ဘုရားသခင်၏သိုးတော်စုတို့ကို ကြီးကြပ်ကွပ်ကဲရသောသူသည် သူ၏တာဝန်ကို သစ္စာရှိစွာဖြင့်ထမ်းဆောင်ရပါမည်။ အကယ်၍ဤအလုပ်သည် သူ့အတွက်နှစ်လိုဖွယ်မရှိခြင်းကြောင့် အခြားလူတစ်ယောက်အား ဆက်လက်လုပ်ဆောင်စေရန်လွှဲပြောင်းပေးလိုက်ပါက သူသည် သစ္စာရှိသောအမှုတော်ဆောင်တစ်ယောက်မဟုတ်ပါ။ လူတို့သည် ဆယ်ဖို့တစ်ဖို့ကိုထည့်ဝင်ကြရန် ပျက်ကွက်နေကြခြင်းဖြင့် ဘုရားသခင်အားလုယက်မှုအတွက် ထာဝရဘုရား၏စွဲချက်တင်တော်မူခြင်းဆိုင်ရာ နှုတ်ကပတ်တော်၌ဖော်ပြထားသည့် (မာလခိ ၃း၉) ကို သူ့အားဖတ်ရှုစေပါ။ ခွန်အားကြီးမားတော်မူသောဘုရားသခင်က၊ “သင်တို့သည် ကျိန်ခြင်းအမင်္ဂလာကိုခံရကြ၏ ” ဟူ၍မိန့်တော်မူထားသည်ကို သူတွေ့ရပါလိမ့်မည်။ နှုတ်ကပတ်တော်နှင့်တရားဒေသနာတော်အားဖြင့် အမှုတော်ဆောင်သောသူသည် သူတို့အပေါ်သို့ ဤကျိန်ခြင်းမျိုးကျရောက်စေမည့် လမ်းကြောင်းအတိုင်း လူတို့ကလိုက်ပါသွားကြသည်ကိုတွေ့ရှိရပါက သူတို့အား ညွှန်ကြားခြင်းနှင့်သတိပေးခြင်းဆိုင်ရာတာဝန်ကို မည်ကဲ့သို့လျစ်လျူရှုနိုင်မည်နည်း။ တင့်တယ်၊ မြင့်မြတ်လှသည့် ဆယ်ဖို့တစ်ဖို့ကိုပေးအပ်ကြခြင်းတွင် သစ္စာရှိကြရန်အတွက်



အသင်းသူအသင်းသားတိုင်းတို့ကို သင်ကြားပို့ချပေးသင့်ပါသည်။ “Testimonies for the Church,” Vol. 9, pp. 246-251.

## ကျန်းမာရေးအပေါ် ပုံမှန်စားနေကျအစားအစာ၏သြဇာသက်ရောက်မှု

အရေးကြီးလှသောတာဝန်ယူမှုများဖြင့် တာဝန်ချထားခြင်းခံရသည့် ဝိညာဉ်ရေးဆိုင်ရာအကျိုးတရားများတို့၏အုပ်ထိန်းသူများတို့သည် စိတ်အားထက်သန်မှုရှိသူများအပြင်၊ မြန်ဆန်သောထိုးထွင်းဉာဏ်ရှိသူများဖြစ်ရကြပါမည်။ စားသောက်မှုအပိုင်းတွင် အခြားသောသူတို့ထက် မျှတသင့်လျော်မှုရှိရန်လိုအပ်ကြပါသည်။ အီဆိမ့်ပြီး၊ ဇိမ်ခံစားရသော အဆင့်မြင့်အစားအစာတို့အတွက် သူတို့၏ထမင်းစားပွဲခုံပေါ်တွင် နေရာမရှိသင့်ပါ။

ယုံကြည်စိတ်ချရသည့်အနေအထားတွင် ရှိနေကြသည့်သူတို့အနေဖြင့် အလွန်အရေးပါလှသည့် စိတ်ချရသောရလဒ်များကို အတည်ပြုပေးရသည့် ဆုံးဖြတ်ချက်ချမှတ်ရမှုမျိုး နေ့စဉ်ရှိနေကြပါသည်။ မကြာခဏပင် သူတို့သည် မြန်ဆန်စွာဖြင့်သုံးသပ်ရပြီး၊ ထိုသို့သောသုံးသပ်မှုကို အောင်မြင်စွာဖြင့်လုပ်ဆောင်နိုင်သောသူမျိုးမှာ တင်းကျပ်သည့်ချုပ်တည်းမှုအမှုအကျင့်မျိုးကို ကျင့်ကြံကြသည့်သူများသာဖြစ်ပါသည်။ ကာယပိုင်းရော၊ စိတ်ပိုင်းဆိုင်ရာစွမ်းအားများတို့၏မှန်ကန်သောကုသမှုမျိုးဖြင့်သာ စိတ်နေသဘောထားသည် တည်ကြည်ခိုင်ခံ့မှုရှိမည်ဖြစ်သည်။ အကယ်၍ စိတ်ပင်ပန်းမှုသည် ကြီးကြီးမားမားအနေအထားတွင်မရှိပါက အားမာန်အသစ်သည် ခက်ခဲပင်ပန်းမှုတိုင်းကို ရင်ဆိုင်နိုင်မည်ဖြစ်သည်။ သို့သော်လည်း အရေးကြီးလှသည့်အစီအစဉ်များတို့ကို စဉ်းစားသုံးသပ်ပြီး အရေးတကြီးဆုံးဖြတ်ချက်များကိုချမှတ်ရသည့်သူတို့သည် မကြာခဏပင် မလျော်ကန်သောအစားအသောက်၏ရလဒ်များကြောင့် ဆိုးကျိုးကိုသာခံစားရကြပါသည်။ စည်းမဲ့ကမ်းမဲ့ဝမ်းဗိုက်မည်သည်မှာ ကစဉ့်ကလျားနှင့် မသေချာသောစိတ်ပိုင်းဆိုင်ရာအနေအထားမျိုးသာ ပေါ်ပေါက်လာစေပါသည်။ မကြာခဏပင်လျှင် စိတ်ဆိုးမာန်ဆိုး အပြုအမူနှင့်ခက်ထန်သောစိတ်ထား၊ သို့တည်းမဟုတ် တရားမျှတမှုမရှိသောအခြေအနေမျိုးကိုပါ ဖြစ်ပေါ်စေပါသည်။ ကမ္ဘာမြေကြီးပေါ်သို့ ကောင်းချီးမင်္ဂလာသက်ရောက်စေမည့် အစီအစဉ်တစ်စုံတစ်ရာပင်လျှင် အများအားဖြင့် ဘေးဖယ်ခံရပြီး၊ များစွာသော မတရားမှု၊ ဖိနှိပ်ချုပ်ချယ်မှုများသာမက ရက်စက်ကြမ်းကြုတ်သည့်လုပ်ရပ်များတို့သည်

များယွင်းသည့်စားသောက်မှုအကျင့်ဓလေ့များတို့နှင့် နှီးနွှယ်ပေါ်ပေါက်လာသည့် ရောဂါဖြစ်ပွားမှုဆိုးကျိုးတို့ကြောင့် ဆက်လက်ဖြစ်ပွားနေကြပါသည်။

ထိုင်၍လုပ်ရသောအလုပ်၊ သို့မဟုတ် အများအားဖြင့် စဉ်းစားတွေးတောလုပ်ဆောင်ရသောအလုပ်မျိုးကို လုပ်ကိုင်ကြသောသူအားလုံးတို့အတွက် တစ်ခုသောအကြံပေးချက်မှာ လုံလောက်သောကိုယ်ကျင့်သတ္တိနှင့် ကိုယ်ကိုကိုယ်ချုပ်တည်းနိုင်ကြရေးအတွက် ကြိုးစားလုပ်ဆောင်ကြရန်ဖြစ်ပါသည်။ ထမင်းစားသည့်တစ်ကြိမ်စီတိုင်းတို့၌ ရိုးရှင်းသည့်အစားအစာနှစ်မျိုး၊ သို့တည်းမဟုတ် သုံးမျိုးခန့်ကိုသာစားသုံးပြီး၊ စားသုံးရာတွင်လည်း ဆာလောင်မှုပြေပျောက်ရုံလောက်ထက် ပို၍မစားသင့်ကြပါ။ သွက်လက်ဖျတ်လတ်သောလေ့ကျင့်ခန်းကို နေ့စဉ်ပြုလုပ်ပြီး၊ ၎င်းလေ့ကျင့်ခန်းအတွက် အကျိုးသက်ရောက်မှုရှိမရှိကို သတိပြုပါ။ “Ministry of Healing,” pp. 309-310.

အချို့သောအမှုတော်ဆောင်များတို့သည် သူတို့၏အစားအသောက်ဆိုင်ရာအမူအကျင့်များနှင့်ပတ်သက်၍ လုံလောက်သည့်ဂရုပြုမှုမျိုးမရှိကြပါ။ သူတို့သည် ပမာဏအလွန်များလှသည့် အစားအစာကိုစားသုံးကြပြီး၊ ထမင်းဝိုင်းတစ်ကြိမ်တည်းတွင် မျိုးစုံလှသောအစားအစာတို့ကို စားသုံးကြပါသည်။ အချို့သောသူတို့သည် ပြောင်းလဲခြင်းသို့ရောက်ရှိလာကြသူများအဖြစ် အမည်ခံမျှသာရှိနေကြပါသည်။ သူတို့သည် သူတို့၏နေ့စဉ်စားသောက်မှုနှင့်ပတ်သက်ပြီး အစာကိုထိန်းညှိသည့်စည်းမျဉ်းစည်းကမ်းမရှိကြသော်လည်း သူတို့၏အဓိကစားသုံးမှုများကြားကာလတွင်သစ်သီးဝလံ၊ သို့မဟုတ် အခွံမာသီးများတို့ကို အရသာခံနေကြခြင်းကြောင့် ဤသို့အားဖြင့်သူတို့သည် အစာခြေအင်္ဂါစုတို့အပေါ် ကြီးလေးသည့်ဝန်ထုပ်ဖြစ်စေသည့်တာဝန်ကို ပေးအပ်ကြပါသည်။

စားသောက်မှုတွင် ဆင်ခြင်မှုမရှိကြခြင်းကြောင့် သူတို့၏ခံစားမှုအာရုံများတို့သည် အကြောသေသည့်ပုံစံမျိုးပေါက်ပြီး လေးကန်ဖင့်နွဲ့ကာ တက်ကြွမှုမရှိ၊ အိပ်ငိုက်သလိုရှိနေကြပါသည်။ အာသာဆန္ဒဆိုင်ရာ မိမိကိုယ်ကိုအလိုလိုက်မှု၏အကျိုးဆက်ကြောင့် ဝေဒနာခံစားနေရကြသည့် မျက်နှာဖြူဖပ်ဖြူရော်ဖြစ်နေကြသော အမှုတော်ဆောင်များတို့အနေဖြင့် ကျန်းမာခြင်းဆိုင်ရာ ပြောင်းလဲလာကြရန်အတွက် သူတို့အတွက်အကြံပေးစရာအချက်အလက်များမရှိနိုင်ပါ။

အလုပ်ပိသည့်ဒဏ်ကိုခံစားနေရကြသောအခါ ရံဖန်ရံခါဖြင့် ပုံမှန်စားနေကျထမင်းပွဲတစ်ပွဲကိုမစားတော့ခြင်းအားဖြင့် ပိုမိုကောင်းမွန်လှမည်ဖြစ်ပြီး၊ ဤသို့သောအားဖြင့် ထူထူထောင်ထောင်ဖြစ်လာမည့် အခွင့်အရေးတစ်ရပ်ကိုရရှိလာစေပါသည်။



ဟောပြောခြင်းထက် သူတို့၏ပြုမူနေထိုင်မှုဆိုင်ရာ နမူနာပြလုပ်ဆောင်ကြခြင်းအားဖြင့် ကျွန်ုပ်တို့၏လုပ်ဆောင်သူတို့သည် ကျန်းမာခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲလာစေခြင်းအလုပ်ကို ပိုမိုထိရောက်အောင် လုပ်ဆောင်နိုင်ကြပါသည်။ စေတနာထားကြသောမိတ်ဆွေများတို့အားဖြင့် သူတို့အတွက်အသေးစိတ်ပြင်ဆင်မှုများကိုလုပ်ဆောင်ကြသောအခါ၊ သူတို့အနေဖြင့် အခြေခံစည်းမျဉ်းကို ဥပေက္ခာပြုထားကြရန် ပြင်းပြင်းထန်ထန်သွေးဆောင်ခြင်းခံရကြသော်လည်း နုနုရွရွဖြင့်ခင်းကျင်းထားသောပန်းကန်များ၊ အထူးခံတွင်းတွေ့စေသောအစားအစာ၊ ကော်ဖီနှင့်လက်ဖက်ရည်တို့ကို ငြင်းပယ်ကြခြင်းအားဖြင့် သူတို့သည် မှန်ကန်စွာလက်တွေ့ကျကျဖြင့် ကျန်းမာရေးပြုပြင်ပြောင်းလဲကြသူများဖြစ်ကြောင်း မိမိတို့ကိုယ်ကိုသက်သေပြရကြပါမည်။

အာသာဆန္ဒကိုအရသာတွေ့ခြင်းသည် စိတ်ကိုအုံ့မှိုင်းစေပြီး ချုပ်ချယ်ကန့်သတ်ကာ၊ အသက်ဝိညာဉ်၏သန့်ရှင်းသည့်စိတ်ခံစားမှုများတို့ကို လျော့ပါးသွားစေပါသည်။ အချို့သောကျွန်ုပ်တို့၏အမှုတော်ဆောင်များတို့၏စိတ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာစွမ်းအားများတို့သည် မလျော်ကန်သောစားသုံးမှုနှင့် ကာယလေ့ကျင့်ခန်းကင်းမဲ့မှုတို့ကြောင့် ယုတ်လျော့ကျဆင်းလာပါသည်။ ကြီးမားသောပမာဏရှိသောအစားအစာကိုအငမ်းမရဖြစ်နေကြသောသူတို့သည် အာသာဆန္ဒကို အရသာခံစားကြရန်မသင့်ကြသည့်အပြင် မိမိတို့၏အတ္တစိတ်ကိုငြင်းပယ်နိုင်ကြရန်လေ့ကျင့်ကြပြီး၊ လှုပ်လှုပ်ရှားရှားဖြင့်ရှိနေကြသောကြွက်သားများနှင့် ဖိနှိပ်ချုပ်ချယ်၍မရနိုင်သောဦးနှောက်တို့နှင့်ပတ်သက်သည့်ကောင်းချီးမင်္ဂလာကို ပြန်လည်ရယူသင့်ကြပါသည်။ အစားကြူးခြင်းသည် ဝမ်းဗိုက်၏အလုပ်ကိုလုပ်ဆောင်ရန်အတွက် အခြားသောအင်္ဂါအစုအဖွဲ့မှနေပြီး စွမ်းအင်များတို့ကိုဦးလည်သွားစေခြင်းအားဖြင့် လူသားထုတစ်ရပ်လုံးကို အုံ့ဩတုန်လှုပ်သွားစေပါသည်။

## ကျန်းမာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုအတွက် အမှုတော်ဆောင်တို့ကသင်ကြားပို့ချပေးကြရန်

ကျန်းမာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့၏အမှုတော်ဆောင်များတို့သည် ထက်ထက်မြက်မြက်အနေအထားရှိလာရကြမည်ဖြစ်သည်။ သူတို့အနေဖြင့် ကာယပိုင်းဆိုင်ရာအသက်တာကိုထိန်းချုပ်ထားသည့် ပညတ်တရားတော်တို့ကို နားလည်သင့်ကြသည့်အပြင် စိတ်အတွေးနှင့်အသက်ဝိညာဉ်ပိုင်းဆိုင်ရာ ကျန်းမာ

ရေးအပေါ် သူတို့၏ဦးတည်ရာညွှန်းရပ်ကိုပါ နားလည်ရကြပါမည်။ ဘုရားသခင်က သူတို့အားပေးအပ်ထားတော်မူသည့် အံ့သြဖွယ်သောခန္ဓာကိုယ်၊ သို့မဟုတ် ၎င်းခန္ဓာကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်သင့်သည့်အကြောင်းအရာတို့ကို ထောင်ချီအရေအတွက်ရှိသောသူတို့သည် အနည်းအကျဉ်းဖြင့်သာသိရှိနေကြသည်အလျောက်၊ အရေးပါလှသောထိုအကြောင်းအရာတို့ကိုလေ့လာခြင်းဖြင့် အလွန်သေးငယ်လှသည့်အကျိုးရလဒ်မျိုးကိုသာရရှိကြမည်ဟု သုံးသပ်နေကြပါသည်။ ဤနေရာတွင် အမှုတော်ဆောင်များတို့အနေဖြင့် လုပ်ဆောင်စရာအလုပ်တစ်ခုရှိလာကြသည်။ ထိုကျန်းမာရေးအကြောင်းအရာနှင့်ပတ်သက်ပြီး မှန်ကန်သည့်အနေအထားတစ်ခုကို ရယူထားကြပါက၊ ထိုသို့အားဖြင့် များစွာသောအရာတို့ကိုရရှိခံစားရကြမည်ဖြစ်သည်။ သူတို့၏ကိုယ်ပိုင်အသက်တာများနှင့် အိမ်ထောင်မိသားစုများအတွင်း အသက်တာနှင့်သက်ဆိုင်သည့် ပညတ်တရားတော်တို့ကို နာခံလိုက်လျှောက်ရကြမည်ဖြစ်ပြီး၊ မှန်ကန်သည့်အခြေခံစည်းမျဉ်းများတို့ကို အလေ့အကျင့်လုပ်ဆောင်ပေးရမည့်အပြင် ကျန်းမာရေးနှင့်ညီညွတ်စွာရှင်သန်ရကြပါမည်။ ထို့နောက်တွင် သူတို့သည် ထိုကျန်းမာရေးနှင့်ပတ်သက်သည့်အကြောင်းအရာတို့ကို မှန်မှန်ကန်ကန်ဖြင့်ပြောဆိုနိုင်စွမ်းရှိရကြမည့်အပြင်၊ ပြုပြင်ပြောင်းလဲခြင်းနှင့်သက်ဆိုင်သည့်အလုပ်မျိုးတွင် လူအများတို့အား မြင့်မားသည်ထက်မြင့်မားမှုရှိလာကြစေရန် ဦးဆောင်ပေးနိုင်ရကြမည်ဖြစ်သည်။ မိမိတို့ကိုယ်၌က အလင်းတော်အတွင်းနေထိုင်ပေးကြပြီး ဤကဲ့သို့သောကျန်းမာရေးနှင့်ပတ်သက်သည့်သက်သေခံမှုကို လိုအပ်နေကြသောသူတို့အား ကြီးမားသောတန်ဖိုးရှိလှသည့်သတင်းစကားတော်တစ်ခုကို သယ်ပိုးပို့ဆောင်ပေးနိုင်ကြမည်ဖြစ်သည်။

အမှုတော်ဆောင်တို့အနေဖြင့် ကျန်းမာရေးနှင့်ပတ်သက်သည့် မေးခွန်းထုတ်စရာတို့ကို ရှင်းလင်းတင်ပြပေးမှုကို အသင်းတော်များအတွင်းတွင်ရှိနေကြသည့် သူတို့၏လုပ်ဆောင်သူများတို့နှင့် ပေါင်းစပ်ပေးလိုက်ကြပါက သူတို့သည် အဖိုးထိုက်လှသည့်ကောင်းချီးမင်္ဂလာများနှင့် ကြွယ်ဝလှသည့်အတွေ့အကြုံတို့ကို ရရှိလာကြမည်ဖြစ်သည်။ လူတို့သည်လည်း ကျန်းမာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုအလင်းတရားမျိုးရှိရကြမည်ဖြစ်သည်။ ဤကဲ့သို့သောအလုပ်မျိုးသည် လျစ်လျူရှုခြင်းခံထားနေရသည်အလျောက်များစွာသောလူတို့သည် ကိုယ်ကျိုးအတွက်ဆိုင်ရာ စိတ်အလိုလိုက်မှုများတို့ကို စွန့်လွှတ်ပစ်ပယ်ခြင်းမပြုကြမီ သူတို့တွင်ရှိသင့်ရှိထိုက်သည့်အလင်းတရားကို လိုအပ်နေကြသည့်အလျောက် သေလုမတတ်ဖြစ်နေကြပါသည်။





ဤကျန်းမာရေးနှင့်ပတ်သက်သည့် မေးခွန်းထုတ်စရာများဆိုင်ရာ မှန်ကန်သည့်ဘက်ခြမ်းတွင် ကျွန်ုပ်တို့အသင်းတော်၌ခေါင်းဆောင်အကြီးအကဲများတို့အနေဖြင့် မိမိတို့ကိုယ်ကိုထားရှိရပ်တည်ကြရန် အချိန်တန်နေပြီဖြစ်ကြောင်းကို နားလည်သဘောပေါက်ရန်လိုအပ်နေကြပြီဖြစ်သည်။ အမှုတော်ဆောင်များနှင့် ဆရာ/ဆရာမများတို့အနေဖြင့် မိမိတို့ရရှိထားကြသည့်အလင်းတရားကို အခြားသောသူတို့အားပေးအပ်ရကြပါမည်။ နယ်ပယ်တိုင်းတို့တွင် သူတို့၏လုပ်ဆောင်မှုများလိုအပ်နေပါသည်။ သူတို့အားဘုရားသခင်က ကူညီတော်မူမည်ဖြစ်ပြီး သူ့ဘက်တွင်အခိုင်အမာရပ်တည်ပေးကြသည့် သူ၏အစေခံကျွန်တို့ကို ခိုင်ခံ့စေတော်မူသည့်အပြင်၊ သူတို့၏စိတ်အလိုလိုက်လွန်းမှုတို့ကို ဖြေလျှော့သွားစေရေးအတွက် ဆောင်ရွက်တော်မူရာတွင်လည်း သမ္မာတရားတော်နှင့် ဖြောင့်မတ်ခြင်းတရားတော်များတို့မှ သွေဖည်တိမ်းယိမ်းသွားခြင်းရှိတော်မမူပါ။

ဤကျန်းမာခြင်းအကြောင်းနှင့်ပတ်သက်သည့် သူ၏နှုတ်ကပတ်တော်တွင်ပေးထားသည့်အလင်းတရားတော်သည် ရှင်းလင်းပြတ်သားလှပြီး၊ လူတို့အနေဖြင့် ဤကျန်းမာခြင်းအကြောင်းနှင့်ပတ်သက်ပြီး အရေးထားမည်၊ မထားမည်ဆိုခြင်းကိုသိရှိရန်အတွက် များစွာသောနည်းလမ်းများတို့ဖြင့် အစမ်းသပ်ခံ၊ အစစ်ဆေးခံရကြမည်ဖြစ်သည်။ အသင်းတော်တိုင်း၊ မိသားစုတိုင်းတို့အနေဖြင့် ခရစ်ယာန်တို့၏ရှောင်ကြဉ်ချုပ်တည်းခြင်းနှင့်ပတ်သက်သည့်အကြောင်းအရာများအတွက် ညွှန်ကြားပြသပေးခံရမှုမျိုးလိုအပ်ကြပါသည်။ ကျန်းမာရေးကိုထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် အားလုံးသောသူတို့သည် မည်ကဲ့သို့စားရ၊ သောက်ရကြမည်ကို သိသင့်သိထိုက်ကြပါသည်။ ဤကမ္ဘာမြေကြီး၏သမိုင်းဖြစ်စဉ်များ၏အဆုံးသတ်ချိန်အတွင်း၌ ကျွန်ုပ်တို့ရောက်ရှိနေကြသည်အလျောက်၊ ဥပုသ်နေ့ကိုစောင့်ထိန်းနေကြသော အလွှာပေါင်းစုံ၊ လူတန်းစားပေါင်းစုံတို့နှင့် သဟဇာတဖြစ်မည့်အပြုအမူမျိုးကို ပြသရကြမည်ဖြစ်သည်။ ဤကျန်းမာခြင်းနှင့်ပတ်သက်သည့် မေးခွန်းထုတ်စရာနှင့်ပတ်သက်ပြီး လူအများတို့အားညွှန်ကြားပေးနေရသော၊ ကြီးမားသည့်အမှုတော်လုပ်ငန်းနှင့် ကင်းကင်းရှိနေကြသောသူတို့သည် မဟာသမားတော်ကြီးက ဦးဆောင်တော်မူသည့်လမ်းစဉ်အတိုင်း၊ လိုက်လျှောက်ခြင်းမရှိကြပါ။

ဧဝံဂေလိသတင်းစကားနှင့် ဆေးဘက်ဆိုင်ရာသာသနာပြုလုပ်ငန်းစဉ်တို့သည် အတူတကွရှေ့သို့တက်လှမ်းရကြပါမည်။ ဧဝံဂေလိသတင်းစကားသည် စစ်မှန်သည့်

ကျန်းမာခြင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအခြေခံစည်းမျဉ်းများတို့နှင့် ဆက်နွယ်ပတ်သက်မှုရှိရပါမည်။ ခရစ်ယာန်ဘာသာရေးကို လက်တွေ့ကျသည့်အသက်တာအတွင်း၌ထားရှိရပါမည်။ အလွန်စိတ်အားထက်သန်မှုနှင့်စေ့စပ်သေချာမှုတို့ဖြင့် စာရိတ္တပြုပြင်ရေးလုပ်ငန်းကို လုပ်ဆောင်ရပါမည်။ စစ်မှန်သည့်သမ္မာကျမ်းစာတော်ဆိုင်ရာဘာသာတရားကိုးကွယ်ယုံကြည်မှုသည် ကျရှုံးနေသောလူသားတို့အတွက် ယိုကျစီးဆင်းလာသည့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ဖြစ်ပါသည်။ ဘုရားသခင်၏လူစုတော်တို့သည် ပြင်းပြထက်သန်ခက်ထန်သော ဤခေတ်ကာလကြီးတွင် သူတို့၏အခန်းကဏ္ဍကို မှန်ကန်စွာလုပ်ဆောင်ပြုမူလိုကြသည့် သမ္မာတရားတော်ကိုကြိုးပမ်းရှာဖွေနေကြသော သူတို့၏စိတ်နှလုံးများအတွင်း စွဲမှတ်ထင်ရစ်စေရန်အတွက် ရိုးစင်းလွယ်ကူသောနယ်ပယ်များတွင် ရှေ့ဆက်တက်လှမ်းရကြမည်ဖြစ်သည်။ လူတို့၏ရှေ့မှောက်တွင် ကျွန်ုပ်တို့သည် ကျန်းမာရေးပြောင်းလဲခြင်းဆိုင်ရာ အခြေခံစည်းမျဉ်းများတို့ကိုပြသဝေမျှပေးကြပြီး၊ ဤအခြေခံစည်းမျဉ်းများတို့၏မရှိမဖြစ်လိုအပ်မှုတို့ကို သိရှိကြရန်အတွက်၊ ထို့အပြင် အမျိုးသားများနှင့်အမျိုးသမီးများတို့အား ဦးဆောင်ပေးရေးနှင့်လေ့ကျင့်ပေးရေးတို့အတွက် ကျွန်ုပ်တို့၏စွမ်းအင်များအားလုံးတို့ဖြင့် လုပ်ဆောင်ကြရပါမည်။

"Testimonies for the Church," Vol. 6, pp. 376-379.

## ကျန်းမာရေးဆိုင်ရာပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်သော အခြေခံစည်းမျဉ်းတို့ကိုမည်ကဲ့သို့တင်ပြပေးမည်နည်း

ကျွန်ုပ်တို့၏အမှုတော်ဆောင်များ၊ ဆရာဝန်များနှင့်အသင်းသူအသင်းသားများတို့အား ကျွန်ုပ်တို့၏ယုံကြည်ခြင်းအကြောင်းနှင့်ပတ်သက်ပြီး မသိနားမလည်ကြသေးသည့်လူတို့ကို ပုံမှန်စားသောက်သည့်အစားအစာကို ချက်ချင်းအပြောင်းအလဲလုပ်စေခြင်းဖြင့် အချိန်မတန်သေးသည့်စမ်းသပ်မှုမျိုးလုပ်ဆောင်ကြရန် တိုက်တွန်းခြင်းမပြုကြရန်အတွက် ထာဝရဘုရားက အလိုရှိတော်မူပါသည်။ ကျန်းမာခြင်းပြုပြင်ပြောင်းလဲရေးဆိုင်ရာ အခြေခံစည်းမျဉ်းများကိုစံထားရမည်ဖြစ်ပြီး၊ နှလုံးသားအတွင်း ရိုးသားဖြောင့်မတ်ခြင်းရှိရေးအတွက် ထာဝရဘုရားကိုဦးဆောင်တော်မူပါစေ။ ဤသို့အားဖြင့် သူတို့ကြားသိရကြသည်နှင့်အညီ ယုံကြည်မှုရှိကြမည်ဖြစ်သည်။ ထို့ထက်မက၊ ထာဝရဘုရားကသူ၏စေတမန်တော်တို့အား ထိုသူတို့ကို ကျန်းမာခြင်းနှင့်ပြည့်ဝသည့် နေထိုင်မှုဆိုင်ရာ



နှစ်သက်ဖွယ်ကောင်းသောသမ္မာတရားတော်ကို ပေးကမ်းကြရာတွင် စိတ်ပိုင်းဆိုင်ရာအကျိုးယုတ်သွားစေမည့်နည်းလမ်းမျိုးဖြင့် လုပ်ဆောင်ခြင်းမပြုကြရန် အလိုရှိတော်မူပါသည်။ မသိနားမလည်မှု၏မည်းမှောင်နေသည့်လမ်းသွယ်များတွင် လျှောက်လှမ်းနေကြသည့်ခြေထောက်များရှေ့တွင် ထိမိ၍လဲစရာများတို့ကို မည်သူကမျှချမထားကြပါစေနှင့်။ ကောင်းမြတ်သောအရာမျိုးဖြင့် ချီးမွမ်းခြင်းပြုကြသည့်တိုင် လာရောက်နားထောင်သူတို့အား မောင်းထုတ်သကဲ့သို့မဖြစ်စေရေးအတွက် စိတ်အားထက်သန်လွန်းမှုကိုမပြသပါက ပိုကောင်းမည်ဖြစ်ပါသည်။ ရှောင်ကြဉ်ချုပ်တည်းခြင်းဆိုင်ရာ အခြေခံစည်းမျဉ်းများတို့ကိုပေးကမ်းရာတွင် သူတို့၏ဆွဲဆောင်မှုအရှိဆုံးသောပုံစံမျိုးဖြင့် ပေးရကြပါမည်။

ကျွန်ုပ်တို့သည် မိမိကိုယ်ကိုယုံကြည်မှုလွန်ကဲလွန်းသည့်အနေအထားမျိုးဖြင့် မလုပ်ဆောင်ရပါ။ အသင်းတော်များကို ဖော်ထုတ်ထူထောင်ရန်အတွက် နယ်သစ်ပယ်သစ်တွင် ဝင်ရောက်သွားကြသောလုပ်ဆောင်သူများတို့သည် ပုံမှန်အစားအသောက်နှင့်ပတ်သက်သည့် မေးခွန်းထုတ်စရာအကြောင်းတို့ကို အရေးပါအောင်ကြိုးပမ်းဆောင်ရွက်ခြင်းမျိုးဖြင့် အခက်အခဲများတို့ကိုမဖန်တီးပါနှင့်။ အခြားသောသူတို့၏သွားရာလမ်းပေါ်တွင် ခလုတ်တံသင်းများတို့ကိုပစ်ထားရာရောက်သည့် တိကျသေချာသည့် စည်းခြား၊ ခွဲခြားသတ်မှတ်မှုမျိုးမလုပ်ဆောင်မိကြရန် သတိထားသင့်ကြပါသည်။ လူတို့ကိုမမောင်းထုတ်ဘဲ သူတို့ကိုဦးဆောင်ပေးပါ။

သမ္မာတရားတော်အတွက် လုပ်ကိုင်ဆောင်ရွက်ကြသည့်နေရာတိုင်းတို့တွင် အာဟာရပြည့်ဝသည့်အစားအစာများတို့ကို ပြင်ဆင်ခြင်းနှင့်ပတ်သက်သည့် ညွှန်ကြားချက်မျိုးကိုပေးရကြပါမည်။ သူတို့နေထိုင်ကြသည့်တိုင်းပြည်၏ဒေသအပိုင်းတို့တွင် ထွက်ရှိသည့်ထုတ်ကုန်များတို့အပေါ် အကျိုးရှိရှိနှင့်အမြော်အမြင်ရှိစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သို့မဟုတ် အခက်အခဲမရှိ ရရှိအသုံးချနိုင်ကြရေးအတွက် ကျွမ်းကျင်မှုရှိသောဆရာ၊ ဆရာမများတို့အားဖြင့် နေရာတိုင်းတွင်ရှိနေကြသောလူတို့အနေဖြင့် သင်ကြားပို့ချမှုကိုခံယူသင့်ကြပါသည်။ ဤကဲ့သို့သောနည်းအားဖြင့် မရှိဆင်းရဲသားများသာမက၊ ပိုမိုကောင်းမွန်သည့်အခြေအနေမျိုးဖြင့် နေထိုင်စားသောက်နိုင်ကြသောသူတို့ကပါ၊ ကျန်းမာရေးနှင့်ညီညွတ်စွာနေထိုင်တတ်ရေးအတွက် သင်ကြားရယူနိုင်ကြမည်ဖြစ်သည်။

## အမှုတော်ဆောင်နှင့်မဖြစ်မနေလုပ်ဆောင်ရသောလက်ခွဲအလုပ်

ဘုရားသခင်၏အမှုတော်ဆိုင်ရာ သင့်လျော်သောထောက်ပံ့မှုနှင့်ပတ်သက်သည့် ကျမ်းစာတော်မြတ်တွင်ပါရှိသော ရှင်းလင်းပြတ်သားလှသည့် သင်ကြားပေးချက်ကို ပြောင်းလဲခြင်းသို့ရောက်ရှိလာကြသည့် သူ၏လူတို့အား ဂရုတစိုက်ချပြခဲ့ရာတွင်၊ ထို့ပြင် ဧဝံဂေလိတရားတော်၏အမှုတော်ဆောင်တစ်ဦးအဖြစ်ဖြင့် မိမိကိုယ်တိုင်အတွက် ထုတ်ဖော်ပြောပြခဲ့ရာ၌ (၁ကော ၉း၆) တွင်ဖော်ပြထားသည့် "အလုပ်မလုပ်ဘဲနေရသောအခွင့်မရှိဟုဆိုရသလော" ဆိုသည့်စကားအတိုင်း လောကနှင့်ဆိုင်သောအလုပ်ခန့်အပ်ခံရသူသည် မိမိဘဝရပ်တည်ရေးအတွက် အဖိုးအခကိုရရှိသင့်ကြောင်း မေးခွန်းထုတ်ပြီးပြောပြသည့်တိုင် မိမိကိုယ်တိုင်ကမူ၊ ကြီးမားစွာအချက်အချာကျလှသည့် လူမှုအသိုက်အဝန်းအတွင်း သူ၏အမှုတော်ဆောင်စဉ်ကာလတွင် အကြိမ်ပေါင်းများစွာဖြင့် မိမိကုန်ကျစရိတ်အတွက် မိမိ၏လက်မှုပညာဖြင့် ကိုယ်တိုင်လုပ်ဆောင်ခဲ့ပါသည်။

နှုတ်ကပတ်တော်ကိုလိုက်လံဟောပြောရင်း ရှင်ပေါလုသည် မိမိဘာသာမိမိရပ်တည်နိုင်သောအလုပ်ကို သူကိုယ်တိုင်လုပ်ဆောင်သည့်နေရာသည် သက်သာလောနိတ်မြို့တွင် ပထမဦးဆုံးဖြစ်သည်ကို ကျွန်ုပ်တို့ဖတ်ရှုကြရပါသည်။ ထိုမြို့ရှိယုံကြည်သူတို့၏အသင်းတော်သို့ စာရေးသားပေးပို့ခဲ့ရာတွင် ". . . ခရစ်တော်၏တမန်တော်ဖြစ်၍ လေးသောဝန်ကိုတင်ပိုင်သော်လည်း" ဟူ၍၊ (၁သက် ၂း၆) တွင်ဖော်ပြထားပြီး ဆက်လက်၍၊ "ညီအစ်ကိုတို့၊ ငါတို့သည် ပင်ပန်းစွာလုပ်ဆောင်၍ ကြိုးစားအားထုတ်ကြောင်းကို သင်တို့မှတ်မိကြ၏။ သင်တို့တွင် တစ်ယောက်ကိုမျှမနှောင့်ယှက်ခြင်းငှာ ငါတို့သည် နေ့ညဉ့်လုပ်ဆောင်လျက်၊ ဘုရားသခင်၏ဧဝံဂေလိတရားကို သင်တို့အား ဟောပြောကြ၏" ဟူ၍ (၁သက် ၂း၉) တွင်ဖော်ပြထားပါသေးသည်။ ထို့အပြင်၊ သူတို့ထံသို့ပေးပို့သည့် ဒုတိယသြဝါဒစာကို (၂သက် ၃း၈၊၉) တွင်၊ "အဘယ်သူ၏အစာကိုမျှ အလိုအလျောက်မစား၊ သင်တို့တွင် တစ်ယောက်ကိုမျှမနှောင့်ယှက်ခြင်းငှာ၊ ပင်ပန်းစွာကြိုးစားအားထုတ်၍ နေ့ညဉ့်မပြတ်လုပ်ဆောင်ကြ၏။ ထိုသို့ပြုသော်လည်း၊ မခံမယူပိုင်သောကြောင့်ပြုသည်မဟုတ်။ သင်တို့လိုက်စရာဖို့ ပုံသက်သေဖြစ်စေခြင်းငှာ ပြုကြ၏" ဟူ၍ ဆက်လက်သြဝါဒပေးခဲ့ပြန်ပါသည်။



ကောရိန်သုမြို့သို့ပထမအကြိမ်သွားရောက်ခဲ့စဉ်က သူစိမ်းတစ်ရံဆံတို့အပေါ် သံသယစိတ်ထားမျိုးရှိနေကြသည့် လူတို့အလယ်တွင်ရောက်ရှိနေကြောင်းကို ရှင်ပေါလု ခံစားခဲ့ရပါသည်။ ပင်လယ်ကမ်းခြေတွင်ရှိနေကြသည့် ဂရိ (ဟေလသ) လူမျိုးတို့သည် ထက်မြက်သည့်ကုန်သည်များဖြစ်ကြပါသည်။ ကြာမြင့်စွာကတည်းကပင် သူတို့သည် မိမိတို့ကိုယ်ကို အညာအတာကင်းမဲ့စွာဖြင့် လုပ်ငန်းကိုကျင့်သုံးလုပ်ကိုင်သည့်သူများအဖြစ် လေ့ကျင့်ထားကြခြင်းဖြင့် ဘုရားတရားကြည်ညိုသူများအဖြစ်သို့ရောက်ရှိကြကာ တရားမျှတမှုရှိသည်ဖြစ်စေ၊ ဆိုးညစ်သောနည်းဖြင့်ဖြစ်စေ ငွေကြေးကိုရအောင်လုပ်ဆောင်ခြင်းသည် ချီးကျူးထိုက်သည့်လုပ်ရပ်ဖြစ်သည်ဟူ၍ ယုံကြည်မှုရှိခဲ့ကြပါသည်။ သူတို့၏ထူးခြားသည့်သွင်ပြင်သဘောထားတို့နှင့် ရှင်ပေါလုသည် အကျွမ်းတဝင်ရှိခဲ့ပြီဖြစ်သည်အလျောက် သူ၏ဧဝံဂေလိတရားတော်ကိုဟောပြောခြင်းသည် သူ့ကိုယ်ကိုကြွယ်ဝချမ်းသာလာစေရေးအတွက်သာဖြစ်သည်ဆိုသည့်အပြောမျိုးကို သူတို့ပြောဆိုနိုင်မည့်အခြေအနေမျိုးကို လုံးဝအခွင့်မပေးခဲ့ပါ။ သူသည် ကောရိန်သုမြို့ရှိ သူ၏ဟောပြောမှုကိုနာကြားသူတို့ထံမှ အထောက်အပံ့ကိုမှန်မှန်ကန်ကန်ဖြင့် တောင်းခံရယူနိုင်သော်လည်း၊ သူ၏အသုံးဝင်မှုရှိပြီး အောင်မြင်မှုရှိသည့်အမှုတော်ဆောင်တစ်ဦး၏အနေအထားနှင့် ဧဝံဂေလိတရားတော်ကို ဟောပြောခွင့်ရယူနိုင်ရေးအတွက် ထိုသူတို့၏မတရားသောမဟုတ်မမှန်သံသယစိတ်အားဖြင့် အနာတရအဖြစ်မခံနိုင်သောသဘောမျိုးဖြင့် ထိုအထောက်အပံ့ကိုတောင်းခံနိုင်သည့်အခွင့်အရေးကို စွန့်လွှတ်လိုက်ခြင်းဖြစ်ပါသည်။ သူ၏သတင်းစကား၏အင်အားဆုံးရှုံးမှုမရှိစေရေးအတွက် မှားယွင်းစွာတင်ပြစေသည့်အနေအထားအားလုံးတို့ကို ဖယ်ရှားပစ်ရန်ကြိုးပမ်းရမည်ဖြစ်ကြောင်းကို သူသိရှိခဲ့ပါသည်။

ကောရိန်သုမြို့သို့ရောက်ရှိပြီး မကြာမြင့်မီတွင်ပင် ရှင်ပေါလုသည် (တမန်တော် ၁၈း၂–၃) တွင်ဖော်ပြထားသည့်၊ "ပုန္တုပြည်သား အာကုလအမည်ရှိသောယုဒလူတစ်ယောက်သည် ဣတလိပြည်မှလာ၍ မိမိမယားပြစ်ကိလနှင့်တကွ မကြာမြင့်မီရောက်လာသည်ကိုပေါလုတွေ့လျှင် သူတို့ဆီသို့ဝင်၍၊ အလုပ်ချင်းတူသောကြောင့် သူတို့နှင့်နေ၍အလုပ်လုပ်လေ၏။. . . " အတိုင်း အာကုလနှင့်ပြစ်ကိလတို့နှင့်အတူနေထိုင်ခွင့်ရခဲ့ပါသည်။ အားလုံးသောယုဒလူမျိုးတို့သည် ရောမမြို့မှထွက်ခွာရမည့်အကြောင်းကို ကလောဒိမင်းက ပြည်နှင်ဒဏ်အမိန့်ထုတ်ပြန်ခဲ့မှုကြောင့် သူတို့အနေဖြင့် ရွက်ဖျင်တဲများကို ချုပ်လုပ်တည်ဆောက်သည့်အလုပ်ကိုတည်ထောင်သည့် ကောရိန်သုမြို့သို့ အာကုလနှင့်ပြစ်ကိလတို့ရောက်ရှိလာခဲ့ကြခြင်းဖြစ်ပါသည်။ သူတို့နှင့်ပတ်သက်သည့်

အကြောင်းအရာတို့ကို ရှင်ပေါလုကမေးမြန်းစုံစမ်းခဲ့ပြီးနောက်၊ သူတို့သည် ဘုရားသခင်ကိုကြောက်ရွံ့ရိုသေသူများဖြစ်ကြသည့်အပြင်၊ သူတို့ကိုဝန်းပတ်ထားကြသည့် ညစ်ညမ်းစေသောဩဇာသက်ရောက်မှုများတို့ကို ကြိုးပမ်းရှောင်ရှားနေခဲ့ကြသည်ကိုသိရှိသည်နှင့် သူသည် သူတို့နှင့်အတူသွားရောက်နေထိုင်ပြီးနောက်၊ ". . . ဥပုသ်နေ့မပြတ်တရားဇရပ်၌ဆွေးနွေးဟောပြော၍၊ ယုဒလူနှင့်ဟေလသလူတို့ကို ဖြားယောင်းသွေးဆောင်လေ၏" ဆိုသည့် (တမန်တော် ၁၈း၄) တွင်ဖော်ပြထားသည့်အတိုင်း လုပ်ဆောင်လေ၏။

ဒေသတစ်ဝန်းလုံးကို သာသနာပြုခြင်းဆိုင်ရာအမှုတော်ကို တက်ကြွထက်သန်စွာဖြင့် သုံးနှစ်ကြာမျှထမ်းဆောင်ခဲ့သည့် ဧဖက်မြို့တွင် ကြာရှည်လှသည့်အမှုတော်ဆောင်ကာလအတွင်း ရှင်ပေါလုသည် နောက်တစ်ဖန်သူ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းကိုလုပ်ကိုင်ခဲ့ပြန်ပါသည်။ ကောရိန်သုမြို့၌ကဲ့သို့ပင် ဧဖက်မြို့တွင်လည်း သူ၏ဒုတိယအကြိမ်သာသနာပြုခရီးစဉ်၏ပြီးဆုံးခါနီးအချိန် အာရှပြည်သို့အပြန်ခရီးတွင် သူနှင့်အတူပူးပေါင်းလိုက်ပါလာကြသည့် အာကုလနှင့်ပြစ်ကိလတို့၏သူနှင့်အတူရှိနေကြခြင်းသည် သူ့အား အားတက်လာစေခဲ့ပါသည်။

ရှင်ပေါလု၏မိမိကိုယ်ပိုင်လက်ဖြင့် ပင်ပင်ပန်းပန်းလုပ်ဆောင်သည့်အလုပ်နှင့်ပတ်သက်ပြီး ဤကဲ့သို့လုပ်ဆောင်ခြင်းဖြင့် ဧဝံဂေလိတရားတော်ကိုဆောင်ရွက်သည့်အမှုတော်ဆောင်တစ်ဦး၏အလုပ်နှင့်ကိုက်ညီမှုမရှိသည့်သဘောထားမျိုးဖြင့် လူအချို့တို့က ကန့်ကွက်ခဲ့ကြပါသည်။ အဆင့်အမြင့်ဆုံးသော အမှုတော်ဆောင်တစ်ဦးဖြစ်သည့်ရှင်ပေါလုအနေဖြင့် တပင်တပန်းလုပ်ဆောင်ရသည့်အလုပ်နှင့် နှုတ်ကပတ်တော်ကိုဟောပြောပေးရသည့်အလုပ်တို့ကို အဘယ်ကြောင့်ချိတ်ဆက်ထားခဲ့ရပါသနည်း။ လုပ်ဆောင်သူအနေဖြင့် အဖိုးအခကိုမခံယူထိုက်ပါသလော။ သူရွက်ဖျင်တဲတို့ကိုတည်ဆောက်ချုပ်လုပ်သည့် ကုန်လွန်သွားခဲ့သည့်အချိန်ကို ပိုမိုကောင်းမွန်သည့်အမှုတော်ဆောင်ခြင်းလုပ်ငန်းတွင် ရှင်ပေါလုအနေဖြင့် အသုံးမချသင့်ပါသလား။

သို့သော် ရွက်ဖျင်တဲကိုချုပ်လုပ်ခြင်းသည် အချိန်ကိုဖြုန်းတီးပစ်ခြင်းဖြစ်သည်ဟူ၍ ရှင်ပေါလုသဘောမထားပါ။ အာကုလနှင့်အတူ ထိုအလုပ်ကိုလုပ်ကိုင်စဉ်တွင် ကြီးမြတ်တော်မူသောဆရာနှင့်အဆက်အသွယ်ရှိနေခဲ့ပြီး၊ ကယ်တင်တော်မူသောအရှင်သခင်အတွက် သက်သေခံပေးသည့်အခွင့်အရေးကို အဆုံးရှုံးမခံခဲ့သည့်အပြင် အကူအညီလိုအပ်သောသူတို့အား ကူညီခဲ့ပါသည်။ ဝိညာဉ်ရေးဆိုင်ရာဗဟုသုတအတွက် သူ၏



စိတ်အတွေးတွင် အမြဲတစေကမ်းလင့်တမ်းတနေပါသည်။ သူနှင့်အတူလုပ်ကိုင်ဆောင်ရွက်ကြသူတို့အား ဝိညာဉ်ရေးနှင့်ပတ်သက်သည့်အရာများကိုပေးကမ်းခဲ့ပြီး၊ အလုပ်ကြိုးစားသည့်အရည်အချင်းနှင့် စေ့စပ်သေချာမှုနှင့်ပတ်သက်သည့် နမူနာကိုချမှတ်ပေးခဲ့ပါသေးသည်။ သူသည် ထက်မြက်ပြီးကျွမ်းကျင်မှုရှိသည့် အမှုတော်ဆောင်ဖြစ်သည့်အပြင်၊ လုပ်ငန်းခွင်တွင် လုံ့လဝီရိယရှိပြီး၊ (ရောမ ၁၂း၁၁) တွင်ဖော်ပြထားသည့်၊ "စိတ်တန်း (စိတ်အားထက်သန်စွာဖြင့်–ခေတ်သုံး) သဖြင့် သခင်ဘုရား၏အလိုတော်သို့လိုက်၍အားထုတ်ကြလော့" ဆိုသည့် သူ၏ဩဝါဒအတိုင်း လိုက်လျှောက်ကျင့်သုံးခဲ့သူဖြစ်ပါသည်။ သက်မွေးဝမ်းကျောင်းအလုပ်ကို သူလုပ်ဆောင်ခဲ့သည့်အလျောက်၊ သူကိုယ်တိုင်ရောက်ရှိနိုင်ခြင်းမရှိသည့်နေရာတွင် ရှိကြသောလူများမှလွဲပြီး၊ လူတန်းစားအလွှာစုံသောသူတို့ဆီသို့ ရောက်ရှိနိုင်ရေးလမ်းစမျိုးကို သူရရှိခဲ့ပါသည်။ သာမန်လက်မှုပညာရပ်တွင် ကျွမ်းကျင်စွာလုပ်ဆောင်နိုင်ခြင်းကို သူနှင့်စပ်တူလုပ်ဖော်ကိုင်ဖက်ကိုပြသနိုင်ခဲ့ရာတွင် ထိုကျွမ်းကျင်မှုသည် ဘုရားသခင်ထံတော်မှရရှိသည့်ဆုကျေးဇူးဖြစ်ပြီး ထိုဘုရားသခင်သည် ဆုကျေးဇူးကိုရော၊ ဉာဏ်ပညာကိုပါ ပေးအပ်တော်မူသည်အလျောက်ငင်းဉာဏ်ပညာနှင့်ဆုကျေးဇူးကို မှန်ကန်စွာအသုံးချစေလိုတော်မူသည်ကိုပါ အသိပေးခဲ့ပါသည်။ နေ့စဉ်နေ့တိုင်း တပင်တပန်းလုပ်ဆောင်ရကြသည့်တိုင် ဘုရားသခင်ကိုဂုဏ်ပြုချီးမြှောက်ကြရန် သူကသင်ကြားပေးခဲ့ပါသည်။ အလုပ်ကြမ်းကိုခံနိုင်ရည်ရှိသည့် သူ၏လက်များတို့တွင် သူကဲ့သို့သောခရစ်ယာန်အမှုတော်ဆောင်တစ်ဦး၏သိမ်မွေ့သော အသနားခံတောင်းလျှောက်ခြင်းခွန်အားကို ယုတ်လျော့သွားစေနိုင်ခြင်းမရှိခဲ့ပါ။

အကယ်၍ အမှုတော်ဆောင်များအနေဖြင့် သခင်ခရစ်တော်၏အရေးအရာတော်ကြောင့် သူတို့သည် ခက်ခဲမှုနှင့်ဆင်းရဲနွမ်းပါးမှုတို့ကို ခံစားနေရကြသည့်အတွေးမျိုးရှိလာကြပါက ရှင်ပေါလုလုပ်ဆောင်ခဲ့သည့် ရွက်ဖျင်ချုပ်လုပ်သည့်အလုပ်စခန်းသို့အလည်အပတ်သွားရောက်သည့်အနေဖြင့် မှန်းဆတွေးတောကြည့်ကြပါစေ။ ထိုနောက်ဤကဲ့သို့သောဘုရားသခင်ရွေးချယ်တော်မူသည့် တမန်တော်တစ်ဦးသည် စားရေးသောက်ရေးအတွက် သူ၏လုပ်အားတို့ဖြင့် ရွက်ဖျင်တဲကိုပြုလုပ်ပြီး၊ အခကြေးငွေရရှိရေးလုပ်ဆောင်ခဲ့သည်ကို ထိုအမှုတော်ဆောင်တို့အနေဖြင့် မိမိတို့၏အတွေးဖြင့်ခံစားကြည့်ကြပါစေ။

အလုပ်ဆိုသည်မှာ ကောင်းချီးမင်္ဂလာတစ်ပါးသာဖြစ်ပြီး ကျိန်ခြင်းတစ်ခုမဟုတ်ပါ။ ပျင်းရိလေးကန်သောစိတ်ဓာတ်မည်သည် ဘုရားတရားကြည်ညိုခြင်းကိုဖျက်ဆီး

ပစ်ပြီး၊ ဘုရားသခင်၏ဝိညာဉ်တော်ကို စိတ်နာစေပါသည်။ စီးဆင်းမှုမရှိသောရေအိုင်သည် အနံ့အသက်ဆိုးသောရေမျိုးသာရှိမည်ဖြစ်သော်လည်း ကြည်လင်သန့်ရှင်းစွာဖြင့် စီးဆင်းနေသောစမ်းရေမှာမူ၊ ဒေသအတွင်း ကျန်းမာခြင်းနှင့်ဝမ်းမြောက်ခြင်းကို ဖြန့်ကြက်ပေးပါသည်။ ကာယပိုင်းဆိုင်ရာအလုပ်ကို လျစ်လျူရှုကြသောသူတို့သည် အားအင်ယုတ်လျော့ကျဆင်းတတ်သည်ကို ရှင်ပေါလုသိရှိခဲ့ပါသည်။ ငယ်ရွယ်သောအမှုတော်ဆောင်များတို့အနေဖြင့် မိမိတို့၏လက်တို့ဖြင့် အလုပ်ကြမ်းကိုလုပ်ကိုင်ကြခြင်းဖြင့် သူတို့၏ကြွက်သားများနှင့်အရွတ်များတို့ကို လေ့ကျင့်ခန်းရစေသည့်အလျောက် ဧဝံဂေလိဟောပြောခြင်းနယ်မြေတွင် သူတို့အားစောင့်မျှော်နေသည့် တပင်တပန်းလုပ်ဆောင်ရမှုနှင့် ဆင်းရဲနွမ်းပါးမှုအခြေအနေမျိုးတို့ကို ကြံ့ကြံ့ခံနိုင်ရေးအတွက် တောင့်တင်းသန်စွမ်းလာကြမည်ဖြစ်ကြောင်းကို ထိုငယ်ရွယ်သောအမှုတော်ဆောင်တို့အား သင်ကြားပေးလိုသောဆန္ဒရှိခဲ့ပါသည်။ အကယ်၍သာ သူသည် ကောင်းမွန်မှန်ကန်မှုရှိသည့် လေ့ကျင့်ခန်းပုံစံစနစ်အားလုံးတို့ကို လက်ကိုင်မထားပါက သူ၏ကိုယ်ပိုင်သင်ကြားပို့ချမှုများတို့သည် အသက်မပါ၊ တက်ကြွမှုမရှိ၊ အားမပါဘဲရှိနေမည်ဖြစ်သည်။

ဧဝံဂေလိတရားဟောပြောခြင်းအတွက် ခေါ်တော်မူခြင်းခံရကြသည်ဟု ခံစားနေရကြသည့်သူတို့အနေဖြင့် ငွေရေးကြေးရေးအထောက်အပံ့ကို အလျဉ်မပြတ်ခံစားရရှိရေးအတွက် သူတို့ကိုယ်တိုင်နှင့်မိသားစုတို့ကို အသင်းတော်လုပ်ငန်းအတွင်း ခြေစုံပစ်ဝင်ရောက်ရန် အားပေးတိုက်တွန်းသင့်သည်ဟု ခံစားထင်မှတ်နေခြင်းသည် သင့်လျော်မှန်ကန်သည့်စိတ်ထားမျိုးမဟုတ်ပါ။ အတွေ့အကြုံနည်းပါးသည့် အချို့သောသူတို့သည် သူတို့အားမြှောက်ပင့်ပြောဆိုသောစကားတို့ကြောင့် ပျက်စီးတတ်ကြခြင်းနှင့် သူတို့လုပ်ဆောင်နေကြသည့်အခန်းကဏ္ဍတွင် တစ်စုံတစ်ရာသောလေးနက်သည့်ကြိုးပမ်းအားထုတ်မှုအတွက် အမှီအခိုကင်းသည့် အထောက်အပံ့အပြည့်အဝကို မျှော်လင့်ကြစေရန်အတွက် အမြော်အမြင်ကင်းမဲ့သော အားပေးတိုက်တွန်းခြင်းတို့သည် အန္တရာယ်ရှိသောလုပ်ရပ်မျိုးဖြစ်ကြပါသည်။ ဘုရားသခင်၏အမှုတော်ကိုတိုးချဲ့ရန်အတွက် ဆက်ကပ်အပ်နှံထားပြီးသောငွေကြေးများတို့ကို အထောက်အပံ့ကိုရရှိရေးအတွက်သာ ဧဝံဂေလိတရားကို ဟောပြောလိုစိတ်ရှိပြီး ထိုသို့အားဖြင့် သာယာချမ်းမြေ့သောအသက်တာကိုခံစားလိုသည့် ကိုယ်ကျိုးဆန္ဒကိုပြည့်ဝစေလိုသည့်သူတို့က ရယူသုံးစွဲခြင်းမပြုသင့်ပါ။

အမှုတော်ဆောင်ခြင်းအလုပ်တွင် သူတို့ခံစားရရှိကြသောဆုကျေးဇူးတို့ကို လေ့ကျင့်ရန်ဆန္ဒရှိကြသော ငယ်ရွယ်သူတို့သည် ရှင်ပေါလု၏သက်သာလောနိတ်၊





ကောရိန်သု၊ ဖေက်မြို့တို့နှင့်အခြားသောနေရာများတို့တွင် အမှုတော်ဆောင်ခဲ့သည့် ရှင်ပေါလု၏စံပြနမူနာထဲတွင် အထောက်အကူဖြစ်လှသောသင်ခန်းစာကို တွေ့မြင်ရကြမည်ဖြစ်သည်။ ရှင်ပေါလုသည် ကျလောက်အောင်အပြောကောင်းသူတစ်ယောက်ဖြစ်ပြီး၊ အထူးအမှုတော်ကိုထမ်းဆောင်ရန် ဘုရားသခင်၏ရွေးချယ်တော်မူခြင်းခံရသူဖြစ်သည့်တိုင်၊ သူသည် မည်သည့်အခါမျှ အလုပ်ကြမ်းနှင့်ကင်းကွာခဲ့ခြင်းမရှိသည့်အပြင် သူမြတ်နိုးလှသည့်အမှုတော်ဆောင်ခြင်းအလုပ်အတွက် မိမိဘဝကိုဆက်ကပ်ပြီးဆောင်ရွက်ရခြင်းကို မည်သည့်အခါမျှ မွန်းကျပ်ငြီးငွေ့ခြင်းမရှိပါ။ သူက ထိုကိစ္စနှင့်ပတ်သက်ပြီး ကောရိန်သုအသင်းတော်သို့ရေးသားပေးပို့သောဩဝါဒစာကို (၁ကော ၄း၁၁၊၁၂) တွင် "ယခုတိုင်အောင် အစားအသောက်ငတ်မွတ်ခြင်း၊ အဝတ်နွမ်းပါးခြင်း၊ ရိုက်ပုတ်ညှဉ်းဆဲခြင်းကိုခံရကြ၏။ နေရာမကျသောသူ၊ ကိုယ်လက်နှင့်ပင်ပန်းစွာလုပ်ဆောင်ရသောသူဖြစ်ကြ၏။ ကဲ့ရဲ့ခြင်းကိုခံရသောအခါ မေတ္တာပို့ကြ၏။ ညှဉ်းဆဲနှိပ်စက်ခြင်းကိုခံရသောအခါ သည်းခံကြ၏" ဟူ၍ဖော်ပြထားပါသည်။

အကြီးကျယ်ဆုံးသောလူသားသင်ကြားပို့ချပေးသူဆရာကြီးများတွင် တစ်ယောက်အပါအဝင်ဖြစ်သောရှင်ပေါလုသည် အမြင့်မားဆုံးသောတာဝန်များတို့ကို ထမ်းဆောင်ခဲ့ရသည့်တိုင်၊ နိမ့်ကျလွန်းလှသည့်အနေအထားမျိုးဖြင့် ပျော်ပျော်ပါးပါးလုပ်ဆောင်ခဲ့ပါသည်။ အရှင်သခင်အတွက် တာဝန်ထမ်းဆောင်ခဲ့စဉ်အတွင်း ပတ်ဝန်းကျင်အခြေအနေအရလိုအပ်မှုရှိပါက သူ၏အသက်မွေးဝမ်းကျောင်းအတွက် လိုလိုလားလားဖြင့်အလုပ်ကြမ်းကိုလုပ်ဆောင်ခဲ့ပါသည်။ သူသည် ဧဝံဂေလိတရား၏ရန်သူများတို့၏အတိုက်အခံပြုမှုတို့ကိုရင်ဆိုင်ရန်၊ သို့မဟုတ် သခင်ယေရှုထံတော်သို့ အသက်ဝိညာဉ်များတို့ကိုပို့ဆောင်ပေးနိုင်သည့် အထူးအခွင့်အရေးတစ်ရပ်ကို တိုးမြှင့်ပေးနိုင်ရေးအတွက် လောကီရေးရာတို့ကိုဘေးဖယ်ထားရန် မိမိကိုယ်ကိုအမြဲတစေထိန်းထားခဲ့ပါသည်။ သူ၏အားမာန်နှင့်အလုပ်ကြိုးစားသည့်အရည်အသွေးတို့သည် ပျင်းရိလေးကန်မှုနှင့် သက်သောင့်သက်သာနေလိုသည့်ဆန္ဒတို့ကိုဖယ်ရှားပစ်သည့် အပြစ်တင်ဆုံးမမှုတစ်ခုအဖြစ်ရှိနေခဲ့ပါသည်။ The Acts of the Apostles, pp. 346-355.

ကျွန်ုပ်တို့အမှုတော်ဆောင်များမှ အချို့သောအောင်မြင်မှုမရှိကြသည့်သူတို့အနေဖြင့် ခန္ဓာကိုယ်၏အင်္ဂါအားလုံးတို့ကို အချိုးညီစွာဖြင့် လေ့ကျင့်ခန်းလုပ်ရကြမည်ဖြစ်ပြီး၊ အမှန်အားဖြင့်သူတို့သည် လှုပ်ရှားမှုမရှိခြင်းကြောင့် အချို့သောအင်္ဂါတို့သည် ယိုယွင်းလာကြပြီး၊ အခြားသောအင်္ဂါတို့မှာ အားအင်ယုတ်လျော့လာကြပါသည်။ အကယ်၍

ပင်ပန်းမှုကိုပေါ်ပေါက်စေသည့်အခြေအနေမျိုး မတော်တဆဖြင့်အင်္ဂါတစ်ခုအပေါ်၊ သို့မဟုတ် အစုံလိုက်ရှိသောကြွက်သားများအပေါ်သို့ ကျရောက်သွားပါက၊ အများဆုံး အသုံးချခံရသည့်အင်္ဂါတစ်ခုသည် ပင်ပန်းလွန်းခြင်းကြောင့် ကြီးမားစွာဖြင့် အားအင်ဆုတ်ယုတ်လာပါတော့သည်။

စိတ်အတွေး၏အာရုံခံစားနိုင်မှုတိုင်းနှင့် ကြွက်သားတိုင်းတို့သည် ကွဲပြားသောအနေအထားဖြင့်ရှိနေကြပြီး၊ သင့်တင့်ကောင်းမွန်သည့်ဖွံ့ဖြိုးမှုနှင့် ကျန်းမာသန်စွမ်းသည့်အားမာန်မျိုးကို ပြန်လည်ရရှိလာရေးအတွက် အားလုံးသောအင်္ဂါတို့ကို ညီတူညီမျှလေ့ကျင့်ခန်းလုပ်ပေးရမည်ဖြစ်သည်။ ရှင်သန်နေသည့်အင်္ဂါစနစ်အတွင်း အင်္ဂါတစ်ခုချင်းအနေဖြင့် လုပ်ဆောင်ရမည့်အလုပ်မျိုးကိုယ်စီရှိနေကြပါသည်။ စက်ယန္တရားအတွင်းတွင်ရှိနေသောဘီးတိုင်းတို့သည် ရှင်သန်ပြီး၊ သွက်လက်မှုရှိရှိဖြင့် လှုပ်ရှားမှုရှိရမည့်ဘီးများဖြစ်ရကြပါမည်။ အားလုံးသောအာရုံခံစားမှုတို့သည် တစ်ခုအပေါ်တစ်ခုဆက်စပ်မှုရှိကြပြီး၊ အားလုံးတို့သည် သင့်တင့်ကောင်းမွန်သည့် ဖွံ့ဖြိုးတိုးတက်မှုရှိကြရေးအတွက် လေ့ကျင့်ခန်းလုပ်ပေးရန်လိုအပ်ပါသည်။ "Testimonies for the Church," vol. 3, p. 310.

## ကျန်းမာရေးကိုထိန်းသိမ်းစောင့်ရှောက်ရန်အတွက်ကျွန်ုပ်တို့၏တာဝန်

များစွာအင်အားချည့်နဲ့သောအမှုတော်ဆောင်များ၊ လူမမာအိပ်ရာပေါ်တွင်လဲနေကြသည့်အမှုတော်ဆောင်များ၊ သူတို့၏ကမ္ဘာလောကကြီးဆိုင်ရာသမိုင်းကြောင်းတို့ကို အချိန်မတန်သေးဘဲ ပိတ်သိမ်းလိုက်ရကြသည့်အမှုတော်ဆောင်များတို့ကို တွေ့မြင်ရသည်မှာ၊ ကျွန်ုပ်အနေဖြင့် ဝမ်းနည်းစိတ်များဖြစ်ပေါ်လာရပါသည်။ သူတို့သည် ဘုရားသခင်၏အမှုတော်တွင် တာဝန်ယူရမှုဝန်ထုပ်ကို သယ်ပိုးနေကြသည့်အပြင်၊ သူတို့၏အလုပ်ထဲတွင် စိတ်ရောကိုယ်ပါ စိတ်ဝင်စားမှုရှိနေကြသူများဖြစ်ကြပါသည်။ သူတို့နှစ်သက်မြတ်နိုးကြသောအကြောင်းခြင်းရာတို့တွင် လုပ်ကိုင်နေသည့် သူတို့၏လုပ်ဆောင်မှုကို ရပ်တန့်ထားရမည်ဆိုသည့်သဘောထားမျိုးသည် ရောဂါဝေဒနာကိုခံစားရသည့်ဒုက္ခ၊ သို့မဟုတ် သူတို့သေဆုံးရတော့မည့်အတွေးမျိုးကို ခံစားရသည်ထက် သူတို့အတွက်သာ၍နာကြည်းဖွယ်ရာကောင်းပါသည်။



ကျွန်ုပ်တို့၏ကောင်းကင်ဘုံအရှင်အဖမည်းတော်သည် လူသားတို့၏သားသမီးတို့အား ဒုက္ခရောက်စေရန်နှင့်နာကြည်းစိတ်ဖြစ်ပေါ်လာစေရန်အတွက် လိုလိုလားလားဖြင့် အလိုတော်ရှိတော်မမူပါ။ သူသည် နာမကျန်းဖြစ်မှုနှင့်သေခြင်းတရားကို အစအဦးစတင်စီရင်တော်မူသောသူမဟုတ်ဘဲ အသက်ရှင်ခြင်း၏မူလအရင်းအမြစ်ဖြစ်တော်မူပါသည်။ လူသားတို့အားရှင်သန်စေလိုတော်မူပြီး၊ သူတို့အသက်ရှင်ရပ်တည်နိုင်ကြရေးအတွက် သူတို့အနေဖြင့် အသက်ရှင်ခြင်းနှင့်ကျန်းမာရေးဆိုင်ရာပညတ်တရားတော်တို့ကို နာခံလိုက်လျှောက်ကြရန် အလိုရှိတော်မူပါသည်။

လက်ရှိသမ္မာတရားတော်ကိုလက်ခံပြီး၊ ထိုသမ္မာတရားတော်အားဖြင့် ရိုသေဖွယ်သောဂုဏ်လက္ခဏာကို ပြသကြသောသူတို့သည် သူတို့၏အသက်တာနှင့်အကျင့်စရိုက်တို့တွင် သမ္မာတရားတော်ကို ကိုယ်စားပြုရန်အတွက် ပြင်းပြသောဆန္ဒမျိုးရှိကြပါသည်။ အခြားသောသူတို့တွေ့မြင်နိုင်ကြရန်အတွက် သူတို့၏အသက်ဝိညာဉ်ဆိုင်ရာလိုက်လှဲလှုသည့်တမ်းတမှုမျိုးရှိနေကြပါသည်။ စစ်မှန်သည့်ကင်းစောင့်သည် အဖိုးထိုက်တန်လှသောမျိုးစေ့ကိုသယ်ပိုးပြီး ရေရှိသောနေရာနှင့်ကပ်လျက်စိုက်ပျိုးထားရင်း၊ ငိုယိုဆုတောင်းနေခြင်းဖြင့် အလုပ်ကြမ်းလုပ်ရသည့်ဝန်ထုပ်ဝန်ပိုးသည် စိတ်အတွေးနှင့်နလုံးသားတို့ကို ခံနိုင်ရည်မရှိတော့လောက်အောင် ဖိစီးလာပါတော့သည်။ ဤတွင်သူသည် စိတ်ကျဉ်းကျပ်နေမှုကို အမြဲတစေကြိတ်မှိတ်မခံစားနိုင်တော့သည့်အပြင် အတွင်းကျကျတွင်ရှိနေကြသော အစိတ်အပိုင်းများဆီသို့ သူ၏အသက်ဝိညာဉ်သည် အချိန်မတန်သေးဘဲ ပင်ပန်းတကြီးဖြင့်လှုံ့ဆော်ပေးနေရပါသည်။ ဟောပြောပို့ချမှုတိုင်းတို့တွင် ခွန်အားနှင့်စွမ်းဆောင်နိုင်မှုတို့သည် လိုအပ်နေပါသည်။ မကြာခဏပင်လျှင် သစ်လွင်သည်ဖြစ်စေ၊ ရှေးယခင်ကာလကပင်ဖြစ်စေ ထင်မြင်ချက်များတို့ကို ဘုရားသခင်၏နှုတ်ကပတ်တော်ဘဏ္ဍာတော်တိုက်မှထုတ်ယူပြီး သစ်လွင်သောထောက်ပံ့ပေးဝေမှုများလုပ်ဆောင်ရပါမည်။ ဤအကြောင်းခြင်းရာတို့သည် နားကြားသူတို့ထံသို့ ရှင်သန်ခြင်းနှင့်စွမ်းအားတို့ကို ဖြန့်ဝေပေးပါသည်။ သင်၏ကြိုးပမ်းအားထုတ်မှုများတို့သည် လန်းဆန်းမှု၊ သို့မဟုတ် ရှင်သန်မှုကင်းမဲ့သွားစေသည့်၊ ခြေကုန်လက်ပန်းကျသွားစေသောအခြေအနေမျိုးသို့ သင့်အားရောက်ရှိသွားစေရန် ဘုရားသခင်က အလိုတော်မရှိပါ။

လေ့လာသင်ယူသည်ဖြစ်စေ၊ ဟောပြောခြင်းလုပ်ဆောင်သည်ဖြစ်စေ ဦးနှောက်ကိုအသုံးပြုရသောအလုပ်မျိုးတွင် ပါဝင်လုပ်ကိုင်ရသူတို့သည် အနားယူခြင်းနှင့်အပြောင်း

အလဲတို့ကို လုပ်ဆောင်ရန်လိုအပ်ကြပါသည်။ စိတ်အားထက်သန်မှုရှိကြသော ကျောင်းသား၊ ကျောင်းသူအနေဖြင့် ဦးနှောက်၏စွမ်းအားကို လျော့ပါးသွားစေကြသည် အလျောက်၊ သူတို့သည် မကြာခဏပင်လျှင် ကာယလေ့ကျင့်ခန်းမျိုးကို လျစ်လျူရှုထားကြခြင်းဖြင့် ခန္ဓာကိုယ်နှင့်ဆိုင်သောစွမ်းအားများတို့သည် ယုတ်လျော့ကျဆင်းသွားပြီး၊ စိတ်ပိုင်းဆိုင်ရာကြိုးစားအားထုတ်မှုသည်လည်း အကန့်အသတ်နှင့်သာဖြစ်လာသည့် ရလဒ်မျိုးကိုသာ ရရှိနိုင်ကြပါသည်။ ဤသို့အားဖြင့် ထိုစာသင်သားသည် သူကအမြော်အမြင်ရှိရှိဖြင့်လုပ်ဆောင်ခဲ့ပြီး၊ ပြီးစီးအောင်လုပ်ဆောင်ရမည့်အလုပ်ကို ပြီးမြောက်အောင် ဆောင်ရွက်ရန် ပျက်ကွက်လာပါသည်။

အကယ်၍ အမှုတော်ဆောင်တို့သည် ဉာဏ်ရည်ဉာဏ်စွမ်းရှိရှိဖြင့် စိတ်ပိုင်းရော၊ ခန္ဓာကိုယ်အပိုင်းကိုပါ လေ့ကျင့်ခန်းကို မျှတသည့်ဦးတည်ချက်ဖြင့်လုပ်ဆောင်ကြပါက ရောဂါကြောင့်သေဆုံးရမှုမျိုးကို အလွယ်တကူဖြင့်ကြုံတွေ့ရခြင်းရှိကြမည် မဟုတ်ပါ။ အကယ်၍ အားလုံးသောကျွန်ုပ်တို့၏အမှုတော်ဆောင်များတို့အနေဖြင့် ပြင်ပအလုပ်ကြမ်းအလုပ်ကို စိတ်ကျဉ်းကျပ်မှုမရှိဘဲ၊ နေ့စဉ်လုပ်ဆောင်နိုင်သည့်အခြေအနေမျိုးရရှိကြပါက ၎င်းအခြေအနေသည် သူတို့အတွက်ကောင်းချီးမင်္ဂလာတစ်ပါး အဖြစ်ရှိနေကာ သူတို့၏အလုပ်နှင့်ပတ်သက်သည့်တာဝန်များတို့ကို ပိုမို၍အောင်မြင်စွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ အပန်းဖြေနားနေကြရန်အတွက် သူတို့တွင်အချိန်မပေးနိုင်ကြပါက သူတို့နှင့်အတူလုပ်နေကြသော လုပ်သားများတို့နှင့်အတူဆုတောင်းပြီး၊ အကွက်ချစီစဉ်ပေးထားပြီးနောက် သူတို့၏ခန္ဓာကိုယ်နှင့်စိတ်ဓာတ်တို့ကို ပြန်လည်လန်းဆန်းစေမည့် သူတို့၏အလုပ်ကြမ်းလုပ်ရာနေရာသို့ ပြန်လာနိုင်ကြပါသည်။

အချို့သောကျွန်ုပ်တို့၏အမှုတော်ဆောင်များတို့အနေဖြင့် ဌာနချုပ်သို့အစီရင်ခံတင်ပြနိုင်ကြရေးအတွက် နေ့စဉ်နေ့တိုင်းအလုပ်ကြမ်းအချို့တို့ကို မဖြစ်မနေလုပ်ကိုင်ရကြမည်ဟူ၍ အတွေးပေါက်နေကြပါသည်။ ဤကဲ့သို့လုပ်ကိုင်ရန်ကြိုးစားခြင်းကြောင့် ထွက်ရှိလာသည့်ရလဒ်မှာ သူတို့၏ကြိုးပမ်းအားထုတ်မှုများတို့သည် မကြာခဏပင်လျှင် အားနည်းပြီး၊ အရည်အသွေးညံ့ဖျင်းသွားခြင်းတို့သာဖြစ်ပါသည်။ သူတို့အနေဖြင့် အနားယူသည့်အချိန်မျိုးရှိသင့်ကြသည့်အပြင် အားအင်ကုန်ခန်းစေသည့် အလုပ်ကြမ်းလုပ်ဆောင်ခြင်းမှ လုံးဝလွတ်မြောက်ရမည်ဖြစ်သည်။ သို့သော်လည်း ဤလုပ်ဆောင်ချက်များတို့သည် နေ့စဉ်ကာယလေ့ကျင့်ခန်းလုပ်ဆောင်ခြင်း၏နေရာကို ဝင်ရောက်အစားထိုး၍မရနိုင်ပါ။



ညီအစ်ကိုတော်တို့ခင်ဗျား၊ သင်၏ဥယျာဉ်ကိုပြုစုပျိုးထောင်ပေးရန် အချိန်ရယူသောအခါ၊ သင်၏ခန္ဓာကိုယ်တွင်း လည်ပတ်မှုစနစ်ကောင်းမွန်ရေးအတွက် ဤကဲ့သို့သောနည်းမျိုးဖြင့် လေ့ကျင့်ခန်းကိုရယူခြင်းကြောင့် သီးခြားအစည်းအဝေးကိုထိုင်နေရခြင်းကဲ့သို့ပင် ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်ပေးရာရောက်ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အဖခမည်းတော်ဖြစ်တော်မူပြီး၊ ကျွန်ုပ်တို့အားချစ်ခြင်းမေတ္တာထားရှိတော်မူကာ သူ၏မည်သည့်အစေခံကျွန်တို့ကိုမျှ သူတို့၏ကိုယ်ခန္ဓာတို့ကို အလွဲသုံးစားပြုကြရန်အတွက် တောင်းဆိုတော်မမူပါ။

ကျန်းမာရေးမကောင်းရခြင်းနှင့် အလုပ်လုပ်ရာတွင် ထိရောက်မှုနည်းပါးရခြင်းတို့၏အခြားသောအကြောင်းရင်းခံမှာ အစာမကြေသည့်ရောဂါကြောင့်ဖြစ်ပါသည်။ အစာခြေသည့်စွမ်းအားများတို့ကို အလွဲသုံးစားလုပ်ခံရပါက ဦးနှောက်သည်လည်း သူ၏အလုပ်ကို အကောင်းဆုံးလုပ်ဆောင်နိုင်ရန်မဖြစ်နိုင်ပါ။ များစွာသောသူတို့သည် အမည်မျိုးစုံသောအစားအစာတို့ကို မြန်မြန်ဆန်ဆန်စားကြခြင်းအားဖြင့် အစာအိမ်အတွင်း၌ စစ်ကြီးတစ်ခုကိုဖန်တီးပေးသကဲ့သို့ရှိကာ ဦးနှောက်ကိုရှုပ်ထွေးသွားစေပါသည်။ ကျန်းမာရေးနှင့်မညီညွတ်သောအစားအစာကိုသုံးစွဲပြီး၊ အာဟာရပြည့်ဝသည့်တိုင် ၎င်းအစာကိုအလွန်အကျွံစားသုံးခြင်းတို့ကိုလည်း အလားတူစွာဖြင့်ရှောင်ရှားရကြပါမည်။

များစွာသောသူတို့သည် အချိန်နာရီတောက်လျှောက် အစာစားနေကြခြင်းဖြင့် ကျန်းမာခြင်းဆိုင်ရာစည်းမျဉ်းတို့ကို ဥပေက္ခာပြုထားကြပါသည်။ ထိုကြောင့် သူတို့၏စိတ်အတွေးတို့တွင် စိတ်အားငယ်မှုက စိုးမိုးလာပါတော့သည်။ လူတို့အနေဖြင့် သူတို့၏အကျင့်ဓလေ့တို့သည် မဆင်မခြင်လွန်းသည့်လုပ်ရပ်ကြောင့် ဉာဏ်အမြင်ကို ပွင့်စေခြင်းနှင့်ပတ်သက်သည့် ဘုရားသခင်ပေးအပ်ထားတော်မူသည့် အလင်းတရားတော်ကိုဂရုမထားလွန်းအားကြီးခြင်းကြောင့် ဘုန်းတော်ရှင်ဆိုင်ရာ ဉာဏ်အမြင်ကိုပွင့်စေသည့်အရာမျိုးဖြင့် သူတို့သည် မည်ကဲ့သို့ဂုဏ်ပြုခြင်းခံရနိုင်ကြမည်နည်း။

ညီအစ်ကိုတော်တို့၊ ကိုယ်ကျိုးအတ္တဆိုင်ရာ၊ စိတ်အလိုလိုက်ခြင်းဆိုင်ရာ ဤအချက်များနှင့်ပတ်သက်ပြီး ဦးတည်ချက်ပြောင်းလဲသွားရန် သင့်အတွက်အချိန်ကျနေပြီမဟုတ်ပါလား။ (၁ကော ၉း၂၄-၂၇) တွင်၊ ဤကိစ္စနှင့်ပတ်သက်ပြီး "မြေတလင်း၌ပြိုင်၍ပြေးရသောသူအပေါင်းတို့သည် ပြိုင်၍ပြေးကြသော်လည်း တစ်ယောက်တည်းသာလျှင် ဆုကိုရသည်ဟု သင်တို့မသိကြသလော။ ဆုကိုရမည်အကြောင်းပြေးကြလော့။

ပွဲ၌ပြိုင်၍ အချင်းချင်းတိုက်သောသူမည်သည်ကား၊ အရာရာ၌တပ်မက်ခြင်းကိုချုပ်တည်းတတ်၏။ ထိုသူတို့သည် ညှိုးနွမ်းပျက်စီးတတ်သော ပန်းဦးရစ်ကိုရခြင်းအလိုငှာပြုကြ၏။ ငါတို့မူကား၊ မညှိုးနွမ်းမပျက်စီးတတ်သော ပန်းဦးရစ်ကိုရခြင်းအလိုငှာပြုကြ၏။ ထိုကြောင့် ငါပြေးသောအခါ အမှတ်တမဲ့ပြေးသည်မဟုတ်။ လက်ဝှေ့သတ်သောအခါ အာကာသကောင်းကင်ကိုသာထိုး၍သတ်သည်မဟုတ်။ သူတစ်ပါးကိုဆုံးမပြီးမှ ကိုယ်တိုင်ရှုံးသောသူမဖြစ်ရမည်အကြောင်း ကိုယ်ကိုထိုး၍နှိပ်စက်လေ့ရှိ၏” ဟူ၍ဖော်ပြထားပါသည်။

## လုံလောက်မှုမရှိသောပုံမှန်စားနေကျအစားအစာ

သင့်အနေဖြင့် မည်သည့်နည်းနှင့်မျှလုံလောက်မှုမရှိသော နေ့စဉ်စားသောက်နေကျအစားအစာအားဖြင့် ရှင်သန်၍မရနိုင်သည့်အချက်ကို အလိုလိုသိထားရန်တာဝန်ရှိပါသည်။ သင့်အနေဖြင့် မည်သည့်အစာကိုစားသင့်သည်၊ မည်သည့်အစားအစာအမျိုးအစားက ခန္ဓာကိုယ်အတွက် အကောင်းဆုံးအာဟာရဖြစ်စေသည်ဆိုခြင်းကို ကိုယ်တိုင်ကိုယ်ကျသင်ကြားရယူပြီးနောက် ဆင်ခြင်တုံတရားနှင့်တာဝန်သိစိတ်တို့ဖြင့် ပြဋ္ဌာန်းချက်များတို့ကိုလိုက်လျှောက်ပါ။ စားသောက်နေစဉ်အတွင်း စိုးရိမ်ကြောင့်ကြမှုနှင့် အားအင်ကုန်ခန်းစေသောအတွေးမျိုးတို့ကို မစဉ်းစားပါနှင့်။ မြန်မြန်ဆန်ဆန်စားသောက်ခြင်းမျိုးကိုရှောင်ကြဉ်ပြီး၊ ရွှင်လန်းစွာဖြင့် ဖြည်းဖြည်းချင်းစားသောက်ခြင်းအားဖြင့် သင်၏စိတ်နှလုံးသည် ဘုရားသခင်၏အားလုံးသောကျေးဇူးတော်များအတွက် သူ့အားကျေးဇူးတင်ခြင်းတို့ဖြင့် ပြည့်ဝနေမည်ဖြစ်သည်။ စားသောက်ပြီးသွားသည်နှင့် သင်၏ဦးနှောက်ကိုချက်ချင်းအလုပ်မပေးပါနှင့်။ တော်ရုံသင့်ရုံသာဖြစ်သောလေ့ကျင့်ခန်းကို အနည်းငယ်လုပ်ပြီးမှ၊ သင်၏အစာအိမ်ကို ၎င်း၏အလုပ်ကိုစတင်လုပ်ဆောင်ရန်အတွက် အချိန်အနည်းငယ်ပေးပါ။

ဤအချက်တို့သည် မပြောပလောက်သော၊ အရေးပါသည့်အမှုတော်နှင့်ပတ်သက်သည့် မျိုးစုံလှသောလုပ်ငန်းခွဲများကို အကယ်၍ကျန်းမာသန်စွမ်းသည့်အားမာန်နှင့်မှန်ကန်မှုရှိသည့်ကြွက်သားကို ခိုင်မာတောင့်တင်းစေသည့်အရာတို့ကို မျှဝေပေးရမည်ဆိုပါက၊ ၎င်းအချက်တို့ကို ကျွန်ုပ်တို့အာရုံပြုရကြမည်ဖြစ်သည်။ အမှုတော်၏ဂုဏ်သိက္ခာနှင့်ထိရောက်နိုင်မှုတို့သည် အမှုတော်ဆောင်များတို့၏ကာယပိုင်းဆိုင်ရာအခြေအနေ



အပေါ်တွင် ကြီးမားသည့်အတိုင်းအတာဖြင့်မူတည်နေပါသည်။ လမ်းညွှန်အကြံပြုမှုများအတွက် ပြုလုပ်ကျင်းပသည့်ကော်မတီအစည်းအဝေးများနှင့် အခြားသောအစည်းအဝေးများတို့သို့ တက်ရောက်လာကြသောသူတို့သည် အစာမကြေသည့်အခြေအနေကြောင့် မပျော်ရွှင်နိုင်လောက်အောင် ကြွက်သားအနေအထားက ယိုယွင်းနေပါသည်။ ထို့အပြင်၊ များစွာသောတရားဟောပြောချက်တို့သည် အမှုတော်ဆောင်၏အစာမကြေရောဂါကြောင့် မှောင်မိုက်သည့်အရိပ်ကို လက်ခံရယူထားရပါသည်။

ကျန်းမာခြင်းသည် ခန့်မှန်း၍မရနိုင်သောပမာဏရှိသည့် ကောင်းချီးမင်္ဂလာတစ်ပါးဖြစ်ပြီး၊ များစွာသောအသိတရားတို့ထက် တာဝန်သိစိတ်နှင့်ဘာသာတရားကိုင်းရှိုင်းသောစိတ်တို့နှင့် ပိုမိုနီးကပ်သည့်ဆက်နွယ်မှုမျိုးရှိပါသည်။ ၎င်းကျန်းမာခြင်းသည် တစ်စုံတစ်ယောက်၏လုပ်ဆောင်နိုင်စွမ်းနှင့် များစွာသောပမာဏဖြင့်ပတ်သက်နေပါသည်။ အမှုတော်ဆောင်တိုင်းတို့သည် အကယ်၍ သိုးအုပ်တို့၏သစ္စာရှိသောအုပ်ထိန်းသူတစ်ယောက်ဖြစ်လိုပါက ဖြစ်နိုင်ခြေရှိသော အကောင်းဆုံးသောဝန်ဆောင်မှုအခြေအနေအတွက် သူ၏အားလုံးသောစွမ်းအားတို့ကို ထိန်းသိမ်းရမည်ကို ခံယူထားရပါမည်။

ကျွန်ုပ်တို့၏အမှုတော်ဆောင်များတို့သည် ရှင်သန်ခြင်းနှင့်ကျန်းမာခြင်းဆိုင်ရာစည်းမျဉ်းဥပဒေများအကြောင်းနှင့်ပတ်သက်သည့် သူတို့၏ဗဟုသုတတို့ကို အသုံးချသင့်ကြပါသည်။ ဤအကြောင်းခြင်းရာများနှင့်ပတ်သက်သည့် အကောင်းဆုံးသောစာပေလက်ရာများတို့ကိုဖတ်ရှုပြီးနောက် သင်၏ဆင်ခြင်တုံတရားအားဖြင့် သင်သိရှိလာရသည့်သမ္မာတရားအတိုင်း ခရေစေ့တွင်းကျဖြင့် နာခံလိုက်လျှောက်ပါ။

ကျန်းမာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ လက်တွေ့ကျသည့်ဩဇာသက်ရောက်မှုအားဖြင့် များစွာ၊ များစွာသောသူတို့သည် ကာယပိုင်းရော၊ စိတ်ပိုင်းဆိုင်ရာအပြင် အကျင့်စာရိတ္တပိုင်းဆိုင်ရာ ကိုယ်ကျင့်တရားပျက်ယွင်းမှုတို့မှ ကယ်လွှတ်ခြင်းခံရမည့်အကြောင်းကို ထာဝရဘုရားက အကျွန်ုပ်အားပြသပေးတော်မူပါသည်။ ကျန်းမာခြင်းသတင်းစကားကိုပြောပြပေးရမည့်အပြင်၊ စာပေထုတ်ဝေခြင်းတို့ကိုပါ တိုးမြှင့်လုပ်ဆောင်ရပါမည်။ ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်းဆိုင်ရာအခြေခံစည်းမျဉ်းတို့ကို လိုလိုလားလားဖြင့်ခံယူစေပြီး၊ များစွာသောသူတို့သည် ယခုကာလတွင် အထူးထူးသောသမ္မာတရားတော်တို့ကို လက်ခံလာကြရေးအတွက် တစ်ဆင့်ပြီးတစ်ဆင့် ရှေ့သို့တက်လှမ်းရကြပါမည်။
“Testimonies for the Church,” vol. 6, pp. 378, 379.

## အလုပ်ပိခြင်းမှဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်

တမန်တော်များတို့သည် သူတို့၏အဦးဆုံးသောသာသနာပြုခရီးစဉ်မှပြန်ရောက်လာကြသောအခါ ကယ်တင်တော်မူသောအရှင်က သူတို့အားမိန့်တော်မူချက်ကို (မာကု ၆း၃၁) တွင်၊ "...တောဒ္ဓဆိတ်ကွယ်ရာအရပ်သို့လာကြ။ ခဏအားဖြည့်၍ငြိမ်သက်စွာနေကြ။..." ဟူ၍ဖော်ပြထားပါသည်။ သူတို့အနေဖြင့် လူအများတို့အတွက် သူတို့၏အသက်ဝိညာဉ်တို့ကို အလုပ်ထဲသို့လုံးလုံးလျားလျားသွတ်သွင်းထားသည့်အလျောက် သူတို့၏ကာယပိုင်းကိုရော၊ ဉာဏပိုင်းကိုပါ အင်အားဆုတ်ယုတ်သွားစေပါသည်။ ထို့ကြောင့် အနားယူကြရေးမှာလည်း သူတို့၏တာဝန်အဖြစ်ဖြင့်ရှိနေခဲ့ပါသည်။

"...ဆိတ်ကွယ်ရာအရပ်သို့လာကြ။ ခဏအားဖြည့်၍ငြိမ်သက်စွာနေကြ..." ဆိုသည့် သူ၏တပည့်တော်တို့ကိုမိန့်တော်မူသော နှုတ်တော်ထွက်အတိုင်းနှင့် တစ်ထပ်တည်းပင် ယခုကာလရှိသူ၏အမှုတော်ဆောင်များတို့အား ကြင်နာသနားခြင်းဆိုင်ရာနှုတ်တော်ထွက်ကို သခင်ခရစ်တော်က မိန့်ကြားတော်မူနေပါသည်။ အလွန်မောပန်းနေပြီး၊ မွန်းကျပ်နေကြသောသူတို့အား မိန့်တော်မူခြင်းဖြစ်ပါသည်။ လူတို့၏ဝိညာဉ်ရေးဆိုင်ရာလိုအပ်ချက်များအတွက် အမှုတော်ဆောင်နေသည့်တိုင် အမှုတော်ဆောင်တို့အနေဖြင့် စိတ်ကျဉ်းကျပ်မှုနှင့်စိတ်လှုပ်ရှားရမှုတို့၏လောင်းရိပ်အောက်တွင် အမြဲတစေအကျရောက်ခံနေခြင်းသည် အမြော်အမြင်မရှိရာရောက်သည့်အပြင်၊ ဤသို့ကျင့်သုံးနေကြခြင်းကြောင့် မိမိကိုယ်ပိုင်ဘာသာတရားကိုင်းရှိုင်းမှုသည် လျစ်လျူရှုခံထားရသည့်အပြင် စိတ်ပိုင်း၊ ဝိညာဉ်ရေးပိုင်းနှင့် ခန္ဓာကိုယ်ပိုင်းဆိုင်ရာစွမ်းအားများတို့သည် အလွန်အကျွံလျော့နည်းလာကြမည်ဖြစ်သည်။ မိမိကိုယ်ကိုချုပ်တည်းခြိုးခြံခြင်းသည် သခင်ခရစ်တော်၏အစေကျွန်များအတွက်လိုအပ်ပြီး ဆက်ကပ်အပ်နှံခြင်းကိုလုပ်ဆောင်ရကြမည်ဖြစ်ကာ၊ ဘုရားသခင်အနေဖြင့်လည်း ကျန်းမာခြင်းနှင့်ပတ်သက်သည့် ပညတ်တရားတော်များကို အသေအချာစောင့်ကြပ်ကြည့်ရှုတော်မူမည်ဖြစ်သည်အလျောက် သူ့အတွက်အမှုတော်ကိုထမ်းဆောင်ပေးရာတွင် ကျွန်ုပ်တို့သည် အသိဉာဏ်ကိုအသုံးပြုကြခြင်းဖြင့် ကျွန်ုပ်တို့အား သူပေးအပ်ထားတော်မူသည့်အသက်တာကို ထိန်းသိမ်းစောင့်ရှောက်ထားပြီးသားဖြစ်သွားပါသည်။

သခင်ယေရှုသည် အံ့သြဖွယ်ရာများတို့ကို လုပ်ဆောင်နိုင်တော်မူခဲ့သည့်အပြင်၊ သူ၏တပည့်တော်တို့ကိုပါ ထိုအံ့သြဖွယ်ရာများကိုလုပ်ဆောင်ကြရန်အတွက် လုပ်ပိုင်





ခွင့်ပေးထားတော်မူခဲ့သည့်တိုင် ခြေကုန်လက်ပန်းကျခဲ့ကြသော သူ၏အစေခံကျွန်များတို့အား တောအရပ်သို့သွားရောက်စေပြီး အနားယူစေတော်မူခဲ့ပါသည်။ သူက စပါးရိတ်စရာများစွာရှိပြီး၊ ရိတ်သောသူတို့သည် နည်းပါးလှသည့်အကြောင်းကို မိန့်တော်မူခဲ့ပါသော်လည်း သူ၏တပည့်တော်တို့ကို ပင်ပန်းတကြီးဖြင့် မရပ်မနားလုပ်ဆောင်ကြရန်လိုအပ်ကြောင်းကို တိုက်တွန်းမိန့်တော်မူခြင်းမရှိခဲ့ဘဲ၊ (မဿဲ ၉း၃၈) တွင်ဖော်ပြထားသည့် "ထို့ကြောင့် လုပ်ဆောင်သောသူတို့ကို စပါးရိတ်စေခြင်းငှာ စေလွှတ်တော်မူမည်အကြောင်း စပါးရှင်ကိုဆုတောင်းကြလော့။..." အတိုင်းသာမိန့်တော်မူခဲ့ပါသည်။ လူတိုင်းတို့အား သူတို့၏အရည်အချင်းပေါ်မူတည်ပြီး၊ ဘုရားသခင်သည် သူ၏အမှုတော်၌ အလုပ်ခန့်ထားတော်မူပြီး၊ အခြားသောသူတို့က အသက်ဝိညာဉ်ဆိုင်ရာ မည်သည့်ဝန်ထုပ်ဝန်ပိုးနှင့် ဒုက္ခသုက္ခမျိုးမျှမရှိသောအချိန်တွင် သူခန့်အပ်ထားတော်မူသောသူတို့၌လည်း တာဝန်ယူရမှုနှင့်ပတ်သက်သည့် ဝန်ပိမှုအနည်းငယ်ကိုမျှ ထမ်းရွက်စေလိုတော်မူခြင်းမရှိပါ။

သခင်ခရစ်တော်၏အစေခံကျွန်တို့အနေဖြင့် မိမိတို့၏ကျန်းမာရေးကို အလေးမထားဟန်ဖြင့် ပြုမူနေထိုင်တတ်ကြပါသည်။ မည်သည့်လူကိုမျှ ခြေကုန်လက်ပန်းကျသည့်အဆင့်ဆီသို့ရောက်ရှိသွားအောင် အလုပ်ကြမ်းကိုမလုပ်ပါစေနှင့်။ ထိုသို့လုပ်ဆောင်ခြင်းကြောင့် လာမည့်အနာဂတ်ကြိုးပမ်းအားထုတ်မှုများအတွက် သူ့အားပိတ်ပင်တားမြစ်ထားရာရောက်ပါသည်။ နှစ်ရက်စာလုပ်ရမည့်အလုပ်ကို တစ်ရက်တည်းဖြင့် အတင်းအကျပ်မလုပ်ပါစေနှင့်။ အဆုံးတွင် သတိရှိရှိနှင့်အမြော်အမြင်ရှိရှိဖြင့် လုပ်ဆောင်ကြသောသူတို့သည် လိုအပ်လာသည့်အခါ၊ အနေးနှင့်အမြန်ဆွဲထုတ်အသုံးပြုစရာ ကာယပိုင်းရော၊ ဉာဏပိုင်းဆိုင်ရာအရန်ခွန်အားများမကျန်တော့လောက်အောင် အလွန်အကျွံအသုံးပြုလုပ်ဆောင်သောသူတို့ပြီးစီးသည့်အလုပ်ပမာဏအတိုင်း ပြီးစီးအောင်လုပ်ဆောင်နိုင်ကြသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

ဘုရားသခင်၏အမှုတော်သည် ကမ္ဘာကြီးအနှံ့ပင်ဖြစ်ပြီး၊ ကျွန်ုပ်တို့အနေဖြင့် အရည်အချင်းပိုင်းတွင် သေးငယ်သည်ဖြစ်စေ၊ ဂုဏ်ထူးဘွဲ့ထူးပိုင်ဆိုင်သည်ဖြစ်စေ ကျွန်ုပ်တို့ကိုလိုအပ်နေပါသည်။ လယ်ပြင်ကောက်ပင်တို့သည် ရိတ်သိမ်းရန်အချိန်ကျရောက်လာနေသည်ကို မြင်တွေ့နေရကြသည်အလျောက်၊ သူ၏အမှုတော်ဆောင်များတို့သည် သူတို့၏စွမ်းအားတို့ကို အလွဲသုံးစားပြုမိနိုင်သည့်အန္တရာယ်မျိုးရှိနိုင်သော်လည်း ထာဝရဘုရားက ထိုသို့လုပ်ဆောင်ရန်တောင်းခံတော်မမူပါ။ သူ၏အစေခံကျွန်များတို့သည်

အကောင်းဆုံးကိုဆောင်ရွက်ခဲ့ကြပြီးနောက် ရိတ်သိမ်းရမည့်လယ်ပြင်သည် အမှန်တကယ်ကြီးမားလှပြီး၊ လုပ်ဆောင်သောသူသည် နည်းပါးလှသည်ဆိုပြီး ပြောဆိုလာကြမည်ဖြစ်သော်လည်း၊ ဘုရားသခင်ကမူ (ဆာလံ ၁၀၃း၁၄) တွင်ဖော်ပြထားသည့်၊ "..... ငါတို့ကိုယ်ခန္ဓာကိုသိတော်မူ၏။ ငါတို့သည် မြေမှုန့်ဖြစ်ကြောင်းကိုသိတော်မူ၏" အတိုင်း ကျွန်ုပ်တို့အပေါ်နားလည်ပေးတော်မူပါသည်။

စားမှု၊ သောက်မှုတို့တွင် မဆင်ခြင်ခြင်း၊ အလုပ်ကြမ်းလုပ်ရာတွင်မဆင်ခြင်ခြင်း၊ အရာရာတိုင်းနီးပါးတို့တွင်မဆင်မခြင်ပြုလုပ်ခြင်းတို့ကြောင့် အကူအညီအထောက်အပံ့တို့အားဖြင့် အသက်ဆက်နေရကြပါသည်။ သတ်မှတ်ထားသည့်အချိန်ကာလအတွင်းများစွာသောအလုပ်တို့ကိုပြီးမြောက်အောင် ကြီးမားစွာခွန်အားစိုက်ထုတ်ပြီး၊ အပြီးလုပ်ဆောင်ကြသောသူတို့အနေဖြင့် သူတို့၏ဝေဖန်ပိုင်းခြားနိုင်စွမ်းအသိက နားသင့်ပြီးဟု၍အသိပေးသည့်အတိုင်း၊ အလုပ်ကိုဆက်လက်လုပ်ဆောင်ကြပါက သူတို့သည်မည်သည့်အခါမျှရယူပိုင်သူများမဟုတ်ကြပါ။ အနာဂတ်တွင် သူတို့အတွက်လိုအပ်မည့်စွမ်းပကားကို သုံးပစ်နေကြပါသည်။ သူတို့က အဆင်ခြင်ကင်းမဲ့စွာဖြင့် အသုံးပြုခဲ့ကြသောစွမ်းအင်တို့သည် တစ်ချိန်ချိန်တွင်လိုအပ်လာပါက၊ ထိုစွမ်းအင်ကင်းမဲ့မှုကြောင့်သူတို့ကျရှုံးကြမည်သာဖြစ်သည်။ ထိုအချိန်တွင် ကာယပိုင်းဆိုင်ရာခွန်အားများကုန်ခန်းသွားပြီး စိတ်ပိုင်းဆိုင်ရာစွမ်းအင်တို့ကိုလည်း ထုတ်မပေးနိုင်တော့ပါ။ သူတို့အတွက်ထိုအားအင်လိုအပ်လာသောအချိန်မျိုးတွင် သူတို့တွင်ရှိနေရမည့်အင်အားတို့သည်ကုန်ခန်းသွားပြီဖြစ်သည်။

တစ်နေ့စာအတွက်တာဝန်ယူရမည့်တာဝန်ကိုသာ ပြီးအောင်လုပ်ဆောင်ပြီး၊ မနက်ဖြန်တွင်မှလုပ်ဆောင်ရမည့်အလုပ်ကို ယနေ့တွင်စုပြုံမလုပ်ဆောင်ပါနှင့်။ ဘုရားသခင်သည် အကြင်နာတရားရှိတော်မူပြီး၊ သနားခြင်းကရုဏာနှင့်ပြည့်စုံတော်မူကာ သူ၏တောင်းခံတော်မူခြင်းသည် မျှတမှုရှိလှပါသည်။ ကာယပိုင်းဆိုင်ရာကျန်းမာရေးကို ဆုံးရှုံးသွားစေမည့်၊ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာစွမ်းအားများ ယုတ်လျော့သွားစေလောက်သည်အထိ တက်တက်ကြွကြွလှုပ်ရှားရမည့်အကြောင်းခြင်းရာမျိုးကို ဆက်တိုက်လုပ်ဆောင်ပေးကြရန် ကျွန်ုပ်တို့အား တောင်းခံတော်မမူပါ။ ကျွန်ုပ်တို့၏အာရုံကြောများတုံ့ဆိုင်းသွားကြသည်အထိ ခြေကုန်လက်ပန်းကျလောက်အောင် ဖိအားနှင့်စိတ်ပင်ပန်းမှုဒဏ်အောက်တွင် ကျွန်ုပ်တို့အားလုပ်ကိုင်စေလိုတော်မူခြင်းမရှိပါ။



ဆိတ်ကွယ်ရာအရပ်သို့သွားပြီး ခဏအားဖြည့်၍ငြိမ်သက်စွာနေကြရမည့်အမိန့်တော်ကို ဘုရားသခင်ရွေးချယ်ထားတော်မူသည့်လုပ်သားများတို့အနေဖြင့် လိုက်လျှောက်ကြရန်လိုအပ်ပါသည်။ ဤအမိန့်တော်ကိုဂရုမစိုက်ကြခြင်းကြောင့် အဖိုးထိုက်တန်လှသောအသက်ပေါင်းများစွာတို့သည် အသေခံသွားရကြပါသည်။ ပြည်တွင်းနှင့်နိုင်ငံရပ်ခြားတို့တွင် အမှုတော်ကိုမြှင့်တင်ရေးလုပ်ဆောင်မှုတွင် ကျွန်ုပ်တို့နှင့်အတူကူညီလုပ်ဆောင်ပေးနိုင်ကြသည့်သူတို့သည် အနားယူကြရန်လိုအပ်ကြသည်ဆိုခြင်းကို သိရှိလာကြသောအချိန်သည် အလွန်နောက်ကျလှပြီးဖြစ်သည်။ ဤအမှုတော်ဆောင်များတို့သည် လုပ်ကိုင်စရာလယ်ပြင်သည်ကြီးမားလှပြီး၊ လုပ်ဆောင်သောသူတို့မှာမူ အထူးများပြားစွာလိုအပ်နေကြသည်ကို တွေ့မြင်ရကြသောအခါ မည်သည့်အခြေအနေမျိုးဖြစ်ပေါ်လာပါစေ မမိုတ်မသုန်ဆက်လက်လုပ်ဆောင်ကြမှဖြစ်မည် ဆိုသည့်အတွေးမျိုးကိုခံစားလာခဲ့ကြပါသည်။ သဘာဝတရားက ကန့်ကွက်ပြောပြကြသည်ကို သူတို့သည် ဂရုမစိုက်ကြဘဲ သူတို့လုပ်ဆောင်ပြီးစီးနိုင်သည့်ပမာဏ၏နှစ်ဆမျှကို ပြီးစီးအောင်လုပ်ဆောင်ခဲ့ကြခြင်းကြောင့် ထာဝရအသက်ရှင်ခြင်းဆီသို့ ဖြောင့်မတ်သောသူတို့ကိုခေါ်ဆောင်သည့် နောက်ဆုံးသောတံပိုးမှုတ်ခြင်းအသံကို ကြားကြရသည့်နေ့အထိ၊ သူတို့အနားယူအိပ်စက်ကြရန် ဘုရားသခင်သည် သူတို့အားသင်္ချိုင်းဂူထဲတွင် လဲလျောင်းစေတော်မူပါသည်။

လုပ်ဆောင်သူတစ်ဦးသည် ဂရုတစိုက်လုပ်ကိုင်ရမှုနှင့် စိုးရိမ်ပူပန်ရမှုဆိုင်ရာလေးလံလှသည့်ဝန်ထုပ်ကြီး၏အောက်တွင်ကျရောက်နေပြီး၊ ခန္ဓာပိုင်းဆိုင်ရာရော၊ စိတ်ပိုင်းဆိုင်ရာတို့နှင့်ပတ်သက်သည့်အလုပ်ကို မနိုင်မနင်းလုပ်ကိုင်နေရပါက မိမိကိုယ်ကိုမိမိအပါးခိုလိုသည့်သဘောမျိုးဖြင့်မဟုတ်မူဘဲ လာမည့်တာဝန်များတို့အတွက် ပိုမိုကောင်းမွန်သည့်ကြိုတင်ပြင်ဆင်မှုကို လုပ်ဆောင်သည့်အနေဖြင့် ခဏတာခန့်မျှဘေးထွက်ထိုင် (အလုပ်ကိုရပ်နားထား) ပြီး အနားယူရပါမည်။ ကျွန်ုပ်တို့လျှောက်လှမ်းကြရာလမ်းကြောင်းများပေါ်တွင် ဝီရိယရှိသောရန်သူတစ်ဦးအမြဲတစေရှိနေပြီး၊ သူ၏စုံစမ်းနှောင့်ယှက်ခြင်းများ၊ အကျိုးဖြစ်ထွန်းမှုရှိစေရေးကို အထောက်အကူဖြစ်စေမည့် အားနည်းမှုများအပေါ်အသာစီးရစေရန်အတွက် အဆင်သင့်ရှိနေပါသည်။ စိတ်ပင်ပန်းမှုသည် အလွန်အကျွံဖြစ်လာပြီး၊ ခန္ဓာကိုယ်သည်လည်း အင်အားဆုတ်ယုတ်လာကြသောအခါ ရန်သူသည်သူ၏အရက်စက်အကြမ်းကြုတ်ဆုံးသော စုံစမ်းနှောင့်ယှက်ခြင်းများတို့ဖြင့် အားနည်းလာပြီးဖြစ်သော ထိုအသက်ဝိညာဉ်အပေါ်သို့ ဖိအားပေးလာပါသည်။ လုပ်ဆောင်သူအား သူ၏ခွန်အားကို ဂရုတစိုက်ဖြင့်ချွေတာစေပြီး၊ သူ့အနေဖြင့် အားသွန်ခွန်စိုက်

လုပ်ဆောင်ရမှုကြောင့် မောပန်းလာသောအခါ၊ သူ့အားအလုပ်ကိုခဏတာအနားရစေရန်အတွက် ဘေးထွက်ထိုင်စေပြီး သခင်ယေရှုနှင့်လက်ပွန်းတတီးရှိပါစေ။

ကိုယ်အင်္ဂါအဖွဲ့အစည်းတို့တွင် ပင်ပန်းနွမ်းနယ်ကြသောသူများနှင့် အခြားသောသူထက် သူတို့က ပိုမိုလေးလံလှသည့်ဝန်ထုပ်ဝန်ပိုးကို သယ်ပိုးနေရကြသည်ဟု အထင်ရှိနေကြသောသူများတို့အား ကျွန်ုပ်ပြောနေခြင်းမဟုတ်ပါ။ အလုပ်ကြမ်းကိုမလုပ်သောသူတို့အနေဖြင့် အနားယူကြရန်မလိုအပ်ပါ။ မိမိတို့ကိုယ်ကိုမိမိတို့သက်ညှာကြသောသူတို့နှင့် တာဝန်ယူမှုဆိုင်ရာ သူတို့သယ်ပိုးရမည့်တာဝန်အစု၏ဂုဏ်ကို ညှိုးနွမ်းစေကြသည့်သူများတို့သည် အမြဲတစေရှိနေကြပါသည်။ သူတို့အနေဖြင့် ကြီးမားပြင်းထန်လှသည့်ဝန်ထုပ်ကြီးအကြောင်းကို လေလုံးထွားပြောဆိုနိုင်ကြသော်လည်း၊ ထိုဝန်ထုပ်ကြီးမျိုးကို သယ်ပိုးရမည့်အဓိပ္ပါယ်ကိုမသိရှိကြပါ။ သူတို့၏လုပ်ဆောင်မှုသည် ဖြစ်ထွန်းမှုရှိသော်လည်း မစို့မပို့မျှသာသောရလဒ်မျိုးသာဖြစ်ပါသည်။

သခင်ခရစ်တော်သည် သူ၏ပျူငှာသောနှုတ်တော်ထွက်များကို မိန့်တော်မူခဲ့ခြင်းသည် သူ၏အမှုတော်အတွင်း ချုံးကျသွားအောင်လုပ်ဆောင်နေကြသောသူတို့ကိုသာ ရည်ညွှန်းတော်မူပြီး၊ မိမိတို့ကိုယ်ကိုသက်ညှာကြသောသူတို့အတွက်ကိုမဆိုလိုပါ။ ယခုကာလတွင်မူ မိမိကိုယ်ကိုမိမိဂရုမစိုက်သူ၊ သူတို့အရည်အချင်း၏ကြီးမားသောပမာဏဖြင့် လုပ်ကိုင်နေကြသူများ၊ သူတို့အနေဖြင့် အလုပ်ကိုပိုမိုမလုပ်ဆောင်နိုင်ကြခြင်းဖြင့် စိတ်သောကရောက်နေကြသူများနှင့် သူတို့တွင်ရှိနေသည့်ခွန်အားထက် ပိုလွန်သည့်အားမာန်ကို လက်ကိုင်ထားကြသူများတို့အတွက် ကယ်တင်တော်မူသောအရှင်က၊ “. . . ဆိတ်ကွယ်ရာအရပ်သို့လာကြ။ ခဏအားဖြည့်၍ငြိမ်သက်စွာနေကြ. . .” ဟူ၍ မိန့်တော်မူထားပါသည်။

ဘုရားသခင်ပို့ချပေးတော်မူသောသင်တန်းတွင် သင်ယူနေကြသောသူအားလုံးတို့အနေဖြင့် ကမ္ဘာလောကကြီးနှင့် ၎င်း၏ဓလေ့ထုံးစံ၊ သို့မဟုတ် ၎င်း၏အမှုအကျင့်များတို့နှင့် လိုက်လျောညီထွေမှုမရှိသောအသက်တာမျိုးကို ပြသကြမည့်အပြင်၊ လူတိုင်းလူတိုင်းတို့သည် ဘုရားသခင်၏အလိုတော်ဆိုင်ရာ ဗဟုသုတတစ်ရပ်ကိုရယူနိုင်သည့် ပုဂ္ဂိုလ်ရေးအတွေ့အကြုံမျိုးရှိနေကြရန် လိုအပ်ပါသည်။ (ဆာလံ ၄၆း၁၀) တွင်၊ သူကကျွန်ုပ်တို့အား “ငြိမ်ဝပ်လျက်နေကြလော့။ ငါကားဘုရားသခင်ဖြစ်သည်ဟုသိမှတ်ကြလော့။. . . ” ဟူ၍ တိုက်တွန်းတော်မူထားပါသည်။ ဤသို့အားဖြင့် တစ်ယောက်ထီးတည်းဖြင့်လည်း အနားယူခြင်းကိုတွေ့ရှိရယူနိုင်ပါသည်။ ထို့ပြင် ဤအချက်သည်



ဘုရားသခင်အတွက်လုပ်ဆောင်ပေးကြသူအားလုံးတို့အတွက် ထိရောက်သောကြိုတင်ပြင်ဆင်မှုပင်ဖြစ်ပါသည်။ သုတ်သီးသုတ်ပျာနိုင်လှသောလူအုပ်ကြီးနှင့် အသက်တာအတွက်ပြင်းထန်သည့်လှုပ်ရှားရမှုဆိုင်ရာ သောကများတို့အတွင်း၊ အထက်ဖော်ပြပါနည်းဖြင့် ပြန်လည်လန်းဆန်းလာသည့်အသက်ဝိညာဉ်သည် အလင်းတရားတော်နှင့် ငြိမ်သက်ခြင်းနှင့်ပြည့်ဝသည့်အခြေအနေမျိုးဖြင့် ဝန်းရံထားခြင်းကိုခံရပေမည်။ အသက်တာသည်လည်း သင်းထုံသောရနံ့ကိုရှူရှိုက်ရမည်ဖြစ်ပြီး၊ လူသားထုတို့၏နှလုံးသားများအတွင်းသို့ရောက်ရှိသွားမည့် ဘုန်းတော်ရှင်၏တန်ခိုးတော်ကို ပြသပေးပါလိမ့်မည်။ “The Desire of Ages,” p. 363.

–o–

tydkif; (7)

# ဧဝံဂေလိတရားတော်လုပ်ငန်းအတွင်းအကူအညီများ

## သမ္မာကျမ်းစာတော်ကိုလေ့လာသင်ယူခြင်း

အသက်ဝိညာဉ်များတို့၏ကယ်တင်ခြင်းအတွက် ထိထိရောက်ရောက်လုပ်ဆောင်လိုကြသည့် အမှုတော်ဆောင်များတို့အနေဖြင့် သမ္မာကျမ်းစာ၏ကျောင်းသားများအပြင် ဆုတောင်းခြင်းကိုလုပ်ဆောင်ကြသောသူများ ဖြစ်ရကြပါမည်။ အခြားသောသူတို့အား နှုတ်ကပတ်တရားတော်ကိုသင်ကြားပို့ချပေးရန်ကြိုးစားပြီး၊ မိမိကိုယ်၌က ထိုနှုတ်ကပတ်တရားတော်ကိုလေ့လာသင်ယူခြင်းကို လျစ်လျူရှုကြသောသူတို့သည် အပြစ်ကျူးလွန်ရာရောက်ပါသည်။ သူတို့ကိုင်စွဲထားသော သမ္မာတရားများတို့သည် စွမ်းအားကြီးမားပါသလား။ ဤသို့ဆိုလျှင် ထိုသမ္မာတရားတော်တို့ကို သူတို့အနေဖြင့် ကျွမ်းကျင်လိမ္မာစွာဖြင့်ပိုင်းခြားဆင်ခြင်သင့်ရကြပါမည်။ သူတို့၏ထင်မြင်ယူဆချက်တို့ကို ရှင်းလင်းစွာနှင့်ခိုင်မာစွာဖြင့်တင်ပြရကြပါမည်။ မြေမျက်နှာပြင်ပေါ်ရှိလူသားအားလုံးတို့အနက် ဤခေတ်ကာလအတွက် သတင်းစကားတော်ကို ကြေညာပေးကြသောသူတို့အနေဖြင့် သူတို့၏သမ္မာကျမ်းစာအကြောင်းကို နားလည်ထားသင့်ကြသည့်အပြင်၊ သူတို့ယုံကြည်ခြင်း၏သက်သေခံအထောက်အထားများတို့အပေါ်တွင် အသေးစိတ်သိရှိပြီး အကျွမ်းတဝင်ရှိရကြပါမည်။ အသက်၏နှုတ်ကပတ်တော်မြတ်ဆိုင်ရာ ဗဟုသုတမျိုးကိုပိုင်ဆိုင်ထားခြင်းမရှိသောသူသည် ကောင်းကင်နိုင်ငံတော်သို့ရောက်ရှိမည့်နည်းလမ်းကို အခြားသောသူတို့အား ညွှန်ကြားပြသပေးရေးအတွက် ကြိုးစားရန်အခွင့်အရေးမရှိပါ။

သမ္မာကျမ်းစာတော်သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်ဒေသနာဆိုင်ရာ ဥပဒေသဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင်ယူလေ့လာခြင်းထက်၊ စိတ်ပိုင်းစွမ်းအားဖြည့်တင်းပေးခြင်းနှင့် အသိဉာဏ်တိုးပွားလာစေအောင် အခြားအဘယ်အရာကိုမျှ မျှော်ကိုး၍မရနိုင်ပါ။ သမ္မာကျမ်းစာတော်တွင်ပါရှိသည့် သမ္မာတရားတော်များတို့၏ကျယ်ပြန့်မှုနှင့်မြင့်မြတ်စေမှုမျိုးကဲ့သို့ အခြားမည်သည့်စာအုပ်ကမျှ အတွေးအခေါ်များကို ထိထိရောက်ရောက်မြှင့်တင်ပေးခြင်း၊ သို့မဟုတ် စွမ်းရည်များအပေါ် အားမာန်ကိုပေးနိုင်စွမ်းမရှိကြပါ။ လုပ်သင့်လုပ်ထိုက်သည့်အတိုင်း ဘုရားသခင်၏နှုတ်ကပတ်တော်ကို လေ့လာသင်ယူကြပါက လူသားတို့အနေဖြင့် ကျယ်ဝန်းလှသည့်စိတ်အတွေး၊



အကျင့်စရိုက်ပိုင်းဆိုင်ရာမြင့်မြတ်ခြင်းနှင့် ယခုခေတ်ကာလတို့တွင် အတွေ့ရအလွန်နည်းလှသည့် တည်ငြိမ်သောရည်မှန်းချက်မျိုးတို့ကို ရရှိကြမည်ဖြစ်သည်။

တရားဟောစင်မြင့်ပေါ်မှနေပြီး အမှုတော်ကိုထမ်းဆောင်ကြသည့် ထောင်ပေါင်းများစွာသောသူတို့သည် မရှိမဖြစ်လိုအပ်သည့် စိတ်ပိုင်းဆိုင်ရာနှင့်အကျင့်စရိုက်ပိုင်းဆိုင်ရာ အရည်အချင်းများကင်းမဲ့ကြပါသည်။ ထိုသို့ဖြစ်ရကြခြင်းမှာ သူတို့သည် ကျမ်းစာတော်မြတ်ကိုသင်ကြားရယူခြင်းတွင် မိမိတို့ကိုယ်ကိုအသုံးမချကြခြင်းကြောင့်ဖြစ်ပါသည်။ သူတို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ဆိုင်ရာ သမ္မာတရားတော်တို့၏အပေါ်ယံကြောဗဟုသုတမျိုးဖြင့်သာ ကျေနပ်နေကြပြီး၊ ပုန်းကွယ်နစ်မြုပ်နေသောရတနာကို ဝီရိယရှိရှိဖြင့်ရှာဖွေရခြင်းထက် နည်းလမ်းတိုင်းတို့ဖြင့် များစွာသောဆုံးရှုံးစေခြင်းကို ဆက်လက်လုပ်ဆောင်ရန် ပိုမိုနှစ်သက်ကြပါသည်။

(ဆာလံ ၁၁၉း၁၁) တွင် ဆာလံဆရာက "ကိုယ်တော်ကိုမပြစ်မှားဘဲနေနိုင်မည်အကြောင်း ဗျာဒိတ်တော်ကိုနှလုံးထဲမှာသိုထားပါပြီ" ဟူ၍ ပြည့်ညွှန်ထားပါသည်။ ထို့အပြင် တိမောသေထံသို့ ရှင်ပေါလုရေးသားပေးပို့သောဩဝါဒစာကို (၂တိ ၃း၁၆၊၁၇) တွင် "ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့်ဖြစ်၍ ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကိုပြုစုခြင်းအလိုငှာ ပြင်ဆင်သောသူဖြစ်မည်အကြောင်း ဩဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်းကျေးဇူးများကိုပြုတတ်၏" ဟူ၍ တွေ့ရှိနိုင်ပါသေးသည်။

ကမ္ဘာမြေကြီးပေါ်သို့ အသက်ရှင်ခြင်းကိုပေးထားနေသည့် ဘုရားသခင်၏အသက်သည် သူ၏နှုတ်ကပတ်တော်အတွင်း၌ရှိနေပါသည်။ သူ၏နှုတ်ကပတ်တော်အားဖြင့်သာ သခင်ယေရှုသည် ရောဂါများကိုကုသပျောက်ကင်းစေတော်မူပြီး၊ နတ်ဆိုးတို့အားနှင်ထုတ်တော်မူခဲ့ပါသည်။ သူ၏နှုတ်တော်ထွက်အားဖြင့် ပင်လယ်ပြင်ကိုငြိမ်သက်စေတော်မူပြီး၊ သေဆုံးသောသူကို ပြန်လည်ရှင်လာစေတော်မူသည်အလျောက် သူ၏နှုတ်ကပတ်တော်သည် တန်ခိုးနှင့်ပြည့်စုံလှသည့်အကြောင်းကို လူအများတို့ကသက်သေခံခဲ့ကြပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သူက ဓမ္မဟောင်းကျမ်းကိုရေးသားခဲ့ကြသည့် စာရေးဆရာအားလုံးတို့အား မိန့်တော်မူခဲ့သည့်အတိုင်းပင် မိန့်တော်မူခဲ့ပါသည်။ သမ္မာကျမ်းစာတစ်အုပ်လုံးသည် သခင်ခရစ်တော်၏အတိအလင်းမိန့်တော်မူ

ချက်ဖြစ်ပါသည်။ ဤကျမ်းစာတော်မြတ်သည်သာလျှင် ကျွန်ုပ်တို့၏တစ်ခုတည်းသော စွမ်းအားအရင်းအမြစ်ဖြစ်ပါသည်။

ဤနှုတ်ကပတ်တော်သည် လှုပ်ရှားမှုကိုမဖိနှိပ်ပါ။ ၎င်းသည် တာဝန်ကျေပွန်ကြသည့် ရှာဖွေသူတို့၏ရှေ့မှောက်၌ လှုပ်ရှားမှုအတွက် ဆက်ကြောင်းများကိုဖွင့်ပြပေးပါသည်။ ၎င်းသည် လူတို့အားမသေချာမှု၊ ထို့အပြင် ရည်မှန်းချက်တစ်စုံတစ်ရာမရှိဘဲနှင့်ချန်ထားခြင်းမပြုဘဲ၊ အမြင့်မားဆုံးသောရည်ရွယ်ရင်းဖြစ်သည့် သခင်ခရစ်တော်ထံတော်သို့ အသက်ဝိညာဉ်များတို့ကို ပို့ဆောင်ပေးခြင်းအမှုကို သူတို့ရှေ့တွင်ချပြပေးတော်မူပါသည်။ ကောင်းကင်နိုင်ငံတော်သို့သွားရာခရီးလမ်းပေါ်သို့ ထွန်းလင်းစေသည့် မီးအိမ်တစ်လုံးကို သူတို့၏လက်ထဲတွင်ထည့်ပေးထားပါသည်။ ၎င်းသည် ရှာဖွေဆည်းပူး၍မရနိုင်သော ကြွယ်ဝချမ်းသာမှုများနှင့် မှန်းဆ၍မရနိုင်သည့်ရတနာများတို့ကို အသိပေးပြောပြထားပါသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်သည် အကျင့်စရိုက်၏စံချိန်စံညွှန်းဖြစ်ပါသည်။ ဤနှုတ်ကပတ်တော်ကို ကျွန်ုပ်တို့အားပေးအပ်တော်မူရာတွင် ဘုရားသခင်သည် ကယ်တင်ခြင်းရရှိရေးအတွက် မရှိမဖြစ်လိုအပ်လှသည့် မည်သည့်သမ္မာတရားတိုင်းကိုမဆို ပိုင်ဆိုင်နိုင်ကြရေးအတွက် ကျွန်ုပ်တို့အားအချိန်ပေးထားတော်မူပါသည်။ ထောင်ပေါင်းများစွာသောလူတို့သည် ဤအသက်စမ်းရေတွင်းများမှ ရေကိုခပ်ယူနေကြသည့်တိုင်၊ ထိုအသက်စမ်းရေတို့သည် ဆုတ်ယုတ်လျော့နည်းသွားခြင်းမရှိပါ။ ထောင်ပေါင်းများစွာသောသူတို့သည် သူတို့၏ရှေ့မှောက်တွင် ဘုရားသခင်အားတည်ရှိတော်မူစေပြီး ရှုမြင်နေကြခြင်းအားဖြင့် သဏ္ဌာန်တော်နှင့်အလားတူသည့်အနေအထားသို့ ပြောင်းလဲရောက်ရှိသွားကြပါသည်။ သို့သော်လည်း ဤရှာဖွေသူတို့အနေဖြင့် ထည်ဝါခံ့ညားပြီး၊ သန့်ရှင်းမွန်မြတ်သည့် ရေးသားထားတော်မူချက်တို့ကို မကုန်နိုင်မခန်းနိုင်ရရှိနေကြပါသည်။ ထောင်သောင်းမကသောသူတို့သည် ကယ်တင်ခြင်း၏အံ့ဩဖွယ်ရာများတို့ကို ရှာဖွေခြင်းအမှုတွင် ပါဝင်နေကြပါသည်။

သခင်ခရစ်တော်၏အသက်တာအကြောင်းနှင့် ထပ်ခါတလဲလဲရေးသားခြင်းခံရသည့် သူ၏အမှုတော်၏ဝိသေသလက္ခဏာတို့ကို အမှုတော်ဆောင်က လေ့လာသင်ယူရာတွင်၊ လက်ရှိသိရှိထားရသည့်အကြောင်းအရာများထက် ပိုမိုနက်နဲသည့် စိတ်ဝင်စားစရာအကြောင်းအရာများတို့ကို သူ၏ဆန်းသစ်သည့်ရှာဖွေလေ့လာမှုတိုင်းက ထုတ်ဖော်ပြသနိုင်မည်ဖြစ်သည်။ လေ့လာစရာအကြောင်းအရာများတို့မှာ မကုန်နိုင်





မခန်းနိုင်ဖြင့်ရှိနေပါသည်။ သခင်ခရစ်တော်၏လူသားအဖြစ်ကို ဆောင်ယူတော်မူခြင်းအကြောင်း၊ သူ၏အပြစ်ဖြေခြင်းဆိုင်ရာ အသက်စွန့်ဆက်ကပ်ခံတော်မူခြင်းအကြောင်းနှင့် ယခုအချိန်ဖျန်ဖြေပေးနေတော်မူသည့်အလုပ်အကြောင်းတို့ကို လေ့လာခြင်းသည် လုံ့လဝီရိယရှိသော စာသင်သား၏စိတ်အတွေးကို အဆုံးထိတိုင် အသုံးချမည့်အပြင်၊ မရေမတွက်နိုင်သော နှစ်ပေါင်းများစွာအတွင်း ကောင်းကင်ဘုံသို့မျှော်ကြည့်စေရင်း၊ (၁တိ ၃း၁၆) တွင်ဖော်ပြထားသည့်၊ “မှန်သောကိုးကွယ်ခြင်း၏နက်နဲသောအရာသည် ကြီးစွာသောအရာဖြစ်သည်။ . . ” အတိုင်း ကြွေးကြော်နေမည်ဖြစ်သည်။

ပထမကောင်းကင်တမန်၏သတင်းစကားနှင့် ဒုတိယကောင်းကင်တမန်၏သတင်းစကားတို့အကြောင်းကိုပြောဆိုကြရင်း၊ ကျွန်ုပ်တို့သည် တတိယကောင်းကင်တမန်၏သတင်းစကားအကြောင်းကို နားလည်နိုင်သောဉာဏ်ပညာအချို့ရှိနိုင်ကြလိမ့်မည်ဟု ထင်မြင်နေကြပါသည်။ သို့သော်လည်း နည်းပါးလှသည့်အသိဉာဏ်ဗဟုသုတရှိရုံမျှဖြင့် ကျွန်ုပ်တို့ကျေနပ်တင်းတိမ်နေသမျှကာလပတ်လုံး သမ္မာတရားတော်နှင့်ပတ်သက်သော ပိုမိုရှင်းလင်းသည့်အမြင်မျိုးကိုရယူနိုင်ရန် အရည်အချင်းပြည့်မီကြမည်မဟုတ်ပါ။ အသက်နှင့်ပတ်သက်သောနှုတ်ကပတ်တော်ကို ဆုပ်ကိုင်ထားသောသူအနေဖြင့် သမ္မာကျမ်းစာကိုလေ့လာသင်ယူရန်နှင့် သူ၏ကိုယ်ပိုင်စိတ်နှလုံးကို စူးစမ်းဆင်ခြင်ရန်အတွက် အချိန်ယူရပါမည်။ ဤအချက်ကိုလျစ်လျူရှုခြင်းဖြင့် သူသည် ဆင်းရဲသောအသက်ဝိညာဉ်တို့ကို မည်ကဲ့သို့အမှုတော်ဆောင်ရမည်ကို သိရှိမည်မဟုတ်ပါ။ ဝီရိယရှိပြီး နှိမ့်ချမှုရှိသောစာသင်သားအနေဖြင့် သခင်ယေရှုထံတော်တွင်ရှိခဲ့ဘူးသည့်ထက်သန်မှုရှိသောဆုတောင်းခြင်းနှင့် သမ္မာတရားတော်ကိုလေ့လာသင်ယူခြင်းဖြင့်ကြိုးပမ်းလုပ်ဆောင်ပါက အသေချာဆုံးသောချီးမြှင့်ခြင်းကို ခံစားရမည်ဖြစ်သည်။ လူသားစာရေးဆရာများတို့၏ထင်မြင်ယူဆချက်များမှမဟုတ်ဘဲ ဉာဏ်ပညာနှင့်ဗဟုသုတစမ်းရေတွင်းတော်မှနေပြီး၊ ထို့ပြင် သန့်ရှင်းမွန်မြတ်သည့် အသိဉာဏ်၏လမ်းညွှန်ချက်အောက်တွင် သူ့အနေဖြင့် အကူအညီကိုကြိုးပမ်းရှာဖွေပါက သမ္မာတရားတော်ကိုရှင်းလင်းစွာနားလည်နိုင်သော အသိဉာဏ်ကိုရရှိပေမည်။

စိတ်အတွေးများပေါ်တွင် သမ္မာတရားတော်အသွင်ခတ်နှိပ်နိုင်ရန်မှာ လူသားကိုယ်စားလှယ်၏ခွန်အား၊ သို့မဟုတ် စွမ်းအားတို့အားဖြင့်မဟုတ်ဘဲ (ဇာခရိ ၄း၆) တွင်ဖော်ပြထားသည့် “. . . ငါ့ဝိညာဉ်အားဖြင့်ဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏” အတိုင်း ထာဝရဘုရား၏ဝိညာဉ်တော်အားဖြင့်သာ

ခတ်နှိပ်ခြင်းခံရမည်ဖြစ်သည်။ အမှုတော်ဆောင်တစ်ယောက်အနေဖြင့် သူ၏အမှုတော်ဆောင်ခြင်းအလုပ်အောင်မြင်မှုရှိနေခြင်းသည် သူ၏ပင်ကိုစရိုက်နှင့် ကျလောက်အောင်အဟောအပြောကောင်းခြင်းတို့ကြောင့်မဟုတ်ပါ။ "ငါ (ပေါလု) သည် စိုက်ပျိုးသောသူဖြစ်၏။ အာပေါလုသည် ရေလောင်းသောသူဖြစ်၏။ အပင်ကိုကြီးပွားစေသောသူကား၊ ဘုရားသခင်ပေတည်း" ဆိုသည့် (၁ကော ၃း၆) တွင်ဖော်ပြထားသည့်အတိုင်းပင်ဖြစ်ပါသည်။ အမှုတော်ဆောင်၏ကြိုးပမ်းအားထုတ်မှုများတို့တွင် အောင်မြင်မှုကိုပေးစွမ်းနိုင်သည့်အရာမှာ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အကျွမ်းဝင်ခြင်းနှင့်ဘုန်းတော်ရှင်၏အလိုတော်အတိုင်း လိုက်နာခြင်းတို့ပင်ဖြစ်ပါသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်ကို လက်ခံရရှိထားသည့်စိတ်နှလုံးသည် အငွေ့ပျံ့နေသည့်ရေကန်၊ သို့မဟုတ် အိမ်အထက်ပိုင်းတွင်တပ်ဆင်ထားသည့် အဖိုးတန်လှသောရေတို့ကို ဆုံးရှုံးသွားစေသည့် ကွဲအက်နေသည့်ရေတိုင်ကီမျိုးကဲ့သို့မဟုတ်ပါ။ ၎င်းသည် ခန်းခြောက်သွားနိုင်ခြင်းမရှိသည့် ချောင်းငယ်မြောင်းငယ်များတို့၏ဖြည့်ဆည်းပေးနေခြင်းကြောင့် အေးမြပြီးဝင်းလက်တောက်ပကာ၊ ကျောက်တုံးကြီးတစ်တုံးမှတစ်တုံးဆီသို့ ခုန်ပေါက်စီးဆင်းရင်း မောပန်းနွမ်းနယ်သူများ၊ ရေငတ်နေကြသူများနှင့်လေးသောဝန်ကိုထမ်းရွက်နေကြသူများကို လန်းဆန်းသွားစေသည့် တောင်ကျစမ်းချောင်းကဲ့သို့ပင်ဖြစ်ပါသည်။

ကျမ်းစာတော်မြတ်၏သမ္မာတရားတော်များတို့နှင့် အကျွမ်းတဝင်ဖြစ်မှုသည်သမ္မာတရားတော်၏ဆရာကို သခင်ခရစ်တော်၏ကိုယ်စားလှယ်တော်တစ်ဦးအဖြစ်သို့ရောက်ရှိသွားစေမည့် အရည်အချင်းပြည့်မီခြင်းကို ပေးအပ်နိုင်မည်ဖြစ်သည်။ ကယ်တင်တော်မူသောအရှင်၏သင်ကြားပို့ချခြင်းဆိုင်ရာ စိတ်ဓာတ်မျိုးသည် ထိုဆရာ၏ညွှန်ကြားချက်နှင့် သူ၏ဆုတောင်းချက်များတို့ဆီသို့ တန်းတန်းမတ်မတ်ရောက်ရှိသွားစေသည့်အပြင်၊ ခွန်အားကိုလည်းရရှိစေမည်ဖြစ်သည်။ သူသည် ကျဉ်းမြောင်းပြီး၊ အသက်မဲ့သည့်သက်သေခံတစ်ဦးမဟုတ်သည့်အပြင် အလားသဏ္ဍာန်တူစွာဖြင့် ချမှတ်ထားသည့်ဟောပြောပို့ချချက်မျိုးတို့ကို ထပ်တလဲလဲဟောပြောမည်မဟုတ်ဘဲ သူ၏စိတ်အတွေးသည်လည်း သန့်ရှင်းသောဝိညာဉ်တော်၏အတောမသတ်သော ရောင်စုံကွန့်မြူးသည့်အလင်းတရားတော်အတွက် ဖွင့်ဟပေးထားလာမည်ဖြစ်သည်။

သခင်ခရစ်တော်က (ယောဟန် ၆း၅၄) တွင်၊ "ငါ၏အသားကိုစား၍၊ ငါ၏အသွေးကိုလည်းသောက်သောသူသည် ထာဝရအသက်ကိုရ၏" ဟူ၍မိန့်တော်



မူခဲ့ပြီး၊ အခန်းငယ် (၅၇) တွင်၊ "အသက်ရှင်တော်မူသောခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူ၍ ငါသည် ခမည်းတော်အားဖြင့် အသက်ရှင်သည်နည်းတူ၊ ငါ့ကိုစားသောသူသည် ငါ့အားဖြင့်အသက်ရှင်လိမ့်မည်" ဟူ၍မိန့်တော်မူထားခဲ့သည့်အပြင်၊ အခန်းငယ် (၆၃) တွင်၊ "ဝိညာဉ်သာလျှင် အသက်ရှင်စေ၏။. . . ငါပြောသောစကားသည် ဝိညာဉ်ဖြစ်၏။ အသက်လည်းဖြစ်၏" ဟူ၍ မိန့်တော်မူခဲ့ပါသည်။

ဘုရားသခင်၏အစေခံကျွန်များတို့အနေဖြင့် ဖော်ပြပါမိန့်တော်မူချက်တို့၏အဓိပ္ပါယ်ဖြစ်သည့် သမ္မာတရားတော်အကြောင်းကို ကြားဖူးကြပါက သူတို့သည်အမှုတော်လုပ်ငန်းအတွင်း ထာဝရအသက်၏လိုအပ်ချက်များတို့ကို တွေ့မြင်ရကြမည်ဖြစ်သည်။ ငြိုငွေ့ဖွယ်ကောင်းသည့်အပြင်၊ ပျင်းရိဖွယ်ရာဖြစ်သော တရားဟောပြောခြင်းကို ရပ်တန့်ကရပ်ထားရပါမည်။ ဧဝံဂေလိတရားတော်၏အခြေခံသမ္မာတရားတော်တို့ကို သစ်လွင်သောအလင်းထဲတွင် ပြသပေးရပါမည်။ သမ္မာတရားတော်၏လန်းဆန်းသောအသိဉာဏ်၊ ထို့အပြင် သမ္မာတရားတော်၏ရှင်းလင်းပြတ်သားမှုနှင့်တန်ခိုးတို့သည်ပိုင်းခြားနားလည်သောအနေအထားသို့ ရောက်ရှိလာမည်ဖြစ်သည်။ ထိုကဲ့သို့သောအမှုတော်လုပ်ငန်းတွင် လုပ်ကိုင်နေရသည့်အခွင့်ထူးကို ရရှိထားသူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ဩဇာသက်ရောက်မှုကို လက်ခံရယူနိုင်သည့်အခြေအနေမျိုးရှိပါကအသစ်သောအသက်တာ၏စွမ်းအားပေးမှုတန်ခိုးကို သိရှိခံစားရမည်ဖြစ်သည်။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်မီးသည် သူတို့အတွင်းသို့မီးမွှေးပေးမည်ဖြစ်သည်။ သူတို့၏စွမ်းအားတို့သည် သမ္မာတရားတော်၏တင့်တယ်ခြင်းနှင့်ခန့်ညားထည်ဝါမှုတို့ကို ပိုင်းခြားနားလည်နိုင်ရန် သူတို့အားအရှိန်မြင့်တင်ပေးပါသည်။

ဘုရားသခင်၏နှုတ်ကပတ်တော်ကို သူ၏အမြဲတစေအပေါင်းအသင်းအဖြစ်ထားရှိသောအမှုတော်ဆောင်သည် သမ္မာတရားတော်၏သစ်လွင်သောတင့်တယ်ခြင်းကိုစဉ်ဆက်မပြတ်သယ်ဆောင်လာမည်ဖြစ်သည်။ သခင်ခရစ်တော်၏ဝိညာဉ်တော်သည်သူ့အပေါ်တွင်သက်ရောက်မည့်အပြင်၊ ဘုရားသခင်ကလည်း အခြားသောသူတို့အားကူညီတော်မူရန် သူမှတစ်ဆင့်လုပ်ဆောင်တော်မူမည်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည်လည်း သူ၏စိတ်အတွေးနှင့်နှလုံးသားအတွင်းသို့ မျှော်လင့်ခြင်း၊ သတ္တိနှင့်သမ္မာကျမ်းစာတော်၏နိမိတ်ပုံတို့ဖြင့် ဖြည့်ဆည်းပေးတော်မူမည့်အပြင် ထိုအရာအားလုံးတို့ကို သူ၏ညွှန်ကြားမှုအောက်တွင်ရှိနေကြသည့်လူများတို့နှင့် ဆက်သွယ်ပေးထားတော်မူမည်ဖြစ်သည်။

သမ္မာကျမ်းစာတော်ထဲတွင် ဘုရားသခင်၏အမှားအယွင်းမရှိသော အကြံပေးတော်မူချက်တို့ကို ကျွန်ုပ်တို့ရရှိကြပါသည်။ ၎င်းအကြံပေးတော်မူချက်၏သင်ကြားပို့ချချက်များ လက်တွေ့ကျကျဖြင့်ဆက်လက်လုပ်ဆောင်မှုတို့သည် လူတို့အားတာဝန်ပိုင်းဆိုင်ရာ မည်သည့်တစ်စုံတစ်ရာသောအနေအထားတွင်မဆို ကိုက်ညီမှုဖြစ်စေမည်ဖြစ်သည်။ ဤအကြံပေးတော်မူချက်သည် အသက်ဝိညာဉ်ဆီသို့နေ့စဉ်ပြောဆိုတော်မူသည့် ဘုရားသခင်၏အသံတော်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်မှာ အမှောင်ဖုံးလွှမ်းနေသည့် ထိုးထွင်းသိမြင်နိုင်သောအသိဉာဏ်ကို အသိကြွယ်စေပြီး၊ ကိုယ်ကျိုးအတ္တစိတ်နှင့် မာကျောလှသည့်ကျောက်သားစိတ်နှလုံးတို့ကို အရည်ပျော်ကျသွားစေကာ၊ ပုန်ကန်ခြားနားလိုသောကျူးလွန်မှုကိုနှိမ်နင်းရန်နှင့် ထိုအသက်ဝိညာဉ်ကို ကမ္ဘာလောက၏အကျင့်ပျက်ခြစားခြင်းဩဇာသက်ရောက်မှုအောက်မှ ကယ်ဆယ်ပေးရန်ဖြစ်ပါသည်။ သူ၏တပည့်တော်တို့အတွက် သခင်ခရစ်တော်၏ဆုတောင်းချက်မှာ၊ “ကိုယ်တော်၏သမ္မာတရားအားဖြင့် သူတို့အားသန့်ရှင်းစေတော်မူပါ။ ကိုယ်တော်၏နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်၏” ဟူ၍ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သော ဝိညာဉ်တော်၏ဓားသည် အပြစ်သား၏စိတ်နှလုံးကိုထိုးစိုက်ပြီး တစ်စစီဖြတ်တောက်ပစ်လိုက်ပါသည်။ သမ္မာတရားတော်၏မြင့်မြတ်သန့်ရှင်းသော ဩဇာအရှိန်အဝါပါရှိခြင်းမရှိဘဲ ဟောကြားပြောဆိုသူ၏စိတ်ဝိညာဉ်အပေါ် သက်ရောက်မှုရှိပါက ထိုသမ္မာတရားတော်ဆိုင်ရာအယူအဆကို ထပ်ခါတလဲလဲဟောပြောပေးသည့်တိုင် နာကြားသူတို့အပေါ်သို့ သက်ရောက်သင့်သည့်အားမျိုး မကျရောက်နိုင်ခြင်းကြောင့် မှားယွင်းသောပြောဆိုချက်အဖြစ် ပယ်ချပစ်ပယ်ခြင်းခံရခြင်းဖြင့် အသက်ဝိညာဉ်များဆုံးရှုံးရမှုအတွက် ဟောကြားပြောဆိုသူအနေဖြင့် မိမိကိုယ်၌ပင် တာဝန်ရှိစေပါသည်။ “Testimonies for the Church,” vol. 4, p. 441.

## လျှို့လျှို့ဝှက်ဝှက်ဆုတောင်းခြင်း

မိသားစုအလိုက်ဆုတောင်းခြင်းနှင့် လူအများတကာတို့နှင့်ဆုတောင်းခြင်းတို့သည် သူ့နေရာနှင့်သူရှိနေကြသော်လည်း ဝိညာဉ်ရေးနှင့်ပြည့်ဝသော အသက်တာကို ကျားကန်ထောက်မပေးသည့် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းအရာတွင်မူ လျှို့ဝှက်တိတ်ဆိတ်မှုရှိရပါမည်။ ကြီးမြတ်မြင့်မားလှသည့် သူ၏ဘုန်းအသရေတော်ကိန်းဝပ်



တော်မူရန်အတွက် အံ့ချီးဖွယ်သောအဆောက်အဦ၏ပုံစံကို မောရှေတွေ့ရှိရန်အတွက် ဘုရားသခင်နှင့်တောင်ပေါ်တွင် တွေ့ဆုံခဲ့ရပါသည်။ လူသားမျိုးနွယ်တို့အတွက် ဘုရားသခင်၏ထူးမြတ်လှသော တုနှိုင်းမရသည့်စံပြနမူနာတော်ကို ရှုမြင်သုံးသပ်နိုင်ကြရန်အတွက် ဘုရားသခင်နှင့်မိတ်သဟာယပြုခြင်းသည် လျှို့ဝှက်တိတ်ဆိတ်သည့်တောင်ပေါ်တွင် လုပ်ဆောင်ခဲ့သည်ကို မောရှေအားပြသတော်မူခဲ့ခြင်းဖြစ်သည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့၏အကျင့်စရိုက်ပျိုးထောင်သည့်ဖော်ဆောင်ခြင်းကို ဤသို့သောနည်းဖြင့်ဖြစ်မြောက်အောင် ကျွန်ုပ်တို့လုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။ ထိုအကျင့်စရိုက်ပျိုးထောင်သည့်ဖော်ဆောင်မှုသည် (၂ကော ၆း၁၆) တွင်ဖော်ပြထားသည့်၊ “. . . သူတို့တွင် ငါကိန်းဝပ်မည်။ သူတို့တွင်လှည့်လည်၍ သူတို့၏ဘုရားသခင်ဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်။. . .” ဆိုသည့်ကတိတော်သည် ကျွန်ုပ်တို့၌ပြည့်စုံခြင်းသို့ရောက်ရှိစေမည်ဖြစ်သည်။

ကျွန်ုပ်တို့၏နေ့စဉ်အလုပ်ကို ကျွန်ုပ်တို့ပါဝင်လုပ်ဆောင်ကြရာတွင် အသက်ဝိညာဉ်ကို ကောင်းကင်ဘုံသို့ဆုတောင်းခြင်းအားဖြင့် မြှင့်တင်ပို့ဆောင်ပေးသင့်ကြပါသည်။ ဤတိတ်ဆိတ်သည့် အသနားခံမှုများတို့သည် ကျေးဇူးတော်ပလ္လင်ထက်သို့ မွှေးကြိုင်ရာပူဇော်သကာအလား တက်ရောက်သွားမည်ဖြစ်ပြီး၊ ရန်သူကိုလည်း ထိရောက်အောင်ဟန့်တားထားပြီးသားဖြစ်ပါသည်။ ထိုကဲ့သို့သောနည်းအားဖြင့် ဘုရားသခင်အပေါ်စိတ်နှလုံးဖြင့်တည်မှီနေကြသည့် ခရစ်ယာန်တို့အနေဖြင့် အနိုင်အထက်စီးနင်းခြင်းကို ခံစားရခြင်းမရှိနိုင်ပါ။ သူ၏ငြိမ်သက်ခြင်းချမ်းသာကိုလည်း မည်သည့်မကောင်းမှုပညာအတတ်ကမျှ မဖျက်ဆီးနိုင်ကြပါ။ အားလုံးသောဘုရားသခင်၏နှုတ်တော်ထွက်ကတိတော်များ၊ အားလုံးသောဘုန်းတော်ရှင်၏ကျေးဇူးတော်တန်ခိုး၊ အားလုံးသော ယေဟောဝါဒေဒကန၏အရင်းအမြစ်များတို့သည် သူ၏ကယ်လွှတ်ခံရခြင်းအတွက် စိတ်ချရစေရန် ကတိသစ္စာပြုကြပါသည်။ ဤကဲ့သို့သောနည်းမျိုးဖြင့် ဧနောက်သည် ဘုရားသခင်နှင့်အတူတကွလမ်းလျှောက်နိုင်ခဲ့ပါသည်။ ဘုရားသခင်ကလည်း၊ သူနှင့်အတူရှိနေတော်မူခြင်းဖြင့် သူလိုအပ်မှုရှိနေသည့်အချိန်တိုင်းတို့တွင် အကူအညီကို ပေးသနားတော်မူခဲ့ပါသည်။

သခင်ခရစ်တော်၏အမှုတော်ဆောင်များတို့အနေဖြင့် ဆုတောင်းခြင်းကိုအဓိကထားရကြပါမည်။ သူတို့အနေဖြင့် ကျေးဇူးတော်ပလ္လင်ဆီသို့ ရဲရင့်သောစိတ်ဖြင့်လာရကြမည်ဖြစ်ပြီး၊ သူတို့၏စင်ကြယ်သောလက်တို့ကို အမျက်ဒေါသ၊ သို့မဟုတ် သံသယ

စိတ်ဖြင့် မြှောက်တင်ထားရကြပါမည်။ သူတို့အနေဖြင့် မည်ကဲ့သို့လုပ်ဆောင်ရကြမည့်အပြင် စိတ်ဝိညာဉ်များတို့နှင့် မည်သို့ထိတွေ့ရကြမည်ကို သိရှိနိုင်ကြရေးအတွက် ကောင်းကင်ဘုံအရှင်ဖခမည်းတော်ထံသို့ ဉာဏ်ပညာနှင့်ကျေးဇူးတော်တို့ကို ယုံကြည်ခြင်းအားဖြင့် အသနားခံရကြပါမည်။

ဆုတောင်းခြင်းသည် အသက်ဝိညာဉ်၏ဝင်သက်၊ ထွက်သက်ဖြစ်ပါသည်။ ၎င်းသည် ဝိညာဉ်တန်ခိုးတော်၏လျှို့ဝှက်ချက်ပင်ဖြစ်ပါသည်။ ဆုတောင်းခြင်းသည် အသက်၏စမ်းရေတွင်းကြီးနှင့် စိတ်နှလုံးကိုချက်ချင်းချိတ်ဆက်ပေးပြီး၊ ဘာသာရေးကိုင်းရှိုင်းသည့်အတွေ့အကြုံဆိုင်ရာ ကြွက်သားနှင့်အရွတ်တို့ကို ခိုင်ခံ့သန်မာလာစေပါသည်။ ဆုတောင်းခြင်းအလေ့အကျင့်၊ သို့မဟုတ် တစ်ချက်တစ်ချက်တွင်သော်လည်းကောင်း၊ မကြာခဏဖြင့်သော်လည်းကောင်း အလျဉ်းသင့်သလို၊ ဆုတောင်းခြင်းတွင်ပါဝင်လုပ်ဆောင်ခြင်းတို့ကို လျစ်လျူရှုလိုက်ပါက သင်သည် သင်၏ဘုရားသခင်အား ဆုပ်ကိုင်ဖက်တွယ်ထားခြင်းကို လက်လွှတ်ဆုံးရှုံးသွားရမည်ဖြစ်သည်။ ထို့ပြင် ဝိညာဉ်ရေးဆိုင်ရာစွမ်းရည်များတို့သည် ချက်ချက်ချာချာမရှိတော့သည့်အပြင် ဘာသာရေးကိုင်းရှိုင်းမှုအတွေ့အကြုံသည်လည်း သန်စွမ်းသည့်အားမာန်မျိုးကင်းမဲ့သွားမည်ဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏မီးတိုင်ငယ်များတို့ကို ဘုန်းတော်ရှင်၏မီးစအားဖြင့် ဘုရားသခင်၏ယဇ်ပလ္လင်ထက်တွင်သာ ထွန်းညှိနိုင်ကြပါသည်။ မပြောပလောက်သည့်အပြင် ကျွမ်းကျင်မှုမရှိသေးသည့် လူသား၏အရည်အချင်းတို့ကိုပြသပေးခြင်းနှင့် သခင်ခရစ်တော်၏ခြောက်ပြစ်ကင်းသဲလဲစင်မှုနှင့် စင်ကြယ်သန့်ရှင်းမှုတို့၏ရှင်းလင်းလှသည့်မြင်ကွင်းများတို့ကို ပြသပေးနိုင်သည့်အရာမှာ ဘုန်းတော်ရှင်၏အလင်းတရားတော်သာလျှင်ဖြစ်ပါသည်။ ထိုနည်းတူစွာပင် သခင်ယေရှုကို သူနှင့်အလားသဏ္ဍာန်တူလိုသည့်ဆန္ဒနှင့်လှမ်းမျှော်ကြည့်နိုင်ရေး၊ ကျွန်ုပ်တို့ဆာငတ်ခင်မွတ်ကြသော သူ၏ဖြောင့်မတ်ခြင်းတရားတော်ကို မြင်တွေ့နိုင်ကြရေးနှင့် ဘုရားသခင်က ကျွန်ုပ်တို့၏နှလုံးသားဆန္ဒကို ခွင့်ပြုတော်မူရန်အတွက် ထက်သန်သောဆုတောင်းခြင်းဖြင့် တောင်းလျှောက်နိုင်ကြရေးတို့သည်လည်း ဘုန်းတော်ရှင်၏အလင်းတရားအားဖြင့်သာလျှင် ဖြစ်နိုင်ပါသည်။

ဘုရားသခင်၏စေတမန်တော်များအနေဖြင့် သူတို့၏အလုပ်တွင် အောင်မြင်မှုရရှိလိုကြပါက သူနှင့်အတူတကွ အချိန်ကြာမြင့်စွာဖြင့်ရှိနေရကြပါမည်။ လိုင်ကရှိုင်းယား (Lancashire) မြို့ရှိ အဘွားအိုတစ်ဦးအား၊ သူမ၏အိမ်နီးချင်းတို့က သူတို့၏အမှုတော်



ဆောင်၏အောင်မြင်မှုအကြောင်းနှင့်ပတ်သက်သည့် ဖြစ်ရပ်များတို့ကိုဝေမျှပေးနေသည်ကို နားထောင်နေခဲ့ပါသည်။ သူမ၏အိမ်နီးချင်းတို့က သူတို့၏အမှုတော်ဆောင်၏အစွမ်းအစ၊ ဟောပြောသည့်သွင်ပြင်အနေအထားများနှင့်အမူအရာများတို့ကို ပြောပြပေးခဲ့ကြပါသည်။ ဤတွင် အဘွားအိုက၊ “မဟုတ်သေးပါဘူး။ နေဦး၊ နေဦး။ ဒီဟာကဘာလဲဆိုတာကို ရှင်တို့ကိုကျွန်မရှင်းပြမယ်။ တကယ်ဆိုရင် ရှင်တို့ရဲ့လူဟာ သူ့အရည်အချင်းကြောင့် အောင်မြင်တာမဟုတ်ဘူးလေ။ သူက ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားနဲ့ တပူးတွဲတွဲနေလို့သာ အောင်မြင်တာပါ” ဟူ၍ ပြန်လည်ရှင်းပြခဲ့ပါသည်။

လူသားများအနေဖြင့် ဧလိယဆက်ကပ်ခဲ့သကဲ့သို့ ဆက်ကပ်ကြပြီး၊ ဧလိယပိုင်ဆိုင်ခဲ့သည့်ယုံကြည်ခြင်းမျိုးကိုလည်း ပိုင်ဆိုင်ထားကြပါက ဘုရားသခင်သည် ဧလိယအား မိမိကိုယ်ကို ကိုယ်ထင်ပြသတော်မူခဲ့သကဲ့သို့ သူတို့အားလည်း ကိုယ်ထင်ပြသပေးတော်မူဦးမည်ဖြစ်သည်။ ယာကုပ်သည် ထာဝရဘုရားထံတော်သို့ အသနားခံခဲ့သကဲ့သို့ လူတို့အနေဖြင့်အသနားခံကြပါက၊ ယာကုပ်မြင်တွေ့ခဲ့ရသည့်ရလဒ်မျိုးများအတိုင်း လူတို့က မြင်တွေ့ရကြပါဦးမည်။ ယုံကြည်ခြင်းအားဖြင့် တောင်းလျှောက်သောဆုတောင်းချက်ကို ဖြေကြားတော်မူခြင်းအားဖြင့် တန်ခိုးတော်သည် ဘုရားသခင်ထံတော်မှလာပါလိမ့်မည်။

အမြဲတစေယုံကြည်ကိုးစားသည့်အသက်တာမျိုးဖြင့်ရှင်သန်ခဲ့ပြီး၊ ထိုအသက်တာကို အဆက်မပြတ်သောမိတ်သဟာယဖွဲ့တော်မူခြင်းဖြင့် ထောက်မ၊ ကျွေးကန်ပေးထားသောအသက်တာမျိုးဖြင့် ရှင်သန်တော်မူခဲ့ခြင်းကြောင့် သခင်ယေရှုသည် ကောင်းကင်နိုင်ငံတော်ကြီးအတွက် သူ၏ဆောင်ရွက်တော်မူခြင်းသည် ကျရှုံးခြင်း၊ သို့မဟုတ် တုံ့ဆိုင်းခြင်းနှင့် ကင်းရှင်းခဲ့ပါသည်။ နေ့စဉ်စုံစမ်းနှောင့်ယှက်ခြင်းဖြင့် ပတ်ချာလည်ဝိုင်းခြင်းခံရပြီး၊ လူ (ယုဒလူ) တို့၏အကြီးအကဲတို့၏အမြဲတစေဆန့်ကျင်ခံခဲ့ရရာ၌ သခင်ခရစ်တော်အနေဖြင့် သူ၏လူသားသွင်ပြင်ကို ဆုတောင်းခြင်းအားဖြင့် ခိုင်ခံ့စေရမည့်အကြောင်းကို သူသိရှိတော်မူခဲ့ပါသည်။ လူသားတို့အတွက် ကောင်းချီးမင်္ဂလာတစ်ပါးဖြစ်ရေးအတွက် သူ့အနေဖြင့် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့တော်မူရမည်ဖြစ်ပြီး ဤသို့အားဖြင့် သူ၏ထံတော်မှ ကောင်းချီးမင်္ဂလာတည်းဟူသော စွမ်းအင်၊ ဇွဲလုံ့လနှင့်ခိုင်ခံ့မြဲမြံမှုတို့ကို ရယူနိုင်ကြမည်ဖြစ်သည်။

ကယ်တင်တော်မူသောအရှင်သည် သူ၏အဖခမည်းတော်နှင့်မိတ်သဟာယဖွဲ့တော်မူရန်အတွက် လူသူနှင့်ဝေးရာအရပ်ရှိ တောင်ပေါ်ဒေသကို နှစ်သက်တော်မူခဲ့

ပါသည်။ လူတို့အား ပျက်စီးရာပျက်စီးကြောင်းမှ ကယ်ဆယ်တော်မူရန်အတွက် တစ်နေ့တာလုံး စိတ်အားထက်သန်စွာဖြင့် လုပ်ဆောင်တော်မူခဲ့ပါသည်။ သူ့အနေဖြင့် နာမကျန်းဖြစ်သူတို့ကို သက်သာပျောက်ကင်းစေခဲ့ပြီး၊ ဝမ်းနည်းပူဆွေးနေကြသူတို့ကို နှစ်သိမ့်စေခဲ့ကာ သေဆုံးသွားသောသူတို့ကို ပြန်လည်ရှင်လာစေလျက်၊ မျှော်လင့်ချက်ပျောက်ဆုံးကာ စိတ်ပျက်လက်ပျက်ဖြစ်နေကြသည့်သူတို့အား မျှော်လင့်ချက်နှင့်ခွန်အားတက်စေခြင်းတို့ကို ယူဆောင်ပေးတော်မူခဲ့ပါသည်။ နေ့ဘက်အမှုတော်ပြီးဆုံးပြီးသည့်နောက် သူသည် တစ်ညနေပြီးတစ်ညနေတိုင်းတို့တွင် မြို့၏ရှုပ်ထွေးမှုများတို့ဆီမှဝေးရာသို့ထွက်သွားပြီး၊ သူ၏အဖခမည်းတော်ထံသို့ ဦးညွှတ်ဆုတောင်းတော်မူခဲ့ပါသည်။ မကြာခဏပင်လျှင် သူသည် တစ်ညလုံးလုံးဖြင့် သူ၏အသနားခံခြင်းကို ဆက်တိုက်လုပ်ဆောင်တော်မူခဲ့သော်လည်း မိတ်သဟာယဖွဲ့သည့် ဤအချိန်များပြီးမြောက်ပြီးအပြန်ခရီးသည် လာမည့်နေ့အတွက် သူထမ်းရွက်တော်မူရမည့်တာဝန်နှင့် ရင်ဆိုင်ရမည့်စစ်ဆေးစုံစမ်းခြင်းတို့အတွက် အားအင်တိုးပွားပြီး လန်းလန်းဆန်းဆန်းဖြင့်ရှိတော်မူခဲ့ပါသည်။

သခင်ခရစ်တော်၏အမှုတော်ဆောင်များတို့အနေဖြင့် စာတန်မာရ်နတ်၏ပြင်းပြင်းထန်ထန်ထိုးနှက်ပုတ်ခတ်တိုက်ခိုက်ပြီး၊ နှောင့်ယှက်ခြင်းခံနေရကြပါသလား။ ထိုကဲ့သို့ပင် အပြစ်နှင့်ထိတွေ့တော်မူခဲ့ခြင်းမရှိသည့် သခင်ခရစ်တော်သည် ထိုအဖြစ်မျိုးကိုခံစားတော်မူခဲ့ရပါသည်။ စိတ်ပူပန်သောကရောက်ရသောအချိန်မျိုးတွင် သူသည် သူ၏အဖခမည်းတော်ကို အားကိုးအားထားပြုတော်မူခဲ့ပါသည်။ သူကိုယ်တော်တိုင်၌က ကောင်းချီးမင်္ဂလာနှင့်အင်အားတို့၏မူလအရင်းအမြစ်တစ်ခု ဖြစ်တော်မူသည့်အလျောက်၊ နာမကျန်းဖြစ်သူတို့ကို သက်သာပျောက်ကင်းစေပြီး၊ သေဆုံးသွားသောသူတို့ကို ရှင်ပြန်လာစေသည့်အပြင် လေပြင်းမုန်တိုင်းကို ငြိမ်သက်သွားအောင်အမိန့်ပေးတော်မူသောအခါ သူ့အားနာခံခဲ့သည့်တိုင် သူသည် ဆုတောင်းတော်မူခဲ့ပါသေးသည်။ ထိုသို့ဆုတောင်းရာတွင်လည်း ကြီးစွာသောအသံဖြင့်သော်လည်းကောင်း၊ ငိုကြွေး၍သော်လည်းကောင်း မကြာခဏဆုတောင်းတော်မူခဲ့ပါသည်။ သူသည် သူ၏တပည့်တော်တို့အတွက်နှင့် သူ့ကိုယ်တော်တိုင်အတွက်ကိုပါ ဆုတောင်းတော်မူခဲ့ခြင်းဖြင့် မိမိကိုယ်ကို သာမန်လူသားတို့နှင့်တန်းတူသဘောမျိုး ထားရှိတော်မူခဲ့ပါသည်။ သူသည် ခွန်အားရှိလှသောအသနားခံသူတစ်ဦးဖြစ်တော်မူခဲ့ပါသည်။ သူသည် အသက်ရှိအရှင်သခင်တစ်ပါးဖြစ်တော်မူသည်





အလျောက် ဘုရားသခင်၏တန်ခိုးတော်နှင့် ပြည့်စုံတော်မူပြီး၊ နေရာအနှံ့တွင်စံနေတော်မူပါသည်။

သခင်ခရစ်တော်၏စစ်မှန်သည့်ကိုယ်စားလှယ်တော်များဖြစ်ကြသည့် အမှုတော်ဆောင်များတို့အနေဖြင့် ဆုတောင်းခြင်းဖြင့်ပြည့်ဝသည့်သူများ ဖြစ်ရကြပါလိမ့်မည်။ ငြင်းပယ်ခံရခြင်းမရှိမည့် စိတ်အားထက်သန်မှုနှင့်ယုံကြည်ခြင်းတို့အားဖြင့် သူတို့အမှုတော်ဆောင်ခြင်းအတွက် ခိုင်ခံ့စေရန်နှင့်အားဖြည့်စေရန်၊ ထို့ပြင် သူတို့၏နှုတ်ခမ်းသားများကိုစင်ကြယ်စေရေးအတွက် မီးတောက်နေသောမီးခဲတစ်စဖြင့်တို့ထိပေးခြင်းဖြင့် သူ၏နှုတ်ကပတ်တော်တို့ကို လူအများတို့အားမည်သို့ပြောပြပေးရမည်ကို သိရှိကြစေရန်အတွက် သူတို့သည် ဘုရားသခင်ထံတော်တွင် ကတိသစ္စာပြုကြပေမည်။

ဆုတောင်းခြင်းသည် မိတ်ဆွေတစ်ယောက်အသွင်ဖြင့် ဘုရားသခင်ထံတော်သို့ စိတ်နှလုံးကိုဖွင့်ဟပေးခြင်းပင်ဖြစ်ပါသည်။ ယုံကြည်ခြင်းဖြင့်ပြည့်ဝသောမျက်လုံးသည် ဘုရားသခင်အား အလွန်နီးနီးကပ်ကပ်ဖြင့်ပိုင်းခြားနားလည်မည်ဖြစ်ပြီး၊ အသနားခံသူသည် ဘုန်းတော်ရှင်၏ချစ်ခြင်းမေတ္တာတော်နှင့် သူ့အားစောင့်ရှောက်တော်မူခြင်းဆိုင်ရာ အဖိုးထိုက်လှသည့်အထောက်အထားကို ရယူပေးမည်ဖြစ်သည်။ စစ်မှန်ရိုးသားမှုရှိသည့် နှလုံးသားတစ်ခုမှထွက်ပေါ်လာသည့် နာသနေလ၏ဆုတောင်းဆက်ကပ်ခြင်းသည် အရှင်သခင်၏နားညောင်းတော်မူခြင်းနှင့်ဖြေကြားတော်မူခြင်းကို ခံယူရရှိခဲ့ပါသည်။ ထာဝရဘုရားသည် အားလုံးသောသူတို့၏စိတ်နှလုံးတို့ကို ဖတ်ရှုနိုင်တော်မူပြီး၊ (သုတ္တံ ၁၅း၈) တွင်ဖော်ပြထားသည့်၊ "。 。 。 သဘောဖြောင့်သောသူ ဆုတောင်းသောပတ္ထနာကိုကား၊ နှစ်သက်တော်မူ၏" အတိုင်း၊ ကျွန်ုပ်တို့၏အပေါ်တွင် ကျင့်သုံးတော်မူမည်ဖြစ်သည်။ မိမိကိုယ်ကိုချီးမြှောက်ခြင်းမဟုတ်ဘဲ သူတို့၏အားနည်းချက်နှင့်မထိုက်တန်ခြင်းတို့ကို ရိုးစင်းစွာဖြင့်ခံစားနေကြသည့်လူတို့၏ သူ၏အထံတော်သို့ နှလုံးသားဖွင့်ဟပြောဆိုကြသည့်အသံတို့ကို နားညောင်းတော်မူရန် နှေးတော်မမူပါ။

စိတ်ထက်သန်မှုရှိပြီးပြင်းပြကာ ပူပန်သောကမှုနှင့်အတိပြီးသောဆုတောင်းခြင်းမျိုးလိုအပ်ပါသည်။ ဒါဝိဒ်ထုတ်ဖော်မြွက်ဆိုထားသည့် ဆုတောင်းချက်များဖြစ်သည့် (ဆာလံ ၄၂း၁) တွင်ဖော်ပြထားသည့် "သမင်ဒရယ်သည် ရေစီးသောချောင်းကိုတောင့်တသကဲ့သို့ အကျွန်ုပ်ဝိညာဉ်သည် ကိုယ်တော်ကိုတောင့်တပါသည်ဘုရား" ဆိုသည့်ဆုတောင်းချက်၊ (ဆာလံ ၁၁၉း၄၀) တွင်ဖော်ပြထားသည့် "ပေးတော်မူသောဩဝါဒများကို တောင့်တပါ၏။ 。 。" ဆိုသည့်ဆုတောင်းချက်၊ (အငယ် ၁၇၄) တွင်ဖော်ပြ

ထားသည့် “. . . ကယ်တင်တော်မူခြင်းကျေးဇူးကို အကျွန်ုပ်တောင့်တပါ၏။ . . . ” ဆိုသည့် ဆုတောင်းချက်အပြင်၊ (ဆာလံ ၈၄း၂) တွင်ဖော်ပြထားသည့် “ထာဝရဘုရား၏တံတိုင်းတော်တို့ကို အကျွန်ုပ်၏ဝိညာဉ်သည်တသ၍၊ အားလျှော့လျက်ရှိပါ၏။ အကျွန်ုပ်နှလုံးနှင့်ကိုယ်ခန္ဓာသည် အသက်ရှင်တော်မူသောဘုရားသခင်ကိုအလိုရှိ၍ ကြွေးကြော်ပါ၏” ဆိုသည့်ဆုတောင်းချက်များအတိုင်း ကျွန်ုပ်တို့ဆုတောင်းသင့်ကြပါသည်။

အထိရောက်ဆုံးသင်ကြားပို့ချပြီး ဟောပြောနိုင်ကြသည့်သူများတို့ဆိုသည်မှာ ဘုရားသခင်အားနှိမ့်ချစွာဖြင့်မျှော်လင့်ကြပြီး၊ သူ၏ဦးဆောင်လမ်းညွှန်တော်မူခြင်းနှင့် ကျေးဇူးတော်တို့ကိုစောင့်မျှော်နေကြသောသူများတို့သာ ဖြစ်ကြပါသည်။ “စောင့်မျှော်ပါ၊ ဆုတောင်းပါ၊ လုပ်ဆောင်ပါ” ဆိုသည့်စကားလုံးတို့သည် ခရစ်ယာန်၏ကြွေးကြော်သံဆောင်ပုဒ်ဖြစ်ပါသည်။ စစ်မှန်သည့်ခရစ်ယာန်တစ်ယောက်၏အသက်တာသည် စဉ်ဆက်မပြတ်ဆုတောင်းခြင်းနှင့်ပြည့်ဝသည့်အသက်တာတစ်ခုပင်ဖြစ်ပါသည်။ တစ်နေ့တာ၏အလင်းတရားနှင့်ခွန်အားတို့သည် နောက်နေ့တွင်ကြုံတွေ့ရမည့် စစ်ဆေးစုံစမ်းခြင်းများနှင့်ပဋိပက္ခများတို့အတွက် လုံလောက်မှုမရှိသည်ကို သူသိရှိပါသည်။ စာတန်မာရ်နတ်သည် သူ၏စုံစမ်းနှောင့်ယှက်ခြင်းတို့ကို အဆက်မပြတ်ပြောင်းလဲပစ်နေပါသည်။ နေ့စဉ်နေ့တိုင်းပင်လျှင် ကျွန်ုပ်တို့သည် မတူကွဲပြားသည့်ပတ်ဝန်းကျင်အခြေအနေများတို့တွင် ထားရှိခြင်းခံရမည့်အပြင် ကျွန်ုပ်တို့သည် လောလောလတ်လတ်ဖြစ်ပေါ်လာသည့် အန္တရာယ်များနှင့် ဆန်းသစ်ပြီးမထင်မှတ်သောစုံစမ်းနှောင့်ယှက်ခြင်းတို့အားဖြင့် စဉ်ဆက်မပြတ်ပြင်းထန်စွာရန်ပြုမှုတို့၏ဝန်းရံပိတ်ဆို့ခြင်း ဖြစ်ရပ်အသစ်အဆန်းတို့၏စောင့်ဆိုင်းနေမှုတို့ကိုပါ ရင်ဆိုင်ရကြမည်ဖြစ်သည်။ စုံစမ်းနှောင့်ယှက်ခြင်းတို့ကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်နှင့် ကျွန်ုပ်တို့ထမ်းဆောင်ရမည့်တာဝန်များတို့ကို လုပ်ဆောင်နိုင်ရေးအတွက် ကောင်းကင်ဘုံမှသာရယူနိုင်မည့် ခွန်အားနှင့်ကျေးဇူးတော်တို့ကိုသာလျှင် ကျွန်ုပ်တို့မျှော်လင့်နိုင်ကြမည်ဖြစ်သည်။

အမှားနှင့်မကင်းနိုင်ကြသည့်လူတို့အနေဖြင့် ဘုရားသခင်ထံတော်သို့ တောင်းလျှောက်ကြရာတွင် ဆက်ကပ်ခြင်းတန်ခိုးကို မထိုက်တန်ဘဲရရှိကြပြီး၊ ထိရောက်စွာဆုတောင်းနိုင်ကြခြင်းမှာ အံ့ဩဖွယ်ရာပင်ဖြစ်ပါသည်။ အဆုံးမရှိနိုင်သောဘုရားသခင်နှင့်ချိတ်ဆက်နိုင်ရန်အတွက် လူတို့အနေဖြင့် အခြားမည်သည့်မြင့်မားလှသည့်တန်ခိုးကို ယခုအရာထက်ပို၍လိုချင်စရာရှိကြမည်နည်း။ ချည့်နဲ့ပြီးအပြစ်နှင့်ရောပြွမ်းသည့်လူတို့



အနေဖြင့် သူ့အားဖန်ဆင်းတော်မူသောသူနှင့် စကားစမြည်ပြောဆိုနိုင်သည့်အခွင့်ထူးမျိုးရှိနေကြပါသည်။ ကျွန်ုပ်တို့အနေဖြင့် စကြဝဠာကြီး၏မဟာဧကရာဇ်တော်ကြီး၏ပလ္လင်ထက်ဆီသို့ရောက်ရှိအောင် ကျွန်ုပ်တို့၏စကားလုံးများတို့ကို ပြောဆိုရကြပါမည်။ ကျွန်ုပ်တို့အနေဖြင့် သွားရင်းလာရင်း၌တွင်ပင် သခင်ယေရှုနှင့်စကားစမြည်ပြောရမည်ဖြစ်ပြီး၊ သူကလည်း (ဆာလံ ၁၆း၈) တွင်ဖော်ပြထားသည့်၊ “. . . ငါ့လက်ယာဘက်၌တည်ရှိတော်မူသည်ဖြစ်၍၊ . . . ” ဆိုသည့်အတိုင်း ကျွန်ုပ်တို့၏လက်ယာဘက်၌ရပ်တည်ပေးတော်မူမည့်အကြောင်းကို မိန့်တော်မူမည်ဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏နှလုံးသားများထဲတွင် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့သည့်အနေဖြင့် သခင်ခရစ်တော်နှင့်အတူ မိတ်ဆွေအပေါင်းအဖော်သဘောမျိုးဖြင့် လျှောက်လှမ်းရကြပေမည်။ နေ့စဉ်ကျွန်ုပ်တို့လုပ်ဆောင်ရကြမည့်အလုပ်ကို ကျွန်ုပ်တို့လုပ်ဆောင်ကြသောအခါ၊ ကျွန်ုပ်တို့၏စိတ်နှလုံးအလိုဆန္ဒတို့ကို မှုတ်ထုတ်ပစ်ရကြရာတွင် တစ်စုံတစ်ယောက်၏နားထဲတွင် တိုးညင်းလွန်းသည့်တိုင်၊ ငြိမ်သက်တိတ်ဆိတ်သွားသည်အထိ အသံမတိတ်သွားဘဲရှိနေသကဲ့သို့ လုံးဝပျောက်ကွယ်သွားခြင်းမရှိနိုင်ပါ။ အသက်ဝိညာဉ်၏လိုအင်ဆန္ဒကို မည်သည့်အရာကမျှ နှစ်မြုပ်မသွားစေနိုင်ပါ။ ၎င်းလိုအင်ဆန္ဒသည် စီစီညံညံဖြစ်နေသည့်လမ်းအထက်ပေါ်သို့ မြင့်တက်သွားစေပြီး၊ စက်ယန္တရား၏ဆူဆူညံညံအသံထက် မြင့်မားစွာတက်ရောက်သွားပါသည်။ ကျွန်ုပ်တို့၏ပြောဆိုမှုနှင့်ဆုတောင်းချက်များတို့ကို ဘုရားသခင်သာလျှင် ကြားသိတော်မူပါသည်။

တောင်းလျှောက်ပြီးရင်းတောင်းလျှောက်ခြင်းဖြင့် သင်သည် လက်ခံရရှိလာပါလိမ့်မည်။ စိတ်နှိမ့်ချခြင်း၊ ဉာဏ်ပညာ၊ သတ္တိနှင့် ယုံကြည်ခြင်းတိုးပွားများပြားလာရေးတို့အတွက် တောင်းလျှောက်ပါ။ စစ်မှန်ရိုးသားမှုရှိသည့် ဆုတောင်းချက်များတို့အတွက် အဖြေတစ်ခုထွက်ပေါ်လာပါလိမ့်မည်။ သင်အလိုဆန္ဒရှိသောအချိန်၊ သို့မဟုတ် သင်မျှော်လင့်နေသောအချိန်တွင် အဖြေထွက်ပေါ်လာချင်မှထွက်ပေါ်လာမည်ဖြစ်သော်လည်း သင်၏လိုအပ်မှုကို အကောင်းဆုံးသောဖြည့်ဆည်းပေးမှုမျိုးဖြင့် တစ်နည်းတစ်လမ်းနှင့်တစ်ချိန်ချိန်တွင် ရောက်ရှိလာပါလိမ့်မည်။ အထီးကျန်ခြင်း၊ မောပန်းနွမ်းနယ်ခြင်းနှင့် စစ်ဆေးစုံစမ်းခံရမှုတို့ဖြင့် သင်ဆက်ကပ်သောဆုတောင်းချက်များသည် သင်၏မျှော်လင့်ချက်များတိုင်းတို့တွင်မဟုတ်ဘဲ သင်၏သူတော်ကောင်းတရားနှင့်ပြည့်ဝမှုရှိသောအချိန်တို့တွင် ဘုရားသခင်က ဖြေကြားပေးတော်မူမည်ဖြစ်သည်။

# ယုံကြည်ခြင်းရှိရန်

ဘုရားသခင်၏အရေးအရာတော်အတွက် အကြီးမားဆုံးအောင်မြင်မှုများတို့ကိုရယူနိုင်ကြခြင်းမှာ တပင်တပန်းလုပ်ဆောင်ရသည့်ဆွေးနွေးညှိနှိုင်းမှု၊ ကြီးမားသောအထောက်အပံ့၊ ကျယ်ပြန့်သောဩဇာညောင်းနိုင်မှု၊ သို့မဟုတ် ပေါများလှသောဥစ္စာခနကြွယ်ဝမှုတို့၏ရလဒ်ကြောင့်မဟုတ်ဘဲ ပရိသတ်စုဝေးရာခန်းမကြီးအတွင်း ဘုရားသခင်က အတူတကွရှိနေတော်မူခြင်း၊ ထို့အပြင် လူတို့အနေဖြင့် စိတ်အားထက်သန်ပြီး၊ စိတ်ဒုက္ခနှင့်ရောပြွမ်းသောစိတ်ထားမျိုးဖြင့် တန်ခိုးတော်၏ခွန်အားကြီးမားလှသောလက်တော်ကို ကိုင်ဆွဲကြခြင်းတို့ကြောင့်သာလျှင် ထိုအောင်မြင်မှုမျိုးတို့ကို ရရှိနိုင်ကြပါသည်။

စစ်မှန်သည့်ယုံကြည်ခြင်းနှင့် စစ်မှန်သည့်ဆုတောင်းခြင်းများတို့သည် အင်အားကြီးမားလှပေစွ။ ၎င်းတို့သည် အဆုံးမရှိနိုင်သောချစ်ခြင်းမေတ္တာတော်၏တန်ခိုးကိုကိုင်ဆွဲထားသည့်အသနားခံသူ၊ လူသား၏လက်နှစ်ဖက်အလားပင် ဖြစ်ကြပါသည်။ ယုံကြည်ခြင်းမည်သည် ဘုရားသခင်အပေါ် ကျွန်ုပ်တို့၏ယုံကြည်ကိုးစားခြင်းဖြစ်ပြီး၊ သူသည် ကျွန်ုပ်တို့အားချစ်ခြင်းမေတ္တာရှိတော်မူကြောင်းကို ယုံကြည်သည့်အပြင်၊ ကျွန်ုပ်တို့အတွက်အကောင်းဆုံးသော၊ ကောင်းမြတ်သောအရာကိုသိရှိတော်မူကြောင်းကိုပါ ကျွန်ုပ်တို့ယုံကြည်မှုရှိခြင်းကိုဆိုလိုပါသည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့၏ကိုယ်ပိုင်လမ်းစဉ်အစား၊ ၎င်းယုံကြည်ခြင်းသည် ဘုရားသခင်၏လမ်းကြောင်းတော်ကို ကျွန်ုပ်တို့ရွေးချယ်ကြရေးကို ဦးဆောင်ပေးပါသည်။ ကျွန်ုပ်တို့၏မသိနားမလည်မှုအစား၊ ယုံကြည်ခြင်းသည် ဘုရားသခင်၏ဉာဏ်ပညာတော်ကိုလက်ခံပေးပြီး၊ ကျွန်ုပ်တို့၏အားနည်းချက်အစား၊ ဘုရားသခင်၏ခွန်အားတော်၊ ကျွန်ုပ်တို့၏အပြစ်နှင့်ပြည့်ဝမှုကို ဘုရားသခင်၏ဖြောင့်မတ်တော်မူခြင်းဖြင့် အစားထိုးလက်ခံပေးပါသည်။ ကျွန်ုပ်တို့၏အသက်တာများ၊ အားလုံးသောကျွန်ုပ်တို့၏ကိုယ်ခန္ဓာများတို့သည် ဘုရားသခင်ပိုင်ဆိုင်တော်မူပြီး ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည်လည်း သူ၏ပိုင်ဆိုင်တော်မူခြင်းကို လက်ခံအသိအမှတ်ပြုပြီး သူ၏ကောင်းချီးမင်္ဂလာတော်တို့ကို လက်ခံရယူပေးပါသည်။ သမ္မာတရားတော်၊ ဖြောင့်မတ်စွာကျင့်မှု၊ စင်ကြယ်သန့်ရှင်းမှုများတို့သည် အသက်တာအောင်မြင်ခြင်းအတွက် လျှို့ဝှက်ချက်များအဖြစ် ညွှန်းဆိုခြင်းခံရကြပါသည်။ ထိုအရာတို့ကို ကျွန်ုပ်တို့၏ပိုင်ဆိုင်မှုများအဖြစ်ဖြင့် ယုံကြည်ခြင်းက ထည့်ထားပေးခြင်းဖြစ်ပါသည်။ ကောင်းမွန်သော



လှုံ့ဆော်မှု၊ သို့မဟုတ် ပြင်းပြသောဆန္ဒသည် ဘုရားသခင်၏ဆုကျေးဇူးတော်ဖြစ်ပြီး ယုံကြည်ခြင်းမှာမူ မှန်ကန်သောကြီးထွားမှုနှင့်စွမ်းဆောင်နိုင်မှုတို့ကိုဖော်ဆောင်ပေးသည့် တစ်ခုတည်းသောအသက်တာကို ဘုရားသခင်ထံတော်မှ ယုံကြည်ခြင်းက လက်ခံရယူပေးပါသည်။

ယုံကြည်ခြင်းနှင့်ပတ်သက်ပြီး (၁ယော ၅း၄) တွင်၊ ". . . လောကကိုအောင်ခြင်းအကြောင်းမူကား၊ ငါတို့၏ယုံကြည်ခြင်းပေတည်း" ဟူ၍ဖော်ပြထားပါသည်။ ပစ္စုပ္ပန်ကာလတွင်တွေ့မြင်ရသည့် ဝန်ထုပ်ဝန်ပိုးများနှင့်စိုးရိမ်ကြောင့်ကြမှုများတို့ဆက်လက်ရှိနေမည့်ပစ္စုပ္ပန်ကာလ၏အခြားတစ်ဖက်ဆီသို့ ယခုကာလ ကျွန်ုပ်တို့အားဦးနှောက်ခြောက်စေသည့်အရာများတို့ကို ရှင်းလင်းပြတ်သားစွာတွေ့မြင်စေရမည့်ကြီးမားသောအနာဂတ်ကာလဆီသို့ ကျွန်ုပ်တို့ကြည့်ရှုနိုင်ကြရန် ယုံကြည်ခြင်းကအထောက်အကူပြုပေးပါသည်။ ဘုရားသခင်၏လက်ယာတော်ဘက်တွင် ကျွန်ုပ်တို့၏ကြားခံဖျန်ဖြေပေးတော်မူသူအဖြစ်ရပ်နေသောသခင်ယေရှုကို ယုံကြည်ခြင်းကမြင်တွေ့နေရပါသည်။ သခင်ခရစ်တော်သည် သူ့အားချစ်ခြင်းမေတ္တာထားရှိကြသောသူတို့အတွက်သွားရောက်ပြင်ဆင်ပေးတော်မူသည့်အိမ်တော်ကြီးများတို့ကို ယုံကြည်ခြင်းက လှမ်းမျှော်ကြည့်ရှုခွင့်ရပါသည်။ အောင်မြင်သူများတို့အတွက် ပြင်ဆင်ပေးထားသည့်ဝတ်ရုံနှင့်သရဖူတို့ကို ယုံကြည်ခြင်းကတွေ့မြင်ရပြီး၊ ကယ်ချွတ်ခြင်းခံရကြသည့် သူတို့၏သီချင်းသံကိုလည်း ကြားရပါသေးသည်။

ကုံလုံပြည့်စုံသည့်ယုံကြည်ခြင်း၊ ဘုရားသခင်ထံတော်သို့ မိမိ၏အတ္တကိုအညံ့ခံခိုဝင်လာသူ၊ သူ၏ကတိသစ္စာနှုတ်ကပတ်တော်အပေါ် ရိုးရှင်းစွာယုံကြည်ကိုးစားခြင်းတို့သည် အမှုတော်ဆောင်တိုင်းတို့၏အတွေ့အကြုံအစိတ်အပိုင်းတစ်ခုအဖြစ် ရှိသင့်ကြပါသည်။ ဤကဲ့သို့သောအတွေ့အကြုံမျိုးကိုရရှိထားသည့် အမှုတော်ဆောင်သည် သံသယဖြစ်မှုနှင့်ယုံကြည်မှုကင်းမဲ့ခြင်းတို့ကို ရှင်းလင်းပြတ်သားစွာဖြင့်ပြသပေးသည့် ယုံကြည်ခြင်းဆိုင်ရာအကြောင်းအရာတစ်ခုကို ဖန်တီးနိုင်မည်ဖြစ်သည်။

ယုံကြည်ခြင်းသည် ခံစားမှုမဟုတ်ပါ။ ၎င်းနှင့်ပတ်သက်ပြီး (ဟေဗြဲ ၁၁း၁) တွင်၊ "ယုံကြည်ခြင်းသည် မျှော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်းဖြစ်သည်။ မမြင်သေးသောအရာတို့ကို သိမှတ်စွဲလမ်းခြင်းအကြောင်းဖြစ်၏" ဟူ၍ရေးသားထားပါသည်။ ယုံကြည်ခြင်းမည်သည် ယုံမှတ်မှားခြင်းနှင့်နီးနွယ်သည့်ခံစားမှုမျိုးမရှိပါ။ ယုံမှတ်မှားခြင်းဆိုသည်မှာ စာတန်မာရ်နတ်၏ယုံကြည်ခြင်းကို အတုပြုလုပ်မှုသာဖြစ်၍

စစ်မှန်သောယုံကြည်ခြင်းရှိသောသူသည် ယုံမှတ်မှားခြင်းအန္တရာယ်မှ လွတ်ကင်းနိုင်မည်ဖြစ်သည်။

ယုံကြည်ခြင်းသည် ဘုရားသခင်၏ကတိတော်တို့ကိုသာတောင်းခံပြီး၊ နာခံလိုက်လျှောက်ခြင်းအသီးကို ယူငင်ပေးပါသည်။ ယုံမှတ်မှားခြင်းသည်လည်း ကတိတော်များတို့ကိုတောင်းခံသည့်တိုင်၊ စာတန်ပြုလုပ်သကဲ့သို့ ဘုရားသခင်၏ပညတ်တရားတော်တို့ကို ကျူးလွန်ဖောက်ဖျက်ခြင်းကို ခွင့်လွှတ်စရာဖြစ်အောင် ထိုကတိတော်တို့ကိုအသုံးချပါသည်။ ကျွန်ုပ်တို့၏အဦးဆုံးသောမိဘများတို့အား ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်အပေါ်ယုံကြည်ကိုးစားရန်နှင့် သူ၏ပညတ်တော်တို့ကို နာခံလိုက်လျှောက်ကြရန်အတွက် ယုံကြည်ခြင်းက ဦးဆောင်ဦးရွက်ပြုခဲ့ပါသည်။ ယုံမှတ်မှားခြင်းမူကား၊ ထိုမိဘတို့အား ဘုရားသခင်၏ပညတ်တရားတော်ကို ကျူးလွန်ဖောက်ဖျက်စေရန်ဦးဆောင်ပေးသည့်အပြင်၊ သူတို့၏အပြစ်လုပ်ခဲ့ခြင်းဆိုးကျိုးတို့မှ ကင်းလွတ်သွားကြအောင် ဘုရားသခင်၏ကြီးမားသောချစ်ခြင်းမေတ္တာတော်က လုပ်ဆောင်ပေးလိမ့်မည်ဟု အထင်ရောက်စေခဲ့ပါသည်။ ကရုဏာတော်အတွက် အာမခံချက်ရှိနိုင်သည့်အနေအထားမျိုးတို့ကိုဖြစ်ပေါ်လာစေမည့် လိုက်နာမှုမျိုးမရှိပါက၊ ကောင်းကင်ဘုံဆိုင်ရာမျက်နှာသာပေးမှုကို တောင်းခံနေခြင်းသည် ယုံကြည်ခြင်းမဟုတ်ပါ။ ယုံကြည်ခြင်းအစစ်အမှန်မည်သည်မှာ ကတိတော်များတို့တွင် အခြေခံအုတ်မြစ်ထားရှိပြီး၊ ကျမ်းစာတော်မြတ်၏အထောက်အပံ့များကို ရရှိထားပါသည်။

သာမန်ကာလျှံကာနည်းလမ်းမျိုးဖြင့်သာ ဘာသာရေးအကြောင်းကိုပြောဆိုဆွေးနွေးခြင်း၊ အသက်ဝိညာဉ်ဆာလောင်ခြင်းနှင့် ရှင်သန်သည့်ယုံကြည်ခြင်းတို့မပါရှိသော ဆုတောင်းခြင်းတို့သည် မည်သည့်အကျိုးဖြစ်ထွန်းမှုမျိုးမျှ ထွက်ရှိလာမည်မဟုတ်ပါ။ သခင်ခရစ်တော်ကို ကမ္ဘာလောကကြီး၏ကယ်တင်တော်မူသောအရှင်အဖြစ်မျိုးဖြင့်သာလက်ခံသည့် မဆိုစလောက်သောသူ့အပေါ်ယုံကြည်ခြင်းမျိုးသည် အသက်ဝိညာဉ်ကိုကုသပျောက်ကင်းစေနိုင်သည့်အခြေအနေမျိုးကို မည်သည့်အခါမျှမဆောင်ကြဉ်းပေးနိုင်ပါ။ ကယ်တင်ခြင်းခံစားရရှိရေးအတွက်သာ သဘောထားသည့်ယုံကြည်ခြင်းသည် သမ္မာတရားတော်နှင့်အသိဉာဏ်ရှိသောသဘောတူညီမှုမျိုးမရှိသည့် ယုံကြည်ခြင်းမျိုးသာဖြစ်နိုင်ပါသည်။ ယုံကြည်ခြင်းကိုလေ့ကျင့်ပျိုးထောင်မည့်အချိန်မတိုင်မီ၊ ဗဟုသုတတစ်ခုလုံးကို မျှော်လင့်သောသူသည် ဘုရားသခင်ထံတော်မှ ကောင်းချီးမင်္ဂလာတော်ကို လက်ခံရရှိနိုင်မည်မဟုတ်ပါ။



သခင်ခရစ်တော်အကြောင်းကို ယုံကြည်နေကြရုံမျှဖြင့် လုံလောက်မှုမရှိဘဲ၊ ကျွန်ုပ်တို့အနေဖြင့် သူ့အပေါ်ယုံကြည်မှုရှိရကြပါမည်။ ကျွန်ုပ်တို့ကိုအကျိုးပြုစေမည့် တစ်ခုတည်းသောယုံကြည်ခြင်းမှာ သခင်ခရစ်တော်ကို မိမိကိုယ်ပိုင်ကယ်တင်တော်မူသောအရှင်အဖြစ် လက်ခံယုံကြည်သည့်အပြင်၊ သူ၏ကောင်းမြတ်တော်မူခြင်းကို မိမိအတွက်လျာထားလိုသောစိတ်ထားမျိုးပင်ဖြစ်ပါသည်။ များစွာသောလူတို့သည် ယုံကြည်ခြင်းကို ထင်မြင်ယူဆချက်တစ်ခုအဖြစ်ဖြင့် လက်ကိုင်ထားကြပါသည်။ သို့သော်လည်း ယုံကြည်ခြင်းကိုသိုမှီးထားခြင်းသည် လုပ်ငန်းဆောင်ရွယ်ချက်တစ်ခုဖြစ်ပြီး၊ သခင်ခရစ်တော်ကို လက်ခံသောသူတို့သည် မိမိတို့ကိုယ်ကို ဘုရားသခင်နှင့်ပဋိညာဉ်အရ ဆက်ဆံသောသူဖြစ်ကြ၏။ ယုံကြည်ခြင်းအစစ်အမှန်သည် အသက်ရှင်ခြင်းဖြစ်ပါသည်။ ရှင်သန်သည့်ယုံကြည်ခြင်းတစ်ရပ်မည်သည်မှာ အားမာန်ကိုတိုးပွားစေသည့်အဓိပ္ပါယ်မျိုးသက်ရောက်ပြီး၊ ၎င်းရှင်သန်သည့်ယုံကြည်ခြင်းမျိုးကို အောင်မြင်နေသည့်စွမ်းအားအဖြစ်သို့ ရောက်ရှိလာသည့်အသက်ဝိညာဉ်အားဖြင့် ယုံကြည်စိတ်ချရသည့် ကိုးစားစရာတစ်ခုအဖြစ်ရရှိနိုင်ပါသည်။

## မယုံကြည်မှုနှင့်သံသယစိတ်

ယုံကြည်ခြင်းသည် ဘုရားသခင်အား သူ၏နှုတ်ကပတ်တော်တွင်သက်ရောက်စေတော်မူပြီး၊ ရောက်ရှိလာမည့်စိတ်အနှောင့်အယှက်ဖြစ်စရာအတွေ့အကြုံများတို့၏အဓိပ္ပါယ်ကို သိရှိနားလည်ရေးအတွက် စပ်စုမေးမြန်းခြင်းမရှိပါ။ သို့သော်လည်း ယုံကြည်ခြင်းနည်းပါးလှသောသူများ၊ အများအပြားရှိကြပါသည်။ ထိုသူတို့သည် ဒုက္ခသုက္ခကိုအမြဲတစေကြောက်နေကြသည်ဆိုပြီး အမြဲတစေဒုက္ခကိုဖန်တီးနေကြပါသည်။ နေ့စဉ်နေ့တိုင်းပင်၊ သူတို့သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်တိုကင်ပြားများတို့ဖြင့် ဝိုင်းဝိုင်းလည်ခြင်းခံနေရကြပြီး၊ လူသားတို့၏နောင်ရေးအတွက် သူ၏ကြိုတင်စီမံပေးထားတော်မူခြင်း၏ရက်ရောမှုတို့ကို ကြိုက်နှစ်သက်ကြသော်လည်း၊ သူတို့သည် ဤကောင်းချီးမင်္ဂလာတို့ကို မျက်စိလျှမ်းနေကြပါသည်။ သူတို့သည် အခက်အခဲတို့နှင့်နဖူးတွေ့ဒူးတွေ့ တွေ့ကြုံရသောအခါ၊ ၎င်းအခက်အခဲတို့ကို ဘုရားသခင်ထံတော်သို့တွန်းပို့ရမည့်အစား၊ မငြိမ်မသက်ဖြစ်စေရန်နှင့် မကျေမနပ်စိတ်မျိုးဖြစ်ပေါ်စေသည့်နှိုးဆော်မှုမျိုးအားဖြင့် ထိုအခက်အခဲတို့ကို ဘုရားသခင်ထံတော်မှကွဲကွာသွားစေပါသည်။

ဤသို့သောယုံကြည်မှုမရှိခြင်းသည် သူတို့နှင့်လျော်ကန်မှုရှိပါသလား။ သခင်ယေရှုသည် သူတို့၏မိတ်ဆွေဖြစ်တော်မူပါသည်။ သူတို့၏အရေးကိစ္စတို့ကို အားလုံးသောကောင်းကင်သားတို့က စိတ်ဝင်စားနေကြပြီး၊ သူတို့၏အကြောက်တရားနှင့်မကျေနပ်မှုတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်နာစေပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆုတောင်းသံကို နားညောင်းတော်မူသည်ကို ကျွန်ုပ်တို့မြင်တွေ့နေရ၊ သို့မဟုတ်ခံစားမိနေရခြင်းကြောင့် ကျွန်ုပ်တို့ယုံကြည်မှုရှိကြရန်မဟုတ်ပါ။ ကျွန်ုပ်တို့အနေဖြင့် သူ၏ကတိတော်တို့အပေါ် ယုံကြည်အားကိုးကြရပါသည်။ ကျွန်ုပ်တို့အနေဖြင့် သူ၏အထံတော်သို့ ယုံကြည်ခြင်းဖြင့်လာရောက်ကြသောအခါ၊ ကျွန်ုပ်တို့၏အသနားခံမှုတိုင်းတို့သည် သခင်ခရစ်တော်၏နှလုံးသားတော်အတွင်းသို့ ဝင်ရောက်သွားသည်ချည်းဖြစ်သည်ကို ကျွန်ုပ်တို့ယုံကြည်ရကြပါမည်။ သူ၏ကောင်းချီးမင်္ဂလာတော်ကို ကျွန်ုပ်တို့တောင်းခံကြသောအခါတွင်လည်း ထိုတောင်းခံကြသောအရာတို့ကို ကျွန်ုပ်တို့ရရှိကြမည်ဆိုသည်ကို ယုံကြည်ရကြမည့်အပြင်၊ ထိုအရာတို့ကိုရရှိကြမည့်အတွက် သူ့အားကျေးဇူးတင်ရကြပါမည်။ ထို့နောက်တွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့တာဝန်ကျရာနေရာတို့ဆီသို့ လှည့်လည်သွားလာကြရင်း၊ ကျွန်ုပ်တို့က အလွန်အမင်းလိုအပ်နေကြသည့်အချိန်မျိုးတွင် ကျွန်ုပ်တို့ထံသို့ ကောင်းချီးမင်္ဂလာရောက်ရှိလာမည်ဖြစ်ကြောင်းကို ယုံကြည်စိတ်ချမှုရှိရကြပါမည်။ ဤသို့လုပ်ဆောင်ရန်အတွက် ကျွန်ုပ်တို့သင်ကြားရယူကြရာတွင် ကျွန်ုပ်တို့၏ဆုတောင်းချက်များသည် ဖြေကြားတော်မူခြင်းခံရမည်ဖြစ်ခြင်းကို ကျွန်ုပ်တို့သိရှိလာရကြပါမည်။ ဘုရားသခင်သည် (ဧဖက် ၃း၂၀) အရ၊ "ငါတို့တောင်းပန်းကြံစည်သမျှထက် အလွန်ထူးခြားစွာ. . . "ဟူ၍လည်းကောင်း၊ အငယ် (၁၆) အရ၊ ". . . အတွင်းလူကိုခွန်အားနှင့်မြဲမြံခိုင်ခံ့စေ၍" ဟူ၍လည်းကောင်း၊ အငယ် (၁၉) အရ၊ ". . . ပြည့်စုံတော်မူခြင်းရှိသမျှနှင့်အညီ. . ." ဟူ၍ဖော်ပြထားသည့်အတိုင်း၊ ကျွန်ုပ်တို့အတွက် လုပ်ဆောင်ပေးတော်မူမည်ဖြစ်သည်။

ခရစ်ယာန်အသက်တာသည် မကြာခဏပင်လျှင် အန္တရာယ်များတို့၏ဝိုင်းပတ်ခြင်းခံနေရကြပြီး၊ ထမ်းဆောင်ရမည့်တာဝန်သည်လည်း ခက်ခဲလှသည့်ပုံမျိုးပေါက်နေပါသည်။ စိတ်ကူးစိတ်သန်းပန်းချီကားအတော်များများတွင် ပျက်စီးခြင်းသည် အလျင်ကြိုတင်ပေါ်ပေါက်လာပြီး၊ ကျေးကျွန်ဘဝနှင့်သေခြင်းတရားသည် ၎င်း၏နောက်တွင်လိုက်ပါလာမည်ဖြစ်သည်။ သို့သော်ငြားလည်း ရှေ့သို့ဆက်တက်ပါဆိုသည့် ဘုရားသခင်၏မိန့်တော်မူသောအသံသည် ရှင်းလင်းလှပါသည်။ ကျွန်ုပ်တို့၏အမြင်





အာရုံစွမ်းအားသည် အမှောင်ထုကိုထိုးဖောက်မြင်တွေ့နိုင်စွမ်းမရှိသည့်တိုင် အမိန့်ပေးတော်မူချက်ကို ကျွန်ုပ်တို့နာခံလိုက်လျှောက်ကြပါစို့။ ကျွန်ုပ်တို့၏တိုးတက်မှုကိုတားဆီးဟန့်တားသည့် အဟန့်အတားတို့သည် ရပ်တန့်ပြီး၊ မယုံသင်္ကာဖြစ်သည့်စိတ်ဓာတ်၏ရှေ့မှောက်တွင် မည်သည့်အခါမျှပျောက်ကွယ်သွားမည်မဟုတ်ပါ။ မသေချာမှုတိုင်းတို့သည် ပျောက်ကွယ်သွားသည်အထိ၊ ထို့အပြင် မည်သည့်ကျရှုံးမှု၊ သို့မဟုတ်ရှုံးနိမ့်မှုမျိုးမျှမကျန်ရှိတော့သည်အထိ နာခံလိုက်လျှောက်မှုကို ရွှေ့ဆိုင်းထားကြသောသူတို့သည် မည်သည့်အခါမျှနာခံမှုရှိကြမည်မဟုတ်ပါ။ ယုံကြည်ခြင်းသည် အခက်အခဲများတို့၏အခြားတစ်ဖက်ဆီသို့ကြည့်မျှော်ပြီး၊ အနန္တတန်ခိုးတော်ရှင်အပါအဝင်၊ မမြင်နိုင်သောအရာတို့ကို ဆုပ်ကိုင်ထားသည့်အတွက် ၎င်းကိုမည်သည့်အရာကမျှ၊ မည်သည့်အခါမျှဟန့်တားထား၍မရပါ။ ယုံကြည်ခြင်းသည် အရေးပေါ်အခြေအနေတိုင်းတို့တွင် မြဲမြဲဆုပ်ကိုင်ပေးထားတတ်သည့် သခင်ခရစ်တော်၏လက်တော်လည်းဖြစ်ပါသည်။

ဘုရားသခင်၏အမှုတော်ဆောင်သည် ခိုင်မာသောယုံကြည်ခြင်းမျိုးရှိရန်လိုအပ်ပါသည်။ လူရှေ့သူရှေ့ထွက်ပြီး ဟောပြောရမည့်အလုပ်မည်သည်မှာ စိုးရွံ့စရာအလုပ်ဖြစ်နိုင်သော်လည်း အမှောင်ထု၏အခြားတစ်ဖက်တွင် အလင်းရောင်ထွက်ပေါ်လာမည်သာဖြစ်သည်။ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်အားချစ်ခြင်းမေတ္တာထားရှိပြီး သူ၏အစေကိုခံကြသောသူတို့၏ခွန်အားတို့သည် တစ်နေ့တခြားဆန်းသစ်လာမည်ဖြစ်သည်။ အနန္တတန်ခိုးတော်ကိုထိုးထွင်းသိမြင်နိုင်သောဉာဏ်ကို သူတို့၏အမှုတော်ဆောင်ရွက်မှုတွင်ထားရှိတော်မူပြီး၊ ထိုသို့ထားရှိရခြင်းမှာ ဘုရားသခင်သည် သူ၏ရည်ရွယ်တော်မူချက်တို့ကို ဆက်လက်ဖော်ဆောင်ရာတွင် အမှားအယွင်းမရှိကြရေးပင်ဖြစ်ပါသည်။ ဤအမှုတော်ဆောင်တို့သည် စတင်အမှုတော်ထမ်းချိန်မှနေပြီး၊ အဆုံးတိုင်သည်အထိ သူတို့၏ယုံကြည်စိတ်ချမှုတို့ကို ခိုင်ခိုင်မြဲမြဲဆုပ်ကိုင်ထားစေကြပြီး၊ ဘုရားသခင်၏သမ္မာတရားတော်၏အလင်းသည် ကျွန်ုပ်တို့၏ကမ္ဘာလောကကြီးကို ဖုံးအုပ်လွှမ်းခြုံထားသည့်အမှောင်တိုက်ကြီးအတွင်း ထွန်းလင်းစေရမည်အကြောင်းကိုပါ သတိတရရှိနေစေရပါမည်။

ဘုရားသခင်၏အမှုတော်နှင့်ချိတ်ဆက်မှုရှိခြင်းကြောင့် မျှော်လင့်ချက်ကင်းမဲ့စရာအကြောင်းလုံးဝမရှိပါ။ အရာမြောက်ခြင်းခံရပြီးသော အမှုတော်ဆောင်၏ယုံကြည်ခြင်းနှင့်ပတ်သက်သည့် စမ်းသပ်မှုတိုင်းတို့ကို ရပ်ခံနိုင်ရမည်ဖြစ်သည်။ သူ၏အစေခံကျွန်

တို့လိုအပ်နေကြသည့် ခွန်အားအလုံးစုံတို့ကိုအပ်နှင်းတော်မူရန် ဘုရားသခင်သည် တတ်နိုင်တော်မူသည့်အပြင်၊ အလိုတော်လည်းရှိတော်မူကာ မရှိမဖြစ်ကွဲပြားခြားနားသော သူတို့၏လိုအပ်ချက်တောင်းခံမှုတို့အတွက် သူသည် ဉာဏ်ပညာကိုပါပေးကမ်းနိုင်စွမ်း ရှိတော်မူပါသည်။ သူ၏အပေါ်တွင် သူတို့ကယုံကြည်ကိုးစားမှုထားရှိကြပါက ဘုရားသခင်သည် သူတို့၏အမြင့်မားဆုံးသောမျှော်မှန်းချက်များထက် ပိုမို၍ဖြည့်ဆည်း ပေးတော်မူမည်ဖြစ်သည်။

သခင်ယေရှုသည် သူ၏နောက်တော်သို့လိုက်ကြရန် ကျွန်ုပ်တို့အားမေတ္တာရပ်ခံ တော်မူခြင်းမရှိသကဲ့သို့ ကျွန်ုပ်တို့အားလည်း ပစ်ပယ်တော်မမူပါ။ သူ၏အမှုတော် အတွင်း ကျွန်ုပ်တို့၏အသက်တာတို့ကိုအပ်နှံထားကြပါက ဘုရားသခင်သည် ကျွန်ုပ် တို့အတွက် ကြိုတင်စီမံထားတော်မူခြင်းမရှိသည့်အခြေအနေမျိုးတွင် ကျွန်ုပ်တို့သည် မည်သည့်အခါမျှကျရောက်ရကြမည်မဟုတ်ပါ။ မည်သည့်အခြေအနေ၊ အနေအထား မျိုးတွင်မဆို ကျွန်ုပ်တို့၏သွားရာလမ်းကို ညွှန်ကြားပေးတော်မူမည့် ဦးဆောင်လမ်းညွှန် ပေးတော်မူသောသူတစ်ယောက်ရှိနေပြီး ကျွန်ုပ်တို့၌ ဇဝေဇဝါဖြစ်စရာအခြေအနေများ ရှိနေသည့်တိုင် တိကျသေချာသည့်အကြံပေးပုဂ္ဂိုလ်တော်တစ်ဦးရှိနေကာ ကျွန်ုပ်တို့တွင် ဝမ်းနည်းခြင်း၊ ပူဆွေးသောကရောက်ခြင်းများ၊ သို့မဟုတ် အထီးကျန်နေရကြပါစေ၊ ကျွန်ုပ်တို့တွင် စာနာထောက်ထားတတ်သော မိတ်ဆွေတော်ကြီးတစ်ပါးရှိတော်မူပါသည်။ ကျွန်ုပ်တို့၏မသိနားမလည်မှုကြောင့် ကျွန်ုပ်တို့သည် ခြေလှမ်းမှားနေကြပါက သခင် ခရစ်တော်သည် ကျွန်ုပ်တို့အားစွန့်ခွာသွားတော်မမူပါ။ ရှင်းလင်းလှပြီး ကွဲပြားခြားနား မှုရှိလှသည့် သူ၏အသံတော်ကိုမိန့်တော်မူရာတွင် (ယောဟန် ၁၄း၆) တွင်၊ “ငါသည် လမ်းခရီးဖြစ်၏၊ သမ္မာတရားလည်းဖြစ်၏၊ အသက်လည်းဖြစ်၏” ဟူ၍လည်းကောင်း၊ (ဆာလံ ၇၂း၁၂) တွင် “ငတ်မွတ်သောသူအော်ဟစ်သောအခါ ထိုသူကိုလည်းကောင်း၊ ကိုးကွယ်ရာမရှိ၍ ဆင်းရဲသောသူကိုလည်းကောင်း ချမ်းသာပေးတော်မူလိမ့်မည်” ဆိုသည့်မိန့်တော်မူချက်တို့ကို ကျွန်ုပ်တို့ကြားရကြပါသည်။

(ဟေရှာယ ၂၆း၃) တွင်၊ “. . . စိတ်နှလုံးတည်ကြည်သောသူသည် ကိုယ်တော်၌ခိုလှုံသောကြောင့် ငြိမ်သက်ခြင်းသက်သက်ရှိမည်အကြောင်း စောင့်ရှောက် တော်မူလိမ့်မည်” ဟူ၍ဖော်ပြထားပါသည်။ ကျွန်ုပ်တို့အနေဖြင့် ရှေ့ဆက်မြဲရှေ့ဆက် ကြရေးအတွက် အနန္တတန်ခိုးတော်ရှင်၏လက်ရုံးတော်သည် ကျွန်ုပ်တို့အားဦးဆောင် တော်မူရန်အတွက် ဆန့်တန်းထားနေပါသည်။ သခင်ဘုရားက ရှေ့သို့ဆက်လက်



ချီတက်ကြပါ။ ငါသည် သင်တို့အားကူညီထောက်မမည်။ ငါ၏နာမဘုန်းအသရေ တော်အားဖြင့် သင်တို့ဆုတောင်းလျှောက်ကြပါက၊ သင်တို့ရရှိကြမည်။ သင်တို့၏ကျရှုံး မှုကို စောင့်ကြည့်နေကြသောသူတို့အား ငါ၏နှုတ်ကပတ်တော်၏အောင်ပွဲခံမှုကို အသရေ တင့်တယ်စွာဖြင့် တွေ့မြင်ရကြလိမ့်မည်ဟူ၍ မိန့်တော်မူပါသည်။ (မဿဲ ၂၁း၂၂) တွင် သခင်ဘုရားက “ယုံကြည်ခြင်းပါလျက် ပတ္ထနာပြု၍ဆုတောင်းသမျှတို့ကို သင်တို့ သည်ရကြလိမ့်မည်. . . ” ဟူ၍ မိန့်တော်မူထားပါသည်။

အကောင်းနှင့်အဆိုး၊ ဖြောင့်မတ်ခြင်းနှင့်ဒုစရိုက်အပြစ်တရားတို့ကို ပိုင်းခြား နားလည်နိုင်သောလူများမရှိဘဲ ဘုရားသခင်သည် မည်သည့်အခါမျှ ကမ္ဘာလောကကြီး ကိုစွန့်ခွာတော်မမူပါ။ အရေးပေါ်အခြေအနေကျရောက်နေသောအချိန်များတွင် တိုက်ပွဲ ၏ရှေ့ဆုံးတန်းနေရာ၌ ရပ်ခံပေးရန်အတွက် သူ၏တာဝန်ပေးခန့်အပ်တော်မူခြင်းခံရ ကြသောသူမျိုး ဘုရားသခင်ထံတော်တွင်ရှိနေကြပါသည်။

## ရဲရင့်ခြင်းရှိရန်

အခက်အခဲများ၊ သို့မဟုတ် အတိုက်အခံပြုမှုများတို့အားဖြင့် ဘုရားသခင်၏ အစေခံကျွန်တို့အနေဖြင့် အလွယ်တကူဖြင့် စိတ်ဓာတ်ကျခြင်းမရှိရပါ။ တတိယကောင်းကင် တမန်၏သတင်းစကားကို ကြွေးကြော်ကြသောသူတို့အနေဖြင့် သူတို့ကျရာနေရာတွင် ရဲရဲရင့်ရင့်ဖြင့် ရပ်တည်နေရကြမည်ဖြစ်ပြီး၊ ဂုဏ်သိက္ခာကိုနိမ့်ပါးသွားစေမှုနှင့် မှားယွင်းမှု တို့ကိုဖြစ်ပေါ်စေသည့် အခက်အခဲမျိုးတို့ကိုရင်ဆိုင်ရကြပါက ယုံကြည်ခြင်းဆိုင်ရာ ကောင်းမြတ်သောတိုက်ပွဲကိုတိုက်ခိုက်ရင်း၊ သခင်ခရစ်တော်အသုံးပြုတော်မူခဲ့သော “ကျမ်းစာလာသည်ကား” ဆိုသည့်လက်နက်ဖြင့် ရန်သူကိုခုခံတိုက်ခိုက်တွန်းလှန်ရကြ ပါမည်။ ဘုရားသခင်၏အစေခံကျွန်တို့အနေဖြင့် သူတို့မကြာမီဖြတ်သန်းသွားရကြမည့် ကြီးမားသည့်အရေးအခင်းအတွင်းတွင် သခင်ခရစ်တော်နှင့်တမန်တော်တို့ ရင်ဆိုင် ခဲ့ရကြသည့် စိတ်နှလုံးဆိုင်ရာအခက်အခဲ၊ ကြမ်းကြုတ်ရက်စက်သည့်ခေါင်းမာမှု၊ တင်းမာ ခက်ထန်လှသည့် မုန်းတီးမှုများတို့ကို အလားတူနဖူးတွေ့ဒူးတွေ့ရင်ဆိုင်ရကြမည် ဖြစ်သည်။

ထိုဆိုးညစ်သောကာလတွင် တာဝန်သိစိတ်နှင့်ပတ်သက်သည့် လမ်းညွှန်ချက် များအရ၊ ဘုရားသခင်၏အစေကို သစ္စာရှိစွာဖြင့်ခံယူကြသောသူတို့အားလုံးတို့အနေဖြင့်

သတ္တိ၊ တည်ကြည်ခိုင်မြဲမှုနှင့် ဘုရားသခင်နှင့်သူ၏နှုတ်ကပတ်တော်ဆိုင်ရာ ဗဟုသုတမျိုးလိုအပ်လာကြမည်ဖြစ်ပြီး၊ ဘုရားသခင်အပေါ်သစ္စာရှိကြသောသူတို့သည်လည်း ညှဥ်းဆဲခံရမည့်အပြင် သူတို့၏ရည်ရွယ်ရင်းတို့သည်လည်း ဆန့်ကျင်ပြောဆိုခြင်းခံရကြမည်ဖြစ်ကာ သူတို့၏အကောင်းဆုံးသောကြိုးပမ်းအားထုတ်မှုတို့သည် အဓိပ္ပါယ်ကောက်လွဲခြင်းခံရလျက် သူတို့၏အမည်နာမတို့သည်လည်း ဆိုးညစ်သူများအဖြစ်ဖြင့်မှတ်တမ်းတင်ခြင်းခံရကြမည်ဖြစ်သည်။

ဆိုးညစ်မှုကို ကောင်းမြတ်သောအရာအဖြစ်၊ ကောင်းမြတ်သောအရာကို ဆိုးညစ်မှုအဖြစ်တို့သို့ ပြုပြင်လုပ်ဆောင်နိုင်ရန်အတွက် စာတန်မာရ်နတ်သည် သူ၏လှည့်ဖြားတတ်သောတန်ခိုးဖြင့် စိတ်နှလုံးတို့အပေါ်ဩဇာသက်ရောက်ရန်နှင့် ထိုးထွင်းသောဉာဏ်ကို မကြည်မလင်ဖြစ်သွားစေရန် လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်သည်။ ဘုရားသခင်၏ လူစုတော်တို့အနေဖြင့် ဘုရားသခင်အားနာခံလိုက်လျှောက်ကြရန်အတွက် သူတို့၏ ယုံကြည်ခြင်းကိုပိုမိုခိုင်မာလာရန်နှင့် ပိုမိုသန့်ရှင်းဖြူစင်စေရေးအတွက်၊ ထို့အပြင် သူတို့၏ဆုံးဖြတ်ချက်တို့ကို ပိုမိုခိုင်ခံ့လာစေရန်လုပ်ဆောင်ကြသည့်အပြင် ဖြောင့်မတ်ရာသို့ရောက်ရန်အတွက် တောင်းခံနေကြစဉ်တွင်၌ပင် ဘုရားသခင်၏ပညတ်တရားတော်တို့ကို ဒေါသတကြီးဖြင့်နင်းချေကြစေရန်အတွက် စာတန်မာရ်နတ်သည် အပြင်းအထန်ကြိုးပမ်းအားထုတ်ပြီး သွေးထိုးလှုံ့ဆော်မည်ဖြစ်သည်။ တစ်ချိန်တည်းပင် အခိုင်မာဆုံးသောယုံကြည်ကိုးစားမှု၊ အရဲရင့်ဆုံးသောရည်မှန်းချက်တို့ဖြင့် တစ်ချိန်က သန့်ရှင်းသူတို့အားဖြန့်ဝေပေးခဲ့ဖူးသည့် ယုံကြည်ခြင်းမျိုးကိုကိုင်စွဲထားရကြပါမည်။

ကပ်တိုင်တော်၏စေတမန်များတို့သည် မိမိတို့ကိုယ်ကိုသတိရှိမှုနှင့် ဆုတောင်းခြင်းလက်နက်တို့ဖြင့် တပ်ဆင်ထားရကြမည်ဖြစ်ပြီး၊ ယုံကြည်ခြင်းနှင့်ရဲစွမ်းသတ္တိတို့အားဖြင့် ရှေ့သို့ချီတက်ကြကာ၊ သခင်ယေရှု၏နာမတော်အားဖြင့် အစဉ်တစိုက်လုပ်ကိုင်ရကြပါမည်။ သူတို့အနေဖြင့် ကျွန်ုပ်တို့ကြုံတွေ့ရကြတော့မည့် ဒုက္ခအရောက်ဆုံးသောအချိန်ကာလမျိုးတို့တွင် သူတို့၏ဦးစီးခေါင်းဆောင်အပေါ် ယုံကြည်စိတ်ချမှုရှိရကြပါမည်။ တိုင်းနိုင်ငံအရပ်ရပ်သို့ ဘုရားသခင်၏တရားစီရင်တော်မူခြင်းတို့သည် ကျရောက်နေပါသည်။ ကပ်ဘေးတို့သည် တစ်ခုပြီးတစ်ခုလျှင်မြန်စွာဖြင့် ဆက်လက်ဖြစ်ပွားနေပါသည်။ မကြာတော့မည့်အချိန်တွင် ဘုရားသခင်သည် သူ၏နေရာဌာနတော်မှ ထလာတော်မူပြီး၊ ကမ္ဘာမြေကြီးကိုကြောက်လန့်တုန်လှုပ်ဖွယ်ရာ လှုပ်ခတ်တော်မူသည့်အပြင်၊ ကောက်ကျစ်စဉ်းလဲသူတို့ကို သူတို့၏မတရားမှုတို့အတွက် ဆုံးမတော်မူ



မည်ဖြစ်သည်။ ထိုနောက်တွင် သူသည် သူ၏လူစုတော်တို့ကိုယ်စား ရပ်ခံပေးတော်မူပြီးနောက် သူတို့အား ကာကွယ်စောင့်ရှောက်မှုတို့ကို ပေးသနားတော်မူမည်ဖြစ်သည်။ သူတို့အား ထိခိုက်အနာတရဖြစ်မှုအားလုံးတို့မှ ကာကွယ်ပေးတော်မူရန်အတွက် သူ၏ထာဝရလက်ရုံးတော်အားဖြင့် သူတို့အားထွေးပွေ့ထားတော်မူမည်ဖြစ်သည်။

## ထာဝရဘုရား၌ရဲရင့်ခြင်းရှိရန်

၁၈၄၄ ခုနှစ်ကုန်လွန်သွားပြီးနောက် ညီအစ်ကိုမောင်နှမအများအပြားတို့သည် အစည်းအဝေးတစ်ခုတွင် စုရုံးနေကြပါသည်။ အားလုံးတို့သည် ဝမ်းနည်းပက်လက်ဖြစ်နေပြီး၊ စိတ်ဓာတ်ကျဆင်းမှုကြောင့် စိတ်ဒဏ်ရာရနေကြပါသည်။ တစ်ချိန်တည်းတွင်ပင် အစည်းအဝေးခန်းမထဲသို့ လူတစ်ယောက်ဝင်လာပြီး၊ "ထာဝရဘုရားအတွက် ရဲရင့်ခြင်းရှိကြပါ၊ ညီအစ်ကိုတို့၊ ထာဝရဘုရားအတွက် ရဲရင့်ခြင်းရှိကြစမ်းပါ" ဟူ၍ ကြွေးကြော်အော်ဟစ်ခဲ့ပါသည်။ ဤအတိုင်းသူသည် တစ်ကြိမ်ပြီးတစ်ကြိမ် ထပ်တလဲလဲကြွေးကြော်ခဲ့ပါသည်။ ခန်းမထဲရှိ အားလုံးသောသူတို့၏မျက်နှာတွင် တောက်ပလာသည်အထိ၊ သူကြွေးကြော်ခဲ့ခြင်းကြောင့် ထိုသူတို့၏ဘုရားသခင်ကိုချီးမွမ်းခြင်းအသံတို့သည် အထက်သို့ညံတက်သွားကြပါသည်။

အရှင်သခင်အတွက် အမှုတော်ဆောင်တိုင်းတို့အား ယနေ့ကျွန်ုပ်ပြောလိုသည်မှာ၊ "ထာဝရဘုရားအတွက်ရဲရင့်ခြင်းရှိကြပါ" ဟူ၍ဖြစ်ပါသည်။ ၁၈၄၄ ခုနှစ်ကတည်းကပင် ကျွန်ုပ်သည် လက်ရှိသမ္မာတရားတော်အကြောင်းကို ကြေညာပေးခဲ့ပြီး၊ ယခုထက်တိုင် ဤသမ္မာတရားတော်သည်ပင်လျှင် ယခင်အတိုင်းကျွန်ုပ်နှင့်ရင်းရင်းနှီးနှီးရှိနေပါသည်။

အချို့တို့သည် မနှစ်မြို့ဖွယ်ရာနှင့်စိတ်ဓာတ်ကျစရာ ကြန်အင်လက္ခဏာများတို့ကိုသာ အစဉ်အမြဲကြည့်နေတတ်ကြခြင်းကြောင့် စိတ်ဓာတ်ကျဆင်းမှုသည် သူတို့ကိုလွှမ်းမိုးသွားပါသည်။ ကောင်းကင်စကြဝဠာ၏အရှင်သခင်တော်သည် သူတို့အားကမ္ဘာလောကကြီးသို့ ကောင်းချီးမင်္ဂလာကိုပေးကမ်းသည့် ကိုယ်စားလှယ်တော်ကြီးများအဖြစ်ဖော်ဆောင်ရန် စောင့်ဆိုင်းတော်မူနေသည်ကို သူတို့မေ့လျော့နေကြပါသည်။ ထို့ပြင်မက လူသားမျိုးနွယ်တို့က ခွန်အားနှင့်ရဲစွမ်းသတ္တိတို့ကို ဆွဲထုတ်ရယူနိုင်ရန်အတွက် သခင်ဘုရားယေရှုရှင်သည် မည်သည့်အခါမျှမချုတ်ယွင်းနိုင်သော သိုလှောင်ရုံ

အဖြစ်ဖြင့်ရှိနေတော်မူသည်ကိုပါ မေ့နေကြပါသည်။ ကျွန်ုပ်တို့အနေဖြင့် စိတ်မချမ်းမြေ့မှုနှင့်စိုးရိမ်ထိတ်လန့်မှုမျိုး ရှိနေစရာမလိုကြပါ။ ကျွန်ုပ်တို့၏လမ်းကြောင်းကို စာတန်မာရ်နတ်၏အရိပ်သည် တန်ပြန်ပိတ်ဆို့သည့်အနေအထားတွင် အမြဲတည်ရှိနေမည်ဖြစ်သည်။ ဤသို့အားဖြင့် ရန်သူသည် ဖြောင့်မတ်ခြင်းတရား၏နေမင်းတော်ကြီးမှထွန်းလင်းတောက်ပလာသည့်အလင်းကို ကွယ်သွားစေရန်ကြိုးပမ်းနေပါသည်။ သို့သော်လည်း ကျွန်ုပ်တို့၏ယုံကြည်ခြင်းသည် ဤအရိပ်ကိုထိုးစိုက်ချေမှုန်းပစ်မည်ဖြစ်သည်။

ဆန့်ကျင်ဘက်ပြုသူများတို့၏စိတ်ဓာတ်ကျစေမှုနှင့် စိတ်ပျက်အားလျော့သွားစေသည့်လုပ်ဆောင်မှုတို့ကို ငြင်းပယ်ကြသည့်၊ ရွှင်လန်းမှုရှိသော ပူးတွဲလုပ်ကိုင်ကြသည့်အမှုတော်ဆောင်မျိုးတို့ကို ဘုရားသခင်လိုအပ်နေတော်မူပါသည်။ ထာဝရဘုရားသည် ကျွန်ုပ်တို့ကိုဦးဆောင်တော်မူနေပြီး၊ ကုန်လွန်ခဲ့ပြီးသောနှစ်များအတွင်းက သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်အောက်တွင် ကျွန်ုပ်တို့အနေဖြင့် အင်အားချည့်နဲ့သည့်အနေအထားသည် ကျွန်ုပ်တို့လုပ်ဆောင်နေခဲ့ကြစဉ်က သူသည် ကျွန်ုပ်တို့နှင့်အတူတကွ ရှိတော်မူခဲ့သည့်အတိုင်း၊ ယခုတွင်လည်း သူသည် ကျွန်ုပ်နှင့်အတူတကွရှိတော်မူသည်ကို ကျွန်ုပ်တို့က စိတ်ချလက်ချဖြင့် သတ္တိရှိစွာရှေ့သို့ဆက်လက်ချီတက်ရကြပါမည်။

ကောင်းကင်တမန်တို့သည် သခင်ခရစ်တော်ကိုအလုပ်အကျွေးပြုခဲ့ကြသော်လည်း၊ သူတို့၏အတူတကွရှိနေကြခြင်းသည် သခင်ခရစ်တော်၏အသက်တာတော်ကို စုံစမ်းနှောင့်ယှက်ခြင်းခံရခြင်းမှ သက်သာရာရစေတော်မူရန်နှင့် လွတ်မြောက်သွားတော်မူစေရန်အတွက် ဆောင်ရွက်ခဲ့ကြခြင်းမရှိပါ။ (ဟေဗြဲ ၄း၁၅) တွင်ဖော်ပြသည့်၊ "ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုးသောစုံစမ်းနှောင့်ယှက်ခြင်းတို့ကို ခံဖူးသောသူဖြစ်တော်မူ၏။ သို့ရာတွင် ဒုစရိုက်အပြစ်နှင့်ကင်းလွတ်တော်မူ၏" အတိုင်း ပြုမူကျင့်ကြံတော်မူခဲ့ပါသည်။ အကယ်၍ အမှုတော်ဆောင်များတို့သည် သူတို့အား အရှင်သခင်က ခန့်အပ်ထားတော်မူသည့်အလုပ်ဌာနများအတွင်း ပါဝင်လုပ်ကိုင်ကြရင်း စစ်ဆေးစုံစမ်းမှုများ၊ ဇဝေဇဝါဖြစ်စရာအကြောင်းများနှင့် စုံစမ်းနှောင့်ယှက်ခြင်းများတို့နှင့်ကြုံတွေ့လာရကြပါက သူတို့အနေဖြင့် စိတ်ဓာတ်ကျဆင်းသွားသင့်ကြပါသလား။ သူတို့၏လုပ်ဆောင်မှုများတို့တွင် သူတို့က ကြီးမားလှသည့်ဆန္ဒဖြင့် မြင်တွေ့လိုသည့်အကျိုးရလဒ်မျိုး အစဉ်တစိုက်ပေါ်ထွက်မလာပါက သူတို့အနေဖြင့် မိမိတို့ကိုယ်ကိုယုံကြည်စိတ်ချမှုကို စွန့်လွှတ်သင့်ကြပါသလား။ စစ်မှန်သည့်အမှုတော်ဆောင်များတို့သည်



သူတို့ရှေ့ဆက်ရင်ဆိုင်ကြုံတွေ့ရကြမည့် အမှုတော်အကြောင်းကိုမျှော်တွေးပြီး၊ ခက်ခဲကြမ်းတမ်းနိုင်ခြေရှိသည့်တိုင် မျှော်လင့်ချက်ကုန်ခန်းသွားစရာအကြောင်းမရှိပါ။ အခက်အခဲကိုရင်ဆိုင်ရန် နောက်တွန့်သွားခြင်းနှင့် အတိဒုက္ခအောက်တွင်ကျရောက်ရခြင်းအတွက် ညည်းညူခြင်းတို့သည် ဘုရားသခင်၏အစေခံကျွန်တို့ကို အင်အားလျော့ကျသွားစေသည့်အပြင် လုပ်ရည်ကိုင်ရည်ထိရောက်မှုအားနည်းသွားစေပါသည်။

တိုက်ပွဲ၏ရှေ့တန်းတွင် ရပ်ခံနေကြသည့်သူတို့သည် စာတန်မာရ်နတ်၏အထူးစစ်မှုရေးရာသည် သူတို့ကိုတိုက်ရိုက်ဦးတည်နေသည်ကို သိမြင်နေကြသကဲ့သို့ သူတို့အနေဖြင့် ဘုရားသခင်၏အထံတော်မှ ခွန်အားကိုလိုအပ်နေကြသည်ကို သတိမူမိကြမည့်အပြင်၊ သူ၏ခွန်အားတော်အားဖြင့် သူတို့လုပ်ကိုင်ဆောင်ရွက်ကြမည်ဖြစ်သည်။ သူတို့ရယူနေကြသည့်အောင်မြင်ခြင်းများတို့သည် သူတို့အားမြှင့်တင်ပေးမည်မဟုတ်သော်လည်း ခွန်အားကြီးမားတော်မူလှသောသူအပေါ် ပိုမိုလုံခြုံစွာဖြင့်မှီခိုကြစေသည့်အကြောင်းခြင်းရာကို ဆောင်ကြဉ်းပေးမည်ဖြစ်သည်။ ဘုရားသခင်အပေါ် လေးနက်ပြီးထက်သန်လှသည့် ကျေးဇူးတင်လိုစိတ်တို့သည် သူတို့၏နှလုံးသားများထဲမှ မှုလိုပေါက်လာကြမည်ဖြစ်ပြီး၊ ရန်သူ၏ဖိနှိပ်မှုကြောင့် သူတို့ထံသို့ရောက်ရှိလာမည့် အတိဒုက္ခအတွင်းတွင် သူတို့သည် ရွှင်လန်းကြမည်ဖြစ်သည်။

## ကိုးစားအားထားခြင်းနှင့်အခွင့်ထူးတို့၏အချိန်ကာလတစ်ခု

လက်ရှိကာလသည် တည်ကြည်ခိုင်ခံ့သည့်အခွင့်ထူးနှင့် လေးနက်မှုရှိသည့်ကိုးစားအားထားမှုအချိန်ကာလပင်ဖြစ်ပါသည်။ အကယ်၍ ဘုရားသခင်၏အစေခံကျွန်တို့အနေဖြင့် သူတို့ကိုပေးထားသော ကိုးစားအားထားစရာကို သစ္စာရှိစွာဖြင့်ကိုင်စွဲထားကြပါက၊ (လုကာ ၁၆း၂) တွင်ဖော်ပြထားသည့် ". . . ဘဏ္ဍာစိုးအရာ၌မှတ်သားသောစာရင်းကိုပေးလော့။ . . " ဆိုသည့်စကားကို အရှင်သခင်က မိန့်တော်မူသောအခါ၊ ကြီးမြတ်ခြင်းသည် သူတို့အတွက်ဆုလာဘ်ဖြစ်ပါလိမ့်မည်။ ထက်သန်မှုရှိသော အားသွန်ခွန်စိုက်လုပ်ဆောင်မှု၊ ကိုယ်ကျိုးအတ္တကင်းသည့်အမှုတော်၊ စိတ်ရှည်သည်းခံခြင်းနှင့် ဖွဲလုံ့လရှိသောကြိုးပမ်းအားထုတ်မှုတို့သည် ကြွယ်ဝလှသည့်ဆုလာဘ်တို့ကို ရရှိစေပါလိမ့်မည်။ သခင်ယေရှုသည် (ယောဟန် ၁၅း၁၅) တွင်ဖော်ပြထားသည့် "ယခုမှစ၍ ငါသည် သင်တို့ကိုကျွန်ဟူ၍မခေါ်၊ အဆွေဟူ၍ခေါ်မည်။..." အတိုင်း သူတို့ကိုမိန့်တော်မူလိမ့်မည်။ အရှင်သခင်တော်ကြီး၏လက်ခံသဘောတူမှုကို

ရရှိကြခြင်းသည် အမှုတော်ကိုကြီးကြီးမားမားလုပ်ဆောင်ပြခြင်းကြောင့်မဟုတ်ဘဲ၊ လုပ်ဆောင်ပြီးစီးသမျှသောအမှုတော်ကို သစ္စာရှိစွာဖြင့်လုပ်ဆောင်ပြခြင်းကြောင့်ဖြစ်ပါသည်။ ၎င်းလက်ခံသဘောတူမှုသည် ကျွန်ုပ်တို့ကြိုးပမ်းလုပ်ဆောင်မှု၏အကျိုးရလဒ်များမဟုတ်သော်လည်း ဘုရားသခင်အပေါ်ဝန်ပိစေသည့် ကျွန်ုပ်တို့ကျင့်ကြံမှုမှထွက်ပေါ်လာသည့် ရည်ရွယ်ရင်းများသာဖြစ်ပါသည်။ ထိုအရှင်သခင်တော်ကြီးသည် အားလုံးသောသူတို့အပေါ် ကောင်းမြတ်ခြင်းနှင့်သစ္စာစောင့်သိမှုတို့ကို ဆုချီးမြှင့်ပေးတော်မူပါသည်။

ကျွန်ုပ်အနေဖြင့် သခင်ခရစ်တော်၏ဇဝံဂေလိတရားတော်ကို ကြေညာပေးကြသောသူတို့ကို မည်သည့်အခါမျှစိတ်ဓာတ်မကျဆင်းကြစေရန်နှင့် အခက်ထန်ဆုံးသောအပြစ်သားတို့ကို ဘုရားသခင်၏ကျေးဇူးတော်ကို အလှမ်းအကမ်းမီသောနေရာဆီသို့ ရောက်ရှိမသွားနိုင်သူများအဖြစ် မည်သည့်အခါမျှသဘောထားရှိခြင်းမပြုရပါ။ သိသိသာသာဖြင့် မျှော်လင့်ချက်ကင်းမဲ့သူသည် ၎င်းကျေးဇူးတော်ဆိုင်ရာချစ်ခြင်းမေတ္တာတော်အားဖြင့် သမ္မာတရားကိုလက်ခံရရှိကြရပါမည်။ လူတို့၏နှလုံးသားတို့ကို ရေအလျဉ်တို့၏မြစ်ကြောင်းများအဖြစ်သို့ ပြောင်းလဲသွားစေသောသူသည် လူတို့ကို ထိုသို့ပြောင်းလဲသွားကြစေခြင်းကြောင့် ကိုယ်ကျိုးအတ္တစိတ်အရှိဆုံးနှင့် အပြစ်တရားအခိုင်အမာစွဲကပ်နေသောအသက်ဝိညာဉ်တို့ကိုလည်း သူသည် သခင်ခရစ်တော်ထံတော်သို့ ပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။ ဘုရားသခင်ကမလုပ်ဆောင်နိုင်လောက်အောင် အလွန်ခက်ခဲသောအမှုအရာတစ်စုံတစ်ရာရှိပါသလား။ ၎င်းအကြောင်းနှင့်ပတ်သက်ပြီး (ယေရမိ ၅၅:၁၁) တွင်၊ "• • • ငါ၏နှုတ်ကပတ်စကားသည်ဖြစ်လိမ့်မည်။ အကျိုးမရှိဘဲငါ့ထံသို့မပြန်ရ။ ငါ့အလိုကိုပြည့်စုံစေမည်။ ငါစေခိုင်းသောအမှု၌အောင်လိမ့်မည်" ဟူ၍ ဖော်ပြထားပါသည်။

နယ်ပယ်အသစ်အတွင်း အမှုတော်ကိုအရှိန်ဖြင့်လုပ်ဆောင်ရန် အားထုတ်ဆောင်ရွက်ကြသောသူတို့သည် မိမိတို့ကိုယ်၌က ပိုမိုကောင်းမွန်သည့်အထောက်အကူပြုပစ္စည်းများလိုအပ်နေကြသည်ဟု မကြာခဏထင်မြင်သတိပြုမိကြပါသည်။ ဤအထောက်အကူပစ္စည်းများတို့၏ကင်းမဲ့မှုကြောင့် သူတို့၏အလုပ်တွင် အဟန့်အတားဖြစ်လာမည့်ပုံမျိုးရှိနေပါသော်လည်း သူတို့အား သူတို့၏ယုံကြည်ခြင်းနှင့်သတ္တိတို့ကို အဆုံးရှုံးမခံကြပါစေနှင့်။ မကြာခဏပင်လျှင် သူတို့သည် မလွှဲသာမရှောင်သာဘဲ သူတို့၏ခနအရင်းအမြစ်ဆီသို့ အကန့်အသတ်ဖြင့်ပြန်လည်ရောက်ရှိသွားတတ်ပါသည်။ တစ်ခါတစ်ရံ





တွင် သူတို့သည် ရှေ့ဆက်တက်လှမ်းနိုင်ခြင်းမရှိသည့်ပုံပေါက်ပါသည်။ သို့သော်လည်း သူတို့သည် ယုံကြည်ခြင်းအားဖြင့်ဆုတောင်းပြီးလုပ်ဆောင်ကြပါက၊ သူတို့၏အသနားခံမှုတို့ကို ဘုရားသခင်ဖြေကြားပေးတော်မူပြီး၊ သူတို့၏အလုပ်တိုးတက်လာရေးအတွက်နည်းလမ်းတို့ကိုချပေးတော်မူမည်ဖြစ်သည်။ အခက်အခဲများတို့သည် ခေါင်းထောင်လာကြမည်ဖြစ်သည့်အလျောက် သူတို့အနေဖြင့် ပြီးမြောက်အောင်လုပ်ဆောင်ရမည့်အလုပ်တို့ကို အပြီးသတ်နိုင်ရေးအတွက် မည်သို့လုပ်ဆောင်ရကြမည်ကို စဉ်းစားတွေးတော၍မရအောင်ဖြစ်နေကြမည်ဖြစ်သည်။ တစ်ခါတစ်ရံတွင်လည်း အနာဂတ်သည် အလွန်မှောင်မိုက်သည့်အနေအထားမျိုးဖြင့် မြင်တွေ့ရကြမည်ဖြစ်သည်။ သို့သော်လည်း ဘုရားသခင်ပေးသနားတော်မူခဲ့သည့်ကတိတော်တို့ကို အမှုတော်ဆောင်တို့က ပြန်လည်သတိတရရှိလာကြစေပြီး၊ သူလုပ်ဆောင်ပြီးစီးတော်မူခဲ့သည့်အရာများအတွက်ကိုလည်း ကျေးဇူးတင်ကြပါစေ။ ထိုနောက် သူတို့၏မျက်မှောက်တွင် သူတို့လုပ်ဆောင်ရမည့်လမ်းကြောင်းပွင့်လာမည်ဖြစ်ပြီး အလုပ်ချိန်အတွင်းထမ်းဆောင်ရကြမည့်တာဝန်အတွက်ခွန်အားဖြည့်တင်းပေးခြင်းခံရကြမည်ဖြစ်သည်။

ရှင်ပေါလုက သူ၏ယုံကြည်ခြင်းသို့ရောက်ရှိလာခဲ့ကြသည့် ညီအစ်ကိုတော်တို့အား တွေ့မြင်ခဲ့ရသည့်အကြောင်းနှင့်ပတ်သက်ပြီး၊ (တမန်တော် ၂၈:၁၅) တွင် ဖော်ပြထားသည့်၊ "• • • ဘုရားသခင်၏ကျေးဇူးတော်ကိုချီးမွမ်း၍ စိတ်သက်သာခြင်းသို့ရောက်လေ၏" ဆိုသည့် ရှင်လုကာ၏အရေးပါလှသည့် နှုတ်ထွက်စကားလုံးတို့ကိုလူအနည်းအကျဉ်းလောက်မျှသာ အမှတ်ထားမိကြမည်ဖြစ်သည်။ စာနာထောက်ထားမှုဖြင့်ငိုကြွေးနေခဲ့ကြသည့် ယုံကြည်သူများအစုအဖွဲ့၏အလယ်တွင် သံကြိုးအချုပ်အနှောင်ဖြင့် မည်သူကမျှမရှက်ဘဲမနေကြသော်လည်း ရှင်ပေါလုမှာမူ ထိုသို့မဟုတ်ဘဲ ကြီးမားလှသောအသံဖြင့် ဘုရားသခင်ကိုချီးမွမ်းခဲ့ပါသည်။ သူ၏စိတ်ဝိညာဉ်အပေါ်တွင်ကျရောက်နေခဲ့သည့် သောကပူဆွေးမှုတိမ်ထုကြီးသည် ပျောက်လွင့်ကုန်ခဲ့ကြပါသည်။ သူ၏ခရစ်ယာန်အသက်တာသည် စစ်ဆေးစုံစမ်းခံရမှု၊ ဆင်းရဲဒုက္ခ၊ စိတ်ဓာတ်ကျဆင်းစရာတို့နှင့်ဆက်တိုက်ရင်ဆိုင်ခဲ့ရသည့်တိုင် ထိုအချိန်အတောအတွင်း သူသည် ကြွယ်ဝလှသည့်ပြန်လည်ပေးဆပ်မှုမျိုးအဖြစ် ခံယူမိခဲ့ပါသည်။ ခိုင်မာသောခြေလှမ်းနှင့်ရွှင်လန်းသည့်စိတ်တို့ဖြင့် သူ၏ခရီးလမ်းကိုဆက်လက်လျှောက်လှမ်းခဲ့ပါသည်။ ကုန်လွန်ခဲ့ပြီးသောအတိတ်ကာလအတွက် ညည်းတွားခြင်းမရှိခဲ့သည့်အပြင် အနာဂတ်အတွက်ကိုလည်း စိုးရိမ်ခြင်းမရှိခဲ့ပါ။ အချုပ်အနှောင်များနှင့်ဆင်းရဲဒုက္ခများတို့သည် သူ့အား

စောင့်ဆိုင်းနေခဲ့သည်ကို သူသိရှိထားခဲ့ပြီးသားဖြစ်သော်လည်း အလွန်အမင်းပိုမို ကြောက်မက်ဖွယ်သောအနှောင်အဖွဲ့တစ်ခုအတွင်းမှ အသက်ဝိညာဉ်တို့ကိုကယ်လွှတ်ပေးရန်ကိုပါ သိရှိခဲ့သည့်အပြင်၊ သခင်ခရစ်တော်အကြောင်းကြောင့် သူခံစားခဲ့ရသည့် ဒုက္ခဆင်းရဲခြင်းတို့အတွက် သူသည် ရွှင်လန်းဝမ်းမြောက်ခဲ့ပါသည်။ "The Acts of the Apostles," p. 449.

## သူ၏အမှုတော်ဆောင်တို့အားဘုရားသခင်၏သင်တန်းပို့ချတော်မူချက်များ

ထာဝရဘုရားသည် သူ၏တပည့်တော်တို့ကို ခန့်အပ်ထားတော်မူခဲ့သည့်နေရာများတို့ကို ဖြည့်ဆည်းရေးအတွက် ပြင်ဆင်ပြီးသားဖြစ်ကြရန် ထိန်းသိမ်းကြပ်မတ်ပေးတော်မူပါသည်။ သူတို့အားလက်ခံနိုင်လောက်သောဝန်ဆောင်မှုမျိုးကို ပိုမိုလုပ်ဆောင်နိုင်သည့်အနေအထားမျိုးနှင့် အံဝင်ခွင်ကျဖြစ်စေလိုသောဆန္ဒရှိတော်မူပါသည်။ စိုးမိုးမှုအာဏာပိုင်များအဖြစ်ကိုတောင့်တနေကြသူများနှင့် အညံ့ခံခိုဝင်ခြင်းဆိုင်ရာအထွတ်အမြတ်စိတ်ထားမျိုး လိုအပ်နေကြသောသူများရှိနေကြပါသည်။ သူတို့၏အသက်တာများအတွင်း အပြောင်းအလဲတစ်ရပ်ကို ဘုရားသခင်က ဖြစ်ပေါ်စေတော်မူပါသည်။ မတော်လျှင်လည်း သူတို့ရွေးချယ်ခွင့်မရသောတာဝန်များတို့ကို သူတို့အားချထားကောင်းချထားပေးတော်မူမည်ဖြစ်သည်။ သူ၏လမ်းညွှန်ထိန်းကျောင်းပေးတော်မူခြင်းကို သူတို့လိုလားကြပါက ဤတာဝန်တို့ကိုအညံ့ခံခိုဝင်လိုခြင်းနှင့် ကူညီလိုသောစိတ်ဓာတ်တို့ဖြင့် အသုံးတော်ခံနိုင်ကြရန်အတွက် သူသည် သူတို့အားကျေးဇူးတော်နှင့်ခွန်အားတို့ကို ပေးသနားတော်မူမည်ဖြစ်သည်။ ဤနည်းအားဖြင့် သူတို့၏ထိန်းသိမ်းကြပ်မတ်မှုရှိပြီးသားစွမ်းရည်များတို့ဖြင့် သူတို့ဖြည့်ဆည်းပေးရမည့်နေရာတို့တွင် ကြီးမားသောဝန်ဆောင်မှုအတွက် အရည်အချင်းရှိပြီးသားဖြစ်သွားပေမည်။

လူအချို့တို့ကို စိတ်ဓာတ်ကျဆင်းမှုနှင့်သိသာသည့်ကျရှုံးမှုတို့အားဖြင့် ဘုရားသခင်က လေ့ကျင့်ပေးတော်မူပါသည်။ အခက်အခဲများတို့ကို ပိုင်နိုင်စွာကိုင်တွယ်နိုင်ကြရေးအတွက် လေ့လာသင်ကြားရယူကြခြင်းသည် ဘုရားသခင်၏ရည်ရွယ်တော်မူချက်ဖြစ်သည်။ သူတို့ကိုသိသာထင်ရှားသည့် ကျရှုံးမှုတိုင်းတို့ကို အောင်မြင်မှုတစ်ခုအဖြစ်ဆီသို့ ဖန်တီးကြရေးအတွက် စိတ်ဓာတ်ကြံ့ခိုင်မှုတစ်ခုဖြင့် စေ့ဆော်ပေးတော်



မူပါသည်။ မကြာခဏပင်လျှင် လူတို့သည် သူတို့ကိုထိပ်တိုက်ရင်ဆိုင်ကြသည့်စိတ်ရှုပ်ထွေးမှုများနှင့်အဟန့်အတားများတို့ကြောင့် ဆုတောင်းပြီးငိုကြွေးနေရကြပါသည်။ သို့သော်လည်း အကယ်၍သူတို့သည် သူတို့၏ယုံကြည်စိတ်ချမှုတို့ကို စတင်ကိုင်စွဲကြမည့်အချိန်မှစပြီး အဆုံးတိုင်သည်အထိ မြဲမြံစွာဆက်လက်ကိုင်စွဲထားကြပါက ဘုရားသခင်သည် သူတို့၏လမ်းခရီးကို ဖြောင့်ဖြူးစေတော်မူမည်ဖြစ်သည်။ သူတို့အနေဖြင့်သိသာသည့် ကျော်လွှား၍မရနိုင်သောအခက်အခဲတို့ကို ရုန်းကန်တွန်းလှန်ကြပြီဆိုလျှင် အောင်မြင်မှုသည်လည်း လိုက်ပါလာမည်ဖြစ်ကာ၊ ထိုအောင်မြင်မှုနှင့်အတူ အကြီးမားဆုံးသောပျော်ရွှင်ခြင်းကိုလည်း ခံစားရကြမည်ဖြစ်သည်။

ထပ်တလဲလဲဖြင့် ငြီးငွေ့ဖွယ်ကောင်းသောအသက်တာတစ်ခုသည် ဝိညာဉ်ရေးဆိုင်ရာကြီးထွားလာမှုအတွက် အလုပ်ဆောင်နိုင်ဆုံးသောအကြောင်းခြင်းရာမဟုတ်ပါ။ အချို့သောသူတို့သည် ဝိညာဉ်ရေးဆိုင်ရာထက်သန်မှု၏အမြင့်ဆုံးသောအဆင့်ကို ဘဝအခြေအနေ၏ပုံမှန်စနစ်တကျရှိမှုဘောင်အတွင်းတွင်ရှိသည့် အပြောင်းအလဲတစ်ခုအားဖြင့်သာလျှင် ရောက်ရှိသွားနိုင်ကြပါသည်။ သူ၏ကြည့်ရှုစောင့်ရှောက်တော်မူခြင်းတွင် အကျင့်စရိုက်ပျိုးထောင်ခြင်းဆိုင်ရာအောင်မြင်မှုအတွက် အပြောင်းအလဲများတို့ကို အမှန်တကယ်လိုအပ်သည်ဟု ဘုရားသခင်ကရှုမြင်တော်မူပါက အသက်တာ၏ချောမွေ့သောအခြေအနေကို အနှောင့်အယှက်ပြုတော်မူမည်ဖြစ်သည်။ အမှုတော်ဆောင်တစ်ဦးအနေဖြင့် သူနှင့်အလွန်နီးကပ်လှသည့် ပေါင်းစည်းမှုမျိုးရှိရန်လိုအပ်သည်ကို သူသိရှိတော်မူပြီး၊ ထိုကဲ့သို့မျိုးဖြစ်ပေါ်လာစေရေးအတွက် သူသည် ထိုသူအားသူ၏မိတ်ဆွေသူငယ်ချင်းများနှင့်အကျွမ်းတဝင်ရှိကြသောသူများတို့နှင့် တစ်သီးတခြားဖြစ်သွားစေတော်မူမည်ဖြစ်သည်။ ဧလိယ၏ဘဝကို အဆင့်ဆင့်ပြောင်းသွားစေရေးအတွက် ပြင်ဆင်တော်မူရာတွင် ဘုရားသခင်သည် သူ့အားတစ်နေရာပြီးတစ်နေရာသို့ပြောင်းရွှေ့သွားစေတော်မူခဲ့ပါသည်။ ထိုကဲ့သို့ပြုလုပ်တော်မူရခြင်းမှာ ဧလိယအနေဖြင့် သက်သောင့်သက်သာအခြေအနေတွင် အခြေချမနေရန်နှင့် ထိုသက်သောင့်သက်သာအခြေအနေကြောင့် သူသည်လည်း ဝိညာဉ်တော်တန်ခိုးကိုရရှိရေးဆုံးရှုံးခံရမည်ဖြစ်သည်။ များစွာသောအသက်ဝိညာဉ်တို့ကို ကျယ်ဝန်းပြီး၊ ပိုမို၍ကူညီဖော်ရသည့်အတွေ့အကြုံမျိုးကို ရရှိကြစေရေးအတွက် ကူညီပေးနိုင်ရန် ဧလိယ၏သြဇာရှိမှုသည် တန်ခိုးတစ်ခုအဖြစ်ဖြစ်တည်ရေးမှာ ဘုရားသခင်၏ပုံစံဖော်ဆောင်တော်မူခဲ့ခြင်းပင်ဖြစ်ပါသည်။

သူတို့အတွက် ဘုရားသခင်ကလျာထားတော်မူခဲ့သောနေရာတွင် ဘုရားသခင်အား ရွှင်လန်းစွာဖြင့်အစေခံကြရန် မကျေမနပ်ဖြစ်နေကြသောသူများ၊ သို့မဟုတ် သူတို့အားအပ်ပေးထားတော်မူသည့်အမှုတော်ကို မညည်းမညူလုပ်ဆောင်လိုကြသည့်သူ အများအပြားရှိနေကြပါသည်။ ကျွန်ုပ်တို့သည် တာဝန်ကိုထမ်းဆောင်ရကြသည့်နည်းလမ်းအပေါ် မကျေမနပ်ဖြစ်နေကြခြင်းသည် ကျွန်ုပ်တို့အတွက် အခွင့်အရေးဖြစ်သော်လည်း ထိုတာဝန်အပေါ် ကျွန်ုပ်တို့မကျေမနပ်ဖြစ်ခြင်းသည် မသင့်လျော်ပါ။ ထိုသို့မကျေမနပ်မဖြစ်ရခြင်းမှာ ကျွန်ုပ်တို့အနေဖြင့် တကယ်တမ်းလိုလိုလားလားလုပ်ဆောင်ရကြမည့်အရာ တစ်စုံတစ်ရာရှိနေခြင်းကြောင့်ဖြစ်ပါသည်။ လူသားတို့၏ရောဂါစွဲကပ်ခံရကြသော စိတ်အတွေးများတို့ကိုကုသပေးသည့် ဆေးဝါးနှင့်အလားတူသည့်အမှုတော်ကို လူသားတို့၏မျက်မှောက်တွင် ဘုရားသခင်သည် ကြိုတင်စီမံမှုတစ်ခုအဖြစ် ချထားပေးတော်မူပါသည်။ သူတို့အတွက်စီရင်ထားတော်မူသောအမှုတော်အတွက် အရည်အချင်းပြည့်မီခြင်းမရှိစေသော ကိုယ်ကျိုးအတ္တဦးစားပေးလိုစိတ်တို့ကို မေ့ပစ်လိုက်ကြရန်အတွက် အကယ်၍ သူတို့ကျေနပ်လက်ခံကြပါက ဘုရားသခင်သည် အထက်ပါကြိုတင်စီမံထားမှုအားဖြင့် သူတို့ကိုဦးဆောင်နိုင်ရေးအတွက် ကြိုးပမ်းတော်မူမည်ဖြစ်သည်။ ဤဝန်ဆောင်မှုကို သူတို့ကလက်ခံရယူပြီးဆောင်ရွက်ကြပါက သူတို့၏စိတ်ဝေဒနာတို့သည် ပျောက်ကင်းအောင်ကုသခံရကြမည်ဖြစ်သည်။ အကယ်၍သာ သူတို့က ထိုဝန်ဆောင်မှုကို သူတို့ငြင်းပယ်ကြပါက သူတို့သည် သူတို့ကိုယ်၌နှင့်လည်းကောင်း၊ အခြားသောသူတို့နှင့်လည်းကောင်း ပဋိပက္ခအသွင်သဏ္ဍာန်ဖြင့် အစွန့်ပစ်ခံရကြမည်ဖြစ်သည်။

ငြိမ်သက်ခြင်းတွင် ခိုနားခွင့်မရကြသော်လည်း၊ ကြိုးပမ်းမှုဖြင့် အစဉ်တစိုက်လုပ်ရှားနေကြသောသူတို့အနေဖြင့်လည်းကောင်း၊ သူတို့၏တဲတို့ကို ယခုညတွင် တစ်နေရာ၊ နောက်ထပ်မနက်ဖြန်ညတွင် အခြားတစ်နေရာသို့ ပြောင်းရွှေ့စခန်းချနိုင်ကြပါက ထာဝရဘုရားသည် သူတို့အားဦးဆောင်နေတော်မူပြီး ကုံလုံပြည့်စုံသည့်အကျင့်စရိုက်ကို ပုံဖော်နိုင်ကြရေးအတွက် သူတို့အားကူညီတော်မူသည့်နည်းလမ်းတော်ဖြစ်သည်ကို သတိတရရှိကြပါစေ။ သူတို့လုပ်ဆောင်ကြရန်လိုအပ်သည့် အပြောင်းအလဲအားလုံးတို့တွင် ဘုရားသခင်ကို သူတို့၏မိတ်ဆွေအပေါင်းအသင်း၊ သူတို့၏ဦးဆောင်လမ်းညွှန်သူနှင့် သူတို့၏အားကိုးစရာအဖြစ်ဖြင့် အသိအမှတ်ပြုရကြပါမည်။



## ဘုရားသခင်နှင့်စကားပြောဆိုရန်အချိန်ကိုရယူပါ

ကျွန်ုပ်တို့၏အမှုတော်ဆောင်များနှင့်ပတ်သက်ပြီး ကျွန်ုပ်အနေဖြင့် အထူးညွှန်ကြားချက်မျိုးကို ရရှိထားပြီးဖြစ်ပါသည်။ သူတို့အနေဖြင့် ကြွယ်ဝချမ်းသာလာကြရေးအတွက် ကြိုးပမ်းအားထုတ်နေကြခြင်းသည် ဘုရားသခင်၏အလိုတော်မဟုတ်ပါ။ သူတို့အနေဖြင့် လောကီရေးရာနှင့်သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများတို့တွင် ပါဝင်လုပ်ဆောင်ခြင်းမပြုသင့်ကြပါ။ ထိုကဲ့သို့ပါဝင်လုပ်ဆောင်မှုသည် ဝိညာဉ်ရေးဆိုင်ရာကိစ္စရပ်များတွင် သူတို့၏အကောင်းဆုံးသောစွမ်းအားတို့ကို အသုံးချနိုင်သည့်အရည်အချင်းကို ပြည့်မီစေနိုင်ခြင်းမရှိပါ။ သို့သော်လည်း သူတို့အနေဖြင့် သူတို့ကိုယ်ပိုင်အတွက်နှင့် သူတို့၏မိသားစုအတွက် လုံလောက်မှုရှိသည့်လုပ်အားခမျိုးကို ရရှိရကြပါမည်။ သူတို့၏ကိုယ်ပိုင်မိသားစုအရေးကလည်းရှိသေးသည့်အလျောက် အသင်းတော်အပေါ် သေသေချာချာဂရုတစိုက်အာရုံစိုက်ရန်ဆိုပြီး သူတို့အပေါ်များစွာသောဝန်ထုပ်ဝန်ပိုးသက်ရောက်ခံရမှုမျိုးမရှိသင့်ပါ။ တစ်ဖက်တွင်လည်း ထာဝရဘုရားအတွက် သူတို့၏သားသမီးတို့ကို လေ့ကျင့်သင်ကြားပေးရမည့် အထူးတာဝန်ကလည်းရှိနေပါသေးသည်။

အမှုတော်ဆောင်တစ်ဦးကို လုပ်ငန်းတာဝန်တို့ကိုတစ်သမတ်တည်းဆောင်ရွက်စေခြင်း၊ တစ်နေရာပြီးတစ်နေရာသို့သွားရောက်စေခြင်းနှင့် ဘုတ်အဖွဲ့အစည်းအဝေးများနှင့်ကော်မတီအစည်းအဝေးများတို့ကို ညနက်သန်းခေါင်အထိထိုင်စေခြင်းတို့သည် ကြီးမားလှသောအမှားတစ်ခုပင်ဖြစ်ပါသည်။ ဤလုပ်ရပ်များတို့သည် သူ့အားမောပန်းမွန်းကျပ်မှုနှင့်စိတ်ဓာတ်ကျဆင်းမှုတို့ကို ခံစားစေရပါသည်။ အမှုတော်ဆောင်များတို့အနေဖြင့် အနားယူရန်၊ ထို့အပြင် ဘုရားသခင်အထံတော်မှ အသက်မုန့်၏ကြွယ်ဝလှသည့်အာဟာရဓာတ်ဖြစ်သည့် သူ၏နှုတ်ကပတ်တော်ကိုလက်ခံရယူနိုင်ကြရေးအတွက် အချိန်ပေးနိုင်ရကြပါမည်။ သူတို့အနေဖြင့် အသက်စမ်းရေတွင်းမှ ဖြေသိမ့်စရာ၊ အားသစ်လောင်းပေးသည့်ရေအေးကို တစ်ကျိုက်တစ်မော့သောက်နိုင်ကြရေးအတွက် အချိန်ရရှိကြရပါမည်။

အမှုတော်ဆောင်များနှင့်ကျောင်းဆရာ၊ ဆရာမများတို့သည် သူတို့၏အနေအထားကို အကောင်းဆုံးသောအရည်အသွေးဖြင့် ဖြည့်ဆည်းပေးရမည့် ဘုရားသခင်ကပေးအပ်ထားသောတာဝန်ခံမှုနှင့် သူတို့၏အကောင်းဆုံးသောစွမ်းအားတို့ကို သူတို့

ထမ်းဆောင်ရကြမည့်အမှုတော်လုပ်ငန်းတွင် ထည့်သွင်းထားရကြမည်ဖြစ်ကြောင်းတို့ကို သတိတရရှိကြပါစေ။ ဘုရားသခင်က သူတို့ကိုပေးအပ်ထားတော်မူသော အမှုတော်နှင့်ပဋိပက္ခဖြစ်မည့် တာဝန်တို့ကို စတင်ထမ်းဆောင်ခြင်းမပြုရပါ။

အမှုတော်ဆောင်များနှင့်ကျောင်းဆရာ၊ ဆရာမများတို့သည် ငွေကြေးဆိုင်ရာတာဝန်ယူရမှုများကြောင့် ဝန်ပိခံနေရကြသောအခါ၌ တရားဟောစင်မြင့်ထက်တွင်၊ သို့မဟုတ် ကျောင်းစာသင်ခန်းတွင်းသို့ မွန်းကျပ်သည့်ဦးနှောက်နှင့် ခံနိုင်ရည်စွမ်းမရှိတော့သည့် အာရုံကြောများတို့ဖြင့် တက်ရောက်ဟောပြောခြင်း၊ စာပေသင်ကြားပို့ချခြင်းကိုပြုလုပ်ရကြပြီဆိုပါက သာမန်အခြေအနေမျိုးဖြင့်ရှိသောမီးကို စိတ်ဓာတ်ကိုလှုပ်ရှားတက်ကြွစေသည့် ဘုရားသခင်၏အထွတ်အမြတ်ဖြစ်သောမီးအစား အသုံးပြုခြင်းကြောင့် တစ်စုံတစ်ရာသော မည်သည့်အရာကိုမျှော်မှန်းချက်ထားနိုင်မည်နည်း။ ပင်ပန်းနွမ်းနယ်ပြီး စုတ်ပြတ်နေသောကြိုးပမ်းအားထုတ်မှုတို့သည် နာကြားသူတို့ကိုစိတ်ဓာတ်ကျစေပြီး၊ ဟောကြားပြောဆိုသူကိုလည်း နစ်နာစေပါသည်။ သူ့အနေဖြင့်ထာဝရဘုရားကိုရှာဖွေရန်အချိန်မရသည့်အပြင် သန့်ရှင်းသောဝိညာဉ်တော်၏ဘိသိက်ကျေးဇူးတော်အတွက် ယုံကြည်ခြင်းအားဖြင့်တောင်းခံရန်လည်း အချိန်မရနိုင်ပါ။

ကျွန်ုပ်၏လုပ်ဖော်ကိုင်ဖက်များတို့ကိုပြောပြပေးရန် ကျွန်ုပ်ညွှန်ကြားချက်တစ်ခုရရှိထားပါသည်။ ၎င်းမှာ၊ ကောင်းကင်ဆိုင်ရာကြွယ်ဝသည့်ဘဏ္ဍာတော်ကိုရယူလိုသည်ဆိုပါက သင်သည် ဘုရားသခင်နှင့်လျှို့ဝှက်သည့်မိတ်သဟာယဖွဲ့ခြင်းကို လုပ်ဆောင်ရမည်ဖြစ်သည်။ ဤကဲ့သို့သင်မလုပ်ဆောင်ပါက သင်၏အသက်ဝိညာဉ်သည် နှင်းထုနှင့်မိုးရွာသွန်းမှုတို့ဖြင့် ထုပြောသည့်ဂိလဗောတောင်များကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်အတွက် ခိုကိုးရာမဲ့သည့်နေရာအဖြစ်ဖြင့်သာ ရှိနေပေမည်။ အကြောင်းခြင်းရာတစ်ခုမှ နောက်တစ်ခုသို့အလျင်အမြန်ကူးပြောင်းလုပ်ဆောင်သောအခါနှင့် ဘုရားသခင်နှင့်စကားစမြည်ပြောဆိုနိုင်ခြင်းမရှိလောက်အောင် လုပ်ကိုင်စရာအလွန်များပြားလှခြင်းကြောင့် သင်၏အမှုတော်အတွင်း အထောက်အမဖြစ်စေမည့်စွမ်းအားကိုသင်မည်ကဲ့သို့မျှော်မှန်းနိုင်မည်နည်း။

ကျွန်ုပ်တို့၏များစွာသောအမှုတော်ဆောင်များတို့သည် ငြီးငွေ့ဖွယ်ရာနှင့်အသက်မပါသောဟောပြောချက်များတို့ကိုသာ ဟောပြောနေနိုင်ကြခြင်းမှာ လောကီဆိုင်ရာသဘာဝတရားနှင့်ပတ်သက်သည့် မျိုးစုံလှသောဓနဥစ္စာများအတွက် သူတို့၏အချိန်နှင့်စိတ်အာရုံတို့ကို အသုံးပြုလွန်းခြင်းကြောင့်ဖြစ်ပါသည်။ အကယ်၍သာ ကျွန်ုပ်တို့သည်



ကျေးဇူးတော်၌အဆက်မပြတ်ကြီးထွားမှုမရှိကြပါက အချိန်အခါနှင့်ကိုက်ညီမှုရှိသည့်စကားလုံးများတို့ကို ကျွန်ုပ်တို့ချို့တဲ့မြဲချို့တဲ့နေကြမည်ဖြစ်သည်။ သင်၏ကိုယ်ပိုင်နှလုံးသားနှင့်မိတ်သဟာယဖွဲ့ပြီးနောက် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ပါ။ ဤကဲ့သို့သောမိတ်သဟာယဖွဲ့ခြင်းမျိုးမရှိပါက သင်၏ကြိုးပမ်းအားထုတ်မှုသည် အသီးဖြင့်ကင်းမဲ့မည်ဖြစ်ပြီး၊ ထိုကြိုးပမ်းအားထုတ်မှုကိုလည်း သူသည် စင်ကြယ်မြင့်မြတ်မှုမရှိသည့်သုတ်သီးသုတ်ပျာအမှုအရာအပြင်၊ ရှုပ်ထွေးလှသည့်အနေအထားမျိုးဖြင့် လုပ်ဆောင်မိမည်သာဖြစ်သည်။

အမှုတော်ဆောင်များနှင့်ကျောင်းဆရာ၊ ဆရာမများတို့ခင်ဗျား၊ သင်တို့ဆောင်ရွက်သောအမှုတော်သည် ကြွယ်ဝလှသောဝိညာဉ်တော်ဆုကျေးဇူးဖြင့် မွှေးကြိုင်ကြပါလေစေ။ ထိုအမှုတော်ကို အဆင့်အတန်းမရှိသောလုပ်ရပ်များတို့ဖြင့် ရောနှောသွားခြင်းကြောင့်သာမန်အဆင့်ဖြင့်သာရှိနေအောင် မပြုလုပ်ကြပါနှင့်။ ရှေ့သို့ဆက်သွားသည့်အပြင်၊ အထက်သို့လည်းတက်လှမ်းပါ။ (၂ကော ၇း၁) တွင်ဖော်ပြထားသည့် “. . . ကိုယ်ခန္ဓာ၏အညစ်အကြေး၊ စိတ်ဝိညာဉ်၏အညစ်အကြေးရှိသမျှတို့နှင့် ကိုယ်ကိုကိုယ်ကင်းစင်စေလျက် ဘုရားသခင်ကိုကြောက်ရွံ့၍ သန့်ရှင်းခြင်းပါရမီနှင့်ပြည့်စုံကြကုန်အံ့” အတိုင်း သင်တို့၏ကိုယ်ကိုသန့်ရှင်းစေကြပါ။ “Testimonies for the Church,” vol. 7, pp. 250-252.

## ကျွန်ုပ်တို့၏အကြီးမားဆုံးသောလိုအပ်ချက်

(တမန်တော် ၁း၈) တွင် သခင်ခရစ်တော်က၊ “. . . သင်တို့သည်. . . ငါ၏သက်သေဖြစ်ကြလိမ့်မည်” ဟူ၍ မိန့်တော်မူခဲ့ပါသည်။ ဤမိန့်တော်မူခဲ့သောနှုတ်ထွက်စကားတို့သည် တပည့်တော်တို့၏တွန်းအားတို့ကို မည်သို့မျှမဆုံးရှုံးသွားစေခဲ့ပါ။ ယခုကာလတွင်တွေ့နေရကြသည့် အနှစ်သာရထက် အသွင်သဏ္ဍာန်ကိုအလေးပေးနေသည့် ဘာသာရေးအတွက် သစ္စာရှိသောသက်သေခံသူများတို့ကို ကျွန်ုပ်တို့၏ကယ်တင်တော်မူသောအရှင်က လိုအပ်တော်မူသည့်တိုင်၊ သခင်ခရစ်တော်အတွက်သံအမတ်ကြီးများအဖြစ်ဖြင့် မိမိတို့ကိုယ်ကို လူသိရှင်ကြားထုတ်ဖော်အသိပေးထားကြသူများအတွင်းတွင်မှ သူတို့၏အရှင်သခင်အတွက် သစ္စာရှိစွာဖြင့် တစ်ဦးတည်းသက်သေခံသောသူနည်းပါးလှပေစွ။ ယခင်မျိုးဆက်ဟောင်းများမှ လူများဆောင်ရွက်

ခဲ့ကြသည့် ကြီးကျယ်ပြီးကောင်းမြတ်သည့်လုပ်ရပ်များ၊ စိန်ခေါ်ခံရမှုများ၊ ဒုက္ခရောက်ခဲ့ရမှုများနှင့်အကျိုးခံစားရမှုများတို့အကြောင်းကို လူအများတို့က ပြောဆိုနိုင်တတ်ကြပါသည်။ အခြားသောသူတို့က သည်းခံနိုင်ရန်ခဲယဉ်းလှသော ပဋိပက္ခများအတွင်း ရွှင်လန်းမှုရှိနိုင်ကြစေရန်နှင့် ဆိုးဝါးပြင်းထန်လှသည့် စုံစမ်းနှောင့်ယှက်ခြင်းများတို့အပေါ် ခိုင်မာစွာရပ်ခံတွန်းလှန်နိုင်ကြရေးအတွက် ထိုကဲ့သို့မျိုးကျလောက်အောင် ပြောဆိုနိုင်ကြသောသူတို့သည် အထောက်အကူပြုပေးနိုင်သည့် ဧဝံဂေလိတရားတော်၏တန်ခိုးကို ချမှတ်ပေးနိုင်ကြမည်ဖြစ်သည်။ သို့သော်လည်း အခြားသောခရစ်ယာန်တို့ကို သခင်ယေရှုအတွက် သက်သေခံသူများအဖြစ်ဖြင့် အလွန်စိတ်အားထက်သန်စွာဖြင့် ရှေ့သို့ပို့ဆောင်ပေးကြရာတွင် သူတို့ကိုယ်၌မှာမူ လန်းဆန်းမှုနှင့်အချိန်မီလုပ်ဆောင်နိုင်သည့်အတွေ့အကြုံမျိုးရှိနေကြသည့်ပုံမပေါ်ပါ။

သခင်ခရစ်တော်၏အမှုတော်ဆောင်များခင်ဗျား၊ သင်တို့ကိုယ်ကိုသင်တို့ မည်သည့်ပြောပြပေးစရာများရှိပါသလဲ။ သင်၏ကောင်းကျိုးအတွက်၊ အခြားသူတို့၏ ကောင်းကျိုးအတွက်နှင့် ဘုရားသခင်၏ဘုန်းအာနုဘော်တော်အတွက် သင်သည် မည်သည့် အသက်ဝိညာဉ်နှင့်ပတ်သက်သည့်ပဋိပက္ခမျိုးကို ကြုံတွေ့ခဲ့ရပါသနည်း။ ကမ္ဘာမြေကြီးပေါ်သို့ ကရုဏာတော်ဆိုင်ရာသတင်းစကားကို ကြေညာပေးမည့်သူဟူ၍ မိမိကိုယ်ကို ထုတ်ဖော်အသိပေးထားသောသူအနေဖြင့် သင်သည် သမ္မာတရားတော်နှင့်ပတ်သက်သည့်ဗဟုသုတဆိုင်ရာ မည်သည့်အတွေ့အကြုံမျိုးရှိပြီး၊ ထိုအတွေ့အကြုံသည် သင်၏ ကိုယ်ပိုင်နှလုံးသားကို မည်သည့်သက်ရောက်မှုမျိုးရှိနေပါသနည်း။ သင်၏အကျင့်စရိုက်သည် သခင်ခရစ်တော်အတွက် သက်သေခံနေပါသလား။ သခင်ယေရှုထံတော်တွင် ရှိသည့် ပြန်လည်သန့်စင်ပြီး၊ မြင့်မြတ်သောသဘောရိုကာ မွန်မြတ်သန့်ရှင်းသည့် ဩဇာသက်ရောက်မှုရှိသည့် သမ္မာတရားတော်အကြောင်းကို သင်ပြောပြပေးနိုင်ပါသလား။ သခင်ခရစ်တော်၏တန်ခိုးတော်နှင့်ပတ်သက်ပြီး မည်သည့်အရာကိုသင်တွေ့မြင်နေရပြီး၊ မည်သည့်အရာကိုသင်သိရှိနေရပြီနည်း။ ဤတန်ခိုးတော်သည် ထာဝရဘုရား၏ခေါ်တော်မူခြင်းနှင့် အသင်းတော်တို့၏ဒုက္ခရောက်နေခြင်းတို့နှင့်ပတ်သက်သည့် သက်သေခံခြင်းအမျိုးအစားပင်ဖြစ်ပါသည်။

မိမိ၏ကိုယ်ပိုင်ကယ်တင်တော်မူသောအရှင်တစ်ပါးအဖြစ်ဖြင့် သခင်ခရစ်တော်အပေါ် ရှင်သန်သောယုံကြည်ခြင်းမျိုးမရှိပါက ယုံကြည်မှုကင်းမဲ့သည့်ကမ္ဘာမြေကြီးတစ်ခုပေါ်တွင် သင်၏ယုံကြည်ခြင်းမျိုးကို ခံစားကျင့်သုံးနိုင်ရန်မှာ ဖြစ်နိုင်ခြေမရှိပါ။





အလျင်အမြန်လှုပ်ရှားရွေ့လျားနေသောအခြေအနေမျိုးအတွင်းမှ အပြစ်သားများတို့ကို ဆွဲထုတ်သွားလိုပါက၊ သင်၏ကိုယ်ပိုင်ခြေထောက်တို့သည် ချော်လဲသွားနိုင်သော ချောသည့်နေရာတို့တွင် မတ်တတ်ရပ်မနေပါစေနှင့်။

သခင်ခရစ်တော်၏ဆန်းသစ်သောဗျာဒိတ်ပေးတော်မူခြင်းကို ကျွန်ုပ်တို့အနေဖြင့် စဉ်ဆက်မပြတ်လိုအပ်နေကြသည့်အပြင် သူ၏သင်ကြားပို့ချတော်မူချက်များတို့နှင့် ပတ်သက်သည့် နေ့စဉ်အတွေ့အကြုံမျိုးတို့ကိုပါ လိုအပ်ကြပါသည်။ မြင့်မားပြီးမွန်မြတ်သန့်ရှင်းသော ကြိုးပမ်းလုပ်ဆောင်၍ရရှိနိုင်သည့်အရာတို့သည် ကျွန်ုပ်တို့လက်လှမ်းမီရာနေရာတွင် ရှိနေကြပါသည်။ အသိဉာဏ်ဗဟုသုတနှင့် စင်ကြယ်သောအကျင့်သီလတို့၏အဆက်မပြတ်တိုးတက်လာမှုသည် ကျွန်ုပ်တို့အတွက်ဘုရားသခင်၏ရည်ရွယ်တော်မူချက်ဖြစ်ပါသည်။ သူ၏ပညတ်တရားတော်သည် သူ၏ကိုယ်တော်တိုင်အသံဖြစ်တော်မူပြီး ၎င်းအသံတော်ဖြင့် အားလုံးသောသူတို့အား သူ၏ကမ်းလှမ်းဖိတ်ခေါ်တော်မူချက်မှာ၊ "ပိုမို၍မြင့်သောအရပ်သို့တက်လာကြပြီး၊ သန့်ရှင်းစင်ကြယ်ပြီးရင်း ဆက်လက်သန့်ရှင်းပါ" ဟူ၍ဖြစ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် နေ့စဉ်နေ့တိုင်းခရစ်ယာန်အကျင့်စရိုက်ဆိုင်ရာ ကုံလုံပြည့်စုံမှုမျိုးကို ရှေ့ဆက်တိုးတက်စေရကြပါမည်။

အရှင်သခင်အတွက် အမှုတော်တွင်းပါဝင်လုပ်ကိုင်နေကြသောသူတို့သည် အများသောသူတို့က တွေးထင်ထားသည့်အနေအထားထက် ပိုမိုမြင့်မားပြီးနက်ရှိုင်းကာ၊ ကျယ်ဝန်းလှသည့်အတွေ့အကြုံမျိုးလိုအပ်ကြပါသည်။ ဘုရားသခင်၏ကြီးမားလှသော မိသားစုဝင်များအဖြစ်ဖြင့် ရှိနေနှင့်ပြီးသော များစွာသောသူတို့သည် သူ၏ဘုန်းအာနုဘော်ကို လှမ်းမျှော်ကြည့်ရှုခြင်းနှင့် ထိုဘုန်းအာနုဘော်တော်အားဖြင့် တစ်ဆင့်ချင်းပြောင်းလဲလာမှု၏ဆိုလိုရင်းတို့ကို အနည်းအကျဉ်းခန့်မျှသာ သိရှိနေကြပါသည်။ သခင်ခရစ်တော်၏မြင့်မြတ်တော်မူခြင်းအကြောင်းကို များစွာသောသူတို့သည် မှားယွင်းစွာသိမြင်နားလည်နေကြခြင်းအားဖြင့် သူတို့၏နှလုံးသားတို့သည် ရွှင်လန်းခြင်းဖြင့် ပီတိဖြာနေကြပါသည်။ သူတို့သည် ကယ်တင်တော်မူသောအရှင်၏ချစ်ခြင်းမေတ္တာတော်ကိုလည်း ပြည့်ဝပြီး၊ နက်နဲသည့်အနေအထားမျိုးဖြင့်လည်း တောင့်တနေကြပါသေးသည်။ သူတို့အား ဘုရားသခင်၌တည်နေသည့် အသက်ဝိညာဉ်၏အလိုဆန္ဒတိုင်းတို့ကို ရင်ဝယ်ပိုက်ထားကြပါစေ။

သန့်ရှင်းသောဝိညာဉ်တော်သည် လုပ်ဆောင်ကြမည့်သူများနှင့်အတူလုပ်ဆောင်ပြီး၊ ပုံသွင်းကြမည့်သူများတို့နှင့်အတူပုံသွင်းကာ၊ ပုံဖော်ပေးကြမည့်သူတို့နှင့်အတူပုံဖော်ပေးတော်မူမည်ဖြစ်သည်။ ဝိညာဉ်ရေးဆိုင်ရာအတွေးအခေါ်များနှင့် သန့်ရှင်းမွန်မြတ်

သောမိတ်သဟာယဖွဲ့မှုများဆိုင်ရာ ယဉ်ကျေးမှုအလေ့အထမျိုးတွင် သင့်ကိုယ်ကိုအပ်နှံထားပါ။ သူ၏ဘုန်းအာနုဘော်တော်ဆိုင်ရာ စောစောစီးစီးအရဏ်ဦးအလင်းတန်းကို သင်မြင်တွေ့နေရပြီးဖြစ်သည်။ ထာဝရဘုရားကိုသိရှိနိုင်ရေးအတွက် သင်ကလိုက်လံစူးစမ်းနေသည့်အလျောက်၊ (သုတ္တံ ၄း၁၈) တွင်ဖော်ပြထားသည့် "ဖြောင့်မတ်သောသူတို့၏လမ်းသည် တက်သောအရဏ်ကဲ့သို့ဖြစ်၍ နေထွက်သည်တိုင်အောင် တိုးပွားထွန်းလင်းတတ်၏" ဆိုသည့်အချက်ကို သိရှိရပါလိမ့်မည်။

## မိမိကိုယ်ကိုမိမိပြန်လည်ဆန်းစစ်ခြင်း

အမှုတော်ဆောင်များတို့၏လုပ်ဆောင်မှုများအတွင်း သူတို့တိုးတက်ကောင်းမွန်လာနိုင်သည့်အကြောင်းအရာများစွာရှိနေပါသည်။ များစွာသောအခြားသောသူတို့သည် သူတို့၏အရည်အချင်းချို့တဲ့မှုတို့ကို တွေ့မြင်ခံစားမိကြသည့်တိုင် သူတို့အားထုတ်ကြိုးပမ်းမှု၏သြဇာသက်ရောက်မှုနှင့်ပတ်သက်ပြီး အမှုတော်ဆောင်တို့သည် သိရှိနားလည်ကြသည့်ပုံမျိုးမရှိပါ။ ထိုအမှုတော်ဆောင်တို့၏လုပ်ဆောင်ပြသမှုနှင့်ပတ်သက်ပြီး အခြားသောသူတို့က သူတို့၏အပြုအမူများတို့ကို သတိပြုမိကြသည့်တိုင် ထိုအမှုတော်ဆောင်တို့ကို သူတို့၏မှတ်ဉာဏ်များတွင်ရှိမနေသည့်အသိမျိုးကို ခံစားရကြပြီးနောက်၊ ထိုသူတို့သည်လည်း ပြောင်းလဲခြင်းမရှိကြတော့ပါ။

အမှုတော်ဆောင်များတို့သည် သတိရှိရှိဖြင့် အကြောင်းအရာတစ်ခုအပေါ်တွေးခေါ်မှုနှင့် ချင့်ချင့်ချိန်ချိန်ဖြင့်ပြန်လည်သုံးသပ်မှုတို့ကို သူတို့အသက်တာ၏အမူအကျင့်နှင့် ပိုမိုအကျွမ်းဝင်မှုရှိသည့်အနေအထားသို့ ရောက်ရှိလာစေမည့်ရည်ရွယ်ချက်နှင့်အတူ တစ်နေ့ချင်းပြုမူလုပ်ဆောင်ကြပါစေ။ နေ့စဉ်အသက်တာတွင်ကြုံတွေ့နေရသည့်ပတ်ဝန်းကျင်အခြေအနေတိုင်းတို့ကို အနီးကပ်စေ့စေ့စပ်စပ် စစ်ဆေးခြင်းအားဖြင့် သူတို့သည် သူတို့၏ရည်ရွယ်ရင်းများတို့ကို ကောင်းမွန်စွာသိရှိလာကြမည့်အပြင်၊ သူတို့အပေါ်စိုးမိုးထားသည့် အခြေခံစည်းမျဉ်းများအကြောင်းကိုပါ သိရှိလာကြမည်ဖြစ်သည်။ ကျွန်ုပ်တို့၏တာဝန်သိစိတ်နှင့်ပတ်သက်ပြီး နှစ်သက်ခြင်းခံရသလား၊ သို့မဟုတ် ပြစ်တင်ဝေဖန်မှုများခံရကြမည်လားဆိုသည်ကို သိရှိနိုင်ကြရန်အတွက် ကျွန်ုပ်တို့၏အမူအကျင့်တို့ကို နေ့စဉ်သုံးသပ်ခြင်းသည် ကုံလုံပြည့်စုံသည့်ခရစ်ယာန်အသက်တာသို့ရောက်ရှိရန် ဆန္ဒရှိကြသည့်လူအားလုံးတို့အတွက်လိုအပ်ပါသည်။ သဒ္ဓါတရားနှင့်လုပ်ဆောင်မှု



ဖြစ်ခြင်းကြောင့် ကောင်းမြတ်သောအလုပ်အဖြစ်ဖြင့် အထင်မှားစရာဖြစ်သည့် များစွာသောအပြုအမူတို့သည် အနီးကပ်စိစစ်ကြည့်ရှုသောအခါတွင်မှ မှားယွင်းသောစေ့ဆော်မှုဖြင့် ချက်ချင်းပေါ်ထွက်လာသည့် မကောင်းသောလုပ်ရပ်အဖြစ်ဖြင့် တွေ့မြင်လာရပါသည်။

များစွာသောသူတို့သည် သူတို့ပိုင်ဆိုင်ခြင်းမရှိကြသော စင်ကြယ်သည့်အကျင့်သီလများရှိသည်ဟုအထင်ခံရပြီး၊ ချီးကျူးလေးစားခြင်းကိုခံရတတ်ကြပါသည်။ စိတ်နှလုံးတို့ကိုရှာဖွေတော်မူသောသူသည် ထိုစိတ်နှလုံးတို့၏ရည်ရွယ်ရင်းတို့ကိုချင့်ချိန်တော်မူပြီးကိုယ်ကျိုးအတ္တစိတ်ထားမှုပေါက်ဖွားလာပြီး၊ သူတော်ကောင်းဟန်ဆောင်တတ်သောအမူအကျင့်ကို အခြေခံထားသည့်အပြုအမူတို့၏ အခြားသောသူတို့၏မြင့်မြင့်မားမားမကြာခဏချီးကျူးခံရမှုတို့ကိုပါ မှတ်တမ်းတင်ထားတော်မူပါသည်။ ကျွန်ုပ်တို့အသက်တာများ၌ ကျွန်ုပ်တို့၏ပြုမူဆောင်ရွက်မှုတိုင်းတို့သည် ပြောင်မြောက်လှသည်ဖြစ်စေ၊ ချီးကျူးထိုက်သည်ဖြစ်စေ၊ သို့မဟုတ် ပြင်းပြင်းထန်ထန်ဖြင့် အဝေဖန်ခံရမှုနှင့်ထိုက်တန်သည်ဖြစ်စေ၊ သူတို့၏စေ့ဆော်မှုကြောင့် ချက်ချင်းထွက်ပေါ်လာသည့်လုပ်ရပ်များအပေါ်တွင်အခြေခံပြီး၊ စိတ်နှလုံးတို့ကိုရှာဖွေတော်မူသော သူ၏တရားစီရင်ဆုံးဖြတ်တော်မူခြင်းကိုခံရမည်ဖြစ်သည်။

များစွာသောသူတို့သည် သူတို့၏အကျင့်စရိုက်အတွင်းရှိနေသည့် အပြစ်အနာအဆာတို့ကို ထင်ရှားစေသည့်ကြေးမုံမှန်ပြင်တွင် မိမိကိုယ်ကိုပြန်ကြည့်ရှုခြင်းကိုလျစ်လျူရှုတတ်ကြခြင်းကြောင့် ရုပ်ပျက်ဆင်းပျက်ဖြစ်ရပ်နှင့် အပြစ်တရားတို့ကို သူတို့ထံတွင်တွေ့မြင်နေရကြသည့်အပြင်၊ အကယ်၍ မှားယွင်းမှုအတွင်း၌သာရှိနေကြသည့်အခြားသောသူတို့၏နားလည်မှုမရှိခြင်းတို့ကြောင့် သူတို့၏ထိုရုပ်ပျက်ဆင်းပျက်ဖြစ်မှုနှင့် အပြစ်တရားတို့သည် ထိုအခြားသောသူတို့၏လက်ညှိုးထိုးစရာဖြစ်နေပါတော့သည်။ ဘုရားသခင်၏အမှုတော်တွင် မိမိကိုယ်ကိုဆက်ကပ်အပ်နှံထားပြီးသားဖြစ်သည်ဟု မိမိကိုယ်ကိုထုတ်ဖော်ပြောဆိုထားသောသူဖြစ်သည့်တိုင် အချို့သောသူတို့ထံတွင် ကိုယ်ကျိုးအတ္တစိတ်နှင့်ပတ်သက်သည့် ရွံမုန်းဖွယ်ကောင်းသောအပြစ်သည် ကြီးမားသောအတိုင်းအတာဖြင့်ရှိနေကြပါသည်။ ဘုရားသခင်၏တောင်းခံတော်မူချက်များဖြစ်သည့် အထူးသဖြင့် သူ၏မြင့်မားလှသည့်အဆင့်မျိုးရှိသော ပညတ်တရားတော်နှင့် သူတို့၏အကျင့်စရိုက်ကိုနှိုင်းယှဉ်ကြမည်ဆိုပါက ကြောက်ခမန်းလိလိသူတို့လိုချင်နေကြသည့် ထက်သန်မှုရှိပြီး ရိုးသားဖြောင့်မတ်သည့်ရှာဖွေစူးစမ်းသူများအနေအထားကို သူတို့အနေဖြင့်

သေချာအောင်စိစစ်ရကြမည်ဖြစ်သည်။ သို့သော်လည်း အချို့သောသူတို့သည် သူတို့၏ကိုယ်ပိုင်စိတ်နှလုံးတို့၏ဆိုးယုတ်မှုတို့ကို တွေ့မြင်သိရှိကြရေးအတွက် လုံလောက်သည့်ရှေ့လျှောက်အနာဂတ်၊ သို့မဟုတ် လေးနက်မှုတို့ဖြင့် ကြိုတင်တွေးတောလိုစိတ်မရှိကြပါ။ သူတို့အနေဖြင့် သူတို့၏အပြစ်ရှိနေမှုအပေါ် သိနားလည်ခြင်းမရှိသည့်အခြေအနေ၌သာ လိုလိုလားလားရှိနေကြသည့်တိုင် သူတို့သည် အလွန်များပြားလှသည့် လေးစားခံရမှုများတို့ကို လိုချင်နေကြပါသည်။

မိမိ၏ကိုယ်ပိုင်အကျင့်စရိုက်အကြောင်းကို ကောင်းမွန်စွာနားလည်ပြီး၊ သူတို့အားအလွန်လွယ်ကူစွာဖြင့် ပတ်ချာဝန်းရံနိုင်သောအပြစ်တရားနှင့် သူ့အပေါ်ကျော်လွှားစိုးမိုးနိုင်ဖွယ်အရှိဆုံးသော စုံစမ်းနှောင့်ယှက်ခြင်းများတို့နှင့် အကျွမ်းတဝင်ရှိနေသောသူအနေဖြင့် မိမိ၏အနေအထားကို မလိုအပ်ဘဲ မြင်သာအောင်ထုတ်ဖော်မပြသသင့်သည့်အပြင်၊ မိမိကိုယ်ကို ရန်သူ၏နယ်မြေပေါ်တွင်ရှိနေစေခြင်းဖြင့် စုံစမ်းနှောင့်ယှက်ခြင်းကို ဖိတ်ခေါ်ခြင်းမပြုသင့်ပါ။ ပတ်ဝန်းကျင်အခြေအနေအရ၊ မိမိဘက်သို့အလေးသာမှုမရှိနိုင်သည့်နေရာမျိုးတို့တွင် တာဝန်ထမ်းဆောင်ရမည်ဆိုပါက သူသည် ဘုရားသခင်ထံတော်မှ အထူးအကူအညီကိုရရှိမည်ဖြစ်ပြီး၊ ဤသို့အားဖြင့် ရန်သူနှင့်ပဋိပက္ခဖြစ်စဉ်အတွက် အပြည့်အဝဖြင့်ခါးတောင်းကျိုက်ပြီး မောင်းတင်ထားနိုင်မည်ဖြစ်သည်။

မိမိ၏ကိုယ်ပိုင်အသိဉာဏ်မည်သည် များစွာသောသူတို့ကို ဆိုးရွားပြင်းထန်လှသည့်စုံစမ်းနှောင့်ယှက်ခြင်းများအတွင်းသို့ ကျဆင်းသွားခြင်းမှ ကယ်ဆယ်ပေးမည်ဖြစ်ပြီး၊ လူအများတို့ကိုလည်း ရှက်ဖွယ်လိလိရှုံးနိမ့်ခြင်းမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ မိမိကိုယ်၌နှင့် အကျွမ်းဝင်သည့်အနေအထားသို့ရောက်ရှိလာကြရေးအတွက် ကျွန်ုပ်တို့သည် မရှိမဖြစ်လိုအပ်သည့် ကျွန်ုပ်တို့၏လုပ်ဆောင်မှုဆိုင်ရာရည်ရွယ်ရင်းများနှင့် အခြေခံစည်းမျဉ်းများတို့ကို သစ္စာရှိရှိဖြင့်စုံစမ်းစစ်ဆေးခြင်းနှင့် ဘုရားသခင်၏နှုတ်ကပတ်တော်တွင် ထုတ်ဖော်ပြသထားသည့်တာဝန်ပိုင်းဆိုင်ရာ စံနှုန်းစံထားတို့ဖြင့် ကျွန်ုပ်တို့၏အမူအကျင့်တို့ကို နှိုင်းယှဉ်ခြင်းတို့ကို လုပ်ဆောင်ရကြပါမည်။

## မိမိကိုယ်ကိုမိမိတိုးတက်မှုရှိအောင်လုပ်ဆောင်ခြင်း

အသက်အရွယ်အိုမင်းလာပြီး၊ အတွေ့အကြုံရှိပြီးသားဖြစ်နေကြသည့် အမှုတော်ဆောင်တို့အနေဖြင့် သူတို့၏တာဝန်အတွင်း ဘုရားသခင်ကငှားရမ်းထားတော်မူသည့်



အစေကျွန်များဖြစ်ခဲ့ကြသည်ကိုလည်းကောင်း၊ ရှေ့သို့ဆက်လက်တက်လှမ်းကြရန် တစ်နေ့တခြားတိုးတက်မှုရှိလာကြရန် သူတို့၏အလုပ်တွင် ပိုမိုစွမ်းဆောင်ရည်ရှိကြသူများအဖြစ်သို့ စဉ်ဆက်မပြတ်ရောက်ရှိလာရေးအပြင် လူတို့ရှေ့တွင် လတ်တလောအကြောင်းအရာတို့ကိုချပြပေနိုင်ရေးအတွက်၊ ထိုအကြောင်းအရာတို့ကို အမြဲတစေစုဆောင်းသိုမှီးရကြမည်ဖြစ်သည်။ ဧဝံဂေလိတရားတော်ကို အသေးစိတ်ရှင်းပြနိုင်ရန်ကြိုးပမ်းအားထုတ်မှုတိုင်းသည် ထိုဧဝံဂေလိတရားတော်ကို ရှေ့တန်းတင်ပေးနိုင်စေသည့်အားလျော်စွာ ထိုအားထုတ်ကြိုးပမ်းမှုကို တိုးတက်မှုရှိစေရပါမည်။ နှစ်တိုင်းနှစ်တိုင်းတွင် သူတို့သည် ပိုမိုလေးနက်သည့်ဘာသာတရားကိုင်းရှိုင်းမှု၊ ပိုမို၍ကြင်နာသနားတတ်သည့်စိတ်ဓာတ်၊ ပိုမိုကြီးမားသည့်ဝိညာဉ်ရေးဆိုင်ရာထက်သန်မှုနှင့် သမ္မာကျမ်းစာတွင်ပါရှိသည့် သမ္မာတရားတော်ဆိုင်ရာ ပိုမိုအသေးစိတ်ကျသည့်အသိဉာဏ်တို့ကို တိုးတက်မြှင့်တင်ပေးသင့်ပါသည်။ ပိုမိုကြီးကျယ်လှသော အသက်အရွယ်အိုမင်းလာပြီး၊ အတွေ့အကြုံရှိပြီးသားဖြစ်နေကြသောသူတို့အနေဖြင့် လူအများတို့၏စိတ်နှလုံးများဆီသို့ နီးနီးကပ်ကပ်ချဉ်းကပ်ကြရမည်ဖြစ်ပြီး၊ သူတို့နှင့်ပတ်သက်သည့် ပိုမိုလုံလောက်ပြည့်စုံသော အသိဉာဏ်ဗဟုသုတမျိုးရှိရကြပါမည်။ "Testimonies for the Church, vol. 4, p. 270.

သူ၏အမှုရေးရာတော်တွင် ဘုရားသခင်သည် အပျင်းထူသူများတို့ကိုအသုံးပြုတော်မမူဘဲ၊ ဆင်ခြင်တုံတရားရှိပြီး နှစ်လိုဖွယ်ရှိကာ ချစ်ခင်ကြင်နာတတ်သည့် ထက်သန်မှုရှိသောအမှုတော်ဆောင်များကိုသာ အလိုရှိတော်မူပါသည်။ တက်ကြွမှုရှိသောအားစိုက်မှုမျိုးသည် ကျွန်ုပ်တို့၏တရားဟောကြားသူတို့ကို အကျိုးဖြစ်ထွန်းစေပါသည်။ ပျင်းရိခြင်းသည် စာရိတ္တပျက်ပြားမှု၏သက်သေသက်ကန်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏စိတ်အတွေးများအတွင်းရှိစွမ်းရည်တိုင်း၊ ကိုယ်ခန္ဓာအတွင်းရှိအရိုးတိုင်း၊ ခြေလက်အင်္ဂါများတွင်ရှိနေသည့်ကြွက်သားတိုင်းတို့သည် ကျွန်ုပ်တို့၏စွမ်းရည်များတို့ကို လှုပ်ရှားမှုကင်းမဲ့စေရန်မဟုတ်ဘဲ အသုံးပြုကြရန်အတွက် ဘုရားသခင်က ပုံဖော်ထားတော်မူခဲ့ခြင်းဖြစ်ပါသည်။ နေ့ခင်းအလင်းရောင်ရှိသည့်အချိန်မျိုးတွင် မလိုအပ်ဘဲအိပ်စက်ရန်အချိန်ရယူကြမည့်သူတို့သည် အဖိုးထိုက်လှပြီး ရွှေစင်အလားဖြစ်သည့် တဒင်္ဂအခါသမယတို့၏တန်ဖိုးရှိမှုကို နှလုံးသွင်းမိခြင်းမရှိကြပါ။

အသေအချာကြိုးစားအားထုတ်မှုနှင့် အချိန်ကိုချွေတာတတ်သည့်အကျင့်ဓလေ့မျိုးတို့ကို ဆည်းပူးရယူခြင်းမရှိကြသည့်သူတို့အား ပုံစံနေသားတကျဖြစ်ကြရန်နှင့်

အလုပ်ကိုမြန်မြန်လက်စသတ်နိုင်ကြရေးအတွက် သူတို့ကိုချက်ချင်းတုံ့ပြန်လိုစိတ်ရှိသည့် စည်းမျဉ်းစည်းကမ်းမျိုးတို့ကို ချမှတ်ပေးသင့်ကြပါသည်။ အမိန့်နှင့်ပုံစံနေသားတကျ ဖြစ်မှုကို စေ့စပ်သေချာစွာလိုက်နာထိန်းသိမ်းခဲ့ခြင်းကြောင့် ဂျော့(ဂ်)ဝါရှင်တန်သည် ကြီးမားလှသည့်လုပ်ငန်းပမာဏကို ပြီးမြောက်အောင်လုပ်ဆောင်နိုင်ခဲ့ပါသည်။ သူ၏ စာရွက်စာတမ်းတိုင်းတွင် ရက်စွဲထည့်သွင်းရေးသားခဲ့ပြီး၊ သူ့နေရာနှင့်သူနေသားတကျ ဖြင့်ထားရှိခြင်းကြောင့် သူ့အနေဖြင့်အထားမှားခြင်းဖြင့် ပြန်လည်ရှာဖွေရမည့်အချိန်ဆုံးရှုံး မှုမျိုးမရှိခဲ့ပါ။

ဘုရားသခင်၏လူတို့အနေဖြင့် လေ့လာသင်ယူမှုတွင် လုံ့လဝီရိယရှိရမည့် အပြင်၊ အသိဉာဏ်ဗဟုသုတကို စိတ်အားထက်သန်စွာဖြင့် ဆည်းပူးရယူရမည်ဖြစ်ပြီး၊ တစ်နာရီမျှသောအချိန်ကို မဖြုန်းတီးသင့်ပါ။ သူတို့အနေဖြင့် ခရစ်ယာန်များဖြစ်ကြ သည့်အလျောက် စွမ်းအားနှင့်ဩဇာသက်ရောက်မှုရှိကြသည့်သူများကဲ့သို့ ဖွဲ့ရှိသည့် အားစိုက်မှုအားဖြင့် ထူးကဲထင်ရှားမှုအားလုံးနီးပါးကို သူတို့စိုက်ထူရကြမည်ဖြစ်သည်။ သို့သော်လည်း များစွာသောသူတို့သည် သူတို့၏ရည်ရွယ်ချက်အပေါ်အာရုံစူးစိုက်မှု မရှိခြင်းနှင့် သူတို့၏လူငယ်လူရွယ်များဆီသို့ လျော့ရဲမှုရှိသောခလေ့စရိုက်များ ကူးစက် ရောက်ရှိသွားစေကြခြင်းတို့ကြောင့် ဟောပြောမှုစင်မြင့်ပေါ်၊ သို့မဟုတ် လုပ်ငန်းခွင် အတွင်း ကြီးမားလှသည့်အဆင့်အတန်းမျိုးကို မည်သည့်အခါမျှ ကြိုးပမ်းရရှိနိုင်ကြ မည်မဟုတ်ပါ။ သူတို့လက်ခံရယူဆောင်ရွက်ကြသည့်အရာတိုင်းတို့တွင် နမော်နမဲ့နိုင် လှသည့် စိတ်ပါဝင်စားမှုမရှိခြင်းကိုသာ တွေ့နေရပါသည်။

ရုတ်တရက်စိတ်လက်မာန်ပါဖြင့် မကြာခဏလုပ်ဆောင်တတ်မှုသည် ဤသက်သောင့်သက်သာဘဝကိုနှစ်သက်ပြီး၊ ပျင်းရိလေးကန်ကြသောသူတို့အား ပြုပြင် ပြောင်းလဲစေသည့်အလုပ်ကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန်အတွက် လုံလောက်မှု မရှိဘဲ၊ ဤပြုပြင်ပြောင်းလဲသွားစေကြသည့်အလုပ်သည် ကုသိုလ်ကောင်းမှုတွင် စဉ်ဆက် မပြတ်စိတ်ရှည်သည်းခံခြင်းမျိုးလိုအပ်ပါသည်။ လုပ်ငန်းကိုင်ငန်းလုပ်ကိုင်သူတို့သည် အမှန်တကယ်အောင်မြင်မှုမျိုးရရှိနိုင်ရန်မှာ သန်မာတောင့်တင်းလာရန်၊ ဆုတောင်းရန်၊ အစားအစာစားရန်နှင့် ဆိတ်ငြိမ်သောနေရာတွင်အနားယူရန်အတွက် ပုံမှန်အချိန်နာရီ ကို ရရှိရကြပါမည်။ လောကနှင့်ဆိုင်သောလုပ်ငန်းတွင် စနစ်တကျဖြစ်မှုနှင့် ပုံစံနေသား တကျရှိမှုတို့သည် မရှိမဖြစ်လိုအပ်နေသေးပါက ဘုရားသခင်၏အမှုတော်တွင် ထိုအနေ အထားမျိုးတို့သည် ထိုထက်မကရှိရမည်မဟုတ်ပါလော့။



ထွန်းလင်းတောက်ပသည့်နံနက်ချိန်ခါများတို့သည် များစွာသောသူတို့၏အိပ်ရာ ထက် ဖြုန်းတီးခြင်းကိုခံနေရပါသည်။ ဤအဖိုးထိုက်လှသည့်အချိန်နာရီများတို့ကို တစ်ကြိမ်ဆုံးရှုံးခံလိုက်ရသည်နှင့် မည်သည့်အခါမျှပြန်လည်ရရှိနိုင်ခြင်းမရှိလောက်အောင် ပျောက်ကွယ်သွားကြပြီးနောက် အနှိုင်းမဲ့ကာလနှင့်အဆုံးမရှိသောကာလတိုင်အောင် ပျောက်ကွယ်သွားကြမည်ဖြစ်သည်။ နေ့စဉ်နေ့တိုင်းတွင် တစ်နာရီခန့်မျှသောအချိန်ဆုံးရှုံး ခြင်းသည် တစ်နှစ်စာအတွက် မည်မျှသောအချိန်ကိုဖြုန်းတီးပစ်ရာရောက်သနည်း။ ငိုက်မျဉ်းနေသောသူအား ဤအကြောင်းကိုတွေးတောဆင်ခြင်စေပြီးနောက် ခေတ္တဆိုင်းငံ့ စေကာ၊ သူဆုံးရှုံးခံလိုက်ရသည့်အခွင့်အလမ်းများတို့အတွက် ဘုရားသခင်အားသူက မည်သို့အကြောင်းပြချက်ပေးမည်ဆိုခြင်းကို ဆင်ခြင်သုံးသပ်ပါစေ။

## တဒင်္ဂအခါသမယများကိုတိုးတက်အောင်လုပ်ဆောင်ပေးခြင်း

အမှုတော်ဆောင်တို့အနေဖြင့် စာပေဖတ်ရှုခြင်း၊ လေ့လာသင်ကြားခြင်း၊ တရား အားထုတ်ခြင်းနှင့်ဆုတောင်းခြင်းတို့အတွက် အချိန်ကိုမြှုပ်နှံပေးရကြပါမည်။ သူတို့၏ စိတ်အတွေးကို အသုံးဝင်သည့်အသိဉာဏ်ဗဟုသုတမျိုးဖြင့် ထည့်သိုထားရမည်ဖြစ်ပြီး ကျမ်းစာတော်မြတ်၏အစိတ်အပိုင်းများတို့ကို မှတ်သားထားကြရန်အတွက် ဆုံးဖြတ် ထားကြကာ၊ အနာဂတ္တိစကားတို့၏ပြည့်စုံလာမှုတို့ကို ကောက်ကြောင်းလိုက်လျက် သခင်ခရစ်တော်က သူ၏တပည့်တော်တို့အားပေးထားတော်မူခဲ့သည့် သင်ခန်းစာများ တို့ကို လေ့လာသင်ကြားရယူရကြမည်ဖြစ်သည်။ မော်တော်ယာဉ်ပေါ်တွင်ခရီးသွားနေ စဉ်၊ သို့မဟုတ် ရထားဘူတာရုံတွင် ရထားအလာကိုစောင့်ဆိုင်းနေစဉ်အတွင်း သင့်အနေ ဖြင့် ဖတ်ရှုရန်အတွက်စာအုပ်တစ်အုပ်ယူဆောင်လာပါ။ ပိုနေသည့်တဒင်္ဂအချိန်ကလေး ကို တစ်စုံတစ်ရာလုပ်ဆောင်ခြင်းဖြင့် အသုံးချပေးပါ။ ဤသို့သောနည်းလမ်းဖြင့် ထောင်ချီသောစုံစမ်းနှောင့်ယှက်ခြင်းတို့ကို ထိရောက်စွာကာကွယ်တားဆီးပေးသည့် တံခါးမကြီးကို ပိတ်ထားပြီးသားဖြစ်သွားပေမည်။

အောင်မြင်မှုတစ်ခုကို လုပ်ဆောင်နိုင်ကောင်းသည့်နေရာမျိုးတွင် များစွာသော သူတို့သည် ကျရှုံးမှုနှင့်ရင်ဆိုင်ခဲ့ရကြရာတွင် ထူးခြားလှစွာဖြင့်ကျရှုံးခဲ့ရကြပါသည်။ သူတို့သည် အလုပ်၏ဝန်ထုပ်ဝန်ပိုးကို သတိပြုမိခြင်းမရှိကြသည့်အပြင်၊ သူတို့သည် အခြေအနေကိုကိုင်တွယ်ကြရာတွင် လက်ရှိထောင်စုနှစ်ကာလအတွင်း အသက်ဝိညာဉ် များကိုကယ်တင်ရေးအတွက် လုပ်ဆောင်ရသည့်အလုပ်ကို စိမ်ပြေနပြေဖြင့်သာလုပ်ဆောင်

နေကြပါသည်။ ဘုရားသခင်၏အမှုရေးရာတော်သည် အရှင်သခင်အတွက်ကဲ့သို့ တရားဟောပြောသူမှစပြီး ထက်သန်မှုရှိပြီး၊ ခွဲလုံ့လရှိကြသောအမှုတော်ဆောင်များများစားစားမလိုအပ်ပါ။ လူသား၏စိတ်အတွေးစွမ်းအားကို ဘုရားသခင်တစ်ပါးတည်းသာလျှင် တိုင်းတာနိုင်တော်မူပါသည်။ လူသားအနေဖြင့် နိမ့်ကျမှုရှိလှသည့် အသိဉာဏ်နည်းပါးသည့်အနေအထားမျိုးတွင်သာ ကျေနပ်မှုရှိနေခြင်းသည် ဘုရားသခင်၏ထုတ်လုပ်တော်မူခြင်းပုံစံမဟုတ်ပါ။ သူ့အနေဖြင့် အသိအမြင်ကြွယ်ဝပြီးသားဖြစ်ပြီး၊ ပြုစုပျိုးထောင်မှုရှိပြီးသားဉာဏ်စွမ်းနှင့်ပတ်သက်သည့် အသာစီးရမှုများတို့ကို အားထုတ်ရယူသင့်ပါသည်။

လူတိုင်းလူတိုင်းသည် အသိဉာဏ်ကြီးမြင့်မှု၏မြင့်ရာအရပ်သို့ရောက်ရှိရေးအတွက်၊ တာဝန်ရှိနေသည်ဆိုခြင်းကို နှလုံးသွင်းထားသင့်ပါသည်။ သူတို့ဆည်းပူးနေသည့်အသိဉာဏ်ရရှိကြရေးအတွက် မည်သူကမျှမောဟိုက်ခြင်းမရှိကြပါက ရှေ့သို့တက်လှမ်းကြသည့်ခြေလှမ်းတိုင်းတို့အားဖြင့် သူတို့သည် ဘုရားသခင်အားချီးမြှောက်ခြင်းနှင့် သူ၏ဂုဏ်တော်ကိုချီးမွမ်းခြင်းအမှုတို့ဖြင့် ပိုမို၍လုပ်နိုင်စွမ်းမျိုးကို တုံ့ပြန်ရရှိလာနိုင်ကြသည့်ကျေနပ်မှုမျိုးဖြင့် ရရှိလာသည့်ရွှင်လန်းဝမ်းမြောက်ခြင်းအခွင့်ထူးကို ရယူနိုင်ခြင်းပင်ဖြစ်ပါသည်။ သူတို့သည် အားလုံးသောဉာဏ်ပညာနှင့်အသိဉာဏ်ဗဟုသုတတို့၏အရင်းအမြစ်ကို မကုန်ခန်းနိုင်သောစမ်းရေတွင်းအတွင်းမှ ငင်ယူရကြပါမည်။

သခင်ခရစ်တော်၏စာသင်ကျောင်းသို့ ဝင်ရောက်ကြပြီးဖြစ်သည်အလျောက် စာသင်သားသည် သူတက်လှမ်းနေသည့် မြင့်မားရာအရပ်မှနေပြီး၊ မှုးနောက်နောက်အနေအထားမျိုးဖြစ်မနေဘဲ အသိဉာဏ်ဗဟုသုတ၏နောက်သို့ ထက်ကြပ်မကွာလိုက်စားခြင်းအမှုတွင် ပါဝင်နိုင်ရန်အတွက် ပြင်ဆင်ပြီးသားဖြစ်ရပါမည်။ သမ္မာတရားတစ်ခုမှသည် အခြားတစ်ခုသို့ကူးပြောင်းလုပ်ဆောင်ရင်း၊ သိပ္ပံအတတ်နှင့်သဘာဝတရားတို့နှင့်ပတ်သက်သည့် အံ့ဩဖွယ်သောပညတ်တရားတော်တို့၏ရှင်းလင်းပြီးတောက်ပသောမြင်ကွင်းတို့ကို ရယူနေခြင်းကြောင့်၊ လူသားကိုပြသပေးသည့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်နှင့်ပတ်သက်သည့် အံ့ချီးဖွယ်သောပြပွဲကြီးများအတွက် သူသည်အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်လာမည်ဖြစ်သည်။ ဘုရားသခင်၏ကုံလုံပြည့်စုံတော်မူခြင်း၊ ပညာအတတ်နှင့်ဉာဏ်ပညာတော်တို့ကို အဆုံးအစမရှိသောနေရာအထိဆီသို့ ထုတ်ဖော်ဆန့်တန်းထားနေသည်ကို သူ၏ဉာဏ်ထက်မြက်သောမျက်စိတို့ဖြင့် တွေ့မြင်ရပါသည်။ သူ၏စိတ်အတွေးတို့သည် ကြီးမားကျယ်ပြန့်လာသည့်အလျောက်၊ သန့်စင်သည့်အလင်း





တရား၏စမ်းချောင်းများတို့သည် သူ၏အသက်ဝိညာဉ်အတွင်းသို့ သွန်းဖြိုးလာပါသည်။ အသိဉာဏ်ဗဟုသုတရေတွင်းထဲမှ ရေကိုများများသောက်သုံးပြီး၊ ဘုရားသခင်၏အဆုံးမရှိသောအရာအပေါ် ပိုမိုစင်ကြယ်ပြီး၊ ပိုမိုပျော်ရွှင်စရာတို့ဖြင့်အတိပြီးသော ချင့်ချိန်စဉ်းစားမှုမျိုးရှိကာ၊ ထို့ပြင် ဉာဏ်ပညာကိုပိုမိုတပ်မက်စွာတမ်းတခြင်းတို့အားဖြင့် ဘုရားသခင်၏နက်နဲသောအရာတို့ကို နားလည်သဘောပေါက်ရန်အတွက် လုံလောက်မှုရှိပါသည်။

## စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု၏လိုအပ်ချက်

လူသားမျိုးနွယ်ထုဖြစ်ကြသည့် ကျွန်ုပ်တို့အနေဖြင့် မည်သည့်အရာလိုအပ်နေကြသည်၊ ထို့အပြင် ခေတ်ကာလ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်ဆိုသည့်အရာတို့ကို သဘောပေါက်ခံယူခြင်းသည် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုပင်ဖြစ်ပါသည်။ မရှိဆင်းရဲသားများ၊ အောက်ခြေလူတန်းစားများ၊ အခက်အခဲနှင့်ကြုံတွေ့နေရကြသူများတို့၏ပတ်ဝန်းကျင်မျိုးတွင် ရည်မွန်ယဉ်ကျေးသောစိတ်သဘောမျိုးကို ပိတ်ပင်တားဆီးထားရန်မလိုအပ်ပါ။

အားလုံးသောလေ့လာသင်ယူမှုတို့အတွင်းတွင်ရှိသော အခက်အခဲများတို့ကို ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်သော်လည်း၊ စိတ်ပျက်အားလျော့မှုကြောင့် မည်သည့်အခါမျှ လေ့လာသင်ယူမှုကို မရပ်တန့်ထားပါနှင့်။ စူးစမ်းရှာဖွေခြင်း၊ လေ့လာသင်ယူခြင်းနှင့် ဆုတောင်းခြင်းတို့အားဖြင့် အခက်အခဲတိုင်းတို့ကို ရင်ဆိုင်ဖြေရှင်းနိုင်ပါသည်။ ခွဲသတ္တိနှင့်ပြည့်စုံပြီး၊ တက်ကြွသွက်လက်ခြင်းတို့ဖြင့် သင်၏ထောက်ပံ့မှုအတွက် စိတ်စွမ်းအားနှင့်စိတ်ရှည်သည်းခံခြင်း၏တင့်တယ်လှပမှုကိုရရှိစေပြီးသည့်နောက်၊ သမ္မာတရားတော်၏ရတနာသည် ရိုးစင်းပြီးနှစ်သက်ဖွယ်ကောင်းစွာဖြင့် သင်တွေ့ရှိရသည်အထိ ပိုမိုစိတ်အားထက်သန်စွာ တူးဆွဖော်ယူလိုက်ပါက၊ ထိုရတနာကိုသင်ရှာဖွေရာတွင် အခက်အခဲများတို့ဖြင့်ကြုံတွေ့နေရခြင်းကြောင့် ထိုရတနာအားလုံးတို့သည် ပိုမို၍အဖိုးထိုက်တန်လာပါသည်။ ထိုနောက်တွင် ဤအချက်တစ်ခုတည်းအကြောင်းကိုသာ တဝဲလည်လည်အာရုံရောက်ရာကျသည့် ၎င်းအပေါ်တွင် သင်၏စိတ်အတွေးစွမ်းအင်အားလုံးတို့ဖြင့် အာရုံစိုက်ဇောက်ချလုပ်ဆောင်ပြီး၊ အခြားသောသူတို့အားလည်း ၎င်းအပေါ်တွင်အာရုံစိုက်ကြရန်အတွက် အစဉ်တစိုက်တိုက်တွန်းနှိုးဆော်ခြင်းမပြုဘဲ၊ နောက်ထပ်အကြောင်းအရာတစ်ခုအပေါ်အာရုံပြုပြီး စေ့စပ်သေချာစွာဖြင့်ဆန်းစစ်ပါ။ ဤသို့အားဖြင့် လျှို့ဝှက်

ဆန်းကြယ်မှုတစ်ခုပြီးတစ်ခုတို့ကို သင်၏သဘောပေါက်နားလည်နိုင်ခြင်းတွင် ထင်ထင်ပေါ်ပေါ်ထင်ရှားလာမည်ဖြစ်သည်။

ဤဆောင်ရွက်ပုံနည်းလမ်းအားဖြင့် တန်ဖိုးရှိသည့်အောင်မြင်မှုနစ်ခုကို ရယူနိုင်မည်ဖြစ်သည်။ သင့်အနေဖြင့် အသုံးဝင်လှသည့်အသိဉာဏ်ဗဟုသုတကို အားထုတ်ရရှိနိုင်မည်သာမက စိတ်အတွေးဆိုင်ရာအလေ့အကျင့်သည် သင်၏စိတ်ပိုင်းဆိုင်ရာစွမ်းအားကို တိုးတက်လာစေမည်ဖြစ်သည်။ လျှို့ဝှက်ဆန်းကြယ်မှုတစ်ခု၏သော့ခလောက်ကို ဖွင့်ပေးနိုင်သည့်သော့ကို တွေ့ရှိရခြင်းသည် ယခင်ကဖော်ထုတ်တွေ့ရှိရခြင်းမရှိသေးသည့်အသိဉာဏ်ဗဟုသုတဆိုင်ရာ အဖိုးထိုက်လှသည့်အခြားသောကျောက်မျက်ရတနာများတို့ကို ထုတ်ဖော်ပြသပေးနိုင်မည်ဖြစ်သည်။

များစွာသောကျွန်ုပ်တို့၏အမှုတော်ဆောင်များတို့သည် လူအများထံသို့အနည်းငယ်မျှသောဒေသနာတော်ဆိုင်ရာ ဟောပြောပို့ချမှုတို့ကို လုပ်ဆောင်နိုင်ကြပါသည်။ သူတို့အား ဤဒေသနာတော်အချက်အလက်တို့နှင့် အကျွမ်းဝင်မှုရှိစေသည့် တူညီသည့်အားစိုက်မှုနှင့်ကျင့်သုံးမှုတို့သည် သူတို့အပေါ်အခြားသောသူတို့၏သိရှိနားလည်မှုကို ရယူပေးပါသည်။ အနာဂတ္တိဟောကြားချက်များနှင့် အခြားသောအယူဝါဒဆိုင်ရာအကြောင်းအရာတို့ကို အားလုံးသောအမှုတော်ဆောင်တို့က အသေးစိတ်နားလည်ထားပြီးသားဖြစ်ရကြပါမည်။ သို့သော်လည်း နှစ်ပေါင်းများစွာတရားဟောပြောနေကြပြီးဖြစ်သော အချို့သောသူတို့သည် အနည်းငယ်မျှသောအကြောင်းအရာများတို့အားဖြင့်သာ မိမိတို့ကိုယ်ကိုဘောင်ခတ်ထားကြပြီး၊ သမ္မာကျမ်းစာဆိုင်ရာဒေသနာတော်မှုဝါဒများနှင့် သခင်ခရစ်တော်၏လက်တွေ့လုပ်ဆောင်တော်မူခဲ့သည့် သင်ခန်းစာများတို့အပေါ် သိရှိနားလည်နိုင်စွမ်းရှိသည့် မဟာပုဂ္ဂိုလ်တော်ကြီးများအဖြစ်သို့ ရောက်ရှိလာကြရေးအတွက် ဝီရိယရှိရှိနှင့် ဆုတောင်းခြင်း၌ မွေ့လျော်ခြင်းများတို့ဖြင့် ကျမ်းစာတော်မြတ်ကိုရှာဖွေလေ့လာကြရန် အထူးပျင်းရိလေးကန်နေကြပါသည်။

အားလုံးသောသူတို့၏စိတ်အတွေးတို့အတွင်း ဘုရားသခင်၏နှုတ်ကပတ်တော်ဆိုင်ရာ သမ္မာတရားတော်တို့နှင့်ပတ်သက်သည့် အသိဉာဏ်ဗဟုသုတမျိုးကို သိုလှောင်ထားရကြမည်ဖြစ်ပြီး၊ ထိုသို့အားဖြင့် လိုအပ်သည့်အချိန်တိုင်းတွင် ဘဏ္ဍာတော်တိုက်ထဲမှ ဟောင်းသောအရာနှင့်သစ်လွင်သောအရာတိုင်းကို ပေးကမ်းနိုင်ရန်အဆင်သင့်ရှိထားပြီးသားဖြစ်ပါသည်။ အားမာန်နှင့်စိတ်အားထက်သန်မှုအပြင် ပြင်းထန်လှသောခက်ခဲပင်ပန်းမှုတို့ကို လိုချင်စိတ်ရှိနေကြခြင်းကြောင့် စိတ်အတွေးတို့သည် ထိခိုက်



ပျက်ယွင်းပြီး သိမ်ငယ်စိတ်ရှိသောအနေအထားသို့ ရောက်ရှိသွားပါသည်။ ရှေ့သို့ဆက်လက်တက်လှမ်းပါ။ သင်တို့အားငါပေးထားသောအရည်အချင်းတို့ကို ပြုစုပျိုးထောင်ကြပါဆိုသည့် မိန့်တော်မူချက်ကို ဘုရားသခင်ပေးတော်မူသောအချိန်သည် ယခုရောက်ရှိနေပြီဖြစ်ပါသည်။

ကမ္ဘာလောကကြီးသည် မှားယွင်းမှုများနှင့်ဒဏ္ဍာရီပုံပြင်ဆန်မှုများတို့နှင့် ပျားပန်းခပ်နေပါသည်။ လက်ဖျားခါလောက်သည့်သွင်ပြင်မျိုးရှိသော ပြဇာတ်များအတွင်းတွင် တွေ့နေရသော အသစ်အဆန်းများတို့သည် စိတ်အတွေးတွင်စွဲလမ်းစူးစိုက်စေရန် စဉ်ဆက်မပြတ်ပေါ်ထွက်ခေါင်းထောင်လာနေပါသည်။ ထို့အပြင် ကိုယ်ကျင့်တရားနှင့်ဝိညာဉ်ရေးဆိုင်ရာတိုးတက်မှုတို့ကိုပျက်ယွင်းစေသည့် အဓိပ္ပါယ်မရှိသောတွေးခေါ်မှုသဘောတရားများတို့နှင့်လည်း ပြည့်လျှံနေပါသည်။ ဘုရားသခင်၏အမှုရေးရာတော်တွင်၊ အတိုက်အခံပြုမှုတို့၏ဒီရေအလား ပြင်းထန်သည့်စီးဝင်တိုက်ခတ်မှုကို ရင်ဆိုင်နိုင်ကြရေးအတွက် အသိဉာဏ်ရှိကြသောသူ၊ အတွေးအခေါ်အမြော်အမြင်ရှိသောသူ၊ ကျမ်းစာတော်မြတ်အကြောင်းကို ကျွမ်းကျင်စွာတတ်ကျွမ်းသောသူများတို့ကို လိုအပ်နေပါသည်။ ဘုရားတရားကိုင်းရှိုင်းသည့် အသွင်သဏ္ဍာန်ကိုဆောင်သည့်ဝတ်ရုံမျိုးကို လွှမ်းခြုံထားခြင်းခံရသည့်တိုင် အထက်စီးဆန်ပြီး၊ သဘောထားကျဉ်းမြောင်းကာ ရှေ့နောက်မညီသည့်ပြောဆိုလုပ်ကိုင်ကြသောသူတို့ကို မည်သည့်လုပ်ကိုင်ခွင့်မျိုးကိုမျှမပေးသင့်ပါ။ သူတို့၏နှလုံးသားပေါ်တွင် သမ္မာတရားတော်၏အထွတ်အမြတ်တန်ခိုးရှိနေကြသောသူတို့သည် ဆွဲဆောင်မှုရှိသော ဩဇာသက်ရောက်မှုမျိုးကို အသုံးချကြမည်ဖြစ်သည်။ မှားယွင်းမှုအတွက် ထောက်ခံပြောဆိုမှုတို့သည် သမ္မာတရားကိုဖန်တီး၊ သို့မဟုတ်ဖျက်ဆီးပစ်၍မရနိုင်ပါ။ ထို့ပြင် ညှာတာထောက်ထားမှုရှိရန်နှင့်တည်ငြိမ်မှုရှိရန်အတွက် ထိုသမ္မာတရားတော်၏အထွတ်အမြတ်တန်ခိုးမျိုး ရှိနေကြသောသူတို့သည် ခံနိုင်စွမ်းရှိနေကြပါသည်။

ကြိုးပမ်းအားထုတ်မှုမရှိဘဲ ကမ္ဘာပေါ်တွင်အရေးပါမှုအခန်းကဏ္ဍမျိုးကို အလိုရှိနေကြသောသူတို့သည် ကျွန်ုပ်တို့၏တရားဟောဆရာများအချို့အပါအဝင် မြောက်မြားစွာရှိနေကြပါသည်။ သူတို့သည် သူတို့အားအကူအညီအဖြစ်ဖြင့် ပြန်လည်တုံ့ပြန်ပေးသည့် သခင်ခရစ်တော်၏အမိန့်တော်အတိုင်းလုပ်ဆောင်ရသည့် အမှုတော်ဆောင်များအဖြစ်သို့ ရောက်ရှိစေသောအလုပ်ကို အသေးအဖွဲအလုပ်အဖြစ်လျစ်လျူရှုကာ၊ ကြီးမားသည့်အချို့သောအမှုတော်ကို ထမ်းဆောင်ကြရန်သာ ရည်မှန်းချက်ထားရှိကြပါသည်။

သူတို့သည် အခြားသောသူတို့လုပ်ကိုင်နေကြသည့်အလုပ်မျိုးကို လုပ်ကိုင်လိုကြသော်လည်း ထိုအလုပ်ကိုလုပ်ဆောင်ရာတွင် သူတို့အတွက်လိုအပ်သည့်စည်းမျဉ်းစည်းကမ်းချမှတ်ပေးသည်ကို မနှစ်ခြိုက်ကြပါ။ ဤကဲ့သို့သောဆန္ဒမျိုးကိုတမ်းတနေကြသည့် အမျိုးသား၊ အမျိုးသမီးတို့အနေဖြင့် လက်ရှိသူတို့တွင်ရှိနေသော လုပ်ဆောင်နိုင်စွမ်းများထက် ပိုမိုအလှမ်းကွာသည့် ရှေ့တိုးလုပ်ဆောင်မှုမျိုးကိုလုပ်ဆောင်ကြပါက၊ ပြင်ပနေရာတွင် သူတို့သည် ထင်ရှားသောကျရှုံးမှုများဖြင့်သာ ကြုံတွေ့ရကြမည်ဖြစ်သည်။ သူတို့သည် လှေကားပေါ်သို့တက်လှမ်းကြရန်ကို စိတ်ဆိုးမာန်ဆိုးဖြင့်ငြင်းပယ်နေကြပြီး၊ အချိန်ကုန်ပြီးပင်ပန်းခက်ခဲသောလုပ်ငန်းစဉ်မျိုးအနည်းအကျဉ်းမျှဖြင့် အပေါ်သို့ရောက်ရှိသွားလိုကြပါသည်။ "Testimonies for the Church," vol. 4, pp. 411-417.

လူသည် မည်သူဖြစ်သည်၊ မည်သည့်အရာကိုလုပ်မည်ဆိုသည့်နမူနာမျိုးကျွန်ုပ်တို့တွေ့ရှိနေရသည်ဖြစ်စေ၊ ဖြောင့်မတ်ခြင်းနှင့်ပတ်သက်သည့် ကောင်းမြတ်သောအလုပ်တို့ကို သာလွန်အောင်လုပ်ဆောင်ရန်အတွက် ပိုမိုကြီးမားသည့်အားစိုက်မှုမျိုးရှိရန် စိတ်မဝင်စားကြခြင်းအတွက် ကျွန်ုပ်အံ့အားသင့်မိပါသည်။ အားလုံးသောသူတို့သည် ထင်ပေါ်ကျော်ဇောသောအနေအထားမျိုးတို့ကို ပိုင်ဆိုင်ရယူနိုင်ခြင်းမရှိကြသည့်တိုင် အားလုံးသောသူတို့အနေဖြင့် အသုံးဝင်မှုနှင့်ကိုးစားယုံကြည်မှုအနေအထားမျိုးတို့ကို ဖြည့်ဆည်းပေးနိုင်သည့်အပြင် သူတို့၏လုံ့လဝီရိယရှိသော သစ္စာရှိမှုတို့အားဖြင့် သူတို့လုပ်ဆောင်နိုင်စွမ်းရှိသည်ဟု သူတို့တွေးထင်သည့်အတိုင်းအတာထက် ပိုမိုကောင်းမွန်စွာလုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။ Id., p. 399.

အမျိုးသားအမျိုးသမီးများတို့၏တန်ဖိုးကို သူတို့လုပ်ဆောင်ပြသပေးကြသည့်လုပ်ဆောင်မှုအတန်းအစားအပေါ်ကြည့်ပြီး မခန့်မှန်းသင့်ပါ။ အသက်ဝိညာဉ်တိုင်းအတွက် အဖိုးအခပေးဆောင်တော်မူခဲ့သောသူတစ်ထူးကသာ တန်ဖိုးသတ်မှတ်တော်မူပါသည်။ လှူဒါန်းပေးကမ်းစွန့်ကြဲခြင်း၊ အကြွင်းမဲ့သောစိတ်ဖြင့်ချစ်ခြင်းနှင့် ဂုဏ်သိက္ခာတို့အားဖြင့် သူတို့ကိုသခင်ခရစ်တော်က ဘုန်းအသရေတော်ကိုမျှော်လင့်ခြင်းအားဖြင့်၊ ပံ့သွင်းပေးတော်မူခဲ့ခြင်းအားဖြင့် သူတို့သည် ဘုရားသခင်နှင့်အတူတကွပူးပေါင်းဆောင်ရွက်ကြသည့် အမှုတော်ဆောင်များဖြစ်လာကြမည်ဖြစ်သည်။ ဤသို့အားဖြင့် သူတို့သည် ဘုရားသခင်၏ဥယျာဉ်တော်နှင့် ဘုရားသခင်၏ကျောင်းတော်တိုက်ကြီးများဖြစ်ကြပါတော့သည်။



သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာတော် တည်ရှိနေသောနှလုံးသားသည် ဘုရားသခင်နှင့်လူတို့အပေါ် ချစ်ခြင်းမေတ္တာထားရှိစေနိုင်သော အသက်စမ်းရေတွင်းကို ရရှိစေသည့် ယဉ်ကျေးသိမ်မွေ့မှုကို တိုး၍တိုး၍စဉ်ဆက်မပြတ်ထုတ်ဖော်ပြသနိုင်မည်ဖြစ်သည်။ သခင်ခရစ်တော်သည် ကိုးကွယ်စရာခရစ်ယာန်ဘာသာလည်းဖြစ်တော်မူပါသည်။ ဤကိုးကွယ်မှုသည် ဘုရားသခင်ကိုအမြင့်မားဆုံးသောအနေအထားမျိုးဖြင့် ချီးမွမ်းထောမနာပြုခြင်းဖြစ်ပြီး၊ မြေကြီးပေါ်တွင်ငြိမ်သက်ခြင်းရှိစေကာ လူသားတို့အပေါ်တွင် ကောင်းမြတ်သောဆန္ဒကို သက်ရောက်စေမည်ဖြစ်သည်။ ဤကိုးကွယ်မှုသည် ဘုရားသခင်၏ကြံရွယ်တော်မူခြင်းကို လုပ်ဆောင်ပေးရာရောက်ပါသည်။

စစ်မှန်သောခရစ်ယာန်သည် သခင်ခရစ်တော်၌တည်သော အမျိုးသား၊ အမျိုးသမီးတို့၏ပြည့်ဝသည့်အရေးပါမှုအနေအထားဆီသို့ ဦးတည်တိုးတက်ကြီးထွားလာပါသည်။ စိတ်နှလုံးသည် ဘုရားသခင်၏ဝိညာဉ်တော်စည်းကမ်းအောက်တွင် မတည်ရှိသောအခါ၊ အသွင်သဏ္ဌာန်မျိုးစုံကိုဂရုပြုရန်နှင့် စည်းမျဉ်းစည်းကမ်းတို့ကိုချမှတ်နိုင်ရေးအတွက် အပင်ပန်းခံရသည့်ကြိုးပမ်းအားထုတ်မှုမျိုးဖြင့် အပြင်းအထန်လုပ်ဆောင်ခြင်းထက် သခင်ခရစ်တော်၏ကျောင်းတော်ကြီးတွင် သင်ခန်းစာတို့ကိုသင်ကြားလေ့ကျက်ခြင်းအားဖြင့် တွေးခေါ်မှုနှင့်အမူအကျင့်ပိုင်းဆိုင်ရာ အမှန်တကယ်ယဉ်ကျေးသိမ်မွေ့မှုဖြစ်သော စစ်မှန်သည့်ဖွံ့ဖြိုးမှုကို ပိုမိုကောင်းမွန်စွာဖြင့် ရယူနိုင်မည်ဖြစ်သည်။

သခင်ယေရှု၏နောက်တော်သို့လိုက်လျှောက်သောသူသည် ပြုမူနေထိုင်မှုများ၊ အကျင့်စလေ့များ၊ စိတ်ဓာတ်နှင့်လုပ်ဆောင်မှုများတို့တွင် စဉ်ဆက်မပြတ်တိုးတက်နေရမည်ဖြစ်သည်။ ဤသို့တိုးတက်အောင်လုပ်ဆောင်မှုသည် အပြင်ပန်းအနေအထားနှင့် လေးနက်မှုမရှိသော လုပ်ဆောင်ရရှိသည့်အရာတို့အပေါ် အာရုံထားကြည့်မြင်ခြင်းအားဖြင့်မဟုတ်ဘဲ၊ သခင်ယေရှုကိုသာ ဦးတည်အာရုံပြုခြင်းဖြင့်သာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ အသွင်သဏ္ဌာန်အရည်အချင်းပြောင်းလဲမှုတစ်ခုသည် စိတ်အတွေး၊ စိတ်ဓာတ်ပိုင်းဆိုင်ရာနှင့်အကျင့်စရိုက်တို့အတွင်းတွင်သာ ဖြစ်ပျက်နေပါသည်။ နူးညံ့သိမ်မွေ့မှုနှင့်နှိမ့်ချမှုအားလုံးတို့ဖြင့် သခင်ခရစ်တော်၏ဝိညာဉ်တော်ဆိုင်ရာ ကျေးဇူးတော်များကို ရင်ဝယ်ပိုက်ထားနိုင်ကြရန်အတွက် ခရစ်ယာန်တို့သည် သခင်ခရစ်တော်၏ကျောင်းတော်တွင် ပညာသင်ကြားရယူနှင့်ပြီးသားဖြစ်ပါသည်။ သူသည် ကောင်းကင်ဘုံဆိုင်ရာကောင်းကင်တမန်တော်တို့၏အသင်းအဖွဲ့နှင့် ထိုက်တန်မှုရှိပါသည်။ ကမ္ဘာမြေကြီးပေါ်ရှိ အခြားအားလုံးသောသူတို့၏အထက်တွင် ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် သူ၏

စိတ်အတွေးတွင် အသိကြွယ်စေသောသူသည် သူ၏မျှော်လင့်ခြင်းနှင့်သူ၏အလုပ်အကိုင်တို့သည် ပိုမိုကြီးမားသဖြင့်၊ သူသည် သမ္မာကျမ်းစာတော်ကိုဖတ်ရှုခြင်းတွင် ပိုမိုကြီးမားသောလုံ့လဝီရိယမျိုးဖြင့် မိမိကိုယ်ကိုပေးအပ်ရမည့်အပြင် သိပ္ပံအတတ်ကို ဝီရိယရှိရှိဖြင့်လေ့လာခြင်းတွင်ပါ မိမိကိုယ်ကိုမြှုပ်နှံထားရပါမည်။ အားလုံးသောအသိဉာဏ်ဗဟုသုတနှင့် ဉာဏ်ပညာတို့၏မူလအမြစ်ဖြစ်တော်မူသောသူနှင့် ပိုမိုနီးကပ်စွာချိတ်ဆက်မှုရှိသောသူသည် အသိဉာဏ်ရှိစွာဖြင့်အပြင်၊ ဝိညာဉ်အားဖြင့် ပိုမို၍ကူညီမှုကိုရရှိနိုင်မည်ဖြစ်သည်။ ဘုရားသခင်၏ပညာအတတ်တော်သည် မရှိမဖြစ်လိုအပ်လှသည့်ပညာရပ်ဖြစ်ပြီး၊ စစ်မှန်သောအမှုတော်ဆောင်တိုင်းသည် ဤပညာရပ်တို့ကိုရယူနိုင်ကြရေးအတွက် အတောမသတ်သောလေ့ကျက်သင်ယူမှုမျိုးဖြင့် လုပ်ဆောင်ရပါမည်။ "Counsels to Teachers," p. 510.

## သန့်ရှင်းသောဝိညာဉ်တော်

သန့်ရှင်းသောဝိညာဉ်တော်အကြောင်းနှင့်ပတ်သက်ပြီး၊ (ယောဟန် ၁၆း၁၃) တွင်၊ "သမ္မာတရားနှင့်ပြည့်စုံသော ထိုဝိညာဉ်တော်သည်ရောက်လာသောအခါ၊ . . ." ဟူ၍လည်းကောင်း၊ အခန်းငယ် (၈) တွင် ". . . ဒုစရိုက်အပြစ်ကိုလည်းကောင်း၊ အပြစ်ကင်းခြင်းကိုလည်းကောင်း၊ အပြစ်စီရင်ခြင်းကိုလည်းကောင်း လောကီသားတို့အား ထင်ရှားစွာဖော်ပြမည်" ဟူ၍လည်းကောင်း ဖော်ပြထားပါသည်။

ဘုန်းတော်ရှင်ဆိုင်ရာ သမ္မာတရားတော်၏တစ်ပါးတည်းသောစွမ်းဆောင်နိုင်သူဆရာတစ်ဆူဖြစ်တော်မူသော သန့်ရှင်းသောဝိညာဉ်တော်၏ပါရှိမှုနှင့်ထောက်ပံ့မှုမပါရှိဘဲ နှုတ်ကပတ်တော်ကိုဟောပြောခြင်းသည် အကျိုးဖြစ်ထွန်းမှုမရှိနိုင်ပါ။ စိတ်နှလုံးအတွင်း သမ္မာတရားတော်သည် ဝိညာဉ်တော်နှင့်ပေါင်းစည်းမှုရှိခြင်းတစ်ခုတည်းသာလျှင် တာဝန်သိစိတ်၊ သို့မဟုတ် အသက်တာကိုပြောင်းလဲလာစေခြင်းလုပ်ရပ်မျိုးကိုအသက်ဝင်စေမည်ဖြစ်သည်။ အမှုတော်ဆောင်တစ်ဦးသည် ဘုရားသခင်၏နှုတ်ကပတ်တော်အက္ခရာစာစဉ်တို့ကို ဝေငှပေးကမ်းနိုင်ရမည်ဖြစ်ပြီး၊ ၎င်းနှုတ်ကပတ်တော်၏မိန့်တော်မူချက်များနှင့်ကတိတော်များတို့နှင့် အကျွမ်းဝင်မှုရှိရမည်ဖြစ်သော်လည်း သူစိုက်ပျိုးမည့်ဧဝံဂေလိတရားမျိုးစေ့သည် ရှင်သန်မှုရှိလာအောင် ကောင်းကင်ဘုံဆိုင်ရာ နှင်းစက်နှင်းပေါက်တို့အားဖြင့် အသက်ဝင်စေခြင်းမရှိပါက သူ၏စိုက်ပျိုးမှုသည် အောင်မြင်မှု



ရှိမည်မဟုတ်ပါ။ ဘုရားသခင်၏ဝိညာဉ်တော်၏ပူးပေါင်းပါဝင်မှုမရှိဘဲ၊ မည်သည့်ပညာရပ်အတိုင်းအဆမျှမပါရှိဘဲ၊ ထို့အပြင် မည်သည့်အသာစီးရမှုမျိုးမျှမရှိဘဲ သူ၏ဧဝံဂေလိတရားတော်မျိုးစေ့ကိုစိုက်ပျိုးခြင်းအမှုသည် မည်မျှပင်ကြီးမားစေကာမူ ထိုသူကိုအလင်း၏ဆက်ကြောင်းတစ်ခုတည်းသာလုပ်ဆောင်စေနိုင်မည်ဖြစ်သည်။ ဓမ္မသစ်ကျမ်းအတွင်းမှကျမ်းတစ်စောင်ကို မရေးသားမီအချိန်က သခင်ခရစ်တော်ကောင်းကင်ဘုံသို့တက်ကြွသွားတော်မူပြီးနောက်၊ ဧဝံဂေလိတရားတော်ဟောကြားချက်တစ်ခုကိုဟောပြောခြင်းမတိုင်မီကပင် သန့်ရှင်းသောဝိညာဉ်တော်သည် ဆုတောင်းခြင်း၌တည်နေကြသောတပည့်တော်တို့အပေါ်သို့သက်ရောက်တော်မူပြီးဖြစ်သည်။ ထိုနောက်တွင် ထိုတပည့်တော်တို့၏ရန်သူတို့၏သက်သေခံမိပြီးသောပြောစကားကို (တမန်တော် ၅း၂၈) တွင်၊ ". . . ယေရုရှလင်မြို့ကို သင်တို့အယူဝါဒနှင့်ပြည့်စေသည်ဖြစ်၍၊ . . ." ဟူ၍ ဖော်ပြထားပါသည်။

## အခြေအနေများအပေါ်မူတည်ပြီး ဘုရားသခင်၏ကတိတော်များတို့ကိုခံယူရရှိနိုင်သည်

သန့်ရှင်းသောဝိညာဉ်တော်နှင့်ပတ်သက်သည့် သခင်ခရစ်တော်၏ဆုကျေးဇူးဆိုင်ရာကတိတော်ကို သူ၏အသင်းတော်အတွက်ပါမကသေးဘဲ သူ၏တပည့်တော်တို့ကိုပေးတော်မူခဲ့သည့်ပမာဏအတိုင်း ကျွန်ုပ်တို့နှင့်လည်းသက်ဆိုင်မှုရှိပါသည်။ သို့သော်လည်း အခြားသောကတိတော်တိုင်းကဲ့သို့ပင် အခြေအနေများအပေါ်တွင်မူတည်ပြီးပေးကမ်းတော်မူပါသည်။ ထာဝရဘုရား၏ကတိတော်တို့ကိုယုံကြည်ပါသည်ဟု မိမိကိုယ်ကိုလူသိရှင်ကြားထုတ်ဖော်ပြောဆိုပြီး၊ ထိုကတိတော်ကိုတောင်းခံကြကာ သခင်ခရစ်တော်နှင့်သန့်ရှင်းသောဝိညာဉ်တော်၏အကြောင်းကို ပြောပြနေကြသောသူအများအပြားရှိနေကြသည့်တိုင် သူတို့သည် သူတို့၏အသက်ဝိညာဉ်တို့ကို ဘုန်းတော်ရှင်၏အထူးကိုယ်စားလှယ်တော်များတို့၏လမ်းညွှန်မှုနှင့်ထိန်းကျောင်းမှုတို့အောက်တွင် အညံ့ခံခိုဝင်ခြင်းမရှိကြသောကြောင့် မည်သည့်အကျိုးကျေးဇူးမျိုးကိုမျှ လက်ခံရရှိခြင်းမရှိကြပါ။

ကျွန်ုပ်တို့အနေဖြင့် သန့်ရှင်းသောဝိညာဉ်တော်ကိုအသုံးပြု၍မရနိုင်ဘဲ ဝိညာဉ်တော်ကသာ ကျွန်ုပ်တို့ကိုအသုံးချရန်သာရှိပါသည်။ (ဖိလိပ္ပိ ၂း၁၃) တွင်ဖော်ပြထားသည့်၊ ". . . အလိုရှိစေခြင်းငှာလည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှာလည်းကောင်း

သင်တို့အထဲ၌စေတနာတော်အားဖြင့် ပြုပြင်တော်မူသော. . . "အတိုင်း၊ ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် သူ၏လူစုတော်တို့အပေါ် လုပ်ဆောင်တော်မူပါသည်။ သို့သော်လည်း များစွာသောသူတို့သည် ဦးဆောင်တော်မူခြင်းကို ဝန်ခံလိုက်လျောခြင်းမရှိကြပါ။ သူတို့သည် မိမိတို့ကိုယ်ကိုသာမိမိတို့ခန့်ခွဲလိုကြပါသည်။ ဤအချက်သည် သူတို့အနေဖြင့် ကောင်းကင်ဘုံဆိုင်ရာဆုကျေးဇူးတော်ကို လက်ခံရရှိခြင်းမရှိရသည့်အကြောင်းရင်းပင်ဖြစ်ပါသည်။ ဘုရားသခင်အပေါ်တွင် နှိမ့်ချစွာဖြင့်၊ မျှော်လင့်ချက်ထားရှိကြသည့်သူများတို့သည်သာလျှင်၊ ထို့အပြင် သူ၏ပဲ့ပြင်လမ်းညွှန်တော်မူခြင်းနှင့်ကျေးဇူးတော်တို့ကို ရှာဖွေနေကြသောသူတို့သည်သာလျှင် ဝိညာဉ်တော်ကိုရရှိကြမည်ဖြစ်ပါသည်။ ကတိပေးထားတော်မူပြီးသော ဤကောင်းချီးမင်္ဂလာတော်ကို ယုံကြည်ခြင်းအားဖြင့်တောင်းခံပါက ဤကောင်းချီးမင်္ဂလာအစဉ်အတန်းအတွင်းသို့ အခြားသောကောင်းချီးမင်္ဂလာတော်အားလုံးတို့ကိုပါ ဆွဲယူရရှိနိုင်မည်ဖြစ်သည်။ သခင်ခရစ်တော်၏ကျေးဇူးတော်ကြွယ်ဝမှုအပေါ်တွင်မူတည်ပြီး၊ ၎င်းကောင်းချီးမင်္ဂလာကိုရရှိမည်ဖြစ်ကာ အသက်ဝိညာဉ်တိုင်းက လက်ခံရယူနိုင်သည့်နေရာအကျယ်အဝန်းပမာဏပေါ်မူတည်ပြီး သူသည် ကောင်းချီးမင်္ဂလာတော်ကို ဝေငှပေးကမ်းတော်မူမည်ဖြစ်သည်။

ဝိညာဉ်တော်ကိုဝေငှပေးကမ်းခြင်းသည် သခင်ခရစ်တော်၏အသက်တာတော်ကို ဝေငှပေးကမ်းခြင်းဖြစ်ပါသည်။ ဤကဲ့သို့သောနည်းဖြင့် ဘုရားသခင်၏အကြောင်းကို သင်ကြားရယူကြသောသူတို့၊ ဝိညာဉ်တော်၏မိမိတို့အတွင်းလုပ်ဆောင်တော်မူခြင်းကို ပိုင်ဆိုင်ထားကြသောသူတို့နှင့် သခင်ခရစ်တော်၏အသက်တာတော်နှင့်အလားသဏ္ဌာန်တူသောအသက်တာကို ထုတ်ဖော်ပြသကြသောသူတို့သည်သာလျှင် ကယ်တင်တော်မူသောအရှင်သခင်၏ စစ်မှန်သောကိုယ်စားပြုသူများအဖြစ်ဖြင့် ရပ်တည်နိုင်ကြမည်ဖြစ်သည်။

## ပညာပေးသူတစ်ဦးအဖြစ်ရှိသောသန့်ရှင်းသောဝိညာဉ်တော်

လက်ရှိအနေအထားအတိုင်း လူတို့ကိုဘုရားသခင်ကထားရှိတော်မူပြီး၊ အကယ်၍သူတို့က သူ၏အထံတော်တွင် မိမိတို့ကိုယ်ကိုအညံ့ခံခိုဝင်လာကြပါက သူက သူတို့ကို သူ၏အမှုတော်အတွက် ပညာပေးတော်မူမည်ဖြစ်သည်။ အသက်ဝိညာဉ်အတွင်းသို့ ရောက်ရှိသွားသော ဘုရားသခင်၏ဝိညာဉ်တော်သည် ထိုအသက်ဝိညာဉ်၏စွမ်းရည်အားလုံးတို့ကို နိုးထစေမည်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်၏ပဲ့ပြင်လမ်းညွှန်မှု





အောက်တွင် ဘုရားသခင်ထံတော်သို့ လုံးလုံးလျားလျားဆက်ကပ်အပ်နှံထားပြီးသောစိတ်အတွေးသည် ဟန်ချက်ညီညီဖြင့်ဖွံ့ဖြိုးလာပြီး ဘုရားသခင်၏တောင်းခံတော်မူမှုများတို့ကို ပိုင်းခြားသိမြင်နိုင်ရန်နှင့် ဖြည့်ဆည်းပေးနိုင်ရန်အတွက် အားအင်ဖြည့်ဆည်းပေးခြင်းခံလာရမည်ဖြစ်သည်။ ထို့အပြင် ခွန်အားနည်းပါးပြီး၊ တွေဝေတတ်သည့်အကျင့်စရိုက်သည် အားအင်သန်စွမ်းပြီးခိုင်ခံ့မြဲမြံသည့်အနေအထားဆီသို့ ပြောင်းလဲလာမည်ဖြစ်သည်။ စဉ်ဆက်မပြတ်ဆက်ကပ်အပ်နှံခြင်းသည် ခရစ်ယာန်က သူ၏အရှင်သခင်၏အကျင့်စရိုက်တော်အတိုင်း ရောက်ရှိလာစေသည့် သခင်ယေရှုနှင့်သူ၏တပည့်တော်တို့၏စပ်ကြား နီးကပ်သည့်ဆက်ဆံရေးမျိုးကို တည်ထောင်ပေးနိုင်ပါသည်။ သူသည် ပိုမိုကြည်လင်ရှင်းလင်းပြီး ကျယ်ပြန့်သည့်မြင်ကွင်းမျိုးရှိလာမည်ဖြစ်သည်။ သူ၏ပိုင်းခြားနားလည်နိုင်မှုသည် နက်ရှိုင်းစွာဖြင့်ထိုးထွင်းနိုင်ပြီး သူ၏စီရင်ဆုံးဖြတ်မှုသည် ပိုမို၍မျှတမှုရှိလာမည်ဖြစ်သည်။ ဖြောင့်မတ်ခြင်းတရား၏နေမင်းတော်ကြီး၏အသက်ကိုပေးနိုင်စွမ်းသော တန်ခိုးတော်အားဖြင့် သူသည် အထူးနိုးကြားထကြွလာမည်ဖြစ်ခြင်းကြောင့် သူသည် ဘုရားသခင်၏ဘုန်းအသရေတော်အတွက် ပိုမို၍အသီးကိုသီးပေးနိုင်စွမ်းရှိလာမည်ဖြစ်သည်။

အပြစ်တရားအပေါ်အောင်နိုင်ရေးအတွက် ရင်ဆိုင်ရန်းကန်နေရကြသောသူများတို့တွင် သန့်ရှင်းသောဝိညာဉ်တော်တည်နေမည့်အကြောင်းကို သခင်ခရစ်တော်က ကတိပေးတော်မူခဲ့ပြီး၊ ထိုသို့အားဖြင့် ထိုသူတို့သည် လူသားကိုယ်စားလှယ်ကို သဘာဝလွန်ခွန်အားဖြင့်ထောက်ပံ့ပြီး၊ မသိနားမလည်ကြသောသူတို့အား ဘုရားသခင်၏နိုင်ငံတော်ဆိုင်ရာ လျှို့ဝှက်ဆန်းကြယ်မှုများတို့အားဖြင့် ညွှန်ကြားပေးခြင်းဖြင့် ဘုန်းတော်ရှင်၏တန်ခိုးတော်ကို ထင်ရှားစေနိုင်ကြမည်ဖြစ်သည်။ တစ်ပါးတည်းသောသားတော်သည် မိမိကိုယ်ကိုနှိမ့်ချတော်မူပြီး၊ စဉ်းလဲသောရန်သူ၏စုံစမ်းနှောင့်ယှက်ခြင်းတို့ကို ကြံ့ကြံ့ခံတော်မူခဲ့ရင်း မတရားမှုကို တရားမျှတမှုအဖြစ်သို့ရောက်ရှိစေရေးအတွက် အသေခံတော်မူခဲ့ရာတွင် ကမ္ဘာမြေကြီး၏ကယ်ချွတ်တော်မူသောအရှင်က ဖော်ဆောင်တော်မူခဲ့သောလူတစ်ဦးချင်းကြုံတွေ့နေရသည့်ပြဿနာကို ထိထိရောက်ရောက်ဖြေရှင်းနိုင်ရေးအတွက် အမြဲတစေဖြင့်အလုပ်လုပ်နေရန်နှင့် အားအင်ပြန်လည်ပြည့်ဝစေသည့် ကိုယ်စားလှယ်အဖြစ် အကယ်၍ဝိညာဉ်တော်ကိုစေလွှတ်ခြင်းမရှိပါက ထိုဖော်ဆောင်ထားမှုသည်မည်သို့အကောင်အထည်ပေါ်လာမည်နည်း။

သန့်ရှင်းသောဝိညာဉ်တော်သည် တပည့်တော်တို့အား ထာဝရဘုရားတစ်ပါးတည်းကိုသာချီးမြှောက်ကြရန် အထောက်အမပေးပြီး၊ နှုတ်ကပတ်တော်တို့၏မှတ်တမ်း

မှတ်ရာနှင့် သခင်ခရစ်တော်၏အမှုတော်ဆောင်ရွက်ခဲ့မှုများတို့၏အကြောင်းကို ကမ္ဘာမြေကြီးပေါ်တွင်ပေးကမ်းနိုင်ကြရေးအတွက် မြင့်မြတ်သောသမိုင်းပညာရှင်များတို့၏ ကလောင်တံတို့ကို လမ်းညွှန်ပဲ့ပြင်ပေးတော်မူပါသည်။ ယနေ့တွင် ဤဝိညာဉ်တော်သည် စဉ်ဆက်မပြတ်ဖြင့်လုပ်ဆောင်လျက်ရှိနေရာတွင် ကရာနိကုန်း၏ကပ်တိုင်ပေါ်တွင်ဖြစ်ပျက်ခဲ့သည့် ကြီးမားသောအသက်စွန့်ဆက်ကပ်မှုအကြောင်းအပေါ် လူတို့၏ အာရုံစိုက်မှုကိုသိမ်းသွင်းရန်နှင့် လူတို့အပေါ်ဘုရားသခင်ထားရှိတော်မူသော ချစ်ခြင်းမေတ္တာတော်အကြောင်းကို ကမ္ဘာကြီးသို့ချပြပေးရန်အပြင် ပြစ်ဒဏ်စီရင်ခြင်းခံရသည့် အသက်ဝိညာဉ်ကို ကျမ်းစာတော်မြတ်တွင်ပါရှိသည့်ကတိတော်တို့ကို လှစ်ဟဖွင့်ပြရန်အတွက် ကြိုးပမ်းလုပ်ဆောင်နေပါသည်။

၎င်းဝိညာဉ်တော်သည် ဖြောင့်မတ်ခြင်းတရား၏နေမင်းတော်ကြီး၏တောက်ပသောရောင်စဉ်တန်းတို့ကို မှောင်မိုက်ဖုံးလွှမ်းခြင်းခံရကြသည့် စိတ်အတွေးများအတွင်းတွင် ထွန်းလင်းသွားစေပြီး၊ ထာဝရကာလ၏သမ္မာတရားတော်များအပေါ် နိုးကြားမှုရှိသောအသိတရားဖြစ်ပေါ်လာမှုမျိုးဖြင့် လူတို့အား သူတို့၏ကိုယ်တွင်း၌တွင်ပင် သူတို့၏စိတ်နှလုံးများကို အပူဓာတ်ပေးသည့်အပြင်၊ ဖြောင့်မတ်ခြင်းတရား၏ကြီးမြတ်သည့် အဆင့်အတန်းနှင့် အပြစ်တရားအကြောင်းကိုနားလည်သဘောပေါက်စေခြင်းကို စိတ်အတွေးတွင်ချပြပေးကာ၊ အပြစ်တရားမှကယ်ဆယ်ပေးနိုင်တော်မူသည့် တစ်ပါးတည်းသောသူတစ်ထူးအပေါ်တွင် ယုံကြည်ခြင်းရှိရေးအတွက် စေ့ဆော်ပေးတော်မူပါသည်။ ထို့ပြင် လောကီရေးရာနှင့်ပျက်စီးပုပ်သိုးလွယ်သောအရာများအပေါ် လူတို့၏ ချစ်ခင်တွယ်တာလိုစိတ်တို့ကို ရုပ်သိမ်းပေးပြီး၊ ထိုသူတို့အား အစဉ်ထာဝရတည်တံ့သည့် အမွေဆက်ခံနိုင်သောနေရာတွင် ပြန်လည်နေရာချထားနိုင်ရေးအတွက် သူတို့၏ အကျင့်စရိုက်ကိုပြောင်းလဲပစ်ခြင်းကိုပါ လုပ်ဆောင်တော်မူပါသည်။ ဝိညာဉ်တော်သည် လူသားမျိုးနွယ်တို့ကိုပြန်လည်ဖန်တီးပြီး၊ မွမ်းမံပေးကာ သန့်ရှင်းစေတော်မူပြီး၊ တော်ဝင်မိသားစုအဖွဲ့ဝင်များနှင့် ကောင်းကင်ဘုံအရှင်မင်းကြီး၏သားသမီးတော်များအဖြစ်သို့ ရောက်ရှိသွားကြရန်အတွက် ချမှတ်ပေးတော်မူပါသည်။

## ဝိညာဉ်တော်ကိုခံယူရရှိခြင်း၏ထိရောက်မှု

လူသည် ကိုယ်ကျိုးအတ္တစိတ်ဓာတ်မျိုးနှင့် လုံးလုံးလျားလျားကင်းမဲ့ပြီး၊ သူ၏ အသက်ဝိညာဉ်မှ မမှန်ကန်သောဘုရားကိုဖယ်ထုတ်ရှင်းပစ်လိုက်သောအခါ၊ ထိုအရာ



များအတွက်လစ်လပ်သွားသောနေရာတွင် သခင်ခရစ်တော်၏ဝိညာဉ်တော်စီးဝင်သွားစေမှုဖြင့် ဖြည့်ဆည်းပြီးသားဖြစ်သွားပါသည်။ ထိုကဲ့သို့သောသူတစ်ယောက်သည် ညစ်ထေးနေသောအသက်ဝိညာဉ်ကို သန့်စင်သွားစေသည့် ယုံကြည်ခြင်းမျိုးရှိပါသည်။ သူသည် ဝိညာဉ်တော်နှင့်သဘောချင်းကိုက်ညီမှုရှိပြီး၊ ဝိညာဉ်တော်နှင့်ပတ်သက်သောအရာမျိုးတို့ကိုသာ တွေးတောစဉ်းစားတတ်ပါသည်။ ကိုယ်ကျိုးအတ္တစိတ်အပေါ် ယုံကြည်စိတ်ချတတ်ခြင်းမရှိပါ။ သခင်ခရစ်တော်သည် အားလုံးသောအရာတို့တွင် အလုံးစုံဖြစ်တော်မူပါသည်။ သူသည် စဉ်ဆက်မပြတ်ဖြင့် မြင်သာအောင်လှစ်ဟပြသထားပြီးဖြစ်သောသမ္မာတရားတော်ကို နူးညံ့သိမ်မွေ့မှုဖြင့်လက်ခံရယူတော်မူပြီး အားလုံးသောဘုန်းအသရေတော်ကို ထာဝရဘုရားအားပေးတော်မူရာတွင် (၁ကော ၂း၁၀) တွင်၊ "ထိုအရာတို့ကို ဘုရားသခင်သည် မိမိဝိညာဉ်တော်အားဖြင့် ငါတို့အားဖော်ပြတော်မူ၏" ဟူ၍လည်းကောင်း၊ (၁ကော ၂း၁၂) တွင် "ငါတို့သည် လောကီဝိညာဉ်ကိုမခံရကြ။ ဘုရားသခင်ပေးတော်မူသောအရာတို့ကို သိခြင်းအလို့ငှာ၊ ဘုရားသခင်ထံမှကြွလာသောဝိညာဉ်ကို ခံရကြပြီ" ဟူ၍လည်းကောင်း ဖော်ပြထားပါသည်။

ထင်ရှားလျက်ရှိသောဝိညာဉ်တော်သည် ဖြောင့်မတ်ခြင်းတရား၏အသီးများကို သီးပေးသောသူ၌လုပ်ဆောင်တော်မူပါသည်။ သခင်ခရစ်တော်သည် သူ၌တည်ရှိနေတော်မူသည့်အကြောင်းနှင့်ပတ်သက်၍၊ (ယောဟန် ၄း၁၄) တွင် ". . . ထာဝရအသက်ရှင်ခြင်းအလို့ငှာ ထွက်သောစမ်းရေဖြစ်လိမ့်မည်။. . . " ဟူ၍ဖော်ပြထားပါသည်။ သူသည် မှန်ကန်တော်မူသောစပျစ်နွယ်ပင်၏အကိုင်းအခက်ဖြစ်ပြီး၊ ဘုရားသခင်၏ဘုန်းအာနုဘော်တော်အတွက် ကြွယ်ဝသည့်အသီးကို အပြွတ်လိုက်အခဲလိုက်သီးပေးပါသည်။ အသီးကိုသီးစေသောအကျင့်စရိုက်ဆိုသည်မှာ အဘယ်အရာဖြစ်ပါသနည်း။ ဝိညာဉ်တော်၏အသီးသည် မုန်းတီးမှုမဟုတ်သည့်ချစ်ခြင်းမေတ္တာ၊ မကျေနပ်မှုနှင့်ကြေကွဲဝမ်းနည်းခြင်းမဟုတ်သည့်ရွှင်လန်းခြင်း၊ ဒေါသစိတ်၊ စိုးရိမ်ပူပန်မှုနှင့်လုပ်ကြံတတ်သော စစ်ဆေးစုံစမ်းမှုများမဟုတ်သည့်ငြိမ်သက်ခြင်းများတို့သာဖြစ်ပါသည်။ (ဂလာတိ ၅း၂၂၊၂၃) တွင် ဝိညာဉ်တော်၏အသီးကို ". . . စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းပေတည်း" ဟူ၍ ဆက်လက်ဖော်ပြထားပါသည်။

ဤဝိညာဉ်တော်မျိုးကိုရရှိထားကြသောသူတို့သည် ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသည့် ထက်သန်မှုရှိကြသောအမှုတော်ဆောင်များဖြစ်ကြကာ၊ ကောင်းကင်ဘုံ

ဆိုင်ရာကိုယ်စားပြုကြသူများတို့သည် သူတို့နှင့်ပူးပေါင်းလုပ်ဆောင်ကြလျက် သူတို့သည် သူတို့ထမ်းရွက်နေကြသည့် သတင်းစကားတော်စိတ်ဓာတ်မျိုးဖြင့် လေးလံသည့်ဝန်ပိခံနေရင်း သွားလာလုပ်ဆောင်နေကြပါသည်။ သူတို့သည် ခိုင်မာသောဆင်ခြင်တုံတရားဖြင့် နှုတ်ကပတ်တော်တို့ကိုပြောဆိုပေးကြပြီး သခင်ခရစ်တော်၏စံနမူနာတော်အတိုင်း စိတ်နှလုံးဘဏ္ဍာတိုက်တွင်းမှ စင်ကြယ်ပြီး၊ အထွတ်အမြတ်ဖြစ်သောအရာတို့ကိုပါ ဆောင်ကြဉ်းကာပြောကြားပေးပါသည်။

ကျွန်ုပ်တို့သယ်ပိုးဆောင်ရွက်ရမည့်သတင်းစကားသည် ကြေညာရန်ကြောက်ရွံ့စရာမလိုပါ။ ၎င်းသတင်းစကားကိုကြေညာပေးရသည့် အကျိုးဆောင်များတို့သည် ထိုသတင်းစကားကိုဖုံးအုပ်ထားရန် မကြိုးပမ်းရမည့်အပြင်၊ ၎င်း၏မူလဇာစ်မြစ်နှင့် ရည်ရွယ်ချက်တို့ကို ကွယ်ဝှက်ခြင်းမပြုရပါ။ ကျေးဇူးတော်၏ လျှို့ဝှက်ဆန်းကြယ်မှုများဆိုင်ရာဘဏ္ဍာထိန်းများအဖြစ် ဘုရားသခင်အထံတော်သို့ ခန့်ညားတည်ငြိမ်သောအဓိဋ္ဌာန်ပြုကြသူများအဖြစ်၊ သခင်ခရစ်တော်၏စေတမန်များအဖြစ်ဖြင့် ခန့်အပ်ထားခြင်းခံရပြီးကြသူများအဖြစ်တို့ဖြင့် ရောက်ရှိလာနေကြသည်အလျောက် ကျွန်ုပ်တို့သည် ဘုရားသခင်၏အကြံပေးတော်မူချက်အားလုံးတို့ကို သစ္စာရှိစွာဖြင့်ကြေညာပေးရမည့်တာဝန်ရှိနေကြပါသည်။

ကျွန်ုပ်တို့အား လောကီအရာများမှ သီးခြားဖြစ်သွားစေသည့်အပြင်၊ ကျွန်ုပ်တို့သည် မည်သူများဖြစ်ကြသည်ကို သိရှိရအောင်လုပ်ဆောင်ပေးပြီး အစဉ်ထာဝရတည်တံ့သည့်အခွင့်အရေးများတို့ဖြင့်အတိပြီးသော အထူးသမ္မာတရားတော်များကို အရေးပါမှုအနေအထားမှ လျော့နည်းကျဆင်းသွားအောင် ကျွန်ုပ်တို့လုပ်ဆောင်ခြင်းမပြုရပါ။ ယခုအခါဖြစ်ပျက်နေသောအကြောင်းအရာများနှင့်ပတ်သက်ပြီး ဘုရားသခင်သည် ကျွန်ုပ်တို့အား အလင်းကိုပေးထားတော်မူပြီး ကျွန်ုပ်တို့အနေဖြင့် ကလောင်နှင့်အသံတို့ဖြင့် ကမ္ဘာမြေကြီးပေါ်သို့ သမ္မာတရားအကြောင်းကို ကြွေးကြော်ရကြမည်ဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်တို့၏နှုတ်ထွက်စကားတို့သည် အသီးများဖြင့်အတိပြီးရန် တစ်ခုတည်းသောလုပ်ဆောင်ရမည့်အရာမှာ အသက်ဝိညာဉ်ထဲတွင် သခင်ခရစ်တော်၏အသက်တာမျိုးတည်ရှိရမည့်အပြင်၊ ချစ်ခြင်းမေတ္တာ၏တက်ကြွသည့်အခြေခံစည်းမျဉ်းကို သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဖြန့်ဝေပေးရကြမည်ဖြစ်သည်။ လူသား၏နှုတ်ခမ်းသားများမှ အစဉ်ထွက်ပေါ်လာသည့် ဘုရားသခင်၏သတင်းစကားတော်တိုင်းတို့၏အားနှင့်စွမ်းအားတို့သည် ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်ပင်ဖြစ်ပါသည်။



## နောက်ဆုံးသောကာလရောက်လုနီးပြီ

နေ့စဉ်ရက်ဆက်ဖြစ်ရပ်များတို့သည် ထာဝရကာလတိုင်သည်အထိ သမိုင်းတွင်ရစ်နေမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့အားလည်း သနားခြင်းကရုဏာအချိန်ကာလ၏အဆုံးဆီသို့ ပိုမိုနီးကပ်စွာသယ်ဆောင်သွားနေပါသည်။ ကျွန်ုပ်တို့အပေါ်သို့ ပိုမိုကြွယ်ဝလှသည့် သန့်ရှင်းသောဝိညာဉ်တော်အပ်နှင်းခံရကြရေးအတွက် မည်သည့်ယခင်အချိန်မျိုးမျှနှင့်မတူဘဲ ကျွန်ုပ်တို့ဆုတောင်းရကြမည်ဖြစ်ပြီး၊ လုပ်ဆောင်နေကြသောအမှုတော်ဆောင်များအပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်၏အထွတ်အမြတ်ဖြစ်သော ဩဇာသက်ရောက်မှုမျိုးကျရောက်စေရန်အတွက် ရှာဖွေစောင့်စားကြရမည့်အပြင်၊ သူတို့သည် သခင်ယေရှုနှင့်အတူရှိနေကြပြီး သူ၏အကြောင်းအရာတော်တို့ကို သင်ကြားရယူနေကြကြောင်းကို သူတို့သိရှိကြရန် ကျွန်ုပ်တို့လုပ်ဆောင်ရကြပါမည်။

ကျွန်ုပ်တို့သည် ရန်သူကိုတွေ့မြင်ရ၍၊ သတိပေးအော်ဟစ်ကြွေးကြော်ပေးသည့်သစ္စာရှိကင်းစောင့်များဖြစ်ကြသည်နှင့်အညီ ရန်သူ၏ဟန်ပန်သွင်ပြင်တို့ကို မြင်တွေ့နိုင်ကြရန်အတွက် ဝိညာဉ်ရေးအမြင်စွမ်းအားမျိုးလိုအပ်ကြပါသည်။ လူသားတို့တွေးတောနိုင်သည်ထက် ပိုမိုသာလွန်သည့်နားလည်နိုင်စွမ်းအပြင်၊ ခရစ်ယာန်ဘာသာ၏အဓိကဆိုလိုရင်းများနှင့် ၎င်းတို့၏ကျယ်ပြန့်စွာဖြင့် ပျံ့နှံ့နေသောအခြေခံစည်းမျဉ်းများတို့ကိုပါ နားလည်နိုင်ကြရန်အတွက် ကျွန်ုပ်တို့သည် အထက်မှလာသောတန်ခိုးတော်ကိုလိုအပ်ကြပါသည်။

ဘုရားသခင်၏ဝိညာဉ်တော်ဩဇာသက်ရောက်မှုအောက်တွင် ရှိနေကြသောသူတို့သည် တစ်ယူသန်သည့်သဘောထားမျိုးမရှိကြသော်လည်း တွေးခေါ်မှု၊ ပြောစကား၊ သို့မဟုတ် ပြုမူမှုတို့တွင် အလွန်အကျွံ၊ အစွန်းမရောက်တတ်ကြသည့်အပြင် တည်ငြိမ်မှုရှိပြီး၊ တည်ကြည်ခိုင်မြဲမှုရှိကြပါသည်။ အထင်အမြင်မှားစရာရှိသည့် မူဝါဒများ၏ရှုပ်ထွေးမှုများအတွင်း သမ္မာတရား၏အထောက်အထားတို့ကို ရယူလက်ခံပြီး၊ သမ္မာတရားဖြစ်တော်မူသော သူ၏အထံတော်မှဆင်းသက်လာသည့် မိန့်တော်မူသောအသံမှလွဲ၍ အခြားသောစကားသံတိုင်းတို့ကို တိတ်ဆိတ်သွားစေကြသည့်သူတို့အတွက် ဘုရားသခင်၏ဝိညာဉ်တော်သည် ဦးဆောင်လမ်းညွှန်သူအဖြစ်နှင့် ကာဆီးပေးသည့် ဒိုင်းလွှားအဖြစ်ရှိနေပေလိမ့်မည်။

သမ္မာတရားတော်စွန့်ပစ်ခြင်းခံရပြီး အလှည့်ဖြားနိုင်ဆုံးသောအကျင့်စရိုက်၏မှားယွင်းမှုသည် ယုံကြည်လက်ခံထားခြင်းခံရသည့် ယခုကဲ့သို့သော နောက်ဆုံးသော

နေ့ရက်များတွင် ကျွန်ုပ်တို့ရှင်သန်နေရကြပါသည်။ သူတို့အပေါ်တွင် အလင်းကိုထွန်းလင်းစေရန် တာဝန်ယူရေးအတွက်၊ အမှုတော်ဆောင်များနှင့်လူတို့အား ထာဝရဘုရားက ထိန်းချုပ်ထားတော်မူမည်ဖြစ်သည်။ သမ္မာတရားတော်၏ကျောက်မျက်ရတနာများကို စုသိမ်းပြီး၊ ဇဝ်ဂေလိတရားတော်၏မူဘောင်အတွင်းတွင် ထည့်သွင်းထားရေးအတွက် ဝီရိယရှိရှိဖြင့်လုပ်ဆောင်ကြရန် သူက ကျွန်ုပ်တို့အားခေါ်တော်မူပါသည်။ သူတို့၏ အားလုံးသောဘုန်းတော်ရှင်ဆိုင်ရာ တင့်တယ်ခြင်းအားဖြင့် ကမ္ဘာမြေကြီး၏ကိုယ်ကျင့်တရားအမှောင်ထုအတွင်းတွင် လင်းထိန်သွားစေရန်အတွက်ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ပံ့ပိုးမှုမပါရှိဘဲ ဤတာဝန်ယူရမှုသည် ပြီးမြောက်နိုင်မည်မဟုတ်သည့်အလျောက်၊ ဤပံ့ပိုးမှုအားဖြင့် အရာအားလုံးတို့ကို ကျွန်ုပ်တို့လုပ်ဆောင်နိုင်ကြပါသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်ဖြင့်ထောက်ပံ့ခြင်းခံရကြပါက အဆုံးမရှိနိုင်သောစွမ်းအားကို ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့ဖမ်းဆုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။ ဘုရားသခင်၏အထံတော်မှဆင်းသက်လာသမျှသောအရာတို့သည် မည်သည့်ဆုံးရှုံးမှုမျိုးမှမပေါ်ပေါက်နိုင်ပါ။ မှားယွင်းမှု၏အမှောင်ထုသည် ပပျောက်လွင့်ပြယ်သွားရမည်ဆိုသည့် သူ၏သတင်းစကားတော်ကို ကမ္ဘာမြေကြီး၏ကယ်တင်တော်မူသောအရှင်က ပို့ဆောင်ပေးတော်မူပါသည်။ ဝိညာဉ်တော်၏လုပ်ဆောင်ချက်သည် အတိုင်းမသိကြီးမားလှပါသည်။ ဤအရင်းအမြစ်မှနေပြီး စွမ်းအားနှင့်စွမ်းဆောင်နိုင်ခြင်းတို့သည် ဘုရားသခင်၏အမှုတော်ဆောင်များဆီသို့ ရောက်ရှိသွားမည်ဖြစ်သည်။

## တိုးတက်မှုနှင့်အစေခံမှု

ခရစ်ယာန်အသက်တာသည် အများကတွေးထင်ထားသည်ထက် ပိုမိုသာလွန်ပါသည်။ ၎င်းအသက်တာအတွင်း နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်း၊ သည်းညည်းခံတတ်ခြင်းနှင့်ကြင်နာခြင်းစိတ်ထားများ အပြည့်အဝမပါရှိတတ်ပါ။ ဤကျေးဇူးတော်များတို့သည် မရှိမဖြစ်လိုအပ်ကြပါသော်လည်း သတ္တိ၊ ခွန်အား၊ စွမ်းအားနှင့်လုံ့လဝီရိယတို့ကိုလည်း လိုအပ်ပါသေးသည်။ သခင်ခရစ်တော်လျှာထားတော်မူသောလမ်းသည် ကျဉ်းမြောင်းပြီး၊ မိမိကိုယ်ကိုချုပ်တည်းခြိုးခြံရသည့်လမ်းမျိုးဖြစ်ပါသည်။ ထိုလမ်းပေါ်သို့ဝင်ရောက်ပြီး အခက်အခဲများနှင့်စိတ်ပျက်အားလျော့ခြင်းတို့ကို မမိုတ်မသုန်ဆက်လက်ကျော်ဖြတ်ရန်မှာ ဘက်စုံတောင့်တင်းခိုင်မာသောသူမျိုးတို့ကို လိုအပ်ပါသည်။



သက်လုံကောင်းသောသူများ၊ သူတို့လုပ်ဆောင်ရာလမ်းခရီးချောမွေ့ပြီး အတားအဆီးတိုင်းဖယ်ရှားထားပြီးသားအနေအထားရောက်ရှိသည်အထိ စောင့်ဆိုင်းခြင်းမရှိသောသူများ၊ အားငယ်နေကြသည့်အမှုတော်ဆောင်များတို့၏ပင်ပန်းနွမ်းနယ်နေသောကြိုးပမ်းအားထုတ်မှုတို့ကို လန်းဆန်းသည့်အားမာန်ဖြင့် စေ့ဆော်ပေးကြမည့်သူများတို့နှင့် သူတို့၏အရှင်သခင်၏အမှုတော်ကို ဆောင်ရွက်ပေးကြရန်အတွက် မိမိတို့၏လက်တို့ကို ခိုင်မာသန်စွမ်းစေကြသည့်သူများတို့ကို လိုအပ်နေပါသည်။

သာသနာပြုလုပ်ငန်းတွင်ပါဝင်ဆောင်ရွက်ကြသည့် အချို့သောသူတို့သည် ချည့်နဲ့ပြီး၊ စိတ်အားငယ်တတ်ကာ၊ အလွယ်တကူစိတ်ဓာတ်ကျဆင်းတတ်ပါသည်။ သူတို့သည် မိမိတို့ကိုယ်ကိုတွန်းအားပေးခြင်းမပြုကြပါ။ တစ်စုံတစ်ခုကိုလုပ်ကြရန်အတွက် စွမ်းအားကိုပေးသော၊ ထို့အပြင် တက်ကြွမှုကိုမီးထိုးပေးသည့် စိတ်ဓာတ်နှင့်စွမ်းအင်မျိုးရှိသည့် အကျင့်စရိုက်၏အပေါင်းလက္ခဏာဆောင်သော ထူးခြားသောအရည်အချင်းမျိုးမရှိကြပါ။ အောင်မြင်မှုကိုရယူလိုသည့်သူတို့သည် ရဲရင့်ခြင်းနှင့်မျှော်လင့်ခြင်းရှိရကြပါမည်။ သူတို့သည် လှုပ်ရှားမှုကင်းမဲ့သည့်အနေအထားမျိုးကို ပြုပြင်ရန်သာမကဘဲ နိုးကြားတက်ကြွမှုရှိသည့် အလေ့အထကောင်းကိုပါ ပြုစုပျိုးထောင်ပေးရကြပါမည်။ အမျက်ဒေါသကိုမောင်းထုတ်ပစ်သည့် ပျော့ပျောင်းသောဖြေကြားမှုကိုပေးကြရာတွင် သူတို့သည် မကောင်းမှုကိုခုခံတွန်းလှန်ရန်အတွက် သူရဲကောင်းတစ်ဦး၏သတ္တိမျိုးကို ပိုင်ဆိုင်ထားရကြပါမည်။ အရာအားလုံးတို့ကို ကြံ့ကြံ့ခံနိုင်သောမေတ္တာတရားနှင့်အတူ သူတို့သည် သူတို့၏ဩဇာသက်ရောက်မှုကို အပြုသဘောဆောင်သည့်စွမ်းအားအဖြစ်သို့ရောက်ရှိအောင် ဖန်တီးပေးမည့်အကျင့်စရိုက်၏ခွန်အားမျိုးလိုအပ်ကြပါသည်။

အချို့သောသူတို့သည် အမှုတော်သာသနာတွင် ဆက်ကပ်လုပ်ဆောင်မှုတို့၌ ချည့်နဲ့ခြင်း၊ အားအင်မရှိခြင်း၊ စိတ်ဓာတ်ရေးရာ၌ သတ္တိမရှိခြင်းနှင့် လွယ်ကူစွာစိုးရိမ်ကြောက်ရွံ့ခြင်းများနှင့်ပြည့်နှက်နေလျက်ရှိသည်။ သူတို့အနေဖြင့် အင်တိုက်အားတိုက်လုပ်ဆောင်ဖို့ရန်လိုအပ်နေပါသည်။ သူတို့၌အရာတစ်ခုခုကိုလုပ်ဆောင်နိုင်ဖို့ရန် စွမ်းအားကိုပေးနိုင်ခြင်းမရှိသည်အလျောက် စိတ်ဆန္ဒပြင်းပြခြင်းအတွက် မီးတောက်စေနိုင်သောစိတ်ဓာတ်မျိုးနှင့် အားအင်ဆိုင်ရာအကောင်းမြင်တတ်သောထူးခြားသည့်စာရိတ္တမျိုးမရှိကြပါ။ အောင်မြင်လိုသောသူတို့၌ ရဲစွမ်းသတ္တိနှင့်မျှော်လင့်ချက်အပြည့်ထားရှိခြင်းမျိုးရှိရပေမည်။ သူတို့သည် ပြုသမျှနုရသောအနေအထားမျိုးသာမဟုတ်ဘဲ

တက်ကြွဖျတ်လတ်မှုမျိုးရှိသောသူတော်ကောင်းတို့၌ရှိသောတရားမျိုးဖြင့် ပြုစုပျိုးထောင်သင့်ပါသည်။ သူတို့သည် ကြီးမားသည့်ဒေါသစိတ်များကိုကွယ်ပျောက်သွားရန်အတွက် နူးညံ့ပျော့ပျောင်းသောအဖြေမျိုးတို့ဖြင့်ပြောဆိုရရန်မျှော်လင့်နေချိန်တွင် မကောင်းမှုကို ခုခံတွန်းလှန်နိုင်သောသူရဲကောင်းတစ်ယောက်ကဲ့သို့သောသတ္တိစိတ်ကိုလည်း ပိုင်ဆိုင်ထားရမည်ဖြစ်သည်။ အရာရာတိုင်း၌ ကြည်လင်ပြတ်သားစွာကြံဆခိုင်နိုင်ပြီး ၎င်းတို့၏ ဩဇာလွှမ်းမိုးမှု၌ အကောင်းဘက်ဖြစ်စေမည့်စွမ်းအင်တန်ခိုးနှင့်ဆိုင်သောအကျင့်စရိုက်အားအင်တို့ကိုလိုအပ်နေပါသည်။

အချို့သောသူတို့သည် အကျင့်စရိုက်နှင့်ပတ်သက်ပြီး ခိုင်ခံ့မြဲမြံမှုမရှိကြပါ။ သူတို့၏အစီအစဉ်နှင့်ရည်ရွယ်ချက်များတို့သည် တိကျသည့်သွင်ပြင်နှင့်ရှေ့နောက်ကိုက်ညီမှုမရှိကြပါ။ သူတို့သည် ကမ္ဘာပေါ်ရှိအနည်းငယ်မျှသောလက်တွေ့ကျသည့်သူများအဖြစ်ဖြင့်သာရှိနေကြပါသည်။ ဤအားနည်းချက်နှင့်ဆုံးဖြတ်ချက်မချနိုင်ခြင်းအပြင် ထိရောက်မှုနည်းပါးခြင်းတို့ကို ကျော်လွှားနိုင်ရကြမည်ဖြစ်သည်။

စစ်မှန်သည့်ခရစ်ယာန်များတို့တွင် ကောင်းကျိုးမပေးတတ်သည့်ပတ်ဝန်းကျင်အခြေအနေတို့၏ပုံသွင်းခြင်း၊ သို့မဟုတ် လွှမ်းမိုးခြင်းမျိုးတို့ကိုမခံနိုင်သောအကျင့်စရိုက်မျိုးရှိနေပါသည်။ ကျွန်ုပ်တို့အနေဖြင့် ကိုယ်ကျင့်တရားဆိုင်ရာကျောရိုးမဏ္ဍိုင်နှင့် မြှောက်ပင့်ခံခြင်း၊ လာဘ်ထိုးခံခြင်း၊ သို့မဟုတ် ကြောက်လန့်တကြားဖြစ်ရပ်မျိုးမဖြစ်ပေါ်စေနိုင်သည့် ဂုဏ်သိက္ခာမျိုးရှိရပါမည်။

ဘုရားသခင်သည် သူ၏အမှုတော်အတွက် ပြင်ဆင်ထားတော်မူခြင်းကို ကာကွယ်ပေးကြရန်အတွက်၊ ရရှိလာသည့်အခွင့်အလမ်းတိုင်းတို့ကိုအသုံးချကြရန်အတွက် အလိုရှိတော်မူပါသည်။ ကျွန်ုပ်တို့၏စွမ်းအင်အားလုံးတို့ကို သူ၏အမှုတော်အတွက်ဆောင်ရွက်မှုအတွင်း ထည့်သွင်းထားရန်နှင့် ထိုအမှုတော်၏အထွတ်အမြတ်ဖြစ်မှုနှင့် ကြောက်ရွံ့ဖွယ်ကောင်းလှသည့်တာဝန်ယူရမှုများတို့အပေါ် ကျွန်ုပ်တို့၏စိတ်ဝင်စားမှုများရှင်သန်စေရေးအတွက် မျှော်မှန်းတော်မူပါသည်။

ပြောင်မြောက်သောအလုပ်မျိုးကိုလုပ်ဆောင်နိုင်သည့် အရည်အချင်းမျိုးရှိကြသည့် လူအများအပြားတို့သည် အနည်းငယ်မျှသာကြိုးပမ်းကြခြင်းကြောင့် အနည်းအကျဉ်းမျှသာအလုပ်ကိုပြီးစီးစေနိုင်ကြပါသည်။ ထောင်ပေါင်းများစွာသောသူတို့သည် မည်သည့်နည်းလမ်းမျိုးဖြင့်ရှင်သန်ရကြမည်ဆိုသည့် ကြီးမားသည့်ရည်မှန်းချက်မျိုးမရှိကြသည့်အပြင် မြင့်မားသည့်အနေအထားသို့ရောက်ရှိလိုခြင်းမရှိကြသည့်အလား၊ ဘဝကိုဖြတ်သန်းနေကြပါသည်။ ဤကဲ့သို့မျိုးဖြင့်သာရှိနေကြခြင်း၏အကြောင်းရင်းတစ်ခု





မှာ သူတို့သည် သူတို့ကိုယ်ကိုလျှော့တွက်နေကြခြင်းကြောင့်ဖြစ်ပါသည်။ သခင်ခရစ်တော်သည် ကျွန်ုပ်တို့အတွက် အဆုံးမရှိနိုင်သောအဖိုးအခတစ်ခုကိုပေးထားတော်မူခဲ့ပြီး ထိုပေးထားတော်မူပြီးသောအဖိုးအခအရ၊ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကိုတန်ဖိုးထားကြရန်အတွက် သူအလိုဆန္ဒရှိတော်မူပါသည်။

အဆင့်နိမ့်သောအနေအထားတွင်သာရောက်ရှိနေခြင်းဖြင့် တင်းတိမ်ခြင်းမရှိပါနှင့်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဖြစ်စေလိုသည့်အတိုင်းဖြစ်လာကြမည်မဟုတ်ဘဲ ဘုရားသခင်က ဖြစ်သင့်သည်ဆိုသည့်အလိုတော်အတိုင်းဖြင့်သာ ဖြစ်လာကြမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လှုပ်ရှားမှုမရှိသည့်အနေအထားမျိုးဖြင့်ရှိမနေစေရန်၊ သို့မဟုတ် လောကီရေးရာနှင့် ယုတ်ညံ့သည့်လိုက်စားမှုများတို့ဖြင့် ဖောက်လွဲဖောက်ပြန်မှုမရှိစေကြရန်အတွက် ကျွန်ုပ်တို့အား ဘုရားသခင်က တွေးခေါ်မြော်မြင်မှုစွမ်းအားကို ပေးထားတော်မူပါသော်လည်း ထိုစွမ်းအားတို့ကို အဆုံးစွန်သည်အထိ ပြုပြင်မွမ်းမံမှုအပြင်၊ သန့်ရှင်းမြင့်မြတ်ကာ စိတ်နေစိတ်ထားကိုမြင့်မြတ်စေသည်အထိ တိုးတက်မှုရှိစေခြင်းဖြင့် ဘုရားသခင်၏နိုင်ငံတော်အကျိုးကို တိုးတက်စေသည့်လုပ်ငန်းတွင် အသုံးပြုနိုင်မည်ဖြစ်သည်။

မည်သည့်အဆင့်အနေအထားမျိုးတွင် သင်လုပ်ဆောင်နေရသည်ဖြစ်စေ၊ သင်သည် သင်၏ရည်ရွယ်ရင်းနှင့်တိုးတက်မှုရှိသည့် အကျင့်စရိုက်တို့ကို ထုတ်ဖော်ပြသခြင်းပင်ဖြစ်သည်။ မည်သည့်အရာမျိုးကို ဆောင်ရွက်လုပ်ကိုင်ရသည်ဖြစ်စေ ၎င်းအလုပ်ကို တိကျသေချာမှုနှင့်ဝီရိယတို့ဖြင့်လုပ်ကိုင်ခြင်းဖြင့် လွယ်ကူသောအလုပ်ကိုသာရှာလိုသော လိုအင်ဆန္ဒကိုကျော်လွှားနိုင်မည်ဖြစ်သည်။

တူညီသောစိတ်ဓာတ်နှင့်အခြေခံစည်းမျဉ်းတို့ကို နေ့စဉ်လုပ်ကိုင်ဆောင်ရွက်နေရသည့်အလုပ်ထဲတွင် ထည့်သွင်းထားသောသူသည် ထိုအရာတို့ကို သူ၏အသက်တာတစ်လျှောက်လုံးအတွင်း ထည့်သွင်းထားခြင်းပင်ဖြစ်ပါသည်။ သတ်သတ်မှတ်မှတ်ဖြင့်သာရှိသောအလုပ်အနေအထားနှင့် ပုံသေလစာမျိုးကိုသာရရှိကြရန် ဆန္ဒရှိကြသောသူတို့နှင့် လိုက်လျောညီထွေဖြစ်အောင်ပြုပြင်ထားခြင်း၊ သို့မဟုတ် သင်တန်းနှင့်ပတ်သက်သည့်ဒုက္ခမျိုးကို ကြုံတွေ့လိုခြင်းမရှိကြသည့်သူတို့ကို သူ၏အရေးအရာတော်တွင် ဘုရားသခင်က ခေါ်ယူစေခိုင်းတော်မူမည်မဟုတ်ပါ။ သူတို့၏ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် ကိုယ်ကျင့်တရားဆိုင်ရာစွမ်းအားတို့ကို အဖြစ်နိုင်ဆုံးနည်းနိုင်သမျှနည်းအောင် သုံးစွဲရရေးအတွက် လေ့လာသင်ယူကြသောသူတို့သည် ပေါ်များကြွယ်ဝလှသည့်ကောင်းချီး

မင်္ဂလာတို့ကို ဘုရားသခင်က သွန်းလောင်းပေးတော်မူမည့်သူများတွင် ပါဝင်ခြင်းမရှိကြပါ။ သူတို့၏နမူနာသည် ကူးစက်တတ်သည့်ရောဂါတစ်မျိုးပင်ဖြစ်ပါသည်။ ကိုယ်ကျိုးကိုသာကြည့်တတ်သောအမူအကျင့်သည် စိုးမိုးတတ်သည့်ရည်ရွယ်ရင်းဖြစ်ပါသည်။ စောင့်ကြည့်ခံရန်လိုအပ်ပြီး၊ သူတို့အတွက်သတ်မှတ်ပေးထားသောတာဝန်တိုင်းကိုသာ ဆောင်ရွက်ပေးတတ်ကြသောသူတို့သည် ကောင်းမြတ်ပြီးသစ္စာရှိရသည့်အကြောင်းအရာမျိုးတို့ကို ထုတ်ပြန်ကြေညာပေးကြမည့်သူများမဟုတ်ကြပါ။ စွမ်းအင်၊ ဂုဏ်သိက္ခာ၊ လုံ့လဝီရိယတို့ကိုထင်ရှားစေကြသည့်သူများ ပြီးစီးအောင်လုပ်ဆောင်ရန်လိုအပ်သည့်အလုပ်မျိုးကို လိုလိုလားလားဖြင့်လုပ်ဆောင်ကြမည့် အမှုတော်ဆောင်များလိုအပ်နေပါသည်။

များစွာသောသူတို့သည် ကျရှုံးမှုကိုစိုးရွံ့ကြသောကြောင့် တာဝန်ယူရမှုများတို့ကိုရှောင်တိမ်းရင်းဖြင့် အရည်အသွေးညံ့ဖျင်းလာကြပါသည်။ ဤသို့အားဖြင့်သူတို့သည် အတွေ့အကြုံအားဖြင့်ရရှိလာကြသည့်ပညာ၊ ထို့အပြင် စာပေဖတ်ရှုခြင်းနှင့် သင်ကြားရယူခြင်းတို့အပြင် အခြားသောနည်းလမ်းမျိုးတို့ဖြင့်ရရှိထားသည့် အသာစီးရမှုမျိုးအားလုံးတို့ကို သူတို့ရရှိနိုင်ခြင်းမရှိကြတော့ပါ။

လူတို့အနေဖြင့် ပတ်ဝန်းကျင်အခြေအနေကိုပုံဖော်နိုင်ကြသော်လည်း ပတ်ဝန်းကျင်အခြေအနေက လူတို့ကိုပုံဖော်ပေးသည့်အနေအထားမျိုးဖြစ်လာစေရန် ခွင့်မပြုသင့်ပါ။ ကျွန်ုပ်တို့အနေဖြင့် ပတ်ဝန်းကျင်အခြေအနေတို့ကို ကိရိယာတန်ဆာပလာအဖြစ်ဖြင့် အလုပ်လုပ်ကိုင်ဆောင်ရွက်ရာတွင် မလွှတ်တမ်းအသုံးချသင့်ကြပါသည်။ ထိုပတ်ဝန်းကျင်အခြေအနေတို့ကို ထိန်းသိမ်းရန်သာရှိပြီး၊ ကျွန်ုပ်တို့အား သူတို့ကထိန်းချုပ်နိုင်မည့်အနေအထားမျိုးဖြစ်စေရန် ကျွန်ုပ်တို့က ၎င်းတို့အားခွင့်မပြုသင့်ပါ။

စွမ်းအားရှိကြသောသူတို့သည် မကြာခဏပင်လျှင် အတိုက်အခံလုပ်ခံရခြင်း၊ ဟန့်တားခံရခြင်းနှင့် ကဖျက်ယဖျက်လုပ်ခြင်းခံရတတ်ပါသည်။ လှုပ်ရှားမှုအတွင်း သူတို့၏စွမ်းအင်များတို့ကိုပေးအပ်ထားခြင်းအားဖြင့် သူတို့ရင်ဆိုင်နေရသည့်အဟန့်အတားတို့သည် အပြုသဘောဆောင်သည့် ကောင်းချီးမင်္ဂလာတို့ကို သူတို့အားတွေ့ကြုံခံစားခွင့်ရရှိစေပါသည်။ မိမိကိုယ်ကိုမိမိယုံကြည်အားကိုးမှုမျိုးကို သူတို့ရရှိလာကြပါသည်။ ပဋိပက္ခအသွင်နှင့်ဇဝေဇဝါဖြစ်မှုတို့အတွက် ဘုရားသခင်အပေါ်ကိုးစားအားထားခြင်းအလေ့အကျင့်မျိုးလိုအပ်ပြီး ထိုအလေ့အကျင့်မျိုးရရှိရန်မှာလည်း စွမ်းအားကိုဖွံ့ဖြိုးစေသည့် ခိုင်ခံ့မြဲမြံမှုလည်းလိုအပ်ပါသေးသည်။



သခင်ခရစ်တော်သည် ကမ္ဘာမြေပေါ်ရှိစဉ်အခါက အမှုတော်ကိုတွန့်တိုခြင်းမရှိဘဲ ဆောင်ရွက်တော်မူခဲ့ပါသည်။ သူ၏အမှုတော်ကို အချိန်နာရီအားဖြင့် တိုင်းတာတော်မမူခဲ့ပါ။ သူ၏အချိန်၊ သူ၏နှလုံးသား၊ သူ၏အသက်ဝိညာဉ်နှင့်ခွန်အားတို့ကို လူ့လောက၏အကျိုးအတွက်လုပ်ဆောင်တော်မူခြင်းတွင် ပေးအပ်တော်မူခဲ့ပါသည်။ မောပန်းနွမ်းနယ်သည့်နေ့ရက်များတွင် သူသည် အားသွန်ခွန်စိုက်လုပ်ဆောင်တော်မူပြီး တာရှည်လှသောညများတွင် သူ့အနေဖြင့် ပိုမိုကြီးမားသည့်အမှုတော်ကိုဆောင်ရွက်တော်မူရန်အတွက် ဦးညွှတ်ပြီး၊ ကျေးဇူးတော်နှင့်ခံနိုင်စွမ်းတို့ရရှိရေးအတွက် ဆုတောင်းတော်မူခဲ့ပါသည်။ သူ၏လူသားသွင်ပြင်သဘာဝတွင် ခွန်အားတိုးလာမှုရှိစေရန်အပြင် စဉ်းလဲလှသောရန်သူနှင့်ရင်ဆိုင်ရသောအခါ ထိုရန်သူ၏လှည့်ဖြားတတ်သောလုပ်ဆောင်မှုတို့ကို ခုခံတွန်းလှန်နိုင်ရေးအတွက် ခိုင်မြဲအောင်တောင့်ခံထားရန်နှင့် လူ့လောကကြီးကိုမြှင့်တင်ပေးခြင်းဆိုင်ရာ သူ၏တာဝန်ကြီးကို ပြည့်စုံစေတော်မူရန်အတွက် အခိုင်အမာပြုထားနိုင်တော်မူရန် သူသည် ကြီးမားသောငိုကြွေးခြင်းနှင့်မျက်ရည်စီးဆင်းခြင်းတို့ဖြင့် ကောင်းကင်ဘုံသို့ သူ၏အသနားခံတော်မူခြင်းတို့ကို ပို့ဆောင်တော်မူခဲ့ပါသည်။ သူ၏အမှုတော်ဆောင်များတို့အားမိန့်တော်မူချက်ကို (ယောဟန် ၁၃း၁၅) တွင်၊ "ငါသည်သင်တို့၌ပြုသကဲ့သို့ သင်တို့သည်ပြုစေခြင်းငှာ ပုံသက်သေကိုပြခဲ့ပြီ" ဟူ၍ဖော်ပြထားပါသည်။

(၂ကော ၅း၁၅) တွင် ရှင်ပေါလုက ". . . ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်သည် ငါတို့ကိုအနိုင်အထက်သွေးဆောင်၏" ဟူ၍ ဩဝါဒပေးထားခဲ့ပါသည်။ ဤအချက်သည် သူ၏လုပ်ဆောင်မှုကို စေ့ဆော်တိုက်တွန်းမှု၏အခြေခံကျသောအချက်ဖြစ်ပြီး၊ သူ၏လှုပ်ရှားစေမှု၏စွမ်းအားပင်ဖြစ်ပါသည်။ သူ၏တာဝန်ထမ်းဆောင်မှုလမ်းသွယ်အတွင်း သူ့ထံတွင်အစဉ်အမြဲရှိနေသော စိတ်ဇောအဟုန်သည် တဒင်္ဂမျှပင်ပန်းနွမ်းနယ်လာသည်နှင့် ကပ်တိုင်တော်ကိုမျက်စိတစ်မှိတ်ကြည့်လိုက်ခြင်းသည် သူ၏စိတ်အတွေးအခြေခိုင်မာမှုအတွက် အသစ်တစ်ဖန်ဖြစ်သော အားတင်းမောင်းတင်မှုကို ပြန်လည်ဖြစ်ပေါ်စေကာ၊ သူ့ကိုယ်ကိုချုပ်တည်းခြိုးခြံခြင်းခရီးလမ်းအတွင်း ရှေ့သို့ဆက်လက်တွန်းပို့ပေးပါသည်။ သူ၏ညီအစ်ကိုတော်များအတွက် ပင်ပန်းတကြီးလုပ်ဆောင်မှုများတွင် သူသည် သခင်ခရစ်တော်၏အသက်စွန့်ပူဇော်ခံမှုတွင် ထင်ရှားစွာပြသထားသည့် အဆုံးမရှိနိုင်သောချစ်ခြင်းမေတ္တာတော်အပေါ် များစွာအားကိုးအားထားပြုပြီး၊ ထိုသို့အားကိုးအားထားပြုခဲ့ရာတွင် ထိုချစ်ခြင်းမေတ္တာတော်၏အောင်မြင်စေပြီး၊ အနိုင်အထက်သွေးဆောင်သည့်တန်ခိုးဖြင့် လုပ်ဆောင်ခဲ့ပါသည်။

(၂ကော ၈း၉) တွင်ဖော်ပြထားသည့်၊ “. . . ငါတို့သခင်ယေရှုခရစ်သည် စည်းစိမ်ရှိသော်လည်း ဆင်းရဲတော်မူခြင်းအားဖြင့် သင်တို့သည် စည်းစိမ်ရှိစေခြင်းငှာ သင်တို့အတွက်ကြောင့် ဆင်းရဲခြင်းကိုခံတော်မူသောကျေးဇူးတော်ကို သင်တို့သိကြ၏” ဆိုသောဖျောင်းဖျပန်ကြားချက်သည် လေးနက်ပြီး၊ ပီတိဖြစ်ဖွယ်ကောင်းလေစွ။ သခင်ခရစ်တော်က ကျွန်ုပ်တို့ကမ္ဘာမြေသားအပေါ် လှမ်းမျှော်ငုံ့ကြည့်တော်မူသောနေရာ၏ အမြင့်နှင့် အရှက်တကွဲအဖြစ်ခံရန်အတွက် သူဆင်းသက်လာတော်မူသောမြေကမ္ဘာဆီသို့ မည်မျှနက်ရှိုင်းလှစွာဆင်းသက်လာခဲ့တော်မူသည်ကို သင်သိရှိနေပါသည်။ သူ၏ခြေထောက်တော်သည် အသက်ပေးပူဇော်ဆက်ကပ်မှုလမ်းကြောင်းပေါ်သို့ စတင်ဝင်ရောက်သည့်အချိန်မှစပြီး၊ သူ၏အသက်ကိုပေးအပ်တော်မူသည့်တိုင်အောင် သူသည် ဘေးချော်သွားခြင်းလုံးဝမရှိခဲ့ပါ။ ကောင်းကင်ဘုံပလ္လင်တော်နှင့် မြေကြီးပေါ်ရှိကပ်တိုင်တော်စပ်ကြားဖြစ်စဉ်များအတွင်း၊ မည်သည့်အနားယူခွင့်မျှရရှိတော်မူခဲ့ခြင်းမရှိပါ။ လူသားတို့အပေါ် သူ၏ချစ်ခြင်းမေတ္တာကိုထားရှိတော်မူခြင်းသည် သိက္ခာကျစရာအကြောင်းခြင်းရာကို ကြိုဆိုရာရောက်စေရန်နှင့် ညှဉ်းပန်းနှိပ်စက်မှုတိုင်းကိုခံစားတော်မူရခြင်းဆီသို့သာ သူ့အားဦးတည်သွားစေပါသည်။

ရှင်ပေါလုသည် ကျွန်ုပ်တို့အား (ဖိလိပ္ပိ ၂း၄) တွင်၊ “ကိုယ်အမှုအရာကိုသာ မရှုမမှတ်ဘဲ၊ သူ့အမှုအရာကို အချင်းချင်းရှုမှတ်ကြလော့” ဟူ၍ဆိုဆုံးမထားပြီး၊ အခန်းငယ် (၅–၈) တွင်ဖော်ပြထားသည့် “ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်းရှိစေကြလော့။ ထိုသခင်သည် ဘုရားသခင်၏သဏ္ဍာန်တော်နှင့်ပြည့်စုံတော်မူသည်ဖြစ်၍ ဘုရားသခင်နှင့်ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍မထင်မမှတ်လျက်ပင် မိမိအသရေကိုစွန့်၍ အစေခံကျွန်၏သဏ္ဍာန်ကိုယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ်၌ ဖွားမြင်ခြင်းကိုခံတော်မူ၏။ ထိုသို့လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့်ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာအသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏” ဆိုသည့် စိတ်နေစိတ်ထားမျိုးကို လက်ဝယ်ထားရှိကြရန်အတွက် ကျွန်ုပ်တို့အားတိုက်တွန်းထားပါသေးသည်။

သခင်ခရစ်တော်ကို မိမိ၏ကိုယ်ပိုင်ကယ်တင်တော်မူသောအရှင်အဖြစ် လက်ခံထားကြသောသူတိုင်းတို့သည် ဘုရားသခင်အား အလုပ်အကျွေးပြုကြရန်အတွက် တောင့်တကြမည်ဖြစ်သည်။ သူသည် သူ့အတွက်ကောင်းကင်နိုင်ငံတော်က မည်သည့်အရာကိုလုပ်ဆောင်ပေးထားပြီးပြီဖြစ်ကြောင်းကို ဆင်ခြင်သုံးသပ်ရင်း၊ သူ၏နှလုံးသားသည် အတိုင်းမသိသောချစ်ခြင်းမေတ္တာနှင့် ကြည်ညိုမြတ်နိုးခြင်းပါရှိသည့် ကျေးဇူးတရားသိတတ်ခြင်းတို့ဖြင့် လှုပ်ရှားနေပါသည်။ သူသည် ဘုရားသခင်၏အမှုတော်တွင် သူ၏အရည်အချင်းတို့ကို ဆက်ကပ်အပ်နှံခြင်းအားဖြင့် သူ၏ကျေးဇူးသိတတ်မှုကို ထူးထူးခြားခြားထင်ရှားစေရန် စိတ်အားထက်သန်လှပါသည်။ သူ၏သခင်ခရစ်တော်အပေါ်ထားရှိသောချစ်ခြင်းမေတ္တာနှင့် သခင်ခရစ်တော်ကဝယ်ယူပေးထားတော်မူပြီးသောပိုင်ဆိုင်မှုကို ပြသပေးရန်တောင့်တနေပါသည်။ ထို့အပြင် သူသည် အားသွန်ခွန်စိုက်လုပ်ဆောင်ရခြင်း၊ ခက်ခက်ခဲခဲဖြင့်လုပ်ဆောင်ရခြင်းအပြင်၊ အသေခံပူဇော်ဆက်ကပ်ခံခြင်းကိုပါ စိတ်ပြင်းပြနေပါသည်။

ဘုရားသခင်အတွက် အမှုတော်ကိုမှန်မှန်ကန်ကန်ဆောင်ရွက်ပေးသောသူသည် အကောင်းဆုံးသောလုပ်ဆောင်ခြင်းကို လုပ်ဆောင်သည်သာဖြစ်ပြီး၊ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် သူ၏အရှင်သခင်၏ဂုဏ်အသရေတော်ကို ချီးမြှောက်နိုင်ရာရောက်ခြင်းကြောင့်ဖြစ်ပါသည်။ ဘုရားသခင်၏တောင်းခံတော်မူခြင်းများကို အလေးထားနိုင်ရေးအတွက် သူသည် မှန်မှန်ကန်ကန်ဖြင့်သာ လုပ်ကိုင်ဆောင်ရွက်သွားမည်သာဖြစ်ပါသည်။ သူ၏လုပ်ဆောင်နိုင်စွမ်းအားလုံးတို့ကို တိုးတက်မှုရှိစေရေးအတွက်လည်း သူကြိုးပမ်းမည်ဖြစ်ပါသည်။ ဘုရားသခင်ထံတော်သို့ လုပ်ဆောင်ပေးရသည့်အလားတာဝန်တိုင်းကို သူထမ်းဆောင်သွားမည်ဖြစ်သည်။ သူ၏ဆန္ဒတစ်ခုမှာ၊ သူ၏ရိုသေလေးမြတ်မှုနှင့်ကုံလုံပြည့်စုံသည့်ဝတ်ပြုခြင်းကို သခင်ခရစ်တော်က လက်ခံရယူတော်မူရေးပင်ဖြစ်ပါသည်။

ထယ်ထွန်ကိရိယာတစ်ခုနှင့် ယဇ်ပူဇော်ရာယဇ်ပလ္လင်တစ်ခုတို့၏စပ်ကြားတွင် ရပ်နေသည့်နွားထီးတစ်ကောင်ကို ကိုယ်စားပြုရေးဆွဲထားပြီး၊ “တစ်စုံတစ်ဦးအတွက် အဆင်သင့်ပါပဲ” ဆိုသည့် ကမ္ပည်းစာသားရေးထိုးထားသည့် ကားချပ်တစ်ခုတွင်၊ ထိုနွားထီးသည် ပင်ပင်ပန်းပန်းဖြင့်ထယ်ထိုးရန်၊ သို့မဟုတ် အသေခံယဇ်ပူဇော်ခြင်းပလ္လင်ထက်တွင် ပူဇော်ဆက်ကပ်ခံရန်အတွက် အဆင်သင့်အနေအထားတွင်ရှိနေသည့် ပုံတူကားချပ်တစ်ခုဖြစ်ပါသည်။ ဤပုံတူကားချပ်အနေအထားသည် တာဝန်ကျရာနေရာသို့သွားရောက်ရန်အတွက်၊ ထို့အပြင် ကိုယ်ကျိုးအတ္တကိုငြင်းပယ်ကာ၊ ကယ်ချွတ်တော်မူသောအရှင်သခင်၏အမှုရေးရာအတွက် အသက်စွန့်ဆက်ကပ်ပူဇော်ခံမည့် စိတ်နေသဘောထားရှိသည့်၊ ဘုရားသခင်၏စစ်မှန်သောသားသမီးကို ရည်ညွှန်းထားခြင်းဖြစ်ပါသည်။ “Ministry of Healing,” pp. 497-502.

–၀–

## tydkif; (8)
## အန္တရာယ်များ

### အလင်းကျိုင်းပယ်ခြင်းဆိုင်ရာအန္တရာယ်

ကျွန်ုပ်တို့အနေဖြင့် လက်ရှိအသက်တာမျိုးတွင်ရှိနေကြသည့်တိုင် ဘုရားသခင်သည် သူ၏လူစုတော်တို့အား သမ္မာတရားတော်ကိုအမြဲတစေထုတ်ဖော်ပြသပေးရန် ရည်ရွယ်တော်မူပါသည်။ ဤနည်းလမ်းတစ်ခုတည်းဖြင့်သာလျှင် အသိဉာဏ်ဗဟုသုတကိုရယူနိုင်ပါသည်။ ကျွန်ုပ်တို့အားပေးထားနှင့်ပြီးသော နှုတ်ကပတ်တော်အားဖြင့် ဘုရားသခင်၏ဝိညာဉ်တော်၏အသိဉာဏ်ပွင့်စေခြင်းဖြင့်သာလျှင် ဘုရားသခင်၏နှုတ်တော်ထွက်ကို နားလည်နိုင်သောဉာဏ်ကို ကြိုးပမ်းရယူနိုင်ကြပါသည်။ ၎င်းတို့နှင့်ပတ်သက်ပြီး (၁ကော ၂း၁၁) တွင်၊ ". . . ဘုရားသခင်၏နက်နဲသောအရာကို ဘုရားသခင်၏ဝိညာဉ်တော်မှတစ်ပါး အဘယ်သူမျှမသိ" ဟူ၍ဖော်ပြထားပြီး၊ အခန်းငယ် (၁၀) တွင်လည်း ". . . ဝိညာဉ်တော်သည် ဘုရားသခင်၏နက်နဲသောအရာတိုင်အောင် ခပ်သိမ်းသောအရာတို့ကိုစစ်တော်မူ၏" ဟူ၍ဖော်ပြထားပါသေးသည်။ ထို့အပြင် ကယ်တင်တော်မူသောအရှင်သခင်က သူ၏နောက်တော်သို့လိုက်လျှောက်ကြသူများတို့အား ပေးထားတော်မူခဲ့သည့်ကတိတော်ကို (ယောဟန် ၁၆း၁၃၊၁၄) တွင် "သမ္မာတရားနှင့်ပြည့်စုံသော ထိုဝိညာဉ်တော်သည်ရောက်လာသောအခါ၊ သမ္မာတရားကိုသင်တို့အား အကြွင်းမဲ့သွန်သင်ပြသလိမ့်မည်။. . . အကြောင်းမူကား၊ ငါနှင့်စပ်ဆိုင်သောအရာကိုယူ၍ သင်တို့အားဖော်ပြလိမ့်မည်" ဟူ၍ဖော်ပြထားပါသည်။

ရှင်ပေတရုကလည်း၊ (၂ပေ ၃း၁၈) တွင် သူ၏ညီအစ်ကိုတော်တို့အား "ကျေးဇူးတော်၌လည်းကောင်း၊ ငါတို့ကိုကယ်တင်တော်မူသော အရှင်သခင်ယေရှုခရစ်ကိုသိကျွမ်းခြင်း၌လည်းကောင်း ကြီးပွားကြလော့။. . ." ဟူ၍ နှိုးဆော်ထားခဲ့ပါသည်။ ဘုရားသခင်၏လူစုတော်တို့သည် ကျေးဇူးတော်၌ကြီးပွားနေသမျှကာလပတ်လုံး သူ၏နှုတ်တော်ထွက်ကို ရှင်းလင်းစွာဖြင့် စဉ်ဆက်မပြတ်ရယူနိုင်ကြမည်ဖြစ်သည်။ ထိုနှုတ်တော်ထွက်ဆိုင်ရာ မြင့်မြတ်သည့်သမ္မာတရားတော်တို့အတွင်းရှိနေသည့် သစ်လွင်သောအလင်းနှင့်တင့်တယ်မှုတို့ကို သူတို့သည် ပိုင်းခြား၍နားလည်နိုင်ကြမည်ဖြစ်သည်။ ဤအချက်သည် ခေတ်ကာလအားလုံးတို့တွင် ဖြစ်ပျက်နေခဲ့သည့်သမိုင်းကြောင်းအရ၊



မှန်ကန်မှုရှိနေပြီး၊ ဤသို့အားဖြင့်လည်း အဆုံးတိုင်သည်အထိ ဆက်လက်ဖြစ်တည်သွားမည်ဖြစ်သည်။ သို့သော်လည်း ဝိညာဉ်ရေးအသက်တာသည် ကျဆင်းလျော့ပါးလာပြီဆိုပါက သမ္မာတရားတော်ဆိုင်ရာ အသိဉာဏ်ဗဟုသုတတိုးတက်နေခြင်းကို ရပ်တန့်သွားစေသည့်အနေအထားဆီသို့ အစဉ်တစိုက်ယိမ်းသွားပေလိမ့်မည်။ လူတို့သည် ဘုရားသခင်၏နှုတ်တော်ထွက်မှ သူတို့လက်ခံရရှိထားနှင့်ပြီးသော အလင်းတရား၌သာလျှင် စိတ်ချလက်ချဖြင့်ကျေနပ်နေကြပြီး၊ ကျမ်းစာတော်မြတ်ကို ရှေ့လျှောက်ထပ်မံစူးစမ်းလေ့လာရန်ကိုမူ စိတ်ပျက်အားလျော့နေကြပါသည်။ သူတို့သည် ရှေးရိုးစွဲဝါဒကို လက်ကိုင်ထားကြသူများအဖြစ်သို့ရောက်ရှိလာကြကာ၊ တိုင်ပင်ဆွေးနွေးမှုကို ရှောင်ရှားရန် ကြိုးစားအားထုတ်လာကြပါသည်။

ဘုရားသခင်၏လူစုတော်များအတွင်း အငြင်းပွားမှု၊ သို့မဟုတ် သွေးထိုးလှုံ့ဆော်မှုမျိုးမရှိပါဆိုသည့်အချက်ကို သူတို့သည် ကြောင်းကျိုးခိုင်လုံသည့် ဩဝါဒဒေသနာကို ခိုင်မြဲစွာကိုင်စွဲထားနေကြခြင်း၏ပြည့်စုံခိုင်လုံသောအထောက်အထားအဖြစ်ဖြင့် မှတ်ယူမထားသင့်ကြပါ။ သမ္မာတရားနှင့်မှားယွင်းမှုတို့စပ်ကြားတွင် ရှင်းလင်းစွာဖြင့်ခွဲခြားဆုံးဖြတ်နိုင်စွမ်းမရှိသည့် ကြောက်ရွံ့ဖွယ်ရာအကြောင်းခြင်းရာမျိုးရှိနေပါသည်။ ကျမ်းစာတော်မြတ်ကိုစူးစမ်းလေ့လာခြင်းအားဖြင့် အသစ်အသစ်သောမေးမြန်းစရာများကို မတွေ့ရှိရသောအခါတွင်လည်းကောင်း၊ လူတို့အား သူတို့ကိုယ်ပိုင်အတွက် သမ္မာကျမ်းစာတော်မြတ်ကိုရှာဖွေမှုတွင် နေသားတကျထားရှိမည့် သဘောထားဆိုင်ရာခြားနားမှုမျိုးပေါ်ထွက်လာခြင်းမရှိသည့်အခါတွင်လည်းကောင်း၊ ထိုဘုရားသခင်၏လူစုတော်တို့သည် သူတို့ထံတွင် သမ္မာတရားတော်ရှိနေကြသည်ဆိုခြင်းကို သေချာအောင်လုပ်ဆောင်ကြရေးကိုပင် ရှေးဦးကာလကလူများကဲ့သို့ပင် ယခုကာလရှိ များစွာသောသူတို့သည် ရိုးရာဓလေ့ထုံးတမ်းစဉ်လာနှင့် ၎င်းကိုကိုးကွယ်ခြင်းအကြောင်းတို့သည် မည်သည့်အရာဖြစ်သည်ကိုမသိရှိကြဘဲ ထိုအရာတို့ကိုဖက်တွယ်ထားကြဦးမည်ဖြစ်သည်။

လက်ရှိသမ္မာတရားတော်ဆိုင်ရာ အသိဉာဏ်ဗဟုသုတမျိုးရှိပါသည်ဆိုသည့် လူအများအပြားတို့သည် သူတို့မည်သည့်အရာကိုယုံကြည်သက်ဝင်နေကြသည်ကို သိရှိခြင်းမရှိကြပါ။ သူတို့၏ယုံကြည်ခြင်းနှင့်ပတ်သက်သည့် အထောက်အထားများတို့ကို နားလည်သိရှိခြင်းမရှိကြပါ။ လက်ရှိအချိန်ကာလအတွက် လုပ်ဆောင်ရမည့် အလုပ်နှင့်နှိုင်းနွယ်သော တရားမျှတမှုရှိသည့်တန်ဖိုးထားမှုမျိုးလည်း သူတို့ထံတွင်မရှိကြပါ။ တရားစစ်ဆေးစီရင်ခြင်းအချိန်ရောက်ရှိတော့မည်ဆိုလျှင် ယခုအချိန်တွင် အခြား

သောသူတို့အား ဟောပြောပို့ချပေးကြသောသူတို့သည် လက်ရှိသူတို့ရှိနေကြသည့် အနေအထားများကို ဆန်းစစ်ခြင်းအားဖြင့် လက်သင့်ခံနိုင်စရာအကြောင်းမရှိသည့် အနေအထားမျိုးကို ပေးနိုင်ခြင်းမရှိကြောင်းကို သူတို့တွေ့ရှိလာကြမည်ဖြစ်သည်။ ထိုစမ်းသပ်မှုမျိုးကို တွေ့ကြုံလာရကြသည့်အချိန်အထိတိုင်အောင်၊ သူတို့သည် သူတို့၏အသိဉာဏ်နည်းပါးမှုအကြောင်းကို သိရှိခြင်းမရှိကြပါ။

သူတို့က မည်သည့်အရာကိုယုံကြည်မှုရှိကြသည်ကို နားလည်ကြကြောင်းကို ထောက်ခံပြသသည့်အနေဖြင့် ထိုအစမ်းသပ်ခံမှုမျိုးကို လက်ကိုင်ထားတတ်ကြသော်လည်း၊ အငြင်းပွားစရာမျိုးပေါ်ပေါက်လာသည်အထိ သူတို့သည် သူတို့၏အားနည်းချက်ကိုမသိရှိကြပါ။ ယုံကြည်ခြင်းကဲ့သို့သော ထိုအရာမျိုးတို့နှင့်ကွဲကွာသွားကြပြီး၊ သူတို့၏ယုံကြည်မှုကို မိမိဘာသာတစ်ယောက်ထီးတည်းရပ်တည်ပြီး ရှင်းလင်းပြောပြရန်အတွက် အတင်းအကျပ်ခိုင်းစေခြင်းခံလာရကြပါက သမ္မာတရားတော်ကဲ့သို့ သူတို့လက်သင့်ခံထားခဲ့ကြသည့် ထင်မြင်ယူဆချက်များတို့သည် မည်မျှရှုပ်ထွေးမှုရှိနေသည်ဆိုခြင်းကို သူတို့တွေ့မြင်လာရကြသောအခါ အံ့သြတကြီးဖြစ်လာကြပါလိမ့်မည်။ အသက်ရှင်တော်မူသောဘုရားသခင်ထံတော်မှသွေဖည်ပြီး၊ လူတို့ဆီသို့ဦးလှည့်သွားကြသည့်အနေဖြင့် လူသား၏ဉာဏ်ပညာကို ဘုန်းတော်ရှင်၏နေရာ၌ အစားထိုးကြသည့်သူများ၊ ကျွန်ုပ်တို့အတွင်းရှိနေကြပါသည်။

အကယ်၍ အခြားသောနည်းလမ်းများမရှိနိုင်တော့ပါက ထိုသို့သောသူတို့အတွင်းသို့ မိစ္ဆာဒိဋ္ဌိအယူများဝင်ရောက်လာပြီး၊ သူတို့ကိုစစ်ထုတ်သည့်အနေဖြင့် ဂျုံဆန်မှနေပြီး ဖွဲကြမ်းတို့ကိုခွဲထုတ်လိုက်သည့်အနေဖြင့် ဘုရားသခင်သည် သူတို့ကိုတက်တက်ကြွကြွရှိစေတော်မူပါလိမ့်မည်။ သူ၏နှုတ်တော်ထွက်တို့ကို ယုံကြည်မှုရှိကြသောသူအားလုံးတို့အား အိပ်နေရာမှနိုးထကြစေရန်အတွက် ဘုရားသခင်က ခေါ်တော်မူပါသည်။ ယခုခေတ်ကာလနှင့်လိုက်လျောညီထွေမှုရှိသည့် အဖိုးထိုက်လှသောအလင်းသည် လာရောက်လျက်ရှိနေပါသည်။ ကျွန်ုပ်တို့အား လမ်းမှန်သို့ပြန်လည်ရောက်ရှိလာစေမည့် ကြီးမားသောအန္တရာယ်တို့ကိုပြသပေးသောအရာမှာ၊ သမ္မာကျမ်းစာ၏သမ္မာတရားတော်ပင်ဖြစ်ပါသည်။ ဤအလင်းသည် ကျွန်ုပ်တို့အား ကျမ်းစာတော်မြတ်ကို လုံ့လဝီရိယရှိရှိဖြင့်လေ့လာသင်ယူကြရေးနှင့် ကျွန်ုပ်တို့လက်ရှိရပ်တည်နေကြသည့်အနေအထားများတို့ကို အရေးအကြီးဆုံးသောစူးစမ်းလေ့လာကြရေးတွင် ဦးဆောင်ဦးရွက်ပြုမည်ဖြစ်သည်။





ဆုတောင်းခြင်းနှင့်အစာရှောင်ခြင်းတို့အားဖြင့် စေ့စေ့စပ်စပ်နှင့်လုံ့လဝီရိယရှိစွာဖြင့် ရှာဖွေနိုင်ကြရေးအတွက်၊ သမ္မာတရားတော်ကို ဘုရားသခင်က တည်နေရာနှင့်အရေးပါမှုအားလုံးတို့ကို ချမှတ်ထားတော်မူပါသည်။ သမ္မာတရားတော်၏ဖွဲ့စည်းပုံနှင့်ပတ်သက်ပြီး၊ ယုံကြည်သူများတို့အနေဖြင့် စိတ်မှန်းသက်သက်သတ်မှတ်ချက်နှင့် မမှန်မကန်အဓိပ္ပါယ်ဖွင့်ဆိုခြင်းတို့ဖြင့် စိတ်ချလက်ချရှိမနေသင့်ကြပါ။ သူတို့၏ယုံကြည်ခြင်းသည် ဘုရားသခင်၏နှုတ်တော်ထွက်အပေါ်တွင် ခိုင်ခိုင်မာမာအခြေတည်ရမည်ဖြစ်ပြီး၊ သို့မှသာလျှင် စမ်းသပ်၊ မှတ်ကျောက်တင်ခြင်းအချိန်ရောက်လာပြီး တရားစီရင်ဆုံးဖြတ်မှုများရှေ့တော်မှောက်သို့ သူတို့၏ယုံကြည်ခြင်းအကြောင်းကိုဖြေဆိုနိုင်ကြရန်အတွက် ခေါ်ဆောင်လာခြင်းခံရကြသောအခါ၊ သူတို့ထားရှိကြသည့်မျှော်လင့်ခြင်းအတွက် အကြောင်းပြချက်တို့ကို နူးညံ့သိမ်မွေ့မှုနှင့်ကြောက်ရွံ့ခြင်းတို့အားဖြင့် ပြောပြပေးနိုင်ကြမည်ဖြစ်သည်။

တက်ကြွမှုရှိကြပါ၊ တက်ကြွမှုရှိကြပါ၊ တက်ကြွမှုရှိကြပါ။ ကမ္ဘာလောကကြီးသို့ ကျွန်ုပ်တို့ဝေငှပေးကမ်းကြသောအကြောင်းအရာများတို့သည် ကျွန်ုပ်တို့အတွက် ရှင်သန်နေသည့် လက်တွေ့ဘဝဖြစ်ရပါမည်။ ယုံကြည်ခြင်း၏အခြေခံကျသောအချက်အလက်များအဖြစ် ကျွန်ုပ်တို့ထင်မှတ်ကြသည့်ဒေသနာများတို့ကို ကာကွယ်ထားခြင်းသည် အရေးကြီးလှပြီး၊ အပြည့်အဝကြောင်းကျိုးခိုင်လုံမှုမရှိသော အငြင်းအခုံများတို့ကိုအသုံးချခြင်းကို မိမိတို့ကိုယ်ကို မည်သည့်အခါမျှခွင့်မပြုသင့်ကြပါ။ ဤငြင်းခုံမှုများတို့သည် ကျွန်ုပ်တို့အားအတိုက်အခံပြုသူတစ်ဦးကို တိတ်ဆိတ်သွားရန်အထောက်အကူပေးပါသော်လည်း၊ သမ္မာတရားတော်၏ဂုဏ်အသရေကို ထင်ရှားစေခြင်းမရှိပါ။ ကျွန်ုပ်တို့၏အတိုက်အခံတို့ကို တိတ်ဆိတ်သွားစေမည်သာမက၊ အနီးကပ်ဆုံးနှင့်စူးစူးစိုက်စိုက်အသေးစိတ်စိစစ်မှုမျိုးကို ဖန်တီးနိုင်ကြရန်အတွက် ကျွန်ုပ်တို့သည် ကြောင်းကျိုးခိုင်လုံသည့်အငြင်းအခုံမျိုးတို့ကို ဖော်ဆောင်သင့်ကြပါသည်။

စကားစစ်ထိုးသူများအဖြစ်ဖြင့် မိမိတို့ကိုယ်ကိုပညာပေးနေကြသောသူတို့သည် ဘုရားသခင်၏နှုတ်တော်ထွက်ကို တရားမျှတမှုဖြင့် ပိုင်းခြားနိုင်ခြင်းမရှိသည့် ကြီးမားသောအန္တရာယ်မျိုးဖြစ်ပေါ်စေပါသည်။ အတိုက်အခံပြုသူတစ်ယောက်ကို ရင်ဆိုင်နေရပြီဆိုလျှင်၊ ယုံကြည်သူကိုကျေနပ်စေရုံမျှသက်သက်ဖြင့် ကြိုးပမ်းအားထုတ်သည့်ပုံစံမျိုးဖြင့်ပြုမူမည့်အစား၊ ထိုအတိုက်အခံပြုသူကို သူ၏စိတ်အတွေးထဲတွင် ခိုင်မာသောထင်မြင်

ယူဆချက်ကို နိုးထစေလိုသည့်အပြုအမူမျိုးဖြင့် မိမိပေးလိုသည့်အကြောင်းအရာများတို့ကို အထက်သန်ဆုံးသောကြိုးပမ်းအားထုတ်မှုဖြင့် ပေးကမ်းသင့်ပါသည်။

လူ၏ဉာဏ်စွမ်းတိုးတက်မှုသည် မည်သည့်အနေအထားမျိုးဖြင့်ရှိနေစေကာမူ ပိုမိုကြီးမားသည့်အလင်းတရားအတွက် ကျမ်းစာတော်မြတ်ကို စေ့စေ့စပ်စပ်နှင့်အဆက်မပြတ်ဖြင့် စူးစမ်းလေ့လာရန်မလိုအပ်ပါဆိုသည့်အတွေးမျိုးကို သူ့အနေဖြင့်တဒင်္ဂမျှသော အချိန်ဖြင့်ပင် မတွေးထင်ပါစေနှင့်။ လူသားတစ်ယောက်ဖြစ်သည့်အားလျော်စွာ အနာဂတ္တိဟောကြားချက်ဆိုင်ရာ ကျောင်းသားများအဖြစ်သို့ရောက်ရှိကြရန် ကျွန်ုပ်တို့သည် တစ်ဦးချင်းဖြင့် ခေါ်တော်မူခြင်းခံနေရကြပါသည်။ ဘုရားသခင်က ကျွန်ုပ်တို့အားပေးတော်မူမည့် အလင်းတရား၏မည်သည့်ရောင်စဉ်တန်းမျိုးကိုမဆို ပိုင်းခြား၍ နားလည်နိုင်ရန်အတွက် ကျွန်ုပ်တို့သည် စိတ်အားထက်သန်မှုမျိုးဖြင့် စောင့်ကြည့်ကြရမည်ဖြစ်သည်။ သမ္မာတရား၏အဦးဆုံးသော ဝင်းလက်သည့်အလင်းရောင်များတို့ကို အမိအရဖမ်းမိထားရမည်ဖြစ်ပြီး၊ ဆုတောင်းခြင်းဖြင့်ပြည့်ဝသော လေ့လာသင်ယူခြင်းအားဖြင့် အခြားသောသူတို့၏ရှေ့မှောက်သို့ ပို့ဆောင်ပေးနိုင်သည့်၊ ပိုမိုရှင်းလင်းသည့် အလင်းကို ရယူနိုင်မည်ဖြစ်သည်။

ဘုရားသခင်၏လူစုတော်တို့သည် သက်သောင့်သက်သာအနေအထားတွင်ရှိနေရကြပြီး၊ သူတို့၏လက်ရှိဉာဏ်အမြင်ပွင့်လင်းမှုအပေါ်ကျေနပ်နေကြပါက၊ ဘုရားသခင်သည် သူတို့အားမျက်နှာသာပေးတော်မူမည်မဟုတ်သည်ကို ကျွန်ုပ်တို့အသေအချာသိရှိထားရကြပါမည်။ သူတို့အတွက်ထွန်းလင်းပေးနေသည့် တိုးတက်မှုရှိနှင့်ပြီး၊ အစဉ်အမြဲတိုးတက်နေသည့်အလင်းတရားကို လက်ခံရရှိကြရန်အတွက် သူတို့သည် အစဉ်အမြဲရှေ့သို့တက်လှမ်းကြရေးသည် ဘုရားသခင်၏အလိုတော်ပင်ဖြစ်ပါသည်။

အသင်းတော်၏လက်ရှိသဘောထားသည် ဘုရားသခင်အားကြည်နူးမှုရှိတော်မူစေခြင်းမရှိပါ။ ပိုမိုသည့်သမ္မာတရားနှင့် ပိုမိုကြီးမားသည့်အလင်းတရားမျိုးတို့သည် မရှိဖြစ်လိုအပ်ချက်မဟုတ်ပါဆိုသည့် အတွေးမျိုးသက်ရောက်စေရန်အတွက် သူတို့အား ဦးတည်သွားစေသည့် မိမိကိုယ်ကိုယုံကြည်စိတ်ချမှုရှိသည့်စိတ်မျိုး သူတို့အထဲတွင် ဝင်ရောက်လာပါသည်။

ကျွန်ုပ်တို့သည် လူသတ္တဝါများဖြစ်ကြသည်အလျောက် အိပ်ပျော်နေကြသည့်တိုင် ကျွန်ုပ်တို့၏မျက်မှောက်တွင်ရော၊ နောက်ကျောတွင်ပါမကဘဲ လက်ယာဘက်တွင်မှာရော၊ လက်ဝဲဘက်တွင်ပါ စာတန်မာရ်နတ်က ကြိုးပမ်းလုပ်ဆောင်လျက်ရှိနေသည့်



ခေတ်ကာလကြီးတွင် နေထိုင်နေရကြပါသည်။ သူ၏လူစုတော်တို့ကို လှုပ်ရှားဆောင်ရွက်လာကြစေရေးအတွက် နှိုးဆော်ပေးသည့်အသံကို သူတို့ကြားသိရကြစေရန် ဘုရားသခင် အလိုရှိတော်မူပါသည်။ "Testimonies for the Church," vol. 5, pp. 703-709.

## အသစ်သောအလင်းတရား၏စမ်းသပ်စစ်ဆေးမှု

ကျွန်ုပ်တို့၏ညီအစ်ကိုတော်များတို့အနေဖြင့် အငြင်းပွားမှုနှင့်ပတ်သက်သည့် ရလဒ်အကျိုးတိုင်းတို့ကို ပွင့်လင်းသောနည်းလမ်းဘောင်အတွင်း၌သာ စူးစမ်းလေ့လာသင့်ကြပါသည်။ ညီအစ်ကိုတော်တစ်ယောက်သည် မှားယွင်းသောအကြောင်းအရာကို သင်ကြားပို့ချပေးနေပါက တာဝန်ယူမှုအနေအထားတွင် ရှိနေကြသောသူတို့အနေဖြင့် ၎င်းဖြစ်ရပ်ကိုသိရှိသင့်ကြပြီး၊ အကယ်၍ ထိုညီအစ်ကိုတော်က သမ္မာတရားတော်နှင့် ကိုက်ညီစွာသင်ကြားပို့ချပေးပါက သူ့ဘက်တွင်ရပ်တည်ပေးကြရပါမည်။ ကျွန်ုပ်တို့အတွင်းတွင် မည်သည့်အရာအကြောင်းမျိုးကို ပို့ချပေးမှုရှိနေသည်ဆိုခြင်းကို ကျွန်ုပ်တို့အားလုံးသိရှိသင့်ကြပြီး၊ အကယ်၍ထိုအကြောင်းအရာသည် သမ္မာတရားအကြောင်းဖြစ်ပါက ကျွန်ုပ်တို့လိုအပ်သည့်အရာသာဖြစ်နေပါစေ။ ဘုရားသခင်သည် ကျွန်ုပ်တို့ထံသို့ မည်သည့်အရာကိုစေလွှတ်တော်မူသည်ကိုသိရှိရန်မှာ သူ့အပေါ်ကျွန်ုပ်တို့အားလုံးတို့၏ တာဝန်ရှိမှုပင်ဖြစ်ပါသည်။ အယူဝါဒတိုင်းတို့ကို စမ်းသပ်စစ်ဆေးရမည့်ညွှန်ကြားချက်များတို့ကို ကျွန်ုပ်တို့အားပေးထားတော်မူပြီဖြစ်သည်။ ထိုအကြောင်းနှင့်ပတ်သက်ပြီး (ဟေရှာယ ၈း၂၀) တွင်၊ "တရားတော်ကိုလည်းကောင်း၊ သက်သေခံတော်မူချက်ကိုလည်းကောင်း နားထောင်ကြကုန်။ သူတို့ပြောသောစကားသည် နှုတ်ကပတ်တော်နှင့် မညီလျှင်၊ သူတို့၌အရုဏ်မတက်သေး" ဟူ၍ဖော်ပြထားပါသည်။ အကယ်၍ ဤစမ်းသပ်မှုကိုရင်ဆိုင်ရန်အတွက် အလင်းတရားသည် ရောက်ရှိလာပါက၊ ၎င်းအလင်းတရားသည် ကျွန်ုပ်တို့လက်ခံထားသည့် တွေးခေါ်ကြံစည်မှုများအပေါ် သဘောတူလက်ခံခြင်းမရှိသည့်အတွက် ၎င်းကိုလက်ခံရကြပါမည်။

တစ်စုံတစ်ယောက်သောသူ၏စူးစမ်းလေ့လာမှုများအားဖြင့် ကျွန်ုပ်တို့သည် ပြည့်စုံကုံလုံမှုကို တွေ့ရှိနိုင်ကြမည်ဆိုသည်ကို မည်သူမျှပြောဆိုကြခြင်းမရှိသော်လည်း ကျွန်ုပ်တို့၏အသင်းတော်များတို့သည် ဖြောင့်မတ်ခြင်းတရားတော်၏အကြောင်းကို သခင်ခရစ်တော်အပေါ်ယုံကြည်ခြင်းနှင့် သမ္မာတရားတော်နှင့်နှီးနွှယ်မှုရှိသည့်အရာများ

အပေါ်အခြေခံပြီး သင်ကြားပို့ချမှုမရှိကြခြင်းကြောင့် သေလုမြောပါးဖြစ်သည်ကို ကျွန်ုပ်သိရှိနေရပါသည်။

မည်သူကပင်ပို့ပေးသည်ဖြစ်စေ၊ ထိုအလင်းတရားကို သခင်ခရစ်တော်၏နူးညံ့သိမ်မွေ့ခြင်းမျိုးဖြင့်လက်ခံကြရန် ကျွန်ုပ်တို့၏နှလုံးသားတို့ကို ဖွင့်ဟထားသင့်ကြပါသည်။ သို့သော်လည်း များစွာသောသူတို့သည် ထိုကဲ့သို့မျိုးမလုပ်ဆောင်ကြပါ။ လက်သင့်ခံနိုင်စရာအကြောင်းရှိသောအချက်အလက်မျိုး သူတို့ရရှိလာကြပါက၊ အကျိုးဖြစ်ထွန်းမှုရှိသည့် ထိုအချက်အလက်ကို လက်သင့်မခံနိုင်စရာအဖြစ်ဖြင့် မေးခွန်းချင်းထပ်နေအောင် သွန်အောပြီးမေးမြန်းလာပါတော့သည်။ အလင်းတရားကိုအလိုရှိကြသောသူများကဲ့သို့ ကျွန်ုပ်တို့ပြုမူရကြမည်သာဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ၏သန့်ရှင်းသောဝိညာဉ်တော်ကို တစ်နေ့တခြားဖြင့်ပေးတော်မူစေရန်နှင့် ကျွန်ုပ်တို့သည် သခင်ခရစ်တော်၏စာသင်ကျောင်းတွင် စာသင်သားများအဖြစ်ဖြင့်ရှိနေကြရေးအတွက် ဘုရားသခင်၏ထောက်ခံသဘောတူတော်မူခြင်းဆိုင်ရာ အလင်းတော်သည် ကျွန်ုပ်တို့အပေါ်ထွန်းလင်းပါစေ။

ကျွန်ုပ်တို့၏စိတ်အတွေးများနှင့်တိုက်ဆိုင်မှုမရှိသည့် အယူဝါဒမျိုးထွက်ပေါ်လာပါက၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်တော်ထွက်အတိုင်းအခြေခံပြီး ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်ကိုကြိုးပမ်းရှာဖွေကာ ရန်သူက ဒွိဟစိတ်နှင့်မလိုမုန်းထားစိတ်တို့ဖြင့် ပူးကပ်ပါဝင်လာမည့်အနေအထားမျိုးသို့ အရောက်မခံပါနှင့်။ ကျွန်ုပ်တို့အနေဖြင့် ကမ္ဘာလောကကြီး၏ကယ်ချွတ်တော်မူသောအရှင်ကို ပြစ်မှုကျူးလွန်ကြောင်း ရုံးတင်စွပ်စွဲခဲ့ကြသည့် ယဇ်ပုရောဟိတ်များနှင့်လူအကြီးအကဲများတို့၏စိတ်ဓာတ်မျိုးကို မည်သည့်အခါမျှ ထင်ရှားပေါ်လွင်ခြင်းမရှိပါစေနှင့်။ သူတို့က ကယ်ချွတ်တော်မူသောအရှင်ကို လူအများတို့အားအနှောင့်အယှက်ပေးတော်မူသည်ဆိုပြီး စွပ်စွဲပြောဆိုခဲ့ကြကာ၊ လူတို့အား ဇဝေဇဝါဖြစ်စေရန်နှင့် သဘောထားကွဲလွဲမှုရှိစေခဲ့ခြင်းကြောင့် သူတို့ထံမှထွက်သွားတော်မူရေးအတွက် ထိုယဇ်ပုရောဟိတ်များနှင့်လူအကြီးအကဲတို့က လိုလားခဲ့ကြပါသည်။ ကျွန်ုပ်တို့ထံတွင် မည်သည့်အပြုအမူဆိုင်ရာ စိတ်ဓာတ်မျိုးရှိနေကြသည်ကို ပြသကြရန်အတွက် ထာဝရဘုရားသည် အလင်းတရားကို ကျွန်ုပ်တို့ထံစေလွှတ်ပေးတော်မူပါသည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုမိမိတို့မလှည့်စားကြရပါ။

ကျွန်ုပ်တို့မည်သို့မျှနားလည်နိုင်ခဲ့ခြင်းမရှိသည့် တစ်စုံတစ်ရာသောအကြောင်းအရာသည် ၁၈၄၄ ခုနှစ်အတွင်း ကျွန်ုပ်တို့၏အာရုံစိုက်စရာအဖြစ် ဝင်ရောက်လာခဲ့



သောအခါ၊ အနေအထားမှန်ကို ကျွန်ုပ်တို့ရယူထားနိုင်ကြရေးအတွက် ကျွန်ုပ်တို့သည် ဒူးထောက်ပြီး၊ ဘုရားသခင်အားတောင်းလျှောက်ခဲ့ကြပြီးနောက် ကျွန်ုပ်တို့သည် မှန်ကန်သောနားလည်သိတတ်နိုင်စွမ်းအနေအထားသို့ ရောက်ရှိလာကြကာ၊ တစ်ယောက်နှင့်တစ်ယောက် သဘောထားအမြင်ချင်းတူညီလာခဲ့ကြပါသည်။ ကျွန်ုပ်တို့၏ညီနောင်သားချင်းတို့တွင်လည်း သဘောထားကွဲလွဲမှု၊ မလိုမုန်းထားစိတ်၊ ဆိုးညစ်သောရော်ရမ်းတွေးတောမှုနှင့် လွဲမှားသောထင်မြင်ယူဆချက်များမရှိခဲ့ကြတော့ပါ။ အကယ်၍သာကျွန်ုပ်တို့သည် သဘောထားသေးသိမ်သောစိတ်ဓာတ်၏ဆိုးညစ်မှုကို သိရှိထားကြပြီဆိုလျှင် သတိကြီးစွာဖြင့် ၎င်းစိတ်ဓာတ်မျိုးကို ရှောင်ရှားရကြပါမည်။

ယုံကြည်ခြင်းအားဖြင့်၊ ထို့အပြင် ကျွန်ုပ်တို့အား အလျင်အဦးအတွေ့အကြုံအားဖြင့် ရရှိထားနှင့်ပြီးသော သမ္မာတရား၏အလင်းအားဖြင့် ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကိုတည်ဆောက်ရကြမည်ဖြစ်သည်။ ထိုကာလက ကျွန်ုပ်တို့အပေါ်သို့ အမှားတစ်ခုပြီးတစ်ခု ဖိသိပ်ကျရောက်နေခဲ့ပြီး၊ အမှုတော်ဆောင်များနှင့်ပါရဂူများတို့သည် အသစ်သောအယူဝါဒများကို ပြဌာန်းလာခဲ့ကြပါသည်။ များစွာသောဆုတောင်းခြင်းတို့အားဖြင့် ကျွန်ုပ်တို့သည် ကျမ်းစာတော်မြတ်ကိုရှာဖွေလေ့လာသင့်ကြပြီး ဤသို့အားဖြင့် သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့၏စိတ်အတွေးများအတွင်းသို့ သမ္မာတရားတော်ကိုဆောင်ယူပေးမည်ဖြစ်သည်။ တစ်ခါတစ်ရံတွင် ကျမ်းစာတော်မြတ်ကိုလေ့လာစူးစမ်းရှာဖွေခြင်းအတွက် တစ်ညတာလုံးကိုအချိန်ပေးဆက်ကပ်ကြရမည်ဖြစ်ပြီး၊ ဦးဆောင်ပဲ့ပြင်လမ်းညွှန်တော်မူခြင်းအတွက် ဘုရားသခင်အား စိတ်အားထက်သန်စွာဖြင့်တောင်းခံရကြပါမည်။ ဤကျမ်းစာတော်မြတ်ကို လေ့လာစူးစမ်းရှာဖွေခြင်းရည်ရွယ်ချက်ဖြင့် မိမိတို့ကိုယ်ကိုမိမိတို့ ဆက်ကပ်ထားပြီးကြသော အမျိုးသားအမျိုးသမီးအစုအဖွဲ့များတို့သည် စုရုံးခဲ့ကြပါသည်။ ဘုရားသခင်၏တန်ခိုးတော်သည် အကျွန်ုပ်အပေါ်သက်ရောက်တော်မူမည်ဖြစ်ပြီး၊ ကျွန်ုပ်သည်လည်း သမ္မာတရားသည် မည်သည့်အရာဖြစ်သည်၊ မှားယွင်းမှုသည် မည်သည့်အရာဖြစ်သည်ဆိုခြင်းကို ရှင်းလင်းစွာအဓိပ္ပါယ်ဖွင့်ဆိုနိုင်ရန်အတွက် ထိုတန်ခိုးတော်သည် အထောက်အကူပြုပေးပါသည်။

ကျွန်ုပ်တို့၏ယုံကြည်ခြင်းဆိုင်ရာ အဓိကအချက်အလက်များတို့ကို ဤသို့သောနည်းအားဖြင့် တည်ဆောက်ထားသည့်အလျောက်၊ ကျွန်ုပ်တို့၏ခြေထောက်တို့သည်လည်း ခိုင်မာသောအုတ်မြစ်ပေါ်တွင် နင်းထားလျက်ရှိနေခဲ့ကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏သက်သေသာဓကဖြင့် ထင်ရှားစေခြင်းအောက်တွင် ကျွန်ုပ်တို့သည်

သမ္မာတရားတော်ကို တစ်ချက်ချင်းဖြင့် လက်ခံရရှိခဲ့ကြပါသည်။ ကျွန်ုပ်သည်လည်း ရူပါရုံကိုမြင်တွေ့ခဲ့ရခြင်းအားဖြင့် ရှင်းလင်းပြောကြားချက်များကို တွေ့မြင်ကြားသိခဲ့ရပါသည်။ ထိုဖြစ်ရပ်အားဖြင့် ကျွန်ုပ်သည် ကောင်းကင်ဘုံနှင့်ဆိုင်သောအရာများနှင့် သန့်ရှင်းရာဌာနတော်တို့ကို သရုပ်ဖော်မှုဖြင့် သာဓကပြသပေးခြင်းကိုရရှိခဲ့ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ရှင်းလင်းပြတ်သားပြီး ကွဲပြားထူးခြားသောရောင်စဉ်တန်းများ ကျွန်ုပ်တို့အပေါ်ကျရောက်နိုင်မည့်နေရာမျိုးတွင် ရှိနေရကြမည်ဖြစ်သည်။

နှစ်ပေါင်းအတော်ကြာညောင်းလာသည်အထိ ကျွန်ုပ်တို့သည် သန့်ရှင်းရာဌာနအကြောင်းကို ကိုင်စွဲထားခဲ့ကြသည်အလျောက်၊ ထိုသန့်ရှင်းရာဌာနနှင့်ပတ်သက်သည့် မေးခွန်းထုတ်စရာအကြောင်းသည် ဖြောင့်မတ်ခြင်းတရားနှင့်သမ္မာတရားတို့၏နေရာတွင် အစားထိုးဝင်ရောက်လာခဲ့သည်ကို ကျွန်ုပ်သိရှိရပါသည်။ စိတ်အတွေးကိုလမ်းကြောင်းမှန်မှ ဘေးသို့ချော်ထွက်သွားစေသည့်အရာမှာ ရန်သူသာလျှင်ဖြစ်ပါသည်။ သမ္မာတရားအပေါ်တွင် အခြေခံထားခြင်းမရှိသည့် မမှန်ကန်သောသဘောတရားအဆိုအမိန့်တို့၏ပတ်ပတ်လည်တွင် စုပုံထားရန်အတွက်၊ ကျမ်းစာတော်မြတ်တို့ကို လိုက်လံစုသိမ်းနေသည့်အလုပ်ထဲတွင်သာ အာရုံရောက်ရှိသွားကြသည့် သမ္မာတရားအကြောင်းကို သိရှိထားပြီးသောသူတို့ကြောင့် ရန်သူသည် နှစ်သိမ့်ကြည်နူးမှုဖြစ်နေပါသည်။ ဤသို့သောနည်းမျိုးဖြင့် ကျမ်းစာတော်မြတ်ကိုအသုံးပြုခြင်းမျိုးသည် လွဲမှားစွာဖြင့်အသုံးပြုခြင်းသာဖြစ်ပြီး၊ ထိုကျမ်းစာတော်မြတ်တို့သည် မှားယွင်းမှုကို အမှန်အဖြစ်ရှုမြင်စေလိုသည့် အထောက်အထားခိုင်လုံစွာဖြင့် တင်ပြန်ရန်မဟုတ်ဘဲ၊ သမ္မာတရားကို အားကောင်းခိုင်ခံ့စေရန်အတွက်သာဖြစ်ပါသည်။

ကျွန်ုပ်တို့ကိုယ်တိုင်၌က လုပ်ပိုင်ခွင့်အခွင့်အရေးများရှိသကဲ့သို့ အခြားသောသူတို့၌လည်း အခွင့်အရေးရှိနေကြသည်ကို ကျွန်ုပ်တို့အနေဖြင့် လေ့လာသင်ယူရကြပါမည်။ ညီအစ်ကိုတော်တစ်ယောက်သည် ကျမ်းစာတော်မြတ်အားဖြင့် အသစ်သောအလင်းတရားကိုလက်ခံရရှိလာသောအခါ၊ သူ့အနေဖြင့် သူ၏အနေအထားကိုပြတ်ပြတ်သားသားဖြင့် ရှင်းလင်းပြောဆိုပေးသင့်ပြီး၊ အမှုတော်ဆောင်တိုင်းတို့သည်လည်း ပေါ်ထွက်လာသောအချက်အလက်တို့သည် စိတ်ကူးစိတ်သန်းထက်မြက်သောဉာဏ်တော်ဖြင့် ဖြစ်တည်လာသည့်နှုတ်ကပတ်တရားတော်အားဖြင့် အထောက်အထားခိုင်လုံခြင်းရှိ၊ မရှိ သိရှိနိုင်ကြရန်အတွက် ကျမ်းစာတော်မြတ်ကို အပြောအဆို၊ အမူအရာပွင့်လင်းသောစိတ်ဓာတ်မျိုးဖြင့် ရှာဖွေလေ့လာရပါမည်။ ထိုအကြောင်းနှင့်ပတ်သက်ပြီး



(၂တိ ၂း၂၄၊၂၅) တွင်၊ “သခင်ဘုရား၏ကျွန်သည် ရန်မတွေ့ရ။ ခပ်သိမ်းသောသူတို့အား ဖြည်းညင်းစွာပြုသောသူ၊ ဆုံးမဩဝါဒပေးခြင်းအမှု၌လိမ္မာသောသူ၊ သည်းခံနိုင်သောသူဖြစ်ရမည်။ ဆီးတားငြင်းခုံသောသူတို့ကို နူးညံ့သိမ်မွေ့စွာဆုံးမရမည်။ သမ္မာတရားကိုဝန်ခံခြင်းအလိုငှာ၊ နောင်တကိုဘုရားသခင်ပေးကောင်းပေးတော်မူ၏” ဟူ၍ဖော်ပြထားပါသည်။

အသက်ဝိညာဉ်တိုင်းသည် ဘုရားသခင်၏လမ်းညွှန်စောင့်ရှောက်မှု၊ ဦးဆောင်မှုနှင့်ကောင်းချီးပေးတော်မူခြင်းတို့ကို ရရှိကြရန်အတွက်၊ နှလုံးကြေကွဲခြင်းနှင့်နှိမ့်ချခြင်းတို့ဖြင့် ဘုရားသခင်အပေါ် အားကိုးတကြီးဖြင့် မျှော်လင့်ချက်ထားရကြမည်ဖြစ်သည်။ ကျွန်ုပ်တို့အတွက် ကျမ်းစာတော်မြတ်ကိုလေ့လာရှာဖွေကြရာတွင် အခြားသောသူတို့အပေါ် ကျွန်ုပ်တို့အနေဖြင့် အားကိုးအားထားခြင်းမပြုရပါ။ ကျွန်ုပ်တို့၏အချို့သောဦးဆောင်သူညီအစ်ကိုတော်များတို့သည် မကြာခဏဖြင့်ပင် မှားယွင်းသောအနေအထားမျိုးကို ရယူထားကြသည့်အလျောက်၊ အကယ်၍ ဘုရားသခင်သည် သတင်းစကားတော်တစ်ခုကိုစေလွှတ်တော်မူပြီး ဤအိုမင်းလာသည့်ညီအစ်ကိုများတို့က ဤသတင်းစကားတိုးတက်ပျံ့နှံ့ရေးအတွက် နည်းလမ်းဖွင့်ပေးကြသည်အထိ စောင့်ဆိုင်းတော်မူနေရပါက၊ ထိုသတင်းစကားသည် လူများတို့ထံသို့ မည်သည့်အခါမျှရောက်ရှိသွားမည်မဟုတ်ပါ။ ဤညီအစ်ကိုတော်တို့သည် ယခင်အခါက သူတို့ရှိနှင့်ထားပြီးသောပမာဏထက်၊ ပိုမိုကြီးမားသည့်အနေအထားသို့ရောက်ရှိလာစေသည့် ဘုန်းတော်ရှင်၏သဘာဝအခြေအနေနှင့် ပူးတွဲလုပ်ဆောင်သူများအဖြစ်သို့မရောက်ရှိမချင်း၊ သူတို့သည် ယခုအနေအထား၌တွင်သာ ရှိနေကြမည်သာဖြစ်သည်။

များစွာသောကျွန်ုပ်တို့၏ညီနောင်များတို့၏ဝိညာဉ်ရေးဆိုင်ရာ မျက်ကန်းဖြစ်နေကြခြင်းကြောင့် ကောင်းကင်နိုင်ငံတော်တွင် ဝမ်းနည်းကြေကွဲမှုများဖြစ်နေရကြပါသည်။ အရေးပါမှုနည်းပါးလှသည့်အနေအထားတို့ကို ဖြည့်စွက်ပေးနေရကြသည့် ကျွန်ုပ်တို့၏ငယ်ရွယ်သူအမှုတော်ဆောင်များတို့အနေဖြင့် အလင်းတရားဖက်သို့သတိဝင်လာကြရန်နှင့် သမ္မာတရားဆိုင်ရာစိတ်အတွေးထဲတွင် အလင်းတရား၏ရောင်ခြည်တန်းကိုနက်သည်ထက်ပိုမိုနက်လေအောင် နစ်မြုပ်ထားကြရေးအတွက် တိကျပြတ်သားသည့်ကြိုးပမ်းအားထုတ်မှုတို့ကို လုပ်ဆောင်ရကြပါမည်။

လူတို့ထံသို့ ပိုမိုကြည်လင်ရှင်းလင်းသောအလင်း ရောက်ရှိသွားခြင်းမရှိစေရန်အတွက် လမ်းကြောင်းကိုပိတ်ဆို့တားဆီးကြမည့်သူများတို့၏အပေါ်သို့ ဘုရားသခင်၏

အပြစ်တင်ဆုံးမတော်မူခြင်းသည် ကျရောက်မည်ဖြစ်သည်။ ကြီးမားသောအမှုတော်သည် ပြီးဆုံးလုနီးပြီဖြစ်ပြီး၊ ဘုရားသခင်က ပုံစံထုတ်ပြီးပုံဖော်ထားတော်မူသည့် အမှုတော် ပြီးဆုံးရမည့်အနေအထားကို အောင်မြင်ပြီးမြောက်စေရေးအတွက် သူစေလွှတ်ထားတော်မူသော စေတမန်တော်တို့နှင့်ပူးပေါင်းဆောင်ရွက်နိုင်ကြရန်အတွက် ကျွန်ုပ်တို့၏ဦးဆောင်မှုပေးနေကြသောသူတို့သည် ပိုမိုများပြားသည့်အလင်းတရားမျိုးကို လိုအပ်နေကြသည်ကို ဘုရားသခင်ကသိရှိတော်မူပါသည်။ ထာဝရဘုရားသည် စေတမန်တော်တို့ကို နှိုးဆော်နေတော်မူပြီး၊ သူ၏ဝိညာဉ်တော်ကို သူတို့အားပေးအပ်တော်မူရင်း (ဟေရှာယ ၅၈း၁) တွင်ဖော်ပြထားသည့် "အသံမလျော့ဘဲကြွေးကြော်လော့။ တံပိုးသံကဲ့သို့အသံကိုလွှင့်၍ ယာကုပ်အမျိုးသားဖြစ်သော ငါ၏လူတို့အား သူတို့ဒုစရိုက်အပြစ်ကိုဖော်ပြလော့" အတိုင်း မိန့်တော်မူခဲ့ပါသည်။ လူများတို့နှင့် ကောင်းကင်နိုင်ငံတော်၏သတင်းစကားတို့၏စပ်ကြားတွင် မည်သူကမျှဝင်ရောက်စွက်ဖက်သည့်စွန့်စားမှုအန္တရာယ်ကို မဖန်တီးပါစေနှင့်။ ဤသတင်းစကားတော်သည် လူတို့ထံသို့သွားရောက်မည်ဖြစ်ပြီး၊ အကယ်၍ ဤသတင်းစကားတော်ကိုပေးကမ်းရန်အတွက် လူသားများအတွင်း မည်သည့်အသံမျှထွက်ပေါ်လာခြင်းမရှိပါက ကျောက်တုံးကျောက်ခဲတို့သည်သာလျှင် ကြွေးကြော်အော်ဟစ်လာကြမည်ဖြစ်သည်။

ထာဝရဘုရားကိုကြိုးပမ်းရှာဖွေကြရန်နှင့် သာလွန်မှုနှင့်ကြီးစိုးမှုတို့အတွက် မာန်မာနနှင့်ခိုက်ရန်ဒေါသဖြစ်မှုကိုပယ်ရှောင်ရန်အပြင်၊ ဘုရားသခင်၏မျက်မှောက်တော်၌ စိတ်နှလုံးကိုနှိမ့်ချကြရန်အတွက် အမှုတော်ဆောင်တိုင်းအား ကျွန်ုပ်ပန်ကြားလိုပါသည်။ ဖော်ရွေမှုမရှိသောစိတ်နှလုံးနှင့် ယုံကြည်ခြင်းရှိသင့်ကြသော်လည်း၊ ယုံကြည်မှုမထားရှိကြသောသူတို့သည် အသင်းတော်များတို့ကို ချည့်နဲ့သွားစေသောသူများဖြစ်ကြပါသည်။

## မှားယွင်းသောသင်ကြားပို့ချမှုအပေါ် သတိပေးချက်တစ်ရပ်

ယခုအချိန်ကာလမျိုးတွင် ဘုရားသခင်၏အမှုရေးရာတော်အတွက် အခြေခံစည်းမျဉ်းစည်းကမ်းတွင် မြဲမြံမှုရှိကြသောသူတို့နှင့် သမ္မာတရားတော်နှင့်ပတ်သက်ပြီး ရှင်းလင်းစွာနားလည်သဘောပေါက်ကြသောသူများကဲ့သို့သော ဝိညာဉ်ရေးနှင့်ပြည့်ဝသည့် စိတ်အတွေးမျိုးရှိကြသောသူတို့ကို ကျွန်ုပ်တို့လိုအပ်နေကြပါသည်။ လူတို့လိုအပ်





ကြသည့်အရာမှာ ဆန်းသစ်ပြီးစိတ်ကူးယဉ်ထားသည့်ဩဝါဒများအပြင်၊ လူသား၏စိတ်မှန်းသက်သက်ဖြင့် အမှန်အဖြစ်ယူဆသတ်မှတ်ထားသည့်အချက်များမဟုတ်ဘဲ၊ သမ္မာတရားတော်ကိုသိရှိကြပြီး အလေ့အကျင့်ပြုလုပ်ပေးကြသည့် လူသားသက်သေခံများနှင့် တိမောသေအားပေးအပ်ထားသည့် (၂တိ ၄း၂) တွင်ဖော်ပြထားသော၊ "နှုတ်ကပတ်တရားတော်ကိုဟောပြောလော့။ အချိန်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကြိုးစားအားထုတ်လော့။ အပြစ်ကိုဖော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့် ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့" ဆိုသည့်တာဝန်ပေးမှုကို သိရှိနားလည်ပြီး နာခံလိုက်လျှောက်ကြသောသူမျိုးတို့ကိုသာ လိုအပ်နေကြသည်ကို ကျွန်ုပ်ညွှန်ကြားခြင်းခံခဲ့ရပါသည်။

ကျွန်ုပ်၏ညီအစ်ကိုတော်ခင်ဗျား၊ မြဲမြံစွာနှင့်တိကျပြတ်သားစွာဖြင့်လျှောက်လှမ်းရင်း၊ သင်၏ခြေထောက်တို့ကို ငြိမ်သက်ခြင်းချမ်းသာဆိုင်ရာ ဧဝံဂေလိတရားတော်ဖြင့်ပြင်ဆင်ထားသော နောက်ပိတ်ဖိနပ်ဖြင့်ဆင်မြန်းထားပါ။ သင့်အနေဖြင့်လည်း စင်ကြယ်ပြီး၊ ညစ်ညူးခြင်းမရှိသောဘာသာတရားဆိုသည်မှာ အလွန်အမင်းတုန်လှုပ်ချောက်ချားစရာကောင်းသောဘာသာတရားမဟုတ်ကြောင်းကို သေချာစွာသဘောပေါက်လာမည်ဖြစ်သည်။ စိတ်ကူးစိတ်သန်းဖြင့်ရယူထားသည့် ဩဝါဒများနှင့်အယူအဆများတို့ကို အာသာဆန္ဒရှိလာစေသည့် အားပေးအားမြှောက်ဝန်ထုပ်ဝန်ပိုးတို့ကို ဘုရားသခင်သည် မည်သူ့အပေါ်တွင်မျှ တင်ထားတော်မူခြင်းမရှိပါ။ ထိုအရာတို့ကို သင်၏သင်ကြားပို့ချပေးခြင်းအတွင်းမှ ဖယ်ရှားပစ်လိုက်ပါ။ ၎င်းတို့ကို သင်၏အတွေ့အကြုံအတွင်းသို့ ဝင်ရောက်လာခြင်းကိုခွင့်မပြုပါနှင့်။ ၎င်းတို့အားဖြင့် သင်၏ဘဝတစ်ခုလုံးမြှုပ်နှံထားရသည့်လုပ်ငန်းကို မထိခိုက်ပါစေနှင့်။

မှားယွင်းသောသင်ကြားပို့ချမှုနှင့်ပတ်သက်သည့် သတိပေးချက်တစ်ခုကို ကောလောသဲအသင်းတော်သို့ ရှင်ပေါလုရေးသားပေးပို့သောစာထဲတွင် တွေ့ရပါသည်။ တမန်တော်ကြီးက ယုံကြည်သူတို့၏စိတ်နှလုံးတို့သည် (ကောလောသဲ ၂း၂၊၃) တွင်ဖော်ပြထားသည့်၊ "မေတ္တာချင်းထုံးဖွဲ့၍၊ ခမည်းတော်ဘုရားနှင့် ခရစ်တော်၏နက်နဲသောအရာကိုနားလည်နိုင်သော ဝိစိကိစ္ဆာနှင့်ကင်းစင်သောဉာဏ်၏စည်းစိမ်အပေါင်းနှင့်ပြည့်စုံ၍ စိတ်နှလုံးသက်သာစေမည်အကြောင်း၊. . . ထိုနက်နဲသောအရာ၌ ပညာဘဏ္ဍာ၊ ဉာဏ်ဘဏ္ဍာရှိသမျှတို့သည် ဝှက်ထားလျက်ရှိကြ၏" ဆိုသည့်အတိုင်း တည်ရှိနေကြ

ရန်ကြေညာခဲ့ပြီးနောက်၊ သူကအခန်းငယ် (၄) တွင်၊ "အဘယ်မည်သောသူမျှ ဖြားယောင်းသောစကားအားဖြင့် သင်တို့ကိုမလှည့်ဖြားစေခြင်းငှာ၊ ဤစကားကိုငါပြောဆို၏" ဟူ၍ ဆက်လက်ပြောကြားခဲ့ပါသည်။ တစ်ဖန် အခန်းငယ် (၆–၁၀) တွင် သူက၊ "ထိုကြောင့် သင်တို့သည် သခင်ယေရှုခရစ်ကိုခံယူပြီးသည်ဖြစ်၍၊ ထိုသခင်၌ စိုက်ပျိုးခြင်း၊ တည်ဆောက်ခြင်းရှိလျက် နည်းဥပဒေသကိုခံပြီးသည်အတိုင်း ယုံကြည်ခြင်း၌မြဲမြံစွာစွဲလမ်းလျက်၊ ကျေးဇူးတော်ကိုချီးမွမ်းခြင်းနှင့်တကွ ယုံကြည်ခြင်းတိုးပွားပြည့်စုံလျက်၊ ထိုသခင်၌ကျင်လည်ကြလော့။ ခရစ်တော်၏တရားကိုမလိုက်၊ လူအဆက်ဆက်ခံသောနည်းဥပဒေသနှင့် လောကီတရားနုကိုလိုက်၍၊ လောကီပညာနှင့်အချည်းနှီးသောပရိယာယ်အားဖြင့် သင်တို့ကိုအဘယ်သူမျှမလုယူမဖျက်ဆီးစေခြင်းငှာ သတိပြုကြလော့။ အကြောင်းမူကား၊ ဘုရားသခင်၏ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ကိုယ်ထင်ရှား၍ ကိန်းဝပ်တော်မူ၏။ အထွတ်အမြတ်အာဏာစက်ရှိသမျှကိုအုပ်စိုးတော်မူသောထိုသခင်၌ သင်တို့သည် စုံလင်ခြင်းရှိကြလော့" ဟူ၍ ဆက်လက်ဩဝါဒပေးခဲ့ပါသည်။

ကျွန်ုပ်တို့အနေဖြင့် သခင်ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်ကြပါစို့ ဆိုသည့်စကားကို ကျွန်ုပ်တို့၏လူတို့ကိုပြောပြပေးရန် ညွှန်ကြားခြင်းခံခဲ့ရပါသည်။ သူသည် အရာအားလုံးတို့တွင် ကျွန်ုပ်တို့၏စံနမူနာဖြစ်တော်မူသည်ဆိုခြင်းကို မေ့မထားကြပါနှင့်။ သူ၏သင်ကြားပို့ချတော်မူခြင်းတွင် တွေ့မြင်ရခြင်းမရှိသော၊ တွေးခေါ်မှုအကြံဉာဏ်များတို့ကို ကျွန်ုပ်တို့အနေဖြင့် ဘေးမသီရန်မခကြစေရေးအတွက် လွှင့်ပစ်ရကြပါမည်။ ကျွန်ုပ်တို့၏အမှုတော်ဆောင်များတို့သည် သူတို့၏ခြေထောက်တို့ကို ထာဝရတည်တံ့သည့် သမ္မာတရားတော်၏စကြိုင်ပေါ်တွင်ခြေချထားခြင်းကို သေချာအောင် လုပ်ဆောင်ကြရန်အတွက် ကျွန်ုပ်ပန်ကြားလိုပါသည်။ ရုတ်တရက်ဖြစ်ပေါ်လာသော ဆန္ဒ၏နောက်သို့ သင်လိုက်ပါသွားမိခြင်းသည် သန့်ရှင်းသောဝိညာဉ်၏လုပ်ဆောင်မှုကြောင့်ဟူ၍ ထင်မှတ်မမှားစေရန်သတိထားပါ။ ထိုကဲ့သို့ထင်မှတ်မှားမှုကြောင့် အချို့တို့သည် အန္တရာယ်နှင့်ရင်ဆိုင်နေရကြပါသည်။ ကျွန်ုပ်တို့အနေဖြင့် ယုံကြည်ခြင်းတွင် ခြေခြေမြစ်မြစ်ရှိနေကြရန်နှင့်၊ ကျွန်ုပ်တို့ထံတွင်ရှိနေသော မျှော်လင့်ခြင်းအကြောင်းကို တောင်းခံနေကြသောလူတိုင်းတို့ထံသို့ ပေးကမ်းကြရန်အတွက် ဘုရားသခင်၏နှုတ်ကပတ်တော်က ကျွန်ုပ်တို့အားနှိုးဆော်တော်မူပါသည်။



## စိတ်အတွေးများတို့ကိုလက်ရှိတာဝန်မှလမ်းကြောင်းပြောင်းသွားစေခြင်း

ကျွန်ုပ်တို့၏ညီနောင်များနှင့်အစ်မညီမများတို့၏စိတ်အတွေးတို့ကို ယခုဤနေ့ရက်ကာလများတွင် လူတစ်ယောက်အနေဖြင့် မည်ကဲ့သို့ရပ်တည်နေရမည်ကို ပြင်ဆင်ပေးထားခြင်းအလုပ်မှ လမ်းကြောင်းပြောင်းသွားကြအောင် ရန်သူက ကြိုးပမ်းကြံစည်လျက်ရှိနေပါသည်။ သူ၏တစ်ပတ်ရိုက်မှုအကြံအစည်တို့သည် စိတ်အတွေးတို့ကို ကြီးမားသောအန္တရာယ်များနှင့် တာဝန်ချိန်တို့မှကွာလှမ်းသွားအောင် ပုံစံထုတ်လုပ်ထားသောအရာများဖြစ်ကြပါသည်။ သခင်ခရစ်တော်က သူ၏လူစုတော်အတွက် ကောင်းကင်ဘုံမှဆင်းသက်လာပြီး၊ ရှင်ယောဟန်အားပေးတော်မူခဲ့သောအလင်းတရားတော်ကို ထိုတစ်ပတ်ရိုက်မှုတို့သည် တန်ဖိုးမရှိသည့်အရာမျိုးအဖြစ် သဘောထားစေပါသည်။ ကျွန်ုပ်တို့၏မျက်မှောက်တွင် ထင်ပေါ်နေသည့်မြင်ကွင်းများတို့သည် ကျွန်ုပ်တို့က အထူးထူးသောအာရုံစူးစိုက်မှုကို လက်ခံရရှိနိုင်ကြရန်အတွက် လုံလောက်သောအရေးပါမှုမဟုတ်သည့်အရာများအဖြစ် ၎င်းတို့က သင်ကြားပို့ချပေးကြပါသည်။ ကောင်းကင်ဘုံဆိုင်ရာ မူလဇာစ်မြစ်၏သမ္မာတရားတော်သည် မည်သည့်ထိရောက်မှုမျိုးမျှမရှိသည့်ပုံမျိုးအဖြစ် သဘောထားကြသည့်အပြင်၊ ဘုရားသခင်၏လူစုတော်တို့၏ လွန်ခဲ့ပြီးသောအတွေ့အကြုံတို့ကိုလုယူခဲ့ပြီး၊ မှားယွင်းသောသိပ္ပံအတတ်ဖြင့် အစားထိုးထည့်ပေးလိုက်ပါသည်။ ထိုအကြောင်းနှင့်ပတ်သက်ပြီး (ယေရမိ ၆း၁၆) တွင်၊ "ထာဝရဘုရားမိန့်တော်မူသည်ကား၊ လမ်းနားမှာရပ်၍ကြည့်ရှုကြလော့။ ရှေးလမ်းဟောင်းတို့ကိုရှာဖွေလျက် ကောင်းသောလမ်းသည် အဘယ်မှာရှိသနည်းဟုမေးမြန်း၍ ထိုလမ်းသို့လိုက်ကြလော့" ဟူ၍ဖော်ပြထားပါသည်။

နှုတ်ကပတ်တော်ကို ဆုတောင်းခြင်းဖြင့်ပြည့်ဝသည့်လေ့လာသင်ယူမှုနှင့် ဗျာဒိတ်တော်တို့အားဖြင့် ကျွန်ုပ်တို့၏အမှုတော်လုပ်ငန်းစတင်ခါစကတည်းက ချမှတ်ထားရှိခဲ့ပြီးသော ကျွန်ုပ်တို့၏ယုံကြည်ခြင်းဆိုင်ရာအခြေခံအုတ်မြစ်တို့ကို မဖြစ်မနေခွာထုတ်ရေးကို မည်သူကမျှကြိုးပမ်းအားထုတ်ခြင်းမပြုကြပါစေနှင့်။ ဤအခြေခံများပေါ်တွင် ကျွန်ုပ်တို့သည် နှစ်ပေါင်းငါးဆယ်ထက်မက တည်ဆောက်ထားပြီးသားဖြစ်နေပါသည်။ လူတို့အနေဖြင့် သူတို့သည် နည်းသစ်လမ်းသစ်တစ်ခုကို ရရှိထားကြသည်အလျောက် ယခင်ချမှတ်ထားပြီးသားအခြေခံအုတ်မြစ်ထက် ပိုမိုတောင့်တင်းခိုင်မာသည့်အခြေခံအုတ်မြစ်တစ်ခုကို ချထားနိုင်ကြလိမ့်မည်ဟူ၍ ထင်မှတ်ကြမည်ဖြစ်သော်လည်း၊ ဤလုပ်ရပ်မျိုးသည် ကြီးမားလှသည့်လှည့်စားမှုကြီးတစ်ခုသာဖြစ်ပါသည်။

ဤအကြောင်းနှင့်ပတ်သက်ပြီး (၁ကော ၃း၁၁) တွင်၊ "၊ . . ယေရှုခရစ်တည်းဟူသော ချလျက်ရှိသောတိုက်မြစ်မှတစ်ပါး အခြားသောတိုက်မြစ်ကို အဘယ်သူမျှမချနိုင်" ဟူ၍ဖော်ပြထားပါသည်။ ယခင်ခေတ်ကာလက များစွာသောသူတို့သည် ယုံကြည်ခြင်းအသစ်တစ်ခုကိုတည်ဆောက်ရန်အပြင်၊ အသစ်သောအခြေခံစည်းမျဉ်းစည်းကမ်းတို့ကိုထူထောင်ရန်အတွက် တာဝန်ယူထားခဲ့ကြသော်လည်း သူတို့၏အဆောက်အဦသည် မည်မျှကြာကြာတည်တံ့ခိုင်မြဲနိုင်မည်နည်း။ ၎င်းအဆောက်အဦသည် ကျောက်ပေါ်တွင်အခြေပြုမထားခြင်းကြောင့် မကြာမတင်သောကာလတွင်ပင် ပြိုကျပျက်စီးသွားမည်သာဖြစ်သည်။

အဦးဆုံးသောတပည့်တော်တို့သည် လူတို့၏အဆိုအမိန့်များတို့ကို ကြုံကြိုက်ခဲ့ဖူးကြပါသလား။ မှားယွင်းသောတွေးခေါ်မှုများတို့ကို နားထောင်ခဲ့ရခြင်းမရှိကြသည့်အလျောက်၊ ထို့နောက်တွင် သူတို့သည် မြဲမြဲစွာဖြင့်ရပ်တည်နိုင်ကြရန်အတွက် အရာခပ်သိမ်းတို့ကိုပြီးမြောက်သွားစေပြီးသည်နောက်တွင်၊ "ယေရှုခရစ်တည်းဟူသော ချလျက်ရှိသောတိုက်မြစ်မှတစ်ပါး အခြားသောတိုက်မြစ်ကို အဘယ်သူမျှမချနိုင်" ဆိုသည့်စကားကို ပြောဆိုနေခဲ့ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ယုံကြည်စိတ်ချရမှုကို အစအဦးမှစတင်ပြီး အဆုံးတိုင်သည်အထိ ခိုင်ခံ့မြဲမြဲစွာကိုင်စွဲထားရကြပါမည်။

ဤလူများထံသို့ ဘုရားသခင်နှင့်သခင်ခရစ်တော်တို့က ပို့ဆောင်ပေးတော်မူခဲ့ကြသည့် တန်ခိုးတော်၏နှုတ်ကပတ်တော်များတို့သည် ထိုလူများတို့ကို ကမ္ဘာလောကကြီးမှနေပြီး၊ လက်ရှိသမ္မာတရားတော်၏ရှင်းလင်းလှသည့် အလင်းတရားတော်အတွင်းသို့ အကြောင်းအချက်တစ်ခုချင်းဖြင့် ထည့်သွင်းထားရှိပေးထားပါသည်။ စင်ကြယ်သောမီးစဖြင့် တို့ထိထားခြင်းခံရပြီးသော နှုတ်ခမ်းသားများအားဖြင့် ဘုရားသခင်၏အစေကျွန်တော်တို့သည် သတင်းစကားတော်ကိုကြွေးကြော်ကြပါသည်။ ဘုန်းတော်ရှင်၏မိန့်မြွက်တော်မူပုံသည် ၎င်း၏တံဆိပ်ကို ကြွေးကြော်ထားပြီးသားသမ္မာတရား၏စစ်မှန်မှုတွင် ခပ်နှိပ်ထားပြီးဖြစ်ပါသည်။

## ဖြောင့်မှန်သည့်သက်သေခံချက်ကိုအသစ်ပြုပြင်လဲလှယ်ခြင်း

ဘုရားသခင်သည် လွန်ခဲ့ပြီးသောနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့ပြီးသော ဖြောင့်မှန်သည့်သက်သေခံချက်ကို အသစ်ပြုပြင်လဲလှယ်ရန်အတွက် တောင်းဆို



တော်မူပါသည်။ ထို့ပြင် ဝိညာဉ်ရေးအသက်တာကို အသစ်ပြုပြင်ခြင်းကိုလည်း တောင်းဆိုတော်မူပါသေးသည်။ သူ၏လူစုတော်တို့၏ဝိညာဉ်ရေးစွမ်းအင်တို့သည် ကြာမြင့်စွာကတည်းကပင် ထိုင်းမှိုင်းလေးလံနေခဲ့သော်လည်း သိသာထင်ရှားသည့်သေခြင်းမှ ပြန်လည်ရှင်ပြန်ထမြောက်ခြင်းတစ်ရပ်ရှိနေပါလိမ့်မည်။ ဆုတောင်းခြင်းနှင့် အပြစ်ကိုဖော်ပြတောင်းပန်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ရှင်ဘုရင်တော်ကြီး၏အဝေးပြေးလမ်းမကြီးကို ရှင်းလင်းပေးရကြပါမည်။ ဤကဲ့သို့ကျွန်ုပ်တို့လုပ်ဆောင်နေကြခြင်းအားဖြင့် ဝိညာဉ်တော်၏တန်ခိုးသည် ကျွန်ုပ်တို့ထံသို့ရောက်ရှိလာပါလိမ့်မည်။ ကျွန်ုပ်တို့သည် ပင်တေကုတ္တေပွဲတော်၏စွမ်းအင်ကို လိုအပ်ကြပါသည်။ ဤစွမ်းအင်မျိုးသည် ရောက်ရှိလာတော့မည်ဖြစ်ပြီး၊ ထာဝရဘုရားက အရာခပ်သိမ်းကိုအောင်နိုင်စေမည့်တန်ခိုးတော်အနေဖြင့် သူ၏ဝိညာဉ်တော်ကိုစေလွှတ်တော်မူမည့်ကတိတော်ကို ပေးထားတော်မူပြီးဖြစ်ပါသည်။

အန္တရာယ်များလှသောအချိန်ကာလများတို့သည် ကျွန်ုပ်တို့၏မျက်မှောက်တွင်ရှိနေပါသည်။ သမ္မာတရားတော်ဆိုင်ရာ အသိဉာဏ်ဗဟုသုတမျိုးရှိကြသောလူတိုင်းတို့သည် နိုးထလာပြီး သူ၏ကိုယ်ကိုလည်းကောင်း၊ ခန္ဓာကိုယ်အပြင်၊ အသက်ဝိညာဉ်နှင့်စိတ်ဓာတ်တို့ကိုပါ ဘုရားသခင်၏စည်းကမ်းတော်အောက်တွင် ထားရှိသင့်ပါသည်။ ကျွန်ုပ်တို့၏အမှုတော်လမ်းကြောင်းပေါ်တွင် ရန်သူကရှိနေပါသည်။ ကျွန်ုပ်တို့သည် သူ့ကိုတုံ့ပြန်တွန်းလှန်နိုင်ကြရန်အတွက် ကျယ်ပြန့်သောနိုးကြားမှုဖြင့် သတိချပ်၍နေရကြပါမည်။ ဘုရားသခင်၏ချပ်ဝတ်တန်ဆာတစ်ခုလုံးကို ကျွန်ုပ်တို့ဝတ်ဆင်ထားရကြပါမည်။ အနာဂတ္တိဟောကြားချက်၏ဝိညာဉ်တော်အားဖြင့် ပေးအပ်ထားခြင်းခံရသည့်ညွှန်ကြားချက်များတို့ကို ကျွန်ုပ်တို့နာခံလိုက်လျှောက်ရကြပါမည်။ ယခုအချိန်ကာလအတွက် ကျွန်ုပ်တို့သည် သမ္မာတရားတော်ကို ချစ်ခြင်းမေတ္တာထားရှိပြီး၊ နာခံလိုက်လျှောက်ရကြပါမည်။ ဤသို့အားဖြင့် တောင့်တင်းခိုင်မာသည့်လှည့်စားမှုတို့ကိုလက်ခံလိုခြင်းမှ ကျွန်ုပ်တို့အားကယ်ဆယ်နိုင်မည်ဖြစ်သည်။ သူ၏နှုတ်ကပတ်တော်မှတစ်ဆင့်၊ ဘုရားသခင်သည် ကျွန်ုပ်တို့အားမြွက်ကြားပေးတော်မူပါသည်။ အသင်းတော်သို့ပေးထားသောသက်သေခံချက်များနှင့် လက်ရှိကျွန်ုပ်တို့၏တာဝန်နှင့် လက်ရှိကျွန်ုပ်တို့ပိုင်ဆိုင်သင့်ကြသည့်အနေအထားမျိုးတို့ကို ရှင်းလင်းပြတ်သားစွာဖြင့် ထင်ရှားစေရန် လုပ်ဆောင်သည့် ကျွန်ုပ်တို့အားကူညီပေးသည့်စာအုပ်များတို့အားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့အားမိန့်တော်မူပါသည်။ ပညတ်တစ်ခုပေါ်မှာတစ်ခု၊ တစ်ခုပေါ်မှာ

တစ်ခု၊ တစ်နည်းပေါ်မှာတစ်နည်း၊ တစ်နည်းပေါ်မှာတစ်နည်းဖြင့် ကျွန်ုပ်တို့အား ပေးထားနှင့်ပြီးသော သတိပေးချက်များတို့ကို ဂရုတစိုက်ရှိရကြပါမည်။ အကယ်၍ ၎င်းတို့ကိုကျွန်ုပ်တို့လျစ်လျူရှုကြပါက ကျွန်ုပ်တို့အားမည်သည့်ခွင့်လွှတ်ခြင်းမျိုးဖြင့် ကမ်းလှမ်းခံရနိုင်ပါမည်နည်း။

ဘုရားသခင်အတွက်လုပ်ဆောင်နေကြသောသူတို့အနေဖြင့် အစစ်အမှန်ဖြစ်ခြင်း အစား၊ အတုအပမျိုးကိုလက်သင့်မခံကြရန်အတွက် ကျွန်ုပ်အရေးတကြီးတောင်းခံလို ပါသည်။ အထွတ်အမြတ်ဖြစ်သောသမ္မာတရားတော်သည် မည်သည့်နေရာတွင်ရှိနေ သင့်သည်ကို လူသား၏ဆင်ခြင်သုံးသပ်ခြင်းအားဖြင့် မဆုံးဖြတ်ပါစေနှင့်။ သခင် ခရစ်တော်သည် သူ၏လူစုတော်တို့၏စိတ်နှလုံးထဲသို့ ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာ တို့ကို မီးမွှေးပြီးနှိုးဆွပေးရန်အတွက် စောင့်ဆိုင်းနေတော်မူပါသည်။ ထာဝရတည် ရှိမည့်သမ္မာတရားတော်၏စင်္ကြံလမ်းပေါ်တွင် မြဲမြံစွာဖြင့်ရပ်တည်နေလိုကြသည့် သူတို့ ထံမှ မမှန်ကန်သောသဘောတရားများတို့ကို သဘောတူထောက်ခံသောအနေအထား မျိုးဖြင့် လက်ခံရယူခြင်းမရှိပါစေနှင့်။ သံသယရှိစရာမလိုသောအာဏာတန်ခိုးတော်အပေါ်၊ အခြေခံထားသည့်အခြေခံကျသောစည်းမျဉ်းစည်းကမ်းများအပေါ် ခိုင်မြဲစွာကိုင်စွဲထားကြ ရန်အတွက် ကျွန်ုပ်တို့အားဘုရားသခင်က အရေးတကြီးတောင်းခံနေတော်မူပါသည်။

## ကျွန်ုပ်တို့၏ဘေးဆီးရန်ကာဖြစ်သောဘုရားသခင်၏နှုတ်ကပတ်တော်

ကျွန်ုပ်တို့ကြွေးကြော်ရကြမည့်ဆောင်ပုဒ်မှာ (ဟေရှာယ ၈း၂၀) တွင်ဖော်ပြ ထားသည့်၊ "တရားတော်ကိုလည်းကောင်း၊ သက်သေခံတော်မူချက်ကိုလည်းကောင်း နားထောင်ကြကုန်။ သူတို့ပြောသောစကားသည် နှုတ်ကပတ်တော်နှင့်မညီလျှင်၊ သူတို့ ၌အရုဏ်မတက်သေး" ဆိုသည့်အတိုင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အဖိုးအထိုက်ဆုံး သောသမ္မာတရားတော်နှင့်ပြည့်ဝလှသည့် သမ္မာကျမ်းစာတော်မြတ်ရှိနေကြပါသည်။ ၎င်းသမ္မာကျမ်းစာတော်မြတ်တွင် သမ္မာတရားတော်နှင့်ပတ်သက်သည့် အသိဉာဏ် ဗဟုသုတအကြောင်း အစမှအဆုံးအထိပါရှိပါသည်။ ဘုရားသခင်၏ဉာဏ်တော်ကွန့်မြူး ခြင်းအားဖြင့် ပေးထားတော်မူသည့်ကျမ်းစာတော်မြတ်သည် (၂တိ ၃း၁၇) တွင်ဖော်ပြ ထားသည့်၊ "ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှာ ပြင်ဆင်သောသူဖြစ်မည်အကြောင်း ဩဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြ ခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်းကျေးဇူးများကိုပြုတတ်၏" အတိုင်း



ကျွန်ုပ်တို့ကိုပဲ့ပြင်သတိပေးပါသည်။ သမ္မာကျမ်းစာကို သင်၏လေ့လာသင်ယူစရာ စာအုပ်အဖြစ် လက်ကိုင်ထားပါ။ အားလုံးသောသူတို့သည် ၎င်းသမ္မာကျမ်းစာတော် မြတ်၏ညွှန်ကြားချက်ကို နားလည်နိုင်ကြပါသည်။

သူ၏နှုတ်တော်ထွက်ကို သူ၏လူစုတော်တို့ကယုံကြည်ပြီး၊ အလေ့အကျင့် ပြုလုပ်ကြရန်အတွက် သခင်ခရစ်တော်က အရေးတကြီးဖြင့်ဆော်ဩတော်မူပါသည်။ ဤနှုတ်တော်ထွက်ကိုလက်ခံရရှိပြီး၊ လက်သင့်ခံထားကြသမျှသောသူတို့သည် ပြုမူ ဆောင်ရွက်မှုတိုင်း၊ အကျင့်စရိုက်ဆိုင်ရာ ပင်ကိုအရည်အချင်းတိုင်းတို့ကို အောင်မြင် မှုကဏ္ဍများအဖြစ်သို့ရောက်ရှိပြီး၊ ဘုရားသခင်၏ခွန်အားတော်အားဖြင့် ပိုမို၍တောင့်တင်း ခိုင်မာလာကြမည်ဖြစ်သည်။ သူတို့၏ယုံကြည်ခြင်းတို့ကိုလည်း ကောင်းကင်ဘုံဆိုင်ရာ မူလဇာစ်မြစ်မှအခြေခံထားသည့်အနေအထားဖြင့် မြင်တွေ့ရကြမည်ဖြစ်သည်။ သူတို့ သည် ဆန်းပြားသောလမ်းသွယ်များတို့ဆီသို့ လေလွင့်လမ်းလွဲသွားကြလိမ့်မည်မဟုတ် ပါ။ သူတို့၏စိတ်အတွေးတို့သည်လည်း လွန်ကဲစွာဖြင့်စိတ်ကူးယဉ်ထားပြီး၊ စိတ်လှုပ်ရှား ခြင်းတို့ဖြင့်အတိပြီးသော ဘာသာတရားအပေါ်အားကိုးအားထားပြုကြမည်မဟုတ်ပါ။ ကောင်းကင်တမန်များနှင့်လူတို့ရှေ့မှောက်တွင် သူတို့သည် သန်စွမ်းခိုင်မာပြီး၊ တစ်သမတ် တည်းဖြင့်တည်နေသည့် ခရစ်ယာန်အကျင့်စရိုက်မျိုးဖြင့် ရပ်တည်နေကြမည်ဖြစ်သည်။

သမ္မာတရားတော်၏ပူဇော်သကာရွှေလင်ပန်းအတွင်းတွင် သခင်ခရစ်တော်၏ ပို့ချတော်မူခြင်းတွင်ပါရှိသည့်အတိုင်း၊ ပြစ်ဒဏ်စီရင်ခြင်းနှင့် ပြောင်းလဲသက်ဝင်ခြင်းရှိ မည့်အသက်ဝိညာဉ်များကို ကျွန်ုပ်တို့ရရှိကြပါမည်။ သခင်ခရစ်တော်၏အကြွင်းမဲ့ချစ် သောစိတ်ဖြင့် ဤကမ္ဘာလောကကြီးသို့သူကြွလာတော်မူပြီး၊ ကြွေးကြော်ပေးတော်မူမည့် သမ္မာတရားတော်အကြောင်းတို့ကို ကြွေးကြော်ပေးခြင်းဖြင့် သင်ကြွေးကြော်ပေးသော သတင်းစကား၏တန်ခိုးသည် သူ့အနေအထားနှင့်သူ နေသားတကျဖြစ်သွားမည်ဖြစ် သည်။ သခင်ခရစ်တော်က မည်သည့်အခါမျှမြွက်ဆိုတော်မူခဲ့ခြင်းမရှိသည့်အပြင်၊ သမ္မာ ကျမ်းစာတော်မြတ်တွင် အခြေခံထားခြင်းမရှိသည့်အယူအဆများ၊ သို့မဟုတ် စမ်းသပ်မှု များတို့အတွက် ထောက်ခံပြောဆိုခြင်းမပြုပါနှင့်။ လူများတို့အတွက် ကျွန်ုပ်တို့တွင် ထည်ဝါခမ်းနားပြီး၊ ခန့်ညားတည်ငြိမ်သောသမ္မာတရားတော်များရှိနေပါသည်။ "ကျမ်းစာ လာသည်ကား" ဆိုသည့်စကားသည် အသက်ဝိညာဉ်တိုင်းတို့ကို ကောင်းကောင်းကြီး သဘောပေါက်စေရမည့် စမ်းသပ်မှုဖြစ်ရမည်ဖြစ်သည်။

လမ်းညွှန်မှုအဖြစ် ဘုရားသခင်၏နှုတ်တော်ထွက်ကို ကျွန်ုပ်တို့ရယူထားကြပါစို့။ “ထာဝရဘုရားမိန့်တော်မူသည်ကား” ဆိုသည့် တစ်ခုသောအရာကို ကျွန်ုပ်တို့ကြိုးပမ်းရှာဖွေကြပါစို့။ လူသား၏နည်းစနစ်များတို့ကို ကျွန်ုပ်တို့အလုံအလောက်ရရှိထားပြီးသားဖြစ်ပါသည်။ လောကီရေးဆိုင်ရာသိပ္ပံအတတ်ဖြင့်သာလျှင် လေ့ကျင့်ထားပြီးသောစိတ်အတွေးတစ်ခုသည် ဘုရားသခင်၏အရာများတို့ကို သိရှိနားလည်ကြရန်ပျက်ကွက်နေကြသော်လည်း၊ အလားတူသောစိတ်အတွေးသည် ပြောင်းလဲသက်ဝင်မှုရှိပြီး မွန်မြတ်စင်ကြယ်မှုရှိလာပါက နှုတ်ကပတ်တော်အတွင်းရှိ ဘုန်းတော်ရှင်တန်ခိုးတော်ကိုမြင်တွေ့ရမည်ဖြစ်သည်။ ဝိညာဉ်တော်၏အထွတ်အမြတ်ထားခြင်းအားဖြင့်သန့်ရှင်းစင်ကြယ်သွားသောစိတ်အတွေးနှင့် စိတ်နှလုံးသည်သာလျှင် ကောင်းကင်ဘုံနှင့်ဆိုင်သောအရာများတို့ကို ပိုင်းခြားနားလည်နိုင်မည်ဖြစ်သည်။

ညီအစ်ကိုတော်တို့ခင်ဗျား၊ သင်တို့၏တာဝန်များအတွက် နိုးထကြရန်၊ ကျွန်ုပ်သည် ထာဝရဘုရား၏နာမတော်အားဖြင့် သင်တို့အား အရေးတကြီးတောင်းခံပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်၌ သင်တို့၏စိတ်နှလုံးတို့ကို အည့်ခံခိုဝင်စေကြခြင်းဖြင့် နှုတ်ကပတ်တော်၏သင်ကြားပို့ချမှုများတို့သည် ၎င်းစိတ်နှလုံးတို့ထံတွင်အလွယ်တကူငြိသွားနိုင်ကြမည်ဖြစ်သည်။ ထိုနောက်တွင် သင်တို့သည် ဘုရားသခင်၏နက်နဲသောအရာများတို့၏အကြောင်းကို ပိုင်းခြားနားလည်နိုင်လာကြမည်ဖြစ်သည်။

သူ၏ဝိညာဉ်တော်၏နက်နက်နဲနဲလှုပ်ရှားမှုများ၏အောက်သို့ ထာဝရဘုရားသည် သူ၏လူစုတော်တို့ကို ဆောင်ယူတော်မူပါစေသော။ သူတို့၏အန္တရာယ်တို့ကိုတွေ့မြင်သိရှိကြပြီး၊ ကမ္ဘာမြေပေါ်သို့ကျရောက်လာမည့်ဖြစ်ရပ်များတို့အတွက် ပြင်ဆင်ထားကြရေးအတွက် ထိုသူတို့ကိုနှိုးဆော်တော်မူပါစေသော။

ကျွန်ုပ်တို့ကိုပေးသနားနိုင်မည့်အလင်းတရားနှင့် သမ္မာတရားများအနည်းငယ်မျှမရှိတော့ပါဆိုသည့်အတွေးမျိုးကို တဒင်္ဂမျှဖြင့်ပင် မတွေးထင်မိပါကြပါစေနှင့်။ ကျွန်ုပ်တို့သည် အထွတ်အမြတ်ဖြစ်သော သမ္မာတရားတော်၏တန်ခိုးကို လက်လွှတ်ဆုံးရှုံးခံနေရသည်ကို ဥပေက္ခာပြုခြင်းအပြင်၊ (ဗျာဒိတ် ၃း၁၇) တွင်ဖော်ပြထားသည့် “. . . ငါသည် ဥစ္စာရတတ်၏။ ဘဏ္ဍာများကိုဆည်းပူးပြီ။ တစ်စုံတစ်ခုကိုမျှမလို . . .” ဆိုသည့်အတွေးမျိုးဖြင့် မိမိကိုယ်ကိုမိမိကျေနပ်နေကြခြင်းတို့အားဖြင့် နမော်နမဲ့နိုင်သည့်အန္တရာယ်တွင်းသို့ ကျရောက်နေကြပါသည်။ ကျွန်ုပ်တို့လက်ခံရရှိထားပြီးကြသောသမ္မာတရားတော်တို့ကို ကျွန်ုပ်တို့မြဲမြဲစွာဖြင့် ကိုင်စွဲမိထားကြမည်ဆိုပါက၊





ဘုရားသခင်ကစေလွှတ်တော်မူမည့် မည်သည့်အသစ်သောအလင်းတရားကို သံသယစိတ်ဖြင့်မကြည့်မိကြပါစေနှင့်။

## စင်ကြယ်သောဩဝါဒ

စင်ကြယ်သောဩဝါဒနှင့်ပတ်သက်ပြီး ရှင်ပေါလုက တိမောသေထံသို့ရေးပို့ပေးသောစာကို (၂တိ ၄း၃–၅) တွင်၊ “အကြောင်းမူကား၊ နောင်ကာလ၌လူတို့သည် စင်ကြယ်သောဩဝါဒကိုနားမခံနိုင်ဘဲ ယားတတ်သောနားရှိလျှင်၊ မိမိတပ်မက်ခြင်းအတိုင်း များပြားသောဆရာတို့နောက်သို့လိုက်ကြလိမ့်မည်။ သမ္မာတရားကိုနားမထောင်ဘဲ၊ ဒဏ္ဍာရီစကားကိုနားထောင်၍ လွဲသွားကြလိမ့်မည်။ သင်မူကား၊ အရာရာ၌သမ္မာသတိရှိစေလော့။ ဆင်းရဲဒုက္ခကိုသည်းခံလော့။ သာသနာပြုဆရာဆောင်ရွက်ရသောအမှုကိုဆောင်ရွက်လော့။ ဓမ္မဆရာအရာ၌ခန့်ထား၍ ပြုရသောဝတ်များကို အကုန်အစင်ပြုလော့” ဟူ၍ဖော်ပြထားပါသည်။

“စင်ကြယ်သောဩဝါဒ” သည် သမ္မာကျမ်းစာဆိုင်ရာ သမ္မာတရားတော်ဖြစ်ပြီး၊ ထိုသမ္မာတရားတော်သည် ဘာသာတရားကိုင်းရှိုင်းမှုနှင့်ဆက်ကပ်အပ်နှံမှုတို့ကိုချီးမြှောက်ပေးသည့်အပြင်၊ ဘုရားသခင်၏လူစုတော်တို့ကိုယုံကြည်ခြင်းတွင် ခိုင်မာလာစေပါသည်။ စင်ကြယ်သောဩဝါဒသည် လက်ခံရရှိသူကို များစွာသောအဓိပ္ပါယ်တို့ဖြင့်ဖော်ဆောင်စေသည့်အပြင် ဆရာ၊ ဆရာမများ၊ ဖြောင့်မတ်ခြင်းတရားအကြောင်းကိုဝေငှသောအမှုတော်ဆောင်တို့ကိုပါ များစွာသောအဓိပ္ပါယ်မျိုးသက်ရောက်စေသည်အလျောက်၊ မည်သည့်နေရာမျိုးတွင်မဆို ဧဝံဂေလိတရားကိုဟောပြောပေးသောလုပ်ဆောင်သူတိုင်းသည် သူ၏အမှုတော်ဆောင်ရာနယ်ပယ်သည် မည်သို့သောအနေအထားမျိုးရှိစေကာမူ၊ ထို့အပြင် သူသည် ထာဝရဘုရား၏စေတမန်တော်အဖြစ် တာဝန်ယူမှုအနေအထားတွင်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အကျိုးသက်ရောက်မှုကိုခံစားရပါမည်။

တစ်ဖန်ရှင်ပေါလုက (၂တိ ၂း၁၁–၁၄) တွင်၊ “သစ္စာစကားဟူမူကား၊ ထိုသခင်နှင့်အတူသေလျှင်၊ အတူရှင်လိမ့်မည်။ သည်းခံလျှင်၊ ထိုသခင်နှင့်အတူစိုးစံလိမ့်မည်။ ထိုသခင်ကိုငါတို့သည်ငြင်းပယ်လျှင်၊ ငါတို့ကိုငြင်းပယ်တော်မူလိမ့်မည်။ ငါတို့သည် မယုံကြည်သော်လည်း၊ ထိုသခင်သည် သစ္စာတည်သဖြင့် ကိုယ်ကိုငြင်းပယ်တော်မမူနိုင်။ ဤအကြောင်းအရာများကို သူတစ်ပါးတို့အားသတိပေးလော့။ အဘယ်

အကျိုးကိုမျှမပြုစု၊ ကြားနာသောသူတို့၏စိတ်ကို မှောက်လှန်လိုသောငှာ စကားကြောင့်သာငြင်းခုံခြင်းကိုမပြောမည်အကြောင်း သခင်ဘုရားရှေ့၌သစ္စာပေးလော့" ဟူ၍ ဩဝါဒပေးထားခဲ့ပါသေးသည်။

ရှင်ပေါလု၏ခေတ်ကာလက အချို့သောသူတို့သည် သမ္မာတရားတော်ကိုနားထောင်ခဲ့ကြရင်း၊ သေရေးရှင်ရေးတမျှ အရေးပါခြင်းမရှိသောမေးခွန်းများတို့ကိုထုတ်ဖော်မေးမြန်းကြရင်း၊ လူတို့၏စိတ်ကူးတွေးတောမှုနှင့်ထင်မြင်ချက်များတို့ကိုဖြန့်ဝေကြကာ၊ ဧဝံဂေလိတရားဆိုင်ရာ ကြီးမားလှသည့်သမ္မာတရားတော်များတို့မှ ဆရာတို့၏စိတ်ကိုလမ်းလွဲသွားအောင်ကြိုးပမ်းအားထုတ်ကြရာ၌ မရှိမဖြစ်လိုအပ်ခြင်းမရှိသည့်အတွေးအခေါ်များအကြောင်းကိုဆွေးနွေးခြင်းနှင့် အရေးမပါသောငြင်းခုံမှုများတို့ကိုကျေအေးသွားစေခြင်းဆီသို့ ဦးတည်သွားစေပါသည်။ ဘုရားသခင်အတွက်လုပ်ဆောင်သူသည် ရန်သူ၏ပုံစံတီထွင်မှုကိုသိရှိနိုင်ရန်နှင့် လှည့်စားခံရခြင်း၊ သို့မဟုတ် လမ်းလွဲသွားစေသည့်အခြေအနေတို့ကို ငြင်းပယ်နိုင်ရန်အတွက် လုံလောက်သောလိမ္မာပါးနပ်မှုမျိုးရှိရမည်ကို ရှင်ပေါလုကသိရှိထားခဲ့ပါသည်။ အသက်ဝိညာဉ်များတို့၏ ပြောင်းလဲခြင်းသည် သူ၏အမှုတော်ဆောင်ခြင်း၏ဝန်ထုပ်ဝန်ပိုးဖြစ်ခဲ့ခြင်းကြောင့် သူသည် ဘုရားသခင်၏နှုတ်တော်ထွက်ကို ဟောပြောရမည်ဖြစ်သော်လည်း၊ အငြင်းပွားမှုကိုရှောင်ရှားရပါမည်။

ရှင်ပေါလုသည် (၂တိ ၂း၁၅၊၁၆) တွင်လည်း၊ "သင်မူကား၊ ဝန်ခံတော်မူသောသူ၊ ရှက်ကြောက်စရာအကြောင်းမရှိဘဲ သမ္မာတရားကိုမှန်ကန်စွာပိုင်းခြားတတ်သောဆရာသမားဖြစ်လျက်၊ ဘုရားသခင်ရှေ့၌ ကိုယ်ကိုကိုယ်ဆက်သခြင်းငှာ ကြိုးစားအားထုတ်လော့။ တရားမဲ့သောအချည်းနှီးစကားကိုရှောင်လော့။ အကြောင်းမူကား ထိုစကားသည် မတရားသောအမှုတို့ကိုပွားများစေလိမ့်မည်" ဟူ၍ တိမောသေထံသို့ဩဝါဒရေးသားပေးပို့ခဲ့ပါသေးသည်။

သခင်ခရစ်တော်၏ယခုခေတ်ကာလရှိ အမှုတော်ဆောင်များတို့သည်လည်း ထိုအန္တရာယ်မျိုးနှင့်အလားတူသောအန္တရာယ်ကို ရင်ဆိုင်နေရကြပါသည်။ စာတန်မာရ်နတ်သည် စိတ်အတွေးကိုလွဲမှားသောလမ်းကြောင်းဆီသို့ လမ်းလွဲသွားစေသည့်အလုပ်ကိုအဆက်မပြတ်လုပ်ဆောင်ခြင်းဖြင့် သမ္မာတရားသည် စိတ်နှလုံးပေါ်တွင်သက်ရောက်နေသည့်အင်အားကို ဆုံးရှုံးခံရတော့မည်ဖြစ်သည်။ ထို့အပြင် အကယ်၍သာ အမှုတော်ဆောင်များနှင့်လူများတို့သည် သမ္မာတရားဆိုင်ရာအလေ့အကျင့်မျိုးမရှိကြသည့်



အပြင်၊ မိမိတို့ကိုယ်ကို ၎င်းသမ္မာတရားတော်အားဖြင့် မွန်မြတ်သန့်ရှင်းစေခြင်းမရှိကြပါက စိတ်အတွေးအာရုံစူးစိုက်မှုနှင့်ပတ်သက်သည့် သေရေးရှင်ရေးတမျှမဟုတ်သည့်အရေးပါမှုနှင့်ပတ်သက်သည့်မေးခွန်းများတို့အပေါ် ထင်ကြေးပေးလိုစိတ်မျိုးဝင်လာစေကြမည်ဖြစ်သည်။ ဤလုပ်ရပ်သည် မရေမတွက်နိုင်သော မတူကွဲပြားသည့်အချက်အလက်များတို့ကို ဖြစ်ပေါ်လာစေသည့် အပြစ်ရှာခြင်းနှင့်ခိုက်ရန်ဒေါသဖြစ်ခြင်းတို့ဆီသို့ဦးတည်သွားစေမည်ဖြစ်သည်။

အရည်အချင်းပြည့်မီမှုရှိကြသောသူတို့သည် ကျမ်းစာတော်မြတ်ကိုလေ့လာရှာဖွေနေကြရာတွင် သင်ယူလေ့ကျက်မှုနှင့်ဆုတောင်းခြင်းအမှုတို့ကို ရာသက်ပန်ဆက်ကပ်အပ်နှံထားကြသည့်တိုင်၊ သမ္မာကျမ်းစာ၏များစွာသောအစိတ်အပိုင်းတို့ကို အပြည့်အဝဖြင့်စူးစမ်းရှာဖွေဖော်ထုတ်နိုင်ကြခြင်းမရှိသေးပါ။ ကျမ်းစာတော်မြတ်၏အချို့သောစာပိုဒ်များတို့ကို သခင်ခရစ်တော်က ရှင်းပြပေးတော်မူမည့် ကျွန်ုပ်တို့၏အနာဂတ်အသက်တာကာလသို့ရောက်ရှိသည်အထိ မည်သည့်အခါမျှ အပြည့်အဝဖြင့်၊ ကျွန်ုပ်တို့က ပိုင်းခြား၍သိနားလည်နိုင်ကြဦးမည်မဟုတ်ပါ။ ဖြေရှင်း၍မရနိုင်သော နက်နဲသောအရာများနှင့်လူသားတို့၏စိတ်အတွေးများတို့နှင့်လိုက်ဖက်နိုင်ခြင်းမရှိသည့် မြွက်ဆိုချက်အဆိုအမိန့်များလည်းရှိနေပါသေးသည်။ ဆွေးနွေး၍မရနိုင်သေးသည့် ပိုမိုကောင်းမွန်သောအချက်အလက်များအကြောင်းနှင့်ပတ်သက်ပြီး အငြင်းပွားမှုရှိစေရေးအတွက် ရန်သူက လှုံ့ဆော်နိုင်ရန်ကြိုးပမ်းအားထုတ်မည်သာဖြစ်သည်။

ဆက်ကပ်ခြင်းခံထားပြီးသော ဝိညာဉ်ရေးဆိုင်ရာအမှုတော်ဆောင်တစ်ဦးသည်သာမန်မျှသာဖြစ်သော အယူအဆဆိုင်ရာမတူကွဲပြားမှုများနှင့်ပတ်သက်သည့်တင်ပြမှုမျိုးကို ရှောင်ရှားသွားမည်ဖြစ်ပြီး၊ ကမ္ဘာလောကကြီးသို့ပေးကမ်းမည့် စမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ ကြီးကျယ်လှသောသမ္မာတရားတော်များတို့၏အကြောင်းကို ကြွေးကြော်ကြေညာခြင်းအမှုတွင် မိမိ၏စွမ်းအင်များတို့ကို ဆက်ကပ်အပ်နှံသွားမည်သာဖြစ်သည်။ သူသည် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနှုတ်တော်မူခြင်းနှင့်ပတ်သက်သည့်အမှုတော်အကြောင်းကို လူတို့အားညွှန်ပြပေးမည့်အပြင်၊ ဘုရားသခင်၏ပညတ်တော်တို့ကိုလည်းကောင်း၊ သခင်ခရစ်တော်ကြွလာတော်မူမည့်အချိန်နီးကပ်လာနေသည့်အကြောင်းတို့ကိုပါ ညွှန်ပြပေးဦးမည်ဖြစ်သည့်အလျောက်၊ ထိုအကြောင်းခြင်းရာတို့ကိုစဉ်းစားဆင်ခြင်စရာအတွက် လုံလောက်သည့်၊ လုံလောက်သောအစားအစာအဖြစ်မြင်တွေ့ရကြမည်ဖြစ်သည်။

ကျော်လွန်ခဲ့ပြီးသောတစ်ချိန်တွင် မရှိမဖြစ်သည့်လိုအပ်မှုမျိုးမဟုတ်သည့် စိတ်ကူးယဉ်ဆန်ဆန်အယူအဆများတို့ကို ကျွန်ုပ်တွေ့မြင်ခဲ့ရဖူးပါသည်။ ယုံကြည်သူတို့အနေဖြင့် မည်သည့်အရာဖြစ်လာမည်ကို သိသိကြီးဖြင့်ပင်ဆုတောင်းသင့်ကြသည်ဆိုသည့်အယူအဆမျိုးကို အချို့သောသူတို့သည် ထောက်ခံပြောဆိုကြပါသည်။ ရှေးကျလွန်းလှသည့်အချိန်ကာလက အထွတ်အမြတ်ဖြစ်သည့်အနေအထားဖြင့် အမှုတော်ဆောင်ခဲ့ကြသောသူတို့သည် သန့်ရှင်းရာဌာနအတွင်းသို့ ဝင်ရောက်သွားကြမည်ဆိုပါက သူတို့၏ကြိုးသိုင်းဖိနပ်တို့ကို အပြင်တွင်ချွတ်ထားခဲ့ရပြီး၊ သူတို့၏ခြေထောက်တို့ကိုဆေးခဲ့ရကြသည့်အလျောက်၊ ယခုခေတ်ယုံကြည်သူများတို့သည်လည်း ဘုရားရှိခိုကျောင်းအတွင်းသို့ ဝင်ရောက်ကြတော့မည်ဆိုလျှင်၊ အပြင်တွင် ဖိနပ်တို့ကိုချွတ်ထားသင့်ကြကြောင်းကို အခြားသောသူတို့က သင်ကြားပေးကြပါသည်။ အခြားသောသူတို့ကလည်း ဆဌမမြောက်ပညတ်တော်ဆယ်ပါးနှင့်ပတ်သက်ပြီး အင်းဆက်ပိုးကောင်များတို့သည် လူတို့ကိုအနှောင့်အယှက်ပေး၊ ဒုက္ခဖြစ်စေကြသည့်တိုင် ၎င်းတို့ကိုမသတ်ဖြတ်သင့်ကြောင်းကို ယခုထက်တိုင်ကြေညာချက်ထုတ်ပြန်နေကြပါသေးသည်။ ထို့အပြင်၊ အချို့တို့ကလည်း အရေးတကြီးကိစ္စရပ်တစ်ခုအဖြစ်၊ ကယ်ချွတ်ရွေးနုတ်ခြင်းခံရပြီးသောသူသည် မီးခိုးရောင်ဆံပင်မျိုးကိုမထားရှိသင့်ဆိုသည့် အယူအဆမျိုးကိုချမှတ်ထားတတ်ကြပါသည်။

ဤအယူအဆတို့သည် ဧဝံဂေလိတရားတော်၏ပထမဦးဆုံးသောအခြေခံစည်းမျဉ်းများတို့မှ သင်ကြားရယူလိုခြင်းမရှိသည့် စိတ်အတွေးတို့ကိုပေါ်ပေါက်လာစေကြောင်းကို ကျွန်ုပ်အနေဖြင့် ညွှန်ကြားခြင်းခံထားခဲ့ရပြီးဖြစ်ပါသည်။ ဤကဲ့သို့သောအယူအဆများတို့အားဖြင့် ရန်သူသည် ယခုအချိန်ကာလအတွက် ကြီးမားသောသမ္မာတရားတော်တို့ကို အမှောင်ထုဖြင့်ကွယ်သွားစေရန်အတွက် ကြိုးပမ်းလုပ်ဆောင်နေပါသည်။

သာမန်ကိစ္စရပ်များအတွက်ပြောဆိုရာတွင် ဘုရားသခင်၏နှုတ်တော်ထွက်ဆိုင်ရာကြီးမြတ်လှသောသမ္မာတရားတော်များတို့ကို ဝကွက်ချန်ထားပြီး၊ သူတို့၏ဟောပြောမှုကိုလုပ်ဆောင်ကြသောသူတို့သည် ဧဝံဂေလိတရားတော်ကိုဟောပြောခြင်းမမည်ဘဲ၊ အသုံးမကျသော မဟုတ်မမှန်လုပ်ရပ်မျိုးတွင် ပါဝင်ပတ်သက်နေကြခြင်းသာဖြစ်ပါသည်။ ထိုကဲ့သို့သောကိစ္စရပ်များနှင့်ပတ်သက်သည့် ဆွေးနွေးမှုများအတွက်၊ ကျွန်ုပ်တို့၏အမှုတော်ဆောင်များတို့အား အချိန်မကုန်ကြပါစေနှင့်။ သူတို့အနေဖြင့် မည်သည့်အရာကိုသင်ကြားပို့ချသင့်သည်၊ မည်သည့်အကြောင်းအရာများတို့အပေါ်တွင် အခြေတည်



ရကြမည်ဆိုသည့်အကြောင်းတို့နှင့်စပ်လျဉ်း၍ မေးခွန်းအချို့ကိုသူတို့အမေးခံရကြပါက မဟာဆရာကဝိတော်ကြီး၏ဟောပြောပို့ချတော်မူချက်တို့ကိုရယူပြီး၊ သူ၏တွေးခေါ်တော်မူရာလမ်းကြောင်းအတိုင်း နာခံလိုက်လျှောက်ကြပါစေ။ မရှိမဖြစ်လိုအပ်သည့်အကြောင်းခြင်းရာများအဖြစ် သခင်ခရစ်တော်ရှုမြင်တော်မူခဲ့သည့်အကြောင်းခြင်းရာတို့ကို ယခုတွင်ပင် ကျွန်ုပ်တို့၏မွေးရပ်မြေတွင် တိုက်တွန်းအသိပေးရကြပါမည်။ ထာဝရကာလတည်ရှိနေမည့် ထိုအကြောင်းအရာတို့အပေါ် တည်မှီနေကြရန်အတွက် ကျွန်ုပ်တို့၏ဟောပြောပို့ချမှုတို့ကို နာကြားနေကြသောသူတို့ကို ကျွန်ုပ်တို့က အားပေးတိုက်တွန်းရကြပါမည်။

တစ်ခါက ညီအစ်ကိုတော်တစ်ယောက်သည် ကမ္ဘာမြေကြီးကပြားနေပါသည်ဆိုသည့်သတင်းစကားဖြင့် ကျွန်ုပ်ထံသို့ရောက်ရှိလာခဲ့သောအခါ၊ သခင်ခရစ်တော်က သူ၏တပည့်တော်တို့အား ပေးအပ်တော်မူခဲ့သည့် (မဿဲ ၂၈း၁၉၊၂၀) တွင်ဖော်ပြထားသော “သင်တို့သွား၍ လူမျိုးတကာတို့ကိုငါ့တပည့်ဖြစ်စေလျက်၊ . . . ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်. . .” ဆိုသည့်အထူးတာဝန်ကို ထိုသူအားပေးအပ်ရန် ညွှန်ကြားခြင်းခံခဲ့ရပါသည်။ ကမ္ဘာမြေကြီးပြားနေသည်ဆိုသည့်အတွေးအခေါ်နှင့်ပတ်သက်ပြီး အသက်ဝိညာဉ်တိုင်းတို့အား ဘုရားသခင်က “ထိုအရာသည် သင်တို့အတွက်အဘယ်အရာဖြစ်သနည်း။ ငါ၏နောက်သို့လိုက်ကြလော့။ သင်တို့အတွက် အထူးဆောင်ရွက်ရန်ငါအပ်ပေးခဲ့ပြီးဖြစ်သည်။ ငါတို့၏အမှုကိုထမ်းရွက်ခြင်းမဟုတ်သော အမှုရေးရာတို့အပေါ်တွင်တည်မနေကြဘဲ၊ ယခုကာလအတွက် သမ္မာတရားဆိုင်ရာ ကြီးမားသောစစ်ဆေးစီရင်မှုအပေါ် တည်နေကြကုန်လော့” ဟူ၍မိန့်တော်မူပါသည်။

မြေကြီးသစ်ပေါ်တွင် မည်သည့်အခြေအနေများတို့သည် ရေပန်းစားနေကြမည်ဆိုသည့် ထင်ကြေးပေးမှုမျိုးအတွက် ဘုရားသခင်အတွက်အမှုတော်ဆောင်ကြသူများတို့အနေဖြင့် အချိန်ကိုမဖြုန်းတီးသင့်ကြပါ။ သက်သေအထောက်အထားမရှိသည့်စိတ်မှန်းသက်သက်မျှသာဖြစ်သောအရာများနှင့် ထာဝရဘုရားက ထုတ်ဖော်ပြသတော်မူခဲ့ခြင်းမရှိသည့်အကြောင်းအရာများနှင့်ပတ်သက်သည့် အတွေးအခေါ်ယူဆချက်တို့အပေါ်၊ မွေ့လျော်လိုကြခြင်းသည် အတင့်ရဲလွန်းကြခြင်းပင်ဖြစ်ပါသည်။ အနာဂတ်အသက်တာတွင် ကျွန်ုပ်တို့၏ပျော်ရွှင်မှုအတွက် ထာဝရဘုရားသည် ကြိုတင်စီမံထားစရာတိုင်းတို့ကို လုပ်ဆောင်ထားတော်မူပါသည်။ ကျွန်ုပ်တို့အနေဖြင့်လည်း ကျွန်ုပ်တို့

အတွက် သူ၏အစီအစဉ်တော်နှင့်ပတ်သက်ပြီး ထင်ကြေးပေးခြင်းကိုမပြုလုပ်ရပါ။ လက်ရှိအသက်တာ၏အခြေအနေများတို့အားဖြင့် လာမည့်အနာဂတ်အသက်တာအနေအထားကို တိုင်းတာခြင်းမပြုရပါ။

အမှုတော်ကိုထမ်းရွက်နေကြသောညီအစ်ကိုတော်တို့ကို ကျွန်ုပ်ပြောလိုသည်မှာ၊ နှုတ်ကပတ်တရားတော်ကိုဟောပြောလော့ ဆိုသည့်အချက်ပင်ဖြစ်ပါသည်။ သစ်သား၊ မြက်ခြောက်နှင့်ရိုးပြတ်များတို့ဖြင့် အခြေခံအုတ်မြစ်ကိုမချပါနှင့်။ ၎င်းတို့သည် မည်သူ့ကိုမျှအကျိုးမပြုသည့် သင်၏ကိုယ်ပိုင်တွေးဆမှုများနှင့် ထင်ကြေးပေးခြင်းအရာများသာဖြစ်ပါသည်။ သေရေးရှင်ရေးတမျှ အရေးပါလှသည့်အကြောင်းအရာများတို့သည် ဘုရားသခင်၏နှုတ်တော်ထွက်အတွင်း အထင်အရှားပြသထားခြင်းခံရပြီး ဤအကြောင်းအရာများတို့သည် ကျွန်ုပ်တို့၏လေးနက်မှုအရှိဆုံးသောတွေးခေါ်မှုနှင့် ထိုက်တန်မှုရှိကြပါသည်။ သို့သော်လည်း ဘုရားသခင်က မြွက်ဟထားတော်မူခဲ့ခြင်းမရှိသည့်ကိစ္စရပ်များအတွင်း အရေးကြီးကိစ္စအဖြစ် ကျွန်ုပ်တို့ကစူးစမ်းရှာဖွေခြင်းမပြုလုပ်ရပါ။

ကျွန်ုပ်တို့က မသေချာသည့်အကြောင်းအရာနှင့်ပတ်သက်ပြီး မေးခွန်းများထွက်ပေါ်လာပါက၊ ကျမ်းစာကမည်သို့လာသနည်းဆိုသည့်အမေးကို ကျွန်ုပ်တို့မေးမြန်းကြပါစို့။ မေးခွန်းထုတ်စရာအကြောင်းနှင့်ပတ်သက်ပြီး အကယ်၍ကျမ်းစာတော်မြတ်က မည်သို့မျှဖော်ပြထားခြင်းမရှိပါက ၎င်းအကြောင်းနှင့်ပတ်သက်ပြီး ဆွေးနွေးစရာဖြစ်ပေါ်မလာပါစေနှင့်။ တစ်စုံတစ်ရာသောဆန်းသစ်မှုမျိုးကို လိုလားတောင့်တနေကြသောသူတို့အနေဖြင့် အသစ်သောမွေးဖွားခြင်းအားဖြင့် အကျိုးဖြစ်ထွန်းလာသည့်အသက်တာ၏သစ်လွင်မှုကို ကြိုးပမ်းအားထုတ်ရယူကြပါစေ။ သမ္မာတရားတော်ကိုနာခံလိုက်လျှောက်ပြီး၊ သခင်ခရစ်တော်က ပေးအပ်ထားတော်မူသည့် ညွှန်ကြားချက်နှင့်သဟဇာတဖြစ်အောင်ကျင့်ကြံခြင်းဖြင့် သူတို့သည် သူတို့၏အသက်တာကိုစင်ကြယ်သန့်ရှင်းကြပါစေ။

တရားစီရင်ခြင်းအချိန်အတွင်း၊ "ငါ၏ပညတ်တော်များတို့ကို သူတို့သည် နာခံလိုက်လျှောက်မှုရှိကြပါသလား" ဆိုသည့်မေးခွန်းမျိုးဖြင့်သာ မေးမြန်းခံရကြပါမည်။ ဘုရားသခင်၏မဟာအစီအစဉ်တော်တွင် အရေးမပါသည့်မေးခွန်းများအပေါ် အရေးမပါသောခိုက်ရန်ဖြစ်ပွားမှုနှင့် အချေအတင်ငြင်းခုံခြင်းများတို့ပါဝင်ခြင်းမရှိပါ။ သမ္မာတရားတော်ကိုပို့ချသင်ကြားပေးကြသောသူတို့သည် ခိုင်မာသောစိတ်အတွေးများရှိရကြမည့်အပြင် သူတို့၏ပို့ချမှုတို့ကို နာကြားကြသောသူတို့ကို ဆူးပန်းခင်းများ



အတွင်းသို့ ဦးဆောင်ခြင်းပြုကြမည့်သူများမဟုတ်ရဘဲ၊ ထိုနေရာ၌တွင်ပင် သူတို့အားထားရစ်ခဲ့ခြင်းမရှိရပါ။

အပြစ်တရားအတွက် အပြစ်ဖြေခြင်းတစ်ခုအဖြစ် သခင်ခရစ်တော်၏အသေခံဆက်ကပ်ပူဇော်ခံခြင်းသည် အခြားသောသမ္မာတရားများတို့၏စုပြုံဝန်းရံထားခြင်းကိုခံရသည့် မဟာသမ္မာတရားတော်သာဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်တော်ထွက်ဖြစ်သောကမ္ဘာဦးကျမ်းမှဗျာဒိတ်ကျမ်းအထိ ဖော်ပြထားခြင်းခံရသောသမ္မာတရားတော်တိုင်းကို မှန်ကန်စွာနားလည်နိုင်ရန်နှင့် ဂုဏ်ယူအသိအမှတ်ပြုနိုင်ရန်အတွက် ထိုသမ္မာတရားတို့ကို ကရာနိကုန်းတော်ရှိ ကပ်တိုင်တော်မှစီးဆင်းလာသည့် အလင်းတော်အတွင်း၌သာလျှင် လေ့ကျက်သင်ယူရကြမည်ဖြစ်သည်။ ဘုရားသခင်၏သားတော်က ကပ်တိုင်တော်ပေါ်၌ မြှောက်ထားပေးတော်မူခဲ့ပြီးသော ကရုဏာတော်နှင့်အားအင်ပြန်လည်ပြည့်ဝလာမှုအပြင်၊ ကယ်တင်ခြင်းနှင့်အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနုတ်တော်မူခြင်းအကြောင်းတို့နှင့်ပတ်သက်သည့် ကြီးကျယ်ပြီးထည်ဝါခံ့ညားသောအထိမ်းအမှတ်မော်ကွန်းတိုင်ကြီးကို သင်တို့၏ရှေ့မှောက်တွင် ကျွန်ုပ်ပြသထားပါသည်။ ဤအချက်သည် ကျွန်ုပ်တို့အမှုတော်ဆောင်များတို့ကပေးဝေကြမည့် ဟောပြောပို့ချချက်တိုင်း၏အခြေခံအုတ်မြစ်ဖြစ်ရပါမည်။

ယခုအခါတွင် လူတို့၏လိုချင်တောင့်တမှုများတို့ကို နားလည်နိုင်သောသူနှင့် သူတို့၏လိုအပ်ချက်များအတွက် ဖြည့်ဆည်းပေးကြမည့်အမှုတော်ဆောင်မျိုးကို လူသားတို့က လိုအပ်နေကြပါသည်။ သခင်ခရစ်တော်၏သစ္စာရှိအမှုတော်ဆောင်မည်သည်မှာနယ်စွန်နယ်ဖျားနေရာများတိုင်းတို့အထိ သူ၏အပေါင်းအသင်းတို့အားသတိပေးရန်၊ ကြိုးစားအားထုတ်ကြစေရန်၊ အကြံပေးရန်၊ တောင်းပန်တိုးလျှိုးရန်နှင့်တိုက်တွန်းအားပေးရန်အတွက် စောင့်ကြပ်ကြည့်ရှုနေရာတွင် သူသည် လူတိုင်းတို့ကို သခင်ခရစ်တော်၌ကုံလုံပြည့်စုံသည့်သူများအဖြစ် ဖော်ပြနိုင်ရန်အတွက်၊ သူနှင့်အတူ အားပါးတရလုပ်ဆောင်တော်မူသည့် ဘုရားသခင်၏ဝိညာဉ်တော်နှင့်အတူလုပ်ဆောင်နေပါသည်။ ထိုကဲ့သို့သောသူတစ်ယောက်ကို ကောင်းကင်နိုင်ငံတော်တွင် သခင်ခရစ်တော်၏ကြီးမားသောစံနမူနာတော်ဆိုင်ရာ ခြေလှမ်းများအတိုင်း၊ လျှောက်လှမ်းနေသည့်အမှုတော်ဆောင်တစ်ယောက်အဖြစ်ဖြင့် အသိအမှတ်ပြုခြင်းခံရမည်သာဖြစ်သည်။ "Testimonies for the Church," vol. 4, p. 416.

## တစ်ယူသန်ဝါဒ

အဆုံးတိုင်သောကာလသို့ နီးကပ်လာနေပြီဖြစ်၍၊ ရန်သူသည် ကျွန်ုပ်တို့အတွင်း တစ်ယူသန်ဝါဒကိုပြဋ္ဌာန်းနိုင်ရေးအတွက် သူ၏စွမ်းအားအပြည့်ဖြင့် လုပ်ဆောင်မည်ဖြစ်ပါသည်။ သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ဝင်များတို့သည် အယူသီးသူများအဖြစ်ဖြင့် ကမ္ဘာလောကကြီးက တံဆိပ်ခတ်နှိပ်ခြင်းခံရကြရေးဆီသို့ ဦးတည်သွားစေသည့် ထိုကဲ့သို့မျိုးအစွန်းရောက်မှုအခြေအနေသို့ ရောက်ရှိသွားကြသည်ကို ထိုရန်သူကအားရဝမ်းသာရှိနေမည်သာဖြစ်သည်။ ဤအန္တရာယ်နှင့်ပတ်သက်ပြီး၊ အမှုတော်ဆောင်များနှင့် သာမန်အသင်းဝင်များတို့က ရင်ဆိုင်တွန်းလှန်ကြရေးအတွက် ကျွန်ုပ်တိုက်တွန်းပြောကြားခြင်းခံနေရပါသည်။ ကျွန်ုပ်တို့၏အလုပ်မှာ အမျိုးသားများနှင့်အမျိုးသမီးတို့အနေဖြင့် မှန်ကန်သည့်အခြေခံအုတ်မြစ်ပေါ်တွင်တည်ဆောက်ကြရန်နှင့် သူတို့၏ခြေထောက်တို့ကို "ထာဝရဘုရားမိန့်တော်မူသည်ကား" ဆိုသည့်လွင်ပြင်ပေါ်တွင် နေရာယူထားကြရန်အတွက်ဖြစ်ပါသည်။

၁၈၄၄ ခုနှစ်တွင် ကျွန်ုပ်တို့သည် အကူအညီပေးမှုတိုင်းတွင် တစ်ယူသန်ဝါဒနှင့်သာကြုံတွေ့ခဲ့ရကြသော်လည်း၊ "စိတ်လှုပ်ရှားမှု၏ကြီးမားသောလှိုင်းတံပိုးရိုက်ခတ်မှုသည် အမှုတော်ကိုထိခိုက်အနာတရဖြစ်စေပါသည်။ သင်၏ခြေထောက်တို့ကို သခင်ခရစ်တော်၏ခြေတော်ရာများအတိုင်း လျှောက်လှမ်းပေးပါ" ဆိုသည့် နှုတ်ထွက်စကားတော်သည် ကျွန်ုပ်ထံသို့အစဉ်အမြဲရောက်ရှိနေခဲ့ပါသည်။ ဤသို့အားဖြင့် ကြီးမားသောစိတ်လှုပ်ရှားမှု၏အောက်တွင် ထူးခြားသောအမှုတော်သည် ပြီးစီးမြဲရှိခဲ့ပါသည်။ ထူးခြားပြီးစိတ်ကူးယဉ်ဆန်သည့်ဩဝါဒများကို ပြဋ္ဌာန်းကြရန်အတွက်၊ ဤအခွင့်အရေးကိုတိုးတက်ကောင်းမွန်အောင်လုပ်ကြလေဟန်၊ မွမ်းမံကြသောသူများရှိကြပါသည်။ ဤသို့အားဖြင့် စင်ကြယ်သောဩဝါဒနှင့်ပတ်သက်သည့် ကြေညာကြွေးကြော်ခြင်းအတွက်တံခါးပိတ်သွားပါတော့သည်။

မြို့ကြီးများတို့တွင် ထာဝရဘုရား၏အမှုတော်ကို ဆောင်ရွက်ကြသောသူတို့သည် စိတ်လှုပ်ရှားမှုနှင့်တစ်ယူသန်ဝါဒတို့ကိုတားဆီးရန်အတွက် တံခါးတို့ကိုပိတ်ပြီးမင်းတုပ်ချ၊ ချက်ထိုးထားရကြပါမည်။ အမှုတော်ဆောင်များတို့အနေဖြင့် အထိတ်တလန့်ဖြစ်ရပ်တစ်ခုကိုဖန်တီးစေသည့် စကားလုံးအသုံးအနှုန်းမျိုးပါရှိသော အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သတိပေးထုတ်ပြန်ခြင်းမျိုးကိုမပြုလုပ်ရပါ။ ကောက်ကျစ်ယုတ်မာသော





မြို့ကြီးများတို့အပေါ် အဆင့်မြင့်လှသောစွပ်စွဲရှုတ်ချပြစ်ဒဏ်စီရင်ခြင်းကို လုပ်ဆောင်တော်မူရန်အတွက် ထာဝရဘုရားသည် အဆင်သင့်ဖြစ်တော်မူသောအခါ သူသည်သူ၏လူစုတော်တို့အား အသိပေးတော်မူမည်ဖြစ်သည်။ သို့သော်လည်း ထိုသို့လုပ်ဆောင်တော်မူခြင်းသည် ထာဝရကာလတည်တံ့မည့်အသက်တာဆီသို့ ပြောင်းလဲသွားစေသည့်နှုတ်တော်ထွက်ကိုကြားသိရပြီး၊ လက်ခံရယူနိုင်သည့်အခွင့်အရေးမျိုးကို မြို့ကြီးများကရရှိကြပြီးမှ ဖြစ်ပေါ်လာမည်ဖြစ်သည်။

ယခုအခါ ကျွန်ုပ်တို့၏အလုပ်မှာ ကျမ်းစာတော်မြတ်ဆိုင်ရာ သမ္မာတရားတော်တို့ကို ဂရုပြုကြရေးအတွက် စိတ်အတွေးများတို့ကို အသိကြွယ်လာကြစေရေးဖြစ်ပါသည်။ သမ္မာတရားတော်၏ဝင်လမ်းအတွက် တံခါးများတို့ကိုဖွင့်လှစ်ထားရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့အနေဖြင့်လည်း အသက်ဝိညာဉ်များတို့ထံသို့ ရောက်ရှိသွားစေသည့်အခွင့်အလမ်းတိုင်းအတွက် မိမိတို့ကိုယ်ကိုမိမိတို့ ထောက်ကူပေးရကြပါမည်။ သခင်ခရစ်တော်လုပ်ဆောင်တော်မူခဲ့သကဲ့သို့ ကျွန်ုပ်တို့သည် ပုံစံများနှင့်ဥပမာစကားများတို့ကိုအသုံးပြုကာ၊ များစွာသောနည်းလမ်းတို့ဖြင့် သမ္မာတရားတော်ကို ရှင်းလင်းပြောကြားရကြပါမည်။

လူများတို့အနေဖြင့် ဘုရားသခင်၏နှုတ်တော်ထွက်တို့ကို မိမိတို့ဘာသာမိမိတို့ရှာဖွေတတ်ကြရန်အတွက် သင်ကြားပို့ချမှုကို ခံယူရကြမည်ဖြစ်သည့် ဖြောင့်မတ်ခြင်းတရားစီးဝင်သွားရန်နှင့် လုံခြုံမှုရှိစေရန်အတွက် ထိုသူတို့အား အသင်းအုပ်ဆရာများနှင့်ကျောင်းဆရာ၊ ဆရာမများတို့က တောင့်တင်းခိုင်ခံ့သည့်ခံတပ်ဆီသို့ ညွှန်ပြပေးရကြပါမည်။ နှုတ်ကပတ်တော်၏ကြီးကျယ်ပြီး ထည်ဝါခန့်ညားကာ၊ မြင့်မြတ်သည့်သမ္မာတရားတော်တို့ကိုကိုင်စွဲထားကြသောသူတို့အနေဖြင့် နက်ရှိုင်းပြီးထက်သန်မှုရှိကာပြင်းပြသည့်စိတ်ဓာတ်မျိုးကို အစဉ်အမြဲပြသရမည်ဖြစ်သော်လည်း ငြင်းဆိုတတ်သူတို့၏ပါးစပ်ပေါက်များ ရပ်တန့်ပိတ်ဆို့သွားကြရန်အတွက် ထိုတရားတော်ကိုကိုင်စွဲထားကြသောသူတို့သည် တည်ကြည်မှုရှိပြီး၊ ပြည့်ဝသည့်စင်ကြယ်သောစိတ်အစဉ်မျိုးရှိရကြပါမည်။

နှုတ်ကပတ်တော်ကိုအနီးကပ်သင်ကြားရယူနေကြသော စာသင်သားများတို့သည် နှိမ့်ချမှုရှိသောစိတ်ဝိညာဉ်မျိုးဖြင့် သခင်ခရစ်တော်၏နောက်တော်သို့လိုက်လျှောက်ကြခြင်းဖြင့် တစ်ဖက်စွန်းအနေအထားဆီသို့ ရောက်ရှိသွားကြမည်မဟုတ်ပါ။ ကယ်တင်တော်မူသောအရှင်သည် တစ်ဖက်စွန်းအနေအထားဆီသို့ မည်သည့်အခါမျှရောက်ရှိ

တော်မူခဲ့ခြင်းမရှိသည့်အပြင်၊ မိမိကိုယ်ကိုမိမိထိန်းချုပ်မှုကို လက်လွှတ်ခံတော်မူခဲ့ခြင်းမရှိသည်သာမက ကောင်းစွာရွေးချယ်နိုင်သော စွမ်းရည်ဆိုင်ရာပညတ်တရားကိုလည်း မည်သည့်အခါမျှချိုးဖောက်တော်မူခဲ့ခြင်းမရှိပါ။ မည်သည့်အခါတွင်မြွက်ဆိုတော်မူရပြီး၊ မည်သည့်အချိန်တွင် ပါးစပ်ပိတ်ထားတော်မူရမည်ကို သိရှိတော်မူခဲ့ပါသည်။ သူသည် အစဉ်အမြဲတည်ငြိမ်မှုရှိတော်မူပါသည်။ လူသားတို့အပေါ်တွင်၊ သို့မဟုတ် သမ္မာတရားတော်နှင့်ပတ်သက်လျှင်သော်လည်းကောင်း သူသည် မည်သည့်အခါမျှ အမှားပြုလုပ်တော်မူခဲ့ခြင်းမရှိပါ။ သူသည် အပြင်ပန်းသွင်ပြင်လက္ခဏာမျိုးများအားဖြင့် မည်သည့်အခါမျှ အလှည့်စားခံတော်မမူခဲ့ပါ။ သူသည် ရှင်းလင်းလှစွာသော မလျော်ကန်သည့်မေးခွန်းမျိုးကို မည်သည့်အခါမျှအစဖော်ပေးတော်မူခြင်းမရှိသည့်အပြင်၊ ဆိုလိုရင်းအဓိပ္ပါယ်ကိုရောက်ရှိမသွားနိုင်သည့်အဖြေမျိုးကိုလည်း ပေးတော်မူခြင်းမရှိခဲ့ပါ။ အပြင်ပန်းသဘောသဘာဝ၏အောက်တွင်ရှိနေသောအရာများနှင့် စိတ်နှလုံးဆီသို့အထိ၊ ထိုးဖောက်နားလည်နိုင်တော်မူစွမ်းနှင့် စိတ်အတွေးအတွင်းသို့ အလင်းတရားကိုထိုးဖောက်လင်းလက်စေတော်မူပြီး ကိုယ်ကိုကိုယ်သိသောစိတ်ကို နိုးထစေတော်မူခြင်းအားဖြင့် သူသည် အပြစ်ရှာတတ်ကြသည့် ယဇ်ပုရောဟိတ်တို့၏အသံကို တိတ်ဆိတ်သွားစေတော်မူပါသည်။

သခင်ခရစ်တော်၏စံနမူနာတော်အတိုင်း လိုက်လျှောက်ကြသောသူတို့သည် မည်သည့်အခါမျှ အစွန်းရောက်သူများဖြစ်ကြမည်မဟုတ်ပါ။ သူတို့သည် တည်ငြိမ်မှုနှင့်မတုန်မလှုပ်အနေအထားတို့ကို ပြုစုပျိုးထောင်ကြမည်ဖြစ်ပါသည်။ သခင်ခရစ်တော်ထံတော်တွင် တွေ့မြင်ခဲ့ရသည့်ငြိမ်သက်ခြင်းချမ်းသာမျိုးကို သူတို့ထံတွင်မြင်တွေ့ရကြမည်ဖြစ်သည်။

## မိမိကိုယ်ကိုမိမိယုံကြည်စိတ်ချခြင်း

လက်ရှိသမ္မာတရားတော်အကြောင်းနှင့်ပတ်သက်ပြီး နှစ်အနည်းငယ်အတွင်း မပြည့်စုံသေးသောအတွေ့အကြုံမျိုးသာရှိကြသေးသော ငယ်ရွယ်သူများတို့အနေဖြင့် ဘုရားသခင်၏အမှုရေးရာတော်နှင့် ကံတူအကျိုးပေးအသက်တာမျိုးရှိကြပြီး၊ ထိုအမှုရေးရာတော်တွင် နှစ်ပေါင်းများစွာဖြင့် တက်ကြွသည့်အခန်းကဏ္ဍတွင် ပါဝင်လုပ်ဆောင်ခဲ့ကြသောသူများတို့၏ထင်မြင်ချက်နှင့် သဘောထားများတို့ကို မတူကွဲပြားသောအနေအထားမျိုးတို့ဖြင့်ရယူကြရာတွင် သိမ်မွေ့နူးညံ့သည့်သွင်ပြင်တစ်ရပ်ကို ပြသသင့်ကြပါသည်။ ဘုရားသခင်သည် သူ၏အထွတ်အမြတ်ဖြစ်ပြီး၊ အရေးကြီးလှသည့်အမှုတော်တွင်ဦးဆောင်ရန်အတွက် ရင့်ကျက်မှုမရှိသော ထင်မြင်ဆုံးဖြတ်ချက်ချတတ်သောသူများနှင့် မိမိကိုယ်ကိုမိမိ ကြီးကြီးကျယ်ကျယ်ယုံကြည်စိတ်ချတတ်ကြသောသူများတို့ကို ရွေးချယ်တော်မမူပါ။ ဆင်းရဲဒုက္ခများ၊ စစ်ဆေးစုံစမ်းမှုများ၊ အတိုက်အခံပြုမှုနှင့်ဆင်းရဲနွမ်းပါးမှုများတို့ကို ဖြတ်သန်းခဲ့ရဖူးခြင်းမရှိသည့်အပြင်၊ လက်ရှိကြွယ်ဝချမ်းသာမှုအနေအထားအပေါ်အခြေခံသည့်အလုပ်မျိုးကို ပြန်လည်လုပ်ဆောင်လိုစိတ်ကို တောင့်ခံထားနေရကြသောသူတို့အနေဖြင့် ဆင်ဆင်ခြင်ခြင်နေထိုင်တတ်မှုနှင့် စိတ်နှိမ့်ချခြင်းတို့ကို ပြုစုပျိုးထောင်သင့်ကြပါသည်။ သူတို့အနေဖြင့် မည်ကဲ့သို့ချိုးမြှောက်ခံထားခဲ့ရသည်ကို စဉ်းစားသတိမူရကြမည်ဖြစ်ပြီး၊ ထိုအနေအထားမှဖြုတ်ချခံရမည့်အရေးကို စိုးရိမ်ရကြပါသည်။ သူတို့အပေါ်တွင် ထွန်းလင်းတောက်ပနေသည့် သမ္မာတရားတော်၏ရှင်းလင်းလှသောအလင်းတရားအတွက် သူတို့သည် တာဝန်ခံမှုရှိရကြပါမည်။

အချို့သောသူတို့သည် သူတို့အတွက်အပြင်းထန်ဆုံးသောတိုက်ပွဲများကို ဆင်နွှဲပေးကြပြီး၊ အမှုတော်သည် ခက်ခဲသည့်အခြေအနေမျိုးတွင် သတင်းစကားတော်ကိုပြောကြားပေးကြသည့်အစပိုင်း၌ အထူးကြံ့ကြံ့ခံရင်ဆိုင်ပေးကြသောသူတို့အပေါ်တတွတ်တွတ်မြည်တွန်တောက်တီးနေကြသည့်အနေအထားမျိုးကို ဘုရားသခင်က နှစ်မြို့တော်မူခြင်းမရှိသည်ကို ကျွန်ုပ်သိရှိခဲ့ရပါသည်။ တာဝန်၏လေးပင်မှုနှင့်ဖိနှိပ်ချုပ်ချယ်မှုဝန်ထုပ်ဝန်ပိုးတို့၏အောက်တွင် အားသွန်ခွန်စိုက်လုပ်ဆောင်ရကြသော်လည်း ကူညီပံ့ပိုးမှုအနည်းအကျဉ်းသာရရှိကြသော အတွေ့အကြုံပြည့်ဝသည့်လုပ်ဆောင်သူများတို့ကို ဘုရားသခင်သည် စေ့စေ့စပ်စပ်ဖြင့်ဂရုပြုတော်မူပြီး၊ သစ္စာစောင့်သိမှုကိုပြသကြသောသူတို့အပေါ် သတိကြီးစွာဖြင့် စောင့်ရှောက်တော်မူပါသည်။ လက်ရှိသမ္မာတရားတော်၏အရေးအရာတော်ကို တည်ဆောက်ခြင်းအမှုတွင် ထုံထိုင်းညံ့ဖျင်းလာကြသည့် ဘုရားသခင်၏အစေကျွန်များတို့အား အပြစ်ရှာပြီးသိက္ခာချရန် အဆင်သင့်ရှိနေကြသောသူတို့ကိုလည်း ဘုရားသခင်သည် နှစ်မြို့တော်မူခြင်းမရှိပါ။ သင်တို့၏အပြစ်တင်ပြောဆိုမှုနှင့်မြည်တွန်တောက်တီးမှုများတို့အတွက် ဘုရားသခင်၏နေ့ရက်တော်ကြီးတွင် ငယ်ရွယ်သူတို့သည် သင်တို့၏အခြားတစ်ဖက်၌ အမှန်တကယ်ဆန့်ကျင်ရပ်တည်ကြမည်ဖြစ်သည်။

## ငယ်ရွယ်သူအမှုတော်ဆောင်များတွင်ရှိနေသည့်စိတ်နှိမ့်ချခြင်း

ဘုရားသခင်သည် သင့်အပေါ်သို့လေးလံသည့်တာဝန်ယူရမှုများတို့ကို တင်ထားတော်မူခြင်းမရှိသမျှကာလပတ်လုံး၊ လက်ရှိနေရာမှနေပြီး ထွက်ခွာသွားခြင်း၊ သင်တို့၏ကိုယ်ပိုင်အမှီအခိုကင်းသည့် ထင်မြင်ဆုံးဖြတ်ချက်အပေါ်အားထားခြင်းနှင့် သင်တို့နှင့်အံဝင်ခွင်ကျမဖြစ်သေးသည့် တာဝန်ယူမှုများတို့ကို တာဝန်ယူလက်ခံဆောင်ရွက်ခြင်းမပြုပါနှင့်။ သင်တို့အနေဖြင့် သတိရှိမှုနှင့်နှိမ့်ချမှုစိတ်ထားတို့ကို ပြုစုပျိုးထောင်ပေးပြီး၊ ဆုတောင်းခြင်းတွင် လုံ့လဝီရိယရှိရန်လိုအပ်ပါသည်။ ဘုရားသခင်နှင့်ပိုမိုနီးကပ်စွာရှိနေလေ၊ သင်တို့အနေဖြင့် သင်တို့၏အားနည်းချက်နှင့်အန္တရာယ်များတို့ကို ပိုမို၍ရှင်းလင်းစွာပိုင်းခြားနားလည်နိုင်မည်ဖြစ်သည်။ ဘုရားသခင်၏ပညတ်တရားတော်အပေါ် လက်တွေ့ကျကျရှုမြင်ခြင်းနှင့် သခင်ခရစ်တော်၏အပြစ်ဖြေပေးတော်မူခြင်းအပေါ် ရှင်းရှင်းလင်းလင်းပိုင်းခြားနားလည်နိုင်မှုတို့သည် သင်တို့၏ကိုယ်၌အတွက် အသိဉာဏ်ဗဟုသုတကိုပေးမည့်အပြင်၊ သင်တို့သည် ခရစ်ယာန်၏အကျင့်စရိုက်မျိုးဖြင့် ကုံလုံပြည့်စုံအောင်လုပ်ဆောင်ရန်ပျက်ကွက်ခြင်းနှင့်စပ်လျဉ်း၍ သင်တို့အားပြသပေးမည်ဖြစ်သည်။

ဤပြသပေးမှုကို သင်တို့အနေဖြင့် မျက်စိလျှမ်းသည့်ပမာဏအတိုင်းဘုန်းတော်ရှင်၏ဩဇာသက်ရောက်မှုကိုလည်း စဉ်ဆက်မပြတ်ဖြင့်လိုအပ်မှုရှိနေကြမည်သာဖြစ်သည်။ ဤအချက်သည် ဘုရားသခင်၏အမှုတော်ကိုထမ်းရွက်ရာ၌ အပေါင်းလက္ခဏာဆောင်သည့် လိုအပ်ချက်ဖြစ်ပါသည်။ ဤအချက်ကိုလျစ်လျူရှုပြီး မိမိကိုယ်ကိုသာမိမိယုံကြည်စိတ်ချခြင်းနှင့် မိမိဘာသာမိမိဖူလုံမှုရှိရေးဆီသို့သာ ဆက်လက်ကျင့်သုံးသွားကြမည်ဆိုပါက သင်တို့အနေဖြင့် ကြီးမားပြီး၊ ဆိုးဝါးလှသည့်အမှားကိုလုပ်မိမည့်အနေအထားတွင် ချန်ထားခံရမည်သာဖြစ်သည်။ သင်တို့သည် ရိုးသားနှိမ့်ချသောစိတ်အတွေးနှင့် မှီခိုလိုစိတ်ရှိသည့်စိတ်ဓာတ်မျိုးတို့ကို ရင်ဝယ်ပိုက်ထားကြရန်အတွက် စဉ်ဆက်မပြတ်လိုအပ်ကြပါသည်။ သူ၏ကိုယ်ပိုင်အားနည်းမှုကို သတိမူခံစားမိသောသူသည် မိမိကိုယ်ထက်ပိုမိုမြင့်မားသည့်အရပ်ဆီသို့လှမ်းမျှော်ရင်း၊ အထက်အရပ်မှအစဉ်တည်တံ့မည့်ခွန်အားမျိုး မိမိလိုအပ်နေသည်ကို ခံစားမိမည်ဖြစ်သည်။ အစဉ်တည်တံ့မည့်ကျေးဇူးတရားစိတ်ဓာတ်မျိုးကို ရင်ဝယ်ပိုက်ထားစေရန်အတွက်ဘုရားသခင်၏ကျေးဇူးတော်သည် သူ့ကိုဦးဆောင်ပေးမည်ဖြစ်သည်။ သူ၏ကိုယ်ပိုင်အားနည်းချက်နှင့် အကောင်းဆုံးသောအကျွမ်းဝင်မှုရှိသောသူသည် စိတ်နှလုံး၏ပုန်ကန်



ထကြွမှုအပေါ် အောင်ပွဲဆင်နိုင်သည့်တစ်ခုတည်းသောအရာမှာ ဘုရားသခင်၏ပြိုင်ဘက်ကင်းသောကျေးဇူးတော်သာဖြစ်ကြောင်းကို သူသိရှိလာမည်ဖြစ်သည်။

ဘုရားသခင်က သင်တို့အားမည်သည့်အခါကမျှ ပုံစံဖော်ပေးတော်မူခဲ့ခြင်းမရှိသည့်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်နှင့် တာဝန်ယူရမှုများတို့ကို တာဝန်ယူလက်ခံဆောင်ရွက်မိမည်စိုးရသောကြောင့် သင်တို့သည် စဉ်ဆက်မပြတ်ကာကွယ်စောင့်ရှောက်ခံရရေးအတွက် သင်တို့၏အကျင့်စရိုက်တို့တွင် တွေ့မြင်နေရသည့်အားနည်းချက်အပြင်၊ အားသာချက်များတို့နှင့်အကျွမ်းတဝင်ရှိလာစေရန် လိုအပ်ကြပါသည်။ သင်တို့အနေဖြင့် မည်သည့်လူသားစံနှုန်းစံထားမျိုးနှင့်မျှ သင်တို့၏အမူအကျင့်များတို့ကိုနှိုင်းယှဉ်ခြင်းနှင့် သင်တို့၏အသက်တာတို့ကိုတိုင်းတာခြင်းများ မပြုလုပ်သင့်ကြသော်လည်း သမ္မာကျမ်းစာထဲတွင်ပြသပေးထားသည့် တာဝန်ပိုင်းဆိုင်ရာစည်းမျဉ်းစည်းကမ်းဖြင့်သာလျှင် နှိုင်းယှဉ်တိုင်းတာသင့်ပါသည်။

သင်တို့သည် သင်တို့၏ပတ်ဝန်းကျင်အပေါ်မှီခိုအားထားလွန်းကြပါသည်။ သင်တို့အနေဖြင့် ကြီးမားလှသောပရိသတ်အစုအဝေးရှိနေမည်ဆိုပါက ပီတိဖြစ်နေမည်ဖြစ်ပြီး၊ သူတို့ကိုမိန့်ခွန်းချွေလိုသည့်ဆန္ဒမျိုးရှိပေမည်။ သို့သော်လည်း တစ်ခါတစ်ရံတွင် သင်တို့၏ပရိသတ်အစုအဝေးတွင် လူစုလူဝေးလျော့နည်းလာသောအခါ၊ သင်တို့၏စိတ်ဓာတ်တို့သည် တိမ်မြုပ်လာသည်အလျောက်၊ အမှုတော်ကိုထမ်းရွက်ရေးအတွက်လည်း သတ္တိနည်းပါးလာကြပါတော့သည်။ ဤအတွက်လိုအပ်မှုတစ်ခုအမှန်တကယ်ရှိနေပါသည်။ ၎င်းမှာ သင်တို့သည် ဘုရားသခင်အပေါ်စွဲကိုင်မှီခိုမှုသည် လုံလောက်သောခိုင်မြဲမှုမရှိခြင်းကြောင့်သာဖြစ်ပါသည်။

သခင်ခရစ်တော်သည် အများပြည်သူသွားလာကြသောလမ်းများပေါ်တွင်သော်လည်းကောင်း၊ ကိုယ်ပိုင်အိမ်များတို့တွင်သော်လည်းကောင်း ဘုရားဝတ်ပြုကျောင်းများတို့တွင်အပြင်၊ အပန်းဖြေရာပင်လယ်ကမ်းခြေဒေသများတို့အထိ၊ လူတို့ကိုသူတွေ့ရှိနိုင်သမျှသောနေရာတိုင်းတို့အထိ ရှာဖွေတော်မူခဲ့ပါသည်။ သူသည် တစ်နေ့တာလုံးအားသွန်ခွန်စိုက်လုပ်ဆောင်တော်မူခဲ့ရာတွင် လူအမြောက်အမြားအစုအဝေးတို့ကို တရားဟောပြောခြင်း၊ သူ၏ထံတော်သို့သယ်ဆောင်လာခဲ့ကြသည့် နာမကျန်းဖြစ်သူများတို့ကိုကုသပျောက်ကင်းစေခြင်းအပြင်၊ လူတို့အား အိပ်စက်အနားယူကြရန်အတွက် မိမိတို့၏အိမ်သို့ပြန်သွားစေတော်မူပြီးနောက်၊ နောက်တစ်နေ့နံနက်တွင် သူစတင်လုပ်ဆောင်

တော်မူမည့်အမှုတော်ကို စတင်လုပ်ဆောင်ရာတွင် လန်းလန်းဆန်းဆန်းရှိစေရေးအတွက် မကြာခဏဖြင့်ပင် တစ်ညတာလုံးဆုတောင်းတော်မူခဲ့ပါသည်။

သင်တို့အနေဖြင့် ထက်သန်သောဆုတောင်းခြင်းကို ရှင်သန်နေသောယုံကြည်ခြင်းဖြင့် ပေါင်းစပ်ပေးခြင်းအားဖြင့် သင်တို့၏အသက်ဝိညာဉ်ကို ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ရေးဆီသို့ ဆောင်ယူရန်လိုအပ်ကြပါသည်။ ဆုတောင်းခြင်းကိုယုံကြည်ခြင်းအားဖြင့် ဆက်ကပ်ခြင်းတိုင်းသည် အသနားခံသူအား စိတ်ဓာတ်ကျစေသော သံသယစိတ်များနှင့် လူသားတို့၏စွဲလမ်းမက်မောမှုတို့၏အထက်သို့ မြှင့်တင်ပေးမည်ဖြစ်သည်။ ဆုတောင်းခြင်းသည် အမှောင်ထု၏စွမ်းအားများအပေါ် အသစ်တစ်ဖန်ပြန်လည်တိုက်ပွဲဆင်ရန်နှင့် စစ်ဆေးစုံစမ်းမှုများကို စိတ်ရှည်သည်းခံစွာဖြင့် ရင်ဆိုင်ခံစားနိုင်ရန်အပြင်၊ သခင်ခရစ်တော်၏ကောင်းမြတ်သောစစ်သည်တော်များကဲ့သို့ အခက်အခဲကိုကြံ့ကြံ့ခံနိုင်ကြရန်အတွက် ခွန်အားကိုပေးပါသည်။

သင်၏သံသယစိတ်နှင့်ကြောက်ရွံ့ခြင်းများတို့အားဖြင့် အကြံပေးချက်ကိုရယူပါက၊ သို့မဟုတ် သင့်အနေဖြင့် ယုံကြည်ခြင်းမရှိသေးမီအချိန်က ရှင်းလင်းစွာဖြင့် တွေ့မြင်နိုင်ခဲ့ခြင်းမရှိသည့် အရာအားလုံးတိုင်းကိုဖြေရှင်းရန်ကြိုးစားသောအခါ၊ သင်၏ဇဝေဇဝါဖြစ်မှုများတို့သည် တိုးများလာပြီးနက်ရှိုင်းလာရုံသာရှိပါသည်။ သင်သည် အကူအညီမဲ့နေပြီး အားထားမှီခိုရမည့်အနေအထားမျိုးကိုခံစားနေရသည့် လက်ရှိအခြေအနေအတိုင်း၊ နှိမ့်ချမှုရှိလျက် မှီခိုအားထားလိုစိတ်မျိုးဖြင့်ဆုတောင်းကာ၊ ဘုရားသခင်ထံတော်သို့လာရောက်ပါက အဆုံးမရှိနိုင်သောဥာဏ်တော်ရှိပြီး၊ ဖန်ဆင်းခြင်းအားဖြင့် အရာရာတိုင်းကိုရှုမြင်နိုင်တော်မူလျက်၊ သူ၏အလိုတော်နှင့်နှုတ်တော်ထွက်အားဖြင့် အရာရာတိုင်းကိုထိန်းချုပ်စိုးမိုးတော်မူသောသူအား သင်၏လိုချင်တောင့်တမှုတို့ကို သိရှိတော်မူစေခြင်းအားဖြင့် သူသည် သင်၏အော်ဟစ်တောင်းခံနေမှုကို ကြားသိနိုင်တော်မူပြီး၊ ကြားသိတော်မူမည်လည်းဖြစ်ပါသည်။ ထိုနောက် သူသည် အလင်းတရားတော်ကို သင်၏နှလုံးသားအတွင်းနှင့် သင်၏ဝန်းကျင်အားလုံးတို့တွင် လင်းထိန်သွားစေတော်မူပြီး၊ ရိုးသားသောဆုတောင်းချက်ဖြင့် သင်၏အသက်ဝိညာဉ်သည် အဆုံးမရှိသောစိတ်အတွေးနှင့် ချိတ်ဆက်မှုအနေအထားတွင် ရောက်ရှိသွားမည်ဖြစ်သည်။ သင်၏ကယ်ချွတ်တော်မူသောအရှင်၏မျက်နှာတော်သည် သင်၏အပေါ်တွင် သနားခြင်းကရုဏာတော်နှင့် ချစ်ခြင်းမေတ္တာတော်အားဖြင့် တိမ်းညွတ်ကျရောက်နေသည့်အချိန်၌ သင်သည် ထူးခြားအမှတ်ရစရာအထောက်အထားမျိုးကို ရရှိမည်မဟုတ်သည့်တိုင်၊ သူ၏သိသာ



သောတို့ထိတော်မူခြင်းကို မခံစားရလိုက်သော်လည်း၊ သူ၏လက်တော်သည် ချစ်ခြင်းမေတ္တာတော်နှင့်ကြင်နာတတ်သောစာနာထောက်ထားမှုတို့ဖြင့် သင်၏အပေါ်သို့ကျရောက်နေပါသည်။

စာတန်မာရ်နတ်သည် သူ၏သိမ်မွေ့နက်နဲမှုအားဖြင့် သင့်အားလှည့်စားခြင်း၊ သင်၏စိတ်အတွေးတို့ကိုပျက်ပြားစေခြင်းအပြင်၊ ရှေ့နောက်မညီညွတ်မှုနှင့် အလွန်ဆိုးလှသောအမှောင်ထုအတွင်းသို့ ဦးဆောင်သွားခြင်းတို့ကို လုပ်ဆောင်မည်ကိုစိုးရိမ်ရသောကြောင့် သင့်အနေဖြင့် အတောမသတ်သောသတိရှိမှုမျိုးလိုအပ်ပါသည်။ သင်၏သတိရှိမှုသည် ဘုရားသခင်အပေါ်နှိမ့်ချမှုရှိသော မှီခိုလိုသည့်စိတ်ဓာတ်အားဖြင့် ထူးခြားသောသွင်ပြင်လက္ခဏာမျိုးကို ဖော်ဆောင်သင့်ပါသည်။ ထိုဖော်ဆောင်မှုကိုလည်း မော်ကြွားပြီး၊ မိမိအစွမ်းအစကိုသာ အားကိုးလိုသောစိတ်ဓာတ်မျိုးဖြင့်မဟုတ်ဘဲ သင်၏ပုဂ္ဂိုလ်ရေးဆိုင်ရာအားနည်းချက်ကို နက်နဲသောခံစားချက်ဖြင့်အပြင်၊ ဘုရားသခင်၏ကတိတော်များအပေါ် ကလေးကဲ့သို့သောအပြစ်ကင်းစင်မှုမျိုးဖြင့် အားကိုးအားထားပြုကာ ဖော်ဆောင်သင့်ပါသည်။

## ပဋ္ဌိပက္ခကာလနှင့်အသက်ဝိညာဉ်ဆိုင်ရာသောကဝေဒနာ

တတိယကောင်းကင်တမန်၏သတင်းစကားကို စတင်ဟောပြောခဲ့သည့်အစပိုင်းအချိန်က၊ လုပ်ဆောင်သူအင်အားတို့သည် နည်းပါးလှပြီး၊ ကျွန်ုပ်တို့အနေဖြင့်လည်း အယူသီးသူများအဖြစ်ဖြင့် ထင်မြင်ယူဆခံခဲ့ရသည့်အခြေအနေမျိုးဖြင့် နှိုင်းယှဉ်ကြည့်ပါက၊ ယခုအခါတွင် ထိုတတိယကောင်းကင်တမန်၏သမ္မာတရားတော်အကြောင်းကို ဟောပြောရခြင်းသည် လွယ်ကူပြီး နှစ်လိုဖွယ်သောလုပ်ငန်းတစ်ခုဖြစ်နေပါသည်။ ဤသတင်းစကားပေါ်ထွက်လာခါစ အစောပိုင်းတိုးတက်မှုကာလအတွင်း၊ အမှုတော်ဆိုင်ရာတာဝန်ယူမှုကို ထမ်းဆောင်ခဲ့ကြသောသူတို့သည် ပဋ္ဌိပက္ခ၊ ဆင်းရဲဒုက္ခနှင့် အသက်ဝိညာဉ်ဆိုင်ရာသောကဝေဒနာတို့သည် မည်သည့်အရာဖြစ်သည်ကို သိရှိခဲ့ကြပါသည်။ နေ့ရောညပါ၊ သူတို့အပေါ်တွင် ထိုဝန်ထုပ်ဝန်ပိုးတို့သည် လေးလံစွာဖြင့်ကျရောက်နေကြပါသည်။ သူတို့သည် ဆင်းရဲဒုက္ခနှင့်ရောဂါဘယတို့ဖြင့် ဖိအားပေးခံခဲ့ရကြသည့်တိုင် အနားယူရန်၊ သို့မဟုတ် အဆင်ပြေမှုအကြောင်းအရာမျိုးကို စိတ်ကူးကြခြင်းမရှိခဲ့ကြပါ။ တိုတောင်းလှသောကာလသည် လှုပ်ရှားမှုအတွက်လိုအပ်လာနေပြီး လုပ်ဆောင်သူများမှာမူ နည်းပါးလှပါသည်။

သူတို့သည် မကြာခဏဖြင့် ဘေးကျပ်နံ့ကျပ်အခြေအနေမျိုးရှိသောနေရာများတွင် ရှိနေခဲ့ကြသောအခါ ဘုရားသခင်ထံတော်မှ အကူအညီတော်ကိုရရှိကြရေးနှင့် သူ၏နှုတ်တော်ထွက်အပေါ် အလင်းတရားကိုထွန်းလင်းပေးတော်မူရန်အတွက် ထက်သန်လှသောစိတ်ဓာတ်မျိုးဖြင့်အပြင် စိတ်ဒုက္ခပြင်းစွာခံစားရသောအနေအထားမျိုးဖြင့်ဆုတောင်းကြကာ၊ တစ်ညတာလုံးကိုကုန်လွန်စေခဲ့ကြပါသည်။ အလင်းတရားရောက်ရှိလာခဲ့ပြီး၊ အုံ့မှိုင်းမှုတိမ်တိုက်တို့သည် လွင့်ပြယ်သွားခဲ့ကြသောအခါ၊ ပြင်းပြသောဆန္ဒနှင့်စိတ်အားထက်သန်မှုတို့ဖြင့် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသောသူတို့အပေါ်သို့ ပျော်ရွှင်မှုနှင့်ကျေးဇူးတင်ခြင်းဖြင့်ပြည့်ဝသည့် ဝမ်းမြောက်ဝမ်းသာခြင်းများ သက်ရောက်လာခဲ့ကြမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ဘုရားသခင်ထံတော်အပေါ် ကျေးဇူးတင်ခြင်းသည်လည်း အလင်းတရားအတွက် ကျွန်ုပ်တို့၏ထက်သန်မှုရှိပြီး၊ ဆာငတ်ခင်မွတ်စွာဖြင့် ဟစ်အော်တောင်းခံခဲ့ကြသည့်အတိုင်း စုံလင်ပြည့်ဝခဲ့ပါသည်။ အချို့သောညများတို့တွင် ကျွန်ုပ်တို့၏စိတ်နှလုံးတို့သည် ဘုရားသခင်အပေါ်ချစ်ခြင်းမေတ္တာနှင့်ကျေးဇူးတင်ခြင်းတို့ဖြင့် ပြည့်လျှံခဲ့ကြသည့်အလျောက်၊ ကျွန်ုပ်တို့အိပ်စက်၍ပင်မရနိုင်ခဲ့ကြပါ။

ယခုကာလတွင်မူ သမ္မာတရားတော်အကြောင်းကို သွားရောက်ဟောပြောကြမည့်သူတို့သည် သူတို့၏လက်ထဲ၌ လိုအပ်သောအရာများအဆင်သင့်ရှိနှင့်ပြီးသားဖြစ်နေပါသည်။ သူတို့သည် သူတို့မတိုင်မီက သမ္မာတရားတော်အကြောင်းကိုဝေငှပေးခဲ့ကြသည့် လုပ်ဆောင်သူများကြုံကြိုခံနိုင်ခဲ့ကြသကဲ့သို့ ဆင်းရဲနွမ်းပါးခြင်းများကဲ့သို့သောအရာများတို့ကို ခံစားတွေ့ကြုံနိုင်စွမ်းမရှိကြပါ။ သမ္မာတရားတော်သည် ရှင်းလင်းထင်ရှားပြီး ချိတ်ဆက်မှုရှိသောသံကွင်းကြီးအဖြစ်သို့ ရောက်ရှိလာသည့်အထိ၊ ကွင်းဆက်တစ်ခုပြီးတစ်ခုဖြင့် ပုံစံပေါ်လာနေပြီးသားဖြစ်ပါသည်။ ဤကဲ့သို့သောရှင်းလင်းထင်ရှားမှုရှိပြီး၊ သဟဇာတအနေအထားတွင်ရှိသောသမ္မာတရားကိုဖော်ထုတ်ရန်မှာ စေ့စပ်သေချာမှုရှိသည့် စူးစမ်းလေ့လာမှုမျိုးလိုအပ်ပါသည်။ အခါးသီးဆုံးနှင့်အလျှော့မပေးလိုသည့်စိတ်ဓာတ်ဖြစ်သော အတိုက်အခံပြုမှုသည် ဘုရားသခင်၏အစေကျွန်တို့ကို ထာဝရဘုရားထံတော်သို့အပြင်၊ သူတို့၏သမ္မာကျမ်းစာများတို့ဆီသို့ တွန်းပို့ပေးပါသည်။ သူတို့အတွက် အမှန်တကယ်အဖိုးထိုက်လှသောအရာမှာ ဘုရားသခင်ထံတော်မှသက်ဆင်းလာသည့် အလင်းတရားတော်ပင်ဖြစ်ပါသည်။

နောက်ဆုံးသောအောင်ပွဲတွင် ကြီးမားသောအန္တရာယ်နှင့်ဘေးဥပဒ်ကာလအတွင်းတွင်လည်းကောင်း၊ ရန်သူအပေါ်သို့ထိုးနှက်မှုအတွက် ခွန်အားသတ္တိနှင့်ဩဇာသက်ရောက်





မှုရှိသောသူမျိုးတို့ကို လိုအပ်သောအချိန်တွင်လည်းကောင်း တွေ့ရှိခဲ့ရခြင်းမရှိကြသောသူတို့ကို ဘုရားသခင်က အသုံးပြုတော်မူမည်မဟုတ်ပါ။ အမှားကိုတိုက်ပွဲဆင်နွှဲပြီး အမှန်ကိုသက်သေထူပြကြသော လောကအရာတို့ကိုအုပ်ချုပ်သောအရာများနှင့် တန်ခိုးတို့ကိုစစ်ပြုကြသော၊ ဤကမ္ဘာမြေကြီး၏အမှောင်ထုကို စိုးမိုးနေကြသောအရာတို့ကိုဆန့်ကျင်တိုက်ခိုက်ကြသော၊ မြင့်သောအရပ်တို့တွင်ရှိကြသည့် ဝိညာဉ်ဒုစရိုက်အပြစ်တို့ကို ဆန့်ကျင်တိုက်ခိုက်ကြသော စသည့်သစ္စာရှိရဲမက်များကဲ့သို့ ရပ်တည်နေကြသောသူတို့သည် (မဿဲ ၂၅:၂၃) တွင်ဖော်ပြထားသည့်၊ "သာဓုသစ္စာရှိသောငယ်သားကောင်း၊ . . . သင်၏သခင်နှင့်အတူ စည်းစိမ်ကိုဝင်စားလော့။ . . ." ဆိုသည့်ချီးကျူးခြင်းမိန့်တော်မူချက်ကို အရှင်သခင်တော်ထံမှ လက်ခံရရှိရမည်ဖြစ်သည်။ "Testimonies for the Church," vol. 3, pp. 320-327.

ဘုရားသခင်အပေါ် သူ၏မှီခိုနေရမှုတစ်ခုလုံးကို မျက်ခြည်ပြတ်သွားသောသူသည် ကျရှုံးသွားရန်မှာ အသေအချာပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ထက်ခွန်အားကြီးမားသောသူတို့နှင့် ဖက်ပြိုင်ရင်ဆိုင်နေရကြပါသည်။ စာတန်မာရ်နတ်နှင့်သူ၏မြောက်မြားလှစွာသောနောက်လိုက်များတို့သည် စုံစမ်းနှောင့်ယှက်ခြင်းများတို့ဖြင့်ကျွန်ုပ်တို့အားအကြိမ်ကြိမ်ဖြင့် ပြင်းပြင်းထန်ထန်ရန်ပြုကြရန်အတွက် စောင့်ကြည့်နေကြပြီး၊ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏ကိုယ်ပိုင်ခွန်အားနှင့်ဉာဏ်ပညာတို့ဖြင့် သူတို့ကိုတောင့်ခံဆီးတားထားနိုင်ရန်မှာ မဖြစ်နိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏စိတ်နှလုံးတို့ကိုဘုရားသခင်ထံတော်မှဆွဲထုတ်သွားခြင်းကို ခွင့်ပြုကြသောအခါတွင်လည်းကောင်း၊ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုမိမိချီးမြှောက်ခြင်း၊ သို့မဟုတ် မိမိကိုယ်ကိုသာမှီခိုအားထားခြင်းတွင်သာ မွေ့လျော်ကြသည်နှင့် ကျွန်ုပ်တို့သည် အရေးနိမ့်သွားကြမည်မှာသေချာပါသည်။

အသက်ဝိညာဉ်နှင့်ဘုရားသခင်၏စပ်ကြားတွင် လျှို့ဝှက်စွာဖြင့်လုပ်ဆောင်နေမှုကို လောကကြီးက မည်သည့်အခါမျှသိရှိမည်မဟုတ်သည့်အပြင်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာအတွင်းသဘော၏ခါးသီးမှု၊ မိမိကိုယ်ကိုမိမိရှုံ့ရှာအောင်လုပ်မှုနှင့် မိမိကိုယ်ကိုမိမိထိန်းချုပ်ရေးအတွက် အတောမသတ်သည့်အားထုတ်ကြိုးပမ်းမှုများတို့ကိုပါ မသိရှိသည့်တိုင်၊ ဤကြိုးပမ်းမှုများတို့၏ရလဒ်ကို များစွာသောလောကသားတို့က ဂုဏ်ယူအသိအမှတ်ပြုကြမည်သာဖြစ်သည်။

ဘုရားသခင်၏အရာများတို့တွင် အနက်နဲဆုံးသောအတွေ့အကြုံမျိုးရှိကြသောသူတို့သည် ဝါကြွားမောက်မာခြင်း၊ သို့မဟုတ် မိမိကိုယ်ကိုမိမိချီးမြှောက်ခြင်းအမှုမျိုးမှ

အဝေးဆုံးနေရာသို့ ရွှေ့ပြောင်းသွားကြမည်ဖြစ်သည်။ သခင်ခရစ်တော်၏ဘုန်းအသရေတော်နှင့် ထူးကဲပြောင်မြောက်တော်မူခြင်းအကြောင်းတို့ကို အမြင့်မားဆုံးသောချီးမြှောက်လိုသည့် စိတ်ကူးစိတ်သန်းရှိကြသောသူတို့သည် မိမိတို့ကိုယ်ကျိုးအတ္တစိတ်ကိုနစ်နာစေသော်လည်း၊ သခင်ခရစ်တော်၏အမှုတော်ရှိ အနိမ့်ကျဆုံးသောအဆင့်နေရာသည်ပင်လျှင် သူတို့အတွက်အလွန်ဂုဏ်ယူဖွယ်ရာအဖြစ်ဖြင့် ခံယူထားကြပါသည်။

ထာဝရဘုရားသည် ကျွန်ုပ်တို့အား တိုးတက်မှုအဆင့်ဆီသို့တက်လှမ်းစေလိုရာတွင် သူ၏မျက်မှောက်တော်အထိ ဖြောင့်ဖြောင့်တန်းတန်းဖြင့်ရောက်ရှိရေးကို ပိုမိုအလိုရှိစေတော်မူပါသည်။ ကမ္ဘာမြေကြီးစတင်ပေါ်ပေါက်လာကတည်းက လွန်မြောက်သွားခဲ့ပြီးသော မည်သည့်အချိန်မျိုးနှင့်ပင်မဆို ပိုမိုကြီးမားသည့်အရေးအခင်းကြီးအတွင်း ကျွန်ုပ်တို့ကျရောက်နေကြရာတွင် သခင်ခရစ်တော်၏နာမတော်အတိုင်း အမည်နာမပေးအပ်ခြင်းခံရကြသောလူတိုင်းအား လုံးဝဥဿုံအရာမြောက်ခြင်းကို တောင်းခံလာကြမည်ဖြစ်သည်။

ကျွန်ုပ်တို့မတိုင်မီကရှိခဲ့သည့် ကြီးမားပြီးအရေးကြီးလှသည့်လုပ်ငန်းများ၌တွင်ပင် မမြင်တွေ့ခဲ့ရဖူးသည့် လူတို့တွင်အသွင်ခတ်နိုပ်ပေးသည့် ဘုန်းတော်ရှင်၏ဘုန်းရောင်ခြည်တော်ကွန့်မြူးမှုအားဖြင့် ဘုရားသခင်သည် သူ၏အစေကျွန်တို့ကို အမြော်အမြင်ရှိစေတော်မူပါစေသော။

## ရှောင်ကြဉ်ရန်သတိပြုရမည့်စကားလုံးများ

(မဿဲ ၁၀း၁၆) တွင်၊ သခင်ခရစ်တော်က သူ၏တပည့်တော်တို့ကို "တောခွေးစုထဲသို့ သိုးတို့ကိုစေလွှတ်သကဲ့သို့ သင်တို့ကိုငါစေလွှတ်၏။ ထို့ကြောင့် သင်တို့သည် မြွေကဲ့သို့လိမ္မာလျက်၊ ချိုးငှက်ကဲ့သို့ အဆိပ်ကင်းလျက်ရှိကြလော့" ဆိုသည့် မိန့်တော်မူချက်ကို ဖော်ပြထားပါသည်။

သမ္မာတရားတော်အပေါ်ထောက်ခံပြောဆိုကြသည့်သူတို့ကို စာတန်မာရ်နတ်၏ထိုးနှက်တိုက်ခိုက်မှုများတို့သည် နောက်ဆုံးသောကာလရောက်လုနီးသောအချိန်မျိုးတွင် ပိုမိုခါးသီးစွာဖြင့် အလျှော့မပေးစတမ်းဖြင့် တိုး၍ပေါ်ပေါက်လာမည်ဖြစ်သည်။ သခင်ခရစ်တော်၏အချိန်ကာလကကဲ့သို့ပင် ယဇ်ပုရောဟိတ်များနှင့်လူအကြီးအကဲများတို့သည် လူတို့က သခင်ခရစ်တော်ကိုဆန့်ကျင်အတိုက်အခံပြုကြရန်အတွက် လှုံ့ဆော်ခဲ့ကြသကဲ့သို့ ယနေ့တွင်လည်း ဘာသာရေးအကြီးအကဲများတို့သည် ခါးသီးမှုကိုနှိုးဆွပေးပြီး၊ ယခုကာလအတွက် သမ္မာတရားတော်အပေါ် မလိုမုန်းထားစိတ်ထားရှိကြပါသည်။ လူတို့က မည်သည့်အခါကမျှ တွေးတောထားခြင်းမရှိခဲ့ဖူးသည့်အပြင်၊ မည်သည့်အခါကမျှမလုပ်ဆောင်ခဲ့ဖူးသည့် သမ္မာတရားအပေါ် ခရစ်ယာန်များတို့က ဆန့်ကျင်လာစေသည့် မုန်းတီးမှုနှင့်ပြည့်ဝစေရေးအတွက် ရက်စက်ကြမ်းကြုတ်မှုနှင့် အတိုက်အခံပြုရေးဆီသို့ လူတို့ကိုဦးတည်သွားစေမည်ဖြစ်သည်။



## ခါးသီးလှသောထိုးနှက်တိုက်ခိုက်မှုများတို့ကိုရင်ဆိုင်ရမည့်နည်းလမ်း

သမ္မာတရားတော်အတွက် အကျိုးဆောင်ပေးကြသောသူတို့အနေဖြင့် မည်သည့်လမ်းကြောင်းမျိုးဖြင့်လိုက်ပါလျှောက်လှမ်းရကြပါမည်နည်း။ သူတို့ထံတွင် ပြောင်းလဲခြင်းမရှိသည့်အပြင်၊ ထာဝရတည်တံ့မည့်ဘုရားသခင်၏နှုတ်တော်ထွက်ရှိနေပြီး သခင်ယေရှုထံတော်တွင်ရှိနေသကဲ့သို့ သူတို့ထံတွင်လည်း သမ္မာတရားတော်ရှိနေပါသည်ဆိုသည့်အချက်ကို သူတို့ပြသသင့်ကြပါသည်။ သူတို့၏စကားလုံးများတို့သည် ကြမ်းတမ်းသည့်၊ သို့မဟုတ် မထောက်မညှာစကားလုံးမျိုးမဖြစ်ရကြပါ။ သမ္မာတရားတော်အကြောင်းကို ဝေငှပေးကမ်းခြင်းတို့တွင် သူတို့အနေဖြင့် သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာ၊ နူးညံ့သိမ်မွေ့မှုနှင့်ကြင်နာတတ်မှုများတို့ကို ပြသပေးရကြပါမည်။ သမ္မာတရားတော်ကို စူးရှထက်မြက်မှုရှိစေရန်မှာ ဘုရားသခင်၏နှုတ်တော်ထွက်သည် နှလုံးသားဆီသို့ ရောက်ရှိသွားစေမည့် ၎င်း၏လမ်းကြောင်းကိုခုတ်ထွင်နိုင်ရမည်ဖြစ်ရာ၊ ၎င်းနှုတ်တော်ထွက်သည် ထက်လှသည့်အသွားနှစ်ဖက်ရှိသောဓားကဲ့သို့ဖြစ်ရပါမည်။ သူတို့ထံတွင် သမ္မာတရားတော်ရှိနေသည့်အကြောင်းကို သိရှိနေကြသောသူတို့အနေဖြင့် ခက်ထန်ပြီးတင်းမာသည့်ပြောဆိုမှုများကို အသုံးပြုခြင်းအားဖြင့် စာတန်မာရ်နတ်အား သူတို့၏စကားကိုအဓိပ္ပါယ်အကောက်လွဲစေသည့် အခွင့်အလမ်းတစ်စုံတစ်ခုကိုမျှမပေးပါနှင့်။

လူသားတစ်ယောက်ဖြစ်သည်အလျောက် ကျွန်ုပ်တို့သည် ကမ္ဘာလောကကြီး၏ကယ်ချွတ်တော်မူသောအရှင်ရပ်တည်တော်မူခဲ့သကဲ့သို့ ရပ်တည်ရကြပါမည်။ မောရှေ၏ရုပ်အလောင်းနှင့်ပတ်သက်ပြီး စာတန်မာရ်နတ်နှင့်အငြင်းအခုံဖြစ်ခဲ့ရာတွင် သခင်ခရစ်တော်က (ယုဒ ၁း၉) တွင်ဖော်ပြထားသည့် "ကဲ့ရဲ့စွာသောပြစ်တင်ခြင်းကိုမပြုဝံ့ဘဲ. . . " ဆိုသည့်အတိုင်းဖြင့်သာ တုံ့ပြန်တော်မူခဲ့ပါသည်။ သူသည် ရန်စကဲ့ရဲ့ပြစ်တင်ခြင်းအမှုတိုင်းကို လုပ်ဆောင်ခွင့်ရှိတော်မူခဲ့ပါသော်လည်း ထိုသို့လုပ်ဆောင်

တော်မူခဲ့ခြင်းမရှိသောကြောင့် စာတန်မာရ်နတ်သည် သခင်ခရစ်တော်၏လက်တို့ပြန် စေသည့်စိတ်ထားမျိုးကို ဆွပေးနိုင်ခဲ့ခြင်းမရှိသည့်အတွက် စိတ်ဓာတ်အကျကြီးကျခဲ့ပါ သည်။ သခင်ယေရှုလုပ်ဆောင်တော်မူခဲ့သောအရာတိုင်းကို စာတန်မာရ်နတ်သည် များယွင်းသောအဓိပ္ပါယ်ကိုဖော်ဆောင်နိုင်ရန်အတွက် အဆင်သင့်အနေအထားဖြင့်ရှိနေ ပါသော်လည်း ကယ်တင်တော်မူသောအရှင်သည် သူ့အားတစ်စုံတစ်ခုမျှသောဆင်ခြင် ပေးခြင်းအသွင်သဏ္ဍာန်တစ်စုံတစ်ခုကိုရရှိရန်အတွက် မည်သည့်အခွင့်အခါမျိုးကိုမျှ ပေးတော်မူခဲ့ခြင်းမရှိပါ။ သူသည် စာတန်မာရ်နတ်၏ယောင်ဝါးဝါးဖြစ်စေခြင်းများ၊ အလှည့်အပြောင်းများနှင့်ပြောင်းလဲမှုများအပြင်၊ မလိမ့်တပတ်ပြောဆိုမှုများနောက်သို့ လိုက်လျှောက်သွားစေသည့် သမ္မာတရားတော်၏ပွင့်လင်းရိုးစင်းသောလမ်းကြောင်းမှ သွေဖည်သွားတော်မူခဲ့ခြင်းမရှိပါ။

ယဇ်ပုရောဟိတ်မင်းယောရှုကိုအရာမြောက်သည့်အချိန်တွင် ယောရှုအား တိကျ ပြတ်သားသည့်ထောက်ခံမှုကိုပေးတော်မူခဲ့သော သခင်ခရစ်တော်ကို စာတန်မာရ်နတ်က ဆန့်ကျင်ပြောဆိုခဲ့သည့်အကြောင်းကို ဇာခရိအနာဂတ္တိကျမ်းတွင် ကျွန်ုပ်တို့ဖတ်ရှုရကြ ရာ၌ သခင်ဘုရားက စာတန်မာရ်နတ်အား "အိုစာတန်၊ ထာဝရဘုရားသည် သင့်ကို ဆုံးမတော်မူပါစေသော။ ယေရုရှလင်မြို့ကိုရွေးချယ်ပြီးသောထာဝရဘုရားသည် သင့်ကို ဆုံးမတော်မူပါစေသော။ ဤသူသည် မီးထဲကနုတ်သောထင်းစဖြစ်သည်မဟုတ်လော . . . " ဟူ၍မိန့်တော်မူခဲ့သည်ကို (ဇာခရိ ၃း၂) တွင်ဖော်ပြထားပါသည်။

အသက်ဝိညာဉ်တို့၏ရန်ပြုမှုမှုအပေါ် ပြုမူဆက်ဆံတော်မူခဲ့သည့် သခင် ခရစ်တော်၏လမ်းစဉ်တော်သည် အခြားသောသူတို့နှင့်ကူးလူးဆက်ဆံနေရကြသည့် ကျွန်ုပ်တို့အားလုံးတို့အတွက် စံပြနမူနာအဖြစ်ဖြင့်ရှိသင့်ရာတွင် မည်သူတစ်ဦးတစ်ယောက် ကိုမျှ ပြစ်တင်စွပ်စွဲပြောဆိုခြင်းမျိုးကို မည်သည့်အခါမျှမကျင့်သုံးရမည့်အပြင်၊ မှန်ကန် သောလမ်းကြောင်းကို သိရှိထားကြသည့်ကျွန်ုပ်တို့ကဲ့သို့ ထိုလမ်းကြောင်းမှန်အကြောင်း ကို လိုလားတောင့်တစွာဖြင့် သိရှိလိုကြသည့်သူတို့ကို ကျွန်ုပ်တို့က ခက်ထန်မှု၊ သို့မဟုတ် တင်းမာသည့်ပုံစံမျိုးဖြင့် ပြောပြအသိပေးခြင်းမပြုလုပ်သင့်ကြပါ။

## အခြားသောသူတို့အပေါ်ငဲ့ညှာထောက်ထားမှု

ဥပဒေသနှင့်နမူနာတို့အားဖြင့် သမ္မာတရားတော်၌ အတတ်ပညာတို့ကိုရရှိ ပြီးကြသောသူတို့အနေဖြင့် အမှုတော်ဆောင်များနှင့် အသင်းတော်၏အဖွဲ့ဝင်များတို့၏



ရှင်းလင်းပြောပြချက်တို့အားဖြင့် ကျမ်းစာတော်မြတ်အကြောင်းကို သိရှိထားကြသူများ နှင့် ရိုးရာထုံးတမ်းစဉ်လာနှင့်ဒဏ္ဍာရီဆန်သောအကြောင်းအချက်တို့ကို သမ္မာကျမ်းစာ ၏သမ္မာတရားအဖြစ်ဖြင့် လက်ခံထားကြသောသူများတို့မှလွဲပြီး အခြားသောသူတို့အား ကြီးမားသောငဲ့ညှာထောက်ထားမှုမျိုးကို လုပ်ဆောင်ပေးသင့်ကြပါသည်။

သမ္မာတရားတော်တွင် သိသာထင်ရှားမှုအရှိဆုံးသော ဝိသေသလက္ခဏာရှိနေ ခြင်းကြောင့် သူတို့အတွက်အသစ်အဆန်းဗျာဒိတ်ဟောကြားချက်အဖြစ်ဖြင့်ရှိနေကာ၊ ထိုသမ္မာတရားတော်အကြောင်းကို ပြောပြပေးခြင်းသည် သူတို့အတွက်အံ့သြစရာဖြစ် သည်အလျောက်၊ သူတို့ကို သမ္မာတရားတော်၏အစပိုင်းမှ စတင်ရှင်းပြအသိပေးရပါ မည်။ ထိုအကြောင်းအရာအားလုံးတို့သည် ဆန်းသစ်ပြီးထူးခြားဆန်းပြားသကဲ့သို့ဖြစ် နေကာ၊ သူတို့၏အမှုတော်ဆောင်များတို့ထံမှ သူတို့ကြားသိခဲ့ရကြသည့်အကြောင်း အရာတို့နှင့် လုံးလုံးလျားလျားမတူခြားနားမှုရှိနေသည်အလျောက် သူတို့၏အမှုတော် ဆောင်များက သူတို့အားပြောပြထားကြသည့် သတ္တမနေ့မြော်လင့်ခြင်းအသင်းသားများ တို့သည် အယူမှားသူများဖြစ်နေကြသည်ဆိုခြင်းကို ယုံကြည်လိုစိတ်ရှိခဲ့ကြကာ၊ သမ္မာ ကျမ်းစာတော်ကို အယုံအကြည်မရှိကြတော့ပါ။ သမ္မာတရားတော်သည် သခင်ယေရှု ထံတော်၌ရှိတော်မူသည့်အတိုင်း ပညတ်တစ်ခုပေါ်မှာတစ်ခု၊ တစ်ခုပေါ်မှာတစ်ခု၊ တစ်နည်းပေါ်မှာတစ်နည်း၊ တစ်နည်းပေါ်မှာတစ်နည်း၊ သည်ဘက်မှာအနည်းငယ်၊ ဟိုဘက်မှာအနည်းငယ်ဖြင့် အသိပေးဝေငှရပါမည်။

## ခရီးလမ်းကိုကာဆီးပိတ်ဆို့ခြင်းမရှိရလေအောင်

ရောမအသင်းတော်အပါအဝင်၊ အားလုံးသောအလွှာအတန်းအစားပေါင်းစုံ တို့ထံသို့ရောက်ရှိရေးအတွက် ကျွန်ုပ်တို့လုပ်ဆောင်သင့်ကြသည့်အလုပ်ကို လုပ်ဆောင် ကြရာတွင် အမှန်တကယ်တစ်ဖက်သားကိုထိခိုက်စေသော ကျွန်ုပ်တို့၏ခရီးလမ်းကို ကာဆီးပိတ်ဆို့စေပြီး၊ အဟန့်အတားဖြစ်စေသည့် မညှာမတာထိုးနှက်မှုများနှင့် သွယ်ဝိုက် သောရည်ညွှန်းချက်တို့ဖြင့် ကျွန်ုပ်တို့၏စာစောင်များတို့တွင် ဆောင်းပါးရေးသားကြ သောသူတို့ကို ထည့်သွင်းရေးသားခြင်းမပြုကြပါစေနှင့်။ မေတ္တာဖြင့် သမ္မာတရားတော် အကြောင်းကိုပြောပြရန်နှင့် ကျွန်ုပ်တို့၏ပင်ကိုစိတ်နှလုံးမှပေါ်ပေါက်လာသည့် မစင်ကြယ် သောအရာများအကြောင်းတို့ကို သမ္မာတရားတော်အကြောင်းနှင့် ရောနှောပြောဆိုခြင်း မပြုမိရန်မှာ ကျွန်ုပ်တို့၏အလုပ်ဖြစ်ပြီး ကျွန်ုပ်တို့၏ရန်သူကြီးကပိုင်ဆိုင်ထားသည့်

ဆိုးညစ်သောစိတ်ဓာတ်အငွေ့အသက်ပါရှိသောအရာများအကြောင်းတို့ကိုပါ ရောနှော ပြောကြားခြင်းမပြုကြရပါ။ ကျွန်ုပ်အားအနာတရဖြစ်စေရန်အတွက် ထက်မြက်သော ထိုးနှက်မှုအားလုံးတို့ကို အလေ့အကျင့်ရှိနှင့်ပြီးသော သူတို့၏လက်တွင်းသို့ လုပ်ပိုင်ခွင့်အာဏာရောက်ရှိလာသောအခါ၊ ထိုထိုးနှက်မှုသည် ကျွန်ုပ်တို့အပေါ်သို့ နှစ်ဆသော ပမာဏဖြင့် ပြန်လည်သက်ရောက်လာမည်ဖြစ်သည်။

သမ္မာတရားတော်သည် မှန်ကန်မှုရှိကြောင်း မဖြစ်မနေအပြုသဘောဆောင်သည့် သက်သေထူရမှုမျိုးမဟုတ်ပါက ကျွန်ုပ်တို့အပေါ်ဆန့်ကျင်ထိပါးလာအောင်အပြင်၊ မီးလျှံဖြူ ကဲ့သို့ ပူသောအပူရှိန်မျိုးအဖြစ်ဆီသို့ သူတို့၏ပြင်းထန်သောစိတ်ဓာတ်မျိုးရောက်ရှိလာအောင် ရန်သူတို့ကိုနှိုးဆွပေးရာရောက်သည့် မိမိတို့၏ထူးခြားသောပင်ကိုအရည်အသွေးများဖြင့် ကျွန်ုပ်တို့သည် စကားတစ်ခွန်းမျှမဟမိရန်နှင့် စာကြောင်းရေတစ်ခုကိုမျှ ပုံနှိပ်ထုတ်ဝေမိခြင်းမရှိကြရန်အတွက် ကျွန်ုပ်သည် အကြိမ်ကြိမ်ဖြင့် သတင်းစကားပါးခြင်း ခံခဲ့ရပါသည်။ ကျွန်ုပ်တို့၏အမှုတော်လုပ်ငန်းသည် မကြာတော့သောအချိန်တွင် ပိတ်သိမ်းတော့မည်ဖြစ်သည်အလျောက်၊ ယခင်က မည်သည့်အခါမျှမဖြစ်ပေါ်ခဲ့ဖူးသေးသည့် ကျွန်ုပ်တို့က အနည်းအကျဉ်းမျှဖြင့်သာ တွေးတောစဉ်းစားမိသည့် အတိဒုက္ခမျိုးသည် မကြာမြင့်မီကာလတွင် ကျွန်ုပ်တို့အပေါ်သို့ပြန်လည်ကျရောက်မည်ဖြစ်သည်။

ထာဝရဘုရားသည် သူ၏မဟာကြီးမြတ်သော သာသနာပြုလုပ်ငန်းအမှုတော်ဆောင်အဖြစ် သူ၏အမှုတော်ဆောင်များတို့အား သူ့ကိုကိုယ်စားပြုကြရန် လိုလားတော်မူပါသည်။ စိတ်လိုက်မာန်ပါပြုလုပ်မှုကို ထုတ်ဖော်ပြသခြင်းသည် အစဉ်အမြဲထိခိုက်နစ်နာစေမှုကို ဖြစ်ပေါ်စေပါသည်။ ခရစ်ယာန်အသက်တာအတွက် မရှိမဖြစ်လိုအပ်သောစရိုက်လက္ခဏာမျိုးတို့ကို သခင်ခရစ်တော်၏စာသင်ကျောင်းတော်တွင် နေ့စဉ်သင်ကြားရယူရကြပါမည်။ နှုတ်လွှန်သွားသည်ကို ပြန်လည်ရုပ်သိမ်း၍မဖြစ်နိုင်တော့သည့် တစ်ကမ္ဘာလုံးသို့အသံလွှင့်ပြောကြားခြင်းအတွက် စကားလုံးများကိုပြောဆိုမှု၊ သို့မဟုတ် အများသိရှိရန်အတွက် ထုတ်ပြန်ကြေညာချက်စကားလုံးတို့ကို ရေးသားပြုစုခြင်းတို့တွင် နမော်နမဲ့နိုင်ပြီး၊ ဂရုစိုက်မှုမရှိသောသူသည် ယခုကဲ့သို့သောခေတ်ကာလတွင် သခင်ခရစ်တော်၏နောက်တော်သို့ လိုက်လျှောက်နေကြသောသူတို့အပေါ် လွှဲပြောင်းပေးသည့် အထွတ်အမြတ်ဖြစ်သောအမှုတော်ကို တာဝန်လွှဲပြောင်းရယူခြင်းနှင့် ထိုက်တန်ခြင်းမရှိအောင် မိမိကိုယ်ကိုမိမိလုပ်ဆောင်ခြင်းသာဖြစ်ပါသည်။ ခက်ထန်သော ထိုးနှက်မှုကိုကျင့်သုံးကြသောသူတို့သည် ထိုစကားမျိုးကို ထပ်ခါတလဲလဲပြန်လည် ပြောဆိုတတ်လာခြင်းဖြင့် ထိုဝသီကိုအားကောင်းလာအောင် ဖော်ဆောင်ပေးကြရာ



ရောက်ပြီး၊ နောင်တရစရာအကြောင်းဖန်လာပါတော့သည်။ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏သွားရာလမ်းနှင့်စိတ်ဓာတ်တို့ကို သေချာစွာပြန်လည်ဆန်းစစ်ရကြမည်ဖြစ်ပြီး၊ အသက်ဝိညာဉ်တို့၏ကြမ္မာနှင့်ပတ်သက်သည့် ဘုရားသခင်က ကျွန်ုပ်တို့အားပေးထားတော်မူသောအမှုတော်ကိုသာ မက်မောသင့်ကြပါသည်။ ကျွန်ုပ်တို့အပေါ်တွင် အမှန်တကယ်အမြင့်ဆုံးဖြစ်သောတာဝန်သည် ကျွန်ုပ်တို့အပေါ်တွင်ကျရောက်နေပါသည်။

သမ္မာတရားတော်ကိုယုံကြည်ကြသောသူတို့က ဆင်းရဲဒုက္ခ၏ဒဏ်ကို မြန်မြန်ဆန်ဆန်နှင့်ပြင်းပြင်းထန်ထန်ဖြင့်ခံစားကြစေရေးအတွက် ဆိုးညစ်မှုကိုယ်စားလှယ်အဖွဲ့၏မိတ်ဖက်အဖွဲ့ဝင်တစ်ရပ်လုံးတို့ကို ဒုစရိုက်သမားများတို့ဖြင့် ပေါင်းစည်းမိကြစေရန် စာတန်မာရ်နတ်သည် ထိုသူတို့ကိုလှုံ့ဆော်ပေးရန်အတွက် အားနှင့်မာန်နှင့်တောက်လောင်နေရင်း အဆင်သင့်ရပ်ကြည့်နေပါသည်။ ကျွန်ုပ်တို့၏ညီအစ်ကိုတော်များထံမှပေါ်ထွက်လာသည့် ဉာဏ်အမြော်အမြင်မရှိသောစကားလုံးများတို့သည် အမှောင်ထုမင်း၏တန်ဖိုးထားခြင်းကို ခံရမည်ဖြစ်သည်။ ကောင်းကင်တမန်မင်းမိက္ခေလသည် မာရ်နတ်နှင့်ငြင်းခုံသောအခါ၊ ကဲ့ရဲ့စွာသောပြစ်တင်ခြင်းကိုမပြုဝံ့ဘဲ၊ “ထာဝရဘုရားသည် သင့်ကိုဆုံးမတော်မူစေသတည်း” ဟူ၍သာ ပြန်မိန့်တော်မူဝံ့သောအချိန်မျိုးတွင် ဘုရားသခင်၏သန့်ရှင်းသူတို့ကို အတိုက်အခံပြုရန်အတွက် ငရဲ၏တန်ခိုးတို့ကို သွေးထိုးလှုံ့ဆော်ပေးစေမည့် နမော်နမဲ့နိုင်ပြီး၊ အန္တရာယ်များသောစကားလုံးတို့ကို ပြောဆိုဝံ့ကြသော အကန့်အသတ်နှင့်သာရှိကြသော လူသားကိုယ်စားလှယ်များတို့သည် ရဲတင်းလှကြပေစွ။

အခက်အခဲများနှင့်ဆင်းရဲဒုက္ခတို့ကိုရှောင်ရှားကြရန်ဆိုသည်မှာ ကျွန်ုပ်တို့အတွက် မဖြစ်နိုင်ပါ။ (မဿဲ ၁၈း၇) တွင်၊ သခင်ယေရှုက “. . . မှားယွင်းစရာအကြောင်းရှိရမည်။ သို့သော်လည်း မှားယွင်းစရာအကြောင်းကိုဖြစ်စေသောသူသည် အမင်္ဂလာရှိ၏” ဟူ၍မိန့်တော်မူထားခဲ့ပါသည်။ မှားယွင်းစရာအကြောင်းများပေါ်ပေါက်လာမည်အလျောက်၊ သမ္မာတရားအပေါ် နှစ်လိုစိတ်မရှိကြသောသူတို့၏သဘာဝအလျောက် ပေါ်ပေါက်လာသည့် ပင်ကိုစရိုက်တို့ကို ဉာဏ်အမြော်အမြင်မရှိသောစကားလုံးများအားဖြင့်လည်းကောင်း၊ အကြင်နာတရားကင်းမဲ့သည့်စိတ်ဓာတ်မျိုးဖြင့်သော်လည်းကောင်း သွေးထိုးလှုံ့ဆော်ပေးရာမရောက်အောင် ကျွန်ုပ်တို့သတိထားရကြပါမည်။

အဖိုးထိုက်လှသည့်သမ္မာတရားတော်အကြောင်းကို ၎င်း၏ပင်ကိုတွန်းအားဖြင့်သာလျှင် ဝေငှပေးကမ်းသင့်ပါသည်။ နေရာအနှံ့ပြန့်ကျဲနေပြီး၊ ကမ္ဘာလောကကြီးကို အထိန်းချုပ်ခံရရေးဆီသို့ဦးတည်သွားစေသည့် လှည့်စားတတ်သောမှားယွင်းမှုတို့ကို

ထုတ်ဖော်ပြသပေးရကြပါမည်။ အသက်ဝိညာဉ်တို့ကို သိမ်မွေ့သောဆင်ခြင်သုံးသပ်မှုဖြင့် အမိဖမ်းရန်နှင့်၊ သမ္မာတရားတော်မှ ဒဏ္ဍာရီဖြစ်ရပ်များဆီသို့ဦးလှည့်သွားရန်အပြင်၊ တောင့်တင်းခိုင်မာလှသောလှည့်စားခြင်းများတို့ဖြင့် လှည့်ဖြားခံရရေးအတွက် ထိုဝိညာဉ်တို့ကိုပြင်ဆင်ထားနိုင်ရန်အတွက် ထိုလှည့်စားတတ်သောမှားယွင်းမှုတို့သည် ဖြစ်နိုင်ခြေရှိသမျှသော ကြိုးပမ်းအားထုတ်မှုတိုင်းကို လုပ်ဆောင်ထားပါသည်။ သို့သော်လည်း ထိုလှည့်စားခံထားရသောအသက်ဝိညာဉ်တို့သည် သမ္မာတရားတော်မှ မှားယွင်းမှုဆီသို့ ဦးလှည့်သွားသောအချိန်တွင် သူတို့အား ပြင်းထန်စွာဝေဖန်အပြစ်တင်ရာရောက်စေသည့် စကားတစ်ခွန်းတလေမျိုးမျှ မပြောမိပါစေနှင့်။ သူတို့အတွက်အန္တရာယ်ဖြစ်စေသည့်အရာကို ပြသပေးနိုင်ရန်နှင့်၊ သူတို့ပြုမူမှုနှင့်သွားရာလမ်းကြောင်းသည် သခင်ယေရှုခရစ်တော်ဆီသို့ မည်မျှဆိုးရွားပြင်းထန်သည့်အနေအထားမျိုးဖြင့် ဦးတည်သွားနေသည်ကို သူတို့အားပြသပေးနိုင်ရန်အတွက် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သော်လည်း အကြင်နာတရားဖြင့် ညင်သာပျော့ပျောင်းစွာဆောင်ရွက်ရပါမည်။ သင့်လျော်သောပြုမူဆောင်ရွက်မှုမျိုးဖြင့် လုပ်ဆောင်ခြင်းအားဖြင့် စာတန်မာရ်နတ်၏အမိဖမ်းခံရသောအသက်ဝိညာဉ်အချို့တို့ကို စာတန်မာရ်နတ်၏တန်ခိုးအောက်မှနေပြီး ပြန်လည်နာလန်ထူလာစေရပါမည်။ သို့သော်လည်း ထိုသူတို့ကိုအပြစ်တင်ရှုတ်ချခြင်းမပြုလုပ်ရပါ။ မှားယွင်းမှုအတွင်းတွင် ကျင်လည်နေကြသောသူတို့၏အနေအထားကို လှောင်ပြောင်သရော်ခြင်းဖြင့် သူတို့၏မမြင်မကန်းမျက်စိတို့ကို ပွင့်သွားစေမည်မဟုတ်သည့်အပြင်၊ သူတို့ကို သမ္မာတရားတော်ဆီသို့ သွေးဆောင်ခေါ်ယူနိုင်မည်မဟုတ်ပါ။

လူတို့သည် သခင်ခရစ်တော်၏နမူနာတော်ကို မျက်ခြည်ပြတ်သွားကြပြီး၊ သူ၏သင်ကြားပို့ချတော်မူခြင်းဆိုင်ရာအပြုအမူအတိုင်း နမူနာယူခြင်းမရှိကြပါက၊ သူတို့သည် မိမိဘာသာမိမိဖူလုံရေးကိုသာ လုပ်ဆောင်ကြသည့်သူများအဖြစ်သို့ ရောက်ရှိသွားကြမည်ဖြစ်ပြီး၊ စာတန်မာရ်နတ်က လက်နက်များအဖြစ်အသုံးပြုသော သူ၏အပြုအမူအကြောင်းတို့ကို တိုင်ပင်ဆွေးနွေးကြရန်အတွက် စာတန်မာရ်နတ်ဆီသို့သွားရောက်ကြသည့်သူများအဖြစ်သို့ပါ ရောက်ရှိသွားကြပေမည်။ ရန်သူကလည်း သူ၏လက်နက်တို့ကို အသုံးပြုနေကြသောသူတို့ဆီသို့ သူ၏လက်နက်များက ပြန်လည်ဦးလှည့်သွားအောင် မည်ကဲ့သို့လုပ်ရမည်ကို ကောင်းကောင်းသိရှိနေပါသည်။ သခင်ယေရှုသည် စင်ကြယ်သောသမ္မာတရားတော်နှင့် ဖြောင့်မတ်ခြင်းတရားဆိုင်ရာ နှုတ်ထွက်စကားမျိုးတို့ကိုသာ မြွက်ကြားတော်မူခဲ့ပါသည်။





ဘုရားသခင်၏မျက်မှောက်တော်၌ လူတစ်ယောက်အနေဖြင့် နှိမ့်ချသောစိတ်ဖြင့် အမြဲတစေလျှောက်လှမ်းရန်လိုအပ်ပါက ထိုကဲ့သို့သောလူသည် ဤလူ့မျိုးဆက်၌ ဘုရားသခင်၏အသင်းတော်နှင့် ရွေးချယ်တော်မူထားသောသူမျိုးများသာဖြစ်ရကြပါမည်။ ကျွန်ုပ်တို့အားလုံးအနေဖြင့် ကျွန်ုပ်တို့၏ဉာဏပိုင်းဆိုင်ရာစွမ်းရည်များထုံထိုင်းသွားမှုအပြင်၊ ကျွန်ုပ်တို့၏အခွင့်ထူးများနှင့်အခွင့်အလမ်းများအတွက် ဂုဏ်ယူအသိအမှတ်ပြုခြင်းခေါင်းပါးမှုတို့အတွက် ငိုကြွေးမြည်တမ်းရန်ပင်လိုအပ်ကြပါသည်။ ကျွန်ုပ်တို့ထံတွင် ဝါကြွားရန်မည်သည့်အကြောင်းအရာမျှမရှိကြပါ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ခက်ထန်မှုအားဖြင့် သခင်ခရစ်တော်၏လုပ်ဆောင်မှုအတိုင်းမဟုတ်သည့် ကျွန်ုပ်တို့၏ထိုးဖောက်စည်းရုံးမှုများတို့အားဖြင့် သခင်ယေရှုခရစ်တော်အရှင်ဘုရားကို ဝမ်းနည်းမှုဖြစ်စေကြပါသည်။ ကျွန်ုပ်တို့သည် သူ၏ထံတော်၌ ကုံလုံပြည့်စုံသည့်အနေအထားဆီသို့ ရောက်ရှိသွားကြရန်လိုအပ်ပါသည်။ (ဟေရှာယ ၅၈း၁) တွင်ဖော်ပြထားသည့်၊ “အသံမလျော့ဘဲကြွေးကြော်ကြလော့။ တံပိုးသံကဲ့သို့အသံကိုလွှင့်၍၊ ယာကုပ်အမျိုးသားဖြစ်သော ငါ၏လူတို့အား၊ သူတို့ဒုစရိုက်အပြစ်ကိုဖော်ပြလော့” အတိုင်း ကြွေးကြော်ကြရန်အတွက် ကျွန်ုပ်တို့သည် အမှန်တကယ်မိန့်တော်မူခြင်းခံနေရကြပါသည်။ ဤသတင်းစကားတော်ကို ပေးကမ်းဝေငှရမည်ဖြစ်သော်လည်း၊ ကျွန်ုပ်တို့ထံတွင်ရှိနှင့်ပြီးသောအလင်းတရားမျိုးကို ရရှိခြင်းမရှိကြသေးသည့်သူတို့အား ထိုးနှက်တိုက်ခိုက်ပြောဆိုခြင်း၊ ဝိုင်းအုံတိုက်တွန်းခြင်းနှင့်ရှုတ်ချပြောဆိုခြင်းတို့ကို မပြုလုပ်မိကြရန်အတွက် သတိထားရကြပါမည်။ ရောမအသင်းတော်အပေါ် ပြင်းထန်သောထိုးနှက်တိုက်ခိုက်မှုမျိုးကို တကူးတကမလုပ်သင့်ကြပါ။ သူတို့အသင်းတော်အတွင်းတွင် တာဝန်အကျေပွန်ဆုံးသောခရစ်ယာန်များ၊ သူတို့အပေါ်တွင် ထွန်းလင်းသက်ရောက်သောအလင်းတရားအားလုံးတို့၌ လျှောက်လှမ်းကြသောသူများရှိကြသည့်အလျောက်၊ ဘုရားသခင်သည် သူတို့၏ကိုယ်စားလုပ်ဆောင်ပေးတော်မူမည်ဖြစ်သည်။ ကြီးမားသောအခွင့်ထူးများနှင့်အခွင့်အလမ်းများရှိနေကြသော်လည်း သူတို့၏ကာယပိုင်းဆိုင်ရာ၊ ဉာဏပိုင်းဆိုင်ရာနှင့်ကိုယ်ကျင့်တရားပိုင်းဆိုင်ရာစွမ်းအားများတို့ကို ကောင်းမွန်တိုးတက်လာအောင် လုပ်ဆောင်ရန်ပျက်ကွက်ကြသည့်အပြင်၊ မိမိတို့ကိုယ်၌အတွက်ကိုသာ နှစ်သိမ့်ကျေနပ်မှုရှိစေရေးအတွက်သာ ရှင်သန်နေကြပြီး၊ သူတို့၏တာဝန်ရှိမှုအပိုင်းကို သယ်ပိုးရန်ငြင်းပယ်ကြသောသူတို့သည် အယူဝါဒပိုင်းဆိုင်ရာအချက်အလက်နှင့်ပတ်သက်ပြီး မှားယွင်းလက်ခံမိကြသော်လည်း၊ အခြားသောသူတို့အပေါ် ကောင်းကျိုးပြုကြရန်အတွက်သာ ရှင်သန်

ရန်ကြိုးပမ်းအားထုတ်ကြသောသူများတို့ထက် ဘုရားသခင်၏မျက်မှောက်တော်၌ ပိုမိုကြီးမားသောအန္တရာယ်နှင့် ပိုမိုကြီးမားလှသောတရားစီရင်ခြင်းတို့နှင့် ကြုံတွေ့ရကြမည်ဖြစ်သည်။

အခြားသောသူတို့ကိုရှုတ်ချပြောဆိုခြင်းဖြင့် ပြင်းထန်စွာဝေဖန်အပြစ်တင်ခြင်းမပြုပါနှင့်။ ကျွန်ုပ်တို့အနေဖြင့် မိမိကိုယ်ကျိုးအတွက် အရေးထားထည့်တွက်စဉ်းစားမှုများ၊ မှားယွင်းသောဆင်ခြင်သုံးသပ်မှုနှင့် မှားယွင်းသောဆင်ခြေပေးမှုများတို့အားဖြင့် မိမိတို့ကိုယ်ကို စိတ်အတွေးနှင့်နှလုံးသားဆိုင်ရာ မကောင်းမှု၌ဆက်လက်ကျင်လည်သောအနေအထားတွင် ရှိနေစေခြင်းသည် ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်၏လမ်းခရီးတော်များနှင့်အလိုဆန္ဒတော်တို့ကို အမှန်တကယ်မသိရှိရာရောက်ကြသည့်အလျောက်၊ ပေါ်ပေါ်ထင်ထင်အပြစ်ကျူးလွန်သူတို့ထက် ကျွန်ုပ်တို့သည် ပိုလွန်၍အပြစ်ကြီးလေးကြပါသည်။ ဘုရားသခင်၏မျက်မှောက်တော်၌ ကျွန်ုပ်တို့ကိုယ်၌က ရှိနေသည့်အပြစ်ထက် ပိုမိုနည်းပါးလှသောအပြစ်မျိုးသာရှိနေကြသောသူတို့အား ရှုတ်ချပြောဆိုမိခြင်းမရှိကြရေးကို အထူးသတိထားကြရန်လိုအပ်ကြပါသည်။ “Testimonies for the Church,” vol. 9, pp. 239-244.

## ဘုရားသခင်သည်အဘယ်သူ၏မျက်နှာကိုမျှမှတ်တော်မမူ

သခင်ခရစ်တော်၏ဘာသာတရားတော်သည် ထိုတရားတော်ကိုလက်ခံသောသူကို ပိုမိုမြင့်မားသောတွေးခေါ်မှုဆိုင်ရာနှင့် ပြုမူကျင့်ကြံမှုပြင်ညီပေါ်သို့မြှင့်တင်ပေးသည့်တစ်ချိန်တည်းတွင်ပင်၊ ၎င်းဘာသာတရားတော်သည် လူသားမျိုးနွယ်တစ်ရပ်လုံးတို့ကိုလည်း ဘုရားသခင်သည် သူ၏သားတော်ကို အသက်စွန့်ဆက်ကပ်ပူဇော်တော်မူစေခြင်းအားဖြင့် ဝယ်ယူထားတော်မူသော သူ၏ချစ်ခြင်းမေတ္တာတော်၏ရည်မှန်းချက်နှင့်ထပ်တူထပ်မျှသဘောဆောင်သည်ကိုပါ ပြသနေပါသည်။ သခင်ယေရှု၏ခြေတော်ရင်း၌ လူချမ်းသာနှင့်ဆင်းရဲသား၊ ပညာတတ်နှင့်ပညာမဲ့တို့သည် လူတန်းစားခွဲခြားခြင်း၊ သို့မဟုတ် လောကီ၏သာလွန်ကောင်းမွန်ခြင်းဆိုင်ရာ အတွေးမျိုးမရှိကြဘဲ၊ အတူတကွဆုံတွေ့ကြပါသည်။ လောကီရေးရာနှင့်သက်ဆိုင်သော ဘွဲ့ထူးဂုဏ်ထူးအားလုံးတို့ကိုလည်း ကျွန်ုပ်တို့၏အပြစ်များတို့ကို ထိုးဖောက်ချေဖျက်တော်မူပြီးသောသူကို မျှော်ကိုးအားထားခြင်းအားဖြင့် ကျွန်ုပ်တို့သည် မေ့ပျောက်သွားကြမည်ဖြစ်သည်။ ကောင်းကင်နိုင်ငံ



တော်၌ မြင့်မားစွာချီးမြှောက်တော်မူခြင်းခံရသော သူ၏မိမိကိုယ်ကိုမိမိချုပ်တည်းခြိုးခြံခြင်း၊ မိမိကိုယ်ကိုမိမိနှိမ့်ချခြင်းနှင့် အကန့်အသတ်မဲ့သည့်သနားခြင်းကရုဏာတို့သည် လူသားတို့၏ဝါကြွားမှု၊ မိမိကိုယ်ကိုမိမိအထင်ကြီးတန်ဖိုးထားမှုနှင့် လူမှုရေးလူတန်းစားခွဲခြားမှုတို့ကို အရှက်ရစေမည်ဖြစ်သည်။ စင်ကြယ်ပြီးညစ်ထေးမှုမရှိသော ဘာသာတရားက ကောင်းကင်ဘုံမှဖြစ်တည်ခဲ့ပြီးသော အခြေခံစည်းမျဉ်းများတို့သည် သမ္မာတရားတော်အားဖြင့် စင်ကြယ်ဖြူစင်မှုရှိကြသူအားလုံးတို့ကို တစ်လုံးတစ်ဝတည်းရှိနေစေသည်ကို ထုတ်ဖော်ပြသပေးပါသည်။ အားလုံးသောသူတို့သည် သူတို့အားဘုရားသခင်ထံတော်သို့ ကယ်ချွတ်ပေးတော်မူခဲ့သောသူအပေါ်၌ အားထားမှီခိုခြင်းနှင့်ထပ်တူထပ်မျှဖြစ်ကြသည့် အသွေးတော်ဖြင့်ဝယ်ယူတော်မူခြင်းခံခဲ့ရသည့် အသက်ဝိညာဉ်များအဖြစ်ဖြင့် ဆုံတွေ့ကြမည်ဖြစ်သည်။

### ပင်ကိုစွမ်းရည်များ

လူတို့အနေဖြင့် တိုးတက်ကောင်းမွန်လာကြရေးအတွက် ဘုရားသခင်ကသူတို့အား ပင်ကိုစွမ်းရည်တို့ကို အားဖြည့်ပေးထားတော်မူပါသည်။ ငွေကြေးအားဖြင့် တာဝန်အပ်နှံထားခြင်းခံရသောသူအနေဖြင့် သူ၏အရှင်သခင်အား ဥစ္စာစည်းစိမ်များအားဖြင့်ပြန်လည်တုံ့ပြန်ပေးဆပ်ရမည်ဖြစ်သည်။ ဘုရားသခင်က သူတို့အားပေးထားတော်မူသည့်ဩဇာသက်ရောက်မှုကို အမျိုးသားနှင့်အမျိုးသမီးများတို့က အသုံးချရကြပါမည်။ ဘုရားသခင်က ဉာဏ်ပညာဖြင့်ပြည့်စုံစေတော်မူသည့်လူတို့သည် ထိုဆုကျေးဇူးတော်ကိုသခင်ခရစ်တော်၏ဘုန်းအာနုဘော်တော်ထင်ရှားစေရေးအတွက် သူ၏ကပ်တိုင်တော်ဆီသို့ ယူဆောင်လာရကြမည်ဖြစ်သည်။

မရှိဆင်းရဲသားတို့ထံတွင်လည်း သူတို့၏ပင်ကိုစွမ်းရည်များရှိနေကြပြီး၊ ထိုစွမ်းရည်သည် တစ်စုံတစ်ယောက်က ပြောပြနိုင်စွမ်းရှိသည်ထက် ပိုမိုကြီးမားသည့်စွမ်းရည်မျိုးဖြစ်ကောင်းဖြစ်ပေမည်။ ထိုစွမ်းရည်တို့မှာ အကျင့်စရိုက်၏အကြွင်းမဲ့ချစ်သောစိတ်၊ နှိမ့်ချသောစိတ်၊ အစမ်းသပ်ခံနိုင်သောအကျင့်ကောင်းနှင့် ဘုရားသခင်အပေါ် စိတ်ချယုံကြည်စိတ်များဖြစ်နိုင်ပါသည်။ စိတ်ရှည်သည်းခံစွာဖြင့် အားသွန်ခွန်စိုက်လုပ်ဆောင်မှုနှင့် ဘုရားသခင်အပေါ်လုံးလုံးလျားလျားဖြင့် အားထားမှီခိုခြင်းအားဖြင့် သူတို့၏ကယ်ချွတ်တော်မူသောအရှင်ဖြစ်တော်မူသည့်သခင်ယေရှုနှင့် ပူးပေါင်းနေကြသည့်သူတို့ဆီသို့ ထိုမရှိဆင်းရဲသားတို့က တွေ့မြင်ရကြရန် ညွှန်ပြပေးခြင်းခံရ

ကြမည်ဖြစ်သည်။ ထိုသူတို့သည် မရှိဆင်းရဲသားတို့အပေါ် စာနာထောက်ထားစိတ် အပြည့်အဝရှိကြသည့်အပြင် ဆင်းရဲငတ်မွတ်သောသူနှင့် အဖိနှိပ်အချုပ်ချယ်ခံရကြသောသူတို့အတွက် နေထိုင်ရန်အိမ်ပါရှိကြကာ၊ သူတို့၏သက်သေခံချက်တို့သည် သခင်ယေရှုက သူတို့အတွက်ပြသပေးတော်မူသည့်အတိုင်း ရှင်းလင်းပြီးပြတ်သားတိကျလှပါသည်။ သူတို့သည် ဘုန်းအသရေ၊ ဂုဏ်အသရေနှင့် ထာဝရရှင်သန်ရမှုတို့အတွက် ကြိုးပမ်းအားထုတ်ကြသည့်အလျောက် သူတို့အတွက်ဆုလာဘ်သည်လည်း ထာဝရအသက်သာလျှင်ဖြစ်ပေလိမ့်မည်။

## လူသားအချင်းချင်းညီနောင်သားချင်းတော်စပ်မှု

လူသားအချင်းချင်းညီနောင်သားချင်းတော်စပ်မှုသည် အရာခပ်သိမ်းတို့တွင် ကုံလုံပြည့်စုံမှုကို ဖော်ဆောင်နိုင်ရေးအတွက် ပင်ကိုအရည်အသွေးအမျိုးအစားအားလုံးတို့ကို ထုတ်ယူသုံးစွဲရကြသကဲ့သို့ သခင်ခရစ်တော်၏အသင်းတော်သည်လည်း မတူကွဲပြားသောပင်ကိုစွမ်းရည်များရှိနေကြသည့် အမျိုးသားအမျိုးသမီးတို့ဖြင့် ပါဝင်ဖွဲ့စည်းထားကြသည့်အပြင်၊ ရာထူးအဆင့်အတန်းအားလုံးနှင့် လူတန်းစားအားလုံးတို့ဖြင့်ပါပါဝင်ဖွဲ့စည်းထားပါသည်။ အရာခပ်သိမ်းတို့ကိုပြီးမြောက်အောင်လုပ်ဆောင်ပေးသည့် မတူကွဲပြားသောပင်ကိုစွမ်းရည်များအားလုံးနှင့် အတန်းအစားပေါင်းစုံသောစိတ်အတွေးများတို့၏ပေါင်းစည်းမှုကို လူသားတို့၏မာန်မာနက တရားဝင်ဖျက်သိမ်းပစ်ရန်အတွက် ဘုရားသခင်သည် အရာမြောက်ထားတော်မူခြင်းခံရပြီးသော သူ၏ကိုယ်တော်တိုင်ဉာဏ်ပညာတော်အားဖြင့် မည်သည့်အခါမျှပုံစံထုတ်တော်မူခဲ့ခြင်းမရှိပါ။ ကိုယ်စားလုပ်ဆောင်ပေးကြသောသူတို့၏အဆင့်အတန်းသည် နိမ့်ကျသည်ဖြစ်စေ၊ မြင့်သည်ဖြစ်စေ ဘုရားသခင်၏ကြီးမြတ်လှသောအမှုတော်၏မည်သည့်အစိတ်အပိုင်းတစ်စုံတစ်ခုမျှ တန်ဖိုးလျော့ကျသွားခြင်းမျိုးမဖြစ်သင့်ပါ။ ကွဲပြားခြားနားသောအတိုင်းအတာမျိုးဖြင့် အလင်းတရားတော်ကိုပျံ့နှံ့သွားသောအလုပ်တွင် ပါဝင်လုပ်ဆောင်ကြရန်အတွက် အားလုံးတို့သည် မိမိတို့၏ကဏ္ဍအလိုက် လုပ်ဆောင်ရကြမည်ဖြစ်သည်။

အဆင့်မြင့်သည်ဖြစ်စေ၊ နိမ့်ကျသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ပညာတတ်ဖြစ်စေ၊ ပညာမတတ်သူဖြစ်စေ အတိုင်းအတာတစ်ခုအားဖြင့် မည်သည့်ပိုင်ဆိုင်မှုမျိုးကိုမျှ လက်ဝါးကြီးမအုပ်သင့်ပါ။ အလင်းတရား၏အလင်းတန်းတစ်ခုတလေမျှ တန်ဖိုးထားခြင်းမခံရမှုမရှိရလေအောင်၊ အလင်းတန်းတစ်ခုတလေကမျှ



ပိတ်ဆို့ခံထားရခြင်းမရှိလေအောင်၊ ရောင်စဉ်တန်းတစ်ခုတလေကမျှ အသိအမှတ်ပြုမခံရမှုမျိုးမရှိရလေအောင်၊ သို့မဟုတ် အင်တင်တင်ဖြင့်သာ သတိမူခံရမှုမျိုးမဖြစ်ရလေအောင် လုပ်ဆောင်ရကြပါမည်။ သမ္မာတရားတော်နှင့်ဖြောင့်မတ်ခြင်းတရားအတွက် အားလုံးသောသူတို့သည် သူတို့၏အခန်းကဏ္ဍအလိုက် လုပ်ဆောင်ရကြပါမည်။ အသင်းအဖွဲ့၏ကွဲပြားခြားနားသော အတန်းအစားများတို့၏စိတ်ဝင်စားမှုတို့သည် ဖျက်ဆီး၍မရနိုင်လောက်အောင် စုစည်းမှုရှိကြပါသည်။ ကျွန်ုပ်တို့အားလုံးတို့သည် ကြီးမားသောနိမ့်ချခြင်းပိုးမျှင်အိမ်ကွန်ယက်၌ အတူတကွထည့်သွင်းရက်လုပ်ခြင်းခံနေကြသည့်အလျောက်၊ ကျွန်ုပ်တို့သည် ဆုံးရှုံးမှုမရှိဘဲ၊ တစ်ဦးကိုတစ်ဦး စာနာထောက်ထားမှုကို ပြန်လည်ရုပ်သိမ်းသွားခြင်းမျိုးမရှိနိုင်ပါ။ ဤကဲ့သို့သောရှိနှင့်ထားနေကျဖြစ်သော စိတ်ပါဝင်စားမှုမျိုးနှင့် စာနာထောက်ထားစိတ်မျိုးတို့ကို ဖော်ပြပေးနိုင်ခြင်းမရှိကြပါက သင့်တင့်ကောင်းမွန်သောဩဇာသက်ရောက်မှုမျိုးကို အသင်းတော်အတွင်း ထိန်းသိမ်းထားနိုင်ရန်မှာ ဖြစ်နိုင်ခြေမရှိပါ။

## လူတို့နှင့်တသီးတခြားကင်းကင်းကွာကွာနေခြင်း

ဘုရားသခင်ထံတော်တွင် လူတန်းစားခွဲခြားခြင်းရှိတော်မမူပါ။ အရာရာတိုင်း၊ အမျိုးအစားတိုင်းတို့ကို သူသည် မသိကျိုးကျွန်ပြုတတ်တော်မူပါသည်။ အသက်ဝိညာဉ်အားလုံးတို့သည် သူ၏ထံတော်တွင် တန်ဖိုးရှိကြပါသည်။ အသက်ဝိညာဉ်တို့၏ကယ်တင်ခြင်းအတွက်လုပ်ဆောင်နေမှုသည် အမြင့်ဆုံးသောဂုဏ်ပြုမှုနှင့်ထိုက်တန်သည့်အလုပ်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏လုပ်ဆောင်မှုအသွင်သဏ္ဌာန်သည် မည်သည့်သွင်ပြင်မျိုးဖြင့်ပင်ရှိပါစေ၊ သို့မဟုတ် မည်သည့်လူတန်းစားအတွင်းတွင်ဖြစ်နေပါစေ၊ မြင့်သည်ဖြစ်စေ၊ နိမ့်ကျသည်ဖြစ်စေ အကြောင်းမဟုတ်ပါ။ ဘုရားသခင်၏ရှုမြင်တော်မူခြင်းတွင် ဤဘွဲ့ထူးဂုဏ်ထူးတို့သည် ၎င်းတို့၏စစ်မှန်သောထိုက်တန်မှုအပေါ်၊ အကျိုးသက်ရောက်မည်မဟုတ်ပါ။ ရိုးသားမှုရှိပြီး၊ ထက်သန်မှုရှိကာ နှလုံးကြေကွဲခြင်းရှိသော အသက်ဝိညာဉ်သည် အသိဉာဏ်နည်းပါးမှုရှိသည့်တိုင် ထာဝရဘုရား၏ရှုမြင်တော်မူခြင်းတွင် အဖိုးထိုက်လှပါသည်။ သူသည် သူ၏ချိပ်နှိပ်တံဆိပ်တော်ကို လူသားတို့အပေါ်တွင်တင်ထားပေးတော်မူပြီး၊ လူတို့၏ရာထူးအဆင့်၊ ကြွယ်ဝချမ်းသာမှုနှင့် သူတို့၏ဉာဏ်စွမ်းကြီးကျယ်မှုတို့အပေါ်တွင်မူတည်ပြီး တရားစီရင်တော်မူမည်မဟုတ်ဘဲ၊ သူတို့၏သခင်ခရစ်တော်နှင့် တစ်လုံးတစ်ဝတည်းရှိနေသည့်အပေါ်တွင်မူတည်ပြီး စီရင်

တော်မူမည်ဖြစ်သည်။ ပညာမတတ်သူဖြစ်ပြီး၊ အပယ်ခံဘဝတွင်ရှိကာ ကျေးကျွန်ဘဝသို့ရောက်ရှိသွားရသောသူတစ်ယောက်အနေဖြင့် အကယ်၍သူသည် သူ၏အခွင့်အလမ်းများနှင့်အခွင့်ထူးများတို့အတွက်လုပ်ဆောင်ပြီး၊ ဘုရားသခင်က သူ့အားပေးသနားတော်မူသောအလင်းတရားတော်ကို ရင်ဝယ်ပိုက်ထားပါက၊ လုပ်ဆောင်ရန်လိုအပ်သည့်အရာအားလုံးတို့ကို သူလုပ်ဆောင်ပြီးသားဖြစ်သွားပါသည်။ ကမ္ဘာလောကကြီးက သူ့အားအသိဉာဏ်နည်းပါးသူဟူ၍ ခေါ်တွင်မည်ဖြစ်သော်လည်း၊ ဘုရားသခင်ကမူ သူ့အားအမြော်အမြင်ရှိသူနှင့်ကောင်းမြတ်သောသူဟူ၍ ခေါ်ဆိုတော်မူကာ၊ ဤသို့အားဖြင့် သူ၏အမည်နာမသည် ကောင်းကင်နိုင်ငံတော်၏စာရင်းစာအုပ်ထဲတွင် ထည့်သွင်းရေးသားထားခြင်းခံရမည်ဖြစ်သည်။ သူ၏ဘုန်းအာနုဘော်တော်ကို ကောင်းကင်နိုင်ငံတော်တွင်သာမဟုတ်ဘဲ ကမ္ဘာမြေကြီးပေါ်တွင်ပါ ချီးမွမ်းခြင်းပြုနိုင်ရန်အတွက် ဘုရားသခင်သည် ထိုသူအားဖြည့်ဆည်းပေးတော်မူမည်ဖြစ်သည်။

သိုးသငယ်၏အသက်စာစောင်အတွင်း အမည်နာမရေးသွင်းထားခြင်းခံရကြသောသူတို့နှင့် အပေါင်းအသင်းဖြစ်ရန်အတွက် ငြင်းဆန်သောသူအပေါ် ဘုန်းတော်ရှင်၏အပြစ်ကိုဖော်ပြဆုံးမခြင်းသည် သူ့အပေါ်တွင်ကျရောက်လာမည်ဖြစ်ကာ၊ ဤသို့ဖြစ်ရခြင်းမှာ ပြတ်ပြတ်သားသားပြောရမည်ဆိုပါက သူငြင်းဆန်သောထိုသူတို့သည် ကြွယ်ဝချမ်းသာမှုမရှိသည့်အပြင် ပညာတတ်များမဟုတ်ကြဘဲ၊ သို့မဟုတ် ဤကမ္ဘာလောကတွင် ဂုဏ်ထူးဘွဲ့ထူးရှိကြသူများမဟုတ်သောကြောင့်ဖြစ်ပါသည်။

ဘုန်းအာနုဘော်တော်၏အရှင်သခင်ဖြစ်သူ သခင်ခရစ်တော်သည် နိမ့်ကျသောအလုပ်ကိုသာလုပ်ကိုင်ရကြသောသူများဖြစ်ကြပါစေ၊ မည်သည့်ရာထူးအဆင့်မျိုးရှိကြသူ၊ သို့မဟုတ် အသိဉာဏ်ပညာ၏ဘွဲ့ထူးရှိကြသူများဖြစ်ကြပါစေ၊ အရေးထားတော်မူခြင်းမရှိဘဲ နူးညံ့သိမ်မွေ့မှုရှိပြီး စိတ်နှလုံးနှိမ့်ချသောသူတို့အပေါ်တွင် ကျေနပ်မှုရှိတော်မူပါသည်။

## ဝန်ဆောင်မှုအတွက်သင်တန်း

အသက်တာ၏အနိမ့်ဆုံးသောအနေအထားများ၏နှိမ့်ချသောတာဝန်များတို့ကို ထမ်းဆောင်ကြစဉ်အတွင်း၊ ဘုရားသခင်၏အရေးအရာတော်တွင် အသုံးဝင်လှပြီး ဂုဏ်ပြုခြင်းခံရပြီးသည့် အမှုတော်ဆောင်မည်မျှတို့သည် တစ်ခုတလေသောသင်တန်းကို တက်ရောက်ခဲ့ပြီးကြပါသလား။ မောရှေသည် အဲဂုတ္တုပြည်၏အနာဂတ်တွင်ဖြစ်



လာမည့် အုပ်ချုပ်မင်းလုပ်သူတစ်ယောက်အဖြစ်ရှိနေခဲ့သော်လည်း၊ ဘုရားသခင်သည် သူ့အားခန့်အပ်တော်မူခဲ့သည့်အလုပ်အတွက် ဘုရင့်နန်းတော်မှခေါ်ထုတ်တော်မူခဲ့ခြင်းမရှိပါ။ သစ္စာရှိသောသိုးထိန်းတစ်ယောက်အဖြစ်ဖြင့် နှစ်ပေါင်းလေးဆယ်တိုင်တိုင်ထမ်းရွက်ခဲ့ပြီးမှသာ သူ၏ဣသရေလလူမျိုးတို့ကို ကယ်နုတ်သောသူအဖြစ် စေလွှတ်ခြင်းခံခဲ့ရပါသည်။ ဣသရေလလူမျိုးတို့၏တပ်မတော်ကြီးကို ကယ်နုတ်ခြင်းအတွက် ဂိဒေါင်သည် ဘုရားသခင်၏လက်တော်တို့တွင် ကိရိယာတန်ဆာပလာအဖြစ်ဖြင့် ကောက်နယ်တလင်းပြင်မှခေါ်ထုတ်တော်မူခြင်းခံခဲ့ရပါသည်။ ဘုရားသခင်၏ခိုင်းစေမိန့်တော်မူချက်အတိုင်း ထမ်းဆောင်ရန်အတွက် ဧလိရှဲသည် လယ်ထွန်ထယ်ထိုးခြင်းအလုပ်ကိုစွန့်ပယ်ရန်အတွက် ဆင့်ခေါ်တော်မူခြင်းကိုခံခဲ့ရပါသည်။ လယ်သမားဖြစ်သူအာမုတ်သည်လည်း ကြွေးကြော်ကြေညာပေးရန်အတွက် ဘုရားသခင်က သူ့အားသတင်းစကားကိုပေးတော်မူခဲ့ချိန်၌ လယ်မြေကိုထွန်ယက်စိုက်ပျိုးခဲ့ချိန်ဖြစ်ပါသည်။

သခင်ခရစ်တော်နှင့်အတူတကွ ပူးပေါင်းလုပ်ဆောင်ကြသူအားလုံးတို့သည် ခက်ခဲလှပြီး မွေ့လျော်ဖွယ်မရှိသောအလုပ်တို့နှင့် ကြီးကြီးမားမားထိတွေ့ရကြမည်ဖြစ်ကာ၊ ညွှန်ကြားချက်ပိုင်းဆိုင်ရာသင်ခန်းစာတို့ကိုလည်း အမြော်အမြင်ရှိရှိဖြင့် ရွေးချယ်ရကြမည်ဖြစ်သည့်အပြင်၊ သူတို့၏ထူးခြားသောလက္ခဏာဆောင်သည့်အကျင့်စရိုက်၊ သူတို့ဆက်လက်လုပ်ဆောင်ရကြမည့်အလုပ်တို့နှင့် နေသားတကျရှိရကြပါမည်။

## လူငယ်လူရွယ်တို့အားသင်တန်းပေးရာတွင်ဂရုတစိုက်လုပ်ဆောင်ခြင်း

စိတ်အတွေးများတို့နှင့်ထိတွေ့မှုရှိကြသောအခါတွင် အကောင်းဆုံးသောရွေးချယ်ဆုံးဖြတ်တတ်ခြင်းမျိုး လိုအပ်ကြသည့်အတိုင်း၊ ငယ်ရွယ်သူများတို့နှင့်ထိတွေ့ကြရာတွင် မည်ကဲ့သို့သတိရှိရှိဖြင့်လုပ်ဆောင်ရကြမည်ကို ထာဝရဘုရားက ကျွန်ုပ်အားများစွာသောနည်းလမ်းများနှင့် အကြိမ်ပေါင်းများစွာဖြင့် အသိပေးတော်မူခဲ့ပါသည်။ လူငယ်လူရွယ်တို့အတွက် ပညာရေးနှင့်သင်တန်းပိုင်းဆိုင်ရာတို့ကိုလုပ်ဆောင်ကြရာတွင် လူတိုင်းသည် ကြီးမြတ်တော်မူသော ဆရာကဝိကြီး၏စိတ်ဓာတ်နှင့်အမှုတော်ဆောင်ရွက်တော်မူပုံတို့ကို အမိအရ ရယူထားနိုင်ကြရန်အတွက် သူနှင့်အလွန်နီးကပ်စွာရှိနေကြရန် လိုအပ်ပါသည်။ သူတို့၏အကျင့်စရိုက်နှင့် သူတို့၏ဘဝတစ်လျှောက်လုံးတွင် မြှုပ်နှံထားသောလုပ်ငန်းများအပေါ် သက်ရောက်မှုရှိသည့်သင်ခန်းစာမျိုးကို ပေးရကြပါမည်။

မိမိကိုယ်ကိုမိမိချီးမြှောက်ခြင်းဆီသို့ တန်းတန်းမတ်မတ်၊ ယိမ်းပါသွားစေသည့် အခြားသောသူတို့အပေါ် မညှာမတာဝေဖန်ဆုံးဖြတ်ခြင်းတို့အတွက် နေရာပေးခြင်းမရှိသည့်အပြင်၊ လူတန်းစားခွဲခြားခြင်းစိတ်ဓာတ်၊ သည်းခံခြင်းမရှိသော၊ သခင်ခရစ်တော်၏ဧဝံဂေလိတရားတော်အကြောင်းကို ထိုလူငယ်တို့အားသင်ကြားပေးသင့်ပါသည်။ သခင်ယေရှု၏ဘာသာတရားတော်သည် မည်သည့်အခါမျှ ထိုတရားတော်ကိုလက်ခံထားသူအား သိက္ခာချခြင်းမရှိသည်သာမက၊ ရိုင်းပျပြီးကြမ်းတမ်းသောသူတစ်ယောက်ဖြစ်သွားစေအောင် လုပ်ဆောင်ခြင်းမရှိသည့်အပြင်၊ သခင်ခရစ်တော်က အသေခံပေးတော်မူခဲ့သောသူတို့အပေါ် အကြင်နာတရားကင်းမဲ့သောတွေးတောမှုနှင့် သဘောထား ထားရှိအောင်မလုပ်ဆောင်ပါ။

ကျင့်ဝတ်ထုံးတမ်းဆိုင်ရာ အကြောင်းခြင်းရာ၏အရေးပါမှုအပေါ် တွယ်ကပ်လွန်းအားကြီးပြီး၊ များစွာသောလူငယ်လူရွယ်တို့အတွက် မည်သည့်အခါမျှကြီးကြီးမားမားအသုံးမဝင်သောအမှုအရာနှင့် သွင်ပြင်ပိုင်းဆိုင်ရာအကြောင်းအရာတို့နှင့်ပတ်သက်သည့်ပညာရေးအပေါ် အချိန်ကြာမြင့်စွာလမ်းလွဲလိုက်နေခြင်းသည် အန္တရာယ်ရှိလှပါသည်။ အချို့တို့သည် ပြင်ပကိစ္စရပ်များကို လုံးဝအရေးကြီးသည့်အနေဖြင့်လည်းကောင်း၊ သမားရိုးကျထုံးတမ်းစဉ်လာ၏တန်ဖိုးကိုသာ ပိုမိုခန့်မှန်းကြခြင်းတို့ကြောင့် အန္တရာယ်ကြုံတွေ့ရနိုင်ပါသည်။ ထိုလုပ်ရပ်တို့ကြောင့် ထွက်ပေါ်လာသည့်ရလဒ်များတို့သည် ဤအကြောင်းခြင်းရာတို့အတွက် အချိန်နှင့်တွေးခေါ်မြော်မြင်မှုတို့ကိုသုံးစွဲခြင်းအတွက် ကျိုးကြောင်းခိုင်လုံစေမည်မဟုတ်ပါ။ ဤအရာများတို့အပေါ် အာရုံစိုက်လွန်းရန်အတွက် ပို့ချခြင်းခံထားရသောသူအချို့တို့သည် သမားရိုးကျထုံးတမ်းစဉ်လာဆိုင်ရာ သူတို့၏အဆင့်အတန်းကို ဖြည့်ဆည်းရန်ပျက်ကွက်စေသည့် တစ်စုံတစ်ရာသောအရာသည် မည်သို့ပင်ပြောင်မြောက်မှုရှိပါစေ၊ ထိုအရာအတွက်သူတို့သည် စစ်မှန်သောလေးစားမှု၊ သို့မဟုတ် စာနာထောက်ထားစိတ်ကို အနည်းငယ်သာပြသနိုင်ကြပါသည်။

သဘောထားသေးသိမ်သောဝေဖန်မှုကို အားပေးအားမြှောက်ပြုသည့်မည်သည့်အရာမဆို၊ ထို့အပြင် အပြစ်အနာအဆာ၊ သို့မဟုတ် မှားယွင်းမှုတိုင်းကိုသတိပြုပြီးဖော်ထုတ်ပြသပေးသည့်ပင်ကိုစိတ်သည် မှားယွင်းသောစိတ်ထားမျိုးဖြစ်ပါသည်။ ထိုစိတ်မျိုးသည် သခင်ခရစ်တော်၏အကျင့်စရိုက်တော်နှင့်မတူ၊ ကွဲပြားမှုရှိကြသည့်ယုံကြည်မှုကင်းမဲ့စိတ်နှင့်သံသယစိတ်တို့ကို မြင့်တင်ပေးသည့်အပြင်၊ ဤကဲ့သို့သောပြုမူမှုကြောင့် စိတ်အတွေးကိုထိခိုက်နစ်နာစေပါသည်။ ဤကဲ့သို့သောလုပ်ရပ်မျိုးတွင်





ပါဝင်လုပ်ဆောင်ကြသောသူတို့သည် ခရစ်ယာန်ဘာသာတရားတော်၏စစ်မှန်သောစိတ်ဓာတ်မှ တဖြည်းဖြည်းချင်းမှန်မှန်ကင်းကွာသွားစေပါသည်။

မြင့်မြတ်သူ၏အရည်အချင်းတို့ကို တိုးမြှင့်လာစေပြီး၊ အစဉ်ထာဝရတည်တံ့မည့် ကြင်နာမှုစိတ်ဓာတ်မျိုးကို အားပေးမြှင့်တင်ပေးစေမည့် မရှိမဖြစ်လိုအပ်ပြီး၊ ကြံ့ကြံ့ခံနိုင်ရည်စွမ်းရှိသည့်ပညာရေးသည် လူငယ်လူရွယ်တို့အနေဖြင့် ရည်ရွယ်ရင်းတို့ကို လွှဲမှားစွာထင်မြင်ယူဆမိပြီး၊ လူတို့ပြောဆိုနေကြသောစကားလုံးများနှင့်လုပ်ရပ်များတို့အပေါ် အဓိပ္ပါယ်အကောက်မှားသွားခြင်းမရှိရေးအတွက် ထိုလူငယ်တို့အား အခြားသောသူတစ်စုံတစ်ဦး၏အပေါ်ကိုမျှ ဆိုးညစ်သောအတွေးမျိုးမတွေးမိကြစေရန် ဦးတည်စေပါသည်။ ဤကဲ့သို့သောညွှန်ကြားမှုအမျိုးအစားအတွက် ဆက်ကပ်ထားပြီးသောအချိန်သည် ထာဝရရှင်သန်ခြင်းဆီသို့ အသီးကိုဖြစ်ထွန်းစေပါလိမ့်မည်။

## (လူတို့နှင့်) တသီးတခြား၊ ကင်းကင်းကွာကွာနေခြင်းအတွက် သခင်ခရစ်တော်၏အပြစ်တင်မိန့်တော်မူခြင်းနမူနာတစ်ခု

လူသားတို့အတွင်း သခင်ခရစ်တော်အတူတကွရှိတော်မူခဲ့သည့်အချိန်ကစပြီး၊ ခေတ်အဆက်ဆက်တိုင်းတွင် အခြားသောသူတို့မှ မိမိတို့ကိုယ်ကို တသီးတခြားရှိစေခြင်းဖြင့် မိမိတို့က သာလွန်ကောင်းမွန်ကြောင်းကိုပြသလိုသည့် ဖာရိရှဲစိတ်နေစိတ်ထားမျိုးရှိနေကြသောသူအချို့ရှိနေကြပါသည်။ သူတို့၏အပေါင်းအသင်းတို့အပေါ် ကောင်းချီးပေးကြရန်အတွက် ရှင်သန်ခြင်းမဟုတ်ကြဘဲ ကမ္ဘာ့လူသားများတို့မှ မိမိတို့ကိုယ်ကို တသီးတသန့်ထားရှိနေကြပါသည်။

သခင်ခရစ်တော်၏အသက်တာတော်တွင် မိမိသာလျှင်မှန်ကန်ပြီး တစ်ပါးသူကများနေသည်ဟု တစ်ယူသန်သဘောထားမျိုးထားရှိတော်မူခဲ့သည့် နမူနာမျိုးမရှိခဲ့ဘဲ၊ သူ၏အကျင့်စရိုက်တော်သည် ဖော်ရွေမှုရှိပြီး၊ စေတနာပြည့်ဝမှုရှိတော်မူပါသည်။ ပြဋ္ဌာန်းထားပြီးသောစည်းမျဉ်းစည်းကမ်းတို့၏ဘောင်ထက်ကျော်လွန်သည့် အသင်းတော်ဆိုင်ရာအမိန့်ပြန်တမ်းမျိုးကို ကမ္ဘာမြေကြီးအတွက် ခြွင်းချန်ထားရစ်တော်မူခဲ့ခြင်းမရှိပါ။ ဘာသာရေးဂိုဏ်းခွဲတိုင်းနှင့် အသင်းတော်အားလုံးနီးပါးတို့တွင် သူ၏ရက်ရောလှသောကရုဏာတော်များအပေါ် အပြစ်ဖို့ခြင်းဖြင့်၊ အပြောင်းအလဲမြန်နေကြသည်ကို တွေ့ရှိရကြမည်ဖြစ်သည်။ သူသည် အခွန်ခံသူများနှင့် ပြစ်မှုကျူးလွန်သူများတို့နှင့်အတူစားသောက်တော်မူခဲ့ခြင်းကြောင့် သူတို့သည် သူ့အပေါ်အပြစ်ရှာခဲ့ကြပြီး၊ မင်္ဂလာဆောင်ပွဲကို

တက်ရောက်တော်မူခဲ့ခြင်းကြောင့် လောကီထုံးတမ်းအတိုင်းပြုမူကျင့်ကြံတော်မူသည်ဟု စွပ်စွဲကြကာ၊ သူ၏မိတ်ဆွေများတို့အား သူနှင့်သူ၏တပည့်တော်တို့ကို ဂုဏ်ပြုသည့် အနေဖြင့် ညစာစားပွဲကျင်းပရန်ခွင့်ပြုတော်မူခဲ့ခြင်းအတွက် သူ့အပေါ်အကြင်နာကင်းမဲ့စွာဖြင့် ပြင်းထန်စွာဝေဖန်ခြင်းခံတော်မူခဲ့ရပါသည်။

သို့သော်လည်း ဤဖြစ်စဉ်များတို့၌တွင်ပင် သူ၏သင်ကြားပို့ချတော်မူခြင်းများအားဖြင့်သာလျှင်မကဘဲ၊ သူ၏သဘောထားကြီးသည့် ကြီးကြပ်ညွှန်ပြတော်မူခြင်းများတို့အားဖြင့် သူ၏ထင်ရှားတော်မူခြင်းကြောင့် ဂုဏ်ပြုခြင်းကိုခံခဲ့ရကြသောသူတို့၏နှလုံးသားများအတွင်း၌ သူသည် မိမိကိုယ်ကိုမိမိအထွတ်အမြတ်ထားတော်မူပြီးသားဖြစ်ခဲ့ပါသည်။ ထိုသူတို့သည် သူနှင့်အကျွမ်းတဝင်ရှိလာရန်နှင့် သူ၏အသက်တာတော်နှင့်သင်ကြားပို့ချတော်မူခဲ့ခြင်းသည် ဖာရိရှဲတို့၏သွင်ပြင်၊ လုပ်ဆောင်ချက်တို့နှင့် ထင်ရှားပေါ်လွင်သော မတူကွဲပြားမှုရှိနေသည်ကို တွေ့မြင်ကြစေရန်အတွက် သူတို့အားအခွင့်အရေးတစ်ခုပေးထားတော်မူခဲ့ပါသည်။

ဘုရားသခင်သည် သူ၏ဖြောင့်မတ်ခြင်းတရားတော်အတွက် တာဝန်အပ်ထားတော်မူပြီးသောသူတို့သည် သခင်ခရစ်တော်က ပြသတော်မူခဲ့ပြီးသော စေတနာပြည့်ဝမှုမျိုးကို ပိုင်ဆိုင်ထားရကြပါမည်။ သူတို့အနေဖြင့် အလားတူသည့်ကျယ်ဝန်းသောစီမံမှုများတို့ကိုခံယူခြင်းဖြင့် ပြုမူကျင့်ကြံရကြပါမည်။ သူတို့သည် မရှိဆင်းရဲသားများတို့အပေါ် ကြင်နာတတ်ပြီး၊ စိတ်ရင်းစေတနာကောင်းသော စိတ်ဓာတ်မျိုးထားရှိရကြမည်ဖြစ်ပြီး၊ သူတို့သည် ဘုရားသခင်၏ဘဏ္ဍာစိုးများဖြစ်ကြသည်ကို အထူးခံယူချက်ဖြင့် သဘောပိုက်ထားရကြပါမည်။ သူတို့တွင်ရှိနေကြသော ဥစ္စာပစ္စည်း၊ စိတ်စွမ်းအားများ၊ ဝိညာဉ်ခွန်အားတို့သည် သူတို့၏ကိုယ်ပိုင်၊ ပိုင်ဆိုင်မှုမဟုတ်ဘဲ ဤကမ္ဘာမြေပေါ်၌ သခင်ခရစ်တော်၏အမှုရေးရာတော် ရှေ့တိုးတက်လှမ်းနိုင်ရေးအတွက် သူတို့အားချေးငှားထားတော်မူသောအရာများအဖြစ်ဖြင့်သာ သဘောထားခံယူထားရကြပါမည်။ သူတို့သည် သခင်ခရစ်တော်နှင့်အလားတူစွာဖြင့် သူ၏အပေါင်းအသင်းတို့၏အသင်းအဖွဲ့တို့ကို ရှောင်ရှားခြင်းမပြုရကြသည့်အပြင်၊ သူတို့က ဘုရားသခင်ထံတော်မှလက်ခံရရှိထားကြသည့် ကောင်းကင်ဘုံဆိုင်ရာအကျိုးကျေးဇူးများတို့ကို အခြားသောသူတို့အား အပ်နှင်းမည့်ရည်ရွယ်ချက်ဖြင့် ထိုအသင်းအဖွဲ့ကို ကြိုးပမ်းထိတွေ့ရကြပါမည်။



လူတို့နှင့်တသီးတခြားကင်းကွာနေခြင်းမရှိပါနှင့်။ သင်ကအပေါင်းအသင်းလုပ်လိုသည့်၊ သင်ကကြိုက်နှစ်သက်လိုလားသောသူအနည်းငယ်ကိုသာရှာပြီး၊ အခြားသောလူအများတို့အား မိမိတို့ကိုယ်ကိုသာစောင့်ရှောက်ကြရေးအတွက် ပစ်ပယ်မထားကြပါနှင့်။ လူတစ်ယောက်၏အားနည်းမှုကိုသာကြည့်မြင်တတ်ပြီး၊ အခြားတစ်ယောက်အပေါ် မိုက်မဲမှုဖြင့်သင်ရှုမြင်နေခြင်းကို ပြန်လည်တွေးတောကြည့်ရာတွင် သူတို့နှင့်တသီးတခြားရပ်တည်ပြီး၊ စားဝတ်နေရေးပြည့်စုံမှုရှိသောသူတို့နှင့်သာ အပေါင်းအသင်းလုပ်ခြင်းမျိုးကိုမကျင့်သုံးပါနှင့်။

သင်ကမထိမဲ့မြင်ပြုသောအသက်ဝိညာဉ်တို့သည် သင်၏ချစ်ခြင်းမေတ္တာနှင့်အကြင်နာတရားမျိုးတို့ကို လိုအပ်နေကြပါသည်။ အားနည်းသောအသက်ဝိညာဉ်တစ်ခုကို တစ်ဦးတည်းရုန်းကန်ရန်နှင့် သင်၏အကူအညီနှင့်ဆုတောင်းခြင်းများတို့မပါရှိဘဲ သူ၏ကိုယ်ပိုင်စိတ်နှလုံး၏ထက်သန်ပြင်းထန်သောဇောကပ်မှုတို့နှင့် နပန်းလုံးနေရန်အတွက် ၎င်းအသက်ဝိညာဉ်ကို တစ်ဦးတည်းပစ်ပယ်မထားပါနှင့်။ သင်သည်လည်း ထိုအသက်ဝိညာဉ်ကဲ့သို့ပင် စုံစမ်းနှောင့်ယှက်ခြင်းခံရမည်အတွက် စိုးရိမ်စရာရှိနေသည်ကိုပါ ထည့်သွင်းစဉ်းစားပါ။ ထိုကဲ့သို့သာ သင်ကျင့်သုံးသွားပါက ဘုရားသခင်သည် သင်၏ကိုယ်ပိုင်အားနည်းချက်နှင့်အတူ သင့်အားပစ်ပယ်တော်မူမည်မဟုတ်ပါ။ သူ၏မျက်မှောက်တော်တွင် သင်ပြစ်တင်ရှုတ်ချသောသူတို့၏အပြစ်များထက် ပိုမိုကြီးမားလှသောအပြစ်မျိုး သင်၏ထံတွင်ရှိနေနိုင်ပါသည်။ "ငါကမင်းထက်ပိုပြီးမွန်မြတ်သန့်ရှင်းပါတယ်ကွ" ဆိုသည့်စကားကို လိပ်ခဲတည်းလည်းအနေအထားမျိုးဖြင့် မပြောမိပါစေနှင့်။

လူသားမျိုးနွယ်တို့၏အပေါ်သို့ သခင်ခရစ်တော်သည် သူ၏ဘုန်းတော်ဆိုင်ရာလက်ရုံးတော်ကို တင်ပေးထားတော်မူပါသည်။ မရှိဆင်းရဲသားများ၊ အပြစ်နှင့်ပတ်သက်သောနာမကျန်းဖြစ်သူများ၊ စိတ်ဓာတ်ကျဆင်းနေကြသောသူများတို့အား ပိုမိုမြင့်မားသည့်အသက်တာဆီသို့ မိမိတို့ကိုယ်ကိုမြှင့်တင်ပေးကြရေးအတွက် သူသည် အားပေးတိုက်တွန်းသည့်အနေဖြင့် သူ၏ဘုန်းတော်ရှင်ဆိုင်ရာတန်ခိုးတော်ကို လူတို့ထံသို့ဆောင်ယူပေးထားတော်မူပါသည်။ ကျွန်ုပ်တို့သည် ကိုယ်ကျိုးအတ္တစိတ်နေသဘောထားကို အနည်းပါးဆုံးထားရှိရမည်ဖြစ်ပြီး၊ သခင်ခရစ်တော်၏စိတ်ဓာတ်မျိုး ပိုမိုလိုအပ်နေပါသည်တကား။ နေ့စဉ်နေ့တိုင်းဖြင့် ကျွန်ုပ်တို့၏နှလုံးသားများတွင် ပြောင်းလဲခြင်းသို့ရောက်ရှိသွားစေသည့် ဘုရားသခင်၏တန်ခိုးတော်မျိုးလိုအပ်နေကြပါသည်။ ကျွန်ုပ်တို့၏အသက်ဝိညာဉ်များတို့ကို နိုင်နိုင်နင်းနင်းဖြင့်ထိန်းချုပ်နိုင်ရန်နှင့် ပျော့ပျောင်းနူးညံ့

စေရန်အတွက် သခင်ခရစ်တော်၏ရင့်ကျက်သောစိတ်ဓာတ်မျိုး လိုအပ်နေကြပါသည်။ မိမိတို့ကိုယ်ကိုတစ်လုံးတစ်ဝတည်းပြည့်စုံ စုံလင်ခြင်းရှိသည်ဟု ထင်မှတ်ထားကြသော သူတို့အနေဖြင့် လုပ်ဆောင်ရမည့်တစ်ခုတည်းသောနည်းလမ်းမှာ ကျောက်တုံးပေါ်သို့ မိမိကိုယ်ကိုပစ်လှဲလိုက်ပြီး၊ ကျိုးကြေကွဲသွားစေခြင်းသာဖြစ်ပါသည်။ အကယ်၍ သင်သည် သူ၏ထံတော်သို့ မိမိကိုယ်ကိုဝန်ခံအပ်နှံမည်ဆိုပါက သခင်ခရစ်တော်သည် သူနှင့်အသွင်သဏ္ဌာန်တူသွားအောင် သင့်အားအသွင်ပြောင်းပေးနိုင်တော်မူပါသည်။

အကယ်၍ အကျွန်ုပ်တို့သည် သခင်ခရစ်တော်၏ခြေတော်ရာအတိုင်း လိုက်လျှောက်ကြသည်ဆိုပါက ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏အမှုတော်ဆောင်ခြင်းကို လိုအပ်နေကြသောသူတို့နှင့် အနီးကပ်ရှိနေရကြပါမည်။ ကျွန်ုပ်တို့အနေဖြင့် သမ္မာကျမ်းစာတော်မြတ်ကို သိမြင်နားလည်နိုင်ရေးနှင့် ဘုရားသခင်၏ပညတ်တရားတော် အကြောင်းကြေညာချက်တို့ကို ဝေငှပေးကမ်းကြရန်အတွက် သမ္မာကျမ်းစာတော်မြတ်ကို ဖွင့်လှစ်ထားပြီး၊ ချို့တဲ့ချတဲ့ဖြစ်နေကြသောသူတို့အား ကတိတော်အကြောင်းတို့ကို ဖတ်ပြကာ၊ နမော်နမဲ့နိုင်သူများတို့အားနှိုးဆော်ပေးလျက်၊ အားနည်းသောသူတို့ကို ခိုင်ခံ့မြဲမြံစေရကြပါမည်။

## မျက်ကွယ်ပြုမှု

များစွာသောအမှုတော်ဆောင်တို့၏မရပ်မနားတမ်းစာဖတ်ခြင်းနှင့် စာပေရေးသားခြင်းတို့သည် အသင်းအုပ်ပိုင်းဆိုင်ရာ သူတို့၏အလုပ်နှင့်သင့်လျော်ခြင်းမရှိပါ။ သင့်လျော်သည့်ကာလတွင် ဆင်းရဲသားတို့ကိုကူညီခြင်းအတွက် ကုန်လွန်စေသင့်သည့်တန်ဖိုးရှိသည့်အချိန်တို့ကို သူတို့က လောင်မြိုက်ပစ်စေရာရောက်ပါသည်။ အချို့သောအမှုတော်ဆောင်တို့သည် တိကျပြတ်သားသောဘာသာရေးဆိုင်ရာအလုပ်မျိုးကို စိတ်ဝင်တစား လုပ်ဆောင်ရကြမည့်အချိန်အတွင်း စာပေရေးသားခြင်းအလုပ်ထဲတွင် မိမိတို့ကိုယ်ကို ပေးဆပ်ထားကြရာတွင် တစ်ခါတစ်ရံတွင် ဤရေးသားမှုစာစုများတို့သည် သူတို့၏ လက်ရှိလုပ်ဆောင်နေကြသည့်အလုပ်နှင့် ထူးခြားသောချိတ်ဆက်မှုမျိုးမရှိပါ။ ထိုကဲ့သို့သောအချိန်မျိုးတို့တွင် အမှုတော်ဆောင်အနေဖြင့် လက်ရှိအမှုတော်ဆိုင်ရာအခွင့်အရေးကို ရှေ့တိုးတွန်းအားပေးလုပ်ဆောင်ခြင်းတွင် သူ၏အားအင်တစ်ရပ်လုံးကိုအသုံးပြုရန်မှာ သူ၏တာဝန်သာဖြစ်ပါသည်။ သူ၏စိတ်အတွေးသည် ကြည်ကြည်လင်လင်ရှိသင့်ပြီး



အသက်ဝိညာဉ်တို့ကိုကယ်ဆယ်ရေးဦးတည်ချက်တစ်ခုတည်းအပေါ်တွင်သာ ဗဟိုပြုအာရုံထားရှိရပါမည်။ သူ၏တွေးတောမှုတို့သည် အခြားသောအကြောင်းအရာများတို့အပေါ်တွင်သာ အာရုံရောက်သင့်ရာတွင် အချိန်မီညွှန်ကြားမှုအားဖြင့် ကယ်ဆယ်ခြင်းခံရနိုင်သောသူအများတို့၏အရေးအရာအပေါ် များစွာလက်လွတ်ဆုံးရှုံးခဲ့ရပါသည်။

မိမိတို့ကိုယ်ကိုမိမိတို့မျက်ကွယ်ပြုကြရန်နှင့် အခြားသောလုပ်ဆောင်ရမည့်တာဝန်များအပေါ် ချက်ချင်းအာရုံစိုက်ရမည့်အနေအထားရှိနေချိန်နှင့် တစ်ပြိုင်တည်း၌ စာပေဖတ်ရှုခြင်းနှင့်ရေးသားခြင်းတို့တွင်မွေ့လျော်ရန်အတွက် စုံစမ်းနှောင့်ယှက်ခြင်းခံလာရကြပါက၊ အမှုတော်ဆောင်တို့အနေဖြင့် မိမိတို့၏အတ္တစိတ်ကိုငြင်းပယ်ပစ်ရန်နှင့် မိမိတို့ရှေ့တွင် အဆင်သင့်ရောက်ရှိနေသည့်အလုပ်ထဲတွင် မိမိတို့ကိုယ်ကိုဆက်ကပ်အပ်နှံနိုင်ကြရေးအတွက် လုံလောက်သောခိုင်မာတောင့်တင်းမှုရှိရကြပါမည်။ ဤအချက်သည် စိတ်အနှောင့်အယှက်ဖြစ်စရာအရှိဆုံးသော စမ်းသပ်စစ်ဆေးခံရမှုများအနက်မှ ကြိုးစားလိုသည့်စိတ်ထားမျိုးဖြင့် ဖြတ်သန်းရန်လိုအပ်သည့် ဧကန်မုချကြုံတွေ့ရမည့်အရာတစ်ခုဖြစ်ပါသည်။

မျက်ကွယ်ပြုခြင်းခံရသောသူနှင့် လေ့လာသင်ယူမှုတို့အတွက် မိမိတို့၏ကိုယ်ရေးကိုယ်တာလိုအင်ဆန္ဒတို့ကို စွန့်လွှတ်ဆက်ကပ်လိုသည့်ခွန်အားမျိုး အမှုတော်ဆောင်၌ ကင်းမဲ့နေခြင်းကြောင့် အသင်းအုပ်ဆရာတစ်ယောက်၏တာဝန်များတို့သည် မကြာခဏ အရှက်ကင်းမဲ့စွာဖြင့် လျစ်လျူရှုခြင်းခံရတတ်ကြပါသည်။ အသင်းအုပ်ဆရာအနေဖြင့် သူ၏သိုးစုအတွင်း တစ်အိမ်တက်ဆင်းဖြင့် အလည်အပတ်သွားသင့်ပြီး မိသားစုတစ်စုစီတိုင်းတို့အား သင်ကြားပို့ချခြင်း၊ စကားစမြည်ပြောဆိုခြင်းနှင့် ဆုတောင်းပေးခြင်းတို့ကိုလုပ်ဆောင်ပေးပြီး၊ သူတို့အသက်ဝိညာဉ်တို့၏အရေးအရာတို့ကို သတိထားကြည့်ရှုသင့်ကြပါသည်။ ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့်ပတ်သက်သော အခြေခံစည်းမျဉ်းများတို့နှင့် အကျွမ်းတဝင်ဖြစ်လာလိုသည့်ဆန္ဒမျိုးကို ပြသနေကြသောသူတို့အနေဖြင့် လျစ်လျူရှုထားခြင်းမခံရသင့်သည့်အပြင်၊ သမ္မာတရားတော်၌ စေ့စပ်သေချာစွာဖြင့် ညွှန်ကြားပြသခြင်းခံရသင့်ကြပါသည်။

မိသားစုများတို့၏အိမ်ထောင်ဦးစီးများတို့က သူတို့၏အိမ်များဆီသို့ အလည်အပတ်သွားရောက်ရန် ဖိတ်ခေါ်ထားခြင်းခံရကြသော အချို့သောအမှုတော်ဆောင်များတို့သည် လွတ်နေသောအခန်းတစ်ခန်းထဲတွင် စာပေဖတ်ရှုခြင်းနှင့်ရေးသားခြင်းလိုအင်ဆန္ဒ၌သာ မွေ့လျော်နေကြခြင်းဖြင့်၊ သူတို့၏လည်ပတ်ခြင်းအလုပ်အတွက် အနည်းငယ်

မျှသောအချိန်ကိုသာအသုံးပြုပြီး၊ မိမိတို့ကိုယ်ကို အခြားသောသူတို့နှင့်တသီးတခြားစီဖြစ်အောင် လုပ်ဆောင်နေကြပါသည်။ ထိုသို့အားဖြင့် သူတို့အားဧည့်ခံခဲ့ကြသောမိသားစုအနေဖြင့်မှာမူ၊ ထိုလည်ပတ်ခြင်းမှ မည်သည့်အကျိုးကျေးဇူးမျိုးကိုမျှမရရှိခဲ့ကြပါ။ ဧည့်ဝတ်ကျေပွန်မှုကို လက်ခံရရှိခဲ့ကြသောအမှုတော်ဆောင်တို့သည် ထိုသူတို့က အမှုတော်တွင်အလွန်လိုအပ်နေကြသောအရာနှင့်တူညီမှုရှိသည့် မည်သည့်အရာမျိုးတစ်စုံတစ်ရာကိုမျှ ပေးဝေခြင်းမရှိဘဲ၊ အမှုတော်ဆောင်ရန်ကမ်းလှမ်းခဲ့ကြပါသည်။

လူမှုအသိုက်အဝန်းလမ်းကြောင်းမှနေပြီး၊ လူအများတို့ထံသို့အလွယ်တကူရောက်ရှိသွားနိုင်ပါသည်။ သို့သော်လည်းများစွာသောအမှုတော်ဆောင်တို့သည် လူအများတို့၏နှလုံးသားများတို့ဆီသို့ ရောက်ရှိနိုင်သည့်နည်းလမ်းမျိုးများဖြစ်သည့် လူမှုရေးဆိုင်ရာအရည်အချင်းများကို ပြုစုပျိုးထောင်ပေးခြင်းမရှိကြသည့်အပြင်၊ ဖော်ရွေမှုရှိသောစိတ်နေစိတ်ထားမျိုးတို့ကို ဆည်းပူးခဲ့ခြင်းမရှိကြသောကြောင့် ထိုကဲ့သို့အလည်အပတ်သွားရောက်ခြင်းလုပ်ငန်းကို လုပ်ဆောင်ရကြမည်ကို စိုးရိမ်နေကြပါသည်။

လူအများတို့နှင့်မိမိတို့ကိုယ်ကိုတသီးတခြားထားရှိတတ်ကြသောသူတို့သည် ထိုလူတို့ကိုကူညီလိုကြသည့်အနေအထားတွင် မရှိတတ်ကြပါ။ ကျွမ်းကျင်သောဆရာဝန်တစ်ယောက်သည် မျိုးစုံလှသောရောဂါဝေဒနာတို့၏သဘောသဘာဝကို နားလည်သိရှိထားရမည်ဖြစ်ပြီး၊ လူတို့၏ကိုယ်အင်္ဂါအစိတ်အပိုင်းဖွဲ့စည်းတည်ဆောက်ပုံအကြောင်းကို စေ့စပ်သေချာစွာဖြင့် နားလည်ထားရပါမည်။ သူသည် လူနာတို့၏အနေအထားကိုအာရုံစူးစိုက်ပြီး ချက်ချင်းတုံ့ပြန်ရပါမည်။ တွေဝေနှောင့်နှေးမှုများသည် အန္တရာယ်ရှိလှကြောင်းကို သူသိရှိထားပါသည်။ သူ၏အတွေ့အကြုံရှိထားပြီးသားလက်သည်နာမကျန်းဖြစ်သူ၏ခုန်နေသောသွေးကြောပေါ်သို့ တို့ထိစမ်းသပ်ကြည့်ပြီး၊ ရောဂါ၏တစ်မူထူးသည့်လက္ခဏာကို အသေအချာဂရုပြုမိလိုက်သည်နှင့် သူ၏ယခင်ကတည်းကရှိနှင့်ပြီးသော အတတ်ပညာဗဟုသုတသည် ရောဂါဝေဒနာ၏သဘောသဘာဝကိုဆုံးဖြတ်ရန်နှင့် ထိုရောဂါဝေဒနာဆိုးဝါးလာမှုကို ရပ်တန့်သွားစေရေးအတွက် လိုအပ်သည့်ကုသမှုကိုလုပ်ဆောင်နိုင်ရန် အထောက်အကူပြုပေးပါတော့သည်။

ခန္ဓာကိုယ်ပိုင်းဆိုင်ရာရောဂါကို ကုသပေးရသောဆရာဝန်ကဲ့သို့ပင် အသင်းအုပ်ဆရာတစ်ယောက်ဖြစ်သောအမှုတော်ဆောင်သည် အပြစ်တရားနှင့်ပတ်သက်သောနာမကျန်းဖြစ်သောအသက်ဝိညာဉ်အပေါ် ကျွမ်းကျင်စွာကိုင်တွယ်တတ်ရပါမည်။ ထာဝရအသက်သည် လက်ရှိအချိန်ကာလနှင့်သက်ဆိုင်သောဖြစ်တည်မှုထက်၊ ပိုမို၍



တန်ဖိုးရှိလှသောကြောင့် ထိုအသင်းအုပ်အမှုတော်ဆောင်၏အလုပ်သည် ဆရာဝန်၏အလုပ်ထက် များစွာပိုမို၍အရေးကြီးလှပါသည်။ အသင်းအုပ်ဆရာအနေဖြင့် မျိုးပေါင်းစုံလှသောပင်ကိုယ်စရိုက်ရှိသောသူများတို့နှင့် အဆုံးမရှိတွေ့ဆုံနေရသည့်အားလျော်စွာ၊ မှန်ကန်သောဦးတည်ရာအတွင်း မည်သည့်နည်းလမ်းများက သူတို့အတွက်အကောင်းဆုံးသောဩဇာသက်ရောက်မှုဖြစ်ရမည်ကို သူထိတွေ့နေရသည့်မိသားစုဝင်များက ဆုံးဖြတ်နိုင်ကြရန်အတွက် သူတို့နှင့်အကျွမ်းတဝင်ရှိရန်မှာ ထိုအသင်းအုပ်ဆရာ၏တာဝန်ပင်ဖြစ်ပါသည်။

## အမှုတော်ဆောင်များနှင့်စီးပွားဖြစ်လုပ်ငန်းကိုင်ငန်း

အမှုတော်ဆောင်များတို့သည် ဘုရားသခင်အတွက် နှစ်သက်ဖွယ်ကောင်းသောအလုပ်ကို မထမ်းဆောင်နိုင်ကြသည့်တစ်ချိန်တည်းတွင်ပင် သူတို့သည် ကြီးမားလှသောကိုယ်ရေးကိုယ်တာစီးပွားရေးလုပ်ငန်းများဆိုင်ရာ ဝန်ထုပ်ဝန်ပိုးကိုထမ်းရွက်နေကြပါသေးသည်။ ထိုကဲ့သို့သောဝန်ထုပ်ဝန်ပိုးကို တစ်စိတ်တစ်ပိုင်းဖြင့်သာစိတ်ဝင်စားမှုသည် သူတို့၏ဝိညာဉ်ရေးဆိုင်ရာအသိအမြင်ကို မှေးမှိန်သွားစေပါသည်။ ထို့အပြင် သူတို့၏စိတ်အတွေးနှင့်စိတ်နှလုံးတို့သည် လောကီနှင့်ဆိုင်သောအရာများတို့၏သိမ်းပိုက်စိုးမိုးခြင်းကိုပါ ခံနေရကြကာ၊ သခင်ခရစ်တော်၏အမှုတော်သည် ဒုတိယနေရာသို့ရောက်ရှိသွားပါတော့သည်။ သူတို့သည် ဘုရားသခင်၏တောင်းခံတော်မူခြင်းတို့ကို ဖြည့်ဆည်းကြရန်အတွက် ပတ်ဝန်းကျင်အခြေအနေတို့ကိုပုံသွင်းရကြမည့်အစား၊ ဘုရားသခင်အတွက်အမှုတော်ဆောင်ရွက်မှုကို သူတို့၏ပတ်ဝန်းကျင်အခြေအနေများတို့အားဖြင့် ပုံဖော်နိုင်ကြရန် ကြိုးပမ်းအားထုတ်နေကြပါသည်။

မြင့်မားလှသောအလုပ်အတွက် အမှုတော်ဆောင်၏စွမ်းအင်အားလုံးတို့ကိုလိုအပ်နေပါသည်။ သူ၏အကောင်းဆုံးသောစွမ်းအားများတို့သည် ဘုရားသခင်နှင့်သက်ဆိုင်ပါသည်။ သူ၏ကြီးမားလှသောအမှုတော်ဆောင်ခြင်းမှ ဘေးဖယ်ထားခြင်းခံရစေမည့် ထင်ကြေးပေးခြင်း၊ သို့မဟုတ် အခြားသောလုပ်ငန်းတို့တွင် ပါဝင်လုပ်ဆောင်ခြင်းမပြုသင့်ပါ။ ရှင်ပေါလုက (၂တိ ၂း၄) တွင်၊ "စစ်သူရဲမည်သည်ကား၊ မိမိကိုစစ်သူရဲအရာ၌ခန့်ထားသောသူကို နှစ်သက်စေခြင်းငှာ၊ လောကီမှုရေးနှင့်ပြွမ်းနှောရှုပ်ထွေးခြင်းကို ပယ်ရှားတတ်၏" ဟူ၍ ဩဝါဒပေးထားခဲ့ပါသည်။ ဤသို့အားဖြင့် တမန်

တော်ကြီးသည် အရှင်သခင်၏အမှုတော်တွင် အမှုတော်ဆောင်က လုံးလုံးလျားလျား အရာမြှောက်ထားခြင်းခံယူရန်လိုအပ်ကြောင်းကို အသားပေးညွှန်းဆိုထားပါသည်။

ဘုရားသခင်ထံတော်၌ အပြည့်အဝဆက်ကပ်ထားပြီးသောအမှုတော်ဆောင်သည် သူ၏အထွတ်အမြတ်ဖြစ်သောအလုပ်တွင် မိမိကိုယ်ကိုအပြည့်အဝပေးအပ်ခြင်းကို အတားအဆီးဖြစ်စေသည့်လုပ်ငန်းထဲတွင် ပါဝင်လုပ်ဆောင်ရန်ငြင်းဆန်လေ့ရှိပါသည်။ သူသည် လောကီဆိုင်ရာဂုဏ်ထူးဘွဲ့ထူး၊ သို့မဟုတ် ကြွယ်ဝချမ်းသာမှုများကို ကြိုးပမ်းရယူခြင်းမရှိသည့်အလျောက် သူ၏တစ်ခုတည်းသောရည်ရွယ်ချက်မှာ လူသားတို့ထံသို့ ထာဝရအသက်၏ကြွယ်ဝချမ်းသာမှုတို့ကို ပို့ဆောင်ပေးနိုင်ရေးအတွက် မိမိကိုယ်ကို ပေးဆပ်ထားတော်မူသည့် ကယ်တင်တော်မူသောအရှင်အကြောင်းကို အခြားသောသူတို့အား ပြောပြပေးရေးပင်ဖြစ်ပါသည်။ သူ၏အမြင့်မားဆုံးသောဆန္ဒမှာ ဤကမ္ဘာပေါ်တွင် ရတနာတို့ကိုသိမ်းဆည်းရန်အတွက်မဟုတ်ဘဲ ညံ့ဖျင်းပြီးသစ္စာမဲ့စိတ်ရှိသောသူတို့အား ထာဝရကာလ၏လက်တွေ့ကျမှုများအပေါ် သတိပြန်လည်လာရေးအတွက်ဖြစ်ပါသည်။ လောကီရေးရာကြီးမားသောရပိုင်ခွင့်မျိုးကို ရရှိစေရမည်ဆိုသည့်ကတိမျိုးပေးတတ်သောလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ရန်အတွက် သူသည် ဖိတ်ခေါ်ခြင်းခံရနိုင်သော်လည်း၊ ထိုကဲ့သို့သောစုံစမ်းနှောင့်ယှက်ခြင်းများအပေါ် သူ၏တုံ့ပြန်ဖြေကြားမှုမှာ၊ (မာကု ၈း၃၆) တွင်ဖော်ပြထားသည့်၊ “လူသည် ဤစကြာဝဠာကိုအကြွင်းမဲ့အစိုးရ၍ မိမိအသက်ဝိညာဉ်ရှုံးလျှင် အဘယ်ကျေးဇူးရှိသနည်း” အတိုင်းသာဖြစ်ပေမည်။

စာတန်မာရ်နတ်သည် ဤမက်လုံးမျိုးကို သခင်ခရစ်တော်အားကမ်းလှမ်းပေးအပ်ခဲ့ရာတွင် အကယ်၍သာ သခင်ခရစ်တော်သည် ထိုမက်လုံးကိုလက်ခံခဲ့ပါက ကမ္ဘာမြေကြီးသည် မည်သည့်အခါမျှရွေးနုတ်ခံရတော့မည်မဟုတ်ကြောင်းကို စာတန်မာရ်နတ်က သိရှိထားပြီးသားဖြစ်ခဲ့ပါသည်။ ထို့အပြင်စာတန်သည် မတူကွဲပြားသောအပြင်ပန်းဟန်ဆောင်မှုများတို့အားဖြင့် ယခုကာလ ဘုရားသခင်၏အမှုတော်ဆောင်များတို့အားလှည့်စားမည်ဆိုပါက၊ ထိုအမှုတော်ဆောင်တို့သည် သူတို့၏သမ္မာတရားလမ်းမှ မှားယွင်းခြင်းသို့ရောက်ရှိသွားကြမည်ကို သိရှိထားသည့်အလျောက်၊ သူတို့အား အလားတူသည့်စုံစမ်းနှောင့်ယှက်ခြင်းကိုပေးနေပါသည်။

သူ၏အမှုတော်ဆောင်များတို့အနေဖြင့် ချမ်းသာကြွယ်ဝလာအောင် ကြိုးပမ်းအားထုတ်ခြင်းသည် ဘုရားသခင်၏အလိုဆန္ဒတော်မဟုတ်ပါ။ ရှင်ပေါလု၏တိမောသေ





ထံသို့ရေးသားပေးပို့ခဲ့သော (၁တိ ၆း၁၀၊၁၁) တွင်ဖော်ပြထားသည့်စာကို ဖတ်ရှုကြည့်ပါ။ ထိုအထဲတွင် ရှင်ပေါလုက “အကြောင်းမူကား၊ ငွေကိုတပ်မက်ခြင်းသည် မကောင်းသောအမှုအပေါင်းတို့တွင် မူလအမြစ်ဖြစ်သတည်း။ လူအချို့တို့သည် ငွေကိုတပ်မက်သောကြောင့် ယုံကြည်ခြင်းတရားလမ်းမှလွဲသွား၍ ပူပန်ခြင်းဝေဒနာများနှင့် ကိုယ်ကိုကိုယ်ထုတ်ချင်းခပ်အောင်ထိုးကြပြီ။ သို့ဖြစ်၍ အိုဘုရားသခင်၏လူ၊ သင်သည် ထိုအပြစ်များကိုကြဉ်ရှောင်လော့။ ဖြောင့်မတ်စွာကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ သည်းခံခြင်း၊ နူးညံ့သိမ်မွေ့ခြင်းတို့ကိုမီအောင်လိုက်လော့” ဟူ၍ ရေးသားခဲ့ပါသည်။ စံပြနမူနာဖြင့်အပြင်၊ ဥပဒေသအားဖြင့် သခင်ခရစ်တော်အတွက် သံအမတ်အဖြစ်ဆောင်ရွက်သောသူသည် (၁တိ ၆း၁၇–၁၉) တွင်ဖော်ပြထားသည့်၊ “ဤဘဝ၌ငွေရတတ်သောသူတို့သည် မာန်မာနစိတ်နှင့်ကင်းလွတ်၍၊ မမြဲသောစည်းစိမ်ကိုမကိုးစားဘဲ၊ ငါတို့ခံစားဖို့ရာအလုံးစုံတို့ကို ကြွယ်ဝစွာပေးသနားတော်မူသော၊ အသက်ရှင်တော်မူသောဘုရားသခင်ကို ကိုးစားရမည်အကြောင်းနှင့် သူတစ်ပါးအားကျေးဇူးပြုခြင်း၊ ကောင်းသောအကျင့်၌ကြွယ်ဝပြည့်စုံခြင်း၊ စွန့်ကြဲချင်သောစေတနာစိတ်ရှိခြင်း၊ အချင်းချင်းဆက်ဆံခြင်း၊ မှန်သောအသက်ကိုဝင်စားလိုသောငှာ နောင်ဘဝ၌ကောင်းသောဘဏ္ဍာကို မိမိတို့အဖို့ဆည်းပူးခြင်းတို့ကိုပြုရမည်အကြောင်း ပညတ်ထားလော့” အတိုင်း ပြုမူကျင့်သုံးရပါမည်။ “The Acts of the Apostles,” pp. 365-367.

အမှုတော်ဆောင်တို့အနေဖြင့် လယ်ယာကိုင်းကျွန်းလုပ်ငန်းများ၊ သို့မဟုတ် စီးပွားရေးလုပ်ငန်းများဆိုင်ရာ ဝန်ထုပ်ဝန်ပိုးတို့ကိုထမ်းရွက်နေကြခြင်းဖြင့် သူတို့၏လောကီရေးရာဘဏ္ဍာအပေါ် စိတ်ရောက်သွားကြချိန်နှင့်တစ်ချိန်တည်းတွင် သူတို့ထမ်းဆောင်ရမည့်အမှုတော်ဆိုင်ရာဝန်ထုပ်ကို သယ်ပိုးနိုင်ခြင်းမရှိနိုင်ပါ။ သူတို့၏ဝိညာဉ်ရေးဆိုင်ရာ ပိုင်းခြားနားလည်နိုင်မှုသည် မှုန်မှိုင်းလျက်ရှိကြပါသည်။ သူတို့သည် ဘုရားသခင်၏အမှုရေးရာတော်ဆိုင်ရာမဖူလုံခြင်းအပေါ် နားလည်သဘောပေါက်နိုင်ခြင်းမရှိကြသည့်အလျောက်၊ သူတို့သည် ထိုဘုရားသခင်၏အမှုရေးရာတော်၏အရေးပေါ်ကိစ္စရပ်များတို့ကို ဖြည့်ဆည်းပေးရန်နှင့် ထိုအမှုရေးရာတော်၏အခွင့်အရေးတို့ကို တိုးတက်လာစေရေးအတွက် ကောင်းမွန်စွာညွှန်ကြားခံထားရသည့် ကြိုးစားအားထုတ်မှုများတို့ကို မဖော်ဆောင်နိုင်ကြပါ။ အမှုတော်ဆောင်၏အခန်းကဏ္ဍနှင့်ပတ်သက်သည့် အမှုတော်ဆောင်လုပ်ငန်းတွင် အပြည့်အဝဆက်ကပ်ထားခြင်းသည် ထိုအမှုတော်ဆောင်က အမှုတော်ဆောင်ရွက်နေသည့်နယ်ပယ်တစ်လျှောက်လုံးတွင် အချိန်တိုအတွင်း တွေ့ထိ

ခံစားရကြမည်ဖြစ်သည်။ အကယ်၍ အမှုတော်ဆောင်၏ကိုယ်ပိုင်အနေအထားသည် နိမ့်ကျနေပါက၊ သူသည် အခြားသောသူတို့အား ပိုမိုမြင့်မားသည့်အနေအထားဆီသို့ ပို့ဆောင်ပေးနိုင်မည်မဟုတ်ပါ။

## မြေယာနှင့်သတ္တုတွင်းလုပ်ငန်းတို့တွင်စွန့်စားရင်းနှီးမြှုပ်နှံခြင်း

ဘုရားသခင်ကိုအစေခံပေးရင်း လောကီစည်းစိမ်အတွက်ပါအစေခံရန် ကြိုးပမ်းကြသောအမှုတော်ဆောင်တို့အားဖြင့် ထာဝရဘုရားသည် သူ၏နာမတော်၏ဘုန်းအသရေကို ထင်ရှားစေတော်မူခြင်းမရှိနိုင်ပါ။ ကျွန်ုပ်တို့သည် အခြားသောသူတို့အား တိုတောင်းသောအချိန်ကာလတစ်ခုအတွင်း ရင်းနှီးမြှုပ်နှံထားသောငွေ၏နှစ်ဆကို ပြန်လည်ရရှိမည်ဆိုသည့်မက်လုံးမျိုးပေးပြီး၊ သတ္တုတွင်းရင်းနှီးမတည်ခြင်းလုပ်ငန်း၊ သို့မဟုတ် မြို့တော်အိမ်ရာမြေကွက်အရောင်းအဝယ်လုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံကြရေးကို မတိုက်တွန်းသင့်ကြပါ။ ယခုခေတ်ကာလအတွက် ကျွန်ုပ်တို့၏သတင်းစကားအဖြစ် (လုကာ ၁၂း၃၃၊၃၄) တွင်၊ "သင်တို့ဥစ္စာများကိုရောင်း၍ ဆင်းရဲသားတို့အားစွန့်ကြကြလော့။ မဆွေးမဟောင်းတတ်သောအိတ်တို့ကို ကိုယ်သုံးဖို့လုပ်ကြလော့။ သူခိုးမရောက်၊ ပိုးများမဖျက်ဆီးရာအရပ်၊ ကောင်းကင်ဘုံ၌မကုန်မဆုံးနိုင်သောဘဏ္ဍာကိုဆည်းပူးကြလော့။ အကြောင်းမူကား၊ အကြင်အရပ်၌ သင်တို့၏ဘဏ္ဍာရှိ၏၊ ထိုအရပ်သို့သင်တို့စိတ်နှလုံးရောက်တတ်၏" ဟူ၍ဖော်ပြထားပါသည်။

ခါနာန်ပြည်သို့ ဣသရေလလူမျိုးများမဝင်ရောက်မီကာလ၌ စာတန်မာရ်နတ်သည် သူတို့၏ပျက်စီးရာသို့လမ်းညွှန်ရာရောက်သည့်အတွေးမျိုးဖြင့် ရုပ်ထုကိုးကွယ်ခြင်းဆီသို့မြူဆွယ်နိုင်အောင် ကြိုးပမ်းလုပ်ဆောင်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ခေတ်ကာလတွင်လည်း ထိုနည်းလမ်းနှင့်အလားတူသည့်လုပ်ရပ်မျိုးကို လုပ်ဆောင်နေပါသည်။

ဘုရားသခင်သည် သူနှင့်အတူတကွလုပ်ဆောင်ကြမည့် အမှုတော်ဆောင်များအဖြစ် လက်ခံတော်မူနိုင်သည့် ငယ်ရွယ်သောသူများရှိနေကြပါသော်လည်း၊ သူတို့သည် အိမ်ခြံမြေအရောင်းအဝယ်လုပ်ငန်းကို အရှုပ်အမှုးအာရုံစွဲငြိလာကြခြင်းဖြင့် သူတို့သည် လောကီဆိုင်ရာအခွင့်ထူးဆိုင်ရာ အနာဂတ်အခွင့်အလမ်းဆီသို့ သူတို့၏သမ္မာတရားတော်တွင်စိတ်ပါဝင်စားမှုကို ရောင်းစားပစ်ခဲ့ကြပါသည်။

များစွာသောသူတို့သည် လောကီဆိုင်ရာခံစားမှုကို အာသာဆန္ဒရှိနေကြခြင်းကြောင့် သူတို့သည် မိမိတို့ကိုယ်ကို ဘုရားသခင်၏အမှုတော်ဆောင်ရွက်ခြင်းမှ ဝေးကွာ



ရာအရပ်တွင်ရှိနေစေကြခြင်းဖြင့် အခြားသောသူတို့အား သွေဖည်သွားသည့်အနေအထားမျိုးသို့ ဦးတည်သွားစေရန်အတွက် စာတန်မာရ်နတ်သည် သူတို့အားအသုံးချပါတော့သည်။ စာတန်မာရ်နတ်သည် စုံစမ်းနှောင့်ယှက်သူအဖြစ်ဖြင့် သခင်ယေရှုထံတော်သို့လာရောက်ခဲ့သည့်ပုံစံအတိုင်း၊ လူတို့ထံသို့လာရာတွင် ကမ္ဘာလောကကြီး၏ဘုန်းစည်းစိမ်ကိုကမ်းလှမ်းပေးပြီးနောက် သူတို့၏လုပ်ငန်းများတို့သည် အတိုင်းအတာတစ်ခုဖြင့် အောင်မြင်မှုရရှိလာသောအခါ၊ ပိုမိုလိုချင်လာသည့်လောဘစိတ်ဝင်လာကြသည့်နောက် သမ္မာတရားတော်အပေါ်မြတ်နိုးသည့် သူတို့၏စိတ်ထားတို့ကို လက်လွှတ်ဆုံးရှုံးလိုက်ရကြခြင်းဖြင့် သူတို့၏ဝိညာဉ်ရေးဆိုင်ရာထက်သန်မှုသည်လည်း သေဆုံးသွားကြပါတော့သည်။

လူများတို့အနေဖြင့် သူတို့၏အမှုတော်ဆောင်ထက် ပိုမို၍အရေးပါခဲလှပါသည်။ ထိုအမှုတော်ဆောင်တွင်ရှိသော လောကီရေးရာကိုချစ်ခင်တွယ်တာသောစိတ်ဓာတ်မျိုးသည် အခြားသောသူတို့အပေါ် ကြီးမားလှသည့်ဩဇာသက်ရောက်မှုမျိုးကျရောက်စေပါသည်။ လူများတို့အနေဖြင့်ကလည်း သူတို့၏လောကီရေးရာအပေါ် ချစ်ခင်တွယ်တာသောစိတ်ဓာတ်ကို ဖုံးကွယ်သောအနေဖြင့်၊ ထိုအမှုတော်ဆောင်၏ပျော့ကွက်ဟာကွက်တို့ကို အကြောင်းပြစရာဆင်ခြေတစ်ခုအဖြစ်ဖြင့် ထားရှိကြပါသည်။ သူတို့အနေဖြင့် ဤအသက်တာနှင့်ဆိုင်သောအရာများတို့အပေါ် စွဲလမ်းမြတ်နိုးခြင်းကြောင့် အပြစ်တင်တော်မူခြင်းနှင့်ကင်းလွတ်ကြမည်ဟု တွေးထင်ထားကြကာ၊ ထိုအသိစိတ်မျိုးတို့အတွက် အသံတိတ်နေကြပါသည်။ ထိုကဲ့သို့ပြုမူရကြခြင်းမှာ သူတို့၏အမှုတော်ဆောင်တို့သည်လည်း ထိုနည်းအတိုင်းပြုမူကျင့်ကြံကြခြင်းကြောင့်ဟူ၍ အကြောင်းပြကြပါသည်။ သူတို့သည် သူတို့၏အသက်ဝိညာဉ်တို့ကိုပါ လှည့်ဖြားနေကြခြင်းဖြစ်ပြီး၊ ကမ္ဘာလောကကြီးနှင့်ဆက်လက်၍ အပေါင်းအသင်းဖြစ်နေခြင်းသည် (ရောမ ၈း၇) တွင်ဖော်ပြထားသည့်၊ ရှင်ပေါလု၏ ". . . ဘုရားသခင်နှင့်ဆန့်ကျင်ဘက်ဖြစ်၏။. . ." ဆိုသည့်အချက်နှင့်ကိုက်ညီနေပါသည်။ အမှုတော်ဆောင်တို့အနေဖြင့် သိုးစုတော်တို့၏စံပြနမူနာများအဖြစ်ဖြင့် ရှိနေရကြပါမည်။ သူတို့သည် အသက်ဝိညာဉ်များတို့အတွက် မသေဆုံးနိုင်သောချစ်ခြင်းမေတ္တာမျိုးကို ထင်ရှားစေရကြမည်ဖြစ်ပြီး၊ လူတို့တွင်သူတို့တွေ့မြင်လိုစိတ်ရှိကြသည့် အမှုရေးရာတော်၌ တူညီသည့်မိမိကိုယ်ကိုဆက်ကပ်အပ်နှံခြင်းမျိုးကိုသာ ပြသရကြပါမည်။ "Testimonies for the Church," vol. 2, pp. 645, 646.

အချိန်၏နိဂုံးပိုင်းသို့ ကျွန်ုပ်တို့သည် အနီးကပ်ရောက်ရှိနေကြပါသည်။ ကျွန်ုပ်တို့သည် လက်ရှိသမ္မာတရားတော်ကို တရားဟောစင်မြင့်ပေါ်မှနေပြီး သင်ကြားပို့ချသင့်သည်သာမကဘဲ တရားဟောစင်မြင့်၏ပြင်ပဖက်တွင်မှာပါ ထိုသမ္မာတရားတော်ကို ရှင်သန်အောင်လုပ်ရကြပါမည်။ သင်၏ကယ်တင်ခြင်းဆိုင်ရာ မျှော်လင့်ချက်၏အခြေခံအုတ်မြစ်ကို အနီးကပ်ဆန်းစစ်ပါ။ ဖိအုန်မြို့ရိုးများတို့အပေါ်ရှိ ကင်းစောင့်တစ်ဦးအဖြစ်ဖြင့် သမ္မာတရားတော်ကို ဆင့်ဆိုကြေညာပေးသောသူတစ်ယောက်၏အနေအထားတွင် သင်ရပ်တည်သောအခါတွင် သင်၏စိတ်ဝင်စားမှုကို သတ္တုတွင်းလုပ်ငန်း၊ သို့မဟုတ် အိမ်ခြံမြေလုပ်ငန်းတို့နှင့် ရောစပ်ပေါင်းစည်းခြင်းမပြုလုပ်နိုင်ပါ။ ထို့အပြင် တစ်ချိန်တည်း၌ သင့်အပေါ်အပ်နှံပေးထားသည့်အထွတ်အမြတ်ဖြစ်သော အမှုတော်ကိုထိထိရောက်ရောက်ဆောင်ရွက်ရပါမည်။ လူသားတို့၏အသက်ဝိညာဉ်သည် ရင်လေးဖွယ်ရာနေရာတွင်ရှိနေသောအခါ၊ ထာဝရတည်တံ့မည့်အရာများ ပါဝင်ပတ်သက်နေသည့်နေရာတွင် သင်ရှိနေပါက၊ သင်၏စိတ်ဝင်စားမှုအာရုံကို ထိုအရာများတို့အပေါ် အမှားကင်းကင်းဖြင့် ခွဲခြမ်းထားရှိဆုံးဖြတ်နိုင်မည်မဟုတ်ပါ။ "Testimonies for the Church," vol. 5, p. 530.

–၀–



tydkif; (9)

# နည်းလမ်းများ

## မြို့ကြီးများတွင်ရှိသောလုပ်ဆောင်စရာ

မြို့ကြီးများတို့၌ သတင်းစကားတော်ကိုကြွေးကြော်ကြေညာပေးခြင်းလုပ်ငန်းနှင့်ချိတ်ဆက်မှုရှိသော များစွာသောအလုပ်အမျိုးအစားတို့သည် လုပ်ဆောင်သူတို့၏ကွဲပြားခြားနားသောဆုကျေးဇူးများတို့အားဖြင့် ပြီးမြောက်ခြင်းရှိရကြပါမည်။ အချို့လုပ်ဆောင်သူတို့သည် နည်းလမ်းတစ်မျိုးတည်းဖြင့်သာလုပ်ဆောင်နေချိန်၌ အချို့တို့သည် အခြားသောနည်းလမ်းမျိုးဖြင့် ဆောင်ရွက်တတ်ကြပါသည်။ ထာဝရဘုရား၏အလိုဆန္ဒတော်မှာမူ မြို့ကြီးများတွင်လုပ်ဆောင်သူတို့၏မတူကွဲပြားသော လုပ်ဆောင်နိုင်စွမ်းများတို့ကို ပူးပေါင်းပြီးကြိုးပမ်းလုပ်ဆောင်ကြရေးပင်ဖြစ်ပါသည်။ အားလုံးသောသူတို့အနေဖြင့် သွေဖည်ခြင်းသို့ဦးတည်သွားမိမည်ကိုစိုးရိမ်ရသောကြောင့် သူတို့အနေဖြင့် ဉာဏ်ပညာအတွက် လူအချင်းချင်းအပေါ်မှီခိုခြင်းမပြုဘဲ ညွှန်ကြားချက်အတွက်သခင်ယေရှုထံတော်ကို အားကိုးတကြီးဖြင့်လှမ်းမျှော်ရကြပါမည်။ ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသူများဖြစ်ကြသည်အလျောက် သူတို့အနေဖြင့် တစ်ဦးကိုတစ်ဦးဟန်ချက်ညီညီဖြင့်ရှိနေကြရေးကို ကြိုးပမ်းအားထုတ်သင့်ကြပါသည်။ သူတို့အနေဖြင့် မကြာခဏဖြင့်ပင်လျှင် တိုင်ပင်ညှိနှိုင်းစည်းဝေးခြင်းများကို ကျင်းပသင့်ပြီး၊ စိတ်အားထက်သန်မှုရှိကာ စိတ်ပါလက်ပါပူးပေါင်းဆောင်ရွက်သင့်ကြပါသည်။ ထို့အပြင်၊ အားလုံးတို့သည် ညွှန်ကြားမှုအတွက် လူသားတို့အပေါ်တွင်သာ အားထားခြင်းမပြုဘဲ၊ ဉာဏ်ပညာအတွက် သခင်ယေရှုထံတော်သို့ အားကိုးတကြီးဖြင့်လှမ်းမျှော်ရကြပါမည်။

ထာဝရဘုရားသည် ကြီးမားလှသောလူစုလူဝေးတို့ကို စုစည်းနိုင်သည့်အရည်အသွေးမျိုးကို အချို့သောအမှုတော်ဆောင်တို့အား ပေးအပ်ထားတော်မူပါသည်။ ဤအရည်အသွေးမျိုးသည် နည်းလမ်းနှင့်ကျွမ်းကျင်မှုဆိုင်ရာ အလေ့အကျင့်မျိုးလိုအပ်ပါသည်။ ဆွဲဆောင်မှုနှင့်နှစ်လိုဖွယ်ရာအလွန်ပေါများလှသော ယနေ့ကာလမြို့ကြီးများတို့တွင် လူတို့အနေဖြင့် ရိုးရိုးတန်းတန်းသာမန်ကြိုးပမ်းအားထုတ်မှုမျိုးမဟုတ်မှသာလျှင် စိတ်ဝင်တစားရှိနိုင်ကြပေမည်။ ဘုရားသခင်၏ခန့်အပ်တော်မူခြင်းခံရကြသော အမှုတော်ဆောင်များတို့အနေဖြင့် လူအမြောက်အမြားတို့၏အာရုံစိုက်မှုကို ဖမ်းစားနိုင်ကြ

ရေးအတွက် ထိုခန့်အပ်ခံရသောအမှုတော်အတွက် ထူးခြားလှသောကြိုးပမ်းအားထုတ်မှုများတို့ကို ထည့်သွင်းထားကြရန်လိုအပ်ကြောင်းကို သူတို့သိရှိလာကြပေမည်။ ထိုနောက်တွင် သူတို့အနေဖြင့် ကြီးမားလှသောလူစုလူဝေးကြီးကိုစုရုံးရာတွင် အောင်မြင်မှုရလာသောအခါ၊ လူတို့ကိုနိုးကြားမှုရှိလာစေသည့်အပြင် သတိပေးခံရသည့်သဘောမျိုးသက်ရောက်သည့် ရှိနေကျအခြေအနေမျိုးနှင့်မတူသော အကျင့်စရိုက်ဆိုင်ရာသတင်းစကားများတို့ကို သယ်ပိုးကြရမည်ဖြစ်သည်။

သမ္မာတရားတော်သည် ရှင်းလင်းပြတ်သားစွာဖြင့် ထင်းထင်းကြီးရပ်တည်နိုင်သည့်အနေအထားမျိုးရောက်ရှိသွားရေးကို ဖန်တီးနိုင်ကြရန်အတွက် သူတို့သည် နည်းလမ်းတိုင်းကိုအသုံးချရကြမည်ဖြစ်သည်။ နာကြားသူတို့အား အလန့်တကြားဖြစ်စေပြီး၊ သူတို့အနေဖြင့် ကျမ်းစာတော်မြတ်ကိုလေ့လာသင်ယူလိုသည့်ဆန္ဒမျိုးရှိလာစေရေးအတွက်၊ ယခုခေတ်ကာလအတွက် စစ်ကြောစုံစမ်းမှုသတင်းစကားကို သိသိသာသာနှင့် တိကျပြတ်သားစွာဖြင့် သယ်ပိုးဝေငှပေးရပါမည်။

မြို့ကြီးများအတွင်း ထာဝရဘုရား၏အမှုတော်ကိုထမ်းရွက်နေကြသောသူတို့သည် တည်ငြိမ်ပြီး၊ ထိန်းထိန်းသိမ်းသိမ်းရှိသည့်အပြင် ဆက်ကပ်အပ်နှံထားမှုရှိပြီးသောကြိုးပမ်းအားထုတ်မှုမျိုးကို လူများတို့၏ပညာရေးအတွက် လက်ကိုင်ထားရကြပါမည်။ သူတို့အနေဖြင့် နာကြားသူတို့က သူတို့အပေါ်စိတ်ပါဝင်စားမှုရှိလာစေရေးအတွက်နှင့် ထိုစိတ်ပါဝင်စားမှုကိုဆုပ်ကိုင်ထားကြရန်၊ စိတ်အားထက်သန်စွာဖြင့်လုပ်ဆောင်နေသည့်တစ်ချိန်တည်း၌ သူတို့သည် လူပြိန်းကြိုက်အကြောင်းအရာမျိုးပေါ်ပေါက်လာနိုင်ခြေရှိမှုကို သတိထားကာကွယ်ထားရကြပါမည်။ ဖြုန်းတီးမှုနှင့်အပြင်ပန်းပြသမှုအားကောင်းနေသော ယခုကဲ့သို့သောခေတ်ကာလတွင် လူတို့အနေဖြင့် အောင်မြင်မှုရရှိကြရေးအတွက် ခင်းကျင်းပြသမှုကိုလုပ်ဆောင်ကြရန်လိုအပ်သည်ဟု ထင်မြင်ယူဆကြသောအချိန်၌ ဘုရားသခင်၏ရွေးချယ်တော်မူခြင်းခံရပြီးသော စေတမန်များတို့အနေဖြင့် ထိရောက်မှုရှိသောအကျိုးရလဒ်ရရှိရေးအတွက် မလိုအပ်ဘဲငွေကြေးကိုသုံးစွဲခြင်းသည် မှားယွင်းသောတွေးတောလုပ်ဆောင်မှုသာဖြစ်ကြောင်းကို ပြသရကြပါမည်။ သူတို့အနေဖြင့် အကြွင်းမဲ့ချစ်သောစိတ်၊ နှိမ့်ချသောစိတ်၊ ကျက်သရေရှိသောဂုဏ်သိက္ခာရှိကြသည့်အပြင်၊ ဟန်ဆောင်ပန်ဆောင်လုပ်လွန်းသောသဘာဝသွင်ပြင်တိုင်းတို့ကိုရှောင်ရှားပြီး လုပ်ဆောင်ကြပါက၊ သူတို့၏အမှုတော်လုပ်ငန်းသည် ကောင်းမြတ်ခြင်းအတွက်ကြာရှည်ခံမည့်အသွင်ခပ်နှိပ်မှုမျိုးအဖြစ်ဖြင့် ရှိနေပါလိမ့်မည်။



အစည်းအဝေးကြီးများကိုကျင်းပရန်အတွက်နှင့် အမှုတော်ခိုင်ခိုင်ခံ့ခံ့ရှိရေးအတွက်ရှေ့သို့ဆက်လက်တက်လှမ်းနိုင်ရေးလုပ်ဆောင်မှုတို့အတွက် ငွေကြေးကိုဆင်ဆင်ခြင်ခြင်သုံးစွဲခြင်းသည် မှန်ကန်မှုရှိပြီး၊ လိုအပ်မှုတစ်ခုလည်းဖြစ်ပါသည်။ သို့သည့်တိုင် အမှုတော်ဆောင်တိုင်း၏ခွန်အားသည် အပြင်ပန်းစွမ်းဆောင်မှုများတို့အပေါ်တွင် အခြေပြုတည်ထားရန်မဟုတ်ဘဲ ဘုရားသခင်အပေါ်ယုံကြည်ကိုးစားစိတ်အပြည့်ဖြင့်မှီခိုပြီး၊ အကူအညီအတွက် ထက်သန်သောစိတ်မျိုးဖြင့်ဆုတောင်းကာ၊ သူ၏နှုတ်တော်ထွက်အပေါ် နာခံလိုက်လျှောက်ခြင်းတို့တွင်သာ တည်မှီနေရကြပါမည်။ ပိုမိုများပြားလှသောဆုတောင်းခြင်း၊ ပိုမိုပြီးသခင်ခရစ်တော်နှင့်အသွင်သဏ္ဍာန်တူခြင်း၊ ဘုရားသခင်၏အလိုတော်နှင့်ပိုမို၍လိုက်လျောညီထွေမှုရှိခြင်းတို့ကို ထာဝရဘုရား၏အမှုတော်အတွင်း ထည့်သွင်းထားရပါမည်။ အပြင်ပန်းဖျော်ဖြေမှုနှင့် ငွေကြေးဆိုင်ရာတရားလွန်ရင်းနှီးသုံးစွဲမှုမျိုးတို့သည် အမှုတော်လုပ်ငန်းကိုပြီးမြောက်သွားစေနိုင်မည်မဟုတ်ပါ။

ဘုရားသခင်၏အမှုတော်သည် စွမ်းအားအပြည့်ဖြင့် ရှေ့သို့ဆက်လက်တက်လှမ်းခြင်းရှိရပါမည်။ ကျွန်ုပ်တို့အနေဖြင့် သန့်ရှင်းသောဝိညာဉ်တော်၌ ရေနစ်ခြင်းမင်္ဂလာမျိုးကို လိုအပ်နေကြပါသည်။ ထို့အပြင် ဘုရားသခင်က ကမ္ဘာလောကကြီးကိုသတိပေးခြင်းအတွက် ပါဝင်လုပ်ကိုင်ဆောင်ရွက်နေကြမည့် အဆင့်အမျိုးမျိုးသောသူ၏လူစုတော်တို့၏ဩဇာသက်ရောက်မှုနှင့်စွမ်းပကားအပေါ်တွင် ထပ်ဆင့်ပံ့ပိုးပေးတော်မူလိမ့်မည်ဆိုသည့်အချက်ကိုပါ ကျွန်ုပ်တို့နားလည်ထားကြရန်လိုအပ်ပါသေးသည်။ ကမ္ဘာပေါ်ရှိအားလုံးသောသူတို့သည် ဥပဒေကင်းမဲ့သောသူများနှင့် အပြစ်တရားနှင့်ပြွမ်းတီးသောသူများချည်းမဟုတ်ကြပါ။ ဘုရားသခင်ထံတော်တွင် ဗာလဘုရားကိုဒူးမထောက်၊ ဦးမညွှတ်သောသူမျိုး ထောင်ပေါင်းများစွာရှိနေကြပါသည်။ ကျရှုံးသွားပြီးသောအသင်းတော်များအတွင်း ဘုရားသခင်ကိုကြောက်ရွံ့ခြင်းရှိကြသော အမျိုးသား၊ အမျိုးသမီးများရှိနေကြပါသည်။ ဤကဲ့သို့မျိုးသာမဟုတ်ပါက၊ (ဗျာဒိတ် ၁၈း၂၊၄) တွင်ဖော်ပြထားသည့် “ဗာဗုလုန်မြို့ကြီးပြိုလဲပြီ၊ ပြိုလဲပြီ။ . . ငါ၏လူမျိုးတို့၊ . . . သူ၏အထဲကထွက်ကြလော့” ဆိုသည့်သတင်းစကားတော်ကို သယ်ပိုးကြရန်အတွက် ကျွန်ုပ်တို့ပေးအပ်တော်မူခြင်းခံရကြမည်မဟုတ်ပါ။ စိတ်နှလုံးအတွင်း၊ သင့်တင့်လျောက်ပတ်သောသဘောရှိနေကြသောသူအများအပြားတို့သည် ကောင်းကင်ဘုံမှအသက်သွေးကြောမျိုးကို ပင့်သက်ရှူရှိုက်ခွင့်ရနေကြပါသည်။ ဘုရားသခင်၏နှုတ်တော်ထွက်တွင်ပေးထား

ပြီးသားဖြစ်သော၊ တင့်တယ်ခြင်းနှင့်အကြွင်းမဲ့ချစ်သောစိတ်တို့ဖြင့် သူတို့ထံသို့ရောက်ရှိလာသည့် ဧဝံဂေလိတရားတော်ကိုလည်း သူတို့ကအသိအမှတ်ပြုကြပါလိမ့်မည်။

## ကျန်းမာခြင်းဆိုင်ရာပြုပြင်ပြောင်းလဲခြင်း၏အခြေခံစည်းမျဉ်းများတို့ကိုသင်ကြားပို့ချခြင်း

လူသားတစ်ယောက်ဖြစ်သည်အလျောက်၊ ကျွန်ုပ်တို့သည် ကျန်းမာခြင်းဆိုင်ရာပြုပြင်ပြောင်းလဲခြင်း၏အခြေခံစည်းမျဉ်းများတို့ကို အခြားသောသူတို့အား အသိပေးရေးအလုပ်ကို အပ်နှင်းထားခြင်းခံရကြပါသည်။ ကျွန်ုပ်တို့နေ့စဉ်စားနေကျအစားအစာနှင့်ပတ်သက်သည့်မေးခွန်းသည် လုံလောက်သည့်အရေးပါမှုမရှိသည့်အလျောက်၊ သူတို့၏သာသနာပြုခြင်းဆိုင်ရာအလုပ်တွင် ထည့်သွင်းထားစရာမလိုသည့်သဘောဖြင့်တွေးထင်ထားကြသောသူအချို့ရှိနေကြပါသည်။ ဤသို့အားဖြင့် သူတို့သည် အမှန်ပင်ကြီးမားသောအမှားတစ်ခုကို ကျူးလွန်မိနေကြပါသည်။ ဘုရားသခင်၏နှုတ်တော်ထွက်အဖြစ်ဖြင့် (၁ကော ၁၀း၃၁) တွင်၊ "သင်တို့သည် စားသော်လည်းကောင်း၊ သောက်သော်လည်းကောင်း၊ မည်သည့်အမှုကိုပြုသော်လည်းကောင်း ဘုရားသခင်၏ဘုန်းတော်ကိုထောက်၍ ခပ်သိမ်းသောအမှုကိစ္စကိုပြုကြလော့" ဟူ၍ဖော်ပြထားပါသည်။ မိမိကိုယ်ကိုထိန်းသိမ်းဆင်ခြင်ခြင်းဆိုင်ရာအကြောင်းအရာတို့နှင့်ပတ်သက်၍ ဆောင်ရွက်လေရာနေရာအားလုံးတို့သည် ကယ်တင်ခြင်းဆိုင်ရာအလုပ်အတွက် အရေးပါသည့်နေရာတစ်ခုအဖြစ်ရှိနေပါသည်။

မြို့ကြီးဆိုင်ရာသာသနာပြုလုပ်ငန်းများနှင့်ဆက်စပ်မှုအနေဖြင့် စိတ်ဝင်စားမှုရှိစေရန်အတွက် နိုးဆော်ခံထားရပြီးသောသူတို့အား ညွှန်ကြားမှုပေးရန်အတွက် သူတို့ကိုစုရုံးနိုင်မည့် သင့်လျော်သည့်အခန်းများရှိရပါမည်။ ဤကဲ့သို့သောလိုအပ်မှုရှိသည့်အလုပ်မျိုးလုပ်ဆောင်ရာတွင် လူများတို့၏စိတ်အတွေးများအတွင်း မသင့်လျော်သောအသွင်ခပ်နိုပ်မှုမျိုးမရှိရလေအောင် မစို့မပို့မျှသာသောနည်းလမ်းမျိုးဖြင့် ဆက်လက်မလုပ်ဆောင်ရပါ။ ထိုလုပ်ဆောင်ခဲ့မှုအားလုံးတို့သည် သမ္မာတရားတော်ကို အစအဦးဆုံးစီရင်တော်မူသောသူအတွက် ကောင်းသောသက်သေအထောက်အထားအဖြစ်ဖြင့်ရှိနေသင့်ပြီး၊ တတိယကောင်းကင်တမန်၏သမ္မာတရားတော်များတို့၏အထွတ်အမြတ်ဖြစ်မှုနှင့်အရေးပါမှုတို့အတွက် ကောင်းမွန်မှန်ကန်စွာဖြင့် ကိုယ်စားပြုရပါမည်။





ကျန်းမာခြင်းဆိုင်ရာပြုပြင်ပြောင်းလဲခြင်းအလုပ်သည် ကမ္ဘာပေါ်ရှိ ဆင်းရဲဒုက္ခကိုလျော့ပါးသွားစေရန်နှင့် သူ၏အသင်းတော်ကို သန့်စင်သွားစေတော်မူသည့် ထာဝရဘုရား၏နည်းလမ်းတော်များဖြစ်ပါသည်။ ကာယပိုင်းဆိုင်ရာနှင့်ဝိညာဉ်ရေးပိုင်းဆိုင်ရာကျန်းမာခြင်းကို ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွင် အရှင်သခင်ဖြစ်တော်မူသောအမှုတော်ဆောင်ကြီးနှင့် ပူးပေါင်းဆောင်ရွက်ကြခြင်းအားဖြင့် လူတို့သည် ဘုရားသခင်၏ကူညီတော်မူသည့်လက်တော်ကဲ့သို့ ပြုမူလုပ်ဆောင်နိုင်ကြသည့်အကြောင်းကို သူတို့အားသင်ကြားပို့ချပေးပါ။ ဤအလုပ်သည် ကောင်းကင်နိုင်ငံတော်၏အမှတ်တံဆိပ်ကိုခံယူပြီး၊ အခြားသောအဖိုးထိုက်လှသည့် သမ္မာတရားတော်တို့ဝင်ရောက်လာနိုင်ကြရေးအတွက် တံခါးများတို့ကိုဖွင့်ပေးပါလိမ့်မည်။ ဤအမှုတော်ကို ဉာဏ်ရည်ဉာဏ်စွမ်းထက်မြက်စွာဖြင့် ဆုပ်ကိုင်ထားကြမည့်သူတို့အားလုံးအတွက် လုပ်ဆောင်စရာနေရာများရှိနေပါသည်။

ကျန်းမာခြင်းဆိုင်ရာပြုပြင်ပြောင်းလဲခြင်းအလုပ်ကို အလျင်ဦးဆုံးလုပ်ဆောင်ရန်အတွက် ကျွန်ုပ်သည် သတင်းစကားတော်ဖြင့် ညွှန်ကြားခံခဲ့ရပြီးဖြစ်ပါသည်။ ၎င်းကျန်းမာခြင်းဆိုင်ရာ ပြောင်းလဲခြင်း၏တန်ဖိုးကို ၎င်းအကြောင်းသတိပြုခံရမည့်လိုအပ်သည့်နေရာအနှံ့အပြားတွင် အထူးရှင်းလင်းပြတ်သားစွာဖြင့်ပြသပေးပါ။ ထိခိုက်မှုရှိစေသည့်အစားအစာနှင့်သောက်သုံးခြင်းတို့ကို ရှောင်ကြဉ်ခြင်းသည် စစ်မှန်သောဘာသာတရား၏အသီးအပွင့်ပင်ဖြစ်ပါသည်။ အမှန်တကယ်လုံးလုံးလျားလျားဖြင့်ပြောင်းလဲခြင်းသို့ရောက်ရှိခဲ့ပြီးသောသူသည် အနာတရဖြစ်စေသည့်အကျင့်ဓလေ့နှင့်အာသာဆန္ဒတိုင်းကို စွန့်လွှတ်ပစ်မည်သာဖြစ်ပါသည်။ အလုံးစုံသောရှောင်ကြဉ်ခြင်းအားဖြင့် သူသည် ကျန်းမာရေးကိုဖျက်ဆီးပစ်သည့် အပျော်အပါးတွင်မွေ့လျော်လိုသည့်သူ၏အလိုဆန္ဒကို ကျော်လွှားအောင်နိုင်မည်ဖြစ်သည်။

## ချမ်းသာကြွယ်ဝသည့်လူတန်းစားအလွှာများအတွက်အမှုတော်လုပ်ငန်း

သခင်ခရစ်တော်၏အစေကျွန်တို့အနေဖြင့် ကျွန်ုပ်တို့၏မြို့ကြီးတို့တွင်ရှိနေကြသော ချမ်းသာသူများတို့အတွက် သစ္စာရှိစွာဖြင့်လုပ်ဆောင်ပေးရကြသည့်နည်းတူ၊ မရှိဆင်းရဲသားများတို့နှင့် နိမ့်ပါးကြသောသူများတို့အတွက်ပါ သစ္စာရှိစွာဖြင့်ဆောင်ရွက်ပေးရကြပါမည်။ ခရစ်ယာန်ဘာသာ၏ယုံကြည်ခြင်းနှင့်လုပ်ဆောင်မှုအကြောင်းကိုရှင်းလင်းဖော်ပြပေးသူအဖြစ်ဖြင့် သမ္မာကျမ်းစာတစ်ခုတည်း၏အသိပေးဖော်ပြပေးမှုကြောင့်

ဧဝံဂေလိသတင်းစကားတော်၏သြဇာသက်ရောက်မှုများနှင့် အသွင်ခတ်နိုပ်မှုများတို့ကို လွယ်လွယ်ကူကူလက်ခံရယူလိုစိတ်ရှိကြသော ကြွယ်ဝချမ်းသာသူအများအပြားရှိနေကြပြီး၊ သူတို့သည် ဧဝံဂေလိတရားတော်၏တိုးတက်ရေးအတွက် တံခါးများကိုဖွင့်လှစ်ပေးကြရန် ဘုရားသခင်၏ဝိညာဉ်တော်က တိုက်တွန်းစေ့ဆော်ပေးတော်မူမည်ဖြစ်သည်။ သူတို့သည် ဘုရားသခင်၏နှုတ်တော်ထွက်တွင်ပါရှိထားသည့် ရှင်သန်မှုရှိသောယုံကြည်ခြင်းအကြောင်းကို ထင်ရှားစေကြမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ဘုရားသခင်အတွက် ကန္တာရကြီးထဲတွင် ဖြောင့်တန်းနေသည့်အဝေးပြေးလမ်းမကြီးတစ်ခုကို လုပ်ဆောင်ရာရောက်သည့် ထာဝရဘုရားအတွက် လမ်းခရီးကိုကြိုတင်ပြင်ဆင်ပေးထားရန် သူတို့ကိုအပ်နှင်းပေးထားသည့် သူတို့၏နည်းလမ်းများတို့ကို အသုံးပြုကြမည်ဖြစ်သည်။

နှစ်ပေါင်းများစွာကတည်းကပင် ကျွန်ုပ်တို့အတွက်စိတ်ရှုပ်ထွေးစရာအဖြစ်ရှိနေသောမေးခွန်းမှာ ထာဝရဘုရားက ကျွန်ုပ်တို့ဖွင့်လှစ်ထူထောင်ရန်အတွက် သာဓကအဖြစ်ပြသထားတော်မူခဲ့သည့်အသင်းတော်များတို့ကို အထောက်အပံ့ဖြစ်စေသည့် လုံလောက်သောရန်ပုံငွေကို ကျွန်ုပ်တို့မည်ကဲ့သို့ထူထောင်၊ မတည်နိုင်ကြမည်ဆိုခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ဧဝံဂေလိတရားတော်၏ပြတ်သားသောအမိန့်ပေးချက်များအတိုင်း၊ ပြည်တွင်းတွင်ရော ပြင်ပတွင်ရှိ၊ အမှုတော်ဆောင်ရွက်နေသည့်နေရာများရှိ လူတို့၏လိုအပ်ချက်များအတွက် တင်ပြမှုများတို့ကို ဖြေရှင်းဆောင်ရွက်ပေးရကြပါမည်။ ပြီးစီးအောင်ဆောင်ရွက်ရမည့်အမှုတော်များတို့ကို အမြန်ဆုံးလုပ်ကိုင်ရန်အတွက် ဘုရားသခင်၏ကြည့်ရှုစောင့်ရှောက်တော်မူခြင်းဆိုင်ရာ အပြုသဘောဆောင်သည့် အမြင်သစ်ကို ပေးနိုင်သည့်စွမ်းအားများနှင့်ရည်ညွှန်းချက်များတို့၏ပေါင်းစည်းမှုအားဖြင့် ကျွန်ုပ်တို့သည် တွန်းအားပေးခြင်းခံနေရကြပါသည်။

လူချမ်းသာများတို့အနေဖြင့် ပြောင်းလဲခြင်းသို့ရောက်ရှိသွားကြပြီးနောက် သူ၏ကူညီထောက်မပေးတော်မူသောလက်တော်အဖြစ်ဖြင့် အခြားသောသူတို့ထံသို့ ရောက်ရှိသွားကြစေရန် ဘုရားသခင်က အလိုဆန္ဒရှိတော်မူပါသည်။ ထို့အပြင်၊ ပြုပြင်ပြောင်းလဲခြင်းနှင့်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းတို့တွင် ပါဝင်ကူညီဆောင်ရွက်နိုင်ကြသောသူတို့အနေဖြင့် သမ္မာတရားတော်၏အဖိုးထိုက်လှစွာသောအလင်းတရားကို တွေ့မြင်ရကြပြီးနောက် အကျင့်စရိုက်ပိုင်းဆိုင်ရာပြောင်းလဲလာကြကာ၊ ပေးအပ်ထားခြင်းခံရကြသည့် ငွေလုံးငွေရင်းတို့ကို သူ၏အမှုတော်ထဲတွင် ထည့်သွင်းအသုံးပြုရေးဆီသို့ ဦးတည်စေရေးအတွက်ကိုပါ ဘုရားသခင်က အလိုဆန္ဒရှိစေတော်မူပါသေးသည်။



အနီးအနားတွင်ရော၊ ဝေးလံရာအရပ်များတို့တွင်ရှိနေကြသည့် လူတန်းစားအလွှာအားလုံးတို့ထံသို့ ဧဝံဂေလိတရားတော်ကို ဟောပြောပေးနိုင်မည့်နည်းလမ်းကိုဖွင့်ပေးရန်နှင့် ကောင်းမြတ်သောအရာတို့ကို လုပ်ကိုင်ဆောင်ရွက်မှုများတွင် သူကချေးငှားထားတော်မူသောငွေကြေးများဖြင့် သူတို့အနေဖြင့် ရင်းနှီးမြှုပ်နှံထားကြရေးကိုပါ ဘုရားသခင်က လိုလားတော်မူပါသည်။

ကောင်းကင်ဘုံသည် ပညာရှိသောလောကီသားများတို့၏ဂုဏ်ယူအသိအမှတ်ပြုခံရမည့်အကြောင်း မရှိတော့ပြီလား။ မှန်ပါပေသည်။ ထိုကောင်းကင်ဘုံတွင် လောကီပညာရှိတို့သည် ငြိမ်သက်ခြင်းချမ်းသာနှင့်စင်ကြယ်သောစိတ်ထားမျိုးကို တွေ့ရှိကြမည့်အပြင် ပေါ့ပေါ့တန်တန်လုပ်ကိုင်မှု၊ ရည်မှန်းချက်ကြီးမားမှုနှင့် မိမိကိုယ်ကိုသာအလုပ်အကျွေးပြုမှုတို့သည် ထိုကောင်းကင်ဘုံတွင် ချုပ်ငြိမ်းသွားပေလိမ့်မည်။ သခင်ခရစ်တော်က သူတို့အား အပ်နှင်းတော်မူလိုသည့် ငြိမ်သက်ခြင်းချမ်းသာနှင့်ပျော်ရွှင်ခြင်းအပြင်၊ ဝမ်းမြောက်ခြင်းတို့ကိုကြိုးပမ်းရယူကြရန်အတွက် သူတို့အားတိုက်တွန်းပြောဆိုပေးပါ။ သေမျိုးဖြစ်သောလူသားတို့က လက်ခံရယူနိုင်သည့် အကြွယ်ဝဆုံးသောဆုကျေးဇူးဖြစ်သည့် သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံတော်ကို ကြိုးစားအားထုတ်ပြီးရယူစေသည့် အာရုံစိုက်မှုရှိကြရေးအတွက် သူတို့ကိုတိုက်တွန်းပေးပါ။ ဘုရားသခင်၏သက်တော်စဉ်ပမာဏအတိုင်းဖြင့်ရှိသောအသက်တာမျိုးနှင့် အစဉ်ထာဝရတည်တံ့ပြီး၊ အတိုင်းထက်အလွန်အရေးပါလှသော ဘုန်းအသရေတော်တို့ကို သူတို့အားသခင်ခရစ်တော်က ကမ်းလှမ်းပေးတော်မူပါသည်။ အကယ်၍သာ သူတို့သည် သခင်ခရစ်တော်ကိုလက်ခံကြပါက လောကကမ္ဘာကြီးက ပေးနိုင်စွမ်းမရှိသည့်အပြင်၊ ဖယ်ရှား၍မရနိုင်သောဂုဏ်သရေမျိုးဖြစ်သည့် အမြင့်ဆုံးသောဂုဏ်အသရေကို သူတို့ရရှိကြမည်ဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်တို့ကို စောင့်ရှောက်ခြင်းအားဖြင့် သူတို့သည် ကြီးမားလှသောချီးမြှင့်ခြင်းကိုခံရကြမည့်အကြောင်း သိရှိလာကြမည်ဖြစ်သည်။

ကရုဏာစိတ်ထားရှိတော်မူသော ကယ်ချွတ်တော်မူသောအရှင်သည် သူ၏အစေကျွန်တို့ကို ဆင်းရဲချမ်းသာမရွေး၊ ရှိသမျှလူတို့ကို သူ၏ညစာစားပွဲသို့တက်ရောက်လာကြစေရန်အတွက် ဖိတ်ခေါ်စေခိုင်းတော်မူခဲ့ပါသည်။ သူက သင်တို့သည် အဝေးပြေးလမ်းမကြီးများမှနေပြီး ခြံနီးနားအထိ၊ ရှိသမျှလူတို့ကို သင်တို့၏ဖွဲ့လုံ့လ၊ ခိုင်မာသောဆုံးဖြတ်ချက်ချထားသည့် ကြိုးပမ်းအားထုတ်မှုများတို့ဖြင့် သူတို့အားအတင်းအကျပ်ခေါ်လာကြပါဟူ၍ မိန့်တော်မူပြီး စေခိုင်းတော်မူခဲ့ပါသည်။ လောကီဆိုင်ရာလူချမ်းသာ

တို့ကို သခင်ခရစ်တော်က သူတို့အတွက်ပြင်ဆင်ထားတော်မူသည့် သမ္မာတရားတော်ဆိုင်ရာ ဂုဏ်ပြုညစာစားပွဲကြီးသို့ ဧဝံဂေလိတရားတော်၏အမှုတော်ဆောင်များတို့က ခေါ်ဆောင်လာကြပါစေ။ သူတို့အတွက် သူ၏အဖိုးထိုက်လှစွာသောအသက်ကိုပေးအပ်ထားတော်မူခဲ့သည့်သူက သူ၏အစေကျွန်တို့အား၊ "သူတို့အားခေါ်ဆောင်လာပြီး၊ ငါ၏စားပွဲ၌ထိုင်စေကာ၊ သူတို့အား ငါအလုပ်အကျွေးပြုမည်" ဟူ၍မိန့်တော်မူမည်ဖြစ်သည်။

သခင်ခရစ်တော်၏အမှုတော်ဆောင်များတို့ခင်ဗျား၊ ဤကဲ့သို့သောလူတန်းစားများတို့နှင့် မိမိတို့ကိုယ်ကိုပေါင်းစပ်ချိတ်ဆက်ထားကြပါ။ သူတို့အားမျှော်လင့်ချက်ကင်းမဲ့သွားကြသူများအဖြစ်မျိုးဖြင့် ရှောင်ကွင်းသွားခြင်းမပြုကြပါနှင့်။ အားလုံးသောဖျောင်းဖျစည်းရုံးမှုများတို့ဖြင့် အတတ်နိုင်ဆုံးလုပ်ဆောင်ပြီးသည့်နောက် သင်၏သစ္စာရှိသောကြိုးပမ်းအားထုတ်မှု၏အသီးအပွင့်များအဖြစ်ဖြင့် ကောင်းကင်နိုင်ငံတော်၌ အောင်မြင်သူများအဖြစ်ဖြင့် သရဖူဆောင်းထားပေးခြင်းခံရကြသည့် အမျိုးသား၊ အမျိုးသမီးတို့က အောင်မြင်သူသီချင်းကို အောင်ပွဲခံသီဆိုကြမည့်အနေအထားတွင်ရှိနေကြသည်ကို သင့်အနေဖြင့် မြင်တွေ့ရမည်ဖြစ်သည်။ ထိုသီချင်းမှာ (ဗျာဒိတ် ၃း၄) တွင်ဖော်ပြထားသည့်၊ "ထိုသူတို့သည် ထိုက်တန်သောသူဖြစ်၍ အဖြူဝတ်လျက်၊ ငါနှင့်အတူသွားလာကြလိမ့်မည်" ဆိုသည့် အစအဦးဖြစ်ပြီး၊ အဆုံးလည်းဖြစ်တော်မူသောသူ၏မိန့်တော်မူချက်အတိုင်းပင်ဖြစ်ပါသည်။

အားလုံးကိုခြုံငုံကြည့်လိုက်မည်ဆိုပါက ကမ္ဘာပေါ်ရှိလူသားတို့က တာဝန်ယူလုပ်ဆောင်ရမည့်နေရာဒေသများတို့တွင် အားစိုက်လုပ်ဆောင်မှုအလွန်နည်းပါးလှပါသည်။ ထိုသူတို့၌ပါဝင်ကြသည့် များစွာသောသူတို့သည် သာလွန်ကောင်းမွန်သည့်အရည်အချင်းပြည့်မီခြင်းများကို ပိုင်ဆိုင်ထားနေကြရာတွင် ငွေကြေးပိုင်းဆိုင်ရာနှင့် ဩဇာလွှမ်းမိုးနိုင်မှုများရှိနေကြပါသည်။ ဤအရာများတို့သည် အခြားသောသူတို့၏ကောင်းကျိုးကိုတိုးမြှင့်များပြားစေရေးနှင့်အသုံးပြုနိုင်ကြရေးအတွက် ထာဝရဘုရားက သူတို့ကိုပေးအပ်ထားတော်မူသည့် အဖိုးထိုက်လှသောဆုကျေးဇူးများပင်ဖြစ်ပါသည်။

ကြွယ်ဝချမ်းသာကြသောသူတို့ကိုကယ်ဆယ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ပါ။ ထာဝရဘုရားက သူတို့ကိုချေးထားတော်မူခဲ့သည့်ဘဏ္ဍာတော်တို့ကို သစ္စာရှိရှိဖြင့်ပြန်လည်ပေးဆပ်ကြရန်အတွက် သူတို့အားအနူးအညွတ်ဖြင့် တောင်းပန်တိုးလျှိုးခြင်းဖြင့် နယူးယော့(ခ်) မြို့နှင့် အခြားသောမြို့ကြီးများတို့၌ သမ္မာကျမ်းစာတော်၏သမ္မာတရားတော်အားဖြင့်ဖြစ်သော အကြွင်းမဲ့ချစ်သောစိတ်၏ဩဇာလွှမ်းမိုးမှုအကြောင်းကို လူသားတို့ထံသို့ရောက်ရှိသွားရေးအတွက် ဗဟိုအချက်အချာနေရာကို တည်ထောင်ထားရပါမည်။ ထာဝရဘုရား၏အမှုဆောင်များတို့အနေဖြင့် ကောင်းမြတ်သောအရာကိုလုပ်ဆောင်ကြရေးနှင့် သူ၏ဘုန်းအသရေတော်ကို တိုးမြှင့်ပေးနိုင်ကြရေးအတွက် အထောက်အကူပြုပေးရာရောက်သည့် သူတို့၏ငွေကြေး၊ ဓနဥစ္စာတို့ကို ပြန်လည်ပေးဆပ်ခြင်းဖြစ်သောသူတို့၏ဘဏ္ဍာတို့ကို ဘုရားသခင်၏ပလ္လင်တော်ဘေးနားတွင် သိမ်းဆည်းသိုလှောင်ထားပေးကြရန်အတွက် လူတို့ကိုဖျောင်းဖျပေးကြပါ။



## ကျွန်ုပ်တို့၏တပ်အင်အားတို့ကိုတိုးချဲ့ခြင်း

တပ်မတော်တစ်ခု၏အင်အားကို ထိုတပ်မတော်တွင်ပါဝင်တိုက်ခိုက်နေကြသည့်သာမန်တပ်သားများတို့၏တိုက်ရည်ခိုက်ရည်အပေါ်အခြေခံပြီး ကြီးကြီးမားမားတိုင်းတာခန့်မှန်းနေကြပါသည်။ တက်ကြွမှုရှိသည့်တာဝန်ထမ်းဆောင်နိုင်ကြရေးအတွက် အမြော်အမြင်ရှိသောဗိုလ်ချုပ်ကြီးတစ်ယောက်သည် သူ၏လက်အောက်ရှိ အရာရှိအရာခံတို့အားစစ်သည်တော်တိုင်းတို့ကို လေ့ကျင့်ပေးကြရန်အတွက် ညွှန်ကြားလေ့ရှိပါသည်။ အားလုံးသောကဏ္ဍတို့တွင် အမြင့်ဆုံးသောစွမ်းဆောင်နိုင်စွမ်းရှိရန်အတွက် တိုးတက်မှုရှိရန်၊ သူသည် ကြိုးပမ်းအားထုတ်မြဲရှိပါသည်။ အကယ်၍သာသူသည် သူ၏လက်အောက်ရှိအရာရှိများတို့အပေါ်တွင်သာ အခြေပြုအားကိုးထားပါက အောင်မြင်သောတိုက်ပွဲတစ်ရပ်ကိုရရှိအောင် ဦးစီးဦးရွက်ပြုနိုင်ရေးကို မည်သည့်အခါမျှမျှော်မှန်း၍မရနိုင်ပါ။ သူ့အနေဖြင့် သူ၏တပ်မတော်အတွင်းရှိလူတိုင်းတို့ထံမှ သစ္စာရှိပြီး၊ မမောတမ်းဖြင့်တာဝန်ထမ်းဆောင်မှုအပေါ်တွင် အားကိုးရမြဲဖြစ်ပါသည်။ သာမန်စစ်သည်တော်များအပေါ်တွင် ကြီးမားသောတာဝန်ယူရမှုက ကျရောက်နေပါသည်။

ဧမာနွေလမင်းကြီး၏တပ်မတော်ကြီးသည်လည်း ဤအတိုင်းပင်ဖြစ်ပါသည်။ တိုက်ပွဲတစ်ခုတလေကို မည်သည့်အခါမျှရှုံးနိမ့်ခြင်းမရှိခဲ့သည့် ကျွန်ုပ်တို့၏ဗိုလ်ချုပ်ကြီးသည် သူ၏အောင်လံတံခွန်တော်၏အောက်တွင် လိုလိုလားလားနှင့်သစ္စာရှိရှိအမှုတော်ထမ်းရွက်ရေးအတွက် လူတိုင်းတို့က စာရင်းပေးသွင်းကြရန်၊ မျှော်မှန်းတော်မူနေပါသည်။ ယခုကဲ့သို့သော မဟာတိုက်လှန်ပွဲကြီး၏အဆုံးပိုင်းကာလတွင် ကောင်းမြတ်ခြင်းအတွက်တပ်ဖွဲ့ဝင်များနှင့် မာရ်နတ်၏နောက်လိုက်နောက်ပါများတို့၏စပ်ကြားဆင်နွှဲနေကြသောတိုက်ပွဲတွင် သာမန်အသင်းသားများရော အမှုတော်ဆောင်များအားလုံးတို့က ပါဝင်ဆင်နွှဲကြရေးကို မျှော်မှန်းတော်မူပါသေးသည်။ သူ၏စစ်သည်တော်များ

အဖြစ် စာရင်းဝင်ထားကြသောသူအားလုံးတို့သည် သူတို့တစ်ဦးချင်းအပေါ်တွင် တာဝန်ယူရမှုရှိနေသည်ဆိုသည့် ခံယူချက်မျိုးရှိသည့် တိတိကျကျလုပ်ဆောင်သူများကဲ့သို့ သစ္စာရှိစွာဖြင့် အမှုတော်ဆောင်ရွက်ပေးကာ၊ သူ့အားပြန်လည်ပေးဆပ်ရကြပါမည်။

အသင်းတော်၏ဝိညာဉ်ရေးဆိုင်ရာနှင့်ပတ်သက်ပြီး ကြီးကြပ်ရေးတာဝန်ရှိနေကြသောသူတို့အနေဖြင့် ဘုရားသခင်၏အမှုတော်အတွင်း အသင်းသူအသင်းသားတိုင်းတို့သည် အချို့သောအမှုတော်ကဏ္ဍတွင် ပါဝင်ဆောင်ရွက်နိုင်သောအခွင့်အလမ်းမျိုးရှိရကြမည်ဆိုသည့်အလုပ်သဘောအရ လမ်းကြောင်းများနှင့်နည်းလမ်းများတို့ကို ဖန်တီးသင့်ကြပါသည်။ ယခင်ကာလများတို့တွင် မကြာခဏပင်လျှင် လုပ်ဆောင်နိုင်ခဲ့ကြခြင်းမရှိပါ။ အစီအစဉ်များတို့ကို ရှင်းရှင်းလင်းလင်းဖြင့်ချမှတ်ထားခဲ့ခြင်းမရှိသည်အလျောက် အပြည့်အဝမဆောင်ရွက်နိုင်ခြင်းကြောင့် ဤကဲ့သို့သောအမှုတော်ကို ဆောင်ရွက်မည်ဆိုပါက တက်ကြွစွာလုပ်ဆောင်ရမည့်အလုပ်တွင် အားလုံးတို့၏ပင်ကိုစွမ်းရည်ကိုထုတ်သုံးပြီး လုပ်ဆောင်ရကြပါမည်။ ဤကဲ့သို့သောအနေအထားမျိုးကြောင့် ဆုံးရှုံးမှုမည်မျှရှိနေပြီဆိုခြင်းကို သတိမမူမိကြသည့်သူမှာ အနည်းငယ်မျှသာရှိကြပါသည်။

ဘုရားသခင်၏အမှုရေးရာတော်တွင်ရှိနေကြသော ဦးဆောင်သူများတို့အနေဖြင့် အမြော်အမြင်ရှိသောဗိုလ်ချုပ်ကြီးများကဲ့သို့ပင် နယ်ပယ်အားလုံးတစ်လျှောက် ရှေ့သို့တက်လှမ်းနိုင်မည့်အစီအစဉ်များတို့ကို ချမှတ်ရကြပါမည်။ သူတို့၏အစီအစဉ်ရေးဆွဲမှုအတွင်း ထိုသူတို့အနေဖြင့် သူတို့၏မိတ်ဆွေများနှင့်အိမ်နားနီးချင်းတို့အတွက် လုပ်ဆောင်ပေးနိုင်ကြသည့်အလုပ်မျိုးအကြောင်းကို အထူးပြုလေ့လာသင်ယူရကြပါမည်။ အမှုတော်တွင်ပါဝင်ရိုင်းပင်းကူညီလုပ်ဆောင်ပေးနေကြသော ကျွန်ုပ်တို့၏အသင်းသား၊ အသင်းသူတို့နှင့်အတူ အမျိုးသား၊ အမျိုးသမီးများတို့က ပူးပေါင်းဖွဲ့စည်းပါဝင်ကြသည်အထိအပြင် သူတို့၏ကြိုးစားအားထုတ်မှုများတို့ကို အမှုတော်ဆောင်များနှင့်အသင်းတော်၏အာဏာပိုင်အဖွဲ့ဝင်များတို့နှင့် ပေါင်းစည်းမှုမရှိမချင်း၊ ဤကမ္ဘာမြေပေါ်ရှိ ဘုရားသခင်၏အမှုတော်သည် မည်သည့်အခါမျှပြီးမြောက်နိုင်မည်မဟုတ်ပါ။

## ကုန်သွယ်မှုနှင့်ခရီးသွားလုပ်ငန်းတို့၏ဗဟိုချက်မများ

ယခုခေတ်ကာလများအတွင်း ခရီးသွားလာမှုအခြေအနေ၊ ထို့အပြင် အားလုံးသောလူတန်းစားများတွင်ပါဝင်နေကြသည့် အမျိုးသား၊ အမျိုးသမီးများတို့နှင့်သာမက လူမျိုးစုဝင်များတို့နှင့်ထိတွေ့ဆက်သွယ်ပြီး ပူးပေါင်းနိုင်မည့်အခွင့်အလမ်းများတို့သည်



ဣသရေလလူမျိုးများတို့၏ခေတ်ကာလများကထက် အထူးကြီးမားလာနေပါသည်။ အများပြည်သူသွားလာရေးဆိုင်ရာ ခရီးသွားလုပ်ငန်းသည် အဆပေါင်းထောင်ချီပြီး တိုးတက်ကြီးပွားလာနေပါသည်။ ဘုရားသခင်သည် လမ်းခရီးကိုအံ့ချီးဖွယ်ဖြစ်လောက်အောင် ပြင်ဆင်ထားတော်မူပါသည်။ ကျွန်ုပ်တို့၏ဌာနချုပ်ကွပ်ကဲမှုအောက်တွင် အမျိုးစုံလှသောအထောက်အပံ့ပစ္စည်းများတို့ဖြင့် ပုံနှိပ်စက်ဌာနခွဲရှိနေပါသည်။ သမ္မာကျမ်းစာများအပြင်၊ စာအုပ်စာပေများတို့ကို များစွာသောဘာသာစကားများတို့ဖြင့် ထုတ်ဝေဖြန့်ချိခြင်းဖြင့် သမ္မာတရားတော်ကို ယခုကာလတွင် အခြေတည်ထားရန်နှင့် ကမ္ဘာမြေတစ်ပြင်လုံး၏မည်သည့်အစိတ်အပိုင်းတို့သို့မဆို မြန်ဆန်စွာဖြင့်ပို့ဆောင်ပေးရကြပါမည်။

ကုန်သွယ်မှုနှင့်ခရီးသွားလုပ်ငန်းတို့၏ကြီးမားသောဗဟိုချက်မနေရာများတွင် နေထိုင်နေကြသောခရစ်ယာန်တို့သည် အထူးတလည်ဖြစ်သော အခွင့်အလမ်းများရှိနေကြပါသည်။ ဤမြို့ကြီးများရှိ ယုံကြည်သူများအနေဖြင့် သူတို့၏အိမ်ထောင်မိသားစုတို့၏ဝန်းကျင်တို့တွင် ဘုရားသခင်အတွက် အမှုတော်ကိုဆောင်ရွက်နိုင်ကြပါသည်။

ကမ္ဘာနှင့်ချီပြီးကျော်ကြားမှုရှိကြသည့် ကျန်းမာရေးအတွက်အပန်းဖြေစခန်းများနှင့် ကမ္ဘာလှည့်ခရီးသည်များဆိုင်ရာ လမ်းပန်းဆက်သွယ်ရေးဗဟိုချက်မများတို့တွင် ကျန်းမာခြင်းအတွက်နှင့် ပျော်ပါးမှုတို့နောက်သို့ အားထုတ်ပြီးကြိုးပမ်းလိုက်စားနေကြသောသူများတို့ဖြင့် ပြည့်လျှံနေကြသည်အလျောက်၊ ထိုနေရာတို့တွင် တာဝန်ကျနေကြသောအမှုတော်ဆောင်များနှင့် စည်းရုံးသွေးဆောင်နိုင်စွမ်းရှိကြသောသူများတို့အနေဖြင့် လူစုလူဝေးတို့၏အာရုံကို ဖမ်းစားနိုင်စွမ်းရှိသည့် လုပ်ဆောင်နိုင်စွမ်းရှိရကြပါမည်။ ဤအမှုတော်ဆောင်များတို့အနေဖြင့် ယခုကာလအတွက် သတင်းစကားတော်ကိုဝေငှပေးနိုင်ကြမည့် သူတို့၏အခွင့်အရေးကိုရှာဖွေကြပြီး၊ သူတို့သည် အခွင့်အလမ်းများရလျှင်ရသလို၊ အစည်းအဝေးများတို့ကိုကျင်းပကြပါလေစေ။ အများသူငါတို့ကိုပြောဟောပေးနိုင်မည့်အခွင့်အလမ်းများတို့ကို ဖမ်းဆုပ်နိုင်ကြရေးအတွက် လျင်မြန်မှုရှိကြပါစေ။ သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်ပေါင်းစည်းမှုအားဖြင့် သူတို့သည် ဗတ္တိဇံဆရာယောဟန်က သယ်ပိုးထမ်းဆောင်ပေးခဲ့သည့် (မဿဲ ၃း၁၊၂) တွင်ဖော်ပြထားသော၊ “ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီ။ ထို့ကြောင့် နောင်တရကြလော့။ . . . ” ဆိုသည့်သတင်းစကားဖြင့် လူအများတို့အားသွားရောက်တွေ့ဆုံကြပါစေ။

ကြားစရာဖြစ်သောနားများရှိကြသည့်သူများတို့က သမ္မာတရားတော်အကြောင်းကို ကြားသိရကြရေးအတွက် ရှင်းလင်းပြတ်သားမှုနှင့်စွမ်းအားတို့ဖြင့် ဘုရားသခင်၏နှုတ်တော်ထွက်ကို ပေးကမ်းရကြပါမည်။ ဤကဲ့သို့အားဖြင့် လက်ရှိသမ္မာတရားတော်ဆိုင်ရာ ဧဝံဂေလိတရားတော်သည် ထိုတရားတော်ကိုမသိရှိကြသေးသည့် လူများတို့၏သွားရာလမ်းတွင် ချထားပြီးသားဖြစ်ပြီး၊ ထိုတရားတော်ကို လူအနည်းငယ်တို့ကသာလက်ခံရယူကြခြင်းမဟုတ်မူဘဲ၊ များစွာသောပမာဏရှိသောလူတို့က ရယူလက်ခံကြခြင်းဖြစ်ကာ သူတို့သည်လည်း ကမ္ဘာ့နေရာအားလုံးတို့ရှိ သူတို့၏အိမ်ထောင်မိသားစုတို့ဆီသို့ ယူဆောင်သွားကြမည်ဖြစ်သည်။

ဘုရားသခင်၏နောက်ဆုံးသောသတိပေးတော်မူချက်ကို လူသားများတို့အားကျွန်ုပ်တို့က အသိပေးရကြမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့အနေဖြင့်လည်း သမ္မာကျမ်းစာတော်မြတ်ကို စိတ်အားထက်သန်မှုဖြင့် လေ့လာရမည့်အပြင်၊ အလင်းတရားတော်ကိုလည်းအားမာန်အပြည့်ဖြင့် ဖြန့်ချိဝေငှပေးရပါမည်။ ဘုန်းတော်ရှင်၏ဘုန်းရောင်ခြည်တော်ကွန့်မြူးခြင်းကို လက်ခံရရှိကြသည့်အသက်ဝိညာဉ်တိုင်းကလည်း ထိုရောင်ခြည်တော်ကိုဖြန့်ဝေနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်ကြပါစေ။ အမှုတော်ဆောင်များတို့အားတစ်အိမ်ပြီးတစ်အိမ်သို့သွားရောက်ကြပြီး လူတို့ကို သမ္မာကျမ်းစာတော်ကိုဖွင့်ပြအသိပေးလျက် ပုံနှိပ်ထုတ်ဝေထားသောစာအုပ်၊ စာပေတို့ကို ဝေငှဖြန့်ချိစေသည့်အပြင်၊ အခြားသောသူတို့အားလည်း သူတို့၏ကိုယ်ပိုင်အသက်ဝိညာဉ်များအပေါ် ကောင်းချီးမင်္ဂလာပေးထားသည့် အလင်းတရားတော်အကြောင်းကို ထိုအမှုတော်ဆောင်တို့ကပင်ပြောပြပေးကြပါစေ။ ရထားများပေါ်တွင်လည်းကောင်း၊ လမ်းထဲတွင်သာမက ပင်လယ်ပြင်တွင်ခေါက်တုံ့ခေါက်ပြန်သွားလာနေကြသည့် သင်္ဘောကြီးများတို့နှင့် စာပို့လုပ်ငန်းများတို့အားဖြင့် စာပေဖြန့်ချိဝေငှပေးကမ်းခြင်းတို့ကို ဆင်ဆင်ခြင်ခြင်ဖြင့်လုပ်ဆောင်ရကြပါမည်။

အမှုတော်ဆောင်လုပ်ငန်းရောက်ရှိခြင်းမရှိသေးသည့်မြို့ကြီးများဆီသို့ အမှုတော်ဆောင်တို့အားညွှန်ပြပေးရန်နှင့် ထိုအမှုတော်ဆောင်တို့အနေဖြင့် သမ္မာတရားတော်အကြောင်းကို ဝေငှပေးကမ်းနိုင်ကြရေးအတွက် ဖြစ်နိုင်ခြေရှိသောနည်းလမ်းတိုင်းတို့ဖြင့်လမ်းကြောင်းဖွင့်ပေးကြရန် သူတို့ကိုတိုက်တွန်းပေးရေးအတွက် ကျွန်ုပ်ညွှန်ကြားခြင်းခံနေရပါသည်။ သခင်ဘုရားဒုတိယအကြိမ်ကြွလာတော်မူမည့်အကြောင်းနှင့်ပတ်သက်သည့် သတင်းစကားအဦးဆုံးရောက်ရှိနှင့်ပြီးသော မြို့ကြီးအချို့တို့ကို နေရာအသစ်များ





အလားသဘောထားပြီး၊ ထိုနေရာတွင် အမှုတော်ကိုမဖြစ်မနေပြန်လည်စတင်ဆောင်ရွက်ရန်အတွက် လှုံ့ဆော်ခံနေရကြပါသည်။ ဤသို့သောမြေသြဇာညံ့ဖျင်းသောလယ်မြေများဖြစ်သော အမှုတော်ဆောင်လုပ်ငန်းရောက်ရှိခြင်းမရှိသေးသည့် မြို့ကြီးများတို့သည်မည်မျှကြာမြင့်စွာဖြင့် ရှောင်ကွင်းကျော်ဖြတ်သွားခြင်းခံရကြဦးမည်နည်း။ များစွာသောနေရာများတို့တွင် နှောင့်နှေးခြင်းမရှိဘဲ၊ မျိုးစေ့တို့ကိုစတင်စိုက်ပျိုးသင့်ကြပါပြီ။ "Testimonies for the Church," vol. 9, pp. 109-123.

## မြို့ကြီးများတို့တွင်ရှိသောလုပ်ငန်းဆောင်တာနှင့်ပတ်သက်သည့် အကြံပေးလမ်းညွှန်ချက်

ယခုခေတ်ကာလရှိ မိုက်မှားမှုများနှင့်အပြစ်တရားများတို့တွင် အသေဖြစ်နေကြသောသူတို့အား သမ္မာတရားတော်ကိုကြွေးကြော်ပေးရသည့်အလုပ်သည် ကြီးမားသောပမာဏဖြင့်ရှိနေပါသည်။ လူအများတို့ကိုသတိပေးပြီး နိုးဆော်ပေးသည့်အကျင့်စရိုက်ပိုင်းဆိုင်ရာသတင်းစကားများဖြစ်သော ကြောက်လန့်တုန်လှုပ်ဖွယ်သောသတင်းစကားများတို့ကို ဘုရားသခင်၏ခန့်ထားတော်မူခြင်းခံရသောသူတို့က သယ်ပိုးပို့ဆောင်ပေးရကြပါမည်။ ဤသတိပေးချက်အားဖြင့် အချို့သောသူတို့၏ဒေါသကိုနှိုးဆွခံရသကဲ့သို့ရှိပြီး၊ အလင်းတရားနှင့်သက်သေအထောက်အထားတို့ကို ဆီးတားထားကြခြင်းဆီသို့ဦးတည်သွားစေရာရောက်ပါက၊ ဤအခြေအနေအားဖြင့် ကျွန်ုပ်တို့သည် ဤအချိန်ကာလအတွက် စစ်ကြောစမ်းသပ်ခြင်းသတင်းစကားကို ပေးကမ်းနေကြပြီဆိုခြင်းကို ရှုမြင်ကြရပါမည်။

သတင်းစကားများတို့ကို လုပ်နေကျလုပ်ထုံးလုပ်နည်းမျိုးဖြင့် ပေးကမ်းဝေငှပေးခြင်းပြုရမည်မဟုတ်ပါ။ ဘုရားသခင်၏တရားဆုံးဖြတ်တော်မူခြင်းများတို့သည်မြေကြီးပေါ်တွင်သက်ရောက်နေပါသည်။ စာအုပ်ရောင်းသူများ၊ သမ္မာကျမ်းစာဆိုင်ရာအမှုတော်ဆောင်များနှင့် လက်တွေ့ကျသည့်ဆေးဘက်ဆိုင်ရာသာသနာပြုများတို့သည်အချို့သောလူတန်းစားများတို့ထံသို့ ရောက်ရှိသွားနိုင်ကြရေးအတွက် သင်တန်းရယူကြပြီးနောက် မြို့တော်အသင်းတော်ကိုတည်ထောင်ကြသောအချိန်တွင် ကျွန်ုပ်တို့သည်လည်းကျွန်ုပ်တို့၏မြို့ကြီးများတို့တွင် နာကြားသူတို့က လန့်ဖျပ်သွားကြစေရေးအတွက် သတင်း

စကားတော်ကို တိကျပြတ်သားစွာဖြင့် သယ်ပိုးဖြန့်ဝေပေးကြသောသူတို့မှတစ်ဆင့် ဆက်ကပ်ထားပြီးသောသာသနာပြုဆရာများရှိနေရကြပါမည်။

သမ္မာတရားတော်အကြောင်း ကြွေးကြော်ခြင်းမရှိသေးသောနေရာများတို့၌ တိကျပြတ်သားသောကြိုးပမ်းအားထုတ်မှုများဖြင့် အမှုတော်ဆောင်ရမည့်အချိန်သို့ ရောက်ရှိလာနေပြီဖြစ်သည်။ ထာဝရဘုရား၏အမှုတော်သည် မည်ကဲ့သို့ပြီးမြောက်နိုင်ပါမည်နည်း။ နေရာတိုင်းတို့တွင် အမြဲတစေတည်မြဲမှုရှိမည့်အမှုတော်အတွက် တည်မြဲခိုင်ခံ့သည့် အခြေခံအုတ်မြစ်ချမှတ်ရမည့်အချိန်သို့ ဝင်ရောက်နေပြီဖြစ်ပါသည်။ ထို့နောက်တွင် တစ်ဆက်တည်း၌၊ ထာဝရဘုရား၏နည်းစနစ်တို့ကိုလည်း လိုက်ပါလာစေရပါမည်။ အပြင်ပန်းသွင်ပြင်လက္ခဏာများတို့ကြောင့် ခြိမ်းခြောက်ခံရကြပြီး၊ ထိုခြိမ်းခြောက်မှုတို့သည် ကြောက်မက်ဖွယ်ကောင်းလှပါစေ၊ ထိုအရာတို့ကို သင့်အနေဖြင့်ကြောက်ရွံ့နေစရာမလိုပါ။ ဆက်လက်ထမ်းဆောင်ကြရမည်ဟု သခင်ဘုရားက မိန့်တော်မူထားခဲ့သောအမှုတော်ကို ရှေ့ဆက်ထမ်းဆောင်ရန်မှာ သင့်အလုပ်သာဖြစ်ပါသည်။ နှုတ်ကပတ်တရားတော်ကိုဟောပြောပါ။ သခင်ဘုရားကလည်း သူ၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခိုင်မာသောယုံကြည်ချက်ကို နာကြားသူတို့၏စိတ်အတွေးများအတွင်းသို့ သွတ်သွင်းပေးတော်မူမည်ဖြစ်သည်။ ထိုဟောပြောရမည့်နှုတ်ကပတ်တရားတော်ကို (မာကု ၁၆း၂၀) တွင်ဖော်ပြထားသည့်၊ "တပည့်တော်တို့သည်လည်း ထွက်သွား၍ သခင်ဘုရားသည် မစတော်မူသည်နှင့်လည်းကောင်း၊ သူတို့၌ဖြစ်သော နိမိတ်လက္ခဏာအားဖြင့် နှုတ်ကပတ်တရားတော်ကိုတည်စေတော်မူသည်. . . " ဆိုသည့်အတိုင်း တည်တံ့စေရပါမည်။

များစွာသောအမှုတော်ဆောင်များတို့အနေဖြင့် တစ်အိမ်ဝင်တစ်အိမ်ထွက်ဖြင့် မိသားစုများအတွင်း ကျမ်းစာတော်မြတ်ဖတ်ရှုခြင်းကိုပေးကမ်းသည့် အမှုတော်ဆောင်လုပ်ငန်းတွင် ကျရာသူတို့၏အခန်းကဏ္ဍတို့တွင် လုပ်ဆောင်ရကြပါမည်။ သူတို့သည် သခင်ခရစ်တော်၏အလိုတော်အတိုင်း အညံ့ခံလိုက်နာခြင်းအားဖြင့် သူတို့၏ကျေးဇူးတော်၌ ကြီးထွားခြင်းကိုပြသရကြပါမည်။ ဤသို့သောအားဖြင့် သူတို့သည် ကြွယ်ဝသောအတွေ့အကြုံမျိုးကို ရယူပိုင်ဆိုင်လာကြမည်ဖြစ်သည်။ ယုံကြည်ခြင်း၌သူတို့သည် သခင်ခရစ်တော်၏နှုတ်တော်ထွက်ကို လက်ခံရယူကြပြီး ယုံကြည်ကြလျက်၊ နာခံလိုက်လျှောက်သည့်အလျောက် သူတို့၏တစ်ဘဝလုံးတွင် မြှုပ်နှံထားကြသည့်အမှုတော်ဆောင်ခြင်းလုပ်ငန်းတွင် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်နိုင်စွမ်းကို တွေ့မြင်



ရကြမည်ဖြစ်သည်။ ထို့နောက်တွင် ပြင်းပြသည့်ကြိုးပမ်းအားထုတ်မှုဆိုင်ရာ လေးနက်မှုတစ်ခုရှိလာမည်ဖြစ်သည်။ ထို့အပြင် ချစ်ခြင်းမေတ္တာစိတ်ဖြင့်လုပ်ဆောင်တတ်သောယုံကြည်ခြင်းမျိုးကို ရင်ဝယ်ပိုက်ရင်း၊ အသက်ဝိညာဉ်ကိုသန့်စင်သွားစေခြင်းကိုပါ တွေ့မြင်လာရကြမည်ဖြစ်သည်။ အသက်တာတွင်လည်း ဝိညာဉ်တော်၏အသီးများတို့ကိုလည်း တွေ့မြင်ရကြပါဦးမည်။

ကျွန်ုပ်တို့၏အသင်းတော်က ပေးနိုင်စွမ်းသမျှသောညွှန်ကြားချက်အားလုံးတို့ကို လိုအပ်နေကြပါသည်။ သင်၏အမှုတော်လုပ်ငန်းထူထောင်မှုတွင် ဦးဆောင်ပေးတော်မူခဲ့သော တူညီသည့်ဝိညာဉ်တော်၏တန်ခိုးတော်၌ သင်၏အမှုတော်ထမ်းဆောင်မှုကို ဆက်လက်လုပ်ဆောင်ပါ။ ကျမ်းစာတော်မြတ်ကိုဖွင့်ပြီးဖတ်ပြပေးခြင်း၊ ဆုတောင်းပေးခြင်းနှင့် ယုံကြည်ခြင်းကိုလေ့ကျင့်ပေးခြင်းများတို့အားဖြင့် သခင်ဘုရား၏နည်းလမ်းတော်အားဖြင့် လူတို့အားပညာပေးခြင်းကြောင့် ခရစ်တော်အရှင်သခင်ယေရှုတည်းဟူသောကျောက်ပေါ်တွင် အသင်းတော်တစ်ခုကိုတည်ဆောက်ပြီးသားဖြစ်လာပေမည်။

နှိမ့်ချသောစိတ်ဖြင့် သင်၏အမှုတော်ထမ်းဆောင်မှုကို ဆက်လက်လုပ်ဆောင်ပါ။ တင်ဆက်ပြသမှုအနုပညာစွမ်းရည်မျိုးဖြင့်မဟုတ်မူဘဲ၊ အပြစ်ကိုဖြေလွှတ်ပေးတော်မူသော ကယ်ချွတ်တော်မူသောအရှင်သခင်ခရစ်တော်ကို မြှင့်တင်ချီးမြှောက်ပေးခြင်းဖြင့် သင်သည် အသက်ဝိညာဉ်တို့ကိုရရှိရန်ကြိုးပမ်းမှုတွင် အောင်မြင်မှုကိုရရှိလာမည်ဖြစ်သည်။ အောက်ကျို့မှုနှင့်စိတ်နှလုံးနှိမ့်ချမှုတို့အားဖြင့် သင်သည် ဘုရားသခင်အတွက် အမှုတော်ဆောင်ရွက်ပေးသည်အလျောက် သူသည်ကိုယ်တော်တိုင် သင်၏မျက်မှောက်၌ ထင်ရှားတော်မူမည်ဖြစ်သည်။

## ပြဇာတ်ဆန်သောပရိယာယ်များ

ပုံစံကားချပ်များ၊ အမှတ်သင်္ကေတများနှင့် မျိုးပေါင်းစုံလှသောတင်ပြမှုအမျိုးအစားများတို့အားဖြင့် အမှုတော်ဆောင်သည် သမ္မာတရားတော်ကို ရှင်းလင်းပြီး၊ ပီပြင်ပြတ်သားစွာဖြင့် ထင်းထင်းကြီးထင်ထင်ပေါ်ပေါ်ဖြစ်အောင် လုပ်ဆောင်ပေးနိုင်မည်ဖြစ်သည်။ ဤနည်းစနစ်သည် ဘုရားသခင်၏နှုတ်တော်ထွက်နှင့် သဟဇာတဖြစ်ရေးအတွက် အထောက်အကူတစ်ခုပင်ဖြစ်ပါသည်။ သို့သော်လည်း အခြားသောသူတို့က အမှုတော်ဆောင်၏လုပ်ငန်းခွင်အတွင်းရှိလူတို့ကို ထောက်ပံ့ပေးနိုင်သည့် လုံလောက်သောဘဏ္ဍာရေးဆိုင်ရာ ငွေကြေးအရင်းအနှီးကို ကြိုးစားအားထုတ်၍ရယူနိုင်စွမ်းမရှိနိုင်

လောက်အောင်၊ ထိုအမှုတော်ဆောင်၏လုပ်ငန်းဆောင်ရွက်မှုအနေအထားသည် ကုန်ကျစရိတ်အထူးကြီးမားလှပါက သူသည် ဘုရားသခင်၏အစီအစဉ်တော်နှင့်သဟဇာတဖြစ်အောင် လုပ်ဆောင်နေခြင်းမဟုတ်တော့ပါ။

ကြီးမားသောမြို့ကြီးများတွင် အမှုတော်လုပ်ငန်းသည် ပြဇာတ်ဆန်သောတင်ဆက်မှုအနေအထားအတိုင်းမဖြစ်ရဘဲ၊ သခင်ခရစ်တော်၏အစီအစဉ်တော်အတိုင်း လုပ်ဆောင်ရပါမည်။ ဘုရားသခင်၏ဘုန်းအသရေတော်ကို ချီးမွမ်းခြင်းတို့သည် ပြဇာတ်ဆန်သောတင်ဆက်မှုမဟုတ်ဘဲ သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်၌ သမ္မာတရားတော်ကိုတင်ဆက်ပြသခြင်းပင်ဖြစ်ပါသည်။

## အကြို (ပဏာမ) လုပ်ငန်းများ

ကောင်းကင်နိုင်ငံတော်၏အစီအစဉ်ထက်ပိုလွန်ပြီး၊ လောကီရေးရာ၏အစီအစဉ်အတိုင်း ပဏာမလုပ်ဆောင်ခြင်းအားဖြင့် သမ္မာတရားတော်၏ဂုဏ်သိက္ခာနှင့်ထိရောက်မှုတို့ကို မပျက်ပြားသွားစေပါနှင့်။ သူတို့၏စိတ်အစဉ်တို့ကိုတိမ်းညွတ်လာအောင် တေးဂီတနှင့်အခြားသောနည်းလမ်းများတို့ဖြင့် ဆွဲဆောင်ရန်မဟုတ်ဘဲ၊ သူတို့၏မိမိတို့ကိုယ်ကိုမိမိတို့အလိုလိုက်ခြင်းတွင် လူသေအလားအိပ်ပျော်နေသောအနေအထားမှ လှုပ်နိုးပြီး၊ သတိပေးရန်အတွက် သူတို့ထံသို့သမ္မာတရားတော်ရောက်ရှိလာရေးအတွက် ထိုသမ္မာတရားတော်၏တည်ငြိမ်လေးနက်မှုရှိခြင်းတို့ဖြင့် သမ္မာတရားတော်အကြောင်းကို သူတို့အားဟောပြောပေးရန်အတွက် အစည်းအဝေးကိုကျင်းပပေးခြင်းသာဖြစ်ကြောင်းကို သင်၏နာကြားသူတို့အား သဘောပေါက်နားလည်ကြပါစေ။ ၎င်းလုပ်ရပ်သည် အလွန်အသွားထက်ပြီး၊ အသွားနှစ်ဖက်ဖြင့်ခုတ်ဖြတ်နိုင်သော ဓားရှည်နှင့်အလားတူသော ဖုံးကွယ်ထားခြင်းမရှိသည့် သမ္မာတရားတော်ပင်ဖြစ်ပါသည်။ ထို့အပြင်၊ ၎င်းသည် မိုက်မှားမှုများနှင့်အပြစ်တရားများတို့တွင် သေလွန်နေကြသောသူတို့ကို နိုးထလာစေမည့်အရာလည်းဖြစ်ပါသည်။

အမျိုးသား၊ အမျိုးသမီးများတို့အား ရုပ်ထုကိုးကွယ်ခြင်းနှင့် မိမိတို့ကိုယ်ကိုမိမိတို့အလိုလိုက်ခြင်းမှ ကယ်ဆယ်တော်မူနိုင်ရေးအတွက် သူ၏အသက်ကိုစွန့်တော်မူသောသူက၊ အခြားသောသူတို့အား ဧဝံဂေလိတရားတော်ကိုဝေငှပေးကမ်းနေကြသည့်သူအားလုံးတို့က လိုက်လျှောက်ကြရန်စံနမူနာတစ်ခုကို ပေးထားတော်မူခဲ့ပါသည်။ ယခုခေတ်ကာလရှိ ဘုရားသခင်၏အစေကျွန်များတို့သည် ကြွေးကြော်ပေးကြရန်အတွက်



တည်ကြည်ခန့်ညားမှုအရှိဆုံးသော သမ္မာတရားတော်တို့ကို ပေးအပ်ခြင်းခံထားရကြပြီး သူတို့၏အပြုအမူများ၊ နည်းစနစ်များနှင့်အစီအစဉ်များတို့သည် သူတို့ဝေငှကြသော သတင်းစကား၏အရေးပါမှုနှင့် ကိုက်ညီမှုရှိရကြပါမည်။ သခင်ခရစ်တော်၏နည်းလမ်းတော်အားဖြင့် နှုတ်ကပတ်တရားကိုဝေငှပေးနေပါက သင်၏ပရိသတ်များတို့သည် သင်ပို့ချပေးသောသမ္မာတရားတော်အကြောင်းကို နက်ရှိုင်းစွာဖြင့်စွဲမှတ်သွားကြပါလိမ့်မည်။ ထို့အပြင် ဤသမ္မာတရားတော်သည် အသက်ရှင်နေတော်မူသော ဘုရားသခင်၏နှုတ်တော်ထွက်ဖြစ်ကြောင်းကို သူတို့ကခိုင်မာစွာယုံကြည်မှုရှိလာကြပေမည်။

## လုပ်ရိုးလုပ်စဉ်အတိုင်းဝတ်ပြုခြင်း

သခင်ဘုရား၏စေတမန်တော်များတို့အနေဖြင့် လူအများတို့ထံသို့ရောက်ရှိနိုင်ကြရေးအတွက် သူတို့၏ကြိုးစားအားထုတ်မှုတွင် လောကီဆိုင်ရာနည်းလမ်းများအတိုင်း လိုက်လျှောက်ခြင်းမပြုရပါ။ ကျင်းပနေသောအစည်းအဝေးများတို့တွင် သူတို့သည် စိတ်ဝင်စားမှုကိုနိုးထစေရန်အတွက် လောကီရေးရာအဆိုတော်များနှင့် ပြဇာတ်ဆန်ဆန်တင်ဆက်မှုအပေါ် အမှီအခိုကင်းရကြပါမည်။ ဘုရားသခင်၏နှုတ်တော်ထွက်အပေါ် စိတ်ဝင်စားမှုမရှိကြသည့်အပြင်၊ ဘုရားသခင်၏နှုတ်တော်ထွက်ဆိုင်ရာ သမ္မာတရားတော်တို့ကို နားလည်သိရှိလိုသော ရိုးသားသည့်ဆန္ဒမျိုးဖြင့် ထိုနှုတ်တော်ထွက်ကို မည်သည့်အခါကမျှဖတ်ရှုခဲ့ကြခြင်းမရှိသည့်သူတို့သည် စိတ်ဝိညာဉ်အပြည့်အဝနှင့် သိရှိနားလည်နိုင်စွမ်းရှိရှိဖြင့် သီဆိုနိုင်ကြမည်ဆိုခြင်းကို မည်သို့မျှော်မှန်း၍ရနိုင်ပါမည်နည်း။ သူတို့၏နှလုံးသားများတို့သည်လည်း အထွတ်အမြတ်ဖြစ်သော တေးသီချင်း၏စာသားများတို့နှင့် မည်ကဲ့သို့သဟဇာတဖြစ်နေနိုင်မည်နည်း။ အသွင်သဏ္ဍာန်တစ်မျိုးတည်းသာရှိသော တေးဂီတမျိုးဖြင့်၊ ကောင်းကင်နိုင်ငံတော်ဆိုင်ရာ တေးသီချင်းသံစုံသီဆိုသည့်အဖွဲ့က မည်သို့ပေါင်းစည်းသီဆိုနိုင်ကြမည်နည်း။

သမားရိုးကျဆန်သောဝတ်ပြုခြင်း၏ဆိုးကျိုးသည် ခိုင်ခိုင်မာမာဖြင့်ပေါ်လွင်မှုမရှိနိုင်သော်လည်း ရိုးသားစစ်မှန်သောဝတ်ပြုခြင်းမှာမူ၊ လေးနက်မှုရှိလှသည့် ကောင်းချီးမင်္ဂလာသက်ရောက်မှုအကြောင်းကို သင့်တင့်လျောက်ပတ်စွာဖြင့်ပုံဖော်နိုင်သော မည်သည့်စကားလုံးမျိုးမျှမရှိနိုင်လောက်အောင် ထိုကောင်းချီးမင်္ဂလာသည် ကြီးမားလှပါသည်။ လူသားတို့အနေဖြင့် စိတ်ဝိညာဉ်အပြည့်အဝနှင့် သိရှိနားလည်နိုင်စွမ်းရှိရှိဖြင့် သီဆို

ကြသောအခါ၊ ကောင်းကင်ဘုံဆိုင်ရာ ဂီတပညာရှင်များတို့သည် အားထုတ်မှုဖြင့် ကျေးဇူးတော်ကိုချီးမွမ်းခြင်းတေးသီချင်းသီဆိုမှုတွင် စတင်ပါဝင်လာကြမည်ဖြစ်သည်။ ဘုရားသခင်နှင့်အတူလုပ်ဆောင်ကြသူများအဖြစ် ကျွန်ုပ်တို့အားအထောက်အကူပြုပေးသည့် အားလုံးသောဆုကျေးဇူးတော်တို့ကို ကျွန်ုပ်တို့အား အပ်နှင်းပေးတော်မူသည့်သူသည် သူ၏အစေကျွန်များတို့အနေဖြင့် သူတို့၏အသံတို့ကို ထိန်းသိမ်းပျိုးထောင်ကြရေးကို မျှော်မှန်းတော်မူပြီး၊ ထိုသို့အားဖြင့် သူတို့သည် အားလုံးတို့က နားလည်နိုင်မည့်နည်းလမ်းမျိုးဖြင့်ပြောဆိုနိုင်ပြီး၊ သီချင်းသီဆိုနိုင်ကြမည်ဖြစ်သည်။ သီချင်းသီဆိုရာတွင် ကျယ်လောင်စွာသီဆိုရန်မလိုဘဲ ရှင်းလင်းသောလေယူလေသိမ်း၊ မှန်ကန်သောအသံထွက်နှင့် ထင်ရှားပြတ်သားသောစကားလုံးစာသားပြောဆိုမှုမျိုးလိုအပ်ပါသည်။ အားလုံးတို့အနေဖြင့် မိမိတို့၏အသံကို ထိန်းသိမ်းပျိုးထောင်ပေးရေးအတွက် အချိန်ပေးကြခြင်းဖြင့် ဘုရားသခင်အားချီးမွမ်းခြင်းသီချင်းကိုရှင်းလင်းပြီး၊ ပျော့ပျောင်းညင်သာသောသံစဉ်များတို့ဖြင့် သီဆိုနိုင်မည့်အပြင်၊ နားဝင်မချိုစေသည့် ကြမ်းတမ်းပြီး၊ မသာယာသောကျယ်လောင်စူးရှသည့်အသံမျိုးလည်း ဖြစ်ပေါ်လာမည်မဟုတ်ပါ။ တေးသီချင်းသီဆိုနိုင်သောအရည်အချင်းမည်သည်မှာ ဘုရားသခင်၏ဆုကျေးဇူးတော်ဖြစ်သည်အလျောက် သူ၏ဘုန်းအာနုဘော်တော်အတွက်သာလျှင် အသုံးချမှုရှိပါလေစေ။

အစည်းအဝေးတို့ကိုကျင်းပရာတွင် အစပျိုးတေးသီချင်းသီဆိုမှုအတွက် လူအတော်များများတို့ကို ရွေးချယ်ထားရပါမည်။ ထို့အပြင် တူရိယာပစ္စည်းတို့ကို ကျွမ်းကျင်စွာကိုင်တွယ်တတ်သော သူတို့၏ပူးပေါင်းတီးခတ်ပေးမှုဖြင့် သီဆိုရကြပါမည်။ ကျွန်ုပ်တို့၏အမှုတော်လုပ်ငန်းတွင် တေးဂီတဆိုင်ရာတူရိယာပစ္စည်းတို့ကိုသုံးစွဲခြင်းကို ကျွန်ုပ်တို့က ဆန့်ကျင်မှုမပြုရပါ။ ဤဝတ်ပြုခြင်းအပိုင်းကဏ္ဍကို သတိရှိရှိဖြင့်စီမံခန့်ခွဲရသည့်အကြောင်းမှာ ဤကဏ္ဍသည် သီချင်းအားဖြင့် ဘုရားသခင်ကိုချီးမွမ်းခြင်းကြောင့်ဖြစ်ပါသည်။ အနည်းငယ်သောသီချင်းမျှဖြင့် တေးသီချင်းသီဆိုမှုမျိုးကို မပြုလုပ်ရပါ။ ဖြစ်နိုင်ပါက မကြာခဏဖြင့်ပင်လျှင် ထိုသီဆိုခြင်း၌ လူထုပရိသတ်တစ်ရပ်လုံးတို့က ပူးပေါင်းပါဝင်သီဆိုကြပါစေ။

## အမှန်တရားကိုဆုပ်ကိုင်ထားခြင်း

သမ္မာတရားတော်ကိုပေးကမ်းရန် သင်ကြိုးပမ်းအားထုတ်ရာ၌ မကြာခဏဖြင့်ပင်လျှင် အတိုက်အခံပြုမှုတို့သည် ပေါ်ပေါက်လာမည်ဖြစ်သည်အလျောက်



ထိုအတိုက်အခံပြုမှုကို သင်ကအငြင်းအခုံပြုသောနည်းမျိုးဖြင့် ရင်ဆိုင်ရန်ကြိုးပမ်းအားထုတ်ပါက၊ ထိုအတိုက်အခံပြုမှုကို တိုးပွားလာအောင်လုပ်ရာရောက်ကာ၊ ထိုသမ္မာတရားပေးကမ်းခြင်းအလုပ်ကို သင့်အနေဖြင့် ကြိုးစားပမ်းစားလုပ်ဆောင်၍မရနိုင်တော့ပါ။ အမှန်တရားကိုဆုပ်ကိုင်ထားပါ။ ဘုရားသခင်၏ကောင်းကင်တမန်တော်တို့သည် သင့်ကိုစောင့်ကြည့်နေကြပြီး၊ သင့်အားအတိုက်အခံပြုသူတို့က သင့်ကိုအငြင်းအခုံပုံစံမျိုးတို့ဖြင့် မရင်ဆိုင်ကြတော့ရေးအတွက် အတွေးပေါက်အောင်မည်ကဲ့သို့လုပ်ဆောင်ရမည်ကို ထိုကောင်းကင်တမန်တို့က နားလည်နေကြပါသည်။ ပေါ်ထွက်လာနေသည့် မေးခွန်းထုတ်စရာအကြောင်းများနှင့်ပတ်သက်သော အပြုသဘောမဆောင်သည့်အချက်အလက်များအပေါ် အစွဲအလမ်းမထားဘဲ၊ မှန်ကန်မှုရှိသောသမ္မာတရားတော်တို့ကို သင်၏စိတ်အတွေးများတို့တွင် စုစည်းထားပြီးနောက်၊ ၎င်းသမ္မာတရားတော်တို့ကို များစွာသောလေ့လာသင်ယူခြင်း၊ စိတ်အားထက်သန်စွာဖြင့်ဆုတောင်းမှုနှင့် စိတ်နှလုံးမြင့်မြတ်စွာကျင့်ကြံခြင်းတို့ဖြင့် သင်၏စိတ်အတွေးများတို့တွင် ခိုင်မြဲစွာချည်နှောင်ထားပါ။ သင်၏ဆီမီးခွက်တို့ကို နေသားတကျထားရှိပြီး၊ မီးထွန်းညှိထားလျက်တောက်ပသောရောင်စဉ်တမ်းများတို့ကို လင်းထိန်းသွားစေခြင်းဖြင့် သင်၏ကောင်းမြတ်သောအမှုတော်လုပ်ငန်းဆောင်ရွက်မှုတို့ကို မျှော်မှန်းကြည့်ရှုနေကြသောသူတို့သည် ကောင်းကင်ဘုံတွင်စံမြန်းနေတော်မူသော သင်၏အဖခမည်းတော်၏ဂုဏ်အသရေတော်ကို ချီးမွမ်းခြင်းသို့ ဦးတည်သွားကြမည်ဖြစ်သည်။

စုံစမ်းနှောင့်ယှက်ခြင်းတောကြီးမျက်မည်းအတွင်း အကယ်၍သာ သခင်ခရစ်တော်က အမှန်တရားကိုဆုပ်ကိုင်တော်မူခဲ့ခြင်းမရှိပါက၊ သူရယူလိုတော်မူခဲ့သည့်အရာအားလုံးတို့ကို အဆုံးရှုံးခံရတော်မူမည်ဖြစ်သည်။ ကျွန်ုပ်တို့၏အတိုက်အခံတို့ကို ရင်ဆိုင်ရာတွင် သခင်ခရစ်တော်၏နည်းလမ်းသည်သာလျှင် အကောင်းဆုံးသောနည်းလမ်းဖြစ်ပါသည်။ သူတို့ဆန့်ကျင်ပြောဆိုသောစကားတို့ကို ကျွန်ုပ်တို့ကပြန်လည်ထုတ်ဖော်ပြောပြခြင်းသည် သူတို့၏အငြင်းအခုံပြုမှုတို့ကို ကျွန်ုပ်တို့ကအားဖြည့်ပေးခြင်းသာဖြစ်ပါသည်။ အမှန်တရားဘက်သို့သာ အစဉ်အမြဲကိုင်စွဲထားပါ။ ဤသို့အားဖြင့်သာလျှင် သင့်ကိုအတိုက်အခံပြုနေသောသူကိုယ်၌က သင်၏ပြောစကားများအကြောင်းကို သူ၏အိမ်ထောင်မိသားစုထံသို့ သယ်ဆောင်ပေးသွားပြီးနောက် သူသည်လည်း သူ၏သိရှိနားလည်မှုကိုဖြည့်ဆည်းပေးသည့် ကျိုးကြောင်းဆီလျော်မှုရှိသော သမ္မာတရားတော်ဆီသို့ ပြောင်းလဲသွားမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ညီအစ်ကိုတော်တို့ကို မကြာခဏကျွန်ုပ်ပြောကြားသောစကားမှာ မှားယွင်းသောသင်တို့၏လုပ်ဆောင်မှုအကြောင်းကို သင်တို့၏အတိုက်အခံတို့က လူသိရှင်ကြားထုတ်ဖော်ပြောဆိုကြမည်ဖြစ်သည်။ သူတို့၏ထိုပြောဆိုမှုတို့ကို ပြန်လည်ခွန်းတုံ့မပြန်ဘဲ၊ ရှင်သန်နေလျက်ရှိသော သမ္မာတရားတော်အပေါ်၊ သင်တို့၏အခိုင်အမာရပ်တည်မှုတို့ကို ဆက်လက်ကိုင်စွဲထားခြင်းအားဖြင့် ဘုရားသခင်၏ကောင်းကင်တမန်တော်တို့သည် သင်တို့၏ရှေ့မှောက်တွင် သွားရာလမ်းကိုဖွင့်ပေးကြမည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ရှေ့သို့တက်လှမ်းလုပ်ဆောင်ရကြမည့် ကြီးမားသောအမှုတော်ကြီးတစ်ခုရှိနေပြီး၊ ထိုအမှုတော်ကို ကျိုးကြောင်းဆီလျော်မှုရှိသောနည်းလမ်းမျိုးဖြင့် သယ်ပိုးဆောင်ရွက်ရကြပါမည်။ ကျွန်ုပ်တို့အနေဖြင့် စိတ်လှုပ်ရှားမှုအနေအထားမျိုးရောက်ရှိသွားခြင်း၊ သို့မဟုတ် ဆိုးညစ်သောအတွေးစိတ်များထကြွလာစေခြင်းကို ခွင့်မပြုမိကြပါစေနှင့်။ သခင်ခရစ်တော်ကိုယ်၌က ဤကဲ့သို့မျိုးကျင့်သုံးတော်မူခဲ့ခြင်းမရှိသည်အလျောက် သူသည် အရာခပ်သိမ်းတို့တွင် ကျွန်ုပ်တို့အတွက်စံပြနမူနာဖြစ်တော်မူပါသည်။ ကျွန်ုပ်တို့ကလုပ်ဆောင်ကြရန် ပေးအပ်ထားခြင်းခံရသောအမှုတော်ကို ထမ်းရွက်နိုင်ကြရန်မှာ ကောင်းကင်ဘုံနှင့်သက်ဆိုင်ပြီး၊ မွန်မြတ်သန့်ရှင်းကာ နှိမ့်ချမှုရှိသော ဉာဏ်ပညာမျိုးများစွာရှိကြရန်နှင့် ကိုယ်ကျိုးအတ္တအနည်းပါးဆုံးရှိကြရန် အထူးလိုအပ်ကြပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဘုန်းတော်ရှင်၏တန်ခိုးတော်အပေါ် ခိုင်မြဲစွာတည်မှီနေကြရန် လိုအပ်ကြပါသည်။

ယုံကြည်ခြင်းမှသွေဖည်သွားကြသောသူတို့သည် ဘုရားသခင်က ပြီးမြောက်အောင်လုပ်ဆောင်စေလိုတော်မူသောအမှုတော်မှ ကျွန်ုပ်တို့၏အာရုံစူးစိုက်မှုကို လမ်းကြောင်းပြောင်းသွားကြစေရေးအတွက် ကျွန်ုပ်တို့၏အစုအဝေးတို့ဆီသို့ ရောက်ရှိလာကြမည်ဖြစ်သည်။ သင်၏နားတို့ကို သမ္မာတရားတော်မှနေပြီး ဒဏ္ဍာရီပုံပြင်များဆီသို့ အကြားအာရုံပြောင်းပစ်နိုင်ခြေမရှိပါ။ သင်၏အမှုတော်လုပ်ဆောင်မှုအပေါ် သိက္ခာချစကားလုံးများတို့ဖြင့် ပြောဆိုသောသူကို ပြောင်းလဲသွားစေရေး၊ သင်၏ကြိုးစားလုပ်ဆောင်မှုကို ရပ်တန့်ထားခြင်းမရှိသည့်အပြင်၊ သင်သည် သခင်ယေရှုခရစ်တော်၏ သန့်ရှင်းသောဝိညာဉ်တော်၏ လှုံ့ဆော်ခြင်းခံရသည်ကို မြင်တွေ့သိရှိစေခြင်းအားဖြင့် ဆန့်ကျင်ပြောဆိုသူတို့၏နှလုံးသားများအတွင်းသို့ ရောက်ရှိသွားနိုင်သည့်စကားလုံးမျိုးတို့ကို ဘုရားသခင်၏ကောင်းကင်တမန်တော်တို့က သင်၏နှုတ်ခမ်းသားများတွင် ထည့်ပေးထားကြမည်ဖြစ်သည်။ အကယ်၍သာ၊ ဤဆန့်ကျင်ပြောဆိုကြသောသူတို့က





သူတို့၏ရှေ့ဆက်ရမည့်လမ်းကြောင်းကို မရပ်မနားတွန်းအားပေးလုပ်ဆောင်မှုကို မလျှော့တမ်းဖြင့်လုပ်ဆောင်ကြပါက လူစုလူဝေးပရိသတ်အတွင်းရှိ ချင့်ချိန်တတ်သောစိတ်အတွေးရှိကြသောသူတို့အနေဖြင့် သင်၏လုပ်ရပ်အားဖြင့်ပြသမှုသည် အဆင့်မြင့်မားလှကြောင်းကို သဘောပေါက်နားလည်ကြမည်ဖြစ်သည်။ သင့်အားဖြင့် သခင်ယေရှုခရစ်တော်က မြွက်ကြားတော်မူသည့်အကြောင်းကို သိရှိကြစေသည့်ပြောဆိုမှုမျိုးကို ပြောကြားပေးပါ။ "Testimonies for the Church," vol. 9, pp. 137-149.

တေးသီချင်းနှင့်ပတ်သက်သော အထူးဆုကျေးဇူးမျိုးရရှိကြသည့်သူများရှိကြသည့်အပြင်၊ တေးသီချင်းသီဆိုခြင်းတစ်မျိုးတည်းဖြင့်၊ သို့မဟုတ် တေးသီချင်းတွင် ပေါင်းစည်းခြင်းအချို့အားဖြင့် အထူးသတင်းစကားတစ်ရပ်ကို သယ်ပိုးနိုင်သောအချိန်များရှိနေပါသည်။ သို့သော်လည်း လူနည်းစုသည်ပင်လျှင် တေးသီချင်းသီဆိုမှုကို လုပ်ဆောင်နိုင်ခဲ့ကြပါသည်။ တေးသီချင်းသီဆိုနိုင်သောအရည်အချင်းသည် လူအားလုံးတို့က သူ၏နာမတော်ဘုန်းအသရေချီးမွမ်းခြင်းအတွက် ပြုစုပျိုးထောင်ပေးရမည့်အပြင်၊ အသုံးပြုကြရန်အတွက် ဘုရားသခင်ကအလိုတော်ရှိတော်မူသည့် ဩဇာသက်ရောက်မှုဆိုင်ရာ ပင်ကိုစွမ်းရည်တစ်ရပ်ပင်ဖြစ်ပါသည်။ "Testimonies for the Church," vol. 7, pp. 115-116.

## မြို့ကြီးများရှိဆေးဝါးကုသမှုဆိုင်ရာသာသနာပြုလုပ်ငန်း

ဆေးဝါးကုသမှုဆိုင်ရာ အသင်းတော်၏သာသနာပြုခြင်းလုပ်ငန်းကို သမ္မာသတိအရှိဆုံးနှင့် စေ့စပ်သေချာသောအပြုအမူတို့အားဖြင့် ရှေ့သို့ဆက်လက်တိုးတက်မှုရှိအောင် လုပ်ဆောင်ရကြပါမည်။ တည်ကြည်ခန့်ညားပြီး အထွတ်အမြတ်ဖြစ်သည့် အသက်ဝိညာဉ်တို့ကိုကယ်ဆယ်သောလုပ်ငန်းသည် နှိမ့်ချမှုရှိသည့်အပြင်၊ တိုးမြှင့်လုပ်ဆောင်သည့်နည်းလမ်းမျိုးဖြင့် ရှေ့သို့တက်လှမ်းမှုရှိရပေမည်။ အလုပ်အစုအဖွဲ့အင်အားစုများတို့သည် မည်သည့်နေရာတို့တွင်ရှိနေကြပါစေ။ လုံးလုံးလျားလျားပြောင်းလဲခြင်းသို့ရောက်ရှိသွားကြသည့်အမျိုးသား၊ အမျိုးသမီးများ ပိုင်းခြားနားလည်နိုင်မှုနှင့် ပြင်းပြသောမြော်မြင်မှုရှိကြသော အမျိုးသားအမျိုးသမီးများတို့သည် ညွှန်ကြားရေးမှူးများကဲ့သို့လုပ်ဆောင်ရကြပါမည်။ ဤအထူးအမှုတော်ကိုထမ်းရွက်ကြရန်အတွက် ကောင်းမွန်စွာဝေဖန်ပိုင်းခြားနိုင်စွမ်းအတွက် လေ့ကျင့်မှုရှိပြီးသော လက်ရှိလုပ်ဆောင်

နေကြသောသူတို့အနေဖြင့် ဘုရားသခင်အပေါ်ချစ်ခြင်းမေတ္တာထားရှိကြပြီး၊ သူ၏မျက်မှောက်တော်၌ အားလုံးသောနှိမ့်ချခြင်းတို့ဖြင့်လျှောက်လှမ်းကြသောသူများ၊ လူသားတို့အားချီးမြှောက်တော်မူရန်နှင့် ကယ်ဆယ်တော်မူရေးဆိုင်ရာ သူ၏စိတ်ကူးရည်မှန်းချက်အောင်မြင်ပြီးမြောက်ရေးအတွက် ဘုရားသခင်က သူ၏လက်တော်အတွင်း ထိရောက်သည့်အထူးကိုယ်စားလှယ်တော်များအဖြစ် ရှိနေကြမည့်သူများအဖြစ်ရှိနေရကြပါမည်။

ဆေးဝါးကုသမှုဆိုင်ရာ အသင်းတော်၏သာသနာပြုဆရာများတို့သည် နယ်သစ်ပယ်သစ်၌ တိုးချဲ့လုပ်ကိုင်ရသောအလုပ်တွင် ပြောင်မြောက်စွာဖြင့်လုပ်ဆောင်နိုင်ရကြပါမည်။ အမှုတော်ဆောင်၏လုပ်ငန်းသည် ဆေးဝါးကုသမှုဆိုင်ရာ အသင်းတော်၏သာသနာပြုဆရာများတို့နှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရကြမည်ဖြစ်သည်။ ခရစ်ယာန်ဆေးဖက်ဆိုင်ရာသမားတော်တစ်ယောက်အနေဖြင့် သူ၏အလုပ်သည် အမှုတော်ဆောင်ခြင်းအလုပ်ကဲ့သို့ပင် အဆင့်မြင့်မားလှသည့်အလုပ်တစ်ခုအဖြစ် ခံယူထားရပါမည်။ သူသည် တာဝန်ယူမှုနှစ်ခုကို တစ်ပြိုင်တည်းထမ်းရွက်နေရသည့်အနေအထားတွင်ရှိနေရာ၌ သူသည် ဆေးဖက်ဆိုင်ရာသမားတော်အပြင် ဧဝံဂေလိသတင်းစကားဆိုင်ရာ အမှုတော်ဆောင်အဖြစ်ဖြင့်ပါ၊ အရည်အချင်းပြည့်မီမှုရှိနေခြင်းကြောင့်ပင်ဖြစ်ပါသည်။ သူ၏အလုပ်သည်ခန့်ညားပြီး၊ အထွတ်အမြတ်ဖြစ်ကာ အလွန်လိုအပ်မှုရှိသောအလုပ်တစ်ခုဖြစ်ပါသည်။

သမားတော်ကြီးနှင့်အမှုတော်ဆောင်တို့အနေဖြင့် သူတို့သည် တူညီမှုရှိသောတစ်ခုတည်းသောအမှုတော်တွင် ပါဝင်လုပ်ဆောင်နေကြသည်ကို သိရှိထားရကြပါမည်။ သူတို့အနေဖြင့် ကုံလုံပြည့်စုံသည့်ဟန်ချက်ညီမှုဖြင့် လုပ်ဆောင်ရကြပါမည်။ တစ်ဦးကိုတစ်ဦး အကြံပြုရကြပါမည်။ ဘုရားသခင်သည် သူ့အား၊ သူတို့၏ကိုယ်ပိုင်ကယ်တင်တော်မူသောအရှင်အဖြစ် ယုံကြည်ကြမည့်သူအားလုံးတို့ကို ကယ်ဆယ်တော်မူရန်အတွက် ချစ်တော်မူသောတစ်ပါးတည်းသောသားတော်ကို ဤကမ္ဘာသို့စေလွှတ်တော်မူသည့် သက်သေခံချက်ကို သူတို့၏စုစည်းပေါင်းစပ်မှုဖြင့် သယ်ပိုးထမ်းရွက်ပေးကြမည်ဖြစ်သည်။

သာမန်ရိုးရိုးဆရာဝန်များထက် အတတ်ပညာပိုင်းဆိုင်ရာ စွမ်းရည်မြင့်မားကြသော သမားတော်များတို့အနေဖြင့် မြို့ကြီးများရှိ ဘုရားသခင်၏အမှုတော်လုပ်ငန်းတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်သင့်ကြပါသည်။ သူတို့သည် အထက်တန်းစားလူတန်းစား



များတို့ဆီသို့ ရောက်ရှိသွားသည်အထိ ကြိုးပမ်းအားထုတ်သင့်ကြပါသည်။ သာသနာပြုခြင်းဆိုင်ရာနယ်ပယ်များအတွင်း ဝင်ရောက်လုပ်ကိုင်ကြသော ဆေးဝါးကုသရေးဆိုင်ရာ သာသနာပြုဆရာများတို့သည်လည်း သူတို့၏အမှုတော်ဆောင်လုပ်ငန်းဆိုင်ရာ လုပ်ဖော်ဆောင်ဖက်ချင်းများကဲ့သို့ပင် စံနှုန်းစံထားမြင့်မားသောအမှုတော်လုပ်ငန်းကို လုပ်ကိုင်နေကြခြင်းဖြစ်ပါသည်။ ဤအမှုတော်ဆောင်တို့အနေဖြင့် ပိုမို၍ဆင်းရဲနွမ်းပါးသောလူတန်းစားများအတွက် ကြိုးစားလုပ်ဆောင်ရာတွင် အကန့်အသတ်မထားရှိရပါ။ ပိုမို၍မြင့်မားသောလူတန်းစားများတို့သည် ထူးထူးခြားခြားလျစ်လျူရှုထားခြင်းခံနေရကြပါသည်။ အထက်တန်းစားလူ့အလွှာအတွင်း များစွာသောသူတို့သည် စိတ်နေသဘောထားမှန်ကန်မှုတစ်သမတ်တည်းရှိကြပြီး ဧဝံဂေလိတရားတော်ဆိုင်ရာ မြင့်မားသည့်အကျင့်စရိုက်မျိုးကို သူတို့၏နှလုံးသားများအတွင်း တံဆိပ်ခတ်နှိပ်ခံယူထားကြခြင်းကြောင့် သမ္မာတရားတော်ကိုတုံ့ပြန်ခံယူနေကြမည်ကို တွေ့မြင်ရပေလိမ့်မည်။ ကိုယ်ရည်ကိုယ်သွေးရှိကြသော လူအတော်များများတို့သည် ဤနည်းအားဖြင့် အမှုရေးရာတို့ကိုကြိုးပမ်းရယူနိုင်ခဲ့ကြပါက၊ သူတို့အနေဖြင့် သခင်ဘုရား၏အမှုတော်အတွင်းသို့ လှုပ်ရှားတက်ကြွမှုအပြည့်ဖြင့် ဝင်ရောက်လာကြမည်ဖြစ်သည်။

သစ္စာစောင့်သိကြသောအနေအထားတွင် ရှိကြသူများတို့သည် သူတို့၏အသိဉာဏ်ဆိုင်ရာ ပင်ကိုစွမ်းရည်များနှင့်ငွေကြေးများဖြစ်သော သူပေးထားတော်မူသည့် အဖိုးထိုက်တန်လှသောဆုကျေးဇူးတို့ကို သူ၏အမှုတော်တွင်အသုံးပြုကြရန်အတွက် သခင်ဘုရားကခေါ်နေတော်မူပါသည်။ ကျွန်ုပ်တို့၏အမှုတော်ဆောင်များအနေဖြင့် ထိုသူတို့အား ကျွန်ုပ်တို့လုပ်ဆောင်ကြမည့်အစီအစဉ်ကို တိကျလှသည့်တင်ပြရှင်းလင်းချက်မျိုးဖြင့်အသိပေးပြီး၊ ချို့တဲ့သူများနှင့်ဆင်းရဲသားများတို့ကို ကူညီနိုင်ကြရေးနှင့် ဤလုပ်ငန်းကို ခိုင်မာသည့်အခြေခံမှုပေါ်တွင် တည်ထောင်နိုင်ကြရန်အတွက် မည်သည့်အရာများလိုအပ်နေသည့်အကြောင်းကို သူတို့အားပြောပြပေးရကြပါမည်။ ထာဝရဘုရားပေးထားတော်မူသည့် ဥစ္စာခနေတို့ကို သူ၏အမှုရေးရာတော်တိုးတက်လာစေရေးအတွက် တစ်နည်းတစ်ဖုံဖြင့် ရင်းနှီးမြှုပ်နှံကြရေးကို အချို့သောထိုသူတို့အား သန့်ရှင်းသောဝိညာဉ်တော်က စွဲမှတ်စေမည်ဖြစ်သည်။ မြို့ကြီးများတို့တွင် သြဇာသက်ရောက်ခြင်း၏ဗဟိုချက်မများတို့ကိုဖော်ဆောင်ရေးတွင် ကူညီကြခြင်းဖြင့် ထိုသူတို့သည် ထာဝရဘုရား၏ရည်ရွယ်တော်မူချက်ကို ဖြည့်ဆည်းပေးကြမည်ဖြစ်သည်။ စိတ်ပါဝင်စားမှုရှိကြသောအမှုတော်ဆောင်တို့သည် သာသနာပြုခြင်းအမှုကို ကြိုးစားလုပ်ဆောင်နေကြသည့်

နယ်ပယ်မျိုးစုံတို့တွင် မိမိတို့ကိုယ်ကိုဆက်ကပ်ကြရေးဆီသို့ ဦးတည်လာကြမည်ဖြစ်သည်။

## ကျန်းမာရေးဆိုင်ရာလုပ်ငန်း

လတ်ဆတ်သန့်ရှင်းသောစားသောက်ဆိုင်များကို တည်ရကြပါမည်။ သို့သော်လည်း ဤလုပ်ငန်းကိုအထူးစေ့စပ်သေချာစွာဖြင့် လုပ်ကိုင်သင့်ကြပါသည်။ လတ်ဆတ်သန့်ရှင်းသောစားသောက်ဆိုင်တိုင်းသည် စာသင်ကျောင်းတစ်ခုအဖြစ်ဖြင့် ရှိသင့်ပါသည်။ ၎င်းစားသောက်ဆိုင်နှင့်ချိတ်ဆက်မှုရှိကြသည့် အမှုတော်ဆောင်အနေဖြင့် ကျန်းမာရေးနှင့်ကိုက်ညီသောအစားအစာများတို့ကို ပြင်ဆင်တည်ခင်းမှုတွင် တိုးတက်မှုရှိလာကြရေးအတွက် စဉ်ဆက်မပြတ်သောလေ့လာသင်ယူမှုနှင့် စမ်းသပ်တီထွင်မှုမျိုးတို့ကို လုပ်ဆောင်ရကြပါမည်။

ပိုမိုသေးငယ်သောနေရာများတို့ထက် မြို့ကြီးများတို့တွင် ဤကိစ္စနှင့်ပတ်သက်သည့်ညွှန်ကြားမှုလုပ်ငန်းကို အထူးကြီးမားလှသည့်အတိုင်းအတာမျိုးဖြင့် ရှေ့ဆက်ဆောင်ရွက်ရကြပါမည်။ အသင်းတော်တစ်ခုရှိနေသည့်နေရာတိုင်းတွင် ကျန်းမာခြင်းအခြေခံစည်းမျဉ်းများနှင့်အညီ ရှင်သန်လိုကြသောသူတို့က သုံးစွဲစားသောက်နိုင်ကြရန်အတွက် ရိုးရှင်းပြီး၊ လူကိုကျန်းမာစေသောအစားအစာတို့ကို ပြင်ဆင်တည်ခင်းပေးနိုင်အောင် ညွှန်ကြားချက်ကိုထုတ်ပြန်ပြောကြားပေးသင့်ပါသည်။ ထို့နောက်တွင် အသင်းသူအသင်းသားတို့ကလည်း သူတို့၏အိမ်နီးနားချင်းတို့ကို သူတို့လက်ခံရရှိထားကြသော ဤအကြောင်းခြင်းရာနှင့်ပတ်သက်ပြီး ပြန်လည်ဖြန့်ဝေပေးနိုင်ကြမည်ဖြစ်သည်။

များစွာသောနေရာတို့တွင် အချက်အပြုတ်သင်တန်းကျောင်းများကို တည်ထောင်ထားသင့်ပါသည်။ ဤအလုပ်ကို သာမန်အဆင့်သာရှိသောနည်းလမ်းမျိုးဖြင့် စတင်လုပ်ကိုင်ရမည်ဖြစ်သော်လည်း ဉာဏ်ရည်ဉာဏ်သွေးရှိကြသော စားဖိုမှူးများအနေဖြင့် အခြားသောသူတို့အား ပညာပေးပြီးအသိကြွယ်စေခြင်းကို အကောင်းဆုံးလုပ်ပြကြခြင်းအားဖြင့် ထာဝရဘုရားသည် ထိုစားဖိုမှူးတို့ကို ကျွမ်းကျင်မှုနှင့်တတ်သိနားလည်မှုတို့ကို ပေးသနားတော်မူမည်ဖြစ်သည်။ သခင်ဘုရားက၊ “သူတို့ကိုမဆီးတားကြနှင့်။ ငါသည် သူတို့ကိုသြဝါဒပေးသူအဖြစ် သူတို့၌ထင်ရှားမည်” ဟူ၍မိန့်တော်မူခဲ့ပါသည်။ လူအများတို့က သူတို့၏နေ့စဉ်စားသောက်မှုတို့ကို ကျန်းမာရေးနှင့်ပြည့်စုံပြီး၊ တန်ဖိုးနည်းပါးသောအစားအစာများတို့ဖြင့် ပြောင်းလဲပြင်ဆင်စားသောက်စေသည့် ဘုရားသခင်၏



အစီအစဉ်တော်တို့ကို ထိုသူတို့အားသင်ကြားပို့ချပေးကြသောသူတို့နှင့်အတူ ဘုရားသခင်က အတူတကွလုပ်ဆောင်တော်မူမည်ဖြစ်သည်။ ဤသို့အားဖြင့် နွမ်းပါးသူများတို့အား ကျန်းမာရေးပြုပြင်ပြောင်းလဲခြင်း၏အခြေခံစည်းမျဉ်းများတို့ကို ခံယူကြရေးအတွက် ခွန်အားပေးတိုက်တွန်းရာရောက်ပါသည်။ ထိုနောက်တွင် ထိုနွမ်းပါးသူများတို့သည် အလုပ်ကြိုးစားကြသူများနှင့် မိမိအစွမ်းအစကို မိမိအားကိုးလာကြသူများအဖြစ်သို့ရောက်ရှိသွားကြရန်အတွက် အကူအညီရရှိလာကြပေလိမ့်မည်။

လုပ်ဆောင်နိုင်စွမ်းရှိကြသောအမျိုးသား၊ အမျိုးသမီးများတို့ကို အာဟာရပြည့်ဝပြီး အရသာရှိလှသောအစားအစာတို့ကို လက်ခံနိုင်လောက်သောလုပ်ဆောင်မှုဖြင့် မည်ကဲ့သို့ပြင်ဆင်တည်ခင်းရမည်ကို ဘုရားသခင်ကသင်ကြားပို့ချပေးတော်မူခဲ့ပြီးကြောင်းကို အကျွန်ုပ်အသိပေးထားခြင်းခံရပြီးဖြစ်သည်။ သူတို့အတွင်းမှ များစွာသောသူတို့မှာ ပျို့ရွယ်သူများဖြစ်ကြပြီး၊ အရွယ်ရောက်ပြီးကြသောသူတို့လည်းရှိနေကြပါသည်။ ဆေးဝါးကုသမှုပိုင်းဆိုင်ရာ သာသနာပြုလုပ်ငန်းများဆောင်ရွက်ပြီးသောနေရာအားလုံးတို့၌ အချက်အပြုတ်သင်တန်းကျောင်းများတို့ကို စီမံဆောင်ရွက်ရန်နှင့် အားပေးတိုက်တွန်းရန်အတွက် ကျွန်ုပ်ညွှန်ကြားထားခြင်းခံရပါသည်။ ထိုကဲ့သို့သောပြုပြင်ပြောင်းလဲလာကြရေးဆီသို့ ထိုသူတို့ကိုဦးတည်စေနိုင်သည့် မက်လုံးတိုင်းတို့ကို သူတို့၏ရှေ့၌တွင်ပင် လက်တွေ့ပြသပေးရပါမည်။ သူတို့အပေါ်သို့ အလင်းတရားသည် အဖြစ်နိုင်ဆုံးနှင့် အများနိုင်ဆုံးထွန်းလင်းကျရောက်စေရပါမည်။ သူတို့သည် အစားအစာတို့ကိုပြင်ဆင်တည်ခင်းပေးခြင်းတွင် တိုးတက်မှုရှိကြစေရေးအတွက် သူတို့အားသင်ကြားပို့ချပေးပြီး၊ သူတို့သင်ကြားရရှိထားကြသည့်အကြောင်းအရာတို့ကို အခြားသောသူတို့အားဖြန့်ဝေပေးကြရေးအတွက် သူတို့အားတိုက်တွန်းအားပေးရကြပါမည်။

မင်္ဂလာဆောင်အခမ်းအနားတွင် စပျစ်ရည်ကိုပွံ့ပိုးတော်မူခဲ့ခြင်းနှင့် လူအစုအဝေးတို့ကိုကျွေးမွေးတော်မူခဲ့သည့် သခင်ဘုရား၏အံ့သြဖွယ်ရာမှတ်တမ်းများတို့တွင် ကျွန်ုပ်တို့အနေဖြင့် အမြင့်မားဆုံးသောအရေးပါမှုဆိုင်ရာသင်ခန်းစာမျိုးကို သင်ကြားရယူရကြပါမည်။ ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာဆိုင်ရာလုပ်ငန်းသည် မရှိမဖြစ်လိုအပ်ချက်တစ်ခုကို ထောက်ပံ့ပေးရန်အတွက် သခင်ဘုရား၏ကိုယ်ပိုင်အရေးပါမှုများတို့တွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ အစားအစာအားလုံးတို့ကိုဝေငှပေးတော်မူသောကောင်းကင်ဘုံအရှင်သည် အချိန်အခါအားလုံးတို့နှင့်အခြေအနေအားလုံးတို့တွင် အကောင်းဆုံးသောအစားအစာတို့ကို ပြင်ဆင်တည်ခင်းပေးခြင်းအကြောင်းကို မသိ

နားမလည်သောအနေအထားမျိုး၌ သူ၏လူစုတော်တို့ကို ဘုရားသခင်ကပစ်ထားတော်မူမည်မဟုတ်ပါ။ "Testimonies for the Church," vol. 7, pp. 110-114.

လူအများတို့ထံသို့ရောက်ရှိရေးအတွက် စစ်မှန်သောအောင်မြင်မှုကို သခင်ခရစ်တော်၏နည်းလမ်းတစ်ခုတည်းကသာလျှင် ပေးနိုင်စွမ်းပါသည်။ သူတို့၏ကောင်းမြတ်ခြင်းကို လိုအင်ဆန္ဒရှိကြသောသူတို့နှင့်အတူ တစ်လုံးတစ်ဝတည်းဖြစ်အောင် ကယ်တင်တော်မူသောအရှင်က ရောနှောနေထိုင်တော်မူခဲ့ပါသည်။ သူတို့အတွက် သူသည် သူ၏စာနာထောက်ထားစိတ်ကိုပြသတော်မူခဲ့ပြီး၊ သူတို့၏လိုအပ်ချက်များတို့ကို ကူညီဖြည့်ဆည်းပေးတော်မူကာ သူတို့ကျေနပ်နှစ်သိမ့်မှုကို ရယူပေးတော်မူခဲ့ပါသည်။ ထိုနောက် သူတို့အား သူက၊ "ငါ့နောက်သို့လိုက်ကြလော့" ဟူ၍မိန့်တော်မူခဲ့ပါသည်။

တစ်ဦးတည်းကြိုးစားအားထုတ်မှုအားဖြင့် လူတို့ထံသို့အနီးကပ်ရောက်ရှိသွားကြရန်လိုအပ်ပါသည်။ တရားဒေသနာကိုဟောပြောပေးခြင်းအတွက် အချိန်ကိုလျှော့သုံးပြီး၊ တစ်ဦးတည်းအမှုတော်ဆောင်ခြင်းတွင် အချိန်ကိုပိုမိုပေးခြင်းအားဖြင့် ပိုမိုကြီးမားသည့်ရလဒ်များတို့ကို တွေ့ရှိလာရမည်ဖြစ်သည်။ နွမ်းပါးသူများတို့ကို စိတ်သက်သာရာရစေပြီး၊ မကျန်းမမာဖြစ်နေသူတို့ကို စောင့်ရှောက်ပြုစုကုသကာ၊ ဝမ်းနည်းပက်လက်ဖြစ်သူများနှင့်ပူဆွေးသောကရောက်နေသူတို့ကိုနှစ်သိမ့်ပေးလျက် အသိဉာဏ်နည်းပါးကြသောသူတို့ကို ညွှန်ပြပေးခြင်းအပြင်၊ အတွေ့အကြုံမရှိသေးသောသူတို့ကို အကြံပေးရကြပါမည်။ ကျွန်ုပ်တို့အနေဖြင့် ငိုကြွေးမြည်တမ်းကြသောသူတို့နှင့်အတူ ငိုကြွေးရမည်ဖြစ်ပြီး၊ ဝမ်းမြောက်ရွှင်လန်းခြင်းဖြစ်နေကြသောသူတို့နှင့်အတူ ရွှင်လန်းခြင်းရှိရကြပါမည်။ ဖျောင်းဖျစည်းရုံးခြင်းစွမ်းအား၊ ဆုတောင်းခြင်းစွမ်းအားနှင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်တန်ခိုးတို့၏ပေါင်းစည်းမှုတို့အားဖြင့် ဤအမှုတော်သည် မည်သည့်အခါမျှအသီးကင်းမဲ့မည်မဟုတ်သည့်အပြင်၊ အသီးကင်းမဲ့နိုင်မည့်အခြေအနေမျိုးလည်းမရှိနိုင်ပါ။ "Ministry of Healing," pp. 143, 144.

## မြို့တော်သာသနာ့သင်တန်းကျောင်း

လူအများတို့အတွက် တရားဟောစည်းဝေးကျင်းပခြင်းကဲ့သို့ပင်၊ လူအများတို့၏အိမ်ထောင်မိသားစုတို့ထံသို့ တစ်အိမ်တက်ဆင်းအမှုတော်ဆောင်ရွက်ခြင်းသည်



အရေးပါလှပါသည်။ ကြီးမားလှသည့်မြို့ကြီးများတို့တွင် လူအများဖြင့်ကျင်းပသောအစည်းအဝေးများသို့ ရောက်ရှိနိုင်ခြင်းမရှိကြသည့် အချို့သောလူတန်းစားများရှိနေကြပါသည်။ ထိုသူတို့ကို သိုးထိန်းက ပျောက်လွင့်နေသောသူ၏သိုးကိုရှာဖွေသည့်အလားရှာဖွေရကြပါမည်။ လုံ့လဝီရိယရှိသော တစ်ဦးတည်းဆိုင်ရာကြိုးပမ်းအားထုတ်မှုမျိုးဖြင့် သူတို့၏ကိုယ်စားလုပ်ဆောင်ရကြပါမည်။ တစ်ဦးတည်းဆိုင်ရာအမှုတော်ဆောင်ရွက်ခြင်းကို လျစ်လျူရှုထားလိုက်ပါက၊ များစွာသောအဖိုးထိုက်လှသည့် အခွင့်အလမ်းများဖြစ်သည့်သူတို့ကတိုးတက်ကောင်းမွန်အောင်လုပ်ဆောင်ထားပြီးသောအမှုတော် တိကျပြတ်သားစွာဖြင့် ဆက်လက်တိုးတက်ရေးအနေအထားကို လက်လွှတ်ဆုံးရှုံးခံရကြမည်ဖြစ်သည်။

ထိုနောက် တစ်ဖန်ပရိသတ်လူစုလူဝေးထုကြီးအတွင်း သမ္မာတရားတော်ကိုအသိပေးတင်ပြပေးခြင်း၏ရလဒ်အဖြစ်ဖြင့် သိရှိလိုသည့်၊ မေးမြန်းလိုသည့်စိတ်ဓာတ်မျိုးထိုလူစုများအတွင်းမှ နိုးထလာမှုဖြစ်ပြီး၊ ဤကဲ့သို့သောစိတ်ဝင်စားမှုသည် အထူးအရေးပါမှုအဖြစ်ရှိကာ ထိုစိတ်ဝင်စားမှုနှင့်တစ်ပါးတည်းတွင် တစ်ဦးတည်းဆိုင်ရာလုပ်ဆောင်မှုကလိုက်ပါလာမည်ဖြစ်သည်။ သမ္မာတရားတော်အကြောင်းကို စူးစမ်းသိရှိလိုကြသောသူတို့အနေဖြင့် ဘုရားသခင်၏နှုတ်တော်ထွက်ကို ဝီရိယရှိရှိဖြင့်လေ့လာသင်ယူကြရမည့်အကြောင်းကို သင်ကြားရယူထားရမည်ဖြစ်သည်။ သူတို့အနေဖြင့် သေချာမှုရှိသည့်အခြေခံအုတ်မြစ်တစ်ခုပေါ်တွင် တည်ဆောက်မှုရှိနိုင်ကြရေးအတွက် တစ်စုံတစ်ဦးကကူညီပံ့ပိုးရပါမည်။ ဤကဲ့သို့သောဘာသာတရားနှင့်ပတ်သက်သည့် အရေးတကြီးရှိလှသော သူတို့၏တွေ့ကြုံရင်ဆိုင်ရကြသည့်အချိန်ကာလမျိုးတွင် အမြော်အမြင်ရှိစွာဖြင့်ညွှန်ကြားခံရပြီးသော သမ္မာကျမ်းစာတော်ဆိုင်ရာ အမှုတော်ဆောင်များတို့သည် သူတို့ထံသို့သွားရောက်ကြပြီး၊ ဘုရားသခင်၏နှုတ်တော်ထွက်ဆိုင်ရာ ဘဏ္ဍာတိုက်တော်အကြောင်းကို နားလည်သိရှိကြရေးအတွက် အကူအညီပေးရကြပါမည်။

မြို့ကြီးများတို့တွင် လူအများတို့နှင့်ပတ်သက်သော အစည်းအဝေးကြီးများကျင်းပနေစဉ်အတွင်း၊ ထိုမြို့ကြီးတို့တွင် တည်ကြည်မျှတမှုရှိသော အမှုတော်တစ်ခုသည် အကောင်းဆုံးသောအနေအထားမျိုးဖြင့် ဆက်လက်လုပ်ဆောင်နိုင်ရေးအတွက်အမှုတော်ဆောင်တို့ကို သင်တန်းပို့ချပေးသော ဓမ္မကျမ်းစာသင်တန်းကျောင်းကိုလည်းဆက်လက်ဖွင့်လှစ်ထားနေရမည်ဖြစ်သည်။ ဤကဲ့သို့သောသင်တန်းကျောင်းမျိုး၊ သို့မဟုတ်မြို့ကြီးသာသနာပြုလုပ်ငန်းနှင့်ချိတ်ဆက်မှုရှိသည်အလျောက် လုပ်ဆောင်သူများအနေဖြင့် သမ္မာကျမ်းစာဆိုင်ရာ အမှုတော်ဆောင်များတို့အား နေ့စဉ်ညွှန်ကြားမှုပေးနိုင်သူ

ဖြစ်ရမည့်အပြင်၊ လူအများတို့ကိုဟောပြောပေးသည့် အထွေထွေတရားဟောအစည်းအဝေးကြီးမျိုးတွင် စိတ်ပါလက်ပါဖြင့် ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်ကြရန်အတွက် သူတို့သည် နက်ရှိုင်းသည့်ဝိညာဉ်ရေးဆိုင်ရာ သဘောပေါက်နားလည်မှုရှိသည့် အတွေ့အကြုံရင့်ကျက်သောလုပ်ဆောင်သူများဖြစ်ရကြပါမည်။ အမျိုးသားများ၊ အမျိုးသမီးများတို့က သမ္မာတရားတော်ဆီသို့ ပြောင်းလဲသွားကြသည်အလျောက်၊ သာသနာပြုလုပ်ငန်း၏တပ်ဦးတွင် ရပ်တည်နေကြသည့်လူတို့သည် ဆုတောင်းခြင်း၌အထူးမွေ့လျော်ခြင်းဖြင့် ဤအသစ်သောပြောင်းလဲခြင်းဆီသို့ရောက်ရှိလာကြသည့် လူသစ်များတို့အား မိမိတို့၏စိတ်နှလုံးများအတွင်းသို့ သမ္မာတရားတော်၏တန်ခိုးကို မည်ကဲ့သို့ခံစားထိတွေ့ရကြမည်ကို ပြသပေးရကြပါမည်။ ဤကဲ့သို့သောသာသနာပြုလုပ်ငန်းမျိုးသည် အမြော်အမြင်ရှိစွာဖြင့် မည်ကဲ့သို့စီမံခန့်ခွဲရမည်ကို သိရှိကြသောသူတို့၏ဦးဆောင်ဦးရွက်ပြုမှုအောက်တွင်ရှိနေပါက အမှောင်ထုလွှမ်းသောနေရာမျိုးတွင် ထွန်းလင်းတောက်ပနေသည့် အလင်းတစ်ခုအဖြစ်ရှိနေပါလိမ့်မည်။

အသင်းတော်အခြေစိုက်စခန်းများတို့သည် ကျွန်ုပ်တို့၏မြို့ကြီးများတို့၏သာသနာပြုလုပ်ငန်းဆိုင်ရာ တရားဟောစည်းဝေးခြင်း၏အခြေခံအုတ်မြစ်အဖြစ် မရှိမဖြစ်လိုအပ်သောအရာဖြစ်သော်လည်း သာသနာလုပ်ငန်းကိုဆောင်ကြသောသူတို့၏ရှေ့တန်းတွင် ဦးဆောင်ရပ်တည်ကြသောသူတို့သည် အမှုတော်၏အဓိကဦးတည်ချက်တိုင်းကို ကာကွယ်ပေးထားခြင်းအားဖြင့် ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းရာရောက်သည်ကို မည်သည့်အခါမျှမေ့မေ့ပျောက်ပျောက်မဖြစ်ကြပါစေနှင့်။ ဤသာသနာပြုခြင်းလုပ်ငန်းများတို့တွင် ပျိုရွယ်သူယောကျ်ားမိန်းမများတို့အနေဖြင့် အရှင်သခင်အတွက် အမှုတော်ထမ်းဆောင်ရန် အရည်အချင်းပြည့်မီရေးအတွက် သင်တန်းတစ်ရပ်ကိုတက်ရောက်ထားရကြမည်ဖြစ်သည်။ သို့သော်လည်း သူတို့သည် အကယ်၍ အကျင့်စရိုက်ပိုင်းဆိုင်ရာကြံ့ခိုင်မှုနှင့် ဆက်ကပ်ခြင်းစိတ်ဓာတ်မျိုးတို့ကို ပိုင်ဆိုင်ထားခြင်းမရှိကြပါက အမှုတော်နှင့်သင့်လျော်အောင် သူတို့၏ကြိုးစားအားထုတ်မှုအားလုံးတို့သည် ကျဆုံးမှုအဖြစ်မျိုးကိုသာ ကြုံတွေ့စေရမည်သာဖြစ်ပါသည်။ သမ္မာတရားတော်ဆိုင်ရာ အထွတ်အမြတ်ဖြစ်ခြင်း၊ ရည်မွန်မှုနှင့်ကျနွေ့ရှိမှုနှင့်ပတ်သက်သည့် မြင့်မားသောခံယူချက်မျိုးအပြင်၊ အမှုတော်နှင့်ပတ်သက်သည့် အဆင့်မြင့်မားလှသောအကျင့်စရိုက်မျိုးမရှိကြပါက သူတို့သည် အောင်မြင်မှုကိုရရှိနိုင်ကြမည်မဟုတ်ပါ။ ထိုနည်းအတိုင်းပင်လျှင် အသက်အရွယ်ကြီးရင့်သောအမှုတော်ဆောင်တို့သည်လည်း အမှန်တကယ်ကြုံတွေ့ရကြမည်သာဖြစ်





ပါသည်။ သမ္မာတရားတော်အားဖြင့် သူတို့သည် စင်ကြယ်မွန်မြတ်ခြင်းမရှိကြပါက သူတို့၏စောင့်ရှောက်မှုအောက်တွင်ရှိနေကြသောသူတို့အား မြှင့်တင်ပေးပြီး၊ စိတ်ထားမြင့်မြတ်စေကာ ပြောင်းလဲသန့်စင်လာစေသည့်အတတ်ပညာမျိုးကို ပေးစွမ်းနိုင်မည်မဟုတ်ပါ။

ကျွန်ုပ်တို့၏သာသနာပြုခြင်းတာဝန်ထမ်းဆောင်သူများတို့သည် အားလုံးသောမှားယွင်းသည့်ပြုမူကျင့်သုံးမှုများ၊ အားလုံးသောရန့်ရင်းကြမ်းတမ်းမှုများ၊ အားလုံးသောနမော်နမဲ့နိုင်မှုများတို့နှင့် လွတ်လွတ်ကင်းကင်းရှိရကြပါမည်။ သူတို့နှင့်ချိတ်ဆက်မှုရှိကြသောအရာတိုင်းတို့သည် သိက္ခာကျဆင်းစရာအနေအထားမျိုး၏အထက်တွင် ရှိနေရကြပါမည်။ ထိုသူတို့တွင် မည်သည့်အပိုင်းကဏ္ဍမျိုးဖြင့်ပါဝင်ဆောင်ရွက်ကြသည့်လူတိုင်းတို့အနေဖြင့် ယုံကြည်သူများတို့အတွက် စံနမူနာတစ်ခုအဖြစ် ရှိနေသင့်ကြပါသည်။ များစွာသောတဒင်္ဂကာလများအတွင်း လျှို့ဝှက်သည့်ဆုတောင်းခြင်းဖြင့်၊ ထို့အပြင် ဘုရားသခင်နှင့်အနီးကပ်မိတ်သဟာယဖွဲ့ခြင်းတို့ဖြင့် အချိန်ကိုကုန်လွန်စေရကြမည်ဖြစ်သည်။ ဤကဲ့သို့သောနည်းလမ်းမျိုးဖြင့်သာလျှင် အောင်မြင်မှုများတို့ကို ရယူနိုင်ကြမည်ဖြစ်သည်။ သာသနာပြုလုပ်ငန်းဆိုင်ရာစီစဉ်မှုတိုင်းသည် စုံစမ်းနှောင့်ယှက်ခြင်းကိုအညံ့ခံရခြင်းမှ အသက်ဝိညာဉ်ကိုစောင့်ကြပ်ရသည့်အလား ရှိနေရပါမည်။ စင်ကြယ်သန့်ရှင်းမှုမရှိသည့် မက်မောစွဲလမ်းမှုတိုင်းတို့ကို စင်ကြယ်သန့်ရှင်းသည့်ဆင်ခြင်တုံတရား၏ထိန်းချုပ်မှုအောက်တွင် ဘုရားသခင်က ကြွယ်ဝပေါများလှစွာဖြင့် အပ်နှင်းထားတော်မူသည့်ကျေးဇူးတော်အားဖြင့် ထားရှိရကြပါမည်။

ကျွန်ုပ်တို့၏အဖွဲ့အစည်းများအတွင်းမှ အစုအဖွဲ့တစ်ခုအတွင်း၊ သို့မဟုတ် အသင်းတော်တစ်ခုအတွင်း သစ္စာစောင့်သိတတ်သောအနေအထားတွင် ထိုက်တန်သူအဖြစ် စာရင်းသွင်းထားခြင်းခံရသောသူတစ်ယောက်သည် သူ၏သစ္စာစောင့်သိမှုကို ချိုးဖောက်ပြီး၊ မိမိကိုယ်ကိုဒုစရိုက်အပြစ်၏ကိရိယာတန်ဆာပလာအဖြစ်ဖြင့် စာတန်မာရ်နတ်၏လက်တွင်အပ်နှံကာ ဆိုးညစ်မှု၏မျိုးစေ့များကိုစိုက်ပျိုးစေပါက သူသည် အဆိုးရွားဆုံးသော သစ္စာမဲ့သူအတန်းအစားဝင်တစ်ယောက်အဖြစ်သို့ ရောက်ရှိသွားပြီဖြစ်ပါသည်။ ထိုကဲ့သို့သောအစွန်းအထင်းရှိပြီး၊ ညစ်ညမ်းမှုရှိသော စိတ်အတွေးမျိုးရှိသောသူမှနေပြီး လူငယ်လူရွယ်တို့အနေဖြင့် အရှက်ရဖွယ်အပြင်၊ ညစ်ထေးမှုရှိသောအသက်တာမျိုးဆီသို့ ဦးတည်သွားစေသည့် စင်ကြယ်မှုမရှိသောအတွေးအခေါ်မျိုးတို့ကို မကြာခဏလက်ခံရရှိတတ်ကြပါသည်။

အားလုံးသောလူငယ်များတို့၏အတွေးအခေါ်များတို့သည် အစွန်းအထင်းနှင့်ကင်းစင်ပြီး အကျင့်ပျက်ခြစားမှုတို့ဖြင့် ကင်းစင်သွားကြစေအောင် ထိုလူငယ်လူရွယ်များတို့အား အသင်းတော်တစ်ခု၏ထိပ်ပိုင်းနေရာတို့တွင် တာဝန်ယူထားကြသည့်အမျိုးသား၊ အမျိုးသမီးများတို့အနေဖြင့် အပြောအဆိုလိမ္မာသိုသိပ်စွာဖြင့် မည်ကဲ့သို့စီမံခန့်ခွဲရကြမည့်အပြင်၊ မိမိတို့ကိုယ်ကိုစင်ကြယ်သန့်ရှင်းစွာထားရှိကြရန်အတွက်ဘုရားသခင်နှင့်အနီးကပ်ချိတ်ဆက်မှုရှိကြရန်လိုအပ်ပါသည်။ လူငယ်လူရွယ်တို့၏စိတ်အတွေးတို့သည် စင်ကြယ်သန့်ရှင်းမှုနှင့်အပြင် သခင်ခရစ်တော်၏တွေးခေါ်တော်မူချက်များတို့နှင့်တူညီမှုရှိသော အတွေးအခေါ်မျိုးတို့ဖြင့်ပြည့်ဝစေသော ချီးမြှောက်ခြင်းခံရပြီး၊ စိတ်ထားမြင့်မြတ်စေသည့်အကျင့်စရိုက်မျိုးရှိလာစေမည့် သင်ခန်းစာများတို့ကို ထိုလူငယ်လူရွယ်များတို့အား ပို့ချပေးရပါမည်။ (၁ယော ၃း၃) တွင် "ထိုသို့မျှော်လင့်သောသူမည်သည်ကား၊ ကိုယ်တော်သန့်ရှင်းတော်မူသည်နည်းတူ ကိုယ်ကိုကိုယ်သန့်ရှင်းစေတတ်၏" ဟူ၍ဖော်ပြထားပါသည်။ ဘုရားသခင်သည် သူ၏ဩဇာနယ်ပယ်တော်အတွင်းတွင် စင်ကြယ်သန့်ရှင်းတော်မူသည့်နည်းတူ လူသားအနေဖြင့်လည်း သူကဲ့သို့စင်ကြယ်သန့်ရှင်းရကြပါမည်။ ထို့အပြင်၊ အကယ်၍ သခင်ခရစ်တော်သည် သူ၏အတွင်းတွင်တည်နေတော်မူပါက သူသည်လည်း စင်ကြယ်သန့်ရှင်းမှုရှိမည့်အပြင်၊ ဘုန်းအသရေတော်၏မျှော်လင့်ခြင်းတွင် သူသည် သခင်ခရစ်တော်၏အသက်တာတော်ကိုအတုခိုးပြီး၊ သူ၏အကျင့်စရိုက်တော်အတိုင်း ရောင်ပြန်ဟပ်မှုရှိမည်ဖြစ်သည်။

မြို့ကြီးတစ်ခု၌ သာသနာပြုလုပ်ငန်းတစ်ခုကို တည်ထောင်ထားပြီးပါက၊ ကျွန်ုပ်တို့၏လူတို့အနေဖြင့် စိတ်ဝင်တစားရှိရကြမည်ဖြစ်ပြီး၊ ထိုကဲ့သို့စိတ်ဝင်တစားရှိမှုကိုလက်တွေ့ကျကျဖြင့် တောင့်တင်းခိုင်မာသောနည်းလမ်းမျိုးဖြင့် ပြသရကြမည်ဖြစ်သည်။ သာသနာပြုလုပ်ငန်းတွင် လုပ်ဆောင်ကြသည့်အမှုတော်ဆောင်များတို့သည် ကြိုးကြိုးစားစားနှင့်ကိုယ်ကျိုးစွန့်သောစိတ်ဓာတ်မျိုးဖြင့် လုပ်ဆောင်ရကြသည့်အပြင်၊ ကြီးမားသောလုပ်အားခများတို့ကိုလည်း လက်ခံရရှိကြခြင်းမရှိပါ။ မြို့ကြီးရှိသာသနာပြုလုပ်ငန်းများကို ဦးစီးဦးဆောင်ပြုခြင်းအလုပ်သည် လွယ်ကူသည့်အလုပ်တစ်ခုအဖြစ်၊ သို့မဟုတ်ငွေကြေးအကျိုးအမြတ်ကိုရယူပေးနိုင်သည့် အလုပ်တစ်ခုအဖြစ်ဖြင့် ကျွန်ုပ်တို့၏လူတို့ကမရှုမြင်ကြပါစေနှင့်။ မကြာခဏဖြင့်ပင်လျှင် သာသနာပြုလုပ်ငန်းများတို့သည် အမြင်အားဖြင့် မည်သည့်ငွေကြေးများတို့မျှဖြင့် ဆက်လက်ဆောင်ရွက်သည်ကိုမတွေ့ရဘဲ၊ အမှုတော်ရှေ့သို့တက်လှမ်းနိုင်ရေးအတွက် သူတို့အားဘုရားသခင်က ငွေကြေး



အထောက်အပံ့ကိုပို့ပေးတော်မူရန် တစ်နေ့ပြီးတစ်နေ့ အမျိုးသား၊ အမျိုးသမီးတို့ကအရေးတကြီးတောင်းခံကြခြင်းဖြင့် ရယူဆောင်ရွက်ကြပါသည်။

## **စေ့စပ်သေချာမှု**

သခင်ခရစ်တော်၏အမှုတော်ဆောင်များတို့သည် သူတို့အပေါ်ကျရောက်နေသော ခန့်ညားလေးနက်သည့်တာဝန်ယူရမှုအတွက် စေ့စပ်သေချာမှုဖြင့်လုပ်ဆောင်ကြရပါမည်။ သူတို့အနေဖြင့် ပျို့ရွယ်သောတပည့်တော်တို့ကို သူတို့၏မျက်မှောက်၌မရှိမဖြစ်လိုအပ်သည့် အဓိကအချက်အလက်တိုင်း ရောက်ရှိသွားသည်အထိ၊ အမြော်အမြင်ရှိစွာနှင့် ဆင်ဆင်ခြင်ခြင်အပြင်၊ တစ်လှမ်းချင်းဖြင့် ပိုမိုမြင့်မားရာဆီသို့တက်လှမ်းရသောနည်းမျိုးတို့ဖြင့် ဦးဆောင်ကြရပါမည်။ မည်သည့်အရာမျိုးကိုမျှ ထိမ်ချန်မထားသင့်ပါ။ သို့သော်လည်း သမ္မာတရားတော်နှင့်ပတ်သက်သည့် အချက်အလက်အားလုံးတို့ကို အဦးဆုံးကျင်းပသည့် အနည်းငယ်မျှသောတရားဟောအစည်းအဝေးများတို့တွင်မပြောပြသင့်သေးပါ။ သင်ကြားပို့ချပေးသူဆရာသည် သူ၏နှလုံးသားအတွင်းသို့ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်က တဖြည်းဖြည်းချင်းနှင့်သိသာစွာစိမ့်ဝင်သွားသည်နှင့် သူ့အနေဖြင့် သူ၏နာကြားသူတို့အား အချိန်တန်သည်နှင့် သမ္မာတရားတော်၏အနှစ်သာရကို ပေးအပ်ရမည်ဖြစ်သည်။

သမ္မာတရားတော်၏သဘောတရားကို လက်ခံကြသောသူတို့သည် ထိုသမ္မာတရားတော်၏စင်ကြယ်သန့်ရှင်းခြင်းတန်ခိုးတော်ဆိုင်ရာ ဩဇာသက်ရောက်မှုအကြောင်းကို အမှန်တကယ်သတိမမူမိကြပြီး စစ်မှန်သည့်ပြောင်းလဲခြင်းသို့ရောက်ရှိသွားကြသည်နှင့် အမှုတော်ဆောင်များတို့သည် သူတို့၏အလုပ်ပြီးစီးသွားပြီဟူ၍ သဘောထား၍မရနိုင်ကြပါ။ ထက်လှပြီးအသွားနှစ်ဖက်ရှိသောဓားရှည်နှင့်အလားတူသည့် ဘုရားသခင်၏နှုတ်တော်ထွက်သည် နှလုံးသားဆီသို့ခုတ်ထွင်းဝင်ရောက်သွားပြီး မသိစိတ်ကိုလှုံ့ဆော်ပေးလိုက်သည်နှင့် များစွာသောသူတို့က ဤမျှဖြင့်ပင် လုံလောက်မှုရှိပြီဟု ထင်မှတ်တတ်ကြသော်လည်း၊ အမှန်အားဖြင့် အမှုတော်၏အစမျှသာရှိပါသေးသည်။ ကောင်းမွန်သောစွဲမှတ်စေမှုအသွင်ခတ်နှိပ်ခြင်းများတို့ကို ဖော်ဆောင်ပေးထားပြီးသည့်တိုင် ဤအသွင်ခတ်နှိပ်ခြင်းများတို့သည် ဂရုတစိုက်ရှိပြီး၊ ဆုတောင်းခြင်း၌မွေ့လျော်သော ကြိုးစားအားထုတ်မှုတို့ဖြင့် လေးနက်စေခြင်းမရှိပါက စာတန်မာရ်နတ်သည် ထိုအသွင်ခတ်နှိပ်

မှုတို့ကို တိုက်ဖျက်ပစ်မည်ဖြစ်သည်။ လုပ်ဆောင်ပြီးစီးမှုအပေါ်တွင် လုပ်ဆောင်သူတို့အနေဖြင့် ကျေနပ်တင်းတိမ်မနေပါစေနှင့်။ သမ္မာတရားတော်၏ထယ်သွားသည် ခပ်နက်နက်ဖြင့်ထွန်ပေးရမည်ဖြစ်ပြီး၊ ဤသို့အားဖြင့် သမ္မာတရားတော်အကြောင်းကို လေ့လာသင်ယူနေကြသောသူတို့အား သူတို့၏အတွေးအခေါ်များတို့ကို လမ်းညွှန်ပေးနိုင်ရန်နှင့် သူတို့အတွက် ခိုင်မာသောယုံကြည်မှုများတို့ကို တည်ထောင်ပေးနိုင်ရေးအတွက် စေ့စပ်သေချာသည့်ကြိုးစားအားထုတ်မှုတို့ဖြင့် အမှန်တကယ်လုပ်ဆောင်လာနိုင်မည်ဖြစ်သည်။

များသောအားဖြင့် အမှုတော်လုပ်ငန်းသည် မပြီးပြတ်သေးသည့်အနေအထားမျိုးတွင် ကျန်ရှိနေတတ်ပြီး၊ ဤကဲ့သို့သော များစွာသောအမှုရေးရာတို့သည် မည်သည့်အကောင်အထည်မျိုးမျှ ဖြစ်ထွန်းမလာပါ။ တစ်ခါတစ်ရံတွင် သမ္မာတရားတော်ကို လူအစုလိုက်အပြုံလိုက်ဖြင့် လက်ခံလာကြသည့်နောက် အမှုတော်ဆောင်သည် သူ့အနေဖြင့် နယ်သစ်ပယ်သစ်ဆီသို့ ချက်ချင်းသွားရောက်ရမည်ဟူ၍ထင်မှတ်နေပြီး၊ တစ်ခါတစ်ရံတွင်လည်း မည်မည်ရရစုံစမ်းထောက်လှမ်းမှုမရှိပါဘဲ၊ အမှုတော်ဆောင်သည် ပြောင်းရွှေ့သွားရန်အမိန့်ပေးခံရတတ်ပါသည်။ ဤလုပ်ရပ်သည် မှားယွင်းသောလုပ်ရပ်ဖြစ်သည်အလျောက် သူစတင်လုပ်ဆောင်ထားသောအလုပ်ကို ပြီးမြောက်အောင်ဆက်လက်လုပ်ဆောင်ရမည်ဖြစ်လျက်၊ ပြီးပြည့်စုံသောလုပ်ဆောင်ထားမှုမရှိဘဲ ထိုနေရာမှထွက်ခွာသွားလိုက်ပါက ကောင်းမြတ်ခြင်းကိုလုပ်ဆောင်ထားသည့်တိုင် ကြီးမားသောထိခိုက်မှုဆိုးကျိုးမျိုးသာ ဖြစ်ထွန်းလာမည်ဖြစ်သည်။ ပေါင်းမြက်ပင်များ ပိုမိုရှင်သန်ကြီးထွားလာလောက်သည်အထိ ပြုစုပျိုးထောင်ခြင်းခံရသည့်လယ်ကွက်မျိုးလောက် မည်သည့်လယ်မြေမျိုးမျှ အလားအလာပိုမို၍မကောင်းနိုင်ပါ။ ဤကဲ့သို့သောနည်းစနစ်ဖြင့် လုပ်ဆောင်မှုသည် များစွာသောအသက်ဝိညာဉ်တို့အား စာတန်မာရ်နတ်၏ပုတ်ခတ်တိုက်ခိုက်မှုနှင့် သမ္မာတရားတော်ကိုငြင်းဆိုပယ်ချထားကြသည့် အခြားသောခရစ်ယာန်ဂိုဏ်းခွဲဝင်များတို့၏အတိုက်အခံပြုခံရမှုအနေအထားတို့တွင် စွန့်ပစ်ထားရာရောက်သည့်အပြင်၊ များစွာသောသူတို့သည်လည်း မူလအနေအထားမျိုးသို့ မည်သည့်အခါမျှပြန်လည်ရောက်ရှိနိုင်ခြင်းမရှိသည့်နေရာဆီသို့ မောင်းထုတ်ခြင်းခံနေရကြသကဲ့သို့ဖြစ်နေကြပါသည်။ အမှုတော်ဆောင်တစ်ယောက်အနေဖြင့် မိမိပါဝင်လုပ်ဆောင်မည့်အလုပ်အနေအထားကို၊ စေ့စပ်သေချာစွာသိရှိပြီး လိုက်နာဆောင်ရွက်နိုင်ခြင်းမရှိပါက၊ ထိုအလုပ်တွင်ပါဝင်မလုပ်ဆောင်ပါက ပိုမိုကောင်းမွန်ပါသည်။



ထက်သန်မှုရှိသောလုပ်ဆောင်မှုနှင့် အပတ်တကုတ်လေ့လာသင်ယူခြင်းအားဖြင့်သာလျှင်ရယူနိုင်သည့် အသိဉာဏ်ဗဟုသုတကိုခိုင်မြဲစေသော သမ္မာတရားတော်သည် ပြောင်းလဲခြင်းသို့ရောက်ရှိလာကြသည့် လူသစ်များအားလုံးတို့တွင် စွဲမှတ်မှုရှိစေရပါမည်။ ကျွန်ုပ်တို့၏ဟောပြောမှုတို့ကြောင့် သမ္မာတရားတော်ဆီသို့ပြောင်းလဲလာကြသည့်သူတို့သည် ယခင်အခါက ကျမ်းစာတော်မြတ်ကို လုံ့လဝီရိယရှိရှိဖြင့်လေ့လာသင်ယူခဲ့ကြသည့် ကျောင်းသားများမဟုတ်ကြရာတွင် အခြားသောလူကြိုက်များသည့်ခရစ်ယာန်ဂိုဏ်းခွဲအသင်းတော်များတို့တွင် ဘုရားသခင်၏နှုတ်တော်ထွက်ကို အမှန်တကယ်လေ့လာသူအထူးနည်းပါးလှသည်ဆိုသည့်အချက်သည် ပုံမှန်သတ်မှတ်ချက်တစ်ခုအဖြစ်ရှိနေပါသည်။ လူများတို့အနေဖြင့် အမှုတော်ဆောင်များတို့က သူတို့အတွက်ကျမ်းစာတော်မြတ်ကိုရှာဖွေပေးကြရန်နှင့် ထိုအမှုတော်ဆောင်တို့က သင်ကြားပို့ချပေးသည့်အကြောင်းအရာတို့ကို ရှင်းပြပေးကြရေးအတွက် အားကိုးတကြီးဖြင့်မျှော်လင့်နေကြပါသည်။

များစွာသောသူတို့သည် သမ္မာတရားတော်ကိုလက်ခံကြရာတွင် ထိုသမ္မာတရားတော်၏အခြေခံစည်းမျဉ်းတို့၏အခြေခံအုတ်မြစ်ကို နားလည်သဘောပေါက်နိုင်ရန်အတွက် နက်ရှိုင်းစွာဖြင့်တူးဖော်ပြီးမှ လက်ခံကြခြင်းမဟုတ်သည့်အလျောက်၊ အတိုက်အခံပြုမှုနှင့်ကြုံတွေ့လာရကြသောအခါ၊ ထိုသမ္မာတရားတော်ကို ကျားကန်ပေးထားသည့်အကျိုးသင့်အကြောင်းသင့် ပြောဆိုဆွေးနွေးမှုများနှင့်အထောက်အထားများတို့ကို မေ့ထားကြပါသည်။ သမ္မာတရားတော်ကို ယုံကြည်မှုရှိကြရေးအတွက် ဦးဆောင်ခြင်းခံရကြသော်လည်း သူတို့အနေဖြင့် သမ္မာတရားတော်သည် မည်သည့်အရာဖြစ်သည်ကိုသိရှိကြရန်၊ သို့မဟုတ် သခင်ခရစ်တော်၏ထိုးထွင်းသောဉာဏ်တော်အားဖြင့် ရည်မှန်းချက်တစ်ခုမှတစ်ခုဆီသို့ ဆက်လက်တက်လှမ်းနိုင်ရေးအတွက် အပြည့်အဝညွှန်ကြားမှုမျိုးကို မရရှိကြပါ။ ကြိမ်ဖန်များစွာဖြင့်ပင် သူတို့၏ဘာသာတရားကိုင်းရှိုင်းမှုသည် အသွင်သဏ္ဍာန်တစ်ခုအဖြစ်ဆီသို့ ယိုယွင်းဆုတ်ယုတ်လာပြီး၊ သူတို့အား အဦးဆုံးနိုးဆော်တက်ကြွစေသည့်ပန်ကြားချက်တို့ကို အချိန်ကြာမြင့်စွာမကြားသိရကြသောအခါ သူတို့သည် ဝိညာဉ်ပကတိပိုင်းဆိုင်ရာသေဆုံးခြင်းသို့ ရောက်ရှိလာကြပါတော့သည်။ သမ္မာတရားတော်ကို လက်ခံရရှိကြသောသူတို့အနေဖြင့်၊ စေ့စပ်သေချာစွာဖြင့် ပြောင်းလဲခြင်းသို့ရောက်ရှိမသွားကြပါက၊ ထို့အပြင် အသက်တာနှင့်အကျင့်စရိုက်တို့တွင် စေ့စပ်ပြည့်စုံသောအပြောင်းအလဲမျိုးမရှိကြသည့်အပြင် အစဉ်ထာဝရတည်မြဲတော်

မှုသည့် ကျောက်တော်မြတ်အပေါ်တွင် သူတို့၏အသက်ဝိညာဉ်သည် မရွေ့မလျော့ဘဲ စွဲတည်နေခြင်းမရှိကြပါက၊ သူတို့သည် စစ်ဆေးစုံစမ်းခြင်းဆိုင်ရာ အစမ်းသပ်ခံရမှုကို ကြံ့ကြံ့ခံနိုင်ကြမည်မဟုတ်ပါ။ သူတို့ထံမှအမှုတော်ဆောင်ကထွက်ခွာသွားပြီးနောက်၊ သမ္မာတရားတော်၏ဆန်းသစ်မှုသည် တဖြည်းဖြည်းချင်းမှေးမှိန်ပျက်ပြယ်သွားကာ၊ ၎င်း၏ ဆွဲဆောင်နိုင်သောစွမ်းအင်ဆုံးရှုံးသွားပြီးသည့်နောက်၊ သူတို့သည် မြင့်မြတ်သည့်သြဇာ သက်ရောက်မှုမျိုးကို ယခင်ကလောက် အားထုတ်ကြိုးပမ်းရယူနိုင်ခြင်းမရှိကြတော့ပါ။

ဘုရားသခင်၏အမှုတော်သည် အလွဲလွဲအချော်ချော်ဖြစ်ပြီး၊ ပေါ့ပေါ့ဆဆဖြင့် လုပ်ဆောင်သည့်လုပ်ရပ်မျိုးဖြင့် မပြီးမြောက်နိုင်ပါ။ လုပ်ငန်းခွင်တစ်ခုအတွင်းသို့ အမှုတော်ဆောင်တစ်ဦးကဝင်ရောက်လာသည်နှင့် ထိုလုပ်ငန်းခွင်ကို စေ့စပ်သေချာစွာဆန်းစစ်ပြီး လုပ်ဆောင်ရပါမည်။ စိတ်အားထက်သန်သည့်လုပ်ဆောင်မှုနှင့် ကောင်းကင်နိုင်ငံတော်မှသက်ရောက်လာသော ကောင်းချီးမင်္ဂလာတို့အားဖြင့် ပြောင်းလဲခြင်းသို့ရောက်ရှိလာကြသောသူတို့သည် သူတို့၏တာဝန်ရှိမှုအပေါ် မှန်ကန်သောသဘောထားမျိုးဖြင့် သူတို့အားခန့်အပ်ပေးထားသောအမှုတော်ကို ဆောင်ရွက်ကြခြင်းဖြင့်၊ သူတို့ကိုထာဝရဘုရားထံတော်သို့အပ်ပေးနိုင်သည့်အောင်မြင်မှုမျိုးကို ရယူနိုင်ခြင်းမရှိမချင်း၊ ထိုအမှုတော်ဆောင်သည် ကျေနပ်အားရခြင်းမဖြစ်သင့်ပါ။ သူ၏အကြည့်အရှုခံမှုအောက်ရှိ ထိုကဲ့သို့သောသူတို့ကို ကောင်းမွန်မှန်ကန်စွာဖြင့်ညွှန်ကြားပေးနိုင်ပါက အခြားနယ်ပယ်ဒေသများဆီသို့ သွားရောက်အမှုတော်ဆောင်ရွက်ရသည့်တိုင် သူလုပ်ကိုင်ဆောင်ရွက်ထားပြီးသောနေရာရှိ အမှုတော်လုပ်ငန်းသည် ပြေလျော့ပျက်ပြယ်သွားမည်မဟုတ်ဘဲ၊ လုံခြုံစိတ်ချရသောအနေအထားမျိုးတွင် ခိုင်မြဲစွာဖြင့်ရပ်တည်မြဲမြဲနေမည်ဖြစ်သည်။

တရားဟောစင်မြင့်ပေါ်တွင် ဆောင်ရွက်ရမည့်အလုပ်များကို ဘောင်ခတ်ကန့်သတ်ထားခြင်းအပြင်၊ တစ်ဦးတည်းကြိုးပမ်းအားထုတ်မှုမျိုးဖြင့် သူ၏နာကြားသူတို့အားအားကိုးရာမဲ့အနေအထားမျိုး၌ ပစ်ထားခဲ့ခြင်းကြောင့် အမှုတော်ဆောင်အနေဖြင့် အရေးယူခံရခြင်းမျိုးမရှိပါ။ လူတို့၏စိတ်အတွေးများအတွင်း ပေါ်ပေါက်နေသည့်အခက်အခဲများတို့၏သဘောသဘာဝအကြောင်းကို ထိုအမှုတော်ဆောင်အနေဖြင့် နားလည်သဘောပေါက်ရန်အတွက် ကြိုးပမ်းအားထုတ်သင့်ပါသည်။ စိတ်ဝင်စားမှုရှိကြသောသူတို့နှင့် အတူတကွ စကားစမြည်ပြောဆိုပြီး၊ ဆုတောင်းသင့်သည့်အပြင် သူတို့အားဉာဏ်ပညာနှင့်ပြည့်စုံသည့်ညွှန်ကြားမှုကိုပေးပြီး၊ အဆုံးတွင်သူ့အနေဖြင့် (ကောလောသဲ ၁:၂၈) တွင်ဖော်ပြထားသည့်၊ "ခရစ်တော်အားဖြင့် လူတိုင်းစုံလင်ခြင်းသို့ရောက်၍ လူခပ်သိမ်း



တို့ကိုဆက်သအံ့သောငှာ၊ . . ." အတိုင်း လုပ်ဆောင်ရပါမည်။ သူ၏သမ္မာကျမ်းစာတော်အကြောင်း သင်ကြားပို့ချပေးမှုသည် အိမ်ထောင်မိသားစုဝင်တို့၏အသိစိတ်ဆီသို့ ခိုင်မာသောထင်မြင်ယူဆချက်ကို အားနှင့်အင်နှင့်ဖြင့် ဖြောင့်ဖြောင့်တန်းတန်းရောက်ရှိသွားစေသင့်ပါသည်။ အပြစ်တရားနှင့်၎င်း၏ကုထုံး၏သဘောသဘာဝနှင့်ပတ်သက်သည့် လက်တွေ့ကျပြီးတိကျသောသင်ခန်းစာများပါရှိသည့် သမ္မာကျမ်းစာအကြောင်းကို ရှင်းလင်းပြောပြပေးရမည်ဆိုသည့်အချက်ကို လူတို့က အနည်းအကျဉ်းမျှသာသိရှိနေကြပါသည်။

လုပ်ဆောင်သူတစ်ယောက်အနေဖြင့် အမှုတော်ဆိုင်ရာလုပ်ဆောင်ရမည့် အစိတ်အပိုင်းအချို့တို့သည် လုပ်ကိုင်လိုဖွယ်ရာမရှိသောအနေအထားတွင်ရှိနေခြင်းကြောင့် နောက်ထပ်သူ့အစားဝင်ရောက်လာမည့်အမှုတော်ဆောင်က သူ့အတွက်လုပ်ဆောင်ပေးလိမ့်မည်ဆိုသည့်အတွေးမျိုးဖြင့် ထိုမပြီးပြတ်သေးသောအလုပ်မျိုးကို မည်သည့်အခါမျှချန်ထားရစ်ခဲ့ခြင်းမပြုသင့်ပါ။ ထို့နောက် အကယ်၍ ဒုတိယအမှုတော်ဆောင်က ယခင်အမှုတော်ဆောင်၏နေရာသို့ ဝင်ရောက်လာပြီးနောက်၊ ဘုရားသခင်က သူ၏လူစုတော်တို့အတွက် ကြွေးကြော်တော်မူချက်တို့ကို ဝေငှဟောပြောသောအခါ၊ အချို့သောအားနည်းချက်ရှိသောသူတို့က "ကျွန်တော်တို့ဆီကို သမ္မာတရားတော်အကြောင်းလာပြောပြပေးခဲ့တဲ့အမှုတော်ဆောင်က ဒီအကြောင်းတွေကိုမပြောပြပေးခဲ့ပါလား" ဆိုသည့်ပြဿနာမျိုး ပေါ်ပေါက်လာမည်သာဖြစ်ပါသည်။ ထိုနှုတ်ထွက်စကားမျိုးကြောင့် သူတို့သည် မကျေမနပ်ဖြစ်လာကြပါတော့သည်။ အချို့တို့သည်ပင်လျှင် ဆယ်ဖို့တစ်ဖို့ထည့်ရမည့်စနစ်ကို လက်ခံရန်ငြင်းပယ်ကြပြီး ရှောင်ထွက်သွားကြကာ၊ သမ္မာတရားတော်ကိုယုံကြည်မှုရှိပြီး မြတ်နိုးကြသည့်သူတို့နှင့်အတူ လျှောက်လှမ်းကြခြင်းမရှိကြတော့ပါ။ ထို့နောက် သူတို့၏ရှေ့၌ အခြားသောနည်းလမ်းမျိုးတို့ကို အသိပေးသည့်တိုင်၊ သူတို့က "ကျွန်တော်တို့ဒီလိုမျိုးအကြောင်းကို သင်ကြားပေးခံခဲ့ရခြင်းမရှိဖူးဘူး" ဟူ၍ ပြန်လည်ပြောဆိုကြကာ၊ ရှေ့ဆက်ဆောင်ရွက်ကြရန် တုံ့ဆိုင်းနေကြပါသည်။ အကယ်၍ သမ္မာတရားတော်၏အဦးဆုံးသောစေတမန်က မရှိမဖြစ်လိုအပ်လှသည့်အကြောင်းခြင်းရာတို့၏အကြောင်းနှင့်ပတ်သက်ပြီး သစ္စာရှိစွာအပြင်၊ စေ့စပ်သေချာစွာဖြင့် ပြောင်းလဲခြင်းသို့ရောက်ရှိလာကြသူများတို့အား ပညာပေးထားကြပါက သူ၏ဆောင်ရွက်မှုကြောင့် လူအနည်းငယ်မျှသာ အသင်းတော်ဆီသို့ဝင်ရောက်ပူးပေါင်းလာကြသည့်တိုင်၊ မည်မျှကောင်းလိုက်မည်ဖြစ်ခြင်း။ သမ္မာတရားတော်ဆီသို့ပြောင်းလဲလာပါပြီဟူ၍ အတိအလင်း

ထုတ်ဖော်ပြောဆိုဝန်ခံကြသော်လည်း၊ အမှန်တကယ်ပြောင်းလဲခြင်းမရှိကြသောလူပေါင်း ခြောက်ဆယ်အတွက်ထက်၊ သမ္မာတရားတော်ဆီသို့ အသေအချာပြောင်းလဲခြင်းသို့ရောက် ရှိလာကြသည့် လူခြောက်ယောက်ကိုရရှိတော်မူခြင်းအတွက် ဘုရားသခင်က ပိုမို၍ ကြည်နူးနှစ်သက်တော်မူမည်ဖြစ်သည်။

အမှုတော်ဆောင်က သူ၏ကြိုးပမ်းဟောကြားမှုကြောင့် သမ္မာတရားတော်ကို လက်ခံလာကြသောသူတို့အား ဘုရားသခင်အပေါ် သူတို့ကမှီခိုအားထားနေရကြခြင်း ကို အသိအမှတ်ပြုလက်ခံကြသည့်အနေဖြင့် ဘဏ္ဍာတော်တိုက်ထဲသို့ ဆယ်ဖို့တစ်ဖို့ အလှူတော်ငွေကို ထည့်ဝင်ကြရေးအတွက် သူတို့အားသင်ကြားပေးခြင်းသည် သူလုပ်ဆောင်ရမည့်အလုပ်တွင် တစ်စိတ်တစ်ပိုင်းအဖြစ်ပါဝင်ပါသည်။ အသစ်သော ပြောင်းလဲခြင်းသို့ရောက်ရှိလာကြသည့်သူတို့အနေဖြင့် ထာဝရဘုရား၏ကိုယ်တော်တိုင် ပိုင်ဆိုင်တော်မူသောအခွန်တော်ငွေကို ပြန်လည်ပေးဆပ်ရကြမည့်အသိတရားကို အပြည့် အဝဖြင့်အသိဉာဏ်ရှိစေကြရမည်ဖြစ်သည်။ ဆယ်ဖို့တစ်ဖို့အလှူတော်ငွေကို ထည့်ဝင် ရကြမည့်အမိန့်တော်သည် ပြတ်သားလှသည့်အလျောက်၊ ထိုအမိန့်တော်ကိုဥပေက္ခာပြု ခြင်းအတွက် ခွင့်လွှတ်နိုင်ဖွယ်သော မည်သည့်အနေအထားမျိုးမျှမရှိပါ။ ဤအကြောင်း အချက်နှင့်ပတ်သက်ပြီး ညွှန်ကြားချက်ကိုထုတ်ပြန်ပေးရမည့်အချက်အပေါ် လျစ်လျူရှု ထားသောသူသည် သူ၏အမှုတော်ဆောင်ရွက်မှု၏အရေးအကြီးဆုံးသောအစိတ်အပိုင်း တစ်ခုကို လက်စမသတ်သေးဘဲ ချန်ထားရစ်ခဲ့ရာရောက်ပါသည်။

ဘုရားသခင်၏အမှုတော်နှင့်ချိတ်ဆက်မှုရှိနေသည့် အခြားသောဝန်ထုပ်ဝန်ပိုး တို့ကို သယ်ပိုးဆောင်ရွက်ခြင်း၏အရေးပါမှုအကြောင်းကို လူတို့ထံတွင်စွဲမှတ်မှုရှိစေ ရေးလုပ်ဆောင်ရန်လည်း လိုအပ်ပါသည်။ စေတနာသဒ္ဓါစိတ်ဖြင့် လုပ်ကိုင် ဆောင်ရွက်ရေးမှ မည်သူကမျှကင်းလွတ်ခွင့်မရနိုင်ကြပါ။ ဘုရားသခင်၏အမှုရေးရာ တော်ကဏ္ဍတိုင်းတို့တွင် မိမိတို့၏လုပ်ပိုင်ခွင့်၌ မိမိတို့၏အထောက်အပံ့နှင့်ပါဝင်လုပ်ဆောင် မှုတို့ဖြင့် အကူအညီပေး၊ ထောက်ခံပေးကြရေးအတွက် လူတို့ကိုသင်ကြားပို့ချပေးရပါ မည်။ ကျွန်ုပ်တို့၏မျက်မှောက်တွင် ကြီးမားလှသောသာသနာပြုလုပ်ငန်းနယ်ပယ်က ထင်ထင်ရှားရှားရှိနေပြီး၊ ဤအကြောင်းခြင်းရာသည် ကျွန်ုပ်တို့အတွက် ထပ်တလဲလဲ ဖြင့် စိတ်အနှောင့်အယှက်ဖြစ်စရာအဖြစ်ဖြင့် အရေးတကြီးသဘောထားရကြပါမည်။ နာကြားသူများမဟုတ်မူဘဲ၊ နှုတ်ကပတ်တော်အတွက် လုပ်ဆောင်ထမ်းရွက်ကြသူများ တို့ကသာလျှင် ထာဝရအသက်ကိုရရှိကြမည့်အကြောင်းကို လူတို့ကနားလည်သိရှိ





ကြအောင် လုပ်ဆောင်ပေးရကြပါမည်။ ထို့အပြင်၊ သခင်ခရစ်တော်၏ကျေးဇူးတော် နှင့်ဆက်ဆံသူများအဖြစ်သို့ ရောက်ရှိလာကြသူများတို့အနေဖြင့် သမ္မာတရားတော် တိုးတက်ပြန့်ပွားရေးအတွက် သူတို့၏ငွေကြေးဥစ္စာခနတို့ကို ဝေမျှပေးကြရုံမျှမက၊ မိမိတို့ကိုယ်ကိုပါ ဘုရားသခင်ထံတော်၌ ခြွင်းချက်မရှိဖြင့်အပ်နှံရကြပါမည်။

အချို့သောအမှုတော်ဆောင်တို့သည် သူတို့၏အမှုတော်ဆောင်လုပ်ငန်းမှ အလွယ်တကူလမ်းလွဲသွားတတ်ကြပါသည်။ သူတို့သည် စိတ်ဓာတ်ကျဆင်းလာပြီး၊ သို့မဟုတ် သူတို့၏အိမ်ထောင်မိသားစုအနှောင်အဖွဲ့သံယောဇဉ်တို့ကြောင့် အမှုတော် နှင့်ကင်းကွာသွားကြကာ ပြင်းပြသည့်အာရုံစူးစိုက်မှုကင်းမဲ့သွားကြခြင်းကြောင့် အမှုတော် လုပ်ငန်းကိုစွန့်ခွာသွားကြပါတော့သည်။ ဤနည်းလမ်းအကြောင်းခြင်းရာကြောင့် တွေ့ကြုံ ရမည့်ဆုံးရှုံးမှုအနေအထားကို ခန့်မှန်းနိုင်ရန်မှာ အလွန်ခဲယဉ်းလှပါသည်။ သမ္မာတရား တော်အကြောင်းကိုကြေညာပေးရေး ကြိုးပမ်းလုပ်ဆောင်သောအခါ၊ တာဝန်ရှိသော အမှုတော်ဆောင်အနေဖြင့် ထိုသမ္မာတရားတော်ကြေညာခြင်းအမှုကို ရှေ့ဆက်လုပ်ဆောင် နိုင်ရေးအတွက် သူပါဝင်လုပ်ဆောင်ရမည့်အခန်းကဏ္ဍအပေါ် သစ္စာရှိစွာဖြင့်ဆောင်ရွက် ရမည့် တာဝန်ယူမှုဆိုင်ရာစိတ်ထားမျိုးရှိရပါမည်။ သူ၏လုပ်ဆောင်မှုများတို့သည် အကျိုးဖြစ်ထွန်းမှုရှိဟန်မပေါ်ပါက ရှိသင့်ရှိထိုက်သည့်အနေအထားမျိုးတွင် သူတို့ရှိ၊ မရှိဆိုသည့်အချက်ကို လေ့လာသိရှိနိုင်ကြရေးအတွက် လေးနက်လှသည့်ဆုတောင်းခြင်း မျိုးဖြင့် ကြိုးပမ်းအားထုတ်ရာဖွေသင့်ပါသည်။ မိမိကိုယ်ကိုမိမိဆန်းစစ်သုံးသပ်ခြင်းဖြင့် ဘုရားသခင်၏ရှေ့တော်မှောက်တွင် သူ၏အသက်ဝိညာဉ်ကိုနှိမ့်ချပြရမည်ဖြစ်ပြီး၊ ဘုန်းတော်ရှင်၏ကတိတော်များအပေါ် ယုံကြည်ခြင်းဖြင့်တွယ်ဖက်ထားကာ၊ သူ၏ တာဝန်ကို သစ္စာရှိစွာဖြင့်ဆောင်ရွက်နေပါသည်ဆိုသည့်အချက်ကို သူကျေနပ်အားရမှု ရှိလာသည်အထိ၊ သူ၏ကြိုးပမ်းအားထုတ်မှုကို စိတ်နှိမ့်ချစွာဖြင့် ဆက်လက်လုပ်ဆောင် လျက် သူ့လိုအင်ဆန္ဒရှိသောရလဒ်မျိုးကိုရယူနိုင်ရန်အတွက် သူ၏စွမ်းအားဖြင့် အရာရာ တိုင်းကိုလုပ်ဆောင်ရပါမည်။

ကိုယ်ကျိုးအတ္တစိတ်ကို ပူဇော်သကာယဇ်ပလ္လင်ပေါ်တွင်ရှင်သန်မှုရှိပြီး၊ စိတ်ရော ကိုယ်ပါဖြင့် ဆက်ကပ်ပူဇော်ခြင်းမပြုလုပ်ပါက ဘုရားသခင်ကလည်း အခမ်းနားဆုံးသော ဝတ်ပြုခြင်းမျိုးကို လက်ခံတော်မမူပါ။ ဇာစ်မြစ်အနေအထားသည် သန့်ရှင်းမွန်မြတ် ရမည်ဖြစ်ပြီး၊ သို့မဟုတ်ပါက ဘုရားသခင်ကလက်ခံတော်မူနိုင်မည့် စင်ကြယ်ပြီး၊ သင့်တင့်ကောင်းမွန်သောအသီးမျိုး ဖြစ်ထွန်းလာနိုင်စရာအကြောင်းမရှိပါ။ လောကီ

ဆိုင်ရာရည်မှန်းချက်များ၊ လောကီဆိုင်ရာစီမံကိန်းများနှင့် လူသားတို့၏အကြီးမားဆုံးသောအစီအစဉ်များနှင့်ရည်မှန်းချက်များတို့သည် မြက်ပင်များကဲ့သို့ ပျက်သုဉ်းသွားမည်ဖြစ်ကာ၊ (ဒံယေလ ၁၂း၃) တွင်ဖော်ပြထားသည့် "ပညာရှိသောသူတို့သည်လည်းကောင်းကင်မျက်နှာကြက်၏အရောင်အဝါကဲ့သို့လည်းကောင်း၊ လူအများတို့ကိုဖြောင့်မတ်ခြင်းတရားလမ်းထဲသို့သွင်းသောသူတို့သည်လည်း ကြယ်များကဲ့သို့လည်းကောင်း အစဉ်အမြဲထွန်းလင်းကြလိမ့်မည်" အတိုင်း ဖြစ်ပေါ်လာလိမ့်မည်ဖြစ်သည်။ "Testimonies for the Church," vol. 7, pp. 248, 249.

## အတိုက်အခံပြုမှုကိုရင်ဆိုင်ခြင်း

ကျရှုံးပြီးသောကမ္ဘာမြေကြီးတစ်ခုတွင် ကျွန်ုပ်တို့၏အမှုတော်ဆောင်များနှင့် သင်ကြားပို့ချပေးကြသောဆရာများတို့အနေဖြင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို ကိုယ်စားပြုပေးရကြပါမည်။ ကြင်နာသနားတတ်မှု၌ နူးညံ့ပျော့ပျောင်းလာသည့်စိတ်နှလုံးသားတို့ဖြင့် သမ္မာတရားတော်ဆိုင်ရာ စကားလုံးမျိုးကိုပြောပြကြပါလေစေ။ မှားယွင်းမှုအတွင်းကျရောက်နေကြသည့်လူအားလုံးတို့သည် သခင်ခရစ်တော်၏ကြင်နာသောအပြုအမူမျိုးဖြင့် ပြုမူဆက်ဆံခြင်းခံရကြပါလေစေ။ အကယ်၍ သင်ကလုပ်ဆောင်ပေးသောသူသည် သမ္မာတရားတော်ကိုချက်ချင်းဖမ်းယူဆုပ်ကိုင်ခြင်းမရှိပါက သူ့အားအပြစ်တင်ခြင်းမပြုလုပ်ရမည့်အပြင် သူ့အားဝေဖန်ပြောဆိုခြင်း၊ သို့မဟုတ် ရှုတ်ချပြောဆိုခြင်းမပြုလုပ်ပါနှင့်။ သင့်အနေဖြင့် သခင်ခရစ်တော်၏နူးညံ့သိမ်မွေ့မှုနှင့်ကြင်နာမှုအပြင်၊ သူ၏ချစ်ခြင်းမေတ္တာတော်တို့ဖြင့် သူ၏ကိုယ်စားတော်အဖြစ် ကိုယ်စားပြုပေးရမည်ကို သတိတရရှိပါ။

ကျွန်ုပ်တို့အနေဖြင့် မယုံကြည်သူများနှင့်အတိုက်အခံပြုမှုများတို့ကို ရင်ဆိုင်ရမည့်အချက်ကို မျှော်လင့်ထားရကြပါမည်။ ဤကဲ့သို့သောလူစုမျိုး၊ အကြောင်းခြင်းရာမျိုးတို့ဖြင့် အမြဲတစေကျေနပ်တင်းတိမ်မှုရှိရမည့်အချက်သည် အမှန်တရားပင်ဖြစ်ပါသည်။ သို့သော်လည်း သင့်အနေဖြင့် အခါးသီးဆုံးသောအတိုက်အခံပြုမှုကိုရင်ဆိုင်ရသည့်တိုင်၊ သင်၏အတိုက်အခံတို့ကို လူသိရှင်ကြားရှုတ်ချပြစ်တင်ခြင်းမပြုပါနှင့်။ သူတို့သည် ဘုရားသခင်၏အမှုတော်ကိုဆောင်ရွက်နေကြသည်ဟု သူတို့ထင်မှတ်ကောင်းထင်မှတ်ကြသည်အလျောက်၊ ရှင်ပေါလုကျင့်သုံးခဲ့သည့်အတိုင်း ထိုကဲ့သို့သော



အခြေအနေမျိုးတွင် ကျွန်ုပ်တို့အနေဖြင့် စိတ်ရှည်သည်းခံခြင်း၊ နူးညံ့သိမ်မွေ့ခြင်းနှင့် သည်းခံတတ်သောသဘောမျိုးကို ပြသရကြပါမည်။

လူကြိုက်များခြင်းမရှိသည့် သမ္မာတရားတော်ကိုကိုယ်စားပြုပေးရာတွင် ပြင်းထန်သောစစ်ဆေးစုံစမ်းမှုများကို ခါးစည်းခံနေရကြသည့်အပြင်၊ ခက်ထန်လှသောပဋိပက္ခများတို့နှင့်လည်း ကြုံကြုံခံရင်ဆိုင်နေရကြသည်ဆိုသည့်အတွေးမျိုးကို မစဉ်းစားဘဲနေကြပါစို့လား။ သခင်ယေရှု၏အကြောင်းအပြင်၊ သူသည် သင့်အတွက်ဆင်းရဲဒုက္ခဝေဒနာခံစားတော်မူခဲ့ရသည့် အကြောင်းခြင်းရာတို့ကိုစဉ်းစားကြည့်ရင်း၊ ငြိမ်ငြိမ်ကလေးဖြင့်နေပါ။ ဆဲရေးတိုင်းထွာခံရသည့်အပြင်၊ မဟုတ်တမ်းတရမ်းအပြောအဆိုခံရသည့်တိုင် မကျေမနပ်ဖြင့်တုံ့ပြန်ပြီး ညည်းညူပြောဆိုခြင်းမပြုဘဲ၊ ထို့အပြင် သင်၏စိတ်အတွေးထဲသို့ အပြစ်တင်လိုစိတ်၊ သို့မဟုတ် မကျေမနပ်ဖြစ်သောစိတ်မျိုး ဝင်ရောက်သွားခြင်းမရှိပါစေနှင့်။ (၁ပေ ၂း၁၂) တွင်ဖော်ပြထားသည့် "သာသနာပလူတို့သည် သင်တို့ကိုကဲ့ရဲ့ပြစ်တင်ကြသည့်အမှုမှာ ဘုရားသခင်ကြည့်ရှုစီရင်တော်မူသောနေ့ရက်၌ သင်တို့၏ကောင်းသောအကျင့်ကို သူတို့သည်ထောက်ရှု၍ ဘုရားသခင်ကိုချီးမွမ်းမည်အကြောင်း၊ သူတို့ရှေ့၌ တင့်တယ်လျောက်ပတ်စွာကျင့်နေကြလော့" ဆိုသည့် ရှင်ပေတရု၏ဩဝါဒအတိုင်း ရိုးရှင်းသည့်ဦးတည်ရာလမ်းကြောင်းအတိုင်းလျှောက်လှမ်းပါ။

သင့်အနေဖြင့် များမကြာမီက သင်၏အပြစ်များအပေါ် သင်မျက်ကွယ်ပြုခဲ့မိသည်ကိုအကြောင်းပြုပြီး၊ အမှားလုပ်ရပ်တွင်နွံနစ်နေသောသူတို့ထံသို့ နူးညံ့သိမ်မွေ့သောသဘောဖြင့် ရှေ့ဆောင်လမ်းပြသင့်သည်မဟုတ်ပါလား။ သခင်ခရစ်တော်၏သည်းခံတော်မူခြင်းသည် သင့်ထံသို့ဦးတည်နေသည်နည်းတူ၊ သင်သည်လည်း ကြင်နာမှုနှင့်သည်းခံစိတ်တို့ဖြင့် အခြားသောသူတို့ထံသို့ ချဉ်းကပ်ခြင်းမပြုသင့်ပေဘူးလား။ မှားယွင်းသောအပြုအမူဆီသို့ဦးတည်သွားစေသည့် ဩဇာလွှမ်းမိုးမှုကို အသက်ဝိညာဉ်တစ်ခုအပေါ် သက်ရောက်စေမိမည်စိုးသောကြောင့် ကျွန်ုပ်တို့အားအတိုက်အခံပြုကြသောသူတို့အပေါ်၊ ကြီးမားသောသနားစုံမက်မှုကိုပြသကြရေးအတွက် ဘုရားသခင်သည် ကျွန်ုပ်တို့အား များစွာသောသတိပေးမိန့်တော်မူချက်တို့ကိုပေးထားတော်မူပါသည်။

ကျွန်ုပ်တို့၏အသက်တာကို သခင်ခရစ်တော်အားဖြင့် ဘုရားသခင်ထံတော်၌ ပုန်းခိုနားနေစေရကြပါမည်။ ကျွန်ုပ်တို့အနေဖြင့် သခင်ခရစ်တော်အား ပုဂ္ဂိုလ်ရေးအနေအထားဖြင့် သိရှိထားရကြပါမည်။ ဤသို့အားဖြင့်သာလျှင် ကမ္ဘာမြေကြီးပေါ်တွင်

ကျွန်ုပ်တို့က သူ့အတွက်မှန်ကန်စွာဖြင့် ကိုယ်စားပြုပေးနိုင်ကြမည်ဖြစ်သည်။ "သခင်ယေရှုသည် ကျွန်ုပ်ရှိနေသည့်နေရာတွင်ရှိနေတော်မူစဉ်က လုပ်ဆောင်တော်မူသကဲ့သို့ မည်ကဲ့သို့ကျွန်ုပ်လုပ်ဆောင်ရမည်ကို အကျွန်ုပ်အားပို့ချပေးတော်မူပါအရှင်ထာဝရဘုရား" ဆိုသည့် ကျွန်ုပ်တို့ထံမှဆုတောင်းချက်မျိုး အထက်အရပ်သို့စဉ်ဆက်မပြတ်တက်ရောက်ကြပါလေစေ။ မည်သည့်နေရာမျိုး၌ ကျွန်ုပ်တို့ရှိနေကြသည်ဖြစ်စေ၊ ကျွန်ုပ်တို့သည် ကောင်းမြတ်သောအလုပ်မျိုးတို့ဖြင့် ဘုရားသခင်၏ဘုန်းအာနုဘော်တော်အတွက် ကျွန်ုပ်တို့၏အလင်းကို ထွန်းလင်းစေရကြပါမည်။ ဤလုပ်ရပ်မျိုးသည် ကျွန်ုပ်တို့၏အသက်တာ၌ ကြီးမားပြီးအရေးပါလှသည့်အခွင့်အရေးပင်ဖြစ်ပါသည်။

## မတရားမှုကိုရှုတ်ချခြင်းဆိုင်ရာဉာဏ်ပညာ

ပြစ်တင်ရှုတ်ချမှုသည် တရားမျှတမှုရှိသည့် ပြစ်တင်ရှုတ်ချမှုမျိုးဖြစ်သည့်တိုင် ထာဝရဘုရားက ထိုနည်းလမ်းထက်၊ အခြားသောနည်းလမ်းမျိုးတို့အတိုင်း သူ၏လူစုတော်တို့ကို ကျင့်သုံးစေလိုတော်မူပါသည်။ ကျွန်ုပ်တို့၏ရန်ဘက်များတို့ကို သမ္မာတရားတော်မှအလှမ်းကွာဝေးသွားစေအောင် မောင်းထုတ်ပစ်ရာရောက်သည့် စွပ်စွဲပြောဆိုမှုဖြင့်ပစ်ပေါက်လိုက်သည်ထက် ပိုမိုသင့်လျော်သည့်လုပ်ဆောင်မှုမျိုးကို ကျွန်ုပ်တို့အားလုပ်ဆောင်စေလိုတော်မူပါသည်။ သခင်ခရစ်တော်က ဤကမ္ဘာမြေကြီးပေါ်သို့ကြွရောက်တော်မူပြီး၊ လုပ်ဆောင်တော်မူခဲ့မည့်အလုပ်မှာ အတားအဆီးများတို့ကိုတည်ဆောက်တော်မူရန်မဟုတ်ခဲ့ဘဲ၊ လူတို့သည် မှားယွင်းနေကြသည်ဆိုသည့်အချက်ကို ဂရုပြုမိကြရေးအတွက် စဉ်ဆက်မပြတ်သတိပေးတော်မူရန်အတွက် ကြွရောက်လာတော်မူခဲ့ခြင်းဖြစ်ပါသည်။ လိမ်လည်လှည့်ဖြားခြင်းခံရသောလူတို့ကို ဉာဏ်အလင်းရလာစေရေးအတွက် မျှော်မှန်းထားသောသူအနေဖြင့် သူတို့နှင့်နီးကပ်မှုရှိလာအောင်အပြင်၊ ချစ်ခြင်းမေတ္တာဖြင့် သူတို့အတွက်လုပ်ကိုင်ဆောင်ရွက်ပေးရပါမည်။ သူ့အနေဖြင့် မွန်မြတ်သန့်ရှင်းသောဩဇာသက်ရောက်မှု၏ဗဟိုချက်မဖြစ်လာရပါမည်။

သမ္မာတရားတော်ကိုထောက်ခံပြောဆိုရာတွင် အခါးသီးဆုံးသောအတိုက်အခံပြုသူများဖြစ်ကြသည့်တိုင်၊ ထိုသူတို့အပေါ်လေးစားမှုနှင့်လိုက်လျောမှုတို့ဖြင့် ပြုမူဆက်ဆံပေးရပါမည်။ အချို့သောသူတို့က ကျွန်ုပ်တို့၏ကြိုးပမ်းအားထုတ်မှုများအပေါ် ပြန်လည်တုံ့ပြန်ပေးကြခြင်းရှိမည်မဟုတ်သော်လည်း၊ ဧဝံဂေလိတရားတော်ဖြင့်ဖိတ်ခေါ်မှုအပေါ် ပေါ့ပေါ့တန်တန်ဖြင့်သဘောထားကြမည်ဖြစ်သည်။ ဘုရားသခင်၏ကရုဏာနယ်ပယ်



တော်အပေါ် ရိသဲ့သဲ့လုပ်နေကြပါသည်ဟု ကျွန်ုပ်တို့က တွေးထင်ထားတတ်ကြသောအခြားသောသူတို့သည် သခင်ခရစ်တော်ထံတော်သို့ ရောက်ရှိသွားကြမည့်အခြေအနေတွင်ရှိနေကြပါသည်။ မဟာတိုက်လှန်ပွဲကြီးအတွင်း နောက်ပိတ်ဆုံးဖြစ်သောလုပ်ဆောင်ရမည့်အလုပ်မှာ အလင်းတရားနှင့်သက်သေအထောက်အထားတို့ကို ငြင်းဆန်ပယ်ချခြင်းမပြုကြသည့်တိုင် သန်းခေါင်ယံချိန်အမှောင်ထုကြီးအတွင်းရှိနေကြပြီး၊ သမ္မာတရားတော်အပေါ် အသိဉာဏ်နည်းပါးစွာဖြင့် ဆန့်ကျင်တိုက်ခိုက်နေကြသောသူတို့အားဉာဏ်အမြင်ပွင့်လင်းလာကြစေရေးပင်ဖြစ်ပါသည်။ ထို့ကြောင့် လူတိုင်းလူတိုင်းတို့ကို ရိုးသားဖြောင့်မတ်ခြင်းရှိကြသောသူများအဖြစ်ဖြင့် ပြုမူဆက်ဆံပေးပါ။ မယုံကြည်သူများတစ်စုံတစ်ယောက်တို့ကိုမျှ သူတို့၏လက်ရှိအနေအထားတွင်သာ အရိုးစွဲနေစေနိုင်သည့် မည်သည့်အပြောအဆိုမျိုးကိုမျှ မပြောမိစေရန်အပြင်၊ မည်သည့်လုပ်ဆောင်ချက်မျိုးကိုမျှ မပြုမူမိပါစေနှင့်။

နိုင်ငံရေးကိစ္စ၊ သို့မဟုတ် အခြားသောပြဿနာများတို့နှင့်ပတ်သက်သည့် စကားအချေအတင်ပြောဆိုမှု၊ သို့မဟုတ် အငြင်းအခုံပြောဆိုမှုအတွင်းသို့ တစ်စုံတစ်ယောက်က၊ အမှုတော်ဆောင်တို့ကိုပါဝင်ပတ်သက်လာစေမည်ဆိုပါက မည်သည့်စည်းရုံးပြောဆိုမှု၊ သို့မဟုတ် စိန်ခေါ်မှုမျိုးကိုမျှ အရေးတယူပါဝင်ပတ်သက်ခြင်းမရှိပါစေနှင့်။ ဘုရားသခင်၏အမှုတော်ကို ခိုင်မြဲစွာနှင့်တောင့်တင်းစွာဖြင့် ရှေ့သို့တက်လှမ်းနိုင်ရေးကိုလုပ်ဆောင်ရာတွင်လည်း သခင်ခရစ်တော်၏နူးညံ့သိမ်မွေ့မှုမျိုးဖြင့် အတတ်နိုင်ဆုံးသောဆိတ်ဆိတ်နေခြင်းဖြင့် လုပ်ဆောင်ရကြပါမည်။ သင်၏မည်သည့်ကိုယ်ရည်သွေးဝါကြွားမှုမျိုးကို မည်သူကမျှမကြားသိရပါစေနှင့်။ မိမိဘာသာမိမိဘဝဖူလုံစေသည့် မည်သည့်သွင်ပြင်မျိုးကိုမျှ မပြသမိပါစေနှင့်။ မွန်မြတ်ပြီးအထွတ်အမြတ်ဖြစ်သည့် ယုံကြည်ကိုးစားမှုမျိုးကို ကိုင်စွဲထားကြရန် ဘုရားသခင်က ကျွန်ုပ်တို့အားဆင့်ဆိုတော်မူကြောင်းကို အများကသိရှိကြရေးအတွက် နှုတ်ကပတ်တော်ကိုဟောကြားကြရာ၌ လုံ့လဝီရိယရှိရှိဖြင့် စိတ်အားထက်သန်မှုရှိလျက် ပြင်းပြသောစိတ်ဓာတ်မျိုးဖြင့် ဟောကြားရကြပါမည်။

အကယ်၍သာ သင်၏ပြောစကားများတို့ကို ဆင်ဆင်ခြင်ခြင်ဖြင့်သတိထားပြောဆိုပါက၊ သင်၏သင်ကြားပို့ချမှု၏ဩဇာသက်ရောက်မှုသည် ဆယ်ပြန်မကသောအနေအထားမျိုးဖြင့် ကြီးမားလာမည်ဖြစ်သည်။ အသက်ရှင်သန်ခြင်းသဘောဆောင်သည့် နှုတ်ထွက်စကားလုံးများတို့ကို တွန့်တိုသောစိတ်ထားမျိုးဖြင့် ပြောဆိုလာမိပြီ

ဆိုလျှင် သေခြင်းတရားသဘောကိုဆောင်ပြန်ပါသည်။ အကယ်၍သာ သင်၏တွန့်တိုသောစိတ်ထားမျိုး၊ သို့မဟုတ် သင်၏အပြောအဆိုများတို့အားဖြင့် တစ်ခုတည်းသောအသက်ဝိညာဉ်အတွက် တံခါးမကြီးကိုပိတ်ထားမိပါက ထိုအသက်ဝိညာဉ်သည် တရားစီရင်ရာကာလ၌ သင့်အားထိပ်တိုက်ရင်ဆိုင်ပေလိမ့်မည်။

သက်သေခံတော်မူချက်များတို့ဖြင့် ရည်ညွှန်းပြောကြားသောအခါ၊ သူတို့အားသဘောပေါက်လက်ခံလာအောင် ထပ်တလဲလဲပြောကြားပေးရမည့်တာဝန်ရှိသည်ဆိုသည့်ခံစားချက်မျိုးမထားရှိရပါ။ ထိုသက်သေခံတော်မူချက်တို့ကိုဖတ်ပြပေးရာတွင် စိတ်ကျေနပ်မှုကိုပေးသည့်စကားလုံးတို့နှင့် ရောနှောပြောဆိုခြင်းမရှိပါစေနှင့်။ ဤသို့ပြုလုပ်ခြင်းသည် နာကြားသူတို့အား ထာဝရဘုရား၏သူတို့အတွက် မိန့်တော်မူထားသောနှုတ်တော်ထွက်နှင့် သင်၏ပြောစကားတို့၏စပ်ကြား၊ ခွဲခြားသိမြင်နိုင်ခြင်းမရှိအောင် လုပ်ဆောင်ရာကျပါသည်။ သင့်အနေဖြင့် ထာဝရဘုရား၏နှုတ်တော်ထွက်ကို စော်ကားပြောဆိုမိခြင်းမဖြစ်အောင် သေသေချာချာလုပ်ရပါမည်။

ပြုပြင်ပြောင်းလဲခြင်းတို့ကိုမြင်တွေ့ရရန်အတွက် ကျွန်ုပ်တို့တောင့်တကြရာတွင် ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့ဆန္ဒရှိကြသည်အတိုင်း မတွေ့မမြင်ရကြခြင်းကြောင့် ဆိုးညစ်သောစိတ်ဓာတ်မျိုးသည် ကျွန်ုပ်တို့၏ခွက်ထဲသို့ အရိအသေကင်းမဲ့မှုအစက်အပေါက်တို့ကို ကျရောက်သွားစေရန်အတွက် မကြာခဏဆိုသလို အခြေအနေပေးအပ်မိကာ၊ ဤသို့အားဖြင့် အခြားသောသူအတွက် မခံချိမခံသာဖြစ်လာစေပါသည်။ ကျွန်ုပ်တို့၏အမြော်အမြင်ကင်းမဲ့သောနှုတ်ထွက်စကားလုံးတို့ကြောင့် သူတို့၏စိတ်ထဲတွင် ကသိကအောက်ခံစားလာရကြကာ ဆန့်ကျင်ဖီဆန်လိုစိတ်များပေါ်ပေါက်လာမည်ဖြစ်သည်။

သင်ဟောကြားသောတရားဟောချက်တိုင်း၊ သင်ရေးသားသောဆောင်းပါးတိုင်းတို့သည် အားလုံးမှန်ကန်မှုရှိရမည်ဖြစ်သော်လည်း တစ်စက်တလေမျှသောအရိအသေတန်မှုမျိုး ၎င်းဟောပြော၊ ရေးသားမှုထဲတွင် ပါဝင်လာခြင်းဖြင့် နာကြားသူ၊ သို့မဟုတ် စာဖတ်သူတို့အတွက် အဆိပ်အတောက်ဖြစ်လာစေမည်ဖြစ်သည်။ ဤအဆိပ်စက်ကလေးကြောင့် တစ်စုံတစ်ယောက်သည် သင်၏ကောင်းမြတ်ပြီးလက်သင့်ခံနိုင်သောပြောစကားတို့ကို လွှင့်ပစ်လိုက်မည်သာဖြစ်သည်။ နောက်ထပ်လူတစ်ယောက်မှာမူ ဤကဲ့သို့သောကြမ်းတမ်းသောစကားမျိုးကို နှစ်သက်တတ်သည်အလျောက်၊ အဆိပ်ကိုစားမိမည်သာဖြစ်ပါသည်။ သူသည် သင့်ကိုနမူနာယူပြီး၊ သင်ပြောဆိုသည့်အတိုင်း ပြောဆိုလာတတ်ပါသည်။ ဤသို့အားဖြင့် ဆိုးညစ်မှုသည် တိုးပွားလာပါတော့သည်။



ထာဝရတည်တံ့နေမည့် သမ္မာတရားတော်၏အခြေခံစည်းမျဉ်းတို့ကို ပေးကမ်းကြသောသူတို့သည် သံလွင်ကိုင်းနှစ်ခက်မှဖြည့်ဆည်းလာသည့် သန့်ရှင်းသောဆီမျိုး၊ သူတို့၏စိတ်နှလုံးအတွင်း ရှိနေရန်လိုအပ်ကြပါသည်။ ဤဆီသည် ပြောင်းလဲခြင်းကိုဖြစ်ပေါ်စေသည့် နှုတ်ထွက်စကားတို့အားဖြင့် စီးဝင်သွားစေရမည်ဖြစ်သော်လည်း စိတ်အနှောင့်အယှက်ဖြစ်စေရန်မဟုတ်ပါ။ ချစ်ခြင်းမေတ္တာသဘောမျိုးဆောင်သည့်စကားမျိုးဖြင့် သမ္မာတရားတော်အကြောင်းကို ပြောပြပေးရပါမည်။ ထိုနောက်တွင် သခင်ယေရှုသည် သူ၏ဝိညာဉ်တော်အားဖြင့် ခွန်အားနှင့်စွမ်းအားကို ဝေငှပေးတော်မူမည်ဖြစ်သည်။ ဤကား၊ သူ၏အလုပ်ပင်ဖြစ်ပါသည်။ "Testimonies for the Church," vol. 6, pp. 120-123.

## ဆန့်ကျင်ကန့်ကွက်မှုများတို့ကိုကိုင်တွယ်ဖြေရှင်းနည်း

အသရေပျက်အောင်လုပ်ကြံပြောဆိုခြင်းနှင့် လွဲမှားစွာဖြင့်လိုက်လံပြောဆိုခြင်းတွင်သာ ကျင်လည်လုပ်ဆောင်နေသော ကျွန်ုပ်တို့၏အတိုက်အခံများတို့၏ကတ်သီးကတ်သတ်အပြစ်ရှာပြောဆိုခြင်းတို့အပေါ် ကျွန်ုပ်တို့က အချိန်ကုန်ခံပြီးအာရုံပြုခြင်းထက် အချိန်နှင့်အားအင်တို့ကို အခြားသောကောင်းမြတ်သောလုပ်ရပ်တွင် ပိုမို၍အသုံးပြုနိုင်ပါသည်။ လူလိမ်လူညစ်များနှင့် ရိုးသားမှုမရှိသောအတိုက်အခံတို့၏လှည့်ပတ်မှုများနောက်သို့လိုက်ပါပြီး၊ ထောက်ခံပြောဆိုခြင်းတို့အတွက် တန်ဖိုးရှိလှသောအချိန်ကိုဖြုန်းတီးနေကြသောအချိန်တွင် ဖျောင်းဖျရှင်းပြပြောဆိုမှုကို လိုလိုလားလားလက်ခံကြမည့်လူတို့မှုကား၊ အသိဉာဏ်ဗဟုသုတကို လိုချင်စိတ်ပြင်းပြလှကြပါသည်။ အသိတရားကင်းမဲ့သည့် ကတ်သီးကတ်သတ်အပြစ်ရှာပြောဆိုခြင်းဖြစ်သော စာတန်မာရ်နတ်၏ကိုယ်ပိုင်ထွင်လုံးအစဉ်အတန်းကြီးသည် စိတ်အတွေးများတို့တွင်ပေါ်ပေါက်လာချိန်၌ လူတို့သည် သတ်မှတ်ထားသောရာသီတွင် အစာရေစာနှင့်အသားဟင်းလျာများတို့အတွက် အော်ဟစ်တောင်းဆိုနေကြပါသည်။

၎င်းလုပ်ရပ်မျိုးသည် သမ္မာတရားတော်ကို အတိုက်အခံစစ်ပြုဆင်နွှဲနေကြရေးအတွက် သင်တန်းဆင်းပြီးသောလူတို့က ကတ်သီးကတ်သတ်အပြစ်ရှာပြောဆိုတတ်သောသူတို့ကို မွေးထုတ်ပေးရာကျပါသည်။ ထိုကဲ့သို့သောမွေးထုတ်ခံလာရသောသူတို့ကို ထိုသင်တန်းဆင်းပြီးသောလူတို့ထံမှ ဆွဲထုတ်လာနိုင်ရန်နှင့် ကျွန်ုပ်တို့က သမ္မာတရားတော်အကြောင်းနှင့်ပတ်သက်ပြီး ကမ္ဘာမြေကြီးပေါ်သို့ ပုံနှိပ်ဖြန့်ချိဝေငှပေး

ခြင်းမပြုခဲ့ခြင်းကြောင့် ထိုသမ္မာတရားတော်အကြောင်းကို မည်သည့်အခါမျှတွေးတော စဉ်းစားမိခဲ့ခြင်းမရှိကြသော ထောင်ပေါင်းများစွာသောသူတို့ကိုပါ ခေါ်ထုတ်လာရေး အတွက် ကျွန်ုပ်တို့သည် အမြော်အမြင်မရှိကြပါ။

သခင်ခရစ်တော်၏သင်ကြားပို့ချမှုအစီအစဉ်တော်သည် ကျွန်ုပ်တို့အတွက်သာ လျှင်ဖြစ်သင့်ပါသည်။ သူ၏မိန့်တော်မူချက်တို့သည် ထိရောက်ပြတ်သားလှပြီး ရိုးရှင်း မှုလည်းရှိကာ၊ အကြောင်းခြင်းရာပြဿနာ၏ဇာစ်မြစ်များနှင့် သူနှင့်ထိတွေ့မှုရှိနေကြ သော အားလုံးသောသူတို့၏စိတ်အတွေးများဆီသို့ တိကျတည့်မတ်စွာဖြင့် ထိုးနှက် မိန့်ကြားနိုင်တော်မူပါသည်။ အတိုက်အခံပြုသူတို့ကို သိမ်းသွင်းစည်းရုံးရန်၊ သို့မဟုတ် နှုတ်ဆိတ်သွားကြစေရန်အတွက် အနည်းငယ်မျှသောအငြင်းအခုံကလေးများတို့ဖြင့် အကြောင်းခြင်းရာအပေါ်လွှမ်းမိုးထားနိုင်ပြီး၊ လက်တွေ့ကျသောရည်ရွယ်ချက်အားလုံး တို့အတွက် ထိုငြင်းခုံမှုသည် လုံလောက်မှုရှိပါက၊ အလွန်တိကျပြတ်သားရန်ဆိုသည့် အချက်နှင့် အချက်အလက်တစ်ခုနှင့်ပတ်သက်ပြီး မညှာမတာနှင့်မခြွင်းမချန်ပြောလား ဆိုလားလုပ်ခြင်းသည် အကောင်းဆုံးသောမူဝါဒမဟုတ်ပါ။

သင့်အနေဖြင့် ယနေ့တွင်အမှီအတွယ်တိုင်းတို့ကို ဖယ်ရှားပစ်နိုင်မည်ဖြစ်ပြီး၊ ကန့်ကွက်ပြောဆိုကြသောသူတို့၏ပါးစပ်ပေါက်တို့ကိုပိတ်ထားခြင်းဖြင့် မည်သည့်အရာ ကိုမျှသူတို့မပြောနိုင်တော့သည့်တိုင် မနက်ဖြန်တွင် သူတို့သည် အလားတူသောအကြောင်း ခြင်းရာမျိုးကို ပြန်လည်ချပြပြောဆိုကြမည်ဖြစ်သည်။ သူတို့၏အမိုက်မှောင်ထုနှင့် မှားယွင်းမှုများတို့ကို သူတို့ထံမှဖယ်ရှားခြင်းခံရကြမည်ကိုစိုးသောကြောင့် သူတို့သည် သမ္မာတရားတော်ကိုမြတ်နိုးကြခြင်းမရှိကြသည့်အပြင် အလင်းတရားဆီသို့လာရောက် ကြတော့မည်မဟုတ်သည်အလျောက်၊ သူတို့၏ဆန့်ကျင်ပြောဆိုမှုများတို့သည် အကြိမ်ကြိမ် ပေါ်ပေါက်လာပေဦးမည်။

သခင်ခရစ်တော်၏အမှုတော်ဆောင်တော်မူခဲ့သောကာလသည် သုံးနှစ်မျှသာ ကြာမြင့်ခဲ့သော်လည်း၊ ထိုတိုတောင်းသောကာလအတွင်း ကြီးမားလှသောအလုပ်တစ်ခု ကို ဆောင်ရွက်တော်မူခဲ့ပါသည်။ ယခုကဲ့သို့သော နောက်ဆုံးသောနေ့ရက်များအတွင်း တိုတောင်းလှသောအချိန်အတွင်းတွင် ပြီးမြောက်အောင်လုပ်ဆောင်ရကြမည့် ကြီးမား သောအလုပ်တစ်ခုရှိနေပါသည်။ များစွာသောသူတို့သည် တစ်စုံတစ်ခုကိုလုပ်ကိုင်ကြ ရန် အဆင်သင့်ဖြစ်နေကြချိန်၌ အသက်ဝိညာဉ်များတို့သည် အလင်းတရားနှင့်အသိ တရားကင်းမဲ့မှုတို့ကြောင့် ပျက်စီးခြင်းသို့ရောက်ရှိသွားကြမည်ဖြစ်သည်။





သမ္မာကျမ်းစာတော်၏သမ္မာတရားတော်ကို ပေးကမ်းဝေငှခြင်းနှင့်အကာအကွယ် ပေးခြင်းအမှုတို့တွင် ပါဝင်လုပ်ဆောင်ပေးကြသောလူသားများတို့အနေဖြင့် ဘုရားသခင် ၏သမ္မာတရားတော်ကို လိမ်လည်မှုအဖြစ်သို့ မရိုးဖြောင့်သောသဘောဖြင့် ပြောင်းလဲ ပစ်လိုက်သောလူတို့၏အတွေးမှားမှုနှင့် ရှေ့နောက်မညီညွတ်မှုတို့ကို စုံစမ်းဖော်ထုတ် ပြသပေးရသည့်တာဝန်ကိုရယူကြပါက၊ စာတန်မာရ်နတ်သည် လူတို့အားဒုက္ခရောက် သွားစေသည့်အလုပ်မျိုးကို လုပ်ဆောင်နေစဉ်အတွင်း၌ပင် ဘုရားသခင်ကတာဝန်ပေး ထားတော်မူသော ထိုသူတို့၏အတိုက်အခံတို့အား သူတို့၏ကလောင်တံတို့ကို စဉ်ဆက် မပြတ်အသုံးချကြစေရန်အတွက် လုံလောက်သောလှုံ့ဆော်မှုကို ဆောင်ရွက်နေပါသည်။ ယေရုရှလင်မြို့တော်၏မြို့ရိုးများကို ပြန်လည်တည်ဆောက်ခဲ့ကြရာတွင် ပါဝင်လုပ်ကိုင် ကြသောသူတို့၏စိတ်ဓာတ်မျိုးထက် ပိုမိုသာလွန်သောစိတ်ဓာတ်မျိုးကို ကျွန်ုပ်တို့ လက်ကိုင်ထားရကြပါမည်။ ကျွန်ုပ်တို့သည် ကြီးမားသောအမှုတော်ကိုထမ်းဆောင်နေ ကြသည့်အလျောက်၊ ကျဆုံးခြင်းမရှိနိုင်ပါ။ အကယ်၍ စာတန်မာရ်နတ်သည် အတိုက် အခံပြုသူတို့၏ဆန့်ကျင်ကန့်ကွက်မှုတို့ကြောင့် လူတို့အားဒုက္ခရောက်စေနိုင်မည်ဆိုပါက လက်ရှိအချိန်ကာလအတွက် အရေးအကြီးဆုံးသောအမှုတော်ကို ထမ်းဆောင်နေမှုကို ဟန့်တားထားနိုင်ခြင်းဖြင့် သူ၏ရည်မှန်းချက်သည် အောင်မြင်ပြီးမြောက်ပြီဖြစ်မည်။

## ဆွေးနွေးပွဲများကိုကြံဖန်ပြီးမပြုလုပ်ပါနှင့်

ငယ်ရွယ်သောတရားဟောဆရာများတို့အနေဖြင့် ဆွေးနွေးပွဲများကိုရှောင်ရှား သင့်ကြပြီး၊ ထိုဆွေးနွေးပွဲသည် ဝိညာဉ်ရေးဆိုင်ရာထက်သန်မှု၊ သို့မဟုတ် စိတ်အတွေး ဆိုင်ရာ နှိမ့်ချခြင်းတို့ကို တိုးတက်စေခြင်းမရှိပါ။ အချို့သောကိစ္စရပ်များတွင် မိမိ ကိုယ်ကိုမိမိအထင်ကြီးသောလူကြွားတစ်ယောက်ကို ဘုရားသခင်၏သမ္မာတရားတော် နှင့်ပတ်သက်သည့် ပွင့်လင်းသောဆွေးနွေးငြင်းခုံခြင်းဖြင့် ရင်ဆိုင်ကြရာတွင်၊ ထိုလုပ်ရပ် မျိုးလိုအပ်တတ်ပါသည်။ သို့သော်လည်း များသောအားဖြင့် စကားဖြင့်ပြောဆိုမှုအား ဖြင့်လည်းကောင်း၊ သို့မဟုတ် စာဖြင့်ရေးသားခြင်းအားဖြင့် ပြုလုပ်သောဆွေးနွေးငြင်းခုံ မှုမျိုးသည် ကောင်းသောရလဒ်ထက်၊ ထိခိုက်နစ်နာမှုကို ပိုမို၍ဖြစ်ထွန်းစေပါသည်။ ထိုငြင်းခုံဆွေးနွေးမှု၏အပိုင်းတွင် စိတ်ပါဝင်စားမှုမကျဆင်းကြစေရေးအတွက် ထောက်မ ထားရန်မှာ တာဝန်ယူရမှုအပိုင်းသည် အမှုတော်ဆောင်အပေါ်တွင် ကျရောက်နေပြီ

ဖြစ်သည်။ သူ့အနေဖြင့် ဘာသာရေးကိုင်းရှိုင်းသောထက်သန်တက်ကြွမှုကြောင့် ပေါ်ပေါက်လာတတ်သည့်တုံ့ပြန်မှုမျိုးကို သတိပြုရမည်ဖြစ်ပြီး၊ စိတ်ဓာတ်ကျဆင်းသွားမှုမရှိရလေအောင် သတိထားရပါမည်။

များသောအားဖြင့် ကျွန်ုပ်တို့၏အမှုတော်ဆောင်များတို့အပေါ်ကျရောက်နေသော ဆွေးနွေးငြင်းခုံမှု၏ဩဇာအရှိန်အဝါသည် သူတို့အား မိမိတို့ဘာသာမိမိတို့လောက်ငရေးအတွက်သာ လုပ်ဆောင်စေပြီး၊ သူတို့၏ထင်မြင်ယူဆချက်တို့အပေါ်အထင်ကြီးစေအောင်လုပ်ဆောင်စေပါသည်။ ဤမျှဖြင့်ပင်မကသေးပါ။ စကားအချေအတင်ပြောဆိုမှုကို လိုလားနှစ်သက်ကြသောသူတို့သည် လူအများတို့အတွက် အသင်းအုပ်များဖြစ်ရန် ကိုက်ညီမှုမရှိကြပါ။ သူတို့သည် အတိုက်အခံတို့ကိုရင်ဆိုင်ပြီး၊ ငြေါ်တော့တော့အကြောင်းအရာများကို ပြောထွက်ကြရန်အတွက် သူတို့၏စိတ်အတွေးတို့ကိုလေ့ကျင့်ပေးနေကြသည်အလျောက် ဝမ်းနည်းပူဆွေးနေကြပြီး နှစ်သိမ့်ပေးမှုမျိုးလိုအပ်နေကြသောနှလုံးသားတို့ဆီသို့ သွားရောက်တွေ့ဆုံပေးနိုင်ခြင်းမရှိကြပါ။

လူကြိုက်မများလှသည့်အပြင် လေးပင်လှသောကပ်တိုင်တော်အကြောင်းပါရှိထားသော သမ္မာတရားတော်အကြောင်းကို အသိပေးတင်ပြပေးကြရာတွင် တရားဟောဆရာတို့သည် ထိုသမ္မာတရားတော်၌ ဘုရားသခင်မိန့်မြွက်စေလိုတော်မူသည့်အတိုင်း သူတို့၏နှုတ်ထွက်စကားလုံးတိုင်းတို့ကို သတိထားပြောဆိုသင့်ကြပါသည်။ သူတို့၏နှုတ်ထွက်စကားလုံးတို့သည် မည်သည့်အခါမျှတစ်ပါးသူတို့ကိုမထိခိုက်ပါစေနှင့်။ သူတို့သည် စိတ်နှိမ့်ချခြင်းနှင့် အသက်ဝိညာဉ်တို့အတွက် အနက်နဲဆုံးသောချစ်ခြင်းမေတ္တာမျိုးဖြင့်အပြင်၊ ထိုအသက်ဝိညာဉ်တို့၏ကယ်တင်ခံရကြအရေးအတွက် အထက်သန်ဆုံးသောဆန္ဒမျိုးဖြင့် သမ္မာတရားတော်ကိုဝေငှပေးကမ်းကြခြင်းဖြင့် သမ္မာတရားတော်ကိုထိရောက်စွာသက်ရောက်မှုရှိပါလေစေ။ "Testimonies for the Church," vol. 3, pp. 213-218.

ဆွေးနွေးငြင်းခုံမှုများတို့ကို အမြဲတစေရှောင်လွှဲ၍မရနိုင်ပါ။ အတိုက်အခံတို့၏တိုက်ပွဲဆင်မှုကို မြင်တွေ့လိုကြသောလူတို့သည် ထိုဆွေးနွေးငြင်းခုံမှုမျိုးကို အကျယ်တဝင့် တောင်းဆိုတတ်ကြပါသည်။ ဆွေးနွေးငြင်းခုံမှုများတွင်ပါဝင်သည့်အကြောင်းအရာနှင့်ပတ်သက်သော နှစ်ဦးနှစ်ဖက်တို့ကတင်ပြလာကြသည့် သက်သေအထောက်အထားများတို့ကို နားထောင်လိုကြသောအခြားသောသူတို့အနေဖြင့် ရိုးသားသောရည်ရွယ်ရင်းဖြင့် ထိုဆွေးနွေးပွဲမျိုးကိုတောင်းဆိုလာကြမည်ဖြစ်သော်လည်း၊ ထိုဆွေးနွေးပွဲမျိုးကို



ရှောင်ရှားနိုင်သောအချိန်မျိုးဆိုလျှင် သူတို့အနေဖြင့် ရှောင်ရှားရကြမည်ဖြစ်သည်။ သူတို့သည် သဘောထားကွဲလွဲမှုရှိနေကြသည့်တိုင်၊ သူတို့၏နှလုံးသားများအတွင်းကိန်းအောင်းနေသော စင်ကြယ်မွန်မြတ်လှသည့်ချစ်ခြင်းမေတ္တာနှင့် အထွတ်အမြတ်ဖြစ်သောစာနာထောက်ထားစိတ်တို့ကို လျော့ပါးသွားစေကြပြီး၊ စကားစစ်ထိုးရန်အဆင်သင့်ရှိလိုမှုတို့ကို များသောအားဖြင့် တွန်းအားပေးတတ်ကြပါသည်။

ဤကဲ့သို့သောခေတ်ကာလအတွင်း ကမ္ဘာကြီးသည် ဆွေးနွေးငြင်းခုံမှုတစ်ရပ်ကို တောင်းဆိုခြင်းသည် လူ့အသိုက်အဝန်းအတွင်းရှိ လူအစုအဖွဲ့တို့က သမ္မာတရားတော်အကြောင်းကို စုံစမ်းထောက်လှမ်းလိုသော ပြင်းပြသည့်ဆန္ဒ၏မှန်ကန်သောသက်သေအထောက်အထားမျိုးမဟုတ်သော်လည်း ဆန်းသစ်မှုကိုမြတ်နိုးစိတ်နှင့် ဆွေးနွေးငြင်းခုံမှုများအပေါ် ယေဘုယျအားဖြင့်အာရုံစိုက်လုပ်ဆောင်လိုသည့် တက်ကြွလှုပ်ရှားမှုတို့မှပေါ်ထွက်လာသောအရာဖြစ်ပါသည်။ ဤတိုက်ပွဲဆင်နွှဲမှုများတို့အားဖြင့် ဘုရားသခင်၏ဘုန်းအာနုဘော်တော်သည် ချီးမွမ်းခြင်းခံရခဲ့လှ၊ သို့မဟုတ် သမ္မာတရားတော်သည် ရှေ့တန်းတင်ခံရခဲ့လှပါသည်။ သမ္မာတရားတော်လက်ခံခြင်းခံရသည်ဖြစ်စေ၊ ငြင်းပယ်ခံရသည်ဖြစ်စေ ပေါ်ထွက်လာသည့်ရလဒ်သည် သေးငယ်သော်လည်း၊ ထိုရလဒ်သည် အထူးတည်ကြည်ခန့်ညားပြီး အရေးပါလှပါသည်။ သမ္မာတရားတော်အကြောင်းကို ဆွေးနွေးရာ၌ ပါဝင်ဆွေးနွေးသူတို့၏ကျွမ်းကျင်မှုကို အတိုက်အခံပြုသူတို့အား ပြသလိုသည့်သဘောမျိုးဖြင့် ဆွေးနွေးငြင်းခုံခြင်းသည် အမြဲတစေညံ့ဖျင်းမှုရှိသည့်မူဝါဒဖြစ်သည့်အလျောက်၊ ဤလုပ်ရပ်ကြောင့် သမ္မာတရားတော်အကြောင်းတိုးတက်ရေးကိုအလွန်နည်းပါးစွာဖြင့်သာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

သမ္မာတရားတော်၏အတိုက်အခံများတို့သည် သမ္မာတရားတော်အတွက်ခုခံကာကွယ်ပေးကြသောသူတို့၏အနေအထားတို့ကို မှားယွင်းသောထုတ်ဖော်ပြသတတ်သည့် သူတို့၏ကျွမ်းကျင်မှုကိုပြသကြလိမ့်မည်ဖြစ်သည်။ ထိုအတိုက်အခံများတို့သည် အထွတ်အမြတ်ဖြစ်သောသမ္မာတရားတော်ကို အများအားဖြင့်ပြက်ရယ်ပြုကြပြီး၊ မှားယွင်းမှုကြောင့် စိတ်အတွေးများအမှောင်ထုလွှမ်းခြုံခံရပြီး၊ အပြစ်တရားကြောင့် စိတ်အတွေးများညစ်ညမ်းနေကြသည့် သူတို့၏ရှေ့မှောက်တွင် ထိုသမ္မာတရားတော်ကို မှားယွင်းသောရှုမြင်မှုဖြင့် ချပြထားကြပါသည်။ ထိုကဲ့သို့သမ္မာတရားတော်ကို မှားယွင်းစွာချပြခြင်းခံရသောသူတို့သည် ထိုအကောက်ကြံကြသောသူတို့က အရေးပါလှသောသမ္မာတရားကို ဖုံးဖိကွယ်ဝှက်ထားပြီး၊ လိမ်လည်တုပပြသကြရသည့်ရည်ရွယ်ရင်းများနှင့်

ရည်မှန်းချက်များတို့ကို ထိုးထွင်းသိမြင်နိုင်ကြခြင်းမရှိပါ။ ထိုလုပ်ရပ်မျိုးတွင် ပါဝင်လုပ်ဆောင်နေကြသောသူတို့ကြောင့် မှန်ကန်သောအခြေခံစည်းမျဉ်းများနှင့်ပတ်သက်ပြီး ဦးဆောင်ဦးရွက်ပြုနိုင်ကြရေးအတွက် အနည်းငယ်မျှသာဆွေးနွေးညှိနှိုင်းမှုများရှိရပါမည်။ ထက်မြက်လှသည့်ဘေးတီးမြောက်ထိုးပင့်ကော်လုပ်မှုများ အထူးများပြားလာပြီး၊ ပင်ကိုစရိုက်များတွင်သာ မွေ့လျော်နေကြကာ၊ အသင်းအဖွဲ့နှစ်ခုလုံးတို့သည် ထေ့ငေါ့ပြောဆိုမှုမျိုးနှင့် ဟာသမြောက်အောင် လိမ္မာပါးနပ်စွာဖြင့်ပြောဆိုမှုများတို့တွင်သာ ကျရောက်သွားကြပါတော့သည်။ တစ်ဖက်ကမ်းခပ်တတ်မြောက်လာစေရေးအတွက် ပိုမိုကြီးမားသောအလိုဆန္ဒကြောင့် အသက်ဝိညာဉ်များတို့အပေါ် ထားရှိရမည့်ချစ်ခြင်းမေတ္တာမျိုးလည်း ပျောက်ဆုံးသွားကုန်ပါတော့သည်။

များစွာသောသူတို့၏အကျင့်တို့သည် ဆိုးညစ်လှသောကြောင့် သူတို့သည် အလင်းထက်အမှောင်ထုကိုရွေးချယ်နေကြပါသည်။ အကယ်၍ မတူကွဲပြားသောပုံစံမျိုးဖြင့်သော်လည်းကောင်း၊ မတူကွဲပြားသောပတ်ဝန်းကျင်အခြေအနေများတို့၏အောက်တွင်လည်းကောင်း သမ္မာတရားတော်အကြောင်းကို ပေးကမ်းဝေငှပေးသည့်အပြင်၊ သူတို့ကိုအငြင်းပွားမှုများအပေါ် သူတို့ကိုယ်တိုင်လေ့လာချိန်ဆနိုင်မည့် တရားမျှတမှုရှိသောအခွင့်အရေးတစ်ခုကိုပေးအပ်ပြီး၊ ကျမ်းစာတော်မြတ်ကို ကျမ်းစာတော်မြတ်ဖြင့်နှိုင်းယှဉ်လေ့လာခွင့်ပေးပါက၊ သမ္မာတရားတော်၏ထင်ရှားရှင်းလင်းပြတ်သားမှုအားဖြင့် ဆွဲဆောင်၍ရနိုင်သောသူများရှိနေကြပြီး၊ သူတို့သည် သမ္မာတရားတော်ကို ဆုပ်ကိုင်ထားကြပေလိမ့်မည်။

ယေဟောဝါထာဝရဘုရား၏တည်ကြည်ခန့်ညားပြီး၊ အထွတ်အမြတ်ဖြစ်သောသမ္မာတရားတော်ကိုဖုံးကွယ်ထားပြီး မည်သည့်အကျိုးဖြစ်ထွန်းမှုမျိုးကိုမျှ ဖန်တီး၍မရနိုင်အောင် အကောက်ကြံသောသူတို့၏ထောက်ပံ့မှုတို့ဖြင့် ကျွန်ုပ်တို့၏နှုတ်မစောင့်ကြသောအမှုတော်ဆောင်များတို့သည် ကမ္ဘာမြေကြီးပေါ်သို့ အယူမှားသူတို့၏စဉ်းလဲသောတစ်ပတ်ရိုက်မှုတို့ကို ထုတ်ပြန်ကြေညာပေးကြပါသည်။ သတိမရှိသောသူကိုလှည့်ဖြားကြရန်အတွက် အလစ်အငိုက်ချောင်းနေကြသည့် ကလိမ်ဉာဏ်များသောသူတို့သည် ဘုရားသခင်၏နှုတ်တော်ထွက်အပေါ် အယူတိမ်းစေရန်အတွက် ဉာဏစွမ်းအားအစွမ်းသတ္တိကို ထုတ်ပေးကြပါသည်။ သူတို့၏အဖျက်လုပ်ရပ်အတွင်းသို့ အတွေ့အကြုံမရှိကြသေးသောသူများနှင့် အန္တရာယ်ကိုထည့်သွင်းစဉ်းစားထားခြင်းမရှိသောသူများတို့သည် သွေးဆောင်လှည့်ဖြားခြင်းခံနေရကြပါသည်။ ဘုရားသခင်၏သမ္မာတရားတော်ကို ဆန့်ကျင်



တိုက်ပွဲဆင်နေကြသည့် အတိုက်အခံများရှိသောနေရာတိုင်းတို့တွင် အငြင်းပွားစရာအကြောင်းခြင်းရာအားလုံးတို့ကို ထုတ်ပြန်ကြေညာခြင်းသည် ကြီးမားလှသောမှားယွင်းသည့်လုပ်ရပ်တစ်ခုဖြစ်ပါသည်။ လူတန်းစားအလွှာတိုင်းတို့ရှိ ထိုကဲ့သို့သောစိတ်အတွေးမျိုးရှိနေကြသောသူတို့သည် သူတို့လုံးဝထည့်သွင်းစဉ်းစားမိခဲ့ခြင်းမရှိသော သမ္မာတရားတော်အပေါ် ဆန့်ကျင်တိုက်ပွဲဆင်လာကြစေရန်အတွက် ထိုအငြင်းပွားစရာအကြောင်းခြင်းရာတို့က ထောက်ပံ့ပေးသကဲ့သို့ဖြစ်ပါသည်။ ဤအမြော်အမြင်ကင်းမဲ့သော ခြိုင်ငုံကောက်ချက်ချမှုအတွက် တစ်စုံတစ်ဦးအနေဖြင့် အကြောင်းပြချက်တစ်ခုကို ပြသပေးရပါလိမ့်မည်။

အထွတ်အမြတ်ဖြစ်သော သမ္မာတရားတော်အပေါ်အငြင်းပွားခြင်းသည် သူတို့၏သြဇာသက်ရောက်မှုကို လျော့ပါးသွားစေကာ၊ သမ္မာတရားတော်၏စွမ်းအားနှင့်ပတ်သက်ပြီး အသိအမြင်ကောင်းစွာမရှိသောစိတ်အတွေးများအပေါ်၊ ထိခိုက်မှုရှိစေပါသည်။ စဉ်းစားချင့်ချိန်တတ်သော ကိုယ်ကျင့်တရားရှိကြသည့် လူ့အသိုက်အဝန်းရှိလူအများစုတို့အနေဖြင့် အပြစ်တရားနှင့်အကျွမ်းတဝင်ရှိနေကြခြင်းကြောင့် ထိရောက်မှုရှိသောအရည်အသွေးလျော့ပါးလာကြပါသည်။ ပျက်စီးဆုတ်ယုတ်နေသော ဤခေတ်ကာလကြီးတွင် နေရာတကာ၌တွေ့ရှိနေရသည့် ကိုယ်ကျိုးဆန်မှု၊ မရိုးဖြောင့်မှုနှင့်ကွဲပြားခြားနားသောအပြစ်တရားများတို့သည် ထာဝရတည်မြဲနေသည့်အရာများတို့အပေါ် စွဲလမ်းခြင်းအရည်အသွေးထိရောက်မှုကို နည်းပါးလာစေသည့်အလျောက်၊ ဘုရားသခင်၏သမ္မာတရားတော်အပေါ် ပိုင်းခြားနားလည်နိုင်ခြင်းမရှိကြတော့ပါ။ ကျွန်ုပ်တို့၏အတိုက်အခံတို့၏မမှန်ကန်သောအငြင်းပွားမှုတို့ကို လူသိရှင်ကြားအသိပေးကြရာတွင် သမ္မာတရားတော်နှင့်အယူမှားတို့သည် လူတို့၏စိတ်အတွေးများအတွင်း အနေအထားတစ်ခုဖြင့်တည်ရှိနေကြပြီး၊ အကယ်၍ ထိုလူတို့အနေဖြင့် သမ္မာတရားတော်၏ရှင်းလင်းထင်ရှားမှုအားဖြင့် ထိုသမ္မာတရားတော်၏အထွတ်အမြတ်ဖြစ်မှုနှင့်အရေးပါမှုတို့ကိုတွေ့မြင်ရပြီး၊ နားလည်သဘောပေါက်ကြသည်အထိ ထိုသမ္မာတရားတော်ကို သူတို့၏မျက်မှောက်၌ ထားရှိနိုင်ကြပါက၊ ထိုလူတို့သည် သမ္မာတရားတော်၏ကူညီစောင်မမှုအားဖြင့် ပြင်းထန်လှသောအငြင်းအခုံသဘောတရားကို နားလည်သဘောပေါက်ကြမည်ဖြစ်ကာ၊ အတိုက်အခံတို့ကတောင်းဆိုလာသည့် ဆွေးနွေးငြင်းခုံမှုများတို့ကို ရင်ဆိုင်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်နိုင်ကြမည်ဖြစ်သည်။

သမ္မာတရားတော်အကြောင်းကိုသိရှိကြရန်နှင့် ဘုရားသခင်၏အလိုတော်အကြောင်းကို နားလည်သဘောပေါက်နိုင်ကြရန်အတွက် ကြိုးပမ်းအားထုတ်နေကြသောသူများ၊ အလင်းတရားတော်အပေါ် သစ္စာစောင့်သိနေကြသောသူတို့နှင့် သူတို့၏နေ့စဉ်တာဝန်ထမ်းဆောင်မှုတို့တွင် အားမာန်အပြည့်အဝဖြင့် လုပ်ဆောင်ကြသောသူတို့အနေဖြင့် ဒေသနာတော်ကိုဧကန်အမှန်သိရှိလာကြမည်ဖြစ်ပြီး သမ္မာတရားတော်အားလုံးဆီသို့ သွေးဆောင်ခြင်းခံရကြမည်ဖြစ်သည်။ “Testimonies for the Church,” vol. 3, pp. 424-427.

သမ္မာတရားတော်နှင့်ပတ်သက်သောအကြောင်းခြင်းရာနှင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေခြင်းများတိုးတက်ရေးအတွက် လိုအပ်မှုရှိနေသော အတိုက်အခံတစ်ဦးနှင့်ရင်ဆိုင်ရမည့်အချိန်တိုင်းတို့တွင် သမ္မာတရားတော်အတွက် ထောက်ခံပြောဆိုပေးကြသူများတို့အနေဖြင့် သတိရှိရှိနှင့်နှိမ့်ချမှုတို့ဖြင့် ပဋိပက္ခအတွင်းပါဝင်ဆင်နွှဲရကြပါမည်။ စူးစိုက်မှုရှိသောစိတ်နှလုံး၊ အပြစ်အတွက်ဝန်ချတောင်းပန်ခြင်းနှင့် ထက်သန်သောဆုတောင်းခြင်းအပြင်၊ အခါအားလျော်စွာ ရံဖန်ရံခါအစာရှောင်ခြင်းအားဖြင့် အထူးသဖြင့် ဘုရားသခင်က သူတို့အားကူညီတော်မူရန်နှင့် သူ၏ကွယ်ကာစောင့်ရှောက်တော်မူခြင်းအပြင် ဘုန်းတော်နှင့်ပြည့်ဝသောအောင်မြင်မှုဖြစ်သည့် အဖိုးထိုက်လှသောသမ္မာတရားတော်ပေးသနားတော်မူရန်အတွက် တောင်းပန်တိုးလျှိုးခြင်းအားဖြင့် အယူမှားမှုသည်လည်း ရုပ်ပျက်ဆင်းပျက်သရုပ်မှန်ဖြင့်ရုပ်လုံးပေါ်လာပြီး၊ ၎င်းအယူမှားအတွက်ထောက်ခံပြောဆိုကြသူတို့သည်လည်း လုံးလုံးလျားလျားကသိကအောက်ဖြစ်လာကြမည်ဖြစ်သည်။

ရင်လေးဖွယ်ရာအခြေအနေမျိုးတွင် တင်းမာသည့်အငြင်းပွားမှုကို နိုင်နိုင်နင်းနင်းကိုင်တွယ်နိုင်ရေးအတွက် သင်၏တတ်သိနားလည်လွယ်မှုအပေါ်အားထားရင်း၊ ဆွေးနွေးငြင်းခုံမှုအတွင်းတွင် မည်သည့်အခါမျှပါဝင်ပတ်သက်ခြင်းမပြုသင့်ပါ။ အကယ်၍ထိုဆွေးနွေးငြင်းခုံမှုမျိုးကို အသာတကြည်ရှောင်ရှား၍မရနိုင်ပါက ထိုပဋိပက္ခအတွင်းသို့ဝင်ရောက်ရမည်ဖြစ်သော်လည်း၊ ထိုသို့ဝင်ရောက်ပြီဆိုလျှင် ဘုရားသခင်အပေါ်ခိုင်မာသောအားကိုးအားထားပြုမှုဖြင့်အပြင် နှိမ့်ချမှုရှိသောစိတ်မျိုးဖြင့်သာမကဘဲ နူးညံ့သိမ်မွေ့ပြီး စိတ်နှလုံးနှိမ့်ချတော်မူခြင်းရှိသော သူ၏ထံတော်မှသင်ကြားရယူရန်အတွက် သင့်အားတိုက်တွန်းပြောကြားတော်မူသော သခင်ယေရှု၏စိတ်ဓာတ်တော်ဖြင့် ပါဝင်ဆွေးနွေးပြောဆိုရမည်ဖြစ်သည်။ Id., vol. 1, pp. 624-626.



## အပြစ်အနာအဆာရှိသောနည်းလမ်းများ

ကျမ်းစာတော်မြတ်နှင့်ပတ်သက်လာလျှင် ကောင်းမြတ်သောစိတ်အတွေးများနှင့် ဉာဏ်ရည်ဉာဏ်စွမ်းများရှိနေကြသည့်တိုင် သူတို့၏အပြစ်အနာရှိသောလုပ်ဆောင်မှုတို့ကြောင့် သူတို့၏အသုံးဝင်မှုများတို့အတွက် အဟန့်အတားနှင့်ကြုံတွေ့နေရကြသောသူအများအပြားရှိနေကြပါသည်။ အသက်ဝိညာဉ်တို့ကိုကယ်ဆယ်ရေးလုပ်ငန်းတွင်ပါဝင်လုပ်ဆောင်နေကြသောလူအချို့တို့သည် အကောင်းဆုံးသောရလဒ်တို့ကို ဆုံးရှုံးခံရကြပြီး၊ ထိုသို့ဖြစ်ရခြင်းမှာ များစွာသောစိတ်အားတက်ကြွမှုဖြင့် သူတို့စတင်လုပ်ဆောင်ခဲ့ကြသောအလုပ်ကို စေ့စေ့စပ်စပ်ဖြင့်ပြီးမြောက်အောင်ဆောင်ရွက်ခြင်းမရှိကြသောကြောင့်ဖြစ်ပါသည်။ အခြားသောသူတို့သည် တင်ကူးမှန်းဆထားသော အတွေးအမြင်များအပေါ် ခွဲနပဲကြီးစွာဖြင့်တွယ်ဖက်ထားကြပြီး၊ ထိုအတွေးအမြင်များတို့ကို အရေးပါသောအရာအဖြစ်သို့ရောက်အောင် လုပ်ဆောင်ကြခြင်းဖြင့် လူများတို့အား အမှန်တကယ်လိုအပ်သောအရာများအတွက် သူတို့၏သင်ကြားပို့ချမှုနှင့်ကိုက်ညီမှုရှိအောင် ပြုမူနေထိုင်ရန်ပျက်ကွက်ကြပါသည်။ ပတ်ဝန်းကျင်အခြေအနေတို့နှင့် သူတို့အနေဖြင့်လိုက်လျောညီထွေမှုရှိအောင်နေတတ်ကြရန်လိုအပ်ကြောင်းကို လူအများတို့က သတိမမူမိခြင်းမရှိကြပါ။ ထို့အပြင်သူတို့သည် သူတို့နေထိုင်နေကြသောနေရာဒေသရှိလူတို့နှင့် ထိတွေ့ပေးရမည်ကိုလည်း စဉ်းစားမိကြခြင်းမရှိကြပါ။ သမ္မာကျမ်းစာတော်မြတ်၏စံနှုန်းစံထားအတိုင်း ခရစ်ယာန်ဘာသာတရားကိုးကွယ်သူများအဖြစ်သို့ ရောက်ရှိလာကြအောင်၊ သူတို့ကကူညီလိုကြသောလူတို့နှင့် တန်းတူအနေအထားဖြင့် မိမိတို့ကိုယ်ကိုမထားရှိကြပါ။ အချို့တို့က အောင်မြင်မှုမရရှိကြခြင်းမှာ သူတို့သည် အငြင်းပွားမှု၏အားအင်တစ်ခုတည်းအပေါ်တွင်သာအားထားကြပြီး၊ သူတို့အားညွှန်ကြားပေးရန်အတွက်ဉာဏ်ပညာနှင့် သူတို့၏ကြိုးစားအားထုတ်မှုတို့ကို မွန်မြတ်သန့်ရှင်းစေရန်အတွက် ကရုဏာတော်တို့ကို ဘုရားသခင်ထံတော်မှ စိတ်အားထက်သန်စွာဖြင့် အော်ဟစ်တောင်းခံခြင်းမရှိကြသောကြောင့်ဖြစ်ပါသည်။

မှားယွင်းမှု၏အမှောင်ထုအတွင်း မမြင်မကမ်း၊ စမ်းတဝါးဝါးဖြင့်သွားနေကြဆဲဖြစ်သောသူတို့အပေါ် အမှုတော်ဆောင်တို့က မျှော်လင့်ချက်များစွာမထားမိကြရန်သတိထားရကြပါမည်။ သူတို့သည် သူတို့၏အလုပ်ကို ကောင်းမွန်စွာလုပ်ဆောင်သင့်ကြသည့်အပြင်၊ စူးစမ်းလေ့လာတတ်သောစိတ်အတွေးတို့အား နက်နဲဆန်းကြယ်ပြီး၊

သက်ဝင်လှုပ်ရှားသည့် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်၏ဩဇာသက်ရောက်မှုကို ပေးဝေနိုင်ကြရန်အတွက် ဘုရားသခင်အပေါ်မှီခိုအားထားလျက်၊ ထိုကဲ့သို့သောဩဇာသက်ရောက်မှုမျိုးမပါရှိပါက အောင်မြင်မှုနှင့်လွဲချော်သွားရလိမ့်မည်ကို သိရှိနေရကြပါမည်။ သူတို့သည် စိတ်အတွေးများတို့နှင့်ထိတွေ့ဆက်ဆံနေကြရာတွင် သည်းခံစိတ်ရှိပြီး၊ အမြော်အမြင်ရှိရမည်ဖြစ်ကာ လူတစ်ဦးချင်းတို့တွင် မတူကွဲပြားသောဉာဏ်လက္ခဏာတို့ကိုတိုးပွားလာစေသည့် ပတ်ဝန်းကျင်အခြေအနေများ မည်သို့တိုးပွားလာနေသည်ကို သတိတရရှိရပါမည်။ ကိုယ်ကျိုးအတ္တ၏လွှမ်းမိုးကြီးစိုးမှုကိုခံရမည်စိုးရသည့်အပြင်၊ ထည့်သွင်းစဉ်းစားစရာမလိုလောက်တော့သောအနေအထားမျိုးအထိ သခင်ယေရှုကိုစွန့်ပယ်ထားမိမည်ကိုစိုးရသောကြောင့် သူတို့သည် မိမိတို့ကိုယ်ကိုလည်း တင်းတင်းကျပ်ကျပ်ဖြင့်ကာကွယ်ထိန်းသိမ်းရကြပါမည်။

အချို့သောအမှုတော်ဆောင်တို့သည် အောင်မြင်မှုမရရှိကြခြင်းမှာ သူတို့သည် အမှုတော်လုပ်ငန်းတွင် မမိုတ်မသုန်သောစိတ်ပါဝင်စားမှုမျိုးမထားရှိကြခြင်းကြောင့်ဖြစ်ပြီး၊ အထူးသဖြင့် ခွဲကောင်းမှုအပြင်၊ ကောင်းမွန်တိကျသောအနေအထားမျိုးဖြင့် လုပ်ဆောင်ရသောအချိန်တွင်ဖြစ်ပါသည်။ သူတို့သည် မှန်ကန်စွာလုပ်ဆောင်ကြသော လုပ်ဆောင်သူများမဟုတ်ကြသည်အလျောက်၊ သူတို့သည် တရားဟောစင်မြင့်၏အပြင်ဘက်ရှိ အမှုတော်လုပ်ငန်းကို ဆက်လက်လုပ်ဆောင်ကြခြင်းမရှိကြပါ။ သူတို့သည် အိမ်တစ်အိမ်မှတစ်အိမ်ဆီသို့သွားရောက်ပြီး အိမ်ထောင်မိသားစုအဝန်းအဝိုင်းအတွင်း အမြော်အမြင်ရှိစွာဖြင့်လုပ်ဆောင်နေရကြမည့် တာဝန်ကိုခေါင်းရှောင်နေကြပါသည်။ သူတို့အနေဖြင့် သူတို့၏ကြည့်ရှုစောင့်ရှောက်မှုအောက်တွင်ရှိနေကြသော အသက်ဝိညာဉ်တို့ဆီသို့ အကြင်နာတရားနှင့်ညှာတာထောက်ထားမှုတို့ကို သူတို့အတွက်ပြန်လည်ပေးဆပ်ပေးပြီး၊ သူတို့အတွက်မှန်ကန်သည့်စိတ်အားထက်သန်မှုနှင့်ယုံကြည်ခြင်းတို့ဖြင့် ဆောင်ရွက်ပေးကာ၊ သူတို့အား အသက်တာ၏ခရီးလမ်းကြောင်းကို သင်ကြားပို့ချပေးသော ရှားပါးလှသည့်ခရစ်ယာန်တို့၏ယဉ်ကျေးသောအပြုအမူမျိုးကို ပြုစုပျိုးထောင်ပေးရန်လိုအပ်ကြပါသည်။

အမှုတော်ဆောင်လုပ်ငန်းအတွင်း လူသားတို့၏ဩဇာအရှိန်အဝါအားဖြင့်၊ စိတ်အတွေးတို့ကို တိမ်းညွတ်လာစေခြင်းဖြင့် ထင်ရှားသောအောင်မြင်မှုမျိုးကို ရယူနိုင်ကြသောသူများရှိကြပါသည်။ သူတို့သည် စိတ်ထဲတွင်ထင်သလိုခံစားမိကြသည့်အတိုင်း လုပ်ဆောင်ကြခြင်းဖြင့်၊ သူတို့၏ဟောကြားမှုတို့ကို နာကြားကြသူတို့အား ငိုကြွေးစေ





နိုင်ကြပြီးနောက်၊ မိနစ်အနည်းငယ်အတွင်း၌ပင် ရယ်မောအောင်ပြန်လည်လုပ်ဆောင်ဟောပြောနိုင်တတ်ကြပါသည်။ ဤသို့သောအနေအထားမျိုးဖြင့် လုပ်ဆောင်ကြခြင်းအားဖြင့် များစွာသောသူတို့သည် စေ့ဆော်မှုကြောင့် သခင်ခရစ်တော်ကိုယုံကြည်ကိုးကွယ်ခြင်းဆီသို့ပြောင်းလဲသွားကြပြီး၊ အံ့အားသင့်ဖွယ်သော သက်ဝင်နိုးကြားလာစေသည့်အတွေးဝင်လာပါသော်လည်း၊ စစ်ဆေးစုံစမ်းမှုဝင်လာသောအခါတွင်မူ ထိုအမှုတော်လုပ်ငန်းသည် တောင့်ခံနိုင်စွမ်းမရှိတော့ပါ။ စိတ်ခံစားမှုများတို့သည် လှုပ်ရှားထကြွလာကြပြီးနောက် အများသောသူတို့သည် ခေတ်ရေစီးကြောင်းအားဖြင့် သယ်ဆောင်ခံသွားရခြင်းဖြင့် ကောင်းကင်ဘုံသို့ပို့ဆောင်ခံရတော့မည့်အလားဖြစ်နေသော်လည်း၊ အလွန်ပြင်းထန်သောစုံစမ်းနှောင့်ယှက်ခြင်းစီးကြောင်းအတွင်း သူတို့သည် ရေမျောကမ်းတင်သစ်သားချောင်းအလား၊ လျင်မြန်စွာဖြင့်စုန်ချီဆန်ချီမျောပါနေကြပါသည်။ အမှုတော်ဆောင်သည်လည်း မိမိကိုယ်ကိုမိမိလှည့်စားမိသည့်အနေအထားမျိုးသို့ရောက်ရှိလာပြီး၊ သူ၏နာကြားသူတို့အားလည်း အထင်မှားအမြင်မှားအနေအထားသို့ ရောက်ရှိလာစေပါသည်။

အမှုတော်ဆောင်တို့အနေဖြင့် သူတို့၏ကိုယ်ပိုင်အစီအစဉ်များတို့ဖြင့် ဘုရားသခင်၏ရည်မှန်းတော်မူချက်တို့ကို ကဖျက်ယဖျက်လုပ်မိကြမည်ကိုစိုးရိမ်ရခြင်းကြောင့် သူတို့ကိုကြပ်မတ်သင့်ကြပါသည်။ များစွာသောသူတို့သည် ဘုရားသခင်၏အမှုတော်ပမာဏကို လျှော့ချပစ်သည့်အပြင်၊ သူတို့၏လုပ်ဆောင်မှုကို စိတ်ချသေချာလောက်သောနေရာဒေသများ၌သာ ဘောင်ခတ်လုပ်ဆောင်ကြကာ၊ သူ၏မျိုးစုံလှသောအမှုတော်ဌာနခွဲများတို့နှင့်ပတ်သက်သည့် အရေးအရာတို့အပေါ်ထားရှိရမည့်အထူးစိတ်ဝင်စားမှုကို ပြုစုပျိုးထောင်ခြင်းမရှိကြပါ။

အကြောင်းအရာတစ်ခုတည်းအပေါ်တွင်သာ အာရုံစိုက်မှုထားရှိပြီး၊ ထိုအကြောင်းအရာနှင့်တူညီသော အရေးပါမှုရှိသည့် အခြားသောအကြောင်းအရာများတို့အတွက် ထည့်တွက်စဉ်းစားခြင်းမရှိကြသောသူအချို့ရှိနေကြပါသည်။ သူတို့သည် တစ်ယူသန်သူများသာဖြစ်ကြပါသည်။ သူတို့၏ပကတိသဘောဆောင်သည့် အားအင်အားလုံးတို့သည် ခဏတာကာလအတွက်သာလေ့ကျင့်ထားပြီးသော စိတ်အတွေးနှင့်ပတ်သက်သည့် အကြောင်းအရာအပေါ်တွင်သာ အာရုံစိုက်မှုရှိနေကြပါသည်။ ဤလူကြိုက်များသည့် အဓိကရည်ရွယ်ရင်းတစ်ခုသည် သူတို့၏အတွေးအခေါ်များနှင့်ပြောဆိုမှုတို့အတွက် ဝန်ထုပ်ဝန်ပိုးပင်ဖြစ်ပါသည်။ အခြားသောစာနာထောက်ထားရမည့်အရာတိုင်းတို့သည်

မျက်ခြည်ပြတ်ခံထားရပါသည်။ ထိုအကြောင်းအရာအပေါ် ဆက်စပ်မှုအဖြစ်ရှိနေသည့် အထောက်အထားအားလုံးတို့သည် စိတ်အားထက်သန်စွာဖြင့် လျှာထားခံရပြီးဖြစ်ကာ၊ ထိုလူတို့အနေဖြင့် စိတ်အတွေးများက သူတို့ကိုအမှီလိုက်ကြရေးအတွက် မွန်းကျပ်မှုဖြစ်လာကြလောက်အောင် ဘာမဆိုမရအရကြိုးစားပမ်းစားလုပ်ဆောင်မှုတွင်သာ တဝဲလည်လည်ဖြင့်ရှိနေကြပါသည်။

အချို့သောအမှုတော်ဆောင်တို့က အောင်မြင်မှုသည် အပြင်ပန်းတင်ဆက်ပြသမှုအားဖြင့် လူထုပရိသတ်အစုအဝေးကြီးကို ဆွဲဆောင်နိုင်ခြင်းအပေါ်တွင်မူတည်နေသည်ဆိုသည့် တွေးထင်မှုမျိုးဖြင့် အမှားကိုကျူးလွန်နေကြပြီးနောက်၊ သူတို့သည် သမ္မာတရားတော်ဆိုင်ရာသတင်းစကားကို ပြဇာတ်ဆန်သည့်ဟန်ပန်မျိုးဖြင့် ဝေငှပေးနေကြပါသည်။ သို့သော်လည်း ဤလုပ်ရပ်မျိုးသည် ဘုရားသခင်၏အထွတ်အမြတ်ဖြစ်သောမီးလောင်စာအစား၊ သာမန်မီးကိုသာအသုံးပြုခြင်းသာဖြစ်ပါသည်။ ဤလုပ်ဆောင်မှုအပြုအမူအားဖြင့် ထာဝရဘုရား၏ဘုန်းအာနုဘော်တော်ကို ချီးမြှောက်ရာမရောက်ပါ။ သူ၏အမှုတော်ကို လူတို့အားတုန်လှုပ်သွားစေသည့်သတိပေးချက်များနှင့် အကုန်အကျများလှသောတင်ဆက်ပြသမှုမျိုးတို့ဖြင့် အပြီးသတ်သွားစေရန်မဟုတ်ဘဲ၊ သခင်ခရစ်တော်နှင့်အလားသဏ္ဍာန်တူသည့် နည်းစနစ်မျိုးဖြင့်သာလျှင် ပြီးစီးစေရပါမည်။ ၎င်းအကြောင်းနှင့်ပတ်သက်ပြီး (ဇာခရိ ၄း၆) တွင်၊ "． ． ． ဤအမှုသည် ဗိုလ်ခြေအားဖြင့်မဟုတ်၊ အာဏာတန်ခိုးအားဖြင့်မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့်ဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားမိန့်တော်မူ၏" ဟူ၍ဖော်ပြထားပါသည်။ ဤအရာသည် ထက်လှပြီး၊ အသွားနှစ်ဖက်ရှိသည်အလျောက် နှစ်ဖက်လုံးခုတ်ထစ်၍ရသောဓားရှည်နှင့်အလားတူသည့် ကွယ်ဝှက်ခြင်းမရှိသောသမ္မာတရားတော်ဖြစ်သည်အလျောက်၊ ၎င်းသည် မိုက်မှားမှုနှင့်အပြစ်တရားများတို့တွင်သေဆုံးနေကြသည့်လူတို့အား ဝိညာဉ်တော်နှင့်ပတ်သက်သောအသက်တာကို နိုးထစေပါသည်။ ဧဝံဂေလိတရားတော်သည် ဘုရားသခင်၏ရည်ရွယ်တော်မူချက်တို့နှင့် သဟဇာတဖြစ်နေသောနည်းလမ်းမျိုးဖြင့် လူတို့သည် ထိုဧဝံဂေလိတရားတော်ကို အသိအမှတ်ပြုလာကြပါလိမ့်မည်။

## ပြုမူကျင့်ကြံပြောဆိုမှုဆိုင်ရာထိန်းချုပ်ရေးလုပ်ဆောင်မှု

ပြုမူကျင့်ကြံပြောဆိုမှုဆိုင်ရာ ထိန်းချုပ်ကြသောသူတို့၏ဘက်တော်သားများအဖြစ် အပါအဝင်ဖြစ်ကြကြောင်း၊ မိမိတို့ကိုယ်ကိုထုတ်ဖော်ပြောဆိုကြသောသူတို့တွင်



မြော်လင့်ခြင်းအသင်းသားတို့သည်သာလျှင် ရှေ့ဆုံးတွင်သာ ရပ်တည်သင့်ကြပါသည်။ နှစ်ပေါင်းများစွာဖြင့်ပင် စစ်မှန်သောပြုပြင်ပြောင်းလဲခြင်းဆိုင်ရာ အခြေခံစည်းမျဉ်းများတို့နှင့်ပတ်သက်သည့် အလင်းတရားကြီးသည် ကျွန်ုပ်တို့၏သွားရာလမ်းကြောင်းပေါ်တွင် လင်းထိန်နေပြီး၊ ကျွန်ုပ်တို့သည်လည်း ထိုအလင်းတရားကို အခြားသောသူတို့ထံသို့ လင်းထိန်သွားစေရန် ဘုရားသခင်၏မျက်မှောက်တော်၌တွင်ပင် ကျွန်ုပ်တို့အတွက်တာဝန်ခံမှုတစ်ခုအဖြစ်ရှိနေပါသည်။ ပြုမူကျင့်ကြံမှုဆိုင်ရာ ထိန်းချုပ်ရေးအခြေခံစည်းမျဉ်းများတို့သည် နေရာအနှံ့အပြားသို့ ပျံ့နှံ့သွားရေးအလုပ်မှာ ကျွန်ုပ်တို့၏အရေးအကြီးဆုံးသောတာဝန်များမှ တာဝန်တစ်ခုအဖြစ်ရှိနေသည်ကို နှစ်ပေါင်းများစွာကတည်းကပင် ကျွန်ုပ်တို့ဂရုပြုမိခဲ့ကြပါသည်။ ထိုအတိုင်းပင်၊ ယခုတွင်လည်း ထိုတာဝန်ကို ကျွန်ုပ်တို့ထမ်းဆောင်သင့်ကြပါသည်။ ကျွန်ုပ်တို့၏ စာသင်ကျောင်းများနှင့် နာတာရှည်ရောဂါသည်ဆေးကုဌာနများတို့တွင် လူသားတစ်ရပ်လုံးတို့၏ကိုယ်ခန္ဓာအသက်ဝိညာဉ်နှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာတို့ကို ပြောင်းလဲသွားစေကြရန်အတွက် သခင်ခရစ်တော်၏ကျေးဇူးတော်တန်ခိုးကို ပြသရကြပါမည်။ ကျွန်ုပ်တို့၏နာတာရှည်ရောဂါသည်ဆေးကုဌာနများနှင့် အခြားသောပညာရေးဆိုင်ရာအဖွဲ့အစည်းများတို့သည် စစ်မှန်သောပြောင်းလဲခြင်းတိုင်းတို့၏အကြောင်းခြင်းရာတို့အတွက် အလင်းတရားနှင့်ကောင်းချီးမင်္ဂလာတို့၏ဗဟိုချက်မအဖြစ်ဖြင့် ရှိနေသင့်ကြပါသည်။

ယခုကဲ့သို့သောအချိန်ကာလမျိုးတွင် ကျွန်ုပ်တို့သည် အမျိုးသမီးများဆိုင်ရာခရစ်ယာန်ပြုမူကျင့်ကြံမှုအပေါ်ထိန်းချုပ်ရေးအသင်းချုပ် [Woman's Christian Temperance Union, (W.C.T.U)] တွင်လုပ်ဆောင်နေကြသည့် အမှုတော်ဆောင်များအပေါ်၊ တိကျပြတ်သားသောစိတ်ဝင်စားမှုမျိုးကို ပြသပေးရန်လိုအပ်ကြပါသည်။ ဘုရားသခင်၏အမှုတော်လုပ်ငန်းတွင် အခန်းကဏ္ဍတစ်ခုခုတွင် လုပ်ဆောင်နိုင်ရေးအတွက် တောင်းခံနေကြသောသူတစ်စုံတစ်ဦးကမျှ ပြုမူကျင့်ကြံပြောဆိုမှုဆိုင်ရာထိန်းချုပ်ရေးနှင့်ပတ်သက်သည့်ဤအဖွဲ့အစည်း၏ကြီးမြတ်သောရည်မှန်းချက်အပေါ် စိတ်ဝင်စားမှုကိုလက်မလွှတ်သင့်ပါ။ ကျွန်ုပ်တို့၏တောစခန်းအစည်းအဝေးများတို့တွင် ကျွန်ုပ်တို့၏လေ့ကျင့်ခန်းများတို့၌ (W.C.T.U) အသင်းသားများတို့အား ပါဝင်ပေးကြရန်ဖိတ်ခေါ်ခြင်းသည် ကောင်းမွန်သောလုပ်ရပ်တစ်ခုဖြစ်ပေလိမ့်မည်။ ဤလုပ်ဆောင်မှုအားဖြင့် သူတို့သည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းအကြောင်းအရာများတို့နှင့် အကျွမ်းတဝင်ရှိလာစေရေးအတွက် သူတို့ကိုကူညီပေးမည်ဖြစ်ပြီး၊ ပြုမူကျင့်ကြံပြောဆိုမှုဆိုင်ရာ ထိန်းချုပ်ရေးလုပ်ဆောင်မှုအတွက်

သူတို့နှင့်ပေါင်းစည်းလုပ်ဆောင်နိုင်ကြရန် ကျွန်ုပ်တို့အားလမ်းစဖွင့်ပေးမည်ဖြစ်သည်။ ဤကဲ့သို့မျိုးသာ ကျွန်ုပ်တို့လုပ်ဆောင်ကြမည်ဆိုပါက ပြုမူကျင့်ကြံပြောဆိုမှုဆိုင်ရာ ထိန်းချုပ်မှုနှင့်ပတ်သက်သောမေးခွန်းသည် ကျွန်ုပ်တို့အတွင်းရှိ များစွာသောသူတို့ ထင်မှတ်ထားသည်ထက် သာလွန်သောအဓိပ္ပါယ်သက်ရောက်မှုရှိနေသည်ကို ကျွန်ုပ်တို့ ပြန်လည်မြင်တွေ့ရကြမည်ဖြစ်သည်။

အချို့သောကိစ္စရပ်များတွင် (W.C.T.U) ၏ဝန်ထမ်းများတို့သည် ကျွန်ုပ်တို့၏ ခေါင်းဆောင်များတို့ထက် အလွန်ရှေ့ရောက်နေကြပါသည်။ ထာဝရဘုရားထံတော်တွင် ကျွန်ုပ်တို့၏ပြုမူကျင့်ကြံပြောဆိုမှုဆိုင်ရာထိန်းချုပ်ရေး၊ လှုပ်ရှားမှုတိုးတက်ရေး၊ ကျွန်ုပ်တို့၏ကြိုးစားအားထုတ်မှုအတွက် ကြီးမားလှသောအကူအညီအဖြစ်ရှိနိုင်သည့် အဖိုးထိုက်လှသည့်အသက်ဝိညာဉ်များ ထိုအဖွဲ့အစည်းတွင်ရှိနေပါသည်။ ထို့အပြင် သမ္မာကျမ်းစာတော်အတွင်းရှိ သမ္မာတရားတော်တွင်တွေ့မြင်ရသည့်အပြင်၊ ယေဟောဝါအရှင်ထာဝရဘုရား၏ပညတ်တရားတော်လည်း လိုအပ်လှကြောင်းကို သိရှိနိုင်သောအသိဉာဏ်ဗဟုသုတမျိုးတွင်လည်းတွေ့ရနိုင်သည့် ကျွန်ုပ်တို့လူစုဝင်တို့ရရှိထားသောပညာရေးသည် မြင့်မြတ်သောပြုမူကျင့်ကြံပြောဆိုမှုဆိုင်ရာ ထိန်းချုပ်ရေးအကြောင်းကို ထောက်ခံပြောကြားပေးကြသည့်သူများတို့၏ဝိညာဉ်ရေးရာကိစ္စများတို့အတွက် ဝေငှအသိပေးနေကြသော ကျွန်ုပ်တို့၏အစ်မကြီး၊ ညီမလေးတို့အား အထောက်အကူပြုပေးမည်ဖြစ်သည်။ ဤသို့အားဖြင့် အတိတ်ကာလက တစ်ခါတစ်ရံမလိုမုန်းထားမှုနှင့် နားလည်မှုလွဲခြင်းများကို တွေ့မြင်ရတတ်သည့်နေရာတွင် အသင်းအဖွဲ့တစ်ခုနှင့်စာနာထောက်ထားမှုတို့သည် ပေါ်ထွန်းလာမည်ဖြစ်သည်။ ဤအဖွဲ့အစည်းအပေါ် အချို့သောကျွန်ုပ်တို့၏ခေါင်းဆောင်များတို့သည် ဥပေက္ခာပြုထားနေကြသည်ကို ကျွန်ုပ်တွေ့မြင်သိရှိရသောအခါ၊ အံ့အားသင့်မိပါသည်။ ကျွန်ုပ်တို့အနေဖြင့် စည်းစည်းလုံးလုံးရှိနေခြင်းထက် ပိုမိုကောင်းမွန်သောအလုပ်မျိုးကို မလုပ်ဆောင်နိုင်ကြသည်အလျောက်၊ (W.C.T.U) ဝန်ထမ်းများတို့နှင့် ကျွန်ုပ်တို့အနေဖြင့် အပေးအယူလုပ်ခြင်းမျိုးမပါရှိဘဲ၊ အတူတကွလုပ်ဆောင်နိုင်သမျှ လုပ်ဆောင်ရကြပါမည်။

လူအများရှေ့တွင် အသိပေးပြောကြားခြင်းမျိုးမဟုတ်ဘဲ ပြုမူကျင့်ကြံပြောဆိုမှုဆိုင်ရာ ထိန်းချုပ်ရေးနယ်ပယ်များအတွင်း ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အလုပ်တစ်ခုရှိပါသည်။ ကျွန်ုပ်တို့၏အခြေခံစည်းမျဉ်းများတို့ကို လက်ကမ်းစာစောင်များနှင့် ကျွန်ုပ်တို့၏စာစောင်များအတွင်းတွင် အသိပေးဝေငှပေးရကြပါမည်။ သမ္မာတရားတော်



အကြောင်းကို မသိကြသေးသောသူတို့နှင့်ချိတ်ဆက်ကြရမည့် သူတို့၏တာဝန်ကို ဆောင်ရွက်ကြရန်အတွက် ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏လူတို့ကိုနှိုးဆော်ရေးတွင် ဖြစ်နိုင်ခြေရှိသောနည်းလမ်းများတို့ကို အသုံးပြုရကြပါမည်။ သာသနာပြုခြင်းလုပ်ငန်းတွင် ကျွန်ုပ်တို့ရရှိသောအောင်မြင်မှုသည် ကျွန်ုပ်တို့လုပ်ဆောင်ကျင့်သုံးထားခဲ့ကြသည့် မိမိကိုယ်ကိုမိမိခြိုးခြံချုပ်တည်းခြင်းနှင့် ကိုယ်ကျိုးစွန့်ခြင်းဆိုင်ရာ ကြိုးစားအားထုတ်မှုတို့နှင့် အချိုးညီညီရှိနေပါသည်။ အကယ်၍ကျွန်ုပ်တို့သည် သာမန်လူတစ်ယောက်အဖြစ်ဖြင့် ကျွန်ုပ်တို့ကိုယ်ကို ဘုရားသခင်၏မျက်မှောက်တော်၌နှိမ့်ချကြပြီး၊ ပြုမူကျင့်ကြံပြောဆိုမှုဆိုင်ရာထိန်းချုပ်ခြင်း၊ သမ္မာတရားတော်အကြောင်းကို ရှင်းရှင်းလင်းလင်းနှင့် ဖြောင့်ဖြောင့်တန်းတန်းဖြင့် ကြွေးကြော်ကြေညာပေးခြင်းဖြင့် ကျွန်ုပ်တို့အနေဖြင့် မည်မျှပြီးမြောက်အောင်ဆောင်ရွက်နိုင်ကြမည်ကို ထာဝရဘုရားတစ်ပါးတည်းသာလျှင် သိရှိတော်မူပါသည်။

## ဘုရားသခင်၏ကြည့်ရှုစောင့်ရှောက်တော်မူခြင်းဆုကျေးဇူးတော်ကိုအကောင်းဆုံးအသုံးချခြင်း

ကျွန်ုပ်တို့၏ဖန်ဆင်းတော်မူသောအရှင်သခင်သည် သူ၏ရက်ရောတော်မူခြင်းကို လူသားတို့အား သဘောထားကြီးမားသောလက်တော်ဖြင့် စွန့်ကြဲပေးတော်မူပါသည်။ အမြော်အမြင်ကြီးမားပြီး၊ ဆင်ခြင်စွာဖြင့် သူ၏ကြည့်ရှုစောင့်ရှောက်တော်မူခြင်းဆုကျေးဇူးတော်ကို ပေးသနားတော်မူခဲ့ခြင်းကြောင့် မရှိဆင်းရဲခြင်း၊ နာမကျန်းဖြစ်ခြင်းနှင့်ပူပန်သောကရောက်မှုများတို့သည် ဤကမ္ဘာမြေပေါ်မှဖယ်ရှားခံရလုနီးပါးဖြစ်ခဲ့ပါသည်။ သို့သော်လည်း နေရာတိုင်းတို့တွင် ဘုရားသခင်၏ကောင်းချီးမင်္ဂလာများတို့သည် လူသားတို့၏ကောက်ကျစ်စဉ်းလဲမှုတို့ကြောင့် ကျိန်စာတစ်ခုအဖြစ်သို့ပြောင်းလဲသွားခဲ့ရလေသည်။

မြေဆီလွှာမှထွက်ရှိလာသောအရာများတို့ကို မူးယစ်စေသောအရက်သေစာများအဖြစ်သို့ ထုတ်လုပ်၊ လုပ်ကိုင်ကြသောသူတို့လောက် ဘုရားသခင်၏အဖိုးထိုက်လှသောဆုကျေးဇူးတော်တို့ကို ကြီးမားစွာကပြောင်းကပြန်ဖြစ်သွားစေသည့် အလွဲသုံးစားပြုလုပ်သည့်အပြစ်မျိုး မည်သည့်လူ့အလွှာမျိုးတွင်မျှမရှိပါ။ ကျန်းမာရေးနှင့်ညီညွတ်ပြီး အရသာရှိလာသောသစ်သီးဝလံများအပြင်၊ အာဟာရဖြစ်စေသောကောက်ပဲသီးနှံများတို့သည် အသိတရားတို့ကို ဖောက်လွဲဖောက်ပြန်ဖြစ်စေပြီး၊ ဦးနှောက်ကိုပုံမှန်မဟုတ်သည့်

အနေအထားမျိုးသို့ဖြစ်ပေါ်စေသော ယမကာများအဖြစ်သို့ ပြောင်းလဲသွားခြင်းခံနေရကြပါသည်။ ဤအဆိပ်ရည်တို့ကိုသုံးစွဲကြခြင်း၏ရလဒ်အဖြစ်၊ ထောင်ပေါင်းများစွာသောမိသားစုတို့သည် နှစ်သိမ့်မှုတို့ကိုဆုံးရှုံးရကြသည်သာမကဘဲ၊ အသက်တာအတွက်လိုအပ်ချက်များတို့ကိုဆုံးရှုံးရကြကာ အကြမ်းဖက်မှုများနှင့်ရာဇဝတ်မှုများတို့ထူပြောလာသည့်အပြင်၊ ရောဂါဘယနှင့်သေခြင်းတရားတို့သည် ယစ်ထုတ်တို့၏သင်္ချိုင်းမြေသို့ မြောက်မြားစွာသောသားကောင်တို့ကို အလျင်အမြန်ရောက်ရှိသွားကြစေပါသည်။

ဤကဲ့သို့သောအဖျက်လုပ်ရပ်မျိုးသည် နိုင်ငံတစ်နိုင်ငံတွင် စွဲမြဲစွာကျင့်သုံးလာခဲ့သောဥပဒေတို့၏အကာအကွယ်ပေးမှုကြောင့် ဆက်လက်လုပ်ကိုင်ကြဆဲဖြစ်နေပါသည်။ မဖြစ်စလောက်သောအရေအတွက်ဖြင့်သာရှိကြသောသူတို့သည် သူတို့၏အပေါင်းအသင်းတို့အား အဆိပ်ရည်ကိုပေးနိုင်ကြရေးအတွက် ခွင့်ပြုချက် (လိုင်စင်) ကိုရရှိနေကြပါသည်။ ဤအဆိပ်ရည်သည် ထိုအပေါင်းအသင်းအားလုံးတို့၏လက်ရှိအသက်တာ၏နှစ်လိုဖွယ်ကောင်းသောအရာတို့နှင့် လာမည့်အသက်တာအတွက် မျှော်လင့်ချက်အားလုံးတို့ကို လုယက်ယူငင်ပစ်သွားမည်ဖြစ်သည်။

ဥပဒေပြဋ္ဌာန်းသူများနှင့် အရက်သေစာရောင်းချသူများတို့သည် သူတို့လုပ်ရပ်၏ရလဒ်တို့ကို မသိကျိုးကျွန်ပြုနေကြပါသည်။ ဟိုတယ်ယမကာဆိုင်ခန်း၊ ဘီယာဥယျာဉ်၊ ယမကာဆိုင်များတို့တွင် အာသာဆန္ဒ၏ကျေးကျွန်သည် ဆင်ခြင်နိုင်စွမ်း၊ ကျန်းမာခြင်းနှင့်ပျော်ရွှင်ခြင်းတို့ကို ပျက်သုဉ်းသွားစေသည့်အလုပ်ဖြစ်သော မိမိ၏ဥစ္စာစည်းစိမ်တို့ကို သုံးဖြုန်းနေပါသည်။ အရက်သေစာရောင်းချသူသည် မရှိဆင်းရဲသားအရက်သမားက သူတို့၏မိသားစုအတွက် ဖြည့်ဆည်းသင့်သောအသပြာငွေဖြင့် ပြည့်လျှံစေပါသည်။

ဤလုပ်ရပ်မျိုးသည် အဆိုးဆုံးသောလုယက်မှုအမျိုးအစားဖြစ်ပါသည်။ ထို့ပြင်မက အသင်းအဖွဲ့အတွင်းနှင့် အသင်းတော်အတွင်းရှိ မြင့်မားသောရာထူးအဆင့်တွင်ရှိနေကြသောသူတို့သည် အရက်သေစာရောင်းချနိုင်သည့်နေရာနှင့်အချိန်တို့ကို ပြဋ္ဌာန်းသောဥပဒေစည်းမျဉ်းတို့ကို ထောက်ခံပေးကြခြင်းဖြင့် သူတို့၏ဩဇာအာဏာတို့ကို အားဖြည့်ပေးကြပါသည်။ ဤသို့အားဖြင့် အသင်းအဖွဲ့သည် အကျင့်ပျက်ပြားမှုရှိလာပြီး၊ သူဆင်းရဲတို့ကို နေရာထိုင်ခင်းနှင့်အလုပ်အကိုင်ပေးထားရသည့်ဂေဟာ (ရှေးခေတ်အခါက) နှင့် အကျဉ်းထောင်တို့သည် လူမွဲများနှင့်ရာဇဝတ်သားများတို့ဖြင့် ပြည့်ကျပ်နေပြီး၊ ကြိုးစင်သည်လည်း သားကောင်များတို့ဖြင့် လက်မလည်အောင်ဖြစ်



နေပါသည်။ ဆိုးယုတ်မှုသည် အရက်ယစ်ထုတ်ကြီးနှင့် သူ၏ပျော်ရွှင်မှုကင်းမဲ့သောမိသားစုတွင်း၌သာ အဆုံးသတ်မနေသေးပါ။ ခက်ခဲပင်ပန်းမှုတို့သည် တိုးမြှင့်လာပြီး၊ ငယ်ရွယ်သူတို့၏ကိုယ်ကျင့်တရားတို့သည် အန္တရာယ်အနေအထားဆီသို့ရောက်ရှိလာကြကာ၊ အသင်းအဖွဲ့ဝင်တိုင်းတို့၏အရည်အသွေးဂုဏ်သတ္တိပါမက အသက်တာတို့ပါဘေးသင့်နေကြပါသည်။ သို့သော်လည်း ရုပ်ပုံလွှာကားချပ်သည် မည်သည့်အခါမျှထင်ရှားလွန်းလှစွာဖြင့် ပေါ်လွင်ခြင်းရှိမည်မဟုတ်သည့်အပြင်၊ ၎င်းရုပ်ပုံလွှာသည်လက်တွေ့ဘဝအနေအထားမျိုးတွင် အဆင့်မီခြင်းမရှိပါ။ ဆင်ခြင်ချိုးခြံထိန်းသိမ်းခြင်းမရှိသည့် ထိတ်လန့်စရာအနေအထားမျိုးကို မည်သည့်လူသား၏ကလောင်တံကမျှအပြည့်အဝပုံကြမ်းရေးဆွဲနိုင်ခြင်းမရှိပါ။

## သွက်ချာပါဒလိုက်နေသောကိုယ်ကျင့်တရား၏အကြောင်းတရား

ဤဆိုးညစ်မှုမျိုးကို ခရစ်ယာန်အမျိုးသားအမျိုးသမီးတို့က မည်ကဲ့သို့ခံနိုင်ရည်ရှိနိုင်ကြမည်နည်း။ ကျွန်ုပ်တို့၏ဥပဒေတို့သည် ခြေခြေမြစ်မြစ်ရှိနေသော ၎င်းတို့၏အခြေခံအုတ်မြစ်တို့ကို ဆုတ်ယုတ်လာစေသည့်ဆိုးညစ်မှုတစ်ခုကို အကျိုးပြုကျားကန်ပေးထားနေပါသည်။ များစွာသောသူတို့သည် အမှန်တကယ်ရှိနေသည်ဟု သူတို့သိထားသောမှားယွင်းမှုများတို့ကို ရှုတ်ချနေကြသော်လည်း ထိုမှားယွင်းမှုများနှင့်ပတ်သက်ပြီးတာဝန်ယူရမှုအနေအထားအားလုံးတို့သည် သူတို့နှင့်မသက်ဆိုင်သည့်သဘောမျိုးခံယူထားနေကြပါသည်။ ဤကဲ့သို့မျိုးမဖြစ်သင့်ပါ။ အသင်းအဖွဲ့အတွင်းပါဝင်နေကြသောလူတိုင်းသည် ဩဇာအရှိန်အဝါတစ်ခုအတွက် အားထုတ်ကြိုးပမ်းတတ်ကြပါသည်။ ကျွန်ုပ်တို့အတွက် အလေးသာသောနယ်မြေတွင် မဲဆန္ဒရှင်တိုင်းတို့က နိုင်ငံတော်ကိုမည်သည့်ဥပဒေများတို့ဖြင့် ထိန်းသိမ်းအုပ်ချုပ်ရမည်ဆိုသည့်ကိစ္စအတွက် ဆုံးဖြတ်ချမှတ်ရေးကိုပြောဆိုနေကြပါသည်။ ထိုဩဇာသက်ရောက်မှုနှင့်ဆန္ဒမဲတို့သည် ပြုမူကျင့်ကြံပြောဆိုမှုဆိုင်ရာထိန်းချုပ်မှုနှင့် စင်ကြယ်သောအကျင့်သီလဘက်ဆီသို့ အလေးသာစေသင့်သည်မဟုတ်ပါလား။

ပြုမူကျင့်ကြံပြောဆိုမှုဆိုင်ရာ ထိန်းချုပ်ခြင်းနှင့်ပတ်သက်သည့်ကိစ္စရပ်အတွင်း၊ ပါဝင်ဆောင်ရွက်နေကြသော ကျွန်ုပ်တို့၏မိတ်ဆွေများတို့ကို ပဋိပက္ခအတွင်းဝိုင်းဝန်းရိုင်းပင်းပေးကြရန်နှင့် ကမ္ဘာကြီးကိုစိတ်ဓာတ်ကျဆင်းစေသည့် ဆိုးညစ်မှု၏ဒီရေအဟုန်ကိုလျော့ကျသွားအောင် ကြိုးပမ်းအားထုတ်ကြရေးအတွက် ပန်ကြားရကြပါမည်။

သို့သော်လည်း အရက်သေစာရောင်းချမှုသည် ဥပဒေ၏ကျားကန်ထောက်မပေးထားမှုကြောင့် ကျွန်ုပ်တို့၏ကြိုးစားအားထုတ်မှုအားလုံးတို့သည် အကျိုးဖြစ်ထွန်းမှုမည်မျှရှိနိုင်မည်နည်း။ မဆင်ခြင်မခြိုးခြံခြင်း၏ကျိန်စာသည် ကျွန်ုပ်တို့၏စိုက်ပျိုးမြေပေါ်တွင် ကျရောက်နေသော အပင်ရောဂါပိုးမျိုးကဲ့သို့ အစဉ်အမြဲတည်တံ့သွားနေမည်လား။ ထောင်ပေါင်းများစွာသော ပျော်ရွှင်နေသည့်အိမ်ထောင်မိသားစုများအပေါ် အငမ်းမရဝါးမျိုးသောမီးကဲ့သို့ ၎င်းကိုနှစ်စဉ်နှစ်တိုင်း လှည်းကျင်းပစ်လိုက်ရမည်လော။

မကြာခဏဖြင့်ပင်လျှင် ကျွန်ုပ်တို့သည် ထိုအကြောင်းတရားကိုခံနိုင်ရည်ရှိကြသည့်အပြင် အသာတကြည်လက်ခံကြသည့်အချိန်တွင် ထွက်ပေါ်လာသည့်အကျိုးရလဒ်များအကြောင်းကို မြိန်ရေရှက်ရေဖြင့်ပြောဆိုကြပြီး၊ ထိုရလဒ်များအတွက်တုန်လှုပ်မိကြကာ၊ ကြောက်မက်ဖွယ်သောရလဒ်တို့အပေါ် မည်ကဲ့သို့ဆောင်ရွက်နိုင်ကြမည့်အကြောင်းကို တွေးတောအံ့သြနေမိကြပါသည်။ ပြုမူကျင့်ကြံပြောဆိုမှုဆိုင်ရာထိန်းချုပ်ရေးကို ထောက်ခံပြောဆိုပေးကြသောသူတို့သည် ကျင့်ဝတ်သိက္ခာနှင့်နမူနာအားဖြင့်ပြောဆိုသံ၊ ကလောင်တံဖြင့်ရေးသားအသိပေးခြင်းအပြင် ဆန္ဒသဘောထားများအားဖြင့်တားမြစ်ချက်နှင့် မျိုးစုံသောအပျော်အပါးလိုက်စားမှုကိုရှောင်ကြဉ်ခြင်းအတွက် ထောက်ခံပြောဆိုပေးခြင်းတွင် သူတို့၏ဩဇာအာဏာကိုအသုံးချခြင်းမရှိကြပါက သူတို့၏တာဝန်တစ်ရပ်လုံးကိုထမ်းဆောင်ရန် ပျက်ကွက်ခြင်းပင်ဖြစ်ပါသည်။ ဤပြုပြင်ပြောင်းလဲခြင်းဖြစ်ပေါ်လာရန်အတွက် ဘုရားသခင်သည် အံ့သြဖွယ်သောအမှုတစ်ခုကို ပြုလုပ်တော်မူမည်ဆိုသည့်မျှော်မှန်းချက်မျိုး ကျွန်ုပ်တို့ထားရှိရန်မလိုကြဘဲ၊ ဤကဲ့သို့မျိုးမျှော်မှန်းချက်ထားကြခြင်းအားဖြင့် ကျွန်ုပ်တို့၏အားစိုက်မှုအတွက်ရှိထားရကြမည့် မရှိမဖြစ်လိုအပ်ချက်တို့ကို ဖယ်ရှားပစ်လိုက်ရာရောက်ပါသည်။ ကျွန်ုပ်တို့ကိုယ်၌က ဤကဲ့သို့သော မဟာရန်သူကြီးနှင့်နပန်းသတ်ရကြမည်ဖြစ်ရာ၊ "အောင်မြင်မှုရသည်အထိ ကျွန်ုပ်တို့သည် အပေးအယူ၊ အလျှော့အတင်းမလုပ်ကြမည့်အပြင် ကြိုးစားအားထုတ်မှုကိုရပ်တန့်ထားကြမည်မဟုတ်" ဆိုသည့်ဆောင်ပုဒ်ကို လက်ကိုင်ထားကြပါသည်။

ဆိုးညစ်မှု၏ဒီရေအလားစီးဝင်လာမှုကို တွန်းလှန်ပစ်ရန်အတွက် မည်သို့လုပ်နိုင်ကြမည်နည်း။ စိတ်ကိုထကြွစေသောအရက်တို့ကို အဖျော်ယမကာအဖြစ်ဖြင့် ရောင်းချသုံးစွဲမှုကိုတားမြစ်ထားသည့်ဥပဒေမျိုးကို တင်းကျပ်သောပြဋ္ဌာန်းချက်ဖြင့် ထုတ်ပြန်ကြေညာနိုင်အောင် လုပ်ဆောင်ကြပါစို့။ ပြုမူကျင့်ကြံပြောဆိုမှုဆိုင်ရာထိန်းချုပ်လိုစိတ်နှင့် စင်ကြယ်သောအကျင့်သီလအနေအထားဆီသို့ မူးယစ်သောက်စားကြသော





သူများတို့က ပြန်လည်ဦးလှည့်သွားစေသည့် ကြိုးစားအားထုတ်မှုတိုင်းတို့ကို အားပေးမြှင့်တင်ရကြပါမည်။ ထို့ထက်မကပင် ကျွန်ုပ်တို့၏မြေပေါ်မှမူးယစ်စေသောအရာနှင့်ပတ်သက်သောကျိန်စာမျိုးကို မောင်းထုတ်ပစ်ရန်လိုအပ်ပါသည်။ မူးယစ်စေသောအရက်သေစာအပေါ် အာသာဆန္ဒပြင်းပြမှုကိုဖယ်ရှားပစ်ပြီး၊ အဆုံး၌၎င်းတို့ကိုသုံးစွဲရောင်းချခြင်းတို့ကိုပါ ဆုံးခန်းတိုင်ကြပါစို့။ ဤလုပ်ဆောင်မှုမျိုးကို ကြီးမားသောအတိုင်းအတာဖြင့် မိဘများတို့ကတာဝန်ယူလုပ်ဆောင်ရကြပါမည်။ ထိုမိဘတို့သည် ပြုမူကျင့်ကြံပြောဆိုမှုဆိုင်ရာထိန်းချုပ်မှုကို မိမိတို့ကိုယ်တိုင် တင်းတင်းကျပ်ကျပ်ဖြင့်လိုက်နာကျင့်သုံးပြီး၊ အကျင့်စရိုက်ပိုင်းဆိုင်ရာ မှန်ကန်သောသရုပ်သကန်မျိုးကို သားသမီးတို့အား ခတ်နှိပ်ပြသပေးကာ၊ ထိုနောက်တွင် ဤသားသမီးတို့အားလေ့ကျင့်ပညာပေးလျက် ဘုရားသခင်အားကြောက်ရွံ့သောသဘောဖြင့် သားသမီးတို့သည် မိမိတို့ကိုယ်ကိုမိမိတို့ခြိုးခြံချုပ်တည်းပြီး မိမိတို့ကိုယ်ကိုမိမိတို့ထိန်းသိမ်းနိုင်သည့်ပြုမူကျင့်ကြံမှုမျိုးကို ကျင့်သုံးလာကြပါစေ။ ဤကဲ့သို့သောနည်းလမ်းမျိုးဖြင့် သင်တန်းရယူထားပြီးသော လူငယ်လူရွယ်များတို့သည် စုံစမ်းနှောင့်ယှက်ခြင်းကိုခုခံတွန်းလှန်နိုင်ရန်နှင့် အာသာဆန္ဒအပြင်၊ မက်မောစွဲလမ်းစေသောစိတ်တို့ကို ထိန်းချုပ်နိုင်ကြရန်အတွက် ကိုယ်ကျင့်တရားသက်လုံပြည့်ဝမှုမျိုးကို ရရှိလာကြမည်ဖြစ်သည်။ အသင်းအဖွဲ့ကိုအကျင့်ပျက်ပြားစေသည့် မိုက်မဲမှုနှင့်အပျော်အပါးလိုက်စားမှုတို့၏ထိုးနှက်မှုတို့ကို မတုန်မလှုပ်ရပ်တည်တောင့်ခံနိုင်ကြမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ကြွယ်ဝချမ်းသာမှုသည် ထိုနိုင်ငံသူနိုင်ငံသားတို့၏စင်ကြယ်သောအကျင့်သီလနှင့် ဉာဏ်ထက်မြက်မှုအပေါ်တွင်တည်နေပါသည်။ ဤကောင်းချီးမင်္ဂလာတို့ကို ထိန်းသိမ်းကာကွယ်နိုင်ကြရန်အတွက် ပြုမူကျင့်ကြံပြောဆိုမှုဆိုင်ရာထိန်းချုပ်ခြင်း၊ အမူအကျင့်မျိုးကိုတင်းကျပ်တိကျစွာဖြင့်ကျင့်သုံးရန်မှာ မရှိမဖြစ်သောအချက်ဖြစ်ပါသည်။ ရှေးခေတ်အခါက တိုင်းနိုင်ငံများတို့၏သမိုင်းကြောင်းများအတွင်း ကျွန်ုပ်တို့ကိုသတိပေးသည့်သင်ခန်းစာများတို့ဖြင့် ပြည့်နှက်နေခဲ့ပါသည်။ စည်းစိမ်ရှိရှိနေထိုင်ခြင်း၊ မိမိကိုယ်ကိုအလိုလိုက်ခြင်းနှင့် အပျော်အပါးလိုက်စားခြင်းတို့သည် ထိုသို့ကျင့်ကြံကြသော သူတို့၏ကျဆုံးခန်းသို့ဦးတည်သွားစေသည့်လမ်းခရီးကို သူတို့ပြင်ဆင်သကဲ့သို့သာဖြစ်စေပါသည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့၏မိခင်သမ္မတနိုင်ငံသည် သူတို့ပြသထားသောနမူနာအားဖြင့် ဆိုဆုံးမခြင်းခံရပြီး၊ သူတို့၏ကြမ္မာဆိုးမျိုးကိုရှောင်ရှားနိုင်သည့်

အနေအထားမျိုးဖြစ်ထွန်းကျန်ရစ်နေမည်ဖြစ်သည်။ Review and Herald, Nov. 8, 1881.

## ဘာသာရေးကိုးကွယ်ယုံကြည်မှုဆိုင်ရာကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်

သခင်ယေရှု၏နာမတော်ကို ထုတ်ဖော်ပြောဆိုခြင်းမပြုရဆိုသည့်အမိန့်ပေးချက်ကို တုံ့ပြန်ပြောဆိုခဲ့ကြသောတပည့်တော်တို့က မကြောက်မရွံ့ဖြင့်ရပ်တည်ကိုင်စွဲခဲ့ကြသည့်အခြေခံစည်းမျဉ်းကို (တမန်တော် ၄း၁၉) တွင်ဖော်ပြထားသည့်၊ “. . . ဘုရားသခင်၏စကားတော်ကိုနားထောင်သည်ထက် သင်တို့၏စကားကိုသာ၍နားထောင်သော်၊ ဘုရားသခင့်ရှေ့မှာကောင်းမည်မကောင်းမည်ကို ဆင်ခြင်၍စီရင်ကြလော့” ဆိုသည့်စကားဖြင့် ပြန်လည်ခွန်းတုံ့ပြန်မှုသည် ပြုပြင်ပြောင်းလဲခြင်းအချိန်ကာလများအတွင်း ဧဝံဂေလိတရားတော်ကို ထိန်းသိမ်းကာကွယ်ထားနိုင်ရန်အတွက် ရုန်းကန်ခဲ့ရကြသည့် ထိုဧဝံဂေလိတရားတော်၏နောက်လိုက်များတို့၏အနေအထားနှင့် အလားတူခဲ့ကြပါသည်။ ၁၅၂၉ ခုနှစ်တွင် ဂျာမဏီနိုင်ငံမင်းညီမင်းသားများတို့သည် နိုင်ငံတော်၏အမြင့်ဆုံးသောလွှတ်တော်အဖြစ်ဖြင့် စုဝေးခဲ့ကြပြီး၊ လွတ်လပ်စွာဘာသာရေးကိုးကွယ်မှုကို ချုပ်ချယ်ကန့်သတ်သည့် မင်းဧကရာဇ်၏အမိန့်ဒီကရီကို ထုတ်ပြန်ကြေညာချက်အပြင်၊ ပြုပြင်ပြောင်းလဲထားပြီးသောမူဝါဒများအားလုံးတို့ကို နောက်ထပ်ဆက်လက်ဖြန့်ချိခြင်းကို တားမြစ်ပိတ်ပင်သည့်အမိန့်ကို သူတို့အားချမှတ်ပေးအပ်ခဲ့ပါသည်။ ၎င်းအခြေအနေမျိုးမှာ ကမ္ဘာလောကကြီး၏မျှော်လင့်ချက်သည် ဖြိုခွင်းခံရသည့်သဘောမျိုးဖြစ်သကဲ့သို့ရှိခဲ့ပါသည်။ မင်းညီမင်းသားများတို့သည် ထိုအမိန့်ဒီကရီကိုလက်သင့်ခံခဲ့ကြပါသလား။ ဧဝံဂေလိတရားတော်၏အလင်းတရားသည် အမှောင်ထုအတွင်း၌သာရှိနေကြဆဲသော လူအများတို့၏တားဆီးပိတ်ဆို့ထားခြင်းကို ခံရသင့်ပါသလား။ ကမ္ဘာမြေကြီးက အင်အားကြီးမားလှသောပြဿနာနှင့်ကြုံတွေ့နေရခြင်းသည် ရင်လေးဖွယ်ရာဖြစ်နေပါသည်။ ပြုပြင်ပြောင်းလဲလိုက်သောယုံကြည်ခြင်းကို လက်ခံခဲ့ကြသည့်လူတို့သည် အတူတကွစုရုံးတွေ့ဆုံခဲ့ကြပြီးနောက် သူတို့၏တစ်ခဲနက်အားလုံးကသဘောတူခဲ့ကြသည့်ဆုံးဖြတ်ချက်မှာ၊ “ဒီအမိန့်ဒီကရီကိုပယ်ချကြစို့။ ကောင်းကျိုးဆိုးပြစ်တွေကိုခွဲခြားသိမြင်တတ်ရေးနဲ့ပတ်သက်လာလျှင် အများစုက သြဇာအာဏာပြစရာမလိုဘူး”



ဟူ၍ဖြစ်ပါသည်။ [ဒီ–အူဘစ်(ဂ်)နေး၊ ရေးသားသော ပြောင်းလဲပြုပြင်ခြင်း၏သမိုင်းကြောင်း၊ စာအုပ်အမှတ်စဉ် (၁၃)၊ အခန်း (၅)။]

ယခုမျက်မှောက်ကာလတွင် ဤအခြေခံစည်းမျဉ်းကို ကျွန်ုပ်တို့က ခိုင်မာစွာဖြင့်ထိန်းသိမ်းထားရကြပါမည်။ သမ္မာတရားတော်၏အောင်လံတံခွန်နှင့် ဘာသာတရားကိုးကွယ်မှုဆိုင်ရာလွတ်လပ်မှုတို့သည် ကျော်လွန်ခဲ့ပြီးသောရာစုနှစ်ပေါင်းများစွာကတည်းက သမ္မာတရားတော်ဆိုင်ရာ အသင်းတော်ကိုတည်ထောင်ကြသောသူများနှင့် ဘုရားသခင်၏သက်သေခံများတို့၏ကိုင်မြှောက်ထားခြင်းကိုခံခဲ့ရပြီးနောက် ယခုကဲ့သို့သော နောက်ဆုံးသောပဋိပက္ခအချိန်ရောက်လာသောအခါတွင်မူ ကျွန်ုပ်တို့၏လက်အတွင်းသို့ ထိုတာဝန်ကိုလွှဲပြောင်းခံလာရပါသည်။ ဘုရားသခင်သည် သူ၏နှုတ်တော်ထွက်နှင့်ပတ်သက်သောအသိဉာဏ်ဗဟုသုတဖြင့် ကောင်းချီးပေးထားတော်မူသောသူတို့အပေါ်သို့ ဤကြီးမားလှသောဆုကျေးဇူးတော်သည် တာဝန်ယူရမည့်အရာတစ်ခုအဖြစ် သက်ရောက်နေပါသည်။ ကျွန်ုပ်တို့အနေဖြင့် ဤနှုတ်တော်ထွက်ကို အမြင့်ဆုံးသောအာဏာပိုင်များအဖြစ်ဖြင့် လက်ခံရယူကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လူသားကအုပ်ချုပ်မင်းလုပ်သောအစိုးရမျိုးကို ဘုန်းတော်ရှင်က ခန့်အပ်တော်မူသောအရာမြှောက်ခြင်းခံရသည့်အစိုးရအဖြစ်ဖြင့် အသိအမှတ်ပြုရကြမည်ဖြစ်ပြီး၊ ထိုကဲ့သို့သောအစိုးရအပေါ် ၎င်း၏တရားဝင်သြဇာနယ်ပယ်အတွင်း နာခံလိုက်လျှောက်ခြင်းသည် အထွတ်အမြတ်ဖြစ်သောတာဝန်တစ်ခုဖြစ်ကြောင်းကို သင်ကြားပို့ချပေးရပါမည်။ သို့သော်လည်း ထိုအစိုးရ၏တောင်းဆိုမှုသည် ဘုရားသခင်၏တောင်းခံတော်မူခြင်းနှင့် ပဋိပက္ခအသွင်ဆောင်လာပါက၊ ကျွန်ုပ်တို့သည် လူကိုထက် ဘုရားသခင်ကိုသာနာခံရကြပါမည်။ ဘုရားသခင်၏နှုတ်တော်ထွက်ကို လူသားတို့၏ဥပဒေပြဋ္ဌာန်းချက်အားလုံးတို့၏အထက်တွင် ထားရှိအသိအမှတ်ပြုရကြပါမည်။ “ထာဝရဘုရားမိန့်တော်မူသည်ကား” ဆိုသည့် မိန့်တော်မူချက်တစ်ခုကို၊ “အသင်းတော်ကမြွက်ကြားခဲ့သည်မှာ” သို့မဟုတ် “နိုင်ငံတော်မှပြဋ္ဌာန်းထားသည်မှာ” ဆိုသည့် အမိန့်ပြန်တမ်းတို့အတွက် ဘေးဖယ်ခံထားရခြင်းမျိုးမရှိရပါ။ သခင်ခရစ်တော်၏သရဖူတော်ကို လောကီဆိုင်ရာသက်ဦးဆံပိုင်ဘုရင်တို့၏ဦးသျှောင်သရဖူတို့၏အထက်တွင် မြှောက်ထားခြင်းခံရပါမည်။

ကျွန်ုပ်တို့အနေဖြင့် အာဏာပိုင်တို့ကို ဖီဆန်ဆန့်ကျင်နေစရာမလိုပါ။ နှုတ်ထွက်စကားဖြင့်၊ သို့မဟုတ် စာဖြင့်ရေးသားခြင်းအားဖြင့် ကျွန်ုပ်တို့ထုတ်ဖော်ပြောဆိုကြရာတွင် စေ့စပ်သေချာစွာဖြင့် သတိထားဆင်ခြင်ရကြမည်ဖြစ်ပြီး၊ ထိုသို့မဟုတ်ပါက ကျွန်ုပ်တို့သည် တရားဥပဒေစိုးမိုးရေးအပေါ် ရန်လိုဆန့်ကျင်ပြောဆိုသူများအဖြစ်ဖြင့်

မှတ်တမ်းတင်ခြင်းခံရသည့်အနေအထားသို့ မိမိကိုယ်ကိုရောက်ရှိသွားစေမည်ကို စိုးရိမ်ရပါသည်။ ကျွန်ုပ်တို့၏သွားရာလမ်းကို သေချာပေါက်ပိတ်ဆို့သွားစေမည့် မည်သည့်ပြုမူကျင့်ကြံပြောဆိုမှုမျိုးကိုမျှ မလုပ်ဆောင်ရပါ။ ကျွန်ုပ်တို့အနေဖြင့် သခင်ခရစ်တော်၏နာမတော်၌ ရှေ့သို့တက်လှမ်းရကြမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့အပေါ်အပ်နှင်းထားသော သမ္မာတရားတော်အတွက် ထောက်ခံပြောဆိုပေးခြင်းအလုပ်ကို ဆက်လက်ထမ်းဆောင်ရကြပါမည်။ ဤအလုပ်ကိုလုပ်ဆောင်ကြရာတွင် လူတို့ကတားမြစ်ဟန့်တားလာကြပါက ကျွန်ုပ်တို့ကလည်း တမန်တော်တို့ကခွန်းတုံ့ပြန်ခဲ့ကြသည့် (တမန်တော် ၄း၁၉၊၂၀) တွင်ဖော်ပြထားသော၊ "． ． ． ဘုရားသခင်၏စကားတော်ကိုနားထောင်သည်ထက် သင်တို့၏စကားကိုသာ၍နားထောင်သော်၊ ဘုရားသခင်ရှေ့မှာကောင်းမည်မကောင်းမည်ကို ဆင်ခြင်၍စီရင်ကြလော့။ ငါတို့သည် ကြားလျက်မြင်လျက်ရှိသောအရာတို့ကို မဟောမပြောဘဲမနေနိုင် ． ． ． " ဆိုသည့်စကားအတိုင်း၊ ပြန်လည်ပြောကြားရကြပါမည်။ "The Acts of the Apostles," pp. 68, 69.

လူးသာ၏ကလောင်သွားသည် စွမ်းအားတစ်ခုအဖြစ်ထင်ရှားခဲ့ပြီး၊ သူ၏ရေးသားမှုများအပြင် ရုပ်သံနှင့်အသံလွှင့်ထုတ်လွှင့်ချက်များတို့အားဖြင့် ကမ္ဘာကြီးကို လှုံ့ဆော်နိုးထစေခဲ့ပါသည်။ ကျွန်ုပ်တို့၏ကွပ်ကဲမှုအောက်ရှိ အလားတူဌာနခွဲများတို့သည် လိုအပ်သောပံ့ပိုးမှုများတို့ဖြင့် အဆပေါင်းရာဂဏာန်းနှင့်ချီပြီး တိုးပွားလာခဲ့ပါသည်။ သမ္မာကျမ်းစာများ၊ များစွာသောဘာသာစကားတို့ဖြင့် စာအုပ်၊ စာနယ်ဇင်းတို့ကိုပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းနှင့် ယခုခေတ်ကာလအတွက် သမ္မာတရားတော်အကြောင်းကို ထုတ်ဖော်ပြောဆိုရကြသည့်အလုပ်သည် ကျွန်ုပ်တို့နှင့်လက်တစ်ကမ်း၌သာရှိနေပြီး၊ ကမ္ဘာအနှံ့သို့ အလျင်အမြန်သယ်ယူပို့ဆောင်ပေးနိုင်ပေပြီ။ ဘုရားသခင်၏နောက်ဆုံးသောသတိပေးတော်မူချက်တို့ကို လူတို့ထံသို့ပို့ဆောင်ပေးရကြမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့အနေဖြင့် သမ္မာကျမ်းစာတော်မြတ်ကို စိတ်အားထက်သန်စွာဖြင့် လေ့လာသင်ယူရကြမည့်အပြင်၊ အလင်းတရားတော်ကို အားမာန်အပြည့်ဖြင့် ဖြန့်ချိပေးရပါမည်။ "Testimonies for the Church," vol. 6, p. 403.

## နိုင်ငံရေးနှင့်ပတ်သက်သည့်ကျွန်ုပ်တို့၏သဘောထား

ကျွန်ုပ်တို့၏စာသင်ကျောင်းများရှိ ကျောင်းဆရာဆရာမများနှင့်စီမံခန့်ခွဲသူများတို့ခင်ဗျား၊



ကျွန်ုပ်တို့၏အဖွဲ့အစည်းများနှင့်စာသင်ကျောင်းများတို့ကို ကြီးကြပ်ကွပ်ကဲနေကြသောသူတို့အနေဖြင့် သူတို့၏နှုတ်ထွက်စကားများနှင့်စိတ်ခံစားမှုတို့အားဖြင့် ကျောင်းသူကျောင်းသားများတို့အား လွဲမှားသောလမ်းကြောင်းများပေါ်သို့ ဦးတည်သွားကြစေမည်ကိုစိုးရိမ်ရသောကြောင့် မိမိတို့ကိုယ်ကို လုံ့လဝီရိယရှိရှိဖြင့် ကြပ်မတ်ဆင်ခြင်ရကြပါမည်။ ကျွန်ုပ်တို့၏အသင်းတော်များအတွင်းနှင့်စာသင်ကျောင်းများတို့တွင် သမ္မာကျမ်းစာတော်အကြောင်းကို သင်ကြားပို့ချပေးကြသောသူတို့သည်လည်း နိုင်ငံရေးသမားများတို့အပေါ် မလိုမုန်းထားဖြစ်မှု၊ သို့မဟုတ် ထင်ကြေးဖြင့်ဝေဖန်ရှုတ်ချမှုတို့ကို ပေါ်ပေါ်ထင်ထင်သိသာလောက်အောင်လုပ်ဆောင်ရေးအတွက် စိတ်ကြိုက်ပူးပေါင်းလုပ်ဆောင်ပိုင်ခွင့်မရှိပါ။ အကြောင်းမှာ သူတို့သည် ထိုသို့လုပ်ဆောင်ကြခြင်းအားဖြင့် အခြားသောသူတို့အား သူတို့တစ်ဦးချင်း၏စိတ်ကြိုက်သဘောတရားယူဆချက်တို့ကို အသားပေးထောက်ခံပြောဆိုကြရေးဆီသို့ ဦးတည်သွားအောင် ထိုသူတို့၏စိတ်အတွေးတို့ကို လှုံ့ဆော်မြှောက်ပင့်ပေးရာရောက်သွားခြင်းကြောင့်ဖြစ်ပါသည်။ လက်ရှိသမ္မာတရားတော်အပေါ်ယုံကြည်သက်ဝင်ကြပါသည်ဟု လူသိရှင်ကြားမိမိတို့ကိုယ်ကိုထုတ်ဖော်ပြောဆိုကြသောသူများအတွင်းရှိ သူတို့၏စိတ်ကူးယဉ်ခြင်းများနှင့် နိုင်ငံရေးဘက်သို့ ဦးစားပေးစိတ်ဝင်စားမှုများတို့အကြောင်းကို ထုတ်ဖော်ပြောကြားကြရန်အတွက် ထိုသို့သောလှုံ့ဆော်တိုက်တွန်းခြင်းခံရကြမည့်သူအချို့ရှိကြခြင်းကြောင့် အသင်းတော်အတွင်း မတူညီသောသဘောထားမျိုး ပေါ်ပေါက်တတ်ပါသည်။

ထာဝရဘုရားအနေဖြင့် သူ၏လူစုတော်တို့အား နိုင်ငံရေးဆိုင်ရာအငြင်းပွားဖွယ်အကြောင်းခြင်းရာတို့ကို မြေမြှုပ်ပစ်စေလိုတော်မူပါသည်။ ဤအခိကကျသောအကြောင်းခြင်းရာများတို့နှင့်ပတ်သက်လာလျှင် တိတ်ဆိတ်နေခြင်းသည် စကားပြောကောင်းခြင်းမျိုးကို ပြောကြားရာရောက်ပါသည်။ ဘုရားသခင်၏နှုတ်တော်ထွက်အတွင်း ထင်ထင်ရှားရှားဖြင့်တွေ့မြင်နေရသော စင်ကြယ်သည့်ဧဝံဂေလိတရားတော်၏အခြေခံစည်းမျဉ်းများနှင့်ပတ်သက်လာလျှင်၊ စည်းလုံးမှုအပြည့်ဖြင့်အစွမ်းပြကြရေးအတွက် သခင်ခရစ်တော်သည် သူ၏နောက်တော်သို့လိုက်လျှောက်နေကြသောသူတို့ကို ဆင့်ဆိုတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့သည် မည်ကဲ့သို့သောသူအတွက် ဆန္ဒမဲပေးနေကြသည်ကို သိရှိခြင်းမရှိကြသောကြောင့် အန္တရာယ်ကင်းသောဆန္ဒမဲပေးခြင်းကို နိုင်ငံရေးပါတီတို့အတွက် ပေးနိုင်ခြင်းမရှိကြပါ။ မည်သည့်နိုင်ငံရေးလျှို့ဝှက်ကြံစည်မှုမျိုးတွင်မျှ ကျွန်ုပ်တို့အနေဖြင့် အန္တရာယ်ကင်းစွာဖြင့်ပါဝင်လုပ်ဆောင်ခြင်းမပြုနိုင်ကြပါ။ ဘာသာတရား

လွတ်လပ်စွာကိုးကွယ်မှုကိုဖိနှိပ်ရန်အတွက်နှင့် သူတို့၏မိတ်ဆွေအပေါင်းအသင်းတို့အား ပထမနေ့ကိုဥပုသ်နေ့အဖြစ်စောင့်ထိန်းကြစေရန်ဦးတည်စေခြင်း၊ သို့မဟုတ် အတင်းအကျပ်ခိုင်းစေသည့်သဘောမျိုးသက်ရောက်သော ဖိနှိပ်ချုပ်ချယ်သည့်လုပ်ငန်းစဉ်များကို စတင်လုပ်ဆောင်ကြရန်အတွက် မိမိတို့၏သြဇာအရှိန်အဝါကို အသုံးပြုကြမည့်သူတို့အား စိတ်ရှိတိုင်းဆောင်ရွက်ကြရေးကို ကျွန်ုပ်တို့ကလုပ်ဆောင်ခွင့်မရှိကြပါ။ ရက်သတ္တပတ်၏ ပထမဦးဆုံးသောနေ့ရက်သည် ကြည်ညိုလေးစားဖွယ်သောနေ့ရက်တစ်ရက်မဟုတ်ပါ။ ထိုနေ့သည် ဥပုသ်နေ့အတုအယောင်နေ့တစ်နေ့သာဖြစ်ပြီး၊ ထိုပထမနေ့ရက်ကိုချီးမြှောက်လျက် ဘုရားသခင်၏ဥပုသ်တော်နေ့ကို နင်းခြေပစ်ခြင်းဖြင့် သူ၏ပညတ်တရားတော်ကို ချိုးဖောက်ကြသောသူတို့နှင့်အတူ ထာဝရဘုရား၏မိသားစုဝင်တို့က အတူတကွပါဝင်ဆင်နွှဲခြင်းမပြုရကြပါ။ ထိုကဲ့သို့ပါဝင်ဆင်နွှဲကြသောသူတို့အား ကျွန်ုပ်တို့အသင်းတော်၏ ရာထူးဌာနန္တရနေရာမျိုးတွင် တင်မြှောက်ကြရန်အတွက် ဘုရားသခင်၏လူစုတော်တို့က ဆန္ဒမဲမပေးရကြပါ။ ထိုသူတို့အတွက် ထိုသို့ထောက်ခံဆန္ဒမဲပေးကြခြင်းအားဖြင့် ထိုသူတို့က သူတို့ရရှိလာကြသည့်ရာထူးနေရာတွင် ကျူးလွန်ကြသောအပြစ်တို့ကို ထောက်ခံဆန္ဒမဲပေးခဲ့ကြသောသူတို့က အတူတကွပူးပေါင်းကျူးလွန်ကြသကဲ့သို့ ဖြစ်နေပါသည်။

ဘုရားသခင်ပညတ်တော်တို့ကိုစောင့်ရှောက်ကြသော ဘုရားသခင်၏လူတို့နှင့် ကျွန်ုပ်တို့ပေါင်းစည်းမိကြခြင်းမရှိမီ ကျွန်ုပ်တို့အားတွန်းပို့ပေးတတ်သည့်ခံယူချက်များနှင့် မလိုမုန်းထားစိတ်တို့အပေါ် အလျှော့ပေးကြခြင်းအားဖြင့်၊ အခြေခံစည်းမျဉ်းအတွက် အပေးအယူမပြုလုပ်ရပါ။ ကျွန်ုပ်တို့သည် ထာဝရဘုရား၏တပ်မတော်ကြီးအတွင်းသို့ ဝင်ရောက်အမှုထမ်းရန်အတွက် စာရင်းသွင်းထားခံရကြပြီးဖြစ်သောကြောင့် ကျွန်ုပ်တို့အနေဖြင့် ရန်သူဘက်မှပါဝင်တိုက်ခိုက်ပေးရမည်မဟုတ်ဘဲ ကျွန်ုပ်တို့သည် ခံယူချက်အားဖြင့်၊ အပြုအမူအားဖြင့်၊ စိတ်ဓာတ်အားဖြင့်အပြင် ခင်မင်ရင်းနှီးမှုတို့အားဖြင့် သခင်ခရစ်တော်ဘက်မှနေပြီး လုံးဝဥဿုံပေါင်းစည်းပြီး ပါဝင်တိုက်ခိုက်ပေးရကြပါမည်။ အမှန်တကယ်စစ်မှန်သောခရစ်ယာန်ဖြစ်ကြသောသူတို့သည် စစ်မှန်သောစပျစ်ပင်၏ အကိုင်းအခက်များဖြစ်ရကြမည်ဖြစ်ပြီး စပျစ်သီးသောအသီးအမျိုးအစားမျိုးကိုသာ သီးရကြပါလိမ့်မည်။ သူတို့သည် ခရစ်ယာန်တို့၏ခင်မင်ရင်းနှီးသောပေါင်းသင်းဆက်ဆံမှုမျိုးနှင့် သဟဇာတဖြစ်အောင်ပြုမူကျင့်ကြံရကြပါမည်။ သူတို့သည် နိုင်ငံရေးနှင့်



ပတ်သက်သော အမှတ်သင်္ကေတရင်ထိုးတံဆိပ်ကို ဆင်မြန်းထားရကြမည်မဟုတ်ဘဲ၊ သခင်ခရစ်တော်၏အမှတ်သင်္ကေတတံဆိပ်တော်ကိုသာ တပ်ဆင်ထားရကြပါမည်။

ထိုနောက်တွင် ကျွန်ုပ်တို့မည်သည့်အရာကို လုပ်ဆောင်ရကြပါမည်နည်း။ နိုင်ငံရေးဆိုင်ရာအငြင်းပွားမှုများတို့သည် တသီးတခြားဖြင့်ရှိနေပါစေ။ (၂ကော ၆း၁၄၊၁၅) တွင်၊ "မယုံကြည်သောသူတို့နှင့်တွဲဖက်၍ ဆန့်ကျင်ဘက်ဖြစ်သောထမ်းပိုးကိုမထမ်းကြနှင့်။ တရားသောအမှုသည် မတရားသောအမှုကိုအဘယ်သို့လက်ခံနိုင်မည်နည်း။ အလင်းသည် မှောင်မိုက်နှင့်အဘယ်သို့ဆက်ဆံနိုင်မည်နည်း။ ခရစ်တော်သည် ဗေလျာလနှင့် အဘယ်သို့သင့်တင့်နိုင်မည်နည်း။ ယုံကြည်သောသူသည် မယုံကြည်သောသူနှင့်အတူ အဘယ်အကျိုးအပြစ်ကိုခံရမည်နည်း" ဟူ၍ဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းတို့၏ စပ်ကြား မည်သို့သဘောထားချင်းတိုက်ဆိုင်ကြမည်နည်း။ မည်သို့သောခင်မင်ရင်းနှီးမှုမျိုး၊ မိတ်သဟာယဖွဲ့မှုမျိုးမျှမဖြစ်နိုင်ပါ။

"ခင်မင်ရင်းနှီးမှု" ဆိုသည့်စကားလုံးသည် ပါဝင်ဆောင်ရွက်ခြင်း၊ မိတ်ဖက်ဖြစ်ခြင်းဆိုသည့်အဓိပ္ပါယ်မျိုးသက်ရောက်ပါသည်။ လောကီရေးရာအဖွဲ့အစည်းများနှင့် သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားတော်ကို ကြိုးပမ်းရှာဖွေကြသောသူတို့စပ်ကြားတွင် မည်သို့သောပေါင်းစည်းခြင်းမျိုးမျှမရှိသင့်ကြောင်းကို ပြသပေးတော်မူရန်အတွက် ဘုရားသခင်သည် အခိုင်မာဆုံးသောအသွင်သဏ္ဍာန်ဖြင့် ပြသတော်မူပါသည်။ အလင်းတရားနှင့်အမှောင်ထု၊ သမ္မာတရားတော်နှင့်ဒုစရိုက်အပြစ်တို့၏စပ်ကြား မည်သို့သော မိတ်သဟာယဖွဲ့မှုမျိုးရှိနိုင်မည်နည်း။ မည်ကဲ့သို့မျိုးမျှမဖြစ်နိုင်ပါ။ အလင်းတရားသည် ဖြောင့်မတ်ခြင်းတရားကိုကိုယ်စားပြုပြီး၊ အမှောင်ထုမူကား ဒုစရိုက်အပြစ်ကိုကိုယ်စားပြုနေပါသည်။ ခရစ်ယာန်များတို့သည် အမှောင်ထုထဲမှနေပြီး အလင်းတရားဆီသို့ရုန်းကန်ထွက်လာကြသောသူတို့ဖြစ်ပါသည်။ သူတို့သည် သခင်ခရစ်တော်ကိုဝတ်ဆင်ထားကြသည့်အပြင်၊ သမ္မာတရားတော်နှင့်နာခံလိုက်လျှောက်ခြင်းဆိုင်ရာ အမှတ်သင်္ကေတရင်ထိုးတံဆိပ်ကိုပါ ဆင်မြန်းထားနေကြပါသည်။ သခင်ခရစ်တော်သည် သူ၏အသက်တာတော်အတွင်း ထုတ်ဖော်ပြောဆိုတော်မူခဲ့သော ချီးမြှောက်ခံရပြီး၊ သန့်ရှင်းမြင့်မြတ်သောအခြေခံစည်းမျဉ်းများတို့အားဖြင့် ထိုခရစ်ယာန်များတို့သည် ထိန်းသိမ်းကွပ်ကဲခြင်းခံထားရကြပါသည်။

နိုင်ငံရေးရာများတို့တွင်ရှိနေသော သူတို့၏စိတ်အားထက်သန်မှုအားဖြင့် မိမိတို့ကိုယ်ကိုတသီးတခြားစီဖြစ်သွားအောင်လုပ်နေကြသော အသင်းတော်၊ သို့မဟုတ်

စာသင်ကျောင်းတို့တွင်ရှိနေကြသော ဆရာ၊ ဆရာမများတို့သည် သူတို့၏လုပ်လက်စအလုပ်နှင့်တာဝန်ခံထားကြသည့်အလုပ်တာဝန်တို့ကို တုံ့ဆိုင်းခြင်းမရှိဘဲ ရပ်တန့်ထားရကြပါမည်။ သို့မဟုတ်ပါက ထာဝရဘုရားသည် သူတို့နှင့်ပူးပေါင်းလုပ်ဆောင်တော်မူမည်မဟုတ်တော့ပါ။ နိုင်ငံရေးရာအငြင်းပွားမှုများအကြောင်းကို ဟိတ်ဟန်ဖြင့် မိန့်ခွန်းခြွေဟောပြောသောသူတစ်ဦးတစ်ယောက်အား ချီးမြှင့်ရန်အတွက် ဆယ်ဖို့တစ်ဖို့အလှူငွေကိုအသုံးမပြုသင့်ပါ။ နိုင်ငံရေးအငြင်းပွားမှုများတို့အပေါ် သူ၏ခံယူချက်များတို့ကို နိုးကြားတက်ကြွလှသောဆန္ဒမျိုးဖြင့် ဖွင့်ဟဆွေးနွေးလိုကြသော ကျွန်ုပ်တို့အရာထမ်းများအတွင်းရှိကျောင်းဆရာ၊ ဆရာမ၊ အမှုတော်ဆောင်၊ သို့မဟုတ် ဦးဆောင်ဦးရွက်ပြုသူတိုင်းသည် သမ္မာတရားတော်အပေါ်ယုံကြည်နေမှု၊ သို့မဟုတ် သူ၏အလုပ်ကိုစွန့်လွှတ်လိုက်ခြင်းအားဖြင့်သာလျှင် ပြောင်းလဲခြင်းသို့ရောက်ရှိသင့်ပါသည်။ သူ၏ ဩဇာသက်ရောက်မှုသည် သခင်ခရစ်တော်ထံတော်သို့ အသက်ဝိညာဉ်များတို့ကို ဆောင်ယူပေးရာတွင် ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်သူအဖြစ်ဖြင့် သတ်မှတ်ပြောဆိုခြင်းခံရမည်၊ သို့မဟုတ် သူ၏သင့်လျော်သောအရည်အချင်းတို့ကို သူ၏ထံမှ ထုတ်ပယ်ဆောင်ယူခြင်းခံရမည်သာဖြစ်သည်။ အကယ်၍သာ သူသည် မပြောင်းလဲသေးဘဲရှိနေပါက သူသည် ထိခိုက်နစ်နာစေမှုတစ်ခုတည်းကိုသာ လုပ်ဆောင်လာမည်ဖြစ်သည်။

## သင်တို့သည်အသီးအခြားနေကြလော့

ပညာပေးရန်ခန့်အပ်ထားခြင်းခံရကြသော အကျွန်ုပ်၏ညီအစ်ကိုတော်တို့အနေဖြင့် သူတို့၏ကျင့်ကြံပြုမူမှုလမ်းကြောင်းကို ပြုပြင်ပြောင်းလဲပစ်လိုက်ကြရန်အတွက် ကျွန်ုပ်မေတ္တာရပ်ခံပါသည်။ သင့်အနေဖြင့် သင်၏လုပ်ပိုင်ခွင့်တို့ကို တစ်စုံတစ်ရာသောနိုင်ငံရေးပါတီနှင့်ချိတ်ဆက်ထားပြီး၊ သင်၏ဆန္ဒမဲပြားကို သူတို့နှင့်အတူ၊ သို့မဟုတ် သူတို့အတွက်ထည့်လိုက်ခြင်းသည် သင့်အတွက်မှားယွင်းမှုတစ်ခုပင်ဖြစ်ပါသည်။ ပညာပေးသူများကဲ့သို့၊ အမှုတော်ဆောင်များကဲ့သို့ မည်သည့်နယ်ပယ်မျိုးတွင်မဆို ဘုရားသခင်နှင့်အတူလုပ်ဆောင်နေကြသောသူများအဖြစ်ဖြင့် ရပ်တည်နေကြသောသူတို့သည် နိုင်ငံရေးလောကတွင် သူတို့အတွက်တိုက်ခိုက်ရမည့်တိုက်ပွဲမျိုးများမရှိပါ။ သူတို့၏နိုင်ငံသားခံယူမှုသည် ကောင်းကင်ဘုံ၌သာရှိကြပါသည်။ သူတို့သည် အသီးအခြားရှိနေကြသောသူများအဖြစ်နှင့် ထူးခြားသောလူမျိုးများအဖြစ်ဖြင့်သာ ထာဝရဘုရားက သတ်မှတ်





ထားတော်မူပါသည်။ ယုံကြည်သူများအစုအဖွဲ့အတွင်းတွင် မည်သည့်ဂိုဏ်းဂဏကွဲပြားမှုမျိုးကိုမျှ ရှိစေလိုတော်မူခြင်းမရှိပါ။ သူ၏လူစုတော်တို့သည် ပြန်လည်စည်းလုံးခြင်းဆိုင်ရာ အခြေခံလိုအပ်ချက်များတို့ကိုသာ ပိုင်ဆိုင်စေလိုတော်မူပါသည်။

နိုင်ငံရေးလောကအတွင်းတွင် သူတို့အတွက်ရန်သူများတို့ကိုဖန်တီးရေးမှာ သူတို့၏အလုပ်ဖြစ်ပါသလား။ လုံးဝဥဿုံမဟုတ်ပါ။ သူတို့သည် "ဘုရားသခင်၏ပညတ်တော်များနှင့် သခင်ယေရှုအပေါ်ယုံကြည်သက်ဝင်ခြင်း" ဆိုသည့်စာသားကို ကမ္ဘည်းထိုးထားသောအောင်လံတံခွန်ကို သယ်ဆောင်ထားကြသည့် သခင်ခရစ်တော်၏နိုင်ငံတော်ဆိုင်ရာ နိုင်ငံသားများအဖြစ်ဖြင့် ရပ်တည်ရကြပါမည်။ သူတို့သည် အထူးတလည်ဖြစ်သောအမှုတော်နှင့် အထူးသတင်းစကားမျိုးကို ဝန်ထုပ်ဝန်ပိုးအဖြစ်ဖြင့် သယ်ပိုးထမ်းဆောင်ရကြပါမည်။ ကျွန်ုပ်တို့သည် ကိုယ်ရေးကိုယ်တာ တာဝန်ယူရမှုမျိုးရှိနေပြီး၊ ဤတာဝန်ယူမှုကို အထက်ကောင်းကင်ဘုံစကြဝဠာရှေ့၊ ကောင်းကင်တမန်တို့ရှေ့နှင့်လူတို့ရှေ့တွင် ထင်ရှားစေရကြပါမည်။ ကျွန်ုပ်တို့၏ဩဇာသက်ရောက်မှုတို့ကို အသင်းအဖွဲ့တို့နှင့်ရောနှောပစ်လိုက်ခြင်းအားဖြင့်လည်းကောင်း၊ နိုင်ငံရေးအငြင်းပွားမှုများနှင့်ပတ်သက်လာသောလူတို့နှင့် ချိတ်ဆက်မှုအားဖြင့်လည်းကောင်း၊ တိုးချဲ့၊ ချဲ့ထွင်သွားရန်အတွက် ဘုရားသခင်ကချမှတ်ထားတော်မူခြင်းမရှိသော်လည်း သူ၏ပြီးပြည့်စုံတော်မူခြင်းတွင် တစ်ဦးချင်းကဏ္ဍများအဖြစ်အပြင်၊ သခင်ခရစ်တော်ကို ကျွန်ုပ်တို့၏ဦးခေါင်းအဖြစ်ဖြင့် သဘောထားရပ်တည်မှုတို့ဖြင့် တိုးချဲ့၊ ချဲ့ထွင်သွားရကြပါမည်။ သခင်ခရစ်တော်သည် ကျွန်ုပ်တို့၏အရှင်မင်းကြီးဖြစ်တော်မူပြီး၊ သူ၏နိုင်ငံတော်သားများအဖြစ် ကျွန်ုပ်တို့သည် ဘုရားသခင်က ကျွန်ုပ်တို့အားခန့်အပ်တာဝန်ပေးထားတော်မူသည့်အမှုတော်ကို ထမ်းရွက်ရကြပါမည်။

လောကကမ္ဘာနှင့်ပတ်သက်သမျှသော မည်သည့်အရာမျိုးနှင့်မဆို ကျွန်ုပ်တို့က ပေါင်းစည်းခြင်းမပြုရတော့ပြီလားဆိုသည့် မေးခွန်းမျိုးပေါ်ပေါက်လာနိုင်ပါသည်။ ထာဝရဘုရား၏နှုတ်ထွက်စကားတော်သည် ကျွန်ုပ်တို့၏ဦးဆောင်လမ်းပြအဖြစ်ရှိရပါမည်။ အယူမှားသူများနှင့် မယုံကြည်သူများတို့နှင့်ပတ်သက်လာစေသည့်သူတို့နှင့် မည်ကဲ့သို့သောချိတ်ဆက်မှုမျိုးကိုမဆို နှုတ်ကပတ်တရားတော်က တားမြစ်ထားပါသည်။ ကျွန်ုပ်တို့အနေဖြင့် သူတို့အထဲမှထွက်ခွာလာကြပြီး၊ အသီးအခြားရှိနေရကြပါမည်။ အလုပ်ကိစ္စနှင့်ပတ်သက်ပြီး သူတို့၏အစီအမံများတို့တွင် ကျွန်ုပ်တို့အနေဖြင့် ပါဝင်ပတ်သက်နေစရာအကြောင်းမရှိပါ။ သို့သော်လည်း ကျွန်ုပ်တို့သည် တစ်ကိုယ်တော်ဘဝသမား

များအဖြစ်ဖြင့် ရှင်သန်နေရန်မဟုတ်ပါ။ ကျွန်ုပ်တို့အနေဖြင့် ကောင်းမြတ်သောလောကီ အရာအားလုံးတို့ကို ဖြစ်နိုင်သမျှလုပ်ဆောင်ရကြပါမည်။

ဤအကြောင်းနှင့်ပတ်သက်ပြီး သခင်ခရစ်တော်သည် ကျွန်ုပ်တို့အား နမူနာ ပေးထားတော်မူပါသည်။ အခွန်ခံသူများနှင့်အပြစ်သားများတို့နှင့်အတူ စားသောက်ရန် အတွက် ဖိတ်ကြားတော်မူခြင်းခံခဲ့ရသောအခါ၊ သူသည် ငြင်းပယ်တော်မမူခဲ့ရခြင်းမှာ ဤသို့သောလူတန်းစားတို့ဆီသို့ရောက်ရှိနိုင်သောနည်းလမ်းမှာ ဤကဲ့သို့သောရောနှောပေါင်းသင်းသောနည်းလမ်းမှလွဲပြီး အခြားသောနည်းလမ်းမျိုးမရှိနိုင်ပါ။ သို့သော်လည်း အခွင့်အခါသင့်သောအချိန်တိုင်း၌ပင် သူသည် သူတို့၏စိတ်အတွေးများအတွင်းသို့ ထာဝရစိတ်ဝင်စားစရာများအဖြစ် ရှိနေမည့်အရာများအကြောင်းနှင့်ပတ်သက်သည့် ဆိုလိုရင်းစကားလုံးမျိုးကို ဖွင့်ဟမိန့်ကြားတော်မူခဲ့ပါသည်။ ကျွန်ုပ်တို့အားလည်း သူက (မဿဲ ၅း၁၆) တွင်ဖော်ပြထားသည့်၊ "ထိုနည်းတူ၊ သူတစ်ပါးတို့သည် သင်တို့၏ ကောင်းသောအကျင့်ကိုမြင်၍ ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘ၏ဂုဏ်တော်ကိုချီးမွမ်းစေခြင်းငှာ၊ သူတစ်ပါးရှေ့၌ သင်တို့အလင်းကိုလင်းစေကြလော့" ဆိုသည့်မိန့်တော်မူချက်အတိုင်း ကျွန်ုပ်တို့အား နှစ်ထောင်းအားရစေတော်မူခဲ့ပါသည်။

ပြုမူကျင့်ကြံပြောဆိုခြင်းဆိုင်ရာ ထိန်းချုပ်ရေးနှင့်ပတ်သက်သည့်အငြင်းပွားစရာကိစ္စရပ်များတွင် သင့်အနေဖြင့် ချီတုံချတုံမဖြစ်ပါနှင့်။ ကျောက်ဆောင်အလား မြဲမြဲခိုင်ခံ့ပါ။ အခြားသောသူတို့၏ပြစ်မှုကျူးလွန်မှုများတို့နှင့် ပူးတွဲပါဝင်ခြင်းမရှိပါနှင့်။

ထွန်ယက်စိုက်ပျိုးရမည့် ကြီးမားကျယ်ပြန့်လှသောစပျစ်ခင်းကြီးရှိနေပါသော်လည်း၊ မယုံကြည်သူများတို့အတွင်း ခရစ်ယာန်တို့ကလုပ်ကိုင်ဆောင်ရွက်နေကြသော အခါတွင် လောကီရေးရာအပေါ် စိတ်ဝင်စားသောလူများအဖြစ်ဖြင့် မိမိတို့ကိုယ်ကိုမပြသကြပါစေနှင့်။ သူတို့အနေဖြင့် နိုင်ငံရေးသမားများအလား ပြောဆိုပြုမူကျင့်ကြံခြင်းဖြင့် အချိန်ကိုအကုန်မခံစေပါနှင့်။ ထိုသို့လုပ်ဆောင်ကြခြင်းအားဖြင့် သူတို့သည် ရန်သူအား ခရစ်ယာန်တို့အပေါ်ကွဲပြားသွားစေရန်နှင့် သဘောထားကွဲလွဲမှုရှိလာစေခြင်းတို့ကို အရိုန်မြင့်ပေါ်ပေါက်လာစေရန်အတွက် အခွင့်အရေးပေးရာရောက်ပါသည်။ အမှုတော်ဆောင်ခြင်းလုပ်ငန်းတွင်ရှိနေပြီး၊ နိုင်ငံရေးသမားများအဖြစ်ဖြင့် ရပ်တည်လိုစိတ်ရှိကြသောသူတို့အနေဖြင့် မိမိတို့ကိုခန့်ထားပေးအပ်ထားသော အမှုတော်လုပ်ငန်းတာဝန်တို့ကို သူတို့ထံမှရုပ်သိမ်းပစ်ရပါမည်။ ထိုကဲ့သို့ဆောင်ရွက်ရခြင်းမှာ ဘုရားသခင်သည်



သူ၏လူစုတော်အတွင်းအပါအဝင်ဖြစ်ကြသောသူတို့တွင် မြင့်မားသည်ဖြစ်စေ၊ နိမ့်ကျသည်ဖြစ်စေ ထိုအလုပ်မျိုးကိုပေးအပ်ခြင်းရှိတော်မမူပါ။

နှုတ်ကပတ်တရားတော်နှင့် ဧဝံဂေလိဒေသနာတရားတော်တို့ဖြင့် အမှုတော်ကို ထမ်းဆောင်နေကြသောသူအားလုံးတို့သည် သေချာသောတံပိုးသံမျိုးကိုမှုတ်ကြရန်အတွက် ဘုရားသခင်ကတောင်းဆိုတော်မူပါသည်။ ကြီးမားလှသောအန္တရာယ်ကြီးသည် ကျွန်ုပ်တို့အပေါ်သို့အပ်ကျမပ်ကျ ကျရောက်လာတော့မည်ဖြစ်သည်အလျောက်၊ သခင်ခရစ်တော်အားလက်ခံသက်ဝင်ပြီးဖြစ်ကြသော အမှုတော်ဆောင်များနှင့်သာမန်အသင်းသားများအားလုံးတို့သည်နိုးထပြီး၊ ထွန်းလင်းတောက်ပရကြပါမည်။ ကမ္ဘာမြေကြီး၏အာဏာစွမ်းအားတို့ကို စာတန်မာရ်နတ်က နှိုးဆွပေးနေပါသည်။ ဤကမ္ဘာကြီးပေါ်ရှိအရာရာတိုင်းတို့သည် ရှုပ်ထွေးလွန်းလှပါသည်။ တတိယကောင်းကင်တမန်၏သတင်းစကားကို သက်သေခံသည့်တံခွန်အောင်လံကို မြှောက်ချီထားကြရန်အတွက် ဘုရားသခင်သည် သူ၏လူစုတော်တို့အား တောင်းဆိုတော်မူပါသည်။

ဘုရားသခင်၏သားသမီးတော်တို့သည် နိုင်ငံရေးလောကနှင့်လည်းကောင်း၊ မယုံကြည်သူများတို့နှင့်မဟာမိတ်ဖွဲ့ခြင်းတို့မှ ကင်းကင်းရှင်းရှင်းရှိနေရကြပါမည်။ သူတို့သည် လောကကမ္ဘာကြီး၏လုပ်ပိုင်ခွင့်များတို့နှင့် သူတို့၏လုပ်ပိုင်ခွင့်တို့ကို ဆက်စပ်မထားရပါ။ ဘုရားသခင်က "ငါ၏ရွေးချယ်ခံထားရသောအမွေခံကဲ့သို့လည်းကောင်း၊ ကောင်းမြတ်သောအမှုတို့ကို အလွန်အလိုရှိကြသောသူများကဲ့သို့လည်းကောင်း တည်နေကြခြင်းအားဖြင့် ငါ၏အပေါ်တွင် သင်၏သစ္စာစောင့်သိမှုကို သက်သေထင်ရှားစေလော့" ဟူ၍မိန့်တော်မူပါသည်။ နိုင်ငံရေးပဋိပက္ခအတွင်း ပါဝင်ပတ်သက်ခြင်းမရှိပါနှင့်။ လောကီရေးရာများမှ လွတ်လွတ်ကင်းကင်းရှိနေပြီး အသင်းတော်၊ သို့မဟုတ် စာသင်ကျောင်းအတွင်းသို့ အချေအတင်ဖြစ်စေမှုနှင့် ကစဉ့်ကလျားအနေအထားဆီသို့ ဦးတည်သွားစေမည့် တွေးတောထင်မြင်ချက်များတို့ကို ယူဆောင်လာခြင်းမပြုပါနှင့်။ သဘောထားကွဲလွဲမှုဆိုသည်မှာ ကိုယ်ကျိုးအတ္တကိုကြည့်နေကြသောလူသားတို့ကခေတ်စနစ်အတွင်းသို့ထည့်သွင်းထားလိုက်သည့် ကိုယ်ကျင့်တရားကိုသေဆုံးစေသော အဆိပ်ဖြစ်ပါသည်။ ဘုရားသခင်သည် သူ၏အစေကျွန်များတို့က သူတို့၏ဩဇာသက်ရောက်မှုတို့သည် သမ္မာတရားတော်၏တန်ခိုးကို ပြသနိုင်ကြရေးအတွက် ကြည်လင်ရှင်းလင်းသောထိုးထွင်းဉာဏ်နှင့် မှန်ကန်ပြီးမြင့်မြတ်သောဂုဏ်သိက္ခာများတို့ကို ပိုင်ဆိုင်ရယူထားစေလိုတော်မူပါသည်။

ခရစ်ယာန်၏အသက်တာမည်သည်မှာ ဖြစ်ကတတ်ဆန်းအနေအထားရှိသည့် အသက်တာမျိုးမဖြစ်ရသည့်အပြင်၊ စိတ်ခံစားမှုလွှမ်းမိုးသောအသက်တာမျိုးမဖြစ်ရပါ။ ဘုရားသခင်ကတာဝန်ပေးထားတော်မူသောအမှုတော်ကို ပြီးမြောက်အောင်မြင်စေရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်သော စစ်မှန်သည့်ခရစ်ယာန်၏ဩဇာသက်ရောက်မှုသည် အဖိုးထိုက်လှသောစွမ်းဆောင်မှုတစ်ခုဖြစ်သည်အလျောက်၊ ၎င်းသည် နိုင်ငံရေးရာနှင့်ပေါင်းစည်းမှုမရှိရသည့်အပြင်၊ မယုံကြည်သူတို့နှင့်ပူးပေါင်းလုပ်ဆောင်မှုအတွင်း နစ်မြုပ်နေခြင်းမရှိရပါ။ ဘုရားသခင်သည်သာလျှင် အာရုံစူးစိုက်စွဲလမ်းမှု၏ဗဟိုချက်မဖြစ်တော်မူရပါမည်။ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လုပ်ဆောင်နေသောစိတ်အတွေးတိုင်းသည် ဘုရားသခင်အား ကျေနပ်အားရမှုရှိစေတော်မူပါသည်။ MS., June 16, 1899.

(ရောမ ၁၄း၇) တွင်၊ "ငါတို့တွင်အဘယ်သူမျှ ကိုယ်အဖို့အလိုငှာအသက်မရှင်၊ . . . " ဟူ၍ဖော်ပြထားပါသည်။ နိုင်ငံရေးရာကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ရန်အတွက် သွေးဆောင်ခြင်းခံရကြသောသူတို့အား သူတို့လုပ်ဆောင်သောလှုပ်ရှားမှုတိုင်းသည် အခြားသောသူတို့အပေါ်ဩဇာသက်ရောက်မှုရှိနေသည်ကို သတိတရရှိကြပါစေ။ ဤကိစ္စရပ်များတို့နှင့်ပတ်သက်ပြီး အမှုတော်ဆောင်များ၊ သို့မဟုတ် တာဝန်ယူရသည့်အနေအထားမျိုးတွင်ရှိနေကြသော အခြားသောသူတို့က မှတ်ချက်ချဝေဖန်သမှုပြုကြသည်နှင့် လူသားတို့၏စိတ်အတွေးများအတွင်း သူတို့ပျိုးထောင်ပေးထားသောအတွေးအခေါ်များတို့ကို သူတို့က မည်သို့မျှပြန်လည်စုစည်း၍မရနိုင်ကြပါ။ စာတန်မာရ်နတ်၏စုံစမ်းနှောင့်ယှက်ခြင်းများအောက်၌ သူတို့၏အနည်းငယ်မျှသောအိပ်မက်ကိုအကျိုးဖြစ်ထွန်းစေမည့် ပတ်ဝန်းကျင်အခြေအနေဖြစ်စဉ်တစ်ရပ်ကို သူတို့ကအစပျိုးပေးလိုက်ခြင်းပင်ဖြစ်ပါသည်။ အမှုအကျင့်တစ်ခု၊ နှုတ်ထွက်စကားတစ်ခွန်းနှင့်အတွေးအခေါ်တစ်ခုချင်းတို့ကို လူ့လောက၏ကြီးမားသောလူစုလူဝေးတို့၏စိတ်အတွေးများအတွင်းသို့ သွတ်သွင်းပေးရာတွင်၊ ကောင်းကင်ဘုံဆိုင်ရာ ထောက်ခံချက်ပါရှိပါကအသီးရိတ်သိမ်းမှုတွင် အဖိုးထိုက်လှသောအသီးထွက်ရှိမှုမျိုးကို ရိတ်သိမ်းရရှိနိုင်မည်ဖြစ်သည်။ သို့သော်လည်း အကယ်၍၎င်းလုပ်ဆောင်မှုသည် စာတန်မာရ်နတ်၏လှုံ့ဆော်မှုကြောင့် လုပ်ဆောင်ခြင်းဖြစ်ပါက၊ ခါးလှသောအရသာကိုဖြစ်ပေါ်စေမည့်အမြစ်များများပြားစွာပေါက်ပွားလာမည်ဖြစ်ပြီး၊ ထိုသို့အားဖြင့် များစွာသောအသီးတို့သည် ညစ်ထေးမှုရှိကြပါလိမ့်မည်။ ထို့နောက်တွင်မူ တစ်စုံတစ်ခုသောအမှုတော်ကဏ္ဍတွင် ဘုရားသခင်



၏ကျေးဇူးတော်ဆိုင်ရာဘဏ္ဍာစိုးတို့အနေဖြင့် အောက်တန်းကျမှုနှင့်အထွတ်အမြတ်ဖြစ်သောအရာကို သူတို့ကမည်သို့ရောနှောနေကြသည်ကို သတိထားမိကြပါစေ။

ဥပဒေရေးရာနှင့် နိုင်ငံရေးရာကိစ္စရပ်များနှင့်ပတ်သက်သည့်မေးခွန်းများကို အဆုံးအဖြတ်ပေးဖြေကြားပေးရန် အထပ်ထပ်အခါခါမေးမြန်းတော်မူခြင်းခံခဲ့ရသော်လည်း သူသည် လောကီရေးရာနှင့်ပတ်သက်သောကိစ္စရပ်များတို့တွင် ဝင်ရောက်စွက်ဖက်ရန်ငြင်းဆိုတော်မူခဲ့ပါသည်။ သူသည် ဤကမ္ဘာမြေကြီးပေါ်တွင်ကြွလာတော်မူပြီး၊ တည်ထောင်တော်မူလိုသည့် ဖြောင့်မတ်ခြင်းတရားတော်၏နိုင်ငံတော်ကြီးဖြစ်သောဝိညာဉ်ရေးနိုင်ငံတော်ကြီး၏ဦးစီးခေါင်းဆောင်တော်ကြီးအဖြစ်ဖြင့် ရပ်တည်တော်မူခဲ့ပါသည်။ သူ၏သင်ကြားပို့ချတော်မူချက်များသည် မြင့်မြတ်မှုအကြောင်းကို ရှင်းလင်းပြတ်သားစွာသိရှိစေနိုင်ပြီး၊ ဤနိုင်ငံတော်ကြီးကိုစီမံအုပ်ချုပ်ထားသည့် အခြေခံစည်းမျဉ်းများတို့ကို သန့်ရှင်းမွန်မြတ်စေပါသည်။ သူပြသတော်မူခဲ့သော ထိုတရားမျှတမှု၊ ကရုဏာတော်နှင့်ချစ်ခြင်းမေတ္တာတော်တို့သည် ယေဟောဝါထာဝရဘုရား၏နိုင်ငံတော်ကြီးတွင် ထိန်းချုပ်နိုင်မှုဆိုင်ရာ တန်ခိုးတော်များဖြစ်ကြပါသည်။ "Testimonies for the Church," vol. 9, p. 218.

## ယုဒလူမျိုးတို့အတွက်လုပ်ဆောင်မှု

ယေရုရှလင်မြို့တော်ကြီးဖျက်ဆီးခံရပြီး၊ ဗိမာန်တော်ကြီးသည်လည်း အပျက်အစီးပုံကြီးအဖြစ်သို့ ပြားပြားဝပ်သွားခဲ့သောအချိန်က ထောင်ပေါင်းများစွာသောယုဒလူမျိုးများတို့သည် သာသနာပလူတို့၏နိုင်ငံများသို့ ကျွန်သပေါက်များအဖြစ်ဖြင့်ရောင်းစားခံခဲ့ရကြပါသည်။ လူသူကင်းမဲ့သောပင်လယ်ကမ်းခြေပေါ်တွင် သောင်တင်နေသောသင်္ဘောပျက်များအလား၊ သူတို့သည် တိုင်းနိုင်ငံအနှံ့အပြားတို့သို့ ပျံ့နှံ့ရောက်ရှိသွားခဲ့ကြပါသည်။ သူတို့သည် နှစ်ပေါင်းတစ်ထောင့်ရှစ်ရာကျော်ကျော်ခန့်မျှ ကမ္ဘာပေါ်ရှိနိုင်ငံတစ်ခုမှတစ်ခုသို့ လှည့်လည်သွားလာခဲ့ရကြပြီး၊ ရှေးယခင်အခါကရှိခဲ့ဖူးသောနိုင်ငံနှင့်လူမျိုးဂုဏ်သိက္ခာအခွင့်ထူးကို မည်သည့်နေရာတွင်ကမျှ မရရှိနိုင်ခဲ့ကြပါ။ သူတို့သည် ရာစုနှစ်တစ်ခုပြီးတစ်ခုတို့တွင် မကောင်းပြောဆိုခံရကြပြီး၊ မုန်းတီးခံရကြသည့်အပြင် မတရားနှိပ်ကွပ်ခြင်းလည်းခံခဲ့ရကြကာ၊ ဒုက္ခဆင်းရဲခြင်းတည်းဟူသော ရှေးဟောင်းအမွေအနှစ်ကိုခံစားခဲ့ရကြပါသည်။

နာဇရက်မြို့သားသခင်ယေရှုအား ငြင်းပယ်ခဲ့ကြသောအချိန်က ယုဒလူမျိုး တစ်မျိုးအဖြစ် တည်ရှိနေခဲ့ကြသောအချိန်က ကြောက်လန့်ဖွယ်ကောင်းသောကြမ္မာဆိုး ကြီးသူတို့အပေါ်ကျရောက်ခဲ့သော်လည်း ရှည်လျားလှသောကာလတစ်ခုပြီးတစ်ခုအတွင်း မြင့်မြတ်ပြီး၊ ဘုရားသခင်အားကြောက်ရွံ့ခြင်းရှိခဲ့ကြသည့် ယုဒလူ၊ အမျိုးသား၊ အမျိုးသမီးများတို့သည် ဒုက္ခဆင်းရဲခြင်းကို တိတ်တိတ်ဆိတ်ဆိတ်ဖြင့် ကြိတ်မှိတ် ခံစားခဲ့ကြပါသည်။ သူတို့၏ဒုက္ခဝေဒနာအတွက် ဘုရားသခင်သည် သူတို့၏နှလုံးသား တို့ကိုနှစ်သိမ့်ပေးတော်မူခဲ့ပြီး၊ သူတို့၏ကြောက်လန့်ဖွယ်ရာအခြေအနေအတွက် သနား ကြင်နာခြင်းဖြင့်ကြည့်ရှုတော်မူခဲ့ပါသည်။ သူ၏နှုတ်တော်ထွက်ကို မှန်ကန်စွာဖြင့် နားလည်သဘောပေါက်နိုင်ကြရေးအတွက် စိတ်နှလုံးအကြွင်းမဲ့ဖြင့် သူ့အားရှာဖွေခဲ့ကြ သောသူတို့၏မချိမဆံ့ခံစားရမှုအတွင်း တောင်းလျှောက်ခဲ့ကြသောသူတို့၏ဆုတောင်းသံ ကို သူကနားညောင်းတော်မူပါသည်။ အချို့တို့သည် သူတို့၏ဘိုးဘေးများတို့က ဣသရေလလူမျိုးတို့၏မေရှိယအစစ်အမှန်အဖြစ် လက်သင့်မခံ၊ ငြင်းပယ်ခဲ့ပြီး ကပ်တိုင် ပေါ်တင်အသေသတ်ခဲ့ကြသော အညတရလူသား၊ နာဇရက်မြို့သားအပေါ် စွဲလမ်းမှု ထားရှိနိုင်ကြရေးအတွက် သင်ကြားရယူကြပါသည်။ သူတို့၏စိတ်အတွေးများတို့သည် ရိုးရာထုံးတမ်းဓလေ့နှင့်အဓိပ္ပါယ်ကို လွဲမှားစွာကောက်ယူတတ်မှုတို့၏ကြာမြင့်စွာဖြင့် ကာဆီးထားခြင်းခံရကြသည့်တိုင်၊ အနာဂတ္တိဟောကြားချက်များတို့နှင့် အကျွမ်းတဝင် ဖြစ်ခြင်း၏အရေးပါမှုကို နားလည်သဘောပေါက်ထားကြသည်အလျောက် သူတို့၏ နှလုံးသားများတို့သည် မိမိ၏ကိုယ်ပိုင် ကယ်တင်တော်မူသောအရှင်အဖြစ်ဖြင့် သခင် ခရစ်တော်အားလက်ခံရန်နည်းလမ်းကို ရွေးချယ်လိုက်သောလူသားတိုင်းတို့အား စကား ဖြင့်ဖော်ပြ၍မရနိုင်သောဆုကျေးဇူးတော်ကို အပ်နှင်းပေးတော်မူသည့်ဘုရားသခင်ကို ကျေးဇူးတင်ခြင်းတို့ဖြင့် ပြည့်ဝပြီးသားဖြစ်နေကြပါသည်။

၎င်းအချက်သည် ဟေရှာယက သူ၏အနာဂတ္တိစကားကိုဟောပြောခဲ့ရာတွင် ထိုသို့သောလူတန်းစားမျိုးကိုရည်ညွှန်းခဲ့ခြင်းဖြစ်ပြီး၊ ၎င်းဟောပြောချက်ကို (ဟေရှာယ ၁၀း၂၀–၂၂) တွင်၊ “. . . ကြွင်းသောသူတို့သည်. . . ဘုရားသခင်ထံသို့ပြန်လာ ကြလိမ့်မည်။. . .” ဟူ၍ဖော်ပြထားပါသည်။ ရှင်ပေါလုခေတ်ကာလမှ ယခုလက်ရှိ ကာလအထိ၊ ဘုရားသခင်သည် သူ၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ယုဒလူမျိုး များသာမကဘဲ တစ်ပါးအမျိုးသားတို့ကိုပါ ပြန်လည်ခေါ်ယူတော်မူနေပါသည်။ ဤအကြောင်းနှင့်ပတ်သက်ပြီး ရှင်ပေါလုက၊ (ရောမ ၂း၁၁) တွင် “ဘုရားသခင်သည် အဘယ်သူ၏မျက်နှာကိုမျှမှတ်တော်မမူ” ဟူ၍ကြေညာခဲ့ပါသည်။ တမန်တော်ကြီး သည် (ရောမ ၁း၁၄) တွင် “ဟေလသလူဖြစ်စေ၊ လူရိုင်းဖြစ်စေ၊. . . လူအမျိုးမျိုး တို့၏ကြွေးသည် ငါ၌တင်လျက်ရှိ၏” ဟူ၍ မိမိကိုယ်ကိုမိမိသတ်မှတ်သဘောထား ခဲ့ပြီး၊ ယုဒလူမျိုးများတို့အပေါ်ထားရှိသော သဘောထားမှာမူကား၊ ယုဒလူမျိုးများတို့ သည် အခြားသောသူတို့ထက် အခွင့်ထူးခံစားမှုကို တိကျပြတ်သားစွာဖြင့် ပိုင်ဆိုင်ခွင့် ရရှိထားသည်ဆိုသည့်အကြောင်းကို မည်သည့်အခါမျှသူမျက်ခြည်အပြတ်မခံခဲ့ကြောင်း ကို (ရောမ ၃း၁၊၂) တွင်၊ “. . . ထိုသို့ဖြစ်လျှင် ယုဒလူသည် အဘယ်သို့သာ သနည်း။ အရေဖျားလှီးခြင်းအားဖြင့် အဘယ်အကျိုးရှိသနည်း။. . . ထူးမြတ်သော အကျိုးဟူမူကား၊ အရေဖျားလှီးခြင်းကိုခံသောယုဒတို့သည် ဘုရားသခင်၏ဗျာဒိတ် တော်များကိုခံရကြ၏” ဟူ၍ဖော်ပြထားပါသည်။ ထို့အပြင် သူက (ရောမ ၁း၁၆၊၁၇) တွင်၊ “ငါသည် ခရစ်တော်၏ဧဝံဂေလိတရားကြောင့် ရှက်ကြောက်ခြင်းမရှိ။ အကြောင်း မူကား၊ ထိုတရားသည် ရှေးဦးစွာ၌ယုဒလူ၊ နောက်၌ဟေလသလူ၊ ယုံကြည်သမျှသော သူအပေါင်းတို့ကို ကယ်တင်စေသောဘုရားသခင်၏တန်ခိုးတော်ဖြစ်၏။ အဘယ်သို့ ဖြစ်သနည်းဟူမူကား၊ ဖြောင့်မတ်သောသူသည်ယုံကြည်ခြင်းအားဖြင့်အသက်ရှင်လိမ့်မည်ဟု ကျမ်းစာလာသည်နှင့်အညီ၊ ယုံကြည်ခြင်း၌တည်သော ဘုရားသခင်၏ဖြောင့်မတ်ခြင်း တရားသည် ယုံကြည်ခြင်းအဖို့အလို့ငှာ ဧဝံဂေလိတရားအားဖြင့်ထင်ရှားလျက်ရှိ၏။ ထို့အပြင် အထက်ဖော်ပြပါအတိုင်း၊ သခင်ခရစ်တော်၏ဧဝံဂေလိတရားတော်သည် ယုဒလူမျိုးများနှင့်တစ်ပါးအမျိုးသားများတို့အတွက် တူညီသောအကျိုးသက်ရောက်မှု ရှိခြင်းကြောင့် ရှင်ပေါလုက ထိုဧဝံဂေလိတရားတော်ကို ဟောပြောရခြင်းအတွက် ရှက်ကြောက်ခြင်းမရှိကြောင်းကို ရောမအသင်းတော်သို့ရေးပို့ပေးသောဩဝါဒစာတွင် အသိပေးထားပါသည်။

ဤဧဝံဂေလိတရားတော်၏ပြည့်စုံခြင်းအကြောင်းကို ယုဒလူမျိုးတို့ထံသို့ဝေငှ ပေးမည်ဆိုပါက များစွာသောထိုယုဒလူတို့သည် သခင်ခရစ်တော်ကို မေရှိယအဖြစ်ဖြင့် လက်ခံလာကြမည်ဖြစ်သည်။ ခရစ်ယာန်အမှုတော်ဆောင်များအတွင်း ယုဒလူတို့အတွက် လုပ်ဆောင်ပေးရန် တောင်းဆိုလာကြသူအနည်းငယ်မျှသာရှိနေကြသော်လည်း၊ မကြာခဏ ဖြင့်ပင် ဖြတ်ကျော်သွားခြင်းခံရကြသောသူတို့အပြင်၊ အခြားသောသူအားလုံးတို့ထံသို့လည်း ကရုဏာတော်ဆိုင်ရာသတင်းစကားနှင့် သခင်ခရစ်တော်ထံတော်၌ထားရှိသောမျှော်လင့် ချက်တို့သည် ရောက်ရှိသွားကြပေမည်။

ယခုကာလထက်ထိ လျစ်လျူရှုခံထားနေရဆဲဖြစ်သောလူတန်းစားများတို့အတွက် အထူးထမ်းရွက်ပေးရမည့်အချိန်ကာလပြီးဆုံးရမည့်အချိန်ဖြစ်သော ဧဝံဂေလိတရားတော်အကြောင်းကို ကြွေးကြော်ကြေညာပေးခြင်း၏ပြီးဆုံးချိန်ကာလတွင် ဘုရားသခင်သည် သူ၏စေတမန်တော်တို့က မြေကြီးပေါ်ရှိဒေသအားလုံးတို့တွင် တွေ့ရှိရနိုင်သည့်ယုဒလူတို့အပေါ်၊ သီးသန့်အာရုံစိုက်ပြီး စိတ်ဝင်တစားရှိရေးအတွက် မျှော်မှန်းတော်မူပါသည်။ ယေဟောဝါအရှင်ထာဝရဘုရား၏ထာဝရတည်ရှိသည့် ရည်မှန်းတော်မူချက်နှင့်ပတ်သက်သောရှင်းပြချက်အကြောင်းကို ဓမ္မဟောင်းကျမ်းစာတော်မြတ်နှင့်ဓမ္မသစ်ကျမ်းတို့တွင် ပေါင်းစပ်ဖော်ပြထားသည့်အလျောက် များစွာယုဒလူမျိုးတို့အတွက် ဤရှင်းပြချက်သည် အသက်ဝိညာဉ်တို့၏ပြန်လည်ရှင်ပြန်ထမြောက်ခြင်းဖြစ်သော အသစ်သောဖန်ဆင်းတော်မူခြင်း၏အရဏ်ဦးအဖြစ်ဖြင့် ဖြစ်ပေါ်လာမည်ဖြစ်သည်။ ဓမ္မဟောင်းကျမ်းစာတော်မြတ်၏စာမျက်နှာများတို့တွင်ခြယ်မှုန်းထားသည့် ဧဝံဂေလိတရားတော်အကြောင်းဖော်ပြချက်တွင်ပါရှိသည့် သခင်ခရစ်တော်အကြောင်းကိုသိရှိရကြပြီး၊ ဓမ္မသစ်ကျမ်းက ဓမ္မဟောင်းကျမ်းအကြောင်းကို မည်မျှရှင်းလင်းစွာရှင်းပြထားသည်ကို သတိမူမိကြသောအခါ၊ သူတို့၏အိပ်မောကျနေသောစွမ်းရည်များတို့သည် နိုးထလာကြမည်ဖြစ်ပြီး၊ သခင်ခရစ်တော်ကို ကမ္ဘာလောကကြီး၏ကယ်တင်တော်မူသောအရှင်အဖြစ်ဖြင့် သူတို့က အသိအမှတ်ပြုလာကြမည်ဖြစ်သည်။ များစွာသောသူတို့က ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့် ကယ်ချွတ်တော်မူသောအရှင်အဖြစ်ဖြင့် လက်ခံလာကြမည်ဖြစ်သည်။ သူတို့အပေါ်တွင်လည်း (ယောဟန် ၁း၁၂) တွင်ဖော်ပြထားသည့်၊ “ထိုသူကိုလက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကိုယုံကြည်သောသူတို့အား ဘုရားသခင်၏သားဖြစ်ရသောအခွင့်ကိုပေးတော်မူ၏” ဆိုသော နှုတ်ထွက်စကားတော်တို့သည် အပြည့်အဝသက်ရောက်လာကြမည်ဖြစ်သည်။

ယုဒလူမျိုးများအတွင်း တာရှုမြို့သားရှောလုကဲ့သို့သောလူအချို့ရှိနေကြပြီး၊ သူတို့သည် ကျမ်းစာတော်မြတ်တွင် စိတ်အားကြီးလှကြသည်အလျောက်၊ ဘုရားသခင်၏ပညတ်တရားတော်သည် ထာဝရတည်တံ့နေမည့်အကြောင်းကို သူတို့က အံ့သြလောက်သောစွမ်းအားဖြင့် ကြွေးကြော်ပေးကြမည်ဖြစ်သည်။ ဣသရေလလူတို့၏ဘုရားသခင်သည် ဤပညတ်တရားတော်ကို ကျွန်ုပ်တို့၏ခေတ်ကာလရှိလူတို့ကလက်ခံလာကြအောင် အချိန်ယူစည်းရုံးသိမ်းသွင်းတော်မူမည်ဖြစ်သည်။ (ဟေရှာယ ၅၉း၁) အရ၊ သူသည် မကယ်မတင်နိုင်အောင် လက်တော်တိုသည်မဟုတ်ပါ။ ကြာမြင့်စွာဖြင့်





လျစ်လျူရှုခံထားရကြပြီး၊ အထင်အမြင်သေးခံရကြသောသူတို့အတွက် သူ၏အစေကျွန်တို့က ယုံကြည်ခြင်းအားဖြင့်လုပ်ဆောင်ကြသည်အလျောက် သူ၏ကယ်တင်တော်မူခြင်းသည် ထင်ရှားလာပါလိမ့်မည်။

အထက်ပါအကြောင်းနှင့်ပတ်သက်ပြီး (ဟေရှာယ ၂၉း၂၂–၂၄) တွင် “သို့ဖြစ်၍ အာဗြဟံအမျိုးကိုရွေးနုတ်တော်မူသောထာဝရဘုရားသည် ယာကုပ်အမျိုးကိုရည်မှတ်၍ မိန့်တော်မူသည်ကား၊ ယာကုပ်အမျိုးသည် နောက်တစ်ဖန်ရှက်ကြောက်ခြင်း၊ မျက်နှာပျက်ခြင်းမရှိရ။ ထိုအမျိုးသားတို့သည် ငါစီရင်သောအမှုကိုမြင်လျှင် ငါ့နာမကိုမိမိတို့တွင်ရိုသေကြလိမ့်မည်။ ယာကုပ်အမျိုး၏သန့်ရှင်းသောဘုရားကိုရိုသေ၍၊ ဣသရေလအမျိုး၏ဘုရားသခင်ကို ကြောက်ရွံ့ကြလိမ့်မည်။ စိတ်သဘောဖောက်ပြန်သောသူတို့သည် ပညာသတိကိုရကြ၍၊ ဆန့်ကျင်ဘက်ပြုသောသူတို့သည်လည်း ဆုံးမသြဝါဒစကားကိုနာယူကြလိမ့်မည်” ဟူ၍ဖော်ပြထားပါသည်။ “The Acts of the Apostles,” pp. 379-382.

## စခန်းသွင်းတွေ့ဆုံဆွေးနွေးခြင်း၏အရေးပါမှု

စခန်းသွင်းတွေ့ဆုံဆွေးနွေးခြင်းသည် ကျွန်ုပ်တို့၏အမှုတော်လုပ်ငန်းတွင် အရေးအပါဆုံးသောစွမ်းဆောင်မှုများတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ လူတို့၏အာရုံစိုက်မှုကို ဖမ်းစားနိုင်ရေးအတွက် အစွမ်းဆောင်နိုင်ဆုံးသောနည်းစနစ်များအနက် ဤစနစ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည့်အပြင်၊ ဧဝံဂေလိတရားတော်၏ဖိတ်ခေါ်မှုနှင့်အတူ အားလုံးသောလူတန်းစားတို့ထံသို့ ရောက်ရှိသွားစေနိုင်ပါသည်။

အကယ်၍ ကျွန်ုပ်တို့၏စခန်းသွင်းတွေ့ဆုံဆွေးနွေးခြင်းတို့သည် ဖြစ်သင့်ဖြစ်ထိုက်သည့်အနေအထားမျိုးဖြစ်လာအောင် စီမံခန့်ခွဲနိုင်မှုရှိကြပါက ၎င်းတွေ့ဆုံဆွေးနွေးခြင်းမျိုးသည် ဤကမ္ဘာပေါ်တွင် အမှန်တကယ်ပင်အလင်းတရားတစ်ခုအဖြစ်ဖြင့် ရှိနေမည်ဖြစ်သည်။ ၎င်းဆွေးနွေးခြင်းမျိုးသည် သမ္မာတရားတော်ဆိုင်ရာသတင်းစကားများကို မည်သည့်အခါကမျှ ကြွေးကြော်ခဲ့ဖူးခြင်းမရှိသေးသည့် ကြီးမားသောမြို့ကြီးများနှင့်မြို့ငယ်များတို့တွင် ကျင်းပသင့်ကြပါသည်။ ၎င်းဆွေးနွေးပွဲမျိုးကို ရက်သတ္တနှစ်ပတ်နှင့်သုံးပတ်အထိ ဆက်လက်ကျင်းပသင့်ပါသည်။ တစ်ခါတစ်ရံတွင် နေရာတစ်ခုတည်း၌ လျော်ကန်သင့်မြတ်မှုရှိပါက စခန်းသွင်းတွေ့ဆုံဆွေးနွေးခြင်းကို အကြိမ်အတော်များများ

နှစ်စဉ်ဆက်တိုက်ကျင်းပသင့်သည်ဖြစ်သော်လည်း၊ ပုံမှန်အားဖြင့် တွေ့ဆုံဆွေးနွေးခြင်း ကျင်းပသည့်နေရာကို တစ်နှစ်လျှင်တစ်နေရာမှ နောက်နှစ်များတွင်နောက်ထပ်တစ်နေရာ ဆီသို့ ပြောင်းရွှေ့ကျင်းပသင့်ပါသည်။ အနည်းငယ်မျှသောနေရာဒေသအတွင်း အလွန်ကြီးမားလှသော စခန်းသွင်းတွေ့ဆုံဆွေးနွေးခြင်းမျိုးကိုကျင်းပမည့်အစား၊ များစွာသော နေရာဒေသများတို့၌ ပိုမိုသေးငယ်သောတွေ့ဆုံဆွေးနွေးခြင်းမျိုးကို ကျင်းပခြင်းအားဖြင့် ပိုမိုကောင်းမွန်သောလုပ်ဆောင်မှုမျိုးကို လုပ်ကိုင်ဆောင်ရွက်ရာရောက်ပါသည်။ ဤသို့သောနည်းအားဖြင့် နယ်သစ်ပယ်သစ်များဆီသို့ အမှုတော်ကိုအဆက်မပြတ်တိုးချဲ့ပေးရာရောက်ပါသည်။

ခရီးလမ်းပန်းမသင့်သောနေရာများနှင့် နေရာဒေသတစ်ခုတည်း၌ နှစ်စဉ်နှစ်တိုင်း စခန်းသွင်းတွေ့ဆုံဆွေးနွေးခြင်းကိုကျင်းပခြင်းတို့သည် လုပ်ရပ်အမှားတစ်ခုကို လုပ်ဆောင်ရာရောက်ပါသည်။ ဤလုပ်ရပ်မျိုးသည် အကုန်အကျနှင့်လုပ်ကိုင်ဆောင်ရွက်သူတို့ကို ချွေတာသုံးစွဲသည့်သဘောမျိုးအဖြစ်ရှိနေသော်လည်း၊ ထိုချွေတာရေးပုံစံကို အခြားသောနည်းလမ်းမျိုးတို့ဖြင့် လုပ်ဆောင်သင့်ပါသည်။ အထူးသဖြင့် နယ်သစ်ပယ်သစ်များတို့တွင် ငွေကြေးအင်အားနည်းပါးမှုကြောင့် မကြာခဏဖြင့်ပင် ထိုစခန်းသွင်းတွေ့ဆုံဆွေးနွေးခြင်း၏ကုန်ကျစရိတ်ကိုဖြေရှင်းနိုင်ရန် အခက်အခဲတွေ့ရှိနေရပါသည်။ ချွေတာရေးပုံစံကိုဖော်ဆောင်ရာတွင် သတိရှိရှိဖြင့် ဝင်ငွေရှိသောလုပ်ငန်းမျိုးကို အလေ့အကျင့်ပြုလုပ်ပေးရမည့်အပြင်၊ အကုန်အကျနည်းပါးသောအစီအစဉ်ရေးဆွဲမှုကို ဖော်ဆောင်ပေးရမည်ဖြစ်ပါသည်။ သို့သော်လည်း ထိုသို့လုပ်ဆောင်ခြင်းကြောင့် အမှုတော်လုပ်ငန်းကိုမထိခိုက်ပါစေနှင့်။ လူအများတို့ထံသို့ သမ္မာတရားတော်ကိုပေးကမ်းသည့် ဤနည်းစနစ်သည် ကျွန်ုပ်တို့၏ဘုရားသခင်က ဖော်ဆောင်ပေးတော်မူခြင်းအားဖြင့်ဖြစ်ပါသည်။ အသက်ဝိညာဉ်များတို့အတွက် လုပ်ဆောင်ပေးရကြသောအခါနှင့် သမ္မာတရားတော်အကြောင်းကို မသိရှိကြသေးသောသူတို့ထံသို့ ထိုသမ္မာတရားတော်ကိုယူဆောင်ပေးသောအခါမျိုးတို့တွင် အမှုတော်လုပ်ငန်းသည် ကုန်ကျစရိတ်ကိုချွေတာရခြင်းကြောင့် အဟန့်တားခံရသည့်အဖြစ်မျိုးမရောက်သင့်ပါ။

## စခန်းသွင်းတွေ့ဆုံဆွေးနွေးပွဲသို့တက်ရောက်သူဦးရေကိုထိန်းထားခြင်း

ကျွန်ုပ်တို့၏လူအနည်းငယ်တို့ကသာ သိရှိထားကြသော၊ ကြီးမားသည့်မြို့ကြီးတစ်မြို့၏အနီးနားတွင် စခန်းသွင်းတွေ့ဆုံဆွေးနွေးပွဲတစ်ခုကိုကျင်းပရန်အတွက် ကျွန်ုပ်



တို့ပြင်ဆင်နေခဲ့ကြသောအချိန်တစ်ချိန်က တစ်ညတွင်ကျွန်ုပ်တို့သည် ဤတွေ့ဆုံဆွေးနွေးပွဲမတိုင်မီ ကြိုတင်ပြင်ဆင်မှုကို အပြီးသတ်လုပ်ဆောင်နိုင်ကြရေးနှင့်စပ်လျဉ်းပြီး ဆွေးနွေးညှိနှိုင်းကြရန်အတွက် စုရုံးခဲ့ကြသည်ကို ကျွန်ုပ်ပြန်လည်မြင်ယောင်မိခဲ့ပါသည်။ ထိုညှိနှိုင်းပွဲတွင် ကြီးမားသောတရားပွဲများကိုကျင်းပရန်အတွက် အဆိုတင်သွင်းကြပြီး၊ ကြေညာချက်များနှင့်စာတမ်းငယ်များတို့ကို ဖြန့်ဖြူးဝေငှပေးရေးအတွက် ကြီးမားသော ငွေကြေးပမာဏဖြင့် အကုန်အကျခံလုပ်ဆောင်ကြရန် အဆိုပြုခဲ့ကြပါသည်။ အကြံပေးရာတွင် အမြော်အမြင်ရှိတော်မူလှသောသူတစ်ထူးက မိန့်တော်မူပြီးသောအခါ၊ ဤကဲ့သို့လုပ်ဆောင်ကြရန်အတွက် သဘောတူအတည်ပြုခဲ့ကြပါသည်။

ထိုသူတစ်ထူး၏မိန့်တော်မူချက်မှာ၊ "သင်၏တဲတို့ကိုတည်ဆောက်ပြီး၊ သင်၏တွေ့ဆုံဆွေးနွေးပွဲတို့ကိုစတင်လုပ်ဆောင်ကာ၊ ထို့နောက်တွင် ကြော်ငြာခြင်းအမှုကို ဆောင်ရွက်ခြင်းဖြင့် များပြားလှသောလုပ်ဆောင်စရာများတို့သည် ပြီးစီးအောင်မြင်သွားကြမည်ဖြစ်သည်။ သက်ရှိဟောပြောသူအားဖြင့် ပြောကြားပေးသောသမ္မာတရားတော်အကြောင်း၏သြဇာသက်ရောက်မှုသည် ၎င်းအကြောင်းကို စာရွက်များပေါ်တွင်ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်းအားဖြင့် ပေါ်ထွက်လာသည့်အရေးပါမှုထက် ပိုမိုကြီးမားလှပါသည်။ သို့သော်လည်း နည်းစနစ်နှစ်ခုကိုပေါင်းစည်းလိုက်ခြင်းသည် ပိုမိုကြီးမားသည့်အင်အားမျိုးကို ဖြစ်တည်စေပါသည်။

တရားဟောအစည်းအဝေးကို နှစ်စဉ်နှစ်တိုင်းကျင်းပနေကျပုံစံအတိုင်း၊ တစ်ပုံစံတည်းဆက်လက်ကျင်းပခြင်းသည် အကောင်းဆုံးသောအစီအစဉ်မဟုတ်ပါ။ လုပ်ငန်းစဉ်ပုံစံတို့ကိုအပြောင်းအလဲလုပ်ပါ။ သင်ကသာ စာတန်မာရ်နတ်ကို အချိန်နှင့်အခွင့်အရေးတို့ကိုပေးမိလိုက်ပါက သူသည် သူ၏လူသူအင်အားကို ပြန်လည်စုစည်းရန်ပြင်ဆင်ချိန်ရပြီးနောက် သူသည် အသက်ဝိညာဉ်တိုင်းကို ဖြစ်နိုင်သည့်နည်းလမ်းမျိုးဖြင့် ဖျက်ဆီးပစ်ရန်လုပ်ဆောင်လာမည်ဖြစ်သည်။

လူများတို့အနေဖြင့် သမ္မာတရားတော်အကြောင်းကိုကြားသိကြရန်နှင့် သူတို့သည် မည်သည့်အရာကိုဆန့်ကျင်နေကြသည်ကို သိရှိနိုင်ကြမည့်အခွင့်အလမ်းမျိုးကို ရရှိခြင်းမရှိကြမီ၊ အတိုက်အခံလုပ်သူတို့ကို လှုံ့ဆော်နှိုးဆွပေးခြင်းမပြုပါနှင့်။ တွေ့ဆုံဆွေးနွေးပွဲပြီးဆုံးသည့်နောက်ပိုင်း ရင်ဆိုင်ရမည့်ပိုမိုပြင်းထန်သည့်အလုပ်အတွက် သင်၏ငွေကြေးတို့ကို သိမ်းသန့်ထားရှိပါ။ တွေ့ဆုံဆွေးနွေးပွဲကြီးအတွင်း လက်ကမ်းစာစောင်များ၊ ဆင့်ဆိုသတိပေးချက်စာစောင်များနှင့်ဝေစာများတို့ကို ပုံနှိပ်ထုတ်ဝေနိုင်ရန်အတွက်

ပုံနှိပ်စက်တစ်လုံးကို အဆင်သင့်ထားရှိနိုင်ပါက ထိရောက်သောသြဇာသက်ရောက်မှုမျိုး ရှိလာနိုင်မည်ဖြစ်သည်။

အချို့သောကျွန်ုပ်တို့၏စခန်းသွင်းတွေ့ဆုံဆွေးနွေးပွဲများတွင် တောင့်တင်းသော အမှုတော်ဆောင်အစုအဖွဲ့တို့ကိုဖွဲ့စည်းပြီး၊ မြို့ကြီးအတွင်းနှင့် ၎င်းဆင်ခြေဖုံးဒေသများ တို့တွင် စာပေများကိုဝေငှကြရန်နှင့် ထိုတွေ့ဆုံဆွေးနွေးပွဲဆီသို့ လူတို့ကိုဖိတ်ကြားကြ ရန်အတွက် သွားရောက်ကြပါသည်။ ဤကဲ့သို့သောနည်းလမ်းမျိုးအားဖြင့် တွေ့ဆုံ ဆွေးနွေးပွဲ၏နောက်ပိုင်းကာလထက်ဝက်ခန့်အထိအတောအတွင်း၊ ရာပေါင်းများစွာသော လူတို့ကို ပုံမှန်တက်ရောက်ကြသူများအဖြစ်ဖြင့် ထိန်းထားနိုင်ခဲ့ကြသည်ကို အခြားသော သူများတွေးထင်ထားသည်ထက် ခြားနားစွာတွေ့မြင်သိရှိရပါသည်။ လူတို့၏ရှေ့မှောက် သို့ အလင်းတရားကိုဆောင်ယူလာနိုင်ကြရန်အတွက် ကျွန်ုပ်တို့အနေဖြင့် ကျိုးကြောင်း ခိုင်လုံမှုရှိသောနည်းလမ်းတိုင်းကို အသုံးပြုရကြပါမည်။ လူကြိုက်များသောအမှုတော် ဆောင်တို့ထံမှ တစ်ပတ်ရိုက်မှုများနှင့်မှားယွင်းသောတင်ပြမှုတို့အပေါ် စိတ်ဝင်တစား ဖြင့်ထိတွေ့မှုရှိလာကြသောသူတို့သည် ထိုကိစ္စရပ်များနှင့်ပတ်သက်ပြီး မည်သို့တုံ့ပြန် ရကြမည်ကို မသိရှိကြပါ။ သက်ရှိဟောပြောသောသူအားဖြင့် ပေးကမ်းဝေငှခြင်းခံရကြသော သမ္မာတရားတော်အကြောင်းကို ကျစ်လျစ်နိုင်သမျှကျစ်လျစ်သည့်သွင်ပြင်တစ်ခုဖြင့် ပုံနှိပ်ထုတ်ဝေပြီး၊ ကျယ်ပြန့်စွာပျံ့နှံ့သွားအောင် ဖြန့်ဝေပေးရပါမည်။ ကျွန်ုပ်တို့၏စခန်းသွင်း တွေ့ဆုံဆွေးနွေးပွဲများတွင် တင်ပြသောအရေးပါလှသည့်ဟောပြောပို့ချချက်များတို့ကို သတင်းစာများအတွင်းထည့်သွင်းပေးခြင်းသည် လက်တွေ့ကျကျဖြင့် ဆောင်ရွက်နိုင်ခြင်း ပင်ဖြစ်ပါသည်။ ဤသို့အားဖြင့် အကန့်အသတ်အရေအတွက်ဖြင့်သာရှိသောလူတို့၏ ရှေ့တွင် ချပြနိုင်သောသမ္မာတရားတော်ကို များစွာသောစိတ်အတွေး များတို့ဆီသို့ရောက်ရှိ သွားမည့်လမ်းပေါက်မျိုး ပေါ်ပေါက်လာမည်ဖြစ်သည်။ ထို့အပြင် သမ္မာတရားတော် အကြောင်း မှားယွင်းစွာတင်ပြအသိပေးခံရသောနေရာများတို့တွင် ရှိနေကြသောသူတို့ သည်လည်း အမှုတော်ဆောင်က မည်သည့်အကြောင်းအရာကိုပြောဆိုခဲ့သည်ကို သိရှိလာနိုင်သည့်အခွင့်အလမ်းတစ်ရပ်ကို ရရှိလာကြမည်ဖြစ်သည်။

## လုပ်ငန်းကိစ္စဆိုင်ရာပြဿနာများ

ကျွန်ုပ်တို့၏စခန်းသွင်းတွေ့ဆုံဆွေးနွေးပွဲများတို့ကို ဝိညာဉ်ရေးဆိုင်ရာအကျိုး အတွက် ဖြစ်နိုင်ခြေရှိသမျှသောအနေအထားမျိုးဖြင့် လုံးလုံးလျားလျားဆက်ကပ်ထားရ



ပါမည်။ ဤတွေ့ဆုံဆွေးနွေးပွဲသည် ရောင်းရေးဝယ်တာလုပ်ငန်းဆောင်တာအတွက် အခမ်းအနားကျင်းပခြင်းမျိုးမဖြစ်ရပါ။ အမှုတော်ဆောင်များတို့သည် နယ်ပယ်စုံမှစုရုံး ရောက်ရှိလာကြသည်အလျောက်၊ စီစဉ်ထားသည့်ရောင်းရေးဝယ်တာကိစ္စရပ်များကို အမှုတော်၏မျိုးစုံလှသောလုပ်ငန်းခွဲများနှင့် မတူကွဲပြားသောအမှုတော်နယ်ပယ်များရှိ အမှုတော်ဆောင်များတို့အား သင်တန်းပေးခြင်းအလုပ်တို့ဖြင့်ချိတ်ဆက်ထားသည့် အသာစီး ရစေသောအခွင့်အလမ်းတစ်ခုအဖြစ်ဖြင့် ထင်မှတ်စရာအကြောင်းရှိပါသည်။

အားလုံးသောဤလုပ်ပိုင်ခွင့်များတို့သည် အရေးပါလှသော်လည်း အမှုတော် ဆောင်များတို့သည် စခန်းသွင်းတွေ့ဆုံဆွေးနွေးပွဲတစ်ခုသို့ တက်ရောက်ကြခြင်းဖြင့် အသက်ဝိညာဉ်ထံသို့ သမ္မာတရားတော်၏လက်တွေ့ကျသောဆက်ဆံရေးကို ဖော်ဆောင် နိုင်မည့်အခွင့်အလမ်းမှာ နည်းပါးလှပါသည်။ ဘုရားသခင်၏သားတော်၊ သမီးတော် များ တိုးပွားများပြားလာစေရန်အတွက် မွန်မြတ်သန့်ရှင်းမှုအရှိဆုံးသောယုံကြည်ခြင်း အားဖြင့် လုပ်ဆောင်ရကြမည့်သူတို့၏အလုပ်မှသွေဖည်သွားကြကာ၊ စခန်းသွင်းတွေ့ဆုံ ဆွေးနွေးမှုကိုလည်း သတ်မှတ်ထားသည့်ရည်မှန်းချက်အတိုင်း အလျဉ်မီအောင်မဆောင်ရွက် နိုင်ပါ။

များစွာသောတွေ့ဆုံဆွေးနွေးမှုများတို့ကို လူအများစုတို့က စိတ်ဝင်စားခြင်း မရှိနိုင်သည့်အနေအထားမျိုးဖြင့် စီမံခန့်ခွဲလုပ်ဆောင်ကြပြီး၊ အကယ်၍သူတို့က ထိုတွေ့ဆုံဆွေးနွေးပွဲသို့ အားလုံးတက်ရောက်ကြသည့်တိုင် သူတို့သည် လန်းလန်း ဆန်းဆန်းနှင့်အကျိုးရှိစွာဖြင့်တက်ရောက်ကြမည့်အစား၊ ငြီးငွေ့ပြီးထွက်သွားကြမည်သာ ဖြစ်သည်။ များစွာသောသူတို့ကလည်း စခန်းသွင်းတွေ့ဆုံဆွေးနွေးပွဲမှ အကူအညီရရှိ နိုင်မည်ဆိုသည့် သူတို့၏မျှော်မှန်းချက်များဖြစ်မလာခြင်းအတွက် စိတ်ဓာတ်ကျနေကြ ပါသည်။ ထိုတွေ့ဆုံဆွေးနွေးပွဲတွင် အသိအမြင်ကြွယ်ဝစေမှုနှင့်ခွန်အားတို့ကို တွေ့မြင် သိရှိခဲ့ရကြသောသူတို့မှာမူ မိမိတို့အိမ်သို့ပြန်လည်ရောက်ရှိလာကြသောအခါ၊ ထိုတွေ့ဆုံ ဆွေးနွေးပွဲသို့မတက်ရောက်မီကထက် သူတို့၏မိသားစုများအတွင်းနှင့် အသင်းတော် များအတွင်း လုပ်ကိုင်ဆောင်ရွက်ရာတွင် အနည်းငယ်ပိုမို၍အံဝင်ခွင်ကျဖြစ်လာကြ ပါသည်။

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်သောကိစ္စများတို့ကို ထိုအလုပ်အတွက်အထူး တာဝန်ပေးထားခြင်းခံရသောသူတို့ကသာလျှင် အာရုံစိုက်လုပ်ဆောင်ရကြပါမည်။ သူတို့ အားစခန်းသွင်းတွေ့ဆုံဆွေးနွေးပွဲတွင်ထက် အခြားသောအချိန်ကာလအချို့တို့တွင်သာ

ဖြစ်နိုင်သမျှသောအခြေအနေမျိုးဖြင့်သာလျှင် လူရှေ့သူရှေ့တို့၌ရှိစေသင့်ပါသည်။ စည်းရုံးဟောပြောခြင်းတွင်လည်းကောင်း၊ ဥပုသ်စာဖြေလုပ်ငန်းတွင်လည်းကောင်း၊ ထို့အပြင် လုပ်ဆောင်စရာလမ်းကြောင်းနှင့် သာသနာပြုလုပ်ငန်းများတို့နှင့်ပတ်သက်သောညွှန်ကြားချက်တို့ကို အိမ်ထောင်မိသားစုဘုရားကျောင်းများအတွင်း၊ သို့မဟုတ် သတ်မှတ်ထားသည့်အထူးအစည်းအဝေးများတို့တွင် ညွှန်ကြားပေးသင့်ပါသည်။ အလားတူသော အခြေခံစည်းမျဉ်းကို အချက်အပြုတ်သင်တန်းကျောင်းများတို့တွင်ပါ အသုံးပြုသင့်ပါသည်။ ဤအရာများတို့သည် သူ့နေရာနှင့်သူ နေသားတကျရှိလာသောအခါ၊ ထိုလုပ်ဆောင်မှုများတို့သည် ကျွန်ုပ်တို့၏စခန်းသွင်းတွေ့ဆုံဆွေးနွေးခြင်းတွင် အသုံးပြုရမည့်အချိန်ကို မသိမ်းပိုက်သင့်ကြပါ။

အသင်းတော်ဌာနချုပ်တို့၏ဥက္ကဌများနှင့် အမှုတော်ဆောင်များတို့အနေဖြင့် လူများတို့၏ဝိညာဉ်ရေးဆိုင်ရာအကျိုးအတွက် မိမိတို့ကိုယ်ကိုပေးအပ်ရကြမည်ဖြစ်ပြီး၊ တွေ့ဆုံဆွေးနွေးခြင်းအစီအစဉ်သို့ တက်ရောက်လာကြသောစက်မှုပိုင်းဆိုင်ရာလုပ်သားများအပေါ် နားလည်ပေးရကြပါမည်။ အခမ်းအနားမှလိုအပ်လာပါက စခန်းတွင် လုပ်ငန်းဆောင်တာများအတွင်း အမှုတော်ဆောင်များတို့သည် သင်ကြားပို့ချပေးသော ဆရာ၊ ဆရာမများအဖြစ်လည်းကောင်း၊ ဦးဆောင်ဦးရွက်သူများအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်နိုင်ရန် အဆင့်သင့်ဖြစ်ရကြမည်ဖြစ်သော်လည်း သူတို့သည် သည်းခံနိုင်စွမ်းလျော့ပါးသွားခြင်းမရှိရပါ။ သူတို့သည် လန်းဆန်းမှုရှိရကြမည့်အပြင်၊ ရွှင်ပျသောအနေအထားရှိသည့် စိတ်အတွေးမျိုးရှိကြခြင်းဖြင့် ဤအပြုအမူမျိုးသည် တွေ့ဆုံဆွေးနွေးမှု၏မရှိမဖြစ် အကောင်းဆုံးသောကောင်းမြတ်ခြင်းဖြစ်ပါသည်။ သူတို့သည် အားတက်ဝမ်းမြောက်စေပြီး၊ ရဲရင့်ခြင်းရှိစေသည့် နှုတ်ထွက်စကားလုံးများတို့ကို ပြောဆိုနိုင်ရကြမည်ဖြစ်ပြီး၊ ဝိညာဉ်ရေးဆိုင်ရာ သမ္မာတရားတော်၏မျိုးစေ့ကို ရိုးသားဖြောင့်မတ်သောနှလုံးသားများတို့၏မြေဆီလွှာအတွင်း၌ ချထားရပါမည်။

## ပျိုရွယ်သောအမှုတော်ဆောင်များတို့အတွက်သင်တန်း

တစ်စုံတစ်ရာသောလုပ်ငန်းခွင်နယ်ပယ်ရေးရာတို့တွင် လုပ်ကိုင်ကြရန်အတွက် သင်တန်းတက်ရောက်နေကြသောသူတို့အနေဖြင့် စခန်းသွင်းတွေ့ဆုံဆွေးနွေးပွဲတွင် လုပ်ဆောင်နိုင်ကြမည့်အခွင့်အလမ်းတိုင်းကို တိုးတက်မှုရှိစေရမည်ဖြစ်သည်။ စခန်းသွင်းတွေ့ဆုံဆွေးနွေးပွဲကျင်းပသည့် မည်သည့်နေရာ၌တွင်မဆို ဆေးဘက်ဆိုင်ရာပညာကို တက်ရောက်သင်ယူထားကြသော ပျိုရွယ်သူများတို့အနေဖြင့် တစ်ခန်းတစ်ကဏ္ဍအနေ



ဖြင့် တာဝန်ယူရမည်ဆိုသည့်အတွေးမျိုးရှိထားရကြပါမည်။ သူတို့အနေဖြင့် ဆေးဘက်ဆိုင်ရာနယ်ပယ်တွင်သာ လုပ်ဆောင်ကြရန်မဟုတ်ဘဲ လက်ရှိသမ္မာတရားတော်ဆိုင်ရာအချက်အလက်များနှင့်ပတ်သက်ပြီး ပြောပြပေးရကြမည့်အပြင်၊ ကျွန်ုပ်တို့သည် အဘယ်ကြောင့်သတ္တမနေ့မြော်လင့်ခြင်းအသင်းသားများဖြစ်နေကြရသည်ဆိုသည့် အကြောင်းပြချက်ကို ပြောပြပေးနိုင်ရန်အတွက် သူတို့ကိုခွန်အားပေး၊ တိုက်တွန်းရပါမည်။ ဤပျိုရွယ်သူတို့အနေဖြင့် ပိုမိုအသက်ကြီးရင့်သောအမှုတော်ဆောင်တို့နှင့်အတူတကွ အမှုတော်ဆောင်နိုင်သည့်အခွင့်အရေးမျိုးကိုသာရရှိကြပါက၊ သူတို့သည် များစွာသောအကူအညီနှင့်ကောင်းချီးမင်္ဂလာတို့ကို ရရှိကြမည်ဖြစ်သည်။

ကျနသေချာစွာဖြင့်စီမံခန့်ခွဲလုပ်ဆောင်ထားသော စခန်းသွင်းတွေ့ဆုံဆွေးနွေးပွဲသည် အသင်းအုပ်ဆရာများ၊ အသင်းလူကြီးများနှင့်အသင်းထောက်များတို့က အရှင်သခင်ကြီးအတွက် ပိုမို၍ကုံလုံပြည့်စုံစွာဖြင့် အမှုတော်ကိုဆောင်ရွက်နိုင်ကြရေးအတွက် သင်ကြားရယူနိုင်ကြသည့် ကျောင်းတော်ကြီးတစ်ခုပင်ဖြစ်ပါသည်။ ဤစာသင်ကျောင်းကြီးသည် အသင်းသူအသင်းသားတို့အနေဖြင့် အသက်ကြီးရင့်အိုမင်းသည်ဖြစ်စေ၊ ပျိုရွယ်သည်ဖြစ်စေ၊ ထာဝရဘုရား၏လမ်းခရီးတော်ကို ပိုမို၍ပြည့်စုံစွာဖြင့် သင်ကြားရယူနိုင်သောအခွင့်အရေးကိုရရှိစေသည့် ကျောင်းကြီးအဖြစ်အပြင်၊ ယုံကြည်သူတို့က အခြားသောသူတို့အားအကူအညီပေးကြရာတွင် အထောက်အကူရစေမည့် ပညာရေးတစ်ခုကို လက်ခံရယူနိုင်သည့်နေရာမျိုးသာဖြစ်သင့်ပါသည်။

အရေးကြီးလှသောအစည်းအဝေးတစ်ခုမတိုင်မီညတစ်ညတွင် ကျွန်ုပ်အိပ်ပျော်နေချိန်၊ ကျွန်ုပ်၏ညီအစ်ကိုတော်တို့နှင့်အစည်းအဝေးထိုင်နေကြသည့်မြင်ကွင်းတစ်ခုကို မြင်မက်မိရာ၌ ဩဇာအာဏာရှိသူ၊ သူတစ်ထူး၏မိန့်တော်မူချက်ကို နားထောင်နေသည်ကို မြင်တွေ့ရသည့်ပုံမျိုးဖြစ်ပါသည်။ သူက၊

“ပေးကမ်းဝေငှပေးတော့မည့်သမ္မာတရားတော်အကြောင်းကို အမှန်တကယ်မသိနားမလည်ကြတဲ့ များစွာသောအသက်ဝိညာဉ်များတို့ဟာ ဒီအစည်းအဝေးကို တက်ရောက်လာကြမှာဖြစ်တယ်။ သူတို့ဟာ နားထောင်ကြမှာဖြစ်ပြီး စိတ်ဝင်တစားရှိလာကြမှာဖြစ်တယ်။ ဘာကြောင့်လည်းဆိုတော့ သခင်ခရစ်တော်က သူတို့ကိုဆွဲခေါ်တော်မူပြီး၊ သူတို့ကြားသိရတဲ့အကြောင်းဟာ အမှန်တရားဖြစ်တယ်ဆိုတာ မသိစိတ်က သူတို့ကိုပြောပြပေးခြင်းအားဖြင့် ဒီအချက်ဟာ အခြေခံအချက်ဖြစ်တယ်ဆိုတာ သမ္မာ

ကျမ်းစာတော်မှာဖော်ပြထားပါတယ်။ ဒီအသက်ဝိညာဉ်တွေနဲ့ထိတွေ့ဆက်ဆံရာမှာ အကြီးမားဆုံးသောဂရုစိုက်မှုမျိုးလိုအပ်လှတယ်” ဟူ၍မိန့်တော်မူခဲ့ပါသည်။

ထို့ကြောင့် ဤကဲ့သို့သောသတင်းစကား၏အစုအဖို့များတို့ကို ထိုသူတို့က ဖမ်းယူပြီး ကိုယ်ပိုင်ရယူနိုင်ကြရေးအတွက် သူတို့ကိုပေးရကြပါမည်။ ထိုသတင်းစကားသည် လက်ဖျားခါရလောက်အောင် ထူးခြားဆန်းပြားလှသည့်ပုံပေါ်လွင်သော်လည်း၊ ဘုရားသခင်၏နှုတ်တော်ထွက်ပေါ်သို့ အသစ်သောအလင်းသည် ဖြာဆင်းကျရောက်လာသည်ကို များစွာသောသူတို့သည် ရွှင်လန်းသောစိတ်ဖြင့် အသိအမှတ်ပြုကြမည်ဖြစ်သည်။ အမှန်အားဖြင့် အကယ်၍အသစ်သောသမ္မာတရားတော်ကို ကြီးမားလှသောအတိုင်းအတာဖြင့် ပေးဝေလိုက်ပါက၊ သူတို့သည် ထိုများပြားလှသောသမ္မာတရားတော်အကြောင်းကို တစ်ပြိုင်တည်းဖြင့် နားလည်သဘောပေါက်နိုင်ကြမည်မဟုတ်သောကြောင့် အချို့တို့သည် ကျောခိုင်းထွက်သွားကြပြီးနောက် မည်သည့်အခါမျှပြန်လှည့်မလာကြတော့ပါ။ ၎င်းအကြောင်းနှင့်ပတ်သက်ပြီး သူတို့၏တရားဟောစည်းဝေးပွဲများတွင် အခြားသောသူတို့အား အသိပေးပြောကြားကြရာတွင် အချို့တို့သည် သူတို့ကြားသိခဲ့ကြသောအကြောင်းအရာကို မှားယွင်းစွာတင်ပြပြောကြားပေးကြပါသည်။ အချို့တို့က အခြားသောသူတို့၏စိတ်အတွေးများကို ရှုပ်ထွေးသွားစေရန်အတွက် ကျမ်းစာတော်မြတ်တွင်ပါရှိသည့်အကြောင်းအရာအချို့ကို ကိုယ်လိုရာအဓိပ္ပါယ်သက်ရောက်အောင် မရမကညှစ်ထုတ်ရယူနေကြပါသည်။

သခင်ခရစ်တော်၏သင်ကြားပို့ချတော်မူခြင်းအမှုအရာကို လေ့လာသင်ယူကြမည့်အပြင်၊ သူ၏လမ်းစဉ်တော်သို့လိုက်လျှောက်နိုင်ရေးအတွက် မိမိတို့ကိုယ်ကိုပြန်လည်ပညာပေးကြမည့်သူတို့သည် သခင်ခရစ်တော်က သူ၏လက်ထက်တော်ကာလက လူစုလူဝေးကြီးကိုစုရုံးတော်မူခဲ့သကဲ့သို့ ယခုအခါတွင်လည်း လူအစုအဝေးတို့ကို ဆွဲဆောင်သိမ်းသွင်းရကြမည်ဖြစ်သည်။ လူနှင့်ဘုရားသခင်၏စပ်ကြားတွင် သူ၏အလွန်စိတ်မချမ်းမြေ့ဖွယ်ဖြစ်သော အမှောင်ရိပ်နောက်သို့ အတင်းအကျပ်လိုက်ပါသွားစေရန်နှင့် အသက်ဝိညာဉ်အပေါ်ကျရောက်ထွန်းလင်းမည့် အလင်းတရား၏ရောင်စဉ်တန်းတိုင်းကို ဖြတ်တောက်ပစ်နိုင်ရန်အတွက် စာတန်မာရ်နတ်သည် တွေ့ဆုံဆွေးနွေးပွဲတိုင်းတွင် သူလိုငါလိုလူစားမျိုးအဖြစ်ဖြင့် တက်ရောက်လာမည်ဖြစ်သည်။ သို့သော်လည်း သမ္မာတရားတော်သည် ၎င်း၏လက်တွေ့ကျသည့်အကျင့်စရိုက်တော်သည် လူတို့ကို အကြံပြုနှိုးဆော်ရာတွင် သင်တို့အနေဖြင့် သူတို့ကိုချစ်ခြင်းမေတ္တာထားရှိကြခြင်းကြောင့်





အသက်ဝိညာဉ်တို့ကို ယုံကြည်မှုခိုင်မြဲလာစေမည်ဖြစ်ပြီး၊ ထိုသို့ယုံကြည်မှုခိုင်မြဲလာစေရန်အတွက် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကလည်း သူတို့၏စိတ်နှလုံးကို စွဲမှတ်သွားအောင် အသွင်ခတ်နိုပ်ပေးတော်မူမည်ဖြစ်သည်။

“နှိမ့်ချမှုဖြင့် သင်တို့ကိုယ်ကိုလက်နက်တပ်ဆင်ပြီး သင်တို့၏စိတ်အတွေးကို အသွင်ခတ်နိုပ်ရန်အတွက် ဘုရားသခင်၏ကောင်းကင်တမန်တို့သည် သင်တို့၏အနားသို့အနီးကပ်လာရောက်ကြရေးအတွက် ဆုတောင်းကြပါ။ သင်သည် သန့်ရှင်းသောဝိညာဉ်တော်အတွက် လုပ်ဆောင်ပေးခြင်းမဟုတ်ဘဲ၊ သန့်ရှင်းသောဝိညာဉ်တော်ကသာလျှင် သင့်အတွက်လုပ်ဆောင်ပေးရမည်ဖြစ်သည်။ သမ္မာတရားတော်ကိုထိရောက်မှုရှိစေရန် လုပ်ဆောင်ပေးသောအရာမှာ သန့်ရှင်းသောဝိညာဉ်တော်သာလျှင်ဖြစ်ပါသည်။ လူတို့၏ရှေ့မှောက်တွင် လက်တွေ့ကျသောသမ္မာတရားတော်ကို အစဉ်အမြဲလက်ကိုင်ထားပါ။”

လူတို့၏ဓလေ့ထုံးတမ်းစဉ်လာနှင့်အလေ့အထတို့အပေါ် ဝေဖန်ရှုတ်ချထားသောအသွင်အပြင်မျိုးပေါက်သည့် သတင်းစကားမျိုးကို ထိုသူတို့အနေဖြင့် ကျွန်ုပ်တို့သည် သခင်ခရစ်တော်ကိုယုံကြည်သူများဖြစ်ကြောင်းအပြင်၊ သူ၏ဂုဏ်တော်နှင့်သူ၏ရှေးအတိတ်ဘဝအကြောင်း ယုံကြည်ကြသူများဖြစ်ကြောင်းကို သိရှိစေမည့်အခွင့်အလမ်းတစ်ခုကိုမရကြမချင်း၊ ပေါ်လွင်အောင်အသားပေးဖော်ပြပြောဆိုခြင်းမပြုပါနှင့်။ ကမ္ဘာလောကကြီး၏ကယ်ချွတ်တော်မူသောအရှင်သခင်၏သက်သေခံတော်မူချက်သည် ကိန်းဝပ်တည်ရှိနေပါစေ။ သူက “ငါယေရှုသည် အသင်းတော်တို့အဖို့၊ ဤအရာများကိုသင်တို့အား သက်သေခံစေခြင်းငှာ ငါ၏ကောင်းကင်တမန်ကိုစေလွှတ်၏။. . . ” ဟူ၍ (ဗျာဒိတ် ၂၂း၁၆) တွင် မိန့်တော်မူထားပါသည်။

လက်တွေ့ဆောင်ရွက်နိုင်သော မည်သည့်အချိန်မျိုးတွင်မဆို၊ အရေးကြီးသောဟောပြောပို့ချချက်တိုင်း၏နောက်၌ သမ္မာကျမ်းစာကိုသင်ကြားပို့ချပေးသည့်အစီအစဉ်ကလိုက်ပါလာရမည်ဖြစ်သည်။ အသုံးပြုနိုင်ရန်အတွက် ပေးထားသောအချက်အလက်များတို့မှာ မေးခွန်းများကိုမေးမြန်းနိုင်ခွင့်ပေးရန်နှင့် မှန်ကန်သောစိတ်ကူးတွေးခေါ်မှုများတို့ကို စွဲမှတ်သွားကြအောင် သွန်သင်ပေးရမည့်အချက်များဖြစ်ပါသည်။ စိတ်ရှည်သည်းခံစွာဖြင့် လူတို့ကိုပညာပေးရန်နှင့် သူတို့အား မိမိတို့သိရှိနားလည်ကြသည်အတိုင်း ကိုယ်တိုင်ထုတ်ဖော်ပြောပြနိုင်သည့်အခွင့်အလမ်းကိုပေးအပ်ခြင်းဖြင့် အချိန်ကိုပိုမို၍

မြှုပ်နှံပေးပါ။ လူတို့အနေဖြင့် မှန်ကန်သောလမ်းစဉ်အတိုင်းနှင့်ဥပဒေသတိုင်းတို့ကို လိုက်လျှောက်ကြရမည့်အကြောင်း ညွှန်ကြားချက်ရှိထားပါသည်။

ပေးကမ်းဝေငှထားပြီးသော သမ္မာတရားများအပေါ် စိတ်ဝင်စားမှုရှိလာကြသည့် လူတို့အတွက်နှင့် ညွှန်ကြားချက်ကိုလိုအပ်နေကြသောသူတို့အတွက် အထူးတွေ့ဆုံဆွေးနွေးပွဲမျိုးလည်း ကျင်းပသင့်ပါသည်။ ဤတွေ့ဆုံဆွေးနွေးပွဲများသို့ လူအများတို့ကိုဖိတ်ခေါ်သင့်ပြီး ယုံကြည်သူများကိုရော၊ မယုံကြည်သူများတို့ကိုပါ သူတို့အပြည့်အဝနားမလည်ကြသေးသောအချက်အလက်များတို့နှင့် သက်ဆိုင်သည့်မေးခွန်းများတို့ကို မေးမြန်းခွင့်ပေးရပါမည်။ သူတို့အားလုံးတို့ကို သူတို့ထံတွင်ရှိနေကြမည့် ဇဝေဇဝါဖြစ်မှုများတို့နှင့်ပတ်သက်သော အကြောင်းအရာများတို့ကို ပြောပြပေးနိုင်မည့်အခွင့်အလမ်းတစ်ရပ်ကိုပေးထားပါ။ အားလုံးသောဟောပြောချက်များနှင့် အားလုံးသောသမ္မာကျမ်းစာသင်ကြားပို့ချပေးခြင်းများတို့တွင် အချက်အလက်တိုင်းတို့၌ "ထာဝရဘုရားမိန့်တော်မူသည်ကား" ဆိုသည့် ရှင်းလင်းထင်ရှားသောအထောက်အထားကို ကျွန်ုပ်တို့က ထောက်ခံပြောဆိုထားသော ယုံကြည်ခြင်းနှင့်ဒေသနာတော်များတို့အတွက် ထောက်ခံပေးထားသည်ကို လူအများတို့က သိရှိနိုင်ကြပါစေ။

ဤလုပ်ရပ်မျိုးသည် သခင်ခရစ်တော်၏သင်ကြားပို့ချပေးတော်မူခြင်းနည်းစနစ်ဖြစ်ပါသည်။ သူသည် လူအများတို့နှင့်ပြောဆိုတော်မူခဲ့သည့်အလျောက် သူ၏ဆိုလိုတော်မူချက်နှင့်ပတ်သက်ပြီး ထိုလူတို့က ပြန်လည်မေးခွန်းထုတ်ကြမည်သာဖြစ်သည်။ အလင်းတရားကို နှိမ့်ချစွာဖြင့်ကြိုးပမ်းရှာဖွေကြသူများတို့အား သူ၏နှုတ်တော်ထွက်များတို့နှင့်ပတ်သက်ပြီး ရှင်းလင်းပြောပြပေးရန် အမြဲတမ်းအဆင်သင့်ဖြစ်တော်မူခဲ့ပါသည်။ သို့သော်လည်း သခင်ခရစ်တော်သည် ဝေဖန်ပုတ်ခတ်ခြင်း၊ သို့မဟုတ် အပြစ်ရှာခြင်းအပြုအမူမျိုးတို့ကို အားပေးအားမြှောက်ပြုတော်မူခြင်းမရှိသည်သာမက၊ ကျွန်ုပ်တို့အားလည်း ထိုသို့မပြုမူစေလိုပါ။ မူဝါဒနှင့်ပတ်သက်သော အမှန်တရားကိုလက်သင့်မခံသည့်ဆွေးနွေးမှုမျိုးလုပ်ဆောင်လာရန်အတွက် လူတို့ကလှုံ့ဆော်လာကြမည်ဆိုပါက၊ ဤတွေ့ဆုံဆွေးနွေးမှုသည် ထိုကိစ္စရပ်မျိုးအတွက် ကျင်းပခြင်းမဟုတ်ကြောင်းကို သူတို့အားပြန်လည်ပြောပြပါ။ သင့်အနေဖြင့် မေးခွန်းတစ်ခုကိုပြန်လည်ဖြေကြားပေးပြီဆိုလျှင် ထိုဖြေဆိုချက်သည် အမှန်တကယ်ဖြေဆိုချက်ဖြစ်သည်ကို နားကြားသူတို့ကသိရှိပြီး အသိအမှတ်ပြုကြစေရေးအတွက် သေချာမှုရှိပါစေ။ တစ်စုံတစ်ခုသောမေးခွန်းမေးရန်ကျန်ခဲ့သည့်အနေအထားမျိုးမဖြစ်စေရန်အတွက် သူတို့အား ထိုမေးခွန်းကိုပြန်လည်



မေးမြန်းရန်ပြောပြပါ။ သင်သည် ခြေတစ်လှမ်းပြီးတစ်လှမ်းဖြင့်စမ်းသွားပြီး၊ သင်မည်မျှရယူနိုင်ခဲ့ပြီဆိုခြင်းကို သိရှိရအောင်လုပ်ပါ။ "Testimonies for the Church," vol. 6, pp. 31-69.

## ဟောပြောခြင်းကိုလျှော့ပြီးပိုမို၍သင်ကြားပို့ချပေးပါ

ကျွန်ုပ်တို့၏စခန်းသွင်းတွေ့ဆုံဆွေးနွေးပွဲများတွင် တစ်ယောက်၊ သို့မဟုတ် နှစ်ယောက်မျှသောလုပ်ဆောင်သူများတို့ကိုသာ အားလုံးသောဟောပြောခြင်းများနှင့် သမ္မာကျမ်းစာပိုင်းဆိုင်ရာကဏ္ဍများတွင် သင်ကြားရေးအတွက် တောင်းခံခေါ်ယူရန်မသင့်ပါ။ တစ်ခါတစ်ရံတွင် ကြီးမားသောလူအုပ်ကြီးမှ အဖွဲ့ငယ်များအဖြစ်သို့ လူစုခွဲလိုက်ခြင်းအားဖြင့် ပိုမိုကြီးမားသည့်ကောင်းသောအရာမျိုးကို ပြီးမြောက်အောင်မြင်စွာလုပ်ဆောင်ရယူနိုင်ပါသည်။ ဤနည်းအားဖြင့် သမ္မာကျမ်းစာတော်ဆိုင်ရာ သမ္မာတရားနှင့်ပတ်သက်သောပညာပေးသူသည် ကြီးမားသောလူစုလူဝေးတို့နှင့်ထိတွေ့သည်ထက် လူတို့ဆီသို့ ပိုမိုနီးကပ်စွာဖြင့်ရောက်ရှိလာနိုင်ပါသည်။

ကျွန်ုပ်တို့၏စခန်းသွင်းတွေ့ဆုံဆွေးနွေးပွဲများတို့တွင် တရားဒေသနာဟောပြောခြင်းကို ဟောပြောသင့်ဟောပြောထိုက်သည်ထက် ပိုမို၍ဟောပြောနေကြပါသည်။ ဤလုပ်ဆောင်မှုသည် အမှုတော်ဆောင်များအပေါ် လေးလံသည့်ဝန်ထုပ်ဝန်ပိုးတစ်ခုကိုကျရောက်စေပြီး၊ အကျိုးဆက်အဖြစ် ပိုမို၍အာရုံစိုက်ရန်လိုအပ်သောအလုပ်ကို လျစ်လျူရှုမိလျက်သားဖြစ်သွားပါသည်။ စိုးရိမ်စရာကောင်းလှသော ဆိုးညစ်မှုများအတွက် တံခါးဖွင့်ပေးတတ်သည့် သေးငယ်သည့်ကိစ္စရပ်များစွာတို့သည် သတိမမူမိသောအချိန်တွင် ကျော်ဖြတ်ဝင်ရောက်လာတတ်ပါသည်။ အမှုတော်ဆောင်သည် ကာယပိုင်းဆိုင်ရာခွန်အားအလုယက်ခံနေရပြီး၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်တွင် သူ၏ကိုယ်ပိုင်အသက်ဝိညာဉ်ကိုထားရှိနိုင်ရန်အတွက် လိုအပ်သောတရားအားထုတ်ချိန်နှင့်ဆုတောင်းချိန်တို့ကို ဆုံးရှုံးခံနေရပါသည်။ အလွန်များပြားလှသောဟောပြောပို့ချချက်များတို့သည် တစ်ခုပြီးတစ်ခုစုပုံနေကြပြီး လူတို့သည်လည်း သူတို့ကြားသိရကြသောအရာများတို့ကို အပိုင်ရယူထားနိုင်ရေးအတွက် အချိန်မရရှိနိုင်ကြပါ။ သူတို့၏စိတ်အတွေးတို့သည် ရှုပ်ရှုပ်ထွေးထွေးဖြစ်လာကြပြီး၊ ဝတ်ပြုခြင်းအစီအစဉ်များတို့သည် သူတို့အတွက်ငြီးငွေ့

ဖွယ်ရာနှင့် မောပန်းနွမ်းနယ်ဖွယ်ကောင်းသောအလုပ်များအလား ထင်မှတ်လာကြပါသည်။

ဟောပြောခြင်းကိုလျော့ချပြီး၊ သင်ကြားပို့ချခြင်းကို ပိုမိုလုပ်ဆောင်ပေးပါ။ တရားဟောချက်များကိုနားထောင်ခြင်းဖြင့် သူတို့လက်ခံရရှိထားသည်ထက် ပိုမိုသေချာသောအလင်းတရားကို အလိုရှိကြသောသူများရှိကြပါသည်။ မျှဝေပေးထားသောအချက်အလက်များအကြောင်းတို့ကို အခြားသောသူတို့က နားလည်ရန်လိုအပ်သောအချိန်ထက်၊ အချို့သောသူတို့သည် ပိုမိုကြာမြင့်သောအချိန်မျိုးကို လိုအပ်နေကြပါသည်။ အကယ်၍ သမ္မာတရားတော်ကိုဝေငှပေးရာတွင် အနည်းငယ်မျှပိုမို၍ရှင်းလင်းပြတ်သားလာနိုင်မည်ဆိုပါက သူတို့သည် ထိုသမ္မာတရားတော်ကိုသိရှိပြီး၊ ဖမ်းဆုပ်ရယူထားကြမည်ဖြစ်ကာ ၎င်းအနေအထားသည် သေချာသည့်နေရာတစ်ခုတွင် မြဲမြံစွာရိုက်နှက်ထားသောအိမ်ရိုက်သံချောင်းအလားဖြစ်နေမည်ဖြစ်သည်။

ကျွန်ုပ်တို့၏စခန်းသွင်းတွေ့ဆုံဆွေးနွေးခြင်းသည် အခွင့်အရေးပိုင်းဆိုင်ရာနှင့် အောင်မြင်မှုအပိုင်းတို့တွင် ပိုမို၍တိုးတက်မှုရှိလာရန်သာရှိသည်ဆိုခြင်းကို ကျွန်ုပ်မြင်ယောင်သိရှိပြီးသားဖြစ်ပါသည်။ တွေ့ဆုံဆွေးနွေးပွဲပြီးဆုံးချိန်နီးကပ်လာသည်နှင့်အမျှ၊ ဤတွေ့ဆုံဆွေးနွေးပွဲများတွင် ဟောပြောခြင်းအချိန်က လျော့နည်းလာမည့်အပြင်၊ သမ္မာကျမ်းစာသင်ကြားပို့ချပေးခြင်းအချိန်က ပိုမိုများပြားလာမည်ဖြစ်သည်။ ကွင်းပြင်အနှံ့အပြားတွင် အစုအဖွဲ့ငယ်များတို့သည် မိမိတို့၏လက်ထဲတွင် သမ္မာကျမ်းစာအုပ်ကိုကိုင်ထားကြရင်း မတူကွဲပြားသောသူများတို့သည် ကျမ်းစာတော်မြွက်အကြောင်းကို နှုတ်ဖြင့်ပြောဆိုဆွေးနွေးလေ့လာခြင်းကို လွတ်လွတ်လပ်လပ်ဖြင့်ဦးဆောင်နေကြပါသည်။

ဤနည်းစနစ်သည် သခင်ခရစ်တော်က သူ၏တပည့်တော်တို့ကိုသင်ကြားပို့ချပေးတော်မူခဲ့သော နည်းစနစ်ဖြစ်ပါသည်။ ကြီးမားလှသောလူအုပ်ကြီးက ကယ်တင်တော်မူသောသခင်၏ပတ်ပတ်လည်တွင် စုရုံးရောက်ရှိလာခဲ့ကြသည်နှင့် သူသည် တပည့်တော်တို့နှင့်လူစုလူဝေးတို့အား ညွှန်ကြားချက်ကိုပေးတော်မူမည်သာဖြစ်ပါသည်။ ထိုနောက် ဟောပြောပို့ချတော်မူခြင်းပြီးဆုံးခဲ့သည်နှင့် လူတို့၏အတွင်းသို့ တပည့်တော်တို့က ဝင်ရောက်ရောနှောသွားခဲ့ပြီး၊ သခင်ခရစ်တော်မိန့်ကြားတော်မူခဲ့သည့်အကြောင်းအရာတို့ကို ပြန်လည်ရှင်းပြခဲ့ကြပါသည်။ မကြာခဏဖြင့်ပင် နာကြားသူတို့သည် သခင်ခရစ်တော်၏နှုတ်ထွက်တော်မူချက်တို့ကို လွဲမှားစွာအသုံးချခဲ့တတ်ကြသည်အလျောက်



တပည့်တော်တို့က ကျမ်းစာတော်မြွက်၏ဖော်ပြထားချက်နှင့် သခင်ခရစ်တော်က သူတို့အားသင်ကြားပို့ချတော်မူခဲ့သည့် အကြောင်းအရာများနှင့်ပတ်သက်ပြီး၊ ထိုကြားနာသူတို့၏နားမလည်သေးသောအချက်အလက်တို့ကို ရှင်းလင်းပြောပြခဲ့ကြပါသည်။ “Testimonies for the Church,” vol. 6, p. 87, 88.

မဟာကဝိအရှင်တော်ကြီးသည် သူ၏နာကြားသူတို့အား ဖန်ဆင်းခြင်းခံရသောအရာအားလုံးတို့ထံမှ ထွက်ပေါ်လာသည့်အသံများကို နားထောင်ကြရန်အတွက် ထိုသူတို့အား သဘာဝတရားနှင့်ထိတွေ့စေတော်မူခဲ့ပါသည်။ ထိုသူတို့၏နှလုံးသားများတို့သည် ကြင်နာသနားတတ်လာခဲ့ပြီး၊ သူတို့၏စိတ်အတွေးများတို့သည်လည်း သဘောပေါက်လက်ခံလွယ်သောအနေအထားသို့ ရောက်ရှိလာခဲ့ကြသည့်အလျောက်၊ သူတို့မျက်လုံးများကမြင်တွေ့နေရကြသည့် ဝိညာဉ်ရေးဆိုင်ရာသင်ကြားပို့ချထားသောမြင်ကွင်းများကို အဓိပ္ပါယ်ကောက်နိုင်ကြရေးအတွက် သူက ကူညီတော်မူခဲ့ပါသည်။ သူက လိုလားစွာဖြင့်သင်ကြားပို့ချပေးလိုတော်မူသော သမ္မာတရားတော်ဆိုင်ရာသင်ခန်းစာအားဖြင့် မိန့်တော်မူပေးခဲ့သောဥပမာစကားများတို့သည် သဘာဝတရား၏သြဇာသက်ရောက်မှုများအပေါ် သူ၏ဝိညာဉ်တော်က မည်မျှပေါ်ပေါ်ထင်ထင်သက်ရောက်နေခဲ့သည်ဆိုခြင်းနှင့် နေ့စဉ်အသက်တာ၏ပတ်ဝန်းကျင်မှနေပြီး ဝိညာဉ်ရေးဆိုင်ရာသင်ကြားပို့ချခြင်းများကိုစုစည်းရန်အတွက် သူကနှစ်သက်လိုလားတော်မူခဲ့သည်တို့ကို ပြသပေးပါသည်။ လေထဲတွင်ပျံသန်းသွားလာနေကြသောငှက်များ၊ ကွင်းပြင်ထဲရှိနှင်းပန်းများ၊ မျိုးစေ့ကိုကြဲသူနှင့်မျိုးစေ့၊ သိုးထိန်းနှင့်သိုးများ စသည့်ဤဥပမာများတို့ဖြင့် သခင်ခရစ်တော်သည် ထာဝရရှင်သန်သောသမ္မာတရားတော်အကြောင်းကို ပုံခိုင်းတော်မူခဲ့ပါသည်။ သူသည် ဘဝအသက်တာဖြစ်ရပ်များမှနေပြီး သာဓကများကိုလည်းဆွဲထုတ်ရယူတော်မူခဲ့ရာတွင် နာကြားသူတို့နှင့်အကျွမ်းတဝင်ဖြစ်ခဲ့သည့် ဖြစ်ရပ်မှန်အတွေ့အကြုံများဖြစ်ကြသည့် တဆေး၊ ကွယ်ဝှက်ဖုံးဖိခံထားရသောရတနာ၊ ပုလဲ၊ ငါးဖမ်းပိုက်ကွန်၊ ပျောက်ဆုံးသွားသောငွေဒင်္ဂါး၊ အသုံးအဖြုန်းကြီးသောသား၊ ကျောက်ပေါ်တွင်တည်ဆောက်သောအိမ်နှင့် သဲပေါ်တွင်တည်ဆောက်သောအိမ်များတို့၏အကြောင်းတို့ကိုလည်း ထည့်သွင်းမိန့်တော်မူခဲ့ပါသေးသည်။ သူ၏သင်ခန်းစာတော်များအတွင်း စိတ်အတွေးတိုင်းတို့ကို စိတ်ပါဝင်စားစေမှုရှိပြီး၊ နှလုံးသားတိုင်းကိုလည်း ဆွဲဆောင်နိုင်ခဲ့ပါသည်။ “Christ’s Object Lessons,” p. 102.

## စိုက်ပျိုးခြင်းနှင့်ရိတ်သိမ်းခြင်း

(ယောဟန် ၄း၃၇) တွင် "တစ်ဦးကားပျိုးကြဲ၏။ တစ်ဦးကားစပါးရိတ်၏။ . . . " ဟူ၍ဖော်ပြထားပါသည်။ ဤနှုတ်တော်ထွက်တို့ကို ကယ်တင်တော်မူသောအရှင်သည် သူ၏တပည့်တော်တို့ကို အရာ၌ခန့်ထား (လက်တင်မင်္ဂလာပေး) ပြီး၊ အမှုတော်ဆောင်ရွက်ရန်အတွက် စေလွှတ်တော်မူမည့်အရေးကို တင်ကူးမျှော်မှန်းမိန့်တော်မူခဲ့ခြင်းဖြစ်ပါသည်။ ယုဒပြည်အနှံ့အပြားတွင် သခင်ခရစ်တော်သည် သမ္မာတရားတော်၏မျိုးစေ့ကို ကြဲတော်မူခဲ့ပြီးဖြစ်ပါသည်။ သူသည် ကယ်တင်ခြင်းနှင့်ပတ်သက်သောအစီအစဉ်ကို သိသာထင်ရှားစွာနှင့် ပြတ်ပြတ်သားသားဖြင့်ချမှတ်တော်မူခဲ့ရာ၌ သမ္မာတရားတော်အတွက် သူ၏နှုတ်ခမ်းသားများတို့သည် မည်သည့်အခါမျှတုံ့ဆိုင်းအားပျော့သွားခြင်းမရှိခဲ့ပါ။ မဟာကဝိအရှင်တော်ကြီး၏ကမ္ဘာမြေကြီးဆိုင်ရာ အမှုတော်လုပ်ငန်းသည် မကြာမီကာလတွင် ဆုံးခန်းတိုင်တော့မည်ဖြစ်သည်။ ထိုကဝိအရှင်တော်ကြီးကကြဲထားတော်မူခဲ့သောသီးနှံတို့ကို တပည့်တော်တို့ကလိုက်ပါရိတ်သိမ်းရင်း၊ မျိုးစေ့ကိုကြဲတော်မူခဲ့သောသူနှင့် ရိတ်သိမ်းကြသောသူများတို့သည် အတူတကွရွှင်လန်းဝမ်းမြောက်ကြမည်ဖြစ်သည်။

ယနေ့တွင် သူ၏ကြီးမားကျယ်ပြန့်လှသော ရိတ်သိမ်းရမည့်လယ်ကွက်အတွက် မျိုးစေ့ကြဲသူများနှင့်ရိတ်သိမ်းသူများတို့ကို ဘုရားသခင်က လိုအပ်တော်မူပါသည်။ လုပ်ငန်းခွင်အတွင်းသို့ ထွက်ခွာသွားကြသောသူတို့တွင် အချို့တို့သည် မျိုးစေ့ကိုကြဲရကြမည်ဖြစ်ပြီး အချို့တို့သည် ရိတ်သိမ်းရကြရာတွင် သူတို့၏အလုပ်အောင်မြင်မှုနှင့်ပတ်သက်ပြီး မိမိတို့ကိုယ်ကိုမိမိတို့ ဝါကြွားခြင်းမပြုမိကြရန်အတွက် သတိတရရှိကြပါစေ။ သူတို့ထက်အလျင်ကတည်းက ဘုရားသခင်သည် ကိုယ်စားလှယ်တော်များတို့ကို ခန့်အပ်ထားတော်မူခဲ့ခြင်းသည် မျိုးစေ့ကြဲခြင်းနှင့်ကောက်နှံတို့ကိုရိတ်သိမ်းခြင်းတို့အတွက် လမ်းခရီးကိုပြင်ဆင်ထားခြင်းပင်ဖြစ်ပါသည်။ ဤအကြောင်းနှင့်ပတ်သက်ပြီး (ယောဟန် ၄း၃၈) တွင်၊ "သင်တို့သည် လယ်မလုပ်သောအရပ်၌ စပါးရိတ်စေခြင်းငှာ သင်တို့ကိုငါစေလွှတ်၏။ အခြားသောသူတို့သည် လယ်လုပ်ကြ၍ သင်တို့သည် ထိုသူတို့၏အလုပ်ထဲသို့ဝင်ရကြ၏ဟုမိန့်တော်မူ၏" ဟူ၍ဖော်ပြထားပါသည်။

တစ်ဖန် (ယောဟန် ၄း၃၆) တွင်၊ "စပါးရိတ်သောသူသည် အခကိုခံ၍ ထာဝရအသက်ရှင်ခြင်းအလိုငှာ အသီးအနှံကိုစုသိမ်း၏။ သို့ဖြစ်လျှင် ပျိုးကြဲသောသူနှင့်



စပါးရိတ်သောသူသည် အတူဝမ်းမြောက်ကြလိမ့်မည်" ဟူ၍ဖော်ပြထားပါသေးသည်။ ဤနှုတ်တော်ထွက်တို့ကို အသေအချာဖတ်ရှုပါ။ ဤနှုတ်တော်ထွက်တို့သည် ဘုရားသခင်၏အစီအစဉ်တော်ကိုချမှတ်သည့် အဓိပ္ပါယ်မျိုးသက်ရောက်သည်ကို လေ့လာသင်ယူပါ။ မျိုးစေ့ကိုကြဲသောသူသည် ယခုကာလအတွက် စစ်ကြောစုံစမ်းခြင်းဆိုင်ရာ သမ္မာတရားအကြောင်းကို ကြီးသောလူစုဖြစ်စေ၊ ငယ်သောလူစုဖြစ်စေ မည်သည့်လူစုလူဝေး၏ရှေ့မှောက်တွင်မဆို ပြသပေးရာ၌၊ များစွာသောလုပ်ဆောင်မှုမျိုးဖြင့် ရင်းထားရသည့်တိုင်၊ အမြဲတစေသီးနှံကိုစုသိမ်းနိုင်ခြင်းမရှိပါ။ မကြာခဏဖြင့်ပင်လျှင် ထာဝရဘုရား၏အမှုတော်ဆောင်တို့သည် ခါးသီးလှသောအတိုက်အခံပြုမှုနှင့်ရင်ဆိုင်ရကြပြီး၊ သူတို့၏အလုပ်သည်လည်း ပိတ်ပင်ဟန့်တားခြင်းကိုခံရတတ်ပါသည်။

သူတို့သည် စိတ်အားထက်သန်မှု၊ အပတ်တကုတ်ကြိုးပမ်းအားထုတ်မှုတို့ဖြင့် ကောင်းမြတ်သောမျိုးစေ့ကိုကြဲကြခြင်းဖြင့် အကောင်းဆုံးလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း အတိုက်အခံပြုခြင်း၏အရိပ်အရောင်သည် သူတို့အတွက်ပြင်းထန်သည်ထက်ပြင်းထန်လာနေပါသည်။ အချို့သောနာကြားသူတို့သည် သမ္မာတရားတော်ကို အခိုင်အမာယုံကြည်လက်ခံကြသူများဖြစ်ကြသော်လည်း၊ အတိုက်အခံပြုခြင်းကို သိသိသာသာခံလာရကြခြင်းကြောင့် သူတို့သည် သူတို့၏ခိုင်မာသောခံယူချက်တို့ကို အသိအမှတ်ပြုကြရန်အတွက် သတ္တိမရှိကြပါ။

စာတန်မာရ်နတ်၏ထိန်းချုပ်ခြင်းခံရကြသော သူတို့၏အန္တရာယ်ပေးကြခြင်းကြောင့် အမှုတော်ဆောင်တို့၏အသက်တာသည် အခက်အခဲတို့နှင့်ကြုံတွေ့နိုင်ကြပါသည်။ ဤအချက်သည် သူတို့အရှင်သခင်၏စံနမူနာအတိုင်း လိုက်လျှောက်နိုင်သည့်အခွင့်ထူးဖြစ်ပြီး၊ အခြားသောနေရာတစ်နေရာသို့ သွားရောက်ရန်ပင်ဖြစ်ပါသည်။ (မဿဲ ၁၀း၂၃) တွင်လည်း၊ "တစ်မြို့၌သင်တို့ကိုညှဉ်းဆဲလျှင် တစ်မြို့သို့ပြေးကြလော့။ ငါအမှန်ဆိုသည်ကား၊ ဣသရေလမြို့ရွာရှိသမျှတို့ကို သင်တို့လှည့်လည်၍မကုန်မီ လူသားသည်ကြွလာလိမ့်မည်" ဟူ၍၊ သခင်ခရစ်တော်ကမိန့်တော်မူထားပါသည်။ ဤအချက်သည် အမှုတော်အတွက်ပိုမို၍အသာစီးရစေသောအခွင့်အလမ်းဖြစ်ပြီး၊ သူတို့အနေဖြင့် သမ္မာတရားတော်မျိုးစေ့ကို အောင်မြင်စွာဖြင့်ကြဲနိုင်ကြခြင်းဖြင့် ကောက်လှိုင်းတို့ကိုရိတ်သိမ်းနိုင်ကြမည်ဖြစ်သည်။ သူတို့၏အောင်မြင်မှုမှတ်တမ်းမှတ်ရာသည်လည်း သိသာထင်ရှားစွာဖြင့် အောင်မြင်မှုမရရှိသေးသည့် အမှုတော်ဆောင်ရွက်နေသည့်နေရာဆီသို့ ၎င်း၏လမ်းကြောင်းကိုတွေ့ရှိလာပေလိမ့်မည်။ ဤသို့အားဖြင့် သမ္မာတရား

တော်၏နောက်ထပ်စေတမန်တစ်ဦးသည် ထိုနေရာသို့သွားလိုက်သည်နှင့် သူ့အားအလေးပေးပြီး လက်ခံကြိုဆိုလာမည်ဖြစ်သည်။

စစ်ဆေးစုံစမ်းခြင်းနှင့် စိတ်ပျက်အားလျော့စရာဖြစ်သည့်ကာလအတွင်း မျိုးစေ့ကိုကြဲရခြင်းသည် တက်ကြွမှုနှင့်ထက်မြက်မှုကို ပိုမိုရရှိလာစေဟန်ရှိပါသည်။ ဘေးဒုက္ခကြုံတွေ့ရမှု၊ ဝမ်းနည်းပူဆွေးမှု၊ ဥစ္စာပစ္စည်းဆုံးရှုံးသွားမှုနှင့် နောင်ရေးအတွက် ဘုရားသခင်၏ကြိုတင်စီမံတော်မူခြင်း အပြောင်းအလဲဖြစ်သွားမှုတို့သည် ယခင်နှစ်ပေါင်းများစွာကတည်းက သစ္စာရှိလှသော ဘုရားသခင်၏အစေကျွန်က ကြိုတင်ပြောဆိုထားခဲ့သည့် ထက်မြက်ပြီးထင်ရှားပြတ်သားလှသော မိန့်တော်မူချက်တို့ကို ပြန်လည်၍ အမှတ်ရလာစေပါသည်။ ကြဲထားပြီးသောမျိုးစေ့တို့သည် ပေါများစွာဖြင့်ပေါက်ရောက်ကြပြီးနောက်၊ အသီးများတို့ဖြင့်ဝေဆာနေကြပါသည်။

မိမိတို့ကိုအပ်နှင်းထားသောအမှုတော်ကို ပြီးမြောက်အောင်မြင်သွားစေရန်အတွက် စိတ်အားထက်သန်စွာဖြင့်လုပ်ဆောင်ကြမည့် အမြော်အမြင်ရှိကြသောအမျိုးသား၊ အမျိုးသမီးများတို့ကို ဘုရားသခင်က လိုအပ်တော်မူပါသည်။ အသက်ဝိညာဉ်တို့၏ ပြောင်းလဲခြင်းလုပ်ငန်းအတွင်း ထိုသူတို့ကို သူ၏ကိရိယာတန်ဆာပလာများအဖြစ်ဖြင့် ဘုရားသခင်က အသုံးပြုတော်မူမည်ဖြစ်သည်။ အချို့တို့က မျိုးစေ့ကိုကြဲကြမည်ဖြစ်ပြီး၊ အချို့တို့မှာမူ ကြဲထားပြီးသောမျိုးစေ့တို့မှ ပေါက်ရောက်ရှင်သန်လာကြမည့်အပင်မှ ကောက်လှိုင်းတို့ကိုရိတ်သိမ်းကြမည်ဖြစ်သည်။ ဘုရားသခင်သည် မျိုးစေ့ကြဲသောသူတစ်ယောက်အဖြစ်ဖြင့်၊ သို့မဟုတ် ရိတ်သိမ်းသူတစ်ယောက်အဖြစ်ဖြင့် အသုံးပြုတော်မူမည်ဖြစ်သည့်အလျောက်၊ လူတိုင်းလူတိုင်းသည် မိမိ၏ပင်ကိုစွမ်းရည်ကို တိုးတက်ကောင်းမွန်လာစေရန်အတွက် အကောင်းဆုံးလုပ်ဆောင်ရမည်ဖြစ်သည်။

–o–





tydkif; (10)

# ဌာနချုပ်၏တာဝန်ယူရမှုများ

## ဌာနချုပ်၏ဥက္ကဌများ

ကျွန်ုပ်တို့၏အမှုတော်ဆောင်များက လုပ်ကိုင်ဆောင်ရွက်ရကြမည့်လုပ်ငန်းကိုင်ငန်းများနှင့် အလုပ်များတို့နှင့်ပတ်သက်သော များစွာသောအကြောင်းအရာများကို အကျွန်ုပ်၏မျက်မှောက်၌ ချပြပေးတော်မူခဲ့ရခြင်းအတွက် ထာဝရဘုရားသခင်သည် ကျေးဇူးတင်ပါတိဖြစ်တော်မူရာတွင် အထူးသဖြင့် ဌာနချုပ်များတို့၏ဥက္ကဌများအဖြစ်ဖြင့် ခန့်အပ်ထားခြင်းခံရကြသောသူများတို့အတွက်ဖြစ်ပါသည်။ ဤကဲ့သို့သောရာထူးအဆင့်အတန်းများတို့တွင် ယုံကြည်အားကိုးရလောက်သောသူများကို ရွေးချယ်မိကြရေးအတွက် အထူးသတိထားလုပ်ဆောင်ရွေးချယ်ရကြပါမည်။ ဘုန်းတော်ရှင်၏ဉာဏ်အလင်းမျိုးရရှိနိုင်ရေးအတွက် ထက်သန်မှုရှိလှသောဆုတောင်းခြင်းမျိုးရှိရကြပါမည်။

သိုးတော်စုတို့ကိုကွပ်ကဲအုပ်ချုပ်ရသောသူများအဖြစ် ခန့်အပ်ခြင်းခံရကြသောသူတို့အနေဖြင့် နာမည်ကောင်းရှိသူဖြစ်ရကြမည့်အပြင်၊ သူတို့သည် ကျမ်းစာတော်မြတ်နှင့်ပတ်သက်သော အသိဉာဏ်ဗဟုသုတမျိုးရှိကြရုံမျှဖြင့်မပြီးသေးဘဲ ယုံကြည်ခြင်းအားဖြင့်လည်းကောင်း၊ သည်းခံစိတ်ရှည်ခြင်းအားဖြင့်လည်းကောင်း၊ နူးညံ့သိမ်မွေ့သောသဘောတို့ဖြင့် သမ္မာတရားတော်ကိုအတိုက်အခံပြုကြသူများတို့အား ညွှန်ကြားပဲ့ပြင်ပေးနိုင်သောအတွေ့အကြုံမျိုးရှိသည့် သက်သေအထောက်အထားမျိုးကိုပါ ပြသပေးနိုင်ရကြပါမည်။ သူတို့သည် ဂုဏ်သိက္ခာအမှန်တကယ်ပြည့်ဝသောသူများဖြစ်ရကြမည့်အပြင်၊ လုပ်ငန်းအတွေ့အကြုံနှင့်ပတ်သက်ပြီး အလုပ်သင်အဆင့်ဖြင့်သာရှိသောသူများမဖြစ်ရဘဲ၊ နှုတ်ကပတ်တရားတော်၏ဉာဏ်ရည်ဉာဏ်စွမ်းရှိသော ကျောင်းသူကျောင်းသားများဖြစ်ရကြပါမည်။ သူတို့သည် အခြားသောသူတို့အား သင်ကြားပို့ချပေးနိုင်ရကြမည့်အပြင် ဘဏ္ဍာတော်တိုက်ထဲမှ အသစ်သောအရာ၊ ဟောင်းနွမ်းသောအရာများတို့ကိုထုတ်ယူနိုင်သောသူများဖြစ်လျက် အကျင့်စရိုက်တွင်လည်းကောင်း၊ နှုတ်ထွက်စကားများတို့သည်လည်းကောင်း၊ ပြုမူကျင့်ကြံမှုတို့သည်လည်းကောင်း၊ သခင်ခရစ်တော်၏ဂုဏ်တော်ကိုထင်ရှားသောအမှုအဖြစ် ရှိရမည်ဖြစ်ကာ၊ သမ္မာတရားတော်ကိုသင်ကြားပို့ချပေးခြင်း၊ သမ္မာတရားတော်၌ရှင်သန်ခြင်းရှိရကြမည်ဖြစ်ပြီး ခရစ်တော်သခင်၊ အရှင်ယေရှု၏

ဂုဏ်သတင်းကျော်ကြားတော်မူခြင်း၌ ကြီးထွားလာရမည်ဖြစ်သည်။ ဤအချက်သည် အမှုတော်လုပ်ငန်းတိုးတက်မှုရှိလာစေသည့်အလျောက်၊ အမှုတော်ဆောင်များတို့သည် ပိုမိုကြီးမားလာသောတာဝန်ယူရမှုမျိုးတို့ကို သယ်ပိုးထမ်းဆောင်နိုင်ရေးအတွက် အရည်အချင်းပြည့်မီလာကြရန်၊ မိမိတို့၏စွမ်းရည်တိုင်းတိုးတက်လာရေးနှင့် အားကောင်းမောင်းသန်လာစေခြင်းကို လေ့ကျင့်မှုအားဖြင့်သာ လုပ်ဆောင်ရမည့်အဓိပ္ပါယ်ပင်ဖြစ်ပါသည်။

သခင်ယေရှုရှင်သည် ရှင်ယုဒနှင့်ရှင်ပေတရုတို့ကို သူနှင့်ချိတ်ဆက်ထားတော်မူခဲ့ရာတွင် သူတို့သည် အကျင့်စရိုက်၌ အပြစ်အနာအဆာရှိခဲ့ကြခြင်းကြောင့်မဟုတ်ဘဲ၊ သူတို့ညစ်ထေးမှုဒဏ်ကို သူတို့ကြံ့ကြံ့ခံနိုင်ခဲ့ကြခြင်းမရှိသောကြောင့်ဖြစ်ပါသည်။ သူတို့သည် သူနှင့်အတူတကွပူးတွဲလုပ်ဆောင်ကြသူများအဖြစ်သို့ ရောက်ရှိလာကြရေးအတွက် သူတို့အားသူသည် သူ၏ကျောင်းတော်ကြီးတွင် နူးညံ့သိမ်မွေ့မှုအကြောင်းနှင့်စိတ်နှလုံးနှိမ့်ချမှုအကြောင်းတို့ကို တက်ရောက်သင်ယူကြရန်အတွက် အခွင့်အရေးတစ်ခုကို ပေးအပ်တော်မူခဲ့ပါသည်။ သူတို့အနေဖြင့် ဤအခွင့်အလမ်းတို့ကို တိုးတက်မှုရှိအောင်လုပ်ဆောင်ခဲ့ကြမည်ဆိုပါက၊ အကယ်၍သူတို့သည် သင်ကြားရယူလိုသောဆန္ဒရှိခဲ့ကြပါက၊ သူတို့၏ပျော့ကွက်၊ ဟာကွက်တို့ကို သိရှိလိုစိတ်ရှိကြပါက၊ ထို့အပြင် စင်ကြယ်သည့်စံပြနမူနာအလင်းတရားအတွင်း သခင်ခရစ်တော်က သူတို့ထံတွင်ရှိစေလိုတော်မူသောအနေအထားအားလုံးဆီသို့ ရောက်ရှိသွားကြပြီဆိုပါက သူတို့သည် အသင်းတော်အတွက် ကြီးမားသောကောင်းချီးမင်္ဂလာတစ်ခုအဖြစ် ရှိနေခဲ့ကြပေလိမ့်မည်။

ဤသို့အားဖြင့် သခင်ဘုရားယေရှုရှင်သည် လူသားတို့နှင့်ဆက်လက်၍ထိတွေ့ဆက်ဆံတော်မူနေခြင်းဖြစ်ပါသည်။ အချို့သောအကျင့်စရိုက်အရ၊ ကုံလုံပြည့်စုံမှုမရှိကြသောသူတို့သည် တည်ကြည်ခန့်ညားပြီး၊ အထွတ်အမြတ်ဖြစ်သောလုပ်ပိုင်ခွင့်များတို့နှင့် ချိတ်ဆက်ထိတွေ့ကြပြီး၊ အထူးအဓိကကျသောအမှုတော်လုပ်ငန်းတစ်ခုကို ရွေးချယ်ကြသောအခါတွင် သူတို့အနေဖြင့်၊ သူတို့၏ကိုယ်ပိုင်ဉာဏ်ပညာသည် သူတို့အတွက်လုံလောက်ပြည့်စုံမှုရှိနေပြီးဖြစ်သည်အလျောက်၊ သူတို့သည် အကြံပေးခံရခြင်း၊ ပြစ်တင်ရှုတ်ချခံရခြင်းနှင့်ညွှန်ကြားခံရခြင်းမျိုးတို့ကို မလိုအပ်တော့ပါဟူ၍ သဘောမထားသင့်ပါ။ ညီအစ်ကိုတော်ခင်ဗျား၊ ထိုကဲ့သို့မျိုးသာ သင်ကသဘောထားလာပါက၊ သင်သည် သင်၏ခွန်အား၏မူလရင်းမြစ်တော်နှင့် ခွဲထုတ်ထားခြင်းခံရပြီး၊ ကြီးမား



သောအန္တရာယ်တွင်း ကျရောက်သွားပေမည်ဖြစ်သည်။ သင့်အနေဖြင့် ယုဒရှကာရုတ်လုပ်ဆောင်ခဲ့သကဲ့သို့ သင်၏ကိုယ်ပိုင်ထင်မြင်ယူဆလက်ခံထားသည့် ပြည့်စုံခြင်း၌ သာကျန်ရစ်နေရင်း၊ သင်၏သခင်ဘုရားကို သစ္စာဖောက်ရာရောက်ပါသည်။

## အကြံဉာဏ်ရရှိရေးအတွက်လူသားတို့အပေါ်အားကိုးတကြီးမျှော်လင့်ခြင်း

ကျွန်ုပ်တို့၏အသင်းတော်ဌာနချုပ်အချို့တို့သည် ဦးဆောင်ဦးရွက်ပြုကြသူများနှင့် ထိုဦးဆောင်ဦးရွက်ပြုသူတို့၏ပုံစံနမူနာအတိုင်း၊ လိုက်ပါပြုမူလုပ်ဆောင်ကြသောသူတို့က ဘုရားသခင်၏သဘောတူထောက်ခံတော်မူခြင်းထက် လူတို့၏သဘောတူထောက်ခံမှုတို့ကို အလွန့်အလွန်ပြင်းပြသောစိတ်ဆန္ဒမျိုးဖြင့် ရှာဖွေခဲ့ကြခြင်းကြောင့်ခရစ်ယာန်အတွေ့အကြုံ၊ အမှုအကျင့်အတွေ့အကြုံနှင့်ပတ်သက်လာလျှင် အားနည်းချက်အလွန်ရှိနေကြပါသည်။ သူတို့သည် အကူအညီနှင့်အကြံဉာဏ်ရရှိကြရန်အတွက် ဘုရားသခင်၏အထံတော်မှထက် လူတို့ထံမှပို၍အားကိုးတကြီးမျှော်လင့်တတ်ကြပါသည်။ ဘုရားသခင်အပေါ်အားကိုးအားထားပြုရကြမည့် အချိန်အခါနှင့်နေရာဒေသမျိုးတို့တွင် သူတို့သည် သူတို့၏ဝန်ထုပ်ဝန်ပိုးတို့ကိုထမ်းရွက်ပေးရန် လူတို့ကိုမျှော်ကိုးကြသည့်အပြင်၊ လူတို့၏ဉာဏ်ပညာကိုလက်ခံရယူကြပါသည်။ အများအားဖြင့် သူတို့ကအကြံဉာဏ်တောင်းခံနေကြသောသူတို့ကိုယ်၌ကလည်း အကူအညီများလိုအပ်နေကြပါသည်။ ထိုသူတို့အနေဖြင့် သူတို့၏အသက်ဝိညာဉ်တို့သည် ဘုရားသခင်နှင့်လိုက်လျောညီထွေမှုရှိမနေကြပါ။ ကျွန်ုပ်တို့၏အသင်းတော်ဌာနချုပ်တို့၏ဥက္ကဋ္ဌများတို့သည် သူတို့၏အသွေးအသားတို့ကို လက်ရုံးအဖြစ်ဖြင့်သဘောထားနေကြသည့်အလျောက်၊ လုပ်ဆောင်မှုစွမ်းအားယုတ်လျော့လာကြပြီး အရည်အသွေးအညံ့ဖျင်းဆုံးသောအနေအထားသို့ ရောက်ရှိလာကြပါသည်။ လူ၏ဉာဏ်ပညာအပေါ် ကိုးစားအားထားခြင်းသည် ကျေးဇူးတော်၌ကြီးထွားခြင်းနှင့် သခင်ခရစ်တော်အကြောင်းနှင့်ပတ်သက်၍ အသိဉာဏ်ဗဟုသုတတိုးပွားလာရေးကို ပံ့ပိုးပေးနိုင်ခြင်းမရှိပါ။

ညီအစ်ကိုတော်ခင်ဗျား၊ သင်၏ဌာနချုပ်တွင် စိတ်ရှုပ်စရာအနေအထားများပေါ်ပေါက်လာပြီး၊ အရေးပေါ်အခြေအနေများတို့ကို ဖြေရှင်းရမည်ဆိုပါက၊ သင့်အနေဖြင့် ရှောင်ရှားနိုင်မည်ဆိုလျှင် ဤအမှောင်ထုတိမ်တိုက်တို့ကို ကမ္ဘာ့သာသနာဌာနချုပ်အတွင်းသို့ အလိုလိုရောက်ရှိလာခြင်းမရှိပါစေနှင့်။ ကမ္ဘာ့သာသနာဌာနချုပ်၏ဥက္ကဋ္ဌအပေါ်၊ တစ်နိုင်ငံချင်းဆိုင်ရာ အသင်းတော်ဌာနချုပ်၌ ပေါ်ပေါက်ခဲ့ပြီးသောကိစ္စရပ်

အတွက် တာဝန်မပိပါစေနှင့်။ အကယ်၍သင်သည် သင်၏အဖွဲ့အစည်းဝင်များတို့နှင့် အတူ လုပ်ငန်းခွင်တွင်ရှိနေပြီး၊ သင်၏ဌာနချုပ်၌ ပေါ်ပေါက်လာသောပြဿနာများနှင့် အခက်အခဲများတို့ကို ထိန်းညှိနိုင်ခြင်းမရှိပါက အားလုံးသောဌာနချုပ်များအတွက် ဤအလုပ်မျိုးကို လူတစ်ဦးတစ်ယောက်တည်းက ဖြေရှင်းနိုင်သည်ဆိုသည့်အချက်ကို သင်မည်ကဲ့သို့တွေးထင်မည်နည်း။ ကမ္ဘာ့သာသနာဌာနချုပ်ဥက္ကဌ၏ဝန်ပိနေသောစိတ်အတွေးနှင့်နှလုံးသားတို့အပေါ် သင်၏စိတ်ရှုပ်ထွေးစရာများနှင့် စိတ်ဓာတ်ကျစရာကိစ္စရပ်များအားလုံးတို့ကို အဘယ်ကြောင့်စုပုံချထားလိုပါသနည်း။ လက်ရှိဖြစ်စဉ်အနေအထားတွင် ရှိနေသော သင်ကဲ့သို့အခြေအနေမှန်ကို သူကမသိရှိနိုင်ပါ။ တာဝန်ယူမှုအပြင်၊ ပြဿနာအခက်အခဲများနှင့်သယ်ပိုးရမည့်ဝန်ထုပ်ဝန်ပိုး၊ ထို့အပြင် လေးလေးနက်နက်စဉ်းစားတွေးတောခြင်းနှင့် ထက်သန်သောဆုတောင်းခြင်းတို့ကို လုပ်ဆောင်ရန်အတွက် နောက်တွန့်သွားပြီး၊ ကမ္ဘာ့သာသနာဌာနချုပ်ကြီး၏ဥက္ကဌအပေါ်၊ သင်၏အလုပ်ကို ဆောင်ရွက်ပေးရန်နှင့် သင်၏အခက်အခဲများတို့အတွက် သင့်အားအကူအညီပေးရန်အတွက် အားကိုးတကြီးဖြင့်မျှော်လင့်နေပါက၊ သူ၏အသက်တာအပေါ် အန္တရာယ်ကျရောက်စေသောဝန်ထုပ်ဝန်ပိုးကို သင်ကတင်ပေးလိုက်သည်ဆိုခြင်းကို သင်သိရှိနိုင်ပါသလား။ သူကဲ့သို့ပင် သင်သည်စဉ်းစားတွေးတောနိုင်ခြင်းနှင့် အရည်အချင်းမျိုးမရှိတော့ပြီလား။ အမှုတော်၏တစ်စုံတရာသောအခန်းကဏ္ဍအပေါ်၊ သင့်အနေဖြင့် လျစ်လျူရှုခြင်းမပြုသင့်ပါ။ အကြောင်းမှာ၊ အမှုတော်သည် စိတ်အားထက်သန်ပြီး မလျော့သောခွဲမျိုးဖြင့် လုပ်ဆောင်သော ကြိုးစားအားထုတ်မှုမျိုးလိုအပ်နေပါသည်။

ကျွန်ုပ်ထပ်မံသတိပေးပါရစေ။ ကမ္ဘာ့သာသနာဌာနချုပ်၏ဥက္ကဌအပေါ်သို့ သင်၏ဝန်ထုပ်ဝန်ပိုးကြီးကို ပစ်တင်မထားလိုက်ပါနှင့်။ သင်၏ကျန်ရှိနေသေးသော ချုပ်လက်စချုပ်ရိုးကို ပြန်ကောက်ပေးရန်နှင့် သင်၏လက်စတန်းလန်းကျန်ရှိနေသေးသော အလုပ်ကို ဖြေလျှော့သွားစေရန်အတွက် သူ့အပေါ်မျှော်လင့်ချက်မထားပါနှင့်။ သင့်အား ခွန်အားပေးတိုက်တွန်းတော်မူသော သခင်ခရစ်တော်အားဖြင့် သင်၏ကိုယ်ပိုင်ဝန်ထုပ်ဝန်ပိုးတို့ကို သင်ကသာပြန်လည်သယ်ပိုးထမ်းရွက်မည်ဆိုခြင်းကို စိတ်ပိုင်းဖြတ်လိုက်ပါ။

ကမ္ဘာ့သာသနာဌာနချုပ်၏ဥက္ကဌအနေဖြင့် အကယ်၍သူသည် ဘုရားသခင်၏အကြံဉာဏ်တော်အတိုင်း၊ လျှောက်လှမ်းကျင်လည်နေပါက သူ၏ညီအစ်ကိုတော်တို့ကို သူတို့၏တာဝန်တို့၏အဓိပ္ပါယ်ကို သိရှိအကောင်အထည်ဖော်နိုင်ကြရေးအတွက် သူ့ကိုအားကိုးတကြီးဖြင့်မျှော်လင့်ကြရန် နှိုးဆော်အားပေးမည်မဟုတ်ဘဲ၊ လူသားတို့၏



မှားယွင်းတတ်မှုတို့ဖြင့် ပေရေနေခြင်းမရှိနိုင်သော အရင်းအမြစ်တော်ထံသို့သာ ညွှန်ပြပေးမည်ဖြစ်သည်။ သူ့အနေဖြင့် ကျွန်ုပ်တို့က အခြားသောသူတို့အတွက် တွေးတောရန်နှင့်တာဝန်သိစိတ်ထားရှိရေးကို ငြင်းပယ်မည်သာဖြစ်သည်။

ဤလွန်ကဲသောယုံကြည်စိတ်ချမှုရှိသောပုဂ္ဂိုလ်မျိုးသည် ဆိုးဝါးပြင်းထန်လှသော စုံစမ်းနှောင့်ယှက်ခြင်းများတို့အတွက် ထင်းနေအောင်၊ ထင်ထင်ရှားရှားရှိနေပါသည်။ စာတန်မာရ်နတ်အနေဖြင့် ဖြစ်နိုင်ပါက လူသားတို့၏အပြစ်အနာအဆာများတို့ဖြင့် အမှုတော်ကိုထိခိုက်နစ်နာစေရန်အတွက် ထိုပုဂ္ဂိုလ်ကို မိမိကိုယ်ကိုမိမိယုံကြည်မှုလွန်ကဲရေးဆီသို့ တွန်းပို့ပေးပေလိမ့်မည်။ သူသည် သူ၏ညီအစ်ကိုတော်တို့ကို သူ့အပေါ်မှီခိုနေရေးအတွက် အားပေးအားမြှောက်လုပ်နေခြင်းအပြင်၊ အမှုတော်လုပ်ငန်းနှင့်ပတ်သက်သော အကြောင်းခြင်းရာဆိုင်ရာလှုပ်ရှားမှုများတို့နှင့် ဆက်စပ်မှုရှိသောအရာအားလုံးတို့သည် သူ၏ဂရုစိုက်မှုအောက်တွင်သာ ထားရှိရမည်ဆိုသည့်သဘောထားမျိုးကို ခံယူထားခြင်းတို့ကြောင့် အန္တရာယ်တွင်းသို့ကျရောက်သွားမည်သာဖြစ်သည်။ ဤသို့အားဖြင့် အမှုတော်သည် ဘုရားသခင်အား သဘောကျတော်မူစေရမည့်အစား၊ လူတို့၏အလိုကျလုပ်ဆောင်နေသည့်သဘောမျိုး သက်ရောက်ပေမည်။

သို့သော်လည်း အားလုံးတို့က မိမိတို့ကိုယ်ပိုင်အတွက် ဘုရားသခင်အပေါ် အမှီပြုရေးအကြောင်းကို သင်ကြားရယူကြပါက အမှုတော်၏ရှေ့ဆုံးတန်းတွင် မားမားမတ်မတ်ရပ်တည်ပေးသောသူတစ်ထူးအပေါ်သို့ ပြင်းပြင်းထန်ထန်ရန်ပြုလာမည့် များစွာသောအန္တရာယ်တို့သည် ထိုသူတစ်ထူးထံမှ ရှောင်းလွှဲသွားပါလိမ့်မည်။ အကယ်၍သာ သူသည် အမှားပြုလုပ်ပြီး၊ လူသားတို့၏ဩဇာသက်ရောက်မှုကို သူ၏ဆုံးဖြတ်ချက်အပေါ် စိုးမိုးခြယ်လှယ်ခွင့်ပြုပါက၊ သို့မဟုတ် စုံစမ်းနှောင့်ယှက်ခြင်း၏နောက်သို့လိုက်ပါသွားမည်ဆိုပါက သူသည် သူ၏ညီအစ်ကိုတော်များတို့၏ပြုပြင်ပေးမှုနှင့် အကူအညီပေးမှုတို့ကိုရရှိနိုင်ပါသည်။ မိမိကိုယ်တိုင်အတွက် အကူအညီနှင့်အကြံဉာဏ်တို့ကိုရရှိရန်၊ ဘုရားသခင်ထံတော်မှ သင်ကြားရယူကြသောသူများတို့မှာမူ သူတို့အတွက်အကြီးမားဆုံးသောတန်ဖိုးပေးဆပ်ရခြင်းအားဖြင့် သင်ခန်းစာများကိုသင်ကြားရယူရကြမည်ဖြစ်သည်။

အကယ်၍ ဌာနချုပ်တစ်ခု၏တာဝန်ရှိပုဂ္ဂိုလ်များတို့အနေဖြင့် သူတို့အပေါ် ကျရောက်ခဲ့သော ဝန်ထုပ်ဝန်ပိုးများတို့ကို အောင်မြင်စွာသယ်ပိုးနိုင်ခဲ့ကြမည်ဆိုပါက ဌာနချုပ်လက်အောက်ရှိအသင်းတော်များတို့ကို ကောင်းမွန်သောလုပ်ဆောင်မှုအစီအစဉ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ကြရေးအတွက် ဘုရားသခင်၏ကိုယ်စားလှယ်တော်များ

အဖြစ်ဖြင့် ဘုရားသခင်က အသုံးချတော်မူနိုင်ရေးအတွက် သူတို့အနေဖြင့် ဆုတောင်းကြရမည့်အပြင်၊ ယုံကြည်မှုလည်းရှိရမည်ဖြစ်ပြီး ဘုရားသခင်အပေါ် ကိုးစားရကြပါမည်။ ဤစပျစ်ဥယျာဉ်အတွင်းရှိ စပျစ်သီးတို့ကိုရရှိရေးအတွက် ထွန်ယက်စိုက်ပျိုးကြရန်မှာ သူတို့၏အခန်းကဏ္ဍဖြစ်ပါသည်။ အရှင်သခင်အတွက် သတ်မှတ်လျာထားပြီးသောအလုပ်အတွင်းသို့ ပုဂ္ဂိုလ်ရေးဆိုင်ရာတာဝန်ယူမှု၊ တွေးခေါ်ဆင်ခြင်မှုနှင့်စီစဉ်ရေးဆွဲမှု၊ စိတ်ပိုင်းဆိုင်ရာစွမ်းအားတို့ကို အတိုင်းထက်အလွန်ဖြစ်သောပမာဏမျိုးဖြင့် ထည့်သွင်းထားရပါမည်။ ဤသို့လုပ်ဆောင်ခြင်းအားဖြင့် စိတ်အတွေး၏လုပ်ဆောင်နိုင်စွမ်းကို ကြီးမားလာစေပြီး၊ မည်သည့်အရာကို မည်ကဲ့သို့ဆောင်ရွက်ရမည်ဆိုသည့်အကြောင်းနှင့်စပ်လျဉ်း၍ ပိုမိုတက်ကြွပြင်းပြသောအသိအမြင်မျိုးကို ပေးနိုင်စွမ်းပါသည်။

ညီအစ်ကိုတော်တို့ခင်ဗျား၊ သင်တို့အနေဖြင့် အခက်အခဲများတို့နှင့်နပန်းသတ်ရခြင်း၊ ဝန်ထုပ်ဝန်ပိုးကိုထမ်းရွက်ရခြင်း၊ အကြံပေးခြင်း၊ အစီအစဉ်ရေးဆွဲပြီး ထိုအစီအစဉ်အတိုင်း ပြီးမြောက်အောင်ဆောင်ရွက်ခြင်းမျိုးတို့ဖြင့် ရင်ဆိုင်ကြုံတွေ့ရကြမည်ဖြစ်သည်အားလျော်စွာ ကူညီတော်မူခြင်းကိုရရှိကြရန်အတွက် ဘုရားသခင်ထံတော်မှ အားကိုးတကြီးဖြင့်မျှော်လင့်ကြပါ။ သခင်ခရစ်တော်၏ကျောင်းတော်ကြီးမှ စာသင်သားများအလား၊ သခင်ခရစ်တော်လုပ်ဆောင်တော်မူခဲ့သည့် ဆုတောင်းရင်းလုပ်ဆောင်၊ လုပ်ဆောင်ရင်းဆုတောင်း ဆိုသည့်လုပ်ရပ်ကိုသင်ကြားရယူပြီး လက်တွေ့လုပ်ဆောင်ကြပါ။

ထာဝရဘုရားက ကျွန်ုပ်တို့အတွက်ပေးထားတော်မူခဲ့သောကတိတော်ကို ရှင်ယာကုပ်က သူ၏ဩဝါဒစာ (၁း၅) တွင်၊ "သင်တို့တွင်တစ်စုံတစ်ယောက်သောသူသည် ပညာကိုလိုလျှင် ကဲ့ရဲ့ပြစ်တင်ခြင်းကိုပြုတော်မမူဘဲ၊ ခပ်သိမ်းသောသူတို့အား စေတနာစိတ်နှင့်ပေးသနားတော်မူသောဘုရားသခင်ကိုတောင်းစေ။ တောင်းလျှင်ရလိမ့်မည်" ဟူ၍ ဩဝါဒပေးထားပါသည်။ တာဝန်ယူမှုကိုသယ်ပိုးနေရကြသောသူတို့အနေဖြင့် တစ်ဦးကိုတစ်ဦးအကြံပေးရယူနိုင်ကြရေးအတွက် မကြာခဏဖြင့်ပင်ဆုံတွေ့ကြရန်နှင့် ဘုရားသခင်တစ်ပါးတည်းကသာ ပေးနိုင်တော်မူသောဉာဏ်ပညာတော်အတွက် စိတ်အားထက်သန်စွာဖြင့် မကြာခဏဆုတောင်းကြရေးသည် ဘုရားသခင်၏အစီအစဉ်တော်အတွင်း ပါရှိထားပါသည်။ မည်သည့်အလင်းတရားကိုမျှဆောင်ယူနိုင်ခြင်းမရှိသော စကားစမြည်ပြောဆိုမှုမျိုးဖြင့် အဖိုးထိုက်လှသောအချိန်ကို ဆုံးရှုံးသွားစေခြင်းမရှိစေရေးအတွက် အပြောကိုလျှော့ပါ။ ဘုရားသခင်က ရက်ရောစွာပေးတော်မူမည်ဟူ၍ ကတိပေးထား



တော်မူခဲ့သောဉာဏ်ပညာတော်အတွက် အစာရှောင်ခြင်းနှင့်ဆုတောင်းခြင်းတို့တွင် ညီအစ်ကိုတော်အနေဖြင့် ညီညွတ်ခြင်းရှိကြပါ။ သင်တို့ရင်ဆိုင်ကြုံတွေ့နေရသော ဒုက္ခပြဿနာများတို့၏အကြောင်းကို ဘုရားသခင်ကသိရှိတော်မူအောင်လုပ်ဆောင်ကြပါ။ (ထွက်မြောက်ရာကျမ်း ၃၃း၁၅) တွင်ဖော်ပြထားသည့်၊ မောရှေက ဘုရားသခင်အား လျှောက်ထားခဲ့သော ". . . ကိုယ်တော်တိုင်မသွားလျှင်၊ အကျွန်ုပ်တို့ကိုဤအရပ်မှ ပို့တော်မမူပါနှင့်" ဆိုသည့်စကားကို ဘုရားသခင်အားကြားပြောပြီးနောက်၊ (ထွက်မြောက် ၃၃း၁၈) တွင်ဖော်ပြထားသည့် ". . . ကိုယ်တော်၏ဘုန်းကို အကျွန်ုပ်အားပြတော်မူပါ။ . . ." ဆိုသည့်ဆုတောင်းချက်ကို မောရှေနှင့်အတူတကွဆုတောင်းကြပါ။ ဤဘုန်းတန်ခိုးတော်သည် မည်သည့်အရာဖြစ်နေပါသနည်း။ ဘုရားသခင်၏အကျင့်စရိုက်တော်သာဖြစ်ပါသည်။ ဤအရာသည် မောရှေထံသို့ဘုရားသခင်က ကြွေးကြော်တော်မူခဲ့သောအရာဖြစ်ပါသည်။

ရှင်သန်သောယုံကြည်ခြင်း၌တည်နေသောအသက်ဝိညာဉ်သည် ဘုရားသခင်ထံတော်၌ နှောင်ဖွဲ့မှုခိုင်မြဲပါစေ။ ဘုရားသခင်အားချီးမွမ်းခြင်းကို ခပ်သိမ်းသောလူအမျိုးအနွယ်တို့က ကြွေးကြော်ကြပါစေ။ သင်တို့သည် အချင်းချင်းပေါင်းစည်းမိကြသောအခါ၊ စိတ်အတွေးတို့သည် ထာဝရတည်ရှိနေမည့် လက်တွေ့ကျမှုများအကြောင်းကို စိတ်ကူးမှန်းဆခြင်းအပေါ် ကြည်ညိုကိုင်းရှိုင်းစွာဖြင့် အားကိုးအားထားပြုကြပါစေ။ ဤသို့အားဖြင့် သင်တို့သည် ဝိညာဉ်ပကတိစိတ်သဘောမျိုးကို ခံယူနိုင်ကြရေးအတွက် တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီလာကြမည်ဖြစ်သည်။ သင်တို့၏လိုအင်ဆန္ဒသည် ဘုန်းတော်ရှင်၏အလိုတော်နှင့် သဟဇာတဖြစ်လာသောအခါတွင် သင်တို့အချင်းချင်းတစ်ဦးကိုတစ်ဦးလိုက်လျောညီထွေဖြစ်လာကြကာ၊ သင်တို့၏ဘေးနားတွင် သခင်ခရစ်တော်ကို အတိုင်ပင်ခံတစ်ဦးအဖြစ်ဖြင့် ရရှိလာကြမည်ဖြစ်သည်။

ဧနောက်သည် ဘုရားသခင်နှင့်အတူတကွလမ်းလျှောက်ခွင့်ရသူဖြစ်ခဲ့ပါသည်။ ထိုကဲ့သို့ပင် လုပ်ဆောင်သူတိုင်းတို့သည် သခင်ခရစ်တော်နှင့်အတူ လျှောက်လှမ်းနိုင်ခွင့်ရှိပါသည်။ (ဆာလံ ၁၆း၈) တွင်ဖော်ပြထားသည့်၊ "ငါသည် ထာဝရဘုရားကို အစဉ်မပြတ်မျက်မှောက်ပြု၏။ အကြောင်းမူကား၊ ငါ့လက်ယာဘက်၌တည်ရှိတော်မူသည်ဖြစ်၍ ငါသည် လှုပ်ရှားခြင်းမရှိရ။ . . ." အတိုင်း၊ သင်တို့သည် ဆာလံဆရာနှင့်အတူလိုက်၍ပြောဆိုနိုင်ပါသည်။ သင်သည် သင့်ကိုယ်ပိုင်အတွက် ဖူလုံပြည့်စုံခြင်း

မရှိဟုခံစားနေရသောအချိန်တွင် သင်၏ပြည့်စုံခြင်းသည် သခင်ယေရှုထံတော်တွင် ရှိနေပါလိမ့်မည်။ သင့်အတွက်အကြံပေးချက်များနှင့်ဉာဏ်ပညာအားလုံးတို့ကို သူလိုကိုယ်လိုသေမျိုးများဖြစ်ပြီး၊ သင်ကဲ့သို့မျိုး အကန့်အသတ်ဖြင့်သာတည်ရှိသောလူတို့ထံမှ မျှော်မှန်းထားပါက၊ သင့်အနေဖြင့် လူသား၏အကူအညီမျိုးကိုသာ လက်ခံရရှိပေလိမ့်မည်။ အကူအညီနှင့်ဉာဏ်ပညာအတွက် ဘုရားသခင်ထံတော်သို့သာသွားလိုက်မည်ဆိုလျှင် သူသည် သင်၏ယုံကြည်ခြင်းကို မည်သည့်အခါမျှပျက်ပြားသွားစေတော်မူမည်မဟုတ်ပါ။

ကမ္ဘာ့သာသနာဌာနချုပ်၏ဥက္ကဌကြီး၌ရှိသော ဘုရားသခင်အတိုင်းပင်၊ နိုင်ငံအလိုက်ရှိသော သာသနာဌာနချုပ်များ၏ဥက္ကဌများတို့တွင် အလားတူသောဘုရားသခင်ရှိနေကြပါသည်။ သူတို့အနေဖြင့် အလားတူသောသာမန်ဇာစ်မြစ်မျိုးမှ သူ၏အလင်းကိုရယူရသောလူတစ်ဦးတစ်ယောက်အပေါ် မှီတွယ်နေကြမည့်အစား၊ မိမိတို့ကိုယ်တိုင်အတွက် ဉာဏ်ပညာ၏မူလအရင်းအမြစ်တော်ထံသို့ သွားရောက်ရကြပါမည်။

အရေးပါလှသောတာဝန်ယူမှုများတို့ကို တာဝန်ပေးအပ်ခြင်းခံရကြသောသူတို့အား ထာဝရဘုရားက အထူးထူးအပြားပြားသောဉာဏ်ပညာကို ပေးအပ်တော်မူသည်ဆိုသည့်အချက်သည် အငြင်းပွားစရာအဖြစ်ရှိနေနိုင်ပါသည်။ မှန်ပါပေသည်။ အကယ်၍သာ သူနှင့်အတူစိတ်နှိမ့်ချစွာဖြင့်လျှောက်လှမ်းကြပါက၊ သူတို့၏အမှုတော်ဆောင်ရွက်ခြင်းအတွက် သူသည် သူတို့အားအကူအညီပေးတော်မူမည့်အတိုင်း၊ သင်တို့သည်လည်း သူတို့၏စိတ်ဓာတ်မျိုးဖြင့် ကြိုးပမ်းအားထုတ်ကြပါက၊ သင်တို့ကိုအကူအညီပေးတော်မူမည်ဖြစ်ပါသည်။ အကယ်၍ ထာဝရဘုရားသည် နောင်ရေးအတွက် သူ၏ကြိုတင်စီမံတော်မူခြင်းအဖြစ်ဖြင့် သင့်အပေါ်သို့ အရေးပါလှသောတာဝန်ယူရမှုများကိုတင်ထားလိုက်ပြီဆိုသည်နှင့် သင်ကသာ ဤတာဝန်ယူမှုဝန်ထုပ်ဝန်ပိုးတို့ကို သယ်ပိုးရန်လိုအပ်သောခွန်အားအတွက် သူ၏ထံတော်သို့ ယုံကြည်ခြင်းဖြင့်သွားရောက်မည်ဆိုပါက၊ ဤဝန်ထုပ်ဝန်ပိုးတို့ကို သင်ကသယ်ပိုးနိုင်ရန် သူကသင့်အားအံဝင်ခွင်ကျဖြစ်အောင် လုပ်ဆောင်ပေးတော်မူမည်ဖြစ်သည်။ သူ၏အပေါ်တွင် သင်ကအားကိုးအားထားပြုပါက၊ ထို့အပြင် သူ၏အကြံပေးတော်မူချက်ကိုအမှီပြုပါက၊ ပြည့်စုံမှုမရှိသောအစီအစဉ်များနှင့် ထင်ရှားသောကျရှုံးမှုများတို့ကိုသာဖြစ်ပေါ်စေသည့် အကန့်အသတ်ဖြင့်သာရှိသော သင်၏ဆုံးဖြတ်ချက်နှံ့တွင်းမှ သင့်အားထားရစ်တော်မူမည်မဟုတ်ပါ။





## သင်၏အပြစ်ဖော်ပြဝန်ခံချက်ကိုကြားနာသူသာသနာပိုင်အဖြစ် မည်သူ့ကိုမျှခန့်ထားခြင်းမပြုပါနှင့်

မိမိအတွက်ဘုရားသခင်အပေါ်ယုံကြည်ကိုးစားအားထားခြင်းနှင့်ပတ်သက်ပြီး လူတိုင်းလူတိုင်းသည် လက်တွေ့ကျသောအတွေ့အကြုံတစ်ခုလိုအပ်ပါသည်။ မည်သူ့ကိုမျှ သင်၏အပြစ်ဖော်ပြဝန်ခံချက်ကို ကြားနာသူအဖြစ်ရောက်ရှိမသွားစေဘဲ၊ သင်၏စိတ်နှလုံးကို ဘုရားသခင်အတွက်ဖွင့်ဟပေးထားပြီး၊ အသက်ဝိညာဉ်၏လျှို့ဝှက်ချက်တိုင်းကို သူ့အားပြောပြပါ။ သင်၏အခက်အခဲများတို့သည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ သူ၏ထံတော်သို့ယူဆောင်လာသည်နှင့် သူသည်သင့်အား ၎င်းအခက်အခဲအားလုံးတို့မှ လွတ်ကင်းသွားစေတော်မူမည်ဖြစ်သည်။ သင်အမှန်တကယ်လိုအပ်နေသောအကူအညီကို မည်ကဲ့သို့ပေးအပ်ရမည်ဆိုခြင်းအတွက် သူတစ်ပါးတည်းကသာ သိရှိတော်မူပါသည်။

စိတ်အနှောင့်အယှက်ဖြစ်စေသောကာလလွန်မြောက်သွားပြီးနောက် သင်အမှုတော်ကိုဆောင်ရွက်နေစဉ်အတွင်း ဘုရားသခင်၏ဝိညာဉ်တော်သည် သိသာထင်ရှားစွာဖြင့် သင့်အတွက်အကူအညီကိုပေးအပ်တော်မူလိုက်ခြင်းသည် သင့်အတွက်အဖိုးထိုက်လှစွာသောအတွေ့အကြုံမျိုးကို သင်ရရှိနေခြင်းပင်ဖြစ်ပါသည်။ အမှန်တကယ်သက်သေခံဖြစ်တော်မူသောသူက သင့်အားဝယ်ယူထားရန်အကြံပေးထားတော်မူသည့် ရွှေအလားဖြစ်သော သူ၏ယုံကြည်ခြင်းနှင့်ချစ်ခြင်းမေတ္တာတော်ကို သင်ရရှိနေပါသည်။ သင်၏ဒုက္ခပြဿနာများအတွင်းတွင် ဘုရားသခင်ထံတော်သို့သွားရောက်ရေးအတွက် သင်ကြားရယူခြင်းနှင့် ဤယုံကြည်ခြင်းဆိုင်ရာ အဖိုးထိုက်လှသည့်သင်ခန်းစာများတို့ကို သင်ကသင်ကြားရယူသည်အလျောက် ထိုသင်ခန်းစာများအတိုင်း အခြားသောသူတို့ကို သင်ကသင်ကြားပို့ချပေးနိုင်မည်ဖြစ်သည်။ ဤသို့အားဖြင့် သင်သည် အခြားသောသူတို့ကိုအတွေ့အကြုံနှင့်ပတ်သက်ပြီး မြင့်မားသောအနေအထားဆီသို့ အဆက်မပြတ်ဖြင့်ဦးဆောင်သွားနိုင်မည်ဖြစ်သည်။

နိုင်ငံအဆင့်သာသနာဌာနချုပ်၏ဥက္ကဌအနေဖြင့် သူ၏လက်အောက်ရှိအမှုတော်ဆောင်များတို့အား သူ၏ဆက်ဆံမှုအနေအထားအားဖြင့် ပညာပေးခြင်းမျိုးအပြင်၊ သူတို့နှင့်အတူတကွအသင်းတော်တို့ကို ပညာပေးလုပ်ငန်းဆောင်ရွက်နိုင်ကြသည့်အလျောက် အသင်းတော်အတွင်းပေါ်ပေါက်နေသော ပြဿနာများနှင့်သဘောထားကွဲလွဲမှုများတို့ကို

အေးငြိမ်းစေရေးအတွက် ထိုအသင်းတော်မှနေပြီး အသင်းတော်ဌာနချုပ်ရှိ အမှုတော်ဆောင်များတို့အား ဖြေရှင်းပေးရေးအတွက် ခေါ်ယူနေစရာမလိုတော့ပါ။ အကယ်၍သာ ဌာနချုပ်ရှိတာဝန်ရှိပုဂ္ဂိုလ်များတို့က သစ္စာရှိသောအစေကျွန်များအဖြစ်ဖြင့် ကောင်းကင်ဘုံအရှင်က ခန့်အပ်ထားတော်မူသော တာဝန်တာထမ်းတို့ကို ထမ်းဆောင်ပေးကြပါက၊ ကျွန်ုပ်တို့၏ဌာနချုပ်များအတွင်းရှိ အမှုတော်လုပ်ငန်းသည် သည့်အလျင်ကပေါ်ပေါက်ခဲ့ဖူးသော စိတ်ရှုပ်ထွေးစရာအကြောင်းခြင်းရာများတို့ဖြင့် ငြိတွယ်ရစ်ပတ်နေခြင်းရှိတော့မည်မဟုတ်ပါ။ ထို့အပြင် ဤကဲ့သို့မျိုးဖြင့်သာလုပ်ဆောင်ကြမည်ဆိုပါက အမှုတော်ဆောင်များတို့သည်လည်း အားထားရပြီး၊ တာဝန်ယူလိုစိတ်ရှိကြသူများအဖြစ်သို့ ရောက်ရှိလာကြမည့်အလျောက်၊ ခက်ခဲစွာလုပ်ဆောင်ရသောနေရာမျိုးတွင် သူတို့သည် ကျရှုံးနိုင်ခြင်းမရှိကြမည့်အပြင်၊ စိတ်ဓာတ်ကျဆင်းကြမည်လည်းမဟုတ်ပါ။

အဝေးဆုံးသောနေရာဒေသများတွင်ရှိနေကြသည့်တိုင် သူ၏ထံတော်သို့လာရောက်ကြပါက၊ ကယ်တင်တော်မူရန်အတွက် ခွန်အားအလွန်ကြီးမားသောသူတစ်ထူးရှိတော်မူပါသည်။ (မဿဲ ၁၁း၂၈) တွင်ဖော်ပြထားသော၊ “ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည်ချမ်းသာပေးမည်” ဆိုသည့်ကတိတော်သည် ကြီးမားကျယ်ပြန့်ပြီး၊ ပြည့်စုံခြင်းရှိလှသည်မဟုတ်ပါလား။ ကျွန်ုပ်တို့၏ခွန်အားအရင်းအမြစ်ထံတော်သို့ တည့်တည့်မတ်မတ်လာရောက်ကြရန်အတွက် ကျွန်ုပ်တို့က အဘယ်ကြောင့်ဆန္ဒမရှိကြပါသနည်း။ ဤကတိတော်ထဲအရ၊ သခင်ဘုရားထံတော်မှ ကျွန်ုပ်တို့သည် ကွဲကွာသွားခြင်းမရှိတော့ပြီလား။ ကျွန်ုပ်တို့၏အမှုတော်ဆောင်များနှင့် ကျွန်ုပ်တို့၏ဌာနချုပ်များတို့၏ဥက္ကဋ္ဌများတို့အနေဖြင့် သူတို့၏အကူအညီသည် မည်သည့်အရပ်မှရောက်ရှိလာသည်ကို သင်ကြားရယူခြင်းမပြုသင့်ကြပေဘူးလား။

## လုပ်ဆောင်သူတို့၏အပြောင်းအလဲတစ်ရပ်

နိုင်ငံအဆင့်သာသနာ့ဌာနချုပ်၏ဥက္ကဋ္ဌကို အမှုတော်ဆိုင်ရာဌာနအသစ်တစ်ခုသို့ ပြောင်းရွှေ့လိုက်ခြင်းကြောင့် လက်ရှိသူ၏ကွပ်ကဲမှုအောက်တွင် ရှိနေကြသောသူများစွာတို့က၊ ထိုဥက္ကဋ္ဌကိုလက်လွှတ်လိုက်ရကြခြင်းကို သဘောတူလက်ခံခြင်းမရှိကြပါက ထိုလုပ်ရပ်သည် မှားယွင်းရာမကျပေဘူးလားဟူ၍ ကျွန်ုပ်မေးခွန်းထုတ်ခံရပါသည်။



ဤမေးခွန်းနှင့်ပတ်သက်ပြီး အလင်းတရားကိုပေးအပ်တော်မူရခြင်းအတွက် သခင်ဘုရားက ကျေနပ်အားရတော်မူပါသည်။ အမှုတော်ဆောင်များတို့အနေဖြင့် နေရာဒေသတစ်ခုတည်း၌ နှစ်စဉ်နှစ်တိုင်းဖက်တွယ်ထားခြင်းမရှိသင့်ကြသည့်အပြင်၊ ဌာနချုပ်တစ်ခုတွင်လည်း လူတစ်ဦးတည်းက နှစ်စဉ်နှစ်တိုင်းတာဝန်ယူဦးဆောင်ခြင်းမပြုသင့်ကြောင်းကို ကျွန်ုပ်တွေ့မြင်သိရှိရပါသည်။ ဆုကျေးဇူးတော်များတို့၏အကြောင်းတစ်ရပ်ဆိုသည်မှာ ကျွန်ုပ်တို့၏အသင်းတော်ဌာနချုပ်များနှင့် အသင်းတော်များတို့ကောင်းမွန်လာစေရေးအတွက်ဖြစ်ပါသည်။

တစ်ခါတစ်ရံတွင်အမှုတော်ဆောင်များတို့သည် သူတို့၏အမှုတော်နယ်ပယ်အပြောင်းအလဲအရွှေ့အပြောင်းအတွက် သဘောမကျစရာအဖြစ်ဖြင့် ခံစားရတတ်ကြပါသော်လည်း၊ ထိုအပြောင်းအလဲကိုလုပ်ဆောင်ရသည့် အကြောင်းရင်းခံအားလုံးတို့ကို နားလည်ခဲ့ကြမည်ဆိုပါက သူတို့အနေဖြင့် တွန့်ဆုတ်ခဲ့ကြမည်မဟုတ်ပါ။ လက်ရှိနယ်ပယ်ဒေသကို နောက်ထပ်တစ်နှစ်ကြာမျှ ဆက်လက်အမှုတော်ထမ်းခွင့်ပြုပေးရန်အတွက် အချို့သောအမှုတော်ဆောင်တို့က ပန်ကြားတောင်းဆိုတတ်ကြသည့်အတိုင်း မကြာခဏဖြင့်ပင် စာနာထောက်ထားမှုအားဖြင့် နားလည်လက်ခံပေးခြင်းခံရတတ်ကြပါသည်။ သူတို့က သည့်အလျင်ကထက် ပိုမိုကြီးမားသောအမှုတော်လုပ်ငန်းကို အောင်မြင်စွာဆောင်ရွက်နိုင်မည့်အစီအစဉ်များရှိနေကြောင်းဖြင့် အကြောင်းပြတောင်းဆိုတတ်ကြပါသည်။ သို့သော်လည်း တစ်နှစ်တာကုန်ဆုံးချိန်နီးကပ်လာသောအခါ၊ အခြေအနေများတို့၏အနေအထားသည် ယခင်ကထက်ပိုမိုဆိုးရွားလာသည်ကို တွေ့ရှိရပါသည်။ အကယ်၍အမှုတော်ဆောင်တစ်ယောက်သည် သူ၏အလုပ်အပေါ်သစ္စာစောင့်သိမှုရှိမနေပါက၊ သူ့အနေဖြင့် မူလနေရာတွင်ဆက်လက်ရှိနေခြင်းအားဖြင့် အခြေအနေအရပ်ရပ်ကို ကောင်းမွန်လာအောင်ပြင်ဆင်ပေးမည့်အနေအထားမျိုး ဖြစ်နိုင်ဖွယ်ရာမရှိပါ။ ထိုလူတစ်ယောက်၏စီမံခန့်ခွဲမှုဖြင့်သာလျှင် အသင်းတော်များတို့သည် နေသားကျသည့်အနေအထားသို့ရောက်ရှိလာကြပြီး၊ ဘုရားသခင်အပေါ်အားကိုးတကြီးဖြင့် မျှော်လင့်ရကြမည့်အစား၊ ထိုလူအပေါ်အားကိုးတကြီးဖြင့် အားကိုးမျှော်လင့်ရမည်ဆိုသည့်အတွေးမျိုးရှိလာကြပါသည်။ သူ၏အတွေးအမြင်များနှင့်အစီအစဉ်များတို့သည် ဌာနချုပ်အတွင်းတွင် ထိန်းချုပ်နိုင်သည့်စွမ်းအားတစ်ခုရှိလာပါသည်။

ထိုနောက်တွင် လူတို့သည် ဆုံးဖြတ်ချက်မှားယွင်းလာသည်ကို တွေ့မြင်လာရကြခြင်းကြောင့် ထိုလူတို့သည် အမှုတော်အပေါ်အထင်အမြင်သေးလာသည့်အကြောင်း

ဖန်လာပါတော့သည်။ အကယ်၍သာ ထိုသူတို့အနေဖြင့် ဘုရားသခင်အပေါ် အားကိုးတကြီးဖြင့်မျှော်လင့်အားထားပြီး၊ ကောင်းကင်ဘုံဆိုင်ရာ ဉာဏ်ပညာအပေါ်မှီခိုကြပါက၊ သူတို့သည် အမြင့်မားဆုံးသောတန်ဖိုးရှိသည့်အတွေ့အကြုံမျိုးကို ရယူနိုင်ကြမည့်အပြင်၊ သူတို့ကိုယ်၌က ထိုအတွေ့အကြုံမျိုးအတိုင်း ကျင့်ကြံနိုင်လာကြမည်ဖြစ်ကာ သိုးအုပ်စုအပေါ်ကြီးကြပ်ကွပ်ကဲနေသူဖြစ်သော ထိုဌာနချုပ်ဥက္ကဋ္ဌ၏ချို့တဲ့အားနည်းနေမှုတို့ကို သူတို့က မည်သည့်နည်းဖြင့်မဆို ထိုဥက္ကဋ္ဌအပေါ် များစွာသောလေးစားမှုတို့ဖြင့် ဖြည့်စွမ်းပေးနိုင်ကြမည်ဖြစ်သည်။ သို့သော်လည်း မကြာခဏဖြင့်ပင် အရာရာတို့သည် ဖြစ်ချင်တိုင်းဖြစ်နေကြသည့်အားလျော်စွာ ဌာနချုပ်လက်အောက်ရှိ အသင်းတော်များတို့တွင် ဖြစ်ပေါ်လာသောအခြေအနေတို့အတွက် ဌာနချုပ်ဥက္ကဋ္ဌက တာဝန်ယူမှုရှိရမည်ဖြစ်ပြီး၊ အထူးသဖြင့် အသင်းသူအသင်းသားတို့သည် မိမိတို့ဘာသာဘာသိဘာသာနေနေကြပြီး၊ အမှုတော်အပေါ်ဟက်ဟက်ပက်ပက်မရှိ၊ စိတ်ဝင်စားမှုမရှိသည့်အပြင်၊ လုပ်ဆောင်စရာကိစ္စတို့ကိုလည်း အစီအစဉ်တကျလုပ်ဆောင်ကြခြင်းမရှိတော့ပါ။

ဥက္ကဋ္ဌအနေဖြင့် အခြားသောသူတို့၏ရိုသေဖွယ်ရာဖြစ်စေရန်အတွက် မိမိကိုယ်ကိုချီးမြှောက်ခြင်း၏အရေးပါမှုအကြောင်းကို မတွေးတောမိပါစေနှင့်။ ထိုစိတ်ထားမျိုးရှိနေခြင်းကြောင့် သူသည် သစ္စာမရှိသောကင်းစောင့်တစ်ယောက်သာဖြစ်ပြီး၊ လူတို့အားကျေနပ်နှစ်သိမ့်စေမည့် ချွေးသိပ်မှုတရားကို ဟောကြားပေးနေမည်သာဖြစ်သည်။ များစွာသောသူတို့သည် အခြားသောသူတို့နှင့်ပတ်သက်ပြီး အားနည်းချက်ရှိပြီးလုံလောက်သောစိတ်နေစိတ်ထားမျိုး၊ ထားရှိခြင်းမရှိကြသည့်အချိန်မျိုးတွင် သူတို့ကိုယ်၌က အကျင့်စရိုက်ပိုင်းတွင် အချို့သောကဏ္ဍ၌ ခိုင်မာမှုရှိကြပါသည်။ ထိုသို့အားဖြင့် ထွက်ပေါ်လာသောရလဒ်မှာ၊ အမှုတော်၏အချို့သောအပိုင်းကဏ္ဍတွင် ကျွမ်းကျင်မှုပိုင်းဆိုင်ရာလိုအပ်ချက်သည် ပေါ်လွင်ထင်ရှားလာခြင်းပင်ဖြစ်ပါသည်။ လူတစ်ဦးတစ်ယောက်တည်းကသာ အသင်းတော်ဌာနချုပ်တစ်ခု၏ဥက္ကဋ္ဌအဖြစ်ဖြင့် နှစ်စဉ်နှစ်တိုင်းဆက်လက်ဆောင်ရွက်သင့်မည်ဆိုပါက၊ သူ၏လုပ်ဆောင်မှုအောက်ရှိ အသင်းတော်များအတွင်း သူ၏အပြစ်အနာအဆာများတို့ကို ပြန်လည်ဖော်ထုတ်တွေ့ရှိလာမည်ဖြစ်သည်။ သို့သော်လည်း လုပ်ဆောင်သူတစ်ယောက်သည် သူ၏ညီအစ်ကိုတော်တစ်ယောက်က အားနည်းချက်ရှိသောနေရာတွင် ထိုလုပ်ဆောင်သူမှာမူ၊ အားသာမှုရှိနိုင်ခြင်းကြောင့်



လုပ်ငန်းခွင်ကိုပြောင်းလဲဖလှယ်လိုက်ခြင်းအားဖြင့် အချို့သောအတိုင်းအတာမျိုးဖြင့် တစ်ဦးက အခြားတစ်ယောက်၏ချို့တဲ့အားနည်းမှုကို ထောက်ကူပေးနိုင်မည်ဖြစ်သည်။

အကယ်၍သာ အားလုံးသောအမှုတော်ဆောင်တို့သည် ဘုရားသခင်အတွက် အပြည့်အဝဆက်ကပ်ခြင်းခံရကြပါက၊ အကျင့်စရိုက်ပိုင်းဆိုင်ရာထင်ရှားသော ဤအပြစ်အနာအဆာများတို့သည် ပေါ်ပေါက်ဖြစ်ပေါ်လာကြမည်မဟုတ်သော်လည်း၊ အမှုတော်ကိုထမ်းရွက်ကြသူများတို့အနေဖြင့် ဘုန်းတော်ရှင်၏အဆင့်အနေအထားစံနှုန်းသို့ ရောက်ရှိလာကြအောင် ဖြည့်ဆည်းကြခြင်းမရှိကြသည်နှင့် သူတို့၏အမှုတော်ဆောင်ခြင်းလုပ်ငန်းအားလုံးတို့တွင် ကိုယ်ကျိုးအတ္တစိတ်ကို ရောယှက်လိုက်ကြသည်နှင့် သူတို့ကိုယ်ပိုင်အတွက်ရော အသင်းတော်များအတွက်ပါ အကောင်းဆုံးဖြစ်သောအရာမျိုးကို မကြာခဏဖြင့်ပင် အပြောင်းအလဲများတို့ကို လုပ်ဆောင်ရကြပါမည်။ အခြားတစ်ဖက်တွင်လည်း အကယ်၍သာလုပ်ဆောင်သူအနေဖြင့် ဝိညာဉ်ရေးဆိုင်ရာ ခိုင်မာအားကောင်းမှုရှိမည်ဆိုပါက သခင်ခရစ်တော်၏ကျေးဇူးတော်ဖြင့် သူသည် အသင်းတော်များတို့အတွက် ကောင်းချီးမင်္ဂလာတစ်ပါးအဖြစ်ရှိနေမည့်အပြင်၊ သူ၏လုပ်ဆောင်မှုများတို့ကိုလည်း မတူကွဲပြားသောဌာနချုပ်များတို့က လိုအပ်လာကြမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် အတွင်းစည်းရောအပြင်စည်း၌တွင်ပါ အကန့်အသတ်မဲ့ဖြင့် ရန်သူများတို့ထံမှ ထူးခြားသောအန္တရာယ်မျိုးကို ရင်ဆိုင်နေရသည့်အချိန်များအတွင်း ကျရောက်နေကြသည့်တိုင် သင်၏အထူးတလည်ဖြစ်သော အမှုတော်လုပ်ငန်းနှင့်ပတ်သက်သည့်အရာရာတိုင်းအတွက် ဘုရားသခင်သည် သင့်အားရှင်သန်စေတော်မူမည်ဖြစ်သည်။ သင်၏ကောင်းကင်ဘုံအရှင်အဖခမည်းတော်၏အထူးတလည်ဖြစ်သော အကူအညီတော်မပါရှိဘဲ၊ မည်သည့်အရာကိုမျှ ကြိုးစားလုပ်ဆောင်ရန်မလိုအပ်ပါ။ သူက၊ "ဒီနေရာပင်ငါရှိနေတယ်" ဆိုသည့်အဖြေမျိုးကို သူမိန့်တော်မူနိုင်ရန်အတွက် သင်၏အော်ဟစ်ခေါ်နေသံကို သူကစောင့်ဆိုင်းနေတော်မူပါသည်။ အကယ်၍သာ သင်ကကြိုးပမ်းရှာဖွေမည်ဆိုပါက သူကသင့်ကိုရှာဖွေတော်မူမည်ဖြစ်ပြီး၊ စိတ်နှလုံးနှိမ့်ချမှုရှိပြီး နှလုံးကြေကွဲကာ၊ သူ့အားစိတ်နှလုံးအကြွင်းမဲ့ဖြင့် ကြိုးပမ်းရှာဖွေနေသောသူကို သူက သူ၏ခွန်အားတော်၊ သူ၏ကျေးဇူးတော်နှင့်သူ၏ဖြောင့်မတ်တော်မူခြင်းတို့ကို ပေးသနားတော်မူမည်ဖြစ်သည်။

## အမှုတော်ဆောင်များနှင့်စီးပွားရေးလုပ်ငန်းဆိုင်ရာအကြောင်းခြင်းရာများ

စီးပွားရေးလုပ်ငန်းရှင်များကသာ ကျယ်ပြန့်စွာဖြင့်ထမ်းဆောင်သင့်ကြသည့် တာဝန်ယူရမှုများမှ ကျွန်ုပ်တို့၏အမှုတော်ဆောင်များတို့ကို ကင်းလွတ်စေသောအရေးပါမှုနှင့်ပတ်သက်ပြီး ကျွန်ုပ်ညွှန်ကြားခြင်းခံထားရပါသည်။ တစ်ညတွင်၊ ကျွန်ုပ်သည် အမှုတော်အတွက်ဝန်ထုပ်ဝန်ပိုးကို ထမ်းရွက်နေရကြသောလူအတော်များများပါဝင်တက်ရောက်ကြသော လူစုလူဝေးအတွင်းရောက်ရှိနေခဲ့ပါသည်။ သူတို့သည် ငွေကြေးကိစ္စနှင့်ပတ်သက်ပြီး ဦးနှောက်ခြောက်နေကြသည့်အပြင်၊ အမှုတော်ကိုအအောင်မြင်ဆုံးသောအနေအထားမျိုးဖြင့် မည်ကဲ့သို့စီမံခန့်ခွဲရကြမည်အကြောင်းကို ဆွေးနွေးတိုင်ပင်ခဲ့ကြပါသည်။ အချို့တို့က ဝန်ထမ်းတို့၏အရေအတွက်ကို အကန့်အသတ်ဖြင့်ထားရှိကြရန်အတွက် စဉ်းစားခဲ့ကြသည့်အပြင်၊ အမှန်တကယ်လိုအပ်လှသည့်အကျိုးရလဒ်မျိုး ရရှိလာရေးအတွက်အကောင်အထည်ဖော်ရေးကိုပါ တင်ပြခဲ့ကြပါသည်။ တာဝန်ယူရမှုအနေအထားဖြင့် အလုပ်ရှုပ်နေသောညီအစ်ကိုတော်တစ်ယောက်က သူ၏အစီအစဉ်များတို့ကိုရှင်းပြရင်း ဆန္ဒပြည့်ဝမှုအတွက် သူမည်သို့ဆန္ဒရှိသည်ကို ဆက်လက်ပြောဆိုနေခဲ့ပါသည်။ အခြားသောလူအတော်များများတို့ကလည်း ထည့်တွက်စဉ်းစားရကြမည့်အကြောင်းကိစ္စရပ်များကို တင်ပြခဲ့ကြပါသည်။ ထို့နောက်တွင် ဂုဏ်သိက္ခာနှင့်ဩဇာအာဏာရှိတော်မူသောသူတစ်ထူးက မတ်တတ်ရပ်ပြီးနောက်၊ ကျွန်ုပ်တို့အတွက်လမ်းညွှန်ချက်များအဖြစ် အခြေခံစည်းမျဉ်းများတို့ကို မိန့်ကြားတော်မူခဲ့ပါသည်။ အမှုတော်ဆောင်အတော်များများတို့အတွက် မိန့်ကြားတော်မူသောသူက အောက်ပါအတိုင်းမိန့်တော်မူခဲ့ရာတွင်၊

"သင်တို့ရဲ့အလုပ်ဟာ ငွေကြေးဆိုင်ရာကိစ္စရပ်တွေကို စီမံခန့်ခွဲဖို့မဟုတ်ဘူး။ ဒီအလုပ်ကိုလက်ခံဆောင်ရွက်ဖို့ဆိုတာ သင်တို့အမြော်အမြင်မရှိနိုင်ဘူး။ သင်တို့ထမ်းဆောင်ဖို့ ဘုရားသခင်မှာဝန်ထုပ်တွေရှိနေတတ်ပေမယ့် သင်တို့နဲ့လိုက်လျောညီထွေမှုမရှိသေးတဲ့လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြမယ်ဆိုရင်၊ နှုတ်ကပတ်တရားတော်ကိုပေးဝေနေတဲ့ သင်တို့ရဲ့ကြိုးစားအားထုတ်မှုတွေဟာ အောင်မြင်မှုမရှိတဲ့ရလဒ်မျိုးဘဲထွက်ပေါ်လာမှာဘဲ။ ဒီလိုအားဖြင့် သင်တို့ဟာ စေ့စပ်သေချာတဲ့အကဲဖြတ်နိုင်စွမ်းအပြင်၊ အားထားယုံကြည်လောက်ပြီး ကိုယ်ကျိုးမဖက်တဲ့ဆုံးဖြတ်ချက်မျိုးတို့ကို



လိုအပ်တဲ့ သင်တို့လုပ်ဆောင်ရကြမယ့်အလုပ်မျိုးအတွက် အရှည်အချင်းမမီစေတဲ့စိတ်ဓာတ်ကျဆင်းမှုမျိုးကို ခံစားရကြမှာဖြစ်တယ်" ဟူ၍ဖြစ်ပါသည်။

နှုတ်ကပတ်တရားတော်အကြောင်းကိုရေးသားရန်နှင့် ပြောကြားပေးရန်အမှုကိုဆောင်ရွက်ရကြသည့်သူတို့အနေဖြင့် အနည်းငယ်မျှသာသောအဖွဲ့အစည်းဆိုင်ရာ (ကော်မတီ) အစည်းအဝေးတို့ကိုသာ တက်ရောက်သင့်ကြပါသည်။ သူတို့အနေဖြင့် များစွာသောသာမညကိစ္စရပ်များတို့ကို ကျွမ်းကျင်သောစီးပွားရေးသမားများတို့အားတာဝန်ပေးအပ်သင့်ကြခြင်းအားဖြင့် စိတ်အတွေး၏ပင်ကိုယ်အားမာန်ကို လုယက်ယူငင်ပစ်တတ်သည့် စဉ်ဆက်မပြတ်ဖြင့်ဆက်လက်ခံစားနေရသော စိတ်ကျဉ်းကျပ်မှုမျိုးမှ ရှောင်လွှဲနိုင်မည်ဖြစ်သည်။

သူတို့အနေဖြင့် စိတ်ပိုင်းဆိုင်ရာအားမာန်က ခန္ဓာကိုယ်ပိုင်းဆိုင်ရာအားမာန်အပေါ် ကြီးမားကျယ်ပြန့်စွာဖြင့်မှီခိုနိုင်ရေးအတွက် ကာယပိုင်းဆိုင်ရာကျန်းမာရေးကိုထိန်းသိမ်းစောင့်ရှောက်မှုအပေါ် အတိုင်းထက်အလွန်အာရုံစိုက်သင့်ကြပါသည်။ ခန္ဓာကိုယ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအတွက် သင့်လျော်သောအိပ်စက်ချိန်နှင့်အနားယူချိန်တို့အပြင်၊ ကာယလေ့ကျင့်ခန်းတို့ကို များများစားစားလုပ်ပေးခြင်းတို့သည် မရှိမဖြစ်လိုအပ်သောအရာများဖြစ်ကြပါသည်။ အနားယူခြင်းနှင့်နာလန်ထူလာရေးအတွက် သဘာဝအလျောက်လိုအပ်သည့်အချိန်နာရီတို့ကို လုယက်ယူငင်ရာရောက်သောလူတစ်ယောက်အား လူလေးယောက်စာ၊ သို့မဟုတ် သုံးယောက်စာ၊ သို့မဟုတ် နှစ်ယောက်စာအတွက်တည်းသာကဲ့သို့သောအလုပ်မျိုးကို လုပ်ကိုင်စေပါက၊ ကုစား၍မရနိုင်သောဆုံးရှုံးမှုရလဒ်မျိုးသာရရှိလာပေမည်။

### စီးပွားရေးလုပ်ငန်းနယ်ပယ်တို့နှင့်ပတ်သက်သောပညာရေး

တစ်စုံတစ်ရာသောအနေအထားတစ်ခုတွင် လူတစ်ယောက်၏အံ့ဝင်ခွင်ကျဖြစ်မှုသည် အခြားသောအနေအထားများတို့အတွက် အရည်အချင်းပြည့်မီမှုရှိပါသည်ဆိုသည့်အတွေးမျိုး ရှိနေကြသောသူတို့သည် အမှုတော်တိုးတက်ရေးအတွက် အစီအစဉ်ရေးဆွဲကြရာတွင် အမှားကိုလုပ်မိလေ့၊ လုပ်မိထရှိတတ်ကြပါသည်။ များစွာသောဝန်ထုပ်ဝန်ပိုးတို့နှင့်ပြုစုစောင့်ရှောက်မှုအလုပ်တို့ကို လူအများတို့အားခွဲဝေတာဝန်ပေးရမည့်အစား၊ လူတစ်ယောက်တည်းအပေါ် တာဝန်ပုံပေးတတ်သည့် ဖြစ်လေ့ဖြစ်ထအမှားဇမျိုးကိုလည်း ပြုလုပ်တတ်ကြပါသေးသည်။

အတွေ့အကြုံဆိုသည်မှာ အလွန်တန်ဖိုးကြီးမားလှပါသည်။ သခင်ဘုရားအနေဖြင့် ထက်မြက်မှုရှိပြီး မျိုးစုံသောအနေအထားများတို့အတွက် အရည်အချင်းပြည့်မီပြီး၊ ကျွန်ုပ်တို့၏ဌာနချုပ်များနှင့်အဖွဲ့အစည်းများတို့အပေါ် သစ္စာစောင့်သိကြသောသူတို့ကို သူ၏အမှုတော်နှင့်ချိတ်ဆက်မှုရှိကြရန်အတွက် အလိုရှိတော်မူပါသည်။ အထူးသဖြင့် ဆက်ကပ်ထားခြင်းခံရကြသော စီးပွားရေးသမားများတို့ကိုလိုအပ်နေပြီး သူတို့သည် စီးပွားရေးလုပ်ငန်းဆောင်တာတိုင်းတို့အတွင်းသို့ သမ္မာတရားတော်၏အခြေခံစည်းမျဉ်းတို့ကို ဆောင်ယူပေးကြမည့်သူများဖြစ်ရကြပါမည်။ ဘဏ္ဍာရေးရာကိစ္စရပ်များတို့တွင် စီမံခန့်ခွဲရန်အတွက် တာဝန်ပေးအပ်ထားခြင်းခံရကြသောသူတို့အနေဖြင့် အခြားသော ဝန်ထုပ်ဝန်ပိုးများဖြစ်သည့် သူတို့ထမ်းဆောင်နိုင်စွမ်းမရှိသောလုပ်ငန်းတာဝန်မျိုးကို တာဝန်မယူသင့်သည့်အပြင် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမျိုးကို ကျွမ်းကျင်မှုမရှိသော သူတို့ကိုလည်း တာဝန်မပေးသင့်ပါ။ အမှုတော်ကိုစီမံခန့်ခွဲပေးနေကြသောသူတို့သည် တစ်ခါတစ်ရံတွင်လိမ္မာပါးနပ်မှုလုံးဝမရှိသည့်အပြင်၊ အရည်အချင်းအလွန်ညံ့ဖျင်းကြသောသူတို့ကို အလွန်အရေးကြီးလှသော ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်တို့ကို စီမံကွပ်ကဲကြရန်အတွက် ခန့်အပ်ပေးထားခြင်းဖြင့် တစ်ခါတစ်ရံတွင် အမှားပြုလုပ်မိတတ်ကြပါသည်။

စီးပွားရေးလုပ်ငန်းနယ်ပယ်များအတွက် အလားအလာရှိကြသောလူတို့အနေဖြင့် စေ့စပ်သေချာလှသောသင်ကြားရယူမှုမျိုးနှင့်သင်တန်းများတို့ဖြင့် သူတို့၏ပင်ကိုစွမ်းရည်တို့ကိုတိုးတက်လာစေရန်နှင့် ကုံလုံပြည့်စုံမှုရှိစေရန်အတွက် လုပ်ဆောင်ရကြပါမည်။ သူတို့အနေဖြင့် စာသင်သားကျောင်းသားများအလား၊ မှန်ကန်သောစီးပွားရေးဆိုင်ရာအခြေခံစည်းမျဉ်းများနှင့် နည်းစနစ်နှင့်ပတ်သက်သည့်အသိဉာဏ်ဗဟုသုတမျိုးကို မြန်မြန်ဆန်ဆန်ရရှိနိုင်မည့်နေရာမျိုးတွင် မိမိတို့ကိုယ်ကိုအခြေချနိုင်ကြရန်အတွက် သူတို့ကိုအားပေးတိုက်တွန်းသင့်ကြပါသည်။ မည်သည့်စီးပွားရေးလုပ်ငန်းရှင်တစ်ဦးတစ်ယောက်ကမျှ အမှုတော်ရေးရာနှင့်ပတ်သက်သောလိုအပ်ချက်ဖြစ်သည့် အလုပ်သင်တစ်ယောက်အဖြစ်မျိုးကို တွေးတောမိခဲ့ခြင်းမရှိကြပါ။ အကယ်၍ အမှုတော်ဆောင်လုပ်ငန်းနယ်ပယ်တစ်စုံတစ်ခုအတွင်းရှိလူတို့သည် အမြော်အမြင်ရှိပြီး၊ ထက်မြက်မှုရှိလာကြရန်အတွက် သူတို့၏အခွင့်အလမ်းများတို့ကို တိုးတက်စေလိုကြပါက၊ ထိုသူတို့သည် ကျွန်ုပ်တို့၏ကမ္ဘာမြေကြီးပေါ်တွင် ဘုရားသခင်၏နိုင်ငံတော်ကိုတည်ဆောက်ပေးနေသည့်လုပ်ငန်းအတွင်း သူတို့၏အရည်အချင်းကို အသုံးပြုနေကြသောသူများဖြစ်ကြပါသည်။ ဤမြေကမ္ဘာကြီး၏သမိုင်းကြောင်းအဆုံးတိုင်သည့်အချိန်နီးကပ်နေသည့်





ကာလအတွင်း၊ ကျွန်ုပ်တို့ရှင်သန်နေရကြသည်ကိုအကြောင်းပြုပြီး ကျွန်ုပ်တို့အနေဖြင့် လုပ်ဆောင်မှုအပိုင်းတွင် ကြီးမားသည့်စေ့စပ်သေချာမှုရှိရမည်ဖြစ်ပြီး၊ ပိုမို၍နိုးနိုးကြားကြားဖြင့်စောင့်နေကြရန်အပြင် ဂရုစိုက်မှုရှိနေကြကာ၊ ဆုတောင်းလျက် လုပ်ဆောင်ရကြမည်ဖြစ်သည်။ လူသားကိုယ်စားလှယ်အနေဖြင့် သူသည် စံပြခရစ်ယာန်တစ်ယောက်အဖြစ်ဖြင့် ခရစ်တော်အရှင်၊ သခင်ယေရှုထံတော်၌ လုံးဝဥဿုံပြည့်စုံမှုရှိစေရန်အတွက် ကုံလုံပြည့်စုံခြင်းကိုရယူနိုင်ရန် ကြိုးပမ်းအားထုတ်ရမည်ဖြစ်သည်။

## မှန်ကန်သောအခြေခံစည်းမျဉ်းများတို့သည်မရှိမဖြစ်လိုအပ်လှပါသည်

စီးပွားရေးနှင့်ပတ်သက်သောလုပ်ငန်းနယ်ပယ်တွင် လုပ်ဆောင်နေကြသောသူတို့အနေဖြင့် မှားယွင်းသောအခြေခံစည်းမျဉ်းများ၊ သို့မဟုတ် နည်းစနစ်များတို့ကြောင့် မှားယွင်းမှုအတွင်းသို့ကျရောက်သွားစေခြင်းမှ ကြိုတင်ကာကွယ်မှုတိုင်းကို လုပ်ဆောင်သင့်ကြပါသည်။ သူတို့၏မှတ်တမ်းသည် ဗာဗုလုန်နိုင်ငံ၏နန်းတော်အတွင်းတွင် တာဝန်ထမ်းဆောင်ခဲ့ရသော ဒံယေလ၏မှတ်တမ်းအလားရှိနေရပါမည်။ သူ၏အားလုံးသောစီးပွားရေးဆိုင်ရာ လုပ်ငန်းဆောင်တာများတို့သည် အနီးကပ်စေ့စေ့စပ်စပ်ဖြင့် စုံစမ်းစစ်ဆေးခြင်းခံလာခဲ့ရသောအခါ၊ မည်သည့်အမှုကိစ္စမျိုးတွင်မျှ ချို့ယွင်းချက်ရှိသည်ကို မတွေ့ခဲ့ရကြပါ။ သူ၏လုပ်ငန်းပိုင်းဆိုင်ရာ အသက်တာမှတ်တမ်းမှတ်ရာများတို့သည် ပြည့်စုံမှုမရှိသည့်တိုင် လေ့လာသင်ယူထိုက်သောသင်ခန်းစာများပါရှိခဲ့ပါသည်။ ဤအခြင်းအရာသည် လုပ်ငန်းရှင်တစ်ယောက်အနေဖြင့် အကြံသမားတစ်ယောက်မဟုတ်ဘဲ၊ မူဝါဒချမှတ်သူတစ်ယောက်သာဖြစ်သည်ဆိုသည့်အချက်ကို ထင်ရှားစေပါသည်။ သူ၏ခြေလှမ်းတိုင်းတွင် ဘုရားသခင်၏လမ်းညွှန်တော်မူချက်အတိုင်း လျှောက်လှမ်းခဲ့သူတစ်ယောက်သာဖြစ်ပေမည်။ ဗာဗုလုန်နိုင်ငံ၏နန်းရင်းဝန်ကြီးအဖြစ်ဖြင့် ဒံယေလတာဝန်ထမ်းဆောင်ခဲ့စဉ်အခါက ဘုရားသခင်၏ပုရောဖက်တစ်ပါးဖြစ်ခဲ့ပြီး၊ ကောင်းကင်ဘုံအရှင်၏လမ်းညွှန်မှုဆိုင်ရာအလင်းတရားကို လက်ခံရရှိခဲ့ပါသည်။ သူ၏အသက်တာသည် ခရစ်ယာန်လုပ်ငန်းရှင်တိုင်းတို့အတွက် လိုက်လျှောက်ကျင့်သုံးရန် သာဓကတစ်ရပ်ဖြစ်ပါသည်။

ယခုအချိန်ကာလတွင် ဘုရားသခင်၏အမှုရေးရာတော်သည် ရှားပါးစွာတွေ့မြင်နေရသော အရည်အချင်းပြည့်မီမှုများနှင့် ကောင်းမွန်သည့်အုပ်ချုပ်မှုဆိုင်ရာ စွမ်းအားများရှိနေကြသော အမျိုးသား၊ အမျိုးသမီးများနှင့် စိတ်ရှည်သည်းခံစွာဖြင့်လုပ်ကိုင်ကြ

ပြီး၊ မျိုးစုံလှသောနယ်ပယ်များတွင်ရှိနေသည့် လုပ်ငန်းခွင်လိုအပ်ချက်တို့ကို စုံစမ်းရှာဖွေပေးနိုင်ကြမည့် အမျိုးသားအမျိုးသမီးများတို့အပြင်၊ အမှုတော်အတွက် ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်စွမ်းရှိကြသူများ၊ နွေးထွေးမှု၊ သနားကြင်နာတတ်သောနှလုံးသားများ၊ ခေါင်းအေးအေးဖြင့်လုပ်ဆောင်နိုင်မှုများ၊ ခြေခြေမြစ်မြစ်ရှိသောအသိတရားနှင့်ဘက်လိုက်မှုမျက်နှာလိုက်မှုမရှိသော ဝေဖန်ဆုံးဖြတ်နိုင်စွမ်းသောအရည်အချင်းတို့ကိုပိုင်ဆိုင်ထားကြသောသူများ၊ ဘုရားသခင်၏ဝိညာဉ်တော်အားဖြင့် စင်ကြယ်မြင့်မြတ်ခြင်းရှိကြသူများ၊ စဉ်းစားရန်ပြဿနာများအပေါ် မဟုတ်ပါ၊ သို့မဟုတ် ဟုတ်ပါသည်အပြင်၊ မှန်ပါစေသော် (Amen) ဟူ၍ အကြောက်အလန့်ကင်းစွာဖြင့်ပြောဆိုဝံ့ကြသောသူများ၊ ခိုင်မာသောယုံကြည်ချက်များ၊ ရှင်းလင်းစွာနားလည်နိုင်သောဉာဏ်ပညာနှင့် စင်ကြယ်ပြီးစာနာ၊ ထောက်ထားတတ်သော နှလုံးသားရှိကြသောသူများ၊ (မဿဲ ၂၃း၈) တွင်ဖော်ပြထားသည့် နှုတ်တော်ထွက်များဖြစ်သော၊ “. . . သင်တို့အပေါင်းသည် ညီအစ်ကိုချင်းဖြစ်ကြ၏” ဆိုသည့်အတိုင်း၊ လက်ခံကျင့်သုံးကြသောသူများနှင့်ကျရှုံးခဲ့ကြသောလူသားမျိုးနွယ်တို့ကိုမြှင့်တင်ရန်နှင့် ပြန်လည်တည်ဆောက်ပေးရေးအတွက် ကြိုးပမ်းအားထုတ်ကြသောသူများတို့ကို လိုအပ်နေပါသည်။ “Testimonies for the Church,” vol. 7, pp. 246-249.

မနည်းလှသောအရေအတွက်ရှိသည့်အမှုတော်ဆောင်များတို့သည် သူတို့လုပ်ကိုင်ဆောင်ရွက်ကြရန်အတွက် ခန့်အပ်ထားပြီးသောတာဝန်ကို လျစ်လျူရှုနေကြပါသည်။ အမှုတော်ဆိုင်ရာလုပ်ငန်းအတွက် သီးသန့်ဖယ်ထားသောသူတို့ကို ကော်မတီအဖွဲ့များနှင့်ဘုတ်အဖွဲ့များအတွင်း အဘယ်ကြောင့်ထည့်သွင်းထားကြပါသနည်း။ များစွာသောစီးပွားရေးလုပ်ငန်းဆိုင်ရာအစည်းအဝေးများတို့ကိုတက်ရောက်ကြရန်နှင့် ထိုအစည်းအဝေးတို့ကိုတက်ရောက်လာကြရေးအတွက် အလွန်အလှမ်းကွာဝေးလှသော သူတို့အမှုတော်ဆောင်ရွက်နေရသည့်နယ်မြေများမှနေပြီး၊ အကြိမ်များစွာအဘယ်ကြောင့်ဆင့်ဆိုခေါ်ယူခြင်းခံနေရကြပါသနည်း။ စီးပွားရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များတို့ကို အဘယ်ကြောင့်လုပ်ငန်းရှင်များတို့၏လက်ထဲတွင် မအပ်ထားပါသနည်း။ ဤစီးပွားရေးလုပ်ငန်းကိုလုပ်ကိုင်ကြရေးအတွက် အမှုတော်ဆောင်တို့ကို သီးသန့်ဖယ်ထားကြခြင်းမဟုတ်ပါ။ အမှုတော်ရေးရာ၏ငွေရေးကြေးရေးအခြေအနေတို့ကို ကျွမ်းကျင်မှုရှိကြသောသူတို့ကိုသာစီမံခန့်ခွဲစေရမည်ဖြစ်ပြီး၊ အမှုတော်ဆောင်များတို့ကိုမူ အမှုတော်လုပ်ငန်း၏အခြားသောနယ်ပယ်အတွက် သီးသန့်ဖယ်ထားရပါမည်။



သာမန်စီးပွားရေးလုပ်ငန်းဆိုင်ရာပြဿနာများတို့အတွက် ဆုံးဖြတ်ချက်ချရမည့်ကိစ္စရပ်အတွက် ဘုတ်အဖွဲ့အစည်းအဝေးသို့တက်ရောက်လာကြရန်အတွက် နေရာအနှံ့ရှိအမှုတော်ဆောင်များတို့ကို ဆင့်ခေါ်ရမည်မဟုတ်ပါ။ ယခင်အခါက ကျွန်ုပ်တို့၏များစွာသောအမှုတော်ဆောင်များတို့သည် ဤကဲ့သို့အလုပ်မျိုးကို လုပ်ခဲ့ကြဖူးပါသော်လည်း၊ ဤအလုပ်မျိုးသည် သခင်ဘုရားသခင်က သူတို့အားပါဝင်ပတ်သက်လုပ်ဆောင်စေလိုသောအလုပ်မျိုးမဟုတ်ပါ။ မြောက်မြားလှစွာသော ငွေကြေးဆိုင်ရာဝန်ထုပ်ဝန်ပိုးများတို့သည် သူတို့အပေါ်တွင်ကျရောက်နေကြပါသည်။ ဤဝန်ထုပ်ဝန်ပိုးတို့ကိုသူတို့ကကြိုးစားသယ်ပိုးရကြသောအခါတွင် ဧဝံဂေလိတရားတော်ဆိုင်ရာလုပ်ငန်းတာဝန်ကို ဖြည့်ဆည်းပေးရမည့်အလုပ်ကို လျစ်လျူရှုလိုက်ရပါတော့သည်။ ဤလုပ်ရပ်မျိုးသည် သူ၏နာမတော်၏ဂုဏ်အသရေတော်ကို ညှိုးနွမ်းစေသည့်လုပ်ရပ်အဖြစ်ဖြင့်ဘုရားသခင်ကရှုမြင်တော်မူပါသည်။ “Testimonies for the Church,” vol. 7, pp. 254, 255.

## အမှုတော်ဆောင်များတို့အားပြုစုစောင့်ရှောက်ရန်

ပြင်းထန်သောရာသီဥတုဒဏ်ကြောင့်၊ သို့မဟုတ် ဘုရားသခင်၏အမှုရေးရာတော်အတွင်း အလုပ်ပိနေကြခြင်းတို့ကြောင့် ဖျားနာနေကြပြီး၊ အနားယူကြရန်နှင့်ပြန်လည်ထူထူထောင်ထောင်ဖြစ်လာကြရန် လိုအပ်နေကြသောအမှုတော်ဆောင်များနှင့်ဘုရားသခင်၏သစ္စာရှိလှသောအစေကျွန်များတို့အတွက်၊ သို့မဟုတ် အသက်အရွယ်အိုမင်းလာကြသူများ၊ သို့မဟုတ် ကျန်းမာရေးယိုယွင်းလာမှုကြောင့် တစ်နေ့တာဝန်ထုပ်ဝန်ပိုးနှင့် အပူရှိန်ဒဏ်ကိုကြာရှည်စွာခံနိုင်ရည်မရှိကြသောသောသူတို့ကို ပြုစုစောင့်ရှောက်ရန်အတွက် အချို့သောအထောက်အပံ့တို့ကို လျာထားပေးသင့်ပါသည်။ အမှုတော်ဆောင်များတို့အနေဖြင့် သူတို့၏ကျန်းမာရေးကိုထိခိုက်စေမည့်နေရမျိုးဖြစ်သည်ကို သိရှိထားပြီးသောနေရာဒေသသို့ မကြာခဏတာဝန်ချထားခြင်းခံရကြသော်လည်း၊ ထိုနေရာရှိဒေသခံများတို့အတွက် အကူအညီနှင့်ကောင်းချီးမင်္ဂလာတစ်ရပ်အဖြစ်ဖြင့် ထိုစိတ်အနှောင့်အယှက်ဖြစ်ဖွယ်ရာနေရာကို ရှောင်ရှားရန်သဘောမတူဘဲ၊ အရဲစွန့်ပြီးသွားရောက်အမှုတော်ထမ်းဆောင်တတ်ကြပါသည်။ ကာလအချိန်တစ်ခုလွန်မြောက်သွားပြီးနောက်တွင် သူတို့၏ကျန်းမာရေးယိုယွင်းလာမှုကို တွေ့မြင်လာရကြပါသည်။ ရာသီဥတု

အပြောင်းအလဲနှင့် အလုပ်၏အစမ်းသပ်ခံရမှုအတွက် မည်သည့်ကယ်ဆယ်ရေး အထောက်အပံ့မျိုးကိုမျှ ယူဆောင်မသွားခြင်းကြောင့်၊ မည်သို့သောအရာကိုလုပ်ဆောင် ကြမည်နည်း။

သခင်ခရစ်တော်၏အရေးအရာတော်အတွက် လောကီဆိုင်ရာအခွင့်အလမ်းတို့ ကို အဆုံးရှုံးခံလိုက်ကြပြီး အပျော်အပါး၊ သို့မဟုတ် ကြွယ်ဝချမ်းသာမှုအစား၊ ဆင်းရဲ ခြင်းကိုရွေးချယ်ကြကာ၊ ကိုယ်ကျိုးအတ္တကိုလုံးဝမေ့ပျောက်ထားလိုက်ကြရင်း သခင် ခရစ်တော်အတွက် အသက်ဝိညာဉ်တို့ကိုယူဆောင်လာနိုင်ကြရေးအတွက် စိတ်အား ထက်သန်စွာဖြင့်လုပ်ဆောင်ကြလျက်၊ ဘုရားသခင်၏အရေးအရာတော်အတွင်း အမျိုး စုံလှသောလုပ်ငန်းများတို့ကို လွတ်လွတ်လပ်လပ်ဖြင့်ပေးအပ်လိုက်ကြသည့်အပြင်၊ မွန်းကျပ်မှု၊ နာမကျန်းဖြစ်မှုနှင့် မည်သည့်အထောက်အပံ့မျိုးမျှမရယူဘဲ တိုက်ပွဲတွင်း သို့ခြေစုံပစ်ဝင်ရောက်သွားကြသော လုပ်ဆောင်သူတို့သည် ဆင်းရဲခြင်းနှင့်ဒုက္ခဝေဒနာ အတွင်း ရုန်းကန်နေရသည့်အခြေအနေမျိုးထဲတွင်၊ သို့မဟုတ် မိမိတို့သည် လူမွဲများ အဖြစ်သို့ရောက်ရှိသွားပြီဆိုသည့် တွေးထင်မှုမျိုးအတွင်း၊ ရုန်းကန်နေရသည့်အနေအထား မျိုးဖြင့် အစွန့်ခံရမည်မဟုတ်ပါ။ နာမကျန်းဖြစ်မှုနှင့်အားနည်းယုတ်လျော့ခြင်းအဖြစ်မျိုး များ သူတို့အပေါ်ကျရောက်လာကြသောအခါတွင် ကျွန်ုပ်တို့၏မည်သည့်အမှုတော် ဆောင်တို့ကမျှ "ကျွန်တော့်ဇနီးသည်နဲ့ကလေးတွေ ဘယ်လိုအခြေဆိုက်လာကြမလဲ၊ အခုအခါမှာ သူတို့ရဲ့လိုအပ်ချက်တွေအတွက် ကျွန်တော်ဘယ်လိုလုပ်အကြာကြီး လုပ်ကိုင်ထောက်ပံ့ပေးနိုင်တော့မှာလဲ" ဆိုသည့်စောဒကတက်သောမေးခွန်းမျိုးကို ဆန္ဒ စောပြီးမေးမြန်းလိုသည့်ဝန်ထုပ်မျိုးကိုမျှ မထမ်းရွက်စေတော့ပါနှင့်။ ထိုကြောင့် အထက် ဖော်ပြပါအထောက်အပံ့တို့သည် ဤသစ္စာရှိလှစွာသောလုပ်ဆောင်သူများတို့၏လိုအပ် ချက်များနှင့် သူတို့ကိုမှီခိုစားသောက်နေထိုင်ရကြသောသူတို့အတွက် ပံ့ပိုးပေးရမည့် အထောက်အပံ့မျိုးဖြစ်ရပါမည်။

ရက်ရောသောအထောက်အပံ့မည်သည် မိမိတို့၏တိုင်းပြည်အတွက် တိုက်ပွဲ ဝင်ခဲ့ကြသည့် စစ်ပြန်စစ်မှုထမ်းဟောင်းများတို့အတွက် စီစဉ်ထားသောအရာဖြစ်ပါသည်။ ဤပုဂ္ဂိုလ်များတို့သည် သူတို့၏အန္တရာယ်ကြီးမားလှသောပဋိပက္ခများ၊ သူတို့၏အရေးပေါ် မနားမနေခရီးဝေးချီတက်ခဲ့ရမှုများ၊ လေပြင်းမုန်တိုင်းတို့နှင့်ရင်ဆိုင်ခဲ့ရမှုများနှင့် စစ်သုံ့ပန်း ဘဝဖြင့်ခံစားခဲ့ရကြသော အတိဒုက္ခများတို့ကို ပေါ်လွင်ထင်ရှားစေသည့် စိတ်ပိုင်း ဆိုင်ရာဒဏ်ရာဒဏ်ချက်များနှင့် ဘဝတစ်လျှောက်လုံးအားနည်းချည့်နဲ့သည့်ဒဏ်ရာ



ဒဏ်ချက်တို့ကို ခါးစည်းခံခဲ့ရကြသောသူများဖြစ်ကြပါသည်။ သူတို့၏သစ္စာစောင့်သိ မှုနှင့် မိမိတို့၏အသက်တို့ကို စွန့်ဝံ့စွန့်စားအသေခံခဲ့ကြသော အထောက်အထားများ တို့မှာ၊ နိုင်ငံတော်ထံသို့ သူတို့၏လုံခြုံမှုအာမခံချက်အတွက်ပန်ကြားမှုနှင့် မိမိတို့၏ လုပ်ဆောင်ခဲ့ကြမှုအပေါ် အသိအမှတ်ပြုပြီးဂုဏ်ပြုပေးကြရေးအတွက် တောင်းခံမှုတို့ သည် တရားမျှတမှုရှိသောတောင်းဆိုမှုဖြစ်ကြောင်းကို ပြသခြင်းပင်ဖြစ်ပါသည်။ သို့သော်လည်း သခင်ခရစ်တော်၏စစ်သည်တော်များအတွက် သတ္တမနေ့မြော်လင့်ခြင်း အသင်းတော်မှ မည်သည့်အထောက်အပံ့မျိုးကို စီမံထားပေးကြပါသနည်း။

ကျွန်ုပ်တို့၏လူတို့အနေဖြင့် ဤကိစ္စနှင့်ပတ်သက်လာလျှင်၊ မရှိမဖြစ်လိုအပ် ချက်အဖြစ် သဘောမထားကြခြင်းကြောင့် ဤအထောက်အပံ့ကိစ္စကိုလျစ်လျူရှုထား ကြပါသည်။ အသင်းတော်များတို့သည် ထောက်ထားစာနာစိတ်ကင်းမဲ့နေကြဆဲဖြစ်ပြီး၊ သူတို့၏လျှောက်လှမ်းကြရာလမ်းကြောင်းများပေါ်သို့ ဘုရားသခင်၏နှုတ်တော်ထွက် ဆိုင်ရာအလင်းတရားက ကျရောက်လင်းထိန်ပေးနေသည့်တိုင်၊ သူတို့သည် အထွတ် အမြတ်အဖြစ်ဆုံးသောတာဝန်ကို လျစ်လျူရှုထားနေကြပါသည်။ ထာဝရဘုရားသည် သူ၏သစ္စာရှိလှစွာသောအစေကျွန်များတို့အပေါ် ဤကဲ့သို့မျိုးဖြင့်လျစ်လျူရှုထားကြ ခြင်းအတွက် အလွန်အမင်းဖြင့်ပင် မကျေမနပ်ဖြစ်နေတော်မူပါသည်။ ဤသူတို့အနေ ဖြင့် ကျန်းမာရေးကောင်းနေခဲ့ကြစဉ်အခါက သူတို့ရရှိခဲ့ကြသောငွေကြေးနှင့် ဝန်ဆောင်မှု အထောက်အပံ့မျိုးတို့ကို ဆိုးရွားလှသောဝန်းကျင်အခြေအနေမျိုးတွင်ကျရောက်နေကြ သော ဤသို့သောသူတို့အတွက် ကျွန်ုပ်တို့၏လူများတို့က ကူညီထောက်ပံ့ပေးရေးကို သဘောတူသင့်ကြပါသည်။

ကျွန်ုပ်တို့၏အသိုက်အဝန်းအတွင်းရှိ မရှိဆင်းရဲသားများတို့အပေါ် အထူး တလည်သောဂရုစိုက်မှုဆိုင်ရာ တာဝန်သိမှုမျိုးကို ဘုရားသခင်က ကျွန်ုပ်တို့အပေါ် တာဝန်အပ်နှင်းပေးထားတော်မူနေပါသည်။ သို့သော် အထက်ဖော်ပြပါအမှုတော်ဆောင် များနှင့်ဝန်ထမ်းများတို့ကို မရှိဆင်းရဲသားတို့နှင့်တစ်တန်းစားတည်း သတ်မှတ်ထား၍ မရပါ။ သူတို့သည် ကောင်းကင်နိုင်ငံတော်၌ မပျက်သုဉ်းနိုင်သောရတနာတစ်မျိုးကို သူတို့အတွက်သိုမှီးထားခဲ့ကြပြီးဖြစ်ပါသည်။ သူတို့သည် ဌာနချုပ်အတွက် အလုပ် အကျွေးပြုခဲ့ကြပြီးဖြစ်ကြသည်အလျောက်၊ ယခုအခါတွင်မူ ဌာနချုပ်က သူတို့ကို ပြန်လည်အလုပ်အကျွေးပြုရကြပါမည်။

ဤကဲ့သို့မျိုးကိစ္စရပ်များတို့ကို ကျွန်ုပ်တို့တွေ့မြင်သိရှိလာရကြပါက ကျွန်ုပ်တို့အနေဖြင့် အခြားတစ်ဖက်သို့ကွင်းရှောင်ထွက်သွားခြင်းမပြုရပါ။ (ယာကုပ် ၂း၁၆) တွင်ဖော်ပြထားသော ". . . ငြိမ်ဝပ်စွာသွားကြလော့။ နွေးကြလော့။. . ." ဆိုသည့်စကားမျိုးကို ကျွန်ုပ်တို့ကမပြောဆိုသင့်ကြရုံမျှမက၊ သူတို့၏လိုအပ်ချက်များတို့ကိုဖြည့်ဆည်းပေးရေးတွင် နီးကြားတက်ကြွသည့်အနေအထားမျိုးဖြင့် ပါဝင်ဆောင်ရွက်ခြင်းမရှိသည်ကို မပြုမူသင့်ကြပါ။ ဤလုပ်ရပ်မျိုးကို ယခင်ကတည်းကပြုမူခဲ့ကြပြီး၊ ဤသို့အားဖြင့် အချို့သောကိစ္စရပ်များတို့တွင် သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ဝင်များတို့သည် သူတို့၏ယုံကြည်ခြင်းဆိုင်ရာလုပ်ဆောင်မှုကို အရှက်ရစေကြသည့်အပြင်၊ ဘုရားသခင်၏အရေးအရာတော်ကို သိက္ခာကျဆင်းသွားအောင် လုပ်ဆောင်နိုင်သည့်အခွင့်အလမ်းကို ကမ္ဘာ့လောကအသိုက်အဝန်းအားပေးအပ်လိုက်သကဲ့သို့ဖြစ်သွားပါသည်။

ယခုအချိန်သည် ဘုရားသခင်၏လူစုတော်တို့အနေဖြင့် ဤသိက္ခာချမှုမျိုးကို တွန်းလှန်ဖယ်ရှားနိုင်ရေးအတွက် ဤကဲ့သို့သောအခြေမဲ့အနေမဲ့ဖြစ်သွားကြသော ဘုရားသခင်၏အစေကျွန်တို့အား သက်သောင့်သက်သာဖြင့်နေထိုင်နိုင်မည့်နေအိမ်များ၊ မိမိတို့၏ညီအစ်ကိုတော်တို့၏ပေးကမ်းစွန့်ကြဲမှုများတို့အပေါ်မှီခိုပြီး ရပ်တည်နေရကြပါသည်ဆိုသောအတွေးမျိုး မတွေးတောမိကြစေရေးအတွက်၊ သူတို့အတွက်ခြံထွက်သီးနှံများတို့ကို စိုက်ပျိုးရရှိစေမည့် မြေဧကအနည်းငယ်တို့ကို ထောက်ပံ့ပေးကမ်းရကြပါမည်။ ဤမောပန်းနွမ်းလျနေကြသော လုပ်ဆောင်သူများတို့သည် တိတ်ဆိတ်ပြီးကျဉ်းကျပ်နေသောအိမ်ကလေးအတွင်းမှနေပြီး၊ သူတို့၏တရားမျှတသည့်တောင်းဆိုမှုအစုစုတို့အပေါ် အသိအမှတ်ပြုခံရမည့်အရေးကို ပျော်ရွှင်မှုနှင့်အေးချမ်းမှုတို့ဖြင့် ကိုးစားမျှော်လင့်ထားကြပါသည်။

## အမှုတော်ဆောင်များတို့၏ခိုလှုံရာအဖြစ်ရှိသော နာလန်ထများနှင့်နာတာရှည်ရောဂါသည်များတို့အတွက် ကျွန်ုပ်တို့၏ဆေးကုသရေးဌာနဆေးရုံများ

ဤအမှုတော်ဆောင်များတို့သည် အထူးထူးသောပြုစုစောင့်ရှောက်မှုနှင့်ကုသမှုမျိုးတို့ကို မကြာခဏလိုအပ်တတ်ကြပါသည်။ ကျွန်ုပ်တို့၏အထက်ခေါင်းစဉ်ပါဆေးရုံများတို့သည် ထိုကဲ့သို့သောအမှုတော်ဆောင်များတို့အပြင်၊ အနားယူရန်လိုအပ်နေကြသော နွမ်းနယ်နေကြသည့်ဝန်ထမ်းများတို့အတွက် ခိုလှုံရာအဖြစ်ရှိနေရကြပါမည်။ ထိုဆေးရုံတွင်တက်ရောက်နေရကြခြင်းကြောင့် ကုန်ကျစရိတ်များကို မည်ကဲ့သို့ဖြေရှင်း



ရကြမည်ဆိုသည့် အစဉ်တစိုက်စိုးရိမ်ပူပန်စရာမလိုသော အပြောင်းအလဲမျိုးကို ခံစားရရှိနိုင်ကြရေးအတွက် ထိုဆေးရုံရှိအခန်းများတို့ကို သူတို့အတွက်ပေးထားရပါမည်။ တပည့်တော်များတို့သည် အလုပ်ပင်ပန်းမှုတို့ကြောင့် နွမ်းနယ်ပြီးခြေကုန်လက်ပန်းကျလာကြသောအခါ၊ (မာကု ၆း၃၁) တွင်ဖော်ပြထားသည့် ". . . ဆိတ်ကွယ်ရာအရပ်သို့လာကြ။ ခဏအားဖြည့်. . . နေကြ. . ." ဆိုသည့်အတိုင်း၊ သခင်ခရစ်တော်က သူတို့အားမိန့်တော်မူခဲ့ပါသည်။ သူ၏အစေကျွန်များတို့သည် ယခုအခါအနားယူပြီးအင်အားပြန်လည်ဖြည့်တင်းနိုင်ကြမည့်အခွင့်အလမ်းမျိုးကို ထိုသို့အားဖြင့် သခင်ခရစ်တော်၌ စီမံကိန်းများရှိနှင့်ထားတော်မူမည်ဖြစ်သည်။ ပြင်းထန်စွာအလုပ်လုပ်နေရကြသော ကျွန်ုပ်တို့၏အမှုတော်ဆောင်များတို့သည် ဤအဖွဲ့အစည်းများတို့အတွက်တည်ဆောက်မှုနှင့် အထောက်အပံ့ပေးနိုင်ကြရေးအတွက် ရန်ပုံငွေများကိုခြိုးခြံချွေတာသည့်အနေဖြင့် သူတို့၏စွမ်းအားရှိသမျှလုပ်ဆောင်ခဲ့ကြခြင်းကြောင့် ကျွန်ုပ်တို့၏ထိုဆေးရုံများတို့သည် သူတို့အတွက်ဖွင့်လှစ်ထားရမည်ဖြစ်သည်။ လိုအပ်လာပါကမည်သည့်အချိန်တွင်မဆို ခွင့်ပြုထားပြီးသောအခွင့်ထူးအဖြစ်ဖြင့် သူတို့သည် မိမိတို့၏အိမ်ထောင်မိသားစုတို့နှင့်အတူ ပြန်လည်အနားယူသင့်ကြပါသည်။

ဤဝန်ထမ်းများတို့အား အစားအသောက်နှင့်ကုသမှုခံယူခြင်းတို့အတွက် မည်သည့်အချိန်မျိုးတွင်မဆို ကြီးမားသောအဖိုးအခတောင်းခံမှုမျိုးကို မပြုလုပ်ရမည်သာမကဘဲ၊ သူတို့အပေါ်သူတောင်းစားများကဲ့သို့၊ သို့မဟုတ် သူတို့လက်ခံရရှိလာကြသောအစားအသောက်ဝန်ဆောင်မှုများတို့ကို ပေးကမ်းကြသောသူတို့က ထိုကဲ့သို့မျိုးဖြင့် မည်သည့်နည်းမျိုးဖြင့်မျှ သဘောမထားသင့်ကြပါ။ နွမ်းနယ်မောပန်းပြီး၊ အလွန်အကျွံအလုပ်လုပ်နေခဲ့ကြသောသူ၏အစေကျွန်များတို့အတွက် ဘုရားသခင်က ထောက်ပံ့ထားတော်မူသောလိုအပ်သည့်အထောက်အပံ့များတို့ကို သဘောထားကြီးစွာဖြင့် အသုံးပြုနေကြမှုကိုထင်ရှားစေသောအရာမှာ ဘုရားသခင်၏မျက်မှောက်တော်၌ စစ်မှန်သောဆေးဘက်ဆိုင်ရာသာသနာပြုလုပ်ငန်းကို လုပ်ဆောင်ခြင်းပင်ဖြစ်ပါသည်။ ဘုရားသခင်၏အမှုတော်ဆောင်များတို့သည် သူနှင့်နှောင်ဖွဲ့ထားနေကြပြီး၊ သူတို့ကလက်ခံတော်မူခြင်းကိုခံရကြသောအခါ၊ သခင်ခရစ်တော်သည် ဘုရားသခင်၏စေတမန်တော်တို့၏လက်ခံကြခြင်းကို ခံတော်မူရပြီဆိုခြင်းကို သတိရသင့်ကြပါသည်။ ဤကဲ့သို့မျိုးကို ဘုရားသခင်ကတောင်းဆိုတော်မူပြီး၊ သူတို့က သူ့အားဂရုမစိုက်ဟန်ပြုမူပါက၊ သို့မဟုတ် သေးသိမ်သော၊ သို့မဟုတ် ကိုယ်ကျိုးအတ္တဆန်သောအပြုအမူမျိုးဖြင့် ဆက်ဆံလာကြပါက

အရှက်ရစေတော်မူမည့်အပြင်၊ သူတို့ကိုနှစ်မြို့တော်မူမည်မဟုတ်တော့ပါ။ ဘုရားသခင်သည် သူရွေးချယ်ထားတော်မူသော မည်သည့်လူတစ်စုံတစ်ယောက်ကိုမျှ သူ၏ကောင်းချီးမင်္ဂလာတော်ကို အနီးကပ်ဖြင့်သက်ရောက်စေတော်မူမည်မဟုတ်ပါ။

အခြေခံအားဖြင့် သဘောထားကိုက်ညီမှုရှိကြသော ဆေးဘက်ဆိုင်ရာအသိုက်အဝန်းအတွင်း၊ ဤကိစ္စရပ်များတို့နှင့်ပတ်သက်ပြီး ပိုင်းခြားနားလည်နိုင်ကြရေးအတွက် သိမြင်နားလည်မှုဆိုင်ရာထက်မြက်မှုမျိုး အမြဲတစေမရှိနိုင်ကြပါ။ သူတို့သည် အထင်အမြင်ခံသင့်သည့်အနေအထားမျိုးဖြင့် အချို့တို့က သူတို့အပေါ်သဘောထားထင်မြင်ခြင်းမရှိကြပါ။ ကျွန်ုပ်တို့၏အဖွဲ့အစည်းများအပေါ် တာဝန်ယူအုပ်ချုပ်ရကြသောသူတို့အနေဖြင့် မည်သူသည် စစ်မှန်သောစာနာထောက်ထားမှုနှင့် ပြုစုစောင့်ရှောက်မှုမျိုးတို့ကို ရရှိသင့်ကြသည်ကိုသိရှိနိုင်ကြရန်အတွက်၊ သူတို့၏သိမြင်နားလည်မှုတို့ကို ထာဝရဘုရားက စင်ကြယ်တော်မူပါစေ။ ဤသည်းခံနိုင်မှုကုန်ဆုံးနေကြသော လုပ်ဆောင်သူတို့လုပ်ဆောင်ခဲ့ကြသော အမှုရေးရာတော်ဆိုင်ရာလုပ်ငန်းခွဲအနေဖြင့် သူတို့၏လုပ်ဆောင်မှုတို့ကို တန်ဖိုးထားသည့်အနေဖြင့် သူတို့လိုအပ်မှုရှိနေကြချိန်တွင် အကူအညီပေးခြင်းအားဖြင့် သူတို့အတွက်ကုန်ကျစရိတ်ဝန်ထုပ်ဝန်ပိုးကို ကျွန်ုပ်တို့၏ဌာနဆိုင်ရာဆေးရုံနှင့်အတူ ကြီးမားသောအတိုင်းအတာဖြင့် မျှဝေကျခံပေးရာရောက်ပါသည်။ ထိုသို့သောအခြေအနေမျိုးတွင်ကျရောက်နေကြသော အချို့သောဝန်ထမ်းများတို့သည် ထိုကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍၊ သူတို့၏လစာထဲမှနေပြီး ငွေအနည်းငယ်မျှကိုဖယ်ထားပြီးစုဆောင်းနိုင်ကြသည်အလျောက်၊ ဤသို့အားဖြင့် အရေးပေါ်ကိစ္စတစ်ရပ်ရပ်ကို ဖြေရှင်းနိုင်ကြရေးအတွက် သူတို့လုပ်ဆောင်သင့်ကြရာတွင် ထိုလုပ်ရပ်ကြောင့် ဌာနဆိုင်ရာဆေးရုံအတွက် ကောင်းချီးမင်္ဂလာတစ်ခုအဖြစ်ဖြင့် သူတို့ကိုကြိုဆိုလက်ခံကြမည်ဖြစ်သည်။

သို့သော်လည်း ကျွန်ုပ်တို့၏များပြားလှစွာသောဝန်ထမ်းများတို့တွင် များပြားလှပြီး၊ ကြီးမားလှသောတာဝန်ပိုင်းဆိုင်ရာ ရင်ဆိုင်ဖြေရှင်းစရာအများအပြားရှိနေကြပါသည်။ အလှည့်အပြောင်းတိုင်းတို့၌ ငွေကြေးဆိုင်ရာလိုအပ်မှုများပေါ်ပေါက်လာသောအခါ၊ သူတို့၏စံနမူနာ၏သြဇာသက်ရောက်မှုသည် အခြားသောသူတို့၏စေတနာထက်သန်စိတ်ရှိလာကြစေရေးအတွက် နှိုးဆွလှုံ့ဆော်ပေးခြင်းအားဖြင့် ဘုရားသခင်၏အမှုရေးရာတော်သည် တိုးတက်မှုရှိလာစေရေးအတွက် သူတို့အနေဖြင့် တစ်စုံတစ်ရာလုပ်ဆောင်ပေးရန်နှင့်ဦးဆောင်မှုပေးကြရန် တောင်းဆိုဆင့်ဆိုခြင်းခံလာရတတ်ပါသည်။





နယ်သစ်ပယ်သစ်များတို့တွင် စံနှုန်းစံထားကိုစိုက်ထူနိုင်ကြရန်အတွက် သူတို့သည် ဤကဲ့သို့မျိုးပြင်းပြသောစိတ်ဆန္ဒမျိုးကို ခံယူထားကြခြင်းအားဖြင့် မျိုးစုံလှသောလုပ်ငန်းရပ်များတွင် ကူညီကြရန်အတွက်၊ များစွာသောသူတို့ကလည်း ငွေများကိုချေးယူကူညီပေးကြဦးမည်ဖြစ်သည်။ ထိုသူတို့က တွန့်တိုသောစိတ်ဖြင့် ဆောင့်ကြီးအောင့်ကြီးထိုအထောက်အပံ့ငွေကြေးကို ထည့်ဝင်သည့်ပုံစံမျိုးမဟုတ်ဘဲ၊ ဤလုပ်ရပ်သည် သမ္မာတရားတော်၏ရှေ့ဆက်တိုးတက်ရေးအတွက် လုပ်ဆောင်ပေးခွင့်ရသောအခွင့်ထူးတစ်ရပ်အဖြစ်ဖြင့်ခံယူထားကြပါသည်။ ငွေကြေးများကိုတောင်းခံရန်အတွက် ဤသို့သောတုံ့ပြန်မှုတို့ကြောင့် သူတို့သည် မကြာခဏဖြင့်ပင် အနည်းငယ်မျှသောပိုငွေပြမှုဖြင့်သာ စာရင်းပိတ်လိုက်ရကြပါသည်။

အမှုရေးရာတော်နှင့်ပတ်သက်ပြီး သူတို့၏သဘောထားကြီးမှုကို ဘုရားသခင်က တိကျမှန်ကန်သောစာရင်းတစ်ခုကို ထိန်းသိမ်းထားတော်မူပါသည်။ သူသည် ငယ်ရွယ်သောလုပ်ဆောင်သူများတို့က တွေးတောစိတ်ကူး၍မရနိုင်သော သူတို့လုပ်ဆောင်ခဲ့ကြသည့် ကောင်းမြတ်သောအလုပ်အကြောင်းကို သိရှိနေတော်မူပါသည်။ သူတို့ကြိတ်မှိတ်တောင့်ခံထားခဲ့ရသော ဆင်းရဲနွမ်းပါးမှုနှင့် မိမိကိုယ်ကိုချုပ်တည်းခြိုးခြံခြင်းတို့ကို သတိပြုတော်မူခဲ့ပါသည်။ ဤအကြောင်းကိစ္စရပ်များနှင့်ပတ်သက်သည့် ပတ်ဝန်းကျင်အခြေအနေတိုင်းကို မှတ်သားထားတော်မူပါသည်။ ၎င်းအကြောင်းခြင်းရာအားလုံးတို့သည် အသက်စာစောင်ထဲတွင် ရေးသားထားတော်မူပြီဖြစ်ပါသည်။ ဤအမှုတော်ဆောင်များတို့သည် ကမ္ဘာမြေကြီးရှေ့တွင်လည်းကောင်း၊ ကောင်းကင်တမန်တို့ရှေ့တွင်လည်းကောင်း၊ ထို့အပြင် လူတို့ရှေ့တွင်လည်းကောင်း အောချလောက်သည့် ဆန်းပြားလှသောသူများအဖြစ် ရှိနေကြသည့်အပြင်၊ သူတို့သည် ကျွန်ုပ်တို့၏ဘာသာတရားဆိုင်ရာအခြေခံစည်းမျဉ်းများတို့၏မှန်ကန်ရိုးသားမှုတို့ကို စမ်းသပ်စစ်ဆေးသောရုပ်ပြသင်ခန်းစာတစ်ရပ်ပင်ဖြစ်ကြပါသည်။ ဤအမှုတော်တွင် ရှေ့ဆောင်လမ်းပြဖြစ်ကြသောသူများတို့သည် သူတို့အတွက် ကျွန်ုပ်တို့အဖွဲ့အစည်း၏လုပ်ကိုင်ဆောင်ရွက်ပေးမှုနှင့်ထိုက်တန်မှုရှိကြသည်ဆိုခြင်းကို ကျွန်ုပ်တို့၏လူတို့ကို ဘုရားသခင်က နားလည်သဘောပေါက်စေလိုတော်မူပါသည်။ ဘုရားသခင်က သူ၏အမှုတော်အတွင်းတွင် အသက်အရွယ်ကြီးရင့်လာသူတို့သည် ကျွန်ုပ်တို့၏ချစ်ခြင်းမေတ္တာ၊ ကျွန်ုပ်တို့၏ဂုဏ်ပြုမှုအပြင်၊ ကျွန်ုပ်တို့၏အနက်ရှိုင်းဆုံးသောလေးစားမှုများနှင့် ထိုက်တန်မှုရှိကြောင်းကို ကျွန်ုပ်တို့အား နားလည်စေလိုတော်မူပါသည်။

### အမှုတော်ဆောင်များတို့အတွက် ရန်ပုံငွေ

ဆက်လက်၍ ရေရှည်အလုပ်ကိုလုပ်ဆောင်နိုင်စွမ်းမရှိကြသော အမှုတော်ဆောင်များတို့အတွက် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားသင့်ပါသည်။ ဤကိစ္စနှင့်ပတ်သက်ပြီး၊ အကယ်၍သာ ကျွန်ုပ်တို့ကတာဝန်ယူမှုတိုင်းအတွက် ကြိုးပမ်းအားထုတ်ခြင်းမပြုကြပါက၊ ထို့အပြင် နှောင့်နှေးနေကြပါက ကျွန်ုပ်တို့သည် ဘုရားသခင်၏မျက်မှောက်တော်၌ အသိအမှတ်ပြုခံရခြင်းမရှိနိုင်ပါ။ ဤလှုပ်ရှားဆောင်ရွက်မှုနှင့်ပတ်သက်သော လိုအပ်ချက်တို့ကို သိရှိနိုင်ကြမည်မဟုတ်သည့်သူအချို့ ကျွန်ုပ်တို့အတွင်းတွင် ရှိနေကြသော်လည်း၊ သူတို့၏အတိုက်အခံပြုမှုတို့မှာမူ ကျွန်ုပ်တို့အပေါ်သြဇာသက်ရောက်မှုမရှိနိုင်ပါ။ သူတို့၏နှလုံးသားထဲအတွင်း အမှန်တရားရှိရန်နှင့်မှန်သည့်အရာတို့ကို လုပ်ကြရန်အတွက် ရည်ရွယ်ရင်းရှိနေကြသောသူတို့သည် ဘုရားသခင်က အောင်မြင်ပြီးဆုံးအောင် လုပ်ဆောင်စေလိုတော်မူသော ကောင်းမြတ်သောအလုပ်ကို သူတို့က ပြီးမြောက်အောင်လုပ်ဆောင်နိုင်ကြရေးအတွက် မရပ်မနား၊ တဖြည်းဖြည်းချင်းဖြင့် ရှေ့သို့တက်လှမ်းရကြမည်ဖြစ်သည်။ “Testimonies for the Church,” vol. 7, pp. 290-294.

## ဝတ်ပြုခြင်းအတွက်နေရာထိုင်ခင်းများ

တစ်စုံတစ်ရာသောမြို့ငယ်၊ သို့မဟုတ် မြို့ကြီးတစ်မြို့မြို့တွင် အသင်းတော်အပေါ်စိတ်ဝင်စားမှုအနေအထား လှုပ်လှုပ်ရှရှဖြစ်ပေါ်လာသောအခါ၊ ထိုစိတ်ဝင်စားမှုဆက်လက်အရှိန်ရလာစေရေးအတွက် လိုက်ပါတွန်းပို့ပေးရပါမည်။ ထိုနေရာတွင် လက္ခဏာသက်သေတစ်ခုအဖြစ် ဘုရားသခင်၏ဥပုသ်တော်နေ့ကို အမှတ်ရစေသော အမှတ်သညာတစ်ခုအဖြစ်နှင့် ကိုယ်ကျင့်တရားအမှောင်ထုအတွင်းတွင် မားမားမတ်မတ်ရပ်တည်နေသောအလင်းတိုင်တစ်ခုအဖြစ်ဖြင့် ထင်ပေါ်လာစေသည့်၊ သာမန်အဆောက်အဦတစ်ခုပေါ်ပေါက်လာသည်အထိ၊ အသေအချာလုံးပန်းဆောင်ရွက်ရပါမည်။ ဤအမှတ်တရဖြစ်စေသောအရာများတို့သည် သမ္မာတရားတော်၏သက်သေအမှတ်အသားများအဖြစ်ဖြင့် များစွာသောနေရာများတို့တွင် ပေါ်ထွက်လာရပါမည်။ ကမ္ဘာပေါ်ရှိ လူသူနေထိုင်ကြသောနေရာဒေသအားလုံးတို့၌ သမ္မာတရားတော်၏စံအမှတ်သညာတို့ကို တည်ထောင်ထားနိုင်သည်အထိ၊ ဘုရားသခင်သည် သူ၏ကရုဏာတော်အားဖြင့်



ဧဝံဂေလိတရားတော်၏စေတမန်တော်များတို့ကို လောကီနိုင်ငံအရပ်ရပ်၊ အသီးသီးသောဘာသာစကားတို့ကိုပြောဆိုကြသော လူအမျိုးအနွယ်ခပ်သိမ်းတို့ထံသို့အရောက်သွားကြရန်အတွက် စီစဉ်ပေးတော်မူပါသည်။

ယုံကြည်သူများအစုအဖွဲ့ပေါ်ပေါက်လာသည့် မည်သည့်နေရာတွင်မဆို ဝတ်ပြုကိုးကွယ်ခြင်းအတွက် အဆောက်အဦတစ်ခုကို တည်ဆောက်ထားသင့်ပါသည်။ ဤအလုပ်ကိုဆောင်ရွက်၍မပြီးမချင်း၊ အမှုတော်ဆောင်သည် ထိုနေရာမှနေပြီးခွာသွားခြင်းမပြုပါစေနှင့်။

သတင်းစကားတော်ကိုဟောပြောထားပြီးသော များစွာသောနေရာဒေသတို့တွင် ထိုသတင်းစကားတော်ကို လက်ခံလာခဲ့ကြသောသူတို့သည် အကန့်အသတ်ဖြင့်ရှိသော ပတ်ဝန်းကျင်အခြေအနေမျိုး၌ နေထိုင်နေရကြသော်လည်း၊ သူတို့သည် အမှုတော်အတွက်သိက္ခာတက်စေမည့်တစ်ပန်းသာမှုကို ကြိုးစားအားထုတ်ရယူနိုင်ရေးအတွက် အနည်းငယ်ဖြင့် ရှေ့တိုးလုပ်ဆောင်နိုင်ကြပါသည်။ အမှုတော်ကိုတိုးချဲ့နိုင်ရေးအတွက် မကြာခဏဖြင့်ပင် အခက်အခဲမျိုးဖြင့်ပေးဆပ်ရတတ်ပါသည်။ လူအများတို့သည် သမ္မာတရားတော်အပေါ် စိတ်ဝင်တစားရှိလာကြသည့်အလျောက်၊ အခြားသောခရစ်ယာန်အသင်းတော်များမှ အမှုတော်ဆောင်များတို့က သူတို့အကြောင်းကိုအတင်းအဖျင်းပြောဆိုပြီး၊ ထိုအသင်းတော်၏အသင်းဝင်သူများတို့မှတစ်ဆင့် ပဲ့တင်ထပ်လာသည့်စကားလုံးတို့မှာ “ဒီလူတွေက ဘုရားကျောင်းလည်းမရှိ၊ ခင်ဗျားတို့မှာဝတ်ပြုခြင်းအစီအစဉ်ကျင်းပဖို့နေရာလည်းမရှိကြဘူးပေါ့။ ခင်ဗျားတို့က အစုအဖွဲ့ငယ်ကလေးဖြစ်နေကြတဲ့အပြင်၊ ချို့တဲ့ပြီးစာမတတ်၊ ပေမတတ်တွေဘဲ။ တိုတောင်းတဲ့ကာလမှာပဲ ခင်ဗျားတို့ရဲ့အမှုတော်ဆောင်တွေက တခြားနေရာကိုထွက်သွားကြတော့မှာဖြစ်တဲ့အတွက် ခင်ဗျားတို့ရဲ့အသင်းတော်အပေါ် ခင်ဗျားတို့ရဲ့စိတ်ဝင်စားမှုတွေလည်း ပျောက်ကွယ်သွားကြမှာပဲ။ ဒီတော့ ခင်ဗျားတို့လက်ခံထားနေကြတဲ့ အတွေးအခေါ်တွေကို ခင်ဗျားတို့စွန့်လွှတ်ကြတော့မှာပါ” ဟူ၍ဖြစ်ပါသည်။ ဤစကားမျိုးသည် ကျွန်ုပ်တို့၏သမ္မာတရားတော်၏အကြောင်းတို့ကို သိရှိကြပြီး၊ သမ္မာတရားတော်အကြောင်းကိုပေးဝေရေးနှင့်ပတ်သက်၍ ဘုရားသခင်၏ဝိညာဉ်တော်၏ဖျောင်းဖျခြင်းခံရကြသောသူတို့အပေါ် ပြင်းထန်သောစုံစမ်းနှောင့်ယှက်ခြင်းအဖြစ်ဖြင့် သက်ရောက်လိမ့်မည်မဟုတ်ဟု ကျွန်ုပ်တို့တွေးထင်နိုင်ပါသလား။

သေးငယ်သောအစပျိုးမှုမှနေပြီး၊ ကြီးမားသောအကျိုးများတို့ဖြင့် ဖွံ့ဖြိုးကြီးထွားလာစေသည်ဆိုသည့်အချက်ကို ထက်ခါတလဲလဲဖြင့် ပြောဆိုနေကြပါသည်။ ကျွန်ုပ်တို့၏ရွေးနုတ်တော်မူသောအရှင်၏နိုင်ငံတော်ကြီးတွင် အကျိုးရလဒ်များတို့ကို တည်ဆောက်ထားခြင်းအမှု၌၊ အကယ်၍ ကျွန်ုပ်တို့ကသာ ဉာဏ်ပညာရှိရှိ၊ မွန်မြတ်သန့်ရှင်းသောဆုံးဖြတ်နိုင်စွမ်းအပြင်၊ ကျွမ်းကျင်မှုရှိသော ဦးဆောင်မှုစွမ်းရည်တို့ကို ပြသပေးနိုင်ကြပါက ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အမှုတော်ရေးရာတွင် တည်တည်ငြိမ်ငြိမ်ဖြင့် လုပ်ဆောင်နိုင်စွမ်းရှိကြသောသူများဖြစ်ကြသည်ကို သေချာစွာပြသနိုင်ကြရန်အတွက် ကျွန်ုပ်တို့၏အားလုံးသောစွမ်းအားဖြင့် ဆောင်ရွက်ကြမည်သာဖြစ်ပါသည်။ သာမန်အောက်ခြေဘုရားရှိခိုးကျောင်းတစ်ခုကို တည်ဆောက်ရမည်ဖြစ်ပြီး၊ ထိုဘုရားရှိခိုးကျောင်းကို သမ္မာတရားတော်ကိုလက်ခံလာကြသောသူတို့က ဘုရားသခင်အားဝတ်ပြုနိုင်ကြရန်အတွက် သူတို့၏မသိစိတ်အတွေးဖြင့် ရှာဖွေသတ်မှတ်ကြသောနေရာမျိုးတွင် တည်ဆောက်ပေးရပါမည်။

ဖြစ်နိုင်ပါက မည်သည့်အချိန်မျိုးတွင်မဆို ကျွန်ုပ်တို့အသင်းတော်၏အဆောက်အဦတို့သည် ကြွေးမြီကင်းသောအနေအထားမျိုးဖြင့်သာ ဘုရားသခင်ထံတော်၌ ဆက်ကပ်မှုခံရကြပါစေ။ အသင်းတော်တစ်ခုပေါ်ပေါက်လာသည်နှင့် အသင်းဝင်သူတို့အနေဖြင့် စတင်တည်ဆောက်ရကြပါမည်။ မိမိ၏လုပ်ဖော်ကိုင်ဖက်အမှုတော်ဆောင်များတို့၏အကြံဉာဏ်ပေးကြီးကြပ်မှုတို့အားဖြင့် အမှုတော်ဆောင်တစ်ယောက်၏ညွှန်ကြားမှုအားဖြင့် ပြောင်းလဲခြင်းသို့ရောက်ရှိလာကြသောသူတို့က သူတို့၏ကိုယ်တိုင်လုပ်ကိုင်မှုဖြင့်ဆောင်ရွက်ကြရင်း၊ "ကျွန်တော်တို့တစ်တွေဟာ ဝတ်ပြုစည်းဝေးဖို့အတွက် အဆောက်အဦတစ်ခုလိုအပ်နေကြတဲ့အတွက် ကျွန်တော်တို့ရကိုရကြရမယ်" ဆိုသည့်အတိုင်း ပြောဆိုရကြပါမည်။ ဘုရားသခင်သည် သူ၏အရေးအရာတော်အတွင်း သူ၏လူစုတော်တို့က ရွှင်လန်းစွာဖြင့်အပြင်၊ စည်းလုံးမှုရှိသော ကြိုးစားအားထုတ်မှုတို့ဖြင့် ပါဝင်ဆောင်ရွက်ကြရန်အတွက် တောင်းဆိုတော်မူပါသည်။ ဤလုပ်ဆောင်မှုသည် အောင်မြင်ပြီးမြောက်ပြီး၊ မကြာမီ၌တွင်ပင် "ထာဝရဘုရားတည်ဆောက်တော်မူသောအရာကို ကြည့်ရှုကြလော့" ဆိုသည့် ကျေးဇူးတော်ချီးမွမ်းခြင်းအသံကို ကြားရကြမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ၊ ဝတ်ပြုခြင်းအဆောက်အဦတစ်ခုကို တည်ဆောက်ရသည့် ဝန်ထုပ်ဝန်ပိုးတစ်ရပ်လုံးကို နုနယ်သေးသောအသင်းတော်တစ်ခုအနေဖြင့်



တစ်ချိန်တည်းဖြင့် အပြီးအပြတ်သယ်ပိုးနိုင်ရေးမှာ ပြဿနာအချို့ရှိနိုင်ပေမည်။ ဤပြဿနာတို့ကိုဖြေရှင်းရေးတွင် အခြားသောကျွန်ုပ်တို့၏အသင်းတော်များမှ အသင်းသားညီနောင်သားချင်းတို့က ဝင်ရောက်ကူညီပေးကြပါစေ။ အချို့သောပြဿနာများတို့တွင် ထိုဝတ်ပြုခြင်းအဆောက်အဦကို လုံးဝမဆောက်ဖြစ်သည်ထက် အခြားနေရာမှငွေကိုချေးယူပြီးဆောက်လိုက်သည်က ပိုကောင်းပါသည်။ အကယ်၍လူတစ်ယောက်က ငွေကြေးပြည့်စုံမှုရှိပြီး၊ တတ်နိုင်သလောက်သူပေးထားမည်ဆိုလျှင် အတိုးမဲ့အဖြစ်သော်လည်းကောင်း၊ သို့မဟုတ် နည်းပါးလှသောအတိုးဖြင့် ချေးငွေအဖြစ်သတ်မှတ်ထားခြင်းဖြင့် အကြွေးတင်ခံရမှုမှလွတ်ကင်းသွားသည်အထိ ငွေကြေးကိုအပ်ကျမပ်ကျသုံးစွဲနိုင်မည်ဖြစ်သည်။ သို့သော်လည်း ကျွန်ုပ်နောက်ထပ်တစ်ဖန်ပြန်လည်ပြောကြားလိုသည်မှာ အသင်းတော်ဆိုင်ရာအဆောက်အဦတို့ကို ကြွေးမြီကင်းကင်းဖြင့်သာ ဆက်ကပ်သင့်ကြပါသည်။

ကျွန်ုပ်တို့၏အသင်းတော်များတို့တွင်ရှိနေသော နောက်မီှပါရှိသည့်ခုံတန်းရှည်များတို့ကို အငှားချ၊ ငှားရမ်းခြင်းမပြုသင့်ပါ။ ငွေကြေးချမ်းသာသောသူတို့ကို မရှိဆင်းရဲသားများတို့၏အထက်တွင် ဦးစားပေးပြီးဂုဏ်ပြုချီးမြှောက်ခြင်းမပြုရပါ။ မည်သည့်ခွဲခြားသတ်မှတ်မှုမျိုးကိုမျှ မပြုလုပ်ရပါ။ ၎င်းကိစ္စနှင့်ပတ်သက်ပြီး (မဿဲ ၂၃:၈) တွင် "သင်တို့အပေါင်းသည် ညီအစ်ကိုချင်းဖြစ်ကြ၏" ဟူ၍ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏မည်သည့်အဆောက်အဦမျိုးကိုမျှ ပျော်ပွဲရွှင်ပွဲတင်ဆက်ပြသမှုမျိုးကိုမျှ မပြုလုပ်သင့်ကြပါ။ ဤကဲ့သို့လုပ်ဆောင်ခြင်းသည် ကျွန်ုပ်တို့၏အမှုတော်ကိုတိုးတက်စေနိုင်ခြင်းမရှိပါ။ ကျွန်ုပ်တို့အသင်းတော်၏စီးပွားရေးသည် ကျွန်ုပ်တို့၏အခြေခံစည်းမျဉ်းများတို့ကို ပေါ်လွင်ထင်ဟပ်မှုရှိစေရပါမည်။ ခဏမျှသာအသုံးပြုနိုင်မည့် အမှုတော်၏နည်းစနစ်မျိုးကို အသုံးမပြုသင့်ပါ။ ခိုင်မာတောင့်တင်းသောအနေအထားမျိုးဖြင့် အရာရာတိုင်းတို့ကိုပြီးမြောက်မှုရှိပါစေ။

အကြွေးတင်ခံပြီး အကြွေးတိုးလိုးတန်းလန်းနှင့်ဖြစ်နေသော လျော့ရဲသောနည်းလမ်းမျိုးကို အသုံးပြုနေကြသည့် အသင်းတော်အချို့တို့ကို ကျွန်ုပ်တွေ့မြင်ခဲ့ရပါသည်။ ဘုရားသခင်၏အိမ်တော်အပေါ်သို့ စဉ်ဆက်မပြတ်နိုင်သော အကြွေးပိနေသည့်ပြဿနာအချို့ရှိနေပါသည်။ သူတို့အနေဖြင့် အတိုးကိုစဉ်ဆက်မပြတ်ပေးနေရကြပါသည်။ ဤကဲ့သို့သောအခြေအနေမျိုးသည် မဖြစ်သင့်သည့်အပြင်၊ လိုလည်းမလိုအပ်ပါ။ အကယ်၍ ဘုရားသခင်ကပြဌာန်းထားတော်မူသောဉာဏ်ပညာ၊ ပရိယာယ်

ကြွယ်ဝမှုနှင့်အားမာန်တို့ကို အရှင်သခင်တော်အတွက် ထင်ရှားစေနိုင်ကြပါက၊ ဤအကြောင်းအရာများတို့သည် အပြောင်းအလဲတစ်ရပ်ဖြစ်ပေါ်လာမည်ဖြစ်သည်။ ကြွေးမြီများကို ပြီးပြတ်အောင်ရှင်းလင်းပစ်ရပါမည်။ ဘုရားသခင်သည် အလှူတော်ငွေများတို့ကို ပေးဆောင်နိုင်ကြသောသူတို့ထံမှအပြင်၊ မရှိနွမ်းပါးကြသော အသင်းဝင်များတို့သည်လည်း သူတို့၌ရှိနေကြသော အနည်းငယ်မျှတို့ကို ထည့်ဝင်ပေးကြရန် တောင်းခံတော်မူပါသည်။ မိမိကိုယ်ကိုခြိုးခြံချုပ်တည်းခြင်းသည် တစ်စုံတစ်ရာသော အရာကို အားလုံးဆောင်ရွက်စေနိုင်မည်ဖြစ်သည်။ အသက်ကြီးသူဖြစ်စေ၊ ငယ်ရွယ်သူဖြစ်စေ၊ မိဘများဖြစ်စေ၊ သားသမီးများဖြစ်စေ သူတို့၏ယုံကြည်ခြင်းတို့ကို သူတို့၏အလုပ်ဖြင့်ပြသပေးရကြပါမည်။ လူအယောက်တိုင်းတို့က တစ်စိတ်တစ်ပိုင်းဖြင့်ခံစားနေရကြသော မရှိမဖြစ်လိုအပ်ချက်မျိုးသည် အသင်းတော်အဖွဲ့ဝင်တို့အပေါ်သို့ အစွမ်းကုန်စွဲထင်မှုရှိပါစေ။ လူတိုင်းလူတိုင်းတို့ကို အကောင်းဆုံးသောလုပ်ဆောင်မှုမျိုးကို လုပ်ဆောင်ကြပါစေ။ တစ်စုံတစ်ရာလုပ်ဆောင်လိုသောဆန္ဒမျိုးရှိမည်ဆိုလျှင်၊ ဘုရားသခင်က လမ်းဖွင့်ပေးတော်မူမည်ဖြစ်သည်။ သူ၏အရေးအရာတော်သည် ကြွေးမြီအတွက်ကြောင့် နှောင့်နှေးကြံ့ကြာမှုရှိစေမည့်အနေအထားမျိုးကို ဘုရားသခင်က ပုံစံဖော်ထုတ်တော်မမူပါ။

ကိုယ်ကျိုးစွန့်အနစ်နာခံမှုမျိုးကို ဘုရားသခင်တောင်းခံတော်မူပါသည်။ ဤစိတ်ဓာတ်သည် ငွေကြေးပိုင်းဆိုင်ရာပါမက ဝိညာဉ်ရေးဆိုင်ရာကြွယ်ဝမှုမျိုးတို့ကို ဆောင်ယူပေးပါသည်။ မိမိကိုယ်ကိုချုပ်တည်းခြိုးခြံခြင်းနှင့် ကိုယ်ကျိုးစွန့်အနစ်နာခံခြင်းတို့သည် အသင်းတော်၏ဝိညာဉ်ရေးဆိုင်ရာထက်သန်မှု တိုးတက်လာစေရေးတွင် အံ့ဩလောက်စရာများတို့ကို ဖော်ဆောင်ပေးလိမ့်မည်ဖြစ်သည်။

မိမိတို့ဘာသာမိမိတို့ပြန်လည်ဖြေကြားရကြမည့် ခရစ်ယာန်တိုင်းအတွက် အစမ်းသပ်ခံမေးခွန်းမှာ "ငါ့ရဲ့အတွင်းအကျဆုံးသောအသက်ဝိညာဉ်ထဲကနေပြီး၊ သခင်ခရစ်တော်အတွက် အကြီးမားဆုံးသောချစ်ခြင်းမေတ္တာရှိပါရဲ့လား။ သူ့ရဲ့တဲတော်ကို ငါချစ်ခြင်းမေတ္တာရှိရဲ့လား။ သခင်ဘုရားရဲ့အထွတ်အမြတ်ဖြစ်တဲ့အဖွဲ့အစည်းအပေါ် ဦးစားပေးအရေးထားခြင်းဖြင့် ငါဟာထာဝရဘုရားရဲ့ဂုဏ်တော်ကို ချီးမြှောက်မှာလား။ ဘုရားသခင်နဲ့ကယ်ချွတ်တော်မူသောအရှင်သခင်တို့အပေါ် ငါထားရှိနေတဲ့ချစ်ခြင်းမေတ္တာဟာ ငါ့ရဲ့ကိုယ်ကျိုးအတ္တစိတ်ကို ငါငြင်းပယ်နိုင်တဲ့အနေအထားမျိုးကို ဦးတည်သွားစေနိုင်လောက်အောင် လိုအပ်တဲ့တောင့်တင်းခိုင်မာမှုရှိပါရဲ့လား။ အပျော်အပါးနဲ့ ကိုယ်ကျိုးဆန်တဲ့ လိုလားနှစ်သက်မှုတို့အပေါ် မွေ့လျော်စိတ်ရှိလာအောင် သွေးဆောင်



ခြင်းခံလာရပါက ငါ့အနေနဲ့ ဟေအေး၊ ဘုရားသခင်ရဲ့အိမ်တော်ဟာ အကြွေးတွေနဲ့ ပိနေတဲ့အချိန်မှာ ငါ့ရဲ့ကိုယ်ပိုင်ကျေနပ်အားရမှုအတွက် ငါဘာမှသုံးဖြုန်းမှာမဟုတ်ဘူး" ဟူ၍ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ကယ်ချွတ်တော်မူသောအရှင်သည် ကျွန်ုပ်တို့က ပြန်လည်ပေးအပ်ထားသည်ထက် အတိုင်းထက်အလွန်ရသင့်ရထိုက်တော်မူပါသည်။ ကိုယ်ကျိုးအတ္တစိတ်မည်သည် ဆန္ဒရမ္မက်ကိုဦးဆုံးပထမနေရာ၌ထားရှိရန်အတွက် ကြားဖြတ်စွက်ဖက်ဝင်ရောက်လာတတ်သော်လည်း၊ သခင်ဘုရားက စိတ်နှလုံးအကြွင်းမဲ့နှင့်ချစ်ခင်ကြင်နာမှုများတစ်ရပ်လုံးတို့ကိုသာ တောင်းခံတော်မူပါသည်။ သူ့အနေဖြင့် ဒုတိယနေရာအဖြစ်ဖြင့် အသတ်မှတ်ခံတော်မူမည်မဟုတ်ပါ။ သခင်ခရစ်တော်သည် ကျွန်ုပ်တို့၏ပထမဆုံးနှင့်အမြင့်မားဆုံးသောအရေးထားခံရမှုမျိုးတွင် ရှိသင့်တော်မမူပြီလား။ ဤအရာများတို့သည် အိမ်ထောင်မိသားစုအဝန်းအဝိုင်းနှင့် အသင်းတော်အတွင်းတို့၌ ကျွန်ုပ်တို့၏စိတ်အားထက်သန်မှုရှိသောအသက်တာအားဖြင့် အခြေခံထားနေကြပါသည်။ အကယ်၍ စိတ်နှလုံး၊ အသက်ဝိညာဉ်၊ ခွန်အား၊ အသက်တာများတို့သည် ဘုရားသခင်၏ထံတော်တွင် လုံးလုံးလျားလျားအညွှံခံကြပါက၊ အကယ်၍ သူ၏ထံတော်သို့ ချစ်ခင်ကြင်နာမှုတို့ကို ပေးအပ်ထားကြမည်ဆိုပါက ကျွန်ုပ်တို့သည်သူ့အား ကျွန်ုပ်တို့၏အမှုတော်လုပ်ငန်းအားလုံးတို့တွင် အထွတ်အထိပ်အနေအထားတွင် ထားရှိလာကြမည်ဖြစ်သည်။ ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်နှင့်ဟန်ချက်ညီစွာရှိနေကြပါက သူ၏ဂုဏ်အသရေတော်နှင့်ဘုန်းအသရေတော်အကြောင်းတို့နှင့်ပတ်သက်သော ကျွန်ုပ်တို့၏အတွေးတို့ကို ရှိရှိသမျှသောအရာအားလုံးတို့၏အကြောင်းခြင်းရာတို့ကို တွေးတောခြင်းထက် ကျွန်ုပ်တို့က အလျင်ဦးစားပေးလာကြမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ပေးကမ်းစွန့်ကြဲမှုများနှင့် ထည့်ဝင်ပေးကြသောအလှူတော်ငွေများတို့အားဖြင့် ဘုရားသခင်၏မျက်မှောက်တော်တွင် ကျွန်ုပ်တို့သည် မည်သူမျှပိုမို၍နှစ်သက်လိုလားတော်မူခြင်းကို ခံရကြမည်မဟုတ်ပါ။ အထွတ်အမြတ်ဖြစ်သောလုပ်ငန်းတွင် သခင်ခရစ်တော်နှင့်လုပ်ဖော်ဆောင်ဖက်များအဖြစ်သို့ ရောက်ရှိလာကြခြင်း၏အဓိပ္ပါယ်ကို သိရှိနိုင်စေသည့်အသိတရားမျိုး ကျွန်ုပ်တို့တွင်ရှိနေကြပါသည်။

သူ၏လူစုတော်တို့နှင့် ဘုရားသခင်ဆုံတွေ့တော်မူသောအိမ်တော်ကြီးကို သူ၏သစ္စာရှိကြသောသားသမီးတော်တို့က အမြတ်တနိုးနှင့်အထွတ်အမြတ်သဘောထားကြ

ရန်အတွက် အလိုရှိတော်မူပါသည်။ ဤအိမ်တော်ကို အကြွေးနွံတွင်းနစ်နေခြင်းကြောင့် အကြီးအကျယ်ထိခိုက်ပျက်စီးရသည့်အနေအထားမျိုးတွင် ပစ်ပယ်ထားခြင်းခံရမည့် အခြေအနေမျိုးမရှိရပါ။ ထိုကဲ့သို့သောအနေအထားမျိုးသို့ ရောက်ရှိသွားစေခြင်းသည် သင်၏ယုံကြည်ခြင်းကို သင်ကပြန်လည်ငြင်းပယ်ခြင်းနှင့်အလားတူသည့်အနေအထားသို့ ရောက်ရှိလုနီးပါးအခြေအနေမျိုးကို ပြသရာရောက်ပါသည်။ ဘုရားသခင်သည် သူ၏လူစုတော်တို့နှင့်တွေ့ဆုံပြီး ကောင်းချီးပေးတော်မူနိုင်သော အကြွေးနှင့်ကင်းသည့် အိမ်တော်တစ်ဆောင် အကယ်၍သာသင့်ထံတွင်ရှိနေမည်ဆိုပါက၊ သင်သည် ကြီးမားသောစွန့်လွှတ်ဆက်ကပ်ခြင်းကို လုပ်ဆောင်ရန်အတွက် အဆင်သင့်အနေအထားတွင် ရှိနေရာရောက်ပါသည်။

ကျွန်ုပ်တို့အတွင်းရှိ ဝတ်ပြုကိုးကွယ်ရာအိမ်တော်တိုင်းတွင် တင်ရှိနေသော ကြွေးမြီတိုင်းတို့သည် အကယ်၍သာ အသင်းတော်၏အသင်းသားများတို့အနေဖြင့် အမြော်အမြင်ရှိရှိဖြင့်အပြင်၊ စိတ်အားထက်သန်မှုကိုရော၊ ဖွဲမာန်များတို့ကိုပါ အားစိုက်ထည့်သွင်းပြီး အစီအစဉ်ချမှတ်ကြိုးပမ်းအားထုတ်ကြပါက ကျေသွားမည်ဖြစ်ပါသည်။ ထိုနောက်တွင် ကြွေးမြီများကျေသွားပြီးသည့်အခါတိုင်းတွင် သူ၏အိမ်တော်ကိုပြန်လည်ဆက်ကပ်ပေးသောသဘောမျိုးသက်ရောက်စေမည့် ကျေးဇူးတော်ချီးမွမ်းခြင်းဝတ်ပြုပွဲကို မဖြစ်မနေကျင်းပပေးရပါမည်။ “Testimonies for the Church,” vol. 6, pp. 100-104.

နောက်ထပ်အသစ်ပြန်လည်ဖွဲ့စည်းသော ယုံကြည်သူများအစုအဖွဲ့အတွက် စည်းဝေးရာအဆောင်တစ်ခုအတွက်လိုအပ်ချက်ကို ကျယ်ပြန့်သောမြင်ကွင်းကျယ်တစ်ခုအသွင်မျိုးဖြင့် ကျွန်ုပ်မြင်တွေ့ခဲ့ရပါသည်။ ဝတ်ပြုကိုးကွယ်ရန်အတွက် သာမန်အဆောင်များတို့ကို အလုပ်သမားများတို့က ဆောက်လုပ်နေကြသည်ကို ကျွန်ုပ်တွေ့မြင်ခဲ့ရပါသည်။ ယုံကြည်ခြင်းသို့ရောက်ရှိလာကြသော ထိုလူသစ်တို့က ရိုင်းပင်းကူညီလိုသောစိတ်ထားမျိုးဖြင့် တစ်တပ်တစ်အားပါဝင်ကူညီပေးကြသည့်အပြင်၊ ငွေကြေးတတ်နိုင်ကြသောသူတို့ကလည်း သူတို့၏ငွေကြေးများတို့ဖြင့် ထောက်ပံ့ပေးခဲ့ကြပါသည်။ ဝတ်ပြုရာဘုရားကျောင်း၏မြေအောက်ခန်းအပြင်၊ မြေညီထပ်တွင် ကလေးငယ်များအတွက် စာသင်ခန်းတစ်ခန်းကိုပါ ပြင်ဆင်ထားပေးပြီးနောက်၊ ၎င်းကိုစီမံကွပ်ကဲပေးရန်အတွက် ကျောင်းဆရာတစ်ယောက်ကိုပါ ပို့ထားပေးခဲ့ပါသေးသည်။ ထိုစာသင်ကျောင်းတွင် စာသင်သားများ များများစားစားမရှိလှသော်လည်း၊ ၎င်းလုပ်ကိုင်ဆောင်ရွက်မှုသည်





ပျော်စရာကောင်းသောအစပျိုးမှုတစ်ခုပင်ဖြစ်ခဲ့ပါသည်။ ကျွန်ုပ်သည် (ဆာလံ ၁၂၇း၁) တွင်ဖော်ပြထားသော “ထာဝရဘုရားသည် အိမ်ကိုဆောက်တော်မမူလျှင်၊ ဆောက်သောသူတို့သည် အချည်းနှီးလုပ်ဆောင်ကြ၏။ ထာဝရဘုရားသည် မြို့ကိုစောင့်တော်မမူလျှင်၊ ကင်းစောင့်တို့သည် အချည်းနှီးစောင့်ကြ၏” ဆိုသည့်သီချင်းများတို့ကို ကလေးငယ်များနှင့်မိဘများတို့ထံမှ ကြားခဲ့ရသည့်အပြင်၊ (ဆာလံ ၁၄၆း၁၊၂) တွင်ဖော်ပြထားသော “အိုငါ့ဝိညာဉ်၊ ထာဝရဘုရားကိုချီးမွမ်းလော့။ ငါသည် အသက်ရှင်စဉ်အခါ၊ ထာဝရဘုရားကိုချီးမွမ်းမည်။ ငါဖြစ်စဉ်ကာလပတ်လုံး ငါ၏ဘုရားသခင်ကို ထောမနာသီချင်းဆိုမည်” ဆိုသည့်သီချင်းကိုပါ သူတို့ထံမှကြားခဲ့ရပါသေးသည်။

အသင်းတော်များကိုတည်ထောင်ခြင်း၊ အစည်းအဝေးကျင်းပရန်အဆောင်များနှင့် စာသင်ကျောင်းအဆောက်အဦများတို့ကိုတည်ဆောက်ခြင်းတို့သည် မြို့ကြီးတစ်မြို့မှတစ်မြို့ဆီသို့ တိုးချဲ့ခဲ့သည်အလျောက်၊ အမှုတော်လုပ်ငန်းရှေ့သို့တက်လှမ်းနိုင်ရေးအတွက် ဆယ်ဖို့တစ်ဖို့အလှူငွေသည်လည်း တိုးတက်များပြားလာခဲ့ပါသည်။ အတည်တကျအခြေချနိုင်မှုတို့သည် တစ်နေရာတည်းတွင်သာမဟုတ်ဘဲ နေရာအများအပြားတို့တွင်တည်ရှိလာကြကာ၊ သခင်ဘုရားကလည်း သူ၏တပ်တော်စုကြီး အင်အားတိုးပွားလာရန်အတွက် လုပ်ဆောင်နေတော်မူပါသည်။

ဤအမှုတော်လုပ်ငန်းအတွင်းသို့ လူတန်းစားပေါင်းစုံမှလူများ ပါဝင်လုပ်ဆောင်ရကြပါမည်။ ကျွန်ုပ်တို့အတွင်းတွင် သန့်ရှင်းသောဝိညာဉ်တော်ကပါ၊ ပါဝင်လုပ်ဆောင်ပေးတော်မူသည်နှင့် သခင်ခရစ်တော်တည်ရှိတော်မူခြင်းအတွက် အဆင်သင့်အနေအထားတွင်ရှိမနေကြသေးသော အသက်ဝိညာဉ်များတို့သည်လည်း ဖျောင်းဖျစည်းရုံးပြောဆိုခြင်းကို ခံလာရကြပါသည်။ ထိုနောက်တွင် မည်သည့်အသင်းတော်တစ်စုံတစ်ရာတွင်ကိုမျှ နှစ်နှင့်ချီပြီးဝတ်ပြုခြင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ကြခြင်းမရှိကြသော များစွာသောလူတို့သည် ပြောင်းလဲခြင်းသို့ရောက်ရှိလာကြကာ၊ ကျွန်ုပ်တို့၏ဝတ်ပြုခြင်းအစည်းအဝေးသို့ တက်ရောက်လာခဲ့ကြပါသည်။ သမ္မာတရားတော်၏အကြွင်းမဲ့ချစ်သောစိတ်သည် သူတို့၏နှလုံးသားအတွင်းသို့ ရောက်ရှိသွားခြင်းပင်ဖြစ်ပါသည်။ ဆေးရွက်ကြီးနှင့်ပတ်သက်သောအရာတို့အပေါ် စွဲလမ်းနေကြသောဝါသနာအိုးကြီးများတို့သည် သူတို့အသည်းစွဲဖြစ်နေသောထိုအရာတို့ကို စွန့်လွှတ်ဆက်ကပ်လိုက်ကြသကဲ့သို့ အရက်သေစာသောက်သုံးသူကလည်း၊ သူ၏အရက်သေစာသောက်သုံးခြင်းကို ဖြတ်ပစ်လိုက်ပါသည်။ သူတို့၏အပြစ်များအတွက် ခွင့်လွှတ်တော်မူခြင်းနှင့်ပတ်သက်သော ဘုရားသခင်၏

ကတိတော်တို့ကို သူတို့ကယုံကြည်ခြင်းအားဖြင့် ဖမ်းဆုပ်ကိုင်စွဲထားခြင်းမရှိခဲ့ကြပါက ထိုလုပ်ရပ်မျိုးတို့ကို သူတို့လုပ်ဆောင်နိုင်ခဲ့ကြမည်မဟုတ်ပါ။

နှုတ်ကပတ်တော်အတွင်းတွင်ပါရှိသည်နှင့်အညီ သမ္မာတရားတော်သည် အဆင့်အတန်းမြင့်သူနှင့်နိမ့်ပါးနေသူ၊ ချမ်းသာကြွယ်ဝသူနှင့်မရှိဆင်းရဲနေကြသောသူ သတင်းစကားတော်ကိုလက်ခံရရှိပြီး ကျွန်ုပ်တို့နှင့်အပြင်ဘုရားသခင်နှင့်ပါ အတူတကွလုပ်ဆောင်ကြသောသူများအဖြစ်သို့ ရောက်ရှိလာကြသောသူများတို့ထံသို့ ရောက်ရှိလာသည်နှင့် ဟန်ချက်ညီညီဖြင့်လုပ်ဆောင်ကြမည့် တောင့်တင်းခိုင်မာသောအင်အားစုတစ်ခု ပေါ်ပေါက်လာမည်သာဖြစ်သည်။ ဤအလုပ်သည် ကျွန်ုပ်တို့ထမ်းဆောင်ရမည့်အလုပ်တာဝန်ဖြစ်ပါသည်။ ဤအလုပ်မျိုးကို ကျွန်ုပ်တို့၏မည်သည့်စခန်းသွင်းတိုင်ပင်ဆွေးနွေးခြင်းအလုပ်တွင်မျှ လျစ်လျူရှုမထားရပါ။ ဤအလုပ်သည် ဧဝံဂေလိတရားတော်တိုင်း၏အထူးတာဝန်ပိုင်းဆိုင်ရာကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ အနိမ့်ကျဆုံးသောအနေအထားအဆင့်တွင်ရှိနေကြသည့် အပယ်ခံများတို့အတွက်လုပ်ဆောင်ရေးတွင် ကိုယ်ရည်ကိုယ်သွေးတိုင်းကို အသုံးချရန် သတ်မှတ်ထားမည့်အစား၊ ကျွန်ုပ်တို့အနေဖြင့် သမ္မာတရားတော်၏အဆင့်အတန်းမြင့်တင်ရေးနှင့် ချမ်းသာသူများပါမက၊ မရှိဆင်းရဲသားများတို့အတွက်ကိုပါ လုပ်ကိုင်ဆောင်ရွက်ရေးအမှုတွင် ကျွန်ုပ်တို့နှင့်အတူတကွပူးပေါင်းဆောင်ရွက်ကြမည့် ယုံကြည်သူများတို့၏အစုအဖွဲ့တစ်ခုကို နေရာတိုင်းတွင်တည်ထောင်နိုင်ကြရန်အတွက် ကြိုးပမ်းလုပ်ဆောင်သင့်ကြပါသည်။ ဤသို့အားဖြင့် အသင်းတော်များတို့ကိုတည်ထောင်လိုက်နိုင်ကြသည်နှင့်အညီ၊ ခိုကိုးရာမဲ့များနှင့်အပယ်ခံများတို့အတွက် လုပ်ဆောင်ပေးကြမည့် ပံ့ပိုးကူညီပေးကြသူများ တိုးပွားများပြားလာကြမည်ဖြစ်သည်။ General Conference Bulletin, March, 1899.

ကျွန်ုပ်တို့၏ယုံကြည်ခြင်းမျိုးမရှိကြသော များစွာသောသူတို့သည် ခရစ်ယာန်များတို့ကို ဝတ္တရားအရပေးကမ်းကြရန်တာဝန်ရှိသည့် ထောက်ပံ့ကူညီမှုမျိုးကို တမ်းတနေကြပါသည်။ ဘုရားသခင်၏လူမျိုးတော်တို့အနေဖြင့် သူတို့၏အိမ်နီးချင်းများတို့အပေါ် စစ်မှန်သောစိတ်ဝင်စားမှုမျိုးကို ပြသပေးကြမည်ဆိုပါက ယခုကဲ့သို့သောကာလမျိုးတွင် များစွာသောသူတို့ထံသို့ အထူးတလည်ဖြစ်သော သမ္မာတရားတော်အကြောင်းတို့သည် ရောက်ရှိသွားကြမည်သာဖြစ်သည်။ သူတို့ရှိနေကြသောနေရာတို့တွင် ရှိနေကြသောလူတို့အား ကူညီခြင်းအမှုထက်၊ မည်သည့်အရာကမျှ ဂုဏ်ထူးဝိသေသလက္ခဏာ



မျိုးကိုပေးလိမ့်မည်၊ သို့မဟုတ် အမြဲတစေပေးနိုင်စွမ်းရှိမည်မဟုတ်ပါ။ "Testimonies for the Church," vol. 6, p. 280.

## အမှုတော်ဆောင်လုပ်ငန်းကိုဆန်းစစ်လေ့လာခြင်း

ဘုရားသခင်က သူတို့ကိုခေါ်တော်မူခြင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်သောသက်သေအထောက်အထားကို ပြသနိုင်ခြင်းမရှိဘဲ၊ လုပ်ငန်းခွင်အတွင်းသို့ အမှုတော်ဆောင်များအဖြစ်ဖြင့် သွားရောက်ကြရန်အတွက် လူတို့အားတိုက်တွန်းအားပေးခြင်းမပြုသင့်ပါ။ သူ၏သိုးတော်စုတို့အပေါ် စောင့်ရှောက်ပေးရသည့်ဝန်ထုပ်ဝန်ပိုးမျိုးကို သခင်ဘုရားက အရည်အချင်းမပြည့်မီသောလူတစ်ဦးချင်းတို့အပေါ် တာဝန်ပေးအပ်တော်မူမည်မဟုတ်ပါ။ ဘုရားသခင်ကခေါ်ယူအသုံးချတော်မူမည့်သူများတို့မည်သည့်နက်နဲသည့်အတွေ့အကြုံမျိုးရှိရကြမည့်အပြင်၊ အစမ်းသပ်ခံရဖူးပြီး ဆင်းရဲဒုက္ခကိုတွေ့ကြုံဖူးကာ၊ ယုံကြည်အားထားလောက်သောဆုံးဖြတ်ချက်ကို ချမှတ်နိုင်သူဖြစ်လျက်၊ နူးညံ့သိမ်မွေ့သောစိတ်ဓာတ်မျိုးဖြင့် အပြစ်တရားကိုပြစ်တင်ရှုတ်ချဝံ့မည့်သူလည်းဖြစ်၊ သို့မဟုတ် သိုးစုတော်တို့ကိုမည်ကဲ့သို့ပြုစုကျွေးမွေးရမည်ကိုပါ သိရှိနားလည်သည့်လူများလည်း ဖြစ်ရကြပါမည်။ ဘုရားသခင်သည် စိတ်နှလုံးအကြောင်းကိုသိရှိတော်မူသည်အားလျော်စွာ၊ မည်သူ့ကိုရွေးချယ်ရမည်ကိုပါ သိရှိတော်မူပါသည်။ "Testimonies for the Church," vol. 1, p. 209.

အမှုတော်ဆောင်များတို့အပေါ် ဆန်းစစ်သုံးသပ်ခြင်းကို အနည်းငယ်မျှလောက်သာလုပ်ဆောင်ခဲ့ကြသည့်အတွက် အသင်းတော်များတို့သည် ပြောင်းလဲခြင်းမရှိကြသည့်အပြင်၊ အရည်အသွေးညံ့ဖျင်းကြသော အမှုဆောင်များတို့၏လုပ်ကိုင်ဆောင်ရွက်ချက်မျိုးကိုသာ ရရှိနေကြပါသည်။ ထိုအရည်အသွေးညံ့ဖျင်းကြသော အမှုတော်ဆောင်တို့သည် ဘုရားသခင်၏အမှုရေးရာတော်အတွင်း အသင်းတော်၏သင်းဝင်သူများကကြီးမားသောအားမာန်နှင့်စိတ်အားထက်သန်မှုတို့ဖြင့် ပါဝင်ဆောင်ရွက်ကြရန် နှိုးဆော်ပေးရကြမည့်အစား၊ ထိုသင်းဝင်သူတို့က ငိုက်မျဉ်းကြလေအောင် နှစ်သိမ့်မှုပေးခဲ့ကြပါသည်။ ဆုတောင်းစည်းဝေးပွဲသို့တက်လာကြပြီး၊ ဟောင်းနွမ်းဆွေးမြေ့ကာ အလားတူပြီး၊ အသက်ကင်းမဲ့သောဆုတောင်းချက်များကို အကြိမ်ကြိမ်ထပ်တလဲလဲဆုတောင်းနေကြသည့်အပြင်၊ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော တရားဟောချက်များကိုလည်း

ရက်သတ္တပတ် တစ်ပတ်ပြီးတစ်ပတ် အပ်ကြောင်းထပ်ဟောပြောနေကြပါသည်။ သူတို့တွင် ဆန်းသစ်ပြီး၊ စိတ်ဓာတ်တက်ကြွစေသော တရားဟောချက်မျိုးကို ဝတ်ပြုသူပရိသတ်များတို့အား ဝေငှပေးနိုင်ခြင်းမရှိကြခြင်းဖြင့် သူတို့သည် ဘုန်းတော်ရှင်၏သဘောသဘာဝသွင်ပြင်နှင့် ဆက်ဆံသူများမဟုတ်ကြောင်းကို သက်သေပြကြရာရောက်ပါသည်။ လူ၏စိတ်နှလုံးထဲတွင် ယုံကြည်ခြင်းအားဖြင့် သခင်ယေရှုသည် ကိန်းဝပ်တော်မူခြင်းမရှိပါ။

ဘုရားသခင်၏သန့်ရှင်းသောပညတ်တရားတော်ကို စောင့်ရှောက်ပြီးပို့ချပေးသူအဖြစ်၊ မိမိကိုယ်ကိုထုတ်ဖော်ပြောဆိုကြရင်း ထိုပညတ်တရားတော်ကို စဉ်ဆက်မပြတ်ဖောက်ဖျက်ကျူးလွန်နေကြသောသူတို့သည် အပြစ်သားများနှင့်သမ္မာတရားတော်အပေါ်ယုံကြည်မှုရှိနေကြသောသူတို့နှစ်ရပ်လုံးတို့အတွက် ထိမိ၍လဲစရာဖြစ်စေသောအရာများအဖြစ်ဖြင့်သာ ရှိနေကြပါသည်။ ယေဟောဝါထာဝရဘုရား၏ပညတ်တရားတော်နှင့် သူ၏သားတော်ကို ဆုကျေးဇူးအဖြစ်ဖြင့်ပေးအပ်တော်မူခြင်းတို့အပေါ်၊ လူအများတို့က တိကျမှုမရှိသည့်အပြင်၊ လျော့ရိလျော့ရဲဖြင့်သာ သဘောထားနေကြခြင်းသည် ဘုရားသခင်အားစော်ကားသည့် လုပ်ရပ်တစ်ခုပင်ဖြစ်ပါသည်။ နေရာအနှံ့တွင် ပြန့်ကျဲနေသော၍ဆိုးယုတ်မှုမျိုးကို ပြန်လည်တည့်မတ်ပေးနိုင်သော တစ်ခုတည်းသောနည်းလမ်းမှာ၊ နှုတ်ကပတ်တရားတော်ကိုပို့ချပေးသော ဆရာတစ်ယောက်အဖြစ်သို့ ရောက်ရှိလာတော့မည့်လူတိုင်းတို့ကို အနီးကပ်ဖြင့် ဆန်းစစ်လေ့လာရမည့်နည်းလမ်းပင်ဖြစ်ပါသည်။ ဤတာဝန်ယူရမှုမျိုးကို ထမ်းရွက်ရကြမည့်သူတို့အနေဖြင့် ထိုနှုတ်ကပတ်တရားတော်ကို ပို့ချပေးသောဆရာဖြစ်လာမည့်သူ၏သမ္မာတရားတော်အပေါ် သက်ဝင်ယုံကြည်မှုရှိကြောင်းဝန်ခံခဲ့သည့်အချိန်က စတင်သည့်သမိုင်းကြောင်းနှင့် အကျွမ်းတဝင်ရှိနေသင့်ကြပါသည်။ သူ၏ခရစ်ယာန်ဆိုင်ရာအတွေ့အကြုံအပြင်၊ ကျမ်းစာတော်မြတ်နှင့်ပတ်သက်သည့် အသိဉာဏ်ဗဟုသုတနှင့် လက်ရှိသမ္မာတရားတော်ကိုကိုင်စွဲထားသော နည်းလမ်းဆိုင်ရာအချက်အလက်အားလုံးတို့ကို သိရှိနားလည်ထားရကြပါမည်။ ဘုရားသခင်၏အရေးအရာတော်များနှင့်ပတ်သက်ပြီး သူ၏ထံတွင်မှန်ကန်ပြီး ရှင်သန်မှုရှိသည့်အတွေ့အကြုံမျိုးရှိကြောင်းကို ထင်ထင်ရှားရှားပြသပေးနိုင်ခြင်းမရှိမချင်း ဘုရားသခင်၏အမှုရေးရာတော်တွင် လုပ်ဆောင်သူတစ်ယောက်အဖြစ်ဖြင့် မည်သူ့ကိုမျှလက်ခံခြင်းမပြုသင့်ပါ။



ကမ္ဘာကြီးသို့ သမ္မာကျမ်းစာတော်မြတ်ဆိုင်ရာ သမ္မာတရားတော်အကြောင်းကို သင်ကြားပို့ချပေးသော မြင့်မြတ်လှသည့်လုပ်ငန်းတွင် ဝင်ရောက်ဆောင်ရွက်ကြမည့်သူများတို့ကို သစ္စာစောင့်သိမှုရှိပြီး၊ အတွေ့အကြုံရင့်ကျက်သော သူတို့၏သေချာတိကျလှသည့်အရည်အချင်းစမ်းသပ်စစ်ဆေးခြင်းကို ခံယူသင့်ကြပါသည်။ ဤကဲ့သို့စမ်းသပ်စစ်ဆေးမှုကိုခံယူပြီးနောက် အတွေ့အကြုံအချို့ကိုရရှိကြပြီးသည့်နောက်၊ သူတို့နောက်ထပ်လုပ်ဆောင်ရမည့် အခြားသောအလုပ်များအဆင်သင့်ရှိနေသေးသည့်အလျောက်၊ သူတို့အနေဖြင့် ဘုရားသခင်လက်သင့်ခံထိုက်သောသူများဖြစ်သည်၊ မဖြစ်သည်ဆိုခြင်းကို သိရှိနိုင်ကြရေးအတွက် ဘုရားသခင်သည် သူ၏သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အရိပ်အယောင်ပြ၊ အသိပေးတော်မူရန်အတွက် ထိုသူတို့အား ထက်သန်သောစိတ်ဓာတ်ဖြင့်ဆုတောင်းပြီး၊ ထာဝရဘုရား၏မျက်မှောက်တော်၌ ပြသထားပေးရပါမည်။ တမန်တော်ရှင်ပေါလုက (၁တိ ၅း၂၂) တွင်၊ ထိုအကြောင်းနှင့်ပတ်သက်ပြီး "အဘယ်သူ၏အပေါ်၌ လက်ကိုအလျင်တဆောမတင်နှင့်။ . ." ဟူ၍ ဩဝါဒပေးထားခဲ့ပါသည်။ တမန်တော်တို့၏ခေတ်ကာလများတို့တွင် တည်ကြည်ခန့်ညားပြီး အထွတ်အမြတ်ဖြစ်သောဘုရားသခင်အတွက်ကိုယ်စားပြုပြောဆိုပေးရသောအနေအထားတွင် လုပ်ဆောင်ပေးရမည့်လူတို့ကို ရွေးချယ်ပေးခြင်း၊ သို့မဟုတ် လက်ခံသသောတူခြင်းအတွက် မိမိတို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်အပေါ် အမှီပြုလုပ်ဆောင်ခြင်းတို့ကို အမှုတော်ဆောင်များတို့သည် ဝံ့ရဲ့ခြင်းမရှိခဲ့ကြပါ။ သူတို့သည် သူတို့၏ဝေဖန်ပိုင်းခြားနိုင်စွမ်းတို့အားဖြင့် ရွေးချယ်ပြီးကြသောသူတို့ကို သခင်ဘုရား၏ကိုယ်စားပြုသူများအဖြစ်ဖြင့် သွားရောက်လုပ်ဆောင်ကြခြင်းကို လက်ခံတော်မူမည့်အနေအထားမျိုးရှိသည်၊ မရှိသည်ကို သိရှိကြရန်အတွက် ထိုလူတို့ကို သခင်ဘုရားသခင်၏မျက်မှောက်တော်တွင် ထားရှိခဲ့ကြပါသည်။ ယခုကဲ့သို့သောကာလမျိုးတွင် ထိုကဲ့သို့သောလုပ်ဆောင်မှုမျိုးထက် မလျော့သောလုပ်ဆောင်ချက်မျိုးကို လုပ်ဆောင်ရကြပါမည်။

များစွာသောနေရာတို့တွင် အသင်းတော်၏အကြီးအကဲအဆင့်အတန်းမျိုးအတွက် အရည်အချင်းပြည့်မီခြင်းမရှိကြဘဲ တာဝန်ကြီးလှသည့်ထိုအနေအထားမျိုးတို့တွင် လျင်မြန်စွာဖြင့် အလျင်စလိုရောက်ရှိသွားကြသည့်လူများတို့ကို ကျွန်ုပ်တို့တွေ့မြင်သိရှိနေရကြပါသည်။ ထိုသူတို့သည် မိမိတို့ကိုယ်ကိုပင် သင့်လျော်၊ လျော်ကန်စွာဖြင့်ထိန်းသိမ်းကြခြင်းမရှိကြပါ။ သူတို့ထံ၌ညံ့ဖျင်းလှသော ဩဇာသက်ရောက်မှုမျိုးသာရှိနေကြပါသည်။ ဦးဆောင်ဦးရွက်ခေါင်းဆောင်တို့၏ ညစ်ထေးလှသောအကျင့်စရိုက်တို့၏

အကျိုးဆက်ကြောင့် အသင်းတော်သည်လည်း ပြဿနာပဋိပက္ခများတို့ဖြင့်သာ အဆက်မပြတ်ရင်ဆိုင်ဖြေရှင်းနေရပါသည်။ ထိုသို့ဖြစ်ရသည်မှာလည်း လက်တင်မင်္ဂလာကို ပေးပိုင်ခွင့်ရှိသောလူတို့သည် ထိုကဲ့သို့သောလူများတို့အပေါ် အလျင်စလိုနိုင်လှစွာဖြင့် မိမိတို့၏လက်ကို တင်ထားလိုကြခြင်းကြောင့်သာဖြစ်ပါသည်။

ဘုရားသခင်၏အမှုတော်ဆောင်များတို့သည် နာမည်ကောင်းရှိရကြမည့်အပြင် အမှုတော်နှင့်ပတ်သက်ပြီး စိတ်ဝင်စားမှုရှိကြရေးအတွက် အခြားသူတို့အားနှိုးဆော်ပေးပြီးသည့်နောက်ပိုင်း၊ ထိုစိတ်ဝင်စားကြမှုကိုစီမံခန့်ခွဲရာတွင် အပြောအဆိုလိမ္မာသိသိပ်စွာဖြင့် လုပ်ဆောင်နိုင်စွမ်းရှိရကြပါမည်။ သူတို့ကိုယ်စားပြုပေးကြသောအမှုရေးရာကို အရှက်ရစေသည့်အစား၊ ဂုဏ်ရှိန်မြှင့်တင်ပေးကြမည့် အရည်အချင်းပြည့်မီသူတို့၏ လိုအပ်မှုများအတွက် ကျွန်ုပ်တို့က အစားဝင်ဖြည့်ဆည်းပေးရပါမည်။

အမှုတော်ဆောင်များတို့ကို ယခုခေတ်ကာလအတွက် သမ္မာတရားတော်အပေါ်၊ ထက်မြက်လှသောရှုမြင်သုံးသပ်မှုမျိုးရှိကြသည်၊ မရှိကြသည်ကို သိရှိရရေးအတွက်၊ ထူးခြားလှသည့်ဆန်းစစ်မှုမျိုးဖြင့် စမ်းသပ်စစ်ဆေးရပါမည်။ သို့မှသာလျှင်သူတို့သည် အနာဂတ္တိဟောပြောချက်များ၊ သို့မဟုတ် လက်တွေ့ကျသောအကြောင်းအရာများတို့နှင့် ဆက်စပ်မှုရှိသော ဟောပြောပို့ချချက်မျိုးကို ပေးစွမ်းနိုင်ကြမည်ဖြစ်သည်။ အကယ်၍သာ သူတို့သည် သမ္မာကျမ်းစာဆိုင်ရာအကြောင်းအရာများတို့ကို ရှင်းလင်းစွာဖြင့်ဝေငှ ပေးနိုင်ခြင်းမရှိကြပါက သူတို့အနေဖြင့် နာကြားသူများနှင့်သင်ယူသူများအဖြစ်မျိုးဖြင့်သာ ရှိနေသေးသင့်ကြပါသည်။ သမ္မာကျမ်းစာတော်၏သမ္မာတရားတော်ဆိုင်ရာ သင်ကြားပို့ချပေးကြသောဆရာများအဖြစ်သို့ ရောက်ရှိလာကြရေးအတွက် သူတို့သည် ကျမ်းစာတော်မြတ်ကို စိတ်အားထက်သန်စွာဖြင့်အပြင် ဆုတောင်းခြင်းအပြည့်အဝတို့ဖြင့် ရှာဖွေလေ့လာပြီးနောက်၊ ထိုကျမ်းစာတော်မြတ်အပေါ် တတ်ကျွမ်းနားလည်နိုင်သောသူများအဖြစ်သို့ ရောက်ရှိလာရကြပါမည်။ ဤလုပ်ဆောင်မှုများအားလုံးတို့ကို လုပ်ငန်းခွင်နယ်ပယ်သို့ လူတို့ကိုစေလွှတ်ခြင်းမပြုမီ၊ သတိရှိရှိဖြင့်အပြင် ဆုတောင်းခြင်းအပြည့်အဝတို့ဖြင့် စဉ်းစားဆုံးဖြတ်ပေးရပါမည်။ "Testimonies for the Church," vol. 4, pp. 406, 407.

အမှုတော်ဆောင်တစ်ယောက်၏အထွတ်အမြတ်ဖြစ်သော အလုပ်အပေါ်ဂုဏ်ယူ အသိအမှတ်ပြုတတ်သည့်အပြင်၊ အနာဂတ်တွင်ကြုံတွေ့ရမည့် ဒုက္ခဆင်းရဲခြင်းနှင့်နှိပ်စက်ညှဉ်းပန်းမှုတို့အပေါ် စိုးရိမ်ကြောက်လန့်ခြင်းမရှိခဲ့သည်သာမက၊ သင်ကြားပို့ချပေးခံရမှုကို လိုလိုလားလားရှိသူတစ်ယောက်အဖြစ်ဖြင့် တိမောသေအား ရှင်ပေါလုကရှုမြင်



ခဲ့ပါသည်။ သို့သည့်တိုင် တမန်တော်ရှင်ပေါလုအနေဖြင့် အမှုတော်ဆောင်ခဲ့ဖူးခြင်း မရှိသေးသော လူငယ်လူရွယ်တစ်ယောက်ဖြစ်သည့်တိမောသေအား သူ၏အကျင့်စရိုက်နှင့်သူ၏အတိတ်ကကျင်လည်ခဲ့သည့်အသက်တာအကြောင်းကို အပြည့်အဝကျေနပ်လောက်စရာမဖြစ်မချင်း၊ ဧဝံဂေလိတရားတော်နှင့်ပတ်သက်သော အမှုတော်လုပ်ငန်း အတွင်း သင်တန်းပေးခြင်းအတွက် တာဝန်ယူရမည့်စွန့်စားခြင်းမျိုးကို မလုပ်ဆောင်ခဲ့ပါ။

တိမောသေ၏ဖခင်သည် ဟေလသ (ဂရိ) လူမျိုးတစ်ယောက်ဖြစ်ပြီး၊ သူ၏မိခင်မှာ ယုဒအမျိုးသမီးတစ်ယောက်ဖြစ်ခဲ့ပါသည်။ သူ၏အိမ်ထောင်မိသားစုအသက်တာအတွင်း သူတွေ့မြင်ခဲ့ရသည့် ဘုရားတရားကိုင်းရှိုင်းမှုအနေအထားမှာ၊ အားထားယုံကြည်လောက်ပြီး စဉ်းစားချင့်ချိန်မှုရှိသောအနေအထားတွင် ရှိနေခဲ့ပါသည်။ တိမောသေသည် ငယ်စဉ်မှစပြီး ကျမ်းစာတော်မြတ်အကြောင်းကို သိရှိခဲ့ပါသည်။ အထွတ်အမြတ်ဖြစ်သောဗျာဒိတ်တော်များအပေါ်၊ သူ၏မိခင်နှင့်အဘွားဖြစ်သူတို့၏ယုံကြည်ခြင်းတို့အားဖြင့် ဘုရားသခင်၏အလိုတော်အတိုင်းလုပ်ဆောင်ခြင်းဖြင့် ကောင်းချီးမင်္ဂလာကိုခံစားရသည်ဆိုသည့်အကြောင်းအရာသည် သူ့အတွက်အတောမသတ်သော သတိပေးချက်တစ်ခုဖြစ်ခဲ့ပါသည်။ တိမောသေကို ဘုရားတရားကြည်ညိုကြသော ဤအမျိုးသမီးနှစ်ဦးတို့က ထိန်းကျောင်းပေးခဲ့သော စည်းမျဉ်းစည်းကမ်းတို့မှာ ဘုရားသခင်၏နှုတ်တော်ထွက်သာဖြစ်ခဲ့ပါသည်။ သူတို့ထံမှတိမောသေလက်ခံရရှိခဲ့သော သင်ခန်းစာများဆိုင်ရာ ဝိညာဉ်တော်၏တန်ခိုးသည် သူ၏ပြောဆိုမှုတွင်စင်ကြယ်မှုရှိရန်နှင့် သူ့အားဝိုင်းပတ်ထားခဲ့သော ဆိုးညစ်သည့်သြဇာသက်ရောက်မှုတို့ကြောင့် ယုတ်ညံ့ညစ်ပေခြင်းမရှိနိုင်ရေးအတွက် သူ့အားစောင့်ရှောက်ကာကွယ်ပေးခဲ့ပါသည်။ သူ၏အိမ်ထောင်မိသားစုဆိုင်ရာ ညွှန်ကြားပေးကြသူတို့သည် ဝန်ထုပ်ဝန်ပိုးတို့ကိုသယ်ပိုးနိုင်ရန်အတွက် ဤကဲ့သို့သော နည်းမျိုးဖြင့် သူ့အားပြင်ဆင်ပေးထားရာတွင် ဘုရားသခင်နှင့်အတူတကွ ပူးပေါင်းလုပ်ဆောင်ခဲ့ကြပါသည်။

ရှင်ပေါလုသည် တိမောသေကို သစ္စာစောင့်သိပြီး၊ တည်ကြည်မှုရှိကာ၊ ဖြောင့်မတ်သောသူတစ်ယောက်အဖြစ်ဖြင့် မြင်တွေ့ခဲ့ရသည်အလျောက် ခရီးသွားရာတွင်လည်းကောင်း၊ အမှုတော်ကိုဆောင်ရွက်ရာတွင်လည်းကောင်း လုပ်ဖော်ကိုင်ဖက်အဖြစ်ဖြင့် ရွေးချယ်ခဲ့ပါသည်။ တိမောသေ၏ကလေးဘဝကတည်းက သင်ကြားပို့ချပေးခဲ့ကြသော သူတို့သည် သူတို့ကြည့်ရှုစောင့်ရှောက်မှုကိုခံယူခဲ့သောသားသည် ကြီးကျယ်မြင့်မြတ်

လှသောတမန်တော်ကြီးနှင့် အနီးကပ်အပေါင်းအသင်းပုံစံမျိုးဖြင့် ချိတ်ဆက်မိသည်ကို တွေ့ရှိခဲ့ရကြသည့် ချီးမြှင့်ခြင်းမျိုးကို ခံယူရရှိခဲ့ကြပါသည်။

(၁တိ ၁း၂) တွင်ဖော်ပြထားသည့် "... ငါ့သားစစ်ဖြစ်သော တိမောသေကို့ . .အတိုင်း၊ ရှင်ပေါလုသည် တိမောသေကိုအလွန်ချစ်ခင်လှပါသည်။ ကြီးမြတ်လှသောတမန်တော်ကြီးသည် ငယ်ရွယ်သူ၊ သူ၏တပည့်ကလေးအား ပြောရဲဆိုရဲရှိလာအောင် လေ့ကျင့်ပြောဆိုရန်အတွက် တိုက်တွန်းအားပေးခဲ့သည့်အပြင်၊ ကျမ်းစာတော်မြတ်ဆိုင်ရာ သမိုင်းအကြောင်းနှင့်ပတ်သက်ပြီး သူ့အားမေးမြန်းကာ၊ တစ်နေရာမှတစ်နေရာသို့ ခရီးထွက်သွားခဲ့ရကြသည့်အလျောက် အမှုတော်ကိုအောင်မြင်မှုရှိအောင် မည်ကဲ့သို့လုပ်ဆောင်ရမည်ကိုပါ သူ့အားသေချာစွာဖြင့် သင်ကြားပို့ချပေးခဲ့ပါသည်။ တိမောသေနှင့်အတူ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ခဲ့သမျှအားလုံးတို့၌ ရှင်ပေါလုရော၊ သိလကပါ တိမောသေ၏စိတ်အတွေးအတွင်း ချမှတ်ထားရှိနှင့်ပြီးသော ဧဝံဂေလိတရားတော်ဆိုင်ရာ အမှုတော်ဆောင်လုပ်ငန်း၏အထွတ်အမြတ်ဖြစ်ပြီး၊ အရေးကြီးလှသည့်သဘောသဘာဝအကြောင်းနှင့်ပတ်သက်သော အသွင်ခတ်နိုပ်မှုကို လေးနက်ခြင်းရှိစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ "Acts of the Apostles," pp. 203, 204.

တိမောသေသည် သူ၏အမှုတော်လုပ်ငန်းအတွင်း ရှင်ပေါလု၏အကြံဉာဏ်နှင့်ညွှန်ကြားချက်တို့ကို တောင်းခံရယူခဲ့ပါသည်။ သူသည် စေ့ဆော်မှု၏ပုံသွင်းမှု "စံ" အတွင်းမှနေပြီး၊ မည်သို့မျှရွေ့လျော့သွားခြင်းမရှိခဲ့ပါသော်လည်း စဉ်းစားသုံးသပ်ဆင်ခြင်မှုနှင့် တည်ငြိမ်သောအတွေးအခေါ်တို့ကို အလေ့အကျင့်ပြုလုပ်ခဲ့ကာ အဆင့်တိုင်း၊ ခြေလှမ်းတိုင်းတို့တွင် အမြဲတစေစူးစမ်းခဲ့သည်အလျောက် ဤလုပ်ရပ်သည် သခင်ဘုရား၏နည်းလမ်းဖြစ်နေပါသလား။ Idem, p. 205.

## လက်တင်မင်္ဂလာအခမ်းအနား

ဤအခမ်းအနားနှင့်ပတ်သက်ပြီး (တမန်တော် ၁၃း၁၊၂) တွင်၊ "အန္တိအုတ်မြို့တွင်ရှိသောအသင်းတော်၌ ဗာနဗမှစ၍ နိဂါဟုခေါ်ဝေါ်သောရှုမောင်၊ ကုရေနေပြည်သားလုကိ၊ စော်ဘွားဟေရုဒ်၏သူငယ်ချင်းအရင်းဖြစ်သောမာနင်နှင့် ရှောလုတည်းဟူသော ပုရောဖက်ပြုသူ၊ ဆရာပြုသူရှိကြ၏။ ထိုသူတို့သည် သခင်ဘုရားဝတ်ကိုပြု၍ အစာ





ကိုရှောင်ကြစဉ်၊ သန့်ရှင်းသောဝိညာဉ်တော်က ငါခန့်ထားသောအမှုကိုဆောင်ရွက်စေခြင်းငှာ၊ ဗာနဗနှင့်ရှောလုတို့ကို ရွေးချယ်ခန့်ထားကြလော့ဟု မိန့်တော်မူသည်အတိုင်း" ဟူ၍ဖော်ပြထားပါသည်။ ဤတမန်တော်တို့ကို သာသနာပလူတို့ဒေသဆီသို့ သာသနာပြုဆရာများအဖြစ်ဖြင့်မပို့ဆောင်ကြမီ သူတို့အားဘုရားသခင်ထံတော်သို့ တည်ကြည်လေးနက်မှုရှိသော ဆက်ကပ်အပ်နှံခြင်းအဖြစ်ဖြင့် အစာရှောင်ခြင်း၊ ဆုတောင်းခြင်းတို့ကိုပြုလုပ်ပြီးနောက် သူတို့အပေါ်သို့လက်ကိုတင်ထားခဲ့ရကြပါသည်။ ဤသို့အားဖြင့် သူတို့သည် အသင်းတော်၏အာဏာကုန်လွှဲအပ်ခြင်းခံရပြီးသည့်အလျောက် သူတို့သည် သမ္မာတရားတော်အကြောင်းကို သင်ကြားပို့ချပေးရကြသည်သာမကဘဲ ရေနှစ်ခြင်းမင်္ဂလာအခမ်းအနားပွဲကို ကျင်းပပေးရကြမည့်အပြင်၊ အသင်းတော်တို့ကို စည်းရုံးစုစည်းပြီးသည်နောက် အသင်းတော်နှင့်သက်ဆိုင်သော လုပ်ပိုင်ခွင့်အာဏာရာထူးကို အပြည့်အဝအပ်နှင်းခြင်းခံရပြီးဖြစ်သွားပါသည်။

ယခုအချိန်ကာလတွင် ခရစ်ယာန်အသင်းတော်သည် အရေးကြီးသောခေတ်ကာလဆီသို့ ဝင်ရောက်လာနေပြီဖြစ်ပါသည်။ ဧဝံဂေလိသတင်းစကားတော်ကို တစ်ပါးအမျိုးသားတို့အတွင်း ကြေညာသောအလုပ်သည် ယခုအခါတွင် အားနှင့်မာန်နှင့်ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပြီး၊ ဤသို့လုပ်ဆောင်ခြင်းကြောင့် ရရှိလာမည့်အကျိုးရလဒ်မှာ အသက်ဝိညာဉ်တို့၏ကြီးမားသောပေါင်းစည်းမှုတစ်ခုအားဖြင့် အသင်းတော်သည် အားကောင်းခိုင်ခံ့လာမည်ဖြစ်သည်။ ဤလုပ်ငန်းတွင်ဦးဆောင်မှုပေးရန်အတွက် ခန့်အပ်ထားခြင်းခံရသောတမန်တော်များတို့အနေဖြင့် သံသယသမားများ၊ မလိုမုန်းထားစိတ်ရှိကြသူများနှင့် မနာလိုဝန်တိုစိတ်ရှိကြသူများတို့၏မျက်နှာစာ၌ ထင်သာမြင်သာရှိနေကြမည်သာဖြစ်ပါသည်။ (ဧဖက် ၂း၁၅) တွင်ဖော်ပြထားသော "... ပိုင်းခြားလျက်ရှိသော စပ်ကြားအုတ်တံတိုင်းနံရံ. . ." ဆိုသည့် အချိန်ကြာမြင့်စွာကတည်းကပင် ယုဒလူမျိုးများနှင့်တစ်ပါးအမျိုးသားများတို့၏အသိုက်အဝန်းလောကကို ပိုင်းခြားခွဲခြားထားခဲ့သည့်အကာအရံကို ဖြိုချပစ်ရေးအကြောင်းနှင့်ပတ်သက်သော သူတို့၏သင်ကြားပို့ချချက်များတို့သည် သူတို့အား မိစ္ဆာဒိဋ္ဌိတို့၏ကြီးကြပ်မှုအောက်တွင် လက်အောက်ခံအဖြစ်ဖြင့် အလွယ်တကူကျရောက်သွားစေနိုင်သည့်အပြင်၊ ဧဝံဂေလိတရားတော်၏အမှုတော်ဆောင်များအဖြစ်ဖြင့် ရှိနေသောသူတို့၏လုပ်ပိုင်ခွင့်ဩဇာအာဏာနှင့်

ပတ်သက်ပြီး၊ စိတ်အားကြီးပြီး ယုံကြည်မှုလွန်ကဲနေကြသော များပြားလှသည့်ယုဒလူမျိုးများတို့အတွက် မေးခွန်းထုတ်စရာဖြစ်လာပေလိမ့်မည်။

ဘုရားသခင်သည် သူ၏အစေကျွန်များတို့ကြုံတွေ့ရကြမည့် အခက်အခဲများတို့ကို ကြိုတင်သိရှိတော်မူခဲ့သည်အလျောက်၊ သူတို့ဆောင်ရွက်ရကြသည့်အမှုတော်လုပ်ငန်းသည် စိန်ခေါ်မှု၏အထက်တွင်သာ ရှိနေစေရန်အတွက် သူသည် သူ၏ထိုအစေကျွန်တို့အား အမှုတော်လုပ်ငန်းအတွက် လူသိရှင်ကြားဖြင့် သီးသန့်ဖယ်ထားကြရန် သူ၏ဗျာဒိတ်တော်အားဖြင့် အသင်းတော်ကိုညွှန်ကြားတော်မူခဲ့ပါသည်။ ထိုသူတို့ကိုပေးသော လက်တင်မင်္ဂလာအခမ်းအနားသည် ဧဝံဂေလိတရားဆိုင်ရာ ဝမ်းမြောက်ဖွယ်ဖြစ်သောသတင်းစကားတော်တို့ကို တစ်ပါးအမျိုးသားတို့ထံသို့ သယ်ယူပို့ဆောင်ပေးနိုင်ကြရေးအတွက် သူတို့၏ဘုန်းတော်ရှင်၏ခန့်အပ်တော်မူခြင်းကို လူပုံအလယ်တွင် အသိအမှတ်ပြုခံရရေးအတွက် ကျင်းပခဲ့သည့်အခမ်းအနားဖြစ်ပါသည်။

ရှင်ပေါလုရော ဗာနဗနှစ်ဦးလုံးတို့သည် ဘုရားသခင်ကိုယ်တော်တိုင်ထံမှပေးအပ်တော်မူသော အထူးတာဝန်ကို လက်ခံရယူခဲ့ကြပြီးဖြစ်ကြသည့်အလျောက်၊ လက်တင်မင်္ဂလာအခမ်းအနားသည် သူတို့၏အရည်အချင်းပြည့်မီမှုအပေါ်တွင် အသစ်သောတင့်တယ်ခြင်း၊ သို့မဟုတ် ပိုမို၍အရည်အချင်းပြည့်မီလာစေခြင်းမျိုးကို ထပ်မံမဖြည့်ဆည်းနိုင်ပါ။ ဤလုပ်ရပ်သည် ရွေးချယ်ခန့်အပ်ခြင်းခံရမှုတစ်ခုနှင့် ဌာနအတွင်းရှိတစ်ဦးတစ်ယောက်၏လုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုသည့်ပုံစံတစ်ခုသာဖြစ်ပါသည်။ ၎င်းနည်းအားဖြင့် အသင်းတော်၏တံဆိပ်သည် ဘုရားသခင်၏အမှုတော်လုပ်ငန်းအပေါ်တွင် ခတ်နှိပ်ခဲ့ပြီးသားဖြစ်သွားပါသည်။

ယုဒလူမျိုးများအတွက်မှာ ဤသွင်ပြင်ပုံစံမျိုးသည် အရေးပါအရာရောက်လှသော ပုံစံတစ်ခုဖြစ်ပါသည်။ ယုဒလူမျိုးဖခင်တစ်ယောက်သည် သူ၏သားသမီးတို့အား ကောင်းချီးမင်္ဂလာပေးခဲ့ရာတွင် သူတို့၏ဦးခေါင်းပေါ်သို့ သူ၏လက်တို့ကိုကြည်ညိုလေးစားသမှုဖြင့် တင်ထားပေးခဲ့ပါသည်။ တိရစ္ဆာန်တစ်ကောင်ကို ယဇ်ပူဇော်ရန်အတွက် ဆက်ကပ်အပ်နှံခြင်းပြုခဲ့မည်ဆိုလျှင်လည်း ယဇ်ပုရောဟိတ်ဆိုင်ရာလုပ်ပိုင်ခွင့်အပ်နှင်းထားခြင်းခံရသူ၏လက်ကို သားကောင်၏ဦးခေါင်းပေါ်တွင် တင်ထားပေးခဲ့ရပါသည်။ အန္တိအုတ်မြို့ရှိ ယုံကြည်သူများတို့၏အသင်းတော်၏အမှုတော်ဆောင်များတို့သည် ရှင်ပေါလုနှင့်ဗာနဗတို့၏ဦးခေါင်းပေါ်သို့ သူတို့၏လက်ကိုတင်ပေးထားခဲ့ကြသောအခါ၊ ထိုအနေအထားဖြင့်ပင် ထိုသူနှစ်ယောက်တို့အပေါ် တိတိကျကျဖြင့်



သတ်မှတ်မှုရှိပြီး၊ ခန့်ထားခြင်းခံရပြီးသောအမှုတော်အတွင်း မြှုပ်နှံဆက်ကပ်ကြခြင်းတို့အတွက် ဘုရားသခင်အနေဖြင့် သူ၏ကောင်းချီးမင်္ဂလာတော်ကို သူတို့နှစ်ယောက်တို့အပေါ် အပ်နှင်းပေးတော်မူရန် ထိုအန္တိအုတ်အသင်းတော်၏အမှုဆောင်တို့က ပန်ကြားခဲ့ကြပါသည်။

နောက်ပိုင်းအချိန်ကာလတွင်မှ လက်တင်ထားခြင်းဖြင့် အရာ၌မြှောက်ထားခြင်း၊ လက်တင်မင်္ဂလာအခမ်းအနားပြုလုပ်ခြင်းနှင့်ပတ်သက်ပြီး ကြီးမားစွာဖြင့် မတော်မတရားအလွဲအသုံးချခဲ့ကြရာတွင် ကျိုးကြောင်းဆီလျော်မှုမရှိသော အရေးပါမှုမျိုးကို ထိုလက်တင်မင်္ဂလာအခမ်းအနားဖြင့် ပူးတွဲချိတ်ဆက်လိုက်ကြပါသည်။ ထိုသို့အားဖြင့် ထိုကဲ့သို့သောလက်တင်မင်္ဂလာကို လက်ခံရယူပြီးကြသောသူတို့သည် တစ်စုံတစ်ရာမျှလောက်ဖြင့်ပင်မကဘဲ အားလုံးသောအမှုတော်ဆိုင်ရာလုပ်ငန်းတွင် တစ်ခဏချင်းတွင်ပင် အရည်အချင်းပြည့်မီလာကြလောက်အောင် အထက်မှတန်ခိုးတော်သည် တစ်ချိန်တည်းတွင် ထိုသူတို့အပေါ်သို့သက်ရောက်လာသည့်အလား သဘောထားလာခဲ့ကြပါသည်။ သို့သော်လည်း သီးသန့်ဖယ်ထားခြင်းခံခဲ့ရကြသော တမန်တော်နှစ်ပါးဖြစ်ကြသည့် ရှင်ပေါလုနှင့်ဗာနဗတို့သည် သူတို့အပေါ် အမှုတော်ဆောင်တို့၏လက်များကိုတင်ထားခဲ့ရုံမျှဖြင့် သူတို့၌ပိုမိုထင်ရှားသည့်သီလမျိုး၊ ထင်ရှားလာသည့်မှတ်တမ်းမှတ်ရာမျိုးများမရှိခဲ့ပါ။ သူတို့၏လက်တင်မင်္ဂလာအကြောင်းနှင့် အနာဂတ်တွင်သူတို့ထမ်းဆောင်ရကြမည့် အမှုတော်အကြောင်းတို့ကိုဖော်ပြထားသည့် သာမန်မှတ်တမ်းမျိုးသာရှိနေပါသည်။

ရှင်ပေါလုနှင့်ဗာနဗတို့၏ပြတ်သားသောအမှုတော်ဆောင်ခြင်းနယ်ပယ်ကို ပြတ်ပြတ်သားသားသတ်မှတ်စေသည့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သူတို့နှစ်ယောက်လမ်းခွဲသွားစေသည့်အကြောင်းခြင်းရာနှင့် ချိတ်ဆက်မှုရှိသော ပတ်ဝန်းကျင်အခြေအနေများတို့သည် သခင်ဘုရားက သူ၏စနစ်တကျရှိသော အသင်းတော်အတွင်းရှိ ခန့်အပ်ထားခြင်းခံရကြသည့် အထူးကိုယ်စားလှယ်တော်တို့အားဖြင့် လုပ်ဆောင်တော်မူသည်ကို ရှင်းလင်းစွာဖြင့်ပြသနေပါသည်။ ထိုဖြစ်ရပ်မတိုင်မီနှစ်အတော်ကြာ၌ ရှင်ပေါလုနှင့်ပတ်သက်ပြီး ဘုန်းတော်ရှင်၏ရည်ရွယ်တော်မူရင်းအဖြစ်ဖြင့် ကယ်တင်တော်မူသောအရှင်ကိုယ်တော်တိုင် ပထမဦးဆုံးရှင်ပေါလုရှေ့မှောက်၌ ထင်ရှားတော်မူခဲ့သည်နှင့် ချက်ချင်းဖြင့်ပင် သူသည် အသစ်ဖွဲ့စည်းပြီးခါစဖြစ်သော ဒမာသက်မြို့အသင်းတော်၏အသင်းသားများတို့နှင့် ချိတ်ဆက်မှုရှိစေခဲ့ပါသည်။ ထိုနောက်တွင် ထိုဒေသရှိ

အသင်းတော်သည် ပြောင်းလဲလာခဲ့သော ဖာရိရှဲ၏တစ်ကိုယ်ရည်အတွေ့အကြုံအားဖြင့် အမှောင်ထုထဲတွင် အချိန်ကြာမြင့်စွာဖြင့် စွန့်ပစ်ထားခြင်းမခံခဲ့ရတော့ပါ။ ယခုအချိန်ကာလမျိုးတွင်လည်း ထိုအချိန်ကာလတွင် ဘုန်းတော်ရှင်ကပေးအပ်ထားတော်မူခဲ့သော အထူးတာဝန်ကို ပိုမို၍အပြည့်အဝလုပ်ဆောင်ကြရန်အတွက် တစ်ပါးအမျိုးသားတို့ထံသို့ ဧဝံဂေလိတရားတော်ကို သယ်ပိုးပေးရန်အတွက် အရွေးချယ်ခံထားရသောသင်္ဘောတစ်စီးကဲ့သို့ဖြစ်သော ရှင်ပေါလုနှင့်ပတ်သက်ဆက်နွယ်သော သက်သေခံခြင်းအလုပ်ကို တစ်ဖန်ထမ်းဆောင်ရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်သည် ရှင်ပေါလုနှင့်သူ၏လုပ်ဖော်ကိုင်ဖက်အား အရာမြောက်ခဲ့သောအလုပ်မျိုးကို အသင်းတော်၌ပေးအပ်ထားတော်မူပါသည်။ တမန်တော် (၁၃း၁–၃) တွင်ဖော်ပြထားသည့်၊ "အန္တိအုတ်မြို့တွင်ရှိသော အသင်းတော်အကြီးအကဲများတို့သည် သခင်ဘုရားဝတ်ကိုပြု၍ အစာကိုရှောင်ကြစဉ်၊ သန့်ရှင်းသောဝိညာဉ်တော်က ငါခန့်ထားသောအမှုကို ဆောင်ရွက်စေခြင်းငှာ ဗာနဗနှင့်ရှောလုတို့ကို ရွေးချယ်ခွဲထားကြလော့ဟု မိန့်တော်မူသည်" ဆိုသည့်အတိုင်း လုပ်ဆောင်ရကြပါမည်။

ဘုရားသခင်သည် သူ၏အသင်းတော်ကို ကမ္ဘာမြေကြီးပေါ်တွင်အလင်းတရား၏အလင်းတန်းတစ်ခုအဖြစ်ဖြင့် ဖန်တီးထားတော်မူပြီး၊ ၎င်းအလင်းတန်းမှနေပြီး သူသည် သူ၏ရည်ရွယ်တော်မူရင်းများနှင့်အလိုဆန္ဒတော်တို့ကို အသိပေးတော်မူပါသည်။ အသင်းတော်ကိုယ်၌၏အတွေ့အကြုံနှင့်ကင်းလွတ်ပြီး ကွဲလွဲဆန့်ကျင်သောအတွေ့အကြုံမျိုးတစ်ရပ်ကို သူ၏မည်သည့်အစေကျွန်တစ်ဦးတစ်ယောက်ကိုမျှ ပေးအပ်တော်မမူပါ။ သခင်ခရစ်တော်၏ခန္ဓာကိုယ်ဖြစ်သော အသင်းတော်သည် အမှောင်ထုအတွင်းပစ်ပယ်ထားခြင်းခံနေရသောကာလအတွင်း အသင်းတော်တစ်ခုလုံးအတွက် သူ၏အလိုတော်နှင့်ပတ်သက်သော အသိဉာဏ်ဗဟုသုတမျိုးကို မည်သူ့ကိုမျှဘုရားသခင်က ပေးအပ်တော်မူမည်မဟုတ်ပါ။ အနာဂတ်အတွက် သူ၏ကြိုတင်စီမံထားတော်မူခြင်းတွင် သူ၏အစေကျွန်တော်များတို့အနေဖြင့် မိမိတို့ကိုယ်၌အပေါ်တွင် ယုံကြည်စိတ်ချမှုနည်းပါးစေရန်နှင့် သူ၏အမှုတော်တိုးတက်လာစေရေးအတွက် သူကိုယ်တော်တိုင်က ဦးဆောင်ပေးတော်မူနေသော အခြားသူတို့အပေါ်တွင်သာ ပိုမို၍စိတ်ချယုံကြည်မှုရှိလာကြစေရေးအတွက် ထိုအစေကျွန်များတို့အား အသင်းတော်နှင့်အနီးကပ်ချိတ်ဆက်မှုရှိနိုင်သောနေရာမျိုးတွင် ဘုရားသခင်က နေရာချပေးထားတော်မူပါသည်။



တစ်ဦးချင်းအမှီအခိုကင်းရေးဆီသို့ အစဉ်တစိုက်ဦးတည်လေ့ရှိကြသောလူစားမျိုးတို့သည် အသင်းတော်အတွင်း အစဉ်အမြဲရှိခဲ့ဖူးပါသည်။ သူတို့သည် ဝိညာဉ်တော်မှကင်းလွတ်သွားခြင်းကြောင့် လူသားကိုယ်စားပြုသူကို မိမိကိုယ်တိုင်ကိုသာ အထူးယုံကြည်စိတ်ချမှုရှိလာစေရေးဆီသို့ ဦးတည်သွားစေပြီး၊ သူ၏ညီအစ်ကိုတော်တို့၏အကြံပေးချက်ကိုလေးစားရန်နှင့် အဆုံးအဖြတ်ပေးမှုကိုအလေးအနက်သဘောထားရေးထက် သူ၏ကိုယ်ပိုင်သုံးသပ်ဆုံးဖြတ်ချက်အပေါ်တွင်သာ အားထားလိုစိတ်ရှိလာစေရာတွင် အထူးသဖြင့် ဘုရားသခင်သည် သူ၏လူစုတော်တို့ကိုဦးဆောင်မှုပေးရန်ခန့်အပ်ထားတော်မူသောဌာနများရှိ တာဝန်ရှိသူတို့၏အကြံဉာဏ်နှင့်အဆုံးအဖြတ်တို့ကိုရယူလက်ခံရကြရန်အတွက် သူတို့သတိမမူမိနိုင်စွမ်းမရှိကြပါ။ ဘုရားသခင်သည် သူ၏အသင်းတော်ကို အထူးလုပ်ပိုင်ခွင့်နှင့်အာဏာကို အပ်နှင်းထားတော်မူရာတွင် ထိုအပ်နှင်းမှုကိုလျစ်လျူရှုပြီး၊ မထီမဲ့မြင်ပြုသည့်လူတိုင်းသည် မည်သူမျှဖြောင့်မတ်ရာသို့မရောက်နိုင်သည့်အပြင်၊ ထိုကဲ့သို့ပြုမူကျင့်ကြံသောသူသည် ဘုရားသခင်၏နှုတ်တော်ထွက်အသံတော်ကို စက်ဆုပ်ရွံရှာရာရောက်ပါသည်။

သူတို့၏တစ်ဦးချင်းဆင်ခြင်တုံတရားကို အဆင့်မြင့်မားလှသည်ဟု မှတ်ယူလေ့ရှိကြသောသူတို့သည် စိုးရိမ်ဖွယ်ရာကြီးမားလှသောအန္တရာယ်တွင်းတွင် ရှိနေကြပါသည်။ ၎င်းအန္တရာယ်မျိုးသည် ကမ္ဘာမြေပေါ်တွင် သူ၏အမှုတော်ကိုတည်ထောင်တော်မူရန်နှင့် တိုးချဲ့တော်မူရန်အတွက်၊ ဘုရားသခင်က အလင်းတရား၏အလင်းတန်းများအဖြစ်ဖြင့် ပံ့ဖော်ထားတော်မူသောလူတို့ထံမှ ထိုသူတို့ကိုကွဲကွာသွားစေရေးအတွက် စာတန်မာရ်နတ်က သေချာစွာဖြင့်စီစဉ်ထားသော ကြိုးပမ်းအားထုတ်မှုပင်ဖြစ်ပါသည်။ သမ္မာတရားတော်၏တိုးတက်လာမှုနှင့်ဆက်စပ်မှုရှိသော ဦးဆောင်မှုဆိုင်ရာတာဝန်ယူရမှုတို့ကို ထမ်းဆောင်ရန်အတွက်၊ ဘုရားသခင်က ခန့်အပ်ထားတော်မူသောသူတို့ကို လျစ်လျူရှုခြင်း၊ သို့မဟုတ် မထီမဲ့မြင်ပြုခြင်းသည် အကူအညီပေးရန်၊ အားပေးတိုက်တွန်းရန်နှင့် သူ၏လူစုတော်တို့ကိုခွန်အားပေးရန်အတွက် ဘုရားသခင်က အရာမြောက်ထားတော်မူခြင်းနည်းလမ်းများတို့ကို ပယ်ချရာရောက်ပါသည်။ သခင်ဘုရား၏အရေးအရာတော်တွင် လုပ်ကိုင်နေသောလူတစ်ဦးတစ်ယောက်က အကူအညီပေးရမှုနှင့်အားပေးတိုက်တွန်းရမည့်အလုပ်မျိုးကို ကျော်လွှားရှောင်ကွင်းသွားပြီး၊ သူ၏အလင်းတရားသည် ဘုရားသခင်ထံတော်မှတိုက်ရိုက်လာခြင်းထက် အခြားမည်သည့်လမ်းကြောင်းအားဖြင့်ကမျှ လာရမည်မဟုတ်ဆိုသည့်အတွေးမျိုးကို တွေးတောခြင်းသည် ရန်သူ၏လှည့်ဖြား

ခြင်းကိုခံရနိုင်ဖွယ်ရာရှိသောအနေအထားမျိုးတွင် မိမိကိုယ်ကိုကျရောက်သွားစေပြီးနောက် အရေးနိမ့်သွားစေခြင်းသာဖြစ်သွားပေမည်။ သခင်ဘုရားသည် သူ၏ဥာဏ်ပညာတော်အားဖြင့် စီမံတော်မူရာတွင်၊ အားလုံးသောယုံကြည်သူများတို့၏ထိန်းသိမ်းမှုအားဖြင့် တည်မြဲနေရမည့် အနီးကပ်ဆက်ဆံရေးနည်းလမ်းအားဖြင့် ခရစ်ယာန်တို့သည် ခရစ်ယာန်များတို့နှင့်လည်းကောင်း၊ အသင်းတော်သည် အသင်းတော်တို့နှင့်လည်းကောင်း ပေါင်းစပ်စုစည်းမှုရှိရကြပါမည်။ ဤသို့သောနည်းအားဖြင့် လူသားတို့၏အရေးပါမှုတို့သည် ဘုန်းတော်ရှင်နှင့်ပူးပေါင်းဆောင်ရွက်ရေးအတွက် ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်သည်။ အထူးတာဝန်ကိုထမ်းဆောင်သူတိုင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏လက်အောက်ခံအဖြစ်သို့ ရောက်ရှိသွားမည်ဖြစ်ပြီး၊ ယုံကြည်သူများအားလုံးတို့သည်လည်း ဘုရားသခင်၏ကရုဏာတော်ဆိုင်ရာ ဝမ်းမြောက်ဖွယ်သောသတင်းစကားများတို့ကို ကမ္ဘာလောကကြီးသို့ပေးကမ်းနိုင်ရေးအတွက် စနစ်တကျဖွဲ့စည်းထားပြီး၊ ကျနသေချာသည့်ညွှန်ကြားချက်မျိုးရှိသည့် ကြိုးစားအားထုတ်လုပ်ဆောင်မှုအတွင်း ပါဝင်ပူးပေါင်းလာကြမည်ဖြစ်ပါသည်။

ရှင်ပေါလုသည် မိမိတစ်ဘဝလုံးမြှုပ်နှံထားသောအလုပ်အတွင်း အသစ်စတင်လုပ်ဆောင်ခြင်းနှင့် အရေးပါလှသည့်ခေတ်ကာလအဖြစ်ဖြင့် မှတ်တမ်းတင်ထားခြင်းဖြစ်သည့် သူ၏လက်တင်မင်္ဂလာအခမ်းအနားအခါသမယကို ဆန်းစစ်ခဲ့ပါသည်။ ၎င်းအချိန်သည် ယခုကာလမှနေပြီးမှန်းဆကြည့်လိုက်မည်ဆိုလျှင် ခရစ်ယာန်အသင်းတော်အတွင်း သူသည် သူ၏တမန်တော်လုပ်ငန်းကို စတင်သတ်မှတ်ခဲ့သည့်အချိန်ကာလအဖြစ် သတ်မှတ်ထားရပေမည်။ “Acts of the Apostles,” pp. 160-165.

သခင်ခရစ်တော်သည် ကောင်းကင်နိုင်ငံတော်သို့ ပြန်လည်တက်ကြွသွားတော်မူပြီးနောက်၊ သူ၏အမှုတော်ကိုဆက်လက်လုပ်ဆောင်ကြရန်အတွက် အသင်းတော်အစုအဖွဲ့အတွင်း ပထမဦးဆုံးသောခြေလှမ်းအဖြစ်ဖြင့် တပည့်တော်တစ်ဆယ့်နှစ်ပါးတို့အား သခင်ခရစ်တော်က အရာမြှောက်ခန့်ထားတော်မူခဲ့စဉ်ကဖြစ်ပါသည်။ ဤအရာခန့်ထားခြင်းအခမ်းအနားနှင့်ပတ်သက်ပြီး (မာကု ၃း၁၃–၁၉) တွင်၊ “ထိုအခါကိုယ်တော်သည် တောင်ပေါ်သို့တက်၍ အလိုတော်ရှိသောသူတို့ကိုခေါ်တော်မူလျှင် အထံတော်သို့လာကြ၏။ ကိုယ်တော်နှင့်အတူရှိနေစေခြင်းငှာလည်းကောင်း၊ တရားဟောသောအခွင့် . . . ခန့်ထားတော်မူ၏ ” ဟူ၍ဖော်ပြထားပါသည်။

ဤအခင်းအကျင်းမြင်ကွင်းကို ဘုရားသခင်သည် ကောင်းကင်တမန်များတို့နှင့်အတူ၊ ဝမ်းမြောက်ခြင်းနှင့်ရွှင်လန်းခြင်းတို့ဖြင့် ကြည့်ရှုတော်မူခဲ့ပါသည်။ အဖခမည်းတော်အနေဖြင့် ဤလူတို့မှတစ်ဆင့် ကောင်းကင်နိုင်ငံတော်၏အလင်းတရားသည် ထွန်းလင်းတောက်ပလိမ့်မည်ဖြစ်ပြီး၊ သူ၏သားတော်အတွက် သက်သေခံပေးကြရာရောက်သည့် သူတို့၏နှုတ်ထွက်စကားလုံးတို့သည် ကပ်ကာလကုန်ဆုံးသည့်တိုင်အောင် လူသားမျိုးဆက်တစ်ဆက်မှ အဆက်ဆက်တို့ဆီသို့ ပဲ့တင်ထပ်သွားလိမ့်မည်သာဖြစ်ပါသည်။



သခင်ခရစ်တော်၏သက်သေခံသူများအသွင်ဖြင့် တပည့်တော်တို့သည် သူ့အကြောင်းနှင့်ပတ်သက်သည့် မြင်တွေ့ခဲ့၊ ကြားသိခဲ့ရသောအကြောင်းအရာများတို့ကို ကမ္ဘာမြေကြီးပေါ်သို့ ကြေညာပေးကြရန်အတွက် သွားရကြမည်ဖြစ်သည်။ သူတို့၏လုပ်ပိုင်ခွင့်အနေအထားသည် လူသားမျိုးနွယ်များတို့အား ပေးထားပြီးသောအမှုတော်လုပ်ငန်းများအနက် အရေးအပါဆုံးသောအရာဖြစ်ပြီး၊ သခင်ခရစ်တော်ကိုယ်တော်တိုင်ပြီးလျှင် ဒုတိယအဆင့်တွင် အရေးပါလှပါသည်။ လူသားတို့ကိုကယ်ဆယ်ခြင်းလုပ်ငန်းတွင် သူတို့သည် ဘုရားသခင်နှင့်အတူတကွလုပ်ကိုင်ကြသော အမှုတော်ဆောင်များဖြစ်ကြပါသည်။ ဓမ္မဟောင်းကျမ်းတွင်ဖော်ပြထားသည့်အတိုင်း၊ ဘိုးဘေးတစ်ဆယ့်နှစ်ဦးတို့သည် ဣသရေလလူမျိုးတို့၏ကိုယ်စားပြုသူများအဖြစ်ဖြင့် ရပ်တည်ခဲ့ရကြပြီး၊ တမန်တော်တစ်ဆယ့်နှစ်ပါးတို့သည်လည်း ထိုနည်းကဲ့သို့ပင် ဧဝံဂေလိတရားအသင်းတော်၏ကိုယ်စားပြုသူများအဖြစ်ဖြင့် သတ်မှတ်ခြင်းခံရကြပါသည်။ [Idam, pp. 18, 19]

## လုပ်ငန်းပိုင်းဆိုင်ရာအစည်းအဝေးများ

ကျွန်ုပ်တို့၏လူမှုရေးနှင့်ဘာသာရေးပိုင်းဆိုင်ရာအပြင်၊ ကျွန်ုပ်တို့၏လုပ်ငန်းပိုင်းဆိုင်ရာ အားလုံးသောအစည်းအဝေးများအတွင်း ကျွန်ုပ်တို့၏ထိန်းကျောင်းပဲ့ပြင်တော်မူသောသူနှင့် အကြံပေးတော်မူသောသူအဖြစ်ဖြင့် သခင်ယေရှုအား ကျွန်ုပ်တို့၏နံဘေးနားတွင်ရှိတော်မူရန် ကျွန်ုပ်တို့လိုလားကြပါသည်။ ကယ်တင်တော်မူသောအရှင်တည်ရှိတော်မူသည်ဟူ၍ သိရှိရသောနေရာမျိုးတွင် ပေါ့ပေါ့တန်တန်၊ အမှုမဲ့အမှတ်မဲ့အနေအထားဆီသို့ တိမ်းယိမ်းသွားခြင်းမရှိရပါ။ ကိုယ်ကျိုးအတ္တစိတ်ထားမျိုးကိုလည်း ပေါ်လွင်ခြင်းမရှိစေရပါ။ လုပ်ဆောင်ရမည့်အမှုတော်၏အရေးတကြီးရှိမှုကို သိရှိနှလုံးသွင်းထားရပါမည်။ သတ်မှတ်ချမှတ်ထားမည့် အစီအစဉ်များနှင့်ပတ်သက်ပြီး၊

အကြံပေးခြင်းအမှုတွင် ခွန်အားကြီးမြတ်တော်မူသောသူတစ်ထူး၏ညွှန်ကြားတော်မူချက်အတိုင်းဖြစ်ရမည်ဆိုသည့် စိတ်နေသဘောထားမျိုးရှိရကြပါမည်။

ကျွန်ုပ်တို့၏စုဝေးခြင်းများအတွင်း ကျွန်ုပ်တို့၏မျက်လုံးများတို့ကိုဖွင့်ထားကြပြီး၊ ကောင်းကင်ဘုံ၏ကောင်းကင်တမန်များတို့အား လှမ်းမျှော်ကြည့်ရှုရကြပါမည်။ ကျင်းပသောအစည်းအဝေးနှင့် အမှုတော်တို့၏တိုးတက်လာရေးကို မကြာခဏဖြင့်ပင်နှောင့်နှေးကြန့်ကြာစေသည့် အရေးမပါသောအကြောင်းအရာအချက်အလက်တို့နှင့်ပတ်သက်ပြီး၊ ကျွန်ုပ်တို့၏ကိုယ်ပိုင်ထင်မြင်ယူဆချက်များတို့ဖြင့် အလေးထားလိုစိတ်မျိုးကို မထားရှိရပါ။ စစ်မှန်သည့်ဆုတောင်းခြင်းကို ပိုမို၍လုပ်ဆောင်ပြီး၊ အရေးပါသောကိစ္စရပ်အကြောင်းအရာတို့အတွက် တည်ကြည်လေးနက်မှုရှိသော စဉ်းစားဆင်ခြင်မှုမျိုးကို ပိုမိုကျင့်သုံးကြပါက ကျွန်ုပ်တို့၏လုပ်ငန်းပိုင်းဆိုင်ရာ အစည်းအဝေးများတို့၏အရှိန်သည် တိုးတက်ပြောင်းလဲလာပြီး၊ မြင့်မားမှုရှိလာမည်ဖြစ်သည်။ အမှုတော်တိုးတက်လာရေးအတွက် အစီအစဉ်များတို့ကိုချမှတ်ကြရန်အတွက်သာ စုဝေးဆုံတွေ့ကြခြင်းဖြစ်သည်ဆိုခြင်းကို အားလုံးသောသူတို့က သဘောပေါက်ရကြပါမည်။ ထို့အပြင် ဤအမှုတော်၏ရည်မှန်းချက်မှာလည်း အသက်ဝိညာဉ်များတို့ကို ကယ်ဆယ်နိုင်ရေးအတွက်သာဖြစ်သည်ကိုပါ သိရှိထားရကြပါမည်။

ကျွန်ုပ်တို့လုပ်ကိုင်ဆောင်ရွက်ပြောဆိုသမျှသောအရာအားလုံးတို့ကို ကောင်းကင်ဘုံတွင်ရှိနေသည့် မှတ်တမ်းစာအုပ်များအတွင်းသို့ လွှဲပြောင်းထားခြင်းခံနေရပါသည်။ ဘုရားသခင်၏အမှုတော်ကို သာမန်လုပ်ငန်းပိုင်းဆိုင်ရာ လုပ်ငန်းဆောင်တာများအဆင့်သို့ လျှော့ချသတ်မှတ်ခြင်းတို့ကြောင့် ကျွန်ုပ်တို့သည် အပြစ်မဖြစ်ကြပါစေနှင့်။ ကျွန်ုပ်တို့၏အဆင့်အတန်းသည် မြင့်မားရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၏စိတ်နေစိတ်ထားများတို့ကိုလည်း မြှင့်တင်ပေးရကြပါမည်။

အသင်းတော်ရှိသူတို့၏ညီအစ်ကိုတော်တို့က ရှေ့သို့တွန်းအားပေးနေကြသောအချိန်တွင် သူတို့က နောက်သို့တစ်ဖန်ပြန်လည်တွန်းထုတ်ပစ်ရန်မှာ သူတို့၏တာဝန်ဖြစ်သည်ဟု တွေးထင်နေကြသောသူအချို့တို့သည် အစဉ်အမြဲဖြင့်ပင်ရှိနေတတ်ကြပါသည်။ သူတို့သည် အခြားသောသူတို့က အဆိုပြုတင်ပြသောအရာရာတိုင်းကို ဆန့်ကျင်ကန့်ကွက်တတ်ကြပြီး၊ သူတို့ကိုယ်တိုင်က ရေးဆွဲတင်ပြခြင်းမဟုတ်သောအစီအစဉ်တိုင်းတို့ကို ဖယ်ရှားပစ်ရန်ကြိုးစားကြပါသည်။ လွန်ကဲလှသော မိမိကိုယ်ကိုမိမိယုံကြည်စိတ်ချသည့်သဘောထားကို တိုးမြှင့်လိုကြသောသူတို့အတွက် အခွင့်အရေး





တစ်ရပ်ရှိနေပါသည်။ သူတို့သည် နူးညံ့သိမ်မွေ့ပြီး၊ နှိမ့်ချမှုရှိရေးဆီသို့ရောက်ရှိသွားစေသည့် အဖိုးထိုက်လှပြီး အမြဲတစေအရေးပါလှသောသင်ခန်းစာမျိုးကို သခင်ခရစ်တော်၏စာသင်ကျောင်းတော်ကြီးတွင် မည်သည့်အခါကမျှ တက်ရောက်သင်ကြားရယူခဲ့ကြခြင်းမရှိကြပါ။ တင်းမာသောစိတ်နေသဘောထားကို ပိုင်ဆိုင်ရယူထားခြင်းထက်၊ သူတို့၏ကိုယ်ပိုင်လမ်းစဉ်ကိုစွန့်လွှတ်ပြီး၊ အခြားသောသူတို့၏သဘောထားဆုံးဖြတ်ချက်အတိုင်း လက်သင့်ခံကြသောသူတို့သည် မည်သည့်အခက်အခဲမျိုးကိုမျှ မကြုံတွေ့ရနိုင်ကြပါ။ ထိုကဲ့သို့သော တင်းမာသောစိတ်နေသဘောထားရှိနေကြသောသူတို့ကို သင်ကြားပို့ချပေး၍ရနိုင်သောသူ၊ လူကြီးလူကောင်းဆန်သူနှင့် အလွယ်တကူတောင်းပန်တိုးလျှိုးရလွယ်ကူသောသူအဖြစ်သို့ ရောက်ရှိသွားကြစေရန်မှာ ခက်ခဲမှုရှိပါသည်။

ကျွန်ုပ်တို့၏လုပ်ငန်းပိုင်းဆိုင်ရာအစည်းအဝေးများတို့တွင် အရေးပါမှုသိပ်မရှိလှသောအချက်အလက်များတို့နှင့်ပတ်သက်သည့် ဆွေးနွေးငြင်းခုံခြင်းအားဖြင့် တန်ဖိုးရှိလှသောအချိန်ကို မဖြုန်းတီးမိကြရန် အရေးကြီးလှပါသည်။ သိမ်ဖျင်းသောဝေဖန်အပုပ်ချတတ်သည့်အမူအကျင့်ကို ကျူးလွန်ခြင်းမပြုရဘဲ၊ ၎င်းဝသီကိုဖျောက်ဖျက်ပစ်ရပါမည်။ ထိုလုပ်ရပ်သည် စိတ်အတွေးကို ဇဝေဇဝါဖြစ်စေပြီး ရှုပ်ထွေးစေသည့်အပြင်၊ အပြတ်သားဆုံးနှင့်အရိုးရှင်းဆုံးသော လျှို့ဝှက်ဆန်းကြယ်သည့် နားမလည်နိုင်စရာဖြစ်သောအရာများအတွင်း ကျွန်ုပ်တို့အားပိတ်မိသွားစေပါသည်။ မိမိတို့ကိုယ်ကိုထက် သူတစ်ပါးအပေါ်လေးစားသမှုစိတ်ထားမျိုးသို့ ဦးတည်ပေးမည့်ချစ်ခြင်းမေတ္တာမျိုး၊ ညီအစ်ကိုတော်များအတွင်းရှိနေကြမည်ဆိုပါက မိမိတို့၏ကိုယ်ပိုင်လမ်းစဉ်အပေါ် ဆုပ်ကိုင်ထားခြင်းကိုစွန့်လွှတ်လိုက်ပြီး၊ အခြားသောသူတို့ကို ဆုတောင်းမေတ္တာပို့ကြမည်သာဖြစ်သည်။ သခင်ခရစ်တော်သည် သူနှင့်သူ၏အဖခမည်းတော်တို့ တစ်လုံးတစ်ဝတည်းရှိတော်မူသကဲ့သို့ သူ၏တပည့်တော်တို့သည် တစ်လုံးတစ်ဝတည်းရှိကြရေးအတွက် ဆုတောင်းတော်မူခဲ့သော ဆုတောင်းချက်ကို ကျွန်ုပ်တို့က မည်ကဲ့သို့ပြန်လည်ဖြေကြားပေးရကြမည်ကို သိရှိကြရန်အတွက်၊ ကျွန်ုပ်တို့သည် နေ့စဉ်နေ့တိုင်းအပြင်၊ နာရီတိုင်းဖြင့်လေ့လာသင်ယူကြရန်မှာ ကျွန်ုပ်တို့၏တာဝန်သာဖြစ်ပါသည်။ ကျွန်ုပ်တို့၏ကယ်တင်တော်မူသောအရှင်၏ဆုတောင်းတော်မူချက်ကို ကျွန်ုပ်တို့၏မျက်မှောက်၌ထားရှိပြီး၊ သူ၏လိုအင်ဆန္ဒတော်ကိုဖြည့်ဆည်းနိုင်ရေးအတွက် ကျွန်ုပ်တို့အခန်းကဏ္ဍကို ကျေပွန်စွာဆောင်ရွက်ပေးကြခြင်းတို့အားဖြင့် အဖိုးထိုက်လှစွာသောသင်ခန်းစာများတို့ကို ကျွန်ုပ်တို့သင်ကြားရယူရကြပါမည်။

ဘုရားသခင်၏အမှုတော်နှင့်ဆက်နွှယ်မှုရှိသော ကျွန်ုပ်တို့၏လုပ်ငန်းတွင်သာမကဘဲ၊ အထွတ်အမြတ်ဖြစ်သောအကြောင်းခြင်းရာများတို့ကို နိုင်နိုင်နင်းနင်းဖြင့်ကိုင်တွယ်နေရကြရာတွင် မလေးမစားစိတ်ဓာတ်မျိုးကို တားဆီးဖယ်ရှားပစ်နိုင်ကြရေးကို အထူးတလည်သတိထားနိုင်ကြခြင်းမရှိကြရာတွင် မည်သည့်အချိန်ကမျှ သတိထားနိုင်ခဲ့ကြခြင်းမရှိသည့်အလျောက်၊ ကျွန်ုပ်တို့က အောင်မြင်သည့်အနေအထားကိုမြင်တွေ့ရကြရန်အတွက် ဆန္ဒစောနေကြသောဦးတည်မှုတစ်ခုဆောင်ရွက်ရေးတွင် တိုတောင်းသောအချိန်ကာလတစ်ခုဖြင့်ပင် ဘုရားသခင်၏နှုတ်တော်ထွက်ကို မရိုးမဖြောင့်သောသဘောမျိုးဖြင့် အသုံးမပြုသင့်ပါ။ ကိုယ်ကျိုးအတ္တစိတ်အစား ရိုးဖြောင့်မှု၊ ဂုဏ်သိက္ခာနှင့်သစ္စာတရားတို့ကို မည်သည့်အဖိုးအခမျိုးဖြင့်ပင်မဆို ထိန်းသိမ်းစောင့်ရှောက်ရပါမည်။ ကျွန်ုပ်တို့၏တွေးခေါ်မှုတိုင်း၊ နှုတ်ထွက်စကားတိုင်းနှင့်လုပ်ရှားဆောင်ရွက်မှုတိုင်းတို့သည် သခင်ခရစ်တော်၏အလိုတော်အတိုင်း ရှိစေရကြပါမည်။

တည်ကြည်ခန့်ညားသောအမှုတော်နှင့် ဘုရားသခင်၏နှုတ်တော်ထွက်နှင့်ပတ်သက်သော အကြောင်းခြင်းရာတို့ကို စဉ်းစားဆုံးဖြတ်ရမည့်အစည်းအဝေးများအတွင်း ပေါ့ပေါ့တန်တန်ဖြင့် ပြောဆိုဆွေးနွေးခြင်းသည် လျော်ကန်သင့်မြတ်မှုလုံးဝမရှိပါ။ စုဝေးတိုင်ပင်ခြင်းအခမ်းအနားအတွင်း သခင်ခရစ်တော်ကိုယ်တော်တိုင် ဦးဆောင်ပေးတော်မူပါမည့်အကြောင်းအပြင် သူ၏ဉာဏ်ပညာတော်၊ သူ၏ကရုဏာတော်နှင့်ဖြောင့်မတ်ခြင်းတရားတော်တို့ကိုပါ ဖြန့်ဝေပေးတော်မူရန်အတွက် ဆုတောင်းချက်အတွင်းထည့်သွင်းတောင်းလျှောက်ရကြပါမည်။ သူ၏ဝိညာဉ်တော်ကို ဆိုးရွားစွာထိခိုက်စေမည့်အပြင်၊ သူ၏အမှုတော်နှင့်ဆန့်ကျင်ဘက်ပြုစေသည့် လုပ်ဆောင်မှုလမ်းကြောင်းတစ်ခုကို စတင်လုပ်ဆောင်ခြင်းသည် သင့်လျော်မှုရှိပါမည်လား။

ကျွန်ုပ်တို့၏အစုအဝေးအတွင်း သခင်ယေရှုရှင်ရှိနေတော်မူသည်ဆိုသည့်ခံယူချက်မျိုးကို ကျွန်ုပ်တို့၏စိတ်အတွေးများအတွင်း ထည့်သွင်းထားကြပါစို့။ ထိုနောက်တွင် ဘုရားသခင်၏ဝိညာဉ်တော်ထံမှ မြင့်တင်မှုရှိပြီး၊ ထိန်းချုပ်ခြင်းရှိသည့်ဩဇာသက်ရောက်မှုတစ်ရပ်သည် စုဝေးတိုင်ပင်ခြင်းအခမ်းအနားအပေါ် လွှမ်းခြုံပေးလာမည်ဖြစ်သည်။ ထို့အပြင် (ယာကုပ် ၃း၁၇) တွင်ဖော်ပြထားသော "အထက်မှသက်ရောက်သောပညာမူကား၊ ရှေးဦးစွာစင်ကြယ်၏၊ ထိုမှတစ်ပါး အသင့်အတင့်နေတတ်၏။ ကရုဏာနှင့်လည်းကောင်း၊ ကောင်းကျိုးနှင့်လည်းကောင်းပြည့်စုံ၏" မှားယွင်းခြင်းမရှိနိုင်သည့်ပညာတော်မျိုး ရှင်းလင်းစွာထင်ရှားလာမည်ဖြစ်သည်။ အားလုံးသောအစီအစဉ်



များနှင့် ဆုံးဖြတ်ချက်များတို့အတွင်း၊ (၁ကော ၁၃း၅–၇) တွင်ဖော်ပြထားသည့် "ကိုယ်ကျိုးကိုမရှာတတ်သည့်အပြင်၊ ဒေါသအမျက်မထွက်တတ်၊ အပြစ်ရှိသည်ဟုမထင်တတ်၊ မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်၊ သမ္မာတရား၌သာဝမ်းမြောက်တတ်လျက်၊ ခပ်သိမ်းသောအရာကိုဖုံးအုပ်တတ်ပြီး ခပ်သိမ်းသောအရာကိုယုံတတ်ကာ၊ ခပ်သိမ်းသော အရာကိုမျှော်လင့်တတ်၍ ခပ်သိမ်းသောအရာကိုသည်းခံတတ်သော" မေတ္တာတရားမျိုးများတို့သည်လည်း သက်ရောက်လာမည်ဖြစ်သည်။

ကောင်စီအစည်းအဝေးနှင့်ကော်မတီအစည်းအဝေးများအတွင်း ပါဝင်ဆွေးနွေးကြသောလူတိုင်းအနေဖြင့် "အကျွန်ုပ်သည် သတ်မှတ်ကာလအတွက်အပြင်၊ ထာဝရကာလအတွက် အမှုတော်ထမ်းရွက်နေရာတွင် ကျွန်ုပ်သည် အမှုတော်ကိုစတင်ထမ်းဆောင်ရေးအတွက် စေ့ဆော်ပေးသည့်ရည်ရွယ်ရင်းများအတွက် ဘုရားသခင်ထံတော်တွင်တာဝန်ခံမှုရှိနေပြီဖြစ်ပါသည်" ဆိုသည့်စကားလုံးများကို သူ၏နှလုံးသားအတွင်းရေးသားထားရမည်ဖြစ်သည်။ ဤစကားလုံးသည် သူ၏ဆောင်ပုဒ်အဖြစ်ရှိနေပါလေစေ။ (ဆာလံ ၁၄၁း၃၊၄) တွင်ဖော်ပြထားသော "အိုထာဝရဘုရား၊ အကျွန်ုပ်၏နှုတ်ရှေ့မှာ ကင်းကိုထားတော်မူပါ။ အကျွန်ုပ်၏နှုတ်ခမ်းတံခါးကို စောင့်တော်မူပါ။ . . အကျွန်ုပ်၏စိတ်နှလုံးကို မကောင်းသောအမှုအရာသို့ သွေးဆောင်တော်မမူပါနှင့်။ . ." ဆိုသည့် ဆာလံဆရာ၏ဆုတောင်းချက်သည် သူ၏ဆုတောင်းချက်အဖြစ်ဖြင့် ရှိနေပါစေ။ "Testimonies for the Church," vol. 7, pp. 258, 259.

## အမှုတော်ဆောင်များအတွက်သင့်လျော်သောလုပ်ခလစာရှင်းပေးခြင်း

အမှုတော်လုပ်ငန်းတွင် ပါဝင်ထမ်းဆောင်နေကြသောသူတို့အနေဖြင့် လက်ရှိအသက်တာတွင် သူတို့၏လုပ်ဆောင်မှုအတွက် ထိုက်တန်သောလုပ်ခလစာငွေကိုလက်ခံရရှိသင့်ကြပါသည်။ သူတို့သည် အရှင်သခင်တော်ကြီး၏အမှုတော်တွင် သူတို့၏အချိန်၊ တွေးတောခံယူမှုနှင့်ကြိုးပမ်းဆောင်ရွက်မှုအားလုံးတို့ကို ပေးအပ်ထားနေကြပါသည်။ သူတို့သည် သူတို့၏မိသားစုများတို့၏လိုအပ်မှုများတို့ကို ထောက်ပံ့ပေးနိုင်ခြင်းမရှိသည့် မလောက်မငလုပ်ခလစာမျိုးကိုသာ ပေးကမ်းခြင်းသည် ဘုရားသခင်၏မိန့်တော်မူချက်အတွင်းတွင် မပါရှိပါ။ သူ၏စွမ်းဆောင်နိုင်စွမ်းအတိုင်း လုပ်ကိုင်

ဆောင်ရွက်သောအမှုတော်ဆောင်အနေဖြင့် တရားမျှတစွာဖြင့် ရထိုက်သောလုပ်ဆောင်ခကို လက်ခံရရှိရမည်သာဖြစ်သည်။

ဝန်ထမ်းတစ်ယောက်စီတိုင်းသည် မည်သည့်အရာကိုရရှိသင့်သည်ဆိုသည့်အချက်ကို အဆုံးအဖြတ်ပေးကြသောသူတို့အနေဖြင့် သူတို့၏အဆုံးအဖြတ်များတို့တွင် ဘုရားသခင်၏စိတ်ဝိညာဉ်တော်နှင့်ကိုက်ညီမှုရှိရေးအတွက် အလွန်ထက်သန်စွာဖြင့် ကြိုးပမ်းအားထုတ်ရကြပါမည်။ စာရင်းစစ်ဆေးခြင်းကော်မတီများတွင် ပါဝင်ထမ်းဆောင်နေကြသောလူအချို့တို့သည် ခွဲခြားသိမြင်နိုင်မှုနှင့် ဝေဖန်ပိုင်းခြားနိုင်စွမ်းကင်းမဲ့ခေါင်းပါးနေကြပါသည်။ ဝန်ထမ်းများတို့၏အခြေအနေမှန်ကို သိရှိနားလည်သဘောပေါက်ခြင်းမရှိမှုကြောင့် ထိုဝန်ထမ်းများတို့၏မိသားစုများအပေါ် အမှန်တကယ်ဖိနှိပ်ချုပ်ချယ်မှုနှင့် မပြည့်စုံမလုံလောက်မှုမျိုးကိုဖြစ်ပေါ်စေသော မှားယွင်းသည့်အဆုံးအဖြတ်မျိုးတို့ကို တစ်ကြိမ်ပြီးတစ်ကြိမ်ဖန်တီးခဲ့ကြသောလူများတို့ဖြင့် ထိုစာရင်းစစ်ကော်မတီထဲတွင် ထည့်သွင်းဖွဲ့စည်းထားသည်ကို တစ်ခါတစ်ရံတွေ့မြင်သိရှိနေရပါသည်။ ထိုညံ့ဖျင်းလှသောကော်မတီ၏စီမံခန့်ခွဲမှုသည် ဝန်ထမ်းများတို့ကို စိတ်ဓာတ်ကျဆင်းသွားကြစေရေးအတွက် စုံစမ်းနှောင့်ယှက်ရန် ရန်သူကိုအခွင့်အရေးပေးရာရောက်ပြီး၊ အချို့သောကိစ္စရပ်များတွင် ထိုဝန်ထမ်းများတို့ကို အမှုတော်နယ်ပယ်မှနေပြီး မောင်းထုတ်ပစ်သည့်အလားဖြစ်ပေါ်လာပါသည်။

လုပ်ဆောင်သူဝန်ထမ်းများတို့၏အရေးကိစ္စတို့ကို စဉ်းစားဆုံးဖြတ်ကြရာတွင် စေ့စပ်သေချာမှုရှိသော ဖေးမကူညီစောင့်ရှောက်မှု၊ အပြုအမူမျိုးကို ပြသပေးရကြပါမည်။ စာရင်းစစ်ကော်မတီတွင်ဆောင်ရွက်ရန်အတွက် ရွေးချယ်ခြင်းခံရကြသောသူတို့သည် ရှင်းလင်းပြတ်သားသော သိမြင်နားလည်မှုရှိသောသူများဖြစ်ရကြမည့်အပြင်၊ သူတို့ကိုင်တွယ်ဆောင်ရွက်နေကြသောအလုပ်နှင့် အကျွမ်းတဝင်ရှိပြီးသားဖြစ်ရကြပါမည်။ သူတို့သည် (ထွက်မြောက်ရာ ၁၈း၂၁) တွင်ဖော်ပြထားသော “. . . ဘုရားသခင်ကိုကြောက်ရွံ့လျက်၊ သစ္စာနှင့်ပြည့်စုံလျက်၊ လောဘကိုရွံရှာလျက် တတ်စွမ်းနိုင်သောသူတို့ . . .” ကဲ့သို့သောသူမျိုးဖြစ်ရကြပါမည်။

အမှုတော်ဆောင်တစ်ယောက်အနေဖြင့် သူ၏ငွေကြေးဆိုင်ရာအရင်းအမြစ်များတို့နှင့်ပတ်သက်ပြီး၊ အကြောင်းရင်းများစွာအတွက် လိုအပ်မှုများနှင့်ပတ်သက်ပြီး သတ်သတ်မှတ်မှတ်ဖြင့်ကန့်သတ်ပြီး လုပ်ဆောင်ရပါမည်။ သူ၏အမှုတော်ဆောင်ရွက်စဉ်ကာလအတွင်း အနည်းငယ်မျှလောက်သာသော စားစရာအစားအစာ၊ ဝတ်စရာ



အဝတ်အထည်မျိုးရှိပြီး အိပ်စက်ရန်အတွက် သင့်တင့်လောက်သာရှိသောအိပ်စရာအိပ်ခန်းသာရှိကြသည့် အလွန်ဆင်းရဲသောသူတို့နှင့် မကြာခဏဆုံတွေ့နေရကြပါသည်။ ဤကဲ့သို့သောငတ်မွတ်ဆင်းရဲနေကြသောသူတို့ကို အစားအစာထောက်ပံ့ရန်နှင့် သူတို့၏အဝတ်အချည်းစည်းရှိနေကြသောအခါ အဝတ်အထည်ကိုပေးကမ်းခြင်းဖြင့် အကူအညီပေးရပေမည်။ ဘုရားကျောင်းများကိုတည်ဆောက်ခြင်းအပြင်၊ အခြားသောဒေသများသို့ ဘုရားသခင်၏အရေးအရာတော်ရှေ့သို့တက်လှမ်းရေးဆိုင်ရာ ကောင်းမြတ်သောလုပ်ငန်းများအတွက် ဦးဆောင်မှုအပိုင်းတွင် သူ့အပေါ်တွင်မျှော်လင့်ချက်ထားနိုင်ပါသေးသည်။

ဘုရားသခင်ရွေးချယ်တော်မူသော သာသနာပြုဆရာသည် နေရာအတည်တကျရှိနိုင်ခြင်းမရှိပါသော်လည်း သူ၏မိသားစုကို နေရာတစ်နေရာမှတစ်နေရာသို့ ခေါ်ဆောင်သွားရမည့်အပြင်၊ မကြာခဏဖြင့်ပင် တစ်နိုင်ငံမှတစ်နိုင်ငံသို့ သွားရပါသေးသည်။ သူ၏အမှုတော်ဆိုင်ရာ စရိုက်လက္ခဏာသည် ဤလိုအပ်ချက်ကိုဖန်တီးနေပါသည်။ သို့သော်လည်း ဤမကြာခဏနေရာပြောင်းရွှေ့ခြင်းသည် သူ့အားကြီးမားလှသောအကုန်အကျကို ဖြစ်ပေါ်စေပါသည်။ ထိုနည်းတူ သူသည် ကောင်းမွန်သောဩဇာသက်ရောက်မှုတစ်ခုကို အသုံးပြုရန်အတွက် သူ၏ဇနီးသည်နှင့်သားသမီးများအပြင် သူ့ကိုယ်တိုင်ကလည်း သေသပ်ပြီးလျောက်ပတ်သောဝတ်စားဆင်ယင်မှုမျိုးဖြင့် သင့်တင့်လျောက်ပတ်သောစံနမူနာကို ချမှတ်ထားရပါမည်။ သူတို့၏တစ်ကိုယ်ရေတစ်ကာယသွင်ပြင်၊ သူတို့၏လူနေရပ်ကွက်များနှင့် သူတို့၏ပတ်ဝန်းကျင်များအားလုံးတို့တွင် သူတို့လက်သင့်ခံကိုင်စွဲထားသောသမ္မာတရားကို ထောက်ခံပြောဆိုသည့်သွင်ပြင်အနေအထားမျိုးတွင်ရှိရကြပါမည်။ အကူအညီကိုလိုအပ်နေကြသောသူတို့ထံသို့ နေရောင်ခြည်ကိုသယ်ဆောင်ပို့ပေးနိုင်ကြရေးအတွက် သူတို့သည် ရွှင်လန်းခြင်းနှင့်လန်းဆန်းသောအနေအထားမျိုးဖြင့် အမြဲတစေပေါ်လွင်ထင်ရှားရကြပါမည်။ သူတို့သည် သူတို့၏ညီအစ်ကိုတော်တို့၏စိတ်ပျော်ရွှင်မှုခံစားရကြစေရေးအတွက် မကြာခဏဖြင့်ပင် မဖြစ်မနေဖျော်ဖြေပွဲမျိုးကို စီစဉ်ပေးရကြခြင်းကြောင့် ထိုပျော်ရွှင်မှုအတွက် သူတို့သည် အပိုကုန်ကျစရိတ်ကို ကျခံရကြပြန်ပါသည်။ အကြွေပြားစေ့တိုင်းအထိ၊ အသုံးအစွဲလိုအပ်နေပြီး မိသားစုစားရေးသောက်ရေးအတွက် အမြဲတစေမျှော်လင့်တောင့်တနေရသောထိုက်တန်မှုရှိသည့်အမှုတော်ဆောင်တစ်ယောက် စိတ်ဓာတ်ကျဆင်းသွားစေလောက်သောစာရင်းစစ်ကော်မတီတစ်ဖွဲ့၏တရားမျှတမှုမရှိသော ဆုံးဖြတ်ချက်တစ်ရပ်သည် အလွန်ကြောက်မက်ဖွယ်ရာကောင်းလှပါသည်။ ထာဝရဘုရားက (ဟေရှာယ ၆၁း၈) တွင်၊

ထိုအကြောင်းနှင့်ပတ်သက်ပြီး “. . . ငါထာဝရဘုရားသည် တရားသဖြင့်စီရင်ခြင်းကို နှစ်သက်၏။ လုယူခြင်းအမှုနှင့်အဓမ္မအမှုကိုမုန်း၏။. . .” ဟူ၍ မိန့်တော်မူထားပါသည်။ သူသည် သူ၏လူစုတော်တို့အနေဖြင့် သူတို့၏မိတ်ဆွေအပေါင်းအသင်းတို့နှင့် ပေါင်းသင်းဆက်ဆံမှုများအားလုံးတို့၌ သဘောထားကြီးပြီး၊ ရက်ရောသောစိတ်ဓာတ်မျိုးကို ပြသကြစေလိုတော်မူပါသည်။ သူ၏ပြဌာန်းမိန့်တော်မူချက်ကို အခြေပြုသည့် အခြေခံစည်းမျဉ်းကို ရှေးခေတ်ဣသရေလလူမျိုးတို့အတွက် ပြဌာန်းတော်မူချက်ကို (၁ကော ၉း၉) တွင် “. . .စပါးနင်းနယ်သောနွား၏နှုတ်ကို မချုပ်တည်းရ။. . .” ဟူ၍ဖော်ပြထားပြီး၊ ၎င်းကို (တရားဟောရာကျမ်း ၂၅း၄) တွင်လည်း တွေ့ရှိနိုင်ပါသည်။ ကမ္ဘာပေါ်တွင် ဘုရားသခင်၏အမှုအရေးအရာတော်၊ ရှေ့သို့တိုးတက်လာရေးအလုပ်တွင် မိမိတို့ကိုယ်ကိုပေးဆပ်အပ်နှံထားကြသောလစာငွေဖြင့် လုပ်ကိုင်နေကြသောသူတို့နှင့် လောကီရေးရာများအပေါ် တွေးမျှော်စိတ်ကူးမှန်းဆကြသောသူများတို့ကို ကောင်းကင်ဘုံနှင့်သက်ဆိုင်သောအရာများတို့ဆီသို့ တွေးတောမျှော်မှန်းကြရေးအတွက် ထိုသူတို့၏စိတ်အတွေးတို့ကို မြှင့်တင်ပေးကြရန် မိမိတို့၏ခွန်အားကို အသုံးချလုပ်ဆောင်နေကြသောလူတိုင်းတို့သည် ဤအခြေခံစည်းမျဉ်းကို မည်သည့်အခါမျှဘေးဖယ်မထားသင့်ပါ။ ဤဝန်ထမ်းများတို့ကို ဘုရားသခင်က ချစ်ခြင်းမေတ္တာထားရှိတော်မူပြီး၊ လူသားတို့အနေဖြင့် ထိုသူတို့၏ရသင့်ရထိုက်သောအခွင့်အရေးတို့ကို လေးစားကြစေလိုတော်မူပါသည်။

တစ်နေ့လျှင်ရှစ်နာရီအလုပ်လုပ်ရသော ဝန်ထမ်းပုံစံမျိုးကို ဘုရားသခင်၏အမှုတော်ဆောင်၏အစီအစဉ်တွင် မည်သည့်အခါမျှမရှိပါ။ သူသည် အမှုတော်ကိုထမ်းရွက်ရန်အတွက် မည်သည့်အချိန်နာရီတွင်မဆို မိမိကိုယ်ကိုအဆင်သင့်အနေအထားတွင်ထားရှိရပါမည်။ သူသည် သူ၏အသက်တာနှင့်စွမ်းအင်တို့ကို ကျဆင်းမသွားအောင် ထိန်းထားရမည်ဖြစ်ပြီး၊ အကယ်၍သာ သူသည် ထိုင်းထိုင်းမှိုင်းမှိုင်းဖြင့်ရှိနေပြီး ချည့်နဲ့နေပါက လုံ့ခြုံစိတ်ချရသောဩဇာသက်ရောက်မှုမျိုးကို သူ့အနေဖြင့် အသုံးပြုနိုင်မည်မဟုတ်ပါ။ တာဝန်ယူရသည့်အနေအထားမျိုးကို သူကပိုင်ဆိုင်ထားပါက သူသည် ဘုတ်အစည်းအဝေးများနှင့်ကောင်စီအစည်းအဝေးများတို့ကို တက်ရောက်ရန်အတွက် အဆင်သင့်ရှိနေရမည့်အပြင်၊ အမှုတော်ဆိုင်ရာအရေးအရာတိုးတက်လာရေးအတွက် စီစဉ်ဆောင်ရွက်ရာတွင် ဦးနှောက်ကိုသုံးရပြီး၊ အာရုံကြောကိုထိခိုက်သွားစေလောက်အောင်



အချိန်နာရီများစွာဖြင့် လုပ်ဆောင်ရပါသည်။ ဤကဲ့သို့သောအလုပ်အမျိုးအစားသည် ဉာဏပိုင်းဆိုင်ရာနှင့်ကာယပိုင်းဆိုင်ရာတို့ကို ကြီးမားစွာထိခိုက်စေပါသည်။

အမှုတော်အပေါ်သဘောပေါက်တန်ဖိုးထားသည့်ရည်ရွယ်ရင်းကို ထားရှိသောအမှုတော်ဆောင်မည်သည် မိမိကိုယ်ကို ဘုရားသခင်၏အစေကျွန်အဖြစ်ဖြင့် ရှုမြင်ထားပါသည်။ ဟေရှာယအနေဖြင့် (ဟေရှာယ ၆း၈) တွင်ဖော်ပြထားသော “ငါသည် အဘယ်သူကိုစေလွှတ်ရမည်နည်း။ ငါတို့အဖို့အဘယ်သူသွားမည်နည်း” ဆိုသည့် ထာဝရဘုရား၏မေးတော်မူချက်ကို သူကြားခဲ့ရသောအခါ၊ ထို (ဟေရှာယ ၆း၈) ၌တွင်ပင်ဖော်ပြထားသော “အကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကိုစေလွှတ်တော်မူပါ။ . . .” ဆိုသည့်အဖြေကို သူကပြန်လည်ဖြေကြားခဲ့ပါသည်။ သူ့အနေဖြင့် “အကျွန်ုပ်ကိုယ်ကိုအကျွန်ုပ်ပိုင်ပါ၏။ အကျွန်ုပ်စိတ်ချမ်းသာသလို၊ အကျွန်ုပ်၏အချိန်ကိုအသုံးပြုပါမည်” ဆိုသည့်စကားမျိုးကို သူပြောပိုင်ခွင့်မရှိပါ။ ဘုရားသခင်၏အမှုတော်တွင် မိမိအသက်တာကို သူ၏အမှုတော်ဆောင်သူအဖြစ်ဖြင့် ပေးအပ်ထားသောသူတစ်ဦးတစ်ယောက်ကမျှ သူ၏အတ္တအကျိုးအတွက် ရှင်သန်ခြင်းမပြုကြပါ။ သူ့အနေဖြင့် သခင်ခရစ်တော်၏နောက်တော်သို့လိုက်ပြီး၊ အရှင်သခင်၏လိုချင်စိတ်ရှိသော အထူးကိုယ်စားပြုသူအပြင်၊ ထိုအရှင်သခင်၏ပူးပေါင်းလုပ်ဆောင်သူအဖြစ်အပြင် သူ၏ဝိညာဉ်တော်ကို တစ်နေ့တခြားဖြင့်လက်ခံရယူပြီး ကယ်တင်တော်မူသောအရှင်လုပ်ဆောင်တော်မူခဲ့သည့်အတိုင်းလုပ်ဆောင်ရေးနှင့် ကျဆုံးသွားခြင်းမရှိသည့်အပြင် စိတ်ဓာတ်ကျဆင်းသွားခြင်းမရှိရေးတို့သည် သူလုပ်ဆောင်ရမည့်အလုပ်ဖြစ်ပါသည်။ သူသည် တိုင်းနိုင်ငံများအားလုံးတို့ရှိ သာသနာပြုလုပ်ငန်းကို မြှင့်တင်ပေးရန်အတွက် သစ္စာရှိသောကိရိယာတန်ဆာပလာတစ်ခုအဖြစ်ဖြင့် ဘုရားသခင်၏ရွေးချယ်တော်မူခြင်းခံရသူဖြစ်သည့်အပြင် သူလိုက်လျှောက်နေသောလမ်းသွယ်အပေါ် ကောင်းမွန်စွာတွေးဆချင့်ချိန်တတ်ရပါမည်။

ထိုကဲ့သို့သောအမှုတော်မျိုး၏ဝန်ကို မည်သည့်အခါကမျှ ထမ်းရွက်ခဲ့ဖူးခြင်းမရှိကြသောသူတို့အပြင် သခင်ဘုရားသခင်၏ရွေးချယ်တော်မူခြင်းခံရပြီး၊ သစ္စာရှိလှသောအမှုတော်ဆောင်များတို့သည် သက်သောင့်သက်သာဖြင့်နေထိုင်ရသောအချိန်မျိုးကို ရရှိနိုင်ကြသည်ဟု မှတ်ယူနေကြသောသူတို့အနေဖြင့် ဘုရားသခင်၏ကင်းစောင့်များတို့မည်သည် စဉ်ဆက်မပြတ်သောတာဝန်ကို တစ်သမတ်တည်းထမ်းဆောင်နေကြရသည်ဆိုခြင်းကို နှလုံးသွင်းရကြပါမည်။ သူတို့၏လုပ်ဆောင်မှုပမာဏကို အချိန်

နာရီများတို့ဖြင့် တိုင်းတာ၍မရနိုင်ပါ။ သူတို့၏ငွေစာရင်းတို့သည် စာရင်းစစ်ဆေးခြင်းခံရကြသောအခါ၌ အကယ်၍ အတ္တကြီးမားသောလူတို့က ပြောစကားသံများ၊ သို့မဟုတ် ကလောင်တံ၏စုတ်ချက်ဖြင့် ထိုအမှုတော်ဆောင်များတို့၏လုပ်ခလစာများနှင့်ပတ်သက်ပြီး မလုပ်သင့်မလုပ်ထိုက်သော၊ မလျော်ကန်သည့်သတ်မှတ်ချက်မျိုးကို ချမှတ်ကြခြင်းသည် ကြီးမားလှသောမှားယွင်းမှုကြီးကို ကျူးလွန်မိပြီးသားဖြစ်သွားပေမည်။

ဘုရားသခင်၏အမှုရေးရာတော်နှင့်ချိတ်ဆက်မှုရှိသော အုပ်ချုပ်မှုဆိုင်ရာဝန်ထုပ်ဝန်ပိုးများတို့ကို သယ်ပိုးနေရကြသည့်သူများတို့သည် တရားမျှတမှုနှင့်အမှန်တရားတို့အတွက် အချိန်ရောငွေကြေးတို့ကိုပါ အကုန်ခံနိုင်ကြပြီး၊ မှန်ကန်သောအခြေခံစည်းမျဉ်းများတို့အတိုင်း ထိတွေ့ကျင့်သုံးရန်တတ်နိုင်ကြပါသည်။ ငွေရေးကြေးရေးဆိုင်ရာ ဖိစီးမှုဖြစ်ပေါ်လာသောအချိန်မျိုးတွင် လုပ်ခလစာကိုလျှော့ချရမည့်အခြေအနေမျိုးဖြစ်လာပြီဟု ထင်မှတ်လာရပါက အခြေအနေမှန်ကိုဖော်ပြရေးသားထားသော အသိပေးနှိုးဆော်စာကိုဖြန့်ဝေပေးပြီးနောက် ဌာနချုပ်အနေဖြင့် အမှုတော်ဆောင်ဝန်ထမ်းများတို့အနေဖြင့် လက်ရှိအကျပ်အတည်းအခြေအနေများအောက်တွင် လျှော့ချထားလိုက်သောအထောက်အပံ့ပမာဏဖြင့် ဆက်လုပ်ကိုင်နိုင်ခြင်းရှိမရှိဆိုခြင်းကို မေးမြန်းရပါမည်။ ဘုရားသခင်၏အမှုတော်အတွင်း စီစဉ်ဆောင်ရွက်မှုအားလုံးတို့အပေါ် လူနှင့်သူ၏လုပ်ဖော်ဆောင်ဖက်စပ်ကြားတွင်ရှိသော အထွတ်အမြတ်ဖြစ်သည့်လုပ်ငန်းဆောင်တာတစ်ခုအဖြစ်ဖြင့် သဘောထားရပါမည်။ အမှုတော်ဆောင်ဝန်ထမ်းများတို့အပေါ် သက်မဲ့ပစ္စည်းများကဲ့သို့ မိမိသဘောအတိုင်းအသုံးပြု၊ သို့မဟုတ် ထုတ်ဖော်ပြောကြားခြင်းဖြင့် မည်သူကမျှပြုမူဆက်ဆံပိုင်ခွင့်မရှိပါ။

## အမှုတော်ဆောင်၏ဇနီးမယား

သူ၏အမှုတော်ထမ်းဆောင်မှုအတွက် အမှုတော်ဆောင်သည် လစာငွေရရှိခံစားရခြင်းသည် ကောင်းသောလက္ခဏာပင်ဖြစ်ပါသည်။ အကယ်၍ သခင်ဘုရားက ခင်ပွန်းသည်ဖြစ်သူအပေါ်တင်ထားတော်မူသော အမှုတော်ဆိုင်ရာဝန်ထုပ်ဝန်ပိုးအတိုင်း ဇနီးသည်အပေါ်တင်ထားတော်မူပြီး၊ သူမကလည်း သူမအပေါ်လက်တင်မင်္ဂလာအပ်နှင်းထားခြင်းမခံရသည့်တိုင် သူမ၏အချိန်နှင့်ခွန်အားတို့ကို မိသားစုတစ်ခုမှတစ်ခုသို့အလည်အပတ်သွားပြီး သူတို့အားကျမ်းစာတော်မြတ်ကိုဖွင့်ပြီးဖတ်ပြပေးခြင်းတို့တွင် ဆက်ကပ်ထားခြင်းဖြင့် သူမသည် အမှုတော်ဆောင်လုပ်ငန်းနယ်ပယ်အတွင်း ပါရှိနေသည့်အလုပ်





တစ်ခုကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ရာရောက်ပါသည်။ ဤသို့အားဖြင့် သူမ၏လုပ်ဆောင်မှုများတို့သည် အချည်းနှီးသက်သက်သာဖြစ်သော လုပ်ရပ်မျိုးအဖြစ်ဖြင့် သတ်မှတ်တန်ဖိုးဖြတ်ခံရသင့်ပါသလား။

သူတို့၏ခင်ပွန်းသည်များကဲ့သို့ သစ္စာရှိစွာဖြင့်ဆက်ကပ်အပ်နှံပြီး အမှုတော်ကိုထမ်းရွက်ကြသောအမျိုးသမီးများနှင့် အမှုတော်ဆောင်လုပ်ငန်းတွင် လိုအပ်မှုရှိနေဆဲဖြစ်သည်ဟု ဘုရားသခင်၏အသိအမှတ်ပြုတော်မူခြင်းကိုခံရပြီးကြသောသူတို့အတွက် တစ်ခါတစ်ရံတွင် တရားမျှတမှုမရှိသောဆုံးဖြတ်ချက်မျိုးကို ချမှတ်တတ်ကြပါသည်။ ခင်ပွန်းသည်အမှုတော်ဆောင်များတို့ကိုသာ လစာပေးထားပြီး၊ သူတို့နှင့်အတူတကွ မျှဝေထမ်းရွက်ကြသော သူတို့၏ဇနီးမယားများတို့အား လုပ်ခလစာပေးဆောင်ခြင်းမရှိသောနည်းစနစ်မျိုးသည် သခင်ဘုရားမိန့်ကြားတော်မူထားသောအစီအစဉ်အတိုင်းကိုက်ညီခြင်းမရှိပါ။ အကယ်၍ ကျွန်ုပ်တို့၏ဌာနချုပ်များအတွင်း ဤကဲ့သို့ဆက်လက်ကျင့်သုံးဆောင်ရွက်နေကြပါက သူတို့ကိုယ်ကိုအရည်အချင်းပြည့်ဝလာစေသည့် သူတို့ပါဝင်လုပ်ဆောင်သင့်သော အမှုတော်လုပ်ငန်းအပေါ်၊ ကျွန်ုပ်တို့၏ညီအစ်မများတို့က စိတ်ဓာတ်ကျဆင်းသွားစရာအကြောင်း ဖြစ်လာနိုင်ဖွယ်ရှိပါသည်။ ဘုရားသခင်သည် ဖြောင့်မတ်တော်မူသောဘုရားတစ်ပါးဖြစ်တော်မူပြီး၊ အကယ်၍ အမှုတော်ဆောင်များတို့သည် သူ၏အမှုတော်ဆောင်ရွက်ခြင်းအတွက် လစာငွေရရှိနေကြပါက မိမိတို့ကိုယ်ကိုကိုယ်ကျိုးမပါ၊ အတ္တကင်းကင်းဖြင့် အမှုတော်လုပ်ငန်းအတွင်း ဆက်ကပ်ထားကြသောသူတို့၏ဇနီးသည်များတို့က တောင်းခံကြခြင်းမရှိသည့်တိုင်၊ သူမတို့၏ခင်ပွန်းသည်တို့က လက်ခံရရှိထားကြသောလုပ်ခလစာများအပြင် သူမတို့အတွက်လုပ်အားခများကို ထပ်ဆောင်းပေးအပ်ရကြပါမည်။

သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ဝင်များတို့အနေဖြင့် အမျိုးသမီးများတို့၏လုပ်ကိုင်ဆောင်ရွက်ရမှုများတို့ကို သိမ်ငယ်သွားစေရန်အတွက် မည်သည့်နည်းလမ်းမျိုးဖြင့်မျှ မလုပ်ဆောင်ရပါ။ အကယ်၍ အမျိုးသမီးတစ်ယောက်သည် သူမ၏သစ္စာစောင့်သိတတ်ပြီး သမ္မာသတိရှိသော အိမ်အကူတစ်ယောက်၏လက်တွင်းသို့ အိမ်မှုကိစ္စတို့ကိုလွှဲအပ်ပေးလိုက်ပြီး သူမ၏သားငယ်သမီးငယ်တို့ကို ကောင်းမွန်စွာပြုစုစောင့်ရှောက်ရန်အတွက် တာဝန်ယူစေကာ၊ အမှုတော်ထဲတွင်ပါဝင်လုပ်ကိုင်ဆောင်ရွက်လာသောအခါတွင်မူ ဌာနချုပ်အနေဖြင့် သူမ၏လုပ်အားခလစာနှင့်ပတ်သက်သည့်တရားမျှတမှုအကြောင်းကို နားလည်သဘောပေါက်မည့်ဉာဏ်ပညာမျိုး ရှိသင့်ကြပါသည်။

ထာဝရဘုရားထံတော်တွင် အမျိုးသားများတို့အတွက်နည်းတူ အမျိုးသမီးများတို့လုပ်ဆောင်ရန်အတွက်လည်း အမှုတော်တစ်ခုရှိနေပါသည်။ နူးညံ့သိမ်မွေ့ခြင်း၏အဖိုးထိုက်တန်မှုနှင့် လုံးဝအရေးပါမှုသင်ခန်းစာများတို့အကြောင်းကို အကယ်၍သူတို့က သခင်ခရစ်တော်၏စာသင်ကျောင်းတော်ကြီးတွင် အဦးဆုံးသင်ကြားရယူထားကြမည်ဆိုပါက သူမတို့သည် ဘုရားသခင်အတွက်ကောင်းမြတ်သောအမှုတော်တစ်ခုကိုဖြစ်မြောက်အောင်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ သူမတို့သည် သခင်ခရစ်တော်၏နာမတော်ကို ခံယူကြရုံမျှမကသေးဘဲ သူ၏စိတ်ဝိညာဉ်တော်ကိုပါ ပိုင်ဆိုင်ထားရကြမည်ဖြစ်သည်။ သူလျှောက်လှမ်းတော်မူခဲ့သည့်အတိုင်း သူမတို့ကလျှောက်လှမ်းရကြမည့်အပြင်၊ မည်သည့်အရာများတိုင်းနှင့်မဆို ညစ်ထေးမှုရှိခဲ့သော သူမတို့၏အသက်ဝိညာဉ်များတို့ကို သန့်ရှင်းဖြူစင်မှုရှိစေရကြပါမည်။ ထိုနောက်တွင်မှ သူမတို့သည် သခင်ယေရှု၏လုံးဝဥဿုံပြီးပြည့်စုံတော်မူခြင်းကို အခြားသောသူတို့အား ဝေငှပေးကမ်းခြင်းအားဖြင့် ထိုသူတို့ကို အကျိုးပြုပေးနိုင်ကြမည်ဖြစ်သည်။ “Testimonies for the Church,” vol. 6, p. 117.

## ဥစ္စာပစ္စည်းတို့ကိုအမြော်အမြင်ရှိရှိဖြင့်ဖြန့်ဖြူးပေးခြင်း

အသင်းတော်ရှိသင်းဝင်သူများတို့အနေဖြင့် အမှုတော်၏အထောက်အပံ့လုပ်ငန်းဆီသို့ ငွေကြေးဖြင့်အပြင်၊ ဝတ္ထုပစ္စည်းအထောက်အပံ့တို့ဖြင့် ရွှင်လန်းစွာပံ့ပိုးပေးရကြပါမည်။ သူတို့အနေဖြင့် မိမိကိုယ်ကိုမိမိချုပ်တည်းခြိုးခြံခြင်းနှင့် စီးပွားရေးလုပ်ငန်းကိုကျင့်ကြံလုပ်ဆောင်ကြခြင်းအားဖြင့် သူတို့သည် မည်သည့်ကောင်းမှုကုသိုလ်မျိုးကိုမျှမပြုလုပ်ကြပါဟူ၍ အပြောအဆိုခံရကြတော့မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် အာဂန္တုများနှင့်သူစိမ်းများသာဖြစ်ကြပြီး၊ ပိုမိုကောင်းမွန်သောအရပ်ဒေသတစ်ခုခုကို ကြိုးပမ်းရှာဖွေကြပြီး၊ စွန့်လွှတ်ဆက်ကပ်ကြခြင်းအားဖြင့် ဘုရားသခင်နှင့်ပဋိညာဉ်တစ်ရပ်ကိုပြုလုပ်ရကြပါမည်။ အသက်ဝိညာဉ်တို့ကိုကယ်ဆယ်ရေးလုပ်ငန်းအချိန်ကာလသည် တိုတောင်းလှသည့်အလျောက်၊ အမှန်တကယ်သေချာသည့်လိုအပ်မှုများရှိလာမှသာလျှင်ထောက်ပံ့မည့်သဘောမျိုးဖြင့်မဟုတ်မူဘဲ မည်သည့်အရာကိုမဆို ဈေးနှုန်းတင်ခြင်းအလှူဒါနကို ဘုရားသခင်ထံတော်သို့ဆက်ကပ်သည့်သဘောမျိုးဖြင့်သာ ပေးကမ်းသင့်ကြပါသည်။



နှုတ်ထွက်စကားအားဖြင့်အပြင်၊ ဩဝါဒအားဖြင့် အမှုတော်ကိုထမ်းရွက်နေကြသောသူတို့သည် တူညီမှုရှိသောကိုယ်ကျိုးစွန့်သည့်လုပ်ရပ်ကို ပြသပေးရန်မှာ၊ သူတို့၏တာဝန်ဖြစ်ပါသည်။ အသင်းတော်၏ရက်ရောသောလှူဒါန်းမှုအစုစုတို့ကို လက်ခံထားရသည့်အပြင်၊ ဘုရားသခင်၏ဘဏ္ဍာတော်တိုက်အတွင်းရှိ ငွေကြေး၊ ဥစ္စာပစ္စည်းတို့ကို စီမံခန့်ခွဲရကြသောသူတို့သည် တည်ကြည်ခန့်ညားသည့်တာဝန်ယူရမှုတစ်ခုသူတို့အပေါ်၌သက်ရောက်နေပြီဖြစ်ကြောင်းကို နှလုံးသွင်းရကြပါမည်။ သူတို့အနေဖြင့် အကြီးမားဆုံးသောလိုအပ်ချက်မျိုး၊ မည်သည့်နေရာတွင်ရှိနေသည်ကို ပိုင်းခြားနားလည်နိုင်ကြရန် နောင်ရေးအတွက် ဘုရားသခင်၏ကြိုတင်စီမံတော်မူခြင်းအကြောင်းကို သေသေချာချာဖြင့် လေ့လာသင်ယူရကြပါမည်။ ကမ္ဘာမြေကြီးပေါ်တွင် သခင်ခရစ်တော်၏နိုင်ငံတော်ကို တည်နေခြင်းအမှုတော်တွင် သူတို့သည် သခင်ခရစ်တော်နှင့်အတူတကွလုပ်ဆောင်နေကြသူများအဖြစ်ဖြင့် ရောက်ရှိလာရကြမည့်အပြင်၊ (မဿဲ ၆း၁၀) တွင်ဖော်ပြထားသော ကယ်တင်တော်မူသောအရှင်သခင်၏ “. . . နိုင်ငံတော်တည်ထောင်ပါစေသော။ အလိုတော်သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်တွင်ပြည့်စုံပါစေသော။. . .” ဆိုသည့်ဆုတောင်းချက်နှင့်လိုက်လျောညီထွေမှုရှိသော ဆုတောင်းချက်မျိုးကိုပါ လက်ကိုင်ထားရကြပါမည်။

ကမ္ဘာတစ်ဝန်းလုံးရှိ အမှုတော်လုပ်ငန်းတို့အတွက် စာနာထောက်ထားမှုအဖိုးအခမျိုးကို ရယူလက်ခံရကြပါမည်။ နယ်သစ်ပယ်သစ်ဆီသို့ အမှုတော်လုပ်ငန်းရောက်ရှိသွားရပါမည်။ နယ်သစ်ပယ်သစ်များတို့တွင် အမှုတော်လုပ်ငန်းရှေ့သို့တက်လှမ်းဆောင်ရွက်နိုင်ရေးအတွက် များစွာသောငွေကြေးဥစ္စာပစ္စည်းများနှင့် များစွာသောပြင်းပြင်းထန်ထန်လုပ်ဆောင်မှုမျိုးတို့ကို လိုအပ်နေသည်ကို ကျွန်ုပ်တို့၏ညီအစ်ကိုတော်များတို့က သတိတရရှိကြပါစေ။

အမှုတော်ရေးရာကိစ္စရပ်များတို့ကို နိုင်ငံရပ်ခြားတိုင်းပြည်များတွင် လုပ်ကိုင်ဆောင်ရွက်ရန်အတွက် အစီအစဉ်ရေးဆွဲရာ၌ ထိုဒေသများတွင်ကြုံတွေ့ရနိုင်သောအခက်အခဲများတို့ကို ထည့်သွင်းစဉ်းစားရကြမည်ဖြစ်ပြီး၊ အမှုတော်ဆိုင်ရာဝန်ထမ်းများတို့အားရိုင်းပင်းကူညီလိုစိတ်သဘောမျိုးဆောင်သည့် အထောက်အပံ့မျိုးကို ပေးအပ်ရကြပါမည်။ အမှုတော်ရေးရာကိစ္စရပ်များ၏အဓိကနေရာတွင် တာဝန်ယူဆောင်ရွက်နေရကြသောသူတို့အနေဖြင့် သူတို့သည် ဘုရားသခင်၏ဘဏ္ဍာတော်ထိန်း (ဘဏ္ဍာစိုး) များဖြစ်ကြသည်အလျောက်၊ ကမ္ဘာပေါ်ရှိအားလုံးသောဒေသအနှံ့အပြားတို့သို့ သမ္မာတရားတော်

အကြောင်းကိုတိုးချဲ့ရန် လုပ်ငန်းစဉ်ချမှတ်နိုင်ကြရေးအတွက် မတူကွဲပြားသောနယ်ပယ်များတို့အတွင်းရှိ လိုအပ်ချက်များတို့၏အကြောင်းကို အနီးကပ်စစ်ဆေးဆန်းစစ်ရကြမည်ဖြစ်သည်။ အကယ်၍သူတို့သည် အမှုတော်လုပ်ငန်းနှင့်ပတ်သက်သော လိုအပ်ချက်များတို့နှင့်စပ်လျဉ်းပြီး၊ အသိဥာဏ်နည်းပါးစွာဖြင့် မသိကျိုးကျွန်ပြုလာကြပါက၊ သူတို့သည် ခွင့်လွှတ်နိုင်စရာအကြောင်းမရှိသောသူများသာဖြစ်ကြပါသည်။ သူတို့အနေဖြင့် နယ်ပယ်တိုင်း၏အသာစီးရရှိနိုင်မှုနှင့် အခက်အခဲများတို့၏အကြောင်းကို သိရှိထားရအောင်လုပ်ပြီးနောက် ကိုယ်ကျိုးအတ္တကင်းရှင်းသောစိတ်ဝင်စားမှုမျိုးဖြင့် အမှုတော်ရေးရာတိုးတက်ဖွံ့ဖြိုးလာရေးအတွက် တပေါင်းစည်းတည်းဖြင့် လုပ်ဆောင်ရကြပါမည်။

ထာဝရဘုရား၏အမှုတော်ဆိုင်ရာ ငွေရေးကြေးရေးနှင့်အထောက်အကူပြုပစ္စည်းလိုအပ်မှုများအတွက် သူ၏ဘဏ္ဍာတော်တိုက်အတွင်း ဆောင်ရွက်ပေးကြရန်လျာထားခြင်းခံရကြသောသူတို့အနေဖြင့် အခြေအနေကိုမှန်ကန်စွာဖြင့် သဘောပေါက်နားလည်သိရှိကြရေးအတွက် ကိုယ်ကျိုးအတ္တကင်းစွာဖြင့် ကြိုးစားလုပ်ဆောင်ရာတွင် ပဋိညာဉ်သေတ္တာတော်၏အဖုံးပေါ်ရှိ ရွှေခေရုဗိမ်နှစ်ပါးတို့၏ရှေ့မှောက်သို့လာရောက်ပြီး၊ ဝေးလံလှသောနေရာဒေသရှိ လူများတို့၏လိုအပ်ချက်များအပြင် အနီးအနားရှိလူများတို့၏လိုအပ်ချက်များတို့သိရှိနိုင်ကြမည့် အလိုလိုသိရှိနိုင်စွမ်းနှင့် ကောင်းကင်ဘုံဆိုင်ရာဉာဏ်ပညာတို့ကို အသနားခံတောင်းယူရကြပါမည်။ ထာဝရဘုရားကိုကြိုးပမ်းရှာဖွေခြင်းသည် မည်သည့်အခါမျှအချည်းနှီးဖြစ်သွားမည်မဟုတ်ပါ။ မိမိနေရာဒေသ၏အခြားတစ်ဖက်ရှိဒေသတွင်း အမှုတော်တိုးတက်မှုရှိလာရေးအတွက် သူတို့အားကူညီတော်မူရန်အတွက် ထာဝရဘုရားတောင်းခံကြသည်အလျောက်၊ အထက်အရပ်မှကရုဏာတော်ကို သူတို့လက်ခံရရှိကြမည်ဖြစ်သည်။

ကိုယ်ကျိုးအတ္တကင်းသော တန်းတူညီမျှမှုမျိုးကို ပြည်တွင်းတွင်ရော နိုင်ငံရပ်ခြားတိုင်းပြည်များတို့တွင်ပါ လုပ်ဆောင်ကြသည့်အင်အားစုများတို့နှင့် ထိတွေ့လုပ်ဆောင်ရာတွင် ပြသပေးရကြပါမည်။ ဆယ်ဖို့တစ်ဖို့အားဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့၏လူများတို့၏ပေးကမ်းမှုများတို့အားဖြင့်လည်းကောင်း ထာဝရဘုရား၏ဘဏ္ဍာတော်တိုက်အတွင်းသို့ ထည့်သွင်းထားသောငွေကြေးများတို့ကို ပြည်တွင်းတွင်ပါမကဘဲ နိုင်ငံရပ်ခြားရှိအမှုတော်နယ်ပယ်များတို့တွင်ရှိသော အမှုတော်လုပ်ငန်းများတို့ကို အထောက်အပံ့ပေးရပါမည်။ အမှုတော်ဆောင်ခြင်းလုပ်ငန်းကို အချိန်ကြာမြင့်စွာကတည်းက တည်ထောင်ထားပြီးသောနေရာများတို့တွင် နေထိုင်နေကြသောသူများတို့အနေဖြင့်



မလောက်မငဖြစ်သည်ဟု မိမိတို့၏တွေးထင်မှုစိတ်ထားကို ချုပ်တည်းထားသင့်ကြပြီး၊ ဤသို့အားဖြင့် နယ်သစ်ပယ်သစ်များရှိ အမှုတော်လုပ်ငန်းသည် ရှေ့သို့တိုးတက်လာမည်ဖြစ်သည်။ အချိန်ကြာမြင့်စွာကတည်းက တည်ထောင်ထားပြီးသော အဖွဲ့အစည်းများအတွင်း၊ တစ်ခါတစ်ရံတွင် အခွင့်ထူးများကို ဆုပ်ကိုင်ထားလိုစိတ်ရှိကြသည့်အပြင်၊ ပိုမို၍ဆုပ်ကိုင်ထားလိုစိတ်မျိုးရှိနေဆဲဖြစ်ကြပါသည်။ သို့သော်လည်း ဤကဲ့သို့သောသဘောထားမျိုး မထားရှိသင့်သည်ကို ထာဝရဘုရားက မိန့်ကြားထားတော်မူပြီးဖြစ်ပါသည်။ သူ၏ဘဏ္ဍာတော်တိုက်အတွင်းရှိငွေကြေးကို ကမ္ဘာတစ်ဝန်းလုံးရှိအမှုတော်လုပ်ငန်းကိုထူထောင်ရေးတွင် အသုံးပြုစေလိုတော်မူပါသည်။

ထာဝရဘုရား၏စပျစ်ဥယျာဉ်တော်အတွင်းရှိ လုပ်ဆောင်မှုအနည်းငယ်မျှသာပြီးမြောက်သော၊ သို့မဟုတ် လုံးဝလုပ်ဆောင်မှုမရှိသေးသောနေရာများတို့အတွက် တည်ထောင်ထားပြီးသောအဖွဲ့အစည်းများရှိနေသည့်နေရာများတို့အား ထိုစပျစ်ဥယျာဉ်များရှိအခြေအနေမှန်ကို နားလည်သိရှိပေးကြရန်အတွက် အရေးတကြီးခေါ်ယူအသိပေးနေပါသည်။ ထိုအမှုတော်နယ်ပယ်များရှိ ကြီးမားသောအနေအထားဖြင့် လုပ်ငန်းဆောင်ရွက်ပြီးစီးသည့်အပြင်၊ ဘုရားသခင်၏အမှုရေးရာတော်ကို အခိုင်အမာတည်ဆောက်ပြီးစီးနေပြီဖြစ်သောနေရာများရှိ၊ ဘုရားသခင်၏ခန့်အပ်ထားတော်မူခြင်းခံရကြသည့်သူများတို့အနေဖြင့် အမှုတော်လုပ်ငန်းကို နယ်သစ်ပယ်သစ်သို့တိုးချဲ့လုပ်ကိုင်လိုသည့် ပြင်းပြသောဆန္ဒကို ချုပ်တည်းထားကြပါစေ။ စပျစ်ဥယျာဉ်တော်အတွင်းရှိ အခြားသောအစိတ်အပိုင်းတို့သည် ခိုကိုးရာမဲ့ဖြစ်နေကြသောအချိန်တွင် သူတို့လုပ်ကိုင်လိုကြသောကြီးမားသည့်အရာများတို့အတွက် တွေးတောစဉ်းစားပြီး၊ သူတို့အတွက်လိုအပ်သောအထောက်အကူပြုပံ့ပိုးပစ္စည်းများတို့ကို ထပ်ဆောင်းပေးခြင်းမပြုကြပါစေနှင့်။ သာသနာပြုလုပ်ငန်းနယ်ပယ်များတို့တွင် လိုအပ်မှုများရှိနေချိန်၌ လိုအပ်သည့်အထောက်အကူပြုပံ့ပိုးပစ္စည်းများ လုံလောက်ရုံသာမက၊ ပိုလျှံစွာဖြင့်ပိုင်ဆိုင်ရယူထားနိုင်ပြီးသော အမှုတော်နယ်ပယ်အတွက် ထပ်မံ၍ပိုမိုတောင်းခံရန် လူကိုဦးတည်စေသောအရာမှာ အတ္တဆန်သောရည်မှန်းချက်သာဖြစ်ပါသည်။

အခြားသောနိုင်ငံများတို့တွင်ရှိသော အမှုတော်လုပ်ငန်းများ၏အထက်တွင် အချို့သောနိုင်ငံတို့ရှိ အမှုတော်လုပ်ငန်းကို ထာဝရဘုရားက အလေးပေးလက်ခံတော်မူပြီဆိုလျှင်၊ စစ်မှန်သောသဘောထားကြီးခြင်းအပြင် အမြဲတမ်းအခြေချနိုင်မည့်နေရာ

ကို တွေ့ရှိရန်အတွက်အပြင်၊ အမှုတော်လုပ်ငန်းအပေါ် ဂုဏ်သိက္ခာရှိမှုကိုပေးအပ်နိုင်ရေးအတွက် အကူအညီကြီးမားစွာလိုအပ်နေသောသူတို့ကို အထောက်အကူပြုပေးလိုသောဆန္ဒတော်မျိုးကို ထင်ရှားစေတော်မူမည်ဖြစ်သည်။ ထာဝရဘုရားသည် လူပုဂ္ဂိုလ်များ၊ သို့မဟုတ် နေရာဒေသများအပေါ်အလေးထားသောသူ ဖြစ်တော်မမူပါ။ သူ၏အမှုတော်တစ်ရပ်လုံးသည် ကြီးမြတ်လှပါသည်။ သူ၏သမ္မာတရားတော်ကို အသီးသီးဘာသာစကားကိုပြောသောလူအမျိုးအနွယ်ခပ်သိမ်းတို့ကို ကြေညာပေးရမည်ဖြစ်ပြီး နယ်သစ်ပယ်သစ်များတို့တွင် ဝင်ရောက်လုပ်ဆောင်ကြသည်နှင့် လူတို့သည် သမ္မာတရားတော်ကိုလက်ခံလာကြသောအခါ၊ ဝတ်ပြုရာအိမ်တော်များနှင့်ကျေးလက်ဒေသရှိစာသင်ကျောင်းငယ်ကလေးများတို့ကို တည်ဆောက်ပြီးစီးသောအခါ၊ လိုအပ်သည့်အခြားသောအထောက်အကူပြု ပံ့ပိုးပစ္စည်းများတို့ကို ပံ့ပိုးပေးရပါမည်။ ကမ္ဘာမြေကြီးပေါ်ရှိများစွာသောဒေသများရှိ အမှုတော်လုပ်ငန်းများတို့တွင် စာပုံနှိပ်စက်တို့ကို တပ်ဆင်ပေးထားရပါမည်။

နယ်သစ်ပယ်သစ်များတို့ရှိ သခင်ဘုရား၏အမှုတော်လုပ်ငန်းသည် အောင်မြင်လှသောအနေအထားမျိုးဖြင့် ပြီးမြောက်သွားစေရေးအတွက် ရှေ့သို့ဆက်လက်သယ်ပိုးဆောင်ရွက်ရကြပါမည်။ ထိုနောက်တွင် ဘုရားသခင်၏အစီအစဉ်တော်သည်လည်း ထက်ကြပ်မကွာဖြင့် ကပ်ပါလာရမည်ဆိုရာတွင် သခင်ဘုရား၏စပျစ်ဥယျာဉ်တော်၏အခြားနေရာရှိ ဆင်းရဲခြင်း၊ ချို့တဲ့ခြင်းဖြစ်နေကြသောသူတို့က အမွေခံဖြစ်နေကြချိန်တွင် အစုအဖွဲ့ငယ်အဖြစ်ပေါင်းစည်းမှုတွင် ကြီးကြပ်ကွပ်ကဲရသောအနေအထားတွင်ရှိနေသူတို့က ဖြစ်နိုင်ခြေရှိသောအခွင့်ထူးတိုင်းကို လိုချင်တပ်မက်စိတ်ကို လက်ကိုင်ထားရမည့်အစီအစဉ်တော်မျိုးမပါဝင်ပါ။

အချို့သောဌာနချုပ်များတို့တွင် ကြီးမားသောပိုငွေပြသည့်ဘဏ္ဍာရေးအခြေအနေမျိုးကို ပြသနိုင်ရန်အတွက် ဝင်လာသောငွေကြေးများကိုစုထားခြင်းသည် ချီးကျူးထိုက်သည့်လုပ်ရပ်အဖြစ်ဖြင့် သဘောထားတတ်ကြပါသည်။ သို့သော်လည်း ဤနည်းလမ်းသည် ဘုရားသခင်၏ဂုဏ်တော်ကို ချီးမြှောက်ရာမရောက်ပါ။ ဆင်းရဲငတ်ပြတ်နေသောသူများရှိနေသည့်နယ်ပယ်များတို့တွင် လုံ့လဝီရိယရှိပြီး၊ ကျွမ်းကျင်စွာဖြင့်လုပ်ဆောင်နိုင်စွမ်းရှိကြသော လုပ်ဆောင်သူများအား ထောက်ပံ့ပေးရေးလုပ်ငန်းတွင် ထိုငွေကြေးတို့ကို အမြော်အမြင်ရှိရှိဖြင့်သုံးစွဲပါက ပိုမို၍သင့်လျော်မည်ဖြစ်သည်။



မြို့ခြံ့ရွှေတာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် ကျွန်ုပ်တို့၏ညီအစ်ကိုတော်များတို့အနေဖြင့် အမြော်အမြင်ရှိရှိဖြင့် ရင်းနှီးမြှုပ်နှံရန်လိုအပ်သောနေရာမျိုးအတွက် ငွေကြေးရင်းနှီးမြှုပ်နှံခြင်းကို ကန့်သတ်ချုပ်ချယ်မိမည်ကို စိုးရိမ်ရသောအကြောင်းရှိသဖြင့် အထူးသတိထားရကြမည်ဖြစ်သည်။ စာသင်ကျောင်းများနှင့်ဆေးရုံအဆောက်အဦတို့ကို ထူထောင်တည်ဆောက်နိုင်ရန်မှာ ဤအဖွဲ့အစည်းများတို့အတွက် ထာဝရဘုရားက ပုံစံချပေးထားခဲ့တော်မူသော အစီအစဉ်တော်များတို့ကို လိုအပ်သလိုဆောင်ရွက်ရန်နှင့် ပံ့ပိုးပေးနိုင်ရန်အတွက် လုံလောက်သည့်အကျယ်အဝန်းရှိသောမြေကွက်မျိုးကို ဝယ်ယူထားရပါမည်။ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များတို့ကို ရှင်သန်ကြီးထွားလာစေရေးအတွက် ထောက်ပံ့မှုကိုလုပ်ဆောင်ပေးရပါမည်။ ထို့အပြင် မည်သည့်နေရာတွင်မဆိုဖြစ်နိုင်ပါက ပြည့်စုံလုံလောက်မှုရှိသော အကျယ်အဝန်းရှိသည့်မြေကွက်ကို အကာအကွယ်သဘောဖြင့် ရယူထားရှိခြင်းအားဖြင့် အသင်းတော်အဖွဲ့အစည်းအဝန်းအဝိုင်းအနီးတွင် မနှစ်မြို့ဖွယ်သောအမူအကျင့်၊ ဓလေ့စရိုက်မျိုးဖြစ်ပေါ်စေနိုင်သည့် အခြားသောအဆောက်အဦမျိုးတို့ကို တည်ဆောက်လာခြင်းမရှိနိုင်တော့ပါ။

တစ်ခါတစ်ရံတွင် အမှုတော်လုပ်ငန်းတစ်ခုသည် တိုးတက်ရန်သေချာလောက်သောအနေအထားသို့ရောက်ရှိလာပြီး၊ ထိုအမှုတော်လုပ်ငန်းကို ကိုယ်စားပြုပေးသည့်စိတ်အားထက်သန်စွာဖြင့် လုပ်ဆောင်ပေးကြသောသူတို့က နောက်ထပ်လိုအပ်သည့်အကူအညီကို တောင်းခံလာကြပါက၊ သူတို့သည် ပစ်ပစ်ခါခါဖြင့်ငြင်းပယ်ခံရကြခြင်းကြောင့် သူတို့၏အမှုတော်လုပ်ငန်းထိရောက်မှုရှိရေးအတွက် အသာစီးရရှိစေမှုမျိုးတို့ကို ဆုံးရှုံးခံလာရကြပါသည်။ ဤကဲ့သို့သောပစ်ပစ်ခါခါငြင်းပယ်မှုမျိုးသည် ထိုအမှုတော်လုပ်ငန်းကို ကိုယ်စားပြုပေးသည့် သူတို့၏စိတ်ဓာတ်ကျဆင်းမှုကိုဖြစ်ပေါ်စေသည့်အပြင်၊ ဘုရားသခင်၏အမှုတော်ရေးရာကို အဟန့်အတားဖြစ်စေပါသည်။ မြို့ကြီးများတို့တွင် အမှုတော်လုပ်ငန်းကိုဆောင်ရွက်ရန်အတွက် စိုးရွံ့နေကြခြင်းမှာ၊ ဤအလုပ်သည် ထက်သန်မှုရှိသောလုပ်ဆောင်ချက်နှင့် ငွေကြေးမြှုပ်နှံမှုမျိုးလိုအပ်လှပြီး၊ ကမ္ဘာလောကကြီးကို ကယ်ဆယ်တော်မူရန်အတွက် သူ၏သားတော်ကိုပေးအပ်တော်မူသော ဆုကျေးဇူးတော်၏အလွန်အရေးပါမှုကို နားလည်သဘောပေါက်ကြရန်လိုအပ်ပါသည်။ အကယ်၍လူသားတို့အနေဖြင့် ဘုရားသခင်အပေါ်အားကိုးအားထားပြုကြပြီး၊ စိတ်အားထက်သန်စွာဖြင့်အပြင်၊ ကိုယ်ကျိုးအတ္တကင်းစွာဖြင့်လုပ်ဆောင်ကြပါက ကျွန်ုပ်တို့၏မြို့ကြီးများတို့တွင်လည်း အမှုတော်လုပ်ငန်းဖြစ်မြောက်လာမည်ဖြစ်သည်။

## သာသနာလုပ်ငန်းတွင်ရှိသောစီးပွားရေး

ဘုရားသခင်အတွက် လုပ်ကိုင်ဆောင်ရွက်ကြသောသူတို့သည် ဉာဏ်ထက်မြက်မှု၊ ခြိုးခြံချွေတာမှုနှင့်စိတ်နှိမ့်ချမှုတို့ဖြင့် လုပ်ကိုင်ရကြပါမည်။ များစွာသောအလုပ်တာဝန်တို့ကို လက်ခံဆောင်ရွက်ကြသောသူများရှိနေကြပြီး၊ ထိုကဲ့သို့မနိုင်မနင်းဖြစ်လောက်အောင် အလုပ်တာဝန်ကိုယူထားကြခြင်းဖြင့် အနည်းငယ်မျှသောအလုပ်သာအောင်မြင်ပြီးမြောက်အောင် လုပ်ဆောင်နိုင်ကြပါသည်။ ကျွန်ုပ်တို့၏ကြိုးစားအားထုတ်မှုများတို့ကို အမှုတော်လုပ်ငန်းတွင် ပိုမို၍အာရုံစိုက်၊ ဖောက်ချလုပ်ဆောင်ရကြမည်ဖြစ်သည်။ နှုတ်ကပတ်တော်နှင့်ပတ်သက်သော ရေးသားထားချက်တိုင်းကို အသိပေးပြောကြားပေးရကြပါမည်။ ကျွန်ုပ်တို့နှင့်နီးနီးနားနားတွင်ရှိနေကြသောသူတို့ဆီသို့ရောက်ရှိသွားနိုင်မည့်လမ်းကြောင်းနှင့်နည်းလမ်းများတို့ကို ပိုင်းခြားနားလည်နိုင်ကြရန်အတွက် စိတ်အတွေးများတို့သည် တက်ကြွဖျတ်လတ်မှုရှိရကြပါမည်။ ကျွန်ုပ်တို့နှင့်အလှမ်းဝေးကွာသောနေရာမျိုးတွင် အမှုတော်လုပ်ငန်းတစ်ခုကိုဆောင်ရွက်ရေးအတွက်ကြိုးစားအားထုတ်မှုတစ်ရပ်တွင် ကျွန်ုပ်တို့နှင့်လက်တစ်ကမ်းအကွာရှိ အခွင့်အလမ်းများတို့ကို ရှောင်ကွင်းသွားမိတတ်ကြပါသည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့သည် အလှမ်းဝေးကွာလှသောအမှုတော်လုပ်ငန်းအတွက်အပြင်၊ ကျွန်ုပ်တို့အနီးတွင်သာရှိသောအမှုတော်လုပ်ငန်းတို့အတွက် အချိန်နှင့်ငွေကြေးများတို့ကို ဆုံးရှုံးခံလိုက်ရကြပါသည်။

ကျွန်ုပ်တို့၏သာသနာပြုလုပ်ငန်းဝန်ထမ်းများတို့အနေဖြင့် ခြိုးခြံချွေတာတတ်ကြအောင် လေ့လာသင်ယူရကြပါမည်။ ပမာဏကြီးမားစွာဖြင့် အမြဲတစေရေစီးဝင်သွားသည့်တိုင် ထိုစီးဝင်သွားသောရေတို့ကို ဆုတ်ယုတ်လျော့နည်းသွားစေသည့် ယိုစိမ့်ပေါက်များရှိနေပါက အကြီးမားဆုံးသောရေလှောင်ကန်ကြီးသည် ရေအပြည့်ဖြင့်ရှိမနေနိုင်ပါ။ အချို့သောနယ်ပယ်တွင် ကြီးမားသောကြိုးစားအားထုတ်မှုမျိုးများလိုအပ်သည်ဆိုသော ဆုံးဖြတ်ချက်မျိုးကိုချမှတ်ရန်အတွက် လူတစ်ယောက်တည်းအပေါ်ပုံမချပါနှင့်။ အမှုတော်နယ်ပယ်တစ်ခုတည်းအတွင်းရှိ ဝန်ထမ်းများတို့က ထိုဒေသရှိအမှုတော်လုပ်ငန်းကို ကြီးမားသောကုန်ကျစရိတ်များတို့ဖြင့် အကုန်အကျခံလုပ်ကိုင်ကြခြင်းဖြင့် သူတို့သည် ရင်းနှီးမြှုပ်နှံရကျိုးနပ်နိုင်ဖွယ်သော အခြားသောနယ်ပယ်များတို့ဆီသို့ ရင်းနှီးငွေများဝင်ရောက်သွားခြင်းမရှိနိုင်အောင် တားဆီးပိတ်ပင်ထားရာရောက်ပါသည်။





ကျွန်ုပ်တို့၏ငယ်ရွယ်သောလုပ်ဆောင်သူများတို့အနေဖြင့် ပိုမို၍အတွေ့အကြုံရင့်ကျက်ကြသောလူတို့၏အကြံပေးမှုအောက်တွင် လူအများတို့အတွင်း ဖြည်းဖြည်းချင်းနှင့်သေချာမှုရှိစွာဖြင့် မိမိတို့၏လမ်းစဉ်အတိုင်း လုပ်ကိုင်ဆောင်ရွက်ရခြင်းကိုကျေနပ်မှုရှိရကြပါမည်။ များစွာသောလူတို့၏ထင်မြင်ယူဆချက်တို့သည် အလွန်မြင့်မားလှပါသည်။ ပိုမိုနှိမ့်ချမှုရှိသောအပြုအမူမျိုးဖြင့်လုပ်ဆောင်ခြင်းဖြင့် ကောင်းမြတ်သောအကျိုးရလဒ်များတို့ကို ထင်ရှားစေပါသည်။ ၎င်းရလဒ်များတို့သည် ငယ်ရွယ်သူများတို့အနေဖြင့် သာသနာပြုလုပ်ငန်းနယ်ပယ်အတွင်းသို့ ဝင်ရောက်လာကြပြီး၊ သူတို့၏စိတ်ဓာတ်နှင့်ခွဲမာန်အားလုံးတို့ကို အမှုတော်လုပ်ငန်းအတွင်း သွတ်သွင်းလိုက်ကြသည်ကိုမြင်တွေ့ရရေးအတွက် ထိုငယ်ရွယ်သူတို့ကို ခွန်အားပေးခြင်းဖြစ်သော်လည်း သူတို့အား မိမိတို့ဘာသာမိမိတို့ကိုယ်ကိုစီမံခန့်ခွဲရန်နှင့် အကြွေးဝန်ပိနေသောဘုရားသခင်၏အမှုရေးရာတော်ကို ထိန်းသိမ်းစောင့်ရှောက်ရသောအနေအထားမျိုးတွင် သူတို့အားပစ်မထားရပါ။ အားလုံးတို့အနေဖြင့် အမြော်အမြင်ရှိသောစီမံခန့်ခွဲမှုဖြင့် ကြိုးပမ်းရကြမည့်အပြင်၊ သူတို့၏ကိုယ်ပိုင်ကုန်ကျစရိတ်များတို့ကို ပေးချေနိုင်ကြရန်အတွက် လုံလောက်သောငွေကြေးကို စုဆောင်းနိုင်ရေးအတွက် စိတ်အားထက်သန်မှုမျိုးဖြင့် လုပ်ကိုင်ရကြပါမည်။ သူတို့အနေဖြင့် မိမိကိုယ်ကိုခံနိုင်ရည်ရှိစေသည့်အကြောင်းခြင်းရာကိုဖော်ဆောင်ရန်နှင့် လူတို့အား မိမိတို့ကိုယ်ကိုမိမိတို့အားထားကြရေးအတွက် သင်ကြားပို့ချပေးရကြပါမည်။

ကျွန်ုပ်တို့၏အမှုတော်ဆောင်တို့အနေဖြင့် ပုဂ္ဂိုလ်ရေးဆိုင်ရာလုပ်ဆောင်မှုအားဖြင့် လုပ်ပိုင်ခွင့်ကို နောက်ဆက်တွဲလုပ်ကိုင်ဆောင်ရွက်ရမည့်ဝန်ထုပ်ဝန်ပိုးကို ထည့်သွင်းစဉ်းစားခြင်းမပြုကြဘဲ၊ အစည်းအဝေးများကိုကျင်းပနိုင်ရန် ခန်းမဆောင်များကိုဆောက်လုပ်ရေးအတွက် ကြီးမားလှသောငွေကြေးပမာဏကိုသုံးစွဲရန်အတွက် စိတ်ကြိုက်လုပ်ကိုင်နိုင်ရေးကို ထည့်သွင်းစဉ်းစားခြင်းမပြုသင့်ကြပါ။ ငွေကြေးများကို အလွန်လျင်မြန်စွာသုံးစွဲခြင်းဖြင့် ရရှိလာမည့်အကျိုးရလဒ်အတွက် အာမခံနိုင်ရန် အလွန်မသေမချာရှိလှပါသည်။ အကယ်၍ ဝတ်ပြုကိုးကွယ်ရန် ဘုရားကျောင်းများနှင့်ခန်းမဆောင်များတို့သည် အချို့သောလုပ်ဆောင်သူများတို့အတွက် လမ်းဖွင့်ထားပေးလာပါက၊ ထို့အပြင်နာကြားလိုသောသူများလည်းရှိနေကြပါက လုပ်ဆောင်သူများတို့အနေဖြင့် အခွင့်အရေးကိုအမိအရထွေးပိုက်ထားပြီး၊ အကောင်းဆုံးလုပ်ဆောင်နိုင်သမျှ လုပ်ဆောင်ရကြမည်ဖြစ်သော်လည်း တစ်ဦးတစ်ယောက်သောလုပ်ဆောင်သူသည် သူ၏ထံတွင်ကြီးမားသော

ပင်ကိုစွမ်းရည်ရှိသည့်အလား၊ ထို့အပြင် သူသည် သူ့ကိုယ်ကို Moody တစ်ယောက်၊ သို့မဟုတ် Sankey တစ်ယောက်အလား မိမိကိုယ်ကိုသဘောထားပြီး၊ အမှုတော်လုပ်ငန်းကို တစ်ဦးချင်းသီးခြားကိုယ့်လမ်းကိုယ်ထွင်ပြီး အသင်းတော်နှင့်သက်ဆိုင်သောငွေကြေးကို အရမ်းကာရောသုံးစွဲပစ်လိုက်တတ်ပါသည်။

နိုင်ငံရပ်ခြားတိုင်းပြည်များသို့ သာသနာပြုဆရာများတို့ကို စေလွှတ်ကြရာတွင် ကျွန်ုပ်တို့အနေဖြင့် မည်ကဲ့သို့ခြိုးခြံချွေတာရကြမည်ကို သိရှိနားလည်ကြသောသူ၊ မိသားစုဝင်များများစားစားမရှိသောသူများ၊ အချိန်ကာလသည် တိုတောင်းလှသည့်အပြင် ကြီးမားသောအမှုတော်သည် အောင်မြင်ပြီးမြောက်ခြင်းရှိရတော့မည်ကို သတိမူမိကြသောသူများတို့ကိုသာ ရွေးချယ်သင့်ကြပါသည်။ ထို့အပြင် ထိုသူတို့သည် ကြီးမားသောအမှုတော်လုပ်ငန်းတစ်ခုတည်းအပေါ်တွင်သာလျှင် သူတို့၏စိတ်အတွေးတို့ကို အာရုံပြုခြင်းမှလမ်းလွဲသွားစေနိုင်သည့် အကြောင်းခြင်းရာတိုင်းတို့နှင့် မိမိတို့ကိုယ်ကို အတတ်နိုင်ဆုံးကင်းကင်းရှင်းရှင်းထားရှိကြမည့်သူများလည်း ဖြစ်ရကြပါမည်။ ဇနီးသည်ဖြစ်သူကလည်း အကယ်၍ ဆက်ကပ်လိုစိတ်ရှိပြီး၊ ထိုကဲ့သို့သောအမှုတော်လုပ်ငန်းကို ထမ်းဆောင်နိုင်ရန်အတွက်အားလပ်နေပါက၊ သူမ၏ခင်ပွန်းသည်နှင့် နံဘေးချင်းကပ်လျက်ရပ်တည်ကာ ခင်ပွန်းသည်ဆောင်ရွက်ပြီးစီးနိုင်သောအမှုတော်ပမာဏအတိုင်း ဆောင်ရွက်ပြီးစီးနိုင်ပါသည်။ ကျွန်ုပ်တို့သည် နှုတ်တော်ထွက်မိန့်တော်မူချက်နှင့်ပတ်သက်ပြီး အပြည့်အဝဆုံးသောအသိတရားဖြင့်အပြင်၊ ကိုယ်ကျိုးအတ္တကိုအလေးထားသည့်စိတ်ထားကို ဘေးဖယ်ထားလျက်၊ ဘုရားသခင်၏အမှုရေးရာတော်ကို ရှေ့တန်းတင်ဦးစားပေးသောစိတ်ဓာတ်ဖြင့် သာသနာပြုလုပ်ငန်းကိုထမ်းဆောင်ကြသော သာသနာပြုဆရာများ၊ ထို့အပြင် ဘုရားသခင်၏ဘုန်းအာနုဘော်တော်တစ်ခုတည်းဆီသို့သာ အာရုံပြုလုပ်ဆောင်ကြပြီး၊ မိမိတို့ကိုယ်ကို ဘုရားသခင်၏အစေကျွန်များအဖြစ်ဖြင့် ထားရှိကြလျက် ဘုရားသခင်က အမိန့်ပေးစေခိုင်းတော်မူမည့်နေရာများဆီသို့ သွားရောက်ရန်အတွက် အဆင်သင့်အနေအထားမျိုးတွင်ရှိနေကြကာ၊ သမ္မာတရားတော်ဆိုင်ရာအသိဉာဏ်ဗဟုသုတကို မည်သည့်နေရာမျိုးတွင်မဆို ဖြန့်ဝေပေးခြင်းကိုလုပ်ဆောင်နိုင်ကြသော သာသနာပြုဆရာများတို့ကို ကျွန်ုပ်တို့အလိုရှိကြပါသည်။ ဘုရားသခင်အပေါ်ချစ်ခြင်းမေတ္တာထားရှိကြပြီး၊ ကြောက်ရွံ့ခြင်းရှိကြကာ အမှုတော်လုပ်ငန်းတွင် သူတို့၏ခင်ပွန်းသည်တို့အား ကူညီနိုင်ကြသောဇနီးသည်မျိုးရှိကြသော အမှုတော်ဆောင်သော



သူကို အမှုတော်လုပ်ငန်းတွင်အပြင်၊ သာသနာပြုလုပ်ငန်းနယ်ပယ်တွင်ပါ လိုအပ်လှပါသည်။

ကျွန်ုပ်တို့၏လုပ်ဆောင်သူများတို့သည် သမ္မာတရားတော်၏အရေးအရာကို ရှေ့တိုးလုပ်ဆောင်နိုင်ရေးအတွက် သူတို့၏ကြိုးပမ်းဆောင်ရွက်မှုအတွက်သာမကဘဲ သူတို့၏အိမ်ထောင်မိသားစုကုန်ကျစရိတ်များအတွက်ချွေတာရေးကို အလေ့အကျင့်ပြုလုပ်တတ်ရန် သင်ကြားရယူရကြပါမည်။ သက်သာနိုင်မည့်နေရာမျိုးတွင် သူတို့၏မိသားစုတို့ကို ပြုစုစောင့်ရှောက်နိုင်ရေးအတွက် ကုန်ကျစရိတ်သက်သာနိုင်သမျှသက်သာနိုင်မည့်နေရာမျိုးတွင် ထိုမိသားစုတို့ကို နေရာချထားပေးရပါမည်။ လှူဖွယ်ပစ္စည်းများနှင့်သေတမ်းစာဖြင့်ပေးသောအမွေပစ္စည်းမျိုးတို့ကို အခြားသောဘာသာရေးဂိုဏ်းခွဲများကဲ့သို့ ကျွန်ုပ်တို့၏အမှုတော်လုပ်ငန်းက ရရှိနိုင်စရာအကြောင်းမရှိပါ။ ထို့ကြောင့် မိမိတို့တွင်ရှိနေသည့် ငွေကြေးပမာဏလောက်ဖြင့်သာ နေထိုင်စားသောက်တတ်အောင် မိမိတို့ကိုယ်ကိုပညာပေးထားခြင်းမရှိကြသောသူတို့အနေဖြင့် ဤကဲ့သို့မိမိကိုယ်ကိုမိမိတို့ပြန်လည်ပညာပေးခြင်း၊ သို့မဟုတ် အခြားသောလခစားအလုပ်ဌာနတွင် ဝင်ရောက်လုပ်ကိုင်ရကြမည်မှာ သေချာပါသည်။ စိတ်အလိုလိုက်လွန်းမှုအကျင့်စရိုက်များ၊ သို့မဟုတ် ဇနီးသည်နှင့်မိခင်တို့၏အလုပ်တာဝန်အပိုင်းတွင် လိမ္မာပါးနပ်မှုနှင့်ကျွမ်းကျင်မှုမျိုး ချို့တဲ့နေကြပါက ငွေကြေးဆိုင်ရာယိုစိမ့်စီးထွက်မှုသည် စဉ်ဆက်မပြတ်ဖြစ်ပျက်နေမည်သာဖြစ်ပါသည်။ သို့သည့်တိုင် မိခင်အနေဖြင့်ကလည်း သူမ၏လိုအင်ဆန္ဒ၊ သို့မဟုတ် သူမ၏သားသမီးတို့၏လိုအင်ဆန္ဒတို့ကို ကန့်သတ်ထိန်းချုပ်တတ်ရန်အတွက် သင်ကြားပို့ချခံခဲ့ရခြင်းမရှိသည့်အပြင် အိမ်မှုရေးရာကိစ္စရပ်များအတွက် ကျွမ်းကျင်မှုနှင့်လိမ္မာပါးနပ်မှုတို့ကို မည်သည့်အခါကမျှ ဆည်းပူးသင်ယူခဲ့ရခြင်းမရှိသောကြောင့် သူမအနေဖြင့် အကောင်းဆုံးဖြစ်အောင်လုပ်ဆောင်နေသည်ဆိုပြီး ထင်မြင်ယူဆမိပေမည်။ ဤအကြောင်းကြောင့် ထိုမိသားစုမျိုးအတွက် လိုအပ်သောအထောက်အပံ့မှာ ၎င်းမိသားစုနှင့်အရွယ်အစားတူညီသော အခြားမိသားစုအတွက်ထောက်ပံ့ပေးရခြင်းထက် နှစ်ဆခန့်ရှိနေပါသည်။

ငွေကြေးစာရင်းဇယားများတို့ကို မည်ကဲ့သို့ပြုစုရေးမှတ်ထားရကြမည်ကို အားလုံးတို့က သင်ကြားရယူသင့်ကြပါသည်။ ဤကဲ့သို့သောလုပ်ဆောင်မှုသည် အရေးမပါသောအလုပ်အဖြစ်ဖြင့်သဘောထားပြီး အချို့တို့က လျစ်လျူရှုထားကြခြင်းသည် မှားယွင်းမှုပင်ဖြစ်ပါသည်။ အားလုံးသောကုန်ကျစရိတ်တို့ကို တိကျမှန်ကန်စွာဖြင့်

ရေးမှတ်ထားရကြပါမည်။ ဤလုပ်ရပ်သည် ကျွန်ုပ်တို့၏လုပ်ဆောင်သူအများအပြားတို့က သင်ကြားရယူရကြမည့် အရေးပါလှသောအရာဖြစ်ပါသည်။

ထာဝရဘုရားသည် သူ၏အမှုတော်နှင့်ချိတ်ဆက်မှုရှိသောလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြသောသူတို့အတွင်း လက်ရှိစနစ်တကျရှိမှုနှင့် တိကျမှန်ကန်မှုအရည်အချင်းကင်းမဲ့နေကြသောသူတို့အပေါ် အားရတော်မူခြင်းမရှိပါ။ ဌာနချုပ်၏အစည်းအဝေးများတွင်ဖြစ်နေသည့်တိုင် ပိုမိုလေ့လာသင်ယူခြင်းနှင့် အချိန်မှန်ကန်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်ခြင်းကို အနည်းငယ်မြှင့်တင်ဆောင်ရွက်ခြင်းအားဖြင့် များစွာသောအချိန်ကုန်မှုကိုကာကွယ်နိုင်သည့်အပြင်၊ များစွာသောအမှားပြုလုပ်မိခြင်းတို့ကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ ဘုရားသခင်၏အမှုတော်လုပ်ငန်းနှင့် ထိတွေ့ဆက်ဆံမှုရှိသောလုပ်ဆောင်မှုတိုင်းတို့သည် လူသားတို့၏ဦးနှောက်အသိဉာဏ်နီးပါး တိကျမှုရှိပြီး၊ လက်တွေ့လုပ်ဆောင်နိုင်မှုလည်း ရှိရကြပါမည်။

ဘုရားသခင်နှင့်အတူတကွ လုပ်ဆောင်ကြသောသူများဖြစ်ကြသည့်အလျောက်၊ သင်တို့သည် တစ်ဦးနှင့်တစ်ဦး အနီးကပ်ရှိနေရကြပါမည်။ တစ်ဦးနှင့်တစ်ဦး ချစ်ခြင်းမေတ္တာ၊ စိတ်ချယုံကြည်မှုနှင့်လေးစားမှုရှိကြရေးသင်ခန်းစာများကို လုပ်ငန်းခွင်အတွင်းတွင်ရော အပြင်ဘက်တွင်ပါ၊ ပေးကမ်းရကြပါမည်။ သင်တို့သင်ကြားပို့ချပေးကြသည့်အတိုင်း သင်တို့ကလည်း ပြုမူနေထိုင်ပြရကြပါမည်။ ပြောင်းလဲခြင်းသို့ရောက်ရှိလာကြသောလူသစ်တို့သည် သင်တို့အား နမူနာစံပြအဖြစ်ဖြင့် စောင့်ကြည့်နေကြပါသည်။

သင်တို့က လုပ်ကိုင်ဆောင်ရွက်ပေးကြသောသူအချို့တို့သည် သူတို့က သူတို့၏အကောင်းဆုံးသောကိုယ်ပိုင်နည်းလမ်းအဖြစ် ယူဆနေကြသောနည်းလမ်းမျိုးဖြင့် အမှုတော်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသောဆန္ဒရှိနေကြမည်ဖြစ်သည့်တိုင် အကယ်၍သာ သင်တို့က သခင်ခရစ်တော်၏စိတ်ဓာတ်နှင့် နူးညံ့သိမ်မွေ့တော်မူခြင်းမျိုးရှိနေကြသည့်အပြင်၊ အကယ်၍သင်တို့သည် တစ်ဦးကိုတစ်ဦး လေးစားမှုနှင့်ချစ်ခြင်းမေတ္တာကိုပြသကြပါက သူ့အားကျေနပ်အားရတော်မူစေသော အပြုအမူတစ်ရပ်ဖြင့်၊ အမှုတော်ကိုတိကျစွာလုပ်ဆောင်နိုင်ကြရေးအတွက် ဘုရားသခင်သည် သင်တို့အားအထောက်အမပေးတော်မူမည်ဖြစ်သည်။ ကိုယ်ကျိုးအတ္တစိတ်ကို နှိမ်နင်းချိုးနှိမ်နိုင်ပြီး၊ သင်တို့၏အတွင်းတွင်ရှိနေသော သူ၏ပုံရိပ်တော်ကို သခင်ခရစ်တော်က အသိအမှတ်ပြုတော်မူသည်တိုင်အောင်၊ သင်တို့၏ကိုယ်ပိုင်အသက်ဝိညာဉ်တို့အတွက် ဆောင်ရွက်



ကြပါ။ ဤလုပ်ရပ်သည် သင်တို့က ပညာပေးထားသောသူများတို့အား အထိရောက်ဆုံးသောသင်ခန်းစာကိုပေးနိုင်သည့် လုပ်ရပ်မျိုးဖြစ်လာပါလိမ့်မည်။

အထူးသဖြင့် နိုင်ငံရပ်ခြားနယ်ပယ်များတို့တွင် သေချာစွာစဉ်းစားသုံးသပ်ဆုံးဖြတ်ပြီးမှ စီစဉ်ဆောင်ရွက်မှုများမှလွဲပြီး အမှုတော်ဆောင်လုပ်ငန်းသည် ပြီးမြောက်အောင်မြင်မှုရှိနိုင်မည်မဟုတ်ပါ။ အမှုတော်လုပ်ငန်း၏အပေါ်ပိုင်းတွင် တာဝန်ယူနေရကြသောသူတို့၏ညွှန်ကြားချက်များတို့နှင့် သဟဇာတရှိမည့်အနေအထားမျိုးတွင် ဆောင်ရွက်နိုင်ရေးအတွက် သင်က အားထုတ်လုပ်ဆောင်တော့မည့်အခါတွင် ထိုညွှန်ကြားသူအထက်ပုဂ္ဂိုလ်တို့က မည်သည့်ကြိုတင်စီမံထောက်ပံ့မှုမျိုးမျှ လုပ်ပေးနိုင်ခြင်းမရှိကြပါက များစွာသောကြိုတင်မခန့်မှန်းနိုင်သည့်အခြေအနေမျိုးများ ပေါ်ထွက်လာမည်ဖြစ်သည်။ တိုက်ပွဲကိုဆင်နွှဲနေရသောနယ်မြေတွင် ထိုသူတို့ကြောင့် သင်သည် စွန့်စွန့်စားစားဖြင့် ထိုတိုက်ပွဲကိုဆင်နွှဲရမည့်အပြင် မိမိ၏အသက်ကိုပင်စွန့်ရကောင်းစွန့်ရနိုင်ခြေရှိပါသည်။ လိုအပ်ပါက ချက်ချင်းတုံ့ပြန်ရသော သေရေးရှင်ရေးကာလမျိုးလည်း ပေါ်ပေါက်လာနိုင်ပါသေးသည်။

နိုင်ငံရပ်ခြားတိုင်းပြည်များတို့တွင် အသင်းတော်လုပ်ငန်းတာဝန်များ ထူထောင်ဖွင့်လှစ်သောအခါတွင် အမှုတော်လုပ်ငန်းကို မှန်မှန်ကန်ကန်နှင့်အကောင်းဆုံးသောအနေအထားမျိုးဖြင့် စတင်လုပ်ဆောင်မှုသည် အထူးအရေးပါမှုပင်ဖြစ်ပါသည်။ လုပ်ဆောင်သူတို့အနေဖြင့် ထိုအသင်းတော်လုပ်ငန်းတာဝန်ကို အကျဉ်းနည်းဖြင့်သာရေးဆွဲထားသော အစီအစဉ်များတို့ဖြင့် ကန့်သတ်ဘောင်ခတ်ထားခြင်းမပြုမိရန်အတွက် အထူးသတိပြုရကြပါမည်။ ဘဏ္ဍာရေးအခြေအနေသည် ခြိုးခြံချွေတာရေးကိုကျင့်သုံးရန်တောင်းခံလာသည့်အခြေအနေမျိုးတွင် ခြိုးခြံချွေတာသည့်လုပ်ရပ်မျိုးသည် အကျိုးဖြစ်ထွန်းမှုထက် ဆုံးရှုံးမှုရလဒ်များတို့ကိုဖြစ်ပေါ်စေမည့် အန္တရာယ်မျိုးသာဖြစ်ပေါ်လာပေမည်။ ဤဖြစ်ရပ်မျိုးသည် အချို့သောကျွန်ုပ်တို့၏အသင်းတော်များတွင် ပြဿနာအဖြစ်ဖြင့်အမှန်တကယ်ဖြစ်ပျက်ရာတွင် ဝန်ထမ်းတို့က အနည်းဆုံးကုန်ကျမှုဖြင့် အဆင်ပြေစေရေးအတွက် မိမိတို့၏စွမ်းအင်တို့ကို အပြည့်အဝနီးနီးပုံအောပစ်လိုက်ရသောနေရာမျိုးတွင်ဖြစ်ပါသည်။ မတူကွဲပြားသောစီမံခန့်ခွဲမှုမျိုးဖြင့် အမှုတော်လုပ်ငန်းသည် အတိုင်းထက်အလွန်အောင်မြင်ပြီးမြောက်ရမည့်အပြင်၊ နည်းပါးစွာရရှိထားသည့် နည်းပါးလှသောငွေကြေးကိုလည်း ဘဏ္ဍာရေးဌာနမှ အပြည့်အဝထုတ်ပေးရပါမည်။

နယ်သစ်ပယ်သစ်တွင် ကျွန်ုပ်တို့၏တိုးတက်မှုနှုန်းသည် နှေးကွေးလှပြီး၊ ထိုသို့ဖြစ်ရခြင်းမှာ ကျွန်ုပ်တို့ဝေမျှပေးနေကြသော အထူးသမ္မာတရားတော်အကြောင်းသည် လောကီသားတို့အတွင်း လူကြိုက်များခြင်းမရှိသောကြောင့်ဖြစ်ပါသည်။ သတ္တမနေ့ဥပုသ်တော်နေ့ကို စောင့်ထိန်းလိုက်နာရမှုသည် သမ္မာတရားတော်ကိုလက်ခံရယူထားသောလူတိုင်းအတွက် အလွန်လေးလံသောကပ်တိုင်တစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့၏မူဝါဒများတို့ကို ကျမ်းစာတော်မြတ်က ကျားကန်ပေးထားနေသည်ကို မြင်တွေ့သိရှိနိုင်စွမ်းရှိကြသော များစွာသောသူတို့သည် ထိုမူဝါဒများတို့ကိုလက်ခံရယူကြရန် နောက်တွန့်နေကြပါသည်။ အကြောင်းမှာ သူတို့သည် လူထူးလူဆန်းများအဖြစ် သဘောထားခံရမည်ကို မလိုလားကြခြင်းကြောင့်၊ သို့မဟုတ် သမ္မာတရားတော်အတိုင်း နာခံလိုက်လျှောက်ကြခြင်းကြောင့် သူတို့ကိုထောက်ပံ့ထားပေးကြသော ငွေကြေးအထောက်အပံ့ဖြတ်တောက်ခံရမည်စိုးသောကြောင့်ပင်ဖြစ်ပါသည်။ ဤအကြောင်းရင်းခံများတို့ကြောင့် လူအများတို့၏ရှေ့မှောက်သို့ သမ္မာတရားတော်ကို မည်ကဲ့သို့ဆောင်ယူလာရမည်ကိုစီစဉ်ရာတွင် ပညာဉာဏ်များစွာလိုအပ်လှပါသည်။

အချို့သောနေရာများတို့တွင် အမှုတော်လုပ်ငန်းကို သေးငယ်သောနည်းလမ်းမျိုးဖြင့် စတင်လုပ်ဆောင်ရမည်ဖြစ်သည်အလျောက် တိုးတက်မှုသည်လည်း နှေးကွေးလှပါသည်။ ဤနည်းလမ်းမျိုးကိုလုပ်ဆောင်သူအားလုံးတို့က ဆောင်ရွက်နိုင်ကြပါသည်။ သို့သော်လည်း များစွာသောကိစ္စရပ်များတို့တွင် အစပိုင်း၌ကျယ်ပြန့်ပြီး၊ ပိုမို၍တိကျသည့်ကြိုးစားအားထုတ်မှုမျိုးဖြင့် ရလဒ်ကောင်းတို့ကိုရယူရကြပါမည်။ အကယ်၍ ကျွန်ုပ်တို့၏ညီအစ်ကိုတော်များတို့သည် အင်္ဂလန်နိုင်ငံ၌ အမှုတော်လုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့ကြစဉ်က အကုန်အကျအလွန်နည်းပါးလှစွာဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ကြိုးစားခဲ့ခြင်းမရှိကြသည့်အခြေအနေမျိုးထက် ထိုနိုင်ငံ၌ယခုအခါအမှုတော်လုပ်ငန်းသည် အလွန်တိုးတက်လာမှုရှိသင့်လှပါသည်။ အောင်ပွဲခံသူများအဖြစ်သို့ အမှန်တကယ်ရောက်ရှိသွားစေမည့် ကျွန်ုပ်တို့ကဲ့သို့ကြီးမားသောသမ္မာတရားတော်ကိုရရှိထားကြပြီး၊ ကောင်းမွန်သောခန်းမဆောင်များကို ငှားရမ်းအသုံးပြုခြင်းဖြင့် အမှုတော်ကိုရှေ့ဆက်ထမ်းဆောင်ကြပါက သူတို့သည် ပိုမိုကြီးမားလှသောအောင်မြင်မှုမျိုးကို ရယူနိုင်ကြမည်ဖြစ်သည်။ ဤကဲ့သို့သောနည်းလမ်းမျိုးဖြင့် စတင်လုပ်ဆောင်ရပြီး၊ ပထမဆုံးသောအသွင်ခတ်နိုပ်မှုမျိုးကို ပေးတော်မူမည့်အမှုတော်မျိုး ဘုရားသခင်ထံတော်တွင်ရှိနေတော်မူသည့်



အလျောက်၊ သူတို့သည် ဝေးနိုင်သမျှဝေးအောင်သွားကြလေလေ၊ အလွန်ကောင်းမွန်လှသောလုပ်ဆောင်မှုမျိုးကို လုပ်နိုင်လေလေဖြစ်ကြပေမည်။

သာသနာပြုလုပ်ငန်း၏မြင့်မားလှသောစရိုက်လက္ခဏာကို ထိန်းသိမ်းထားရေးကို အထူးသတိပြုပါ။ အမှုတော်ဆိုင်ရာကျွန်ုပ်တို့၏အထူးတာဝန်များတို့နှင့်ချိတ်ဆက်မှုရှိသော၊ အမျိုးသားများနှင့်အမျိုးသမီးများအားလုံးတို့သည် "ငါဟာဘာလဲ၊ ဒါ့အပြင် ငါဘာဖြစ်သင့်သလဲ၊ ဘာလုပ်သင့်သလဲ" ဆိုသည့်မေးခွန်းမျိုးဖြင့် မိမိတို့ကိုယ်ကိုအမြဲတစေ မေးမြန်းစူးစမ်းကြပါစေ။ သူတို့ကိုယ်၌က ပိုင်ဆိုင်ထားခြင်းမရှိသောအရာတို့ကို သူတို့က အခြားသောသူတို့ကိုလည်း ပေးနိုင်ကြမည်မဟုတ်သည်ကို သူတို့အားလုံးတို့ကို သတိတရရှိကြပါစေ။ ထိုကြောင့် သူတို့သည် ပိုမိုကောင်းမွန်သည့်အရာအတွက် မည်သည့်အပြောင်းအလဲမျိုးကိုမျှလုပ်ဆောင်ရန်အတွက် အားထုတ်ကြိုးပမ်းမှုမရှိသော ပင်ကိုနည်းလမ်းများနှင့်အကျင့်ဓလေ့များတို့တွင် ကျေနပ်အားရပြီး၊ အခြေချရောင့်ရဲ၍ မနေသင့်ကြတော့ပါ။ ရှင်ပေါလုက (ဖိလိပ္ပိ ၃း၁၄) တွင် "…. ပန်းတိုင်သို့ငါလိုက်ပြေး၏" ဟူ၍သြဝါဒပေးထားခဲ့ပါသည်။ အကယ်၍သာ အချိုးညီမျှတမှုရှိသော အကျင့်စရိုက်မျိုးတစ်ရပ်ကို ကျွန်ုပ်တို့တွင် ကုံလုံပြည့်စုံမှုရှိစေကြပါက ကျွန်ုပ်တို့အနေဖြင့် စဉ်ဆက်မပြတ်သောပြုပြင်ပြောင်းလဲခြင်းနှင့် ရပ်တန့်ခြင်းမရှိသောတိုးတက်မှုမျိုးတို့ကို လုပ်ဆောင်ရကြပါမည်။

ထာဝရဘုရားသည် သူ၏အမှုတော်၏ကြီးမြတ်မှုကို သိရှိကြသောသူများနှင့် အမှုတော်ပိုမိုအောင်မြင်လာချိန်မှစပြီး၊ ထိုအမှုတော်နှင့်ပေါင်းစပ်မှုရှိသော အခြေခံစည်းမျဉ်းများတို့၏အကြောင်းကို နားလည်သိရှိကြသောသူတို့ကို အလိုရှိတော်မူပါသည်။ သူ၏ထံတော်တွင် သူ၏လူစုတော်အတွင်းမှလျာထားတော်မူထားသော သီးသန့်လူများတို့၏လုပ်ငန်းနယ်ပယ်များတို့နှင့် လုံးလုံးလျားလျားကွဲပြားခြားနားသောအလုပ်မျိုးကို ဖော်ဆောင်ရန်အတွက် လောကီရေးရာနှင့်ပတ်သက်သောအစီအစဉ်မျိုးပါရှိသည့်အရာများရှိတော်မမူပါ။ အမှုတော်လုပ်ငန်းသည် ၎င်းအမှုတော်ကိုစတင်ဖော်ဆောင်ပေးထားတော်မူသော သူ၏အကျင့်စရိုက်တော်ကို ခံယူထားရပါမည်။ "Testimonies for the Church," vol. 7, p. 209.

နေရာဒေသအသစ်များတို့တွင် အမှုတော်လုပ်ငန်းကိုထူထောင်ရာ၌ ဖြစ်နိုင်သောနည်းလမ်းတိုင်းဖြင့် ခြိုးခြံချွေတာပါ။ အပိုင်းအစများတို့ကအစ စုဆောင်းခြင်းဖြင့် မည်သည့်ဆုံးရှုံးမှုမျိုးမျှမရှိပါစေနှင့်။ သခင်ခရစ်တော်က လျာထားချမှတ်ထားတော်

မူသော လမ်းစဉ်တော်အတွင်းတွင်သာ အသက်ဝိညာဉ်ကိုကယ်ဆယ်ရေးအလုပ်ကို ဆက်လက်ဆောင်ရွက်ရပါမည်။ (မဿဲ ၁၆း၂၄) တွင်၊ သူက "‌. . . ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်" ဟူ၍မိန့်တော်မူခဲ့ပါသည်။ ဤနှုတ်တော်ထွက်ကို နာခံလိုက်လျှောက်ခြင်းအားဖြင့်သာလျှင် ကျွန်ုပ်တို့သည် သူ၏တပည့်များအဖြစ်သို့ရောက်ရှိလာနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤမြေကမ္ဘာသမိုင်းကြောင်း၏အဆုံးတိုင်ခြင်းသို့ ချဉ်းကပ်ဝင်ရောက်လာနေကြပြီဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏အမှုတော်ဆိုင်ရာ ခြားနားကွဲပြားသောလုပ်ငန်းနယ်ပယ်များတို့ကို ယခင်အခါက ထင်ရှားစွာပေါ်လွင်ခဲ့သည်ထက် ပိုမို၍ကိုယ်ကျိုးစွန့်ပြီး ဆက်လက်ဆောင်ရွက်ရကြပါမည်။ Idem, pp. 239, 240.

## အခြားတစ်ဖက်ရှိဒေသများဆီသို့

သခင်ခရစ်တော်၏အသင်းတော်သည် သာသနာပြုလုပ်ငန်း၏အရေးအရာတော်များအတွက် စုစည်းဖွဲ့စည်းထားခဲ့ခြင်းဖြစ်ပါသည်။ (၂တိ ၂း၁၉) တွင်ဖော်ပြထားသော "သခင်ဘုရားသည် မိမိလူတို့ကိုသိကျွမ်းတော်မူ၏။. . ." ဆိုသည့်တံဆိပ်တော်မျိုးရှိသော သေချာသည့်အခြေခံအုတ်မြစ်ဖြင့် ခရစ်ယာန်သာသနာပြုလုပ်ငန်းသည် အသင်းတော်ကိုထောက်မပေးထားပါသည်။ ၎င်းတံဆိပ်တော်ဖြင့် အသင်းတော်သူအသင်းသားများတို့သည် အခြားတစ်ဖက်ရှိဒေသများဆီသို့ သမ္မာတရားတော်ကိုပို့ဆောင်ပေးနိုင်ကြရေးအတွက် ကိုယ်ကျိုးအတ္တကိုငြင်းပယ်နိုင်ကြရန်နှင့် ကိုယ်ကျိုးစွန့်သည့်ကြိုးပမ်းအားထုတ်မှုမျိုး လုပ်ဆောင်နိုင်ကြရန်အတွက် ဖွဲ့မာန်အပြည့်ရှိကြရန် စေ့ဆော်ခြင်းကိုခံရကြပါသည်။ အမှုတော်ဆောင်များတို့သည် ဘုန်းတော်ရှင်၏ကြီးကြပ်မှုအောက်တွင် လုပ်ဆောင်ကြသည်အလျောက်၊ မယုံကြည်သူများတို့အပေါ်တွင် အကျိုးဖြစ်ထွန်းသောဩဇာသက်ရောက်မှုမျိုးကျရောက်ရာတွင် လောကီရေးရာနှင့်ဆိုင်သောသူတို့အား ဘုရားသခင်အားအလုပ်အကျွေးပြုကြသောသူတို့ကို သူကပေးတော်မူသောအရင်းအမြစ်များတို့၏ကြီးမြတ်မှုကို မြင်တွေ့သိရှိစေရေးဆီသို့ ဦးတည်စေပါသည်။ ဘုရားသခင့်နိုင်ငံတော်၏အခြေခံစည်းမျဉ်းများဆိုင်ရာ သာဓကဖြင့်ပုံခိုင်းမှုတစ်ခုကို ခရစ်ယာန်အသင်းတော်များဆီသို့ ထောက်ပံ့ပေးကြရန်အတွက် ကျွန်ုပ်တို့သည် တည်ကြည်





ခန့်ညားသော မဖြစ်မနေလုပ်ဆောင်ရကြမည့် တာဝန်ဝတ္တရားကို အပ်နှင်းခြင်းခံရကြပါသည်။ သခင်ခရစ်တော်၏ကပ်တိုင်တော်ဆိုင်ရာ ဩဇာတိက္ကမကို နိုင်ငံရပ်ခြားသို့ဖြန့်ဝေပေးနိုင်ကြရန်အတွက် အသင်းတော်သည် စနစ်တကျဖြင့်ဖွဲ့စည်းထားသော အစုအဖွဲ့တစ်ခုဖြစ်သည်အလျောက် အလုပ်ကိုတက်ကြွစွာဖြင့် လုပ်ဆောင်ရကြပါမည်။

ဘုရားသခင်သည် သူ့အတွက်သာသနာပြုဆရာများအဖြစ်သို့ ရောက်ရှိလာကြရေးအတွက် အရာရာအားလုံးတို့ကို စွန့်လွှတ်လိုစိတ်ရှိနေကြသောလူတို့ကို လိုအပ်နေတော်မူပါသည်။ ခေါ်တော်မူခြင်းကိုလည်း ပြန်လည်တုံ့ပြန်ဖြေကြားစေလိုတော်မူပါသည်။ အမှောင်လောကအတွင်း ကျင်လည်နေကြသောလူတို့အား ကယ်တင်ခြင်းဆိုင်ရာသတင်းကောင်းကို ကပ်ကမ္ဘာကုန်ဆုံးသည့်တိုင်အောင် သယ်ဆောင်ပေးကြရေးအတွက် အမျိုးသားများကိုရော အမျိုးသမီးများတို့ကိုပါ ဧဝံဂေလိတရားတော်ဆိုင်ရာအထူးတာဝန်က၊ သခင်ခရစ်တော်ပေါ်ထွန်းတော်မူခဲ့ချိန်ကတည်းကစပြီး၊ ခေတ်အဆက်ဆက်တိုင်းတို့တွင် လှုံ့ဆော်နေပါသည်။ သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်နှင့် ပျောက်ဆုံးသူများတို့၏လိုအပ်ချက်များတို့၏လှုံ့ဆော်ပေးမှုတို့ကြောင့် နိုင်ငံခြားတိုင်းပြည်များရှိ ရပ်ထုကိုးကွယ်ကြပြီး ရိုင်းစိုင်း၊ ရက်စက်၊ ကြမ်းကြုတ်ကြသောလူတို့အတွင်းသို့ ကရုဏာသတင်းစကားတော်ကို ကြေညာပေးကြရန်အတွက် လူတို့သည် သက်သောင့်သက်သာဖြင့်နေထိုင်နိုင်သော အိမ်ထောင်မိသားစုနှင့် မိတ်ဆွေသူငယ်ချင်းအသိုက်အဝန်းများတို့အပြင် ဇနီးမယား၊ သားသမီးတို့ကို စွန့်ခွာကြကာ၊ သွားရောက်နေကြပါသည်။ များစွာသောသူတို့သည် အမှုတော်ကိုကြိုးစားပမ်းစားထမ်းဆောင်ကြရင်း အသက်ဆုံးရှုံးခဲ့ရကြသော်လည်း အခြားသောသူတို့က အမှုတော်ကိုဆက်လက်ထမ်းဆောင်ကြရန်အတွက် ထွက်ပေါ်လာပြန်ကြပါသည်။ ဤသို့အားဖြင့်ပင်လျှင် သခင်ခရစ်တော်၏အရေးအရာတော်သည် တစ်ဆင့်ပြီးတစ်ဆင့်ဖြင့် တိုးတက်လာသည်အလျောက်၊ ပူဆွေးဝမ်းနည်းခြင်းတို့၌ စိုက်ပျိုးခဲ့ရကြသောမျိုးစေ့သည် ဝမ်းမြောက်နှစ်သက်ဖွယ်ရာကောင်းသောသီးနှံရိတ်သိမ်းမှုမျိုးကို ဖြစ်ထွန်းလာစေခဲ့ပါသည်။ ဘုရားသခင်ကိုသိရှိသောပညာအတတ်သည် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာခဲ့ပြီး၊ ကပ်တိုင်တော်၏အောင်လံတံခွန်ကိုလည်း ဘုရားတရားမရှိသောလူတို့၏တိုင်းနိုင်ငံတို့တွင် စိုက်ထူထားနိုင်ခဲ့ပါသည်။

ဘုရားသခင်၏အမှုတော်ဆောင်များတို့အနေဖြင့် ဖြစ်ထွန်းလာမည့်အသီးအနှံတို့ကို ရိတ်သိမ်းနိုင်ရေးအတွက်ကို ရေးရှုလှမ်းမျှော်ကြရင်း ကမ္ဘာမြေကြီးပေါ်ရှိ လူသူကင်းမဲ့သောနေရာများတို့တွင် သမ္မာတရားတော်၏မျိုးစေ့တို့ကို စိုက်ပျိုးကြရန်ထွက်သွား

ကြခြင်းအမှုလောက် မည်သည့်အမှုမျိုးမျှ ဘုရားသခင်၏မျက်မှောက်တော်တွင် အဖိုးထိုက်တန်ခြင်းမရှိပါ။ သခင်ခရစ်တော်၏အစေကျွန်များတို့အနေဖြင့် ဆုံးရှုံးမှုကိုကြိုးပမ်းရှာဖွေရာရောက်သည့် သက်စွန့်ကြိုးပမ်းအမှုတော်ဆောင်ရွက်ကြရင်း ခံစားရကြမည့်စိုးရိမ်ကြောင့်ကြရခြင်းအတိုင်းအတာကို သခင်ခရစ်တော်ကလွဲပြီး၊ မည်သူကမျှတိုင်းထွာနိုင်ခြင်းမရှိပါ။ သူတို့အားသူက သူ၏ဝိညာဉ်တော်ကို ဝေငှပေးတော်မူပြီး၊ သူတို့ကလည်း သူတို့၏ကြိုးစားအားထုတ်မှုများအားဖြင့် အသက်ဝိညာဉ်များတို့သည် အပြစ်တရားမှနေပြီး ဖြောင့်မတ်ခြင်းတရားဆီသို့ ကူးပြောင်းစေရန်အတွက် ဦးတည်သွားစေပါသည်။

အပြစ်သားတစ်ယောက်ပြောင်းလဲခြင်းသို့ရောက်ရှိလာရေးအတွက် အမှုတော်ဆောင်အနေဖြင့် သူ၏ပင်ကိုအရင်းအမြစ်အင်အားတို့ကို အဆုံးစွန်တိုင်အောင် အသုံးချရပါမည်။ ဘုရားသခင်က ဖန်ဆင်းတော်မူခဲ့ပြီး၊ သခင်ခရစ်တော်က ကယ်ချွတ်ထားတော်မူသောအသက်ဝိညာဉ်သည် တန်ဖိုးကြီးမားလှပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းမတိုင်မီက ဖြစ်နိုင်ခြေရှိသောအကြောင်းအရာများတို့၏ဖြစ်ပျက်မှုများ၊ ၎င်းကိုထောက်မပေးထားခဲ့သည့် ဝိညာဉ်ရေးဆိုင်ရာအခွင့်ထူးများ၊ ဘုရားသခင်၏နှုတ်တော်ထွက်အားဖြင့် အားဖြည့်သန်စွမ်းစေခြင်းအားဖြင့် ၎င်းပိုင်ဆိုင်ရရှိနိုင်မည့် လုပ်ဆောင်နိုင်စွမ်းများနှင့် ဧဝံဂေလိတရားတော်အတွင်း ပေးထားသောမျှော်လင့်ခြင်းအားဖြင့် ၎င်းကရယူထားနိုင်မည့် ထာဝရရှင်သန်စေခြင်းတို့ကြောင့်ဖြစ်ပါသည်။ အကယ်၍သာ သခင်ခရစ်တော်က ပျောက်ဆုံးခဲ့သောသိုးတစ်ကောင်ကို ကြိုးပမ်းအားထုတ်ပြီး ကယ်ဆယ်တော်မူရန်အတွက် သိုးကိုးဆယ့်ကိုးကောင်ကိုထားရစ်တော်မူခဲ့သေးသည်ဆိုလျှင် ထိုထက်လျော့ပြီး ကျွန်ုပ်တို့၏လုပ်ဆောင်မှုသည် တရားမျှတမှုရှိနိုင်ပါမည်လား။ သခင်ခရစ်တော်လုပ်ဆောင်တော်မူခဲ့သည့်အတိုင်း လုပ်ဆောင်ကြရေး၊ သူအသက်စွန့်ဆက်ကပ်ပူဇော်တော်မူခဲ့သကဲ့သို့ အသက်စွန့်ဆက်ကပ်ပူဇော်ရေးတို့ကို လျစ်လျူရှုခြင်းသည် အထွတ်အမြတ်ဖြစ်သော ယုံကြည်စိတ်ချခံရမှုအပေါ် သစ္စာဖောက်မှုတစ်ခုမဟုတ်ပေဘူးလား။

ကျွန်ုပ်၏ရှေ့မှောက်တွင် ထင်ရှားနေခဲ့သည့် နိုင်ငံခြားတိုင်းပြည်များတို့၏လိုအပ်ချက်များတို့အတွက် ကျွန်ုပ်အနေဖြင့် အလွန်အမင်းခံစားနေရပါသည်။ ကမ္ဘာကြီး၏နေရာဒေသအစိတ်အပိုင်းများအားလုံးတို့တွင် ဘုရားသခင်၏ကောင်းကင်တမန်တော်များတို့သည် လွန်ခဲ့ပြီးသောကာလအနည်းငယ်အချိန်က သမ္မာတရားတော်၏သတင်းစကားတော်အကြောင်းနှင့်ပတ်သက်ပြီ ပိတ်ထားခဲ့ကြသောတံခါးတို့ကို ဖွင့်လှစ်



ပေးနေကြပါသည်။ အိန္ဒိယနိုင်ငံ၊ အာဖရိကတိုက်၊ တရုတ်ပြည်နှင့် အခြားများစွာသောနေရာများတို့မှနေပြီး၊ "ကျွန်ုပ်တို့ဆီသို့ကူးလာပြီး အကူအညီပေးကြပါ" ဆိုသည့်အော်ဟစ်သံကို ကြားနေရကြပါသည်။

နိုင်ငံရပ်ခြားသာသနာပြုခြင်းများတို့၏အောင်မြင်မှုအတွက် သဘောထားကြီးပြီး မိမိကိုယ်ကိုချုပ်တည်းခြိုးခြံနိုင်သည့် စိတ်ဓာတ်မျိုးကိုပြသရေးသည် ပြည်တွင်းရှိသာသနာပြုလုပ်ငန်း၏ရှေ့သို့တက်လှမ်းရေးအတွက် သေချာသောနည်းလမ်းတစ်ခုဖြစ်သည်အားလျော်စွာ ပြည်တွင်းအမှုတော်လုပ်ငန်း၏တိုးတက်ကြီးပွားတိုးတက်မှုအတွက်ဘုရားသခင်၏လက်အောက်တော်တွင် ဝေးလံလှသောတိုင်းပြည်များတို့တွင် ဧဝံဂေလိတရားဟောပြောခြင်းဆိုင်ရာ အမှုတော်၏အလိုအလျောက်တုံ့ပြန်တတ်သည့် ဩဇာသက်ရောက်မှုအပေါ်တွင် အဓိကမူတည်နေပါသည်။ တန်ခိုးစွမ်းအား အားလုံးတို့၏အရင်းအမြစ်တော်ကြီးနှင့် တို့ထိနိုင်သောအနေအထားတွင် ကျွန်ုပ်တို့၏အသက်ဝိညာဉ်တို့ကို ထည့်သွင်းထားရှိခြင်းအားဖြင့် အခြားသောသူတို့၏လိုအပ်ချက်များတို့ကိုထောက်ပံ့ပေးသည့် အမှုတော်အတွင်းလုပ်ကိုင်ဆောင်ရွက်ရာရောက်ပါသည်။ ဘုရားသခင်သည် နိုင်ငံရပ်ခြားရှိ အမှုတော်နယ်ပယ်များတို့၏ကိုယ်စား သူ၏လူစုတော်တို့ကပြသထားကြသော သာသနာပြုလုပ်ငန်းဆိုင်ရာ အားမာန်၏ပြောင်းလဲတိုးတက်ဖြစ်ပေါ်မှုအဆင့်တိုင်းကို မှတ်သားတော်မူပါသည်။ နိုင်ငံရပ်ခြားရှိ အမှုတော်နယ်ပယ်များအတွင်း၊ အမှောင်ထုအတွင်း ငုတ်တုတ်ထိုင်နေကြသောသူတို့အား အလင်းတရားကိုပေးနိုင်ရေးကြီးမားသည့်အခွင့်အလမ်းအတွက် ရုန်းကန်နေရကြသောအမှုတော်ဝန်ထမ်းများတို့ဆီသို့ အကူအညီကိုပေးပို့ကြခြင်းအားဖြင့် အိမ်ထောင်မိသားစုတိုင်း၊ အသင်းတော်တိုင်းနှင့် အမှုတော်လုပ်ငန်း၏အဓိကနေရာအားလုံးတို့က သဘောထားကြီးသောစိတ်ဓာတ်မျိုးကို ပြသကြရန်အတွက် သူကပုံစံချမှတ်ထားတော်မူပါသည်။

နယ်ပယ်တစ်ခုအတွင်း၌သာ အမှုတော်ကိုစတင်ရန် ပေးအပ်သောအကူအညီသည် အခြားသောနေရာများရှိ အမှုတော်လုပ်ငန်းကိုအားကောင်းလာစေသည့်ရလဒ်မျိုးကို ဖြစ်ထွန်းလာစေပါသည်။ လုပ်ဆောင်သူများတို့အနေဖြင့် ငွေရေးကြေးရေးအကျပ်အတည်းကင်းရှင်းကြသည့်အလျောက် သူတို့၏ကြိုးစားအားထုတ်မှုတို့သည် ပိုမိုများပြားလာမည်ဖြစ်သည့်အတွက် လူအများတို့သည် သမ္မာတရားတော်တွင်တည်နေကြပြီး၊ အသင်းတော်များလည်းပေါ်ပေါက်လာကြကာ ဘဏ္ဍာအင်အားသည်လည်း တိုးတက်တောင့်တင်းခိုင်မာလာမည်ဖြစ်သည်။ ဤအသင်းတော်များတို့သည် တောင့်တင်းခိုင်မာ

လာကြသည်အလျောက်၊ ထိုအသင်းတော်တို့သည် သူတို့၏ကိုယ်ပိုင်နယ်ပယ်များအတွင်းတွင် အမှုတော်ကိုဆက်လက်ဆောင်ရွက်နိုင်ကြရုံပင်မကဘဲ အခြားသောနယ်မြေများတို့ဆီသို့လည်း အကူအညီပေးနိုင်လာကြမည်ဖြစ်သည်။

## ပြည်တွင်းအသင်းတော်တို့ကကူညီပေးကြရန်

ပြည်တွင်းရှိအမှုတော်နယ်မြေများအတွင်းရှိနေကြသော ကျွန်ုပ်တို့၏အသင်းဝင်များတို့အနေဖြင့် အခြားတစ်ဖက်ရှိဒေသများတို့ဆီသို့ အမှုတော်လုပ်ငန်းဝန်ထုပ်ကိုဆက်လက်ထမ်းဆောင်ခြင်းအတွက် အလွန်စိတ်ပါလက်ပါရှိစေလိုပါသည်။ စိတ်အားထက်သန်မှုရှိလှသောခရစ်ယာန်တစ်ဦးဖြစ်သည့် အမေရိကန်လုပ်ငန်းရှင်တစ်ဦးက လုပ်ဖော်ကိုင်ဖက်တစ်ယောက်နှင့်စကားစမြည်ပြောဆိုရင်း၊ သူသည် သခင်ခရစ်တော်အတွက် တစ်ရက်လျှင် နှစ်ဆယ့်လေးနာရီပတ်လုံး အလုပ်လုပ်ပေးကြောင်းကို မှတ်ချက်ပြုပြောပြရာတွင် "ကျွန်တော့်ရဲ့လုပ်ငန်းကိစ္စနဲ့ပတ်သက်ပြီး ထိတွေ့ဆက်ဆံမှုများအတွင်း ကျွန်တော့်ရဲ့အရှင်သခင်အတွက် ကိုယ်စားပြုနိုင်ဖို့ကြိုးစားပါတယ်။ ကျွန်တော်က အခွင့်အရေးရရင်ရသလို သူ့ဆီကိုတခြားလူတွေကိုပို့ဆောင်ပေးပါတယ်။ နေ့တွေရက်တွေအားလုံးမှာ ကျွန်တော်က သခင်ခရစ်တော်အတွက်အလုပ်လုပ်နေပါတယ်။ ညဘက်ကျွန်တော်အိပ်နေချိန်မှာလည်း သူ့အတွက်တရုတ်ပြည်မှာအလုပ်လုပ်ပေးဖို့ ကျွန်တော့်လူတစ်ယောက်ရှိနေပါတယ်" ဟူ၍ဖြစ်ပါသည်။

အသင်းတော်တစ်ခု၏၊ သို့မဟုတ် အတော်အတန်များပြားသောအသင်းတော်တို့၏အသင်းဝင်များတို့အနေဖြင့် နိုင်ငံရပ်ခြားရှိ အမှုတော်နယ်မြေများတို့ရှိ သာသနာပြုလုပ်ငန်းတစ်ခုကို ကျားကန်ထောက်မပေးကြရေးအတွက် ပူးပေါင်းလုပ်ဆောင်ခြင်းကို အဘယ်ကြောင့်မလုပ်ဆောင်နိုင်စရာအကြောင်းရှိနေပါသနည်း။ အကယ်၍သာသူတို့သည် မိမိတို့၏ကိုယ်ပိုင်အတ္တစိတ်ကို ငြင်းပယ်ပစ်လိုက်ကြမည်ဆိုပါက ထိုကဲ့သို့သောအလုပ်မျိုးကို သူတို့လုပ်ဆောင်နိုင်ကြပါသည်။ ကျွန်ုပ်၏ညီအစ်ကိုတော်များနှင့်ညီမ၊ အစ်မများတို့ခင်ဗျား၊ ဤကြီးမြတ်သောအမှုတော်ကို မကူညီကြတော့ပြီလား။ သခင်ခရစ်တော်အတွက် တစ်စုံတစ်ရာကိုလုပ်ဆောင်ပေးရန်နှင့် ယခုတွင်ပင်လုပ်ဆောင်ကြရန်အတွက် သင်တို့အားကျွန်ုပ်အရေးတကြီးပန်ကြားတောင်းခံပါသည်။ သင်တို့၏ငွေကြေးသည် နိုင်ငံရပ်ခြားနယ်မြေတစ်ခုရှိ အမှုတော်လုပ်ငန်းကို ကျားကန်ပေးစေမည့်သင်ကြားပို့ချပေးသည့်ဆရာအားဖြင့် အသက်ဝိညာဉ်များတို့သည် ကယ်ချွတ်တော်မူ



သောအရှင်သခင်၏သရဖူတော်တွင် ထွန်းလင်းတောက်ပသောကြယ်များအဖြစ်ဖြင့်ရှိနေနိုင်ကြရေးအတွက် ကယ်ဆယ်ခြင်းခံရကြပေမည်။ သင်၏အလှူငွေသည် မည်သို့ပင်နည်းပါးသေးငယ်လှသည်ဖြစ်စေ၊ ထာဝရဘုရားထံတော်သို့ ထိုအလှူငွေကိုတုံ့နှေးခြင်းမရှိဘဲ ယူဆောင်လာပါ။ ကယ်တင်တော်မူသောအရှင်အပေါ် ချစ်ခြင်းမေတ္တာပြည့်ဝသောနှလုံးသားမျိုးဖြင့် ပေးအပ်ပါက နည်းပါးလှသည့်အသေးငယ်ဆုံးသောအလှူငွေသည် ဘုရားသခင်က ၎င်းအလှူငွေအတွက်ပြုံးရွှင်တော်မူပြီး၊ ကောင်းချီးပေးတော်မူမည့် တန်ဖိုးမဖြတ်နိုင်သောဆုကျေးဇူးတစ်ခုအဖြစ်သို့ ရောက်ရှိသွားပေမည်။

မုဆိုးမအကြောင်းနှင့်ပတ်သက်ပြီး သခင်ယေရှုမိန့်တော်မူသောစကားကို (လုကာ ၂၁း၃) တွင်၊ "...ထိုဆင်းရဲသောမုဆိုးမသည် အခြားသောသူအပေါင်းတို့ထက်သွင်းချပြီ" ဟူ၍ဖော်ပြထားပါသည်။ သူ၏မိန့်တော်မူချက်စကားလုံးတို့သည် ထိုမုဆိုးမ၏လှူဒါန်းမှုရည်ရွယ်ရင်းများကိုသာမက သူမ၏လှူဒါန်းမှုအတွက် သူမခံစားရရှိမည့်အကျိုးရလဒ်များအတွက် မှန်ကန်မှုရှိပါသည်။ (မာကု ၁၂း၄၂) တွင်ဖော်ပြထားသော "တစ်ပဲလောက်တန်သောကြေးနီဒင်္ဂါးနှစ်ပြား . . ." သည် ကြွယ်ဝချမ်းသာသောယုဒလူမျိုးများတို့က ထည့်ဝင်သောအလှူငွေများတို့ထက် ဘုရားသခင်၏ဘဏ္ဍာတော်တိုက်ထဲတွင် အတိုင်းထက်အလွန်ဖြစ်သောပမာဏဖြင့် ဝင်ရောက်သွားခဲ့ပါသည်။ စတင်စီးဆင်းချိန်တွင် စမ်းချောင်းတစ်ခုသည် သေးငယ်ကျဉ်းမြောင်းလှသော်လည်း သမုဒ္ဒရာအတွင်းသို့စီးဆင်းနေရင်း ကျယ်ဝန်းပြီးနက်ရှိုင်းစွာစီးဆင်းသော မြစ်တစ်စင်းအနေအထားသို့ ရောက်ရှိသွားသည်နည်းတူ ထိုအနည်းငယ်မျှသောစွန့်ကြဲမှုသည် ရှည်လျားလှသောကာလတစ်လျှောက်လုံးတွင် ကျယ်ပြန့်ပြီးနက်ရှိုင်းလှသော သြဇာသက်ရောက်မှုမျိုးကို ဖြစ်ထွန်းစေပါသည်။ ဆင်းရဲလှသောမုဆိုးမပြသခဲ့သောကိုယ်ကျိုးစွန့်မှုစံနမူနာသည် တိုင်းနိုင်ငံတိုင်းနှင့်ခေတ်ကာလတိုင်းတို့ရှိ ထောင်ပေါင်းများစွာသောနှလုံးသားတို့အပေါ်သက်ရောက်မှုရှိပြီး တုံ့ပြန်မှုကိုဖြစ်ပေါ်စေပါသည်။ ၎င်းစွန့်ကြဲခြင်းကြောင့် လူတန်းစားမြင့်မားသောသူနှင့်နိမ့်ပါးသောသူတို့အပြင်၊ ကြွယ်ဝချမ်းသာကြသူရော၊ မရှိဆင်းရဲသားတို့အပါအဝင် များစွာသောသူတို့၏ဆက်ကပ်လှူဒါန်းမှုတို့သည် ဘုရားသခင်၏ဘဏ္ဍာတော်တိုက်အတွင်းသို့ ဝင်လာမစဲဖြစ်နေပါသည်။ ၎င်းလှူဒါန်းမှုတို့သည် အသင်းတော်လုပ်ငန်းတို့ကို ကျားကန်ပေးထားရန်အတွက်လည်းကောင်း၊ ဆေးရုံများတို့ကိုတည်ဆောက်ရန်အတွက်လည်းကောင်း ဆာလောင်နေကြသောသူတို့ကိုကျွေးမွေးရန်အတွက်နှင့် မရှိဆင်းရဲသားတို့အား ဧဝံဂေလိတရားတော်အကြောင်းကို

ဟောပြောပေးရေးတို့အတွက် အကူအညီပေးပါသည်။ ထိုဆင်းရဲသောမုဆိုးမ၏ ကိုယ်ကျိုးစွန့်သောဆောင်ရွက်မှုအားဖြင့် လူအစုအဝေးတို့သည် ကောင်းချီးပေးခြင်းကို ခံစားရကြပါသည်။ ဘုရားသခင်၏ဘုန်းအာနုဘော်အတွက် ရိုးဖြောင့်သောစိတ်ထားဖြင့် ထိုကဲ့သို့သောအပြုအမူမျိုးနှင့်အလားသဏ္ဌာန်တူသော လှူဒါန်းပေးကမ်းမှုတိုင်း၊ ပြသသောလုပ်ဆောင်မှုတိုင်းတို့သည် အနန္တတန်ခိုးတော်အရှင်၏အရေးအရာတော်များ တို့နှင့်ဆက်နွယ်နေပါသည်။ ၎င်းလုပ်ရပ်သည် မည်သူကမျှတိုင်းတာ၍မရနိုင်သော ကောင်းမြတ်ခြင်းရလဒ်ပမာဏကို ဖြစ်ထွန်းစေပါသည်။

## နိုင်ငံရပ်ခြားနယ်ပယ်များတို့တွင်လုပ်ဆောင်ရမည့်နည်းစနစ်များ

နယ်ပယ်အသစ်တစ်ခုအတွင်းသို့ ဝင်ရောက်သွားသည်နှင့်တစ်ပြိုင်တည်းတွင် ပင် ပညာရေးဆိုင်ရာအလုပ်ကို စတင်လုပ်ဆောင်ရမည်ဖြစ်ပြီး၊ ညွှန်ကြားချက်ကို ပညတ်တစ်ခုပေါ်မှာတစ်ခု၊ တစ်ခုပေါ်မှာတစ်ခု၊ တစ်နည်းပေါ်မှာတစ်နည်း၊ တစ်နည်းပေါ်မှာ တစ်နည်း၊ သည်ဘက်မှာအနည်းငယ်၊ ဟိုဘက်မှာအနည်းငယ် စသည်ဖြင့်ညွှန်ကြားချက်ကိုပေးရပါမည်။ အရေးအကြီးဆုံးလုပ်ဆောင်ရမည့်အလုပ်မှာ တရားဒေသနာကို ဟောပြောခြင်းမဟုတ်ဘဲ တစ်အိမ်ဝင်၊ တစ်အိမ်ထွက်ပြီး နှုတ်ကပတ်တော်မှအချက်အလက်တို့ကိုချင့်ချင့်ချိန်ချိန်ဖြင့် ရှင်းလင်းပို့ချပေးရပါမည်။ သခင်ခရစ်တော် လိုက်လျှောက်ဆောင်ရွက်တော်မူခဲ့သော နည်းစနစ်များတို့ကို လိုက်လျှောက်ဆောင်ရွက်ကြသောဝန်ထမ်းများတို့သည် သူတို့၏အငှားလုပ်ဆောင်မှုအတွက် အသက်ဝိညာဉ်တို့ကိုဆောင်ယူနိုင်သောသူများဖြစ်ကြပါသည်။ ထိုနောက်တွင် ထပ်မံ၍အလားတူသော သမ္မာတရားတော်များတို့ကို အကြိမ်ကြိမ်ပြောကြားပေးရမည်ဖြစ်ပြီး၊ ဝန်ထမ်းဖြစ်သူကလည်း ဘုရားသခင်အပေါ်လုံးလုံးလျားလျားမှီခိုအားထားရပါမည်။ အမှောင်ထုအတွင်းကျရောက်နေရကြသောသူတို့ကို ညွှန်ကြားပြသနေရသောအချိန်တွင် ထိုသင်ကြားပို့ချပေးသူဆရာသည် ကြွယ်ဝလှသောအတွေ့အကြုံများတို့ကို ရယူနိုင်ကြပါသည်တကား။ သင်ကြားရယူသူလည်းဖြစ်၊ အခြားသောသူတို့အား ကျမ်းစာတော်မြတ်အကြောင်းကို ရှင်းပြပေးသူတစ်ယောက်လည်းဖြစ်သည်အားလျော်စွာ သန့်ရှင်းသောဝိညာဉ်တော်သည် သူ၏စိတ်အတွေးနှင့် နှလုံးသားတို့အတွင်း ဝင်ရောက်လုပ်ဆောင်ပေးကာ ဆာငတ်ခင်မွတ်သောအသက်ဝိညာဉ်များတို့အတွက် သူ့အားအသက်မုန့်ကိုပေးတော်မူပါသည်။



နိုင်ငံရပ်ခြားအမှုတော်နယ်ပယ်များတွင်ရှိသောဝန်ထမ်းသည် လူတန်းစားအားလုံးတို့နှင့် မျိုးစုံလှသောစိတ်အတွေးများအားလုံးတို့နှင့် ထိတွေ့မှုအရှိန်မြင့်မားလာမည်ဖြစ်ပြီး၊ လူများတို့၏လိုအပ်ချက်များတို့ကို ဖြေရှင်းပေးရာတွင်၊ ကွဲပြားခြားနားသောလုပ်ဆောင်မှုနည်းစနစ်များ လိုအပ်လှသည်ကို သူသိရှိလာမည်ဖြစ်သည်။ သူ၏ကိုယ်ပိုင်အရည်အသွေးညံ့ဖျင်းမှုကိုသိရှိသော သူ၏အသိတရားသည် အလင်းတရား၊ ခွန်အားနှင့်အသိပညာတို့ကိုရရှိရေးအတွက် သူ့အားသမ္မာကျမ်းစာနှင့်ဘုရားသခင်အထံတော်သို့တွန်းပို့ပေးမည်ဖြစ်သည်။

ကျွန်ုပ်တို့အား အမှုတော်ကိုကျိန်းသေသောအနေအထားမျိုးဖြင့် အဆုံးသတ်စေနိုင်သောနည်းစနစ်နှင့်နည်းလမ်းများတို့သည် အမြဲတစေတူညီသည့်ပုံစံမျိုးမရှိကြပါ။ သာသနာပြုလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ဆင်ခြင်တုံတရားနှင့် ဝေဖန်ပိုင်းခြားနိုင်စွမ်းတို့ကို အသုံးပြုရပါမည်။ အတွေ့အကြုံသည်လည်း လက်ရှိပတ်ဝန်းကျင်အခြေအနေနှင့်လိုက်လျောညီထွေဖြစ်မည့်အနေအထားအတိုင်း လိုက်လျှောက်လုပ်ကိုင်နိုင်ရေးအတွက် အမြော်အမြင်အရှိဆုံးသောလမ်းကြောင်းကို ညွှန်ပြပေးပါလိမ့်မည်။ တိုင်းပြည်တစ်ခု၏ဓလေ့ထုံးတမ်းနှင့်ရာသီဥတုတို့သည် အခြားသောတိုင်းပြည်တစ်ခု၏ဓလေ့ထုံးတမ်းနှင့်ရာသီဥတုတို့ကို ခံနိုင်ရည်မရှိနိုင်သောအခြေအနေမျိုးဖြစ်နေသည်ကို မကြာခဏပြဿနာအဖြစ်ဖြင့် ကြုံတွေ့နေရတတ်ပါသည်။ ပိုမိုကောင်းမွန်သည့်အနေအထားအတွက် အပြောင်းအလဲများတို့ကိုပြုလုပ်ပေးရမည်ဖြစ်သော်လည်း ရုတ်တရက်အလွန်မြန်ဆန်သောအပြောင်းအလဲမျိုးဖြင့် မဆောင်ရွက်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

မဖြစ်စလောက်သောကိစ္စရပ်များနှင့်ပတ်သက်ပြီး အငြင်းပွားမှုကိုမပေါ်ပေါက်ပါစေနှင့်။ အကယ်၍လူတို့သည် အသက်ဝိညာဉ်၏ကောင်းကင်ဘုံဆိုင်ရာပြတင်းပေါက်တို့ကို ဖွင့်ပေးလိုက်ပြီး၊ မြေကြီးပေါ်ရှိအရာတို့ကို မြင်တွေ့ရနိုင်သောပြတင်းပေါက်တို့ကို ပိတ်ပစ်လိုက်ကြမည်ဆိုပါက ချစ်ခြင်းမေတ္တာ၏စိတ်ဓာတ်နှင့် သခင်ခရစ်တော်၏ကျေးဇူးတော်တို့သည် စိတ်နှလုံးအချင်းချင်းတို့ကို ပူးတွဲနှောင်ဖွဲ့ထားပေးပါလိမ့်မည်။ သမ္မာတရားတော်၏တန်ခိုးအားဖြင့် များစွာသောအခက်အခဲများတို့ကို ထိန်းညှိနိုင်လာမည်ဖြစ်ပြီး၊ ပိုမိုကောင်းမွန်သောနည်းလမ်းများတို့ကို လုပ်ခွင့်ပေးခြင်းအားဖြင့် တိုက်လှန်အငြင်းပွားမှုများတို့သည်လည်း ကာလကြာညောင်းလာမှုနှင့်အတူ ငြိမ်သက်ခြင်းအနေအထားသို့ ရောက်ရှိလာကြမည်ဖြစ်သည်။ သခင်ခရစ်တော်အပေါ်ယုံကြည်ခြင်းရှိ

နေကြသောသူတို့သည် ဘုရားသခင်နှင့်အတူတကွပေါင်းစည်းလုပ်ဆောင်သူများ အမှန်တကယ်ဖြစ်နေကြပါက၊ (လုကာ ၂း၁၄) တွင်ဖော်ပြထားသော ". . . မြေကြီး ပေါ်၌လည်း ငြိမ်သက်ခြင်းရှိစေသတည်း။ လူတို့အား မေတ္တာကရုဏာရှိစေသတည်း။ . . ." ဆိုသည့် ကြီးမြတ်ပြီးခမ်းနားလှသော အခြေခံစည်းမျဉ်းကိုလည်း အတိုင်း ထက်အလွန်အနေအထားမျိုးဖြင့် ခံယူကျင့်သုံးလာကြမည်ဖြစ်သည်။

## ကောင်းကင်နိုင်ငံတော်မှအကူအညီ

နိုင်ငံရပ်ခြားရှိ အမှုတော်နယ်မြေတစ်ခုအတွင်းရှိဝန်ထမ်းအနေဖြင့် ကောင်းကင်ဘုံ ဆိုင်ရာငြိမ်သက်ခြင်းနှင့်ချစ်ခြင်းမေတ္တာတို့ကို သူ၏နှလုံးသားအတွင်း ကိုင်ဆောင်ထား ရှိရမည်ဖြစ်ကာ၊ ၎င်းအချက်သည် သူ့အတွက်တစ်ခုတည်းသောလုံခြုံမှုပင်ဖြစ်ပါသည်။ စိတ်ရှုပ်ထွေးစရာနှင့်စစ်ဆေးစုံစမ်းမှုများအပြင် စိတ်ဓာတ်ကျဆင်းစရာနှင့်ဆင်းရဲခြင်း ဒုက္ခတို့အတွင်း အာဇာနည်တစ်ယောက်၏မြှုပ်နှံဆက်ကပ်မှုနှင့် သူရဲကောင်းတစ်ယောက် ၏သတ္တိမျိုးတို့ဖြင့် သူသည် မည်သည့်အခါမျှ သူ၏လက်ကိုလွှတ်လိုက်မည်မဟုတ် သောလက်တော်ကို ခိုင်မြဲစွာဖမ်းကိုင်ထားရင်း "ငါဟာ၊ ဘယ်တော့မှမကျရှုံးနိုင်တဲ့ အပြင်၊ စိတ်ဓာတ်ကျမှာလည်းမဟုတ်ပါ" ဆိုသည့်စကားကို ပြောဆိုရပါမည်။ သူ့အနေဖြင့် သမ္မာကျမ်းစာကိုအနီးကပ်လေ့ကျက်သင်ယူသော ကျောင်းသားတစ်ယောက်ဖြစ်ရမည့် အပြင်၊ မကြာခဏဖြင့်ပင် ဆုတောင်းသင့်လှပါသည်။ အခြားသောသူတို့နှင့်စကား ပြောဆိုခြင်းမပြုမီ အကယ်၍သူသည် အထက်အရပ်မှအကူအညီကို တောင်းခံရယူ မည်ဆိုပါက ကောင်းကင်ဘုံရှိ ကောင်းကင်တမန်များတို့သည် သူနှင့်အတူရှိနေကြမည် ဖြစ်သည်။ တစ်ခါတစ်ရံတွင် သူသည် လူတို့၏စာနာထောက်ထားစိတ်ကို တမ်းတ မိမည်ဖြစ်သော်လည်း သူ၏အထီးကျန်မှုအခြေအနေမျိုးတွင် သူ့အနေဖြင့် ဘုရားသခင် နှင့်မိတ်သဟာယဖွဲ့ခြင်းမှနေပြီး နှစ်သိမ့်မှုနှင့်ခွန်အားပေးမှုတို့ကို ရှာဖွေရပါမည်။ (မဿဲ ၂၈း၂၀) တွင်ဖော်ပြထားသော ကယ်တင်တော်မူသောအရှင်၏နှုတ်တော်ထွက် ". . . ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည် . . ." အရ၊ သူ့အား အားတက်ဝမ်းမြောက်ခြင်းရှိပါလေစေ။ ဤဘုန်းတော်ရှင်၏ အဖော်ပြုမှုမှနေပြီး၊ အသက်ဝိညာဉ်ကယ်ဆယ်ခြင်းဆိုင်ရာ သိပ္ပံအတတ်၌ သူသည် ညွှန်ကြားချက်ကိုလက်ခံရရှိနိုင်မည်ဖြစ်သည်။





သာသနာပြုခြင်းနယ်မြေအတွင်း စွမ်းအင်နှင့်ကိုယ်ကျိုးစွန့်မှုတို့ကို လိုအပ်ပါ သည်။ ကပ်တိုင်တော်ဆိုင်ရာအောင်ပွဲများတို့အတွက် တွန်းအားပေးလုပ်ဆောင်ကြမည့် သူများ၊ စိတ်ဓာတ်ကျဆင်းမှုများနှင့် ဆင်းရဲနွမ်းပါးခြင်းများတို့၏အောက်တွင် အပတ် တကုတ်ကြိုးစားလုပ်ဆောင်ကြမည့်သူများ၊ သာသနာပြုခြင်းနယ်မြေအတွင်း မဖြစ်မနေ ရှိရကြမည့် ဖွဲ့မာန်နှင့်ခိုင်မာသောဆုံးဖြတ်ချက်ချနိုင်သည့် အရည်အချင်းရှိနေကြသော သူတို့ကို ဘုရားသခင်က တောင်းဆိုတော်မူပါသည်။ ဣသရေလလူမျိုးတို့၏ဘုရားသခင် အပေါ် ပင်ပန်းတကြီးလုပ်ဆောင်မှုနှင့် ခိုင်မာသောသစ္စာရှိမှုတို့ကို ထိန်းသိမ်းစောင့်ရှောက် ထားခြင်းအားဖြင့် ပြတ်သားမှုရှိပြီး၊ ရဲရင့်ခြင်းရှိကြသောလူတို့သည် အံ့ဩဖွယ်သော အောင်မြင်စွာပြီးမြောက်အောင်လုပ်ဆောင်နိုင်မှုများတို့ကို ဖော်ဆောင်နိုင်ကြမည်ဖြစ်သည်။ အကယ်၍ ကြိုးစားလုပ်ကိုင်ဆောင်ရွက်မှုများတို့သည် အသိအမြင်ကြွယ်သောဝေဖန် ပိုင်းခြားနိုင်စွမ်း၏အုပ်ချုပ်မှုနှင့် စိတ်အားထက်သန်မှုရှိသော ကြိုးပမ်းမှု၏ကျောထောက် နောက်ခံပေးမှုတို့အားဖြင့် အောင်မြင်ရရှိစေနိုင်သောအခြေအနေမျိုးကို အကန့်အသတ် မျိုးဖြင့်သာ ထွက်ပေါ်လာရန်မှာ ခဲယဉ်းလှပါသည်။

နိုင်ငံရပ်ခြားနယ်မြေများတို့တွင် ဘုရားသခင်၏စိတ်တော်နှင့်တွေ့တော်မူနိုင် သော အမှုတော်လုပ်ငန်းကို လုပ်ဆောင်နိုင်ကြခြင်းအတွက် ကျွန်ုပ်တို့ရွှင်လန်းခြင်းရှိ ကြပါစို့။ ပြည်ပတွင်ရှိသော အမှုတော်ဆောင်ရွက်ခြင်း၏ရလဒ်များအတွက် ချီးမွမ်း ခြင်းနှင့်ကျေးဇူးတင်ခြင်းအသံတို့ကို ကျွန်ုပ်တို့မြှင့်တင်ကြပါစို့။ မည်သည့်အခါမျှမှားယွင်း ခြင်းကိုမပြုလုပ်တတ်သော ကျွန်ုပ်တို့၏ဗိုလ်ချုပ်ကြီးသည် (ဟေရှာယ ၆၀း၁) တွင် ဖော်ပြထားသော "ရှေ့ဆက်ချီတက်ကြ။ နယ်မြေသစ်အတွင်းသို့ဝင်ရောက်ကြ။ တိုင်းနိုင်ငံ တိုင်းတို့တွင် အရည်အသွေးကိုမြှင့်တင်ကြ။ သင်ထလော့။ လင်းလော့။ သင်၏အလင်း ရောက်လာပြီ။ ထာဝရဘုရား၏ဘုန်းတော်သည် သင်၏အပေါ်မှာပေါ်ထွန်းလျက်ရှိ၏" ဆိုသည့်မိန့်တော်မူချက်ကို မိန့်တော်မူနေဆဲဖြစ်ပါသည်။

ဘုရားသခင်၏စေတမန်တော်များတို့မှတစ်ဆင့် သတင်းစကားတော်ဆိုင်ရာ စာလိပ်တော်သည် ကမ္ဘာမြေကြီးပေါ်သို့ဖြန့်ချပေးသောအချိန်သည် ရောက်ရှိလာနေပြီ ဖြစ်သည်။ ပထမကောင်းကင်တမန်၊ ဒုတိယကောင်းကင်တမန်နှင့်တတိယကောင်းကင် တမန်တို့၏သတင်းစကားတို့တွင်ပါရှိသော သမ္မာတရားတော်အကြောင်းကို အသီးသီး သောဘာသာစကားကိုပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့ဆီသို့ရောက်ရှိသွားရမည် ဖြစ်ပြီး၊ ထိုသို့အားဖြင့် ကမ္ဘာ့တိုက်ကြီးများတိုင်းတို့ရှိ အမှောင်ထုတို့ကိုလင်းထိန်စေရ

မည်ဖြစ်ကာ၊ ပင်လယ်ထဲရှိကျွန်းများတို့ဆီသို့ တိုးချဲ့ပျံ့နှံ့ရောက်ရှိသွားအောင် လုပ်ဆောင်ရကြပါမည်။ ဤအမှုတော်ကိုလုပ်ဆောင်ရန်အတွက် မည်သည့်နည်းနှင့်မျှ နှောင့်နှေးခြင်းမရှိရပါ။

ကျွန်ုပ်တို့၏ကြွေးကြော်သံဆောင်ပုဒ်သည် တက်လှမ်းကြ၊ ရှေ့သို့တက်လှမ်းကြဟူ၍ဖြစ်ပါသည်။ သွားရာလမ်းကိုပြင်ဆင်ထားပေးကြရန်အတွက် ကောင်းကင်ဘုံရှိ ကောင်းကင်တမန်များတို့သည် ကျွန်ုပ်တို့၏ရှေ့၌သွားကြပါလိမ့်မည်။ အခြားတစ်ဖက်ရှိဒေသများတို့အတွက် ကျွန်ုပ်တို့ထမ်းဆောင်ရကြသည့်ဝန်ထုပ်ဝန်ပိုးတို့ကို ကမ္ဘာမြေတစ်ဝန်းလုံးတွင် ထာဝရဘုရား၏ဘုန်းအာနုဘော်တော်ဖြင့် ထွန်းလင်းတောက်ပသည်အထိ လက်လျှော့အရှုံးပေးခြင်းမရှိဘဲ ထမ်းဆောင်ရကြပါမည်။

–o–



tydkif; (11)

# တစ်ဦးကိုတစ်ဦးပေါင်းသင်းဆက်ဆံရေး

## **အခြားသောသူတို့နှင့်ထိတွေ့ဆက်ဆံမှု**

အသက်တာတစ်လျှောက်လုံးတွင် ပေါင်းသင်းဆက်ဆံမှုတိုင်းသည် မိမိကိုယ်ကိုမိမိချုပ်တည်းနိုင်ခြင်း၊ သည်းခံထိန်းချုပ်နိုင်ခြင်းနှင့် စာနာထောက်ထားလိုစိတ်တို့ကို လေ့ကျင့်ပေးရန်လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် ပင်ကိုစရိုက်၊ အလေ့အထများ၊ မတူကွဲပြားခြားနားသောအရာများအပေါ် သုံးသပ်ကြည့်ရှုသည့်နည်းလမ်းများနှင့်ဆိုင်သော အတတ်ပညာများတို့တွင် ကျယ်ပြန့်စွာကွဲပြားခြားနားမှုရှိနေကြပါသည်။ ကျွန်ုပ်တို့သည် ကွဲပြားခြားနားစွာဖြင့် ထင်မြင်အကဲဖြတ်တတ်ကြပါသည်။ သမ္မာတရားတော်အကြောင်းနှင့်ပတ်သက်ပြီး တတ်သိနားလည်မှု၊ မိမိတို့၏ဘဝကိုစီမံကြီးကြပ်မှုဆိုင်ရာ စဉ်းစားတွေးတောမှုများတို့သည် အားလုံးသောကျွန်ုပ်တို့သည် တူညီသောအလေးထားမှုမျိုး မရှိကြပါ။ အသေးစိတ်အချက်အလက်တိုင်းနှင့်ပတ်သက်ပြီး၊ ထပ်တူထပ်မျှဖြစ်သော အတွေ့အကြုံမျိုး၊ လူနှစ်ယောက်တွင်မရှိပါ။ တစ်ယောက်ကခံစားရသော စစ်ဆေးစုံစမ်းမှုမျိုးတို့သည် နောက်တစ်ယောက်ကခံစားရသော စစ်ဆေးစုံစမ်းမှုမျိုးမဟုတ်ပါ။ တစ်ယောက်သောသူက ပေါ့ပေါ့ပါးပါးဖြင့်ထမ်းဆောင်နိုင်သောတာဝန်များတို့သည် နောက်လူတစ်ယောက်အတွက် အလွန်ခက်ခဲလှပြီး၊ စိတ်ရှုပ်ထွေးစရာဖြစ်နေတတ်ပါသည်။

အလွန်ချည့်နဲ့ပြီး၊ အလွန်မသိနားမလည်နိုင်လွန်းလှကာ နားလည်မှုလွဲခြင်းမျိုးဖြစ်တတ်လွန်းခြင်းတို့သည် လူတို့၏သဘောသဘာဝဖြစ်သည်အလျောက်၊ အခြားသောသူအပေါ်ထင်မြင်ဆုံးဖြတ်ရာတွင် လူတိုင်းလူတိုင်းအနေဖြင့် သတိထားသင့်ကြပါသည်။ အခြားသောသူတို့၏အတွေ့အကြုံအပေါ် ကျွန်ုပ်တို့၏တုံ့ပြန်ပြုမူမှုများတို့၏ လားရာညွှန်းရပ်ကို ကျွန်ုပ်တို့က အနည်းငယ်မျှလောက်သာသိရှိရကြပါသည်။ တဒင်္ဂမျှသာဟုကျွန်ုပ်တို့ထင်ရသောကာလအတွင်း ကျွန်ုပ်တို့လုပ်သည်ဖြစ်စေ၊ ပြောသည်ဖြစ်စေ၊ ၎င်းလုပ်ရပ်၏အပေါ်တွင်မူတည်ပြီး အကောင်းအတွက်၊ သို့မဟုတ် အဆိုးအတွက်ဖြစ်ပေါ်လာမည့် အရေးအပါဆုံးသောရလဒ်များတို့ကို မျက်စိတစ်မှိတ်အတွင်း ကျွန်ုပ်တို့သိရှိလာရကြမည်ဖြစ်သည်။

## ဝန်ထုပ်ဝန်ပိုးတို့ကိုထမ်းရွက်ရသောသူများတို့အတွက် ထည့်တွက်စဉ်းစားရမည့် စာနာထောက်ထားမှု

အမှုတော်၏ဝန်ထုပ်ဝန်ပိုးများတို့ကို အနည်းငယ်မျှသာထမ်းရွက်ကြသောသူများစွာရှိနေကြပြီး သူတို့သည် ဝန်ထုပ်ဝန်ပိုးတို့ကို ထမ်းရွက်သောလူအစစ်အမှန်၏ အလုပ်အကြောင်းကို နားလည်နိုင်ခြင်းမရှိကြသည်အလျောက် အခြားသောသူတို့၏ ကိုယ်စား၊ သူတို့၏နှလုံးသားများတို့သည် အနည်းငယ်မျှသာသော သောကဝေဒနာ အမှန်အကန်ကိုသိရှိကြပြီး၊ စိတ်ရှုပ်ထွေးမှုနှင့်ပရိဒေဝဖိစီးမှုအနည်းငယ်မျှကိုသာ ခံစားမိကြပါသည်။ အမှုတော်ကိစ္စရော မိသားစုစားဝတ်နေရေးအတွက်ပါ ဝန်ပိနေသော ဖခင်တစ်ယောက်၏မိသားစုအပေါ်စောင့်ရှောက်မှုနှင့် ပင်ပန်းတကြီးလုပ်ဆောင်ရမှုတို့ အပေါ် သိရှိနားလည်ပေးတတ်သောကလေးငယ်လောက် အမှုတော်၏ဝန်ထုပ်ဝန်ပိုးကို အနည်းငယ်မျှသာထမ်းရွက်ကြသောသူတို့သည် အမှန်တကယ်အစစ်အမှန်ထမ်းရွက်သောသူအပေါ် နားလည်သဘောပေါက်ခြင်းမရှိတတ်ကြပါ။ ကလေးငယ်လေးသည် သူ့ဖခင်၏စိုးရိမ်ကြောက်ရွံ့မှုနှင့် စိတ်ရှုပ်ထွေးနေရမှုအကြောင်းတို့ကို တွေးတောစဉ်းစားမိမည်ဖြစ်သည်။ ဤအကြောင်းအရာတို့သည် ထိုကလေးငယ်လေးအတွက် မလိုအပ်သည့်အရာအဖြစ်ဖြင့် ထင်မြင်ယူဆစရာဖြစ်နိုင်ပေမည်။ သို့သော်လည်း နှစ်ပေါင်းများစွာကြုံတွေ့ရသောအတွေ့အကြုံများတို့ကို သူ၏အသက်တာအတွင်း ထပ်ဆောင်းဖြည့်ဆည်းပေးလိုက်ပြီး၊ ထိုဝန်ထုပ်ဝန်ပိုးတို့ကို သူကိုယ်တိုင်ထမ်းဆောင်လာရသည့်အခြေအနေမျိုးရောက်ရှိလာသောအချိန်တွင် သူသည် သူ့ဖခင်၏ဘဝနောက်ကြောင်းအခြေအနေကို ဆင်ခြင်တွေးတောတတ်လာကာ၊ အလွန်နားလည်နိုင်စွမ်းမရှိနိုင်သော သူ့ဖခင်၏ တစ်ချိန်ကအခြေအနေကို နားလည်သဘောပေါက်မိမည်သာဖြစ်သည်။ ခါးသီးသော အတွေ့အကြုံသည် သူ့အားအသိဉာဏ်ဗဟုသုတကိုပေးလာချေပြီ။

အမှုတော်၏ဝန်ကိုထမ်းရွက်သူတစ်ယောက်၏ များစွာသောအလုပ်တို့၏ အကြောင်းကို နားလည်နိုင်ခြင်းမရှိနိုင်သည်မှာ သေခြင်းတရားသည် သူ့အားနာမကျန်းဖြစ်သွားစေသည့်အချိန်အထိ သူ၏လုပ်ဆောင်မှုများတို့သည် ဂုဏ်ယူအသိအမှတ်ပြုခြင်းခံခဲ့ရခြင်းမရှိပါ။ သူထမ်းရွက်ခဲ့သောဝန်ထုပ်ဝန်ပိုးများတို့ကို သူလွှဲပြောင်းချန်ထားခဲ့ပြီးနောက် လက်ဆင့်ကမ်းစတင်ထမ်းရွက်ရကြသောသူတို့က သူလက်လျှော့လိုက်ရသောအလုပ်နှင့် သူရင်ဆိုင်ခဲ့ရသော နဖူးတွေ့ဒူးတွေ့အခက်အခဲများတို့ကို ကြုံတွေ့ရကြသည့်အချိန်တွင်မှ သူ၏ယုံကြည်ခြင်းနှင့်ရဲစွမ်းသတ္တိတို့သည် မည်ကဲ့သို့အစမ်းသပ်



ခံခဲ့ရသည်ကို သိရှိသဘောပေါက်လာနိုင်ကြပါသည်။ ဤတော့မှပင် သူတို့၏အဆောတလျင်ဖြင့် တစ်ဘက်သားကိုပြင်းပြင်းထန်ထန်ဝေဖန်တတ်သော အမှားများတို့သည်လည်း ကြက်ပျောက်ငှက်ပျောက်၊ ပျောက်သွားကုန်ကြပါတော့သည်။ အတွေ့အကြုံသည် သူတို့အား စာနာထောက်ထားစိတ်ကို သင်ပြပေးလိုက်ခြင်းပင်ဖြစ်ပါသည်။ လူတို့အနေဖြင့် တာဝန်ယူမှုနှင့်ပတ်သက်သောနေရာမှန်များတို့တွင် တာဝန်ချပေးထားခြင်းကို ဘုရားသခင်က လက်ခံခွင့်ပြုတော်မူပါသည်။ သူတို့က အမှားအယွင်းပြုလုပ်မိသောအခါတွင် ထိုအမှားများတို့ကိုပြင်ပေးတော်မူရန်၊ သို့မဟုတ် ဖယ်ရှားပစ်တော်မူရန်အတွက် သူ၏ထံတော်တွင် တန်ခိုးစွမ်းအားရှိနေတော်မူပါသည်။ ဘုရားသခင်နှင့်သာသက်ဆိုင်သော အကဲဖြတ်ထင်မြင်ချက်ပေးသောအလုပ်ကို လက်ကိုင်မထားမိကြရေးကို ကျွန်ုပ်တို့ကအထူးသတိထားရကြပါမည်။

(မဿဲ ၇း၁၊၂) တွင်ဖော်ပြထားသည့် "သင်တို့သည် စစ်ကြောဆုံးဖြတ်ခြင်းနှင့်ကင်းလွတ်ရမည်အကြောင်း သူတစ်ပါး၏အမှု၌ စစ်ကြောဆုံးဖြတ်ခြင်းကိုမပြုကြနှင့်။ သင်တို့သည် အကြင်တရားအတိုင်း သူတစ်ပါးကိုစီရင်ကြ၏။ ထိုတရားအတိုင်းစီရင်ခြင်းကိုခံရကြမည်။ အကြင်ချိန်၊ တင်းပမာဏနှင့် သူတစ်ပါးအားပေး၏။ ထိုပမာဏအတိုင်း ကိုယ်ခံရကြမည်" ဆိုသည့်အတိုင်း၊ ကျွန်ုပ်တို့အား ကယ်တင်တော်မူသောအရှင်က မိန့်တော်မူထားပါသည်။ မကြာမီအချိန်တွင် သင်၏အသက်တာမှတ်တမ်းသည် ဘုရားသခင်၏မျက်မှောက်တော်၌ ပြန်လည်ဆန်းစစ်ခြင်းအချိန်ကို ဖြတ်သန်းရတော့မည်ကို သတိတရရှိကြပါ။ ထို့အပြင် သူ၏မိန့်တော်မူချက်ကို ရှင်ပေါလုက (ရောမ ၂း၁) တွင် "သူတစ်ပါးကိုစစ်ကြောစီရင်တတ်သောသူ၊ သင်သည် ကိုယ်အပြစ်ကိုမဖုံးနိုင်ရာ။---သူတစ်ပါးကိုစစ်ကြောစီရင်သည်တွင် ကိုယ်အပြစ်ရှိကြောင်းကိုစီရင်ဆုံးဖြတ်ရာရောက်၏" ဩဝါဒပေးထားသည်ကိုလည်း သတိတရရှိရပါဦးမည်။

## မှားယွင်းမှုအတွင်းမှသည်းခံခြင်း

ကျွန်ုပ်တို့အနေဖြင့် မည်သည့်စစ်မှန်သော၊ သို့မဟုတ် စိတ်အထင်နှင့်ဖြစ်သော တစ်စုံတစ်ရာမှားယွင်းမှုမျိုးဖြင့် ကျွန်ုပ်တို့ကိုယ်ကို ကသိကအောက်ဖြစ်စေသည့်စိတ်ထားမျိုးကို ဖြစ်ပေါ်စေရေးအတွက် ခံနိုင်စွမ်းမရှိကြပါ။ ကိုယ်ကျိုးအတ္တစိတ်ဆိုသည်မှာ ကျွန်ုပ်တို့ကြောက်ရွံ့ရန် အလိုအပ်ဆုံးသောရန်သူကြီးဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ထိန်းချုပ်မှုအောက်တွင်ရှိနေခြင်းမရှိသော လူသားတို့၏စိတ်ထက်သန်ပြင်းပြ

မှုထက်၊ မည်သည့်အကျင့်ဆိုးသွင်ပြင်မျိုးမျှ အကျင့်စရိုက်အပေါ်ပိုမို၍ဘေးအန္တရာယ်ဖြစ်စေသောအကျိုးသက်ရောက်မှုမျိုးမရှိပါ။ ကိုယ်ကျိုးအတ္တအပေါ်အောင်မြင်ခြင်းကိုရယူနိုင်ခြင်းထက် အခြားကျွန်ုပ်တို့ရယူနိုင်သော မည်သည့်အောင်မြင်မှုမျိုးကမျှ အလွန်အဖိုးထိုက်တန်ခြင်းမရှိပါ။

ကျွန်ုပ်တို့၏နှလုံးသားခံစားမှုများတို့ကို အလွယ်တကူဖြင့်ထိခိုက်အနာတရဖြစ်စေခြင်းတို့ကို ကျွန်ုပ်တို့ခွင့်မပြုသင့်ကြပါ။ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏နှလုံးသားခံစားမှုများ၊ သို့မဟုတ် ကျွန်ုပ်တို့၏ဂုဏ်သတင်းကို ကာကွယ်စောင့်ရှောက်ရန်ရှင်သန်ရကြမည်မဟုတ်ဘဲ၊ အသက်ဝိညာဉ်တို့ကိုကယ်ဆယ်ရန်အတွက်သာ ရှင်သန်ရကြပါမည်။ အသက်ဝိညာဉ်တို့ကို ကယ်တင်ခြင်းအမှုတွင် ကျွန်ုပ်တို့စိတ်ဝင်စားမှုရှိလာကြသည်အလျောက်၊ ကျွန်ုပ်တို့၏အသင်းအဖွဲ့အတွင်း မကြာခဏပေါ်ထွက်လာတတ်သောတစ်ဦးနှင့်တစ်ဦး အနည်းအကျဉ်းမျှသောကွဲပြားခြားနားမှုများတို့အပေါ် တွေးတောစဉ်းစားနေမှုတို့ကို ရပ်စဲထားရကြပါမည်။ ကျွန်ုပ်တို့အပေါ် အခြားသောသူတို့ကမည်သို့ပင်ထင်မြင်ယူဆကြပါစေ၊ ကျွန်ုပ်တို့၏သခင်ခရစ်တော်နှင့်တစ်သားတည်းကျပြီးဝိညာဉ်တော်နှင့်ရင်းနှီးဖော်ရွေစွာဆက်ဆံရေးတို့ကို အနှောင့်အယှက်ဖြစ်ရန်မလိုပါ။ ၎င်းနှင့်ပတ်သက်ပြီး၊ (၁ပေ ၂း၂၀) တွင် “ကိုယ်အပြစ်ကြောင့်ဒဏ်ခံရသောအခါ၊ သည်းခံလျှင် အဘယ်ချီးမွမ်းစရာရှိသနည်း။ ကောင်းမွန်စွာပြု၍ ဆင်းရဲခံရသောအခါသည်းခံလျှင်၊ ဘုရားသခင်ရှေ့တော်၌ကျေးဇူးရှိ၏” ဟူ၍ဖော်ပြထားပါသည်။

ကလဲ့စားချေခြင်းမပြုပါနှင့်။ ထိုကဲ့သို့သင်ကလဲ့စားချေနိုင်သမျှကာလပတ်လုံးအထင်အမြင်လွဲမှားမှုမျိုးကိုဖြစ်ပေါ်စေသည့် အကြောင်းခြင်းရာအားလုံးတို့ကို ဖယ်ရှားပစ်လိုက်ပါ။ မကောင်းမှု၏သွင်ပြင်လက္ခဏာကိုရှောင်ရှားပါ။ အခြားသောသူတို့နှင့်ပြန်လည်သင့်မြတ်ရန်အတွက် ကိုယ်ကျင့်တရားကိုပစ်ပယ်ခြင်းမရှိဘဲ တတ်နိုင်စွမ်းသမျှသောအရာအားလုံးတို့ကိုလုပ်ဆောင်ပါ။ ၎င်းနှင့်ပတ်သက်ပြီး၊ (မဿဲ ၅း၂၃၊၂၄) တွင် “ထိုကြောင့်သင်သည် ပူဇော်သကာကိုယဇ်ပလ္လင်သို့ဆောင်ယူခဲ့လျက်၊ သင်၏ညီအစ်ကိုသည် သင်၌အပြစ်တင်ခွင့်တစ်စုံတစ်ခုရှိသည်ဟု အောက်မေ့သတိရလျှင်၊ ယဇ်ပလ္လင်ရှေ့မှာပူဇော်သကာကိုထား၍သွားလော့။ ညီအစ်ကိုနှင့်သင့်တင့်ပြီးမှ ပြန်၍ပူဇော်သကာကိုတင်လော့” ဟူ၍ဖော်ပြထားပါသည်။

အကယ်၍သင်သည် ခက်ထန်သောစကားလုံးများတို့ဖြင့် နှုတ်လှန်ထိုးခြင်းခံလာရပါက၊ ထိုကဲ့သို့ပြောဆိုသူ၏စိတ်ထားမျိုးဖြင့် သူ့အားမည်သည့်အခါမျှပြန်လည်



မတုံ့ပြန်ပါနှင့်။ (သုတ္တံ ၁၅း၁) တွင်ဖော်ပြထားသော “ဖြည်းညင်းသောစကားသည်စိတ်ကိုဖြေတတ်၏။ . . .” ဆိုသည့်ဆုံးမစကားကို သတိတရရှိပါ။ ထို့အပြင်ဆိတ်ဆိတ်နေခြင်း၌ အံ့သြဖွယ်သောစွမ်းအားရှိသည်အကြောင်းကိုပါ သတိရပါ။ စိတ်ဆိုးနေသောသူတစ်ယောက်ကို ပြန်လည်ဖြေကြားပေးသောစကားလုံးများတို့သည်တစ်ခါတစ်ရံတွင် သူ့အားစိတ်တိုစေရုံသာဖြစ်ပေါ်စေတတ်သော်လည်း တိတ်ဆိတ်ခြင်းနှင့်အပြင် ကြင်နာသနားတတ်ကာ အောင့်အည်းသည်းခံသောစိတ်ထားမျိုးတို့ဖြင့်တွေ့ကြုံလာရပြီဆိုပါက သူ၏စိတ်ဆိုးနေမှုတို့သည် လျင်မြန်စွာဖြင့် မှေးမှိန်ပျောက်ကွယ်သွားပါတော့သည်။

စိတ်ထိခိုက်စရာအပြစ်ရှာသည့် စကားလုံးများတို့၏မုန်တိုင်းထန်မှုတစ်ခုအောက်တွင် စိတ်အတွေးကို ဘုရားသခင်၏နှုတ်တော်ထွက်အပေါ်တွင်တည်ရှိနေအောင် အခြေချထားပါ။ စိတ်အတွေးနှင့်နှလုံးသားတို့ကို ဘုရားသခင်၏ကတိတော်များတို့ဖြင့်သိုလှောင်ထားပါ။ အကယ်၍ သင်သည် ဆူပူကြိမ်းမောင်းခံနေရပါက၊ သို့မဟုတ်မှားယွင်းစွာဖြင့်အစွပ်စွဲခံနေရပါက စိတ်ဆိုးနေသောအဖြေမျိုးဖြင့် ပြန်လည်တန်ပြန်မည့်အစား၊ (ရောမ ၁၂း၂၁) တွင်ဖော်ပြထားသော၊ အဖိုးထိုက်လှသည့် “အဆိုးအားဖြင့်အရှုံးမခံနှင့်။ အကောင်းအားဖြင့်အဆိုးကိုနိုင်လော့” ဆိုသည့်ဆုံးမသြဝါဒစကားကိုပြန်လည်ရွတ်ဆိုပါ။ ထို့အပြင် (ဆာလံ ၃၇း၅၊၆) တွင်ဖော်ပြထားသော အဖိုးထိုက်လှသည့်ကတိတော် “ကိုယ်အမှုအရာကို ထာဝရဘုရား၌အပ်လော့။ ကိုယ်တော်ကိုကိုးစားလော့။ သို့ပြုလျှင် စီရင်တော်မူမည်။ သင်၏ဖြောင့်မတ်ခြင်းအကြောင်းကို အလင်းကဲ့သို့လည်းကောင်း၊ တရားသဖြင့်ပြုခြင်းအရာကို မွန်းတည့်ရောင်ခြည်ကဲ့သို့လည်းကောင်းဖော်ပြတော်မူမည်” ကိုလည်း အထပ်ထပ်ရွတ်ဆိုပါ။ ၎င်းအပြင် (လုကာ ၁၂း၂) တွင်ဖော်ပြထားသော “ဖုံးထားလျက်ရှိသမျှတို့သည် ပွင့်လိမ့်မည်။ ဆိတ်ကွယ်ရာ၌ရှိသမျှတို့သည်လည်း ထင်ရှားလိမ့်မည်” ဆိုသည့်ကတိတော်အပြင်၊ (ဆာလံ ၆၆း၁၂) တွင်ဖော်ပြထားသော “အကျွန်ုပ်တို့ခေါင်းပေါ်မှာ သူတစ်ပါးကိုစီးစေတော်မူပြီ။ မီး၌လည်းကောင်း၊ ရေ၌လည်းကောင်း သွားရသော်လည်း၊ ကျေးဇူးတော်ကြောင့် ကြွယ်ဝခြင်းသို့ရောက်ကြပါ၏” ဆိုသည့်ကတိတော်ကိုပါ ရွတ်ဆိုရပါမည်။

ကျွန်ုပ်တို့သည် စာနာထောက်ထားမှုနှင့်စိတ်ခတ်မြင့်တင်ခံရမှုတို့အတွက်သခင်ယေရှုထံတော်မှ အားကိုးတကြီးတောင်းခံရကြမည့်အစား၊ မိမိတို့၏မိတ်ဆွေအပေါင်းအသင်းတို့ထံမှ မျှော်လင့်အားထားလေ့ရှိကြပါသည်။ မိုက်မဲမှုဖြစ်သော လူသား

အပေါ်အားကိုးအားထားပြုခြင်းနှင့် ကျွန်ုပ်တို့၏လက်ရုံးကို အားကိုးစရာအဖြစ်ထားရှိခြင်းတို့၏ရလဒ်တို့ကို ကျွန်ုပ်တို့သင်ကြားရယူနိုင်ကြရေးအတွက် ကျွန်ုပ်တို့ယုံကြည်စိတ်ချစွာဖြင့် နေရာပေးထားသောသူ၏ကျွန်ုပ်တို့အားအရေးနိမ့်စေသောလုပ်ရပ်မျိုးကို ဘုရားသခင်သည် သူ၏ကရုဏာတော်နှင့်သစ္စာစောင့်သိတော်မူခြင်းတို့၌ ရံဖန်ရံခါဖြင့်ပင် ခွင့်ပြုတော်မူပါသည်။ ဘုရားသခင်ထံတော်၌ ကျွန်ုပ်တို့သည် ကျိုးကျိုးနွံနွံနှင့်အတ္တကင်းစွာဖြင့် လုံးလုံးလျားလျားအားကိုးအားထားပြုကြပါစို့။ ကျွန်ုပ်တို့ထုတ်ဖော်ပြောပြနိုင်စွမ်းမရှိသော ကျွန်ုပ်တို့၏ဖြစ်တည်မှုသဘော၏နက်နဲမှုများအတွင်း ကျွန်ုပ်တို့ခံစားနေရကြသော ပူဆွေးဝမ်းနည်းမှုတို့ကို ဘုရားသခင်သည် သိရှိတော်မူပါသည်။ အားလုံးသောအရာတို့သည် မှောင်မိုက်အတိနှင့်ပြောဆိုဖော်ပြနိုင်စွမ်းမရှိလောက်အောင် ဆိုးရွားနေသောအချိန်တွင်၊ (ယောဟန် ၁၃း၇) ၌ဖော်ပြထားသော သခင်ခရစ်တော်၏ “. . . သင်သည် ငါပြုသောအမှုကိုယခုနားမလည်သေး။ နောက်မှသိလိမ့်မည်။ . . .” ဆိုသည့် နှုတ်တော်ထွက်စကားလုံးတို့ကို သတိတရရှိရကြပါမည်။

ယောသပ်နှင့်ဒံယေလတို့၏သမိုင်းစဉ်ကို ပြန်လည်ဆန်းစစ်ကြည့်ပါ။ သူတို့အတိဒုက္ခရောက်အောင် လျှို့ဝှက်ပူးပေါင်းကြံစည်ခဲ့ကြသောလူတို့၏ဘေးရန်မှ ထာဝရဘုရားသည် သူတို့အားအကာအကွယ်ပေးတော်မူခြင်းမရှိခဲ့သော်လည်း သူ့အပေါ်ထားရှိကြသော သူတို့၏ယုံကြည်ခြင်းနှင့်သစ္စာတော်စောင့်သိမှုတို့ကို စစ်ဆေးစုံစမ်းမှုနှင့်ပဋိပက္ခများအတွင်း ကာကွယ်ထိန်းသိမ်းခဲ့ကြသည့် သူ၏အစေကျွန်များတို့အတွက် ကောင်းသောအရာကိုဖန်တီးပေးရာရောက်သော ပရိယာယ်လှည့်ကွက်အားလုံးတို့ကို ဖန်တီးပေးတော်မူခဲ့ပါသည်။

ဤကမ္ဘာမြေကြီးပေါ်တွင် ကျွန်ုပ်တို့ရှိနေကြသမျှကာလပတ်လုံး၊ ကျွန်ုပ်တို့အနေဖြင့် ကောင်းကျိုးမပေးသောသြဇာသက်ရောက်မှုများတို့နှင့် ကြုံတွေ့ရင်ဆိုင်ရကြမည်သာဖြစ်ပါသည်။ ကျွန်ုပ်တို့၏စိတ်နေစိတ်ထားကိုစမ်းသပ်ရန်အတွက် ရန်စလှုံ့ဆော်မှုများတို့သည် ရှိနေကြမည်သာဖြစ်ပြီး၊ မှန်ကန်သောစိတ်ဓာတ်မျိုးဖြင့်သာ ၎င်းရန်စလှုံ့ဆော်မှုများတို့ကို ရင်ဆိုင်ကြမည်ဆိုပါက၊ ခရစ်ယာန်ဘာသာတရား၏ကျက်သရေတို့သည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ အကယ်၍ သခင်ခရစ်တော်ကသာ ကျွန်ုပ်တို့နှင့်အတူတည်နေတော်မူပါက၊ ကျွန်ုပ်တို့သည် စိုးရိမ်ပူပန်မှုများနှင့်သည်းမခံနိုင်စရာအမှုများတို့အတွင်း စိတ်ရှည်ခြင်း၊ ကြင်နာသနားခြင်းအပြုအမူတို့ကို ရွှင်လန်းစွာဖြင့် ရပ်တည်နိုင်ကြမည်ဖြစ်သည်။ တစ်နေ့တခြားအပြင်၊ တစ်နှစ်ထက်တစ်နှစ် ကျွန်ုပ်





တို့သည် ကိုယ်ကျိုးအတ္တအပေါ်အနိုင်ယူရမည့်အပြင်၊ မြင့်မြတ်သည့်သူရသတ္တိရှိသောအပြုအမူအနေအထားဆီသို့ တဖြည်းဖြည်းချင်းကြီးထွားလာကြမည်ဖြစ်သည်။ ဤလုပ်ရပ်ပြုမူမှုသည် ကျွန်ုပ်တို့အတွက်သတ်မှတ်ပေးထားသော လုပ်ငန်းတာဝန်ဖြစ်သော်လည်း သခင်ယေရှုထံတော်မှအကူအညီတော်၊ ပြတ်သားသောဆုံးဖြတ်ချက်၊ မဆုတ်မနစ်သောရည်ရွယ်ချက်၊ စဉ်ဆက်မပြတ်သောသတိရှိမှုနှင့် ရပ်တန့်ခြင်းမရှိသောဆုတောင်းခြင်းတို့ပါရှိခြင်းမရှိပါက ထိုလုပ်ငန်းတာဝန်တို့သည် အောင်မြင်ပြီးမြောက်ခြင်းမရှိနိုင်ပါ။ လူအယောက်တိုင်း၊ အယောက်တိုင်းတို့တွင် တိုက်ခိုက်ရမည့်ပုဂ္ဂိုလ်ရေးဆိုင်ရာ တိုက်ပွဲတစ်ခုရှိနေကြပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူတကွ လုပ်ကိုင်ဆောင်ရွက်သူများအဖြစ်သို့ မရောက်ရှိလာကြပါက၊ ကျွန်ုပ်တို့၏အကျင့်စရိုက်များတို့သည် မြင့်မြတ်သောအနေအထား၊ သို့မဟုတ် ကျွန်ုပ်တို့၏အသက်တာသည် အသုံးဝင်သောအနေအထားဆီသို့ရောက်ရှိရေးကို ဘုရားသခင်လည်း လုပ်ဆောင်နိုင်တော်မူမည်မဟုတ်ပါ။ ရန်းကန်လုပ်ဆောင်ရသောအမှုကို ငြင်းဆိုကြသောသူတို့သည် ခွန်အားနှင့်အောင်မြင်မှုဆိုင်ရာဝမ်းမြောက်ခြင်းတို့ကို အဆုံးရှုံးခံရကြပါသည်။

ကျွန်ုပ်တို့စစ်ဆေးစုံစမ်းခံရမှုများနှင့်အခက်အခဲများအပြင်၊ သောကစိတ်များနှင့်ပူဆွေးဝမ်းနည်းမှုများတို့နှင့်ပတ်သက်သော ကိုယ်ပိုင်မှတ်တမ်းကို ကျွန်ုပ်တို့အနေဖြင့်ထိန်းသိမ်းထားရှိကြရန်မလိုအပ်ကြပါ။ ဤအရာအားလုံးတို့ကို မှတ်တမ်းစာအုပ်တော်များအတွင်း ရေးမှတ်ထားပြီးသားဖြစ်ပြီး၊ ကောင်းကင်ဘုံက ၎င်းမှတ်တမ်းများတို့ကို စောင့်ရှောက်ကြည့်ရှုထားမည်ဖြစ်သည်။ မနှစ်မြို့ဖွယ်ဖြစ်သောအရာများတို့ကို ကျွန်ုပ်တို့ရေတွက်ကြသောအခါတွင် နှစ်လိုဖွယ်ရာဖြစ်စေသည့် ပုံရိပ်ထင်စေသော များစွာသောအရာများတို့သည် မှတ်သားသောအသိဉာဏ်အတွင်းမှနေပြီး ကျော်လွန်သွားကြရာတွင် ဘုရားသခင်၏ကရုဏာတော်နှင့်ပြည့်စုံသော ကြင်နာသနားတော်မူခြင်းသည် အချိန်ကာလတိုင်းတို့တွင် ကျွန်ုပ်တို့အားဝန်းရံပေးထားခြင်းနှင့် ကောင်းကင်တမန်များတို့က အလွန်အံ့သြချီးမွမ်းကြသည့် ဘုရားသခင်က သူ၏သားတော်ကို ကျွန်ုပ်တို့အတွက်အသေခံတော်မူစေရန်အတွက် ပေးအပ်တော်မူသောချစ်ခြင်းမေတ္တာတော်ကလည်း၊ ကျွန်ုပ်တို့၏အပေါ်တွင် မိုးကာပေးထားသည့်အလားဖြစ်ပါသည်။ သခင်ခရစ်တော်အတွက် ဆောင်ရွက်ပေးကြသောသူများဖြစ်ကြသည်အလျောက်၊ အကယ်၍ သင်တို့သည် အခြားသောလူတို့၏အခြေအနေမျိုးသို့ ကျရောက်သွားသည်ထက်၊ ပိုမိုကြီးမားသောကြည့်ရှုစောင့်ရှောက်မှုများနှင့် စစ်ဆေးစုံစမ်းမှုမျိုးများ ကြုံတွေ့နေရသည်ဟု

ထင်မှတ်နေကြပါက၊ ဤဝန်ထုပ်ဝန်ပိုးတို့ကို ရှောင်ဖယ်နေကြသောသူတို့က မသိရှိနိုင်သောငြိမ်သက်ခြင်းတစ်ခုသည် သင့်အတွက်အဆင်သင့်ရှိနေသည်ကို သတိတရရှိနေပါ။ သခင်ခရစ်တော်၏အမှုတော်တွင် နှစ်သိမ့်မှုနှင့်ဝမ်းမြောက်မှုတို့ရှိနေပါသည်။ သခင်ခရစ်တော်နှင့်အတူရှိသော အသက်တာမျိုးမည်သည်မှာ မည်သည့်ကျရှုံးမှုမျိုးမျှမရှိကြောင်းကို ကမ္ဘာကြီးက မြင်တွေ့သိရှိပါလေစေ။

အကယ်၍ သင်သည် ရှုပ်ရှင်မြူးမြူးနှင့် ပျော်ရွှင်စရာမျိုးတို့ကိုမခံရပါက၊ သင်၏ခံစားမှုများတို့ကို လိုက်လံပြောဆိုခြင်းမပြုပါနှင့်။ အခြားသောသူတို့၏အသက်တာများပေါ်သို့ မည်သည့်အရိပ်ကိုမျှ ပုံရိပ်မကျရောက်ပါစေနှင့်။ အေးစက်စက်နိုင်ပြီးနေရောင်မထိသောဘာသာတရားမျိုးသည် သခင်ခရစ်တော်၏ထံတော်သို့ မည်သည့်အသက်ဝိညာဉ်များတို့ကိုမျှ ဆောင်ယူလာခြင်းမရှိပါ။ သူ၏ထံတော်မှသာ ထိုအသက်ဝိညာဉ်တို့ကိုမောင်းထုတ်ပစ်ရာတွင် လမ်းလွဲရောက်နေကြသောသူတို့၏ခြေထောက်တို့ကို စာတန်မာရ်နတ်က ဖြန့်ကြက်ထားသောပိုက်ကွန်များအတွင်းသို့သာ မောင်းသွင်းခြင်းဖြစ်ပါသည်။ သင်၏စိတ်ဓာတ်ကျဆင်းစရာများတို့ကို တွေးတောနေမည့်အစား၊ သခင်ခရစ်တော်၏နာမတော်အားဖြင့် သင်တောင်းခံနိုင်သောတန်ခိုးအကြောင်းကိုတွေးမျှော်ပါ။ မျက်မြင်မဖြစ်သောအရာများတို့အပေါ် သင်၏စိတ်ကူးစိတ်သန်းဖြင့်ကိုင်စွဲထားပါစေ။ သင့်အတွက် ဘုရားသခင်၏ကြီးမြတ်သောချစ်ခြင်းမေတ္တာတော်ဆိုင်ရာသက်သေခံအထောက်အထားများတို့ဆီသို့ သင်၏အတွေးများတို့ကိုဦးတည်ပါစေ။ ယုံကြည်ခြင်းသည် စစ်ဆေးစုံစမ်းမှုကိုတောင့်ခံထားနိုင်ပြီး၊ စုံစမ်းနှောင့်ယှက်ခြင်းကိုခုခံနိုင်ကာ၊ စိတ်ဓာတ်ကျဆင်းမှု၏အောက်တွင် တောင့်ထားနိုင်ပါသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့၏ဥပဒေအကျိုးဆောင်အဖြစ်ဖြင့် ရှိနေတော်မူပါသည်။ သူ၏ညှိနှိုင်းဆောင်ရွက်တော်မူခြင်းအားဖြင့် ရရှိသောလုံခြုံစိတ်ချမှုအားလုံးတို့သည် ကျွန်ုပ်တို့အတွက်သာလျှင်ဖြစ်ပါသည်။

သူ့အတွက်လုံးလုံးလျားလျားရှင်သန်နေကြသောသူတို့ကို သခင်ခရစ်တော်ကတန်ဖိုးထားတော်မူသည်ကို သင်တွေးတောမိခြင်းမရှိပေဘူးလား။ ခက်ခဲပြီး၊ သည်းခံနိုင်စွမ်းမရှိနိုင်သောဒေသများဆီသို့ ပြည်နှင်ဒဏ်ခံရကြသည့် သူအလွန်ချစ်မြတ်နိုးတော်မူခဲ့ရသော ရှင်ယောဟန်ကဲ့သို့သောသူတို့ထံသို့ သူကသွားရောက်လည်ပတ်တော်မူသည်ကိုရော သင်တွေးတောမိခြင်းမရှိပေဘူးလား။ ကြီးမားလှသောအခွင့်အလမ်းအတွက်ရန်းကန်ရန်နှင့် ၎င်းကိုရယူထားနိုင်ရန်အတွက် ဘုရားသခင်သည် မှန်ကန်သော



စိတ်ထားရှိသည့် သူ၏အမှုတော်ဆောင်တစ်ဦးတစ်ယောက်ကိုမျှ ဒုက္ခတွင်းထဲတွင်တစ်ဦးတည်းထားရစ်တော်မမူပါ။ သခင်ခရစ်တော်နှင့်အတူ သူ၏ထံတော်၌ မိမိ၏အသက်တာကို ပုန်းခိုထားစေသောလူတိုင်းကို အဖိုးထိုက်တန်လှသော ကျောက်မျက်ရတနာတစ်ခုအဖြစ်ဖြင့် ဘုရားသခင်သည် စောင့်ရှောက်ထိန်းသိမ်းထားတော်မူပါသည်။ ထိုကဲ့သို့သောလူတိုင်းနှင့်ပတ်သက်ပြီး (ဟဂ္ဂဲ ၂း၂၃) တွင် "သင့်ကို. . . ငါသည်ယူ၍ တံဆိပ်လက်စွပ်ကဲ့သို့ခန့်ထားမည်။. . . သင့်ကိုငါရွေးချယ်ပြီ" ဟူ၍၊ ဘုရားသခင်က မိန့်တော်မူထားပါသည်။

ထိုနောက်တွင် ကတိတော်များတို့၏အကြောင်းကိုကြားပြောရင်း၊ သခင်ယေရှု၏ကြည်ဖြူမှုအားဖြင့် ကောင်းချီးပေးခြင်းအကြောင်းကိုကြားပြောပါ။ တိုတောင်းသောအချိန်ကာလတစ်ခုတွင်မျှ သူသည် ကျွန်ုပ်တို့အားမေ့ထားတော်မမူပါ။ မနှစ်မြို့ဖွယ်ရာဖြစ်သော အခြေအနေများဖြစ်ပေါ်နေသောအချိန်ဖြစ်သည့်တိုင် သူ၏ချစ်ခြင်းမေတ္တာတော်၌ ယုံကြည်စိတ်ချစွာဖြင့်ခိုနားနိုင်ပြီး၊ ကျွန်ုပ်တို့ကိုယ်ကို သူ၏ထံတော်၌ဝန်းရံစေတော်မူခြင်းကိုခံယူလိုက်သည်နှင့် သူ၏တည်ရှိနေတော်မူခြင်းကို ခံစားသိရှိရသောစိတ်အတွေးသည် နက်ရှိုင်းပြီး၊ ငြိမ်သက်အေးချမ်းသောရွှင်လန်းမှုကို စေ့ဆော်ပေးမည်သာဖြစ်သည်။ သခင်ခရစ်တော်က မိမိအကြောင်းကိုမိန့်တော်မူခဲ့ရာတွင် (ယောဟန် ၈း၂၈၊၂၉) ၌၊ ". . . ငါသည် ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှမပြုဘဲ၊ ငါ့ခမည်းတော်သည် ငါ့အားနည်းပေးတော်မူသည်အတိုင်း ငါဟောပြောသည်ကိုလည်းကောင်း သင်တို့သည် သိကြလိမ့်မည်။ ငါ့ကိုစေလွှတ်တော်မူသောသူသည် ငါနှင့်အတူရှိတော်မူ၏။ ငါ့ကိုတစ်ကိုယ်တည်းနေစေခြင်းငှာ ခမည်းတော်သည် စွန့်ပစ်တော်မမူ။ အကြောင်းမူကား၊ နှစ်သက်တော်မူသောအမှုကို အစဉ်မပြတ်ငါပြုသည်။. . ." ဟူ၍ဖော်ပြထားပါသည်။

အခြားသောသူတို့၏စကားပြောကောင်းသောအကျင့်စရိုက်ကို ချဉ်းကပ်ဆည်းပူးပါ။ သင်ပေါင်းသင်းဆက်ဆံသောသူတို့၏ကောင်းသောအရည်အချင်းတို့အပေါ်တည်မှီပြီး၊ သူတို့၏အမှားများနှင့်ကျရှုံးမှုများတို့ကို တတ်နိုင်သမျှအနည်းပါးဆုံးဖြင့်ရှုမြင်ပါ။ အချို့သောသူတို့၏ပြောဆိုမှု၊ သို့မဟုတ် လုပ်ဆောင်မှုတို့အကြောင်းနှင့်ပတ်သက်ပြီး မကျေမနပ်ပြောဆိုရန်အတွက် သွေးဆောင်ခြင်းခံလာရပါက ထိုလူ၏အသက်တာ၊ သို့မဟုတ် အကျင့်စရိုက်နှင့်ပတ်သက်ပြီး တစ်စုံတစ်ရာသောချီးမွမ်းပြောဆိုခြင်းကိုပြုလုပ်ပါက စိတ်သက်သာရာရမှုအကြောင်းအရာကို ပြုစုပျိုးထောင်ပေးပါ။ သခင်ခရစ်တော်ကို

ကျွန်ုပ်တို့အတွက်အသေခံတော်မူရန် ပေးသနားတော်မူခြင်းကြောင့် ဘုရားသခင်၏အံ့ဩဖွယ်သောချစ်ခြင်းမေတ္တာတော်အတွက် ဘုရားသခင်ကိုချီးမွမ်းပါ။ ကျွန်ုပ်တို့၏နစ်နာမှုများတို့ကို တွေးတောရန်အတွက် မည်သည့်အခါမျှအကျိုးဖြစ်ထွန်းမှုမရှိပါ။ ကျွန်ုပ်တို့အနေဖြင့် ချီးမွမ်းခြင်းအားဖြင့် စေ့ဆော်ခြင်းခံလာရကြရန်အတွက် သူ၏ကရုဏာတော်နှင့် သူ၏ပြိုင်ဘက်ကင်းသောချစ်ခြင်းမေတ္တာတော်အကြောင်းတို့ကို စဉ်းစားတွေးတောကြရန် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုတောင်းဆိုနေတော်မူပါသည်။

အခြားသောသူတို့၏အမှားများပေါ်တွင် အာရုံရောက်နေရန်အတွက် စိတ်အားထက်သန်မှုရှိကြသော အမှုတော်ဆောင်များတို့အတွက် အချိန်မရှိပါ။ အခြားသောသူတို့၏အမှားများ၊ သို့မဟုတ် ကျရှုံးမှုများတို့၏အပေါ်ယံအခွံလွှာပေါ်တွင် ရှင်သန်နေရန်အတွက် ကျွန်ုပ်တို့အနေဖြင့် ကြိုးစားအားထုတ်၍မရနိုင်ပါ။ ညစ်ညမ်းသောပြောဆိုခြင်းသည် ကြားရသောသူအပေါ်ထက် ပြောဆိုသူ၏အပေါ်သို့ နစ်ဆမျှသောကျိန်ခြင်းကိုလေးလံစွာကျရောက်ပါသည်။ သဘောထားကွဲလွဲမှုနှင့် ခိုက်ရန်ဒေါသဖြစ်မှု၏မျိုးစေ့တို့ကို ကြဲဖြန့်သောသူသည် သူ၏ကိုယ်ပိုင်အသက်ဝိညာဉ်တွင် သေစေနိုင်သောအသီးများတို့ကိုသာ ရိတ်သိမ်းရပါမည်။ အခြားသောသူတို့အပေါ် အဆိုးမြင်တတ်သောအပြုအမူမျိုးသည် ထိုသို့ကြည့်တတ်သောသူတို့အပေါ်တွင်သာ ဆိုးညစ်မှုကိုတိုးများလာစေပါသည်။ အခြားသောသူတို့၏အမှားများတို့အပေါ်တွင်သာ စိတ်ရောက်နေကြခြင်းဖြင့် ကျွန်ုပ်တို့သည် အလားတူသောပုံရိပ်သွင်ပြင်မျိုးရှိသောသူအဖြစ်သို့သာပြောင်းလဲရောက်ရှိသွားကြမည်ဖြစ်သည်။ သို့သော်လည်း သခင်ခရစ်တော်၏အထံတော်သို့ လှမ်းမျှော်ကြည့်ရှုပြီး၊ သူ၏ချစ်ခြင်းမေတ္တာတော်နှင့် အကျင့်စရိုက်ဆိုင်ရာကုံလုံပြည့်စုံမှုတို့၏အကြောင်းကို ပြောဆိုဆွေးနွေးခြင်းအားဖြင့် သူ၏အသွင်သဏ္ဍာန်ပုံရိပ်တော်အဖြစ်သို့ ပြောင်းလဲသွားသည့်အနေအထားသို့ ရောက်ရှိသွားပေမည်။ ကျွန်ုပ်တို့၏မျက်မှောက်တွင် ချပြထားတော်မူသော အလွန်မြင့်မားလှသည့်စံနှုန်းစံထားတော်ကိုကြည့်ရှုသုံးသပ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် စင်ကြယ်ပြီး၊ သန့်ရှင်းမြင့်မြတ်သောဝန်းကျင်အခြေအနေမျိုးဆီသို့သာမကဘဲ၊ ဘုရားသခင်၏မျက်မှောက်တော်တွင်ပါမြှင့်တင်ထားခြင်းခံရကြမည်ဖြစ်သည်။ ကျွန်ုပ်တို့ဤနေရာတွင်တည်ရှိနေသောအချိန်တွင် ကျွန်ုပ်တို့နှင့်ချိတ်ဆက်မှုရှိနေကြသောသူတို့ဆီသို့ ရောင်ခြည်တော်ကိုကွန့်မြူးစေသည့်အလင်းတစ်ခုသည် ကျွန်ုပ်တို့ထံမှထွက်ပေါ်လာပါလိမ့်မည်။



အခြားသောသူတို့အား အပြစ်ရှာဝေဖန်ပြီး၊ အပုပ်ချရှုတ်ချကြမည့်အစား၊ "ငါ့အနေနဲ့ ငါ့ရဲ့ကိုယ်ပိုင်ကယ်တင်ခြင်းကိုဖန်တီးရမယ်။ ငါ့ရဲ့အသက်ဝိညာဉ်ကိုကယ်ဆယ်ဖို့ ဆန္ဒရှိတော်မူတဲ့ကိုယ်တော်ရှင်နဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင်ငါ့ကိုယ်ကိုငါ ဝီရိယရှိရှိနဲ့ဂရုစိုက်ရမယ်။ ငါ့ရဲ့အသက်တာကနေပြီး မကောင်းမှုတိုင်းကို ငါရှင်းထုတ်ပစ်ရမယ်။ မှားယွင်းမှုတိုင်းကို ငါကျော်လွှားပစ်ရမယ်။ ငါဟာ သခင်ခရစ်တော်မှာ အသစ်သောသတ္တဝါအဖြစ်ကို ရောက်ရှိသွားရမယ်။ အဲဒီနောက် မကောင်းတဲ့ဆိုးညစ်မှုနဲ့ရင်ဆိုင်တိုက်ပွဲဆင်နွှဲနေကြတဲ့လူတွေကို အားလျော့သွားစေမယ့်အစား၊ ခွန်အားပေးတဲ့စကားတွေနဲ့ အင်အားတိုးလာအောင်လုပ်ပေးလာနိုင်မယ်" ဆိုသည့်စကားကိုပြောဆိုပါ။

ကျွန်ုပ်တို့သည် တစ်ဦးအပေါ်တစ်ဦး သဘောထားခြင်းနှင့်ပတ်သက်လာလျှင်ညံ့ဖျင်းလှပါသည်။ အကြိမ်များစွာဖြင့်ပင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နှင့်လုပ်ဖော်ဆောင်ဖက်များတို့က ခွန်အားနှင့်ကောင်းချီးဩဘာပေးမှုများတို့ကို လိုအပ်နေကြသည်ကိုမေ့နေတတ်ကြပါသည်။ သူတို့အပေါ် သင်၏စိတ်ဝင်စားမှုနှင့်စာနာထောက်ထားမှုရှိနေသည်ဆိုသောအချက်ကို သူတို့စိတ်ချမှုရှိစေရေးကို အထူးသတိပြုပါ။ သင်၏ဆုတောင်းခြင်းအားဖြင့် သူတို့ကိုကူညီပြီး၊ ထိုနည်းဖြင့် သူတို့ကိုကူညီသည်ကို သူတို့သိရှိကြပါစေ။ "Ministry of Healing," pp. 483-493.

ဘုရားသခင်၏သားသမီးတော်များဟု မိမိတို့ကိုယ်ကိုပြောဆိုကြသော သူအားလုံးတို့အနေဖြင့် မိမိတို့သည် သာသနာပြုသူများဖြစ်ကြသည်ဆိုသည့်အတွေးမျိုးကို နှလုံးသွင်းပြီး၊ လူ့အလွှာပေါင်းစုံတို့၏စိတ်အတွေးတို့နှင့် ထိတွေ့မှုရှိရကြပါမည်။ အကျင့်သိက္ခာ၊ လူနေမှုအဆင့်မြင့်သူနှင့်အောက်တန်းကျစွာရိုင်းပျသူ၊ နှိမ့်ချမှုရှိသောသူနှင့်မော်ကြွားပြီးဘဝင်မြင့်သူ၊ ဘာသာတရားကိုင်းရှိုင်းသူနှင့် ဘာသာတရားကိုယုံကြည်မှုကင်းမဲ့သူ၊ ပညာတတ်သူနှင့်အသိဉာဏ်ကင်းမဲ့သူ၊ ကြွယ်ဝချမ်းသာသူနှင့်မရှိဆင်းရဲသားဟူ၍ ဆန့်ကျင်ဘက်အနေအထားမျိုးရှိကြပါသည်။ ဤကွဲပြားခြားနားသော စိတ်အတွေးမျိုးရှိကြသောသူတို့အပေါ် အခြားသောသူတို့၏သဘောထားဆက်ဆံမှုတို့သည် ထပ်တူထပ်မျှမရှိနိုင်သည့်တိုင် အားလုံးသောသူတို့သည် သနားကြင်နာမှုနှင့်စာနာထောက်ထားမှုတို့ကို လိုအပ်နေကြပါသည်။ အပြန်အလှန်ထိတွေ့ချိတ်ဆက်မှုအားဖြင့် ကျွန်ုပ်တို့၏စိတ်အတွေးများတို့သည် အဆင့်မြင့်မားသောယဉ်ကျေးသိမ်မွေ့မှုနှင့် ရည်မွန်သောအပြုအမူမျိုးတို့ကို လက်ခံရရှိသင့်ကြပါသည်။ ကျွန်ုပ်တို့သည် ညီနောင်သားချင်း

လူသားဆက်နွယ်မှုတို့ဖြင့် တစ်ဦးအပေါ်တစ်ဦး အမှီတံကဲပြုနေကြပြီး၊ အတူတကွ အနီးကပ်နှောင်ဖွဲ့နေကြပါသည်။

ခရစ်ယာန်ဘာသာတရားတော်သည် လူမှုဆက်ဆံရေးများတို့အားဖြင့် ကမ္ဘာမြေကြီးနှင့်ထိတွေ့ချိတ်ဆက်မိလာပါသည်။ ဘုန်းတော်ရှင်ဆိုင်ရာရောင်ခြည်တော်ကို လက်ခံရရှိထားကြသော အမျိုးသားတိုင်း၊ သို့မဟုတ် အမျိုးသမီးတိုင်းသည် ပိုမိုကောင်းမွန်သောခရီးလမ်းနှင့် အကျွမ်းတဝင်မရှိကြသောလူတို့၏မှောင်မိုက်နေသောလမ်းကြောင်းပေါ်သို့ အလင်းရောင်ကိုဖြာဆင်းကျရောက်စေရပါမည်။ သခင်ခရစ်တော်၏ဝိညာဉ်တော်အားဖြင့် စင်ကြယ်သန့်ရှင်းသောလူမှုဆက်ဆံရေးစွမ်းအားသည် ကယ်တင်တော်မူသောအရှင်ထံသို့ အသက်ဝိညာဉ်များတို့ကိုသယ်ဆောင်လာခြင်းအမှုကို တိုးတက်မှုရှိစေရပါမည်။ အငမ်းမရလိုချင်စရာဖြစ်သော ရတနာတစ်ပါးအဖြစ်ဖြင့်၊ ထို့အပြင် အထွတ်အမြတ်နှင့်နှစ်သက်ဖွယ်ရာအပြင်၊ ပိုင်ဆိုင်ထားရသူ၏တစ်ဦးတည်းဖြင့်သာ နှစ်ထောင်းအားရစရာအဖြစ်ဖြင့် သခင်ခရစ်တော်ကိုစိတ်နှလုံးအတွင်း သိုဝှက်ထားကြရန်မဟုတ်ပါ။ ကျွန်ုပ်တို့ထံတွင် သခင်ခရစ်တော်ကို ထာဝရအသက်စမ်းရေတွင်းအဖြစ်သို့ မြောက်မြားစွာထွက်ရှိပြီး၊ ကျွန်ုပ်တို့နှင့်လာရောက်ထိတွေ့ချိတ်ဆက်လာကြသောသူတို့အားလုံးတို့အား လန်းလန်းဆန်းဆန်းရှိလာစေမည့် သောက်ရေတွင်းတစ်တွင်းအဖြစ်ဖြင့် ရယူထားရကြပါမည်။ "Ministry of Healing," p. 496.

## မတူကွဲပြားသောဆုကျေးဇူးများ

အချို့အထူးနယ်ပယ်ဒေသတွင် တစ်ယောက်တည်းဖြင့်သာ အမှုတော်ကိုထမ်းဆောင်ရန် ထာဝရဘုရားသည် မည်သူ့ကိုမျှ တာဝန်ခွဲပေးတော်မူခြင်းမရှိပါ။ ဤလုပ်ရပ်သည် သူ၏အစီအစဉ်တော်နှင့်ဆန့်ကျင်ဘက်ဖြစ်နေပါသည်။ သမ္မာတရားတော်အကြောင်းကို အသိပေးပြောကြားသောနေရာတိုင်းတွင် အမှုတော်လုပ်ငန်းအပေါ် ဩဇာသက်ရောက်မှုတစ်ခုသက်ရောက်ရေးအတွက် မတူကွဲပြားသောစိတ်ကူးစိတ်သန်းနှင့် မတူကွဲပြားသောအစွမ်းအစရှိကြသောသူတို့ကို ပါဝင်လုပ်ဆောင်ခွင့်ပြုရန်အတွက် သူသည် ရည်ရွယ်တော်မူပါသည်။ ဆွဲဆောင်စည်းရုံးမှုတစ်ခုကို ပံ့ပိုးကူညီပေးသူများ မပါရှိဘဲ စီမံကွပ်ကဲရန်အတွက် မည်သူကမျှ လုံလောက်သောဉာဏ်ပညာမျိုးမရှိသည့်အလျောက်၊ ထိုသို့လုပ်ဆောင်ရန်အတွက် မိမိတွင်အရည်အချင်းရှိသည်ဆိုပြီး မိမိဘာသာ



မတွေးတောမိပါစေနှင့်။ ဦးတည်မှုတစ်ခုတည်းအတွက်သာ အရည်အချင်းရှိသူသည် အခြားသောအကြောင်းကိစ္စအားလုံးတို့အပေါ် သူ၏စီရင်ဆုံးဖြတ်မှုသည် မှန်ကန်တိကျမှုရှိသော အထောက်အထားမျိုးမရှိသည့်အပြင်၊ အချို့သောအခြားသူတို့၏စိတ်ကူးစိတ်သန်းနှင့် သူ၏စိတ်ကူးစိတ်သန်းတို့ကိုပေါင်းစပ်စရာမလိုသော အထောက်အထားမျိုးကိုလည်း မတွေ့ရှိရပါ။

အတူတကွလုပ်ကိုင်ဆောင်ရွက်ကြသောသူတို့သည် တစ်ဦးနှင့်တစ်ဦးကုံလုံပြည့်စုံသည့် ဟန်ချက်ညီမှုမျိုးရှိရန် ကြိုးပမ်းအားထုတ်သင့်ကြပါသည်။ ထို့အပြင် မိမိတွေးခေါ်မြော်မြင်မိသည့်အတိုင်း မြင်နိုင်စွမ်းမရှိကြသောသူတို့နှင့် သူတို့၏လုပ်ဆောင်မှုများအတွင်း သူ၏အစီအစဉ်များအတိုင်း လိုက်ပါဆောင်ရွက်ခြင်းမရှိကြသောသူတို့နှင့်အတူတကွ မလုပ်ဆောင်လိုသည့်စိတ်ထားမျိုးကို မည်သူမျှမခံယူသင့်ပါ။ အကယ်၍အားလုံးတို့သည် နှိမ့်ချခြင်းကိုပြသကြပြီး၊ သင်ကြားပို့ချခံယူလိုစိတ်မျိုးရှိနေကြပါက မည်သည့်အခက်အခဲမျိုးမျှ ပေါ်ပေါက်လာစရာအကြောင်းမရှိပါ။ ဘုရားသခင်သည် အသင်းတော်ထဲတွင် မတူကွဲပြားသောဆုကျေးဇူးတို့ကို နေရာတကျဖြင့်ချမှတ်ထားပေးတော်မူပါသည်။ ဤဆုကျေးဇူးတော်တို့သည် သူတို့၏သင့်လျော်၊ လျော်ကန်သောနေရာများတို့တွင် အဖိုးထိုက်တန်လှသည့်အလျောက်၊ အားလုံးတို့က သခင်ခရစ်တော်ကို လက်ခံယုံကြည်ကြသောသူတို့အား သခင်ခရစ်တော်၏မကြာမီပြန်လည်ကြွလာတော်မူခြင်းအတွက် ကြိုတင်ပြင်ဆင်ပေးထားသည့် အမှုတော်လုပ်ငန်းတွင် တစ်ခန်းတစ်ကဏ္ဍပါဝင်ဆောင်ရွက်ရကြပါမည်။

အမှုတော်လုပ်ငန်းရှိသောနေရာများတို့တွင် တာဝန်ယူရမှုရှိကြသော ကျွန်ုပ်တို့၏အမှုတော်ဆောင်များတို့သည် ဘုရားသခင်က လက်ခံထားတော်မူပြီးသောသူများဖြစ်ကြပါသည်။ သူတို့၏မူလဇာစ်မြစ်တို့သည် မည်သို့ပင်ရှိခဲ့သည်ဖြစ်စေ၊ သူတို့၏လွန်ခဲ့ပြီးသောအနေအထားသည် မည်သို့ပင်ရှိခဲ့ပါစေ၊ သူတို့သည် တောင်သူလယ်သမားများ၊ လက်သမားလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ကြသောသူများ၊ သို့မဟုတ် ကောလိပ်ကျောင်းတစ်ကျောင်း၏ပညာရပ်ကို လိုလားနှစ်သက်စွာသင်ကြားရယူကြသောသူများဖြစ်နေကြသည့်တိုင် အကယ်၍ ဘုရားသခင်က သူတို့အားလက်ခံတော်မူပါက၊ သူတို့အပေါ်သို့ အကျစ်လျစ်ဆုံးနှင့်အပါးလွှာဆုံးသောရောင်ပြန်ဟပ်မှု၏သက်ရောက်မှုကို တစ်ယောက်စီတိုင်းသောသူတို့က သတိမူမိကြပါလေစေ။ မည်သူမဆို ထာဝရဘုရား၏ရှုမြင်တော်မူခြင်းတွင် ကြီးကျယ်မြင့်မြတ်သူတစ်ယောက်အဖြစ်ဖြင့် ရှိနိုင်ဖွယ်

ဖြစ်သောကြောင့် မည်သူ့ကိုမျှမတရားသဖြင့်ချိုးနှိမ်ပြောဆိုခြင်းကို မည်သည့်အခါမျှ မပြောဆိုမိပါစေနှင့်။ ကြီးကျယ်မြင့်မြတ်လှပါသည်ဟူ၍ လူအများ၏ထင်မြင်ယူဆမှုကိုခံရကြသောသူတို့သည် အမှားကိုဆက်လုပ်ခြင်းစိတ်နေစိတ်ထားတို့ကြောင့် ဘုရားသခင်အပေါ် သူတို့သည် ပေါ့ပေါ့တန်တန်သဘောဖြင့်သာ ရှိသေကြည်ညိုကြပါသည်။

ကျွန်ုပ်တို့၏စိတ်ကူးများနှင့်ထင်မြင်ယူဆချက်များတို့နှင့် သဘောချင်းတိုက်ဆိုင်အောင် အခြားသောသူတို့အား စည်းရုံးပြောဆိုခြင်းအတွက် ကျွန်ုပ်တို့၏အဖိုးထိုက်လှစွာသောအချိန်ကို တဒင်္ဂကလေးဖြင့်ပင် ပေးအပ်မြှုပ်နှံထားခြင်းမပြုပါနှင့်။ ဤကြီးမြတ်လှသောအမှုတော်လုပ်ငန်းတွင် ပူးပေါင်းလုပ်ဆောင်သူများအဖြစ်ဖြင့် ပါဝင်ပတ်သက်သူများတို့သည် ယုံကြည်ခြင်းနှင့်ပတ်သက်ပြီး အမြင့်မားဆုံးသောအလေ့အကျင့်ရကြရန်နှင့် သင့်မြတ်သောအကျင့်စရိုက်တစ်ရပ်တိုးတက်လာရေးအတွက် ဘုရားသခင်သည် ပညာပေးပို့ချပေးတော်မူမည်ဖြစ်သည်။

လူတို့သည် ကွဲပြားခြားနားသောဆုကျေးဇူးများရှိနေကြရာ၌ အချို့တို့သည် အမှုတော်၏လုပ်ငန်းခွဲတစ်ခုတွင် အခြားသောလုပ်ငန်းခွဲတွင်ထက် ပိုမိုကောင်းမွန်စွာကျင့်သားရနေကြပါသည်။ လူတစ်ယောက်က လုပ်ဆောင်နိုင်စွမ်းမရှိသောအလုပ်ကို သူ၏ညီနောင်အမှုတော်ဆောင်က ပြီးမြောက်အောင်မြင်အောင် လုပ်ဆောင်နိုင်စွမ်းရှိပါသည်။ လူတစ်ယောက်စီတိုင်းတွင်ရှိနေသော အမှုတော်၏အနေအထားသည် အရေးပါလှပါသည်။ လူတစ်ယောက်၏စိတ်အတွေးသည် အခြားသောသူ၏စိတ်အတွေးကို ထိန်းချုပ်ထားရန်မဟုတ်ပါ။ အကယ်၍ လူတစ်ယောက်သည် အမှုတော်၏လုပ်ငန်းခွဲတိုင်းအကြောင်းနှင့်ပတ်သက်ပြီး ပိုင်းခြားသိမြင်နိုင်ရန်အတွက် မိမိ၌ဝေဖန်ပိုင်းခြားနိုင်စွမ်းနှင့် အရည်အချင်းမျိုးရှိသည်ဟုထင်မှတ်ပြီး၊ မည်သူကမျှ သူ့အပေါ်သြဇာပေးစရာမလိုပါဟု ခံယူထားပါက ထိုလူသည် ဘုရားသခင်၏ကျေးဇူးတော်ကို အဆုံးရှုံးခံသွားရမည်ဖြစ်သည်။ “Testimonies for the Church,” vol. 4, pp. 608, 609.

ဘုန်းတော်ရှင်၏သဘောတူလက်ခံတော်မူခြင်းကို ကြိုးပမ်းရယူနိုင်သောလုပ်ဆောင်ချက်သည် ဘုရားသခင်အပေါ်သစ္စာစောင့်သိမှုနှင့်သစ္စာတော်ကိုခံယူခြင်းဖြင့် အမြတ်တနိုးလုပ်ဆောင်သောလုပ်ဆောင်ချက်ဖြစ်ပါသည်။ လူတို့အားကောင်းမြတ်ခြင်းနှင့် ဘုရားသခင်ထံတော်သို့ဦးတည်သွားစေသော သန့်ရှင်းသောဝိညာဉ်တော်၏စေ့ဆော်တော်မူခြင်းတိုင်းတို့သည် ကောင်းကင်နိုင်ငံတော်ရှိ စာအုပ်များအတွင်း မှတ်သားထား





ခြင်းခံရပြီး၊ ဘုရားသခင်၏နေ့ရက်တော်၌ သူ၏ပြုပြင်တော်မူခြင်းကိုခံယူရရှိခြင်းအားဖြင့် ဝန်ထမ်းများတို့သည် နှစ်သက်ချီးမွမ်းတော်မူခြင်းကို ခံစားရရှိကြမည်ဖြစ်သည်။ ဘုရားသခင်အတွက် အသုံးချခံခဲ့ကြခြင်းကြောင့် ကယ်ချွတ်တော်မူခြင်းကို ခံစားရကြသောသူတို့ကို ထာဝရဘုရား၏နိုင်ငံတော်အတွင်းတွင် ထိုဝန်ထမ်းတို့က တွေ့မြင်ရကြသောအခါ၊ ထာဝရဘုရား၏ရွှင်လန်းဝမ်းမြောက်ခြင်းဖြင့် ပျော်ရွှင်ရကြပါသည်။ ဤသို့အားဖြင့် ထိုဝန်ထမ်းများတို့သည် ဤကမ္ဘာလောကတွင်ရှိနေသော ထာဝရဘုရား၏အမှုတော်အတွင်း ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ကောင်းကင်ဘုံအမှုတော်အတွက် အံဝင်ခွင်ကျအနေအထားကို ရရှိထားကြခြင်းကြောင့် ကောင်းကင်နိုင်ငံတော်ရှိ ထာဝရဘုရားအမှုတော်တွင်ပါဝင်ဆောင်ရွက်ရကြသောအခွင့်ထူးကို ပေးအပ်ခြင်းခံရကြမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ယခုလောလောဆယ်အကျင့်စရိုက်နှင့် မွန်မြတ်သန့်ရှင်းသောအမှုတော်တွင် မည်သို့ပါဝင်လုပ်ဆောင်နေမှုတို့သည် ကောင်းကင်နိုင်ငံတော်တွင် ကျွန်ုပ်တို့ရရှိနိုင်မည့်အနေအထားအတွက် ရောင်ပြန်ဟပ်မည်ဖြစ်သည်။ “Christ’s Object Lessons,” p. 361.

## ကွဲပြားခြားနားခြင်း၌စည်းလုံးညီညွတ်ခြင်း

ဘုရားသခင်ထံတော်၌ လုပ်ငန်းဆိုင်ရာမတူကွဲပြားသောနည်းလမ်းများရှိတော်မူသည့်အပြင်၊ ကွဲပြားခြားနားသောဆုကျေးဇူးတော်များကို အပ်နှင်းပေးထားတော်မူသော မတူကွဲပြားမှုရှိကြသည့် လုပ်ဆောင်သူများရှိတော်မူပါသည်။ လုပ်ဆောင်သူတစ်ယောက်သည် ဟောပြောသူအဖြစ်ဖြင့် အသင့်အနေအထားတွင်ရှိနေမည်ဖြစ်ပြီး၊ နောက်တစ်ယောက်မှာ စာပေရေးသားရန်အတွက် အဆင်သင့်ရှိနေကာ၊ နောက်တစ်ယောက်မှာမူ ရိုးဖြောင့်ပြီးထက်သန်မှုရှိကာ ပြင်းပြသောစိတ်ဓာတ်ဖြင့် ဆုတောင်းတတ်သည့်ဆုကျေးဇူးကိုရရှိထားလျက်၊ နောက်တစ်ယောက်မှာမူ တေးသီချင်းကျူးအေးတတ်သောဆုကျေးဇူးမျိုးကို ခံစားရရှိသောအချိန်၌၊ နောက်တစ်ယောက်သည် ဘုရားသခင်၏နှုတ်တော်ထွက်ကို ရှင်းလင်းပြတ်သားမှုဖြင့် ရှင်းပြပေးနိုင်သော အထူးစွမ်းအားမျိုးတို့ကို ပိုင်ဆိုင်ထားကြမည်ဖြစ်သည်။ ဘုရားသခင်သည် လုပ်ဆောင်သူနှင့်အတူ လုပ်ကိုင်ဆောင်ရွက်ပေးတော်မူခြင်းကြောင့် ထိုဆုကျေးဇူးတစ်ခုစီတိုင်း

တို့သည် ဘုရားသခင်အတွက် စွမ်းအားတစ်ခုအဖြစ်သို့ရောက်ရှိလာရန်သာရှိပါတော့သည်။ တစ်ယောက်အား ဘုရားသခင်က ဉာဏ်ပညာဆိုင်ရာနှုတ်တော်ထွက်ကို ပေးတော်မူသောအချိန်တွင် နောက်တစ်ဦးကို အသိဉာဏ်ဗဟုသုတပေးတော်မူလျက်၊ အခြားတစ်ဦးအား ယုံကြည်ခြင်းကိုပေးတော်မူသော်လည်း အားလုံးတို့သည် အမြင့်ဆုံးသောသူတစ်ဦးတည်း၏ဦးဆောင်တော်မူခြင်း၏အောက်၌သာ လုပ်ဆောင်ရန်သာရှိပါသည်။ ကွဲပြားထွေပြားသောဆုကျေးဇူးများတို့သည် ကွဲပြားထွေပြားသောလုပ်ငန်းစနစ်များတို့ဆီသို့ ဦးတည်စေသော်လည်း၊ (၁ကော ၁၂း၆) တွင်ဖော်ပြထားသည့် "• • • ခပ်သိမ်းသောသူတို့၌ပြုပြင်သမျှကို ပြုပြင်တော်မူသော ဘုရားသခင်တစ်ပါးတည်းရှိ၏" အတိုင်းသာလျှင်ဖြစ်ရပါမည်။

ထာဝရဘုရားက သူရွေးချယ်တော်မူသောအစေကျွန်တို့အား သဟဇာတညီစွာဖြင့်လုပ်ဆောင်သော ကြိုးစားအားထုတ်မှုတွင် ပူးပေါင်းပါဝင်လုပ်ဆောင်ကြရန် အလိုဆန္ဒရှိတော်မူပါသည်။ အချို့သောသူတို့က သူတို့ရရှိထားကြသောဆုကျေးဇူးများနှင့်သူတို့၏လုပ်ဖော်ဆောင်ဖက်တို့၏ဆုကျေးဇူးများတို့၏ကွဲပြားခြားနားမှုသည် ကြီးမားလှသောကြောင့် ထိုသူတို့အား မိမိတို့နှင့်သဟဇာတဖြစ်သော ကြိုးစားအားထုတ်မှုတွင်ပါဝင်လုပ်ဆောင်ရန် ခွင့်မပြုသင့်ဟုယူဆကြဟန်ရှိသော်လည်း၊ သူတို့သွားရောက်တွေ့ဆုံရမည့်လူတို့သည် ကွဲပြားခြားနားသောစိတ်အတွေးများရှိနေကြသည်ကို သူတို့သတိတရဖြစ်လာကြသောအခါတွင်၊ ထို့အပြင် လုပ်ဆောင်သူတစ်ယောက်က ဝေမျှပေးသောသမ္မာတရားတော်ကို ငြင်းပယ်ကြမည့်လူအချို့တို့၏စိတ်နှလုံးတို့ကို ဘုရားသခင်၏သမ္မာတရားတော်အတွက် ဖွင့်လှစ်ပေးကြရေးအတွက် အခြားသောလုပ်ဆောင်သူတစ်ယောက်က ခြားနားသောပြုမူဆောင်ရွက်နည်းဖြင့် ထိုတရားတော်ကိုဝေမျှပေးခြင်းဖြင့်သာလျှင် လုပ်ဆောင်နိုင်သည်ဆိုသည်ကို သူတို့သတိမူမိလာသည်နှင့် ထိုအစုအဖွဲ့နှစ်ခုတို့သည် မျှော်လင့်ချက်ပြည့်ဝစွာဖြင့် စည်းလုံးညီညွတ်စွာ၊ အတူတကွပူးပေါင်းအားထုတ်လာနိုင်ကြမည်ဖြစ်သည်။ သူတို့၏ပင်ကိုစွမ်းရည်များတို့သည် မည်သို့ပင်ကွဲပြားခြားနားနေကြစေကာမူ၊ သူတို့အားလုံးတို့သည် တစ်ခုတည်းသောဝိညာဉ်တော်၏ချုပ်ကိုင်မှုအောက်တွင်သာ ရှိရကြပါမည်။ နှုတ်ထွက်စကားလုံးတိုင်းနှင့်ပြုမူမှုတိုင်းတို့တွင် အကြင်နာတရားနှင့်ချစ်ခြင်းမေတ္တာတို့ကို ထင်ရှားစေရမည့်အပြင်၊ ဝန်ထမ်းတိုင်းသည် ခန့်ထားခြင်းခံရသောနေရာတွင် သစ္စာရှိစွာဖြင့် ဖြည့်ဆည်းလုပ်ဆောင်လိုက်



သည်နှင့် သူ၏နောက်တော်သို့လိုက်လျှောက်ကြသော လူတို့၏စည်းလုံးညီညွတ်မှုအတွက် သခင်ခရစ်တော်၏ဆုတောင်းတော်မူချက်သည် အဖြေတုံ့ပြန်တော်မူခြင်းခံရမည့်အလျောက်၊ လောကီသားတို့သည်လည်း ထိုလူတို့ကို သူ၏တပည့်တော်များဖြစ်ကြသည်ကို သိရှိလာကြမည်ဖြစ်သည်။

ချစ်ခြင်းမေတ္တာစိတ်ဖြင့် စာနာထောက်ထားမှုအတွင်း ယုံကြည်မှုအပြည့်အဝရှိကြသော ဘုရားသခင်၏အမှုတော်ဆောင်များတို့သည် တစ်ဦးကိုတစ်ဦးစည်းလုံးမှုရှိလာကြပေမည်။ အသင်းတော်၏သင်းဝင်သူတို့အား ကွဲပြားသွားစေသည့်အနေအထားဆီသို့ ဦးတည်သွားစေသော ပြောဆိုခြင်း၊ သို့မဟုတ် ပြုမူခြင်းကိုပြုလုပ်သူသည် ထာဝရဘုရား၏ရည်ရွယ်တော်မူရင်းကို ဖျက်လိုဖျက်ဆီးဖြင့် တန်ပြန်ဆောင်ရွက်သူသာဖြစ်ပါသည်။ အသင်းတော်အတွင်း ဆူညံစွာငြင်းခုံမှုနှင့် သဘောထားကွဲလွဲမှုတို့အပြင်၊ ဒွိဟသံသယစိတ်နှင့် မယုံကြည်မှုတို့ကိုဖြစ်ပေါ်စေသော တိုက်တွန်းမှုတို့သည် သခင်ခရစ်တော်၏ဂုဏ်အသရေတော်ကို ညှိုးနွမ်းစေပါသည်။ ဘုရားသခင်သည် သူ၏အစေကျွန်တော်တို့အား တစ်ဦးကိုတစ်ဦး ခရစ်ယာန်ချစ်ခင်ကြင်နာမှုစိတ်ဓာတ်မျိုးကို ပြုစုပျိုးထောင်စေလိုသောဆန္ဒရှိတော်မူပါသည်။ မှန်ကန်သောဘာသာတရားကိုးကွယ်မှုသည် သခင်ခရစ်တော်နှင့်သာမကဘဲ၊ ကြင်နာသနားတတ်မှုအရှိဆုံးသောပေါင်းစည်းမှုတစ်ခုအတွင်းတွင် တစ်ဦးနှင့်တစ်ဦးတို့၏စိတ်နှလုံးများတို့ကိုပါ စည်းလုံးမှုရှိစေပါသည်။ သခင်ခရစ်တော်နှင့်အပြင် ကျွန်ုပ်တို့၏ညီအစ်ကိုတော်များတို့နှင့်ပါ စည်းလုံးမှုရှိခြင်းသည် မည်သည့်အဓိပ္ပါယ်ကိုဖော်ဆောင်သည်ကို ကျွန်ုပ်တို့သိရှိလာကြသောအခါ၊ ကျွန်ုပ်တို့ရောက်ရှိလေရာရာတို့၌ မွှေးကြိုင်ချိုမြသောဩဇာသက်ရောက်မှုသည် ကျွန်ုပ်တို့၏အမှုတော်လုပ်ငန်းအပေါ်တွင် အကူအညီပေးလာပါလိမ့်မည်။

ကြီးမားလှသောမြို့ကြီးများရှိ အမှုတော်ဝန်ထမ်းများတို့သည် သူတို့၏အခန်းကဏ္ဍအတော်များများတို့တွင် ပါဝင်ရကြမည်ဖြစ်ပြီး၊ အကောင်းဆုံးသောအကျိုးရလဒ်များတို့ကိုဖန်တီးပေးနိုင်သည့် ကြိုးပမ်းအားထုတ်မှုတိုင်းကို ပြုလုပ်ရကြပါမည်။ လူအများတို့ကို ယုံကြည်ခြင်းခတ်နှိပ်ပေးထားနိုင်ရန်အတွက် သူတို့သည် ယုံကြည်ခြင်းအကြောင်းကိုပြောကြားပေးရာတွင် ယုံကြည်ခြင်းရှိသော အသွင်သဏ္ဍာန်နည်းလမ်းမျိုးဖြင့် ပြောကြားပေးရကြပါမည်။ သူတို့သည် သူတို့၏တစ်ဦးချင်းတွေးတောထင်မြင်ချက်များတို့ဖြင့် အမှုတော်လုပ်ငန်းပမာဏကို လျှော့ချခြင်းမပြုရပါ။ ကျွန်ုပ်တို့သည် လူသားတစ်ယောက်

ဖြစ်ကြသည်အားလျော်စွာ အတိတ်ကာလက ဤကဲ့သို့သောလုပ်ရပ်မျိုးအများအပြားကို လုပ်မိကိုင်မိခဲ့ကြပြီး၊ ၎င်းလုပ်ရပ်မျိုးသည် အမှုတော်၏အောင်မြင်ခြင်းရရှိရေးကို နောက်တွန့်သွားစေမှုတစ်ခုဖြစ်ပါသည်။

အခြားသောလူသားများတို့ကို ဤအရာကိုလုပ်ပါဟူ၍ပြောဆိုနိုင်ရန် ထိုအရာကိုမလုပ်ရန်ဟန့်တားနိုင်ရေးအတွက် သူတို့အားအမိန့်ပေးခြင်း၊ စည်းကမ်းပြဋ္ဌာန်းပေးခြင်းများပြုလုပ်နိုင်ရေးအပြင်၊ စစ်သည်တော်တပ်ခွဲ၏အရာရှိကြီးတစ်ယောက်အလားပြုမူနိုင်ရေးအတွက်၊ သူနှင့်ပေါင်းစည်းလာကြရေးအတွက် မည်သူကမျှကြိုးစားအားထုတ်ခြင်းမပြုလုပ်ရပါ။ ဤနည်းလမ်းသည် သခင်ခရစ်တော်ဤကမ္ဘာမြေကြီးပေါ်တွင်ရှိနေတော်မူခဲ့စဉ်ကာလက ယဇ်ပုရောဟိတ်မင်းများနှင့်အုပ်ချုပ်သူများတို့က ကျင့်သုံးခဲ့ကြသောနည်းလမ်းများဖြစ်ပြီး၊ ၎င်းနည်းလမ်းသည် မှန်ကန်သောနည်းလမ်းမျိုးမဟုတ်ပါ။ သမ္မာတရားတော်သည် နှလုံးသားများအတွင်း အသွင်ခတ်နှိပ်ခြင်းခံထားလာရသောအခါ၊ ထို့အပြင် အမျိုးသား၊ အမျိုးသမီးများတို့က ၎င်း၏သင်ကြားပို့ချမှုတို့ကိုလက်ခံလာကြပါက သူတို့သည် လူသားမျိုးနွယ်၏ပိုင်ဆိုင်မှုပစ္စည်းအဖြစ်မျိုးဖြင့်မဟုတ်မူဘဲ၊ သခင်ခရစ်တော်၏ပိုင်ဆိုင်တော်မူသော ပိုင်ဆိုင်မှုပစ္စည်းအဖြစ်မျိုးဖြင့် ပြုမူဆက်ဆံခြင်းခံရကြမည်ဖြစ်သည်။ စိတ်အတွေးများတို့ကို သင့်ကိုယ်တိုင်နှင့်အတူ ချည်နှောင်ထားသည်နှင့် သင်သည် သူတို့အား သူတို့၏ဉာဏ်ပညာနှင့်ပညာစုံခြင်းတို့၏မူလအရင်းအမြစ်ထံမှနေပြီး ဖြတ်တောက်ပစ်လိုက်ရာရောက်ပါတော့သည်။ သူတို့၏မှီခိုမှုတို့သည် ဘုရားသခင်ထံတော်၌သာလျှင် အပြည့်အဝတည်နေသင့်ပြီး ဤသို့ဖြင့်သည်သာလျှင် သူတို့သည် ကျေးဇူးတော်၌ကြီးထွားလာကြမည်ဖြစ်သည်။

ကြီးမားလှသောအသိဉာဏ်ဗဟုသုတနှင့် ဉာဏ်ပညာမျိုးရှိပါသည်ဆိုပြီး၊ လူသိများသောလူတစ်ယောက်သည် အကယ်၍ သန့်ရှင်းသောဝိညာဉ်တော်၏သင်ကြားပို့ချတော်မူခြင်းကိုခံယူခြင်းမရှိပါက သူသည် ဝိညာဉ်ရေးနှင့်ပတ်သက်သောအရာများတို့နှင့်ပတ်သက်လာလျှင် အလွန့်အလွန်အသိဉာဏ်နည်းပါးလှသောသူတစ်ယောက်သာဖြစ်ပေမည်။ သူ၏ယုံကြည်စိတ်ချတော်မူရခြင်းတွင် အသက်ဝိညာဉ်တို့ကိုခိုဝင်လာစေရေးအပြင်၊ ထိုအသက်ဝိညာဉ်တို့ကို သူ၏ဝိညာဉ်တော်ဖြင့် ပြည့်ဝလာစေတော်မူပြီး၊ သူတို့သည် တစ်ဦးအပေါ်တစ်ဦးထားရှိကြရမည့် အတ္တကင်းသောချစ်ခြင်းမေတ္တာမျိုးကို သူတို့အတွင်းဖြည့်ဆည်းပေးတော်မူရာတွင် တစ်ဦးတည်းသောတတ်စွမ်းနိုင်တော်မူသည့်



ထိုသခင်ခရစ်တော်အပေါ် ယုံကြည်အားထားမှုတစ်ခုလုံးထားရှိရမည့်အပြင်၊ သူတို့သည် သူတို့အပေါ်ကျရောက်နိုင်မည့်အန္တရာယ်နှင့် သူတို့၏အရည်အချင်းညံ့ဖျင်းမှုတို့ကို သတိပြုမိရန်လိုအပ်လှပါသည်။ ဤသို့အားဖြင့်သာလျှင် ဘုရားသခင်သည် အပြစ်သားများတို့အား ကယ်ဆယ်တော်မူရန်အတွက် သူ၏သားတော်ကို ကမ္ဘာမြေကြီးပေါ်သို့စေလွှတ်ပေးတော်မူခဲ့သည့် သက်သေခံချက်ကို သယ်ဆောင်ပေးနိုင်ကြရန်အတွက် ထိုအသက်ဝိညာဉ်တို့ကို အထောက်အကူပြုပေးနိုင်မည်ဖြစ်သည်။ မှန်ကန်စွာဖြင့်ပင် ပြောင်းလဲခြင်းသို့ရောက်ရှိလာကြသောသူတို့သည် ခရစ်ယာန်၏စည်းလုံးခြင်းအတွင်းသို့ အတူတကွတွန်းအားပေးဝင်ရောက်လာကြမည်ဖြစ်သည်။ ဘုရားသခင်၏အသင်းတော်အတွင်း၌ မည်သည့်စိတ်ဝမ်းကွဲပြားမှုမျိုးမျှမရှိပါစေနှင့်။ ထို့အပြင် သမ္မာတရားတော်ကိုလက်ခံရရှိထားကြသောသူတို့အပေါ် မည်သည့်အမြော်အမြင်ကင်းမဲ့သောဩဇာပေးမှုမျိုးမျှ မကျင့်သုံးမိပါစေနှင့်။ သခင်ခရစ်တော်၏နူးညံ့သိမ်မွေ့တော်မူခြင်းသည် အားလုံးသောပြောဆိုလုပ်ဆောင်ခဲ့မှုများတို့တွင် ပေါ်လွင်မှုရှိရပါမည်။

မှန်ကန်သောအသင်းတော်တိုင်းတွင် သခင်ခရစ်တော်သည် အခြေခံအုတ်မြစ်ဖြစ်တော်မူပါသည်။ သူ၏အကြံပေးတော်မူချက်အတွင်း လျှောက်လှမ်းကြသောသူ၏သစ္စာရှိလှသောလူတို့အား သူ၏တည်ရှိနေတော်မူခြင်းနှင့် ကာကွယ်ပေးထားတော်မူခြင်းဆိုင်ရာ မပြောင်းလဲနိုင်သောကတိတော်ကို ကျွန်ုပ်တို့ရရှိနေကြပါသည်။ ကပ်ကမ္ဘာကုန်ဆုံးသည့်တိုင်အောင် သခင်ခရစ်တော်သည် ပထမဦးစားပေးနေရာတွင်သာရှိတော်မူရပါမည်။ သူသည် အသက်တာနှင့်ခွန်အားတို့၏မူလအမြစ်အပြင်၊ ဖြောင့်မတ်ခြင်းတရားနှင့်သန့်ရှင်းမွန်မြတ်ခြင်းတို့၏မူလဇာစ်မြစ်လည်းဖြစ်တော်မူပါသည်။ သူ၏ထမ်းပိုးတော်ကိုဆင်မြန်းကြပြီး၊ မည်ကဲ့သို့နူးညံ့သိမ်မွေ့ရမည့်အပြင်၊ မည်ကဲ့သို့နှိမ့်ချမှုရှိကြရန် သူ၏ထံတော်တွင် နည်းခံသင်ကြားမှုရယူကြသောသူတို့အားလုံးတို့အတွက် သူသည် မူလဇာစ်မြစ်ဖြစ်တော်မူပါသည်။

အားလုံးသောအမှုတော်ဆိုင်ရာတာဝန်နှင့် သာယာကြည်နူးဖွယ်ရာကောင်းခြင်းအလုပ်သည် လူတို့၏မျက်မှောက်တွင် သခင်ခရစ်တော်အားမြှင့်တင်ထားကြခြင်းပင်ဖြစ်ပါသည်။ ဤလုပ်ဆောင်မှုသည် မှန်ကန်သောလုပ်ဆောင်မှုအားလုံးတို့၏နိဂုံးပင်ဖြစ်ပါသည်။ ဤလုပ်ဆောင်မှုသည် ထိုက်တန်သောကိုယ်ကျိုးစွန့်မှုပင်ဖြစ်ပါသည်။
“Testimonies for the Church,” vol. 9, pp. 144-147.

## လွတ်လပ်ခြင်းစိတ်ဓာတ်

ဩစတြေးလျနိုင်ငံမှထွက်ခွာမလာမီ၊ ထို့အပြင် ဤနိုင်ငံသို့လာစဉ်ကတည်းက အမေရိကန်နိုင်ငံတွင် ကြီးမားသောအမှုတော်ကို လုပ်ဆောင်စရာရှိသည့်အကြောင်းကို ကျွန်ုပ်ညွှန်ကြားခြင်းခံခဲ့ရပါသည်။ ထိုဒေသရှိအမှုတော်တွင် အစကတည်းကရှိနေခဲ့ကြသောသူတို့သည် ကွယ်လွန်သွားခဲ့ကြပြီးဖြစ်ပါသည်။ အမှုတော်ဆိုင်ရာ ရှေ့ဆောင်ခဲ့သူအနည်းငယ်မျှသာ ယခုအခါတွင် ကျွန်ုပ်တို့အတွင်း၌ ကျန်ရှိနေကြပါသည်။ ရှေးယခင်အခါက ကြီးမားသောအတွေ့အကြုံများကို ကြာရှည်စွာရရှိခဲ့ကြသောသူတို့က ထမ်းဆောင်ခဲ့ရကြသော လေးလံလှသည့်ဝန်ထုပ်ဝန်ပိုးကြီးများတို့သည် ယခုအခါတွင် ငယ်ရွယ်သူများတို့အပေါ်သို့ ကျရောက်လာနေပြီဖြစ်သည်။

ဤတာဝန်ယူရမှုများဆိုင်ရာ တာဝန်လွှဲပြောင်းခြင်းသည် အတွေ့အကြုံပိုင်းဆိုင်ရာတွင် နည်းသည်၊ သို့မဟုတ် များသည်ဟူ၍ သတ်မှတ်ခံရသောလုပ်ဆောင်သူများတို့အပေါ်သို့ ကျရောက်လာရာတွင်၊ သူတို့သည် ကျွန်ုပ်တို့က ကာကွယ်ပေးရန်လိုအပ်သောအန္တရာယ်များတို့နှင့် ရင်ဆိုင်ဖြေရှင်းနေရကြပါသည်။ ကမ္ဘာမြေကြီးသည် ဗိုလ်ကျစိုးမိုးနိုင်ရေးအတွက် ပဋိပက္ခများတို့ဖြင့် ပြည့်နှက်နေပါသည်။ လုပ်ဖော်ဆောင်ဖက်များထံမှထွက်ခွာသွားသောစိတ်ဓာတ်၊ စည်းစနစ်ကိုပယ်ဖျက်သည့်စိတ်ဓာတ်တို့သည် ကျွန်ုပ်တို့ရှူသွင်းရှူထုတ်နေရကြသောလေထုထဲတွင် အမှန်တကယ်ပျံ့လွင့်နေပါသည်။ အမိန့်အာဏာကိုထူထောင်ရန်အတွက် အားလုံးသောကြိုးစားလုပ်ဆောင်မှုများတို့အပေါ် အန္တရာယ်အဖြစ်ဖြင့်သော်လည်းကောင်း၊ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ကို ပိတ်ပင်တားမြစ်မှုအဖြစ်ဖြင့်သော်လည်းကောင်း၊ ထို့အပြင် ယခုအချိန်မှစပြီး၊ ရောမဘာသာကဲ့သို့သော ကြောက်စရာကောင်းသောဘာသာတရားအဖြစ်ဖြင့်သော်လည်းကောင်း၊ လူအချို့တို့သည် ရှုမြင်နေကြပါသည်။ ဤလိမ်လည်လှည့်ဖြားခြင်းခံနေရကြသော အသက်ဝိညာဉ်များတို့သည် ထိုအမိန့်အာဏာထူထောင်ခြင်းကို သူတို့က လွတ်လပ်စွာတွေးခေါ်ခြင်းနှင့် ပြုမူကျင့်ကြံနိုင်ကြရေးဆိုင်ရာ သူတို့၏လွတ်လပ်ခွင့်ကို ဂုဏ်ယူဝါကြွားနိုင်စေသော အားသာချက်တစ်ခုအဖြစ်ဖြင့် သဘောထားကြပါသည်။ သူတို့သည် မည်သူ၏ပြောစကားကိုမျှ အလွယ်တကူနာယူတတ်ခြင်းမရှိကြသည်အလျောက်၊ မည်သူ၏ခွင့်ပြုချက်မျိုးကိုမျှ ရယူခြင်းရှိမည်မဟုတ်ကြောင်းကို ထုတ်ဖော်ကြေညာထားကြပါသည်။ လူသားတို့အနေဖြင့် မိမိတို့၏ကိုယ်ပိုင်လမ်းစဉ်ကို မိမိတို့ဘာသာရွေးချယ်ခွင့်ရှိပြီး၊ မိမိ



တို့၏ညီအစ်ကိုတော်များတို့၏အကြံဉာဏ်ပေးမှုမှ ကင်းကင်းရှင်းရှင်းနေနိုင်ရန် ရွေးချယ်ခြင်းအတွက် ဘုရားသခင်က ပီတိဖြစ်တော်မူသည်ဆိုသည့်အတွေးမျိုးသို့ ဦးတည်သွားစေခြင်းသည် စာတန်မာရ်နတ်၏အဓိကကြိုးစားအားထုတ်မှုဖြစ်သည်ကို ကျွန်ုပ်ညွှန်ကြားအသိပေးခံထားရပါသည်။

ဤနေရာတွင် ကျွန်ုပ်တို့၏အမှုတော်လုပ်ငန်း၏ဖွံ့ဖြိုးတိုးတက်ရေးအပေါ် စိုးရိမ်ဖွယ်ရာအန္တရာယ်ကျရောက်စေနိုင်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် အမြော်အမြင်ရှိရှိ၊ သတိတရားဖြင့် ချင့်ချင့်ချိန်ချိန်လုပ်ဆောင်ရမည့်အပြင်၊ ဘုရားသခင်ကိုအကြောက်အရွံ့ရှိကြသော အတိုင်ပင်ခံပုဂ္ဂိုလ်များတို့၏ဆုံးဖြတ်ချက်တို့နှင့် ဟန်ချက်ညီညီလုပ်ဆောင်သော ညွှန်းတမ်းတစ်ခုတည်းသာလျှင် ကျွန်ုပ်တို့၏လုံခြုံမှုနှင့်ခွန်အားတို့ကို ဖြစ်တည်စေနိုင်မည်ဖြစ်သည်။ ဤသို့သာမဟုတ်ပါက ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်အတူလုပ်ဆောင်တော်မူခြင်းမရှိနိုင်သည့်အပြင်၊ ကျွန်ုပ်တို့အားဖြင့် သို့မဟုတ် ကျွန်ုပ်တို့အတွက်လည်း လုပ်ဆောင်တော်မူနိုင်မည်မဟုတ်ပါ။

အကယ်၍ စာတန်မာရ်နတ်သည် ဤလူ့အသိုက်အဝန်းအတွင်းသို့ ဝင်ရောက်အခြေချနိုင်ရန်အတွက် သူ၏ကြိုးစားအားထုတ်မှုသည် အောင်မြင်မှုရှိသည့်အပြင် စေ့စပ်သေချာမှုရှိသောအဖွဲ့အစည်းမျိုးသည် မရှိမဖြစ်လိုအပ်နေသောအချိန်၊ ထို့အပြင် ထိုအဖွဲ့အစည်းမျိုးသည် အတုဖြစ်သောပုန်ကန်ထကြွမှုများတို့ကိုတားမြစ်ထားရန်နှင့် ဘုရားသခင်၏နှုတ်တော်ထွက်က အတည်ပြုထောက်ခံပေးထားခြင်းမရှိသောပြောဆိုချက်တို့ကို ချေပနိုင်လောက်သည့် အကြီးမားဆုံးသောစွမ်းအားဖြစ်လာမည့် ထိုအဖွဲ့အစည်းကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် ဖျက်ဆီးပစ်လိုက်နိုင်ပါက အလွန်ရွှင်လန်းဝမ်းမြောက်ခြင်းရှိလှမည်ဖြစ်ချင်း။ ဉာဏ်အမြော်အမြင်ရှိစွာဖြင့်အပြင်၊ သတိရှိရှိဖြင့် လုပ်ဆောင်ခြင်းအားဖြင့် ထူထောင်ထားသောအဖွဲ့အစည်းနှင့် အစီအစဉ်ကျနမှုဆိုင်ရာ စည်းစနစ်ပျက်ပြားသွားခြင်းမရှိစေရေးအတွက် ကျွန်ုပ်တို့သည် လုပ်ငန်းနယ်ပယ်များတို့ကို အဆင်ပြေချောမွေ့စွာဖြင့် ကိုင်တွယ်ဆောင်ရွက်သင့်ကြပါသည်။ ယခုကဲ့သို့သော အချိန်ကာလတွင် လုပ်ဆောင်နေရသည့်အမှုတော်လုပ်ငန်းကို ထိန်းချုပ်လိုသောဆန္ဒမျိုးရှိသည့် စည်းမဲ့ကမ်းမဲ့အရိပ်လက္ခဏာပါရှိသောလုပ်ရပ်မျိုးအတွက် ခွင့်ပြုမိန့်ကိုထုတ်ပေးခြင်းမပြုရပါ။

ကျွန်ုပ်တို့သည် ကပ်ကာလကုန်ဆုံးလုနီးသည့်အချိန်တွင် ရောက်ရှိနေကြသည်အလျောက်၊ ဘုရားသခင်၏သားသမီးတော်တစ်ယောက်စီတိုင်းသည် မည်သည့်ဘာသာရေး

အဖွဲ့အစည်း၏မူဝါဒကို လွပ်လပ်စွာဖြင့်ကျင့်သုံးလာကြမည်ဆိုသည့်အတွေးအခေါ်မျိုးကို လူအချို့တို့က ရှေ့တန်းတင်လာကြပါသည်။ သို့သော်လည်း ဤအမှုတော်လုပ်ငန်းတွင် ဤကိစ္စရပ်မျိုးနှင့်ပတ်သက်လာလျှင် လူတိုင်းလူတိုင်းကို လွတ်လပ်ခွင့်ပေးမထားကြောင်းကို ထာဝရဘုရားက ကျွန်ုပ်အားညွှန်ကြားထားတော်မူခဲ့ပါသည်။ ကောင်းကင်ဘုံရှိထူးချွန်ပြောင်မြောက်သူများအားလုံးတို့သည် ပညတ်တရား၏အောက်တွင်ရှိနေကြပြီး၊ ၎င်းတို့တစ်ဦးချင်းတို့သည် အခြားသောသူတို့က ဘုရားသခင်၏အလိုတော်အတိုင်းပြုမူကျင့်ကြံကြရေးအတွက်၊ ထို့အပြင် သူတို့၏ပြုမူကျင့်ကြံမှုတို့ကို ထိန်းချုပ်ထားသောပညတ်တရားတော်အတွင်း သူတို့၏ယေဘုယျဆန်သော နာခံလိုက်လျှောက်ခြင်းတို့ကိုအညံ့ခံခိုဝင်ကြရေးအတွက် ဩဇာညောင်းနေကြပါသည်။ ထာဝရဘုရား၏အမှုတော်သည် ကောင်းမွန်စွာနှင့်ခိုင်မာတောင့်တင်းစွာဖြင့် ရှေ့သို့တက်လှမ်းနိုင်ရေးအတွက် သူ၏လူစုတော်တို့သည် အတူတကွဖြင့် လှုပ်ရှားဆောင်ရွက်ရကြပါမည်။

တစ်ခါတစ်ရံတွင် မိမိတို့အားခရစ်ယာန်များအဖြစ်ဖြင့် လက်ခံပေးရန်တောင်းခံလာကြသော အချို့သောသူတို့သည် အားကောင်းမောင်းသန်ကြမ်းကြမ်းတမ်းတမ်းဖြင့်လုပ်ကိုင်ဆောင်ရွက်ရသောအလုပ်အားဖြင့် ကောင်းမွန်စွာကိုယ်စားပြုနိုင်ခဲ့ကြသော်လည်းသင်ကြားခြင်းမခံရကြသောမြင်းများကဲ့သို့သာ ဖြစ်နေကြပါသည်။ မြင်းတစ်ကောင်ကရှေ့သို့ဆွဲသောအချိန်တွင် နောက်တစ်ကောင်က နောက်သို့ပြန်ဆွဲသွားပြီး၊ သူတို့သခင်၏စေခိုင်းသံအားဖြင့် တစ်ကောင်က ရှေ့သို့ရုတ်တရက်ပြေးထွက်လိုက်သည်နှင့်နောက်တစ်ကောင်က မလှုပ်မယှက်ဖြင့်ရပ်နေပါသည်။ ယခုခေတ်ကာလအတွက်ကြီးကျယ်ခမ်းနားသောအမှုတော်အတွင်း အကယ်၍လူတို့သည် ညီညီညွတ်ညွတ်ဖြင့်ပူးပေါင်းဆောင်ရွက်ခြင်းမရှိကြပါက၊ ရှုပ်ထွေးမှုများသာပေါ်ပေါက်လာမည်ဖြစ်သည်။ လူတို့အနေဖြင့် သူတို့၏ညီအစ်ကိုတော်များတို့နှင့် ပူးပေါင်းကြရန်ငြင်းဆန်ကြပြီး၊ မိမိတစ်ဦးတစ်ယောက်တည်းဖြင့်သာလုပ်ကိုင်ခြင်းကိုသာ ပိုမိုလိုလားနေပါက ဤလုပ်ရပ်သည် ကောင်းသောလက္ခဏာတစ်ရပ်မဟုတ်ပါ။ မှန်ကန်သောအခြေခံစည်းမျဉ်းများမှကွာလှမ်းသွားစေသောအရာတိုင်းကို လွတ်လွတ်လပ်လပ်ဖြင့်ထောက်ပြပေးနိုင်ကြသောညီအစ်ကိုတော်တို့အပေါ် အမှုတော်ဆောင်များတို့အနေဖြင့် ယုံကြည်စိတ်ချမှုရှိကြပါစေ။ အကယ်၍ လူတို့အနေဖြင့် သခင်ခရစ်တော်၏ထမ်းပိုးတော်ကို ဆင်မြန်းထားကြပါကသူတို့သည် အချင်းချင်းထံမှဆွဲထုတ်ခေါ်ဆောင်သွားခံရခြင်းမရှိနိုင်သည့်အပြင်၊ သခင်ခရစ်တော်နှင့်ပါ နီးနီးကပ်ကပ်ရှိလာနိုင်မည်ဖြစ်သည်။





အချို့သောအမှုတော်ဆောင်တို့သည် သူတို့အား ဘုရားသခင်ကပေးသနားထားတော်မူသော စွမ်းအား အားလုံးကိုအသုံးပြုပြီး ကုန်းရုန်းဆောင်ရွက်ကြသော်လည်း၊ သူတို့အနေဖြင့် တစ်ဦးတည်းဖြင့်သာမရုန်းကန်သင့်ကြောင်းကိုမူ သင်ကြားရယူခဲ့ကြခြင်းမရှိကြပါ။ မိမိတို့ကိုယ်ကို အထီးကျန်အနေအထားမျိုးတွင် ထားရှိကြမည့်အစား၊ သူတို့အနေဖြင့် သူတို့၏လုပ်ဖော်ဆောင်ဖက်တို့နှင့် ဟန်ချက်ညီညီလုပ်ဆောင်နိုင်မည့်အနေအထားဆီသို့ သယ်ဆောင်သွားကြပါလေစေ။ အကယ်၍သာ ထိုကဲ့သို့မျိုးမလုပ်ဆောင်ကြပါက သူတို့၏လှုပ်ရှားမှုတို့သည် လွဲမှားသောအချိန်တွင် မှားယွင်းသောနည်းလမ်းမျိုးဖြင့်သာ လုပ်ဆောင်နေကြခြင်းသာဖြစ်ပါသည်။ ဤသို့အားဖြင့်သူတို့သည်ဘုရားသခင်ကဆောင်ရွက်စေလိုတော်မူသောအမှုတော်နှင့် ဆန့်ကျင်တန်ပြန်လုပ်ဆောင်မှုကို မကြာခဏဖြင့်ပင် လုပ်ဆောင်လာမိကြမည်ဖြစ်သည့်အပြင်၊ ဤသို့လုပ်ဆောင်ကြခြင်းကြောင့် သူတို့၏အမှုတော်ဆောင်ရွက်မှုသည် ဖြုန်းတီးပစ်လိုက်ခြင်းထက်၊ ပိုမိုဆိုးရွားသည့်အနေအထားကို ဖြစ်ပေါ်စေပါသည်။

အခြားတစ်ဘက်တွင်လည်း လူအနည်းအကျဉ်းမျှကသာ အံဝင်ခွင်ကျလုပ်ဆောင်နိုင်သည့် ထာဝရဘုရားက ဦးဆောင်ဦးရွက်ပြုပေးတော်မူသော အထူးတလည်ဖြစ်သည့်အမှုတော်လုပ်ငန်းကို တစ်ဦးချင်းလုပ်ဆောင်ရကြသော အမှုတော်ဆောင်များတို့၏နည်းစနစ်များတို့အပေါ် ပြစ်တင်ရှုတ်ချသည့်အန္တရာယ်တို့ကို ဘုရားသခင်၏လူစုတော်တို့အတွင်းရှိ ဦးဆောင်ဦးရွက်ပြုသူများတို့က တားဆီးကာကွယ်ပေးရကြပါမည်။ တာဝန်ယူရမှုအနေအထားမျိုးတွင်ရှိနေကြသော ညီအစ်ကိုတော်များတို့အနေဖြင့် လုပ်ဆောင်မှုပိုင်းဆိုင်ရာ သူတို့၏နည်းစနစ်များတို့နှင့်သဟဇာတဖြစ်ရန် ပြည့်စုံမှုမရှိသေးသောလှုပ်ရှားဆောင်ရွက်မှုများအပေါ် ဝေဖန်ပြစ်တင်ပြောဆိုခြင်းကို အလျင်စလိုမပြုလုပ်မိပါစေနှင့်။ အစီအစဉ်တိုင်းသည် သူတို့၏ကိုယ်ပိုင်ပင်ကိုယ်စရိုက်မှ ရောင်ပြန်ဟပ်မှုရှိစေသင့်သည်ဆိုသည်ကို သူတို့အားမည်သည့်အခါမျှ ထင်မြင်ယူဆစေခြင်းမရှိပါစေနှင့်။ သူတို့အနေဖြင့် အခြားသောသူတစ်ယောက်၏နည်းစနစ်များအပေါ် အားကိုးအားထားပြုရန် စိုးရွံ့ခြင်းမရှိကြပါစေနှင့်။ စိတ်နှိမ့်ချခြင်းနှင့်ဆက်ကပ်ထားခြင်းခံရပြီးသောအားမာန်မျိုးဖြင့် ဘုရားသခင်က ခန့်အပ်ထားတော်မူသောနည်းလမ်းမျိုးအတိုင်း၊ အထူးအမှုတော်တစ်ရပ်ကိုထမ်းဆောင်နေသော ညီအစ်ကိုတော်လုပ်ဆောင်နေသူတစ်ဦးအား ယုံကြည်စိတ်ချမှုမထားရှိခြင်းအားဖြင့် သူတို့သည် ထာဝရဘုရား၏အရေးအရာတော်၏တိုးတက်လာစေမှုကို နှောင့်နှေးကြန့်ကြာစေကြပါသည်။

လူသားတို့၏စာသင်ကျောင်းများတို့တွင် ကျောင်းပညာရေးကိုအပြည့်အဝရရှိခဲ့ကြခြင်းမရှိခဲ့ကြသောသူတို့ကို ဘုရားသခင်က အသုံးပြုတော်မူနိုင်သည့်အပြင်၊ အသုံးပြုတော်မူမည်လည်းဖြစ်ပါသည်။ ဤအမှုတော်ကိုလုပ်ဆောင်ရေးတွင် သူ၏တန်ခိုးတော်ကိုသံသယစိတ်ဝင်ခြင်းသည် ယုံကြည်ခြင်းကင်းမဲ့မှုကို ထင်ရှားစွာပြသရာရောက်ပြီး၊ ၎င်းလုပ်ရပ်သည် ဖြစ်နိုင်ခြေမရှိသောအနေအထားမျိုး လုံးဝမရှိနိုင်သောသူတစ်ထူးဖြစ်တော်မူသည့် အနန္တတန်ခိုးတော်ရှင်၏ဘုန်းတန်ခိုးတော်ကို ကန့်သတ်နေခြင်းသာဖြစ်ပါသည်။ ဤသက်သက်မဲ့မဆီမဆိုင်လုပ်ရပ်ကလေးအနည်းငယ်မျှသည်ပင်လျှင် အထူးသတိပြုရကြမည့် ယုံကြည်မှုကင်းမဲ့စရာပင်ဖြစ်ပါသည်။ ၎င်းလုပ်ရပ်သည် အသင်းတော်၏များပြားလှသောအင်အားစုတို့ကို အသုံးမဝင်သောအနေအထားဆီသို့ ရောက်ရှိသွားစေသည့်အပြင်၊ သွားရာလမ်းကြောင်းကိုပါ ပိတ်ဆို့ထားသကဲ့သို့ဖြစ်ခြင်းကြောင့် သန့်ရှင်းသောဝိညာဉ်တော်သည် လူသားတို့ကိုအသုံးပြုနိုင်တော်မူခြင်းမရှိသည့်အပြင် သခင်ခရစ်တော်၏အမှုတော်နယ်ပယ်များတွင် လိုလိုလားလားနှင့်စိတ်အားတက်ကြွမှုတို့ဖြင့် လုပ်ဆောင်လိုကြသောသူတို့အား အချည်းနှီးဖြစ်သောအနေအထားဆီသို့ ရောက်ရှိသွားစေသည်အလျောက်၊ အကယ်၍ ထိုသူတို့ကို တရားမျှတသောအခွင့်အရေးတစ်ရပ်ကိုပေးကြမည်ဆိုပါက အထက်ပါလုပ်ရပ်တို့ကြောင့် အမှုတော်အတွင်းရောက်ရှိသွားကြပြီး၊ စိတ်ဓာတ်ကျဆင်းမှုကိုခံစားနေရကြသော များစွာသောသူတို့သည် ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြမည့် စွမ်းဆောင်နိုင်စွမ်းရှိကြသော လုပ်ဆောင်သူများအဖြစ်သို့ ရောက်ရှိလာကြမည်ဖြစ်သည်။

မသိမမြင်နိုင်သော၊ နက်နဲသောအရာများပါရှိသည့် အနာဂတ္တိကျမ်း၌ပင်လျှင် ၎င်းတို့နှင့်ဆက်နွယ်မှုရှိသော ရှင်သန်နေကြသည့်အဖန်ဆင်းခံများအားလုံးတို့သည် ရှုပ်ထွေးလှပြီး၊ ဖော်ပြနိုင်စွမ်းမရှိလောက်သည့်အရာများ ဖြစ်ဟန်ရှိကြပါသည်။ သို့သော်လည်း အဆုံးမရှိနိုင်သောဉာဏ်ပညာ၏အရှင်သခင်၏လက်တော်ကို ထိုနက်နဲသောအရာများအတွင်းတွင် တွေ့မြင်နေရပြီး၊ ကုံလုံပြည့်စုံသောစည်းစနစ်သည် ထိုဉာဏ်ပညာတော်၏အမှုတော်ဆိုင်ရာ ရလဒ်ပင်ဖြစ်ပါသည်။ ဘုရားသခင်၏လက်တော်နှင့်ညွှန်ကြားခြင်းခံရသော နက်နဲသောအရာတိုင်းသည် အခြားသောမည်သည့်နက်နဲသောအရာတိုင်းနှင့်မဆို ဟန်ချက်ညီညီဖြင့် ကုံလုံပြည့်စုံစွာဆောင်ရွက်နိုင်ပါသည်။ လူသား၏အရေးပါမှုများတို့အား အလွန်များပြားလှသောစွမ်းအားများတို့ကို ကြိုးပမ်းရယူရေးအတွက်၊ ထို့အပြင် အမှုတော်လုပ်ငန်းကို မိမိတို့ကိုယ်တိုင်ထိန်းချုပ်နိုင်ရေးကြိုးစားရာတွင်ပါ



အသုံးပြုရကြပါမည်။ သူတို့သည် သူတို့၏နည်းစနစ်များနှင့် အစီအစဉ်များတို့၏ပြင်ပတွင် ခွန်အားကြီးမားတော်မူလှသော အမှုတော်ဆောင်ကြီးဖြစ်သူ ထာဝရအရှင်ဘုရားသခင်ကို အလွန်အမင်းပစ်ပယ်ထားကြသည့်အပြင်၊ အမှုတော်၏တိုးတက်ရေးနှင့်ပတ်သက်သော အရာရာတိုင်းတို့တွင် ဘုရားသခင်ကိုမှီခိုအားထားခြင်းမပြုကြပါ။ ငါဖြစ်သည်ဟုအမည်ရသော မဟာပုဂ္ဂိုလ်ထူးနှင့်သာ သက်ဆိုင်သောအရာများတို့ကို စီမံခန့်ခွဲနိုင်ပါသည်ဆိုသည့်အမြင်မျိုးကို မည်သူကမျှတဒင်္ဂအခါသမယမျှဖြင့် ထင်မှတ်မမှားသင့်ပါ။ သူက နောင်ရေးအတွက်ကြိုတင်စီမံထားတော်မူခြင်းအတွက် နည်းလမ်းတော်တစ်ခုကိုပြင်ဆင်တော်မူနေရာတွင် သူ၏အမှုတော်သည် လူသားကိုယ်စားလှယ်များတို့အားဖြင့် ပြီးမြောက်စေရန်အတွက်ပင်ဖြစ်ပါသည်။ ထိုနောက်တွင် ယခုကာလအတွက်လူတိုင်းသည် မိမိတို့အခန်းကဏ္ဍကိုထမ်းဆောင်ရန်နှင့် ဘုရားသခင်သည် သူ၏ညွှန်ကြားတော်မူသူဖြစ်သည်ကိုသိရှိရန်အတွက် သူ၏တာဝန်ပိုင်းဆိုင်ရာ ကျရာတာဝန်တွင်ရပ်တည်ကြပါလေစေ။

## ကမ္ဘာ့သာသနာ့ဌာနချုပ်

မည်သူတစ်ဦးတစ်ယောက်၏ဆုံးဖြတ်ချက်မျိုးမဆို၊ အခြားသောလူတစ်ဦးတစ်ယောက်၏ဆုံးဖြတ်ချက်အောက်တွင် မကျရောက်စေရန်အတွက် ကျွန်ုပ်သည် ထာဝရဘုရား၏ညွှန်ကြားတော်မူချက်ကို မကြာခဏခံယူရရှိခဲ့ရပါသည်။ အမှုတော်ကိုထိန်းချုပ်ရန်နှင့် အမှုတော်လုပ်ငန်းနှင့်ပတ်သက်ပြီး မည်သည့်အစီအစဉ်များကို ဆက်လက်ရေးဆွဲရေးနှင့်ပတ်သက်ပြီး ပြောပြရန်အတွက် လူတစ်ယောက်၏သဘောထား၊ သို့မဟုတ် အနည်းငယ်မျှသောလူတို့၏သဘောထားများတို့သည် ထိုသို့လုပ်ဆောင်ရန်အတွက် လုံလောက်သောဉာဏ်ပညာနှင့်စွမ်းအားများဖြစ်သည်ဟူ၍ မည်သည့်အခါမျှမရှုမြင်ပါနှင့်။ သို့သော်လည်း ကမ္ဘာ့သာသနာ့ဌာနချုပ်တွင် အမှုတော်နယ်ပယ်နှင့်ပတ်သက်ပြီး အားလုံးသောဒေသများမှ စုဝေးတက်ရောက်လာကြသောညီအစ်ကိုတော်များတို့၏အဆုံးအဖြတ်ကို ကျင့်သုံးရာတွင် ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် ကိုယ်ပိုင်လွတ်လပ်မှုတို့ကို ခေါင်းမာမာဖြင့်မထိန်းသိမ်းထားရသည့်အပြင် အလျှော့ပေးရကြပါမည်။ လုပ်ဆောင်သူတစ်ယောက်သည် သူ၏လွတ်လွတ်လပ်လပ်လုပ်ကိုင်ဆောင်ရွက်တတ်သောအလေ့အထကို ထိန်းသိမ်းထားရာ၌၊ မရမနေဖွဲ့ကောင်းကောင်းဖြင့်လုပ်ဆောင်ခြင်းကို

မိမိ၏အားသာချက်အဖြစ်ဖြင့် မည်သည့်အခါမျှမရှုမြင်ရဘဲ ၎င်းစိတ်ထားသည် ဌာနချုပ်၏ဖွဲ့စည်းပုံဆိုးဖြတ်ချက်နှင့်ဆန့်ကျင်နေပါသည်။

တစ်ခါတစ်ရံတွင် အမှုတော်ကို အထွေထွေစီမံခန့်ခွဲရေးအတွက် ကမ္ဘာ့သာသနာဌာနချုပ်၏အမည်ကိုသုံးပြီး၊ တာဝန်ပေးခန့်အပ်ခြင်းခံရကြသော သေးငယ်သောလူအစုအဖွဲ့တစ်ခုက အမြော်အမြင်ကင်းမဲ့သောအစီအစဉ်များတို့ကို အကောင်အထည်ဖော်ရန်နှင့် ဘုရားသခင်၏အမှုတော်ကို ကန့်သတ်ချုပ်ချယ်ရန်အတွက် နည်းလမ်းရှာကြသောအခါ၊ ဤလူနည်းစုဖြင့်သာဖွဲ့စည်းထားပြီး ကမ္ဘာ့သာသနာ့ဌာနချုပ်ကို ကိုယ်စားပြုထားမှုကြောင့် ကမ္ဘာ့သာသနာ့ဌာနချုပ်၏အသံကို ဘုရားသခင်၏အသံတော်ကဲ့သို့ ကြာရှည်စွာဂရုမစိုက်နိုင်တော့သည့်အကြောင်းကို သူတို့အား ကျွန်ုပ်ပြောကြားခဲ့ပါသည်။ သို့သော်လည်း ထိုသို့ပြောကြားခြင်းသည် မှန်ကန်သောတာဝန်ခန့်အပ်မှုမျိုးကို ခံယူရရှိကြသောသူများတို့ဖြင့် ပါဝင်ဖွဲ့စည်းထားသည့် ဌာနချုပ်အဖွဲ့ဖြစ်သည့်အပြင်၊ အမှုတော်နယ်ပယ်များရှိဒေသများအားလုံးတို့ကို ကိုယ်စားပြုသောသူများပါဝင်သည့်ဌာနချုပ်မျိုးသည် လေးစားထိုက်သောဌာနချုပ်မျိုးဖြစ်သည်ဟု ကျွန်ုပ်ပြောကြားခြင်းမဟုတ်ပါ။ ကမ္ဘာမြေကြီး၏အားလုံးသောနေရာဒေသများရှိ သူ၏အသင်းတော်၏ကိုယ်စားပြုသူများတို့ကို ဘုရားသခင်သည် လက်တင်မင်္ဂလာပေးထားတော်မူသည့်အလျောက်၊ ထိုသူတို့သည် ကမ္ဘာ့သာသနာ့ဌာနချုပ်တစ်ခုတွင် စုဝေးလာကြသောအခါတွင် လုပ်ပိုင်ခွင့်အာဏာရှိလာကြရမည်ဖြစ်သည်။ လူအချို့တို့က အန္တရာယ်ရှိသောကျူးလွန်ဖောက်ဖျက်သည့်အမှားမျိုးဆိုသည်မှာ လူတစ်ဦးတစ်ယောက်၊ သို့မဟုတ်သေးငယ်သောလူအစုအဖွဲ့၏သဘောထားနှင့်ဆုံးဖြတ်မှုတို့၌ သူ၏အသင်းတော်အားဘုရားသခင်က အပ်နှင်းထားတော်မူသည့် ဩဇာအာဏာနှင့်လုပ်ပိုင်ခွင့်အာဏာအတိုင်းအတာအပြည့်အဝတို့ကို ပေးထားလိုက်သောအမှားမျိုးပင်ဖြစ်ပါသည်။ ထိုဩဇာအာဏာနှင့်လုပ်ပိုင်ခွင့်အာဏာတို့ကို ဘုရားသခင်က ကမ္ဘာ့သာသနာအဖွဲ့ချုပ်အဖွဲ့ဝင်များတို့ကို ပေးထားတော်မူခြင်းသည် သူ၏အမှုတော်ကြီးပွားတိုးတက်ခြင်းနှင့် ရှေ့ဆက်တက်လှမ်းနိုင်ရန်အတွက် စီစဉ်ကြရန်ပေးထားတော်မူခြင်းဖြစ်ပါသည်။

ဘုရားသခင်က အသင်းတော်တွင်ချထားပေးတော်မူသော ဤအာဏာသည် လူတစ်ဦးတည်းအပေါ်တွင် လုံးလုံးလျားလျားဖြင့်တရားဝင်ပေးအပ်ထားပြီး၊ အခြားသောသူတို့၏စိတ်သဘောတို့ကိုစီရင်ရန်အတွက် လုပ်ပိုင်ခွင့်အာဏာကိုပါ အပ်နှင်းခြင်းခံလာရသောအခါတွင် ထိုအချိန်မှစပြီး စစ်မှန်သောသမ္မာကျမ်းစာ၏စည်းစနစ်သည်လည်း



ပြောင်းလဲပစ်ခြင်းခံရပြီဖြစ်သည်။ ထိုကဲ့သို့သောလူတစ်ယောက်၏စိတ်အတွေးအပေါ်တွင် စာတန်မာရ်နတ်၏ကြိုးပမ်းအားထုတ်မှုသည် သိမ်မွေ့မှုအရှိဆုံးသောအနေအထားတွင်ရှိမည်ဖြစ်ပြီး၊ တစ်ခါတစ်ရံတွင်မူ အပြင်းထန်ဆုံးသောအနေအထားမျိုးဆီသို့ရောက်လုနီးပါးဖြစ်နေပါသည်။ ရန်သူက အကယ်၍သာသူ၏ကြိုးပမ်းအားထုတ်မှုသည် အောင်မြင်မည်ဆိုပါက၊ ထိုသူ၏ပြောင်းလဲသွားသောစိတ်နေစိတ်ထားသည် များစွာသောအခြားသောသူတို့အပေါ် သက်ရောက်မှုရှိရေးဆိုသည့်မျှော်လင့်ချက်မျိုးဖြင့် ကြိုးပမ်းအားထုတ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့က လူတစ်ဦးတစ်ယောက်တည်းကို၊ သို့မဟုတ်အရွယ်အစားပမာဏသေးငယ်လှသော လူအစုကလေးတစ်စုအား ပေးအပ်လိုစိတ်ရှိကြသော စနစ်တကျစီစဉ်ထားမှုရှိသည့် အမြင့်မားဆုံးသောလုပ်ပိုင်ခွင့်အာဏာကို အသင်းတော်ကိုပေးအပ်ကြပါစို့။ "Testimonies for the Church," vol. 9, pp. 257-561.

## အခက်အခဲများနှင့်ရှုန်းကန်နေရကြသောသူတို့အတွက်စာနာထောက်ထားမှု

ခက်ခဲလှသောနေရာဒေသများတို့တွင် ထာဝရဘုရား၏အမှုတော်ကိုသယ်ပိုးပြီး၊ ဆက်လက်တိုးတက်စေကြသောသူတို့နှင့် ထိတွေ့ဆက်ဆံရာ၌ ဉာဏ်ပညာခေါင်းပါးစွာဖြင့်နှစ်ပေါင်းများစွာကျင့်ကြံပြုမူကြသည်ကို တွေ့နေရပါသည်။ ထိုလုပ်ဆောင်သူတို့သည် သူတို့တွင်ရှိနေသောခွန်အားထက် ပိုလွန်ပြီးလုပ်ဆောင်နေရကြပါသည်။ သူတို့သည် အမှုတော်၏တိုးတက်မှုအတွက် အနည်းငယ်မျှသောငွေကြေးကို ရင်းနှီးမြှုပ်နှံနေရကြပြီး၊ အမှုတော်ရှေ့သို့တက်လှမ်းနိုင်ရေးအတွက် မိမိတို့ကိုယ်ကိုအစတေးခံကြသည့်အလုပ်ကို လိုလိုလားလားလုပ်ဆောင်ကြပါသည်။ သူတို့သည် နည်းပါးလှသောလုပ်ခကြေးငွေမျှဖြင့်သာလုပ်ဆောင်ကြပြီး၊ အတင်းကျပ်ဆုံးသောခြိုးခြံချွေတာရေးကို ကျင့်သုံးနေကြပါသည်။ သူတို့သည် နွမ်းပါးသူများအတွက် အများပြည်သူတို့ထံမှ အသနားခံပေးကြသော်လည်း သူတို့ကိုယ်၌အတွက်မှာမူ သဘောထားကြီးမှုနမူနာကိုပြသကြပါသည်။ သူတို့လုပ်ဆောင်ပြီးမြောက်ခဲ့သမျှအတွက် သူတို့သည် ဘုရားသခင်ကိုချီးမွမ်းကြရင်း၊ ဘုရားသခင်သည် သူတို့ယုံကြည်ခြင်း၏အစအဦးစီရင်တော်မူသူနှင့် အပြီးသတ်ပေးတော်မူသူဖြစ်သည့်အပြင်၊ သူတို့တိုးတက်လုပ်ဆောင်နိုင်ကြရေးအတွက် ဘုရားသခင်၏တန်ခိုးတော်ကအထောက်အကူပြုပေးတော်မူသည်ဖြစ်ကြောင်းကိုပါ အမှတ်ရနေကြပါသည်။

တစ်ခါတစ်ရံတွင် ဤအမှုတော်ဆောင်တို့သည် ဝန်ထုပ်ဝန်ပိုးကိုထမ်းရွက်ကြပြီး၊ နေ့အပူရှိန်ကိုကြိတ်မှိတ်ခံကြသည့်အပြင်၊ စိတ်ရှည်သည်းခံခြင်းနှင့် ဖွဲလုံ့လရှိသော ကြိုးစားလုပ်ဆောင်မှုတို့အားဖြင့် စာသင်ကျောင်းတစ်ဆောင်၊ သို့မဟုတ် ဆေးဝါးကုသဆောင်တစ်ခု၊ သို့မဟုတ် အမှုတော်၏တိုးတက်ရေးအတွက် အခြားသောအချို့အကျိုးစီးပွားအရင်းအနှီးလုပ်ငန်းတို့ကို ထူထောင်ပေးထားနိုင်ပြီးသည်နောက်တွင် အခြားသောလူတစ်ယောက်က လုပ်ဆောင်ထားပေးသောသူတို့ထက် ပိုမိုကောင်းမွန်အောင်လုပ်ပြနိုင်လိမ့်မည်ဆိုပြီး၊ ထိုအမှုတော်လုပ်ငန်းကို ထိုသူအားကြီးကြပ်ကွပ်ကဲရန်အတွက် တာဝန်လွှဲပြောင်းပေးအပ်ရန် သူတို့၏ညီအစ်ကိုတော်တို့က အဆုံးအဖြတ်ပေးလိုက်ကြပါသည်။ အချို့သောကိစ္စရပ်များတို့တွင် အမှုတော်၏မနှစ်မြို့ဖွယ်ရာဖြစ်သော အခန်းကဏ္ဍတွင်လုပ်ဆောင်ရသည်ကိုနှစ်သက်ကြပြီး၊ ကြမ်းတမ်းသောအလုပ်ကိုလုပ်ကိုင်ကြရင်း ဆုတောင်းခဲ့ကြ၊ ကြိုးပမ်းခဲ့ကြသည့်အပြင် မိမိတို့၏ကြိုးစားအားထုတ်မှုတို့တွင် သူတို့၏အားလုံးသောခွန်အားနှင့်စွမ်းအင်တို့ကို မြှုပ်နှံထားခဲ့ကြသောသူတို့သည် ထိုက်တန်သောဆုလာဘ်နှင့် ထိုက်တန်သောချီးမြှင့်မှုကို ရရှိခံစားကြရေးအတွက် အဆုံးအဖြတ်ပေးခြင်းမခံရကြပါ။

ဘုရားသခင်သည် သူ၏အမှုတော်လုပ်ငန်းတွင် ထိုသို့ကိုယ်ကျိုးစွန့်လုပ်ဆောင်ပေးကြသော ဝန်ထမ်းများတို့အပေါ် ထိုသို့ပြုမူဆက်ဆံသည်ကို နှစ်မြို့တော်မမူပါ။ နေရာအသစ်လည်းဖြစ်ပြီး၊ ခက်ခက်ခဲခဲလုပ်ကိုင်ရသောနေရာမျိုးတွင် အမှုတော်လုပ်ငန်းကိုထူထောင်ပေးကြသောသူတို့အား နှစ်သိမ့်အားပေးကူညီရင်း၊ အားတက်ဝမ်းမြောက်လာစေသည့်အပြင်၊ အားပေးတိုက်တွန်းရာရောက်သောစကားမျိုးကို ပြောဆိုပေးကြရန်အတွက် ဘုရားသခင်က သူ၏လူစုတော်တို့ကို တောင်းဆိုတော်မူပါသည်။

အမှုတော်၏အရေးအရာ ရှေ့သို့တက်လှမ်းနိုင်ရေးအတွက် သူတို့၏လှိုက်လှဲသောစိတ်အားထက်သန်မှုနှင့် ဖွဲမာန်တို့ဖြင့်လုပ်ဆောင်ကြသော ဤအမှုတော်ဆောင်တို့သည် အမှားများကိုပြုလုပ်မိကြမည်ဖြစ်ပါသည်။ သူတို့သည် ငတ်မွတ်ခေါင်းပါးသောသူတို့အား အထောက်အပံ့ပေးကြရေးလုပ်ငန်းများအတွက် ငွေကြေးများကိုရယူလိုကြသောသူတို့၏ဆန္ဒအရ၊ အမှုတော်အတွက် အကောင်းဆုံးသောကောင်းမြတ်ခြင်းမဟုတ်သည့် စီမံကိန်းများအတွင်းဝင်ရောက်သွားကြပါသည်။ ဤစီမံကိန်းများတို့သည် သူတို့အားထာဝရဘုရားက လုပ်ဆောင်စေလိုတော်မူသောအလုပ်မှ လမ်းလွှဲသွားစေပြီး၊ စိတ်ပျက်စရာအခြေအနေတို့ကို သူတို့အပေါ်သို့ကျရောက်စေလျက်၊ သူတို့၏မျှော်လင့်



ချက်တို့ကို ချိုးဖျက်ပစ်လိုက်ရန် ခွင့်ပြုပေးရာရောက်ကြောင်းကို ထာဝရဘုရားက ရှုမြင်တော်မူပါသည်။ ဤတွင် ငွေကြေးတို့သည် ဆုံးရှုံးကုန်ကြပြီး၊ ဤကဲ့သို့ဖြစ်ခြင်းကြောင့် အမှုတော်နှင့်ပတ်သက်သည့်အရေးအရာကို ထောက်ပံ့ရေးအတွက် ငွေကြေးပစ္စည်းများကို တောင့်တစွာဖြင့်မျှော်လင့်ချက်ထားခဲ့ကြသော သူတို့၏ကြီးမားလှသော ပူဆွေးသောကဖြစ်စရာပင်ဖြစ်ပါသည်။

ထိုငတ်မွတ်ခေါင်းပါးမှုဘေးနှင့်ကြုံတွေ့နေရသောသူတို့အား အဆုံးတိုင်အောင်အရေးပေါ်အကူအညီတစ်ရပ်အဖြစ် ငွေကြေးဥစ္စာတို့ကိုတိုးမြှင့်နိုင်ရန်အတွက် အမှုတော်ဆောင်များတို့၏အာရုံကြောတိုင်းကို ဖိအားသက်ရောက်လာသောအခါတွင် သူတို့၏အချို့သောညီအစ်ကိုတော်များတို့သည် ဝန်ထုပ်ဝန်ပိုးတို့ကို လေးလံစွာထမ်းရွက်နေရကြသော လုပ်ဆောင်သူများတို့၏ရည်ရွယ်ရင်းများတို့ကို ပြစ်တင်ဝေဖန်ရန်နှင့်မကောင်းကြံစည်ရန်အပြင်၊ ထိခိုက်နစ်နာစေသောစကားလုံးများတို့ဖြင့်ထိုးနှက်ရန်အတွက်အပြင်၊ သူတို့၏အမှုတော်လုပ်ငန်းတွင် အခက်ကြုံစေရန်အတွက် အဆင်သင့်ရှိနေကြပါသည်။ ကိုယ်ကျိုးအတ္တစိတ်ထားရှိမှုကြောင့် မျက်စိကန်းနေကြသော ဤအပြစ်မရှိအပြစ်ရှာသူများတို့သည် လေးပင်သောဝန်ထုပ်ဝန်ပိုးတို့နှင့်တာဝန်ယူရမှုများတို့ကို ထမ်းရွက်ခြင်းမရှိကြသောသူတို့အား အပြစ်တင်ပုတ်ခတ်ပြောဆိုခြင်းမရှိဘဲလျက်၊ လုံးလုံးလျားလျားဒုက္ခရောက်နေရကြသည့် သူတို့၏ညီအစ်ကိုတော်တို့အပေါ် ပိုင်းခြား၍နားလည်ပေးနိုင်ခြင်းမရှိခဲ့ကြပါ။ စိတ်ဓာတ်ကျဆင်းမှုသည် ကြီးမားလှသောစစ်ဆေးစုံစမ်းမှုတစ်ခုဖြစ်သော်လည်း ခရစ်ယာန်၏ချစ်ခြင်းမေတ္တာတရားသည် အရှုံးကိုအနိုင်အဖြစ်သို့ပြောင်းပေးစေနိုင်ပါသည်။ နောက်ပြန်ဆွဲခြင်းအမူအကျင့်သည် သတိရှိမှုကိုသင်ကြားပို့ချပေးပါလိမ့်မည်။ ကျွန်ုပ်တို့ဒုက္ခခံစားရကြသောအကြောင်းအရာများတို့အားဖြင့် ကျွန်ုပ်တို့သင်ခန်းစာရရှိကြပါသည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့သည် အတွေ့အကြုံကိုရယူနိုင်ကြပါသည်။

အမှုတော်လုပ်ငန်းဆိုင်ရာ ဝန်ထမ်းများတို့သည် အမှားများကိုလုပ်မိကြသည့်တိုင် သူတို့သည် အမှုတော်လုပ်ငန်းအတွင်း စိတ်အားထက်သန်မှု၊ ကိုယ်ကျိုးစွန့်မှုဖြင့် စိတ်ဝင်တစားရှိနေကြပါက သူတို့နှင့်ထိတွေ့ဆက်ဆံကြရာတွင် သတိထားမှုနှင့်ဉာဏ်အမြော်အမြင်တို့ကို ထင်ရှားပြသပေးရကြပါမည်။ သူတို့၏ညီအစ်ကိုတော်တို့က "ခင်ဗျားရဲ့နေရာမှာ တခြားလူတစ်ယောက်ကိုထိုးထည့်လိုက်ခြင်းအားဖြင့် ကျွန်တော်တို့က ပြဿနာတွေကိုပိုမိုဆိုးဝါးသွားအောင်လုပ်မှာမဟုတ်ဘူး။ ခင်ဗျားရဲ့အမှားကို

အဖတ်ဆယ်ဖို့အတွက် အခွင့်အရေးမပေးဘဲ၊ ဒါ့အပြင် တရားမျှတမှုမရှိတဲ့ဝေဖန်ပြောဆိုခံရမှုကလွတ်ကင်းပြီး၊ အပေါ်စီးအနေအထားမှာရပ်တည်နေနိုင်အောင် အခွင့်အရေးမပေးဘဲ၊ ခင်ဗျားနေရာကိုတခြားလူနဲ့အစားထိုးမှာမဟုတ်ဘူး” ဆိုသည့်စကားမျိုးကိုသူတို့အားပြောပြပေးပါစေ။ သူတို့အနေဖြင့် မိမိတို့ကိုယ်ကိုထိန်းညှိနိုင်ကြရန်နှင့် သူတို့၏ပတ်ပတ်လည်တွင်ရှိနေကြသောအခက်အခဲများတို့ကို ကျော်လွှားနိုင်ကြရန်အပြင်၊ ကောင်းကင်တမန်တို့ရှေ့၊ လူတို့ရှေ့တွင် ထိုက်တန်မှုရှိသောဝန်ထမ်းများအဖြစ်ဖြင့်ရပ်တည်နိုင်ကြရေးအတွက် လုံလောက်သောအချိန်ကိုရရှိကြပါလေစေ။ သူတို့သည်အမှားများကိုပြုလုပ်မိခဲ့ကြသည်ဆိုရာတွင် သူတို့အားမေးမြန်းစစ်ဆေးပြီး၊ အပြစ်တင်ဝေဖန်နေကြသောသူတို့ကကော ပိုမိုကောင်းမွန်သောကျင့်ကြံပြုမူမှုတို့ကို လုပ်ခဲ့ကြပါသလား။ ဖာရိရဲတို့ကိုအပြစ်တင်မိန့်တော်မူသော သခင်ခရစ်တော်၏နှုတ်တော်ထွက်ကို (ယောဟန် ၈း၇) တွင် “. . . သင်တို့တွင် အပြစ်ကင်းသောသူသည် ရှေးဦးစွာကျောက်ခဲနှင့်ပစ်စေ. . .” ဟူ၍ဖော်ပြထားပါသည်။

အကြောင်းခြင်းရာများတို့ကို ပြုပြင်ပြောင်းလဲရန်အတွက် ဆန္ဒစောလွန်းကြသောသူတို့ကိုယ်၌က ချွတ်ယွင်းချက်တို့ဖြင့် ပြည့်ဝနေတတ်ကြပါသည်။ အမှားပြုလုပ်မိကြသောလူတို့၏နေရာတွင် သူတို့ကိုရွေးချယ်အစားထိုးသင့်ကြသည်ဟု သူတို့ထင်မှတ်ကြပါသည်။ ဤအမှုတော်ဝန်ထမ်းများတို့လုပ်ဆောင်ခဲ့ကြသည်များကို အခြားသောသူတို့က လက်ပိုက်ကြည့်ပြီးပြစ်တင်ဝေဖန်နေကြသည့်အချိန်တွင် ထိုဆန္ဒစောနေကြသောသူတို့သည် ထိုအမှုတော်ဆောင်တို့၏လုပ်ဆောင်ခဲ့မှုတို့ကို တန်ဖိုးထားခြင်းမရှိကြပါ။ သူတို့၏အပြုအမူအားဖြင့် သူတို့သည် “ငါကကြီးကျယ်တဲ့အရာတွေကိုလုပ်ပြနိုင်တယ်။ အမှုတော်လုပ်ငန်းရှေ့ကိုတက်လှမ်းနိုင်ရေးအတွက် အောင်အောင်မြင်မြင်နဲ့ငါလုပ်နိုင်တယ်” ဆိုသည့်အပြောမျိုးကို ပြောဆိုရာရောက်ပါသည်။ အမှားများတို့ကိုမလုပ်မိရလေအောင် မည်ကဲ့သို့ရှောင်ရှားနိုင်မည်ကို သိရှိပါသည်ဆိုပြီး၊ ထင်တစ်လုံးရှိနေကြသောသူတို့အား (မဿဲ ၇း၁) တွင်ဖော်ပြထားသည့် “သင်တို့သည် စစ်ကြောဆုံးဖြတ်ခြင်းနှင့်ကင်းလွတ်ရမည်အကြောင်း သူတစ်ပါး၏အမှု၌စစ်ကြောဆုံးဖြတ်ခြင်းကိုမပြုကြနှင့်” ဆိုသည့်မိန့်တော်မူချက်ဖြင့် ပြန်လည်ပြောဆိုအသိပေးရန်အတွက် ကျွန်ုပ်ညွှန်ကြားခြင်းခံခဲ့ရပါသည်။ အချို့သောအနေအထားများတို့တွင် အမှားများကိုသင်တို့အနေဖြင့် ရှောင်ရှားသင့်ပါသော်လည်း၊ အခြားသောအကြောင်းခြင်းရာများတို့တွင်ကုစားရန်အလွန်ခက်ခဲနိုင်ပြီး အမှုတော်လုပ်ငန်းတွင်ရှုပ်ထွေးမှုများကို ယူဆောင်လာနိုင်သည့်





စိုးရိမ်ဖွယ်ရာမှားယွင်းမှုများတို့ကို လုပ်မိတတ်ကြပါသည်။ ဤအမှားများတို့သည်သင်၏ညီအစ်ကိုတော်များက လုပ်မိခဲ့သည့်အမှားများတို့ထက်ပို၍ ထိခိုက်နစ်နာမှုရှိစေပါသည်။

အမှုတော်လုပ်ငန်းတစ်ခုအတွက် အခြေခံချမှတ်ပြီး၊ မလိုမုန်းထားမှုတို့ကိုရင်ဆိုင်ရသော်လည်း မိမိတို့၏လမ်းစဉ်ဖြင့် ရှေ့သို့တက်လှမ်းနိုင်ရေးအတွက် ဆင်နွှဲရန်းကန်နေရကြသော သူတို့၏နေရာတွင် အခြားသောသူတို့ကို နေရာချထားပေးလိုသည့်သဘောမျိုးဖြင့် ထိုရန်းကန်ဆင်နွှဲနေရကြသောသူတို့ကို အဆိုးမြင်သဘောမျိုးဖြင့် အပြစ်မရှိအပြစ်ရှာပြီးမဆက်ဆံသင့်ပေ။ သူတို့၏အချို့သောညီအစ်ကိုတော်တို့အပေါ်တွင်ဝေဖန်ပြစ်တင်ပြောဆိုနေသည့်အစား၊ ဘုရားသခင်က ပြီးမြောက်အောင်လုပ်ဆောင်ပေးရန် မိန့်တော်မူထားသောအလုပ်ကို ရှေ့ဆက်လုပ်ဆောင်ကြသည့် စိတ်အားထက်သန်လှသောအမှုတော်ဝန်ထမ်းများရှိနေကြပါသည်။ သူတို့၏အမှုတော်လုပ်ငန်းတွင် တာဝန်ယူရမှုအနေအထားမှ သူတို့ကိုယခုပင်ဖယ်ရှားပစ်သင့်သလား ဆိုသောအမေးအတွက်၊ ထိုလုပ်ရပ်သည် သူတို့အတွက်တရားမျှတမှုမရှိသည့်အပြင်၊ အမှုတော်လုပ်ငန်းကိုပြဿနာဖြစ်ပေါ်စေသောလုပ်ရပ်အဖြစ်ဖြင့် သဘောထားရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤအပြောင်းအရွှေ့တို့သည် တရားမျှတမှုမရှိသော အပြစ်တင်ဝေဖန်မှုကိုမှန်ကန်ဖြောင့်မတ်မှုအဖြစ်ဖြင့် ထင်မြင်ရှုမြင်ခံရမှုကြောင့် မလိုမုန်းထားမှုအခြေအနေမျိုးပေါ်ပေါက်လာမည်ကို ကျွန်ုပ်ညွှန်ကြားခြင်းခံခဲ့ရပါသည်။ သူတို့ကိုပေးအပ်ထားသောအမှုတော်လုပ်ငန်းကို တည်ထောင်ရန်အတွက် စိတ်အားထက်သန်စွာဖြင့် အချိန်ကြာမြင့်စွာလုပ်ဆောင်ခဲ့ကြသောသူတို့အပေါ် တရားမျှတမှုမရှိသောလုပ်ဆောင်မှုမျိုးကို မလုပ်မိကြရန်အတွက် ထာဝရဘုရားက အလိုဆန္ဒရှိတော်မူပါသည်။

များစွာသောပြောင်းလဲမှုတို့ကိုလုပ်ခဲ့ကြသည့်တိုင် ပိုမိုကောင်းမွန်လာမည့်အခြေအနေမျိုး မည်သည့်အခါမျှဖြစ်ထွန်းမလာခဲ့ပါ။ အမှုတော်ဆိုင်ရာဝန်ထမ်းများတို့အပေါ်အားရစရာအနေအထားမျိုးကို တွေ့မြင်လာရပြီဆိုပါက သူတို့ရှိနေသောနေရာတွင်ပင်ဆက်လက်ရှိနေစေပြီး၊ သူတို့၏အလုပ်ကို အောင်မြင်မှုရရှိလာစေရန်အတွက် တိုက်တွန်းအားပေးရကြမည့်အစား၊ မကြာခဏဖြင့်ပင် သူတို့ကိုအခြားသောနေရာဆီသို့ ပြောင်းရွှေ့လိုက်ကြပါသည်။ သို့သော်လည်း သူတို့ပြောင်းရွှေ့သွားသောနေရာဆီသို့ ယခင်နေခဲ့သောနေရာရှိအမှုတော်ကို ထိပါးနှောင့်ယှက်သော သူတို့၏အကျင့်စရိုက်ဆိုင်ရာ စရိုက်လက္ခဏာတို့ကို ဆက်လက်ယူဆောင်သွားတတ်ကြပါသည်။ သူတို့သည် စိတ်ရှည်

သည်းခံခြင်းနှင့် နိမ့်ချရသောအမှုတော်လုပ်ငန်းဆိုင်ရာသင်ခန်းစာကို သင်ကြားရယူခဲ့ခြင်းမရှိကြသောကြောင့် သူတို့ပြောင်းရွှေ့သွားသောနေရာတွင်လည်း ယခင်နေရာနှင့်အလားတူသော သခင်ခရစ်တော်၏အသွင်သဏ္ဍာန်နှင့်တူညီခြင်းမရှိသော သွင်ပြင်မျိုးကိုသာ ပြသကြမည်ဖြစ်သည်။

အကြောင်းခြင်းရာများတို့၏မတူကွဲပြားသောစနစ်အကြောင်းကို ကျွန်ုပ်ထောက်ခံပြောဆိုပေးထားပါသည်။ ကျွန်ုပ်တို့၏ဌာနချုပ်များနှင့်အဖွဲ့အစည်းများအတွင်းရှိ အမှုတော်၏ဝန်ထမ်းများအစုအဖွဲ့များအတွင်းတွင် အပြောင်းအလဲများကိုလုပ်ဆောင်ရကြပါမည်။ စွမ်းဆောင်နိုင်မှုရှိကြပြီး အရာမြောက်ခြင်းခံထားရပြီးသောလူတို့ကို အမှုတော်၏ဝန်ထုပ်ဝန်ပိုးကို သယ်ပိုးထမ်းရွက်နေကြသောသူတို့နှင့်ချိတ်ဆက်စေပြီး၊ ထိုဝန်ကိုထမ်းရွက်ကြသောသူတို့၏ကူညီသူများနှင့် ပူးပေါင်းလုပ်ဆောင်သူများအဖြစ်ဖြင့် ပါဝင်ဆောင်ရွက်ပေးကြရန်အတွက်၊ ထိုစွမ်းဆောင်နိုင်မှုရှိပြီး အရာမြောက်ခြင်းခံရပြီးသောသူတို့ကို လိုက်လံရှာဖွေပြီး တိုက်တွန်းအားပေးရပါမည်။ ညီအစ်ကိုချင်း ချစ်ခြင်းမေတ္တာစိတ်ဓာတ်မျိုးဖြင့် လူသစ်နှင့်လူဟောင်းတို့ဖြင့်ပါဝင်ဖွဲ့စည်းထားသော သဟဇာတဖြစ်သည့်ပေါင်းစည်းမှုတစ်ခုဖြစ်ပေါ်လာရပါမည်။ သို့သော်လည်း စီမံခန့်ခွဲမှုဆိုင်ရာအပြောင်းအလဲများတို့ကို ရုတ်ခြည်းမပြုလုပ်မိစေရန်လိုအပ်ပြီး၊ ထိုကဲ့သို့သောလုပ်ဆောင်ချက်သည် အမှုတော်လုပ်ငန်း၏အတိုင်းအတာတစ်ခုအထိရရှိနိုင်သော တိုးတက်အောင်မြင်မှုကို ဖန်တီးနိုင်ရန်အတွက် စိတ်အားထက်သန်စွာနှင့်အောင်မြင်စွာဖြင့် ကြိုးစားလုပ်ဆောင်ပေးကြသောသူတို့ကို စိတ်ဓာတ်ကျဆင်းသွားစေပါသည်။ ဘုရားသခင်သည် သူ၏သစ္စာရှိလှစွာသောအစေကျွန်တို့အား စိတ်ဓာတ်ကျဆင်းစေသည့် မည်သည့်အရာတစ်စုံတစ်ခုကိုမျှ လုပ်ပိုင်ခွင့်ပြုတော်မမူပါ။ ကျွန်ုပ်တို့၏စာပုံနှိပ်တိုက်များ၊ ကျွန်ုပ်တို့၏ဆေးရုံဆေးပေးခန်းများနှင့် စာသင်ကျောင်းများတို့အတွက် အထက်မြက်ဆုံးသောစီမံခန့်ခွဲမှုဖြင့် တာဝန်ယူထိန်းသိမ်းရကြသောသူတို့သည် တရားမျှတမှုဆိုင်ရာအခြေခံစည်းမျဉ်းများအတိုင်း လိုက်လျှောက်ကြပါစေ။

အမှုတော်လုပ်ငန်းဆိုင်ရာဝန်ထမ်းများတို့ကို ထာဝရဘုရားက ခေါ်ယူတော်မူနေပါသည်။ ကိုယ်ထူးကိုယ်ချွန်သောသူများ၊ နှိမ့်ချသောသင်ကြားရယူသူများအလား၊ မိမိတို့ကိုယ်ကို ထာဝရဘုရား၏လက်တော်များအတွင်းသို့ အပ်နှံထားကြခြင်းဖြင့် သူနှင့်အတူတကွလုပ်ဆောင်ကြသော ဝန်ထမ်းများဖြစ်ကြကြောင်းကို သက်သေပြကြသောသူတို့ကို ဘုရားသခင်၏အမှုတော်ရေးရာက လိုအပ်နေပါသည်။ ဤလူတို့သည်



အမှုတော်နှင့်စာသင်ကျောင်းလုပ်ငန်းများတို့က လိုအပ်နေကြသောသူများဖြစ်ကြပါသည်။ သူတို့အား ကျရာတာဝန်ကိုသွားရောက်ထမ်းရွက်နိုင်သည့်အပြင်၊ အရှင်သခင်၏အမှုတော်အတွင်း သူတို့တတ်နိုင်သည့်အရာကို လုပ်ဆောင်နိုင်ကြကြောင်းကို ပြသကြပါစေ။ အမှုတော်လုပ်ငန်းဝန်ထမ်းများတို့၏ အဆင့်ဆင့်သောရာထူးနေရာများတွင်ဝင်ရောက်တာဝန်ထမ်းဆောင်စေပြီး၊ စိတ်ရှည်သည်းခံခြင်းနှင့် စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်မှုတို့ဖြင့် သူတို့၏ထိုက်တန်မှုကိုပြသကြပါစေ။ ကျွန်ုပ်တို့ရေကူးသင်ကြရာတွင်မြေကြီးပေါ်တွင်သင်ယူရကြခြင်းမဟုတ်မူဘဲ ရေထဲတွင်သာသင်ယူရကြပါသည်။ သူတို့အားတာဝန်ချထားပေးသောနေရာတွင် သစ္စာရှိစွာဖြင့်ဝင်ရောက်လုပ်ဆောင်စေခြင်းဖြင့် သူတို့သည် ပိုမိုမြင့်မားသည့်နေရာတွင် တာဝန်ကိုဆက်လက်ထမ်းဆောင်နိုင်သည့်အရည်အချင်းမျိုး ပြည့်မီလာကြရန်အတွက်ဖြစ်ပါသည်။ ဘုရားသခင်၏အမှုတော်အတွင်း ထိုသူတို့သည် မိမိတို့ကိုယ်ကို ကုံလုံပြည့်စုံလာသည့်အနေအထားဆီသို့ ရောက်ရှိလာကြရန်အတွက် သူတို့အား အခွင့်အလမ်းအားလုံးကို ပေးထားတော်မူပါသည်။

ဘုရားသခင်သည် သူ၏အချို့သောအစေကျွန်တို့ကို အထူးထူးသောပင်ကိုစွမ်းရည်များတို့ကို ပေးသနားထားတော်မူပြီး၊ မိမိတို့၏ထူးချွန်မှုတို့ကို မတရားသဖြင့်ချိုးနှိမ်ခြင်းခံရရေးအတွက် မည်သူ့ကိုမျှခေါ်ယူတော်မူခြင်းမရှိပါ။ သို့သော်လည်းကိုယ်ကျိုးအတ္တစိတ်ကိုချီးမြှောက်ကြရန်အတွက် မိမိတို့၏ပင်ကိုစွမ်းရည်ကို မည်သူကမျှအသုံးမပြုကြပါစေနှင့်။ သူတို့၏အပေါင်းအသင်းမိတ်ဆွေများတို့ထက် သူတို့သည်ပိုမို၍အရေးပေးခံရသည်ဟု မိမိတို့ကိုယ်ကိုမရှုမြင်မိရန်နှင့် သို့တည်းမဟုတ် ရိုးဖြောင့်မှုရှိပြီး၊ စိတ်အားထက်သန်မှုရှိကြသော အမှုတော်ဆိုင်ရာဝန်ထမ်းများတို့ထက် မိမိတို့ကိုယ်ကိုမိမိတို့မချီးမြှောက်မိပါစေနှင့်။ ထာဝရဘုရားသည် စိတ်နှလုံးကိုရှုမြင်နိုင်တော်မူပါသည်။ ဘုရားသခင်၏အမှုတော်တွင် အမြင့်မားဆုံးသောအနေအထားဖြင့် ဆက်ကပ်သောသူသည် ကောင်းကင်ဘုံဆိုင်ရာ စကြဝဠာ၏အမြင့်မားဆုံးသော လေးစားသမှုကိုခံယူရရှိပါသည်။

ဩဇာလွှမ်းမိုးမှုဆိုင်ရာအနေအထားများတို့ကို ပိုင်ဆိုင်ရရှိထားကြသောသူတို့သည် သူတို့၏ဘဏ္ဍာစိုးဆိုင်ရာအနေအထားတို့ကို မည်ကဲ့သို့ဖြည့်ဆည်းနေကြသည်ကို ကောင်းကင်ဘုံက စောင့်ကြည့်နေကြပါသည်။ ဘဏ္ဍာစိုးများအဖြစ်ဖြင့်သူတို့အပေါ်တောင်းဆိုမှုအတိုင်းအတာပမာဏကို သူတို့၏ဩဇာလွှမ်းမိုးနိုင်မှုတို့ကိုချဲ့ထွင်နိုင်သောအနေအထားမျိုးဖြင့် တိုင်းတာထားပါသည်။ သူတို့၏အပေါင်းအသင်း

မိတ်ဆွေများတို့ကို ကြည့်ရှုစောင်မမှုတို့တွင် သူတို့သည် ဖခင်တစ်ယောက်အလား တရားမျှတပြီး အကြင်နာတရားရှိကာ ဖြောင့်မတ်မှန်ကန်မှုရှိရကြပါမည်။ သူတို့သည် အကျင့်စရိုက်နှင့်ပတ်သက်လာလျှင်၊ သခင်ခရစ်တော်နှင့်အလားတူရမည်ဖြစ်ပြီး စည်းလုံးမှုနှင့်ခင်မင်ရင်းနှီးမှုမျိုးတို့ဖြင့် သူတို့၏ညီအစ်ကိုတော်တို့နှင့် အနီးကပ်ဆုံးသောနှောင်ဖွဲ့မှုမျိုးတို့ဖြင့် စုစည်းမှုရှိရကြပါမည်။ "Testimonies for the Church," vol. 7, pp. 277-282.

## အချင်းချင်းတစ်ယောက်ကိုတစ်ယောက်ထောက်စာကြည့်ရှုကြခြင်း

စုံစမ်းနှောင့်ယှက်ခြင်း၏ဖိစီးမှုအောက်တွင် ကျရောက်နေရသောအသက်ဝိညာဉ်များတို့ကို မကြာခဏဖြင့်ပင် သင်ဆုံတွေ့ရမည်ဖြစ်သည်။ သူတို့ကို စာတန်မာရ်နတ်က မည်မျှပြင်းထန်စွာဖြင့်နပန်းသတ်နေသည်ကို သင်သိရှိနိုင်ခြင်းမရှိပါ။ ထိုကဲ့သို့သောအသက်ဝိညာဉ်ကို စိတ်ဓာတ်ကျဆင်းသွားစေခြင်းဖြင့် စုံစမ်းနှောင့်ယှက်သောသူကို အခွင့်ကောင်းတစ်ခုပေးလိုက်မိမည်ကို စိုးရိမ်ရကြောင်းသတိထားပါ။

ပြန်လည်မှန်ကန်တည့်မတ်သွားအောင် လုပ်ဆောင်ရန်လိုအပ်သော တစ်စုံတစ်ရာသောအကြောင်းခြင်းရာတစ်စုံတစ်ခုကို တွေ့မြင်ရ၊ သို့မဟုတ် ကြားသိရပါက သင့်အနေဖြင့် သစ္စာရှိစွာဖြင့်ဆက်လက်ရပ်တည်နိုင်ရန်အတွက် တင်းမာခက်ထန်သောအနေအထားမျိုးသို့ ရောက်ရှိမသွားအောင်ကြိုးစားရာတွင် ဉာဏ်ပညာနှင့်ကျေးဇူးတော်အတွက် ထာဝရဘုရားကိုကြိုးပမ်းအားထုတ်ခြင်းဖြင့်ရှာဖွေပါ။ လူတစ်ယောက်၏အမှားများကိုထောက်ပြခြင်းသည် အမြဲတစေအရှက်ရစေသော အရှက်တကွဲအကျိုးနည်းစေသော လုပ်ရပ်ဖြစ်ပါသည်။ မလိုလားအပ်သော ပြင်းထန်စွာဝေဖန်မှုမျိုးဖြင့် ပိုမိုခါးသီးသောအတွေ့အကြုံမျိုးကို မဖန်တီးပါနှင့်။ သနားကြင်နာမှုကင်းမဲ့သော ပြစ်တင်ဝေဖန်မှုမျိုးသည် စိတ်ဓာတ်ကျဆင်းမှုကိုဖော်ဆောင်ပေးပြီး၊ အသက်တာကိုနေရောင်ခြည်ကင်းမဲ့စေပြီး ပျော်ရွှင်ခြင်းမရှိစေနိုင်ပါ။

ကျွန်ုပ်၏ညီအစ်ကိုတော်များတို့ခင်ဗျား၊ တင်းမာခက်ထန်သောအပြုအမူအားဖြင့် အနိုင်ယူခြင်းထက်၊ ချစ်ခြင်းမေတ္တာအားဖြင့်သာအနိုင်ယူကြပါ။ အမှားကိုလုပ်မိနေသော လူတစ်ယောက်သည် သူ၏မှားယွင်းမှုကို ပြန်သတိမူမိလာသောအခါ၊ သူ၏မိမိသိက္ခာကိုမိမိလေးစားသောအနေအထားကို သင့်အနေဖြင့်မဖျက်ဆီးမိရန်သတိထားပါ။ ထိခိုက်ပွန်းပဲ့ဒဏ်ရာအနာတရဖြစ်စေခြင်းကို ပြုလုပ်မိခြင်းမရှိစေသည့်အပြင်၊ အနာကိုစည်းကြပ်ပေးပြီးကုသပေးခြင်းက ပိုမိုကောင်းမွန်ပါသည်။



မည်သည့်လူသားကမျှ ကျွန်ုပ်တို့၏ကယ်တင်တော်မူသောအရှင်ကဲ့သို့ အထူးတလည်စိတ်ထိခိုက်လွယ်ခြင်းမျိုးကျင့်သုံးနိုင်ခြင်း၊ သို့မဟုတ် အကျင့်သိက္ခာစင်ကြယ်စွာကျင့်သုံးနိုင်ခြင်းမျိုးမပိုင်ဆိုင်နိုင်ပါ။ ထို့အပြင် သူသည် ကျွန်ုပ်တို့အပေါ်စိတ်ရှည်သည်းခံခြင်းကို ပြသနိုင်လွန်းလှလေစွ။ ကျွန်ုပ်တို့၏ကျေးဇူးကန်းမှုနှင့် ထင်ရာစိုင်းတတ်မှုတို့အားဖြင့် ပေါ်ထွက်လာသောအားနည်းချက်နှင့် အသိတရားကင်းမဲ့မှုတို့ကို သူသည် နှစ်စဉ်နှစ်တိုင်း ခါးစီးခံယူတော်မူနေရပါသည်။ ကျွန်ုပ်တို့၏ယောင်လည်လည်ဖြစ်နေမှုများ၊ ထို့အပြင် ကျွန်ုပ်တို့၏နှလုံးသားဆိုင်ရာခေါင်းမာမှု၊ သူ၏မွန်မြတ်သန့်ရှင်းလှသောနှုတ်တော်ထွက်များအပေါ် ကျွန်ုပ်တို့၏လျစ်လျူရှုမှုများရှိနေသည့်တိုင် သူ၏လက်တော်ဖြင့် ကျွန်ုပ်တို့အားကမ်းလင့်ကြိုဆိုနေတော်မူဆဲဖြစ်နေပါသည်။ (ယောဟန် ၁၃း၃၄) တွင်ဖော်ပြထားသည့်၊ ". . . ငါသည် သင်တို့ကိုချစ်သည်နည်းတူ အချင်းချင်းချစ်ကြလော့" အတိုင်း၊ သူသည် ကျွန်ုပ်တို့အားတောင်းဆိုတော်မူပါသည်။

ညီအစ်ကိုတော်တို့ခင်ဗျား၊ သာသနာပလူများအတွင်းတွင်မဟုတ်မူဘဲ၊ သင်တို့၏လုပ်ဖော်ဆောင်ဖက်ဝန်ထမ်းများအတွင်းမျိုးဖြင့် သင်တို့ကိုယ်ကို သာသနာပြုဆရာများအဖြစ်ဖြင့် ရှုမြင်ကြပါ။ ဤယခုခေတ်ကာလအတွက် အထူးထူးသောသမ္မာတရားတော်တို့ကိုလက်ခံရေးအတွက် အသက်ဝိညာဉ်တစ်ခုကို သိမ်းသွင်းစည်းရုံးနိုင်ရေးအတွက် ကြီးမားသောအနေအထားဖြင့် အချိန်ကိုရယူရန်လိုအပ်လှပါသည်။ ထိုနောက်တွင် အသက်ဝိညာဉ်များတို့က အပြစ်တရားမှဖြောင့်မတ်ခြင်းတရားဆီသို့ ပြောင်းလဲသွားခြင်းသည် ကောင်းကင်တမန်တို့၏မျက်မှောက်တွင် ရွှင်လန်းဝမ်းမြောက်စရာအဖြစ်ဖြင့် ရှိမည်ဖြစ်သည်။ ခရစ်ယာန်များဖြစ်လိုကြပါသည်ဟူ၍ မိမိတို့ကိုယ်ကိုပြောဆိုကြသောသူတို့၏ထိုအသက်ဝိညာဉ်တို့အပေါ် ဂရုမစိုက်သောအနေအထားဖြင့် ပြုမူဆက်ဆံနေကြသည်ကို အမှုတော်ကိုဆောင်သောစိတ်ဓာတ်မျိုးဖြင့် ဂရုတစိုက်စောင့်ကြည့်နေသောသင့်အနေဖြင့် မြင်တွေ့ရပါက ကြည်နူးမှုရှိနိုင်ပါမည်လား။ လူသားတို့၏ဦးစားပေးမှုစိတ်ဓာတ်များတို့သည် ဤလောကကြီးကိုစိုးမိုးနေပါသည်။ ဘက်လိုက်မှုများလည်း ထင်ရှားနေကြပါသည်။ လူတစ်ယောက်သည် မျက်နှာသာပေးခြင်းခံရသောအချိန်တွင် အခြားသောသူတစ်ယောက်သည် ခက်ထန်ကြမ်းကြုတ်စွာဖြင့် အဆက်ဆံခံနေရပါသည်။

ကမ္ဘာမြေကြီးပေါ်သို့ သခင်ခရစ်တော်၏အထူးတာဝန်ဖြင့် ဆောင်ရွက်တော်မူခြင်းအပေါ် ကောင်းကင်တမန်တို့သည် ရှိသေလေးစားခြင်းဖြင့် တအံ့တသြကြည့်ရှုကြပါသည်။ လူတို့၏အပြစ်အတွက် အသက်စွန့်တော်မူရန် မိမိကိုယ်ကိုဆက်ကပ်တော်မူစေသည့် သူ၏ချစ်ခြင်းမေတ္တာတော်ကို ကောင်းကင်တမန်တို့က အံ့သြချီးမွမ်းကြပါသည်။ သူ၏ အသွေးတော်ဖြင့်ဝယ်ယူတော်မူခြင်းကို လူသားမျိုးနွယ်တို့က ပေါ့ပေါ့တန်တန်ဖြင့်သာရှုမြင်နေကြပါသည်တကား။

ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦး ချစ်ခြင်းမေတ္တာထားရှိနိုင်ရေး၊ ကြိုးစားမှုဖြင့် စတင်လုပ်ဆောင်ကြရန်မလိုပါ။ ကျွန်ုပ်တို့၏နှလုံးသားများအတွင်း သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်မျိုးကို ထားရှိကြရန်သာလိုအပ်ပါသည်။ သခင်ခရစ်တော်၌ ကိုယ်ကျိုးအတ္တစိတ်ထားနစ်မြုပ်သွားသည်နှင့် စစ်မှန်သောချစ်ခြင်းမေတ္တာမည်သည် အလိုအလျောက်ပေါ်ပေါက်လာကြမည်ဖြစ်သည်။

စိတ်ရှည်သည့် သည်းခံခြင်းမျိုးတွင်၊ ကျွန်ုပ်တို့အောင်နိုင်ကြမည်ဖြစ်သည်။ အသက်ဝိညာဉ်ထံသို့ ငြိမ်သက်ခြင်းချမ်းသာကိုဆောင်ယူပေးသောအရာမှာ စိတ်ရှည်ခြင်း၏လုပ်ဆောင်မှုပင်ဖြစ်ပါသည်။ ဣသရေလလူမျိုးများတို့ကို ကူညီစောင့်ရှောက်ပေးမှုအပေါ် အထောက်အကူပြုပေးခဲ့သောအရာမှာ နှိမ့်ချမှု၊ လုံ့လဝီရိယနှင့် သစ္စာရှိစွာဖြင့် ပင်ပန်းတကြီးလုပ်ကိုင်ပေးသောလုပ်ရပ်ပင်ဖြစ်ပါသည်။ အမှားကိုကျူးလွန်နေသောသူတစ်ယောက်၏အမှားကို ရှာဖွေခြင်းအပြင်၊ ပြင်းထန်စွာဝေဖန်ခြင်းဖြင့် သူ့အပေါ် အပြစ်တင်ပြောဆိုပုံချခြင်းထက် သူ့အားချစ်ခြင်းမေတ္တာရှိသောစိတ်ထားဖြင့်ပြောဆိုပြီး ခွန်အားပေးတိုက်တွန်းစကားတစ်ခွန်းကိုပြောဆိုခြင်းသည်သာလျှင် အလျင်စလိုနိုင်လှသောစိတ်နေစိတ်ထားနှင့် တစ်ဇွတ်ထိုးနိုင်လှသောစိတ်နေစိတ်ထားမျိုးတို့ကို နှိမ်နင်းထားနိုင်မည်ဖြစ်သည်။

အရှင်သခင်၏သတင်းစကားတော်ကို အရှင်သခင်၏စိတ်ဓာတ်တော်မျိုးဖြင့်သာ ကြေညာရပေမည်။ ကျွန်ုပ်တို့၏အတွေးအခေါ်များနှင့် စိတ်လိုက်မာန်ပါလုပ်ဆောင်မှုတို့ကို ကြီးမြတ်တော်မူသော ကျောင်းဆရာတော်ကြီး၏ထိန်းချုပ်မှုအောက်တွင် ထားရှိခြင်းအားဖြင့်သာလျှင် ကျွန်ုပ်တို့၏တစ်ခုတည်းသောလုံခြုံဘေးကင်းမှုပင်ဖြစ်ပါသည်။ ဤကဲ့သို့လုပ်ဆောင်ရန်အတွက် ဘုရားသခင်၏ကောင်းကင်တမန်များတို့သည် အမှုတော်လုပ်ငန်း၏စစ်မှန်သောဝန်ထမ်းတိုင်းတို့အား ကြွယ်ဝသောအတွေ့အကြုံကို ပေးအပ်ကြမည်ဖြစ်သည်။ နှိမ့်ချအောက်ကျို့ခြင်း၏တင့်တယ်ခြင်းကျက်သရေသည်



ကျွန်ုပ်တို့၏နှုတ်ထွက်စကားလုံးတို့ကို သခင်ခရစ်တော်နှင့်အလားတူသော အကြင်နာတရားမျိုးကို ဖော်ပြသောအပြောမျိုးဖြင့် ပုံသွင်းပေးလာမည်ဖြစ်သည်။ “Testimonies for the Church,” vol. 7, pp. 265, 266.

## အသင်းတော်၏စည်းကမ်း

မှားယွင်းမှုကိုပြုလုပ်နေသောအသင်းတော်ဝင်များတို့နှင့် ထိတွေ့ဆက်ဆံရာတွင် ဘုရားသခင်၏လူစုတော်တို့သည် (မဿဲအခန်းကြီး ၁၈) တွင်ဖော်ပြထားသော ကယ်တင်တော်မူသောအရှင်မိန့်မှာတော်မူခဲ့သည့်ညွှန်ကြားချက်အတိုင်း လိုက်လျှောက်ကျင့်သုံးကြရေးအတွက် သတိကြီးစွာထားရကြပါမည်။ (မဿဲ ၁၈း၁၅–၁၈ ကိုရှု။)

လူသားမျိုးနွယ်များတို့သည် သခင်ခရစ်တော်၏ပိုင်ဆိုင်မှုဥစ္စာပစ္စည်းများဖြစ်ကြပြီး၊ အနှိုင်းမဲ့သောတန်ဖိုးဖြင့် သူကဝယ်ယူထားတော်မူကာ သူတို့အတွက် သူနှင့် သူ၏အဖခမည်းတော်တို့က ပြသပေးထားတော်မူသော ချစ်ခြင်းမေတ္တာတော်တို့ဖြင့် သူတို့အား သူနှင့်နှောင်ဖွဲ့ထားတော်မူပါသည်။ ဤသို့အားဖြင့် ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦးပေါင်းသင်းဆက်ဆံကြရာတွင် အထူးသတိထားရကြမည်ဖြစ်သည်။ လူတို့သည် မိမိတို့၏မိတ်ဆွေအပေါင်းအသင်းတို့အပေါ် မကောင်းသောစိတ်ထားမျိုးဖြင့် ရော်ရမ်းမှန်းဆခြင်းပြုရန် အခွင့်အရေးမရှိကြပါ။ အမှားအယွင်းပြုမိခဲ့ကြသော သူတို့၏ တူညီသောအသင်းဝင်ဖော်များတို့နှင့် ထိတွေ့ဆက်ဆံကြရာတွင် အသင်းတော်၏အသင်းဝင်သူများတို့သည် သူတို့၏စိတ်လိုက်မာန်ပါလုပ်မှုများနှင့်လိုအင်ဆန္ဒများအတိုင်း၊ လိုက်ပါဆောင်ရွက်နိုင်သောအခွင့်အရေးမျိုးမရှိပါ။ ထိုသူတို့၏မှားယွင်းမှုများနှင့်ပတ်သက်ပြီး၊ အသင်းတော်၏အသင်းဝင်သူတို့သည် သူတို့၏မလိုမုန်းထားစိတ်တို့ကိုလည်း ထုတ်ဖော်ပြောဆိုခြင်းမပြုရပါ။ ဤသို့ပြောဆိုမှုတို့ကြောင့် သူတို့သည် အခြားသော စိတ်အတွေးများအတွင်းသို့ ဆိုးညစ်မှုတဆေးကိုထည့်သွင်းပေးလိုက်ရာရောက်ပါသည်။ အသင်းတော်ရှိညီအစ်ကိုတော်တစ်ယောက်၊ သို့မဟုတ် ညီမ၊ အစ်မတစ်ယောက်အား ပြဿနာဖြစ်ပေါ်သောအကြောင်းအရာကို တင်ပြအသိပေးခြင်းအားဖြင့် အသင်းတော်၏အသင်းဝင်သူများတို့ဆီသို့ တစ်ယောက်စကားတစ်ယောက်နားပုံစံဖြင့် ရောက်ရှိသွားပေမည်။ ယေရှုရှင်သခင်ဘုရားက ချမှတ်ထားတော်မူသောလမ်းကြောင်းများအတိုင်း

လိုက်လျှောက်ရန်အတွက် စိတ်ပါဝင်စားခြင်းမရှိသော တစ်စုံတစ်ယောက်၏လုပ်ရပ်ကြောင့် အမှားပြုလုပ်မှုများနှင့်တရားမျှတမှုမရှိသောလုပ်ရပ်များ ပေါ်ပေါက်လာပါသည်။

သခင်ခရစ်တော်က ". . . သင်၏ညီအစ်ကိုသည် သင့်ကိုပြစ်မှားလျှင်၊ သူ့ဆီသို့သွား၍ နှစ်ယောက်တည်းချင်းသူ၏အပြစ်ကိုပြ၍ဆုံးမလော့" (မဿဲ ၁၈း၁၅) ဟူ၍မိန့်တော်မူထားပါသည်။ အမှားလုပ်မိမှုအကြောင်းကို အခြားသောသူတို့အား မပြောပြပါနှင့်။ ထိုမှားယွင်းမှုအကြောင်းကို လူတစ်ယောက်ကပြောလိုက်သည်နှင့် နောက်တစ်ယောက်ကသိရသည့်နောက်၊ နောက်ထပ်တစ်ယောက်ဆီသို့ ဆက်လက်လက်ဆင့်ကမ်းကာ၊ ထိုသတင်းသည် ကြီးထွားကျယ်ပြန့်လာပြီး ဆိုးရွားမှုကကျယ်ပြန့်ပြီးရင်းကျယ်ပြန့်ပျံ့နှံ့သည်နှင့် အသင်းတော်တစ်ခုလုံးခံစားရသည့်အနေအထားဆီသို့ ရောက်ရှိသွားပေတော့သည်။ အထက်ဖော်ပြပါအတိုင်း ပြဿနာကို ". . . သူ့ဆီသို့သွား၍ နှစ်ယောက်တည်းချင်း သူ၏အပြစ်ကိုပြ၍ဆုံးမလော့" ဆိုသည့်ဘောင်အတွင်းတွင်သာ ဖြေရှင်းရပါမည်။ ဤနည်းသည်သာလျှင် ဘုရားသခင်၏စီမံတော်မူချက်ဖြစ်ပါသည်။

ဤအကြောင်းများနှင့်ပတ်သက်ပြီ (သုတ္တံ ၂၅း၈၊၉) တွင် "အလျင်အမြန်ရန်မတွေ့နှင့်။ အိမ်နီးချင်းသည် သင့်ကိုအရှက်ခွဲပြီးမှ သင်သည် အဘယ်သို့ပြုမည်နည်း။ သင်သည် အိမ်နီးချင်းနှင့်ကိုယ်အမှုကိုဆွေးနွေးလော့။ ဝှက်ထားအပ်သောအမှုအရာကို သူတစ်ပါးအားထုတ်၍မပြနှင့်" ဟူ၍တွေ့ရှိရပါသေးသည်။ သင်၏ညီအစ်ကိုအား သူ၏အပြစ်အတွက်မခံစားရပါစေနှင့်။ သို့သော်လည်း အခြားသောသူအားထိုအပြစ်ကိုထုတ်ဖော်ဖွင့်ဟပြောဆိုခြင်းမပြုပါနှင့်။ ဤကဲ့သို့ထုတ်ဖော်ပြောပြခြင်းအားဖြင့် သူ့အား အခက်အခဲကိုတိုးပွားလာစေပြီး၊ လက်တုံ့ပြန်ခြင်းတစ်ခုနှင့်အလားတူဟန်ရှိသော သင့်အပေါ်စွပ်စွဲမှုကိုဖန်တီးစေပါသည်။ ဘုရားသခင်၏နှုတ်တော်ထွက်တွင်ပါရှိသောအနှစ်ချုပ်အတိုင်း သူ့ကိုပြုပြင်ပေးပါ။

မကျေမချမ်းဖြစ်မှုကို မလိုတမာစိတ်နေစိတ်ထားဆီသို့ရောက်ရှိသွားသည်အထိ ရင့်မှည့်သွားအောင် လက်ကိုင်ထားပြီးမခံစားပါနှင့်။ ကြားရကြသောလူတို့၏စိတ်အတွေးတို့ကို စွန်းထင်းသွားစေသည့် အဆိပ်အတောက်စကားလုံးများအနေအထားသို့ ရောက်ရှိသွားစေသည်အထိ၊ အနာကိုပြည်တည်ပြီး ပေါက်ထွက်သွားစေသောအနေအထားသို့ ရောက်ရှိမသွားပါစေနှင့်။ သင်၏စိတ်အတွေးနှင့် ထိုအဆိပ်အတောက်စကားလုံးတို့ကို ကြားရသောလူ၏စိတ်အတွေးတို့ကို ခါးသီးသောအတွေးမျိုးတို့ဖြင့် ဆက်လက်၍





ဖြည့်ဆည်းခြင်းမပြုပါနှင့်။ သင်၏ညီအစ်ကိုတော်ထံသို့သွားပြီး နှိမ့်ချသောစိတ်နှင့်ရိုးသားသောစိတ်တို့ဖြင့် ပြဿနာကိစ္စရပ်အကြောင်းကို ဆွေးနွေးပြောဆိုပါ။

မှားယွင်းစရာအကြောင်းပေါ်ပေါက်စေသော မည်သည့်အကျင့်စရိုက်ကမျှ တစ်ယောက်ကိုတစ်ယောက်နားလည်မှုလွဲခြင်းနှင့် ကိုယ်ရေးကိုယ်တာစိတ်ဒဏ်ရာဒဏ်ချက်များဆိုင်ရာ ကျေအေးပြေငြိမ်းစေခြင်းအတွက် ဘုရားသခင်က ဖန်တီးထားတော်မူသောအစီအစဉ်ကို ပြောင်းလဲခြင်းမပြုနိုင်ပါ။ အမှားပြုလုပ်သူတစ်ယောက်အား သခင်ခရစ်တော်၏စိတ်နေစိတ်ထားတော်မျိုးဖြင့် တစ်ဦးချင်းတစ်ယောက်ချင်းပြောဆိုဆွေးနွေးခြင်းသည် အခက်အခဲတို့ကိုမကြာခဏဖြင့်ပင် ဖယ်ရှားပစ်နိုင်မည်ဖြစ်သည်။ သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်နှင့် စာနာထောက်ထားစိတ်တို့ကိုနှလုံးသွင်းပြီး၊ အမှားပြုမိနေသူထံသို့သွားရောက်ကာ၊ ပြဿနာနှင့်ပတ်သက်သောအကြောင်းအရာတို့ကို ပြောဆိုနိုင်ရန်အတွက် ကြိုးပမ်းအားထုတ်ပါ။ တည်ငြိမ်စွာနှင့်တိတ်တိတ်ဆိတ်ဆိတ်ဖြင့် အကျိုးသင့်အကြောင်းသင့်ပြောဆိုဆွေးနွေးပါ။ သင်၏နှုတ်ခမ်းသားများမှ စိတ်ဆိုးစရာစကားလုံးများ လွတ်ထွက်မသွားပါစေနှင့်။ သူ၏ပိုမိုကောင်းမွန်သောဆုံးဖြတ်ချက်ထွက်ပေါ်လာရေးအတွက် ဖျောင်းဖျပြောဆိုသောနည်းလမ်းမျိုးဖြင့်သာဆွေးနွေးပါ။ (ယာကုပ် ၅း၂၀) တွင်ဖော်ပြထားသော "အပြစ်ရှိသောသူကို မှားယွင်းသောလမ်းမှပြန်စေသောသူသည် ဝိညာဉ်ကိုသေခြင်းမှကယ်တင်၍ များစွာသောအပြစ်တို့ကိုဖုံးအုပ်တတ်သည်ဟု ထိုသူသည်သိမှတ်စေ" ဆိုသည့်စကားကို သတိတရရှိပါ။

မကျေနပ်မှုဆိုင်ရာရောဂါကို ကုသပေးမည့်ကုထုံးကို သင်၏ညီအစ်ကိုတော်ထံသို့ယူဆောင်လာပါ။ သူ့ကိုကူညီရန်အတွက် သင်၏တာဝန်ကျေပါစေ။ အသင်းတော်၏ငြိမ်သက်ခြင်းချမ်းသာနှင့်စည်းလုံးမှုတို့အတွက် ဤကဲ့သို့လုပ်ဆောင်ရခြင်းအတွက် အခွင့်ထူးတစ်ရပ်ကဲ့သို့အပြင်၊ တာဝန်တစ်ရပ်အဖြစ်ဖြင့်သဘောထားပါ။ အကယ်၍သာသူသည် သင်၏စကားကိုလက်ခံနားထောင်သည်ကပင်လျှင် သင်သည် သူ့အားမိတ်ဆွေတစ်ဦးအဖြစ်ဖြင့် ရယူနေနိုင်ပြီဖြစ်ပါသည်။

စိတ်ဒဏ်ရာရထားသူတစ်ယောက်နှင့် အမှားတွင်းသို့ကျရောက်နေသူတစ်ယောက်တို့၏စပ်ကြား၊ တွေ့ဆုံဆွေးနွေးမှုတွင် အားလုံးသောကောင်းကင်သားတို့သည် စိတ်ဝင်တစားရှိနေကြပါသည်။ အမှားတွင်းကျရောက်နေသူသည် သခင်ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်အားဖြင့် အပြစ်ကိုဖော်ပြပေးသည်ကို လက်ခံလာပြီး၊ သူ၏အမှားကိုဝန်ခံအသိအမှတ်ပြုလာကာ၊ ဘုရားသခင်နှင့်သူ၏ညီအစ်ကိုတော်တို့ထံမှ ခွင့်လွှတ်ခြင်းကို

တောင်းခံလာနေသည့်အလျောက် သူ၏နှလုံးသားသည် ကောင်းကင်ဘုံဆိုင်ရာနေရောင်ခြည်ဖြင့် ပြည့်လျှံလာမည်ဖြစ်သည်။ အငြင်းပွားမှုသည် ချုပ်ငြိမ်းသွားသည့်အလျောက် မိတ်ဆွေဖွဲ့ခြင်းနှင့် တစ်ဦးကိုတစ်ဦးယုံကြည်စိတ်ချမှုသည် ဖြစ်ထွန်းလာမည်ဖြစ်သည်။ ချစ်ခြင်းမေတ္တာ၏ဘိသိက်ဆီသည်လည်း မှားယွင်းမှုကြောင့်ဖြစ်ပေါ်လာရသည့် ပွန်းပဲ့ပေါက်ပြဲနာကျင်ခြင်းတို့ကို ဖယ်ရှားပစ်လိုက်သည်နှင့် ဘုရားသခင်၏ဝိညာဉ်တော်သည် စိတ်နှလုံးတစ်ခုမှတစ်ခုသို့၊ နှောင်ဖွဲ့ပေးတော်မူကာ ပေါ်ပေါက်လာသည့်ပြန်လည်ပေါင်းစည်းမှုအပေါ်တွင် ကောင်းကင်ဘုံမှဂီတသံများ သက်ရောက်လာပေတော့သည်။

ဤကဲ့သို့သော ခရစ်ယာန်ပေါင်းသင်းဆက်ဆံမှုမျိုးဖြင့် စည်းလုံးမှုရှိလာကြသောသူတို့က ဘုရားသခင်ထံတော်သို့ ဆုတောင်းပတ္ထနာပြုကြပြီး၊ မိမိတို့အချင်းချင်းတရားမျှတစွာဖြင့် ပေါင်းသင်းဆက်ဆံကြမည့်အပြင်၊ ကရုဏာတရားကိုချစ်မြတ်နိုးကာ၊ နှိမ့်ချစွာဖြင့် ဘုရားသခင်နှင့်အတူတကွလျှောက်လှမ်းကြမည်ဟု မိမိတို့ကိုယ်ကိုကတိပြုကြသည်အလျောက် ကြီးမားလှသောကောင်းချီးမင်္ဂလာသည် သူတို့အပေါ်သို့သက်ရောက်လာပါသည်။ အကယ်၍သူတို့သည် အခြားသောသူတို့အပေါ် အမှားကျူးလွန်မိကြပါကလည်း၊ သူတို့သည် နောင်တရခြင်း၊ အပြစ်ကိုဝန်ခံခြင်းနှင့်ပြန်လည်ပေးဆပ်ခြင်းအလုပ်တို့ကို ဆက်လက်လုပ်ဆောင်ခြင်းဖြင့် တစ်ယောက်အပေါ်တစ်ယောက်၊ ကောင်းမြတ်သောအရာကိုဆောင်ရွက်ကြရေးကို အပြည့်အဝချမှတ်ထားကြပါသည်။ ဤလုပ်ရပ်သည် သခင်ခရစ်တော်၏ပညတ်တရားတော်ကို ဖြည့်ဆည်းပြည့်စုံစေခြင်းပင်ဖြစ်ပါသည်။

သခင်ခရစ်တော်၏မိန့်တော်မူသော “သို့မဟုတ်သင်၏စကားကိုနားမထောင်လျှင်၊ လူနှစ်ဦးသုံးဦးသက်သေခံ၍ စကားရှိသမျှတို့ကိုတည်စေခြင်းငှာ ကိုယ်နှင့်အတူလူတစ်ဦးနှစ်ဦးကိုခေါ်ဦးလော့” ဆိုသည့်နှုတ်တော်ထွက်အတိုင်း ပြုလုပ်ရပါမည်။ ထိုသို့ပြုရာ၌ သင်နှင့်အတူ ဝိညာဉ်ပကတိစိတ်သဘောရှိကြသောသူတို့ကိုခေါ်ဆောင်ပြီး၊ အမှားပြုမိသူ၏မှားယွင်းမှုနှင့်ပတ်သက်ပြီး ထိုအမှားပြုမိသူနှင့်ပြောဆိုဆွေးနွေးပါ။ ထိုလူအနေဖြင့် သူ၏ညီအစ်ကိုတော်တို့၏စုပေါင်းဖျောင်းဖျပြောဆိုမှုအောက်တွင် အလျှော့ပေးခိုဝင်လာရပါမည်။ ပြဿနာနှင့်ပတ်သက်ပြီး သူ၏ညီအစ်ကိုတော်တို့၏သဘောထားကိုသူကသိရှိလာသည့်အလျောက် သူ၏စိတ်အတွေးသည်လည်း အမြင်မှန်ရလာမည်ဖြစ်သည်။

“ထိုသူတို့၏စကားကိုနားမထောင်လျှင်. . .” မည်သို့သောအခြေအနေဖြစ်ပေါ်လာမည်နည်း။ ဘုတ်အဖွဲ့အစည်းအဝေးတွင်ပါဝင်ကြသောသူတို့အချို့တို့က ထိုအမှားပြုမိသူကို အပေါင်းအသင်းမိတ်ဆွေအနေအထားမှ ဖယ်ကြဉ်ထားရေးအတွက်၊ မိမိတို့ကိုယ်ကိုတာဝန်ယူမှုအနေအထားတွင် တာဝန်ယူဆောင်ရွက်ကြမည်လား။ ဤကဲ့သို့မပြုလုပ်ရပါ။ “ထိုသူတို့၏စကားကိုနားမထောင်လျှင်၊ အသင်းတော်အားကြားပြောလော့။” အသင်းတော်သည် အသင်းဝင်သူများတို့ပတ်သက်ပြီး အရေးယူဆောင်ရွက်မှုကို မိမိဘာသာဆောင်ရွက်ပါစေ။



“. . . အသင်းတော်၏စကားကိုနားမထောင်လျှင်၊ သာသနာပလူကဲ့သို့လည်းကောင်း၊ အခွန်ခံကဲ့သို့လည်းကောင်း ထိုသူကိုမှတ်လော့” ဆိုသည့်အတိုင်း၊ အကယ်၍သူသည် အသင်းတော်၏အသံကို အရေးစိုက်ခြင်းမရှိသည့်အပြင်၊ သူ့အားပြန်လည်ပြုပြင်ခြင်းအတွက် ကြိုးစားဆောင်ရွက်မှုတို့ကို ငြင်းပယ်ပစ်လိုက်သောအခါတွင်မူ၊ သူ့အားအဆွေခင်ပွန်းအဖြစ်မှ ဖယ်ရှားရန် တာဝန်ယူရမှုအပိုင်းသည် အသင်းတော်အပေါ်တွင်ကျရောက်လာပြီဖြစ်သည်။ သူ၏အမည်စာရင်းကိုလည်း အသင်းတော်၏မှတ်တမ်းစာအုပ်မှပယ်ဖျက်ပစ်ရပါမည်။

သခင်ခရစ်တော်ကပေးထားတော်မူခဲ့သော ညွှန်ကြားချက်အတိုင်း၊ သစ္စာရှိစွာဖြင့် လိုက်နာမှုမရှိမချင်း အသင်းတော်၏မှတ်တမ်းစာအုပ်များအတွင်း အမှားပြုမိသူ၏အမည်စာရင်းကို ဖယ်ရှားပစရန် မည်သည့်အသင်းတော်တာဝန်ရှိသူကမျှအကြံပေးခြင်း၊ မည်သည့်ကော်မတီကမျှအကြံပြုထောက်ခံခြင်းအပြင်၊ မည်သည့်အသင်းတော်ကမျှအဆိုပြုတင်ပြခြင်း မပြုလုပ်ရပါ။ ထိုကဲ့သို့လုပ်ဆောင်ပြီးသည်နှင့် အသင်းတော်သည် ဘုရားသခင်၏မျက်မှောက်တော်၌ မိမိကိုယ်ကိုရှင်းလင်းပြီးသားဖြစ်သွားပေမည်။ ဆိုးညစ်မှုတို့ကို သိသာထင်ရှားစေရန်မှာ ဤကဲ့သို့သောပုံစံမျိုးဖြင့်သာလုပ်ဆောင်ရမည်ဖြစ်ပြီး၊ ၎င်းဆိုးညစ်မှုတို့သည် ကျယ်ပြန့်သည်ထက်ကျယ်ပြန့်လာခြင်းမရှိစေရန် ၎င်းကိုပြတ်ပြတ်သားသားဖြင့် ဖယ်ရှားပစ်ရပါမည်။ အသင်းတော်သည် ဘုရားသခင်၏မျက်မှောက်တော်၌ ကျက်သရေညှိုးနွမ်းခြင်းမရှိစေရန်နှင့် သခင်ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံတော်များအတွင်း ဖုံးအုပ်ကာကွယ်ထားခြင်းခံရရန် မိမိ၏ကောင်းမွန်သောအနေအထားနှင့် စင်ကြယ်ခြင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရပါမည်။

အကယ်၍ မှားယွင်းမှုရှိနေသူတစ်ယောက်သည် သခင်ခရစ်တော်၏စည်းမျဉ်းစည်းကမ်းတော်အောက်၌ နောင်တရပြီး၊ အညံ့ခံခိုဝင်လာပါက သူ့အားနောက်ထပ်စစ်ဆေးစုံစမ်းမှုတစ်ခုကို ရင်ဆိုင်စေရပါမည်။ သို့သော်လည်း သူသည် နောင်တရ

ခြင်းမရှိသေးသည့်အပြင်၊ အသင်းတော်၏အပြင်ဘက်တွင် ဆက်လက်ရပ်တည်နေသည့်တိုင်၊ ဘုရားသခင်၏အစေကျွန်တို့အနေဖြင့် သူ့အတွက်လုပ်ဆောင်စရာအလုပ်တစ်ခု ရှိနေဆဲပင်ဖြစ်ပါသည်။ သူသည် နောင်တတရားရှိလာရေးအတွက် ဘုရားသခင်၏ ထိုအစေကျွန်တို့အနေဖြင့် စိတ်အားထက်သန်စွာဖြင့် ကြိုးပမ်းအားထုတ်ကာ၊ သူ့အား အရပြန်လည်ခေါ်ယူရမည်ဖြစ်သည်။ သူ၏ငြင်းပယ်ဆန့်ကျင်မှုသည် မည်သို့ပင်အနှောင့်အယှက်အတားအဆီးဖြစ်စေသည့်တိုင် သန့်ရှင်းသောဝိညာဉ်တော်၏ကြိုးပမ်းမှုတွင် ခိုဝင်လာပြီး၊ အပြစ်ကိုဖော်ပြဝန်ခံခြင်းအားဖြင့် သူ၏အပြစ်ကိုကျောခိုင်းပစ်လိုက်ခြင်းအားဖြင့် ၎င်းလုပ်ရပ်သည် နောင်တတရားရခြင်း၏သက်သေအထောက်အထားပင်ဖြစ်ကာ၊ သူသည်လည်း ခွင့်လွှတ်တော်မူခြင်းကိုခံရပြီး၊ သိုးခြံတွင်းသို့နောက်ထပ်တစ်ဖန်ဝင်လာရေးအတွက် ကြိုဆိုခြင်းခံရပေမည်။ သူ၏ညီအစ်ကိုတော်တို့ကလည်း မှန်ကန်သောနည်းလမ်းမျိုးဖြင့် သူ့အားတိုက်တွန်းအားပေးရမည့်အပြင်၊ အကယ်၍ သူတို့သည်လည်း သူကျင်လည်ခဲ့သောနေရာမျိုးတွင် ကျရောက်ခဲ့ကြပါက စုံစမ်းနှောင့်ယှက်ခြင်းခံရမည်စိုးသော အတွေးမျိုးပေါက်ပြီး၊ ထိုအခြေအနေမျိုးတွင် သူတို့အပေါ်ပြုမူဆက်ဆံစေလိုသည့်အတိုင်း ထိုလူအပေါ်တွင် ပြုမူဆက်ဆံရပါမည်။

သခင်ခရစ်တော်က "ငါအမှန်ဆိုသည်ကား၊ မြေကြီးပေါ်မှာသင်တို့ချည်နှောင်သမျှသည် ကောင်းကင်ဘုံ၌ချည်နှောင်လျက်ရှိလိမ့်မည်။ မြေကြီးပေါ်မှာဖြေလွှတ်သမျှသည် ကောင်းကင်ဘုံ၌ဖြေလွှတ်လျက်ရှိလိမ့်မည်" ဟူ၍မိန့်တော်မူထားပါသည်။

ဤမိန့်တော်မူချက်သည် အားလုံးသောအသက်အရွယ်တို့အတွက် အကျုံးဝင်ပါသည်။ အသင်းတော်အပေါ်တွင် သခင်ခရစ်တော်၏ကိုယ်စားလုပ်ဆောင်ရန်အတွက် တန်ခိုးတော်ကိုပေးအပ်ထားတော်မူပြီးဖြစ်သည်။ ဤမိန့်တော်မူချက်သည် သူ၏လူစုတော်အတွင်း ဘုရားသခင်ကပေးထားတော်မူခဲ့သော စည်းစနစ်နှင့်စည်းကမ်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် သူ၏အသုံးချတော်မူခြင်းခံရသောအရာပင်ဖြစ်ပါသည်။ ၎င်းမိန့်တော်မူချက်၏ကြီးပွားချမ်းသာခြင်း၊ စင်ကြယ်ခြင်းနှင့် စနစ်တကျရှိမှုတို့အပေါ်တွင် လေးစားသမှုရှိခြင်းအပေါ် ထွက်ပေါ်လာသောမေးခွန်းအားလုံးတို့ကို ငြိမ်ကျသွားစေအောင်၊ ထာဝရဘုရားက တန်ခိုးတော်ကို လုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားတော်မူခဲ့ပါသည်။ ၎င်းနှုတ်တော်ထွက်နှင့်ပတ်သက်ကြသောသူတို့တွင် ထိုက်တန်ခြင်းမရှိသည့်အပြင်၊ သမ္မာတရားတော်အပေါ် ဂုဏ်အသရေညှိုးနွမ်းစေသည့် သခင်ခရစ်တော်နှင့် အလားတူခြင်းမရှိသောလုပ်ဆောင်မှုတို့ကို လုပ်ကိုင်ကျင့်ကြံကြသောသူတို့အား ဤနှုတ်



တော်ထွက်အတိုင်း လိုက်လျှောက်ကြသောသူတို့၏အသင်းအဖွဲ့ထဲမှ ဖယ်ထုတ်ပစ်ရမည့်တာဝန်ယူရမှုကို ထိုနှုတ်တော်ထွက်ကို တာဝန်အပ်နှင်းထားတော်မူပါသည်။ ဘုရားသခင်၏နှုတ်တော်ထွက်တွင် ပေးထားသောဦးတည်ရာလမ်းကြောင်းနှင့်အညီ၊ အသင်းတော်ကလုပ်ဆောင်နေသမျှ ကောင်းကင်ဘုံတွင် ထိုအသင်းတော်၏အမည်နာမသည် အတည်ပြုမှတ်သားခံရမည်ဖြစ်သည်။

## အပြစ်လွှတ်ခြင်းတရား

(ယောဟန် ၂၀း၂၃) တွင် သခင်ခရစ်တော်က "အကြင်သူ၏အပြစ်ကိုသင်တို့လွှတ်လျှင်၊ ထိုသူသည် အပြစ်လွှတ်လျက်ရှိ၏။ အကြင်သူ၏အပြစ်ကို သင်တို့တည်စေလျှင်၊ ထိုသူသည် အပြစ်တည်လျက်ရှိ၏" ဟူ၍မိန့်တော်မူခဲ့ပါသည်။ ဤနေရာတွင် အခြားသောသူတို့အပေါ် စီရင်ဆုံးဖြတ်ရေးအတွက် သခင်ခရစ်တော်က မည်သူ့ကိုမျှကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ပေးမထားပါ။ ဤအချက်ကို တောင်ပေါ်ဒေသနာတရားတော်တွင် သူတားမြစ်ထားတော်မူပါသည်။ ဤတားမြစ်တော်မူချက်သည် ဘုရားသခင်၏အထူးအခွင့်အာဏာတော်ဖြစ်ပါသည်။ သို့သော်လည်း အသင်းတော်၏စနစ်တကျစီစဉ်ထားသော လုပ်ဆောင်နိုင်ခွင့်အတွက် အသင်းဝင်သူတစ်ယောက်ချင်းအပေါ် တာဝန်ယူရမှုကို တာဝန်ပေးထားတော်မူပါသည်။ အပြစ်တွင်းကျဆင်းသွားရသောလူတို့ကို အသင်းတော်အနေဖြင့် သတိပေးရန်၊ ညွှန်ကြားရန်နှင့် အကယ်၍ဖြစ်နိုင်ပါက သူတို့ကိုပြန်လည်ပြုစုတည်ဆောက်ပေးရန် တာဝန်ရှိပါသည်။ ရှင်ပေါလုက (၂တိ ၄း၂) တွင် ". . . အပြစ်ကိုဖော်ပြလော့။ ဆုံးမခြင်းကိုပြုလော့။ အလွန်ရှည်သောစိတ်နှင့် ဩဝါဒမျိုးကိုပေး၍ တိုက်တွန်းသွေးဆောင်လော့" ဟူ၍ ဩဝါဒပေးထားခဲ့ပါသည်။

အမှားကိုကျူးလွန်မိသောသူအပေါ် သစ္စာရှိစွာဖြင့်ထိတွေ့ဆက်ဆံပါ။ အန္တရာယ်တွင်းကျရောက်နိုင်ခြေရှိသော အသက်ဝိညာဉ်တိုင်းကိုသတိပေးပါ။ လိမ်လည်ပြောဆိုခြင်း၊ ဥပုသ်နေ့ကိုချိုးဖောက်ခြင်း၊ သူ့ဥစ္စာကိုခိုးယူခြင်း၊ ရုပ်ထုကိုကိုးကွယ်ခြင်းနှင့် အခြားသောဆိုးညစ်မှုတိုင်းတို့နှင့်ပတ်သက်ပြီး ဘုရားသခင်ကမိန့်တော်မူထားချက်တို့ကို ကြေညာပေးပါ။ (ဂလာတိ ၅း၂၁) တွင်၊ ရှင်ပေါလုက ". . . ထိုသို့သောအကျင့်ကိုကျင့်သောသူတို့သည် ဘုရားသခင်၏နိုင်ငံတော်ကို အမွေမခံရကြ။ . . ." ဟူ၍ ဩဝါဒပေးထားခဲ့ပါသေးသည်။ အကယ်၍သူတို့သည် အပြစ်တွင်း၌

သာရှိမြဲရှိနေကြပါက ဘုရားသခင်၏နှုတ်တော်ထွက်မှ သင်ကြောအသိပေထားသော စီရင်ဆုံးဖြတ်ချက်သည် ကောင်းကင်နိုင်ငံတွင်လည်း သူတို့အပေါ်ချမှတ်ပါလိမ့်မည်။ အပြစ်ကိုရွေးချယ်ကြခြင်းအားဖြင့် သူတို့သည် သခင်ခရစ်တော်ကိုစွန့်လွှတ်ရာရောက်သည်အလျောက်၊ အသင်းတော်ကလည်း သူတို့၏လုပ်ဆောင်ချက်တို့ကို လုပ်ပိုင်ခွင့်ပေးမထားကြောင်း၊ သို့မဟုတ် အသင်းတော်ကိုယ်၌က သူ၏သခင်ဘုရား၏ဂုဏ်အသရေတော်ကို ညှိုးနွမ်းအောင်မလုပ်တတ်ကြောင်းကို ပြသပေးရပါမည်။ အပြစ်နှင့်ပတ်သက်ပြီး ဘုရားသခင်က မည်သို့မိန့်တော်မူထားသည်ဆိုခြင်းကို အသင်းတော်က လိုက်လံအသိပေးပြောကြားပေးရပါမည်။ ဘုရားသခင်ညွှန်ကြားတော်မူသည့်အတိုင်း အသင်းတော်သည် အပြစ်တရားနှင့်ထိတွေ့ဆက်ဆံရမည်ဖြစ်ပြီး၊ သူ၏ပြုမူလုပ်ဆောင်မှုသည် ကောင်းကင်ဘုံတွင်အတည်ပြုမှတ်တမ်းတင်ခံရမည်ဖြစ်သည်။ အသင်းတော်လုပ်ပိုင်ခွင့်အာဏာကို မထီမဲ့မြင်ပြုသောသူသည် သခင်ခရစ်တော်ကိုယ်တော်တိုင်၏လုပ်ပိုင်ခွင့်အာဏာတော်ကို မထီမဲ့မြင်ပြုရာရောက်ပါသည်။

သို့သော်လည်း မျှော်လင့်ချက်ရောင်ခြည်ပိုမိုသမ်းနေသော အခြေအနေမျိုးလည်းရှိပါသေးသည်။ "အကြင်သူ၏အပြစ်ကို သင်တို့လွှတ်လျှင်၊ ထိုသူသည် အပြစ်လွှတ်လျက်ရှိ၏။" ဤမိန့်တော်မူချက်ကို အမြင့်ဆုံးသောအနေအထားဖြင့် နှလုံးသွင်းထားရကြပါမည်။ မှားယွင်းသူများအတွက် လုပ်ဆောင်ကြရာတွင် မိမိတို့၏မျက်လုံးတိုင်းကို သခင်ခရစ်တော်အထံတော်ဆီသို့ ရှေးရှုပေးပါ။ သခင်ဘုရား၏စားကျက်မြေရှိ သိုးစုတော်အတွက် အကြင်နာတရားစိတ်မျိုးဖြင့် သိုးထိန်းတို့က ပြုစုစောင့်ရှောက်ကြပါလေစေ။ မှားယွင်းသူများတို့အား ကယ်တင်တော်မူသောအရှင်၏ခွင့်လွှတ်ခြင်းကရုဏာတော်အကြောင်းကို သူတို့က ကြားပြောပေးကြပါစေ။ အပြစ်သားကိုနောင်တရရန်နှင့် ခွင့်လွှတ်ပေးနိုင်တော်မူသူအပေါ် ယုံကြည်မှုထားရှိရန်အတွက် သူတို့က ခွန်အားပေးကြပါစေ။ ဘုရားသခင်၏နှုတ်တော်ထွက်ဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာအားဖြင့်ဖြစ်သော (၁ယော ၁း၉) တွင်ဖော်ပြထားသည့် "ကိုယ်အပြစ်တို့ကိုဖော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်အပြစ်များနှင့်ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့်လည်းကောင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်လည်းကောင်း ပြည့်စုံတော်မူ၏" ဆိုသည့်ကျမ်းချက်ကို သူတို့ကကြေညာပါလေစေ။ နောင်တရကြသူအားလုံးတို့သည် (မိက္ခာ ၇း၁၉) တွင်ဖော်ပြထားသော "ကိုယ်တော်သည် အကျွန်ုပ်တို့ကိုတစ်ဖန်သနား၍၊ အကျွန်ုပ်တို့၏ဒုစရိုက်ရှိသမျှတို့ကို ကျော်နင်းတော်မူလိမ့်မည်။ အကျွန်ုပ်တို့၏



အပြစ်အလုံးစုံတို့ကို နက်နဲသောပင်လယ်ထဲသို့ ချပစ်တော်မူလိမ့်မည်" ဆိုသည့်အာမခံချက်မျိုးကို အပြည့်အဝခံစားရရှိကြမည်ဖြစ်သည်။

အပြစ်သား၏နောင်တရခြင်းကို အသင်းတော်က ကျေးဇူးတင်စရာအဖြစ်ဖြင့်နှလုံးသွင်းကြကာ၊ လက်ခံပေးကြပါစေ။ နောင်တရနေသောသူကို မယုံကြည်မှုအမှောင်တိုက်အတွင်းမှနေပြီး၊ ယုံကြည်ခြင်းနှင့်ဖြောင့်မတ်ခြင်းတရား၏အလင်းရောင်ဆီသို့ဦးဆောင်လမ်းပြခေါ်ဆောင်လာခြင်းခံရပါစေ။ သူ၏တုန်တုန်ယင်ယင်ဖြစ်နေသောလက်ကို ချစ်ခြင်းမေတ္တာတော်နှင့်ပြည့်ဝသော သခင်ယေရှု၏လက်တော်အတွင်းသို့ ထည့်သွင်းထားခြင်းခံရပါလေစေ။ ဤကဲ့သို့သောအပြစ်မှလွှတ်ကင်းစေခြင်းသည် ကောင်းကင်နိုင်ငံတော်၌အတည်ပြုကြောင်း ချမှတ်ခြင်းခံရပေမည်။ "The Desire of Ages," pp. 805, 806, .

–၀–

## tydkif; (12)
# အပြီးသတ်ပြောကြားချက်များ

### **အစေကိုခံခြင်းအတွက်စွမ်းအား**

ကြီးမားသောအန္တရာယ်ကျရောက်နေသည့် ယခုကဲ့သို့သောနေ့ရက်ကာလများအတွင်း ရှင်ပေါလုကဲ့သို့ မိမိကိုယ်ကိုအသုံးချနိုင်ရန်အတွက် မိမိကိုယ်ကိုပညာပေးသင်ယူသူများ၊ ဘုရားသခင်၏အမှုတော်တွင် နက်နဲသောအတွေ့အကြုံရှိကြသူများနှင့် စိတ်အားထက်သန်မှုနှင့်ဖွဲ့မာန်ရှိနေကြသောလူမျိုးတို့ကို အသင်းတော်က လိုအပ်လှပါသည်တကား။ မွန်မြတ်သန့်ရှင်းသောစိတ်ထားနှင့် ကိုယ်ကျိုးစွန့်အနစ်နာခံလိုစိတ်ရှိကြသောသူများကိုလည်းလိုအပ်နေပြီး၊ တာဝန်ယူရမှုနှင့်စစ်ဆေးစုံစမ်းမှုတို့ကိုရှောင်ရှားခြင်းမပြုကြမည့်သူများ၊ ရဲရင့်ပြီးဖြောင့်မတ်မှန်ကန်ကြသောသူများ၊ သခင်ခရစ်တော်က "ဘုန်းအာနုဘော် တော်၏မျှော်လင့်ချက်" ကို သူတို့၏နှလုံးသားများအတွင်း ပုံဖော်ထားတော်မူခြင်းခံရသူများ၊ မိမိတို့၏နှုတ်ခမ်းသားများတို့ကိုသန့်ရှင်းသောမီးဖြင့် တို့ထိခြင်းခံရကြသောသူများတို့သည် "နှုတ်ကပတ်တရားတော်ကိုဟောပြောလော့" ဆိုသည့်မိန့်တော်မူချက်ကို အကောင်အထည်ဖော်ဆောင်ကြမည်ဖြစ်သည်။ ထိုကဲ့သို့သောအမှုတော်ဝန်ထမ်းမျိုးမလုံလောက်မှုကြောင့် ဘုရားသခင်၏အမှုတော်သည် အင်အားချည့်နဲ့လာကာ၊ သေလောက်သောအဆိပ်တစ်ခုအလား၊ ဆိုးရွားလှသောအမှားများတို့သည် ကိုယ်ကျင့်တရားများတို့ကိုစွန်းထင်းစေပြီး၊ လူသားမျိုးနွယ်စုတို့၏ကြီးမားလှသောအစိတ်အပိုင်း၏ မျှော်လင့်ချက်တို့ကို ပျက်စီးစေပါသည်။ "The Acts of the Apostles," p. 507, .

ဒံယေလကဲ့သို့သော ဘုရားသခင်၏မျက်မှောက်တော်တွင်ရှိနေရကြပြီး၊ ကောင်းကင်နိုင်ငံရှိမှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်ခံရကြသောသူများတို့သည် ဒုစရိုက်အပြစ်တွင်သက်ဆင်းနေရသော ဤကမ္ဘာမြေပေါ်တွင် ဘုရားသခင်၏နိုင်ငံတော်ကို အကောင်းဆုံးကိုယ်စားပြုနိုင်ရေးအတွက် အထက်ပါနည်းလမ်းမျိုးဖြင့် မိမိတို့၏စွမ်းရည်တိုင်းကို ပြုစုပျိုးထောင်ပေးကြပါသည်။ ဘုရားသခင်၏အမှုတော်တွင် လုပ်ကိုင်ဆောင်ရွက်နေကြသောအခါတွင် အသိဉာဏ်ဗဟုသုတသည် ကောင်းမြတ်ခြင်းအတွက် စွမ်းအားတစ်ခုဖြစ်သောကြောင့် အသိဉာဏ်ဗဟုသုတကို တိုးမြှင့်ကြွယ်ဝလာ





စေခြင်းသည် မရှိမဖြစ်လိုအပ်လှပါသည်။ ဤကမ္ဘာကြီးသည် ဂရုတစိုက်ရှိသောသူများ၊ ကိုယ်ကျင့်တရားကောင်းသောသူများ၊ နားလည်တတ်ကျွမ်းခြင်းနှင့် ပိုင်းခြားနားလည်တတ်ခြင်းတို့တွင် စဉ်ဆက်မပြတ်ကြီးထွားလာကြသူများတို့ကို လိုအပ်နေပါသည်။ ပုံနှိပ်လုပ်ငန်းသည် လူတို့အတွက် အဓိကလိုအပ်ချက်ဖြစ်ရာတွင် သမ္မာတရားတော်ကို အသီးသီးဘာသာစကားကိုပြောသော လူအမျိုးအနွယ်ခပ်သိမ်းတို့ထံသို့ အဟုန်ပြင်းစွာဖြင့်ရောက်ရှိသွားစေရေးအတွက်၊ ၎င်းသမ္မာတရားတော်ကို အတောင်များတပ်ဆင်ပေးရာရောက်သော ထိုပုံနှိပ်လုပ်ငန်းကို ထူထောင်လိုက်ခြင်းသည် အကောင်းဆုံးသောတစ်ပန်းသာမှုကို ကိုင်ဆောင်ထားခြင်းပင်ဖြစ်သည်။

(လုကာ ၁၄း၂၃) တွင် သခင်က ". . . မြို့ပြင်၊ လမ်းမ၊ ခြံနားသို့သွားဦးလော့။ ငါ့အိမ်ကိုပြည့်စေခြင်းငှာ အနိုင်အထက်ခေါ်သွင်းလော့" ဟူ၍ ကျွန်ုပ်တို့အားတောင်းဆိုထားတော်မူပါသည်။ ဤနှုတ်တော်ထွက်၊ မိန့်တော်မူချက်ကို နာခံလိုက်လျှောက်သည့်အနေဖြင့် ကျွန်ုပ်တို့နှင့်နီးသောနေရာတွင်သော်လည်းကောင်း၊ ကျွန်ုပ်တို့နှင့်ဝေးသောနေရာတွင်သော်လည်းကောင်း ရှိနေကြသောသာသနာပလူနှင့် အခြားသောသူတို့ထံသို့ ကျွန်ုပ်တို့သွားရောက်ရကြပါမည်။ ကယ်တင်တော်မူသောအရှင်သခင်၏ဖိတ်ခေါ်တော်မူခြင်းကို အခွန်ခံသူများနှင့်ပြည့်တန်ဆာများတို့က ကြားသိရကြပါမည်။ ကြင်နာသနားခြင်းနှင့်သည်းခံတတ်သောစိတ်ထားရှိကြသော သူ၏စေတမန်တော်များတို့အားဖြင့် သူ၏ဖိတ်ခေါ်တော်မူခြင်းသည် အပြစ်၏အနိမ့်ကျဆုံးသောနေရာအထိနစ်ဆင်းသွားကြသောလူတို့အား အပေါ်သို့ပြန်လည်ဆွဲတင်ပေးမည်၊ အတင်းတွန်းအားပေးလုပ်ဆောင်စေတတ်သော စွမ်းအားတစ်ခုအဖြစ်သို့ရောက်ရှိလာမည်ဖြစ်သည်။

ခရစ်ယာန်၏ရည်ရွယ်ရင်းများတို့မှာ ကျွန်ုပ်တို့အနေဖြင့် ပုံမှန်ရည်ရွယ်ချက်ရှိရှိဖြင့် မပျောက်ပျက်သွားနိုင်သော စိတ်ပါဝင်စားမှုနှင့် အလျင်စလိုဆောင်ရွက်စေမှုကို အမြဲတစေအရှိန်မြှင့်တင်ပေးခြင်းတို့အားဖြင့် စာတန်မာရ်နတ်က ဖျက်ဆီးပစ်ရန်ကြိုးပမ်းအားထုတ်နေသော အသက်ဝိညာဉ်တို့အတွက် လုပ်ကိုင်ဆောင်ရွက်ပေးရန်ဖြစ်ပါသည်။ ပျောက်ဆုံးသွားသောသိုး၏ကယ်တင်ခြင်းအတွက် မည်သည့်နည်းဖြင့်မျှစိတ်အားထက်သန်မှုအရှိန်ဟုန်ကို အေးတိအေးစက်ဖြစ်မသွားစေရမည့်အပြင်၊ စွမ်းအင်ကိုတမ်းတရပါမည်။

သခင်ခရစ်တော်ထံတော်သို့ အမျိုးသား၊ အမျိုးသမီးများတို့ လာရောက်ကြရန်အတွက် အနူးအညွတ်တောင်းပန်ရန်အတွက် အရေးတကြီးဆောင်ရွက်ရမည်ဆိုသည့်

စိတ်ဓာတ်မျိုးထားရှိရေးကို ဘုရားသခင်၏နှုတ်တော်ထွက်အားဖြင့် မည်ကဲ့သို့ထင်ရှား နေသည်ကို အမှတ်အသားပြုလုပ်ထားပါ။ ကယ်တင်တော်မူသောအရှင်ထံတော်သို့ လူတို့ကိုဆောင်ယူပေးနိုင်ရန်အတွက် လူတစ်ဦးတစ်ယောက်ဆီသို့လည်းကောင်း၊ လူစုလူဝေးတို့တွင်လည်းကောင်း ကျွန်ုပ်တို့သည် အကျိုးသင့်အကြောင်းသင့်ဖြင့် အရာတိုင်းကိုဝေငှပေးပြီး၊ အဆုံးမရှိသော ကြီးလေးသည့်တာဝန်နှင့်ပတ်သက် ရည်ရွယ်ရင်းတိုင်းတို့ကို ဆော်သြပေးနိုင်သည့်အခွင့်အလမ်းတိုင်းကို မလွတ်စတမ်းအသုံးချ ရကြပါမည်။ သူတို့သည် သခင်ယေရှုထံတော်သို့ရှုမျှော်ပြီး၊ သူ၏မိမိကိုယ်ကိုငြင်းပယ် တော်မူခြင်းနှင့် အသက်စွန့်ဆက်ကပ်အပ်နှံတော်မူခြင်းတို့ကို လက်ခံရယူနိုင်ကြရန် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စွမ်းအားရှိသမျှတို့ဖြင့် သူတို့အားနှိုးဆော်ပေးရကြပါမည်။ သခင်ခရစ်တော်၏နာမတော်၏ဂုဏ်တော်ကို ချီးမွမ်းသောအနေဖြင့်အပြင်၊ သူ၏စိတ် နှလုံးကို ရွှင်လန်းခြင်းရှိစေရေးအတွက် သူတို့ကိုပေးထားတော်မူသော သူ၏ ဆုကျေးဇူးတော်တိုင်းတို့ကို သူတို့ကပြန်လည်ပေးအပ်ကြရေးကို ကျွန်ုပ်တို့မျှော်မှန်းထား နေကြသည်ကို ပြသပေးရကြပါမည်။ "Ministry of Healing," pp. 164, 165.

အမှုတော်လုပ်ငန်းတွင် ဘုရားသခင်ကိုလက်ခံနိုင်စေတော်မူသောအရာမှာ ကျွန်ုပ်တို့လုပ်ဆောင်ကြသည့်အချိန်အတိုင်းအတာပမာဏမဟုတ်မူဘဲ၊ ကျွန်ုပ်တို့၏ ကြည်ကြည်ဖြူဖြူလုပ်ဆောင်မှုနှင့် သစ္စာရှိစွာလုပ်ဆောင်ကြခြင်းတို့ပင်ဖြစ်ပါသည်။ ကျွန်ုပ် တို့၏အမှုတော်ဆောင်ရွက်မှုအားလုံးတို့တွင် ကိုယ်ကျိုးအတ္တစိတ်ကိုစွန့်လွှတ်ခြင်းသည် လိုအပ်လှပါသည်။ ရိုးသားဖြူစင်သောသဘောနှင့် မိမိ၏အရေးအရာကိုမေ့ပစ်ထား သောစိတ်ထားမျိုးဖြင့်ဆောင်ရွက်သော အသေးငယ်ဆုံးသောတာဝန်ကိုထမ်းဆောင်ခြင်း သည် ကိုယ်ကျိုးရှာခြင်းဖြင့် ထိခိုက်နစ်နာသော အကြီးမားဆုံးသောအမှုတော်လုပ်ငန်းကို လုပ်ဆောင်ခြင်းထက် ဘုရားသခင်ကိုကြည်နူးစေတော်မူပါသည်။ သခင်ခရစ်တော်၏ ဝိညာဉ်တော်ကို ကျွန်ုပ်တို့မည်မျှရင်ဝယ်ပိုက်ထားကြသည်နှင့် သခင်ခရစ်တော်နှင့် အလားတူစွာလုပ်ဆောင်နေကြသည်ကို ကျွန်ုပ်တို့၏လုပ်ဆောင်မှုက မည်မျှပြသနေသည်ကို သိရှိတော်မူရန်အတွက် သူကကြည့်ရှုနေတော်မူပါသည်။ ကျွန်ုပ်တို့လုပ်ဆောင် ပေးကြသောအမှုတော်လုပ်ငန်း၏ပြီးမြောက်မှုထက်မကသောအတိုင်းအတာထက် ပိုမို များပြားသောချစ်ခြင်းမေတ္တာတော်နှင့် သစ္စာစောင့်သိတော်မူခြင်းတို့ဖြင့် ဂရုပြုတော်မူ ပါသည်။



ကိုယ်ကျိုးအတ္တစိတ်ထားချုပ်ငြိမ်းသွားပြီး၊ ဗိုလ်ကျစိုးမိုးမှုများ ဖယ်ရှားခံရခြင်း တစ်ခုတည်းဖြင့်သာလျှင်၊ ထို့အပြင် စိတ်နှလုံးကိုကျေးဇူးသိတတ်မှုဖြင့်ပြည့်ဝစေပြီး၊ ချစ်ခြင်းမေတ္တာသည် အသက်တာကိုမွှေးရနံ့ဖြင့်သင်းထုံစေခြင်းသည်သာလျှင် အသက် ဝိညာဉ်တွင်းသို့ သခင်ခရစ်တော်က တည်နေတော်မူသည်အလျောက်၊ ကျွန်ုပ်တို့သည် လည်း ဘုရားသခင်နှင့်အတူတကွလုပ်ဆောင်ကြသောသူများအဖြစ်ဖြင့် အသိအမှတ်ပြု ခံလာရကြမည်ဖြစ်သည်။ "Christ'S Object Lessons," p. 402.

ကမ္ဘာပေါ်ရှိ ပြောင်းလဲခြင်းအမှုကိုဆောင်ရွက်ကြသောသူတို့အားလုံးတို့အနေ ဖြင့် ကိုယ်ကျိုးအတ္တအကင်းဆုံး၊ အကြင်နာတတ်ဆုံးနှင့် ရည်မွန်မှုအရှိဆုံးသောသူများ ဖြစ်ရကြပါမည်။ သူတို့၏အသက်တာတို့တွင် ကိုယ်ကျိုးအတ္တကင်းသောအပြုအမူတို့ နှင့်ပတ်သက်သော စစ်မှန်သည့်ကြင်နာမှုမျိုးကို ပြသရကြပါမည်။ ယဉ်ကျေးသော အပြုအမူကင်းမဲ့မှုကိုထင်ရှားစေပြီး၊ အခြားသောသူတို့၏မသိတတ်မှု၊ သို့မဟုတ် ထင်ရာ စိုင်းတတ်မှုတို့အပေါ် စိတ်မရှည်နိုင်ခြင်းကိုပြသကာ၊ အလောတကြီးပြောဆိုတတ်သော၊ သို့မဟုတ် ထောက်ထားစာနာမှုမရှိစွာဖြင့် ကျင့်ကြံပြုမူတတ်သော အမှုတော်လုပ်ငန်း ဝန်ထမ်းသည် စိတ်နှလုံးတို့၏တံခါးကို ပိတ်ထားရာရောက်သည့်အတွက်၊ ထိုနှလုံးသား ပိုင်ရှင်တို့ထံသို့ မည်သည့်အခါမျှသူရောက်ရှိသွားနိုင်မည်မဟုတ်ပါ။

နှင်းစက်နှင်းပေါက်များနှင့် ဆက်လက်သွန်းဖြိုးမြဲရှိနေသော ရေပန်းဖွားများတို့ သည် ညှိုးနွမ်းလာနေသည့်အပင်များပေါ်သို့ ကျရောက်လာကြသကဲ့သို့၊ လူတို့ကို အမှားတွင်းထံမှဆွဲထုတ်လာနိုင်အောင် ကြိုးပမ်းအားထုတ်သောအချိန်တွင် မိမိတို့၏ နှုတ်ထွက်စကားတို့သည် ညင်သာမှုရှိကြပါလေစေ။ စိတ်နှလုံးကိုလက်လှမ်းမီရန်မှာ ဘုရားသခင်၏စီမံတော်မူခြင်းကို ရှေ့တန်းတင်ဦးစားပေးရပါမည်။ အသက်တာကို ပြုပြင်ပြောင်းလဲလာစေခြင်းအတွက် သမ္မာတရားတော်အကြောင်းကို ချစ်ခြင်းမေတ္တာ အားဖြင့်ပြောကြားရမည့်အပြင်၊ ထိုသမ္မာတရားတော်အပေါ် သူ၏တန်ခိုးတော်ကို သက်ရောက်စေတော်မူရေးအတွက် ဘုရားသခင်အပေါ်ယုံကြည်အားကိုးရကြပါမည်။ ချစ်ခြင်းမေတ္တာအားဖြင့် ပြောဆိုသောစကားလုံးမျိုးကို အသက်ဝိညာဉ်ကိုပြောကြားပေး ရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်က အသုံးပြုတော်မူမည်ဖြစ်သည်။

ပင်ကိုအားဖြင့် ကျွန်ုပ်တို့သည် မိမိအရေးကိုသာစိတ်ဝင်စားသော အတ္တဆန် သူများဖြစ်ပြီး၊ မိမိအယူအဆနှင့်ပတ်သက်လာလျှင် ခေါင်းမာသောသူများဖြစ်ကြပါသည်။ သို့သော်လည်း သခင်ခရစ်တော်က ကျွန်ုပ်တို့အား သင်ယူစေလိုတော်မူသောသင်ခန်းစာ

တို့ကို ကျွန်ုပ်တို့က သင်ကြားရယူကြသည်နှင့် ကျွန်ုပ်တို့သည် သူ၏ပင်ကိုသဘာဝကို ဆက်ဆံသူများအဖြစ်သို့ ရောက်ရှိလာကြကာ၊ ထိုအချိန်မှစပြီး ကျွန်ုပ်တို့သည် သူ၏အသက်တာတော်တွင် ရှင်သန်ခြင်းရှိလာကြမည်ဖြစ်သည်။ သခင်ခရစ်တော်၏အံ့သြစရာကောင်းလှသောစံနမူနာဖြစ်သည့် အခြားသောသူတို့၏ခံစားချက်များအတွင်း အနှိုင်းမဲ့သောကြင်နာသနားတတ်မှုဖြင့် ဝင်ရောက်ခံစားတော်မူခဲ့ရာတွင် ငိုကြွေးရကြသောသူတို့နှင့်အတူ ငိုကြွေးတော်မူပြီး၊ ဝမ်းမြောက်ရွှင်လန်းကြသောသူတို့နှင့်အတူ ဝမ်းမြောက်ရွှင်လန်းတော်မူခြင်းသည် သူ၏နောက်တော်သို့ ရိုးသားမှန်ကန်စွာဖြင့် လိုက်လျှောက်ကြသောသူအားလုံးတို့၏အကျင့်စရိုက်တို့အပေါ်တွင် လေးနက်သောသြဇာသက်ရောက်မှုကို ကျရောက်စေတော်မူမည်ဖြစ်သည်။ အကြင်နာတရားပါရှိသောစကားလုံးများနှင့် ပြုမူကျင့်ကြံမှုများတို့ဖြင့် ပင်ပန်းနွမ်းနယ်နေကြသောခြေထောက်တို့အတွက် သက်သောင့်သက်သာရှိသောလမ်းကို ဖန်တီးပေးနိုင်ရန် ကြိုးစားပေးကြမည်ဖြစ်သည်။ "Ministry of Healing," pp. 157, 158.

အသိဉာဏ်ဗဟုသုတကိုသိရှိရုံမျှဖြင့် လုပ်ဆောင်ခြင်းသည် ပညာရေးနှင့်ပတ်သက်ပြီး အမြင့်မားဆုံးသောလုပ်ဆောင်ချက်မဟုတ်ပါသော်လည်း စိတ်အတွေးကိုစိတ်အတွေးနှင့်ထိတွေ့စေပြီး၊ အသက်ဝိညာဉ်ကို အသက်ဝိညာဉ်နှင့်ထိတွေ့ဆက်ဆံစေခြင်းအားဖြင့် လက်ခံရယူနိုင်သော အားဖြည့်သန်စွမ်းစေနိုင်သောစွမ်းအင်မျိုးကို ဝေငှဖြန့်ချိပေးရမည်ဖြစ်သည်။ အသက်တာကို အကျိုးသက်ရောက်စေနိုင်သောအရာမှာ အသက်တာသာလျှင်ဖြစ်ပါသည်။ ကမ္ဘာလောကကြီးကို ကောင်းချီးမင်္ဂလာဖြစ်စေခဲ့သော အသက်ဆက်ပေးနေသည့်စေ့ဆော်မှုတိုင်းကို စီးဆင်းလာစေသောဘုန်းတော်ရှင်အသက်တာနှင့် သုံးနှစ်တာမျှ နေ့စဉ်ထိတွေ့ဆက်ဆံနေရကြသောသူတို့၏အခွင့်ထူးပင်ဖြစ်နေပါသည်တကား။ ချစ်မြတ်နိုးခြင်းအခံရဆုံးသောတပည့်တော်ရှင်ယောဟန်သည် အားလုံးသောအရာတို့၏အထက်တွင်ရှိနေသော သခင်ခရစ်တော်၏မိတ်သဟာယဖွဲ့မှုများအောက်တွင် မိမိကိုယ်ကိုခိုဝင်စေခြင်းဖြင့် ထိုအံ့သြဖွယ်ကောင်းသော အသက်တာ၏တန်ခိုးအောက်တွင် မိမိကိုယ်ကိုခိုလှုံစေခြင်းပင်ဖြစ်ပါသည်။ ရှင်ယောဟန်က (၁ယော ၁း၂) တွင် "ထိုအသက်သည် ထင်ရှားခဲ့ပြီ။ ငါတို့လည်းမြင်ရကြပြီ။ ခမည်းတော်နှင့်အတူရှိဖူး၍၊ ငါတို့အားထင်ရှားခဲ့ပြီးသော ထိုထာဝရအသက်ကို ငါတို့သည် သင်တို့အားသက်သေခံ၍ ပြသကြ၏" ဟူ၍သြဝါဒပေးထားခဲ့ပြီး၊ (ယောဟန် ၁း၁၆) တွင်



လည်း "ထိုသူ၏ပြည့်စုံခြင်းမှလည်း ကျေးဇူးတစ်ပါး၌ထပ်ဆင့်၍ကျေးဇူးတစ်ပါးကို ငါတို့ရှိသမျှသည် ခံရကြပြီ" ဟူ၍ အသိပေးထားခဲ့ပြန်ပါသည်။

ကျွန်ုပ်တို့သခင်ဘုရား၏တမန်တော်များတို့အတွင်း မိမိကိုယ်ကိုဂုဏ်တင်ချီးမြှောက်ကြသောသူများ လုံးဝမပါရှိပါ။ သူတို့၏လုပ်ဆောင်မှုများဆိုင်ရာ အောင်မြင်မှုသည် ဘုရားသခင်ထံတော်ဆီသို့သာ တူရူပြုခဲ့ကြောင်း၊ ပေါ်လွင်ထင်ရှားခဲ့ပါသည်။ ဤလူတို့၏အသက်တာများ၊ သူတို့တိုးမြှင့်ခဲ့ကြသည့်အသက်တာများ၊ သူတို့အားဖြင့် ဘုရားသခင်ကပုံဖော်ထားတော်မူသည့် စွမ်းအားကြီးမားသောအမှုတော်လုပ်ငန်းတို့သည် သင်ပေး၍ရနိုင်သောသူများနှင့် နာခံမှုရှိကြသောသူများတို့အတွက် သူကလုပ်ဆောင်ပေးတော်မူသည့် သက်သေအထောက်အထားတစ်ခုပင်ဖြစ်ပါသည်။ "The Desire of Ages," p. 250.

ယခင်ကာလက နှိမ့်ချသောသဘောသည် ဂုဏ်သရေဖြစ်ခဲ့ပါသည်။ လူတို့ရှေ့တွင် အဆင့်မြင့်သောတာဝန်ကို ထမ်းဆောင်စေတော်မူရန်အတွက် ဘုရားသခင်၏ရှေ့တော်တွင် နှိမ့်ချစွာဖြင့်အမှုတော်ကိုထမ်းရွက်ခဲ့သော ဗတ္တိဇံဆရာယောဟန်ကဲ့သို့သော အမှုတော်ဆောင်လုပ်ငန်းဆိုင်ရာဝန်ထမ်းမျိုးကို ကောင်းကင်နိုင်ငံတော်က ရွေးချယ်နေပါသည်။ ကလေးသူငယ်နှင့်အလားတူညီမှုအရှိဆုံးသော တပည့်တော်သည် ဘုရားသခင်အတွက်လုပ်ဆောင်ပေးသော အမှုတော်လုပ်ငန်းတွင် စွမ်းဆောင်နိုင်စွမ်းအရှိဆုံးဖြစ်ပါသည်။ မိမိကိုယ်ကိုမိမိချီးမြှောက်ရန်မဟုတ်ဘဲ၊ အသက်ဝိညာဉ်များတို့ကိုကယ်ဆယ်ရန်အတွက် ကြိုးပမ်းအားထုတ်သောလူမျိုးနှင့် ကောင်းကင်နိုင်ငံတော်ဆိုင်ရာဗိုလ်ခြေများတို့သည် အတူတကွပူးပေါင်းဆောင်ရွက်နိုင်ကြပါသည်။ ဘုန်းတော်ရှင်၏ပံ့ပိုးတော်မူခြင်းဆိုင်ရာလိုအပ်ချက်ကို အလေးနက်ဆုံးအနေအထားဖြင့် ခံစားမိသောသူသည် ထိုပံ့ပိုးမှုကိုပန်ကြားတောင်းခံမည်ဖြစ်ပြီး၊ သန့်ရှင်းသောဝိညာဉ်တော်ကလည်း အသက်ဝိညာဉ်ကိုခိုင်ခံ့စေသည့်အပြင်၊ မြှင့်တင်ပေးမည့် သခင်ယေရှု၏တဒင်္ဂရူမြင်တော်မူခြင်းကို သူ့အားပေးသနားတော်မူမည်ဖြစ်သည်။ သူသည် သခင်ခရစ်တော်နှင့်မိတ်သဟာယဖွဲ့သည့်အနေအထားမှနေပြီး မိမိတို့၏အပြစ်များအတွင်း ပျက်စီးသွားသောသူတို့အတွက် သွားရောက်လုပ်ဆောင်လာကြမည်ဖြစ်သည်။ များစွာသောပညာဗဟုသုတနှင့်ပြည့်စုံကြပြီး၊ အသိဉာဏ်ပြည့်ဝလှပါသည်ဆိုသော များစွာသောပညာရှိတို့ကျရှုံးနိုင်မည့်အနေအထားတွင် သူ၏အထူးတာဝန်တွင် အောင်မြင်မှုရရှိရန်အတွက် သူသည် ဘိသိက်ပေးခြင်းခံရပါသည်။ "The Desire of Ages," p. 436.

လူတို့ကိုနောင်တတရားရကြရန်အတွက် ပြောပြပေးသောသူသည် ဆုတောင်းခြင်းအားဖြင့် ဘုရားသခင်နှင့်လက်ပွန်းတတီးရှိနေရပါမည်။ သူ့အနေဖြင့် ခွန်အားကြီးမားတော်မူသောအရှင်ကို တွယ်ဖက်ထားရင်း၊ "ကိုယ်တော်သည် အကျွန်ုပ်အားကောင်းချီးပေးတော်မမူလျှင်၊ ကျွန်ုပ်ထံမှထွက်သွားတော်မူစေခြင်းမပြုပါ။ သခင်ခရစ်တော်ထံတော်သို့ အသက်ဝိညာဉ်တို့ကိုပို့ဆောင်ပေးနိုင်ရန်အတွက် အကျွန်ုပ်အားတန်ခိုးတော်ကို ပေးသနားတော်မူပါ" ဆိုသည့်စကားကို ပြောဆိုရပါမည်။

ရှင်ပေါလုက (၂ကော ၁၂း၁၀) တွင် ". . . ငါသည် အားနည်းသောအခါ တန်ခိုးနှင့်ပြည့်စုံလျက်ရှိ၏" ဟူ၍ ပြောပြထားခဲ့ပါသည်။ ကျွန်ုပ်တို့၏အားနည်းချက်နှင့်ပတ်သက်ပြီး၊ ကျွန်ုပ်တို့က အသိတရားတစ်ခုဝင်လာသောအခါတွင် ကျွန်ုပ်တို့၏ မွေးရာပါမဟုတ်သော စွမ်းအားတစ်ခုအပေါ်အမှီပြုရန်အတွက် သင်ခန်းစာရလာကြပါသည်။ ဘုရားသခင်အပေါ်တာဝန်ယူရမည့်အသိမျိုး နှလုံးသားတွင်တည်ရှိနေခြင်းလောက် မည်သည့်အရာမျိုးကမျှ နှလုံးသားတွင်ခိုင်မြဲမှုမရှိနိုင်ပါ။ သခင်ခရစ်တော်၏ခွင့်လွှတ်နေသောချစ်ခြင်းမေတ္တာမျိုးကို ခံယူခြင်းမျိုးလောက်၊ လုပ်ဆောင်မှုဆိုင်ရာအနက်ရှိုင်းဆုံးသောရည်ရွယ်ရင်းဆီသို့ မည်သည့်အရာကမျှ အပြည့်အဝရောက်ရှိသွားခြင်းမရှိနိုင်ပါ။ ကျွန်ုပ်တို့အနေဖြင့် ဘုရားသခင်နှင့်အဆက်အသွယ်ရယူပြီးသည့်နောက် ကျွန်ုပ်တို့၏မိတ်ဆွေအပေါင်းအသင်းတို့နှင့် အဆက်အသွယ်ရယူနိုင်ကြရေးအတွက် ကျွန်ုပ်တို့အား အထောက်အကူပြုပေးနိုင်သည့် သူ၏သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ကျွန်ုပ်တို့သည် ပြည့်လျှံလာကြမည်ဖြစ်သည်။

ထို့နောက်တွင် သခင်ခရစ်တော်အားဖြင့် ပေါ်ပေါက်လာသောရွှင်လန်းခြင်းသည် ဘုရားသခင်နှင့်ချိတ်ဆက်လာစေသောအနေအထားသို့ သင့်အားရောက်ရှိလာစေသည့်အပြင်၊ ကောင်းကင်နိုင်ငံတော်ဆိုင်ရာ မိသားစုဝင်များအဖြစ်သို့ ရောက်ရှိလာကြမည်ဖြစ်သည်။ သင့်အနေဖြင့် သင့်ကိုယ်ကိုထက် ပိုမိုမြင့်မားစွာဖြင့်ရှုမြင်ကြည့်မည်ဆိုပါက၊ လူသားတို့၏အားနည်းချက်ကို စဉ်ဆက်မပြတ်သောခံစားမှုမျိုးဖြင့် ခံစားလာမိမည်ဖြစ်သည်။ ကိုယ်ကျိုးအတ္တစိတ်မြတ်နိုးမှုကို လျှော့ချနိုင်လေလေ၊ သင်၏ကယ်တင်တော်မူသောအရှင်၏မြင့်မြတ်တော်မူခြင်းအပေါ် ပိုမိုပြတ်သားပြီး၊ ပိုမိုပြည့်ဝသည့်သဘောပေါက်နားလည်နိုင်စွမ်းမျိုးကို သင်ရရှိလာနိုင်မည်ဖြစ်သည်။ အလင်းတရားနှင့်တန်ခိုးတော်၏မူလအမြစ်တော်ဖြင့် သင့်ကိုယ်ကိုပိုမိုနီးကပ်စွာချိတ်ဆက်နိုင်လေလေ၊ ပိုမိုကြီးမားသောအလင်းတရားသည် သင့်အပေါ်တွင်သက်ရောက်လာမည့်အပြင်၊ ဘုရားသခင်အတွက်



အမှုတော်ထမ်းဆောင်ရန် ပိုမိုကြီးမားသောစွမ်းအားသည် သင့်အတွက်ဖြစ်လာ ပေမည်။ "The Desire of Ages," p. 493.

ကျွန်ုပ်တို့ဆောင်ရွက်ရသောအမှုတော်လုပ်ငန်းတွင် ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းဆိုင်ရာ၊ လက်တွေ့ကျသောရလဒ်များတို့လောက် မည်သည့်အရာကမျှပိုမို၍ လိုအပ်မှုမရှိကြပါ။ ကယ်တင်တော်မူသောအရှင်၌ ကျွန်ုပ်တို့ရရှိကြသော ငြိမ်သက်ခြင်းနှင့်ငြိမ်ဝပ်ခြင်းချမ်းသာမျိုးကို နေ့စဉ်အသက်တာတွင် ကျွန်ုပ်တို့ပြသရကြပါမည်။ ကျွန်ုပ်တို့၏နှလုံးသားအတွင်းရှိနေသော သူ၏ငြိမ်သက်ခြင်းချမ်းသာသည် ကျွန်ုပ်တို့၏မျက်နှာသွင်ပြင်တွင် ထွန်းလင်းတောက်ပနေရပါမည်။ ၎င်းငြိမ်သက်ခြင်းသည် ကျွန်ုပ်တို့၏ ပြောသံဆိုသံတို့တွင် ကျလောက်အောင်အပြောကောင်းသောစွမ်းအားမျိုးကို သက်ရောက်စေပါလိမ့်မည်။ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းသည် အကျင့်စရိုက်နှင့်အသက်တာကို မြင့်မြတ်လာစေပါလိမ့်မည်။ ကျွန်ုပ်တို့သည် အဦးဆုံးသောတပည့်တော်တို့နှင့် အလားတူစွာ သခင်ယေရှုနှင့်အတူတကွရှိနေကြသည့် ကျွန်ုပ်တို့၏အသိဉာဏ်ဗဟုသုတမျိုးကို လူတို့သည် ရယူကြမည်ဖြစ်သည်။ ဤအသိဉာဏ်ဗဟုသုတမျိုးသည် မည်သည့်အရာတစ်စုံတစ်ခုကမျှ အမှုတော်ဆောင်တို့ကို ပေးနိုင်စွမ်းမရှိသောစွမ်းအားကို ဖြန့်ဝေပေးမည်ဖြစ်သည်။ ထိုအမှုတော်ဆောင်သည်လည်း ဤစွမ်းအားအားဖြင့် မိမိကိုယ်ကိုဆုံးရှုံးသွားစေနိုင်သည့်အနေအထားမျိုးကို ခွင့်ပြုပေးရမည်မဟုတ်ပါ။

ကျွန်ုပ်တို့သည် ချိန်ဆဆင်ခြင်တွေးတောပြီး ကျင့်ကြံပြုမူသောအသက်တာမျိုးနှင့် တိတ်ဆိတ်သောဆုတောင်းခြင်းနှင့် စိတ်အားထက်သန်မှုရှိသော လုပ်ဆောင်တတ်သောအသက်တာနှစ်ခုဖြင့် ရှင်သန်ရကြပါမည်။ ဘုရားသခင်နှင့်အတူမိတ်သဟာယဖွဲ့ခြင်းအားဖြင့် ရရှိသောခွန်အား စိတ်အတွေးကို ထောက်ထားစာနာတတ်မှုနှင့် စောင့်ရှောက်လိုသောစိတ်ထားမျိုးရှိစေရေးအတွက် ထက်သန်သောကြိုးစားအားထုတ်မှုမျိုးဖြင့် သင်တန်းပို့ချခြင်းဖြင့်ပေါင်းစပ်ပြီး၊ မည်သို့ပင်သည်းခံနိုင်ရန်ခဲယဉ်းလှသောပတ်ဝန်းကျင်အခြေအနေမျိုးတွင်ကျရောက်နေပါစေ၊ လူတစ်ယောက်ကိုနေ့စဉ်တာဝန်ဝတ္တရားများကိုထမ်းဆောင်ရန်နှင့် ငြိမ်သက်ခြင်းချမ်းသာတွင် စိတ်ဝိညာဉ်ကိုထားရှိရန်အတွက် ပြင်ဆင်ပေးရပါမည်။ "Ministry of Healing," p. 512.

ကမ္ဘာမြေကြီးပေါ်တွင်ရှိတော်မူစဉ်အခါကလည်း သခင်ခရစ်တော်သည် သူလိုအပ်တော်မူခဲ့သော သူ့ခမည်းတော်၏ကျေးဇူးတော်ဆိုင်ရာ လန်းဆန်းသောထောက်မတော်မူခြင်းအတွက် နေ့စဉ်တောင်းခံတော်မူခဲ့ခြင်းနှင့် ဘုရားသခင်နှင့်ဤကဲ့သို့မိတ်သဟာယ

ဖွဲ့ခြင်းမှနေပြီး သူသည် အခြားသောသူတို့အား ခိုင်ခံ့စေတော်မူသည့်အပြင်၊ ကောင်းချီးပေးတော်မူခဲ့သည့်ဗဟုသုတတွင် အထွတ်အမြတ်ထားခြင်းခံထားရသောအမှုတော်ဆောင်အတွက် အံ့သြဖွယ်ကောင်းသော ဖြေသိမ့်စရာရှိနေပါသည်။

သူ၏အဖခမည်းတော်ထံသို့ ဦးညွှတ်ဆုတောင်းတော်မူခဲ့သော ဘုရားသခင်၏သားတော်ကို လှမ်းမျှော်ကြည့်ရှုပါ။ သူသည် ဘုရားသခင်၏သားတော်ဖြစ်တော်မူသည့်တိုင် ဆုတောင်းတော်မူခြင်းအားဖြင့် သူ၏ယုံကြည်ခြင်းကို ခိုင်ခံ့စေတော်မူခဲ့ပြီး၊ ဆိုးညစ်မှုကိုခုခံတွန်းလှန်တော်မူရန်နှင့် လူတို့၏လိုအပ်မှုတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးတော်မူရန်အတွက် မိမိကိုယ်၌အတွက် တန်ခိုးကိုစုစည်းနိုင်ရန် ကောင်းကင်ဘုံနှင့်မိတ်သဟာယဖွဲ့တော်မူခဲ့ပါသည်။ ကျွန်ုပ်တို့၏ညီနောင်သားချင်းတွင် ဩရသသာကြီးဖြစ်တော်မူသည်အလျောက်၊ အားအင်ချည့်နဲ့ခြင်း၏ဖိစီးမှုကို ခံရကြသည့်အပြင်၊ အပြစ်တရားနှင့်စုံစမ်းနှောင့်ယှက်ခြင်းနှင့်အတိပြီးသောကမ္ဘာကြီးတွင် နေထိုင်ရကြသည့်တိုင်၊ သူ့အားအစေခံကြရန်အတွက် ဆန္ဒရှိနေကြဆဲဖြစ်သော လူတို့၏လိုအပ်ချက်တို့ကို သိရှိတော်မူပါသည်။ သူက စေလွှတ်တော်မူခြင်းနှင့်လိုက်ဖက်မှုရှိသည်ဟု မြင်တွေ့တော်မူသောစေတမန်တို့သည် အားနည်းမှုရှိကြသည့်အပြင်၊ အမှားလုပ်မိတတ်ကြသည်ကို သိရှိတော်မူသော်လည်း သူ၏အမှုတော်လုပ်ငန်းတွင် မိမိတို့ကိုယ်ကိုလုံးလုံးလျားလျားအပ်နှံထားကြသောသူအားလုံးတို့အား ဘုန်းတော်ရှင်ဆိုင်ရာအထောက်အပံ့မျိုးကို ရရှိကြရန်အတွက် ကတိပေးတော်မူပါသည်။ သူ၏ကိုယ်ပိုင်စံပြနမူနာတစ်ခုမှာ အပြစ်တရားနှင့်ဆင်နွှဲနေရသောတိုက်ပွဲအတွင်း လူတို့အား သန့်ရှင်းသောဝိညာဉ်တော်၏အထောက်အပံ့ကိုပေးအပ်ရေးအတွက်၊ ထောက်ကူမှုပြုပေးမည့်ဘုရားသခင်အပေါ်အပြည့်အဝအမှီအခိုပြုပြီး၊ သူ၏အမှုတော်တွင် လုံးလုံးလျားလျားဆက်ကပ်ထားသည့်ယုံကြည်ခြင်းမျိုးဖြင့် စိတ်အားထက်သန်မှုရှိပြီး၊ ခွဲရှိရှိဖြင့် ဘုရားသခင်ထံတော်သို့ အသနားခံတောင်းလျှောက်လိုစိတ်ရှိသော အာမခံချက်တစ်ရပ်ပင်ဖြစ်ပါသည်။

သခင်ခရစ်တော်၏စံပြနမူနာတော်အတိုင်း လိုက်လျှောက်ကြသောအမှုတော်ဆောင်တိုင်းသည် ကမ္ဘာမြေကြီး၏စပါးရိတ်သိမ်းချိန်ကာလတွင် ရင့်မှည့်နေသောစပါးတို့ကိုရိတ်သိမ်းရန်အတွက် သူ၏အသင်းတော်အားပေးအပ်တော်မူရန် ကတိပေးထားခဲ့တော်မူသည့်တန်ခိုးတော်ကို လက်ခံရယူကြရေးအတွက် ပြင်ဆင်ထားရကြပါမည်။ တစ်မနက်ပြီးတစ်နက်ဖြင့်ပင် ဧဝံဂေလိတရားတော်၏ရှေ့ပြေးသံတော်ဆင့်တို့သည် သခင်ဘုရား၏မျက်မှောက်တော်၌ပျပ်ဝပ်ကြရင်း၊ သူ၏ထံတော်သို့ ဆက်ကပ်ခြင်း





ဆိုင်ရာ သူတို့၏အသစ်တစ်ဖန်သစ္စာကတိပြုခြင်းအတွက် သူသည် သူ၏ဝိညာဉ်တော်ရှိနေတော်မူခြင်းနှင့် ၎င်းဝိညာဉ်တော်၏ပြန်လည်နိုးကြားပြီး မြင့်မြတ်သန့်ရှင်းသည့်တန်ခိုးဖြင့်ပါ ရှိနေမည့်အကြောင်းကို သူတို့အား အာမခံချက်ပေးတော်မူမည်ဖြစ်သည်။ တစ်နေ့တာ၏တာဝန်များဆီသို့ သူတို့ထွက်သွားကြသည်အလျောက် သန့်ရှင်းသောဝိညာဉ်တော်၏တွေ့မြင်ရနိုင်ခြင်းမရှိသော အထူးကိုယ်စားပြုသူသည် သူတို့အား (၁ကော ၃း၉) တွင်ဖော်ပြထားသည့် "ငါတို့သည် ဘုရားသခင်ထံ၌အလုပ်လုပ်သောသူချင်းဖြစ်ကြ၏။ . . ." ဆိုသောသူများတို့၏အနေအထားသို့ ရောက်ရှိကြရန်အတွက် အထောက်အကူပြုပေးပါတော့သည်။ "The Acts of the Apostles," p. 56.

## အစေကိုခံခြင်း၏ဆုလာဘ်

သခင်ခရစ်တော်က၊ (လုကာ ၁၄း၁၂–၁၄) တွင် ". . . သင်သည် နံနက်စာ၊ ညစာလုပ်ကျွေးသောအခါ၊ အဆွေခင်ပွန်း၊ ညီအစ်ကိုအမျိုးသားချင်း၊ ငွေရတတ်သောအိမ်နီးချင်းများကို မခေါ်မဖိတ်နှင့်။ ထိုသို့ခေါ်ဖိတ်လျှင်၊ သူတို့သည် နောက်တစ်ဖန်သင့်ကိုခေါ်ဖိတ်၍ ကျေးဇူးဆပ်ကြလိမ့်မည်။ သင်သည် ပွဲခံသောအခါ ဆင်းရဲသောသူ၊ အင်္ဂါချို့တဲ့သောသူ၊ ခြေမစွမ်းသောသူ၊ မျက်စိကန်းသောသူများကို ခေါ်ဖိတ်လော့။ ထိုသို့ခေါ်ဖိတ်လျှင် မင်္ဂလာရှိလိမ့်မည်။ အကြောင်းမူကား၊ ထိုသူတို့သည် ကျေးဇူးမဆပ်နိုင်သည်ဖြစ်၍၊ ဖြောင့်မတ်သောသူတို့သည် ထမြောက်သည်ကာလ၌ သင်သည် ကျေးဇူးဆပ်ခြင်းအကျိုးကိုခံရလတ္တံ့။ . . ." ဟူ၍မိန့်တော်မူထားပါသည်။

ဤမိန့်တော်မူချက်များအတွင်း သခင်ခရစ်တော်သည် လောကကမ္ဘာ၏ကိုယ်ကျိုးရှာမှုအလေ့အထများနှင့် သူ၏ကိုယ်ပိုင်အသက်တာတွင် ပြသပေးခဲ့သောစံပြနမူနာဖြစ်သည့် ကိုယ်ကျိုးအတ္တကင်းမဲ့သောအမှုတော်ဆောင်ခြင်းတို့၏စပ်ကြား၊ ဆန့်ကျင်ကွဲလွဲချက်တစ်ခုကို ဆွဲထုတ်ပြသထားတော်မူခဲ့ပါသည်။ ထိုကဲ့သို့သောအမှုတော်ဆောင်ခြင်းအတွက် သူသည် လောကီဆိုင်ရာရယူလိုမှု၊ သို့မဟုတ် အသိအမှတ်ပြုခံရရေးနှင့်ပတ်သက်သည့် မည်သည့်ဆုလာဘ်မျိုးကိုမျှ ကမ်းလှမ်းတောင်းဆိုတော်မူခဲ့ခြင်းမရှိပါ။ ထိုကြောင့် သူက၊ ". . . ဖြောင့်မတ်သောသူတို့သည် ထမြောက်သည်ကာလ၌ သင်သည် ကျေးဇူးဆပ်ခြင်းအကျိုးကိုခံရလတ္တံ့။ . . ." ဟူ၍ မိန့်တော်မူခဲ့ခြင်းဖြစ်ပါသည်။

ဤသို့အားဖြင့် အသက်တာတိုင်းတို့၏ရလဒ်များတို့သည် ထင်ရှားလာမည်ဖြစ်ပြီး၊ လူတိုင်းသည် မိမိတို့စိုက်ပျိုးခဲ့သည့်အတိုင်း ရိတ်သိမ်းရကြမည်ဖြစ်သည်။

ဘုရားသခင်အတွက်လုပ်ကိုင်ဆောင်ရွက်ပေးကြသော အမှုတော်ဆောင်တိုင်းအတွက် ဤအတွေးအခေါ်သည် အားတက်စေသည့်အရာတစ်ခုအဖြစ်အပြင်၊ တိုက်တွန်းအားပေးသောအရာတစ်ခုလည်းဖြစ်ပါသည်။ ဤအသက်တာတွင် ဘုရားသခင်အတွက် ကျွန်ုပ်တို့၏လုပ်ကိုင်ဆောင်ရွက်မှုသည် မကြာခဏဖြင့်ပင် အသီးကင်းမဲ့သည့်အနေအထားမျိုးသို့ ရောက်ရှိလုနီးပါးဖြစ်နေဟန်ရှိပါသည်။ ကျွန်ုပ်တို့သည် ကောင်းသောအရာကိုလုပ်ဆောင်ရန်အတွက် ကြိုးပမ်းအားထုတ်ရာတွင် စိတ်အားထက်သန်မှုနှင့်လုံ့လဝီရိယရှိရှိဖြင့် လုပ်ဆောင်ရကြသည့်တိုင်၊ ထိုကြိုးပမ်းအားထုတ်မှုတို့၏အကျိုးရလဒ်များကိုသက်သေခံကြရန်အတွက် ခွင့်ပြုခြင်းမခံရနိုင်ပါ။ ကျွန်ုပ်အတွက်သာဆိုလျှင်၊ ကြိုးပမ်းအားထုတ်မှုသည် ဆုံးရှုံးမှုအဖြစ်ရှိနေဟန်ပြုပါသည်။ သို့သော်လည်း ကျွန်ုပ်တို့၏အမှုတော်ဆောင်ရွက်မှုသည် ကောင်းကင်ဘုံတွင်မှတ်တမ်းတင်ခံရမည်ကို ကယ်တင်တော်မူသောအရှင်က သေချာစေတော်မူခြင်းကြောင့် ကျွန်ုပ်တို့၏ချီးမြှင့်ခံရမှုသည်လည်းပျက်ပြယ်သွားခြင်းမရှိနိုင်ပါ။ သန့်ရှင်းသောဝိညာဉ်တော်၏စေ့ဆော်မှုဖြင့် ရှင်ပေါလုက၊ (ဂလာတိ ၆း၉) တွင် "ငါတို့သည် အားမလျော့၊ စိတ်မပျက်ဘဲ ကောင်းသောအကျင့်ကိုကျင့်ကြကုန်အံ့။ ထိုသို့တည်ကြည်၍ကျင့်လျှင်၊ အချိန်တန်သောကာလ၌ အသီးအနှံကိုရိတ်ရကြလိမ့်မည်" ဟူ၍ ဩဝါဒစာရေးသားခဲ့ပါသည်။ ထို့အပြင်၊ ဆာလံဆရာက (ဆာလံ ၁၂၆း၆) တွင်ရေးသားထားသော သူ၏စကားလုံးများကို "မျက်ရည်ကျလျက်ကြဲရန် မျိုးစေ့ကိုဆောင်၍ထွက်သွားသောသူသည် ကောက်လှိုင်းများကိုဆောင်လျက်ရွှင်လန်းသောစိတ်နှင့် အမှန်ပြန်လာလိမ့်မည်" ဟူ၍ ကျွန်ုပ်တို့ဖတ်ရှုရကြပါသည်။

သခင်ခရစ်တော်၏ဒုတိယအကြိမ်ကြွလာတော်မူပြီး၊ ကြီးမားလှသောနောက်ဆုံးဆုလာဘ်ကို ပေးသနားတော်မူသောအချိန်အတွင်း၊ ဘုရားသခင်အတွက် သဘောထားအမှန်ဖြင့် အမှုတော်ကိုထမ်းဆောင်ကြသောသူတို့သည် ထိုအချိန်တွင်သာ ချီးမြှောက်ခံနေရသည်သာမကဘဲ၊ လက်ရှိဤလောက၌ အသက်ရှင်ထင်ရှားချိန်တွင်လည်း ဆုလာဘ်ချီးမြှောက်ခြင်းကို ခံစားရကြမည်ဖြစ်သည်။ အမှုတော်လုပ်ငန်းကိုထမ်းဆောင်ကြသောအမှုတော်ဆောင်သည် အဟန့်အတားခံရမှု၊ အတိုက်အခံပြုခံရမှု၊ ခါးသီးမှုနှင့် ကြေကွဲဖွယ်သောစိတ်ပျက်အားလျော့စေမှုများတို့နှင့် ရင်ဆိုင်ရမည်သာဖြစ်သည်။ သူ၏ပင်ပန်းတကြီးလုပ်ဆောင်ရမှု၏အသီးအပွင့်ကို တွေ့မြင်ရခြင်းမရှိနိုင်သော



အခြေအနေမျိုးလည်း ရှိနိုင်ပေမည်။ သို့သော်လည်း ဤအခက်အခဲအားလုံးတို့ကိုရင်ဆိုင်ရသည့်တိုင်၊ သူ၏လုပ်ဆောင်မှုအတွင်း ဆုလာဘ်ချီးမြှင့်ခံရသည့်အနေဖြင့် ကောင်းချီးမင်္ဂလာကိုခံစားရမည်ဖြစ်သည်။ လူသားမျိုးနွယ်တို့အတွက် အတ္တကင်းကင်းဖြင့် အမှုတော်ကိုထမ်းဆောင်ကြသော အားလုံးသောသူတို့သည် မိမိတို့ကိုယ်ကိုဘုရားသခင်ထံတော်၌ အညံ့ခံခိုဝင်ကြသည်အလျောက် ဘုန်းအာနုဘော်တော်၏အရှင်ထာဝရဘုရားနှင့် ပူးပေါင်းဆောင်ရွက်နေကြပါသည်။ ဤအတ္တကင်းကင်းဖြင့် အမှုတော်ကိုထမ်းဆောင်လိုသောသဘောထားတွေးခေါ်မှုသည် အားလုံးသောပင်ပန်းတကြီးလုပ်ဆောင်ရမှုကို ချိုမြိန်မှုရှိလာစေပြီး၊ စိတ်စွမ်းအားကိုတောင့်ခံထားစေနိုင်ကာ ကြုံတွေ့လာနိုင်ဖွယ်ရာရှိသော မည်သည့်အဖြစ်ဆိုးကိုမဆိုရင်ဆိုင်နိုင်ရန်အတွက် စိတ်ဓာတ်ကိုခိုင်မာလာစေပါသည်။ အတ္တကင်းသောနှလုံးသားနှင့်လုပ်ကိုင်ပြီး၊ သခင်ခရစ်တော်၏ဆင်းရဲဒုက္ခများတို့နှင့် ဆက်ဆံသူများတို့၏အထောက်အကူပြုပေးခြင်းအပြင်၊ သူ၏စာနာထောက်ထားတော်မူသောစိတ်နှလုံးတော်ကို မျှဝေပေးကြခြင်းအားဖြင့် သူတို့သည် သခင်ခရစ်တော်၏ဝမ်းမြောက်တော်မူခြင်းဒီရေကို ထကြွလာစေရန်အတွက် ကူညီပေးရာရောက်သည့်အပြင်၊ ချီးမြှောက်ခြင်းခံထားရပြီးသော သူ၏နာမတော်ကို ဂုဏ်ပြုချီးမွမ်းရာရောက်ပါသည်။ ဘုရားသခင်နှင့်သော်လည်းကောင်း၊ သခင်ခရစ်တော်နှင့်သော်လည်းကောင်း၊ ထို့အပြင် သန့်ရှင်းသောကောင်းကင်တမန်များတို့နှင့်သော်လည်းကောင်း၊ ဖော်ရွေရင်းနှီးစွာဆက်ဆံကြခြင်းအားဖြင့် သူတို့သည် ကောင်းကင်နိုင်ငံတော်၏အငွေ့အသက်လေထုဝန်းကျင်မျိုးဖြင့် ဝန်းရံခြင်းခံရကြမည်ဖြစ်ပြီး၊ ထိုလေထုဝန်းကျင်မျိုးသည် ခန္ဓာကိုယ်ကိုကျန်းမာစေပြီး ဉာဏ်စွမ်းကိုနိုးကြားစေကာ၊ အသက်ဝိညာဉ်ကိုဝမ်းမြောက်မှုရှိစေပါသည်။

ဘုရားသခင်၏အမှုတော်တွင် ခန္ဓာကိုယ်၊ စိတ်ဝိညာဉ်နှင့်စိတ်ဓာတ်တို့ကိုရည်စူးဆက်ကပ်ထားကြသောသူအားလုံးတို့သည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့်ဝိညာဉ်ရေးဆိုင်ရာစွမ်းအားများတို့အတွက် အသစ်သောပံ့ပိုးမှုကို စဉ်ဆက်မပြတ်ဖြင့်ခံစားရရှိလာကြမည်ဖြစ်သည်။ သူတို့၏ကွပ်ကဲရာဌာနများအတွင်း ကောင်းကင်နိုင်ငံတော်ဆိုင်ရာ မကုန်ခန်းနိုင်သောအထောက်အပံ့များရှိနေမည်ဖြစ်သည်။ သခင်ခရစ်တော်သည် သူ၏ကိုယ်ပိုင်ဝိညာဉ်တော်ဆိုင်ရာ ထွက်သက်ဝင်သက်တော်အပြင်၊ သူ၏ကိုယ်တော်တိုင်အသက်တာမျိုးဖြစ်သောအသက်တာကို သူတို့အားပေးအပ်တော်မူပါမည်။

သန့်ရှင်းသောဝိညာဉ်တော်သည်လည်း နှလုံးသားနှင့်စိတ်အတွေးများအတွင်းသို့ ဖြည့်သွင်းထားရန်အတွက် သူ၏အမြင့်ဆုံးသောစွမ်းအားတော်များကို ထည့်သွင်းပေးထားတော်မူပါမည်။

ထာဝရဘုရား၏နှုတ်တော်ထွက်ကို (ဟေရှာယ ၅၈း၈–၁၁) တွင် “သို့ပြုလျှင်၊ သင်၏အလင်းသည် မိုးသောက်သောအလင်းကဲ့သို့ပေါ်ထွန်း၍၊ အလျင်အမြန်ကျန်းမာခြင်းသို့ရောက်လိမ့်မည်။ . . . သို့ပြုလျှင်၊ ထာဝရဘုရားသည် သင်ခေါ်သောအခါထူးတော်မူလိမ့်မည်။ အော်ဟစ်သောအခါ၊ ငါရှိသည်ဟုမိန့်တော်မူလိမ့်မည်။ . . . မရှင်းလင်းသောအရာမှာ သင်၏အလင်းသည်ပေါ်ထွန်း၍၊ သင်၏မှောင်မိုက်သည်မွန်းတည့်အလင်းကဲ့သို့ဖြစ်လိမ့်မည်။ ထာဝရဘုရားသည် သင့်ကိုအစဉ်ပဲ့ပြင်တော်မူမည်။ အစာခေါင်းပါးသည်ကာလ၌ဝစွာကျွေး၍၊ သင်၏အရိုးတို့ကိုခိုင်ခံ့စေတော်မူမည်။ သင်သည်ရေလောင်းသောဥယျာဉ်ကဲ့သို့လည်းကောင်း၊ ရေမပြတ်နိုင်သောစမ်းရေတွင်းကဲ့သို့လည်းကောင်း ဖြစ်လိမ့်မည်” ဟူ၍ဖော်ပြထားပါသည်။

ဒုက္ခခံစားနေရကြသော သူ၏လူစုတော်တို့အတွက် အမှုတော်ကိုထမ်းရွက်ပေးသောသူတို့အား ဘုရားသခင်သည် များစွာသောကတိတော်တို့ကို ပေးထားတော်မူပါသည်။ သူက (ဆာလံ ၄၁း၁–၃) တွင် “ဆင်းရဲသောသူကိုအောက်မေ့သောသူသည် မင်္ဂလာရှိ၏။ ခဲယဉ်းသောကာလ၌ ထိုသူကိုထာဝရဘုရားကယ်နှုတ်တော်မူမည်။ ထာဝရဘုရားသည်စောင့်မ၍ အသက်ချမ်းသာပေးတော်မူသဖြင့်၊ ထိုသူသည် ပြည်တော်၌ကောင်းချီးမင်္ဂလာကိုခံရလိမ့်မည်။ ထိုသူကိုရန်သူတို့အလိုသို့ ကိုယ်တော်သည်အပ်တော်မမူပါ။ သူသည် နာဖျား၍တုံးလုံးနေသောအခါ၊ ထာဝရဘုရားသည် ထောက်ပင့်တော်မူမည်။ နာ၍နေစဉ်ကာလ ကိုယ်တော်သည် သူ၏အိပ်ရာရှိသမျှကို လှန်ပြန်တော်မူမည်” ဟူ၍မိန့်တော်မူထားပြီး၊ (ဆာလံ ၃၇း၃) တွင်လည်း “ထာဝရဘုရားကိုခိုလှုံ၍၊ ကောင်းသောအကျင့်ကိုကျင့်လော့။ ပြည်တော်၌နေ၍ သစ္စာတရားကိုကျက်စားလော့” ဟူ၍ တွေ့ရှိရပါသည်။ (သုတ္တံကျမ်း ၃း၉၊၁၀) တွင် “သင်သည် ကိုယ်ဥစ္စာနှင့်အဦးသီးသောအသီးအနှံရှိသမျှကို ထာဝရဘုရားအားပူဇော်လော့။ သို့ပြုလျှင် သင်၏စပါးကျီတို့သည် ကြွယ်ဝ၍၊ စပျစ်သီးနယ်ရာတန်ဆာတို့ကို အသစ်သောစပျစ်ရည်လျှံလိမ့်မည်” ဟူ၍ဖော်ပြထားသည့်အပြင်၊ (သုတ္တံ ၁၁း၂၄) တွင်လည်း “စွန့်ကြဲသော်လည်း ဥစ္စာတိုးပွားတတ်သောသူရှိ၏။ အထောက်မတန်စုသိမ်း၍ ဆင်းရဲခြင်းသို့ရောက်တတ်သောသူလည်းရှိ၏” ဟူ၍ဖော်ပြထားပါသေးသည်။ တစ်ဖန် (သုတ္တံ ၁၉း၁၇) တွင်



“ဆင်းရဲသားကိုသနားသောသူသည် ထာဝရဘုရားအားချေးငှားသောသူဖြစ်၍၊ သူပြုသောအမှု၏အကျိုးကို ဆပ်ပေးတော်မူလိမ့်မည်” ဟူ၍လည်း ဖော်ပြထားပြီး၊ (သုတ္တံ ၁၁း၂၅) တွင်တစ်ဖန် “စွန့်ကြဲတတ်သောသူသည် ကြွယ်ဝလိမ့်မည်။ သူတစ်ပါးကိုရေလောင်းသောသူသည် ကိုယ်တိုင်ရေလောင်းခြင်းအကျိုးကိုခံရလိမ့်မည်” ဟူ၍ဖော်ပြထားပေးပြန်ပါသည်။

ဘုရားသခင်၏အမှုတော်ဆောင်များတို့အနေဖြင့် ယခုအသက်တာတွင် သူတို့၏လုပ်ဆောင်မှုအတွက် များစွာသောအသီးအပွင့်တို့သည် ပေါ်လွင်ထင်ရှားမှုမရှိလှသည့်တိုင်၊ သူတို့၏အဆုံးစွန်သောအောင်မြင်မှုအတွက် သူ၏သေချာလှသောကတိတော်ကို ရရှိကြပါသည်။ ကမ္ဘာလောကကြီး၏ကယ်ချွတ်တော်မူသောအရှင်ဖြစ်တော်မူသည့်အလျောက်၊ သခင်ခရစ်တော်သည် သိသာသောကျရှုံးမှုနှင့် စဉ်ဆက်မပြတ်ထိပ်တိုက်ရင်ဆိုင်တော်မူခဲ့ရပါသည်။ သူကတောင့်တစွာလုပ်ဆောင်တော်မူလိုသော စိတ်ဓာတ်မြှင့်တင်ပေးခြင်းနှင့် ကယ်ဆယ်ရေးအလုပ်တို့ကို အနည်းငယ်မျှသာလုပ်ဆောင်တော်မူခဲ့သည်ဟု ထင်မှတ်နေရပါသည်။ စာတန်မာရ်နတ်၏လက်ပါးစေများတို့သည် သူ၏သွားတော်မူရာလမ်းကို စဉ်ဆက်မပြတ်ဖြင့် တားဆီးပိတ်ဆို့နေကြပါသည်။ သို့သော်လည်း သူသည် စိတ်ဓာတ်ကျဆင်းခြင်းရှိတော်မမူခဲ့ပါ။ သူ၏အထူးတာဝန်ထမ်းဆောင်တော်မူခြင်း၏အကျိုးရလဒ်ကို သူ၏မျက်မှောက်တော်၌ မျက်ဝါးထင်ထင်မြင်တွေ့တော်မူခဲ့ရပါသည်။ ဆိုးညစ်မှုနှင့်ပြိုင်ဆိုင်ရမှုတွင် သမ္မာတရားတော်သည် အဆုံးတွင်အောင်ပွဲခံမည်ကို သူကသိရှိထားတော်မူခဲ့သည့်အလျောက်၊ သူ၏တပည့်တော်တို့ကို သူက (ယောဟန် ၁၆း၃၃) တွင်ဖော်ပြထားသော “သင်တို့သည် ငါ့ကိုအမှီပြု၍ ငြိမ်သက်ခြင်းရှိစေခြင်းငှာ ဤစကားကိုငါဟောပြောပြီ။ သင်တို့သည် လောက၌ဆင်းရဲဒုက္ခကိုခံရကြလိမ့်မည်။ သို့သော်လည်း မစိုးရိမ်ကြနှင့် ငါသည် လောကကိုအောင်ပြီ” ဆိုသည့်အတိုင်း မိန့်တော်မူခဲ့ပါသည်။ သခင်ခရစ်တော်၏တပည့်တော်တို့၏အသက်တာတို့သည် သူ၏အသက်တာမျိုးနှင့်တူညီမှုရှိရကြမည်ဖြစ်ပြီး၊ အနှောင့်အယှက်ကင်းသောအောင်မြင်ခြင်းဖြစ်စဉ်တွဲများတို့သည် ယခုကဲ့သို့သောနေရာမျိုးတွင် တွေ့မြင်ရနိုင်ခြင်းရှိမည်မဟုတ်သေးသည့်တိုင်၊ လာမည့်ကြီးကျယ်လှသောအနာဂတ်ကာလမျိုးတွင် အမှန်တကယ်တွေ့မြင်ရမည်ဖြစ်သည်။

အခြားသောသူတို့၏ကောင်းကျိုးချမ်းသာအတွက် လုပ်ဆောင်ကြသောသူတို့သည် ကောင်းကင်နိုင်ငံတော်၏ကောင်းကင်တမန်များတို့နှင့် ပေါင်းစည်းလုပ်ကိုင်နေကြ

ပါသည်။ သူတို့သည် မပြောင်းလဲသောမိတ်ဆွေအပေါင်းအသင်းများအဖြစ်ဖြင့်ရှိနေကြသည့်အပြင်၊ ရပ်တန့်ခြင်းမရှိသော အမှုတော်လုပ်ငန်းကိုလုပ်ကိုင်နေကြပါသည်။ အလင်းတရားနှင့်တန်ခိုးတော်ဆိုင်ရာ ကောင်းကင်တမန်များတို့သည် သူတို့ကိုကာကွယ်ပေးရန်၊ နှစ်သိမ့်ပေးရန်၊ ကုသပေးရန်၊ ညွှန်ကြားပေးရန်နှင့်စေ့ဆော်ပေးကြရန်တို့အတွက် သူတို့အနီးတွင်အမြဲတစေရှိနေကြပါသည်။ ဤကမ္ဘာမြေကြီးပေါ်ရှိ လူသားမျိုးနွယ်တို့အတွက် ဖြစ်နိုင်ခြေရှိသော အမြင့်မားဆုံးသောပညာရေး၊ အစစ်မှန်ဆုံးသောဖွံ့ဖြိုးမှုနှင့် အထင်တကြီးဖြစ်ခံရမှုအရှိဆုံးသော ဝန်ဆောင်မှုများတို့သည် သူတို့အတွက်သာလျှင်ဖြစ်ကြပါသည်။

မကြာခဏဖြင့်ပင်လျှင် ကျွန်ုပ်တို့၏ကရုဏာတော်အရှင်အဖဘုရားသခင်သည် သူ၏သားသမီးတော်တို့က လုပ်ဆောင်ပေးကြသော လူတို့၏နှလုံးသားများနှင့်အသက်တာများအတွင်း သူ၏ကျေးဇူးတော်၏တန်ခိုးစွမ်းအားရှိနေကြောင်းအထောက်အထားကို ထိုသားသမီးတော်တို့က မြင်တွေ့သိရှိနိုင်ကြရန်အတွက် ခွင့်ပြုပေးတော်မူခြင်းအားဖြင့် ထိုသားသမီးတော်တို့ကိုအားပေးတိုက်တွန်းပြီး၊ သူတို့၏ယုံကြည်ခြင်းကို ခိုင်ခံ့စေတော်မူပါသည်။ (ဟေရှာယ ၅၅း၈–၁၃) တွင် "ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်နှင့်မတူ။ ငါ၏အကျင့်သည်လည်း သင်တို့၏အကျင့်နှင့်မတူ။ မိုးကောင်းကင်သည် မြေကြီးထက်သာ၍မြင့်သကဲ့သို့ ငါ၏အကျင့်သည် သင်တို့၏အကျင့်ထက်လည်းကောင်း၊ ငါ၏အကြံအစည်သည် သင်တို့၏အကြံအစည်ထက်လည်းကောင်း သာ၍မြင့်၏။ မိုးရေနှင့်မိုးပွင့်တို့သည် မိုးကောင်းကင်မှဆင်းသက်၍ နောက်တစ်ဖန်မပြန်၊ မြေသည် မျိုးစေ့ကြဲသောသူအား မျိုးစေ့ကိုလည်းကောင်း၊ အစာစားသောသူအား အစာကိုလည်းကောင်း ပေးမည်အကြောင်း၊ မြေကိုစိုစေသဖြင့် အပင်ပေါက်စေ၍ အသီးကိုသီးစေသကဲ့သို့၊ ထို့အတူ ငါ၏နှုတ်ကပတ်စကားသည်ဖြစ်လိမ့်မည်။ အကျိုးမရှိဘဲငါ့ထံသို့မပြန်ရ။ ငါ့အလိုကိုပြည့်စုံစေမည်။ ငါစေခိုင်းသောအမှု၌ အောင်လိမ့်မည်။ သင်တို့သည် ဝမ်းမြောက်သောစိတ်နှင့်ထွက်၍ ချမ်းသာစွာပို့ခြင်းကိုခံရကြလိမ့်မည်။ တောင်ကြီးတောင်ငယ်တို့သည် သင်တို့ရှေ့မှာ သီချင်းဆိုသံနှင့်ကြွေးကြော်၍ တော၌ရှိသမျှသောအပင်တို့သည် လက်ခုပ်တီးကြလိမ့်မည်။ အမျိုးမျိုးသောဆူးပင်အရာ၌ ထင်းရှူးပင်နှင့်မုရတုပင်တို့သည် ပေါက်ကြလိမ့်မည်။ ထိုအမှုသည် ထာဝရဘုရားရှေ့တော်၌အောက်မေ့ဖို့ရာ မပျောက်မပျက်ရသော ထာဝရသက်သေဖြစ်ရလိမ့်မည်။



အကျင့်စရိုက်ကိုပြောင်းလဲစေခြင်းအမှု၌ ကျွန်ုပ်တို့သည် ဆိုးညစ်သောအကျင့်ကို စွဲလမ်းခြင်းစိတ်ထားကိုနှင်ထုတ်ပစ်ခြင်းနှင့် ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်၏မြတ်နိုးစရာကျေးဇူးတော်များ ဖွံ့ဖြိုးကြီးထွားလာစေခြင်းတို့အားဖြင့် (ဟေရှာယ ၃၅း၁) တွင်ဖော်ပြထားသော၊ "တောနှင့်လွင်ပြင်သည် ဝမ်းမြောက်လိမ့်မည်။ ဆိတ်ညံသောအရပ်သည်လည်း ရွှင်လန်း၍ နှင်းပွင့်ကဲ့သို့ အပွင့်ပွင့်လိမ့်မည်" ဆိုသည့်ကတိတော်ပြည့်စုံလာမှုကို မြင်တွေ့လာစေနိုင်ပါသည်။

မိမိတို့၏အရည်အသွေးတန်ဖိုးတို့ကို စာတန်မာရ်နတ်၏ဖျက်ဆီးပစ်ခြင်းခံရကြပြီး၊ စာတန်မာရ်နတ်၏ပုံသွင်းထားခြင်းခံရကြပြီးသောသူတို့အားဖြင့် ထင်ရှားစွာမျှော်လင့်ချက်ကင်းမဲ့ကြသော အလားအလာရှိကြသောသူတို့ကို ပြန်လည်ခေါ်ဆောင်ရန်နှင့် သူ၏ကျေးဇူးတော်အောက်တွင် ပြန်လည်ခိုဝင်လာကြစေအောင် လုပ်ဆောင်ကြခြင်းကို သခင်ခရစ်တော်က နှစ်သက်တော်မူပါသည်။ ထိုသူတို့ကို ဆင်းရဲဒုက္ခတွင်းမှအပြင်၊ မနာခံမှုအတွင်းသို့သက်ဆင်းကျရောက်သွားစေသည့် အပြစ်ငရဲအတွင်းမှနေပြီး၊ ကယ်နုတ်ခြင်းအတွက်ကိုလည်း သူကရွှင်လန်းဝမ်းမြောက်တော်မူပါသည်။ ဤအမှုတော်ကိုအောင်မြင်ပြီးမြောက်သွားစေရန်အတွက် သူသည် သူ၏သားသမီးတော်တို့ကို သူ၏ကိုယ်စားတော်များအဖြစ်ဖြင့် ရွေးချယ်တော်မူပြီး၊ ထိုအမှုတော်ပြီးမြောက်အောင်မြင်ခြင်းအတွင်း ယခုအသက်တာတွင်ပင်လျှင် သူတို့သည် အဖိုးထိုက်လှသောချီးမြှောက်ခြင်းကို တွေ့ကြုံခံစားရကြပါမည်။

သို့သော်လည်း နောက်ဆုံးသောထင်ရှားတော်မူခြင်းဆိုင်ရာ ကြီးမြတ်လှသောနေ့ရက်တွင် သူတို့ခံစားရရှိကြမည့်ရွှင်လန်းခြင်းနှင့် မည်သည့်အရာကယှဉ်နိုင်မည်နည်း။ ဤအကြောင်းနှင့်ပတ်သက်ပြီး (၁ကော ၁၃း၁၂) တွင်၊ ရှင်ပေါလုက "ယခုတွင်ငါတို့သည် မှန်အားဖြင့်ရိပ်မိလျက်သာနေကြ၏။ ထိုအခါမူကား၊ မျက်မှောက်ထင်ထင်မြင်ရကြလိမ့်မည်။. . ." ဟူ၍ ဩဝါဒပေးထားပါသည်။ ယခုအခါတွင် ကျွန်ုပ်တို့သည် တစ်စိတ်တစ်ပိုင်းဖြင့်သာသိရှိနေရကြပါသော်လည်း၊ နောက်ပိုင်းတွင် ကျွန်ုပ်တို့သိရှိခြင်းခံရကြသကဲ့သို့ ကျွန်ုပ်တို့သိရှိလာကြမည်ဖြစ်သည်။

သူ၏ရွှင်လန်းဝမ်းမြောက်တော်မူခြင်းအတွင်းသို့ သခင်ခရစ်တော်၏အမှုတော်ကို ထမ်းရွက်ကြသောသူတို့ပါဝင်နိုင်ကြခြင်းသည် သူတို့အတွက်ဆုလာဘ်ချီးမြှင့်ခံရခြင်းပင်ဖြစ်ပါသည်။ သခင်ခရစ်တော် ကိုယ်တော်တိုင်က၊ ဆန္ဒပြင်းပြစွာဖြင့် မျှော်လင့်စောင့်စားတော်မူသော ထိုရွှင်လန်းဝမ်းမြောက်ခြင်းကို သူ၏အဖခမည်းတော်ထံတော်

သို့ တောင်းလျှောက်တော်မူခဲ့ခြင်းဖြစ်သော (ယောဟန် ၁၇း၂၄) တွင်ဖော်ပြထားသော "။ ။ ။ အကျွန်ုပ်အားပေးတော်မူသောသူတို့သည် ရှုမြင်ရမည်အကြောင်း၊ အကျွန်ုပ်ရှိရာအရပ်၌ အကျွန်ုပ်နှင့်အတူရှိနေစေခြင်းငှာ အကျွန်ုပ်အလိုရှိပါ၏" ဆိုသည့်ဆုတောင်းချက်တွင် ပါရှိနေပါသည်။

သခင်ယေရှုရှင်ပြန်ထမြောက်လာတော်မူပြီးနောက် ကောင်းကင်ဘုံသို့ပြန်လည်တက်ကြွသွားတော်မူခြင်းအတွက် ကောင်းကင်တမန်များတို့သည် သူ့အားကြိုဆိုကြရန်အတွက် စောင့်မျှော်နေခဲ့ကြပါသည်။ သူတို့ချစ်ခင်မြတ်နိုးရပါသော သူတို့၏တပ်မှူးတော်ကြီး၏သေမင်းတမန်အကျဉ်းထောင်အတွင်းမှ သူတို့ထံသို့ပြန်လည်ရောက်ရှိလာခြင်းကို ဝမ်းမြောက်စွာဖြင့် တစ်ဖန်ပြန်လည်ကြိုဆိုကြရရေးအတွက် ကောင်းကင်ဗိုလ်ခြေတို့သည် တောင့်တနေခဲ့ကြပါသည်။ ကောင်းကင်နိုင်ငံတော်၏အဝင်တံခါးမကြီးများအတွင်းသို့ သူဝင်ရောက်သွားတော်မူသည်နှင့် သူတို့သည် သူ၏ထံတော်သို့ စိတ်အားထက်သန်စွာဖြင့် ပြုံးပြီးတိုးလာကြပါသည်။ သို့သော်လည်း သူသည် သူတို့အားပြန်လည်၍လက်ဖွေ့ယမ်းပြတော်မူခဲ့ပါသည်။ သူ၏စိတ်နှလုံးတော်သည် ညှိုးငယ်နေပြီး၊ သံလွင်တောင်ပေါ်တွင် သူထားရစ်တော်မူခဲ့သော သူ၏တပည့်တော်အစုအတွက် ပူဆွေးသောကရောက်တော်မူပါသည်။ အဖျက်သမားကြီးနှင့်တိုက်ပွဲဆင်နွှဲရန်ရှိနေသေးသော အခြေအနေမျိုးသည် မြေကြီးပေါ်တွင်ရှိနေကြသည့် သူ၏ရန်းကန်နေရကြသော သားသမီးတော်တို့အပေါ်တွင် သက်ရောက်နေဆဲရှိပါသည်။ သူက "အိုအဘ၊ အကျွန်ုပ်အားပေးတော်မူသောသူတို့သည် ရှုမြင်ရမည်အကြောင်း၊ အကျွန်ုပ်ရှိရာအရပ်၌ အကျွန်ုပ်နှင့်အတူရှိနေစေခြင်းငှာ အကျွန်ုပ်အလိုရှိပါ၏" ဟူ၍တောင်းလျှောက်တော်မူခဲ့ပါသည်။

သခင်ခရစ်တော်ကယ်လွှတ်ပေးတော်မူခဲ့သောသူတို့သည် သူ၏အဖိုးထိုက်ပြီး၊ တစ်မူထူးလှသည့်ကျောက်မျက်ရတနာများဖြစ်ကြပါသည်။ ထိုအကြောင်းနှင့်ပတ်သက်ပြီး (ဇာခရိ ၉း၁၆) တွင် "။ ။ ။ သူတို့သည် မြေတော်၌ထင်ရှားသော သရဖူမျက်မွန်ကဲ့သို့ဖြစ်ကြလိမ့်မည်" ဟူ၍ဖော်ပြထားပြီး၊ (ဧဖက် ၁း၁၈) တွင်၊ "။ ။ ။ သန့်ရှင်းသူတို့သည် ခံရသောအမွေတော်၏ဘုန်းစည်းစိမ်ကား အဘယ်မျှလောက်ကြီးသည်ကိုလည်းကောင်း၊။ ။ ။" ဟူ၍လည်း ဖော်ပြထားပါသည်။ ထိုသူတို့သည် (ဟေရှာယ ၅၃း၁၁) တွင်ဖော်ပြထားသော "မိမိစိတ်ဝိညာဉ်ခံရသောဝေဒနာ၏အကျိုးကို မိမိမြင်၍အားရလိမ့်မည်။။ ။ ။" ဆိုသည့်အတိုင်း ခံစားရကြပါမည်။





သူ၏အမှုတော်ဆောင်များတို့သည်လည်း သူတို့၏လုပ်ဆောင်မှုဆိုင်ရာအသီးအပွင့်တို့ကို လှမ်းမြင်တွေ့ရှိရသည့်နောက်၊ ရွှင်လန်းဝမ်းမြောက်ခြင်းရှိကြမည်မဟုတ်ပါလား။ ပြောင်းလဲခြင်းသို့ရောက်ရှိလာကြသော သက်သာလောနိတ်မြို့သားများတို့ဆီသို့ တမန်တော်ရှင်ပေါလုက ရေးသားပေးပို့သောသြဝါဒစာကို (၁သက် ၂း၁၉၊၂၀) တွင် "ငါတို့မျှော်လင့်ခြင်းအကြောင်း၊ ဝမ်းမြောက်ခြင်းအကြောင်း၊ ဝါကြွားခြင်း၏ဦးရစ်သရဖူကား၊ အဘယ်သို့သောအကြောင်းအရာနည်း။ ငါတို့သခင်ယေရှုကြွလာတော်မူသောအခါ၊ ရှေ့တော်၌သင်တို့သည် ထိုသို့သောအကြောင်းအရာဖြစ်ကြသည်မဟုတ်လော။ သင်တို့သည် ငါတို့၏ဘုန်းအသရေ၊ ငါတို့၏ဝမ်းမြောက်ခြင်းအကြောင်းဖြစ်ကြသတည်း" ဟူ၍တွေ့ရှိရပါသည်။ ထို့အပြင် သူသည် ဖိလိပ္ပိမြို့သားညီအစ်ကိုများတို့အား (ဖိလိပ္ပိ ၂း၁၅၊၁၆) တွင်ဖော်ပြထားသည့် "။ ။ ။ အပြစ်တင်ခွင့်မရှိ၊ အဘယ်သူကိုမျှမပြစ်မှားဘဲနေ၍ မဖြောင့်မမှန်၊ ဖောက်ပြန်သောလူမျိုးအထဲ၌ အဘယ်အပြစ်မျှမပါသော ဘုရားသခင်၏သားဖြစ်ကြလိမ့်မည်။ အသက်ရှင်ခြင်းနှင့်ဆိုင်သောနှုတ်ကပတ်တရားတော်ကိုပြသ၍၊။ ။ ။ ထိုလူမျိုးအထဲ၌ ထွန်းလင်းကြ၏။ သို့ပြုလျှင်ငါသည် အကျိုးမရှိဘဲလျက်ပြေးသည်မဟုတ်၊ အကျိုးမရှိဘဲလျက် ကြိုးစားအားထုတ်သည်မဟုတ်ကြောင်းကို ငါထောက်၍၊ ခရစ်တော်၏နေ့ရက်၌ ဝါကြွားဝမ်းမြောက်ခြင်းရှိလိမ့်မည်" ဆိုသည့်သြဝါဒအတိုင်း၊ ဖြစ်စေလိုသည့်အနေဖြင့် သွေးဆောင်ခဲ့ပါသည်။

ကောင်းမြတ်သောအလုပ်ကိုလုပ်ခြင်းနှင့် ဘုရားသခင်ထံတော်သို့ လူတို့အားဦးတည်စေသည့် သန့်ရှင်းသောဝိညာဉ်တော်၏စေ့ဆော်မှုတိုင်းသည် ကောင်းကင်နိုင်ငံတော်၏မှတ်တမ်းစာအုပ်များအတွင်း မှတ်တမ်းတင်ခြင်းခံနေရပြီး၊ ဘုရားသခင်၏နေ့ရက်တော်ကြီးသို့ရောက်ရှိလာချိန်တွင် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ငန်းစဉ်အတွက်မိမိကိုယ်ကိုအသုံးချခံသူတစ်ယောက်အဖြစ်ဖြင့် ပေးအပ်ထားသောလူတိုင်းသည် မိမိ၏အသက်တာမည်ကဲ့သို့တည်ဆောက်ပုံဖော်ထားခြင်းခံရသည်ကို လှမ်းမျှော်တွေ့ရှိခွင့်ရမည်ဖြစ်သည်။

သန့်ရှင်းမြင့်မြတ်သော သြဇာသက်ရောက်မှု၏လုပ်ဆောင်မှုနယ်ပယ်များဆိုင်ရာအဖိုးထိုက်လှသောရလဒ်များအဖြစ်ဖြင့် နှစ်သက်ဝမ်းမြောက်ဖွယ်ရာဖြစ်ရပ်သည် သရုပ်သကန်အဖြစ်ဖြင့်ထင်ရှားလာကာ၊ မျက်မြင်တွေ့ရှိရသောအနေအထားသို့ ဖြစ်ပေါ်လာမည်ဖြစ်သည်။ သူတို့အတွက် ကယ်တင်ခြင်းရရှိရေးလုပ်ငန်းတွင် ထောက်ထားစာနာမှုနှင့် ချစ်ခြင်းမေတ္တာစိတ်ဖြင့်ပြီးသော အကျိုးဖြစ်ထွန်းမှုတို့ကို အသက်ဝိညာဉ်များတို့

သည် ကောင်းကင်နိုင်ငံဆိုင်ရာ တရားစီရင်မှုများအတွင်း ကျွန်ုပ်တို့နှင့်ဆုံတွေ့ရကြသောအခါတွင် အလွန်ကျေးဇူးတင်လိုက်ကြမည်ဖြစ်ခြင်း။ ကျွန်ုပ်တို့အတွက် အပြစ်လွှတ်တော်မူခြင်းတည်းဟူသော ရွေးနုတ်ပေးတော်မူခြင်းကြောင့် အားလုံးသောချီးမွမ်းခြင်း၊ ဂုဏ်ပြုခြင်းနှင့် ဘုန်းအသရေတော်ကိုထင်ရှားစေခြင်းတို့သည် ဘုရားသခင်ထံတော်နှင့် သိုးသငယ်ထံတော်တို့သို့ ဆက်ကပ်ပေးကြမည်သာဖြစ်သည်။ သို့သော်လည်း ပျက်စီးသွားတော့မည့်အခြေအနေတွင်းသို့ ကျရောက်သွားတော့မည့်အသက်ဝိညာဉ်များတို့အတွက် ကယ်တင်ခြင်းအစီအစဉ်အတွင်း ဘုရားသခင်က အသုံးချတော်မူခဲ့သော အသုံးချခံရသူများအပေါ် ကျေးဇူးတင်စကားကိုပြောဆိုခြင်းကြောင့် ဘုရားသခင်၏ဘုန်းအာနုဘော်တော်ကို ရှုတ်ချပြောဆိုရာရောက်မည်မဟုတ်ပါ။

ချီးမြှောက်တော်မူခြင်းခံရသော ကယ်တင်တော်မူသောအရှင်ထံတော်သို့ သူတို့အားညွှန်ပြပေးလိုသည့် အာရုံစူးစိုက်မှုရှိကြသောလူတို့ကို ကယ်လွှတ်တော်မူခြင်းခံရကြသောသူတို့သည် ဆုံတွေ့ရပြီး၊ အသိအမှတ်ပြုလာကြမည်ဖြစ်သည်။ ဤအသက်ဝိညာဉ်တို့နှင့် သူတို့ရှိနေကြရင်း၊ စကားစမြည်ပြောဆိုရကြခြင်းဖြင့် မင်္ဂလာရှိလှပါသည်တကား။ “ကျွန်တော်ဟာအပြစ်သားတစ်ယောက်ဖြစ်ခဲ့သူပါ။” ၎င်းအသက်ဝိညာဉ်က ပြောလာသည့်စကားဖြစ်ပါသည်။ ၎င်းက “ဘုရားတရားမဲ့ပြီး၊ မျှော်လင့်ချက်ကင်းမဲ့နေတဲ့ ကျွန်တော့်ရဲ့ကမ္ဘာကြီး။ အဲဒီနောက်တော့ ကျွန်တော့်ဆီကိုခင်ဗျားရောက်လာခဲ့ပြီး အဖိုးထိုက်လှတဲ့ ကယ်တင်တော်မူတဲ့အရှင်သခင်တော်ကို ကျွန်တော့်ရဲ့တစ်ပါးတည်းသော မျှော်လင့်စရာအဖြစ်နဲ့ ကျွန်တော်လက်ခံလာအောင် ခင်ဗျားက ကျွန်တော့်ရဲ့စိတ်အာရုံကို ဆွဲဆောင်ပေးခဲ့တယ်။ အဲဒီနောက်တော့ သူ့အပေါ်ကျွန်တော်အယုံအကြည်ရှိလာခဲ့တယ်။ ကျွန်တော့်ရဲ့အပြစ်တွေကို ကျွန်တော်ဝန်ချတောင်းပန်ခဲ့ပြီးတာနဲ့ သခင်ယေရှုအားဖြင့် ကျွန်တော်ဟာ ကောင်းကင်နိုင်ငံတော်ဆိုင်ရာနေရာတွေမှာ သူ့ရဲ့သန့်ရှင်းသူတွေနဲ့ အတူတကွထိုင်ခွင့်ရစေခဲ့တယ်။” ထို့နောက်တွင် အခြားသောသူတို့ကပြောဆိုလာကြမည်မှာ၊ “ကျွန်တော်ဟာ သာသနာပလူတွေနေထိုင်ကြတဲ့တိုင်းပြည်က သာသနာပလူတစ်ယောက်ဖြစ်ခဲ့ပါတယ်။ ခင်ဗျားက ခင်ဗျားရဲ့မိတ်ဆွေအပေါင်းအသင်းတွေနဲ့ သက်သောင့်သက်သာနေရတဲ့အိမ်ကြီးကို စွန့်ခွာထားခဲ့ပြီး၊ သခင်ယေရှုကိုဘယ်လိုရှာဖွေရမယ်၊ နောက်ပြီး သူကတစ်ပါးတည်းသောဘုရားအစစ်အမှန်ဖြစ်တော်မူတယ်ဆိုတာကို ယုံကြည်မှုရှိလာစေအောင် သင်ကြားပေးဖို့ကျွန်တော့်ဆီရောက်လာခဲ့တယ်။ အဲဒီနောက်တော့ ကျွန်တော်ဟာ ကျွန်တော့်ရဲ့ဘုရားမဟုတ်တဲ့အရာ



တွေကို ဖြိုဖျက်ပစ်လိုက်ပြီး ဘုရားသခင်ကို ကိုးကွယ်လာကာ၊ အခုတော့ သူ့ကိုကျွန်တော် မျက်မှောက်ထင်ထင်မြင်တွေ့နေရပါပြီ။ အခုတော့ကျွန်တော်ကယ်ဆယ်တော်မူခြင်းကို ခံနေရရာမှာ ထာဝရကယ်ဆယ်တော်မူခြင်းခံရတာဖြစ်တဲ့အလျောက်၊ ကျွန်တော်ချစ်ခြင်း မေတ္တာရှိလှတဲ့သူ့ကို အမြဲတစေကျွန်တော်ဖူးမြော်ခွင့်ရနေပါပြီ။ အခုခါမှာတော့၊ ကျွန်တော် ဟာ ယုံကြည်ခြင်းမျက်စိနဲ့ပဲ သူ့ကိုတွေ့မြင်ခဲ့ရပါပြီ။ ပကတိတော်အတိုင်းနဲ့လည်း အခုသူ့ကိုတွေ့မြင်နေရပါပြီ။ ကျွန်တော့်ကိုချစ်ခြင်းမေတ္တာထားတော်မူပြီး၊ သူ့ရဲ့ကိုယ်တော်တိုင်အသွေးတော်နဲ့ ကျွန်တော့်ရဲ့အပြစ်တွေကို ဆေးကြောပစ်ခဲ့တော်မူတဲ့သူကို သူ့ရဲ့ ကျွန်တော့်အပေါ်ထားရှိတော်မူတဲ့ ကယ်လွှတ်တော်မူခြင်းကရုဏာတော်အတွက် အခုတော့ကျွန်တော့်ရဲ့ကျေးဇူးတင်ခြင်းစကားလုံးတွေကို ထုတ်ဖော်ပြောဆိုနိုင်ပါပြီ” ဟူ၍ ဖြစ်ပါသည်။

အခြားသောသူတို့ကလည်း ငတ်မွတ်နေကြသောသူကိုကျွေးမွေးကြပြီး၊ အဝတ်အထည်ကင်းမဲ့နွမ်းပါးကြသောသူတို့အား အဝတ်အထည်ဖြင့်ဆင်ယင်ပေးကြသောလူများတို့အား သူတို့၏ကျေးဇူးတင်စကားတို့ကို ထုတ်ဖော်ပြောဆိုလာကြမည်ဖြစ်သည်။ သူတို့က “ကျွန်တော့်ရဲ့အသက်ဝိညာဉ်ကို ယုံကြည်နိုင်စရာမရှိလောက်အောင် မျှော်လင့်ချက်ကင်းမဲ့လောက်သောအနေအထားမျိုးနဲ့ တုတ်နှောင်ထားခံရတဲ့အခါ၊ မျှော်လင့်ခြင်းနဲ့နှစ်သိမ့်မှုစကားတွေကိုပြောပြပေးဖို့၊ သခင်ဘုရားက ခင်ဗျားကိုကျွန်တော့်ဆီစေလွှတ်ပေးတော်မူခဲ့တယ်” ဟူ၍ သူတို့ကပြောပြကြပါသည်။ “ကျွန်တော့်ရဲ့ကာယပိုင်းဆိုင်ရာလိုအပ်ချက်တွေအတွက် ခင်ဗျားက ကျွန်တော့်ဆီကိုအစားအစာယူလာပေးပြီး၊ ဘုရားသခင်ရဲ့နှုတ်တော်ထွက်တွေကို ခင်ဗျားက ကျွန်တော့်ကိုဖွင့်ပြပေးခဲ့ရင်း၊ ကျွန်တော့်ရဲ့ဝိညာဉ်ရေးဆိုင်ရာ လိုအပ်မှုများအတွက် ကျွန်တော့်ကိုနိုးကြားလာစေခဲ့တယ်။ ခင်ဗျားက ကျွန်တော့်ကို ညီအစ်ကိုအရင်းတစ်ယောက်လို ပြုမူဆက်ဆံခဲ့တယ်။ ကျွန်တော့်ရဲ့သောကပူဆွေးမှုတွေအတွက် ခင်ဗျားက ကျွန်တော့်ကိုစာနာထောက်ထားပေးခဲ့ပြီး၊ ကျွန်တော့်ရဲ့ပွန်းပဲ့ပြီး၊ ဒဏ်ရာအနာတရဖြစ်နေတဲ့အသက်ဝိညာဉ်ကို ပြန်လည်ပြုစုပျိုးထောင်ပေးတဲ့အတွက် ကျွန်တော့်ကိုကယ်ဆယ်ဖို့ လက်ကမ်းကြိုဆိုပေးတော်မူတဲ့ သခင်ခရစ်တော်ရဲ့လက်တော်ကို ကျွန်တော်ဖမ်းဆုပ်ကိုင်စွဲနိုင်မှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့အသိဉာဏ်နည်းပါးခြင်းအတွက် ကျွန်တော့်ကိုကြည့်ရှုစောင်မပေးတော်မူတဲ့ အဖခမည်းတော်တစ်ပါး၊ ကောင်းကင်ဘုံမှာရှိတော်မူတယ်ဆိုတာကို ခင်ဗျားက ကျွန်တော့်ကို စိတ်ရှည်သည်းခံစွာနဲ့ သင်ကြားပို့ချပေးခဲ့တယ်။ ဘုရားသခင်ရဲ့နှုတ်တော်ထွက်ဆိုင်ရာ အဖိုးထိုက်တန်

လုတဲ့ကတိတော်တွေကို ခင်ဗျားက ကျွန်တော့်ကိုဖတ်ပြပေးခဲ့တယ်။ သူကကျွန်တော့်ကို ကယ်ဆယ်တော်မူမယ့်အကြောင်းကို ယုံကြည်ခြင်းရှိစေရေးအတွက် ခင်ဗျားက ကျွန်တော့်ကိုလှုံ့ဆော်ပေးခဲ့တယ်။ သခင်ခရစ်တော်က ကျွန်တော့်အတွက်လုပ်ဆောင်ပေးတော်မူခဲ့တဲ့ အသက်အစတေးခံတော်မူတဲ့ပူဇော်ဆက်ကပ်မှုကို ကျွန်တော်ဆင်ခြင်သုံးသပ်ခဲ့တဲ့အလျောက်၊ ကျွန်တော့်ရဲ့စိတ်နှလုံးဟာ ပျော့ပျောင်းလာပြီး၊ တည်ငြိမ်ကာ ကြေကွဲစရာတွေကို ခံစားတတ်လာခဲ့ပါတယ်။ အသက်မုန့်ကို ကျွန်တော်ဆာငတ်ခင်မွတ်လာခဲ့ပြီး၊ သမ္မာတရားတော်ဟာလည်း ကျွန်တော့်ရဲ့အသက်ဝိညာဉ်အတွက် တန်ဖိုးရှိလာခဲ့ပါတယ်။ လက်ရှိနေရာမှာ ကျွန်တော်လုံခြုံမှုရှိခဲ့ပြီး အစဉ်ထာဝရဖြင့်လုံခြုံမှုရှိနေမယ်ဖြစ်ကာ၊ သူ့ရဲ့အသက်ကို ကျွန်တော့်အတွက်ပေးအပ်တော်မူခဲ့တဲ့အပြင်၊ သူ့ရဲ့မျက်မှောက်တော်မှာ အစဉ်အမြဲရှင်သန်နေရင်း သူ့ကိုချီးမွမ်းဖို့အတွက်ရှိနေပါမယ်" ဟူ၍ ဆက်လက်ပြောကြားခဲ့ကြပါသည်။

ကယ်လွှတ်တော်မူခြင်းခံရကြသောသူတို့သည် သူတို့၏ကိုယ်စား ဝန်ထုပ်ဝန်ပိုးတစ်ခုကို ထမ်းရွက်ပေးခဲ့ရကြသောသူတို့နှင့် ဆုံတွေ့ရကြသောအချိန်တွင် ရွှင်လန်းဝမ်းမြောက်ခြင်းမည်မျှရှိလိုက်မည်ဖြစ်ခြင်း။ မိမိတို့ကိုယ်ကို အားရပီတိဖြစ်စေရန်အတွက်မဟုတ်ဘဲ၊ ကောင်းချီးမင်္ဂလာတို့ကို အနည်းအကျဉ်းမျှသာခံစားရကြသည့် အကြောင်းမလှသူများတို့အတွက် ကောင်းချီးမင်္ဂလာတစ်ခုအဖြစ်ရှိစေရန် ရှင်သန်နေကြသောသူတို့၏စိတ်နှလုံးတို့သည် ကျေနပ်အားရခြင်းဖြင့် မည်မျှပီတိဖြာလိုက်ကြမည်ဖြစ်ခြင်း။ သူတို့သည် (လုကာ ၁၄း၁၄) တွင်ဖော်ပြထားသည့် "ထိုသို့ခေါ်ဖိတ်လျှင် မင်္ဂလာရှိလိမ့်မည်။ အကြောင်းမူကား၊ ထိုသူတို့သည် ကျေးဇူးမဆပ်နိုင်သည်ဖြစ်၍၊ ဖြောင့်မတ်သောသူတို့သည် ထမြောက်သည်ကာလ၌ သင်သည် ကျေးဇူးဆပ်ခြင်းအကျိုးကိုခံရလတ္တံ့. . ." ဆိုသော သခင်ခရစ်တော်၏ကတိတော်ကို အမှတ်ရလာကြပါလိမ့်မည်။

(ဟေရှာယ ၅၈း၁၄) တွင် အထက်ပါကတိတော်နှင့်အလားသဏ္ဍာန်တူသော ကတိတော်မျိုးကို "သင်သည် ထာဝရဘုရား၌ပျော်မွေ့ရလိမ့်မည်။ မြေကြီးပေါ်မှာ မြင့်သောအရပ်တို့ကိုငါစီးစေ၍၊ သင့်အဘယာကုပ်၏အမွေဥစ္စာနှင့် ငါကျွေးမည်ဟု ထာဝရဘုရားနှုတ်တော်ထွက်အမိန့်တော်ရှိ၏" ဟူ၍ဖော်ပြထားပါသည်။ "Testimonies for the Church," vol. 6, pp. 305-312.

–၀–